စူဠဝဂ္ဂဘာသာဋီကာ

၄၄၃၂

အရှင်ဇနကာဘိဝံသ

၏

အမှတ်(၃၀)ကျမ်းစာ

စူဠဝဂ္ဂဘာသာဋီကာ

[ပါဠိတော်နိဿယ နောက်ဆက်တွဲပါသည်။]



၁၃၃၄-ခု, နယုန်လ၊

ချုပ်ထုပ်ဖိုး
နှုန်း—၁၃။

နယူးဘားမား ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

က (ရ၉၀ဂ)

အခြေခံ နိဒါန်း

ရတနာနံ တယံစေဝ, ထေရာစ ဂုရဝေါ မမ၊
ဝဂ္ဂေန ဗုဒ္ဓဘူတာဒိ, အဂ္ဂေန မဟတံ ဂတာ။

ရတနာနံ- ဗုဒ္ဓ ဓမ္မ, မြတ်သံဃဟု, လောကထွဋ်ခြာ, ရတနာတို့၏၊ တယံ စေဝ-ခွဲ၍မရ, တွဲ၍ပြမှ, ပြည့်ဝဥဿုံ, ၃ ပါးစုံသည်၎င်း၊ မမ- ငါ၏ဆိုင်ရာ, ငါ့ဥစ္စာဟု, လွှန်စွာအားကိုး, မြတ်နိုးအပ်ကုန်သော၊ ထေရာ - သီလ သမာဓိ, ပညာပြည့်၍, မိမိပိုင်သ, နိကာယတွင်, ထိပ်ခေါင်တင်ဖြစ်တော်မူကြကုန်သော၊ ဂုရဝေါစ- ကျောက်ထီးတမျှ, လေးစားရသည့်, ငါ့ ကျေးဇူးရှင်, ဆရာရှင်တို့ သည်၎င်း၊ ဝဂ္ဂေန- နောက်လိုက်အထု, သံဃာတော်အစုအားဖြင့်၊ ဗုဒ္ဓဘူတာဒိ- သာသနာထောက်, ကမ္မဋ္ဌာထောက်က, မခြောက်မခြား,နည်းပါးကြပါကုန်သော် လည်း၊ အဂ္ဂေန—လောကအကျိုး, သံသာကျိုး၌, ရရှိုးထောက်ထား, တန်ဖိုး အားဖြင့်၊ မဟတံ-ဆိုင်ရာရာတွင်, နှိုင်းကာယှဉ်သော်, မျက်မြင် ထင်ရှား, ကြီးမား ကုန်သည်၏ အဖြစ်သို့၊ ဂတာ - သာသနာ့ အလယ်, ကမ္မဋ္ဌာလယ်၌, ခံ့ထယ် မြင့်မောက်, ရောက်တော်မူကြကုန်ပြီ။

သရိတမ္ဗံ သရိတွာန, နိစ္စံ မမောပကာရကံ၊
ကာယံ ပဏ္ဍောပကာရာယ, ဗုဒ္ဓ ဝဂ္ဂတ္တ ဝဏ္ဏနံ။

နိစ္စံ သရိတမ္ဗံ-နံနက်တကြိမ်, ညဥ့်တကြိမ်မျှ, မကစိတ်စွဲ, အမြဲမပြတ်, အမှတ် ရထိုက်ပေထသော၊ မမ-သာသနာ့အရေး, ငါ့အရေးဟု, တွေးကာ စိတ်စော, မော၍နေသော ငါ့အား၊ ဥပကာရကံ-သံဃာများမြောင်, ထိန်းနိုင်အောင်လျှင်, ဦးဆောင်ညွှန်ကြား, ကျေးဇူးရှင်အများကို၊ သရိတွာန - အနုဿတိများစွာ, ဘာဝနာဖြင့်, ခါခါ ထပ်ထပ်,အမှတ်ရပြီး၍၊ ပဏ္ဍောပကာရာယ-ဦးစွာတင်အပ်, ကျေးဇူးမြတ်ကို , ထပ်၍တဖန် , အတုန့်ပြန်ခြင်း အကျိုးငှါ၊ ဗုဒ္ဓဝဂ္ဂတ္တဝဏ္ဏနံ- ဝိနည်းစုဋ္ဌဝါ, ဋ္ဌကထာ၏, မှီရာအသင့်, ဋီကာအဖွင့်ကို၊ ကာယံ-ဆရာသီးသီး, နည်းစုံမှီး၍, အပြီးတည်တွင်, စီစဥ်ပါအံ့ သတည်း။

ရတနာနံ တယံစေဝ။ ။ဗုဒ္ဓရတနာတော်သည်၎င်း, ဗုဒ္ဓ၏ တရားရတနာ တော်သည်၎င်း, အရိယာ ဖြစ်တော်မူကြ၍ သာသနာတော်ကို ကြာရှည်စွာ တည်အောင် ဆောင်တော်မူခဲ့ကြသော အရှင်မဟာကဿပ, အရှင်မဟာယသ, အရှင် မောဂ္ဂလိပုတ္တတိဿ , အရှင်မဟိန္ဒ စသော သံဃာတော်များသည်၎င်း မိမိအား အလွန် ကျေးဇူးများကြပေကုန်၏။

ဆက်ဦးအံ့— ဒုတိယ သံဂါယနာ တင်ပြီးသောအခါ ရဟန္တာအရှင်မြတ် တို့သည် တတိယအကြိမ်၌ သာသနာ့ဘေးရန် ပေါ်လာခဲ့သော် ခေါင်းဆောင်၍ သုတ်သင်နိုင်မည့် အာဇာနည်ပုဂ္ဂိုလ်ကို လူ့လောက တရပ်လုံး၌ ကြည့်ရှုတော်

မှုကြုံလေရာ တစုံတယောက်ကိုမျှ မတွေ့ကြရပါ၊ ထို့နောက် နတ်ပြည် ၆ ထပ်၌ နှံ့စပ်အောင် ကြည့်ရှုတော်မူပြန်ရာ တဦးကယောက်ကိုမျှ မတွေ့ရပင် ဖြစ်၏၊ ထို့နောက် ဗြဟ္မာ့ပြည်ကို ကြည့်ခါမှ အထက်ဗြဟ္မာ့ပြည်သို့တက်ဘို့ရန် ဈာန်ရပြီး၍ မကြာမီ စုတေမည့် တိဿဗြဟ္မာကြီးကိုတွေ့ရပါသည်၊ ထိုအခါ ရဟန္တာအရှင်မြတ်တို့ ဗြဟ္မာ့ပြည်သို့ ကြွ၍ "နောက်တကြိမ် ပေါ်လာမည့် သာသနာ့အန္တရာယ်ကို ကာကွယ်ဘို့ရန် ရှာကြသောအခါ အသင်ဗြဟ္မာကြီးကိုသာတွေ့ကြရပါသည်၊ ထို့ကြောင့် အထက်ဗြဟ္မာ့ပြည်သို့ မတက်ဘဲ လူ့ပြည်၌ ပဋိသန္ဓေနေကာ သာသနာ့တာဝန်ကို ယူပါ"ဟု တောင်းပန်ကြလေသည်။

ဗြဟ္မာကြီးလည်း "ငါသည် ဗုဒ္ဓသာသနာတော်ကို ပြုစုရမည့် ပုဂ္ဂိုလ်ပါတကား"ဟု တွေးတောကာ အလွန်ဝမ်းမြောက်စွာဖြင့် "လူ့ပြည်၌ ပဋိသန္ဓေနေပါမည်"ဟု ဝန်ခံပါသည်၊ ဤသို့အားဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿအရှင်မြတ်သည် သာသနာပြုကိစ္စကို ဗြဟ္မာ့စည်းစိမ်နှင့်လဲ၍ ထူးကဲစွာ ဝန်ဆောင်သောပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်း ထင်ရှားပါပေသည်၊ အရှင်မဟိန္ဒ၏ အိမ်ရှေ့မင်းစည်းစိမ်နှင့်လဲကာ သာသနာပြုခဲ့ပုံမှာလည်း အများအသိပင် ဖြစ်ပါသည်၊ [ဤသာသနာတော်သည် တန်ဘိုးကြီးလှပေသည် တကား။]

ထေရာစ ဂုရုနော ဝါ။ ။ ထိုရတနာတော် ၃ ရပ်သည် လောက၌ အထင်အရှား ပေါ်ထွန်းပါသော်လည်း ဆရာသမားများ၏ အထူးစောင့်ရှောက် ချီးမြှောက်မှုကို မခံရလျှင် မိမိသည် ရတနာ ၃ ပါး၏ ဂုဏ်တော်များကို ကောင်းစွာ သိနိုင်မည် မဟုတ်ပါ၊ ထိုသို့ မသိနိုင်လျှင် ယခုလောက် ပါရမီတိုးပွားအောင် ကြိုးစားနိုင်မည်လည်း မဟုတ်ပါ၊ ယခုသော်ကား ဆရာသမားတို့၏ စောင့်ရှောက်မှုကိုခံရသည့်အတွက် ပါရမီပြည့်မည့် အရေးကို မြော်တွေးလျက် သာသနာ့ဝန်ကိုအားသွန်ကြိုးပမ်း ထမ်းနိုင်ပါသည်၊ ထို့ကြောင့် ဆရာသမားများ၏ကျေးဇူးတော်သည် မိမိအပေါ်မှာ အလွန်ထင်ရှားရကား ထိုကျေးဇူးရှင်များကို ကျမ်းစာရေးသား ပို့ချခြင်းအားဖြင့် ကျေးဇူးဆပ်ရပါသည်။

စူဠဝဂ္ဂတ္တ ဝဏ္ဏနံ။ ။ မဟာဝဂ္ဂ ဘာသာဋီကာ အပြီးတွင် ဆက်လက် ပို့ချအပ်သော ဤစူဠဝဂ္ဂဘာသာဋီကာသည်လည်း ယခုအခါ နောင်လာ နောက်သားတို့အတွက် အကျိုးများရစ်မည် ဖြစ်သောကြောင့် ဤ ဘာသာဋီကာကိုလည်းကျမ်းစာတဆူ ဖြစ်ရစ်အောင် စာဆိုသော တပည့်များနှင့်အတူ ကြိုးစားခဲ့ရာကောင်းစွာ အထမြောက်ပြန်ပါသည်။

အရှင် ဇနကာဘိဝံသ

သာသနာသက္ကရာဇ်
၂၅၁၆

မှတ်ဘွယ်အက္ခရာစဉ်=မာတိကာ

အက္ခရာစဉ်	စာမျက်နှာ
အကတဘာဂေါ	၃၂၆
အကပ္ပိယအခင်း ဘုံလျှိုသွင်း	၁၉၈
အခြားကျောင်းယူ၍ သုံး	၂၉၆
အဂ္ဂဋ္ဌဝင်္ဂ	၁၅၂
အဂ္ဂဋ္ဌ၏ အနက်	၁၅၃
အင်္ဂါဇာတ်ကို ဖြတ်မှုအာပတ်	၁၃၂
အဂေါစရော	၄၀၃
အဠှသမောခ်ာန	၇၄
အစ္စယော အစ္စဂမာ	၅၅၂
အဆီအအိမ့် စားခြင်း၌ အပြစ်	၁၅၂
အရဉ္စရော	၂၆၄
အဋ္ဌပဒါကာရေန	၁၂၃
အဋ္ဌကရိသပ္ပမာဏာ	၂၀၉
အနုပလ္လက်ံ	၄၅၁
အန္တရာဘင္ဂကော	၃၂၂
အန္တရာကာဇ ထမ်းကောင်း	၁၇၆
အတ္တာဒါနံ (အဓိကရဏံ)	၄၂၈
အနွေ့ာပူတိ	၄၂၂
အဒ္ဒကာယိက ခေါင်းအုံး	၁၉၅
အဒေယျော=အာဒေယျော-မှုကွဲ	၅၈၈
အဓိကရဏ်း လက်ခံနည်း	၁၁၆
အနာထပိဏ္ဍိကဝတ္ထု	၅၇၁
အနုညတ္တိယာ	၄၃၈
အနုမောဒနာ (အနုမောဒက)	၄၀၈
အနုဝါဒေါ	၂၆
အပလောကနကံ ပြုပုံ	၁၀၅
အပါင်္ဂံ	၄၄၂
အဗျာကတအာပတ် အပါယ်မချ	၁၁၃
အဘိသန္ဓကာယာ	၁၅၂
အများ တပြိုင်နက် သမုတ်နိုင်သောကံ	၂၃၅
အရဏိသဟိတံ	၂၀၇(၄၁၇)
အရဟာဋ္ဌဃဋိယန္တံ	၁၅၅
အရပ်တပါး သွားသူ၏ ကျင့်ဝတ်....	၂၂၄
အလက္ခိဓေကာ	၃၀၅
အလမတ္တ (ထ္တ) တရာ	၂

အက္ခရာစဉ်	စာမျက်နှာ
အဝိဿဇ္ဇိယ, အဝေဘင်္ဂိယ	၂၆၅
အသံဟီရော	၅၂၄
အဿတရိရထာ	၂၀၆
အဟိမေခလိကာ	၃၈၂
အာဂတာနာဂတသံဃာ	၁၈၃
အာဂန္တုကဘတ်	၃၆၂
အာစရိယကုလံ နိယျာနိကံ	၃၉၅
အာစိဏ္ဏ, အနာစိဏ္ဏ	၃၉၇
အာဒေသနာ, အနုသာသနီ	၃၈၇
အာပတ်နှင့် အဟောသိကံ	၁၁၃
အာပတ်ဟူသည် ပရမတ်လား ပညတ်လား	၁၀၉
အာပတ်ဖုံးလျှင် ဒုက္ကဋ်သင့်	၅၉
အာပတ်ဖုံးခြင်း လက္ခဏာ	၅၇
အာပတ်ရှိလျက် သောတာပန်ဖြစ်	၃၈၈
အာမလကဝန္တိကပီဌ	၁၉၃
အာယံ	၂၆၇
အာရုဠှာယေဝ မာတိကံ	၃၃၄
အာလောပ ဘတ္တဋ္ဌိတိကာ	၃၃၃
အာဝါသိက သုံးသလို သုံးနိုင်	၃၀၀
အာဝိဉ္ဆနဆိဒ္ဒံ,–ရဇ္ဇုံ	၁၈၈
အာဝေနိ°(ဏိ°)ဏိကံ	၄၀၁
အာဝေသနဝိတ္ထကံ	၁၄၉
အာသနာဘိဟာရံ	၁၇
အာသန္ဒိက (ဥစ္စက)	၁၉၁
အာသိတ္တကူပဓာနံ	၁၅၇
ဣတ္ထိဘာဝါဘာဝတညူ	၃၈၁
ဥက္ကာသိကံ	၁၂၄
ဥဒပတ္တထ	၃၈၉
ဥပစာရသိမ်ကျယ်ပြန့်ပုံ	၃၀၇
ဥပနိသိန္နကထာ၌ကျင့်ဝတ်	၄၀၉
ဥပနိဗန္ဓိတွာ	၂၄၁
ဥပေါသထသံယုတ္တေ	၄၆၁
ဥဗ္ဘာဟိကာယ	၁၁၆
ဥဿုဠှိကာ	၂၂၁
ဥဟာဒိတာ	၄၂၁
ဦနေဂဏေစရဏာအပြစ်	၅၀

အက္ခရာစဉ်	စာမျက်နှာ
ဧကစာရိကဘတ္တ	၃၁၉
ဧကစာရိကဝတ်–ဘာဝနာ	၂၄၆
ဧကဗာဟ (ဂေဟ) ဝသေန	၃၄၃
ဧကဘာဇနဲ့အတူမစားရ	၁၅၉
ဧကိဿာအာပတ္တိယာ	၄၉၆
ဧသေဝ နယော	၇
ဩဂုမ္ဗေတွာ	၁၄၉
ဩဏောဇနံ	၁၉
ဩဒါတအဝတ်	၄၄၉
ဩခါနသမောခါန	၇၁
ဩဖုနာပေတဗ္ဗံ	၃၇၉
ဩဗဒ္ဓံ	၃၇
ဩသက္ကနကန္ဒရံ	၄၂၄
ကထိနရဇ္ဇု	၁၄၆
ကပိသီသက (ကဗိသီသ)	၁၅၂, ၁၅၃
ကပ္ပံ (အာယုကပ္ပံ)	၃၀၆
ကမ္မသတေနနိဋ္ဌာယတိ	၅၅၅
ကရကဋက	၁၅၅
ကသမ္ဗုဇာတံ	၄၂၂
ကာက (ကုဏ္ဍုဋ္ဌ) ဝဿိတံ	၁၁
ကာ (ကေ) ယူရံ	၁၂၅
ကိစ္စယတာ	၁၀၄
ကိစ္စရှိလျှင်သစ်ပင်အမြင့်တက်	၁၇၀
ကုဋိဘတ္တ	၃၆၀
ကုဗ္ဗံ (ကုပ္ပံ)	၁၆၅
ကုမ္ဘထေနကေဟိ	၄၃၅
ကုလ္လကဝိဟာရေန	၄၅၇
ကူဋဒိုတိယာ	၃၁၉
ကောဋ္ဌိသန္တရံ သန္တရာပေသိ	၂၀၈
ကျောင်းအနုမောဒနာဂါထာ	၅၇၃
ကျောင်းတိုက်ကြီး၌အာဝါသိကဝတ်	၄၀၆
ကျောင်းတွင်းဆွမ်းကျွေးကျင့်ဝတ်	၄၁၀
ကျောင်းတော်ရာများ ဆုတ်ယုတ်ပုံ	၂၁၀
ကျွတ်ထိုက်သူကိုသာ ရှင်ပြုပေး	၂၄၅
ခဋင် ထိုင်ခုံ၏ခြေကို အဝတ်ပတ်	၃၀၀
ခန္ဓသုတ်နိဿယ	၅၃၂

အက္ခရာစဉ်	စာမျက်နှာ
ဒိရပါသာဏာခယာနိ	၂၇၅
ခုဒ်ကိုမရှင်း, နှပ်ကိုနင်း	၄၅၄
ခုဒ္ဒါနုခုဒ္ဒက နှုတ်, မနှုတ်	၄၅၂
ခေဋ္ဌာသကဿ	၃၀၃
ဂတိဂဘံ	၉၇
ဂန္ဓဗ္ဗဘတ္တကေန	၁၂၃
ဂမိကဘတ်	၃၆၄
ဂမိယ၏ကျောင်းဝတ်	၄၀၇
ဂရဟာဏစ္ဆရိယ	၄၂၃
ဂါမမု(မော)ဒ္ဒဝါ	၁၂၂
ဂိလာနနှင့် ထီး	၁၆၃
ဂိဟိပါရုတများ	၁၇၂
ဂိဟိဝိကဋနီဟာရေန	၂၆၂
ဂုဋ္ဌကစသော သလာက	၁၁၀
ဂုဋ္ဌကဘတ္တံ	၃၇၁
ဂူဋ္ဌကဘတ္တ	၃၇၀
ဂေါသံသိကာယ	၁၄၉
ငွေရေခွက်စသည် မအပ်	၂၇၆
ငွေရေခွက် လူ့ဥစ္စာ မကိုင်ကောင်း	၁၃၄
စက္ကလိကံ	၂၉၉
စတုရာရက္ခ ဘာဝနာ	၂၄၇
စတုရံသံ=စတုရဿံ	၁၆၆
စတုဿာလဘတ္တံ	၂၁
စန္ဒကူးသပိတ်	၁၃၃
စမ္မတ္တာ=စမ္မိတ္တာ	၁၄၃
စာအံ မီးထွန်းမှစ၍ ခွင့်ပန်	၄၁၀
စာတိုးတိုးအံ, တိုးတိုးချ	၂၄၅
စာတုဒ္ဒိသဿ	၁၀၃
စာတုမာသံ နိဿဒန်	၁၅၆
စာရေးတံမဲကို နေ့တိုင်းချပါ	၃၅၅
စုဒ္ဒသခန္ဓကဝတ်	၄၂၁
စောဒက စုဒိတကစိတ်ထား	၄၃၄
ဆဗ္ဗသဒ္ဒံနှင့် ဖျော့ဝါဒ	၃၂
ဆွမ်းစားရာ၌ ထိုင်ပုံကျင့်ဝတ်	၄၁၀
ဆွမ်းစားသပိတ်ခြေ	၁၅၀
ဆွမ်းလောင်း မလောင်း သိရန်	၄၁၉

အက္ခရာစဉ်			စာမျက်နှာ
ဇန္နာဃရပဋိစ္ဆာဒိစသည်	....	....	.... ၁၅၄
ဌိတဓမ္မော (သမုဒ္ဒေါ)	....	....	.... ၄၂၄
တခုဖြင့် အများကို လဲနိုင်ပုံ	....	....	.... ၂၇၁
တထာနာသိတကောဝ	....	....	.... ၁၂၁
တဿပါပိယသိက	....	....	.... ၉၉
တရားဟောရာ၌ အသံလုပ်ပြစ်	....	....	.... ၁၃၀
တာလဝဏ္ဋံ (ယပ်)	....	....	.... ၁၆၃
တာဝကာလိကံ	....	....	.... ၁၄၂
တိကဘောဇနံ	....	....	.... ၃၈၆
တိတ္တိရဇာတ်ဂါထာ	....	....	.... ၅၃၉
တိဏဝတ္ထာရက	....	....	.... ၁၀၁
တိလသံဂုဠိကာ	....	....	.... ၁၀
တိဝဿန္တရ	....	....	.... ၂၆၀
တုမော	....	....	.... ၃၈၂
ထာဝရချင်း လဲပုံ	....	....	.... ၂၆၅
ဒက္ခိဏောဒကံ	....	....	.... ၄၁၂
ဒါယကာ၏စေတနာ ငဲ့ရပုံ	....	....	.... ၂၅၆
ဒီဃာသန	....	....	.... ၂၆၀
ဒွမာသိက, ဒွင်္ဂုလ	....	....	.... ၁၂၆
ဒူတေနုပသမ္ပဒါ	....	....	.... ၄၄၇
ဒေဝသိကံ အာရောစေတဗ္ဗံ	....	....	.... ၄၃
ဒဏ္ဍကထိနံ	....	....	.... ၁၄၇
ဒန်ပူခဲရကျိုး	....	....	.... ၁၇၆
ဓမ္မကရဏော	....	....	.... ၂၈၇
ဓူမကာလိကမ္ပိ	....	....	၂၈၉, ၄၅၃
ဓောတပါဒကံ	....	....	.... ၁၆၁
ဓမ္မကထာအန္တရာယ် (အသံ)	....	....	.... ၁၈၉
နကုလဝံ ဂမေန္တိ	....	....	.... ၄၅၅
နက္ခတ္တပဒါနိ	....	....	.... ၄၁၇
နစ္စဂီတနှင့် အာပတ်	....	....	.... ၁၂၉
နဝကမ္မံ, သံဃိကဘူမိဒါနံ	....	....	.... ၄၄၈
နိက္ခိတ္တဝတ်၏ ပရိဟာရ	....	....	.... ၅၁
နိဗ္ဗာပေတိ (ပေက္ခတိ)	....	....	.... ၉၂
နိဒ္ဒါပေတဗ္ဗံ	....	....	.... ၃၇၉
နိဒ္ဓေတဗ္ဗံ	....	....	.... ၃၇၈
နိဗန္ဓာပိတံ	....	....	.... ၃၆၃

အက္ခရာစဉ်	စာမျက်နှာ
နိယသ (သ) ကမ္မ	၄
နိလ္လေခဇနှောသန်ရုံ	၁၅၆
နိဿေဂီ	၁၄၆
နေဝွာရုံ	၈
နန္ဒိမုခိယာ	၄၂၂
ပကတတ်တမျိုး	၁၆
ပကတိဝိကာရသမ္ဗန်	၅၃၉
ပကာသနီယကံ	၃၀၃
ပက္ခိကဘတ်နှင့် ဥပေါသထိကအထူး	၃၆၀
ပစ္စာဒိယတိ	၄၂၆
ပဋိမံ အနုကမ္ပတိ	၅၅၄
ပဋိသာရဏီယံ	၁၂
ပဋိကုဋ္ဌိယော (တော)	၃၀၅
ပဏ္ဍိတအာဂန္တုက	၄၀၄
ပတ္တနိကုဇ္ဇနကံပြုပုံ	၁၆၀
ပတ္တေန ပတ္တဟာရော၀ါ	၁၄၁
ပတ္တဒွေနကာယေန	၃၀၃
ပဒဝိတိဟာရသ	၂၀၆
ပန္နလောမ	၈
ပပါတော	၄၂၃
ပပ္ပုယ	၅၀၄
ပဗ္ဗာဇနီယကမ္မ	၄
ပရိမုခံအနက်	၁၆၆
ပရိယတ်သည် သာသနာကိုတည်စေ	၂၄၄
ပရိဿာဝနံ	၁၅၀
ပလိတံ (အမွေးဖြူ)	၁၆၈
ပဟင္ဂုကဏ္ဍဝါလော	၃၀၄
ပါတိမောက္ခုဒ္ဒေသ	၄၂၅
ပါဒကထလိကံ	၁၇
ပါဒပီဌံ	၁၇
ပါရိဟာရိယံ	၂၇၄
ပိဋ္ဌိမေဟိ ပါဒေဟိ	၃၀၅
ပိဋ္ဌအမျိုးမျိုး	၁၉၂
ပုထုပါဏိကံ	၁၂၄
ပြိုကျသောကျောင်းမှ ယူ၍သုံး	၂၉၇
ပိုက်တွေကာ၍ ရှေ့ချီး	၁၃၃

အက္ခရာစဉ်	စာမျက်နှာ
ဖာတိကမ္မံ	၂၀၁
ဗလဝါဗလဝံ	၂
ဗာဟုလ္လိကာနုယောဂ	၁၆၂
ဗိဒလကံ (ဝိဒလကံ)	၁၄၇
ဗိဒလမဒ္ဒကံ	၁၉၁
ဗိဘစ္ဆံ	၁၆၀
ဗုဒ္ဓေါဘဂဝါအနက်ပေးပုံ	၄၆၉
ဗျာဝဋ္ဌာ	၉
ဘဏ္ဍနကလဟအနက်	၄၆၉
ဘတ္တ၏အကပ္ပိယဝေါဟာရ	၃၀၃
ဘတ္တိ (ဘိတ္တိ) ကမ္မံစသည်	၂၀၀
ဘတ္တုဒ္ဒေသက လက္ခဏပေသလ	၃၁၃
ဘတိနိုဝိဋ္ဌံ	၂၅၃
ဘဒ္ဒပီဌ	၁၉၂
ဘိက္ခုဂေဟနု	၄၅၆
ဘိက္ခု (ဂိဟိ) ဝစနံ	၁၁
ဘိက္ခုသည် ဘိက္ခုနီအတွက် ကပ်	၄၄၅
ဘိက္ခုနီကြောင့် သာသနာ	၄၃၆
ဘိက္ခုနီလူဝတ် ဝတ်လျှင်	၄၄၉
ဘိက္ခုနီတို့၏ ဝစ္စကုဋိ	၄၅၁
ဘုသိကာ ဥဒ္ဒရာပေတဗ္ဗာ	၃၇၉
ဘေဒကရဝတ္ထု ၁၈ ပါး	၃၉၄
ဘိက္ခုတိ ဝဝတ္ထာနံ	၃၃
မကာသကုဋိကာ	၁၅၁
မလှည့်စားဘဲ အမှန်ပြော	၂၅၇
မလ္လမုဋ္ဌိကာ	၁၂၂
မလ္လကမူလ သဏ္ဌာနေန	၁၂၄
မဋ္ဌောရိကံ	၁၅၀
မဟာထေရ်က တရားဟောဘို့ တိုက်တွန်းရာ၌ ကျင့်ဝတ်	၄၀၉
မဟာပေဋ္ဌဘဏ္ဍ	၂၂
မဟာမင်္ဂလာ ဩတ္တပ္ပ	၄၀
မဟိံ ဝိကြုဗ္ဗတော	၃၀၀
မာနတ္တံ	၄၄
မာနသိ (ဿယိ) နော	၃၀၀
မိခုန္နေ, ပရိဘဏ္ဍနေ	၁၃၇
မိဿကယာဂု, ဘတ္တ	၃၆၆

အက္ခရာစဉ်				စာမျက်နှာ
မိဿကသမောခံန	....	....	....	၇၅
မုဏ္ဍာဝဋ္ဋိ	....	....	....	၁၇၆
မစ္ဆဠွာန	....	....	....	၂၂၁
မောဃသုတ္တက	....	....	....	၁၄၀
မဋ္ဌိင္ဗိကာ	....	....	....	၄၃၆
ယတ်ခတ်နည်း	....	....	....	၄၀၅
ယဿန္တရတော နသန္တိ ကောပါ	....	....	....	၃၀၁
ယောဘုယျသိကာ	....	....	....	၉၆
ယန္တကံ, သူစိကံ	....	....	....	၁၀၉
ရက္ခိတ ဝေါဒိတ	....	....	....	၂၇၉
ရတ္တိစ္ဆေဒ, ဝတ္တဘေဒ	....	....	....	၃၁
ရပ်နေရာသည် သေနာသန မဟုတ်		....	....	၂၂၂
ရာဂဝိနယ စသည်	....	....	....	၃၉၆
ရာဇညာတကာနာမ	....	....	....	၃၀၄
ရိတ္တပေါတ္တက (ပေရွက်)	....	....	....	၂၀၂
ရေစစ်မယူဘဲ ခရီးသွားမှု	....	....	....	၁၅၀
ရောမန္ထက	....	....	....	၁၆၄
ရွာတွင်း၌ သံဃာဋိကို ဖိ၍ မထိုင်ရ		....	....	၄၁၂
ရှေးက သပိတ်အိတ်	....	....	....	၄၁၆
ရှင်ဒေဝဒတ်၏ ပကတတ် အဖြစ်	....	....	....	၃၉၃
လူတို့အား တဝက်ဝေပေး	....	....	....	၃၇၅
လူတို့က လျှောက်ရာ၌ ကျင့်ဝတ်	....	....	....	၄၀၉
လေသကပ္ပေန	....	....	....	၂၁၄
လောကာယတကျမ်း	....	....	....	၁၀၀
လက်သည်း ခြေသည်းကို ချောအောင် မခြစ်ရ		....	....	၁၆၅
လျှောက်ပုံ နားမလည်လျှင် မေးနည်း		....	....	၃၁၀
လဲ ၃ မျိုး	....	....	....	၁၉၄
ဝစ္စကုဋိဝတ်များ	....	....	....	၄၂၀
ဝယကမ္မံ	....	....	....	၂၉၄
ဝလယံ	....	....	....	၁၂၅
ဝဿသဟာဿံ ဌသဿတိ	....	....	....	၄၃၇
ဝဿာရတ္တော	....	....	....	၄၂၀
ဝါဆိုပြီး ကျင့်ဝတ်များ	....	....	....	၂၄၃
ဝါတပါန အပိတ်များ	....	....	....	၁၀၉
ဝါတွင်း နိဗဒ္ဓဝတ်	....	....	....	၂၄၂
ဝိကုဋ္ဌနိဋ္ဌကို မပြုရ	....	....	....	၁၃၄

အက္ခရာစဉ်	စာမျက်နှာ
ဝိဇ္ဇေတွာ ဂါဇ္ဇြေဟတဥ္ဆ္	၂၃၇
ဝိပဿတာယ	၁၀၃
ဝိရူပနံ့, ဗိဇနီ	၁၆၂
ဝိဓာ (ခါးပန်းသီး)	၁၇၁
ဝိနယာတိသာရေ	၄၆၁
ဝိပ္ပကတဘောဇနေ ၁	၂၁၁
ဝိသေသကံ	၄၄၃
ဝိဟာရဝါရိကဿ (ကာနံ)	၃၄၅
ဝိဘာရံ, အနုယောဂံ, ပါသာဒံ	၅၇၂
ဝိဝါဒါဓိကရဏ	၁၀၀
ဝေဒယာမိ	၄၆
ဝေယာယိကံ	၂၀၇
ဝလ္လိကာ	၁၂၅
ဝါး၏ ဂရုဘဏ်ဖြစ်ပုံ	၂၀၀
သကာယ နိရုတ္တိယာ	၁၇၉
သဂ္ဂါပေတိ	၁၂
သဇာတိသာဓာရဏအမည်	၆၂
သညာပေတိ	၈၂
သတိဝိနယဿ	၈၄
သတံ ဟတ္ထိစသော ဂါထာနက်	၅၀၃
သတ္တဂ်ပဥ္စ	၁၈၂
သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်	၄၄၅
သနေတ္တိကာ	၄၅၆
သပ္ပဋိမံသော	၄၃၁
သပိတ်ခြေအမျိုးမျိုး	၁၃၆
သပ္ပိစသည်နည်းလျှင် ကျင့်ဘွယ်	၄၁၃
သပိတ်ထဲ၌ လက်မဆေးရ	၁၄၃
သမောဓာနေတွာ	၆၅
သမာသ်နှင့်ဝါကျ	၅၅
သမာနဝဿိကာသန	၃၇
သမုစ္စယခန္ဓကအမည်	၈၁
သမောဓာနပရိဝါသ်ကောင်း	၆၉
သရိတကံ (ကျောက်မှုန့်)	၁၄၅
သလာကာယဝါ	၃၃၉
သလာကဘတ္တ (သလာကာ)	၃၀၄
သဝစနီ (နီ) ယံ	၂၅

အက္ခရာစဉ်	စာမျက်နှာ
သဘာစရဏာဌာနူပစာ	၁
သဟဝါသ	၄၀
သာပတ္တိကဿ ဘိက္ခဝေ	၅၀၅
သာဝသေသ, အနဝသေသအာပတ်	၃၉၉
သာသနာ ၅ ထောင်	၄၃၈
သိင်္ဂီလောဏ၌ အပြစ်	၄၅၉
သီတံ ဥဏှံ ပဋိဟနတိဂါထာ	၁၈၄
သီဘင်းကြီးကို ခိုင်းနိုင်ရာဌာန	၂၁၃
သီသပ္ပမာဏခေါင်းအုံး	၁၉၆
သုတ္တဝိဘင်္ဂ၌ အနက်တမျိုး	၄၆၃
သုတ္တဝိဘင်္ဂ, ပဒဘာဇနီယ	၄၅၇
သုဒ္ဓန္တပရိဝါသ	၆၇
သုဝဏ္ဏမယစသည် သံဃိကအစ်	၂၆၁
သူစိကာ, ဃဋိကာ	၁၅၃
သေနာသနဂ္ဂါဟ	၂၁၇
သေနာသန ၄ မျိုး	၁၈၂
သေနာသန ပညာပကဉာဏ်	၂၂၀
သေနာသနပရိဘောဂအစ်	၂၇၆
သေမှပေးလျှင် အပေးမမြောက်	၄၄၄
သေသံ ဥတ္တာနမေဝ	၄၂၁
သေယျဂ္ဂေန	၂၁၅
သောစ သဗ္ဗဒေါ	၁၈၇
သောက်ရေကစ်နည်း	၄၀၅
သောဠသိံ ကလံ	၂၀၆
သံဃဘတ္တစသည်	၃၀၃
သံဃဘေဒဖြစ်ပုံ	၃၉၁
သံဃိကကျောင်း၌ သတိပြု	၃၀၂
သံဃိကမြေနှင့် ကျောင်း	၂၉၃
သံဃံ ဘိန္ဒိတွာ	၃၈၇
သန္တုဋ္ဌဿစသည်	၄၇၂
သမ္ဗာဓေ လောမံ	၁၆၇
သမ္မုတိအနက်တမျိုး	၅၂၇
သမ္မုန္နတိ	၃၈၂
သံသရဏကဋိက	၂၀၅
ဟတ္ထိနခကကျောင်း	၂၆၁

စူဠဝဂ္ဂဘာသာဋီကာ

ကမ္မက္ခန္ဓက

တဇ္ဇနီယကမ္မကထာ

စူဠဝဂ္ဂဿ-စူဠဝဂ္ဂပါဠိတော်၏၊ ပဌမေ-ပဌမဖြစ်သော၊ တာဝ-ပါရိဝါသိ ကက္ခန္ဓကစသည်တို့မှ ရှေးဦးစွာ၊(နိဒ္ဒိဋ္ဌေ-သော၊)ကမ္မက္ခန္ဓကေ-ကမ္မက္ခန္ဓက၌၊ ပဏ္ဍုကလောဟိတကာတိ- ပဏ္ဍုကလောဟိတကာ ဟူသည်ကား၊ ပဏ္ဍုကော စေဝ-ပဏ္ဍုကရင်း၊ လောဟိတကော စ - လောဟိတကရင်း၊ ဣတိ-သို့၊ ဆသု- ၆ ပါးကုန်သော၊ ဆဗ္ဗဂ္ဂိယေသု-ဆဗ္ဗဂ္ဂိယ ရဟန်းတို့တွင်၊ ဒွေ- ၂ ပါးကုန်သော၊ ဇနာ-ရဟန်းတို့သည်၊ (ဘဏ္ဍနကာရကာ-စသည်၌စပ်၊) တေသံ-ထို ပဏ္ဍုက လောဟိတက ရဟန်းတို့၏၊ နိဿိတကာပိ-မှီတတ်သော တပည့်တို့သည်လည်း၊ ပဏ္ဍုကလောဟိတကာတွေဝ-ပဏ္ဍုကလောဟိတကတို့ ဟူ၍ပင်၊ ပညာယန္တိ- ထင်ရှားကုန်၏။

× × × × × × ×

စူဠဝဂ္ဂဿ ပဌမေ။ ။ကျမ်းအစ၌ ပဋိညာဉ်နိဒါန်းစကား ပါရှိရိုးဖြစ်သော်လည်း မဟာဝဂ္ဂအဋ္ဌကထာ၏ အစ၌ ပြခဲ့ပြီးဖြစ်သောကြောင့် ဤ၌ ထပ်၍မပြတော့၊ ချဲ့ဦးအံ့၊- မဟာဝဂ္ဂနှင့် စူဠဝဂ္ဂသည် ဝဂ်အကျဉ်း ဝဂ်အကျယ် နေပုံသာ ကွဲပြား၍, စာအသွား အလာကား ထူးမခြားသောကြောင့် ပဋိညာဉ်နိဒါန်း စကားကို မဟာဝဂ္ဂ အစတုန်းက ပင် "ခန္ဓကံ ခန္ဓကောဝိဒါ"စသည်ဖြင့် တပေါင်းတည်း ပြခဲ့၏၊ ထို့ကြောင့် ဤခနရာ၌ အထူးမပြတော့ဘဲ စာသွားရှိတိုင်းသာဖွင့်ပြလိုသော အဋ္ဌကထာဆရာသည်"စူဠဝဂ္ဂဿ ပဌမေ ကမ္မက္ခန္ဓကေ" စသည်ကို မိန့်သည်၊ "ပါရိဝါသိက စသော နောက်ခန္ဓကတို့ကို ထောက်၍ ပဌမဖြစ်သော ကမ္မက္ခန္ဓက၌" ဟူလို။

တေသံ၊ပေ၊ပညာယန္တိ။ ။[ပဌမဆဗ္ဗဂ္ဂိရဟန်း ၆ ပါးကို ကုလဒူသနသိက္ခာပုဒ်၌ ပြထားပြီ။] ထို ၆ ပါးထည်း၌ ပဏ္ဍုကနှင့် လောဟိတက ၂ ပါးတို့ ပါဝင်ကြ၏၊ ထို ၂ ပါးတို့၏ တပည့်များလည်း သဟစရဏနည်းအားဖြင့်ရင်း, ဌာနနိဿယဖြစ်သော ဆရာတို့၏ ပဏ္ဍုကလောဟိတက အမည်ကို ဌာနီနိဿိတဖြစ်သော တပည့်တို့ အပေါ်၌ တင်စားသော ဌာနူပစာရအားဖြင့်ရင်း"ပဏ္ဍုက လောဟိတက"ဟု ထင်ရှားကြသည်။

ဋီကာ။ ။ယဋ္ဌိံ ပဝေသယ-ဒုတ်ကို သွင်းလိုက်၊ ကုန္တေ ပဝေသယ - လှံတို့ကို သွင်းလိုက်၊ ဣတိ အာဒိသုဝိယ သဟစရဏဉာယေန (ဒုတ်နှင့် ဒုတ်ကိုင်သူသည် အတူ ဖြစ်သကဲ့သို့ရင်း, လှံနှင့် လှံကိုင်သူသည် အတူဖြစ်သကဲ့သို့ရင်း, ဤသို့ ဆရာနှင့် တပည့်တို့ အတူတကွဖြစ်ဘက်ဟူသော နည်းအားဖြင့်ရင်း) နိဿိတေသု (မှီတတ်သော တပည့်တို့ အပေါ်၌) နိဿယဝေါဟာရေန ဝါ (မှီရာဖြစ်သော ဆရာတို့၏ အမည်အားဖြင့်ရင်း) ပဏ္ဍုကလောဟိတကသဒ္ဒေန ဝုတ္တာတိ အာဟ-တေသံ၊ပေ၊ပညာယန္တီတိ။

ဗလဝါဗလတံ ပဋိမန္တေထာတိ - ကား၊ သုဋ္ဌုဗလဝံ - အလွန် အားရှိစွာ၊ ပဋိဝဒထ-ပြန်၍ ပြောကြကုန်၊ [ယောဇနာ၌ " မန္တခါတုတ်၏ ဂုတ္တဘာသန အနက်ကိုယူ၍ ပတိကို " ပဋိစ္ဆန္နဗ္ဘာနေ "ဟု ဖွင့်လေသည်။] အလမတ္ထတရာတိ- ကား၊ သမတ္ထတရာ - သာ၍ စွမ်းနိုင်သူတို့သည်၊ "ဟောထ"ဟု ထည့်စပ်။)

× × × × × × ×

ဗလဝါဗလဝံ၊ ။ "ဗလဝဗလဝံ "ဟု ဆိုလိုလျက် ဝါစာသိလိဋ္ဌ အကျိုးငှါ ဝ၏ အကို ဒီဃပြု၍ "ဗလဝါဗလဝံ"ဟု ဖြစ်၏၊ အနက်တူသဒ္ဒါ ၂ ခု ဆင့်နေသောကြောင့် အတိသယ အနက်ကို ဟောရ၏၊ "ဒုက္ခဒုက္ခံ" ပုဒ်၌ အလွန်ဆင်းရဲသော ဒုက္ခအစစ်ကို ယူရသကဲ့သို့တည်း၊ ထို့ကြောင့် "သုဋ္ဌုဗလဝံ" ဟု ဖွင့်သည်၊ " ဒုက္ခမေဝ ဒုက္ခံ " ဟု ဝိဂ္ဂဟပြု၍ "ဒုက္ခဒုက္ခံ"သည် တပုဒ်ထည်းဖြစ်သကဲ့သို့"ဗလဝါယေဝ ဗလဝါ"ဟု ပြု၍ "ဗလဝါဗလဝံ " လည်း ဒုတိယန္တ တပုဒ်ထည်းသာတည်း၊ [ဗလဝါဗလဝန္တိ ဣဒံ ဧကပဒံ၊ပေ၊အတိဝိယ ဗလဝံ ကတွာ ပဋိဝစနံ ဒေထာတိ အတ္ထော၊—ဝိမတိ။]

ဆက်ဦးအံ့— ဤဋီကာ၌"အတိဝိယ ဗလဝံ ကတွာ"ဟု ကတွာ ထည့်၍ ဖွင့်သောကြောင့် "ဗလဝါဗလဝံ"ကို ကြိယာဝိသေသန ဟုရင်း, " ပဋိဝစနံ ဒေထ " ဟူသော အဖွင့်ကို ကြည့်၍ ပဋိမန္တေထ၌ မန္တ ဓာတ်သည် ဘာသန အနက်ဟောဟုရင်း သိပါ၊ ဂုတ္တဘာသန ဟူသော တိုင်ပင်ခြင်း အနက်ဟော မဟုတ်-ဟူလို၊ ပါဠိတော်၌ ဆိုလိုရင်း ကား—"မာ ခေါ တုမှေ အာယသ္မန္တော သော အဇေသိ—ဤသူက အရှင်တို့ကို မနိုင်ပါ စေလင့်၊ ဗလဝါဗလဝံ ပဋိမန္တေထ – အရှင်တို့က အလွန်အားရှိစွာ ပြန်၍ ပြောကြပါ၊ အာဘောင်အာရင်းသန်သန်နှင့် ပြန်၍ ပြောကြပါ"—ဟူလို။

အလမတ္ထတရာ ။ ။ အလမတ္ထ၌ အတ္ထသဒ္ဒါသည် သဘာဝအနက်ကို ဟော၏၊ အလံ+အတ္ထာ ယေသန္တိ အလမတ္ထာ (စွမ်းနိုင်သူ၏ အဖြစ်ဟူသော သဘောရှိသူတို့၊) ဝိသေသေန + အလမတ္ထာ အလမတ္ထတရာ- အထူးအားဖြင့် စွမ်းနိုင်သူ၏ အဖြစ်ဟူသော သဘောရှိသူတို့၊ ဤသို့ သဒ္ဒတ္ထဖြစ်၏၊ "သမတ္ထတရာ"ကား လိုရင်းကိုသာပြသော အဓိပ္ပါယတ္ထတည်း။ [အလမတ္ထောတိ သမတ္ထသဘာဝေါ၊ သောစ အတ္ထတော သမတ္ထော ဝေါတိ၊— သုတ်ပါထေယျ, သိဂ်ါလောဝါဒ သုတ်ဋီကာ၊] ယောဇနာ၌ " အလမတ္ထ တရာ "ဟု ရှိ၏၊ ဤဋီကာဖွင့်ပုံနှင့် မညီ။

အဓမ္မကမ္မဒွါဒသက ကထာ

အသမ္မုခါ ကတန္တိ အာဒီသု - အသမ္မုခါ ကတံ အစရှိသော ပါဠိရပ်တို့၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) သံဃဓမ္မဝိနယပုဂ္ဂလသမ္မုခါနံ(နိ)- သံဃ သမ္မုခ,ဓမ္မသမ္မုခ,ဝိနယသမ္မုခ,ပုဂ္ဂလသမ္မုခတို့ကို၊ ဝိနာ-ကြဉ်၍၊ ကတံ-ပြုအပ်

× × × × × × ×

အသမ္မုခါ ကတန္တိအာဒီသု။ ။န+သမ္မုခါ အသမ္မုခါ—မျက်မှောက် မဟုတ်, မျက်ကွယ်၊ သံဃာကို ကြဉ်၍ ပြုခြင်းသည် သံဃာ၏ မျက်ကွယ်မည်၏၊ ဟုတ်မှန်သော သဘော မရှိဘဲ ပြုခြင်းသည် ဓမ္မ၏ မျက်ကွယ်မည်၏၊ စောဒနာ သာရဏာ ဟူသော

သည်၊(ဟောတိ၊)စုဒိတကံ-စုဒိတကပုဂ္ဂိုလ်ကို၊ အပ္ပဋိပုစ္ဆိတွာ-တဖန်မမေးမူ၍၊ (မစစ်ဆေးဘဲ၊)ကတံ(ဟောတိ)၊တဿေဝ-ထိုစုဒိတကပုဂ္ဂိုလ်၏ပင်၊အပ္ပဋိညာယ-ဝန်မခံဘဲ၊ ကတံ(ဟောတိ)၊ အဒေသနာဂါမိနိယာတိ-ကား၊ ပါရာဇိကာပတ္တိယာဝါ—ပါရာဇိက အာပတ်ဖြင့်သော်၎င်း၊ သံဃာဒိသေသာပတ္တိယာဝါ—သံဃာဒိသေသ် အာပတ်ဖြင့်သော်၎င်း၊(ကတံ ဟောတိ)။

ဧတ္ထ—ဤတဇ္ဇနီယကံ၌၊ ပုရိမကေသု—ရှေး၌ ဖြစ်ကုန်သော၊ တီသု-သုံးပါးကုန်သော၊ တိကေသု-တိက်တို့၌၊ နဝပဒါ-၉ ပုဒ်တို့ကို၊ အဓမ္မေန ကတံ ဝဂ္ဂေန ကတန္တိ—အဓမ္မေန ကတံ, ဝဂ္ဂေန ကတံဟူကုန်သော၊ ဣမေဟိ-ဤ ၂ ပုဒ်တို့နှင့်၊ သဒ္ဓိံ-တကွ၊ ဧကေကံ-တတိက် တတိက်ကို၊ ဂဟေတွာ—ယူ၍၊ နဝတိကာ-၉ တိက်တို့ကို၊ (ဘဂဝတာ) ဝုတ္တာ-ကုန်ပြီ၊ ဧဝံ-ဤသို့၊ သဗ္ဗေပိ - အလုံးစုံသောတိက်တို့သည်လည်း၊ ဒွါဒသ - ကုန်သော၊ တိကာ- တို့သည်၊ ဟောန္တိ၊ ပဋိပက္ခဝသေန-ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်၊ သုက္ကပက္ခေပိ-သုက္ကပက္ခ၌လည်း၊ ဒွါဒသ-န်သော၊ ဧတေယေဝ တိကာ-ဤတိက်တို့ကိုပင်၊(ဘဂဝတာ)ဝုတ္တာ-ကုန်ပြီ။

အနနုလောမိကေဟိ,ဂိဟိသံသဂ္ဂေဟီတိ-ကား၊ ပဗ္ဗဇိတာနံ-ရဟန်းတို့အား၊ အနနုစ္ဆဝိကေဟိ-မလျောက်ပတ်ကုန်သော၊ သဟသောကိတာဒီဟိ-အတူတကွဝမ်းနည်းခြင်းရှိသူတို့၏အဖြစ် အစရှိကုန်သော၊ [သောကော ယေသံ အတ္ထီတိ သောကိနော၊ သဟ + သောကိနော သဟသောကိနော၊ သဟသောကီနံ + ဘာဝေါ သဟသောကိတာ၊ အာဒိဖြင့် သဟနန္ဒိတာစသည်ကို ယူ၊]ဂိဟိသံသဂ္ဂေဟိ-လူတို့နှင့်ရောနှောခြင်းတို့ဖြင့်၊(“ဂိဟိသံသဋ္ဌော ဝိဟရတိ” ပါဠိတော်၌ဇစ်။)

× × × × × × ×

ဝိနည်းထုံးစံအတိုင်း မပြုခြင်းသည် ဝိနယ၏ မျက်ကွယ် မည်၏၊ ကမ္မာရဟာ ဖြစ်သူ၏ မျက်ကွယ်၌ ပြုခြင်းသည် ပုဂ္ဂလ၏ မျက်ကွယ်မည်၏၊ အာဒိဖြင့် ပါဠိတော်၌လာသော အပ္ပဋိပုစ္ဆာကတံ အပ္ပဋိညာယကတံ တို့ကိုယူ၊ ထို့ကြောင့် “စုဒိတကံ အပ္ပဋိပုစ္ဆိတွာ ကတံ, တဿေဝ အပ္ပဋိညာယ ကတံ”ဟု ဖွင့်သည်။

နဝပဒါ၊ပေ၊ဝုတ္တာ။ ။နဝပဒါကို ဝုတ္တာ၌ သာမညကံ, နဝတိကာကို ဝိသေသကံ အဖြစ်ဖြင့်စပ်၊ ၉ ပုဒ်တို့ကို ၉ တိက်ဟု ဆိုအပ်ကုန်သည်-ဟူလို၊ ယောဇနာ၌ကား-ဧကေကံ၌စပ်၍“နဝပဒါ”ကို“နိဒ္ဒါရဏအနက်၌ ပဌမာသက်ထား၏”ဟုကြိလေသည်။ [“သုက္ကပက္ခေသုပိ”ဟု ဗဟုဝုစ်ဖြင့် တွေ့ရ၏၊“ကဏှပက္ခ—သုက္ကပက္ခ”ဟူသည် အပြန်အလှန် တဖို့စီသာ ရှိသောကြောင့်“သုက္ကပက္ခေပိ”ဟု ဧကဝုစ်ဖြင့် ရှိသင့်ပါသည်။]

အမှာ။ ။ဤမှနောက်၌“နဥပသမ္ပာဒေတဗ္ဗန္တိ ဥပဇ္ဈာယေန ဟုတွာ နဥပသမ္ပာဒေတဗ္ဗံ”မှ စ၍ “ န ဘိက္ခုုဟိ သမ္ပယောဇေတဗ္ဗန္တိ အညမညံ ယောဇေတွာ ကလဟောန ကာရေတဗ္ဗော”ဟု ရှေးစာအုပ်တို့၌ တွေ့ရ၏၊ ထိုသံဝဏ္ဏနာ၏ သံဝဏ္ဏေတဗ္ဗ ပါဠိသည် ဤနေရာ၌ မရှိသေး၊ နောက် တိုက်ရိုက်ရှိသော ပါဠိဝယ် ပါရိဝါသိကက္ခန္ဓက၌ ဖွင့်ပြလတံ့ဖြစ်သောကြောင့် ဤနေရာ၌ အနက်မပေးဘဲ ထားပါသည်။

တိဏ္ဏံ ဘိက္ခူနံ ဘိက္ခူနံ နိဿာယ အာဒိ-အစရှိသော စကားရပ်ကို၊ ဧကေကေနာပိ-တပါးတပါးလည်း ဖြစ်သော၊ အင်္ဂေန-အင်္ဂါဖြင့်၊ တဇ္ဇနီယကမ္မံ-တဇ္ဇနီယကံကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဣတိ (ဣမဿ အတ္ထဿ)-၏ အနက်ကို၊ ဒဿနတ္ထံ-ပြကြောင်းခြင်း အကျိုးငှါ။ (ဘဂဝတာ) ဝုတ္တံ၊ ဟိ-မှန်၊ တဇ္ဇနီယဿ-တဇ္ဇနီယကံ၏၊ ဝိသေသေန-အခြား အင်္ဂါတို့မှ ထူးသော အားဖြင့်၊ (ဗာလဿ, အဗျတ္တဿ ဣစ္စေဝံ ဝုတ္တံ ထူးသောအားဖြင့်၊) ဘဏ္ဍနကာရကတ္တံ-ငြင်းခုံမှုကို ပြုတတ်သူ၏ အဖြစ်သည်၊ အင်္ဂံ-အင်္ဂါတည်း၊ နိယဿဿ-နိယဿကံ၏၊ (ဝိသေသေန) အတိဗာလျပတ္တံ-မပြတ်အာပတ်ရှိသူ၏အဖြစ်သည်၊ (အင်္ဂံ-တည်း၊) ပဗ္ဗာဇနီယဿ-ပဗ္ဗာဇနီယကံ၏၊ (ဝိသေသေန) ကုလဒူသကတ္တံ-အမျိုးတို့ကို ဖျက်ဆီးတတ်သူ၏ အဖြစ်သည်၊ (အင်္ဂံ-တည်း၊ ဣတိ-သို့) ဝုတ္တံ-ရှေး အဋ္ဌကထာ၌ ဆိုအပ်ပြီ၊ ပန-စင်စစ်ကား၊ တီသု-၃ ပါးကုန်သော၊ ဣမေသု အင်္ဂေသု-၌ အင်္ဂါတို့တွင်၊ ဧကေန ဧကေနပိ-အမှတ်မထား, တပါးပါးသော အင်္ဂါဖြင့်၊ သဗ္ဗာနိပိ-အလုံးစုံသော ကံတို့ကိုလည်း၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏။

ယဒိ ဧဝံ-ယင်းသို့ ဖြစ်လျှင်၊ [(တနည်း) တီသု- ၃ ပါးကုန်သော၊ ဣမေသု အင်္ဂေသု-တို့တွင်၊ ဧကေန ဧကေနပိ-ဖြင့်၊ သဗ္ဗာနိပိ-တို့ကိုလည်း၊ ကာတုံ-ငှါ၊ ယဒိ ဝဋ္ဋတိ-အကယ်၍ အပ်သည်ဖြစ်အံ့၊ ဧဝံ သတိ-ဤသို့ဖြစ်လသော်၊] စမ္မေယျက္ခန္ဓကေ-၌၊ ဝုတ္တံ-ဟောတော်မူအပ်သော၊ တဇ္ဇနီယကမ္မာရဟဿ ပေ၊ သာတိသာရော

× × × × × × ×

ဧကေကေနာပိ အင်္ဂေန။ ။အထက်၌ "တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတဿ" စသည်ဖြင့် ဟောတော်မူအပ်ပြီးသော အနက်ကိုပင် "တိဏ္ဏံ ဘိက္ခဝေ ဘိက္ခူနံ" စသည်ဖြင့် အဘယ်အကျိုးငှါ ထပ်မံ၍ ဟောတော်မူအပ်ပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် "တိဏ္ဏံ ဘိက္ခဝေ ဘိက္ခူနံတိ အာဒိ" အစရှိသော ပါဌ်ကို မိန့်သည်၊ ရှေ့၌ ဆိုအပ်ပြီးသော စကားအရ အင်္ဂါ ၃ ပါးနှင့် ပြည့်စုံမှ တဇ္ဇနီယကံ ပြုထိုက်၏-ဟု ထင်မှတ်ဘွယ်ရှိရကား ထိုအင်္ဂါ ၃ ပါးကိုပင် "တိဏ္ဏံ ဘိက္ခူနံ" ဟု ရဟန်း ၃ ပါးအပေါ်၌ တင်၍ ဟောတော်မူသောကြောင့် "ထို အင်္ဂါ ၃ ပါးတွင် တပါးပါးနှင့် ပြည့်စုံလျှင်လည်း တဇ္ဇနီယကံ ပြုနိုင်၏-ဟု ပြခြင်းအကျိုးငှါ ထပ်မံ၍ ဟောတော်မူအပ်ပါသည်" ဟူလို။

တဇ္ဇနီယ စသည်။ ။ တဇ္ဇီယတိ ဧတေနာတိ တဇ္ဇနီယံ၊ တမေဝ ကမ္မံ တဇ္ဇနီယကမ္မံ၊ (ဘဏ္ဍနကာရက စသောအမှုကိုပြုတတ်သူကို ခြိမ်းခြောက်ကြောင်းကံ၊) နိယဿတိ ဘာဇာပေတိ ဧတေနာတိ နိယဿံ (ဒိဝါဒိဂိုဏ်းဖြစ်၍ နိယဿတိ ဟု ကတ္တုရုပ်ဖြင့် ရှိစေ၊ ပုဒ်ပြီးသောအခါ၌ကား "နိ + ယသု- အပစ္စည်းဖြစ်၍ ဿ သံယုဂ် မလို၊ ယေဘုယျနည်းဖြင့် ဿ သံယုဂ် ရှိ၏၊ နိယဿမေဝ ကမ္မံ နိယဿကမ္မံ (အသင်သည် ဗာလအဗျတ္တဖြစ်၍ ဆရာသမားကို မမှီဘဲမနေရ- ဟု ဆရာသမားကို မှီ၍ နေစေကြောင်း ကံ၊) ဂါမာဒိတော ပဗ္ဗာဇီယတိ ဧတေနာတိ ပဗ္ဗာဇနီယံ၊ တမေဝ ကမ္မံ ပဗ္ဗာဇနီယကမ္မံ၊ (ကုလဒူသန စသော အမှုကို ပြုသည့်အတွက် သူ၏မှီ၍နေရာ မြို့ရွာစသည်မှ ထွက်သွားစေအပ်ကြောင်းကံ၊)

ဟောတီတိ-ဟူသော၊ ဣဒံ- ဤ စကားသည်၊ ဝိရုဇ္ဈတိ- ဆန့်ကျင်သည် မဟုတ်ပါလော၊ ဣတိ-ဤကား စောဒနာတည်း။

ဣဒမ္ပိ - ဤစကားသည်လည်း၊ န ဝိရုဇ္ဈတိ - မဆန့်ကျင်၊ ကသ္မာ - နည်း၊ ဝစနတ္တနာနာတ္တတော - သဒ္ဒါနက်၏ ထူးသည်၏အဖြစ်ကြောင့်တည်း၊ ဟိ- ချဲ့၊ တဇ္ဇနီယကမ္မရဟဿာတိ- ဟူသော၊ ဣမဿ ဝစနဿ- ဤသဒ္ဒါ၏၊ (စမ္မေယျကက္ခန္ဓကဌလာသော ဤသဒ္ဒါ၏၊) ကမ္မသန္နိဋ္ဌာနံ - မည်သည့်ကံဟု ဆုံးဖြတ်ခြင်းသည်၊အတ္ထော-အနက်တည်း၊ တိဏ္ဏံဘိက္ခူဝေတိအာဒိဝစနဿ-တိဏ္ဏံဘိက္ခူဝေ အစရှိသော သဒ္ဒါ၏၊ အင်္ဂသမ္ပတ္တိ - အင်္ဂါ၏ ဖြစ်သင့်ခြင်းသည်၊ (အတ္ထော-တည်း၊) [ကံထိုက်, မထိုက်ခြင်းသည် လိုရင်းမဟုတ်သေး၊ ထိုအင်္ဂါ၏ ရှိနေခြင်းသာ လိုရင်းအနက်ဖြစ်သည် - ဟူလို၊] တသ္မာ - ကြောင့်၊ (ထိုသို့ သဒ္ဒါ ၂ မျိုး၏ အနက်အဓိပ္ပါယ် ၂ မျိုးရှိသည်၏ အဖြစ်ကြောင့်၊) ယဒါ- ၌၊ သံဃေန- သံဃာသည်၊ သန္နိပတိတ္ဝာ-စည်းဝေး၍၊ ဣမဿ ဘိက္ခုနော- ဤရဟန်း၏ အပေါ်၌၊ ဣဒံနာမ ကမ္မံ-ဤမည်သောကံကို၊ ကရောမ-ပြုကြကုန်စို့၊ ဣတိ-သို့၊ သန္နိဋ္ဌာနံ- ဆုံးဖြတ်ခြင်းသည်၊ ဝါ - ကို၊ ကတံ - ပြုအပ်ပြီးသည်၊ ဟောတိ - ၏၊ တဒါ-

× × × × × × ×

ယဒိဧဝံ၊ပေ၊ဝိရုဇ္ဈတိ။ ။"စမ္ပေယျကက္ခန္ဓကဌ တဇ္ဇနီယကံထိုက်သူအား နိယဿကံပြုလျှင် အဓမ္မကံ အဝိနယကံ ဖြစ်၏" စသော ဤစကားသည် "ဣမေသု ပန တီသု အင်္ဂေသု စသောစကားနှင့် ဆန့်ကျင်နေသည်" မဟုတ်ပါလော၊ အင်္ဂါ ၃ ပါးတို့တွင် ဘဏ္ဍနကာရကတ္တကြောင့် တဇ္ဇနီယကံထိုက်နေသူအား ပဗ္ဗာဇနီယကံလည်း ပြုနိုင်၏ဟု ဤစကားက ဆိုထားသောကြောင့် ဆန့်ကျင်သည်မဟုတ်ပါလော-ဟူလို။

မှတ်ချက်။ ။စာအုပ်တို့၌ "စမ္ပေယျကက္ခန္ဓကေ"၏ ရှေ့ဝယ် "ယံ" ဟု တွေ့ရ၏၊ ထို ယံသဒ္ဒါသည် ယောဇနာ၌လည်းမပါ၊ "ဣဒံ"ဟု တိုက်ရိုက်စွဲထားသော စကားနှင့်လည်း ဆန့်ကျင်၏၊ ထို့ကြောင့် "ယံ"မပါခြင်းသာ ရှေ့နောက်ညီသည်။ [ယဒိ သမ္ဗာနိ ကမ္မာနိ ကာတုံ ဝဋ္ဋတီတိ ယောဇနာ၊ ဧဝံသတိ စမ္ပေယျကက္ခန္ဓကေ ဝုတ္တံ ဣဒံ ဝစနံ ဝိရုဇ္ဈတီတိ သမ္ဗန္ဓော၊—ယောဇနာ။]

ဣဒမ္ပိ န ဝိရုဇ္ဈတိ။ ။ဤစမ္ပေယျကက္ခန္ဓကစကားလည်း "တိဏ္ဏံ ဘိက္ခူဝေ"စကားနှင့် မဆန့်ကျင်ပါ၊ "ကသ္မာ၊ ဝစနတ္တနာနာတ္တတော"စကား ၂ ရပ်၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်အားဖြင့်မတူသောကြောင့်တည်း၊ချဲ့ဦးအံ့- စမ္ပေယျကက္ခန္ဓက၌"တဇ္ဇနီယကမ္မာရဟဿ" ဟူသော သဒ္ဒါ၏အနက်မှာ ကံပြုဘို့ရန် ဆုံးဖြတ်ပြီးဖြစ်၍ ကံပြုထိုက်နေသူတည်း၊ ဤ "တိဏ္ဏံ ဘိက္ခူဝေ" စသော သဒ္ဒါ၏အနက်ကား အင်္ဂါ ၃ ပါးတွင် တပါးပါး၏ ဖြစ်သင့်ခြင်းတည်း၊ ထို့ကြောင့်"သံဃာစည်းဝေးပြီး၍ တဇ္ဇနီယကံပြုဘို့ရန် ဆုံးဖြတ်ပြီးခါမှ နိယဿကံစသည် ပြုလျှင် အဓမ္မကံဖြစ်သည်"ဟု စမ္ပေယျကက္ခန္ဓက၌ ဟောတော်မူလိုရင်းတည်း၊ ဤနေရာ၌ကား ဘဏ္ဍနကာရကတ္တစသော အင်္ဂါတို့တွင် တပါးပါးသော အင်္ဂါနှင့် ပြည့်စုံလျှင် အလိုရှိရာကံပြုဘို့ရန် ဆုံးဖြတ်နိုင်ခြင်းတည်း၊ ထိုသို့ ဆုံးဖြတ်ပြီးမှ အခြားကံတခုကိုကား ပြောင်းလွှဲ၍မပြုရ-ဟူလို။

ဆုံးဖြတ်ပြီးရာ ထိုအခါ၌၊ ကမ္မာရဟောနာမ - ကံထိုက်သော ရဟန်း မည်သည်၊ ဟောတိ၊ ဣမိနာ လက္ခဏေန - ဤ လက္ခဏာအားဖြင့်၊ တဇ္ဇနီယာဒိကမ္မာရဟ သ-တဇ္ဇနီယကံ အစရှိသောကံကို ထိုက်သော၊ တဿ- ထိုရဟန်း၏အပေါ်၌၊ နိယဿကမ္မာဒိကရဏံ-နိယဿကံ အစရှိသည်ကို ပြုခြင်းသည်၊ အဓမ္မကမ္မဉ္စေဝ- သည်ရင်း၊ အဝိနယကမ္မဉ္စ- သည်ရင်း၊ (ဟောတိ)၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ-၏။

ပန - ကား၊ ယဿ- အကြင်ရဟန်း၏၊ ဘဏ္ဍနကာရကတ္တာဒီသု - ဘဏ္ဍန ကာရကတ္တ အစရှိကုန်သော၊ (စာအုပ်တို့၌ "တ္တ" မပါ၊ အထက်၌ပါခဲ့သည်၊) အင်္ဂေသု-အင်္ဂါတို့တွင်၊ အညတရံ-တပါးပါးသော၊ အင်္ဂံ-အင်္ဂါသည်၊ အတ္ထိ- ရှိ၏၊ တဿ - ထိုရဟန်း၏အပေါ်၌၊ အာကင်္ခမာနော - အလိုရှိလသော်၊ ဝါ- သော၊ သံဃော- သည်၊ ယထာနုညာတေသု- အကြင်အကြင် ခွင့်ပြုတော်မူအပ် ကုန်သော၊ အင်္ဂေသုစ - အင်္ဂါတို့တွင်ရင်း၊ ကမ္မေသုစ - ကံတို့တွင်ရင်း၊ ယေန ကေနစိ - အမှတ်မထား တပါးပါးသော၊ အင်္ဂေန - အင်္ဂါကြောင့်၊ ယံကိဉ္စိ - အမှတ်မထား တပါးပါးသော၊ ကမ္မံ-ကံကို၊ ဝဝတ္တပေတွာ-ပိုင်းခြားသတ်မှတ်, ဆုံးဖြတ်ပြီး၍၊ တံ ဘိက္ခုံ-ကို၊ ကမ္မာရဟံ—ကံထိုက်သူကို၊ ကတွာ-၍၊ ကမ္မံ-ကို၊ ကရေယျ-ပြုနိုင်၏၊ အယံ-ဤဆိုအပ်ပြီးကား၊ ဧတ္တ-ဤတိက္ကံ ဘိက္ခုဝေအစရှိသော စကားရပ်၌၊ ("ဧတ္တာတိ ကမ္မက္ခန္ဓကေ"ဟု ယောဇနာ စွဲ၏၊) ဝိနိစ္ဆယော— အဆုံးအဖြတ်တည်း၊ ဧဝံ-ဤသို့ ဆုံးဖြတ်လသော်၊ ပုဗ္ဗေန—ရှေး စမ္မေယျက္ခန္ဓက စကားနှင့်၊ အပရံ—နောက် ကမ္မက္ခန္ဓကစကားသည်၊ သမေတိ— ညီညွတ်၏။

တတ္ထ-ထိုကံတို့တွင်၊ တဇ္ဇနီယကမ္မေ-တဇ္ဇနီယကံ၌၊ ဘဏ္ဍနကာရကဝသေ န — ဘဏ္ဍနကာရကရဟန်းနှင့် စပ်သဖြင့်၊ ကမ္မဝါစာ— ကမ္မဝါစာကို၊ ကိဉ္စာပိ ဝုတ္တာ — အကယ်၍ကား ဟောတော်မူအပ်ပါပေပြီ၊ [ပါဠိတော်၌ ကြည့်ပါ၊] အထခေါ-ထိုသို့ပင် ဟောတော်မူအပ်ပါသော်လည်း၊ ဗာလဿ-ဝိနည်းသိက္ခာ ပုဒ်၌ မကျွမ်းကျင်သော၊ အဗျတ္တဿ — ဝိနည်းသိက္ခာပုဒ်၌ မထက်မြက်သော၊ အာပတ္တိဗဟုလဿ - များသောအာပတ်ရှိသော ရဟန်း၏အပေါ်၌၊ တဇ္ဇနီယ ကမ္မံ — ကို၊ ကရောန္တေန — ပြုလိုသောသံဃာသည်၊ ဗာလအဗျတ္တဝသေနေဝ — ဗာလအဗျတ္တ၏ အစွမ်းဖြင့်သာလျှင်၊ ကမ္မဝါစာ- ကမ္မဝါစာကို၊ ကာတဗ္ဗာ-၏။ [ပါဠိတော်ဝယ် အရှင်သေယျသကအပေါ်၌ ပြုအပ်သောကမ္မဝါစာကို နည်း း၍ နိယဿကံနေရာ၌ တဇ္ဇနီယကံကိုသွင်း၍ ပြုရံသာတည်း။]

× × × × × × ×

တတ္ထ ကိဉ္စာပိ။ ။ပါဠိတော်ဝယ် တဇ္ဇနီယကံ၌ "ဘဏ္ဍနကာရကာ , ကလဟ ကာရကာစသည်ဖြင့် ကမ္မဝါစာကိုဟောတော်မူအပ်သည်"မဟုတ်ပါလော၊ ထို့ကြောင့် ဗာလ အဗျတ္တရဟန်း၏အပေါ်၌ တဇ္ဇနီယကံကို ပြုလိုလသော် အဘယ်နည်းဖြင့် ကမ္မ ဝါစာကို ပြုထိုက်ပါသနည်းဟု စောဒနာဘွယ်ရှိသောကြောင့် "တတ္ထ ကိဉ္စာပိ"စသည်

ဟိ—လဒ္ဓဂုဏ်ကိုဆိုဦးအံ့၊ ဧဝံ— ဤသို့ ပြုလသော်၊ (ဗာလ အဗျတ္တ၏အဖြစ်ဖြင့် ကမ္မဝါစာကို ပြုလသော်၊) ဘူတေန—ဟုတ်မှန်သော၊ ဝတ္ထုနာ-ဝတ္ထုဖြင့်၊ ကတံ-ပြုအပ်သော၊ကမ္မံ-ကံသည်၊ ဟောတိ၊ အညဿ-အခြားသော၊ ကမ္မဿ-ကံ၏၊ ဝတ္ထုနာ-ဖြင့်၊ (ကတံ-သော၊ ကမ္မံ) စ-ကံသည်လည်း၊ န (ဟောတိ)—မဖြစ်တော့၊ ကသ္မာ-နည်း၊ ယသ္မာ, ဣဒံပိ— ဤ တဇ္ဇနီယကံကိုလည်း၊ အနုညာတံ- ခွင့်ပြုတော်မူအပ်ပြီ၊ (ဗာလ အဗျတ္တအပေါ်၌ ခွင့်ပြုတော်မူအပ်ပြီ၊) တသ္မာ-ထို့ကြောင့်တည်း၊ သဗ္ဗတ္ထ— အလုံးစုံသောကံတို့၌၊ (ပါဠိတော်၌ တိုက်ရိုက်လာသော အကြောင်းဝတ္ထုမှတပါး အခြားသော အကြောင်းဝတ္ထုကို ပြောင်းလွှဲ၍ ပြုအပ်သောကံတို့၌၊) သေ(သော)-ဤ ဆိုအပ်ပြီးသောအစီအရင်သည်၊ နယော - ဆောင်ကြောင်း အစီအရင်တည်း၊ အဋ္ဋာရသ သမ္မာဝတ္တနဝတ္ထူနိ—အဋ္ဋာရသ သမ္မာဝတ္တနဝတ္ထုတို့ကို၊ ပါရိဝါသိကက္ခန္ဓကေ- ပါရိဝါသိကက္ခန္ဓက၌၊ ဝဏ္ဏယိဿာမ — ဖွင့်ကုန်အံ့။

× × × × × × ×

ကို မိန့်သည်၊ တဇ္ဇနီယကံအရာဝယ် ဘဏ္ဍနကာရက၏အဖြစ်ဖြင့် ဟောတော်မူထားပါသော်လည်း ဗာလ အဗျတ္တရဟန်းကို တဇ္ဇနီယကံ ပြုလိုလျှင် " ဗာလော အဗျတ္တော အာပတ္တိ ဗဟုလော"ဟု ပြောင်းလွှဲ၍ ကမ္မဝါစာကို ပြုပါ–ဟူလို။

ဧဝံ ဟိ၊ပေ၊ဝတ္ထုနာ ။ ။ ထိုသို့ ပြောင်းလွှဲ၍ ပြုရခြင်း၏အကျိုးကို ပြလိုသောကြောင့် "ဧဝံ ဟိ"စသည်ကို မိန့်သည်၊ ဤသို့ ပြောင်းလွှဲ၍ပြုလိုက်သော် ဟုတ်မှန်သော ဝတ္ထုဖြင့် ကံကို ပြုရာရောက်၏၊ အခြားကံ၏ ဝတ္ထုဖြင့် အခြားကံတခုကို ပြုရာလည်း မရောက်– ဟူလို။

ကသ္မာ၊ပေ၊အနုညာတံ။ ။"အဘယ့်ကြောင့် အခြားကံ၏ဝတ္ထုဖြင့် အခြားကံကို ပြုရာ မရောက်သနည်း" ဟု ကိုယ်တိုင် ပုစ္ဆာထုတ်၍ အဖြေကို ပြလိုသောကြောင့် "ကသ္မာ, ယသ္မာ"စသည်ကိုမိန့်သည်၊ ဗာလ အဗျတ္တရဟန်း၏အပေါ်၌ ဤ တဇ္ဇနီယကံ ပြုခြင်းကိုလည်း ခွင့်ပြုတော်မူအပ်ပြီး ဖြစ်သည်၊ ထို့ကြောင့် အခြားကံ၏ဝတ္ထုဖြင့် အခြားကံတခုကို ပြုရာမရောက်—ဟူလို၊ ခွင့်ပြုတော်မူပုံကား–"တီဟိ ဘိက္ခဝေ ဘိက္ခုနံ့ အာကင်္ခမာနော သံဃော တဇ္ဇနီယကမ္မံ ကရေယျ" စသည်၌ ဗာလ အဗျတ္တ၏အပေါ်ဝယ် တဇ္ဇနီယကံပြုခွင့်ကို ပေးတော်မူခြင်းတည်း။

သေ နယော။ ။"နီယတိ ဉာယတိ အတ္တော ဧတေနာတိ နယော" ဟူသော ရှေးဝိဂြိုဟ်ကိုလိုက်၍ "နယော–သိကြောင်းအစီအရင်တည်း" ဟု အနက်ပေးလေ့ရှိကြ၏၊ မိမိလည်း ရှေးစာအုပ်တို့၌ ဤသို့ပင် ပေးခဲ့၏၊ သို့သော် နီဓာတ်သည် ဆောင်ခြင်း အနက်ကိုသာ ဟော၏, သိခြင်းအနက်ကို မဟော၊ အတ္တော ဒုန္နယော၌ "ဒုန္နီဟာရော" ဟု ဖွင့်၏၊ ထို့ကြောင့် " နယော—အနက်ကိုဆောင်ကြောင်း အစီအရင်တည်း " ဟု တမျိုး အနက်ပေးပါသည်။

နပ္ပဋိပ္ပဿဒ္ဓေတဗ္ဗအဋ္ဌာရသကာဒိကထာ

လောမံ ပါတေန္တီတိ- ကား၊ ပန္နလောမာ- လဲကျသော မာန်မာနတည်းဟူသော အမွေးရှိကုန်သည်၊ ဟောန္တိ၊ ဘိက္ခူ- ရဟန်းတို့သို့၊ အနုဝတ္တန္တိ- အစဉ် လိုက်ကြကုန်၏၊ ဣတိ အတ္ထော။

နေတ္ထာရံ ဝတ္တန္တီတိ - ကား၊ ဧတံ— ဤကျင့်ဝတ်သည်၊ နိတ္ထရန္တာနံ- ကံမှ လွတ်မြောက်သော ပုဂ္ဂိုလ်တို့၏၊ (သန္တကံ- ဥစ္စာတည်း၊) ဣတိ-ထို့ကြောင့်၊ နေတ္ထာရံ-နေတ္ထာရ မည်၏၊ ယေန-အကြင်ကောင်းစွာကျင့်အပ်သော ကျင့်ဝတ် ဖြင့်၊ နိဿာရဏာ—သံဃာ့ဘောင်မှ ထွက်သွားစေကြောင်းကံမှ၊ ဝါ—နှင်ထုတ် ကြောင်းကံမှ၊ နိတ္ထရိတုံ- လွတ်မြောက်ခြင်းငှါ၊ သက္ကာ- တတ်ကောင်း၏၊ အဋ္ဌာ ရသဝိဓံ-တဆဲ့ရှစ်ပါး, အပြားရှိသော၊ တံ သမ္မာဝတ္တံ-ထို ကောင်းစွာကျင့်အပ် သော ကျင့်ဝတ်ကို၊ ဝတ္တန္တိ- ကျင့်ကြကုန်၏၊ ဣတိ အတ္ထော၊ ကိတ္တကံ ကာလံ— အဘယ်မျှလောက်သော ကာလပတ် လုံး၊ ဝတ္တံ - ကျင့်ဝတ် ကို၊ ပူရေတဗ္ဗံ- ဖြည့် ကျင့်အပ်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ ဒသ(ဒိဝသာနိ)ဝါ-၁၀ ရက် တို့ပတ် လုံးသော်၎င်း၊ပဉ္စဒိဝသာနိဝါ-၅ ရက်တို့ပတ် လုံးသော်၎င်း၊(ပူရေတဗ္ဗံ- ဖြည့်ကျင့်ထိုက်၏၊ ဣတိ-ဤကားအဖြေတည်း၊)ဟိ-မှန်၊ ဣမသ္မိံ ကမ္မက္ခန္ဓကေ- ဤ ကမ္မက္ခန္ဓကဌ်၊ ဧတ္တကေန- ဤမျှလောက်သော ၁၀ ရက်, ၅ ရက်ဖြင့်၊ ဝတ္တံ- ကျင့်ဝတ်သည်၊ ပူရိတမေဝ- ပြည့်တော့သည်သာ၊ ဟောတိ။

× × × × × × ×

ပန္နလောမာ။ ။ပန္နဥ္စ ပတမ်ဲ့ာတ်, တ ပစ္စည်းတည်း၊ ''ပတိ°သူတိ ပန္နာနိ၊ ပန္နာ နိ+လောမာနိ ယေသံတိ ပန္နလောမာ'' လောမ-အရ မာန်မာနတည်းဟူသောအမွေး ကို ယူပါ၊ ကံမပြုမီတုန်းက မာန်မာနတက်ကြွ၍ ထောင်နေသကဲ့သို့ဖြစ်သော မာန အမွေးတို့သည် ကံပြုလိုက်သောအခါ မထောင်ကြတော့ဘဲ လဲ၍ ကျ၍ သွားကြသည်– ဟူလို၊ ဤ ''ပန္နလောမာ''စသော စကားတို့သည်''သမ္မာဝတ္တန္တိ''၏ ပရိယာယ်စကား များတည်း။ [လောမံ ပါတေန္တီတိအာဒိ သမ္မာဝတ္တနာယ ပရိယာယဝစနံ၊–သာရတ္ထ၊ ပန္နလောမာတိ ပတိတလောမာ၊–(ဝိမတိ)။]

နေတ္ထာရံ။ ။ ''ယေန သက္ကာ နိဿာရဏာ နိတ္ထရိတုံ''ကို ကြည့်၍ ''နိဿာရဏာ တော နိတ္ထရန္တီတိ နိတ္ထာရာ''ဟုပြု၊ သံဃာဘောင်မှ ထွက်သွားစေခြင်း (နှင်ထုတ်ခြင်း) မှ လွတ်မြောက်သောပုဂ္ဂိုလ်တို့၊ နိပုဗ္ဗ+ တရဓာတ်, ဏပစ္စည်း၊ [သက္ကတဌ် ''နိသ်+တရ'' ဟု ရှိသောကြောင့် (သ်) ပျောက်၍ တကို ထပ်ပြု, တ ဒွေဘော်လာရသည်၊ နိတ္ထာရာနံ+ ဧတံ နေတ္ထာရံ၊ ဣဒံအနက်၌ ဏ ပစ္စည်းသက်၊ ဏ ပစ္စည်းကြောင့် နိ၏ ဣကို ဧဝုဒ္ဓိပြု၊ အဋ္ဌကထာဝယ် ''နိတ္ထရန္တာနံ'' ဟု အန္တ ပစ္စည်းဖြင့် ရှိသည်ကား ''နိတ္ထာရ''၌ ဏ ပစ္စည်း၏ ကတ္တားအနက်ဖွင့်တည်း၊ '' နေတ္ထာရံ '' အရ အဋ္ဌာရသဝိဓ သမ္မာဝတ္တကို ရသောကြောင့် ''တံ အဋ္ဌာရသဝိဓံ သမ္မာဝတ္တံ''ဟု မိန့်သည်။

နိယသကမ္မကထာ

သေယျထာကဝတ္ထုသ္မိံ-၌၊ အပိဿု ဘိက္ခူ ပကဘာဘိ-ကား၊ ဘိက္ခုအပိ-ရဟန်းတို့သည်လည်း၊(တနည်း)အပိဿု-သည်သာ မကသေး၊ ဘိက္ခု-တို့သည်၊ နိစ္စံ-အမြဲ၊ဗျာဝဋာ-ကြောင့်ကြစိုက်ကြရကုန်သည်၊ ဟောန္တိ၊သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ တဇ္ဇနီယေ-တဇ္ဇနီယကံ၌၊ဝုတ္တသဒိသမေဝ-ဆိုအပ်ပြီးသော ပုဒ်အပေါင်းနှင့် တူသည်သာ။

× × × × × × ×

အပိဿု ဗျာဝဋာ ။ ။ အပိဿူတိ ဧတ္ထ သုဣတိ နိပါတမတ္တံ၊ ဘိက္ခူ အပိ နိစ္စံ ဗျာဝဋာ ဟောန္တီတိ ဝုတ္တံ ဟောတိ၊-(သာရတ္ထ)၊ ဤအလို ပါဠိတော်၌"ဘိက္ခု အပိ-တို့သည်လည်း၊ ပကတာ-အမြဲကြောင့်ကြစိုက်နေကြရကုန်သည်၊ ဟောန္တိ"ဟု ပေးပါ၊ အပိဿူတိ အပိစာတိ ဣမသ္မိံ အတ္ထေ နိပါတသမုဒါယော၊ - (ဝိမတိ)၊ ဤအလို "အပိဿု - သည်သာ မကသေး၊ ဘိက္ခု - တို့သည်၊ ပကတာ ဟောန္တိ " ဟု ပေးပါ၊ ပကတာကိုလည်း " နိစ္စံ ဗျာဝဋာ " ဟု ပဥသာရအတွက်ကြောင့် ဗျာဝဋ အနက်ကို ဖွင့်သည်။

ပဗ္ဗာဇနီယကမ္မကထာ

အဿဇိပုနဗ္ဗသုကဝတ္ထု - အဿဇိ ပုနဗ္ဗသုက ဝတ္ထုကို၊ သံယာဒိသေသ ဝဏ္ဏနာယံ-သံဃာဒိသေသ် အဖွင့်၌၊ (မယာ) ဝုတ္တံ - ပြီ၊ ပန-ဆက်၊ ဧတ္ထ-ဤ ပဗ္ဗာဇနီယကံ၌၊ ["ဧတ္ထာတိ အဿဇိပုနဗ္ဗသုကဝတ္ထုမှိ"ဟု ယောဇနာ စွဲ၏၊ ကံပြုရာအခါ်း ရောက်နေသောကြောင့် " ပဗ္ဗာဇနီယကံ၌ "ဟု စွဲလိုက်သည်။] ကာယိကေန ဒဝေနာတိ အာဒီသု - အစရှိသော ပါဠိရပ်တို့၌၊ ကာယကီဠာ-ကိုယ်ဖြင့် ကစားခြင်းကို၊ ကာယိကော ဒဝေါနာမ - ကာယိကဒဝမည်၏ ဟူ၍၊ ဝုစ္စတိ၊ [ကာယေ+ပဝတ္တော ကာယိကော၊ ဒဝ သဒ္ဒါသည် ကီဠာ အနက်ဟော တည်း၊ ထို့ကြောင့် "ကာယကီဠာ" ဟု ဖွင့်သည်၊ ပရိဟာသော ဒဝေါ ခိဍ္ဍာ၊ အဘိဓာန်(၁၇၆)၊]သေသပဒဒွယေပိ-ကြွင်းသော ပုဒ် ၂ပါးအပေါင်း၌လည်း၊ (ဝါစသိကေန ဒဝေန, ကာယိကဝါစသိကေန ဒဝေန - ဟူသော ပုဒ် ၂ ပါး အပေါင်း၌လည်း၊) ဧသေဝ နယော၊ ["ဝစသိ+ပဝတ္တော ဝါစသိကော၊ ဝါစ သိကော ဒဝေါနာမ ဝါစာကီဠာ ဝုစ္စတိ၊ ကာယိကဝါစသိကော ဒဝေါ နာမ ကာယဝါစာကီဠာ ဝုစ္စတိ"ဟု ဖွင့်ဘို့ရန် ညွှန်းသည်၊ နောက်၌လည်း နည်းတူ၊] ကာယဒွါရေ-ကာယဒွါရ၌၊ ပညတ္တသိက္ခာပဒ ဝီတိက္ကမော-ပညတ်တော်မူအပ် သော သိက္ခာပုဒ်ကို လွန်ကျူးခြင်းကို၊ကာယိကော အနာစာရောနာမ-ကာယိက အနာစာရ မည်၏ဟူ၍၊ ဝုစ္စတိ။[အနာစာရကို"ဝီတိက္ကမ"ဟု ဖွင့်သည်၊] သေသ ဒွယေပိ ဧသေဝ နယော။

ကာယဒွါရေ-၌၊ ပညတ္တသိက္ခာပဒသ- ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို၊ အသိက္ခနဘာဝေန- ကျင့်ခြင်း မရှိသည်၏ အဖြစ်ဖြင့်၊ ဥပဟနန္နံ - ဖိုက်ဆီးခြင်းကို၊ ကာယိကံ ဥပဃာတိကံနာမ — ကာယိက ဥပဃာတိက မည်၏ဟူ၍၊ ဝုစ္စတိ-၏၊ [ဥပဟနန္နံ ဥပဃာတော၊ ဥပဃာတောယေဝ ဥပဃာတိကံ၊ ဏိက ပစ္စည်း သွတ္တ၊] နာသနံ-ဖိုက်ဆီးခြင်းကို၊ ဝိနာသနံ-ဖိုက်ဆီးခြင်းကို၊(ကာယိကံ ဥပဃာတိက် နာမ ဝုစ္စတိ)၊ ဣတိ အတ္ထော၊ သေသဒ္ဒယေပိ ဧသေဝ နယော၊ ပဋိက္ခိတ္တဝဇ္ဇကမ္မာဒိဝသေန-ပယ်မြစ်တော်မူအပ်သော ဆေးကုမှု အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဘေလပစန အရိဋ္ဌပစနာဒီနိ - ဆီကို ချက်ခြင်း , အရိဋ္ဌဆေးရည်ကို ချက်ခြင်း အစရှိသည်တို့ကို၊ ကာယိကော မိစ္ဆာဇီဝေါ နာမ - မည်၏ ဟူ၍၊ (ဝုစ္စတိ)၊ [သီတင်းသုံးဘော်, မိဘစသူတို့ကို ဆေးကုကောင်းသေးသောကြောင့် “ပဋိက္ခိတ္တ” ဟု ဝိသေသနပြုသည်၊] ဂိဟီနံ - လူတို့၏၊ သာသနသမ္ပဋိစ္ဆနာ ရောစနာဒီနိ-နှုတ် မှာစကားကို လက်ခံခြင်း, နှုတ်မှာစကားကို ပြောခြင်း အစရှိသည်တို့ကို၊ ကာယိကော မိစ္ဆာဇီဝေါ နာမ-မည်၏ ဟူ၍၊(ဝုစ္စတိ)၊ တဒုဘယံ-ထို ၂ ပါးစုံကို၊ ကာယိကဝါစသိကောနာမ - ကာယိကဝါစသိက မိစ္ဆာဇီဝ မည်၏ဟူ၍၊ (ဝုစ္စတိ-၏၊) သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ တဋ္ဌနိယေ-တဋ္ဌနိယကံ၌၊ ဝုတ္တနယေဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာ။

ပဋိသာရဏီယကမ္မကထာ

ပန-ကား၊ သုဓမ္မဝတ္ထုသ္မိံ-၌၊ အနုပလောကေတွာတိ - ကား၊ န အာပုစ္ဆိတွာ-မပန်လျှောက်မူ၍၊ (“န နိမန္တေတိ-မပင့်ဖိတ်”ဟု ပါဠိတော်၌ စပ်၊) ဧတဒဝေါစာတိ-ကား၊ ဂဟပတိ-အိမ်ရှင်သူကြွယ်၊ တေ-သင်သည်၊ ထေရာနံ-ထေရ်တို့ဘို့၊ ကိံ-အဘယ် ခဲဘွယ် ဘောဇဉ်ကို၊ ပဋိယတ္တံ - စီရင်အပ်သနည်း၊ ဣတိ-ဤသို့ မေး၍၊ သဗ္ဗံ-အလုံးစုံကို၊ ပိဝရာပေတွာ-ဖွင့်စေ၍၊ ဒိသွာ-မြင်၍၊ ဧတံ-ဤစကားကို၊ အဝေါစ-ပြောပြီ၊ ကောစ ခေါ၊ပေ၊ တိလသံဂုဠိကာတိ-ကား၊ ယာ အယံ-အကြင် ခဲဘွယ်ကို၊ တိလသင်္ခုရိကာ နာမ- တိလသက္ခရိကာမည်၏ ဟူ၍၊ ဝုစ္စတိ၊ သာ-ထို တိလသက္ခရိကာ မည်သော မုံ့သည်၊ နတ္ထိ-မရှိ၊ ဣတိ အတ္ထော။

× × × × × × ×

တိလသံဂုဠိကာ ။ ။ ဂုဠော ဇွောတိ ဂုဠိကာ-တင်လဲ (သကြား) ပါရှိသော မုံ့၊ သမ္မာ+ဂုဠိကာ သံဂုဠိကာ-ကောင်းမွန်စွာ သကြားပါရှိသော မုံ့၊ တိလေဟိ+သံသဋ္ဌာ+သံဂုဠိကာ တိလသံဂုဠိကာ– နှမ်းတို့ဖြင့် ရောအပ်သော ကောင်းစွာ သကြားပါရှိသော မုံ့၊ သက္ခရသဒ္ဒါလည်း သကြား (သကာ) အနက်ဟောပင်တည်း၊ ထို့ကြောင့် “တိလသက္ခရိကာ”ဟု ရှိသင့်၏၊ သို့မဟုတ် ရကို လပြုထားသည်–ဟု ကြံပါ၊ ရှေးက “နှမ်းပျစ်မုံ့”ဟု မြန်မာပြန်ကြသည်။ [သက္ခရာ ဂုဠဘေဒေစ–အဘိဓာန် (၉၂၅)။]

ကိရ-၍၊ တဿ ဂဟပတိနော-ထိုစိတ္တသူကြွယ်၏၊ ဝံသေ-အနွယ်၌၊ အာဒိမှိ-အစ၌၊ ဧကော-တယောက်သော၊ ပူပိယော-မုံ့သည်သည်၊ အဟောသိ-ရှိဘူးပြီ၊ တေန-ကြောင့်၊ နံ-ထို စိတ္တသူကြွယ်ကို၊ ထေရော-ရှင် သုဓမ္မထေရ်သည်၊ ဇာတိယာ-အမျိုးဇာတ်အားဖြင့်၊ ခံ့သေတုကာမော-ဆဲရေးလိုသည်၊ (ဟုတွာ)၊ ဧဝံ-ဤသို့(ကောစ ခေါဠုဓေ့နဣိ အစရှိသည်ဟူ၍၊) အာဟ-ပြောပြီ၊ ယဒေဝ ကိဉ္စိ တိ-ကား၊ ဧဝံ ဗဟုံ-ဤသို့များစွာသော၊(သို့ကသေဲ့ များပြားသော၊)ဗုဒ္ဓဝစနံ-ဘုရား စကားတော် ဖြစ်သော၊ ရတနံ-ရတနာကို၊ ပဟာယ-ပယ်စွန့်၍၊ ကိဥ္စိဒေဝ-တစုံတခုသာလျှင် ဖြစ်သော၊(သာမညစကားဖြစ်သော)၊ တိလသံဂုဠိကာဝစနံ-တိလသံဂုဠိကာ ဟူသော စကားကို၊ ဘာသိတံ-ပြောဆိုအပ်ပြီ။

ကုဏ္ဍုဋ္ဋပေါဘက ဥဒါဟရဏေန-ကြက်ငယ်ဥဒါဟရုဏ်ဖြင့်၊ဣဒံ-ဤအနက်အဓိပ္ပါယ်ကို၊ ဒဿေတိ၊ (ကိံ ဒဿေတိ)၊ သော- ထို ကြက်ငယ်သည်၊ ကာသာဝဿိတံ-ကျီးမြည်သံကို၊ နေဝအကာသိ ယထာ-မပြုတတ်သကဲ့သို့ရင်း၊ ကုဏ္ဍုဋ္ဋဝဿိတံ-ကြက်တွန်သံကို၊ န အကာသိ ယထာ-ကဲ့သို့ရင်း၊ ဧဝံ-တူ၊ တယာပိ-အရှင် ဘုရားသည်လည်း၊ ဘိက္ခုဝစနံ- ရဟန်းတို့၏ စကားကို၊ နေဝ (ဝုတ္တံ)-မပြောဆိုအပ်၊ ဂိဟိဝစနံ — လူဝတ်ကြောင်တို့၏ စကားကို၊ န ဝုတ္တံ၊ ဣတိ—ဤအနက် အဓိပ္ပါယ်ကို၊ (ဒဿေတိ)။

× × × × × × ×

ဘိက္ခု,ဂိဟိဝစနံ။ ။ရဟန်းမှန်လျှင် ပရိယာယ်အားဖြင့်သော်မှ လူတို့ကို မဆဲရ၊ ရှင် သုဓမ္မကား တိုက်ရိုက်ဆဲ၏၊ ထို့ကြောင့် “ နေဝ ဘိက္ခုဝစနံ ” ဟု ဆိုသည်၊ လူဝတ်ကြောင်များသည် တိုက်ရိုက် ဆဲနိုင်သော်သည်း ကျေးဇူးရှိသော သူများကိုကား မဆဲရာကြ၊ ရှင်သုဓမ္မကမူ ကျေးဇူးရှင်ဖြစ်သော စိတ္တသူကြွယ်ကို ဆဲ၏၊ ထို့ကြောင့် “န ဂိဟိဝစနံ”ဟု ဆိုသည်။— ဝိမတိ။

အဓမ္မကမ္မာဒိ ဒွါဒသကကထာ

အသမ္မုခါကတန္တိ အာဒယော-အသမ္မုခါကတံ အစရှိကုန်သော၊ တိကာ-တိက်တို့သည်၊ ဝုတ္တပ္ပကာရာ ဧဝ — ဆိုအပ်ပြီးသော အပြား ရှိကုန်သည်သာ၊ အင်္ဂ သမန္နာဂမော — အင်္ဂါ၏ ပြည့်စုံခြင်းသည်၊ ပုရိမေဟိ - ရှေးကံ တို့နှင့်၊ အသဒိသော-မတူ။

× × × × × × ×

အင်္ဂ၊ပေ၊အသဒိသော။ ။ရှေးကံတို့၌ အင်္ဂါ ၃ ပါးနှင့်ပြည့်စုံလျှင် အင်္ဂသမန္နာဂမ ဖြစ်၏၊ ဤ၌ အင်္ဂါ ၅ ပါးနှင့်ပြည့်စုံမှ အင်္ဂသမန္နာဂမဖြစ်၏၊ ထို့ကြောင့်“အသဒိသော” ဟု ဆိုသည်၊ ဤမှနောက်၌ ဤပဋိသာရဏီယကံနှင့် စပ်၍ မှတ်ဘွယ်ကို ဝိမတိ၌ရှုပါ။

တတ္ထ-တို အင်္ဂါတို့တွင်၊ ယထာ- အကြင် အခြင်းအရာအားဖြင့် အားထုတ်လသော်၊ လာဘံ-လာဘ်ကို၊ န လဘန္တိ - မရကြကုန်၊ ဧဝံ - ဤ လာဘ် မရနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊ ပရိသက္ကန္တော - လုံ့လ ပြုသော ရဟန်းသည်၊ ပရက္ကမန္တော-အားထုတ်သော ရဟန်းသည်၊ အလာဘာယ ပရိသက္ကတိနာမ-အလာဘာယပရိသက္ကတိ မည်၏၊ [သက္ကဓာတ်က ဂတိအနက်ကို ဟောသော်လည်း ပရိဥပသာရကြောင့် "ပရက္ကမ" အနက်ကို ဟောသည်-ဟု သိစေလို၍"ပရက္ကမန္တော"ဟု ဖွင့်သည်၊] အနတ္ထာဒိသု-အနတ္ထ အစရှိသောပုဒ်တို့၌၊ ဧသနယော- ဤ နည်းတည်း၊ တတ္ထ - ထို အနတ္ထအစရှိသော ပုဒ်တို့တွင်၊ အနတ္ထောတိ-ကား၊ အတ္ထဘင်္ဂေါ-စီးပွား၏ ပျက်စီးခြင်းတည်း၊ အနာဝါသောတိ-ကား၊ တသ္မိံ ဌာနေ-ထို နေမြဲအရပ်၌၊ အဝသနံ-မနေနိုင်ခြင်းတည်း၊ ဂိဟီနံ ဗုဒ္ဓဿ အဝဏ္ဏံတိ-ကား၊ ဂိဟီနံ-လူဝတ်ကြောင်တို့၏၊ သန္တိကေ-၌၊ဗုဒ္ဓဿ-၏၊ အဝဏ္ဏံ-ဂုဏ်တော်၏ ဆန့်ကျင်ဘက်အပြစ်ကို၊ ဘာသတိ- ပြောဆို၏။

ဧဝိုက်ံ ပဋိဃဿဝံ န သစ္စာပေတီတိ — ကား၊ ယထာ — အကြင် အခြင်းအရာအားဖြင့် ပြုလသော်၊ (ပဋိဃဿဝေါ—ဝန်ခံခြင်းသည်၊) သစ္စော—မှန်ကန်သည်၊ ဟောတိ၊ ဧဝံ-ဤမှန်ကန်လောက်အောင်သော အခြင်းအရာအားဖြင့်၊ န ကရောတိ၊ ဝဿာဝါသံ—မိုးအခါ၌ နေခြင်းကို၊(ဝါဆိုခြင်းကို၊)ပဋိဿုဏိတွာ—ဝန်ခံပြီး၍၊ န ဂစ္ဆတိ-မသွား၊(ဝါဆိုဘို့ရန် မသွား၊)အညံ့-အခြားသော၊ ဧဝရူပံဝါ- ဤသို့သဘောရှိသော ဝန်ခံချက်ပျက်သော အမှုကိုမူလည်း၊ ကရောတိ-၏၊ ပဋ္ဌန္နံ ဘိက္ခုဝေတိ အာဒိ— အစရှိသော စကားကို၊ ဧကေင်္နပိ— တပါးသော အင်္ဂါကြောင့်လည်း၊ ကမ္မာရဟ ဘာဝဒဿနတ္ထံ—ကံထိုက်သည်၏ အဖြစ်ကို ပြဆော်မူခြင်းအကျိုးငှါ၊ (ဘဂဝတာ) ဝုတ္တံ၊ ဧတ္ထ — ဤ ပဋိဿာရဏီယကံ၌၊ သေသံ—ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနတ္ထမေဝ — ရှိသည်ဧင်း၊ တဇ္ဇနီယေ—၌၊ ဝုတ္တနယမေဝ စ-ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်ဧင်း၊(ဟောတိ)။

× × × × × × ×

သစ္စာပေတိ၊ ၊"ဧဝံ န ကရောတိ "ကိုထောက်၍ "သစ္စံ"ဟူသော ဒုတိယန္တနာမ်ပုဒ်နောင် ကရဓာတ်၏အနက်၌ မောဂ္ဂလ္လာန်, ခါဒိကဏ္ဍ, "သစ္စာဒီဟာပိ"သုတ်ဖြင့် အာပိပစ္စည်းသက်၊ ပိ၏ ဣကိုလည်း ဧဝုဒ္ဓိပြု၊ "န သစ္စာပေတိ— မှန်ကန်အောင်မပြု"ဟု ပေးပါ၊ ဝဿာဝါသံ စသည်ကား မှန်ကန်အောင်မပြုပုံကို သရုပ်ပြသောစကားတည်း။

သေသမေတ္ထ၊ ၊ယောဇနာ၌ "ဧတ္ထာတိ ပဋိသာရဏီယကမ္မေ"ဟု စွဲ၍ "ပဋိမုခံ အတ္တနော ဒေါသံ သရာပေတဗ္ဗံ အနေန ဝိနယကမ္မေနာတိ ပဋိသာရဏီယံ"ဟု ဝိဂြိုဟ်ပြုလေ၏၊ "အတ္တနော ဒေါသော ပဋိသာရိယတေ အနေနာတိ ပဋိသာရဏီယံ – မိမိ အပြစ်ကို တဖန် ပြန်၍ အမှတ်ရစေကြောင်း ဖြစ်သောကံ "ဟု ပြုလျှင် ကောင်းမည် ထင်သည်။

ဥက္ခေပနီယကမ္မကထာ

ဆန္ဒုဝတ္ထုသ္မိံ-၌၊ အာဝါသပရံပရဥ္စ ဘိက္ခဝေ သံသထာဘိ-ကား၊ သဗ္ဗာဝါသေသု—အလုံးစုံသော ကျောင်းတိုက်တို့၌၊ အာစေရောထ- ပြောပြကြကုန်၊ [အာဝါသပရံပရံ- ကျောင်းတိုက်အဆက်ဆက် ဟူသည် "ရှိသမျှကျောင်းတိုက် အားလုံးတည်း" ဟု သိစေလို၍ "သဗ္ဗာဝါသေသု" ဟုရင်း, သံသဓာတ်၏ ကထနအနက်ကို သိစေလို၍ "အာရောစေထ" ဟုရင်း ဖွင့်သည်။] ဘဏ္ဍနကာရကောဘိအာဒီသု- တို့၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ဘဏ္ဍနာဒိပစ္စယာ - ငြင်းခုံခြင်း အစရှိသောအကြောင်းကြောင့်၊ အာပန္နံ-သင့်ရောက်အပ်သော၊ အာပတ္တိံ- အာပတ်သို့၊ ရောပေတွာ- တင်၍၊ တဿ - ထိုအာပတ်ကို၊ အဒဿနေယေဝ- မရှုခြင်းကြောင့်သာ၊ ကမ္မံ - ဥက္ခေပနီယကံကို၊ ကာတဗ္ဗံ - ပြုထိုက်၏၊ တိကာ—တိက်ဘိုသည်၊ ဝုတ္တပ္ပကာရာယေဝ- ဆိုအပ်ပြီးသောအပြား ရှိကုန်သည်သာ။

ပန-အထူးကား၊ ဧတ္ထ-ဤဥက္ခေပနီယကံ၌၊ သမ္မာဝတ္တနာယံ-သမ္မာဝတ္တနာကသာ၌၊ တေစတ္တာလီသ- လေးဆယ့်သုံးပါးသော၊ ဝတ္တာနိ-ကျင့်ဝတ်တို့သည်၊ (ဟောန္တိ)၊ [ရှေးကံတို့၌ အဋ္ဌာရသဝတ္တသာရှိ၍, ဤကံ၌ တေ စတ္တာလီသဝတ္တ ရှိသည်၊] တတ္ထ- ထို တေစတ္တာလီသ ကျင့်ဝတ်တို့တွင်၊ န အနုဒ္ဓံသေတဗ္ဗောတိ—ကား၊ န စောဒေတဗ္ဗော — မစောဒနာထိုက်၊ န ဘိက္ခု ဘိက္ခူဟိတိ — ကား၊ အညော-မိမိမှတပါး အခြားသော၊ ဘိက္ခု-ကို၊ အညေဟိ- ထိုရဟန်းမှတပါး အခြားကုန်သော၊ ဘိက္ခူဟိ-တို့နှင့်၊ န ဘိန္ဒိတဗ္ဗော-မခွဲထိုက်၊ န ဂိဟိဒ္ဓဇောတိ- ကား၊ ဩဒါတဝတ္ထာနိ- ဖြူသောအဝတ်တို့ကိုရင်း၊ အစ္ဆိန္နဒသာ ပုပ္ဖဒသာနိစ- မဖြတ်အပ်သော အဆာရှိသောအဝတ် , ပန်းပြောက် အဆာရှိသောအဝတ်တို့ကိုရင်း၊ န ဓာရေတဗ္ဗာနိ-မဆောင်ထိုက်ကုန်၊ န တိတ္ထိယဒ္ဓဇောတိ-ကား၊ ကုသစီရာဒီနိ- သမန်းမြက် အစရှိသည်တို့ကို၊ န ဓာရေတဗ္ဗာနိ - မဆောင်ထိုက်ကုန်၊ [တိတ္ထိတို့သည် သမန်းမြက်, လျှော်တေ စသည်တို့ကို ဝတ်ကြသောကြောင့် "သမန်းမြက် စသည်တို့ကို "တိတ္ထိယဒ္ဓဇ" ဟု ဆိုသည်။]

× × × × × × ×

ဘဏ္ဍနကာရကော။ ။ ဥက္ခေပနီယကံ ပြုထိုက်သူ၏အင်္ဂါကိုပြရာ ပါဠိတော်၌ "ဘဏ္ဍနကာရကော ကလဟကာရကော ဝိဝါဒကာရကော" စသည်ဖြင့် မိန့်တော်မူ၏၊ ဤဥက္ခေပနီယကံကို ပြုရာ၌ကား ဘဏ္ဍနအမှုကြောင့် ပြုရသည်မဟုတ်, အာပတ်ကို မရှုခြင်းကြောင့်သာ ပြုရသည်၊ ထို့ကြောင့် "ဘဏ္ဍနကာရကော" စသည်ကို "အကြောင်း ငြင်းခုံခြင်း၏အမည်ကို အကျိုးအာပတ္တိ အဒဿန၌ တင်စားထားသော ကာရဏူပစာ စကား" ဟု သိစေလို၍ " ဘဏ္ဍနာဒိပစ္စယာ "စသည်ကို မိန့်သည်၊ ငြင်းခုံခြင်းစသည်ကြောင့် သင့်ရောက်အပ်သောအာပတ်ကို ထိုပုဂ္ဂိုလ်အပေါ်၌ တင်ပေးသောအခါ ထိုပုဂ္ဂိုလ်က ထိုအာပတ်ကို မရှုမှုကြောင့် ဥက္ခေပနီယကံပြုရသည်။ [ဘဏ္ဍနကာရကော ဧဘာတိတိအာဒိ ကာရဏူပစာရဝသေန ဝုတ္တော၊-ယောဇနာ။]

န အာသာဒေတဗ္ဗောတိ- ကား၊ န အပသာဒေတဗ္ဗော - ဖဲမသွားစေထိုက်၊ [ဂတိအနက်ဟော သဒ္ဒါတ်, ဏောပစ္စည်း၊ အာ (အပ)ကြောင့် "ဖဲသွားစေ" အနက်ကို ဟော၏။] အန္တောဝါ ဗဟိဝါတိ-ကား၊ ဝိဟာရဿ-ကျောင်းတိုက်၏၊ အန္တောဝါ-အတွင်း၌သော်၎င်း၊ ဗဟိဝါ-ပြင်ပ၌သော်၎င်း၊(န အာသာဒေတဗ္ဗော-ဖဲမသွားစေထိုက်၊) န တိတ္ထိယာတိ ပဒတ္တယံ- န တိတ္ထိယာ အစရှိသော ပုဒ် ၃ ပါးအပေါင်းသည်၊ ဥတ္တာနမေဝ—သည်သာ၊ သေသံ— ဆိုအပ်ပြီးသော ကျင့်ဝတ်တို့မှ ကြွင်းသော၊ သဗ္ဗံ- အလုံးစုံသော ကျင့်ဝတ်ကို၊ ပါဠိဝါသိကက္ခန္ဓကေ-၌၊ ဝဏ္ဏယိဿာမ - ဖွင့်ကုန်အံ့၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းသည်၊ တဇ္ဇနီယေ- တဇ္ဇနီယကံ၌၊ ဝုတ္တနယမေဝ— သာ၊ အာပတ္တိယာ — အာပတ်ကို၊ အပ္ပဋိကမ္မေ — မကုစားခြင်းကြောင့်၊ ဥက္ခေပနီယကမ္မံ — နှင်ထုတ်ကြောင်းကံသည်၊ ဣမိနာ - ဤအာပတ္တိယာ အဒဿနေ ဥက္ခေပနီယကံနှင့်၊ သဒိသမေဝ— တူသည်သာ။

အရိဋ္ဌဝတ္ထု - အရိဋ္ဌရဟန်း၏ ဝတ္ထုကို၊ ခုဒ္ဒကဝဏ္ဏနာယံ - ခုဒ္ဒကသိက္ခာပုဒ်တို့၏ အဖွင့်၌၊ [အရိဋ္ဌသိက္ခာပုဒ်၏ အဖွင့်၌၊ (မယာ) ဝုတ္တံ - ပြီ၊ ဘဏ္ဍနကာရကောတိ အာဒီသု - အစရှိသောပုဒ်တို့၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ယံ ဒိဋ္ဌိံ - အကြင် မိစ္ဆာအယူကို၊ နိဿာယ- မှီ၍၊ ဘဏ္ဍနာဒီနိ- ငြင်းခုံခြင်း အစရှိသည်တို့ကို၊ ကရောတိ၊ တဿာ - ထိုအယူကို၊ အပ္ပဋိနိဿဂ္ဂေယေဝ - မစွန့်ခြင်းကြောင့်သာ ကမ္မံ-ဥက္ခေပနီယကံကို၊ ကာတဗ္ဗံ-ပြုထိုက်၏၊ သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ တဇ္ဇနီယေ-၌၊ ဝုတ္တနယမေဝ— သည်သာ၊ ဟိ- မှန်၊ ဣဓ— ဤ ဥက္ခေပနီယကံ၌၊ သမ္မာဝတ္တနာယံပိ-သမ္မာဝတ္တနာ၌လည်း၊ တေစတ္တာလီသံ ယေဝ- လေးဆယ့်သုံးပါးပင်ဖြစ်သော၊ ဝတ္တာနိ-ကျင့်ဝတ်တို့သည်၊ (ဟောန္တိ)၊ ဣတိ - အပြီးတည်း။

ကမ္မက္ခန္ဓကဝဏ္ဏနာ—သည် နိဋ္ဌိတာ- ပြီ၊

× × × × × × ×

ယံ ဒိဋ္ဌိံ နိဿာယ။ ။"ယံ ဒိဋ္ဌိံ နိဿာယ ဘဏ္ဍနာဒီနိ ကရောတိ"ဟု ဆိုသောကြောင့် အခြား ဘဏ္ဍနကာရကကိုမယူရ၊ မိစ္ဆာဒိဋ္ဌိကို အကြောင်းပြု၍ဖြစ်သော ဘဏ္ဍနကာရကစသည်ကိုသာ ယူရသည်၊ ဘဏ္ဍနစသည်ကိုပြုခြင်းကြောင့် အပြစ်မရှိဟု အယူမှားနေသူ အတွက်လည်း ထိုအယူကိုမစွန့်လျှင် ဥက္ခေပနီယကံ ပြုနိုင်၏ဟု ဝိမတိဖွင့်သည်၊ [ဤ၌ "ယံ ဒိဋ္ဌိံ နိဿာယ"ကို ကြည့်၍ ဒိဋ္ဌိသည်အကြောင်း, ဘဏ္ဍနကာရကစသည်ကား အကျိုးတည်း၊ ထို့ကြောင့် ဘဏ္ဍနကာရကအကျိုးကို ဥက္ခေပနီယကံပြုကြောင်းဖြစ်ကြောင်းဖြစ်သောဒိဋ္ဌိ၌ တင်စား၍ ဖလူပစာရအားဖြင့် "ဘဏ္ဍနကာရကော"စသည်ကို အင်္ဂါအဖြစ်ဖြင့် မိန့်တော်မူသည်ဟု ကြံပါ။]

ကမ္မက္ခန္ဓက အဖွင့် ပြီး၏။

ပါရိဝါသိကက္ခန္ဓက

[ပရိဝါသ်နေသော ရဟန်းတို့နှင့်ဆိုင်သော သိက္ခာပုဒ်အပေါင်း။]

ပါရိဝါသိကဝတ္တကထာ

ပါရိဝါသိကက္ခန္ဓကေ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ပါရိဝါသိကာ တိ-ကား၊ ပရိဝါသံ-ပရိဝါသ်ကို၊ ပရိဝသန္တာ-ကျင့်သုံးသော ရဟန်းတို့သည်၊ ("သာဒယန္တိ"၌စပ်၊) တတ္ထ-ထို ပါရိဝါသိကာဟူသောပုဒ်၌၊ (လဇ္ဇာမာနေ-သော၊) ပရိဝါသော-ပရိဝါသ်သည်၊ အပ္ပဋိစ္ဆန္နပရိဝါသော- အပ္ပဋိစ္ဆန္နပရိဝါသ်ဝှင်း၊ ပဋိစ္ဆန္နပရိဝါသော-ဝှင်း၊ သုဒ္ဓန္တပရိဝါသော— ဝှင်း၊ သမောဓာနပရိဝါသော-ဝှင်း၊ ဣတိ-သို့၊ စတုဗ္ဗိဓော-၄ ပါးအပြားရှိ၏၊ တေသု-ထို ၄ ပါးသော ပရိဝါသ်တို့တွင်၊ ယော သော ဘိက္ခဝေ၊ပေ၊ဒါတဗ္ဗောတိ— ယော သော ဘိက္ခဝေ၊ပေ၊ဒါတဗ္ဗောဟူ၍၊ ဧဝံ-သို့၊ မဟာခန္ဓကေ-၌၊ ဝုတ္တော— ဟောတော်မူအပ်သော၊ တိတ္ထိယပရိဝါသော — တိတ္ထိတို့၏ ပရိဝါသ်သည်၊ အပ္ပဋိစ္ဆန္နပရိဝါသောနာမ-အပ္ပဋိစ္ဆန္နပရိဝါသ်မည်၏၊ ဝါ-ဖုံးလွှမ်းခြင်းမရှိသော ပရိဝါသ်မည်၏၊ [မဟာဝဂ္ဂ, မဟာခန္ဓက အညတိတ္ထိယပုဗ္ဗကထာ၌ ဟောတော်မူအပ်သော ပရိဝါသ်တည်း၊ အနက်ကိုလည်း ထို၌ ပြခဲ့ပြီ၊] တတ္ထ - ထို အပ္ပဋိစ္ဆန္နပရိဝါသ်၌၊ ယံ— အကြင် အဆုံးအဖြတ်စကားရပ်ကို၊ ဝတ္တဗ္ဗံ - ဆိုထိုက်၏၊ တံ—ထို အဆုံးအဖြတ် စကားရပ်ကို၊ (မယာ) ဝုတ္တမေဝ - ဆိုအပ်ပြီးသည်သာ၊ ပန --ဆက်၊ အယံ-ဤ အပ္ပဋိစ္ဆန္နပရိဝါသ် ကို၊ ဣမ-ဤ ပါရိဝါသိကက္ခန္ဓက၌၊ န အဓိပ္ပေတော— အလိုမရှိအပ်။

သေသာ - အပ္ပဋိစ္ဆန္နပရိဝါသ်မှ ကြွင်းကုန်သော၊ တယော - ၃ ပါးသော ပရိဝါသ်တို့ကို၊ ယေန - အကြင်ရဟန်းသည်၊ သံဃာဒိသေသာပတ္တိ - သံဃာဒိသေသ်အာပတ်သည်၊ ဝါ-သို့၊ အာပန္နာစေဝ-သင့်ရောက်အပ်ပြီးသည်ဝှင်း၊ ပဋိစ္ဆာဒိတာစ — ဖုံးလွှမ်းအပ်ပြီးသည်ဝှင်း၊ ဟောတိ၊ တဿ — ထိုရဟန်းအား၊ (သံဃာဒိသေသ်အာပတ်သို့ သင့်ရောက်ပြီးသည်ဖြစ်၍ ဖုံးလွှမ်းသောထိုရဟန်းအား၊) ဒါတဗ္ဗာ - ပေးထိုက်ကုန်၏၊ တေသု - ထို ၃ ပါးသော ပရိဝါသ်တို့၌၊ ယံ-အကြင် အဆုံးအဖြတ်စကားကို၊ ဝတ္တဗ္ဗံ-၏၊ တံ-ထိုအဆုံးအဖြတ်စကားကို၊

× × × × × × ×

ပါရိဝါသိကာ။ ။ဝသဓာတ်သည် နေခြင်းအနက်ကို ဟော၏၊ နေခြင်းဟူသည်လည်း ဆိုင်ရာကျင့်ဝတ်များကို ကျင့်သုံး၍ နေခြင်းတည်း၊ ထို့ကြောင့် "ပရိဝသနံ — ကျင့်သုံး နေထိုင်ခြင်း၊ ပရိဝါသော-ခြင်း၊ ထို့နောက် အဿတ္ထိဆင့်၊ (တနည်း) "ပရိဝသိယတေ—ကျင့်သုံးအပ်၏၊ ဣတိ ပရိဝါသော"ဟု ပြု၊ ပရိပုဗ္ဗ ဝသဓာတ်, ဏ ပစ္စည်း၊ "ပရိဝါသံ ပရိဝသန္တာ"ကို ထောက်၍ "ပရိဝါသံ — ကျင့်သုံးအပ်သော အကျင့်ကို+ ပရိဝသန္တိတိ ပါရိဝါသိကာ"ဟု ပြု။

သမုစ္စယက္ခန္ဓကေ-၌၊ ဝက္ခာမ—ဆိုကုန်အံ့၊ ပန-ဆက်၊ ဧဝေ—ဤ ၃ ပါးသော ပရိဝါသ်တို့ကို၊ ဣဓ- ဤ ပါရိဝါသိကက္ခန္ဓကဉ္၌၊ အဝိပ္ပေတာ- အလိုရှိအပ်ကုန် ၏၊ တသ္မာ - ကြောင့်၊ (ထိုသို့ ၃ ပါးသော ပရိဝါသ်တို့၏သာ အလိုရှိအပ်ကုန် သည့်၏အဖြစ်ကြောင့်၊) ဧတေသု - ဤ ၃ ပါးသော ပရိဝါသ်တို့တွင်၊ ယံကိဉ္စိ- အမှတ်မထား, တပါးပါးသော၊ ပရိဝါသံ - ကို၊ ပရိဝသန္တာ - ကျင့်သုံးသော ရဟန်းတို့ကို၊ ပါရိဝါသိကာဘိ-ပါရိဝါသိကရဟန်းတို့ဟူ၍၊ ဝေဒိတဗ္ဗာ-န်၏။

ပကတတ္တာနံ ဘိက္ခူနန္တိ - ကား၊ နဝကတရံ - သီတင်းငယ်ဖြစ်သော၊ ပါရိ ဝါသိကံ - ပါရိဝါသိကရဟန်းကို၊ ထပေတွာ - ချန်ထား၍၊ အဝသေသာနံ - နဝကတရပါရိဝါသိကရဟန်းမှ ကြွင်းကုန်သော၊ အန္တမသော—အေ‌ာက်ထစ် ဆုံးအားဖြင့်၊ မူလာယ ပဋိကဿနာရဟာဒီနံပိ — မူလာယ ပဋိကဿနာရဟ ရဟန်း အစရှိသည့်တို့၏သော်မှလည်း၊ (“အဘိဝါဒနံ န သာဒိတဗ္ဗံ” ၌စပ်။)

အဘိဝါဒနံ ပစ္စုဋ္ဌာနန္တိ - ကား၊ တေ— ထို ပကတတ်ရဟန်းတို့သည်၊ ယံ အဘိဝါဒနာဒိံ—အကြင် အဘိဝါဒနအစရှိသောအမှုကို၊ ကရောန္တိ—ပြုကြကုန် ၏၊ တံ—ထို အဘိဝါဒန အစရှိသောအမှုကို၊ သာဒိယန္တိ — သာယာကြကုန်၏၊ သမ္ပဋိစ္ဆန္တိ—လက်ခံကြကုန်၏၊ န ပဋိက္ခိပန္တိ-မပယ်မြစ်ကြကုန်၊ ဣတိ အတ္ထော၊ [“ သာယာ ” ဟူသည့် အခြားနေရာ၌ ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ်ဖြင့် သာယာခြင်းကို ယူရသော်လည်း ဤနေရာ၌ “ စိတ်ဖြင့် သာယာသည်ဖြစ်စေ မသာယာသည်ဖြစ်စေ ရှိခိုးခံခြင်း , ရှိခိုးသည်ကို မပယ်ခြင်းကို ယူပါ ” ဟူလို။] တတ္ထ — ထို အဘိဝါဒနအစရှိသော အမှုတို့တွင်၊ သာမိစိကမ္မန္တိ— သာမိစိကမ္မံ ဟူသော၊ ဧတံ—ဤသဒ္ဒါသည်၊ အဘိဝါဒနာဒီနိ—အဘိဝါဒန အစရှိသောအမှု တို့ကို၊ (အာဒိဖြင့် ပစ္စုဋ္ဌာန အဉ္ဇလိကမ္မကို ယူ၊) ထပေတွာ ၍၊ အညဿ-အဘိ ဝါဒန အစရှိသောအမှုတို့မှ တပါးသော၊ အနုစ္ဆဝိကဿ—လျောက်ပက်သော၊ (နေရာအားလျော်စွာ ပြုသင့်သော၊) ဗီဇနဝါတဒါနာဒိနော-ယပ်လေပေးခြင်း

× × × × × × ×

ပကတတ္တာနံ။ ။ အခြားနေရာ၌ ပကတတ်ဟု ဆိုလျှင် ပါရာဇိက ကျသူလည်း မဟုတ်, ဥက္ခိတ္တကလည်းမဟုတ် , ပရိဝါသ်မာနတ်ကျင့်ဆဲလည်း မဟုတ်သော ရဟန်း များကို ယူရ၏၊ ဤနေရာ၌ကား အဘိဝါဒန ပစ္စုဋ္ဌာနစသည် သာယမှုကို တားမြစ် သော အရာဖြစ်၍ မိမိအောက်ငယ်သော ပါရိဝါသိကရဟန်း၏ အဘိဝါဒနစသောအမှု ကို သာယာနိုင်သောကြောင့် မိမိအောက် ငယ်သော ပါရိဝါသိကရဟန်းကို ချန်ထား၍ မူလာယ ပဋိကဿနာရဟာ ရဟန်းကိုသော်မှ ‘‘ ပကတတ္တ ’’ ဟု ယူရသည်၊ ‘‘ မူလာယ ပဋိကဿနာရဟာဒီနံ ’’၌ အာဒိဖြင့် မာနတ္တာရဟ , မာနတ္တစာရိက , အဗ္ဘာနာရဟ ပုဂ္ဂိုလ်များကိုယူ၊ မူလာယပဋိကဿနာရဟ စသည်တို့၏အဓိပ္ပါယ်မှာ သမုစ္စယက္ခန္ဓက၌ ထင်ရှားလတ္တံ့။ [တေ ဟိ ပါရိဝါသိကာနံ , ပါရိဝါသိကာစ တေသံ ပကတတ္တဋ္ဌာနေ ဌိတာ ဧဝ ဟိ၊— ဝိမတိ။]

အစရှိသော၊ (ယပ်ခတ်ပေးခြင်း အစရှိသော၊)အာဘိသမာစာရိကသ-လွန်ကဲ ထူးမြတ်, ကောင်းစွာကျင့်အပ်သော ကျင့်ဝတ်ကို၊ အဓိဝစနံ-ဟောသောသဒ္ဒါ တည်း၊ [အဘိဝိသိဋ္ဌော-ထူးသော၊ သံ+အာစာရိကော- ကောင်းစွာ ကျင့်အပ် သော အကျင့်၊ ခန္ဓကဝ၌လာသော ကျင့်ဝတ်များကို ဆိုသည်၊]အာသနာဘိဟာရ န္တိ — ကား၊ အာသနဿ — နေရာကို၊ အဘိဟရဏံ — ရွှေ့ရှု ဆောင်ခြင်းကို၊ အာသနံ-နေရာကို၊ ဂဟေတွာ-ယူ၍၊ အဘိဂမနံ-ရွှေ့ရှုသွားခြင်းကို၊ (သာဒယ န္တိ၌စပ်၊)ဝါ-တနည်း၊ ပညပနမေဝ-ခင်းခြင်းကိုသာတည်း၊သေယျာဘိဟာရေ ပိ— သေယျာဘိဟာရေပုဒ်၌လည်း၊ ဧသေဝနယော—တည်း။

ပါဒေါဒကန္တိ - ကား၊ ပါဒဓောဝန ဥဒကံ- ခြေကို ဆေးကြောင်း ရေကို၊ ပါဒပီဌန္တိ—ကား၊ ဓောတပါဒဋ္ဌပနကံ-ဆေးအပ်ပြီးသော ခြေကို ထားရာခုံကို၊ ပါဒကထလိကန္တိ-ကား၊ အဓောတပါဒဋ္ဌပနကံ-မဆေးအပ်သေးသော ခြေကို ထားရာ ပျဉ်ချပ်ငယ်ကို၊ ဝါ- တနည်း၊ ပါဒဃံသနံ - ခြေကို ပွတ်တိုက်ကြောင်း ဖြစ်သော ကျောက်စရစ်, အိုးခြမ်းစသော ခြေပွတ်ကို၊ ၊ သာဒယန္တိ၌စပ်၊ ဤ ခြေပွတ်များကို ခုဒ္ဒကဝတ္ထုခန္ဓက၌ တွေ့ရလတ္တံ့။]အာပတ္တိ ဒုက္ကဋဿာတိ-ကား၊ သဗ္ဗိဝိဟာရိကာနမ္ပိ—သဗ္ဗိဝိဟာရိကတပည့်တို့၏ သော်မှလည်း၊ (အဘိဝါဒနာ ဒိ°-အဘိဝါဒန အစရှိသော အမှုကို၊)သာဒယန္တဿ-သာယာသော ရဟန်း၏၊

× × × × × × ×

အာသနာဘိဟာရံ။ ။အာသနဟူသည် ထိုင်စရာဖြစ်သော ထိုင်ခုံ , နေရာဆိုင် စသည်တည်း၊ အဘိဟရဏံ — ရွှေ့ရှုဆောင်ခြင်း၊ အဘိဟာရော- ခြင်း၊ အာသနဿ+ အဘိဟာရော အာသနာဘိဟာရော၊ ရွှေ့ရှုဆောင်ခြင်းဟူသည်"အာဂန္တုကလာသည် ကို မြင်လျှင် ထိုအာဂန္တုကဆီသို့ ထိုင်ဘို့ရန် နေရာကိုယူ၍ ရွှေ့ရှုသွားခြင်းတည်း" ဟု အဓိပ္ပါယ်ပြလို၍ "အာသနံ ဂဟေတွာ အဘိဂမနံ"ဟု ဖွင့်သည်။

ပညပနမေဝ။ ။ဤနည်း၌ကား အာဂန္တုကဆီသို့ ရွှေ့ရှုသွားဘို့ မလို, နေရာ ခင်းပေးခြင်းကိုပင် "အာသနာဘိဟာရ"ခေါ်သည်-ဟု ပြသည်၊ ဧဝဖြင့် ရွှေ့ရှုသွား ခြင်းကို ကန့်ပါ၊ ပဉ္စမ ဥပဓာတ်သည် ခင်းထားခြင်းအနက်ကိုဟော၏၊"အဘိဟရဏံ" စသော ပုဒ်များသည် သာဒယန္တိကိုငဲ့သော ဒုတိယန္တ ပုဒ်များတည်း။

ပါဒကထလိကံ။ ။ကထလိကာအရ အိုးခြမ်းကွဲဟူသော အနက်ကို ယူကြ၏၊ ဤ နေရာ၌ကား ထိုအိုးခြမ်းကွဲကို မဆိုလို၊ မဆေးအပ်သေးသောခြေကို ထားရာဖြစ်သော သစ်သားပျဉ်ပြားငယ်ကို ယူစေလို၍ "အဓောတပါဒဋ္ဌပနကံ"ဟု ဖွင့်သည်၊ ထပီယန္တိ ဧတ္ထာတိ ထပနံ၊ ထပနံယေဝ ထပနကံ၊ အဓောတပါဒါနံ ထပနကံ အဓောတပါဒ ဋ္ဌပနကံ၊ [အဓောတပါဒဋ္ဌပနကန္တိ ယတ္ထ ဌတွာ ပါဒေ ဓောဝန္တိ၊ တာဒိသံ ဒါရုဖလက ခဏ္ဍာဒိ°၊ – ဝိမတိ။]နောက်နည်း၌ကား ခြေဆေးသောအခါ ပွတ်တိုက်၍ ဆေးဘို့ရာ ကျောက်ပြား အိုးခြမ်းစသည်တို့ကိုယူပါ၊ ဃံသန္တိ ဧတေနာတိ ဃံသနံ။ [ပါဒဃံသနန္တိ သက္ခရကထလာဒိ°၊– ဝိမတိ]။

ဒုက္ကဋမေဝ- ဒုက္ကဋ်အာပတ်သည်သာ၊ (ဟောတိ)၊ တသ္မာ- ကြောင့်၊ (ထိုသို့ သာယာသော ရဟန်း၏ ဒုက္ကဋ်အာပတ်သင့်သည်၏ အဖြစ်ကြောင့်၊) တေ—ထို သဒ္ဓိဝိဟာရိကတပည့်တို့ကို၊ ဝတ္တဗ္ဗာ၊(ကိံ-အဘယ်သို့ ပြောထိုက်ကုန်သနည်း၊) အဟံ-သည်၊ ဝိနယကမ္မံ-ဝိနည်းကံကို၊ ကရောမိ-ပြုနေ၏၊ မယှံ-ငါ၏ အတွက်၊ ဝတ္တံ - ဝတ်ကြီး ဝတ်ငယ်ကို၊ မာ ကရောထ- မပြုကြကုန်လင့်၊ မံ-ငါ့ကို၊ ဂါမ ပ္ပဝေသနံ-ရွာသို့ဝင်ခြင်းကို၊ မာ အာပုစ္ဆထ - ခွင့်မပန်ကြကုန်လင့်၊ ဣတိ - သို့၊ (ဝတ္တဗ္ဗာ၊) သဒ္ဓါပဗ္ဗဇိတာ - သဒ္ဓါတရားဖြင့် ရဟန်းပြုကြကုန်သော၊ ကုလ ပုတ္တာ-အမျိုးကောင်းသားတို့သည်၊ ဘန္တေ-အရှင်ဘုရား၊ တုမှေ- အရှင်ဘုရား တို့သည်၊ တုမှာကံ-အရှင် ဘုရားတို့၏၊ ဝိနယကမ္မံ-ဝိနည်းကံကို၊ ကရောထ-ပြုကြ ပါကုန်၊ ဣတိ - သို့၊ ဝတွာ - လျှောက်၍၊ ဝတ္တံ-ကို၊ သစေ ကရောန္တိယေဝ— အကယ်၍ ပြုမြဲပြုကုန်အံ့၊ ဂါမပ္ပဝေသနမ္ပိ-ကိုလည်း၊(သစေ)အာပုစ္ဆန္တိယေဝ- အကယ်၍ ခွင့်ပန်မြဲ ခွင့်ပန်ကုန်အံ့၊(ဧဝံသတိ)၊ ဝါရိတကာလတော - တားမြစ် အပ်ရာအခါမှ၊ ပဋ္ဌာယ, အနာပတ္တိ-အာပတ်သို့မရောက်ခြင်းသည်၊(ဟောတိ)။

မိတ္တ ယထာဝုဍ္ဎန္တိ—ကား၊ ပါရိဝါသိကဘိက္ခုနံ- ပရိဝါသ် ကျင့်သုံးသော ရဟန်းတို့အား၊ ဝါ-၏၊ အညမညံ—အချင်းချင်း၊(သာဒိတုံ၌စပ်၊)ယောယော- အကြင် အကြင် ရဟန်းသည်၊ ဝုဍ္ဎော — သီတင်းကြီး၏၊ တေန တေန — ထိုထို သီတင်းကြီးသော ရဟန်းသည်၊ နဝကတရဿ—သီတင်းငယ် ရဟန်း၏၊(အဘိ ဝါဒနာဒိံ-အဘိဝါဒန အစရှိသော အမှုကို၊)သာဒိတုံ—သာယာခြင်းငှါ၊(အနု ဇာနာမိ၌စပ်၊)ပဉ္စ ယထာဝုဍ္ဎန္တိ-ကား၊ ပကတတ္တေဟိပိ-ပကတတ်ရဟန်းတို့နှင့် လည်း၊(ပိဖြင့် ပါရိဝါသိက ရဟန်း အချင်းချင်းကို ပေါင်း၊) သဒ္ဓိံ—တကွ၊ ဝုဍ္ဎ ပဋိပါဋိယာ ဧဝ - ကြီးသူတို့၏ အစဉ်အားဖြင့်သာ၊ (ကြီးစဉ် ငယ်လိုက်သာ၊) (အနုဇာနာမိ-၌စပ်၊)တသ္မာ-ကြောင့်၊(ထိုသို့ကြီးစဉ်ငယ်လိုက်သာ ခွင့်ပြုတော် မူသည်၏ အဖြစ်ကြောင့်၊) ပါတိမောက္ခေ - ပါတိမောက်ကို၊ ဥဒ္ဒိဿမာနေ- ရွတ်ပြအပ်စဉ်၊ ဟတ္ထပါသေ-ဟတ္ထပါသ်၌၊ နိသီဒိတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏၊ ပန— ဝါဒန္တိရ၊ မဟာပစ္စရိယံ-၌၊ ပါဠိယာ-အစဉ်အားဖြင့်၊ အနိသီဒိတွာ-မထိုင်မူ၍၊ ပါဠိံ - အစဉ်ကို၊ ဝိဟာယ - စွန့်၍၊ ဟတ္ထပါသံ - ကို၊ အမုဉ္စန္တေန-မလွှတ်ဘဲ၊ နိသီဒိတဗ္ဗံ—ထိုင်ရာ၏၊ ဣတိ ဝုတ္တံ၊ ပါရိသုဒ္ဓိ ဥပေါသထေ - ပါရိသုဒ္ဓိ ဥပုသ်ကို၊

× × × × × × ×

ပါရိသုဒ္ဓိ ဥပေါသထေ၊ ။ "ပါရိသုဒ္ဓိ ဥပေါသထေ"အရ ရိုးရာ ၂ ပါး ၃ ပါး ပြုရသော ပါရိသုဒ္ဓိသာမက ပဝါရဏာနေ့၌ သံဃာအများက ပဝါရဏာ ပြုပြီးသော အခါ ဝါမကပ်မိသော ရဟန်း, ဝါကျိုးသော ရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်းတို့ လည်း ပါရိသုဒ္ဓိဥပုသ်ပြုရ၏၊ ထိုရဟန်းများကိုလည်း ရည်ရွယ်၍ ဆိုသော စကားတည်း၊ ထို့ကြောင့် ပရိဝါသ်ကျင့်သုံးသော ရဟန်းသည် ထိုင်တုန်းက သံဃာနဝကနေရာ၌ ထိုင်၍ ဥပုသ်ပြုသော အခါ မိမိဝါစဉ်အားဖြင့် ဥပုသ်ပြုရမည်ဟု ဆိုသည်။

ကရိယမာနေ - ပြုအပ်သော်၊ သံဃနဝကဋ္ဌာနေ - သံဃနော ရဟန်း၏ နေရာ၌၊
(သံဃာတွင် အငယ်ဆုံး ရဟန်းကို သံဃနော ရဟန်းဟု ရှေးနိသျှ ဆိုသည်၊)
နိသီဒိတွာ-၍၊ တဗ္ဗေဝ-ထို နေရာ၌ပင်၊ နိသိန္နေန—ထိုင်လျက်၊ အတ္တနော—၏၊
ပါဋိယာ— အားဖြင့်၊ ပါရိသုဒ္ဓိ ဥပေါသထော - ကို၊ ကာတဗ္ဗော - ပြုထိုက်၏၊
ပဝါရဏာယပိ — ပဝါရဏာ၌လည်း၊ သံဃနဝကဋ္ဌာနေ-၌၊ နိသီဒိတွာ - ၍၊
တဗ္ဗေဝ-ပင်၊ နိသိန္နေန—လျက်၊ အတ္တနော-၏၊ ပါဋိယာ - အားဖြင့်၊ ပဝါရေ
တဗ္ဗံ—ပဝါရဏာ ပြုရာ၏၊ ဝါ- ပဝါရဏာပြုရမည်၊ ["မိမိက ၅ ဝါရှိလျှင်
ထိုင်တုန်းက အစွန်ဆုံးမှာ ထိုင်ရသော်လည်း ၅ ဝါ အလှည့်ရောက်သောအခါ
ပဝါရဏာ ပြုရမည်"ဟူလို၊ ပါရိသုဒ္ဓိတုန်းကလည်း ဤနည်းအတိုင်းပင်။]

[ဥပေါသထံ ပဝါရဏံကို ဖွင့်ပြပြီး၍ ဝဿိကသာဋိကံကို ဖွင့်ပြလိုသော
ကြောင့် သံဃေန စသည်မိန့်၊] သံဃေန—သည်၊ ယဏ္ဍိ-ခေါင်းလောင်း စသည်
ကို၊ ပဟရိတွာ-တီးခေါက်၍၊ ဘာဇိယမာနံ - ဝေဘန်အပ်သော၊ ဝဿိကသာဋိ
ကဒ္ဒိ-မိုးယံးရေခံ သင်္ကန်းကိုလည်း၊ အတ္တနော-၏၊ ပတ္တဋ္ဌာနေ-ရောက်အပ်သော
နေရာ၌၊ (ဝါစဉ်အားဖြင့် ရောက်အပ်သောနေရာ၌၊) ဂဟေတုံ—၄ါ၊ ဝဋ္ဋတိ—
အပ်၏၊ ဝိသဇ္ဇနံ— စွန့်လွှတ် ခြင်းကို၊ ဩဟာဇနန္တိ — ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊
ဟိ-ချဲ့၊[အချို့စာအုပ်၌ သစေပိဟု ရှိ၏၊ ဟိမပါ၊]ပါရိဝါသိကဿ-ပါရိဝါသိက
ရဟန်း၏၊ ဒွတ္တိကာ— ၂ခု ၃ ခု ကုန်သော၊ ဥဒ္ဒေသဘတ္တာဒီနိ—ဥဒ္ဒေသဘတ် အစ
ရှိကုန်သော ဆွမ်းတို့သည်၊ သစေ ပါပုဏန္တိ—အကယ်၍ ရောက်ကုန်အံ့၊[ဥဒ္ဒေသ
ဘတ္တာဒီနိတိ အာဒိ သဒ္ဒေန သလာကဘတ္တာဒီနိ သင်္ဂဏှာတိ၊— ယောဇနာ]
အဿ - ထို ပါရိဝါသိက ရဟန်း၏၊ အညာ - ဥဒ္ဒေသဘတ် အစရှိသည်တို့မှ
တပါးသော၊ ပုဂ္ဂလိကဘတ္တ ပစ္စာသာစ - ပုဂ္ဂလိကဘတ်၌ မြော်လင့်ချက်သည်
လည်း၊ သစေ ဟောတိ-အံ့၊ (ဥဒ္ဒေသဘတ်သည် သံဃိကမှ အလှည့်ကျရသော
ဘတ်ဖြစ်သည်၊) (ဧဝံသတိ)၊ တာနိ— ထို ဥဒ္ဒေသဘတ် အစရှိသည်တို့ကို၊ ပဋိ
ပါဋိယာ-အစဉ်အားဖြင့်၊ ဂဟေတွာ-ယူပြီး၍၊ (မချသောအခါ မဲကိုယူပြီး၍၊)
ဘန္တေ—အရှင်ဘုရား၊ (စာရေးတံချသော ပုဂ္ဂိုလ်ကို ခေါ်သည်၊) ဟေဋ္ဌာ-
အောက်၌၊ ဝါ-အောက်၌ဖြစ်သောပုဂ္ဂိုလ်ကို၊ ဂါဟေထ-ယူစေပါကုန်၊ အဇ္ဇ-

× × × × × × ×

ဩဟာဇနံ ။ ။ "ဩဟာဇနသဒ္ဒါသည် ဝိသဇ္ဇနအနက်ကို ဟောသော
အထင်ရှင်ရှားသဒ္ဒါတည်း " ဟု သိစေလို၍"ဝိသဇ္ဇနံ ဝုစ္စတိ"ဟု ဖွင့်သည်၊ ယောဇနာ၌
ကား—"ဩဟာဇနန္တိ အဝနဲ့ဒဓေ ဩဟာဇနံ၊ အဝပုဗ္ဗော နုဒဓာတု၊ နကာရဿ
ဏကာရံ ဒကာရဿ စ ဇကာရံ ကတွာ ဩဟာဇနန္တိ ဝုစ္စတိ၊ နုဒဓာတု အပနယာ
နတ္ထော၊ တေန ဝုတ္တံ ဝိသဇ္ဇနံ ဝုစ္စတီတိ "ဟု မိန့်လေသည်၊ ဤအလို ရှင်ရှားမဟုတ်၊ နိပ္ဖန္န
ပါဋိပဒိကပုဒ်သာတည်း။

ယန္တေ၊ မယုံ-တပည့်တော်၏၊ ဘတ္တပစ္စာသာ-ဆွမ်း၌ မြော်လင့်ချက်သည်၊ အတ္ထိ-ရှိပါ၏၊ သွေ-နက်ဖန်၌၊ ဂဏှိသာမိ-ယူပါအံ့၊(ဥဒ္ဒေသဘတ် အစရှိသည်တို့ကို ယူပါအံ့၊) ဣတိ-သို့၊ ဝတွာ—လျှောက်၍၊ ဝိသဇ္ဇေတဗ္ဗာနိ—စွန့်လွှတ်နိုင်ကုန်၏၊ ဧဝံ-ဤသို့ယူပြီး၍ စွန့်လွှတ်လသော်၊ တာနိ- ထို ဥဒ္ဒေသဘတ် အစရှိသည်တို့ကို၊ ပုနဒိဝသေသု - နောက်နေ့တို့၌၊ ဂဏှိတုံ - ယူခြင်းငှါ၊ ဝါ- ယူခွင့်ကို၊ လဘတိ-ရ၏၊ ပုနဒိပသေ-၌၊ သဗ္ဗပဌမံ-အလုံးစုံသောရဟန်းတို့၏ ရှေးဦးစွာ၊ ဧတဿ-ဤ ပါရိဝါသိက ရဟန်းအား၊ ဒါတဗ္ဗံ-ပေးရာ၏၊ ဣတိ ကုရုန္ဒိယံ ဝုတ္တံ။

ပန—ဗျတိရိက်ကား၊ ယဒိ န ဂဏှာတိ- အကယ်၍ မယူအံ့၊ (“ ပဋိပါဋိယာ ဂဟေတွာ”အရ ပြခဲ့သော ယူခြင်းဖြင့် မယူအံ့၊) ယဒိ န ဝိသဇ္ဇေတိ- အကယ်၍ မစွန့်အံ့၊ (ယူပြီးလျှင် မစွန့်အံ့)၊ (ဧဝံသတိ - ဤသို့ မယူ, မစွန့်လသော်၊) ပုန ဒိဝသေ—၌၊ န လဘတိ- မရ၊ ဣဒံ ဩဏောဇနံ နာမ-ဤဩဏောဇနမည်သည် ကို၊ ပါရိဝါသိကဿေဝ- ပါရိဝါသိက ရဟန်းအားသာ၊ ဩဒိဿ-ရည်စူး၍၊ အနုညာတံ—ခွင့်ပြုတော်မူအပ်ပြီ၊ ကသ္မာ-နည်း၊ ဟိ(ယသ္မာ)၊ တဿ—ထို ပါရိ ဝါသိကရဟန်း၏၊ ဝါ-သည်၊ သံဃနဝကဋ္ဌာနေ--၌၊ နိသိန္နဿ - ထိုင်လသော်၊ ဘတ္တဂ္ဂေ-ဆွမ်းကို ယူရာအရပ်၌၊ ယာဂုခဇ္ဇကာဒီနိ - ယာဂု, ခဲဘွယ် အစရှိသည် တို့သည်၊ ပါပုဏန္တိ ဝါ-ရံခါသော်လည်း ရောက်ကုန်၏၊ န ပါပုဏန္တိ ဝါ-ရံခါ သော်လည်း မရောက်ကုန်၊ တသ္မာ- ကြောင့်၊ (ထိုသို့ ရံခါရ၍ ရံခါ မရသည်၏ အဖြစ်ကြောင့်၊) သော- ထို ပါရိဝါသိက ရဟန်းသည်၊ ဘိက္ခာဟာရေန—ဆွမ်း အာဟာရဖြင့်၊ မာ ကိလမိတ္ထ-မပင်ပန်းပါစေလင့်၊ ဣတိ-ဤသို့နှလုံးသွင်းတော် မူ၍၊ဣဒံ-ဤစွန့်လွှတ်ခြင်းကို၊(အနုညာတံ၌စပ်၊)အဿ-ထိုပါရိဝါသိကရဟန်း ကို၊ သင်္ဂဟကရဏတ္ထာယ - သင်္ဂြိုဟ်ချီးမြှင့်ခြင်းကို ပြုခြင်းအကျိုးငှါ၊ ဩဒိဿ-သီးခြားရည်စူး၍၊ အနုညာတံ-ပြီ။

× × × × × × ×

ပရိဝါသိကဿေဝ အနုညာတံ ။ ။ ဧဝဖြင့် ဆိုထားသောကြောင့် မူလာယ ပဋိကဿနာရဟ,မာနတ္တစာရိက,အဗ္ဘာနာရဟပုဂ္ဂိုလ်တို့အား ခွင့်မပြုသကဲ့သို့ထင်ရ၏၊ သို့သော် ထိုပုဂ္ဂိုလ်များကိုလည်း ဤပါရိဝါသိကအရတွင် သွင်းယူပါ၊“ပါရိဝါသိကကို ဥပလက္ခဏအားဖြင့် မှတ်ထားသည်”ဟူလို၊ ဧဝဖြင့် ပကတတ် ရဟန်းတို့ကို ကန့်ပါ၊ [ပါရိဝါသိကဿေဝါတိ ဣဒံ အဗ္ဘာနာရဟပရိယောသာနေ (အဗ္ဘာနာရဟ အဆုံးရှိ ကုန်သော) သဗ္ဗေ ဂရုကဋ္ဌေ (ဂရုကအာပတ်၌ တည်သူတို့ကို) သန္ဓာယ ဝုတ္တံ၊ ဧတေသမ္ပိ ပဋ္ဌေကံ ဩဏောဇနဿ အနုညာတတ္တာ၊ တဒဝသေသာ (ထို ဂရုကအာပတ်၌ တည် သူမှ ကြွင်းကုန်သော) ပကတတ္တာ ဧဝ တံ နလဘန္တိ၊—ဝိမတိ။]

မှတ်ချက်။ ။ဩဒိဿ အနုညာတံနောက်၌ “ကသ္မာ”ဟု စာအုပ်တို့၌ တွေ့ရ၏၊ နောက်၌ ဟိသဒ္ဒါ တသ္မာ သဒ္ဒါပါသောကြောင့် ကသ္မာမပါသော်လည်း ထည့်၍ပေးနိုင် ပါသည်၊ ထို ကသ္မာသည် စာနေမကောင်းပါ။

[ပါဠိတော်၌လာသော ၅ ပါးတို့တွင်"ဩဓောဇနံ"ကို ဖွင့်ပြပြီး၍"ဘတ္တံ" ကို ဖွင့်ပြလိုသောကြောင့်"ဘတ္တံတိ"စသည်ကို မိန့်။] ဘတ္တန္တိ-ကား၊ အာဂတာ ဂတေဟိ-လာကုန် လာကုန်သော ရဟန်းတို့သည်၊ ဝုဍ္ဎပဋိပါဋိယာ-ကြီးသူတို့၏ အစဉ်အားဖြင့်၊ ဂဟေတွာ-၍၊ ဂန္တဗ္ဗံ-သွားထိုက်သော၊ ဝိဟာရေ-ကျောင်း၌၊ သံဃဿ- ၏၊ စတုဿာလဘတ္တံ - ဆွမ်းစားကျောင်း၌ အစဉ်အတိုင်းပေးအပ်သော ဘတ်ကိုဋ္ဌင်း၊ (အနုဇာနာမိ - ၌စပ်၊) ဧတံ — ဤ စတုဿာလဘတ်ကို၊ ယထာဝုဍ္ဎံ—အကြင် အကြင် ကြီးသူတို့အတိုင်း၊ (ကြီးစဉ်ငယ်လိုက်)၊ လဘတိ— ရ၏၊ ပန - ထိုသို့ပင် ကြီးစဉ်ငယ်လိုက် ရနိုင်ပါသော်လည်း၊ ပါဠိယာ - အစဉ် အားဖြင့်၊ (ပါရိဝါသိကော- သည်၊) ဂန္တုံ၊ ဝါ- သွားခြင်းငှါဋ္ဌင်း၊ ဌာတုံ ဝါ— ရပ်ခြင်းငှါဋ္ဌင်း၊ န လဘတိ၊ [ပါရိဝါသိကရဟန်းသည် ၅ ဝါရသော ရဟန်း ဖြစ်လျှင် ၅ ဝါဒ‌ေစဉ်၌ပါဝင်၍ လိုက်ခွင့်, ရပ်ခွင့်ကိုမရ၊] တသ္မာ — ကြောင့်၊ (ထိုသို့ အစဉ်အားဖြင့် သွားခြင်း, ရပ်ခြင်းကို မရသည်၏အဖြစ်ကြောင့်၊) ပါဠိ ဘော—အစဉ်မှ၊ ဩသက္ကိတွာ -ဘေးသို့ဖဲ၍၊ ဟတ္ထပါသေ-ဟတ္ထပါသ်၌၊ ဌိတေ န-တည်လျက်၊ ဟတ္ထံ-လက်ကို၊ ပသာရေတွာ—ဆန့်တန်း၍၊ သေနော-သိန်းစွန် သည်၊ နိပတိတွာ- ရုတ်တရက် ကျရောက်၍၊ ဂဏှာတိယထာ-ယူသွားသကဲ့သို့၊ ဧဝံ- တူ၊ ဂဏှိတဗ္ဗံ — ယူရာ၏။

အာရာမိက သမဏုဒ္ဒေသေဟိ—အာရာမ်စောင့် သာမဏေတို့ကို၊ အာဟာရာ ပေတုံ-ဆောင်ယူစေခြင်းငှါ၊ န လဘတိ၊(အာရာမိကသမဏုဒ္ဒေသာ-တို့သည်၊) သယမေဝ-မိမိတို့ ကိုယ်တိုင်သာလျှင်၊ (မခိုင်းဘဲသာလျှင်၊) သစေ အာဟရန္တိ- အကယ်၍ ဆောင်ယူ ပေးကုန်အံ့၊ (ဧဝံသတိ)၊ ဝဋ္ဋတိ-အပ်၏၊ ရညော-မင်း၏၊

× × × × × × ×

စတုဿာလဘတ္တံ။ ။စတုဿာလဘတ္တန္တိ ဘောဇနသာလာယံ ပဋိပါဋိယာ ဒိယျမာနဘတ္တံ – ဆွမ်းစားကျောင်း၌ လာလာသမျှ အစဉ်အတိုင်းပေးအပ်သော ဆွမ်း ကို၊–(ဋီကာ)၊ထိုဆွမ်းစားကျောင်းသည် ၄ ဘက်ပတ်လည်ဆက်နေသော တန်းလျား ရှည်ဖြစ်သောကြောင့်"စတုဿာလ"ဟု ခေါ်၏၊ ["ဤကျောင်းမျိုးသည် အခန်းတရာ ရှိစေကာမူ ဧကူပစာရဖြစ်၏ "ဟု သဟာသေယျသိက္ခာပုဒ် အဋ္ဌကထာ၌ ဆိုခဲ့သည်။] ယောဇနာ၌ကား– "စတုမုခါ+ သာလာ စတုဿာလာ–မုခ် ၄ ခုရှိသောကျောင်း"ဟု ဖွင့်လေသည်၊ ထိုအဖွင့်ကို "စတုဿာလန္တိ စတူသု ဒိသာသု သမ္ဗန္ဓသာလံ "ဟူသော နိမိဇာတက-စရိယာပိဋက အဋ္ဌကထာဖြင့် စဉ်းစားပါ။

ဟတ္ထပါသေ၊ပေ၊ဂဏှိတဗ္ဗံ။ ။ "ဟတ္ထပါသ် " ဟူရာ၌ ဆွမ်းလောင်းနေသူ၏ ဟတ္ထပါသ်တည်း၊"မိမိကခံယူသောအခါ အကပ်မြောက်လောက်သောနေရာ"ဟု ဆိုလို သည်၊ ပရိဝါသ်နေသောရဟန်းသည် သံဃာအစဉ်အတန်း၌ လိုက်၍လည်း မသွားရ, ရပ်၍လည်း မနေရဘဲ, ဆွမ်းလောင်းသူ၏ ဟတ္ထပါသ်၌ ဘေးကရပ်၍ စောင့်နေပါ၊ မိမိ အလှည့်ရောက်သောအခါ သိမ်းစွန်သည် ကဗျာကရာ သုတ်ယူသွားသကဲ့သို့ ချက်ခြင်း ဝင်၍ ခံယူပါ– ဟူလို။ ၉ ၉ ၃ ၁

မဟာပေဠဘတ္တေပိ– ဆွမ်းတောင်းကြီးဝယ် ထည့်၍လှူအပ်သောဆွမ်း၌လည်း၊ ဧသေဝနယော၊ ပန-ဆက်၊ စတုဿာသဘတ္တေ-၌၊ ဩဏောဇန်-စွန့်လွှတ်ခြင်းကို၊ ကတ္တုကာမော– ပြုလိုသည်၊ သစေ ဟောတိ၊ (ဧဝံသတိ)၊ အတ္တနော-၏၊ အတ္ထာယ- ၄ါ၊ ပိဏ္ဍော– ဆွမ်းကို၊ ဥက္ခိတ္တော– မြှောက်အပ်သော်၊ အဇ္ဇ-ယနေ့၊ မေ–တပည့်တော်၏၊ ဘတ္တံ-ဆွမ်းသည်၊ အတ္ထိ-ရှိပါ၏၊ သွေ–နက်ဖန်၌၊ ဂဏှိဿာမိ- ယူပါအံ့၊ ဣတိ- သို့၊ ဝတ္တဗ္ဗံ-ပြောဆိုရာ၏၊ ပုနဒိဝသေ-၌၊ ဒွေ ပိဏ္ဍေ-ဆွမ်း ၂ ခဲတို့ကို၊ (၂ ပါးစာဝေစုတို့ကို)၊ လဘတိ-ရ၏၊ ဣတိ မဟာပစ္စရိယံ ဝုတ္တံ။

ဥဒ္ဒေသဘတ္တာဒီနိပိ – ဥဒ္ဒေသဘတ် အစရှိသည်တို့ကိုလည်း၊ ပါဠိတော– သံယာအစဉ်မှ၊ ဩသက္ကိတွာဝ- ဘေးသို့ ဖဲ၍သာလျှင်၊ ဂဟေတဗ္ဗာနိ- ကုန်၏၊ ပန-ဆက်၊ ယတ္ထ-အကြင်နေရာ၌၊ နိသီဒါပေတွာ-ထိုင်စေ၍၊ ပရိဝိသန္တိ–ဆွမ်းလုပ်ကျွေးကြကုန်၏၊ တတ္ထ- ထိုနေရာ၌၊ (ပါရိဝါသိကေန- သည်၊) သာမဏေရာနံ-တို့၏၊ ဇေဋ္ဌကေန-အကြီးအကဲသည်ရှင်း၊ ဘိက္ခူနံ-တို့၏၊ သံဃနဝကေန-သည်ရှင်း၊ ဟုတွာ, နိသီဒိတဗ္ဗံ။

ဣဒါနိ-၌၊ (“ပဥ္စ ယထာဝုၑံ”ကို ပြပြီးရာ ယခုအခါ၌၊) ယာ အယံ သမ္မာဝတ္တနာ–အကြင် သမ္မာဝတ္တနာကို၊ (ဘဂဝတာ) ဝုတ္တာ-ပြီ၊ တတ္ထ—ထို သမ္မာဝတ္တနာ၌၊ န ဥပသမ္ပာဒေတဗ္ဗန္တိ- ကား၊ ဥပဇ္ဈာယေန - သည်၊ ဟုတွာ, န ဥပသမ္ပာဒေတဗ္ဗံ - မြင့်မြတ်သော ရဟန်းအဖြစ်သို့ မရောက်စေထိုက်၊ (ရဟန်းမပြုပေးထိုက်၊) ပန– အန္တယကား၊ ဝတ္တံ- ပရိဝါသ်ကို၊ နိက္ခိပိတွာ - ချပြီး၍၊ ဥပသမ္ပာဒေတုံ-၄ါ၊ ဝဋ္ဋတိ-အပ်၏၊ (ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးခြင်းငှါအပ်၏၊) အာစရိယေန- ကမ္မဝါစာဆရာသည်၊ ဟုတွာပိ-ဖြစ်၍လည်း၊ ကမ္မဝါစာ-ကမ္မဝါစာကို န သာဝေတဗ္ဗာ-မကြားသိစေထိုက်၊ (ကမ္မဝါစာဆရာလည်း မလုပ်ထိုက်၊) [ကမ္မဝါစာဆရာလည်း ဥပသမ္ပာဒကဖြစ်သောကြောင့် “န ဥပသမ္ပာဒေတဗ္ဗံ” အရ၌ သွင်းယူသည်။ ၂ အညသ္မိံ – ပါရိဝါသိကရဟန်းမှ တပါးသော အခြားဆရာသည်၊ အသတိ-မရှိလသော်၊ ဝတ္တံ-ကို၊ နိက္ခိပိတွာ-၍၊ သာဝေတုံ-ကြားသိစေခြင်းငှါ၊ (ကမ္မဝါစာဆရာ လုပ်ခြင်းငှါ၊) ဝဋ္ဋတိ - အပ်၏၊ န နိဿယောတိ– ကား၊ အာဂန္တုကာနံ - အာဂန္တုကရဟန်းတို့အား၊ နိဿယော– နိဿယည်းကို၊ န ဒါတဗ္ဗော - မပေးထိုက်၊ ယေဟိပိ - အကြင် ရဟန်းတို့သည်လည်း၊ ပကတိယာဝ-ပင်ကိုယ်အားဖြင့်ပင်၊ နိဿယော-ကို၊ ဂဟိတော-ယူအပ်

× × × × × × ×

မဟာပေဠဘတ္တေ။ ။မဟာပေဠဘတ္တေပီတိ မဟာန္တေသု ဘတ္တပစ္ဆိအာဒိဘာဇနေသု ထပေတွာ ဒိယျမာနဘတ္တေသုပိ၊– (ဝိမတိ)၊ ဤ ဝိမတိအလို “မဟာပေဠဘတ္တေသုပိ”ဟု ရှိရလိမ့်မည်၊ “ပေဠ”ကို ရှေးက “ပေဠိ”ဟုရှင်း “ပဋ္ဌုတ်”ဟုရှင်း ခေါ်ကြ၏၊ ဆွမ်းထည့်ဘို့ရန်တောင်းကြီးပင်တည်း၊ မင်းကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ဆိုထားသည်၊ အရပ်သားဒါယကာတို့ ဆွမ်းလောင်းရာ၌လည်း နည်းတူ။

ပြီ၊ တေ - ထို နိဿယည်းယူထားသော ရဟန်းတို့ကို၊ ဝတ္တဗ္ဗာ-ပြောဆိုက်ကုန်၏၊ (ကိံ - အဘယ်သို့ ပြောထိုက်ကုန်သနည်း၊) အဟံ - ငါသည်၊ ဝိနယကမ္မံ-ဝိနည်းကံကို၊ ကရောမိ—ပြုနေ၏၊ အသုကတ္ထေရဿနာမ-ထိုမည်သောထေရ်၏၊ သန္တိကေ - အထံ၌၊ နိဿယံ - ကို၊ ဂဏှထ - ယူကြကုန်၊ မယှံ - ငါ၏အတွက်၊ ဝတ္တံ-ဝတ်ကြီး ဝတ်ငယ်ကို၊ မာ ကရောထ - မပြုကြကုန်လင့်၊ မံ- ငါ့ကို၊ ဝါမပ္ပုဝေသနံ - ကို၊ မာ အာပုစ္ဆထ - နိလင့်၊ ဣတိ- သို့၊ (ဝတ္တဗ္ဗာ- နိ၏၊) စေ-သို့၊ ဝုတ္တေပိ-ပြောအပ်ပါသော်လည်း၊ သစေ ကရောန္တိယေဝ-အကယ်၍ ပြုမြဲပြုကုန်အံ့၊ (ဧဝံသတိ)၊ ဝါရိတကာလတော-တားမြစ်အပ်ပြီးရာ အခါမှ၊ ပဋ္ဌာယ-၍၊ ကရောန္တေသုပိ — ပြုပါကုန်သော်လည်း၊ [ဤပုဒ် ဗိုဟန်တူ၏၊ ရှေ့ ဥပဋ္ဌာယ်အခဏ်း၌ မပါခဲ့။] အနာပတ္တိ—အနာပတ် သည်၊ (ဟောတိ)။

န သာမဏေရော်တိ-ကား၊ အညော—အခြားသော၊ သာမဏေရော-ကို၊ န ဂဟေတဗ္ဗော — မယူထိုက်၊ [နဂ္ဂိရက ဥပဋ္ဌာယ်ပေးထားသော သာမဏေတို့မှ အခြားသောသာမဏေတို့ကို မိမိအား ပြုစုလုပ်ကျွေးဘို့ရန် ဥပဋ္ဌာယ်ပေးသော အားဖြင့် မယူထိုက်— ဟူလို။] ဥပဋ္ဌံ- ဥပဋ္ဌာယ်ကို၊ ဒတ္တွာ — ပေးပြီး၍၊ ဂဟိတ သာမဏေရာပိ — ယူအပ်ပြီးသော သာမဏေတို့ကိုလည်း၊ (ပကတတ် အဖြစ် တုန်းက ဥပဋ္ဌာယ်ပေး၍ ယူအပ်ပြီးသောသာမဏေများကိုဆိုသည်၊) ဝတ္တဗ္ဗာ-နိ၏၊ (ကိံ)အဟံ၊ပေ၊အနာပတ္တိ (ဟောတိ)။[အနက်ကို ရှေးအတိုင်းပေးပါ၊]

["န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော"ကို ဖွင့်ပြပြီး၍ "န ဘိက္ခုနောဝါဒက သမ္မုတိ သာဒိတဗ္ဗာ " ကို ဖွင့်ပြလိုသောကြောင့် " ဘိက္ခုနောဝါဒက သမ္မုတိ နာမ" စသည်ကို မိန့်။] ဘိက္ခုနောဝါဒကသမ္မုတိ နာမ — ဘိက္ခုနောဝါဒက သမ္မုတိမည်သည်၊ အာဓိပစ္စဋ္ဌာနဘူတာ — အကြီးအကဲအဖြစ်၏ တည်ရာဖြစ်၍ ဖြစ်၏၊ ဣတိ- ကြောင့်၊ (ဘဂဝတာ) ပဋိက္ခိတ္တာ - ပယ်မြစ်တော်မူအပ်ပြီ၊ [အဓိပတိနော+ ဘာဝေါ အာဓိပစ္စံ၊ အာဓိပစ္စဿ+ ဌာနံ အာဓိပစ္စဋ္ဌာနံ။] တသ္မာ—ကြောင့်၊ (ထိုသို့ အာဓိပစ္စဋ္ဌာန ဖြစ်သည့်အတွက် ပယ်မြင်တော်မူအပ်သည်၏ အဖြစ်ကြောင့်၊) ဘိက္ခုသံဃဿ—ရဟန်းသံဃာအား၊ ဝတ္တမ္ပိ— လျှောက်ရာ၏၊ (ကိံ)၊ ဘန္တေ အဟံ ဝိနယကမ္မံ ကရောမိ၊ ဘိက္ခုနောဝါဒကံ — ဘိက္ခုနောဝါဒကရဟန်းကို၊ ဇာနာထ — သိကြပါကုန်၊ ဣတိ (ဝတ္တမ္ဗံ)၊ ဝါ- သို့မဟုတ်၊ ပဋိဗလဿ-စွမ်းနိုင်သော၊ ဘိက္ခုဿ— ရဟန်းတပါး၏၊ ဘာရော- တာဝန်ကို၊

× × × × × × ×

ပဋိဗလဿ။ ။သမ္မုတိ ရထားသောမိမိက မိမိအစား ဘိက္ခုနီတို့ကို ဩဝါဒပေးနိုင်သော ရဟန်းတပါးအား တာဝန်ပေးထားလျှင် ထိုရဟန်းက ဂရုဓမ် ဩဝါဒဖြင့်၎င်း, အခြားတရားတို့ဖြင့်၎င်း, ဩဝါဒပေးနိုင်သောကြောင့် " ပဋိဗလဿ၊ပေ၊ကာတဗ္ဗော " ဟု ဆိုသည်။ [လဒ္ဓသမ္မုတိကေန အာဏတ္တောပိ ဂရုဓမ္မေဟိ အညေဟိ ဝါ ဩဝဒိတုံ လဘတီတိ အာဟ ပဋိဗလဿ ဝါ၊ပေ၊ကာတဗ္ဗောတိ၊— (ဋီကာ)]

ကာတဗ္ဗော-ပြုထိုက်၏၊ အာဂတာ—မိမိအထံသို့လာကုန်သော၊ ဘိက္ခုနိယော-ရဟန်းမတို့ကို၊ ("ဝတ္တဗ္ဗာ"ဟူ၍စပ်၊) သံဃသန္တိကံ-သံဃာ၏အထံသို့၊ ဂစ္ဆထ—သွားကြကုန်၊ သံဃော—သည်၊ ဝေါ—သင်တို့အား၊ ဩဝါဒဒါယကံ—ဩဝါဒပေးမည့်ရဟန်းကို၊ ဇာနိဿတိ—သိလတ္တံ့၊ ဣတိဝါ—ဤသို့သော်၎င်း၊ ["တသ္မာ ဘိက္ခုသံဃဿ ဝတ္တမ္ပိ၊ပေ၊ဇာနာထ" ဟု လျှောက်ခဲ့သောစကားကို ရည်ရွယ်၍ ဤစကားကို ဆိုသည်။] အဟံ ဝိနယကမ္မံ ကရောမိ၊ အသုကာဘိက္ခုဿ နာမ —ထိုမည်သော ရဟန်း၏၊ (မိမိကိုယ်စား , လွှဲထားအပ်သော ပဋိဗလရဟန်းကို ဆိုသည်၊) သန္တိကံ- သို့၊ ဂစ္ဆထ- နှ်၊ သော— ထိုရဟန်းသည်၊ ဝေါ- တို့အား၊ ဩဝါဒံ, ဒဿတိ— ပေးလတ္တံ့၊ ဣတိဝါ— ဤသို့သော်၎င်း၊ ဝတ္တဗ္ဗာ— ပြောဆိုထိုက်ကုန်၏။

သာ အာပတ္တိံတိ-ကား၊ သုက္ကဝိသဋ္ဌိယာ - သုက္ကဝိသဋ္ဌိအာပတ်ကြောင့်၊ ပရိဝါသေ-ကို၊ ဒိန္နေ-ပေးအပ်ပြီးသော်၊ သုက္ကဂိသဋ္ဌိ- သုက္ကဝိသဋ္ဌိအာပတ်သို့၊ နာပဇ္ဇိတဗ္ဗာ-မရောက်ထိုက်၊ အညာဝါ တာဒိသိကာဘိ-ကား၊ ကာယ၊ပေ၊ဂရုကာပတ္တိ— ကာယသံသဂ္ဂ အစရှိသော ဂရုကအာပတ်သို့၊ ("နာပဇ္ဇိတဗ္ဗာ-မရောက်ထိုက်"ဟူ၍စပ်၊) တတော ဝါ ပါပိဋ္ဌတရာတိ—ကား၊ ပါရာဇိကာပတ္တိ - ပါရာဇိကအာပတ်သို့၊ (နာပဇ္ဇိတဗ္ဗာ)၊ ဟိ-ချဲ့၊ သတ္တသု-ခုနစ်ပါးကုန်သော၊ အာပတ္တိသု-တို့တွင်၊ ဒုဗ္ဘာသိတာပတ္တိ— ဒုဗ္ဘာသိတအာပတ်သည်၊ ပါပိဋ္ဌာ— အထူးသဖြင့်ယုတ်ညံ့၏၊ ဒုက္ကဋာပတ္တိ-ဒုက္ကဋ်အာပတ်သည်၊ ပါပိဋ္ဌတရာ-သာ၍ အထူးသဖြင့်ယုတ်ညံ့၏၊ ဒုက္ကဋာပတ္တိ-သည်၊ ပါပိဋ္ဌာ-၏၊ ပါဋိဒေသနီယာပတ္တိ-ပါဋိဒေသနီယ အာပတ်သည်၊ ပါပိဋ္ဌတရာ-၏၊ ဣတိဧဝံ-သို့၊ ပါစိတ္တိယ ထုလ္လစ္စယ သံဃာဒိသေသ ပါရာဇိကာပတ္တိသု — ပါစိတ္တိယအာပတ် , ထုလ္လစ္စည်းအာပတ် , သံဃာဒိသေသ် အာပတ် , ပါရာဇိကအာပတ်တို့၌၊ နယော - နည်းကို၊ နေတဗ္ဗော —ဆောင်ထိုက်၏၊ ["ပါဋိဒေသနီယာပတ္တိ ပါပိဋ္ဌာ, ပါစိတ္တိယာပတ္တိ ပါပိဋ္ဌတရာ" စသည်ဖြင့် သိပါ။] တာသံ—ထို အာပတ်တို့၏၊ ဝတ္ထူသုပိ- ဝတ္ထုတို့တွင်လည်း၊ ဒုဗ္ဘာသိတဝတ္ထု—ဒုဗ္ဘာသိတအာပတ်၏ ဝတ္ထုသည်၊ ပါပိဋ္ဌံ-၏၊ ဒုက္ကဋဝတ္ထု-ဒုက္ကဋ်အာပတ်၏ ဝတ္ထုသည်၊ ပါပိဋ္ဌတရံ- ၏၊ ဣတိ- သို့၊ ပုရိမနယေနေဝ-ရှေနည်းဖြင့်ပင်၊ ဘေဒေါ-အထူးအပြားကို၊ ဝေဒိတဗ္ဗော—သိထိုက်၏၊ ပန-ဆက်၊ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပဒေ - ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်၌၊ ဝတ္ထုပိ - ဝတ္ထုသည်၎င်း၊ အာပတ္တိပိ-အာပတ်သည်၎င်း၊ ပါပိဋ္ဌာ-၏၊ လောကဝဇ္ဇေ-လောကဝဇ္ဇသိက္ခာပုဒ်၌၊ ဥဘယမ္ပိ—ဝတ္ထု, အာပတ် နှစ်ပါးစုံသည်လည်း၊ ပါပိဋ္ဌတရံ-၏။

× × × × × × ×

ပါပိဋ္ဌတရာတိ ပါရာဇိကာပတ္တိ။ ၊ပါပိဋ္ဌတရာတိ ပါရာဇိကာပတ္တိတိ ဥက္ကံသဝသေန ဝုတ္တံ၊ သဉ္စရိတ္တာဒိပဏ္ဏတ္တိဝဇ္ဇတော ပန သုက္ကဝိသဋ္ဌာဒိကာ လောကဝဇ္ဇာဝ ပါပိဋ္ဌတရာ၊ တတ္ထာပိ သံဃဘေဒါဒိကာ ပါပိဋ္ဌတရာ ဝေ၊— ဝိမတိ။

ပရိဝါသ ကမ္မဝါစာ-ပရိဝါသ် ကမ္မဝါစာ ကို၊ (ပရိဝါသ်ပေးကြောင်း ကမ္မဝါစာကို၊) ကမ္မန္တိ-ကမ္မံဟူ၍၊ ဝုစ္စတိ-၏၊ တံကမ္မံ - ထိုကံကို၊ အကတံ ဒုက္ကဋန္တိ အာဒိဟိ - အကတံ ဒုက္ကဋံ အစရှိကုန်သော၊ (ဝစနေဟိ) ဝါ - စကားတို့ဖြင့် သော်၎င်း၊ [အကတံ - မပြုအပ်၊ ဒုက္ကဋံ- မကောင်းသဖြင့် ပြုအပ်၏။] ဣဒံ ကမ္မံ နာမ- ဤကံမည်သည်၊ ကိံ- အဘယ်ကံနည်း၊ ကသိကမ္မံ-ကသိကံလော၊ (လယ်လုပ်မှုလော၊) ဂေါရက္ခကမ္မံ- ဂေါရက္ခကံလော၊ (နွားကျောင်းမှုလော၊) ဣတိ အာဒိဟိ—ဤသို့အစရှိကုန်သော၊ ဝစနေဟိဝါ-တို့ဖြင့်သော်၎င်း၊ န ဂရဟိတဗ္ဗံ-မကဲ့ရဲ့ထိုက်၊ ယေဟိ ဘိက္ခူဟိ-တို့သည်၊ ကမ္မံ — ပရိဝါသ် ကံကို၊ ကတံ-ပြုအပ်ပြီ၊ တေ- ထိုကံပြုသော ရဟန်းတို့ကို၊ ကမ္မိကာဘိ- ကမ္မိကတို့ ဟူ၍၊ ဝုစ္စန္တိ - နှ၏။ ဘေ-ထိုကံပြုသောရဟန်းတို့ကို၊ ဗာလာ အဗျတ္တာတိ အာဒိဟိ-ဗာလာအဗျတ္တာ အစရှိကုန်သော၊ ဝစနေဟိ-တို့ဖြင့်၊ န ဂရဟိတဗ္ဗာ-မကဲ့ရဲ့ထိုက်ကုန်။

န သဝစနီယံ ကာတဗ္ဗံတိ-ကား၊ ပလိဗောဓတ္ထာယဝါ-တားမြစ်နှောင့်ရှက်ခြင်း အကျိုးငှါသော်၎င်း၊ ပက္ကောသနတ္ထာယဝါ-ခေါ်ခြင်းအကျိုးငှါသော်၎င်း၊ သဝစနီယံ - ပြောဆိုကြောင်း အပြစ် ရှိသည်ကို၊ (တနည်း) သဝစနီယံ-မိမိစကား၌ ဖြစ်စေတတ်သော ကံကို၊ န ကာတဗ္ဗံ-မပြုထိုက်၊ ဟိ-ချဲ့၊ ပလိဗောဓတ္ထာယ-ငှါ၊ ကရောန္တော-ပြုလသော်၊ ဝါ-ပြုသော ပုဂ္ဂိုလ်သည်၊ (ကရောတိ-၌စပ်၊) အဟံ- တပည့်တော်သည်၊ အာယသ္မန္တံ—အရှင့်ကို၊ ဣမသ္မိံ ဝတ္ထုသ္မိံ-ဤဝတ္ထု ကြောင့်၊ သဝစနီယံ-ကို၊ ကရောမိ-ပြုပါ၏၊ ယာဝ-လောက်၊ တံ အဓိကရဏံ-

× × × × × × ×

ကမ္မန္တိ ပရိဝါသကမ္မဝါစာ။ ။“ကမ္မဘူတာ—ကံပြုကြောင်းဖြစ်၍ ဖြစ်သော၊ ဝါစာ-စကားတည်း၊ ကမ္မဝါစာ- ကံပြုကြောင်း ဖြစ်သော စကား”၊ ဤသို့ ကမ္မနှင့် ဝါစာကို အရတူ ကမ္မဓာရည်း ပြုလိုက်လျှင် ကမ္မံ အရလည်း ကမ္မဝါစာကိုပင် ရ၏၊ ထို့ကြောင့်“ကမ္မန္တိ ပရိဝါသကမ္မဝါစာ ဝုစ္စတိ” ဟု မိန့်သည်။ [ကမ္မန္တိ ပါရိဝါသကမ္မဝါစာတိ ဧတေန ကမ္မဘူတာ ဝါစာတိ ကမ္မဝါစာသဒ္ဒဿ အတ္ထောပိ (အနက်ဖြစ်သော ကံသည်လည်း) သိဒ္ဓေါတိ ဝေဒိတဗ္ဗော၊— (ဝိမတိ၊)]

သဝစနီယံ (သဝစနီယံ)။ ။“သဒေါသံ”ဟု သာရတ္ထဖွင့်၏၊ ယောဇနာ၌“ဝစိတဗ္ဗံ အနေန ဒေါသေနာတိ ဝစနီယံ (ပြောဆိုကြောင်း အပြစ်)၊ သံဝိဇ္ဇတိ ဝစနီယံ အဿာတိ သဝစနီယံ (ပြောဆိုကြောင်း အပြစ်ရှိသော ကံ) ”ဟု ဝိဂ္ဂဟပြု၏၊ သို့သော် “အပြစ်ရှိ”ဟူသည် ပုဂ္ဂိုလ်နှင့်သာ ဆိုင်၏၊ ကံနှင့် မဆိုင်၊ ထို့ကြောင့် သာရတ္ထဖွင့်ပုံကို မနှစ်သက်၍ ဝိမတိ၌ တမျိုးကြံလေသည်။

ဝိမတိ ။ ။ သဝစနီယံတိ ဧတ္ထ သဒေါသံတိ အတ္ထံ ဝဒတိ၊ (သာရတ္ထဆို၏)၊ အတ္တနော ဝစနေ ပဝတ္တနကမ္မံတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော— “မိမိ၏စကား၌ ဖြစ်စေကြောင်း ကံ”ဟုသာ ဤနေရာ၌ အနက်မှတ်ထိုက်၏၊ [သကို “ အတ္တနော ”ဟု၎င်း, ဝစနီယကို “ဝစနေ ပဝတ္တန ကမ္မံ”ဟု ဖွင့်သည်၊ ဝစနေ+ပဝတ္တနံ ဝစနီယံ၊ သဿ+

ထိုအဓိပ္ပာယ်ရကြောင်းသည်၊ ဝုပသန္တံ-ငြိမ်းအေးသည်၊ နဟောတိ-မဖြစ်သေး၊(တာဝ-
လောက်၊) ဣမမှာ အာဝါသာ-ဤကျောင်းတိုက်မှ၊ ကေပဒိပိ-တလှမ်းမျှလည်း၊
ပာပက္ကမိ-မဖဲသွားပါလင့်၊ ဣတိ ဝံ-သို့၊ ဟာရေတိ- ပြု၏၊ ပက္ကောသနတ္ထာယ-
ငှါ၊ ကရောန္တော-သော်၊ ဝါ-သည်၊ အဟံ,တေ-အရှင်၏အပေါ်၌၊သဝစနီယံ-
ကို၊ ကရောမိ၊ ဧဟိ - လိုက်ခဲ့ပါလော၊ မယာ - ငါပည့်တော်နှင့်၊ သဒ္ဓိံ-အတူ၊
ဝိနယဓရာနံ - ဝိနည်းဓိုရ် ပုဂ္ဂိုလ်တို့၏၊ သမ္မုခီဘာဝံ - မျက်မှောက်၏ အဖြစ်သို့၊
ဂစ္ဆာမ - သွားကြပါစို့၊ ဣတိ ဧဝံ ကရောတိ၊ ဥဒ္ဒာဘယမ္ပိ - ထိုနှစ်ပါးစုံသော
သဝစနီယကိုလည်း၊ န ကာတဗ္ဗံ။

န အနုဝါဒေါ်တိ-ကား၊ ဝိဟာရေ-ကျောင်းတိုက်၌၊ ဇေဋ္ဌကဋ္ဌာနံ - အကြီး
အကဲတို့၏ တည်ရာအလုပ်ကို၊ ဝါ-ပဓာနဖြစ်သော အလုပ်ကို၊ န ကာတဗ္ဗံ-မပြု
ထိုက်၊ ပါတိမောက္ခုဒ္ဒေသကေန ဝါ-ပါတိမောက် ရွတ်ပြတတ်သော ရဟန်းသည်
သော်၎င်း၊ ဓမ္မဇ္ဈေသကေန ဝါ – တရားဟောဘို့ရန် တိုက်တွန်းတတ်သော
ရဟန်းသည်သော်၎င်း၊ န ဘဝိတဗ္ဗံ-မဖြစ်ထိုက်၊ တေရသသု-တဆယ့်သုံးပါးကုန်

× × × × × × ×

ဝစနီယံ သဝစနီယံ" ဟု ပြုပါ၊ "ခြေတလှမ်းမျှ မဖဲသွားပါနှင့်" ဟု၎င်း, "ဝိနည်းဓိုရ်
တို့၏ အထံသို့ လိုက်ခဲ့ပါ"ဟု၎င်း ဆိုအပ်သော မိမိ စကားကို လိုက်နာစေကြောင်း ကံ-
ဟု ဆိုလိုသည်၊ ပဝတ္တန အနက်၌ ဏှယပစ္စည်းဖြစ်၍ "သဝစနီယံ" ဟု ရသရှိပါစေ၊
ဝေဋ္ဌိ ကေနစိ သဝစနီယေ ကတေ (ဤသို့ တစုံတယောက်က သဝစနီယကံကို ပြုအပ်
သော်)၊ အနာဒရေန အတိက္ကမိတုံ န ဝဋ္ဋတိ (မလေးစားသောအားဖြင့် လွန်ကျူးခြင်း
ငှါ မအပ်၊) ဗုဒ္ဓသ သံဃဿ အာဏာ အတိက္ကန္တာနာမ ဟောတိ (လွန်ကျူးသူသည်
ဘုရားနှင့် သံဃာတော်၏ အာဏာကို လွန်ကျူးအပ်ရာ ရောက်သည်။)

အနုဝါဒေါ်။ ။အနုရူပံ ဝဒတိ ဧတေနာတိ အနုဝါဒေါ်-လျော်စွာပြောဆိုကြောင်း
ဖြစ်သောအလုပ်၊ ဤဝိဂြိုဟ်အရ အကြီးအကဲ,ပဓာနဖြစ်သောပုဂ္ဂိုလ်၏ တည်ရာအလုပ်ကို
ရ၏၊ ထို့ကြောင့်"ဇေဋ္ဌကဋ္ဌာနံ"ဟု ဖွင့်သည်၊ (ယောဇနာ၌ကား- "အနုသာသန
ဝသေန အဉ္ဇေ ဝဒတီတိ အနုဝါဒေါ်"ဟု ပြုလေ၏၊ ဤအလို "ဝဒတိ"အရ ပုဂ္ဂိုလ်ရ
သောကြောင့် အဋ္ဌကထာ၌"ဇေဋ္ဌကဋ္ဌာနံ"ကို အရကောက်ခြင်းဖြင့် စဉ်းစားသင့်၏၊)
ထို"ဇေဋ္ဌကဋ္ဌာန"ကို ပြလိုသောကြောင့် "ပါတိမောက္ခုဒ္ဒေသကေန ဝါ, ဓမ္မဇ္ဈေသကေ
န ဝါ" ဟု မိန့်သည်။ [ဇေဋ္ဌကဋ္ဌာနံ နကာတဗ္ဗန္တိ ပဓာနဋ္ဌာနံ နကာတဗ္ဗံ၊ ကိံ တံတိ
အာဟ "ပါတိမောက္ခုဒ္ဒေသကေ ကနဝါ"တိအာဒိ၊-ဋီကာ။]

ပါတိမောက္ခုဒ္ဒေသကေန ဝါ။ ။ "ထေရာဓေယျံ ပါတိမောက္ခံ" နှင့်အညီ
ပါတိမောက်ရွတ်ပြရာ၌ ထေရ်ကြီးကိုယ်တိုင် ရွတ်ပြရသည်၊ ထေရ်ကြီးက မရွတ်နိုင်မှ
သူတပါးကို တိုက်တွန်းရသည်၊ တရားဟောဘို့ရန် တိုက်တွန်းရာ၌လည်း ထေရ်ကြီး
ဖြစ်သူက တိုက်တွန်းရ၏၊ ထို့ကြောင့် ပါတိမောက္ခုဒ္ဒေသက, ဓမ္မဇ္ဈေသက ပုဂ္ဂိုလ်တို့၏
တည်ရာအလုပ်ကို "ဇေဋ္ဌကဋ္ဌာန" ဟု ဆိုသည်၊ နောက်ဝါကျ၌လာသော "ဉာဿရိယ
ကမ္မ"လည်း အကြီးအကဲတို့၏ တည်ရာအလုပ်ပင်တည်း။

သော၊ သမ္မုတိသု - သမ္မုတိတို့တွင်၊ ဧကေ သမ္မုတိဝသေနာပိ - တပါးသော သမ္မုတိ၏ အစွမ်းဖြင့်လည်း၊ ဠာသရိယကမ္မံပိ—အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ အလုပ်ကိုလည်း၊ န ကာတဗ္ဗံ၊ [ဠာသရသ+ဘာဝေ ါဠာသရိယံ၊ ဠာသရိယံ ဧ တံ ကမ္မံစာတိ ဠာသရိယကမ္မံ။]

န ဩကာသောတိ-ကား၊ အာယသ္မာ-အရှင်သည်၊ မေ—တပည့်တော်အား၊ ဩကာသံ - ပြောဆိုခွင့်ကို၊ ကရောတု—ပြုပါလော၊ အဟံ- တပည့်ဘော်သည်၊ တံ-အရှင် ဘုရားကို၊ ဝတ္တုကာမော- ပြောဆိုခြင်းငှါ အလိုရှိပါ၏၊ ဠတိ ဧဝံ— ဤသို့၊ ပကာဘတ္တဿ — ပကာတတ် ရဟန်း၏ အပေါ်၌၊ ဩကာသော - ကို၊ န ကာရေတဗ္ဗော-မပြုစေထိုက်၊ ဝတ္ထ နာဝ ါ - ဝတ္ထုဖြင့် သော်၎င်း၊ အာပတ္တိယာ ဝါ—အာပတ်ဖြင့်သော်၎င်း၊ န စောဒေတဗ္ဗော - မစောဒနာသိုက်၊ အယံ - ဤ အပြစ်သည်၊ ပုဗ္ဗေ-ရှေး၌၊ တေ-အရှင်၏၊ ဒေါသော -အပြစ်တည်း၊ ဠတိ—သို့၊ န သာရေတဗ္ဗော-အပြစ်ကို အမှတ်မရစေထိုက်၊ န ဘိက္ခုဟိ သမ္ပယောဇေတဗ္ဗံ တိ-ကား၊ အညမညံ-ရဟန်းအချင်းချင်း၊ ယောဇေတွာ-ယှဉ်စေ၍၊ ကလဟော- ခိုက်ရန်ကို၊ န ကာရေတဗ္ဗော။

ပုရတောဘိ-ကား၊ သံဃတ္ထေရေန-သံဃထေရ်သည်၊ ဟုတွာ-၍၊ ပုရတော- ရှေ့၌၊ ဝါ-ရှေကာ၊ န ဂန္တဗ္ဗံ-မသွားရာ၊ ဒွါဒသဟတ္ထံ- ၁၂ တောင် ရှိသော၊ ဥပ စာရံ— ဥပစာကို၊ မုဉ္စိတွာ- လွတ်၍၊ ဧကေန- တပါးထည်းသည်၊ (ဟုတွာ)၊ ဂန္တဗ္ဗံ-သွားနိုင်၏၊(၁၂ တောင် ဝေးနေလျှင် ရှေကတပါးထည်း သွားနိုင်၏— ဟူလို၊)နိသီဒနေပိ-ထိုင်ခြင်း၌လည်း၊ ဧသေဝနယော၊ ဘတ္တဂ္ဂေ ါဒီသု-ဆွမ်းစား ကျောင်း အစရှိသော အရပ်တို့၌၊ သံဃနဝကာသနံ-သံဃနော ရဟန်း၏ နေရာ ကို၊ ဒႀသန ပရိယန္တေ ာတိ-အာသန ပရိယန္တေ ာဟူ၍၊(အစွန်ဆုံးနေရာဟူ၍၊) ဝုတ္တတိ၊ သော— ထို အစွန်ဆုံးနေရာကို၊ ဒဿ - ထို ပါရိဝါသိက ရဟန်းအား၊ ဒါတဗ္ဗော-ပေးထိုက်၏၊ တတ္ထ - ထို အစွန်ဆုံးနေရာ၌၊ နိသီဒိတဗ္ဗံ - ထိုင်ရာ၏၊ သေယျာပရိယန္တေ ာတိ-ကား၊ သေယျာနံ — အိပ်ရာနေရာတို့၏၊ ပရိယန္တေ ာ— အဆုံးဖြစ်သော၊ သဗ္ဗလာမကံ-အလုံးစုံသော အိပ်ရာတို့တွင် အညံ့ဆုံးဖြစ်သော၊ မဉ္စပီဌံ-ညောင်းစောင်းအင်းပျဉ်သည်၊(“ဟောတိ-ရှိ၏”၌စပ်၊)ဟိ-မှန်၊ အယံ- ဤပါရိဝါသိကရဟန်းသည်၊ ဝဿဂ္ဂေန - ဝါ၏ အပိုင်းအခြားအားဖြင့်၊ ဝါ- ဝါစဉ်အားဖြင့်၊ အတ္တနော-၏၊ ပတ္တဋ္ဌာနေ-ရောက်အပ်သော နေရာ၌၊ သေယျံ- အိပ်ရာနေရာကို၊ ဂဟေတုံ-ယူခြင်းငှါ၊ ဝါ-ယူခွင့်ကို၊ န လဘတိ၊ သဗ္ဗဘိက္ခုဟိ- အလုံးစုံသော ရဟန်းတို့သည်၊ ဝိစိနိတွာ - ရွေးချယ်၍၊ ဂဟိတာဝသေသာ- ယူအပ်ပြီးသော အိပ်ရာနေရာတို့မှ ကြွင်းသော၊ မင်္ဂုလဂ္ဂထဘရိတာ - ကြမ်းပိုး ချေးတို့ဖြင့်ပြည့်သော၊ဝေတ္တလတာဒိဝိနဒ္ဓါ-ကြိမ်,နွယ်အစရှိသည်ဖြင့် မြေးယှက် အပ်သော၊(ကြမ်းခင်းမည့်နေရာ၌ နွယ်, ကြိမ်စသည်တို့ကို အခင်းလုပ်၍ ဖွဲ့ကြက်

ယားအပ်သော၊) လာဓကသေယျာဝ -ညှံ့သော အိပ်ရာနေရာကိုသာ၊ အဿ— ထို ပါဠိဝါကရဟန်းအား၊ ဒါတဗ္ဗာ —၏၊ [ဝေအုပ်တို့၌ "အဿ" ဟု ရှိ၏၊ ဝါဿ(ဝ+အဿ)ဟု ရှိလျှင် ကောင်း၏။]

ဝိဟာရပရိယန္တေ ဘိ—ကား၊ သေယျာယထာ-အိပ်ရာ, နေရာကဲ့သို့၊ ဧဝံ— ဟူ၊ ဝသနအာဝါသောပိ-နေရာကျောင်းသည်လည်း၊ ဝဿဂ္ဂေန-ဖြင့်၊ အတ္တနော ပတ္တဗ္ဗာနေ, တဿ-ထို ပါဠိဝါသိကရဟန်းအား၊ န ဝဋ္ဋတိ-မအပ်၊ ပန—ဆက်၊ သမ္ဘတိက္ခုယဟိ-တို့သည်၊ ဝိစိနိတွာ-၍၊ ဂဟိတာဝသေသာ-သော၊ ရဇောဟတ ဘူမိ — မြူတို့သည် ဖျက်ဆီးအပ်သော မြေရှိသော၊ [မြူတို့ဖြင့် ရောပြွမ်းသော မြေရှိသော "ဖုန်ထူသော"ဟူလို၊ ပဏ္ဏသာလာ၏ ဝိသေသန၊] ဇတုက မူသိက ဘရိတာ-လင်းနို့,, ကြွက်တို့ဖြင့် ပြည့်သော၊ ပဏ္ဏသာလာဝ- သစ်ရွက်ကျောင်း ကိုသာ၊ အဿ,ဒါတဗ္ဗာ၊(ဤ၌လည်း"ဝါဿ' ရှိလျှင် ကောင်း၏၊)ပကတတ္တာ- ပကတတ်ဖြစ်ကုန်သော၊ သဗ္ဗေ - အလုံးစုံသော ရဟန်းတို့သည်၊ ရက္ခမူလိကာ (စ)-ရုက္ခမူဓုတင်ဆောင်တို့သည်ငှင်း၊ အဗ္ဘောကာသိကာစ- အဗ္ဘောကာသိက ဓုတင်ဆောင်တို့သည်ငှင်း၊ သစေ ဟောန္တိ-အံ့၊ ဆန္ဒ-အမိုးသို့၊ ဝါ-အမိုးရှိသော ကျောင်းသို့(သစေ) န ဥပေန္တိ-အကယ်၍ မကပ်ရောက်ကုန်အံ့၊ (ဧဝံ သတိ)၊ သဗ္ဗေပိ - အလုံးစုံသော ကျောင်းတို့သည်လည်း၊ ဧတေဟိ— ဤ ဓုတင်ဆောင် ပကာဘတ်ရဟန်းတို့သည်၊ ဝိသဋ္ဌာဝါသာ နာမ—စွန့်လွှတ်အပ်သော ကျောင်းတို့ မည်သည်၊ ဟောန္တိ၊ ဘေသု - ထို ကျောင်းတို့တွင်၊ ယံ — အကြင် ကျောင်းကို၊ ဣစ္ဆတိ-အလိုရှိ၏၊ တံ-ထိုအလိုရှိအပ်သော ကျောင်းကို၊ လဘတိ။

ဝဿူပနာယိကဒိဝသေ - ဝါကပ်ရာနေ့၌၊ ပစ္စယံ — ပစ္စည်းကို၊ (ဂဏှိတုံ ၌စပ်၊)ဧကပသေ-တခုသောဘေး၌၊ ဌတွာ-တည်၍၊ ဝဿဂ္ဂေန-ဖြင့်၊ ဂဏှိတုံ- ပါ၊ ဝါ-ယူခွင့်ကို၊ လဘတိ၊ သေနာသနံ-ကို၊ (ဂဏှိတုံ)၊ န လဘတိ၊["အညံ့ဆုံး အိပ်ရာနေရာကိုသာ ရခွင့်ရှိသောကြောင့် ကျောင်းတကျောင်းလုံးကို ယူခွင့်မရ" ဟူလို၊] နိဗဒ္ဓဝဿာဝါသိကံ-မြဲသော ဝဿာဝါသိကသင်္ကန်းရှိသော၊ (မိုးလ ပတ်လုံး နေခြင်းရှိသောရဟန်းတို့အားလှူထိုက်သော မြဲသောသင်္ကန်းရှိသော၊) သေနာသနံ- ကို၊ ဂဏှိတုကာမေန — ယူလိုသောရဟန်းသည်၊ ဝတ္တံ - ဝတ်ကို၊ နိက္ခိပိတွာ - ချပြီး၍၊ ဂဟေတဗ္ဗံ-ယူရာ၏။

× × × × × × ×

ပစ္စယံ ဧကပသေ ဌတွာ။ ။"ပစ္စည်း"ဟူသည် ဝါတွင်းနှင့်နေသော ရဟန်းတို့ အား ရထိုက်သော သင်္ကန်းစသော ပစ္စည်းတည်း။ [ပစ္စယန္တိ ဝဿာဝါသိကလာဘံ သန္ဓာယ ဝုတ္တံ၊-ဋီကာ၊] ထိုပစ္စည်းကို ယူသောအခါ ဝါစဉ်အား ဖြင့် ပစ္စည်းဝေရာသို့ လိုက်မသွားဘဲ သံဃာအတန်း၏ ဘေး၌ ရပ်၍နေပြီးလျှင် (ဋီကာ၌ကား "နောက်က လိုက်၍"ဟု ဆိုသည်၊) ဝါစဉ်အလှည့်ရောက်သောအခါ သွား၍ ယူခွင့်ရသည်-ဟူလို။

ဘေန စ သော သာဒိတဗ္ဗောတိ – ကား၊ အဿ – ထို ပါရိဝါသိကရဟန်းအား၊ ယံ အာသနာဒိပရိယန္တံ-အကြင် အစွန်ဆုံးနေရာ အစရှိသည်ကို၊ ဘိက္ခူ-ပကတတ် ရဟန်းတို့သည်၊ ဒေန္တိ – ပေးကြကုန်၏၊ (တေန – ထို ပါရိဝါသိက ရဟန်းသည်၊) သော စေဝ (အာသနာဒိ ပရိယန္တော) – ထို အစွန်ဆုံးနေရာ အစရှိသည်ကိုပင်၊ သာဒိတဗ္ဗော - သာယာသိုက်၏၊ ပုရေ သမဏေနဝါပစ္ဆာ သမဏေနဝါတိ- ကား၊ ဉာတိ ပဝါရိတဋ္ဌာနေ – ဆွေမျိုးတော်သူ, ဖိတ်မန်သူတို့၏ တည်ရာအရပ်၌၊ ဧတ္တကေ - ဤမျှ အတိုင်းအရှည်ရှိကုန်သော၊ ဘိက္ခူ – တို့ကို၊ ဂဟေတွာ-ပင့်ခေါ်၍၊ အာဂစ္ဆထ- လာခဲ့ပါကုန်၊ ဣတိ-သို့၊ နိမန္တိတေန - ပင့်ဖိတ်အပ်သော ပါရိဝါသိကရဟန်းသည်၊ (န ဂန္တဗ္ဗံ ဣစ္စပိ၊) ဘန္တေ– အရှင်ဘုရား၊ အသုကံနာမ–ထိုမည်သော၊ ကုလံ– အမျိုးသည်၊ ဘိက္ခူ-တို့ကို၊ နိမန္တေသိ-ပင့်ဖိတ်ပါ၏၊ ဧထ-ကြွပါကုန်၊ တတ္ထ- ထို အမျိုးအိမ်သို့၊ ဂစ္ဆာမ– သွားကြပါကုန်စို့၊ ဣတိဧဝံ- သို့၊ သံဝိဓာယ - ကောင်းစွာ စီစဉ်၍၊ ဝါ– ချိန်းချက်၍၊ ဘိက္ခူ-ပကတတ်ရဟန်းတို့ကို၊ ပုရေ သမဏေ ဝါ-ရှေ့သွားရဟန်းတို့ကိုသော်၎င်း၊ ("မိမိက နောက်လိုက်ပြု၍" ဟူလို၊)ပစ္ဆာသမဏေ ဝါ-နောက်လိုက်ရဟန်းတို့ကိုသော်၎င်း၊ ကတွာ-၍၊ ("မိမိက ရှေ့သွားပြု၍" ဟူလို၊) န ဂန္တဗ္ဗံ၊ ပန-အနွယ၊ ဘန္တေ-အရှင်ဘုရားတို့၊ အသုကသ္မိံ နာမ—ထိုမည်သော၊ ဂါမေ-ရွာ၌၊ မနုဿာ - တို့သည်၊ ဘိက္ခူနံ- တို့၏၊ အာဂမနံ- လာခြင်းကို၊ ဣစ္ဆန္တိ-အလိုရှိကြပါကုန်၏၊ ဘေသံ — ထိုလူတို့အား၊ ဝါ — တို့ကို၊ သင်္ဂဟံ - သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို၊ သစေ ကရေယျာထ — အကယ်၍ ပြုကုန်အံ့၊ (ဧဝံသတိ)၊ ဝတ-စင်စစ်၊သာဓု-ကောင်းသည်၊အဿ-ဖြစ်ရာပါ၏၊[အဿာတိ ဘဝေယျ၊-ဋီကာ၊] ဣတိ ဧဝံ-- သို့၊ ပရိယာယေန- ပရိယာယ်အားဖြင့်၊ ကထေတုံ-ပြောဆိုခြင်းငှါ၊ ဝဋ္ဋတိ - အပ်၏။

န အာရညိကင်္ဂန္တိ-ကား၊ အာဂတာဂတာနံ—ရောက်လာကုန်, ရောက်လာကုန်သော ရဟန်းတို့အား၊ အာရောစေတုံ - ပြောပြခြင်းငှါ၊ (ပရိဝါသ် ကြားခြင်းငှါ၊)ဟရာယမာနေန- ရှက်သည်၊(ဟုတွာ)၊အာရညိကဓုတင်ံ-အာရညိကဓုတင်ကို၊ န သမာဒါတဗ္ဗံ - မဆောက်တည်ရာ၊ ယေနာပိ- အကြင် ရဟန်းသည်လည်း၊ ပကတိယာ--ပင်ကိုယ်အားဖြင့်၊ (နဂိုရ်ကပင်)၊ သမာဒိန္နံ-ဆောက်တည်အပ်ပြီ၊ တေန— ထိုရဟန်းသည်၊ ဒုတိယံ- ၂ ပါးမြောက်ဖြစ်သော၊ ဘိက္ခုံ-ကို၊ ဂဟေတွာ-ခေါ်၍၊ အရညေ-၌၊ အရုဏံ— အရုဏ်ကို၊ ဥဋ္ဌာပေတဗ္ဗံ—တက်စေရာ၏၊ စ- ဆက်၊ ဧကေန - တပါးထည်းသည်၊ (ဟုတွာ) န ဝတ္တဗ္ဗံ— မနေရာ၊ (တပါးထည်းနေလျှင် နောက်၌လာမည့် ဝိပ္ပဝါသအပြစ် ဖြစ်လိမ့်မည်၊)တထာ-ထို့အတူ၊ ဘတ္တဂ္ဂါဒိသု— တို့၌၊ အာသနပရိယန္တေ - နေရာတို့၏ အစွန်ဆုံး၌၊ (အစွန်ဆုံးနေရာ၌၊) နိသဇ္ဇာယ — ထိုင်နေရခြင်းကို၊ ဟရာယမာနေန - သည်၊

(ဟုတ္ွာ) ပိဏ္ဍပါတိက ဓုတင်္ဂံပိ — ပိဏ္ဍပါတ်ဓုတင်ကိုလည်း၊ န သမာဒါတဗ္ဗံ၊
ပန-ဆက်၊ ယော — အကြင်ရဟန်းသည်၊ ပကတိယာဝ - ပင်ကိုယ်အားဖြင့်ပင်၊
ပိဏ္ဍပါတိကော-ပိဏ္ဍပါတ်ဓုတင်ဆောင်သည်၊ ဟောတိ-၏၊ တဿ- ထိုရဟန်း
ကို၊ ပဋိသေဓော- တားမြစ်ခြင်းသည်၊ နတ္ထိ။

နစ တပ္ပစ္စယာတိ-ကား၊ (အချို့စာအုပ်တို့၌ "န စ" မပါ၊) နိဟဋဘတ္တော-
ဆောင်ယူအပ်သောဘတ်ရှိသည်၊ ဟုတ္ွာ, ဝိဟာရေယေဝ-၌သာ၊ နိသီဒိတွာ—
နေ၍၊ ("ဆွမ်းစားကျောင်းသို့ မသွားဘဲ" ဟူလို၊) ဘုဉ္ဇန္တော - စားလျက်၊ ရတ္တိ
ယော-ညဉ့်တို့ကို၊ ဂဏယိဿာမိ-ရေတွက်အံ့၊ ဂစ္ဆတော-ဆွမ်းစားကျောင်းသို့
သွားလသော်၊ မေ-၏၊ (ရတ္တိစ္ဆေဒေါ ဧစပ်၊) ဝါ-သည်၊ (အနာရောစေန္တဿ
ဧစပ်၊) ဘိက္ခုံ -ကို၊ ဒိသွာ - ၍၊ အနာရောစေန္တဿ - မပြောလသော်၊ (ဝတ်
မကြားလသော်၊) ရတ္တိစ္ဆေဒေါ-ညဉ့်ပြတ်ခြင်းသည်၊ သိယာ— ဖြစ်ရာ၏၊ ဣတိ
ဣမိနာ ကာရဏေန — ဤအကြောင်းကြောင့်၊ ပိဏ္ဍပါတော - ကို၊ န နီဟရာပေ
တဗ္ဗော — မဆောင်ယူစေထိုက်၊ ("ဂိလာနဖြစ်နေလျှင်ကား ဆောင်ယူစေနိုင်
သည်" ဟူလို၊) မာမံ ဇာနိံသူတိ- ကား၊ မံ - ကို၊ ဧကေ ဘိက္ခုပိ — တပါးသော
ရဟန်းသည်လည်း၊ မာ ဇာနာတု မသိပါစေလင့်၊(ပရိဝါသ်ကျင့်နေကြောင်းကို
မသိပါစေလင့်၊) ဣတိစ-ဤသို့လည်း၊ ဣမိနာ အဇ္ဈာသယေန—ဤ အဇ္ဈာသယ
ကြောင့်၊ ဝိဟာရေ- ၌၊ သာမဏေရေဟိ - တို့သည်၊ ဝါ - တို့ကို၊ ပစာပေတွာ-
ချက်စေ၍၊ ဘုဉ္ဇိတုံပိ - စားခြင်းငှါလည်း၊ ဝါ - စားခွင့်ကိုလည်း၊ န လဗ္ဘတိ၊
ဂါမံ-သို့၊ ပိဏ္ဍာယ-ငှါ၊ ပဝိသိတဗ္ဗမေဝ-ဝင်ရာသည်သာ၊ ပန-အနွယ၊ ဂိလာန
ဿဝါ— ဂိလာနရဟန်းအား သော်၎င်း၊ နဝကမ္မါပေါပသုတဿဝါ - အသစ်
အသစ်ပြုအပ်သောအလုပ်, ဆရာဥပဇ္ဈာယ်တို့၏ကိစ္စ အစရှိသည်တို့၌ အားထုတ်
နေသော ရဟန်းအားသော်၎င်း၊ ဝိဟာရေယေဝ-၌သာလျှင်၊ အစ္ဆိတုံ-နေခြင်း
ငှါ၊ ဝဋ္ဋတိ — အပ်၏၊ ("ဆွမ်းခံမသွားဘဲ နေနိုင်သည်" ဟူလို၊) ဂါမေ - ၌၊
အနေကသတာ—ရာပေါင်းများစွာရှိကုန်သော၊ ဘိက္ခူ-တို့သည်၊ သစေပိ ဝိစရ
န္တိ—အကယ်၍မူလည်း လှည့်လည်ကုန်အံ့၊ အာရောစေတုံ-ပြောခြင်းငှါ၊ (ဝတ်
ကြားခြင်းငှါ၊) သက္ကာ — တတ်ကောင်းသည်၊ (သစေ) န ဟောတိ - အံ့၊ (ဇဝံ
သတိ)၊ ဂါမကာဝါသံ - ရွာငယ်ကျောင်းသို့၊ ဂန္တွာ - ၍၊ သဘာဂဋ္ဌာနေ —
သဘောတူသူတို့၏ နေရာအရပ်၌၊ ဝသိတုံ-နေခြင်းငှါ၊ ဝဋ္ဋတိ-၏။ [ခုဒ္ဒကော+
ဂါမော ဂါမကော၊ ဂါမကေ+ကာရိတော အာဝါသော ဂါမကာဝါသော။]

အာဂန္တုကေနာဘိ — ကား၊ ကဉ္စိ- တစုံတခုသော၊ ဝိဟာရံ- သို့၊ ဂတေန—
သွားလိုသော ပါရိဝါသိကရဟန်းသည်၊ တတ္ထ—ထိုကျောင်း၌၊ ဘိက္ခူနံ —တို့
အား၊ အာရောစေတဗ္ဗံ-လျှောက်ရာ၏၊(ဝတ်ကြားရာ၏၊)သဗ္ဗေ-အလုံးစုံသော
ရဟန်းတို့ကို၊ ဧကဋ္ဌာနေ—တခုတည်းသောနေရာ၌၊ ဋ္ဌိတေ-တည်နေသည်တို့ကို၊

သစေ ပဿတိ- အကယ်၍ မြင်အံ့၊ (ဧဝံသတိ)၊ ဧကေဠာနေ- ၌၊ ဌိတေနေဝ— တည်လျက်သာလျှင်၊ အာရောစေတဗ္ဗံ-ရာ၏၊ အထ-သို့မဟုတ်၊ ရက္ခမူလာဒီသု- သစ်ပင်၏အနီးအောက် အစရှိသောအရပ်တို့၌၊ ဝိသုံဝိသုံ-အသီးအသီး၊ ဌိတာ- တည်နေကုန်သည်၊ (သစေ) ဟောန္တိ—ကုန်အံ့၊ (ဧဝံသတိ)၊ တတ္ထတတ္ထ—ထိုထို အရပ်သို့၊ ဂန္တွာ-၍၊ အာရောစေတဗ္ဗံ—ရာ၏၊ သဥ္စိစ္စ—သညာနှင့်တကွ စေတနာ ဖြင့် စေ့ဆော်၍၊ အနာရောစေန္တဿ-မပြောသောရဟန်း၏၊ ရတ္တိစ္ဆေဒေါစ— သည်လည်း၊ ဟောတိ-၏၊ ဝတ္တဘေဒေ-ကျင့်ဝတ်၏ ပျက်ခြင်းကြောင့်၊ ဒုက္ကဋံစ (ဟောတိ)၊ အထ - သို့မဟုတ်၊ ဝိစိနန္တော - စူးစမ်း ရှာဖွေလသော်၊ ဧကစ္စေ— အချို့ရဟန်းတို့ကို (သစေ) န ပဿတိ—အကယ်၍ မတွေ့အံ့၊ (ဧဝံသတိ—ဤသို့ ရှာပါလျက် မတွေ့လသော်၊)၊ ရတ္တိစ္ဆေဒေါဝ- သည်သာ၊ ဟောတိ၊ ဝတ္တဘေဒ ဒုက္ကဋံ- ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ် သည်၊ န (ဟောတိ)။

အာဂန္တုကဿာတိ—ကား၊ အတ္တနော-၏၊ ဝသနဝိဟာရံ- နေရာကျောင်း တိုက်သို့၊ အာဂတဿာပိ — ရောက်လာသော အာဂန္တုကရဟန်းအားလည်း၊ ဧကဿဝါ — တပါးသော အာဂန္တုက ရဟန်းအားသော်ငင်း၊ ဗဟူနံဝါ — များစွာသော အာဂန္တုကရဟန်းတို့အားသော်ငင်း၊ ဝုတ္တနယေနေဝ - ဆိုအပ် ပြီးသော နည်းဖြင့်ပင်၊ အာရောစေတဗ္ဗံ — ပြောပြရာ၏၊ (ဝတ်ကြီးရာ၏၊) ["သစေ သမ္ဗေ ဧကဋ္ဌာနေ ဌိတေ ပဿတိ" စသည်ဖြင့် ဆိုအပ်ပြီးသောနည်းကို "ဝုတ္တနယေနေဝ"ဟု ဆိုသည်၊]စ-ဆက်၊ ဧတ္ထ-ဤအာဂန္တုကဿ အာရောစေ တဗ္ဗံဟူသော ပါဌ်၌၊ ရတ္တိစ္ဆေဒဝတ္တဘေဒါပိ-ညဥ့်ပြတ်ခြင်း, ဝတ်ပျက်ခြင်းတို့ ကိုလည်း၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ၊ ["သဥ္စိစ္စ အနာရောစေန္တဿ"စသည်

× × × × × × ×

ရတ္တိစ္ဆေဒ, ဝတ္တဘေဒ။ ။ဆိဋ္ဌနံ — ပြတ်ခြင်း၊ ဆေဒေါ — ခြင်း၊ ရတ္တိယာ+ ဆေဒေါ ရတ္တိစ္ဆေဒေါ-ညဥ့်၏ ပြတ်ခြင်း၊ ဝတ် ဆောက်တည်ရာ၌ ၅ ရက်ဆောက်တည် လျှင် ၅ ညဥ့်ပတ်လုံး အရေအတွက်သည့်တိုင်အောင် ညဥ့်မပြတ်စေဘဲ ကျင့်ရ၏၊ ပြခဲ့သော အကြောင်းမျိုးကြောင့် တရက်တလေပြတ်သွားလျှင် ထိုညဥ့်၏အရေ မရတော့ဘဲ"ညဥ့် ပြတ်သည် " ဟု ခေါ်၏၊ ထို ဝတ်ဆောက်တည်သောပုဂ္ဂိုလ်သည် အခြားသောရဟန်း များကို တွေ့မြင် ကြားသိလျှင်ငင်း, ထိုသူတို့၏ ကျောင်းဥပစာအတွင်း ဝင်သွားလျှင်ငင်း, မိမိ ဝတ်ဆောက်တည်နေကြောင်းကို ပြောဆို လျှောက်ထားဘို့ရန် တာဝန် ဝတ္တရား ရှိ၏၊ ထိုဝတ္တရား၏ ပျက်ကွက်ခြင်းကို "ဝတ္တဘေဒ"ဟု ခေါ်သည်။

အာဂန္တုကဿ။ ။အာဂန္တုကေန အာရောစေတဗ္ဗံ အာဂန္တုကဿ အာရောစေ တဗ္ဗံတိ အဝိသေသေန ဝုတ္တတ္တာ သစေ ဒွေ ပါရိဝါသိကာ ဂတဋ္ဌာနေ အညမညံ ပဿ န္တိ၊ ဥဘောဟိပိ အညမညဿ အာရောစေတဗ္ဗံ၊ ယထာ ဗဟိ ဒိသွာ အာရောစိတဿ ဘိက္ခုနော ဝိဟာရံ အာဂတေ ပုန အာရောစနကိစ္စံ နတ္ထိ၊ ဧဝံ အညံ ဝိဟာရံ ဂတေနပိ တတ္ထ ပုဗ္ဗေ အာရောစိတဿ ပုန အာရောစနကိစ္စံ နတ္ထိတိ ဝဒန္တိ၊—ဋီကာ။

ကို "ဝုတ္တနယေနေဝ"ဟု ဆိုသည်၊]အာဂန္တုကာ-အာဂန္တုကရဟန်းတို့သည်၊ မုဟုတ္တံ-တမုဟုတ်မျှ၊ ပိသမိတွာဝါ—အပန်းဖြေ၍သော်၎င်း၊ အဝိသမိတွာ ဧဝ ဝါ—အပန်းမဖြေဘဲသာလျှင် သော်၎င်း၊ ဝိဟာရမဇ္ဈေန — ကျောင်းတိုက်၏ အလယ်အရပ်ဖြင့်၊ ဂစ္ဆန္တိ- သွားကုန်အံ့၊ (ဖြတ်၍ သွားကုန်အံ့၊) တေသံပိ-ထို အာဂန္တုကရဟန်းတို့အားလည်း၊ အာရောစေတဗ္ဗံ၊ တဿ - ထို ပါရိဝါသိက ရဟန်းသည်၊ အဇာနန္တဿေဝ - မသိစဉ်ပင်၊ သစေ ဂစ္ဆန္တိ- အကယ်၍ သွား ကုန်အံ့၊ (ကျောင်းတည်း၌ ဖြတ်၍သွားကုန်အံ့၊) ပန-ထိုသို့ပင် မသိစဉ် ဖြတ်၍ သွားပါကုန်သော်လည်း၊ အယမ္ပိ — ဤ ပါရိဝါသိကရဟန်းသည်လည်း၊ ဂတ ကာလေ-သွားပြီးရာအခါ၌၊ (လွန်သွားမှ၊) သစေ ဇာနာတိ-အကယ်၍ သိအံ့၊ (ဧဝံသတိ)၊ ဂန္တွာ - လိုက်သွား၍၊ အာရောစေတဗ္ဗံ — ရာ၏၊ သဥ္ဇာပုဏ်တုံ- ကောင်းစွာရောက်ခြင်းငှါ၊ (မှီအောင် လိုက်ခြင်းငှါ၊) အသက္ကောန္တဿ- မစွမ်း နိုင်သသော်၊ ရတ္တိစ္ဆေဒေါဝ-သည်သာ၊ ဟောတိ၊ ဝတ္တဘေဒဒုက္ကဋံ-ဝတ္တဘေဒ ဒုက္ကဋ်အာပတ် သည်၊ န (ဟောတိ)။

ယေပိ - အကြင် ရဟန်းတို့သည်လည်း၊ အန္တောဝိဟာရံ - ကျောင်းတိုက်၏ အတွင်းသို့၊ အပဝိသိတွာ-မဝင်မူ၍၊ ဥပစာရသီမံ-ဥပစာရသိမ်သို့၊ ဩက္ကမိတွာ- သက်ရောက်၍၊ ဂစ္ဆန္တိ - သွားကုန်၏၊ အယမ္ပိ - ဤ ပါရိဝါသိကရဟန်းသည် လည်း၊ နေသံ - ထို အာဂန္တုကရဟန်းတို့၏၊ ဆဒ္ဒသဒ္ဒံဝါ - တံထွေး ထွေးသံကို သော်၎င်း၊ ("ဆတ္တသဒ္ဒံဝါ-ထီးသံကိုသော်၎င်း"ဟု ရှိ၏၊) ဥက္ကာသိတသဒ္ဒံဝါ- ချောင်းဟန့်သံကိုသော်၎င်း၊ ခိပိတသဒ္ဒံဝါ-ချေဆတ်သံကိုသော်၎င်း၊ သုတွာဝ- ကြား၍သာလျှင်၊ အာဂန္တုကဘာဝံ-အာဂန္တုက၏အဖြစ်ကို၊ (သစေ)ဇာနာတိ၊

× × × × × × ×

ဆတ္တသဒ္ဒံ။ ။ စာအုပ်တို့၌ ဒန္တဇ ပဉ္စမက္ခရာ "တ"ဖြင့် ဆတ္တသဒ္ဒံ ဟု ရှိ၏၊ "ထီးသံ" ဟုလည်း ရှေးက အနက်ပေးကြ၏၊ ထီးဆောင်းသွားလျှင် ထီးသံကြားဘို့ ခဲယဉ်းလှ၏၊ "ဥက္ကာသိတသဒ္ဒ, ခိပိတသဒ္ဒ"တို့နှင့် တွဲ၍ ဆိုအပ်သောကြောင့် ပုဂ္ဂိုလ်၏ စိတ်ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒမျိုးနှင့်သာ ဆိုင်၏၊ ထို့ကြောင့် တတိယက္ခရာ "ဒ" သံယုဂ်ဖြင့် "ဆဒ္ဒသဒ္ဒံဝါ" ဟု ပြင်ကြသည်၊ ထို "ဆဒ္ဒ" ဓာတ်သည်"ထွေးအန်ခြင်း" အနက်ကို ဟော၏၊ ထို ထွေးအန်သံသည် ဥက္ကာသိတသဒ္ဒတို့ကဲ့သို့ ပုဂ္ဂိုလ်၏ "စိတ္တဇ သဒ္ဒ"ပင် ဖြစ်၏။

ရှေးဝါဒ။ ။ဆတ္တသဒ္ဒံဟူသော ပါဠ်ကိုတွေ့ကြသော ရှေးဆရာတို့ကား ထီးသံ, ဘိနပ်သံတို့သည် ဥတုဇအသံများ ဖြစ်ကြ၏၊ ထို ဥတုဇဖြစ်သောအသံ၏အရှင်များကို လည်း "ဝတ်ကြားရမည်"ဟု ဆိုသောကြောင့် ရဟန်း တီးခေါက်အပ်သော "တုံးသံ, ခေါင်းလောင်းသံ"၏ အရှင်များကိုလည်း "ဝတ်ကြားရမည်" ဟု ယူဆလျက် ထိုထို ကျောင်းတိုက်သို့သွား၍ ရဟန်းမခေါက်ဘို့ရန် လျှောက်ထားကြသည်၊ ဤကဲ့သို့ ဥတုဇ သဒ္ဒမျိုးကိုသာ သံသယရှိရမည်ဆိုလျှင် ယခုအခါ တိက်ရီကော်တာဖြင့် အသံဖမ်း၍ အသံချဲ့စက်ဖြင့် ဟစ်ကြသော ဓမ္မကထိကတို့၏အသံကိုလည်း သံသယရှိရလိမ့်မည်။

ဂန္တွာ, အာရောစေတဗ္ဗံ၊ ဂတကာလေ-လွန်သွားပြီးရာ အခါ၌၊ ဇာနန္တေနပိ—သိသော ပါရိဝါသိကရဟန်း သည်လည်း၊ အနုဗန္ဓိတွာ — အစဉ်လိုက်၍၊ အာရောစေတဗ္ဗမေဝ၊ သမ္ဗာပုဏိတုံ, အသက္ကောန္တဿ ရတ္တိစ္ဆေဒေါဝ ဟောတိ၊ ဝတ္တဘေဒဒုက္ကဋံ, န (ဟောတိ)။

ယောပိ- အကြင် အာဂန္တုကရဟန်းသည်လည်း၊ ရတ္တိံယေဝ-ညဉ့်အခါ၌သာ၊ အာဂန္တွာ-၍၊ ရတ္တိံယေဝ-ညဉ့်အခါ၌ပင်၊ဂစ္ဆတိ-ပြန်သွား၏၊ သောပိ- ထိုအာဂန္တုကရဟန်းသည်လည်း၊ အဿ— ထို ပါရိဝါသိက ရဟန်း၏၊ ရတ္တိစ္ဆေဒံ-ကို၊ ကရောတိ-ပြုနိုင်၏၊ ပန-ထိုသို့ပင် ရတ္တိစ္ဆေဒကို ပြုနိုင်ပါသော်လည်း၊ အညာတတ္တာ-မသိအပ်သည်၏ အဖြစ်ကြောင့်၊ ဝတ္တဘေဒ ဒုက္ကဋံ—သည်၊ နတ္ထိ၊ အဇာနိတွာဝ-မသိမူ၍သာ၊ အဗ္ဘာနံ-အဗ္ဘာန်ကို၊ သစေ ကရောတိ၊(ဧဝံသတိ)၊ (အဗ္ဘာနံ—သည်၊) အကတမေဝ-မပြုအပ်သည်သာ၊(ပြုရာမရောက်သည်သာ၊) ဟောတိ၊ ဣတိ-သို့၊ ကုရုန္ဒိယံ,ဝုတ္တံ၊ တသ္မာ-ကြောင့်၊(ရတ္တိစ္ဆေဒ ဖြစ်မှန်းမသိဘဲ အဗ္ဘာန်သွင်းလျှင် အဗ္ဘာန်သွင်းရာမရောက်သည်၏အဖြစ်ကြောင့်၊)အဓိကာ—အပိုအလွန် ဖြစ်ကုန်သော၊ ရတ္တိယော-တို့ကို၊ (ဝတ်တောင်းရာ၌ သတ်မှတ်အပ်သောညဉ့်ထက်ငင်း, မာနတ် ၆ ညဉ့်ထက်ငင်း အပိုအလွန်ဖြစ်သောညဉ့်တို့ကို၊) ဂဟေတွာ- ယူပြီး၍၊ (အဗ္ဘာနံ- ကို၊) ကာတဗ္ဗံ- ပြုထိုက်၏၊ အယံ-ဤသို့ ညဉ့် အပိုကိုယူခြင်းသည်၊ အပဏ္ဏကပဋိပဒါ- မချွတ်မယွင်းကြောင်း အကျင့်တည်း၊ [အပဏ္ဏကပဋိပဒါတိ အဝိရဒ္ဓပဋိပဒါ၊—ဝိမတိ]။

နဒီ အာဒီသု—မြစ် အစရှိသော အရပ်တို့၌၊ နာဝါယ—လှေဖြင့်၊ ဂစ္ဆန္တံပိ—သွားသည်လည်း ဖြစ်သော၊ ပရတီရေ - တဘက်ကမ်း၌၊ ဌိတံပိ—တည်နေသည်လည်း ဖြစ်သော၊ အာကာသေန— ကောင်းကင်ဖြင့်၊ ဂစ္ဆန္တံပိ- သော၊ ပဗ္ဗတတလအရညာဒီသု-တောင်အပြင်,တောအရပ်အစရှိသည်တို့၌၊ ဒူရေ-အဝေး၌၊ ဌိတံပိ-သော၊ ဘိက္ခုံ-ကို၊ ဒိသွာ- ၍၊ (အယံ— ဤ သူကား၊) ဘိက္ခု—ရဟန်းတည်း၊ ဣတိ-သို့၊ ဝဝတ္ထာနံ- ပိုင်းခြား သတ်မှတ်, ဆုံးဖြတ်နိုင်ခြင်းသည်၊ သစေ အတ္ထိ၊(ဧဝံသတိ)၊ နာဝါဒီဟိ-လှေ အစရှိသည်တို့ဖြင့်၊ ဂန္တွာဝါ—လိုက်သွား၍ သော်ငင်း၊ မဟာသဒ္ဒံ-ကျယ်စွာသောအသံကို၊ ကတွာဝါ- သော်ငင်း၊ ဝေဂေန-လျင်သော အဟုန်ဖြင့်၊ အနုဗန္ဓိတွာဝါ-အမှီလိုက်၍သော်ငင်း၊ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ - မပြောသော ရဟန်း၏၊ ရတ္တိစ္ဆေဒေါစေဝ - သည်ငင်း၊

× × × × × × ×

ဘိက္ခုတိ ဝဝတ္ထာနံ။ ။ "ရဟန်း"ဟု ပိုင်းခြား သတ်မှတ် ဆုံးဖြတ်နိုင်မှသာ လိုက်သွားခြင်း အစရှိသည်ဖြင့် ဝတ်ကြားဘို့လိုသည်၊ " ရဟန်းလေလော, အဝတ်ဝါဝါဝတ်ထားသော လူလေလော"စသည်ဖြင့် ယုံမှားသံသယဖြစ်နေလျှင် လိုက်သွားခြင်း စသည်ဖြင့်"ဝတ်ကြားဘွယ်"မလိုဟု ဆိုကြသည်။

ဝတ္တဘေဒဒုက္ကဋဥ္စ - သည်၎င်း၊ (ဟောတိ)၊ ဝါယမန္တေ ၁ပိ - လုလ္လပြုပါသော်လည်း၊ သမ္ဘာပုဏ်တုံဝါ—ကောင်းစွာ ရောက်ခြင်းငှါသော်၎င်း၊(ဝါ-မှီခြင်းငှါသော်၎င်း၊) သာဝေတုံဝါ-ကြားသိစေခြင်းငှါသော်၎င်း၊ သစေ န သက္ကောတိ၊ (ဧဝံ သတိ)၊ ရတ္တိစ္ဆေဒေါဝ, ဟောတိ၊ ဝတ္တဘေဒဒုက္ကဋံ, န (ဟောတိ)။

ပန- ဝါဒန္တရကား၊ သံဃသေနာဘယတ္တေရော ~ သံဃသေနာဘယ ထေရ်သည်၊ ဝိသယာဝိသယေနု - ဝိသယ အဝိသယဖြင့်၊ (စွမ်းနိုင်လောက်ရာ အရပ်, စွမ်းနိုင်လောက်ရာ မဟုတ်သော အရပ်ဖြင့်၊) ကထေတိ-ဆို၏၊(ကိံ)၊ဝိသယေ- စွမ်းနိုင်လောက်ရာ အရပ်၌၊ အနာရောစေန္တဿ - ၏၊ ရတ္တိစ္ဆေဒေါစေဝ ဝတ္တဘေဒဒုက္ကဋဥ္စ ဟောတိ-၏၊ ပန-ဗျတိရိက်ကား ၊အဝိသယေ- စွမ်းနိုင်လောက်ရာ မဟုတ်သော အရပ်၌၊ ဥဘယမ္ပိ- ၂ ပါးစုံသည်လည်း၊ (ရတ္တိစ္ဆေဒ, ဝတ္တဘေဒ ဒုက္ကဋ် ၂ ပါးစုံသည်လည်း၊) နတ္ထိ၊ ဣတိ - သို့၊ (ကထေတိ) ကိရ - ဆိုသတတ်၊ ကရဝီကတိဿတ္ထေရော — ကရဝီကတိဿ ထေရ်သည်၊ အယံ - ဤ သူသည်၊ သမဏော-ရဟန်းတည်း၊ဣတိ-သို့၊ ဝဝတ္ထာနမေဝ-ပိုင်းခြားသတ်မှတ်နိုင်ခြင်း သည်သာ၊ ပမာဏံ-လိုရင်း ပမာဏတည်း၊ အဝိသယော - စွမ်းနိုင်လောက်ရာ မဟုတ်သော အရပ်သည်၊ သစေပိ ဟောတိ-အကယ်၍မူလည်းဖြစ်စေဦးတော့၊ (ဧဝံ သတိပိ)၊ ဝတ္တဘေဒဒုက္ကဋမေဝ-သည်သာ၊ နတ္ထိ- မရှိ၊ ရတ္တိစ္ဆေဒေါပန- သည်ကား၊ ဟောတိ ယေဝ-ဖြစ်သည်သာ၊ဣတိ အာဟ၊ (ဤဝါဒကို ပမာဏ ပြုလိုသောကြောင့် နောက်မှ ဆိုသည်။)

ဥပေါသထေတိ - ကား၊ ဥပေါသထံ - ဥပုသ်ပြုရာ အရပ်သို့၊ သမ္ဘာပုဏိ သာမ-ကောင်းစွာ ရောက်ကုန်အံ့၊(မှီအောင် သွားကုန်အံ့၊) ဣတိ-ဤသို့ကြံ၍၊ အာဂန္တုကာ - အာဂန္တုက ဖြစ်ကုန်သော၊ ဘိက္ခူ - တို့သည်၊ အာဂစ္ဆန္တိ - လာတတ်ကုန်၏၊ ဧဒိဿာ-တန်ခိုးဖြင့်၊ ဂစ္ဆန္တာပိ - သွားကုန်သော ရဟန်းတို့ သည်လည်း၊ ဥပေါသထဘာဝံ - ဥပုသ်နေ့၏ အဖြစ်ကို၊ ဉတွာ-သိ၍၊ ဩတရိတွာ-သက်ဆင်း၍၊ ဥပေါသထံ-ဥပုသ်ကို၊ ကရောန္တိ - ပြုတတ်ကုန်၏၊ တသ္မာ-ထို့ကြောင့်၊(အာဂန္တုကတို့လာတတ်, တန်ခိုးရှင်တို့ သက်ဆင်း၍ ဥပုသ်ပြုတတ် ကုန်သည်၏ အဖြစ်ကြောင့်၊)အာဂန္တုကသောနေတ္တံ-အာဂန္တုက ရဟန်းတို့ကို သုဒ်သင်ခြင်းအကျိုးငှါ၊ ဥပေါသထဒိဝသေ-ဥပုသ်ပြုရာနေ့၌၊ အာရောစေတဗ္ဗံ- လျှောက်ရာ၏၊ ဝါ-ဝတ်ကြားရာ၏၊ ပဝါရဏာယပိ - ပဝါရဏာနေ့၌လည်း၊ ဧသေဝ နယော၊ [ထိုကဲ့သို့ အာဂန္တုကများ မရှိကြောင်း သေချာလျှင် မပြော သော်လည်း အပြစ်မရှိပါ၊ ဝတ်မချဘဲ အနိက္ခိတ္တဝတ်ကို ဆောက်တည်နေသော ရဟန်းများအတွက် ဤကျင့်ဝတ်များကို ဆိုသည်။] ဂိလာနေ ာတိ-ကား၊ ဂန္တုံ- သွားခြင်းငှါ၊ အသမတ္ထော - မစွမ်းနိုင်သည်၊ (သစေ ဟောတိ၊) ဒူတေနာတိ ဧတ္ထ, (ဝိနိစ္ဆယော , ဧဝံ ဝေဒိတဗ္ဗော၊) အနုပသမ္ပန္နံ - လူသာမဏေ ဟူသော

တမန်ကို၊ ပေသေတုံ-စေလွှတ်ခြင်းငှါ၊န ဝဋ္ဋတိ-မအပ်၊ ဘိက္ခုံ-ရဟန်းဟူသော တမန်ကို၊ ပေသေတွာ—၍၊ အာရောစာပေတဗ္ဗံ- လျှောက်စေရာ၏၊ (မည်သည့် ပုဂ္ဂိုလ် ဝတ်ဆောက်တည်နေကြောင်းကို လျှောက်ကြားစေရာ၏။)

အဘိက္ခုကော အာဝါသောတိ - ကား၊ သုညဝိဟာရော - ရဟန်းတို့မှ ကင်းဆိတ်သောကျောင်းတိုက်တည်း၊ ယတ္ထ-အကြင်ကျောင်းတိုက်၌၊ ဧကောပိ- တပါးလည်း ဖြစ်သော၊ ဘိက္ခု - သည်၊ နတ္ထိ၊ တတ္ထ - ထို ကျောင်းတိုက်သို့၊ ဝါသတ္ထာယ— နေခြင်းအကျိုးငှါ၊ န ဂန္တဗ္ဗံ— မသွားရာ၊ ဟိ— မှန်၊ တတ္ထ—ထို ကျောင်းတိုက်၌၊ ဝုတ္တ ရတ္တိယော — ကျင့်သုံးအပ်ပြီးရာ ညဉ့်တို့သည်၊ ဂဏနူပိကာ-အရေအတွက်သို့ ကပ်ရောက်ကုန်သည်၊ န ဟောန္တိ၊ ["ဝတ်ဆောက်တည်ရာ၌ တညဉ့်ရပြီ, ၂ ညဉ့်ရပြီ"စသည်ဖြင့် ရေတွက်၍ မရ-ဟူလို။] ပန-အနွယ၊ ပကတတ္တေန- ပကတတ်ရဟန်းနှင့်၊ သဒ္ဓိံ-အတူ၊ (ဂန္တုံ)ဝဋ္ဋတိ-အပ်၏၊ ပန- ဆက်၊ ဒသဝိဓေ္န္တရာယေ - ၁၀ ပါး အပြားရှိသော အန္တရာယ်သည်၊ (သတိ- ရှိလသော်၊) ရတ္တိယော-တို့သည်၊ ဂဏနူပိကာ-ကုန်သည်၊ သစေပိ န ဟောန္တိ (ဧဝံ သတိပိ) အန္တရာယတော- အန္တရာယ်မှ၊ ပရိမုစ္စနတ္ထာယ - လွတ်မြောက် ခြင်း အကျိုးငှါ၊ ဂန္တဗ္ဗမေဝ - သွားနိုင်သည်သာ၊ (သွားကောင်းသည်သာ၊) တေန-ကြောင့်၊ အညတြအန္တရာယာတိ-ဟူ၍၊(ဘဂဝတာ)ဝုတ္တံ၊နာနာသံဝါသ ကေဟိ- ကွဲပြားသော သံဝါသရှိသော ရဟန်းတို့နှင့်၊ သဒ္ဓိံ- တူ၊ ဝိနယကမ္မံ- ဝိနည်းကံကို၊ ကာတုံ , နဝဋ္ဋတိ - မအပ်၊ တေသံ - ထို ရဟန်းတို့အား၊ အနာ ရောစနေပိ — မပြောခြင်းကြောင့်လည်း၊ (ဝတ်မကြားခြင်းကြောင့်လည်း၊) ရတ္တိစ္ဆေဒေါ, နတ္ထိ၊ အဘိက္ခုကာဝါသ သဒိသမေဝ-ရဟန်းမရှိသော ကျောင်း တိုက်နှင့် တူသည်သာ၊ ဟောတိ၊ တေန - ကြောင့်၊ ယတ္ထသု ဘိက္ခူ နာနာ သံဝါသကာတိ-ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ သေသံ - ကြွင်းသော အဆုံးအဖြတ် စကားရပ်သည်၊ ဥပေါသထက္ခန္ဓကေ—၌၊ ဝုတ္တနယမေဝ-သည်သာ။

ဧကစ္ဆန္နေ အာဝါသေတိ အာဒီသု- အစရှိသော ပါဠိရပ်တို့၌၊ အာဝါသော နာမ-မည်သည်၊ ဝသနတ္ထာယ-နေခြင်း အကျိုးငှါ၊ ကတသေနာသနံ - ပြုအပ် သောကျောင်းတည်း၊ အနာဝါသော နာမ - မည်သည်၊ စေတိယဃရံ— စေတီ တော်၏ တည်ရာကျောင်းတော်ဝင်း၊ ဗောဓိဃရံ - ဗောဓိပင်၏တည်ရာ ကျောင်း တော်ဝင်း၊ သမ္မုဉ္ဇနီအဋ္ဋကော- တံမြက်စည်းထားရာ စင်ဝင်း၊ ဒါရုအဋ္ဋကော- ထင်းထားရာစင်ဝင်း၊ ပါနီယမာဠော - သောက်ရေအိုးစင်ဝင်း၊ ဝစ္စကုဋိ- ကျင်ကြီး အိမ်ဝင်း၊ ဒွါရကောဋ္ဌကော - တံခါးမုခ်ဝင်း၊ ဣတိ ဧဝမာဒိ- ဤသို့ အစရှိသော အရပ်တည်း၊ တတိယပဒေန-တတိယပုဒ်ဖြင့်၊ တဒုဘယမ္ပိ-ထို ၂ ပါးစုံကိုလည်း၊ ဂဟိတံ-ယူအပ်ပြီ၊ ဧတေသု- ဤ အာဝါသ အစရှိသည်တို့တွင်၊ ယတ္ထကတ္ထစိ— အမှတ်မထား တပါးပါးသောအရပ်၌၊ ဧကစ္ဆန္နေ-တူသောအမိုးရှိသောအရပ်

၌၊ ဆဒနတော — အမိုးမှ၊ ဥဒကပတနဋ္ဌာန ပရိစ္ဆိန္နေ — ရေကျရာ အရပ်ဖြင့် ပိုင်းခြားအပ်သော၊ ဩကာသေ — အရပ်၌၊ ဥက္ခိတ္တကော - ဥက္ခိတ္တက ရဟန်းသည်၊ ဝသိတုံ-နေခြင်းငှါ၊ ဝါ-နေခွင့်ကို၊ န လဘတိ-မရ၊(“ဝသိတုံ”-ဟူရာ၌ လည်းလျောင်း၍ နေခြင်းကို ဆိုလိုသည်၊ နောက်၌ ဖွင့်လတ္တံ့၊) ပါရိဝါသိကော ပန-ပါရိဝါသိကရဟန်းသည်ကား၊ အန္တော အာဝါသေယေဝ-ကျောင်းတွင်း ၌သာ၊ [အမိုးနံရံတို့ဖြင့် မိုးကာအပ်သော ကျောင်းတွင်း၌သာ၊] (ဝသိတုံ) န လဘတိ၊ ဣတိ, မဟာပစ္စရိယံ-၌၊ ဝုတ္တံ။

ပန-ကား၊ မဟာအဋ္ဌကထာယံ-ကား၊ အဝိသေသေန- အထူးမမ, သာမည အားဖြင့်၊ (ပါရိဝါသိက, ဥက္ခိတ္တကဟု အထူးမပြုသောအားဖြင့်၊) ဥဒကပါတေန-ရေကျရာအရပ်ဖြင့်၊ ဝါရိတံ - တားမြစ်အပ်ပြီ၊ ဣတိ, ဝုတ္တံ၊ ကုရုန္ဒိယံ — ၌၊ ဧတ္တကေသု-ဤမျှအတိုင်းအရှည်ရှိကုန်သော၊ ပဉ္စဝဏ္ဏစ္ဆဒနဗဒ္ဓဋ္ဌာနေသု-၅ မျိုး သော အပြားရှိသော အမိုးတို့ဖြင့် ဖွဲ့အပ်သောဌာနရှိကုန်သော၊(ပဉ္စဝဏ္ဏစ္ဆဒန ဗဒ္ဓဋ္ဌာနေသူတိ ပဉ္စပကာရစ္ဆဒနေဟိ ဆန္နဋ္ဌာနေသု၊-ဝိမတိ)၊ ဧတေသု-ဤအရပ် တို့၌၊ ပါရိဝါသိကဿစ-၏၎င်း၊ ဥက္ခိတ္တကဿစ-၏၎င်း၊ ပကတတ္တေန, သဒ္ဓိံ, (ဝသနံ - နေခြင်းကို၊) ဥဒကပါတေန - ရေကျရာအရပ်ဖြင့်၊ ဝါရိတံ၊ ဣတိ, ဝုတ္တံ၊ တသ္မာ၊ နာနူပစာရေပိ - ကွဲပြားသော ဥပစာရှိသော အရပ်၌လည်း၊ ဧက စ္ဆန္နေ(ဝသိတုံ) န ဝဋ္ဋတိ-မအပ်၊ ပန-ဆက်၊ ဧတ္ထ-ဤအာဝါသအစရှိသည်တို့၌၊ တဒဟုပသမ္ပန္နေပိ - ရဟန်းပြုပြီးသော ပကတတ်၏ ထိုတရက်သာ ရှိသေးသည် လည်းဖြစ်သော၊(ရဟန်းပြုပြီး၍ ထိုတရက်သာ ရသေးသည်လည်းဖြစ်သော၊) ပကတတ္တေ — သည်၊ ပဌမံ-စွာ၊ ပဝိသိတွာ- ဝင်၍၊ နိပန္နေ - လဲလျောင်းနေလ သော်၊ သစေ ပစ္ဆာ ပါရိဝါသိကော — သည်၊ ပစ္ဆာ - နောက်၌၊ (နောက်မှ၊) ပဝိသိတွာ-၍၊ ဇာနန္တော -သိလျက်၊ နိပဇ္ဇတိ — လဲလျောင်းအံ့၊ ရတ္တိစ္ဆေဒေါစေဝ ဝတ္တဘေဒဒုက္ကဋဉ္စ (ဟောတိ)၊ အာဇာနန္တဿ-မသိသော ပါရိဝါသိကရဟန်း၏၊ ရတ္တိစ္ဆေဒေါ,(ဟောတိ)၊ ဝတ္တဘေဒဒုက္ကဋံ န(ဟောတိ)၊ ပန-ဆက်၊ တသ္မိံ-ထိုပါရိဝါသိကရဟန်းသည်၊ ပဌမံ, နိပန္နေ, ပစ္ဆာ,ပကတတ္တော,ပဝိသိတွာ,သစေ နိပဇ္ဇတိ၊ ပါရိဝါသိကောစ (သစေ) ဇာနာတိ၊ (ဧဝံ သတိ) ရတ္တိစ္ဆေဒေါစေဝ , ဝတ္တဘေဒဒုက္ကဋဉ္စ (ဟောတိ၊) နောစေ ဇာနာတိ-အကယ်၍ မသိအံ့၊ (ဧဝံသတိ)၊ ရတ္တိစ္ဆေဒေါ (ဟောတိ၊) ဝတ္တဘေဒဒုက္ကဋံ န (ဟောတိ)။

ဥဒ္ဒိဋ္ဌာတမ္ပိ နိမန္တေတဗ္ဗောတိ - ကား၊ တဒဟုပသမ္ပန္နမ္ပိ -- ရဟန်းပြုပြီး၍ ထို တရက်သာရှိသေးသော ပကတတ်ရဟန်းကိုလည်း၊ ဒိသွာ-၍၊ ဝုဍ္ဎာတမ္ပမေဝ-နေရာမှ ထရာသည်သာ၊ စ- ဆက်၊ ဝုဍ္ဌာယ- ထပြီး၍၊ ဠမိနာ- ဤရဟန်းသည်၊ သုခနိသိန္နော-ချမ်းသာစွာထိုင်နေသော၊ အဟံ-ကို၊ ဝုဍ္ဌာပိတော-ထစေအပ်ပြီ၊

ဇာတိ-ဤသို့နှလုံးသွင်း၍၊ ပရမ္ဗုခေန-တဖက်၌ မျက်နှာရှိသည်၊ ဝါ-မျက်နှာလွှဲသည်၊ (ဟုတ္ဝာ) နဂန္တုမ္ပိ-ရာ၊ အာစရိယ-ဆရာ၊ ဇာဒံ-ဤဟာသည်၊ အာသန်-နေရာပါတည်း၊ ဧတ္ထ-ဤနေရာ၌၊ နိသီဒထ-ထိုင်ပါကုန်၊ ဇာတိဝေ-သို့၊ နိမန္တေ တမ္ဗော့ဝေ-ဖိတ်မန်ထိုက်သည်သာ၊ ပန-ကား၊ နဝကေန-သီတင်းငယ်ရဟန်းသည်၊ မဟာထေရံ- မဟာထေရ်ကို၊ ဩဗဒ္ဓံ- အနှောင့်အရှက်ကို၊ ဝါ- ထသွားခြင်းစသော ဗျာပါရနှင့်စပ်သည်ကို၊ ကရောမိ -ပြုအံ့၊ ဇာတိ - ဤသို့ကြံ၍၊ ပါရိဝါသိကတ္ထေရသာ-ပါရိဝါသိကထေရ်၏၊ သန္တိကံ-သို့၊ နဂန္တုမ္ပိ-မသွားရာ။

ဧကာသနေတိ-ကား၊ သမာနဝဿိကာသနေ— တူသောဝါရှိသော ရဟန်းတို့၏ နေရာဖြစ်သော၊ မဇ္ဈေဝါ-ညောင်စောင်း၌သော်၎င်း၊ ပီဌေဝါ-အင်းပျဉ်၌သော်၎င်း၊ ("န နိသီဒိတမ္ဗံ—မထိုင်ရာ"၌စပ်)၊ နဆမာယံ နိသိန္နောတိ-ကား၊ ပကတတ္တော- ပကတတ်ရဟန်းသည်၊ ဘူမိယံ- မြေ၌၊ နိသိန္နေ- ထိုင်နေလသော်၊ ဣတရေန-အခြားသော ပါရိဝါသိကရဟန်းသည်၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ တိဏသန္ထာရေပိ-မြက်အခင်း၌၎င်း၊ ဥစ္စတရေ- သာ၍မြင့်သော၊ ဝါလိကာတလေပိ- သဲအပြင်၌၎င်း၊ န နိသီဒိတမ္ဗံ၊ ပန-အန္တယ၊ ဒွါဒသဟတ္ထံ—၁၂တောင်ရှိသော၊ ဥပစာရံ-ဥပစာကို၊ မုဉ္စိတွာ-လွှတ်၍၊ နိသီဒိတုံ-၄ါ၊ဝဋ္ဋတိ-အပ်၏၊ ဧကစင်္ကမေတိ-ကား၊ သဟာယေန— သဟာယ်ချင်းနှင့်၊ သဒ္ဓိံ -အတူ၊ စင်္ကမန္တေနုဝိယ - စင်္ကြံသွားသကဲ့သို့၊ ဧကသ္မိံ — တခုထည်းသော၊ စင်္ကမေ— စင်္ကြံ၌၊ ("ပါရိဝါသိကေန- သည်၊ န စင်္ကမိတမ္ဗံ-ရာ" ဟု ပါဠိတော်၌ စပ်။)

× × × × × × ×

ဩဗဒ္ဓံ။ ။အဝရှေးရှိသော ဗန္ဓဓာတ်သည် ယုတ်ညံ့ခသာအားဖြင့် နှောင်ဖွဲ့ခြင်းအနက်ကို ဟော၍၊ ထိုသို့ နှောင်ဖွဲ့ခြင်းဟူသည် နှောက်ရှက်ခြင်းပင် ဖြစ်သောကြောင့် "ပလိဗုဒ္ဓံ"ဟု သာရတ္ထ ဖွင့်သည်၊ ဝိမတိ၌ကား "ထသွားခြင်း"အစရှိသော ဗျာပါရနှင့်စပ်သည်ကို "ဩဗဒ္ဓ"ဟု ဆို၍၊ ထို "ဩဗဒ္ဓ" ဟူသည်လည်း နှိပ်စက်ရာရောက်သောကြောင့် "ပီဠိတန္တိ အတ္ထော"တု အဓိပ္ပါယ်နက်ဖွင့်သည်။

သမာနဝဿိကာသန။ ။၅ ဝါရှိသောရဟန်းသည် မိမိအောက် ၃ ဝါရှိသော ရဟန်းနှင့်လည်း အတူထိုင်ကောင်း၏၊ မိမိအထက် ၇ ဝါရှိသောရဟန်းနှင့်လည်း အတူထိုင်ကောင်း၏၊ ထို့ကြောင့် "သမာနဝဿိကာသန"ဟူသည် ၂ ဝါကြီး ၂ ဝါငယ်တို့ ထိုင်ကောင်းရာဖြစ်သော "ညောင်စောင်းအင်းပျဉ်"တည်း။

မဇ္ဈေဝါ ပီဌေဝါ။ ။ဝါသဒ္ဒါသည် "အဝုတ္တသမုစ္စည်း"အနက်ရှိ၏၊ ထို့ကြောင့် မဉ္စပီဌသာ မက, ၃ ပါး ၄ ပါးစသည် ထိုင်လောက်သော "ဒီဃာသန"လည်း မအပ်ဟု ဝိမတိ ဆို၏၊ [မဉ္စေဝါပီဌေဝါတိ ဧတ္ထ ဝါသဒ္ဒေါ သမုစ္စယတ္ထော၊ တေန တင္ဂိကာ စမ္မခဏ္ဍာဒိသု ဒီဃာသနေသုပိ နိသီဒိတုံ န ဝဋ္ဋတီတိ ဒီပိတံ ဟောတိ၊-ဝိမတိ၊] ဤအဆိုကိုကား စဉ်းစားသင့်သည်။ [တိဝဿန္တရတို့၏ သမာနာသနိက ဖြစ်ကြောင်းကို သေနာသနက္ခန္ဓက၌ ပြတော်မူလတ့်။]

ဆမာယံ စင်္ကမန္တံတိ- ကား၊ (ပကတတ္တေ — သည်၊) ဆမာယံ- မြေ၌၊ စင်္ကမနေ္တ-လသော်၊ (“စင်္ကမေန စင်္ကမိတဗ္ဗံ”၌စပ်၊) ဝါ-တနည်း၊ အယမေဝ-ဤ ဆမာယံ စင်္ကမနေ္တ-ဟူသော ပါဌ်သည်ပင်၊ ပါဌော- ပါဠိတော်ပါဌ်ရင်းတည်း (ပဌမနည်းအလို “စင်္ကမန္တံ ”ဝယ် သတ္တမီဝိဘတ်၏အနက်၌ ဒုတိယာဝိဘတ် သက်ဟု ပြသည်၊) ပန-ဆက်၊ အယံ- ဤ ဆိုအပ်လတ္တံ့ကား၊ ဧတ္ထ- ဤ ဆမာယံ စင်္ကမနေ္တ-ဟူသောပါဌ်၌၊ အတ္ထော-တည်း၊ အကတပရိက္ခေပါယ-မပြုအပ်သော အပိုင်းအခြားရှိသော၊ ဘူမိယာ - ၌၊ (ပကတတ္တေ) စင်္ကမနေ္တ - လသော်၊ ပင် ခွေဒ်-အပိုင်းအခြားကို၊ ကတွာ-၍၊ ဝါလိကံ— သဲကို၊ အာကိရိတွာ-ဖြန့်ကြဲ၍ အာလမ္ဗနံ-အဲ့ကိုင်ရာတန်းကို၊ ယောဇေတွာ—ယှဉ်စေ၍၊ ကတစင်္ကမေ-ပြုအပ် သော စင်္ကြံ၌၊ နိစေပိ-နိမ့်သောစင်္ကြံ၌သော်လည်း၊(ပါရိဝါသိကေန၊)န စင်္ကမ် တဗ္ဗံ၊ ဣဋ္ဌကာစယသမ္ပန္နေ — အုဋ်အကျည်တို့နှင့် ပြည့်စုံသော၊ ဝေဒိကာ ပရိ က္ခိတ္တေ- ပွတ်တိုင်တို့ဖြင့် ကာရံအပ်သော၊ (စင်္ကမေ န စင်္ကမိတဗ္ဗံ၊) ဣတိ-ဤသို့ ဝါဒေါ-ပြောဆိုဘွယ်သည်၊ ကောပန—အဘယ်မှာ ရှိတော့အံ့နည်း၊ (တနည်း) ကောပနဝါဒေါ- ဘာပြောဘွယ်ရာ ရှိတော့အံ့နည်း၊ ပန - ဆက်၊ ပါကာရပရိ က္ခိတ္တော— တံတိုင်းဖြင့် ကာရံအပ်သည်၊ ဒွါရကောဋ္ဌကယုတ္တော- တံခါးမုခ်နှင့် ယှဉ်သည်၊ သစေ(ဟောတိ၊ ဧဝံသတိဝါ)၊ ပဗ္ဗတန္တရ ဝနန္တရ ဂုမ္ဗန္တရေသု— တောင်အကြား, တောအကြား, ချုံအကြားတို့၌၊ သုပ္ပဋိစ္ဆန္နော - ကောင်းစွာ ဖုံးကွယ်အပ်သည်၊ (သစေ ဟောတိ၊ ဧဝံသတိဝါ)၊ တာဒိသေ - ထိုကဲ့သို့ ရှိအပ် သော၊ စင်္ကမေ-၌၊ စင်္ကမိတုံ-ငှါ၊ ဝဋ္ဋတိ-၏၊ အပ္ပဋိစ္ဆန္နေပိ-မဖုံးကွယ်အပ်သော စင်္ကြံ၌လည်း၊ ဥပစာရံ—၁၂ တောင် ဥပစာကို၊ မုဉ္စိတွာ, (စင်္ကမိတုံ)၊ ဝဋ္ဋတိ။

ဝုဋ္ဌတရေနသဒ္ဓိံ ဧတ္ထ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ဝုဋ္ဌတရေ- သီတင်း ကြီးဖြစ်သော၊ ပါရိဝါသိကေ-သည်၊ ပဌမံ, နိပန္နေ-လည်းလျောင်းနေလသော်၊ ဣတရော - အခြားသော သီတင်းငယ် ပါရိဝါသိကရဟန်းသည်၊ ဇာနန္တော— သိလျက်၊ ပစ္ဆာ-မှ၊ သစေ နိပဇ္ဇတိ-အံ့၊ (ဧဝံသတိ) အဿ—ထို သီတင်းငယ် ရဟန်း၏၊ ရတ္တိစ္ဆေဒေါစ-သည်လည်း၊ ဟောတိ၊ ဝတ္တဘေဒေ-ကြောင့်၊ ဒုက္ကဋ္ စ(ဟောတိ)၊ပန-ကား၊ ဝုဍ္ဎတရဿ-၏၊ရတ္တိစ္ဆေဒေါ(ဟောတိ)၊ဝတ္တဘေ ဒုက္ကဋံ, န (ဟောတိ)၊ အဇာနိတွာ— ၍၊ (သစေ) နိပဇ္ဇတိ၊ (ဧဝံသတိ)၊ ဒွိန္နံပိ— ၂ ပါးသော သီတင်းငယ်, သီတင်းကြီးရဟန်းတို့၏လည်း၊ ဝတ္တဘေဒေါ-သည်၊ နတ္ထိ၊ ပန-သို့သော်ပင် ဝတ်ပျက်ခြင်း မရှိပါသော်လည်း၊ ရတ္တိစ္ဆေဒေါ, ဟောတိ ဣတိ-ဤသို့ မဟာ၊ နဝကပါရိဝါသိကေ-သီတင်းငယ် ပါရိဝါသိကရဟန်းသည်၊ ပဌမံ, နိပန္နေ, ဝုဍ္ဎတရော, ပစ္ဆာ နိပဇ္ဇတိ၊ နဝကဿစ—လည်း၊ (သစေ) ဇာနာ တိ၊ (ဧဝံသတိ)၊ အဿ—ထို သီတင်းငယ်ရဟန်း၏၊ ရတ္တိစ-သည်သည်း၊ ဆိုဖွယ် — ပြတ်၏၊ ဝတ္တဘေဒေ - ကြောင့်၊ ဒုက္ကဋံစ, ဟောတိ- ၏၊ ဝုဍ္ဎတရဿ ရတ္တိ

န္တွေဒေါ(ဟောတိ၊) ဝတ္တဘေဒေါ, န(ဟောတိ)၊ (နဝကော၊) နော စေ ဇာနာတိ၊ (ဧဝံသတိ၊) ဒွိန္နံပိ, ဝတ္တဘေဒေါ နတ္ထိ၊ ပန – ထိုသို့ပင် ဝတ်ပျက်ခြင်း မရှိပါသော်လည်း၊ ရတ္တိစ္ဆေဒေါ, ဟောတိ၊ ဒွေပိ – ၂ ပါးသော သိတင်းငယ်, သိတင်းကြီးတို့သည်လည်း၊ အပစ္စာပုရိမံ–မနှောင်းမရှေး၊ (တပြိုင်နက်)၊ သစေ နိပဇ္ဇန္တိ၊ (ဧဝံသတိ)၊ ဝုမုတရဿ, ရတ္တိစ္ဆေဒေါ (ဟောတိ)၊ [ဧဝဖြင့် ဝတ္တဘေဒကို ကန့်၊] ဣတရဿ–အခြားသော သိတင်းငယ်ရဟန်း၏၊ ဝတ္တဘေဒေါပိ–လည်း၊ (ဟောတိ၊) [ပိဖြင့် ရတ္တိစ္ဆေဒကို ပေါင်း၊] ဣတိ, ကုရုန္ဒိယံ ဝုတ္တံ။

ဒွေ–ကုန်သော၊ ပါရိဝါသိကာ–တို့သည်၊ သမဝဿာ–တူသော ဝါ ရှိကုန်သည်၊ (ဟောန္တိ – နှ်အံ့၊) ဧကော – တပါးသော ရဟန်းသည်၊ ပဌမံ, နိပန္နော–သည်၊ (ဟောတိ)၊ ဧကော–သည်၊ ဇာနန္တော ဝ–သိလျက်သာ၊ ပစ္ဆာ (သစေ) နိပဇ္ဇတိ၊ (ဧဝံသတိ)၊ ရတ္တိစ ဆိဇ္ဇတိ၊ ဝတ္တဘေဒေ ဒုက္ကဋံ စ (ဟောတိ)၊ ပဌမံ, နိပန္နဿ– လဲလျောင်းသောရဟန်း၏၊ ရတ္တိစ္ဆေဒေါ ဝ–သာ၊ (ဟောတိ)၊ ဝတ္တဘေဒေါ,န(ဟောတိ)၊ ပစ္ဆာ–မှ၊ နိပဇ္ဇန္တော ပိ–သည်လည်း၊ သစေ န ဇာနာတိ၊ ဒွိန္နံပိ ဝတ္တဘေဒေါ နတ္ထိ၊ ရတ္တိစ္ဆေဒေါ ပန ဟောတိ၊ ဒွေပိ အပစ္ဆာပုရိမံ သစေ နိပဇ္ဇန္တိ၊ (ဧဝံသတိ)၊ ဒွိန္နံပိ, ရတ္တိစ္ဆေဒေါယေဝ–သည်သာ၊ (ဟောဘိ)၊ ဝတ္တဘေဒေါ, န (ဟောတိ)၊ ဟိ–မှန်၊ (တနည်း)၊ ဟိ (ယသ္မာ) – ကြောင့်၊ ဒွေ ပါရိဝါသိကာ, ဧကတော–တပေါင်းတည်း၊ သစေ ဝသေယျုံ–အကယ်၍ နေကုန်အံ့၊ (ဧဝံသတိ၊)တေ–ထိုပါရိဝါသိကရဟန်းတို့သည်၊ အညမညဿ–အချင်းချင်း၏၊ အဋ္ဌာစာရံ–လွန်ကျူးမှုကို၊ ဉတွာ–၍၊ အဂါရဝါဝါ–ရိုသေခြင်းမရှိကုန်သည် သော်ငှင်း၊ ဝိပ္ပဋိသာရိနော ဝါ – နှလုံးမသာယာခြင်း ရှိကုန်သည်သော်ငှင်း၊ ဟုတွာ,ပါပိဋ္ဌတရံ – သော၊ အာပတ္တိံ – သို့၊ အာပဇ္ဇေယျုံ ဝါ – ရောက်မှုလည်း ရောက်ကုန်ရာ၏၊ ဝိဗ္ဘမေယျုံ ဝါ – လူထွက်မှုလည်း လူထွက်ကုန်ရာ၏၊ တသ္မာ–ကြောင့်၊ နေသံ – ထိုပါရိဝါသိကရဟန်းတို့၏၊ သဟသေယျာ–အတူတကွ အိပ်ခြင်းကို၊ သဗ္ဗပ္ပကာရေန – အလုံးစုံသော အပြားအားဖြင့်၊ ပဋိက္ခိတ္တာ – ပယ်မြစ်တော်မူအပ်ပြီ၊ သေသံ–ကြွင်းသောပုဒ်အပေါင်းကို၊ ဝုတ္တနယေနေဝ, ဝေဒိတဗ္ဗံ၊ စ–ဆက်၊ ဧတ္ထ–၌၊ ပါရိဝါသိကရဟန်း အစရှိသော ၅ ပါးသောရဟန်းတို့တွင်၊ မူလာယ ပဋိကဿနာရဟာဒယော – မူလာယ ပဋိကဿနာရဟ အစရှိသော ရဟန်းတို့ကို၊ ဝါ–တို့သည်၊ ပါရိဝါသိကာနံ–တို့၏၊ ပကတတ္တဋ္ဌာနေ–ပကတတ် အရာ၌၊ ဌိတာ–တည်ကုန်ပြီ၊ ဣတိ, ဝေဒိတဗ္ဗာ။

ပါရိဝါသိက စတုတ္ထော၊ပေ၊ ပရိဝါသန္တိ ဧတ္ထ – ဟူသော ဤပါဌ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ပါရိဝါသိကံ – ပရိဝါသ် ကျင့်သုံးဆဲ ရဟန်းကို၊ စတုတ္ထံ–၄ ပါးမြောက်ကို၊ ကတွာ–၍၊ အညဿ–အခြားသောရဟန်းအား၊ ပရိဝါသဒါနာဒီနိ–ပရိဝါသ်ပေးခြင်းအစရှိသည်တို့ကို၊ ကာတုံ, န ဝဋ္ဋတိ–မအပ်၊

ဥဘောသွေဝ - ဤ ပရိဝါသ်ပေးခြင်း အစရှိသော ကံတို့၌သာ၊ အယံ - ဤ ပါရိဝါသိကရဟန်းသည်၊ ဂဏပူရကော-ဂိုဏ်းကိုပြည့်စေတတ်သူသည်၊ န ဟောတိ၊ သေသသံဃကမ္မေသု- ပရိဝါသ်ပေးခြင်း အစရှိသော ကံမှကြွင်းသော သံဃာ့ကံတို့၌၊ (ဂဏပူရကော) ဟောတိ၊ ပန-ဆက်၊ ဂဏော-၄ ပါးဂိုဏ်းသည်၊ အပ္ပဟောန္တေ— မသောက်လသော်၊ ဝတ္တံ- ဝတ်ကို၊ နိက္ခိပါပေတွာ—ချစေ၍၊ ဂဏပူရကော-ကို၊ ကာတဗ္ဗော- ပြုထိုက်၏၊ ဣတိ- အပြီးတည်း၊ [ပရိဝါသ်, မာနတ်ပေးရာ၌ ၄ ပါးဂိုဏ်းရှိရသည်၊ ထိုဂိုဏ်းမပြည့်လျှင် ဝတ်ဆောက်တည်နေသော ရဟန်းကို ဝတ်ချစေ၍ ဂဏပူရက ပြုရသည်။]

ပန-ဆက်၊ ဣမံ ဝတ္တကထံ - ဤ ဝတ္တကထာကို၊ (ပရိဝါသ်နေသော ရဟန်းတို့၏ ကျင့်ဝတ်ကို ဆိုရာစကားကို၊) သုတွာ - ၍၊ ဝိနယဓရ ဥပါလိတ္ထေရဿ—ဝိနည်းဓိုရ်ဖြစ်သော ဥပါလိထေရ်၏၊ ဝါ-သည်၊ ရဟောဂတဿ- ဆိတ်ငြိမ်ရာအရပ်၌ ရောက်စဉ်၊ ဧဝံ- သို့၊ ပရိဝိတက္ကော— အကြံသည်၊ ဥဒပါဒိ — ထင်ရှားဖြစ်ပြီ၊ (ကိံ)၊ ဘဂဝတာ - သည်၊ ဗဟု - များစွာသော၊ ပါရိဝါသိကဝတ္တံ — ပါရိဝါသိကရဟန်းတို့၏ ကျင့်ဝတ်ကို၊ ပညတ္တံ- ပညတ်တော်မူအပ်ပြီ၊ ဧတ္ထ-ဤ ပါရိဝါသိကရဟန်းတို့၏ ကျင့်ဝတ်၌၊ ကတိဟိ—အဘယ်မျှလောက်ကုန်သော၊ ကာရဏေဟိ — အကြောင်းတို့ကြောင့်၊ ရတ္တိစ္ဆေဒေါ — ညဉ့်ပြတ်ခြင်းသည်၊ ဟောတိနုခေါ- ဖြစ်ပါလိမ့်မည်နည်း၊ ဣတိ-သို့၊ (ဥဒပါဒိ)၊ သော- ထို အရှင်ဥပါလိသည်၊ ဘဂဝန္တံ-ကို၊ ဝါ-သို့၊ ဥပသင်္ကမိတွာ-၍၊ တမတ္ထံ-ထိုအကြောင်းကို၊ ပုစ္ဆိ- မေးလျှောက်ပြီ၊ ဘဂဝါစ — သည်လည်း၊ အဿ- ထို အရှင်ဥပါလိအား၊ ဗျာကာသိ-ဖြေတော်မူပြီ၊ တေန-ကြောင့်၊ အထခေါ၊ပေ၊ရတ္တိစ္ဆေဒါတိ-ဟူ၍၊ (သင်္ဂီတိကာရေဟိ— သံဂါယနာတင် ထေရ်တို့သည်၊) ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ တတ္ထ-ထို ၃ ပါးသော ရတ္တိစ္ဆေဒတို့တွင်၊ ပကတတ္တေန၊ပေ၊ဧကစ္ဆန္နေတိ အာဒိနာ-အစရှိသော၊ နယေန- ဖြင့်၊ ဝုတ္တော- ဟောတော်မူအပ်သော၊ ယွာယံ (ယော + အယံ) ဧကတောဝါသော - အကြင် တပေါင်းထည်းနေခြင်းသည်၊ (အတ္ထိ၊ သော - ထို တပေါင်းတည်းနေခြင်းသည်၊) သဟဝါသောတိ — သဟဝါသမည်၏၊ ဧကကဿေဝ- တပါးထည်း၏သာလျှင်၊ ဝါသော- (ပကတတ်ရဟန်း မပါဘဲ) နေခြင်းသည်၊ ဝိပ္ပဝါသောတိ-မည်၏။

× × × × × × ×

သဟဝါသ။ ။"အတူတကွနေခြင်း"ဟူရာ၌ ဧကစ္ဆန္နအာဝါသစသည်၌ ပကတတ်ရဟန်း လဲလျောင်းနေစဉ် မိမိကလည်း လဲလျောင်း၍နေခြင်းကိုသာ "သဟဝါသ"ဟု ယူရသည်၊ ထိုင်ခြင်း,ရပ်ခြင်း,သွားခြင်းတို့ကို"သဟဝါသ"ဟု မယူရ။ [သဟဝါသောတိ ဝုတ္တပ္ပကာရေ ဆန္နေ ပကတတ္တေန ဘိက္ခုနာ သဒ္ဓိံ သယနမေဝ အဓိပ္ပေတံ၊ န သေသ ဣရိယာပထ ကပ္ပနံ၊— ဋီကာ။]

အနာရောစနာတိ-ကား၊ အာဂန္တုကာဒီနံ-အာဂန္တုကအစရှိသော ရဟန်း တို့အား၊ အနာရောစနာ — မလျှောက်ခြင်းတည်း၊ (အာဒိဖြင့် အာဝါသိက ရဟန်းတို့ကို ယူ၊)တီသု-န်သော၊ ဌာနေသု-၌ အကြောင်းတို့တွင်၊ ဧကေကေန- တပါး တပါးသော၊ ကာရဏေန—အကြောင်းကြောင့်၊ ရတ္တိစ္ဆေဒေါ, ဟောတိ၊ နသက္ကောန္တီတိ-ကား၊ သံဃဿ-သံဃာ၏၊ မဟန္တတာယ-များသည်၏အဖြစ် ကြောင့်၊ တတ္ထ တတ္ထ-ထိုထို အရပ်သို့၊ ဂန္တွာ-သွား၍၊ သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့အား၊ အာရောစေတုံ — လျှောက်ခြင်းငှါ၊ (ဝတ်ကြားခြင်းငှါ၊) အသက္ကောန္တာ- မစွမ်းနိုင်ကုန်သည်၊ (ဟုတွာ) သောဓေတုံ- သုမ်သင်ခြင်းငှါ၊ န သက္ကောန္တိ-န်။

ပရိဝါသံ၊ပေ၊နိက္ခိပါမီတိ-ဟူကုန်သော၊ ဒွီသု-န်သော၊ ဋ္ဌမေသု ပဒေသု— ၌ပုဒ်တို့တွင်၊ ဧကေနပိ- တပုဒ်ဖြင့်လည်း၊ ပရိဝါသော-ပရိဝါသ်သည်၊ ဝါ-ကို၊ နိက္ခိတ္တော ဝ—ချထားအပ်သည်သာ၊ ဟောတိ၊ ဒွီဟိ- ၂ ပုဒ်တို့ဖြင့်၊ (နိက္ခိတ္တော- သည်၊သမာနော-သော်၊)သုနိက္ခိတ္တောယေဝ-ကောင်းစွာချထားအပ်သည်သာ၊ (ဟောတိ)၊ သမာဒါနေပိ - ဝတ်ဆောက်တည်ခြင်း၌လည်း၊ ဧသေဝ နယော၊ ဧဝံ—သို့၊ ဝတ္တံ-ကို၊ သမာဒိယိတွာ—ဆောက်တည်ပြီး၍၊ ပရိဝုတ္ထပရိဝါသဿ- ကျင့်သုံးအပ်ပြီးသော ပရိဝါသ်ရှိသည်ဖြစ်၍၊ မာနတ္တံ-မာနတ်ကို၊ ဂဏှတော- ယူသော ရဟန်း၏၊ ပုန—တဖန်၊ ဝတ္တသမာဒါနကိစ္စံ - ဝတ်ဆောက်တည်ဘွယ် ကိစ္စသည်၊ နတ္ထိ၊ (ကသ္မာ)၊ ဟိ(ယသ္မာ)-ကြောင့်၊ သေ(ဧသော) - ၌ ပါရိ ဝါသိက ရဟန်းသည်၊ သမာဒိန္နဝတ္တော ယေဝ-ကောင်းစွာ ဆောက်တည်အပ် ပြီးသော ဝတ်ရှိသည်သာ၊(ဟောတိ၊ တသ္မာ-ကြောင့်၊ ပုန ဝတ္တသမာဒါနကိစ္စံ, နတ္ထိ)၊ တသ္မာ— ထိုသို့ ဝတ်ဆောက်တည်ဘွယ်ကိစ္စ မရှိသည်၏ အဖြစ်ကြောင့်၊ အဿ-ထို ပါရိဝါသိက ရဟန်း အား၊ ဆာရတ္တံ - ၆ ညဉ့်ပတ်လုံး၊ မာနတ္တံ-ကို၊ ဒါတဗ္ဗံ-ရာ၏၊ စိဏ္ဏမာနတ္တော-ကျင့်သုံးအပ်ပြီးသော မာနတ်ရှိသော ရဟန်းကို၊ အဗ္ဘေတဗ္ဗော-အဗ္ဘာန်သွင်းထိုက်၏၊ ဧဝံ-သို့၊ အနာပတ္တိကော - အာပတ် မရှိ သည်၊ ဟုတွာ, သုဒ္ဓန္တေ - စင်ကြယ်သော အဘို့၌၊ ပတိဋ္ဌိတော - တည်သည်၊ (ဟုတွာ)၊ တိဿော-န်သော၊ သိက္ခာ- သိက္ခာတို့ကို၊ ပူရေတွာ - ဖြည့်ကျင့်၍၊ ဒုက္ခဿ - ဝဋ်ဒုက္ခ၏၊ အန္တံ — အဆုံးကို၊ ကရိဿတိ - ပြုနိုင်လတ့်၊ ဣတိ— အပြီးတည်း။

× × × × × × ×

သမာဒိန္နဝတ္တောယေဝ။ ။ပရိဝါသ် ဆောက်တည်ပြီးသောအခါ မာနတ်ယူလို လျှင် ထပ်၍ ဝတ်ဆောက်တည်ဘွယ် ဝတ်ကြားဘွယ်မလို၊ ထိုသို့ ထပ်၍ဆောက်တည်ခြင်း, ဝတ်ကြားခြင်းကို " ပရိဝုတ္ထပရိဝါသဿ မာနတ္တံ ဂဏှတော ပုန ဝတ္တသမာဒါနကိစ္စံ နတ္ထိ- (ပရိဝါသ်ကျင့်သုံးပြီး၍ မာနတ်ယူသောရဟန်းမှာ ထပ်၍ဝတ်ဆောက်တည်ဘွယ် ကိစ္စမရှိ)"ဟူသော စကားဖြင့် တားမြစ်ပြီးဖြစ်သည်။

မူလာယပဋိကဿနာရဟကထာ

မူလာယပဋိကဿနာရဟာ၊ပေ၊ပကတတ္တာနန္တိ-ကား၊ နဝကတရံ-သီတင်း
ဉ်ယ်ဖြစ်သော၊ မူလာယပဋိကဿနာရဟံ - အရင်းသို့ ငင်ခြင်းကို ထိုက်သော
ျပဟာန်းကို၊ ထပေတွာ-ထား၍၊ အဝသေသာနံ-ကြွင်းကုန်သော၊ အန္တမသော-
ဲအောက်ထစ်ဆုံးအားဖြင့်၊ပါရိဝါသိကာဒီနံပိ-ပါရိဝါသိကအစရှိသောရဟန်း
တို့၏လည်း၊("အဘိဝါဒနံ န သာဒိတဗ္ဗံ"စသည်၌ စပ်၊) ဟိ—မှန်၊ ပါရိဝါသိက
ပေ၊အဗ္ဘာနာရဟာနံ-ပါရိဝါသိက ရဟန်း,မူလာယပဋိကဿနာရဟ ရဟန်း,
မာနတ္တာရဟ ရဟန်း , မာနတ္တစာရိက ရဟန်း , အဗ္ဘာနာရဟ ရဟန်းဟူကုန်
သော၊ ဣမေသံ ပဉ္စန္နံ-ဤ ၅ ပါးသော ရဟန်းတို့၏၊ အတ္တနော အတ္တနော - မိမိ
မိမိအောက်၊ နဝကတရံ— သီတင်းငယ် ရဟန်းကို၊ ထပေတွာ—၍၊ သေသာ—
န်သော၊ သဗ္ဗေ— အလုံးစုံသော ရဟန်းတို့သည်၊ ပကတတ္တာဧဝ— ပကတတ်တို့
ချည်းသာတည်း၊ ကသ္မာ-နည်း၊ မိထု-အချင်းချင်း၊ ယထာဝုဍ္ဎံ-ကြီးစဉ်ငယ်လိုက်၊
အဘိဝါဒနာဒီနံ-ရှိခိုးခြင်း အစရှိသည်တို့၏၊ ဝါ-တို့ကို၊ အနုညာတတ္တာ-ခွင့်ပြု
တော်မူအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ တေန-ကြောင့်၊ အဝသေသာနံ
၊ပေ၊ပါရိဝါသိကာဒီနံပိတိ-ဟူ၍ ၊(မယာ)ဝုတ္တံ။

ပန-ဆက်၊ နေသံ-ထိုမူလာယပဋိကဿနာရဟ ရဟန်းစသည်တို့၏၊မူလာယ
ပဋိကဿနာရဟာဒိလက္ခဏံ-မူလာယပဋိကဿနာရဟ အစရှိသည်တို့၏ လက္ခ
ဏာသည်၊ ပရတော-နောက်၌၊(သမုစ္စယက္ခန္ဓကေ၌)၊ အာဝိ-ထင်ရှားစွာ၊ ဘဝိ
ဿတိ၊ ဧတ္ထ-ဤမူလာယပဋိကဿနာရဟ ကျင့်ဝတ်၌ရင်း၊ ဣတော-ဤမူလာယ
ပဋိကဿနာရဟ ကျင့်ဝတ်မှ၊ ပရေသု-နောက်ဖြစ်ကုန်သော၊ မာနတ္တာရဟာဒိ
ဝတ္တေသုစ- မာနတ္တာရဟ ရဟန်းအစရှိသူတို့၏ ကျင့်ဝတ်တို့၌ရင်း၊ သေသံ—
ကြွင်းသော အစီအရင်ကို၊ ပါရိဝါသိကဝတ္တေ- ၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ၊
မူလာယပဋိကဿနာရဟ စတုတ္ထော စေတိ အာဒိသုပိ-အစရှိသောပါဠိရပ်တို့၌
လည်း၊ ပါရိဝါသိကော-သည်၊(ဂဏပူရကော-သည်၊)(နဟောတိ)ယထေဝ-
မဖြစ်သကဲ့သို့၊ ဧဝံ-တူ၊ ဧတေပိ-ဤမူလာယပဋိကဿနာရဟ ရဟန်းအစရှိသည်
တို့သည်လည်း၊ ဧတေသု ပိနယကမ္မေသု — ဤ ဝိနည်းကံတို့၌၊ ဂဏပူရကာ—
တို့သည်၊ န ဟောန္တိ - ကုန်၊ သေသသံဃကမ္မေသု - ကြွင်းသော သံဃာ့ကံတို့၌၊
(ဂဏပူရကာ) ဟောန္တိ။

× × × × × × ×

**မိထု ယထာဝုဍ္ဎံ။ ။ပါရိဝါသိကဖြစ်လျှင် ပါရိဝါသိက အချင်းချင်းသာ,မူလာယ
ပဋိကဿနာရဟာဖြစ်လျှင် မူလာယပဋိကဿနာရဟ အချင်းချင်းသာ, ဤသို့ အချင်းချင်း
သာလျှင် ကြီးစဉ်ငယ်လိုက် ရှိခိုးခြင်းစသည်ကို ခွင့်ပြုတော်မူ၏၊ ပါရိဝါသိကရဟန်းအား
မူလာယပဋိကဿနာရဟ စသော ရဟန်းတို့က ရှိခိုးခြင်းစသည်ကို ခွင့်ပြုတော်မမူ။**

မာနတ္ထစာရိကကထာ

မာနတ္တစာရိကာသ—မာနတ်ကျင့်သော ရဟန်း၏၊ ဝတ္တေသု-ကျင့်ဝတ်တို့၌၊ ဒေဝသိကံ အာရောစေတဗ္ဗန္တိ-ဟူသော ကျင့်ဝတ်သည်၊ ဝိသေသော - ထူး၏၊ ရတ္တိစ္ဆေဒေသု — ရတ္တိစ္ဆေဒ အင်္ဂါတို့၌၊ ဥူနေဂဏေတိ ဧတ္ထ — ဥူနေဂဏေ ဟူသော ဤပါဌ်၌၊ စတ္တာရော ဝါ — ၄ ပါးသော ရဟန်းတို့သည်ငင်း၊ အတိရေကာ ဝါ-၄ ပါးထက် ပိုလွန်သော ရဟန်းတို့သည်ငင်း၊ ဂဏောတိ-ဂဏမည်၏၊ (အခြားနေရာ၌ ၂ ပါး ၃ ပါးကို ဂိုဏ်းဟု ခေါ်ရသော်လည်း ဤနေရာ၌ကား ဂဏဘောဇနသိက္ခာပုဒ်၌ကဲ့သို့ ၄ ပါး ၄ ပါးထက်လွန်သော ရဟန်းတို့ကိုသာ "ဂိုဏ်း"ဟု ခေါ်ရသည်၊) တသ္မာ- ကြောင့်၊ တီဟိ -- နှင့်သော၊ ဘိက္ခူဟိ-တို့နှင့်၊ သဒ္ဓိံ—အတူ၊ သစေပိ ဝသတိ-အကယ်၍မူလည်း နေစေဦးတော့၊ (ဧဝံ သတိပိ)၊ ရတ္တိစ္ဆေဒေါ ဟောတိယေဝ၊ မာနတ္တနိက္ခေပ သမာဒါနေသု—မာနတ် ချခြင်း, မာနတ်ဆောက်တည်ခြင်းတို့၌၊ ပုဗ္ဗသဒိသောဝ-ဆိုအပ်ပြီးသော အဆုံးအဖြတ်နှင့် တူသည်သာလျှင် ဖြစ်သော၊ ဝိနိစ္ဆယော — အဆုံး အဖြတ်သည်၊ (ဟောတိ)၊ [မာနတ္တံ နိက္ခိပါမိ ဖြစ်စေ, ဝတ္တံ နိက္ခိပါမိဖြစ်စေ တပုဒ်တည်းဖြင့် နိက္ခေပဖြစ်နိုင်သည်၊ ၂ ပုဒ်လုံး ဆိုလျှင် သာ၍ နိက္ခေပဖြစ်နိုင်သည်၊ သမာဒါန၌လည်း နည်းတူ၊ ဤအဆုံးအဖြတ်ကို ပါရိဝါသိကဝတ်၌ " ပရိဝါသံ သမာဒိယာမိ, ဝတ္တံ သမာဒိယာမိ, ပရိဝါသံ နိက္ခိပါမိ, ဝတ္တံ နိက္ခိပါမိ"ဟု ဆိုခဲ့သောကြောင့် ပုဗ္ဗသဒိသောဝ ဟု ဆိုသည်၊] သဗ္ဗတ္ထ - အလုံးစုံသော ဝါကျတို့၌၊ [ယောဇနာ၌ "သဗ္ဗတ္ထာတိ ပါရိဝါသိကက္ခန္ဓကေ" ဟု ဖွင့်လေသည်၊] သေသံ ဥတ္တာနမေဝ၊ ဣတိ-အပြီးတည်း။....ပရိဝါသိကက္ခန္ဓကဝဏ္ဏနာ-နိဋ္ဌိတာ။

× × × × × × ×

ဒေဝသိကံ အာရောစေတဗ္ဗံ။ ။မာနတ်ကျင့်ရာ၌ နေ့စဉ် မာနတ်ကြားရမည်ဟု အထူးဆိုသောကြောင့် ယခုအခါ နိက္ခိတ္တမာနတ်ဆောက်တည်ကြသော ရဟန်းတို့သည် အရုဏ်မတက်မီ မာနတ်ဆောက်တည်၍ မာနတ်ကြားပြီးလျှင် အရုဏ်တက်သောအခါ မာနတ်ချလိုလသော် မာနတ်ကြားပြီးမှ ချလေ့ရှိကြ၏၊ အကယ်၍ ပဌမ ညဉ့်၌ လိုက်ပါလာသော ပကတတ်ရဟန်းတို့သည် ဒုတိယညဉ့်၌လည်း လိုက်ပါလာကြလျှင် အရုဏ်တက်ပြီးသောအခါ မာနတ်မကြားသော်လည်း နောက်အရုဏ်ယူသောအခါ မာနတ်ကြားဦးမည်ဖြစ်သောကြောင့် မာနတ်ချကာနီး၌ မကြားဘဲနေလျှင်လည်း ဖြစ်နိုင်ပါ၏ ဟု ယူဆကြ၏၊ သို့သော် နောက်တအရုဏ်အတွက် လိုက်ပါလာမည့် ရဟန်းတို့က ရှေးရဟန်းများပင်ဖြစ်ကြောင်း မသေချာလျှင် မာနတ်ကြား၍ ချခြင်းက သာ၍ သံသယ ကင်းဘွယ်ရှိပါသည်။

ပါရိဝါသိကက္ခန္ဓကအဖွင့်
ပြီး၏။

သမုစ္စယကဏ္ဍက

[သမုစ္စယကဏ္ဍကာ၏ အဓိပ္ပါယ်ကို ဤခန္ဓကအဆုံး၌ ဝိမတိ ဖွင့်လတ္တံ့။]

သုတ္တဝိဘင်္ဂကထာ

နိဇ္ဈာပေတိ။ ။နိပုဗ္ဗ ဈေဓာတ်သည် "ဩလောကန" အနက်ဟောဟု သိစေလို၍ "ဩလောကေတိ" ဟု ဖွင့်သည်၊ "ယထာ၊ပေ၊ဧဝံကရောတိ" ကား ဏာပေ ပစ္စည်း၏ အနက်ကို ဖွင့်ခြင်းတည်း၊ မှန်၏— ကြည့်စေခြင်းနှင့် ကြည့်အောင်ပြုခြင်းသည် အဓိပ္ပါယ် တူပင်တည်း၊ "နိဇ္ဈာပေတိ – သူပြောလိုအပ်သော အနက်အဓိပ္ပါယ်ကို ကြည့်စေ၏" ဟု ပေးပါ။

ပေက္ခေတိ အနုပေက္ခေတီတိ- ကား၊ ယထာ-အကြင် အခြင်းအရာအားဖြင့် ပြုလသော်၊ သော-ထို ဓမ္မဝါဒီပုဂ္ဂိုလ်သည်၊ တံ အတ္ထံ- ထို အနက်အဓိပ္ပါယ်ကို၊ ပေက္ခတိစေဝ- ရှေးဉုးစွာလည်း ရှု၏၊ ပုနပ္ပုနံစ- အဖန်ဖန်လည်း၊ ပေက္ခတိ— ရှု၏၊ ဧဝံ-ဤသို့ ရှေးဉုးစွာရှုသောက်, အဖန်ဖန်ရှုသောက်အောင်သော အခြင်း အရာအားဖြင့်၊ ကရောတိ - ပြု၏၊ [ဤ၌လည်း "ယထာ၊ပေ၊ဧဝံ ကရောတိ"ဖြင့် ကာရိတ်ပစ္စည်းအနက်ကိုဖွင့်သည်၊ ထို့ကြောင့် "ပေက္ခေတိ အနုပေက္ခေတိ"ဟု ကာရိတ်နှင့်တကွ ရှိရမည်၊ ပုနပ္ပုနံကား အနု၏အဖွင့်တည်း၊] ဒဿေတိ အနု ဒဿေတီတိ - ဒဿေတိ အနုဒဿေတိဟူသော သဒ္ဒါတို့သည်၊ တေသညေဝ- ထို ပေက္ခေတိ, အနုပေက္ခေတိဟူသော သဒ္ဒါတို့၏ပင်၊ ပရိယာယဝစနာနိ—ပရိ ယာယ်သဒ္ဒါတို့တည်း၊ ["တေသညေဝ-ထိုပေက္ခေတိ,အနုပေက္ခေတိသဒ္ဒါတို့ကို ပင်၊ ပရိယာယဝစနာနိ— ပရိယာယ်အားဖြင့် ဟောသောသဒ္ဒါတို့တည်း" ဟု သော်လည်း ပေး။] အဓမ္မေန ပူပသမ္မတီတိ-ကား၊ ယသ္မာ-ကြောင့်၊ သော-ထို အဓမ္မဝါဒီပုဂ္ဂိုလ်သည်၊အဓမ္မမေဝ-မဟုတ်မမှန်သောသဘောကိုပင်၊အယံ-ဤ သည်ကား၊ ဓမ္မော-ဟုတ်မှန်သောသဘောတည်း၊ ဣတိ အာဒိနာ- ဤသို့ အစရှိ သော၊ နယေန-နည်းဖြင့်၊ မောဟေတွာ-တွေဝေစေ၍၊ ဝါ-လှည့်ပတ်၍၊ ဒဿေ တိ- မြင်စေ၏၊ ဝါ- ပြ၏၊ တသ္မာ - ကြောင့်၊ အဓမ္မေန- ဖြင့်၊ ဂူပသမ္မတိနာမ- မည်၏၊ ဓမ္မေန ဂူပသမ္မတီတိ-ကား၊ ယသ္မာ-ကြောင့်၊ ဓမ္မဝါဒီ-ဓမ္မဝါဒီပုဂ္ဂိုလ် သည်၊ ဓမ္မမေဝ - ဟုတ်မှန်သောသဘောကိုပင်၊ အယံ- ဤသည်ကား၊ ဓမ္မော- ဟုတ်မှန်သောသဘောတည်း၊ ဣတိ အာဒိနာ- ဤသို့ အစရှိသော၊ နယေန-ဖြင့်၊ အမောဟေတွာ- မတွေဝေစေမူ၍၊ ဝါ- မလှည့်ပတ် မူ၍၊ ဒဿေတိ- မြင်စေ၏၊ ဝါ-ပြ၏၊ တသ္မာ-ကြောင့်၊ ဓမ္မေန-ဖြင့်၊ ဂူပသမ္မတိနာမ- မည်၏။

× × × × × × ×

ပေက္ခေတိ။ ။ပပုဗ္ဗ ဣက္ခဓာတ်သည် ဒဿနအနက်ကိုဟော၏၊ဒဿေတိ၌လည်း ကာရိတ် ဏေပစ္စည်းတည်း၊ ထို့ကြောင့်"ဒဿေတိ အနုဒဿေတိ"ကိုပင် "ပေက္ခေတိ အနုပေက္ခေတိ"တို့၏ ပရိယာယ်ဖြစ်သော သဒ္ဒါတို့တည်း-ဟု ဆိုသည်။

ပရိယာယဝစနာနိ။ ။ပရိယာယဝစနာနီတိ ဝေဝစနသဒ္ဒါ၊ အတ္ထေ ပရိဗျတ္တိံ အယန္တိ ဂစ္ဆန္တိ ဉာပေန္တီတိ ပရိယာယာနိ၊ တာနိယေဝ ဝစနာနိ ပရိယာယဝစနာနိ၊— ယောဇနာ၊ ပရိယာယ၌ ပရိပုဗ္ဗ ဣဓာတ်, ပရိကို ပရိဗျတ္တိံဟု ဖွင့်သည်၊ အခြားနေရာ၌ ကား ဝေဝစနံကို ဝိဂြိုဟ်ပြုသောအခါ "ဧကသ္မိံယေဝ အတ္ထေ ဝိဝိဓံ ဝစနံ ဝိဝစနံ၊ ဝိဝစနမေဝ ဝေဝစနံ"ဟု ပြု၏၊ ထိုသို့ဖြစ်လျှင် "ဧကသ္မိံယေဝ အတ္ထေ ပရိ(ပုနပ္ပုနံ) အယတိ ပဝတ္တတီတိ ပရိယာယော- အနက်တခုတည်း၌ အဖန်ဖန်ဖြစ်တတ်သောသဒ္ဒါ" ဟု ပြုလျှင် ကောင်းမည်ထင်သည်၊ ဤသို့ကြံလျှင် ဝေဝစနနှင့် အနက်တူ၏၊ [ပရိ+ ဣဓာတ်, ဏပစ္စည်း၊ အာ၌ ဝုဒ္ဓိပြု။]

သတိဝိနယကထာ

ပဋိမာနိ၊ပေါဒါနာနီတိ ဧတ္တ- ပဋိမာနိ၊ပေါဒါနာနိဟူသော ဤပါဌ်၌၊ သုဒ္ဓဿ-စင်ကြယ်သော၊ အနာပတ္တိကဿ-အာပတ်မရှိသော ရဟန္တာအား၊ ဒါန်-ပေးရခြင်းသည်၊ ဧကံ - တပါးသောအင်္ဂါတည်း၊ အနုဝဒိတဿ - စွပ်စွဲအပ်သော ရဟန္တာအား၊ ဒါန်-ပေးရခြင်းသည်၊ ဧကံ-တည်း၊ ယာစိတဿ-သတိဝိနည်းကိုတောင်းသော ရဟန္တာအား၊ ဒါန်, ဧကံ၊ သံဃေန-သံဃာသည်၊ ဝါ-သံဃာက၊ ဒါန်, ဧကံ၊ ဓမ္မေန - ဟုတ်မှန်သောဝတ္ထုဖြင့်၊ သမဂ္ဂဒါန်- ညီညွတ်သောသံဃာသည် ပေးရခြင်းသည်၊(ညီညွတ်သောသံဃာက ပေးရခြင်းသည်၊) ဧကံ- တည်း၊ ဣတိ ဧဝံ - ဤသို့၊ ပဉ္စ- ငါးပါးသော အင်္ဂါတို့သည်၊ (ဟောန္တိ)၊ ပန-ဆက်၊ တာနိ-ဤ ငါးပါးသောအင်္ဂါတို့ကို၊ ဧကေက အင်္ဂဝသေန-တပါးတပါးသော အင်္ဂါ၏အဖြစ်ဖြင့်၊ န လဗ္ဘန္တိ-မရအပ်ကုန်၊ (အင်္ဂါငါးပါး ပေါင်းမိမှ ရနိုင်သည်-ဟူလို၊)တသ္မာ-ကြောင့်၊ ဧတံ-ဤပဋိမာနိ ဘိက္ခဝေ အစရှိသော စကားရပ်သည်၊ ဒေသနာမတ္တမေဝ - ဒေသနာမျှသာတည်း၊ ပန- စင်စစ်ကား၊ ပဉ္စင်္ဂသမန္နာဂတံ- ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော၊ သတိဝိနယဒါန်- သတိဝိနည်းကိုပေးခြင်းသည်၊ ဓမ္မိကံ-တရားရှိ၏၊ဝါ-တရားနှင့်လျော်၏၊ ဣတိအယံ-ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ — ဤ ပဋိမာနိ ဘိက္ခဝေ အစရှိသော စကားရပ်၌၊ အတ္ထော - အနက်တည်း၊ စ - ဆက်၊ ယထာ - ထို ပဋိမာနိ ဘိက္ခဝေ အစရှိသော စကားရပ်၌၊ အနုဝဒန္တိတိ - ကား၊ စောဒေန္တိ - စောဒနာကြကုန်၏၊ သေသံ-ကြွင်းသောအစီအရင်သည်၊ ဥတ္တာနမေဝ - ပေါ်လွင် ထင်ရှားသည်သာ။

ပန - ဆက်၊ အယံ သတိဝိနယော- ဤ သတိဝိနည်းကို၊ ခီဏာသဝဿေဝ - ရဟန္တာအားသာ၊ ဒါတဗ္ဗော-ပေးထိုက်၏၊ အညဿ-ရဟန္တာမှ အခြားသော ပုဂ္ဂိုလ်အား၊ အန္တမသော — အထက်ဆုံးဖြစ်သော အပိုင်းအခြား အားဖြင့်၊ အနာဂါမိနောပိ - အနာဂါမ်အားသော်မှလည်း၊ (ပိ သဒ္ဒါ သမ္ပိဏ္ဍနာ၊) န (ဒါတဗ္ဗော) - မပေးထိုက်၊ စ - ဆက်၊ သော - ထို သတိဝိနည်းကို၊ အညေန- အခြားသောပုဂ္ဂိုလ်သည်၊ စောဒိယမာနဿေဝ - စောဒနာအပ်သည်သာလျှင် ဖြစ်သော ရဟန္တာအား၊ (ဒါတဗ္ဗော)၊ အစောဒိယမာနဿ - မစောဒနာအပ်

× × × × × × ×

သတိဝိနယဿ ။ ။ သတိဝေပုလ္လပ္ပတ္တဿ ခီဏာသဝဿ ဒါတဗ္ဗော ဝိနယော သတိဝိနယော၊—သာရတ္ထ၊ ခီဏာသဝဿ ဝိပုလသတိံ နိဿာယ ဒါတဗ္ဗော ဝိနယော (စောဒနာဒိ အသာရုပ္ပါန် ဝိနယနပါဠော) သတိဝိနယော၊— ဝိမတိ၊ ဤ ဝိမတိအလို "သတိံ နိဿာယ ဒါတဗ္ဗော ဝိနယော သတိဝိနယော" ဟု ပြု၊ စောဒနာခြင်း အစရှိသော မလျောက်ပတ်သောအရာတို့ကို ပယ်ဖျောက်ကြောင်းဖြစ်သောကြောင့် "သမထ" ကိုပင် " ဝိနယ " ဟု ခေါ်သည်၊ အကျယ်အဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။

သော ရဟန္တာအား၊ န(ဒါတဗ္ဗော)၊ စပန-ထပ်၍ဆက်ဦးအံ့၊ တသ္မိံ-ထိုသတိ ဝိနည်းကို၊ ဒိန္နေ- ပေးအပ်ပြီးသော်၊ စောဒကဿ- စောဒကပုဂ္ဂိုလ်၏၊ ကထာ- စောဒနာကြောင်းစကားသည်၊ န ရုဟတိ - မတက်ရောက်၊ (အထမမြောက်)၊ စောဒေန္တော ပိ-စောဒနာပါသော်လည်း၊ (အာပဇ္ဇတိ ဣစပ်၊) အယံ-ဤပုဂ္ဂိုလ် ကား၊ သတိဝိနယလဒ္ဓေါ-ရအပ်ပြီးသောသတိဝိနည်းရှိသော၊ ဝါ-သတိဝိနည်း ကို ရထားသော၊ ခီဏာသဝေါ - ရဟန္တာပုဂ္ဂိုလ်တည်း၊ ကော - အဘယ်သူ သည်၊ တုယှံ-သင် စောဒက၏၊ ကထံ- စောဒနာကြောင်းစကားကို၊ ဂဟေဿ တိ-ယူတော့လတ္တံ့နည်း၊ ဣတိ-သို့၊ အပသာဒေတဗ္ဗတံ-ခြိမ်းချောက် ငေါက်ငမ်း ထိုက်သည်၏အဖြစ်သို့၊ ဝါ- ဖယ်ရှားထိုက်သည်၏အဖြစ်သို့၊ အာပဇ္ဇတိ- ၏။

အမူဠ္ဟဝိနယကထာ

ဘာသိတပရိကန္တံတိ- ကား၊ ဝါစာယ - နှုတ်ဖြင့်၊ ဘာသိတံ- ပြောဆိုအပ် သည်၊ ကာယေန- ကိုယ်ဖြင့်၊ ပရိကန္တံ- လွှမ်းမိုး၍ ပြုအပ်သည်၊ (ဟောတိ-၏၊) ပရိက္ကမိတ္ဝာ- လွှမ်းမိုး၍၊ ကတံ- ပြုအပ်သည်၊ (ဟောတိ)၊ ဣတိအတ္ထော-နက်၊

× × × × × × ×

ဘာသိတ ပရိကန္တံ။ ။''ပရိကန္တံ''၏နေရာ၌ ''ပရိကတံ''ဟု ရှိလျှင်ကောင်း၏၊ ထိုပုဒ်များသည် ကရိုဏ်းကိုငဲ့သောပုဒ်များဖြစ်၍''ဝါစာယ ကာယေန''ဟု ထည့်သည်၊ ကာယေန၏နောက်၌ စာအမျိုးမျိုး ရှိသော်လည်း '' ပရိကတံ ပရိက္ကမိတ္ဝာ ကတန္တိ အတ္ထော''ဟု ရှိသင့်သည်၊ ပရိကို ''ပရိက္ကမိတ္ဝာ'' ဟု ဖွင့်၍ ကတံကို ကတံအတိုင်းပင် ထားသည်၊ ယောဇနာ၌ကား-''ပရိက္ကန္တံ''ပုဒ်ကို အတည်ပြု၍ ''ပရိက္ကမေတ္ဝာ ကတန္တိ ဣမိနာ ပရိက္ကမတီတိ ပရိက္ကန္တံ၊ ပရိက္ကန္တံ ဟုတ္ဝာ ကတံ ပရိက္ကန္တံတိ ဝစနတ္ထံ ဒဿေတိ'' ဟု တွေ့ရ၏၊ စာပျက်နေဟန်တူသည်။

ပါဠိတော်။ ။ပါဠိတော်၌ ''ဥမ္မတ္တကော-ရူးသည်၊ စိတ္တဝိပရိယာသကတော- ပြုအပ်သော စိတ်ဖေါက်ပြန်ခြင်းရှိသည်၊ ဟောတိ- ၏''ဟု ပေး၊ ဝိပရိယာသသည် ဝိ, ပရိ , အသဓာတ်ဖြစ်၍ ဝိပလ္လာသနှင့် ပုဒ်ရင်းအားဖြင့် တူ၏၊ ဥမ္မတ္တကေန – သော၊ စိတ္တဝိပရိယာသကတေန- သော၊ တေန – ထို ဂဣရဟန်းသည်၊ ဗဟု – များစွာသော၊ အဿာမဏကံ- ရဟန်းတို့၏အမူအရာ မဟုတ်သောအလုပ်ကို၊ အဇ္ဈာစိဏ္ဏံ လွန်ကျူး၍ ကျင့်အပ်သည်၊ ဘာသိတပရိကန္တံ – နှုတ်ဖြင့်လည်း ပြောဆိုအပ် , ကိုယ်ဖြင့်လည်း လွှမ်းမိုး၍ပြုအပ်သည်၊ ဟောတိ- ၏''ဟု ပေးပါ။

ထို့နောက် ''ဂဂ္ဂံ-သော၊ ဘိက္ခုံ- ကို၊ ဥမ္မတ္တကေန- အရူး၏ ဥစ္စာဖြစ်သော၊ စိတ္တ ဝိပရိယာသကတေန – စိတ်ဖေါက်ပြန်ခြင်းကြောင့် ပြုအပ်သော၊ အဇ္ဈာစိဏ္ဏေန - လွန် ကျူး၍ ကျင့်အပ်သောအကျင့်ကြောင့်၊ အာပတ္တိယာ – ဖြင့်၊ စောဒေန္တိ- စောဒနာကြ ကုန်၏'' ဟု ပေး၊ [ဂဂ္ဂံ ဘိက္ခုံပေ၊စောဒေန္တီတိ တွေ့ ပန ဥမ္မတ္တကဿ ဣဒံ ဥမ္မတ္တကံ, အဇ္ဈာစိဏ္ဏံ၊ တဒေဝ စိတ္တဝိပရိယာသေန ကတံတိ စိတ္တဝိပရိယာသကတံ၊ တေန ဥမ္မတ္တ ကေန စိတ္တဝိပရိယာသကတေန အဇ္ဈာစိဏ္ဏေန အနာစာရေန အာပန္နာယ အာပတ္တိယာ ဂဂ္ဂံ ဘိက္ခုံ စောဒေန္တီတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော– ဝိမတိ။]

သရတာယသ္မာ ၊ပေ၊ အာပဇ္ဇိတာတိ ဧတ္ထ - သရတာယသ္မာ ၊ပေ၊ အာပဇ္ဇိတာ ဟူသော ဤပါဠ်၌၊ အာယသ္မာ - အရှင်သည်၊ ဧဝရူပိံ - ဤသို့ သဘောရှိသော၊ အာပတ္တိံ - သို့၊ အာပဇ္ဇိတာ - ရောက်ပြီးသည်၊ (ဟုတွာ)၊ သရတု - အမှတ်ရပါလော၊ အာယသ္မာ-သည်၊ ဧဝရူပိယာ-ဤသို့သဘောရှိသော၊ အာပတ္တိယာ-သို့၊ (အာပဇ္ဇိတာ-ရောက်ပြီးသည်၊ ဟုတွာ-၍၊ သရတု- အမှတ်ရပါလော၊) ဣတိ အယံ - ဤ ဆိုအပ်ပြီးကား၊ အတ္ထော၊ ဝါ - တနည်း၊ အာပဇ္ဇိတွာတိ - ဟူ၍၊ ပါဌော-ပါဠိတော်ပါဠ်သည်၊ (အတ္ထိ- ရှိ၏၊) တဿ - ထို အာပဇ္ဇိတွာဟူသော ပါဌ်၏၊ အတ္ထော-အနက်ကား၊ အာယသ္မာ-အရှင်သည်၊ ပဌမံ-ရှေးဦးစွာ၊ အာပဇ္ဇိတွာ-အာပတ်သို့ရောက်ပြီး၍၊ ပစ္ဆာ-နောင်မှ၊ တံ အာပတ္တိံ - ထိုအာပတ်ကို၊ သရတု-အမှတ် ရပါလော၊ ဣတိ-ဤကားအနက်၊ [ဤစာသွားမျိုးသည် "နာဘိဇာနာမိ သဥ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ (ဝေါရောပေတွာ)" ဟူသော အင်္ဂုလိမာလ ပရိတ်ကြီးပါဠိနှင့် သဘောတူပင်တည်း၊ အမူဋ္ဌဝိနယ၏အကြောင်းအရာကို ပါဘိမောက်ဘာသာဋီကာ ကြည့်ပါ။]

× × × × × × ×

အာယသ္မာ ၊ပေ၊ အာပဇ္ဇိတာ။ ။ဧဝရူပိံ အာပတ္တိံကို "ဧဝရူပိယာ အာပတ္တိယာ"ဟု ဖွင့်သည်၊ အာပဇ္ဇိတာ၌ အာပုဗ္ဗ ပဒဓာတ်, ဒိဝါဒိယပစ္စည်း, တုပစ္စည်းဖြစ်၍, တုပစ္စည်းနှင့်ယှဉ်ရာဝယ် " ယု ဏွု တုမ္ဟိ, ပစ္စည်းပြီ, ဆဋ္ဌီကံ နေစေ " ဟူသော သဒ္ဒါထုံးစံအရ ဆဋ္ဌီကံဖြင့် ဖွင့်ခြင်းတည်း၊ ပါဠိတော်၌မူ တုပစ္စည်းယှဉ်ရာ၌ ဆဋ္ဌီကံ မမြဲသောကြောင့်"ဧဝရူပိံ အာပတ္တိံ"ဟု ဒုတိယာကံဖြင့်ထားသည်၊-(ယောဇနာ)။

ယေဘုယျသိကာသမထ

ယေဘုယျသိကာယ ဝူပသမေတုံတိ ဧတ္ထ- ဟူသော ဤပါဌ်၌၊ ယဿာ ကိရိယာယ - အကြင် စာရေးတံကိုယူစေခြင်း အမူအရာအားဖြင့်၊ ဓမ္မဝါဒိနော - ဓမ္မဝါဒီတို့သည်၊ ဗဟုတရာ- သာ၍များကုန်၏၊ ဧသာ - ဤ ဓမ္မဝါဒီတို့၏ များကြောင်းဖြစ်သော စာရေးတံကိုယူစေခြင်း အမူအရာသည်၊ ယေဘုယျသိကာ နာမ- မည်၏။

× × × × × × ×

ယေဘုယျသိကာ။ ။ဓမ္မဝါဒိနံ ယေဘုယျဘာဝသမ္ပာဒိကာ ကိရိယာ ယေဘုယျသိကာတိ ဣမသ္မိံ အတ္ထေ သကာရာဂမသဟိတော ဣကပစ္စယန္တော ယံသဒ္ဒေါတိ ဒဿေတုံ အာဟ ယဿာတိ အာဒိ၊ တတ္ထ ယဿာ ကိရိယာယာတိ ဂူဠ္ဟကဝိဝဋကာဒိနာ သလာကဂ္ဂါဟာပကကိရိယာယ၊ ယေဘုယျဘာဝံ နိဿိတသမထကိရိယာ ယေဘုယျသိကာတိ (များသည်၏အဖြစ်ကို မှီ၍ သမထကိုပြုခြင်းသည် ယေဘုယျသိကာ မည်၏ဟု)ဧဝံ ယေဘုယျသိကာသဒ္ဒဿ အတ္ထော ဂဟေတဗ္ဗော၊ ဧဝဥ္စ အယံ အဓိကရဏာ သမထောနာမ ဟောတိ၊-ဝိမတိ။

အဓမ္မိကသလာကဂ္ဂါဟေသု - တရားနှင့် မသင့်သော စာရေးတံကို ယူစေခြင်းတို့၌၊ ဩရမတ္တကံတိ-ကား၊ ပရိတ္တံ-နည်းသော၊ အပ္ပမတ္တကံ - နည်းသော အတိုင်းအရှည်ရှိသော၊ ဘဏ္ဍနမတ္တမေဝ - ငြင်းခုံခြင်းမျှသည်သာ၊ (ဟောတိ-ဖြစ်အံ့၊) နစ ဂတိဂတံတိ - ကား၊ ဒွေတယော (ဒွတ္တယော)- ၂ ကျောင်း ၃ ကျောင်းကုန်သော၊ အာဝါသေ - ကျောင်းတို့သို့၊ နဂတံ - မရောက်သည်၊ (ဟောတိ - အံ့၊) ဝါ - တနည်း၊ တတ္ထ တတ္ထေဝ- ထိုထို အဓိကရုဏ်း ဖြစ်ရာကျောင်းတိုက်၌ပင်၊ ဒွတ္တိက္ခတ္တုံ- နှစ်ကြိမ် သုံးကြိမ်၊ အဝိနိစ္ဆိတံ — မဆုံးဖြတ်အပ်သေးသည်၊(ဟောတိ-အံ့၊) န စ သရိတသာရိတံတိ-ကား၊ ဒွတ္တိက္ခတ္တုံ-နှစ်ကြိမ်သုံးကြိမ်၊ တေဟိ ဘိက္ခူဟိ - ထို အဓိကရုဏ်းကို ဆုံးဖြတ်ဖက် ရဟန်းတို့သည်၊ သယံ-မိမိတို့ ကိုယ်တိုင်၊ သရိတံဝါ-အမှတ်ရအပ်သည်သော်၎င်း၊ အညေဟိ— အခြား ရဟန်းတို့သည်၊ ဝါ-တို့ကို၊ သာရိတံပါ- အမှတ် ရစေအပ်သည်သော်၎င်း၊ န ဟောတိ-မဖြစ်အံ့၊ ဇာနာတီတိ-ကား၊ သလာကံ - ကို၊ ဂါဟေန္တော- ယူစေသော ပုဂ္ဂိုလ်သည်၊ အဓမ္မဝါဒီ- အဓမ္မဝါဒီတို့သည်၊ ဗဟုတရာ - သာ၍ များကုန်၏၊ ဣတိ-သို့၊ ဇာနာတိ-အံ့၊ အပ္ပေဝနာမာတိ-ကား၊ ဣမိနာ နီဟာရေန-ဤနည်းအားဖြင့်၊ (ဂူဠက စာရေးတံယူနည်း , ဝိဝဋက စာရေးတံ ယူနည်း အားဖြင့်၊) သလာကာယ-စာရေးတံကို၊ ဝါ- မဲကို၊ ဂါဟိယမာနာယ - ယူစေအပ်သော်၊ အဓမ္မဝါဒိနော - အဓမ္မဝါဒီတို့သည်၊ ဗဟုတရာ- သာ၍ များကုန်သည်၊ အပိနာမ အသု- ဖြစ်ကုန်တန်ရာ၏၊ ဣတိ - သို့၊ အသေ - ထို ဓမ္မဝါဒီ စာရေးတံ ယူစေသောရဟန်း၏၊ အယံအဇ္ဈာသယော-ဤအလိုသည်၊ဟောတိ-ဖြစ်အံ့၊ အပရေသု - တပါးကုန်သော၊ ဒွီသုပိ- ၂ ပါးသော အကြောင်းတို့၌လည်း၊ ဧသေဝနယော— ဤနည်းပင်တည်း၊ [ဒွီသု အရ " ဇာနာတိ သံဃော ဘိဇ္ဇိဿတိ၊ အပ္ပေဝ နာမ သံဃော ဘိဇ္ဇေယျ" တို့ကို ယူ။]

× × × × × × ×

ဩရမတ္တက။ ။"ဩရ"သဒ္ဒါသည် ဤဘက်ဟူသောအနက်ကို ဟော၏၊ ဤဘက်ဟူသည်လည်း အကြီးအကျယ် ဖြစ်သော အဓိကရုဏ်း၏ ဤဘက်တည်း၊ ထို့ကြောင့် "ပရိတ္တံ"ဟု အဓိပ္ပါယ်ဖွင့်သည်၊ အပ္ပမတ္တကံကား"ဩရ"နှင့်"မတ္တ"ကို ပေါင်း၍ ဖွင့်ပြသော သံဝဏ္ဏနာတည်း၊ ဘဏ္ဍနမတ္တမေဝ၌ ဧဝဖြင့် အဓိကရုဏ်းဟု ခေါ်ရလောက်အောင် မကြီးကျယ် ဟု ကန့်သည်။

ဂတိဂတံ။ ။ဂန္တဗ္ဗာတိ ဂတိယော - ရောက်ထိုက်သော ကျောင်းတိုက်တို့၊ ဂတိယော + ဂတံ ဂတိဂတံ — ရောက်ထိုက်သော ၂ ကျောင်းတိုက် ၃ ကျောင်းတိုက်တို့သို့ ရောက်သော အဓိကရုဏ်း၊ ဒုတိယနည်း၌ကား" ဂန္တဗ္ဗာ- ရောက်ထိုက်သော တရားဆုံးဖြတ်မည့်ပုဂ္ဂိုလ်တို့၏ အထံတည်း၊ ဂတိ-ထံ၊ ဂတိံ+ဂတံ ဂတိဂတံ-ရောက်ထိုက်သော တရားဆုံးဖြတ်မည့် ပုဂ္ဂိုလ်တို့၏အထံသို့ရောက်ပြီးသော အဓိကရုဏ်း"ဟု ကြံပါ၊ ယောဇနာ၌ တမျိုးကြံလေသေး၏။

အဓမ္မေန ဂဏှန္တီတိ-ကား၊ အဓမ္မဝါဒိနော-တို့သည်၊ ဧဝံ-ဤသို့ စာရေးတံကို ၂ ချောင်း ၂ ချောင်းယူကုန်လသော်၊ မယံ-ငါတို့သည်၊ ဗဟူ-များကုန်သည်၊ ဘဝိဿာမ- ဖြစ်ကုန်လိမ့်အံ့၊ ဣတိ — ဤသို့ နှလုံးသွင်း၍၊ ဒွေဒွေ— ၂ ချောင်း ၂ ချောင်းကုန်သော၊ သလာကာယော-တို့ကို၊ ဂဏှန္တိ-ယူကြကုန်အံ့၊ [စာရေးထားသော ဒုတ်တံတို့ကို “ သလာကာ ” ဟု ခေါ်၏၊ ယခုအခါ မဲလိပ်မျိုးပင်တည်း။] ဝဂ္ဂါ ဂဏှန္တီတိ-ကား၊ ဧဝံ-ဤသို့ ၂ ပါးလျှင် တချောင်းကျ တချောင်းကျ ယူကုန်လသော်၊ ဓမ္မဝါဒိနော-တို့သည်၊ ဗဟူ - များကုန်သည်၊ န ဘဝိဿန္တိ— မဖြစ်ကုန်လတံ့၊ ဣတိ-ဤသို့၊ မညမာနာ— မှတ်ထင်ကုန်သည်၊ (ဟုတ္ဝာ)၊ ဒွေ- ၂ ပါးကုန်သော၊ ဓမ္မဝါဒီနော- ဓမ္မဝါဒီတို့သည်၊ ဧကံ- တချောင်းသော၊ ဓမ္မဝါဒိသလာကံ-ဓမ္မဝါဒီစာရေးတံကို၊ ဂဏှန္တိ-ယူကုန်အံ့၊ န စ ယထာဒိဋ္ဌိယာ ဂဏှန္တီတိ-ကား၊ ဓမ္မဝါဒိနော-တို့သည်၊ ဟုတွာ-၍၊ ဝါ-ဖြစ်ပါလျက်၊ ဗလဝပက္ခ—အားရှိသူတို့၏ ဘက်သို့၊ ဘဇိဿာမ-ကပ်ဝင်ကုန်အံ့၊ ဣတိ- ဤသို့ နှလုံးသွင်း၍၊ အဓမ္မဝါဒိသလာကံ-အဓမ္မဝါဒီ စာရေးတံကို၊ ဂဏှန္တိ-နု၏။ (စိတ်က ဓမ္မဝါဒီစိတ် ရှိသော်လည်း များရာဘက်ကိုဝင်လို၍ အဓမ္မဝါဒီစာရေးတံကို ယူကြကုန်၏)။

ဓမ္မိကသလာကဂ္ဂါဟေသု — တရားနှင့်ယှဉ်သော စာရေးတံကို ယူစေခြင်းတို့၌၊ အယမေဝ အတ္ထော—ဤအနက်ကိုပင်၊ ပရိဝတ္တေတွာ- ပြောင်းပြန် ပြန်၍၊ ဝေဒိတဗ္ဗော-သိထိုက်၏၊ ဧဝံ-ဤသို့လျှင်၊ သလာကံ-ကို၊ ဂါဟေတွာ-ယူစေ၍၊ ဗဟုတရာ - သာ၍ များကုန်သော၊ ဓမ္မဝါဒိနော - တို့သည်၊ သစေ ဟောန္တိ-ကုန်အံ့၊(ဧဝံ သတိ)၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ တေ - ထို ဓမ္မဝါဒီတို့သည်၊ ဝဒန္တိ-ပြောဆိုကုန်၏၊ ဧဝံ-ဤဓမ္မဝါဒီတို့ ပြောဆိုတိုင်းသော အခြင်းအရာအားဖြင့်၊ တံ အဓိကရဏံ - ထို အဓိကရုဏ်းကို၊ ဝူပသမေတဗ္ဗံ - ငြိမ်းစေထိုက်၏၊ ဧဝံ - ဤသို့ ငြိမ်းစေလသော်၊ ယေဘုယျသိကာယ - ယေဘုယျသိကာ သမထဖြင့်၊ ဝူပသန္တံ-ငြိမ်းအေးသည်၊ ဟောတိ-၏၊ အယံ - ဤဆိုအပ်ပြီးကား၊ ဧတ္ထ—ဤ ယေဘုယျသိကာကထာ၌၊ သင်္ခေပေါ-အကျဉ်းတည်း၊ ဝိတ္ထာရော ပန- အကျယ်သည်ကား၊ ပရတောပိ - နောက်၌လည်း၊ အာဂမိဿတိ - လာဦးလတံ့။ [ဤခန္ဓက၌ပင် နောက်“တိဝိဓသလာကဂ္ဂါဟ ကထာ”၌လည်း လာလိမ့်ဦးမည်။]

တဿပါပိယသိကာ ကထာ

အသုစီတိ-ကား၊ အသုစိဟိ - မစင်ကြယ်ကုန်သော၊ ကာယဝစီကမ္မေဟိ— ကာယကံ ဝစီကံတို့နှင့်၊ သမန္နာဂတော-ပြည့်စုံသည်၊ (ဟောတိ-အံ့၊) အလဇ္ဇီတိ-ကား၊ သဉ္စိစ္စအာပဇ္ဇနာဒိနာ — သညာနှင့် တကွ စေတနာဖြင့် စေ့ဆော်၍

အာပတ်သို့ ရောက်ခြင်း အစရှိသော၊ အလဇ္ဇိလက္ခဏေန-အလဇ္ဇိလက္ခဏာနှင့်၊ သမန္နာဂတော—ပြည့်စုံသည်၊(ဟောတိ-အဓ္ဓံ၊) သာနုဝါဒေါတိ - ကား၊ သဥပဝါဒေါ—စွပ်စွဲခြင်းနှင့် တကွဖြစ်သည်၊ (ဟောတိ-အဓ္ဓံ၊) ဣတိ—ဤသို့၊ တိဏ္ဏံ—၃ ပါးကုန်သော၊ ဣမေသံ အင်္ဂါနံ-ဤ အင်္ဂါတို့၏၊ ဝသေန - အပြားအားဖြင့်၊ တိဝင်္ဂိ-၃ ပါးကုန်သော၊ ကရဏာနိစ-ပြုခြင်းတို့ငင်း၊ သံယေန-သည်၊ ကရဏံ-ပြုခြင်းငင်း၊ ဓမ္မေန - ဟုတ်မှန်သော သဘောဖြင့်၊ သမဂ္ဂေန — ညီညွတ်သော သံဃာဖြင့်၊ ကရဏံ— ပြုခြင်းငင်း၊ ဣတိ- ဤသို့၊ ဒွေ- ၂ ပါးကုန်သော၊ ဣမာနိ (ကရဏာနိ)စ- တို့ငင်း၊ ဣတိ-သို့၊ တဿပါပိယသိကာကမ္မဿ— ကို၊ ပဉ္စ—၄ ါးပါးကုန်သော၊ ကရဏာနိနာမ — ပြုခြင်းတို့မည်သည်၊ ဟောန္တိ — ကုန်၏၊ ["ပဉ္စမာနိ ဘိက္ခဝေ ဓမ္မိကာနိ "ဟူသော ပါဠိတော်အရ ပဉ္စကရဏာဖြစ်သည်-ဟူလို။] ဧတ္ထ-ဤတဿပါပိယသိကကံ၌၊ သေသံ-ကြွင်းသော အစီအရင်သည်၊ တဇ္ဇနီယာဒိသု- တဇ္ဇနီယကံ အစရှိသည်တို့၌၊ ဝုတ္တနယမေဝ-သည်သာ။

ပန-ဆက်၊ အယံ - ဤ ဆိုအပ်လတ္တံကား၊ ဧတ္ထ - တဿ ပါပိယသိက ကမ္မံ ဟူသော ဤပါဠိ၌၊ ဝစနတ္ထော-ဝစနတ္ထတည်း၊ ဟိ-ချဲ့၊ (တနည်း) ဟိ(ကသ္မာ)-အဘယ့်ကြောင့်၊ ဣဒံ—ဤကံကို၊ တဿ ပါပိယသိက ကမ္မံတိ - ဟူ၍၊ ဝုစ္စတိ—ဆိုအပ်သနည်း၊ ဣဒံ-ဤကံကို၊ (ဝုစ္စတိ၌ စပ်၊) ပါပုဿန္နတာယ - များသော

× × × × × × ×

သေသမေတ္ထ ၊ပေ၊ ဝုတ္တနယမေဝ။ ။ သေသမေတ္ထ တဇ္ဇနီယာဒိသု ဝုတ္တနယမေဝါတိ ဧတေန တဇ္ဇနီယာဒိသတ္တကမ္မာနိ ဝိယ ဣဒမ္ပိ တဿပါပိယသိကကမ္မံ အသုစိဘာဝါဒိဒေါသယုတ္တဿ, သံဃဿ စ ဝိနိစ္ဆယေ အတိဋ္ဌမာနဿ ကတ္တဗ္ဗံ ဝိသုံ ကေ နိဂ္ဂဟကမ္မန္တိ ဒဿေတိ၊ တေသမ္ပိ နိဂ္ဂဟကမ္မေ ကတေ, သော ပုဂ္ဂလော "အဟံသုဒ္ဓေါ" တိ အတ္တနော သုဒ္ဓိယာ သာဓနတ္ထံ သံဃမဇ္ဈေ ဩတရိတုံ, သံဃောစဿ ဝိနိစ္ဆယံ ဒါတုံ နလဘတိ၊ တံကမ္မကရဏမတ္တေနေဝစ တံအဓိကရဏံ ဝူပသန္တံ ဟောတိ။

ကထံ ပနေတံ ကမ္မံ ပဋိပ္ပဿမ္ဘတီတိ၊ ကေစိပနေတ္ထ " သော တထာနိဂ္ဂဟိတော နိဂ္ဂဟိတောဝ ဟောတိ၊ ဩသာရဏံ နလဘတိ၊တေနေဝ ပါဠိယံ ဩသာရဏာ နဝုတ္တာ" တိ ဝဒန္တိ၊ အညေပန "ပါဠိယံ နဥပသမ္ပာဒေတဗ္ဗံတိ အာဒိနာ သမ္မာဝတ္တနဿ ဝုတ္တတ္တာ သမ္မာဝတ္တိတွာ လဇ္ဇိဓမ္မေ ဩက္ကန္တဿ ဩသာရဏာ ကာတဗ္ဗာဝေါ"တိ ဝဒန္တိ၊ ဣဒံ ယုတ္တံ၊ တေနေဝ အဋ္ဌကထာယံ ဝုတ္တံတိ "သစေ သီလဝါ ဘဝိဿတိ၊ ဝတ္တံ ပရိပူရေတွာ ပဋိပ္ပဿဒ္ဓိံ လဘိဿတိ၊ နောစေ၊ တထာ နာသိတကောဝ ဘဝိဿတီ"တိ၊— ဝိမတိ။

ဣဒံဟိ ၊ပေ၊ ဝုစ္စတိ ။ ။ "ပါပုဿန္နတာယ" ဖြင့် "ဝိသေသေန ပါပေါတိ ပါပိယော"ဟူသော ဝစနတ္ထကိုပြသည်၊တဿပါပိယဿ+ကတ္တဗ္ဗံ တဿပါပိယသိကံ၊ ဤဝိဂ္ဂြဟ်အရ အထူးသဖြင့် ယုတ်မာသူ၏ အပေါ်၌ ပြုထိုက်သောကံကို ရ၏၊ ဝိဂ္ဂြဟ်ဝါကျတုန်းက ပါပိယ၏ကံ ဟု အနက်ထူးကို သိရပြီး ဖြစ်သော်လည်း, တဒ္ဓိတ် နိပ္ဖန္နပြီးသောအခါ ဏိကပစ္စည်း၏အနက်ဖြစ်သော ကံ သာမညရ၏၊ ထို့ကြောင့်"တဿ+

ယုတ်မာခြင်း ရှိသည်၏ အဖြစ်ကြောင့်၊ ပါပိယော–ပါပိယ မည်သော၊ ယော ပုဂ္ဂလော–အကြင် ပုဂ္ဂိုလ်သည်၊ (အတ္ထိ–ရှိ၏၊) တဿ–ထို ပုဂ္ဂိုလ်၏ အပေါ်၌၊ ကတ္တဗ္ဗတော–ပြုထိုက်သည်၏အဖြစ်ကြောင့်၊ တဿပါပိယသိကကမ္မံတိ–တဿ ပါပိယသိကကံဟူ၍၊ ဝုစ္စတိ–၏၊ [ဣဒံ ဟိဒ္ဒ " ဟီတိ ဝိဏ္ဏာရော "ဟု ယောဇနာ ဖွင့်၏၊ ဆရာဘို့ကား "ကတ္တဗ္ဗတော ဝုစ္စတိ" ဟူသော အဖြေကို ကြည့်၍ " ဟိ (ကသ္မာ) ဣဒံ ကမ္မံ တဿပါပိယသိကကမ္မန္တိ ဝုစ္စတိ"ဟု ပုစ္ဆာဝါကျလုပ်၍ အနက်ပေးကြသည်။]

× × × × × × ×

ပါပိယသိကံ တဿပါပိယသိကံ" ဟု အလုတ္တသမာသ် ဆင့်နိုင်သည်၊ တဿ– ထိုမှားသော မကောင်းမှုရှိသော ပုဂ္ဂိုလ်၏၊ ပါပိယသိကံ – ပါပိယသိကကံတည်း၊ တဿ ပါပိယသိကံ၊ သ–အာဂုံ၊ တဿ၌ သဝိဘတ် မကြေသော သမာသ်သာတည်း၊ [တဿ ပါပိယသိကကမ္မန္တိစ အလုတ္တသမာသောယေဝ၊ တေနာဟ "ဣဒံဟိ" တိ အာဒိ၊ – ဝိမတိ။]

ယောဇနာ၊ ။ "တဿပါပိယဿ+ ကတ္တဗ္ဗံ တဿပါပိယသိကံ" ဟု ပြုလေသည်၊ ထို့နောက် ကမ္မံနှင့် ကမ္မဓာရည်းတွဲ၊ အချို့စာအုပ်တို့၌"တဿပါပိယသိကာ" ဟု တွေ့ရ၏၊ ကမ္မံနှင့်မတွဲရာ၌ အဓိကရဏသမထခဏ်းဝယ်"တဿ ပါပိယသိကာ"ဟု ရှိခဲ့၏၊ ကမ္မံနှင့်တွဲရာ၌ကား ယောဇနာ၌ ဤနေရာဝယ် "တဿ ပါပိယသိကံ" ဟု နပုလ္လိင်ရှိ၏။

တိဏဝတ္ထာရကာဒိကထာ

ကက္ခဠတ္တာယ ဝါဠတ္တာယာတိ–ကား၊ ကက္ခဠဘာဝါယ စေဝ–ကြမ်းတန်းသည်၏ အဖြစ်ဟူသော အကျိုးငှါလည်း၊ ဝါဠဘာဝါယစ–ရဲရင့်သည်၏ အဖြစ်ဟူသော အကျိုးငှါလည်း၊ [ဝါဠတ္တာယာတိ ပါဏိလေန္ဒုဒ္ဒဏ္ဍာဒီဟိ ပဟရဏဝသေန ကက္ခဠဘာဝတ္တာယ၊ – အင်္ဂုတ္တိုရ် ဒုကနိပါတ် အဓိကရဏဝဂ် အဋ္ဌကထာ၊ ဤအလို ကက္ခဠနှင့် ဝါဠသည် ပရိယာယ်တည်း။]ဘေဒါယာတိ–ကား၊ သံဃဘေဒါယ– သံဃာကွဲပြားခြင်းငှါ၊ (" သံဝတ္တေယျ – ဖြစ်ရာ၏ " ၌စပ်၊) သဗ္ဗေဟေဝ ဧကဇ္ဈန္တိ–ကား၊ ကသာစိ–တစုံတယောက်သော ရဟန်း၏၊ ဆန္ဒံ– ဆန္ဒကို၊ အနာဟရိတွာ–မဆောင်မူ၍၊ ဂိလာနေပိ– ဂိလာနတို့ကိုသော်မှလည်း၊ တတ္ထေဝ–ထို အဓိကရဏ်း ငြိမ်းစေရာအရပ်သို့သာ၊ အာနေတွာ–ပင့်ဆောင်၍၊ ဧကတော–တပေါင်းတည်း၊ သန္နိပတိတဗ္ဗံ–စည်းဝေးရာ၏၊ တိဏဝတ္ထာရကေန ဝူပသမေယျာတိ ဧတ္ထ–ဟူသော ဤပါဌ်၌၊ ဣဒံ ကမ္မံ–ဤကံကို၊ တိဏဝတ္ထာရက သဒိသတ္တာ–တိဏဝတ္ထာရကနှင့် တူသည်၏ အဖြစ်ကြောင့်၊ တိဏဝတ္ထာရကောတိ – ဟူ၍၊ ဝုတ္တံ – ဟောတော်မူအပ်ပြီ၊ ဟိ – ချဲ့၊ ဂူထံဝါ– ကျင်ကြီးသည်သော်

ၡင်း၊ ဝါ-ကိုသော်ၡင်း၊ မုတ္တံဝါ - ကျင်ငယ်သည်သော်ၡင်း၊ ဝါ-ကိုသော်ၡင်း၊ ဃန္ဒိယမာနံ— ပုတ်ခတ်အပ်သော်၊ ဒုဂ္ဂန္ဓတာယ — မကောင်းသောအနံ့ရှိသည်၏ အဖြစ်ကြောင့်၊ ဗာဓတိယထာ - နှိပ်စက်သကဲ့သို့၊ ပန - အနွယ!၊ တိဏေဟိ - မြက်တို့ဖြင့်၊ အဝတ္ထရိတ္ဝာ- လွှမ်း၍၊ သုပ္ပဋိစ္ဆာဒိတဿ - ကောင်းစွာ ဖုံးထားအပ်သော၊ အဿ-ထို ကျင်ကြီး၏၊ ဝါ- ထိုကျင်ငယ်၏၊ သော ဂန္ဓော-ထိုအနံ့သည်၊ န ဗာဓတိယထာ-မနှိပ်စက်တော့သကဲ့သို့၊ ဧဝမေဝ- ဤ့အတူသာလျှင်၊ ယံ အဓိကရဏံ - အကြင် အဓိကရဏ်းသည်၊ ဝါ - ကို၊ မူလာနုမူလံ - အရင်း အားလျော်သော အရင်းသို့၊ ဝါ - အရင်းထက် အရင်းသို့၊ ဂန္တာ - လိုက်၍၊ ဝူပသမိယမာနံ - ငြိမ်းစေအပ်သော်၊ ကက္ခဋတ္တာယ - ကြမ်းတန်းသည်၏ အဖြစ် ဟူသောအကျိုးငှါၡင်း၊ ဝါဠတ္တာယ-ရဲရင့်သည်၏အဖြစ်ဟူသောအကျိုးငှါၡင်း၊ ဘေဒါယ-သံဃာ ကွဲပြားခြင်းငှါၡင်း၊ သံဝတ္တတိ-ဖြစ်၏၊ တံ-ထို အဓိကရဏ်းသည်၊ ဣမိနာကမ္မေန-ဤ တိဏဝတ္ထာရကကံဖြင့်၊ ဝူပသန္တံ - ငြိမ်းအေးပြီးသည်၊ (သမာနံ- ဖြစ်လသော်၊) ဂူထံ-ကို၊ တိဏဝတ္ထာရကေန- မြက်ဖြင့် ဖုံးလွှမ်းခြင်း အားဖြင့်၊ ဝါ - ဖုံးလွှမ်းကြောင်းမြက်ဖြင့်၊ ပဋိစ္ဆန္နံဝိယ - ဖုံးထားအပ်သကဲ့သို့၊ သုဝူပသန္တံ- ကောင်းစွာ ငြိမ်သက်သည်၊ ဟောတိ- ဖြစ်၏၊ ဣတိ- ထို့ကြောင့်၊ ဣဒံ ကမ္မံ-ဤကံကို၊ တိဏဝတ္ထာရကသဒိသတ္တာ-တိဏဝတ္ထာရကနှင့် တူသည်၏ အဖြစ်ကြောင့်၊ ဝါ - ဖုံးလွှမ်းကြောင်းမြက်နှင့် တူသည်၏အဖြစ်ကြောင့်၊ တိဏဝတ္ထာရကောတိ-ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

ထုလ္လဝဇ္ဇန္တိ - ကား၊ ပါရာဇိကဒ္ဓေဝ - ပါရာဇိကအာပတ်ကိုၡင်း၊ သံဃာဒိသေသဉ္စ - သံဃာဒိသေသ်အာပတ်ကိုၡင်း၊ ဂိဟိပဋိသံယုတ္တံတိ - ကား၊ ဂိဟိနံ- လူဝတ်ကြောင်တို့ကို၊ ဟီနေန-ယုတ်ညံ့သော ဆဲရေးခြင်းဖြင့်၊ ခုံသနဝမ္ဘနဓမ္မိက

× × × × × × ×

တိဏဝတ္ထာရကော ။ ▪ " တိဏဝတ္ထာရကသဒိသတ္တာ "ကို ကြည့်၍ " တိဏဝတ္ထာရက" ဟူသော ဝေါဟာရကို သဒိသူပစာဟု သိရ၏၊ "တိဏဝတ္ထာရကေန ပဋိစ္ဆန္နံ"ကို ကြည့်၍ " တိဏဝတ္ထာရက "ကို "အဝတ္ထရီယတိ ဧတေနာတိ အဝတ္ထာရော၊ တိဏာဉ္စ + တံ + အဝတ္ထာရောစာတိ + တိဏဝတ္ထာရော၊ တိဏဝတ္ထာရောယေဝ တိဏဝတ္ထာရကော"ဟု ဖုံးလွှမ်းကြောင်းမြက်ကို ရအောင်ပြုပြီးမှ ကံကို အရကောက်သော အခါ သဒိသူပစာကြံပါ။

ယောဇနာ ။ ▪ တိဏေဟိ အဝတ္ထရိတဗ္ဗံတိ တိဏဝတ္ထာရံ၊ ဂူထမုတ္တံ၊ တိဏဝတ္ထာရမိဝ-မြက်ဖြင့်ဖုံးအပ်သော ဂူထမုတ္တနှင့်တူ၏၊ (ဣတိ)၊ တိဏဝတ္ထာရကံ-မြက်ဖြင့် ဖုံးအပ်သော ဂူထမုတ္တနှင့်တူသော အဓိကရဏ်း၊ ဧတ္ထ အဓိကရဏမေဝ မုချတော လဗ္ဘတိ၊ သမထော ပန ဖလူပစာရတော၊ သဒိသတ္တေ ကပစ္စယော၊ တမေဝ အတ္ထံ ပါကဋံ ကရောန္တော အာဟ "ယထာ ဟိ "တိ အာဒိ၊ ဤသို့ အဋ္ဌကထာအာဘော်ကို တံမျိုး ကောက်ယူသွားလေသည်။

ပဋိသလ္လေသု- ဆဲရေးခြင်း, ရှုတ်ချခြင်း, တရားနှင့်ယှဉ်သော ဝန်ခံမှု ပျက်ကွက်ခြင်းတို့ကြောင့်၊ အာပန္နံ - သင့်ရောက်အပ်သော၊ အာပတ္တိံ - အာပတ်ကိုရင်း၊ (ထပေတွာ-ထား၍, ဉ္ဇစပ်၊)[ထုလ္လဝဇ္ဇံတိ ထုလ္လစ္စယသင်္ဃာဒိသေသမေဝ ဒိဋ္ဌေပ္ပဝတ္တံတိ အာဟ ပါရာဇိကဉ္စေဝ, သံဃာဒိသေသဉ္စာတိ၊— ယောဇနာ။]

ဧဝဥ္စ၊ပေ၊ဟောန္တီတိ - ကား၊ ဧဝံ - ဤသို့၊ တိဏဝတ္ထာရကကမ္မဝါစာယ- တိဏဝတ္ထာရကကမ္မဝါစာကို၊ ကတာယ-ပြုအပ်သော်၊ကမ္မဝါစာပရိယောသာနေ - ကမ္မဝါစာ၏အဆုံး၌၊ ယတ္တကာ - အကြင်မျှ အတိုင်းအရှည်ရှိကုန်သော ရဟန်းတို့သည်၊ တတ္ထ — ထို အဓိကရုဏ်း ဆုံးဖြတ်ရာအရပ်၌၊ သန္နိပတိတာ— စည်းဝေးကုန်ပြီ၊ အန္တမသော-အဆုံး၌ဖြစ်သောအပိုင်းအခြားအားဖြင့်၊သုတ္တာပိ - အိပ်ပျော်နေသည်လည်း ဖြစ်ကုန်သော၊ သမာပန္နာပိ — သမာပတ်ဝင်စားနေသည်လည်း ဖြစ်ကုန်သော၊ အညဝိဟိတာပိ— အဓိကရုဏ်း ဆုံးဖြတ်ခြင်းမှ တပါးသောအာရုံ၌ ထားအပ်သောစိတ် ရှိသည်လည်းဖြစ်ကုန်သော၊ [“အညာဝိဟိတာ”ဟု ယောဇနာ၌ရှိ၏၊] သဗ္ဗေ- အလုံးစုံကုန်သော၊ တေ ဘိက္ခူ - ထို ရဟန်းတို့သည်၊(ဝုဋ္ဌိတာ ဟောန္တိ ၌စပ်၊) ဌပေတွာ ဥပသမ္ပဒမဏ္ဍလတော-ပဉ္စင်းခံရာ တန်ဆောင်းဝန်းတိုင်အောင်သော အရပ်မှ၊ ပဋ္ဌာယ —၍၊ ထုလ္လဝဇ္ဇဉ္စ— ရှုန်ရင်းသော အပြစ်ဟူသော ပါရာဇိကသံဃာဒိသေသ် အာပတ်ကိုရင်း၊ ဂိဟိပဋိသံယုတ္တဉ္စ - ဂိဟိပဋိသံယုတ္တအာပတ်ကိုရင်း၊ ထပေတွာ-ထား၍၊ (အာပန္နာ ၌စပ်၊ ဝုဋ္ဌိတာ၌လည်း စပ်၊) အဝသေသာ — ကြွင်းကုန်သော အာပတ်တို့သို့၊ အာပန္နာ-ရောက်ကုန်ပြီ၊ သမ္ဗာဟိ- ကုန်သော၊ တာဟိ အာပတ္တီဟိ-ထိုအာပတ်တို့မှ၊ ဝုဋ္ဌိတာ- ထကုန်သည်၊ ဟောန္တိ -ဖြစ်ကုန်၏။

[အချို့စာအုပ်တို့၌“ဒိဋ္ဌာဝိကမ္မန္တိ ယေ ပန”ဟု ရှိခြင်းသည် မကောင်း၊ ထိုအတိုင်းဆိုလျှင် “ ဒိဋ္ဌာဝိကမ္မန္တိ- ကား ” ဟု ပေးပါ။] ပန - အဘို့တပါးကား၊ ယေ-အကြင်ရဟန်းတို့သည်၊ (ကရောန္တိ အနာဂတာ နိသိန္နာတို့၌စပ်၊) န မေတံ ခမတီတိ-န မေတံ ခမတိဟူ၍၊ ဝါ- ငါ့အား ဤကံသည် မနှစ်သက်ဟူ၍၊ အညပညံ - အချင်းချင်း၊ ဒိဋ္ဌာဝိကမ္မံ - မိမိအယူကို ထင်စွာပြုမှုကို၊ ကရောန္တိ - ပြုကြကုန်၏၊ ဝါ- တနည်း၊ တေဟိ- ထိုရဟန်းတို့နှင့်၊ (အဓိကရုဏ်း ဆုံးဖြတ်ရာတွင် ပါဝင်သောရဟန်းတို့နှင့်၊) သဒ္ဓိံ-တကွ၊ အာပတ္တိံ-သို့၊ အာပဇ္ဇိတွာပိ-ရောက်ပြီးခဲ့၍လည်း၊ တတ္ထ- ထိုအဓိကရုဏ်း ဆုံးဖြတ်ရာအရပ်သို့၊ အနာဂတာ- မလာကုန်၊ ဝါ-တနည်း၊ အာဂန္တွာ-လာပြီး၍၊ ဝါ-လာပြီးမှ၊ ဆန္ဒံ-ဆန္ဒကို၊ ဒတွာ- ပေးပြီး၍၊ ပရိဝေဏာဒီသု-ပရိဝုဏ် အစရှိသည်တို့၌၊ နိသိန္နာ-နေကုန်ပြီ၊ တေ- ထိုရဟန်းတို့သည်၊(ဒိဋ္ဌာဝိကမ္မကာရကရဟန်း, အနာဂတရဟန်း, ပရိဝေဏာဒီသု နိသိန္နရဟန်း ၃ မျိုးတို့သည်၊) အာပတ္တီဟိ - တို့မှ၊ န ဝုဋ္ဌဟန္တိ - မထကုန်၊

တေန- ထို့ကြောင့်၊ ထပေတွာ၊ပေ၊ဟောန္တီတိ - ထပေတွာ၊ပေ၊ဟောန္တိ ဟူ၍၊ ဝုတ္တံ - မိန့်တော်မူအပ်ပြီ။

× × × × × × ×

ထပေတွာ ၊ပေ၊ န တတ္ထ ဟောန္တိ ။ ။ ပါဠိတော်၌ “ ထပေတွာ ဒိဋ္ဌဓမ္မိကမ္ပိ ထပေတွာ ယေ န တတ္ထ ဟောန္တိ”ဟု ပုဂ္ဂိုလ် ၂ မျိုးသာရှိ၏၊ ထိုတွင်“ထပေတွာ ယေ တတ္ထ န ဟောန္တိ”အတွက်“တေဟိ ဝါ သဒ္ဓိံ၊ပေ၊အနာဂတာ”ဟုရင်း,“အာဂန္တွာ ဝါ ဆန္ဒံ ဒတွာ၊ပေ၊နိသိန္နာ”ဟုရင်း ထိုနေရာ၌မရှိပုံ ၂ နည်းဖွင့်သောကြောင့် ပုဂ္ဂိုလ် ၃ မျိုး ဖြစ်ရသည်၊ ထို့ကြောင့် “တေဟိဝါ၌ ဝါသည် ထပေတွာ ဒိဋ္ဌဓမ္မိကမ္ပိကို ဝိကပ်ပြုသော ဝါတည်း၊ အာဂန္တွာဝါ၌ ဝါကား တေဟိ သဒ္ဓိံ ၊ ပေ ၊ အနာဂတာကို ဝိကပ်ပြုသော ဝါတည်း”ဟု ဆိုပါ။

အဓိကရဏကထာ

ဘိက္ခုနီနံ အနုပခဇ္ဇာတိ-ကား၊ ဘိက္ခုနီနံ-ဘိက္ခုနီတို့၏၊ အန္တော ၁-အတွင်း ၌၊ ပဝိသိတွာ-ဝင်၍၊ [“အနုပခဇ္ဇ- အနီးသို့ တိုးဝင်၍”ဟု မပေးရ၊ “အတွင်း သို့ ဝင်၍”ဟုသာ ပေးပါ၊]ဝိဝါဒါဓိကရဏာဒီနံ-ဝိဝါဒါဓိကရဏအစရှိသော သဒ္ဒါတို့၏၊ ဝစနတ္ထော - ဝစနတ္ထကို၊ ဒုဋ္ဌဒေါသဝဏ္ဏနာယံ - ဒုဋ္ဌဒေါသသိက္ခာ ပုဒ်၏အဖွင့်၌၊ (မယာ)၊ ဝုတ္တောယေဝ - ဆိုအပ်ပြီးသည်သာ၊ ဝိပစ္စတာယ ဝေါဟာရောတိ-ကား၊ စိတ္တဒုက္ခတ္တံ-စိတ်ဆင်းရဲခြင်းအကျိုးငှါ၊ ဝေါဟာရော- ပြောဆိုကြောင်း စကားသည်၊ ဖရုသဝစနံ — ကြမ်းတန်းသော စကားသည်၊ (အတ္ထိ)၊ ဣတိအတ္ထော၊ ယော တတ္ထ အနုဝါဒေါတိ-ကား၊ တေသု အနုဝဒန္တေ သု-ထို စွပ်စွဲသောပုဂ္ဂိုလ်တို့၌၊ ဝါ-တို့၏၊ ယော ဥပဝါဒေါ-အကြင် စွပ်စွဲခြင်း သည်၊ (အတ္ထိ)၊ [“တတ္ထ- ထို စွပ်စွဲသောပုဂ္ဂိုလ်တို့၌”ဟု ပါဠိတော်၌ ပေးပါ။] အနုဝဒနာတိ ဧတံ - အနုဝဒနာဟူသော ဤသဒ္ဒါသည်၊ အာကာရနိဒဿနံ -

× × × × × × ×

ဝိပစ္စတာယ။ ။ဝိရူပတော — ဖေါက်ပြန်သောစကား၏ အဖြစ်ကြောင့်၊ ဝိပရိ ဏာမဋ္ဌေန- ဖေါက်ပြန်ခြင်းဟူသော အနက်အားဖြင့်၊ စိတ္တဒုက္ခံ — စိတ်၏ ဆင်းရဲခြင်း သည်၊ ဝိပစ္စတိ-ဖေါက်ဖေါက်ပြန်ပြန် ဖြစ်၏၊ ဣတိ အာဟ—စိတ္တဒုက္ခတ္တံ ဝေါဟာရောတိ အာဒိ၊—ဝိမတိ၊ ဤအလို“ဝိပစ္စတီတိ ဝိပစ္စံ- ဖေါက်ဖေါက်ပြန်ပြန်ဖြစ်သော စိတ်ဆင်းရဲမှု၊ ဝိပစ္စံယေဝ ဝိပစ္စတာ၊ သ ဝိဘတ်ကို အာယပြု၍ ဝိပစ္စတာယ ပြီးစေ၊ ဝိပစ္စတာယ— ဖေါက်ဖေါက်ပြန်ပြန်ဖြစ်သော စိတ်ဆင်းရဲခြင်းအကျိုးငှါ၊ ယော ဝေါဟာရော—အကြင် ပြောဆိုကြောင်း ဖရုသဝါစာသည်၊ အတ္ထိ—ရှိ၏”ဟု ပါဠိတော်၌ပေး၊ ဝိပုဗ္ဗ ပစခါတ်, ကျပစ္စည်း ကတ္တားဟောကြံပါ၊ ယောဇနာ၌လည်း “ ဝိပစ္စတာယာတိ ဧတ္ထ ဝိကာရ ဘာဝေန ပတတိ ပတတ္တတီတိ ဝိပစ္စံ၊ စိတ္တဒုက္ခံ၊ တဒေဝ ဝိပစ္စတာ၊ တဒတ္ထာယာတိ ဒဿေန္တော အာဟ စိတ္တဒုက္ခတ္တံ” ဟု ကတ္တားအနက်ပင်ဖွင့်သည်။

စွပ်စွဲပုံအခြင်းအရာကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊ ဥပဝဒနာ - စောဒနာခြင်း ဟူသော အမူအရာသည်၊ (အတ္ထိ)၊ ဣတိအထွော၊ အနုလ္လပနာ အနုဘဏနာတိ- ဟူသော၊ ဥဘယံ- သဒ္ဒါ ၂ ပုဒ်သည်၊ အနုဝဒနဝေဝစနမတ္တမေဝ- အနုဝဒန သဒ္ဒါ၏ ဝေဝုစ်ပရိယာယ် စကားလှယ်မျှသာတည်း၊ [“အနုဝဒနာ, အနုလ္လပနာ, အနုဘဏနာ — အဖန်ဖန်ပြောဆိုခြင်းဟူသော အခြင်းအရာသည် ” ဟု ပါဠိ တော်၌ ပေးပါ၊] အနုသမ္ပဝင်္ကတာတိ - ကား၊ ပုနပ္ပုနံ - အဖန်ဖန်၊ ကာယစိတ္တ ဝါစာဟိ-ကိုယ် စိတ် နှုတ် တို့ဖြင့်၊ တထွေဝ- ထို စွပ်စွဲခြင်း၌သာလျှင်၊ သမ္ပဝင်္က တာ-လွန်စွာအပြားအားဖြင့်ကိုင်းညွတ်သည်၏အဖြစ်သည်၊ အနုဝဒနဘာဝေါ- စွပ်စွဲခြင်းရှိသူ၏အဖြစ်သည်၊ (အတ္ထိ)၊ ဣတိအထွော၊ အဗ္ဘုဿဟနတာတိ - ကား၊ ကသ္မာ- အဘယ့်ကြောင့်၊ (ဘာပြုလို့)၊ ဧဝံ - ဤသို့၊ န ဥပဝဒိဿာမိ- မစွပ်စွဲဘဲ နေရအံ့နည်း၊ ဥပဝဒိဿာမိယေဝ - စွပ်စွဲရမည်သာ၊ ဣတိ - ဤသို့၊ ဥဿာဟံ-အားတက်သရောကို၊ကတွာ-၍၊အနုဝဒနာ-စွပ်စွဲခြင်းသည်၊(အတ္ထိ)၊ “အဘိ+ဥဿာဟန”၌ အဘိအတွက် “ ကသ္မာ၊ပေ၊ ဥပဝဒိဿာမိ ယေဝ ” ဟု ဖွင့်သည်၊ “ အဗ္ဘုဿဟနတာ -အလွန်အားထုတ် ခြင်း ရှိသူ၏အဖြစ်သည် ” ဟု ပါဠိတော်၌ပေးပါ၊] အနုဗလပ္ပဒါနန္တိ-ကား၊ ပုရိမဝစနဿ-ရှေ့စကားအား၊ (ပဒါနံ ၌စပ်၊) ဝါ- ၏၊ ကာရဏံ- အကြောင်းကို၊ ဒဿေတွာ- ပြ၍၊ ပန္တိမ ဝစနေန- နောက်စကားဖြင့်၊ ဗလပ္ပဒါနံ-အားကိုပေးခြင်းသည်၊ (အတ္ထိ)။

ကိစ္စယတာ ကရဏီယတာဘိ ဧတ္ထ - ဟူသော ဤပါဌ်၌၊ ကိစ္စမေဝ-ပြုထိုက် သော ကိစ္စသည်ပင်၊ ကိစ္စယံ-ကိစ္စယ မည်၏၊ ကိစ္စယဿ - ပြုထိုက်သောကိစ္စ၏၊ ဘာဝေါ- ဖြစ်ကြောင်းဖြစ်ရာ ပြုခြင်းကြိယာသည်၊ ကိစ္စယတာ - ကိစ္စယတာ

× × × × × × ×

ကိစ္စယတာ။ ။ကိစ္စနှင့် ကိစ္စယသည် ပရိယာယ်ပုဒ်တည်း၊ ယောဇနာ၌ကား- ကိစ္စနောင်(ယ) လာသည်ဟု ဆိုသည်၊ ထိုကိစ္စအရ ပြုဘွယ် (ပြုစရာ) ဟူသော ကိစ္စကို ရ၏၊ ကိစ္စဿ-ပြုဘွယ်ကိစ္စ၏၊ ဘာဝေါ- ဖြစ်ကြောင်းဖြစ်ရာ ပြုလုပ်ခြင်းကြိယာသည်၊ ကိစ္စယတာ- ယာ၊ ဤသို့ကြံလျှင် ကိစ္စယတာအရ သံဃာ၏ ပြုလုပ်ဆဲကံကိုရ၏၊ ကရဏီ ယတာ၌လည်း နည်းတူ၊ ဆိုလိုရင်းကား - “ ကတ္တဗ္ဗံ ကိစ္စံ, ကတ္တဗ္ဗံ ကရဏီယံ ”ဟု ဝစနတ္ထပြု၍ မပြုသေးခင် ပြုစရာအနေအားဖြင့် တည်ရှိသောအခိုက်အတန့်ကို “ ကိစ္စ, ကရဏီယ”ဟု ဆိုလို၏၊ ပြုနေသောအခိုက်အတန့်ကို “ကိစ္စယတာ, ကရဏီယတာ”ဟု ဆိုလို၏၊ ထို့ကြောင့် “ ဥဘယမ္ပေတံ သံဃကမ္မဿေဝ အဓိဝစနံ ” ဟု ဖွင့်သည်။

ယောဇနာ။ ။ကိစ္စယတာတိ ဧတ္ထ မာ ပဏ္ဍိစ္စယန္တိ အာဒီသု ဝိယ ဗျဥ္ဇနဝိနိုန ဝသေန ယကာရာဂမောတိ အာဟ ကိစ္စမေဝ ကိစ္စယန္တိ၊ ဥဘယမ္ပေတံ သံဃကမ္မဿေ ဝါတိ ဇူမိနာ ကိစ္စ ကရဏီယသဒ္ဒေါ ကတ္တုဝါစကောတိ ဒဿေတိ၊သံဃော ဟိ ကရော တီတိ ဝစနတ္ထေန ကိစ္စောတိစ ကရဏီယောတိစ ဝုစ္စတိ၊ ဤသို့စသည်ဖြင့် ဖွင့်လေသည်၊ ထိုအဖွင့်၌ အဋ္ဌကထာဝယ် “ ကိစ္စမေဝ ကိစ္စယံ ” ဟု နပုလ္လိန်ထားပုံနှင့် မညီသော ကြောင့် စဉ်းစားပါ။

မည်၏၊ ကရဏီယသ - ပြုထိုက်သောကိစ္စ၏၊ ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ ပြုခြင်းကြိယာသည်၊ ကရဏီယတာ-မည်၏၊ ဥဘယမ္ပိ- ၂ ပါးလည်း ဖြစ်သော၊ ဧတံ-ကိစ္စယတာ, ကရဏီယတာ ဟူသော ဤသဒ္ဒါသည်၊ သံဃကမ္မဿေဝ— သံဃကံကိုသာ၊ အဓိဝစနံ-ဟောသော သဒ္ဒါတည်း၊ ပန-ကား၊ အပလောကန ကမ္မံတိ အာဒိ-အစရှိသော သဒ္ဒါသည်၊ တဿေဝ -ထို သံဃကံကိုသာ၊(ဝစနံ၏ ကံ)ပဘေဒဝစနံ - အပြားအားဖြင့် ဟောသောသဒ္ဒါတည်း၊ [“ပဘေဒတော+ ဝစနံ ပဘေဒဝစနံ”ဟု ပြု။](တနည်း)တဿေဝ-ထို သံဃကံ၏သာ၊(ပဘေဒ၌ သမ္ဗန်)ပဘေဒဝစနံ-အပြားကို ဟောသောသဒ္ဒါတည်း၊ [“ပဘေဒဿ + ဝစနံ ပဘေဒဝစနံ”ဟု ပြု]၊ တတ္ထ- ထို ၄ ပါးသော ကံတို့တွင်၊ အပလောကန ကမ္မံ နာမ-မည်သည်၊ သီမဋ္ဌကသံဃံ-သိမ်တွင်း၌တည်သောသံဃာကို၊သောဓေတွာ- သုတ်သင်၍၊ ဆန္ဒာရဟာနံ-ဆန္ဒထိုက်သော ပုဂ္ဂိုလ်တို့၏၊ ဆန္ဒံ — ဆန္ဒကို၊ အာ ဟရိတွာ—ဆောင်ယူပြီး၍၊ သမဂ္ဂဿ-ညီညွတ်သော၊ သံဃဿ- ၏၊ အနုမတိ ယာ-အလိုအားဖြင့်၊ ဝါ-ခွင့်ပြုချက်ဖြင့်၊ တိက္ခတ္တုံ-၃ ကြိမ်၊ သာဝေတွာ-ကြား သိစေ၍၊ ကတ္တဗ္ဗကမ္မံ-ပြုထိုက်သော ကံတည်း။ [ဤစကားအရ “အပလောကန ကံကိုလည်း ဟတ္ထပါသ်စပ်လျက် ညီညွတ်သောသံဃာသာပြုရသည်”ဟု သိပါ။]

ဥတ္တိကမ္မံနာမ - မည်သည်၊ ဝုတ္တနယေနေဝ - ဆိုအပ်ပြီးသော နည်းဖြင့်ပင်၊ (“သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ ”ဟု ဆိုအပ်ခဲ့ ပြီးသော နည်းဖြင့်ပင်၊) သမဂ္ဂဿ-ညီညွတ်သော၊ သံဃဿ-၏၊ အနုမတိယာ- အလိုအားဖြင့်၊ ဝါ—ခွင့်ပြုချက်ဖြင့်၊ ဧကာယ - တကြိမ်သော၊ ဉတ္တိယာ - ဖြင့်၊ ကတ္တဗ္ဗ ကမ္မံ- ပြုထိုက်သော ကံတည်း၊ [ဉာပေတိ ဧတာယာတိ ဉတ္တိ - ဂိုဏ်း, သံဃာ, ပုဂ္ဂိုလ်တို့ကို သိစေကြောင်းဖြစ်သော စကား၊“ဉတ္တိယေဝ+ကမ္မံ ဉတ္တိ ကမ္မံ”ဟု ပြု။]

× × × × × × ×

သောဓေတွာ။ ။ မဟာသိမ်အတွင်း၌ တည်နေသောသံဃာကို ဟတ္ထပါသ်သို့ ဆောင်ခြင်း, ဆန္ဒထိုက်သူတို့၏ ဆန္ဒကိုဆောင်ခြင်း, မလာလိုလျှင် သိမ်အပြင်ဘက်သို့ ထွက်နေစေခြင်းကို “သီမဋ္ဌကသံဃာသုတ်သင်ခြင်း” ဟု ဆိုသည်၊ ထို သုတ်သင်နည်း တို့တွင် “ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ ” ဖြင့် တစိတ်တဒေသ သုတ်သင်နည်းကို ပြသည်၊ တသိမ်ထည်း၌ ထိုကံပြုရာသို့ မလာနိုင်လောက်အောင် မကျန်းမာသူ,အလုပ် ကိစ္စ များနေသူတို့ကို “ ဆန္ဒထိုက်သော ပုဂ္ဂိုလ် ” ဟု ခေါ်သည်။

သာဝေတွာ။ ။“သာဝေတွာ” အရ ကြားသိစေခြင်း ဟူသည် ဥတ်ကမ္မဝါစာ မရွတ်ဘဲ မြန်မာလိုဖြစ်စေ, ပါဠိလိုဖြစ်စေ, နားလည်လောက်သောဘာသာဖြင့် ကြားသိ စေခြင်းတည်း၊ ဤကဲ့သို့ ကြားသိစေခြင်းကို“အပလောကေတိ အာပုစ္ဆတိ အနေနာတိ အပလောကနံ”ဟု ပြု၍ ပန်ပြောကြောင်းကံကို ရသည်။

ဥဂ္ဃဋိဒုတိယကမ္မံနာမ- မည်သည်၊ ဝုတ္တနယေနေဝ သမဂ္ဂါ သံဃာ အနုဿာဝနာ၊ ဉတ္တိဒုတိယေန ကမ္မေန- ကောယ-တကြိမ်သော၊ ဥဂ္ဃဋ္ဋိယာ-ဉတ်ဝုဒ်ုင်း၊(ဣတိ ဝုစ္စတိ)ကောယ- သော၊ အနုဿာဝနာယစ-ကမ္မဝါစာဝုင်း၊ ဣတိ ဧဝံ-ဤသို့၊ ဥဂ္ဃဋိဒုတိယာဉ- ဉတ်ဟူသော ၂ ကြိမ်မြောက် ရှိသော၊ အနုဿာဝနာယ- အဖန်ဖန် ကြားသိ စေကြောင်း ကမ္မဝါစာဖြင့်၊ ကတ္တဗ္ဗကမ္မံ-ပြုထိုက်သော ကံတည်း။

ဥဂ္ဃဋိ စတုတ္ထကမ္မံ နာမ-မည်သည်၊ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ကောယ, ဥဂ္ဃဋ္ဋိယာ-ဉတ်ဝုဒ်ုင်း၊ တီဟိ-၃ ကြိမ်ကုန်သော၊ အနုဿာဝနာဟိစ- ကမ္မဝါစာတို့ဝုဒ်ုင်း၊ ဣတိ ဧဝံ- ဤသို့၊ ဥဂ္ဃဋိစတုတ္ထာဟိ- ဉတ်ဟူသော ၄ ကြိမ်မြောက် ရှိကုန်သော၊ တီဟိ-ကုန်သော၊ အနုဿာဝနာဟိ- ကမ္မဝါစာ တို့ဖြင့်၊ ကတ္တဗ္ဗကမ္မံ-တည်း။

တတ္ထ-ထို ၄ ပါးသော ကံတို့တွင်၊ အပလောကန ကမ္မံ-အပလောကနကံကို၊ အပလောကေတွာဝ-ပန်ပြော၍သာ၊ ကာတဗ္ဗံ-ပြုထိုက်၏၊ ဥဂ္ဃဋိကမ္မာဒိဝသေန- ဥဂ္ဃဋိကံ အစရှိသည်တို့၏ အစွမ်းဖြင့်၊ န ကာတဗ္ဗံ-မပြုထိုက်၊ ဥဂ္ဃဋိကမ္မမ္ပိ-ဥဂ္ဃဋိ ကံကိုလည်း၊ ဧကံ- တကြိမ်သော၊ ဥဂ္ဃဋိံ -ကို၊ ထပေတွာဝ -ထား၍သာ၊ ကာတဗ္ဗံ-ထိုက်၏၊ အပလောကန ကမ္မာဒိဝသေန-အပလောကနကံ အစရှိသည် တို့၏ အစွမ်းဖြင့်၊ န ကာတဗ္ဗံ၊ ပန-အဘို့ တပါးကား၊ ဥဂ္ဃဋိ ဒုတိယကမ္မံ - ဥဂ္ဃဋိ ဒုတိယကံသည်၊ အပလောကေတွာ-ပန်ပြော၍၊ ကတ္တဗ္ဗမ္ပိ-ပြုထိုက်သောကံသည် လည်း၊ အတ္ထိ- ရှိ၏၊ အကတ္တဗ္ဗမ္ပိ — မပြုထိုက်သော ကံသည်လည်း၊ အတ္ထိ-ရှိ၏၊ တတ္ထ-ထို ၂ ပါးသော ကံတို့တွင်၊ သီမာသမ္မုတိ- သိမ်သမုတ်ခြင်း ဟူသော ကံ ဝုဒ်ုင်း၊ သီမာသမူဟနနံ — သိမ်နှုတ်ခြင်း ဟူသော ကံဝုဒ်ုင်း၊ ကဌိနဒါနံ - ကထိန် သင်္ကန်းပေးခြင်းဟူသော ကံဝုဒ်ုင်း၊ ကဌိနုဗ္ဘာရော - ကထိန်နှုတ်ခြင်း ဟူသော ကံဝုဒ်ုင်း၊ ကုဋိဝတ္ထုဒေသနာ—ကုဋီရာကို ပြောခြင်းဟူသောကံဝုဒ်ုင်း၊ ဝိဟာရဝတ္ထု ဒေသနာ-ကျောင်းရာကိုပြောခြင်းဟူသော ကံဝုဒ်ုင်း၊ ဣတိ-ဤသို့၊ ဆ- ၆ ပါးကုန် သော၊ ဣမာနိ ကမ္မာနိ-ဤကံတို့သည်၊ ဂရုကာနိ-ကြီးလေးကုန်သည်၊ (ဟုတွာ- ဖြစ်၍၊ ဝါ—ဖြစ်ခြင်းကြောင့်၊) အပလောကေတွာ-ပန်ပြော၍၊ ကာတုံ-ပြုခြင်း

× × × × × × ×

ဥဂ္ဃဋိဒုတိယကမ္မံ။ ။ဥဂ္ဃဋိ+ဒုတိယာ+ယဿာတိ ဥဂ္ဃဋိဒုတိယံ၊ဥဂ္ဃဋိဒုတိယံစ+ တံ+ကမ္မံစာတိ ဥဂ္ဃဋိဒုတိယကမ္မံ-ဉတ်ဟူသော ၂ ကြိမ်မြောက်ရှိသောကံ၊ ယေဘုယျနည်း- " ဥဂ္ဃဋိယေဝ + ဒုတိယံ ဥဂ္ဃဋိဒုတိယံ၊ တမေဝ + ကမ္မံ ဥဂ္ဃဋိဒုတိယကမ္မံ " ဟု ပြု၏၊ ဆက်ဦးအံ့-ကံပြုသောအခါ ဉတ်ကို ပဌမ, ကမ္မဝါစာကို ဒုတိယ ရွတ်ဆိုရ၏၊ နာမည် တပ်ရာ၌ကား ကမ္မဝါစာကို ပဌမ, ဉတ်ကို ဒုတိယအနေအားဖြင့်တပ်ရ၏၊ ထို့ကြောင့် "ဥဂ္ဃဋိဒုတိယ" ဟု ခေါ်သည်၊ ဥပမာ – ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တံ- ဟူသော တရားငါးမျိုးကို နောက်ပြန်ရေတွက်သောအခါ ဖဿသည် ငါးခုမြောက်ဖြစ်၍ "ဖဿပဉ္စမက"ဟု ခေါ်ရသကဲ့သို့တည်း၊"ဥဂ္ဃဋိစတုတ္ထ"ဟု ခေါ်ရာ၌လည်း နည်းတူ။

ငှါ၊ န ဝဋ္ဋန္တိ–မအပ်ကုန်၊ ဥတ္တိဒုတိယကမ္မဝါစံ - ဥတ္တိဒုတိယကမ္မဝါစာကို၊ သာဝေတွာဝ–ကြားသိစေ၍သာ၊ ကာတဗ္ဗာနိ-ပြုထိုက်ကုန်၏၊ အဝသေသာနိ-ဖ ပါးသော ကံတို့မှ ကြွင်းကုန်သော၊ (ဧဝရူပါနိ–ဤစပ်၊) တေရသ- ၁၃ ပါး ကုန်သော၊ သမ္မုတိယော - သမ္မုတိတို့ရင်း၊ (သမ္မုတိ ၁၃ ပါးကို သေနာသန က္ခန္ဓကဝ္ဓ တွေ့ရလတံ့၊) သေနာသနဂ္ဂါဟကါပေ၊ သမ္မုတိယောစ - သေနာသန ဂ္ဂါဟကသမ္မုတိ, မတကစီဝရဒါန သမ္မုတိအစရှိသော သမ္မုတိတို့ရင်း၊ ဍတိ–ဤသို့၊ ဧဝရူပါနိ - ဤသို့သဘောရှိသောကံတို့သည်၊ လဟုကကမ္မာနိ - လဟုက ကံတို့သည်၊ (ဟုတွာ– ၍၊ ဝါ – ကြောင့်၊) အပလောကေတွာပိ - ပန်ပြော၍ လည်း၊ ကာတုံ - ငှါ၊ ဝဋ္ဋန္တိ - အပ်ကုန်၏၊ (ပိဖြင့် ဥတ္တိဒုတိယကမ္မဝါစာဖြင့် အပ်သည်ဟု ပေါင်း၊) ပန-ဗျတိရိက်၊ ဥတ္တိကမ္မါပေ၊ ဝသေန - ဥတ္တိကံ, ဥတ္တိ စတုတ္ထကံတို့၏ အစွမ်းဖြင့်၊ န ကာတဗ္ဗမေဝ - မပြုထိုက်သည်သာ၊ ဥတ္တိစတုတ္ထ ကမ္မံ-ကို၊ ဥတ္တိံ စ-ကိုရင်း၊ တိဿော - ၃ ကြိမ် ကုန်သော၊ ကမ္မဝါစာယောစ- တို့ကိုရင်း၊ သာဝေတွာဝ–ကြားသိစေ၍သာ၊ ကာတဗ္ဗံ–ထိုက်၏၊ အပလောကန ကမ္မာဒိဝသေန-အပလောကနကံ အစရှိသည်တို့၏ အစွမ်းဖြင့်၊ န ကာတဗ္ဗံ–မပြု ထိုက်၊ ဍတိ အယံ– ကား၊ ဧတ္ထ–ဤ သမထက္ခန္ဓကဝ္ဓ၊ သင်္ခေပေါ– တည်း။

ဝိတ္ထာရတောပန–အကျယ်အားဖြင့်ကား၊ ဍမာနိ စတ္တာရိ ကမ္မာနိ ကတိဟာ ကာရေဟိ ဝိပဇ္ဇန္တိတိ အာဒိနာ–ဍမာနိပေ၊ဝိပဇ္ဇန္တိအစရှိသော၊ နယေန-နည်း ဖြင့်၊ ပရိဝါရေဝသာနေ-ပရိဝါရ် ပါဠိတော်၏ အဆုံးနား၌၊ ကမ္မဝဂ္ဂေ - ကမ္မ ဝဂ်၌၊ ဧတေသံ–ဤ ကံတို့၏၊ ဝိနိစ္ဆယော- အဆုံးအဖြတ်သည်၊ ဝါ - ဆုံးဖြတ် ကြောင်း စကားသည်၊ အာဂတောယေဝ–တိုက်ရိုက်လာသည်သာ၊ ပန-ဆက်၊ တတ္ထ–ထို ၄ ပါးသော ကံတို့၌၊ ယံ– အကြင်ပုဒ်သည်၊ အနုတ္တာနံ–မပေါ်လွင်၊ တံ–ထို ပုဒ်ကို၊ ကမ္မဝဂ္ဂေယေဝ–ကမ္မဝဂ်၌သာ၊ ဝဏ္ဏယိဿာမ - ဖွင့်ပြကုန်အံ့၊ [ယောဇနာ၌ကား "ယံ ပန အတ္ထဇာတံ အနုတ္တာနန္တိ သမ္ဗန္ဓော"ဟု ဖွင့်၏၊]ဟိ- လဒ္ဓဂုဏ်ကို ဆိုဦးအံ့၊ ဧဝံ–ဤသို့ ကမ္မဝဂ်ကျမှ ဖွင့်ပြခြင်းသည်၊ သတိ - ဖြစ်လ သော်၊ အဋ္ဌာနေ–အရာမဟုတ်သည်၌၊ ဝဏ္ဏနာ–ဖွင့်ပြခြင်းသည်၊ န ဘဝိဿတိ– မဖြစ်လတံ့၊ စ–သည်သာ မကသေး၊ အာဒိတော–ကမ္မဝဂ်၏ အစမှ၊ ပဋ္ဌာယ– စ၍၊ တဿတဿ ကမ္မဿ–ထိုထို ကံ၏၊ ဝါ-ကို၊ ဝိညာတတ္တာ- သိအပ်သည်၏ အဖြစ်ကြောင့်၊ သုဝိညေယျော–လွယ်ကူစွာ သိအပ်သည်၊ ဘဝိဿတိ-ဖြစ်လတံ့၊

× × × × × × ×

သုဝိညေယျော ဘဝိဿတိ။ ။ "ဝိနိစ္ဆယော"ကို ငဲ့၍ "သုဝိညေယျော"ဟု ထားသည်၊ ယောဇနာ၌မူ – ဝဏ္ဏနာကို ငဲ့၍ " သုခေန ဝိညာတဗ္ဗာ " ဟု ဖွင့်သည်၊ [အာဒိတော ပဋ္ဌာယစ တဿတဿကမ္မဿ ဝိညာတတ္တာတိ ဝိတ္ထာရတော အာဂတ ကမ္မဝဂ္ဂဿ အာဒိတော ပဋ္ဌာယ ဝဏ္ဏနာ မုခေန ဝိညာတတ္တာ ဝိနိစ္ဆယော သုဝိညေ ယျော ဘဝိဿတီတိ ယောဇနာ၊–ဝိမတိ။]

ဝိဝါဒါဓိကရဏသင် ကိံမူလံတိ အာဒီနိ-ဝိဝါဒါဓိကရဏသင် ကိံမူလံ အစ ရှိသောစကားတို့ကို၊ ပါဠိဝသေနေဝ - ပါဠိတော်၏အစွမ်းဖြင့်ပင်၊ (ပါဠိတော် အတိုင်းပင်၊)ဝေဒိတဗ္ဗာနိ-န်၏၊ ဝိဝါဒါဓိကရဏံ သိယာ ကုသလံတိ အာဒီသု- ဝိဝါဒါဓိကရဏံ သိယာ ကုသလံ အစရှိသော စကားရပ်တို့၌၊ ("အတ္ထော ဒဋ္ဌဗ္ဗော"၌စပ်၊)ယေန-အကြင် စိတ္တုပ္ပါဒ်ဖြင့်၊ ဝိဝဒန္တိ-ငြင်းခုံကြကုန်၏၊ သော စိတ္တုပ္ပါဒေါ-ထိုငြင်းခုံကြောင်းစိတ္တုပ္ပါဒ်သည်၊ ဝိဝါဒေါ-မည်၏၊ သမထေဟိ- သမထတို့သည်၊ ဝါ- သမထတို့ဖြင့်၊ အဓိကရဏီယတာယ -စွဲ၍ ပြုအပ်သည်၏ အဖြစ်ကြောင့်၊ ဝါ- ငြိမ်းစေအပ်သည်၏ အဖြစ်ကြောင့်၊ အဓိကရဏံစ - အဓိ ကရဏလည်း မည်၏၊ ဣတိ ဧဝမာဒိနာ — ဤသို့ အစရှိသော၊ နယေန — ဖြင့်၊ အတ္ထော—ကို၊ ဒဋ္ဌဗ္ဗော - မှတ် ထိုက်၏။ [ဧဝမာဒိနာ နယေနာတိ အာဒိသဒ္ဒေန "အနုဝိဒသနေန-(စွပ်စွဲခြင်းဖြင့်၊)ဝဒန္တိ အနေန စိတ္တုပ္ပါဒေနာတိ အနုဝါဒေါ" တိ အာဒယော ဝစနတ္ထေ သင်္ဂဏှာတိ၊-ယောဇနာ။]

အာပတ္တာဓိကရဏံ ၊ပေ၊ ကုသလံတိ ဧတ္ထ — အာပတ္တာဓိကရဏံ သိယာ အကုသလံ သိယာ အဗျာကတံ , နတ္ထိ အာပတ္တာဓိကရဏံ ကုသလံဟူသော ဤ ပါဌ်၌၊ ("အတ္ထော ဝေဒိတဗ္ဗော"၌စပ်၊)သန္ဓာယဘာသိတဝသေန-ရည်ရွယ်၍

× × × × × × ×

ဝိဝါဒါဓိကရဏ။ ။ဝိဝဒန္တိ ဧတေနာတိ ဝိဝါဒေါ-ငြင်းခုံကြောင်း စိတ္တုပ္ပါဒ်၊ သမထေဟိ+အဓိကရိယတီတိ အဓိကရဏံ၊ ဝိဝါဒေါ+အဓိကရဏံ ဝိဝါဒါဓိကရဏံ၊ ဆိုင်ရာသမထဖြင့် (သံဃာက)ငြိမ်းစေသော အခါ , နောက်ထပ် မငြင်းရတော့ဘဲ, ငြင်းခုံမှုဖြစ်သော အသံသည် တိတ်သွားရ၏,ငြိမ်းသွား၏၊ထိုအကျိုးအသံ၏ တိတ်ဆိတ် ငြိမ်းအေးခြင်းကို အကြောင်း စိတ္တုပ္ပါဒ်ပေါ်၌ တင်စား၍ ဝိဝါဒ စိတ္တုပ္ပါဒ် ကိုလည်း (ဖလူပစာရအားဖြင့်) ငြိမ်းသည်ဟုပင် ဆိုရသည်။ ["သမထေဟိ—တို့ဖြင့်"ဟုပေးလျှင် သံဃာကို ကတ္တားထည့်၊ "သမထတို့သည်" ဟု ပေးလျှင် သံဃာကတ္တားမလို၊ အဓိ ကရဏသဒ္ဒါ၏ အခြားဝိဂြိုဟ်တမျိုးကို ပါရာဇိကကဏ် ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ ပြခဲ့ပြီ။]

သာရတ္ထ။ ။သမထေဟိစ အဓိကရဏီယတာယ အဓိကရဏံတိ သမထေဟိ သမေတဗ္ဗတာယ အဓိကရဏံတိ အတ္ထော၊ ဝိဝါဒဟေတုဘူတဿ ဟိ စိတ္တုပ္ပါဒဿ ဝူပ သမေန , တပ္ပဘဝဿ သဒ္ဒဿပိ (ထိုစိတ္တုပ္ပါဒ်လျှင် အစအမွန်ရှိသော ငြင်းခုံသံ၏ လည်း၊) ဝူပသမော ဟောတီတိ စိတ္တုပ္ပါဒဿ သမထေဟိ အဓိကရဏီယတာ ပရိယာ ယော သမ္ဘဝတိ၊ (ဝိဝါဒ စိတ္တုပ္ပါဒ်၏ သမထတို့ဖြင့် ငြိမ်းစေအပ်သည်၏အဖြစ်ဟူသော ပရိယာယ်သည် ဖြစ်သင့်၏၊) —ဤဋီကာအလို စိတ္တုပ္ပါဒ်ကို အဓိကရဏ အမည်ပေးရာ၌ ပရိယာယ် (ဥပစာ) ဟု ဆို၍ ငြင်းခုံမှု အသံကို "အဓိကရဏ" ဟု အမည်ပေးရာ၌ မုချ နာမည် ဟု ဆိုလိုသည်။

သန္ဓာယဘာသိတဝသေန။ ။"သိယာ အကုသလံ, သိယာ အဗျာကတံ—အချို့ အာပတ္တာဓိကရဏ်းသည် အကုသိုလ်ဖြစ်၍,အချို့က အဗျာကတဖြစ်၏"ဟူသောစကား တော်ကို ဓလောကဝဇ္ဇအတွက် ရည်ရွယ်၍ မိန့်တော်မူအပ်သည် မဟုတ်, ပဏ္ဏတ္တိဝဇ္ဇ

ဟောတော်မူအပ်သောစကားဘော်၏အဖြစ်ဖြင့်၊ အတ္တော- ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ဟိ - ချဲ၊ (တနည်း)၊ ဟိ (ယသ္မာ) - ကြောင့်၊ ပဋ္ဌာနာဒိကေ- ပဋ္ဌာန အစရှိသော၊ ယသ္မိံ အာပတ္တာဓိကရဏေ - အကြင် အာပတ္တာဓိကရုဏ်း၌၊ ကုသလစိတ္တံ- သည်၊ အင်္ဂံ -အကြောင်းအင်္ဂါသည်၊ ဟောတိ- ၏၊ တသ္မိံ - ထို အာပတ္တာဓိကရုဏ်းသည်၊ (ကုသိုလ်စိတ်ဟူသော အကြောင်းအင်္ဂါ ရှိသော အာပတ္တာဓိကရုဏ်းသည်၊) သတိ-ရှိလသော်၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလံတိ - ဟူ၍၊ ဝတ္တုံ - ဟောတော်မူခြင်းငှါ၊ န သက္ကာ - မတတ်ကောင်း၊ တသ္မာ - ထို့ကြောင့်၊ (ကုသိုလ်စိတ်ဟူသောအင်္ဂါရှိသော အာပတ္တာဓိကရုဏ်း ရှိလျှင် "နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ"ဟု ဟောတော်မမူသင့်သည်၏အဖြစ် ကြောင့်၊) ဣဒံ- ဤစကားကို၊ (အာပတ္တာဓိကရဏံ သိယာ အကုသလံ, သိယာ အဗျာကတံ,နတ္ထိအာပတ္တာဓိကရဏံ ကုသလံဟူသောဤစကားကို၊)[ယောဇနာ၌ကား- နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ တဝါကျကိုသာ စွဲလေသည်၊] အင်္ဂပဟောနကစိတ္တံ- အင်္ဂါလောက်သောစိတ်ကို၊ သန္ဓာယ- ရည်ရွယ်တော်မူ၍၊ န ဝုတ္တံ - ဟောတော်မူအပ်သည်မဟုတ်၊ ပန- အဟုတ်ကား၊ ဣဒံ-ဤ ဆိုအပ်လတ္တံ့ သောအကြောင်းကို၊ သန္ဓာယ-ရည်ရွယ်တော်မူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

× × × × × × ×

အာပတ်အတွက် ရည်ရွယ်၍ မိန့်တော်မူအပ်သည်ကို"သန္ဓာယ ဘာသိတ"ဟု ဆိုသည်၊ လောကဝဇ္ဇအာပတ်အတွက်မှာ စင်စစ် အကုသိုလ်ချည်းသာဖြစ်သောကြောင့်"တချို့" ဟု ဝိကပ်ပြုဘွယ်မလို - ဟူလို။

ယသ္မိံ ဟိ ၊ပေ၊ သန္ဓာယ ဝုတ္တံ။ ။ကသ္မာ ပနေတ္ထ သန္ဓာယဘာသိတ ဝသေန အတ္ထော ဝေဒိတဗ္ဗောတိ အာဟ၊ — ယသ္မိံဟီတိ အာဒိ၊– ဋီကာ၊ ဤဋီကာ၌ နောက် လာမည့်"တသ္မာ န ယိဒံ၊ပေ၊သန္ဓာယ ဝုတ္တံ"ကိုကြည့်၍ ကသ္မာ စသည်ဖြင့် ကျမ်းတက် သည်၊ ဤအလို "ဟိ(ယသ္မာ)"ဟု စွဲရ၏၊ ဝိတ္ထာရလည်း ဖြစ်နိုင်ပါသည်၊ ထို ဝိတ္ထာရ ကား "သန္ဓာယ ဣဒံ ဝုတ္တံ၊ပေ၊ကုသလန္တိ" တိုင်အောင်တည်း၊ ပဋ္ဌာနာဒိကေ၌ အာဒိဖြင့် ဘူဘဂါမသိက္ခာပုဒ်စသော ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များကို ယူပါ။

ကုသလစိတ္တံ အင်္ဂံ။ ။ရဟန်းတပါးသည် ဝိနည်း၌ နားမလည်သောကြောင့် ဝတ်ကြီးဝတ်ငယ် ပြုလုပ်သည့်အနေအားဖြင့် တံမြက်စည်းဖြင့် မြေကိုညီလျက် မြေပျက် လောက်အောင် တံမြက်လှည်း၏၊ ဘုရားဝင်းထည်း၌ မြက်စသည်ကိုလည်း (တရှင်း စသည်ဖြင့်)ရှင်းလင်း၏၊ ထိုစိတ်များသည် ကုသိုလ်စိတ်ပင်တည်း၊ ထို ကုသိုလ်စိတ် ကြောင့် ပဋ္ဌာနအာပတ်, ဘူဘဂါမ ပါတဗျတာအာပတ်ကား သင့်သည်သာ၊ ထို့ကြောင့် ထိုကုသိုလ်စိတ်ကို အာပတ်၏အကြောင်း (အင်္ဂါ) ဟု ဆိုသည်။

တသ္မိံ သတိ၊ပေ၊န ဝုတ္တံ။ ။[တသ္မိံ သတီတိ တသ္မိံ ကုသလစိတ္တေ အာပတ္တိ ဘာဝေန ဂဟိတေ သတီတိ အဓိပ္ပါယော၊–သာရတ္ထ၊ ဤအဖွင့်သည် အဓိပ္ပါယ်ဖွင့်သာ ဖြစ်၏၊ နိဿယအနက်ကိုကား ဤ၌ ပေးထားသည့်အတိုင်းသာ ပေးရသည်။] ထို ကုသိုလ်စိတ်ကို အာပတ္တာဓိကရုဏ်းအဖြစ်ဖြင့်ယူအပ်လျှင် (ကုသိုလ် အာပတ္တာဓိကရုဏ်း

တ၁၀- ပဏ္ဏတ္တိဝဇ္ဇမှရှေးဉူးစွာ၊ (နိဒ္ဒိဋ္ဌ- ညွှန်ပြအပ်သော၊) ယံ အာပတ္တာ ဓိကရဏံ-အကြင် အာပတ္တာဓိကရဏ်းသည်၊ လောကဝဇ္ဇံ-လောကဝဇ္ဇတည်း၊ တံ-ထို လောကဝဇ္ဇ အာပတ္တာဓိကရဏ်းသည်၊ ဧကန္တေန - တခုသောအဘို အားဖြင့်၊ (စင်စစ်အားဖြင့်၊) အကုသလမေဝ - အကုသိုလ်ချည်းသာတည်း၊ တတ္ထ- ထို လောကဝဇ္ဇ အာပတ္တာဓိကရဏ်း၌၊ သိယာ အကုသလံတိ - သိယာ အကုသလံဟူ၍၊ (အချို့က အကုသိုလ်ဟူ၍၊) ဝိကပ္ပေါ-ဝိကပ်သည်၊ ဝါ-တသီး တခြား ပြုစီရင်ဘွယ်သည်၊ နတ္ထိ - မရှိ၊ ပန - ကား၊ ယံ — အကြင် အာပတ္တာ ဓိကရဏ်းသည်၊ ပဏ္ဏတ္တိဝဇ္ဇံ- ပဏ္ဏတ္တိဝဇ္ဇတည်း၊ တံ-ထို ပဏ္ဏတ္တိဝဇ္ဇအာပတ္တာ ဓိကရဏ်းသည်၊ (အကုသလံ ဟောတိ၊ အဗျာကတံ ဟောတိတို့၌စပ်၊) ယသ္မာ- ကြောင့်၊ သဉ္စိစ္စ - သညာနှင့်တကွ စေတနာဖြင့်စေ့ဆော်၍၊ ဣမံ အာပတ္တိံ - ဤ အာပတ်ကို၊ ဝီတိက္ကမာမိ-လွန်ကျူးအံ့၊ ဣတိ- ဤသို့ကြံ၍၊ ဝီတိက္ကမန္တဿေဝ- လွန်ကျူးသောရဟန်း၏သာ၊ အကုသလံ- အကုသိုလ်သည်၊ ဟောတိ - ဖြစ်၏၊ ပန-ကား၊ အသဉ္စိစ္စ-သညာနှင့်တကွ စေတနာဖြင့် မစေ့ဆော်ဘဲ၊ ကိဉ္စိ-တစုံတခု သော အမှုကို၊ အဇာနန္တဿ - မသိသည်ဖြစ်၍၊ သဟသေယျာဒိဝသေန- သဟ သေယျ အစရှိသည်တို့၏အစွမ်းဖြင့်၊ အာပဇ္ဇတော-ရောက်သောရဟန်း၏၊ အဗျာ

× × × × × × ×

လည်း ရှိနိုင်ပြန်သောကြောင့်) " သိယာ အကုသလံ သိယာ အဗျာကတံ , နတ္ထိ အာ ပတ္တာဓိကရဏံ ကုသလံ"ဟူသောစကားကို အာပတ်၏အင်္ဂါ ဖြစ်လောက်သောစိတ်ကို ရည်ရွယ်၍ မိန့်တော်မူအပ်သည်မဟုတ်, ဤ ဆိုအပ်လတ္တံ့သောအကြောင်းကို ရည်ရွယ်၍ မိန့်တော်မူအပ်သည်ဟု မှတ်ပါ။

ယံ တ၁၀၊ပေ၊ဣဒံ ဝုတ္တံ၊ ၊လောကဝဇ္ဇသိက္ခာပုဒ်များ၌ ဧကန် အကုသိုလ်စိတ် ကြောင့် သင့်ရကား "သိယာ" ဟု ဝိကပ်ပြုဘွယ်မလို၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များ၌သာ သဉ္စိစ္စဖြင့်ကျူးလွန်လျှင် အကုသိုလ်ကြောင့်သင့်၏၊ မိမိအိပ်နေစဉ် မိမိမသိဘဲ မာတုဂါမ ၏ကျောင်းအတွင်းဝင်၍ အိပ်ခြင်းကြောင့် သင့်အပ်သော သဟသေယျအာပတ်သည် အသဉ္စိစ္စတည်း၊ ထို အသဉ္စိစ္စကြောင့်သင့်ရာ၌ အိပ်ပျော်နေသော ရုပ် အဗျာကတသည် အာပတ်၏ အင်္ဂါဖြစ်၍ "သိယာ အဗျာကတံ" ဟု ဝိကပ်ပြုရသည်၊ ဤသို့ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များ၌ သဉ္စိစ္စ အသဉ္စိစ္စအတွက် " သိယာ အကုသလံ သိယာ အဗျာကတံ " ဟူသော ဝိကပ်ပြုဘွယ်ရှိသည်ကို ရည်ရွယ်တော်မူ၍ "အာပတ္တာဓိကရဏံ၊ပေ၊ကုသလံ" ဟု မိန့်တော်မူသည်၊— သာရတ္ထကိုမှီသော အဓိပ္ပါယ်တည်း။

ဝိမတိဝါဒ။ ၊ပြခဲ့သော သာရတ္ထအလိုအားဖြင့် "အာပတ်ဟူသည် အကုသိုလ်, အဗျာကတဖြစ်သော ပရမတ္ထသဘောတည်း"ဟု အဓိပ္ပါယ်ရ၏၊ ဝိမတိကား "အာပတ် ဟူသည် ဘုရားရှင် ပညတ်တော်မူအပ်သောကြောင့် ပညတ်သာတည်း " ဟု ယူ၏၊ " အာပတ္တာဓိကရဏံ သိယာ အကုသလံ, သိယာ အဗျာကတံ " ဟူသော စကားတော် ကား "အကြောင်း အကုသိုလ် အဗျာကတတို့၏အမည်ကို အကျိုး အာပတ်၌တင်စား အပ်သော ကာရဏူပစာရစကားတည်း"ဟု ယူသည်။

ကတံ-အဗျာကတသည်၊ ဟောတိ-ဖြစ်၏၊တသ္မာ-ကြောင့်၊(ထိုသို့ ပဏ္ဏတ္တိဝဇ္ဇ၏ အကုသိုလ် အဗျာကတနှစ်မျိုး ရှိနိုင်သည်၏အဖြစ်ကြောင့်၊) တတ္ထ - ထို ပဏ္ဏတ္တိ ဝဇ္ဇ အာပတ္တာဓိကရဏ်း၌၊ သဉ္စိစ္စ သဉ္စိစ္စဝသေန - သဉ္စိစ္စ အသဉ္စိစ္စ၏အပြား အားဖြင့်၊ ဣမံ ဝိကပ္ပဘာဝံ-ဤ ဝိကပ်၏အဖြစ်ကို၊ ဝါ-ဤ ဝိကပ်၏သဘောကို၊ သန္ဓာယ - ရည်ရွယ်တော်မူ၍၊ အာပတ္တာဓိကရဏံ၊ပေ၊ကုသလန္တိ - အာပတ္တာ ဓိကရဏံ၊ပေ၊ကုသလံဟူသော၊ ဣဒံ-ဤစကားကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။

× × × × × × ×

သန္ဓာယ ဘာသိတ ။ ။သို့ဖြစ်လျှင် ပထဝီခဏန စသည်၌ ကုသိုလ်ကြောင့်လည်း အာပတ်သင့်ရကား ကုသိုလ်၏အမည်ကို အာပတ်၌တင်စား၍ ကာရဏူပစာရအားဖြင့် "သိယာ ကုသလံ" ဟုလည်း ဟောတော်မူထိုက်သည် မဟုတ်ပါလောဟု မေးဘွယ်ရှိသောကြောင့် ထိုသို့ မဟောရခြင်း၏အကြောင်းကို ပြခြင်းငှါ "ဣဒ္ဓ သန္ဓာယ ဘာသိတ ဝသေန အတ္ထော ဝေဒိတဗ္ဗော" ဟု အဋ္ဌကထာမိန့်သည်ဟု ဆိုသည်၊ သမ္ဗုတိသာဘာဝါ ယပိ (ပညတ်သဘော ရှိပါသော်လည်း) အာပတ္တိယာ ကာရဏူပစာရေန အကုသလာ ဗျာကတဘာဝေ ဝုစ္စမာနေ ကုသလဿာပိ အာပတ္တိကာရဏတ္တာ တဒုပစာရေန (ထို ကာရဏူပစာရအားဖြင့်) "အာပတ္တာဓိကရဏံ သိယာ ကုသလ"န္တိ ဝတ္တဗ္ဗံ ဘဝေယျ၊ တထာ အဝတ္တာ,"နတ္ထိ အာပတ္တာဓိကရဏံ ကုသလန္တိ"ဓဝံ ဝစနဿ ကာရဏံ ဒဿေ တုံ "ဣဒ္ဓ သန္ဓာယဘာသိတဝသေန အတ္ထော ဝေဒိတဗ္ဗော"တိ ဝုတ္တံ။

သန္ဓာယဘာသိတ အဓိပ္ပါယ် ။ ။ဝိမတိအလိုအားဖြင့် သန္ဓာယဘာသိတ၏ အဓိပ္ပါယ်ကား – အကုသိုလ် အဗျာကတ၏အမည်ကို အာပတ်၌ တင်စားထိုက်သော အကြောင်းရှိခြင်း, ကုသိုလ်၏အမည်ကို အာပတ်၌ တင်စားထိုက်သောအကြောင်း မရှိခြင်းသည် "သိယာ အကုသလံ, သိယာ အဗျာကတံ,နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ" ဟု ဟောတော်မူရခြင်း၌ သန္ဓာယဘာသိတတည်း၊ ထို သန္ဓာယဘာသိတ၏ အစွမ်းဖြင့် ဤပါဠိတော်၌ အနက်အဓိပ္ပါယ်ကိုသိထိုက်သည်-ဟူလို၊ [ယတောစေတံ ဝစနံ အာပတ္တိယာ အကုသလာဗျာကတူပစာရရဟတ္တဿ ကုသလူပစာရနာရဟတ္တဿ ဝိသုံ ကာရဏာသဗ္ဘာဝံ သန္ဓာယ ဘာသိတံ၊ တသ္မာ ယံ တံ ကာရဏဝိသေသံ သန္ဓာယ ဣဒံ ဘာသိတံ၊ တဿ ဝသေနေဝေတ္ထ အတ္ထော ဝေဒိတဗ္ဗော။]

ကာရဏဝိသေသ ။ ။ "အာပတ္တာဓိကရဏံ သိယာ အကုသလံ" စသည်ဖြင့် ဟောတော်မူရာ၌ အကုသိုလ်အဗျာကတတို့၏ အာပတ်အားလုံးအတွက် အကြောင်းဖြစ်ခြင်းသည် ဝိသေသကာရဏတည်း၊ ရှဲဥုးအံ့–အကုသိုလ်သည် ပညတ်တော်ကိုသိလျက် ကျူးလွန်လျှင် အာပတ်အားလုံးအတွက် အကြောင်းဖြစ်၏၊ လောကဝဇ္ဇအာပတ်၌ကား ပညတ်တော်ကို သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ,ကျူးလွန်လျှင် အကုသိုလ်စိတ်ကြောင့် ချည်းသာဖြစ်၏၊ အဗျာကတဟူသည်ကား ကာယ ဝစီဝိညတ်ဟူသော ရုပ်တရားတည်း မည်သည့် အာပတ်မဆို ထိုကာယဝစီ တပါးပါးနှင့် ကင်း၍မဖြစ်။

မှန်၏– ကျောင်းခန်းဝယ် ညဥ့်အခါ၌ နိရောဓသမာပတ်ဝင်စား၍ လဲလျောင်းနေသော အနာဂါမ်ရဟန္တာသော်မှလည်း မာတုဂါမကဝင်၍ အိပ်လျှင် ကာယဒွါရ အဗျာကတကြောင့် သဟသေယျအာပတ်သင့်နိုင်သေး၏၊ ဤသို့လျှင် အကုသိုလ်အဗျာကတ၏

ပန- ဆက်၊ ယံ - အကြင် အာပတ္တာဓိကရဏ်းသို့၊ ကုသလစိတ္တော- ကုသိုလ်စိတ်ရှိသည်၊ (ဟုတွာ - ဖြစ်၍၊) အာပဇ္ဇတိ - ရောက်၏၊ ဣဒံ - ဤ အာပတ္တာဓိကရဏ်းကို၊ အာပတ္တာဓိကရဏံ ကုသလန္တိ-အာပတ္တာဓိကရဏံ ကုသလံဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ (ဣတိ - ဤသို့၊) သစေ ဝဒေယျ-အကယ်၍ ဟောတော်မူအံ့၊ (ဧဝံသတိ) - ဤသို့ ဟောတော်မူလသော်၊ (ပန - အနက်မရှိ၊) အစိတ္တကာနံ-အစိတ္တက ဖြစ်ကုန်သော၊ ဧဠကလောမ ပဒသောဓမ္မာဒိသမုဋ္ဌာနာနမ္ပိ - ဧဠကလောမသမုဋ္ဌာန်,ပဒသောဓမ္မသမုဋ္ဌာန်အစရှိသော သမုဋ္ဌာန်ရှိသော အာပတ္တာဓိကရဏ်းတို့၏လည်း၊ ကုသလတ္တံ - ကုသိုလ်၏အဖြစ်သည်၊ အာပဇ္ဇေယျ-ဖြစ်ရာ၏၊ စ-စင်စစ်ကား၊ တတ္ထ-ထိုအစိတ္တကအာပတ်တို့၌၊ ဝိဇ္ဇမာနမ္ပိ-ထင်ရှားရှိသည်လည်းဖြစ်သော၊ ကုသလစိတ္တံ- ကုသိုလ်စိတ်သည်၊ အာပတ္တိယာ - အာပတ်၏၊

× × × × × × ×

အာပတ်အားလုံးအတွက် အကြောင်းဖြစ်နိုင်ခြင်းသည် ဝိသေသကာရဏတည်း၊ ထိုသို့ ဝိသေသကာရဏ ဖြစ်သောကြောင့် အကြောင်း အကုသိုလ် အဗျာကတ၏အမည်ကို အကျိုး အာပတ်၌ တင်စားနိုင်၏၊ ကုသိုလ်ကား အချို့အာပတ်အတွက် အနည်းငယ်သာ အကြောင်းဖြစ်နိုင်၏၊ ထို့ကြောင့် ကုသိုလ်၏အမည်ကို အာပတ်၌မတင်စားနိုင်။

ဝိမတိ။ ။အာပတ္တာဓိကရဏံ သိယာ အကုသလံ , သိယာ အဗျာကတန္တိ ဣဒံဟိ ယံ ကိဉ္စိ ကဒါစိ ကတ္ထစိ ကာရဏံ ဘဝန္တံ အနိယတကာရဏံ သန္ဓာယ ဝုတ္တံ န ဟောတိ၊ '(ဤစကားသည် တရံတခါ တချို့အာပတ်၌ အကြောင်းဖြစ်သော အနိယတကာရဏ ဖြစ်သော တခုတလေကို ရည်ရွယ်၍ မိန့်တော်မူအပ်သောစကား မဟုတ်၊) ယံ ပန သဗ္ဗသိက္ခာပဒေသု အာပတ္တိယာ ကာရဏံ ဘဝိတုံ အရဟတိ၊ ဣဒမေဝ ကာရဏံ သန္ဓာယ ဝုတ္တံ၊ပေ၊ယတ္ထ ပထဝီ ခဏနာဒိသု ကုသလမ္ပိ အာပတ္တိယာ ကာရဏံ ဟောတိ၊ တတ္ထာပိ အာပတ္တိယာ တဒုပစာရေန ကုသလတ္တဝေါဟာရော အယုတ္တော၊ သာဝဇ္ဇာနဝဇ္ဇာနံ ဧကတ္တ ဝေါဟာရဿ ဝိရုဒ္ဓတ္တာ၊ (သာဝဇ္ဇ အကုသိုလ်နှင့် အနဝဇ္ဇ ကုသိုလ်တို့၏ တခုတည်းသောအာပတ်ဝယ် ၂ မျိုးနာမည်တပ်ခြင်း၏ ဆန့်ကျင်သောကြောင့်တည်း။)

သစေ ပန၊ပေ၊ အဗျာကတံ။ ။ကုသိုလ်စိတ်ရှိသည်ဖြစ်၍ သင့်ရောက်အပ်သော အာပတ်ကို"အာပတ္တာဓိကရဏံ ကုသလံ"ဟု ဟောတော်မူလျှင် အဘယ်အပြစ်ရှိရာသနည်းဟု မေးဘွယ်ရှိသောကြောင့်"သစေ ပန"စသည်ကိုမိန့်သည်၊ ဤသို့ ဟောတော်မူလျှင် အစိတ္တကဖြစ်ကြသော ဧဠကလောမ သမုဋ္ဌာန် , ပဒသောဓမ္မ သမုဋ္ဌာန်ရှိသော အာပတ်တို့၏ အတွက်လည်း (ကမ္ဗဋ္ဌာန်းနှလုံးသွင်းလျက် သိုးမွေးတို့ကို ယူဆောင်သွားစဉ် ၃ ယူဇနာလွန်လျှင် အာပတ်သင့်ခြင်းစသည် ဖြစ်သောကြောင့်) ကုသိုလ်စိတ်ဖြစ်သော အာပတ္တာဓိကရဏ်းဖြစ်စရာရှိခြင်းဟူသောအပြစ် ရောက်စရာရှိသည်-ဟူလို၊ ထိုသို့ ခရီးသွားခြင်း,တရားဟောခြင်းစသည်၌ ကုသိုလ်စိတ်ထင်ရှားရှိသော်လည်း အာပတ်၏ အင်္ဂါမဟုတ်၊ စလိတပ္ပဝတ္တဖြစ်သော ကိုယ် နှုတ်တို့တွင် တပါးပါးသာ အာပတ်၏အင်္ဂါဖြစ်သည်၊ ထို ကိုယ် နှုတ် ၂ ပါးလုံးပင် ရုပ်အဗျာကတ တရားတည်း။ [စလိတပ္ပဝတ္တာနံ တိ စလိတာနံ ပဝတ္တာနဥ္စ၊ စလိတော ကာယော၊ ပဝတ္တာ ဝါစာ၊-ဋီကာ။]

အင်္ဂ-အကြောင်း အင်္ဂါသည်၊ န-မဟုတ်၊ ပန-အဟုတ်ကား၊ ကာယဝစီဝိညတ္တိဝသေန-ကာယဝိညတ်, ဝစီဝိညတ်၏ အစွမ်းဖြင့်၊ စလိတပ္ပဝတ္တာနံ -လှုပ်ရှားသော ကိုယ်, အဆက်မပြတ် ဖြစ်သော နှုတ်ဟူကုန်သော၊ ကာယဝါစာနံ-ကိုယ်နှုတ်တို့တွင်၊ အညတရမေဝ — အမှတ်မထား တပါးပါးသည်သာ၊ အင်္ဂ— အကြောင်း အင်္ဂါတည်း၊ တဒ္ဓ-ထို တပါးပါးသော အင်္ဂါသည်လည်း၊ ရူပက္ခန္ဓပရိယာပန္နတ္တာ- ရူပက္ခန္ဓာ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်၊ အဗျာကတံ— အဗျာကတဘတည်း၊ ဣတိ-ဤသို့ မှတ်အပ်၏။ [စလိတပ္ပဝတ္တာနံဝယ် စလိတဖြင့် ဧဠကလောမသမုဋ္ဌာန်အာပတ်,ပဝတ္တနှင့် ပဒသောဓမ္မ သမုဋ္ဌာန်အာပတ်တို့ကို ပြသည်။]

× × × × × × ×

အဗျာကတ အာပတ် အပါယ်မချ။ ။အဗျာကတ အာပတ်ရှိလျှင် “ သာပတ္တိကဿ ဘိက္ခဝေ နိရယံဝါ ဝဒါမိ,တိရစ္ဆာနယောနိံဝါ”ဟုဟောတော်မူသောကြောင့်, အဗျာကတအာပတ်အတွက် အပါယ်သို့ ကျရမည်လော-ဟု မေးဘွယ်ရှိ၏၊ အဖြေကား- အသဉ္စိစ္စ အာပတ်များအတွက် အပါယ်မကျနိုင်ပါ၊ သို့သော် အာပတ်သင့်မှန်း သိလျက် ဖုံးထားလျှင်ကား ထို ဖုံးထားမှုကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုဖုံးထားကြောင်းစိတ်သည် အကုသိုလ်စိတ်တည်း၊ ထို အကုသိုလ်ကြောင့်ကား အပါယ်ကျနိုင်၏၊ ထို သဉ္စိစ္စ အာပတ်များကို ရည်ရွယ်တော်မူ၍ “သာပတ္တိကဿ၊ပေ၊ ယောနိံဝါ”ဟု ဟောတော်မူပါသည်၊ အသဉ္စိစ္စဖြစ်သော အဗျာကတအတွက်ကား အပါယ်မကျနိုင်ပါ — ဟူလို။— သာရတ္ထဋီကာ။

စဉ်းစားဘွယ်။ ။သာရတ္ထဋီကာ၌ “အရိယူပဝါဒ အကုသိုလ်ကံ၏ ကန်တော့တောင်းပန်ပြီးသော အခါ အဟောသိကံ ဖြစ်ရသကဲ့သို့, အကုသိုလ် အာပတ်လည်း ဒေသနာပြောပြီး, ဝုဋ္ဌာနကံပြုပြီးသော အခါ အဟောသိကံ ဖြစ်၏”ဟု ဆိုထား၏၊ ထို စကား၌ စဉ်းစားဘွယ် ရှိသည်ကား — ရဟန်းတပါးသည် နွားကို သတ်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏၊ ရဟန်းတပါးကား သူတပါး မှားယွင်းလောက်အောင် လိမ်လည်မှုကြောင့် မုသာဝါဒ ပါစိတ်အာပတ်သင့်၏၊ ရဟန်းတပါးကား တမတ်အောက် လျော့သော ဥစ္စာကို ခိုးခြင်းကြောင့် ထုလ္လစ္စည်းအာပတ်သင့်၏၊ ရဟန်းတပါးကား သူတပါး မယား၌ ကာယသံသဂ္ဂပြုမှုကြောင့် သံဃာဒိသေသ် အာပတ်သင့်၏၊ ထို အကုသိုလ်တို့သည် ဒေသနာပြောရုံ, ဝုဋ္ဌာနကံ ပြုရုံမျှဖြင့် အဟောသိကံ ဖြစ်မည်တဲ့လော။

ဆိုဘွယ်ရှိသေး၏။ ။လူထွက်ခြင်းသည် ပါရာဇိက အာပတ်ကို ဒေသနာ ကြားခြင်းပင်တည်း၊ သူ့မယားကို ကျူးလွန်ခြင်း, အမိကို သတ်ခြင်းစသော ပါရာဇိကအမှုကို ပြုပြီးမှ လူထွက်လျှင် ထိုအကုသိုလ်ကံတို့သည် အဟောသိကံ ဖြစ်မည်တဲ့လော၊ထို့ကြောင့် သာရတ္ထ၏ “ အာပတ်ဟူသည် ပရမတ္ထတရားတည်း ” ဟူသော ဝါဒကို စဉ်းစားသင့်သည်၊ ဝိမတိ၏ “ အာပတ်ဟူသည် ပညတ်တည်း ” ဟူသော ဝါဒ၌ကား ဒေသနာကြားခြင်း, ဝုဋ္ဌာနကံပြုခြင်းတို့ကြောင့် အာပတ်တို့သည် ပြေပျောက်သွားကုန်၏၊ အာပတ်သင့်စဉ်က အကုသိုလ်တို့မှာကား ထုံးစံအတိုင်း ဆိုင်ရာအကျိုးကို ပေးကြဦးမည်သာ၊ ထို့ကြောင့် ဤနေရာဝယ် “ဝိမတိဝါဒက သဘာဝကျသည်”ဟု ယူဆဘွယ်ရှိသည်။

ပန-ဆက်၊ ယံ ဇာနန္တော တိ အာဒိ၌-ယံဇာနန္တော အစရှိသော စကားရပ်၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ အတ္ထော-အနက်တည်း၊ ယံစိတ္တံ- အကြင် စိတ်သည်၊ အာပတ္တိယာ-၏၊ အင်္ဂ-အကြောင်း အင်္ဂါသည်၊ ဟောတိ—၏၊ တေန—ထိုစိတ်ဖြင့်၊ ဝတ္ထုံ-ဝတ္ထုကို၊ ဇာနန္တော-သိလျက်၊ ဣဒံ-ဤအမှုကို၊ဝီတိက္ကမာမိ-ကျူးလွန်၏၊ ဣတိ-ဤသို့၊ ဝီတိက္ကမာကာရေန- ကျူးလွန်ခြင်းဟူသော အခြင်းအရာနှင့်၊ သဒ္ဓိ - တကွ၊ ဇာနန္တော - သိသည်၊ သဥ္စာနန္တော- ကျူးလွန်ခြင်းဟူသော အခြင်းအရာနှင့်တကွ သိသည်၊ (ဟုတ္ဟာ)၊ ဝီတိက္ကမစေတနာဝသေန-ကျူးလွန်ကြောင်းစေတနာ၏အစွမ်းဖြင့်၊ စေတေတွာ-စေ့ဆော်၍၊ ပကပ္ပေတွာ-အပြားအားဖြင့်ပြုလုပ်၍၊ ဥပက္ကမဝသေန-လုလ္လပြုခြင်း၏ အစွမ်းဖြင့်၊ မဒ္ဒန္တော-နှိပ်နင်းလျက်၊ အဘိဝိတရိတွာ- လွှမ်းမိုး၍၊ နိရာသင်္ကစိတ္တံ- ကင်းသော ရွံ့ရှားခြင်းရှိသူ၏စိတ်ကို၊ (ရွံ့ရှာခြင်းကင်း, ရဲတင်းသော စိတ်ကို၊) ပေသေတွာ-စေလွှတ်၍၊ အာပတ္တာဓိကရဏံ - အာပတ္တာဓိကရဏ်းဟူသော၊ ယံဝီတိက္ကမံ-အကြင် ကျူးလွန်ခြင်းသို့၊ အာပဇ္ဇတိ— ရောက်၏၊ ဧဝံ— ဤသို့၊ ဝီတိက္ကမတော-ကျူးလွန်သော၊ တဿ—ထို ရဟန်း၏၊ ယောဝီတိက္ကမော - အကြင် ကျူးလွန်ခြင်းသည်၊(အတ္ထိ)၊ ဣဒံ—ဤ ကျူးလွန်ခြင်းကို၊ အာပတ္တာဓိကရဏံ အကုသလံ တိ-"အာပတ္တာဓိကရဏံ အကုသလံ"ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

အဗျာကတဝါရေပိ- အဗျာကတဝါရ၌လည်း၊ ယံ စိတ္တံ - သည်၊ အာပတ္တိယာ-၏၊ အင်္ဂ-သည်၊ ဟောတိ-၏၊ တဿ—ထို စိတ်၏၊ အဘာဝေန—မရှိခြင်းကြောင့်၊ အဇာနန္တော-မသိသည်၊ (ဟုတ္ဟာ—ဖြစ်၍ငှင်း၊) ဝီတိက္ကမာကာရေန—ကျူးလွန်ခြင်းဟူသော အခြင်းအရာနှင့်၊ သဒ္ဓိ-တကွ၊ အဇာနန္တော-မသိသည်၊

× × × × × × ×

ယံစိတ္တံ၊ပေ၊အာပဇ္ဇတိ။ ။"ယံစိတ္တံ၊ပေ၊တေန"ဖြင့် ဇာနန္တော၏ ကရိုက်းနှင့် ကံကို ထည့်၍ ဖွင့်သည်၊ ဣဒံ ၊ ပေ ၊ ဇာနန္တောကား သဥ္စာနန္တော၏ အနက်ဖွင့်တည်း၊ ထိုသို့ ဖွင့်သဖြင့် သဥ္စာနန္တော၌ "သံ" သည် "သဟ (သဒ္ဓိ) အနက်ဟောတည်း"ဟု သိစေ၏၊ စေစ္စ၌ စိတိဓာတ် တွာပစ္စည်းတည်း၊ပကပ္ပေတွာကား စေတေတွာ၏ အဓိပ္ပါယ်ဖွင့်တည်း၊ ဥပက္ကမဝသေန မဒ္ဒန္တောသည် အဘိဝိတရိတွာ၏ ကျူးလွန်ပုံ အခြင်းအရာကို ပြသော စကားတည်း၊ နိရာသင်္ကစိတ္တံ ပေသေတွာကား အဘိဝိရတိတွာ၏ အဓိပ္ပါယ် ဖွင့်တည်း၊"ယံ အာပတ္တာဓိကရဏံ ဝီတိက္ကမံ " သည် ယံအနက်ကို ဖွင့်ပြသော စကားတည်း၊"အာပဇ္ဇတိ"ဟု ကြိယာထည့်စပ်ပါ—ဟူလို။

ထို့နောက် ပါဠိတော်၌ "ဝီတိက္ကမော"ကို "ယော ဝီတိက္ကမော"ဟု ဖွင့်သည်၊ ဤ "ယော"သဒ္ဒါသည် အပိုထည့်ပါ၌လည်း ဟုတ်နိုင်၏၊ " ယံ " ကို ဝိဘတ်ပြောင်းလွှဲ၍ လိုက်စေသည်ဟုလည်း ကြံသင့်၏၊ ဝီတိက္ကမ ဟူသည်- ကိုယ် နှုတ်တို့ကြောင့် ဖြစ်သော ကျူးလွန်မှုတည်း။ [ဧဝံ ဝီတိက္ကမတော ယောဝီတိက္ကမောတိ ဧတ္ထ အကုသလစိတ္တေန ညာတွာ ဝီတိက္ကမန္တဿ ကာယဝစီ ဝီတိက္ကမသမုဋ္ဌိတာ အာပတ္တိ ဝီတိက္ကမောတိ ဝုတ္တော၊- ဝိမတိ။]

အသဉ္ဇာနန္တော - ကျူးလွန်းခြင်း ဟူသော အခြင်းအရာနှင့် တကွ မသိသည်၊ (ဟုတ္တာ)စ—၍ငင်း၊ အာပတ္တိအင်္ဂဘူတာယ-အာပတ်၏ အကြောင်းအင်္ဂါဖြစ်၍ ဖြစ်သော၊ ဝီတိက္ကမစေတနာယ-ကျူးလွန်ကြောင်း စေတနာ၏၊ အဘာဝေန-မရှိခြင်းကြောင့်၊ အစေတေတွာ - မစေ့ဆော်မူ၍၊ သဉ္စိစ္စ - သညာနှင့် တကွ စေတနာဖြင့် စေ့ဆော်၍၊မဒ္ဒနသာ-နှိပ်နင်းခြင်း၏၊အဘာဝေန-မရှိခြင်းကြောင့်၊ အနဘိဝိတရိတွာ-မလွှမ်းမိုးမူ၍၊ နိရာသင်္ကစိတ္တံ-ကင်းသော ရွံ့ရှားခြင်း ရှိသူ၏ စိတ်ကို၊အပေသေတွာ-မစေလွှတ်မူ၍၊ အာပတ္တာဓိကရဏံ-အာပတ္တာဓိကရဏ်း ဟူသော၊ ယံဝီတိက္ကမံ- သို့၊ အာပဇ္ဇတိ - ၏၊ ဇဝံ ဝီတိက္ကမတော , တဿ—ထို ရဟန်း၏၊ ယော ဝီကိက္ကမော(အတ္ထိ)၊ ဣဒံ - ဤ ကျူးလွန်ခြင်းကို၊ အာပတ္တာဓိကရဏံ အဗျာကတန္တိ-အာပတ္တာဓိကရဏံ အဗျာကတံဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ (ဣတိ အယံ-ဤ ဆိုအပ်ပြီးကား၊ အတ္ထော—အနက်တည်း၊ အယ မတ္ထော - ကို၊ ပြန်၍လှည့်သည်၊)အယံ ဝိဝါဒေါ,နော အဓိကရဏံတိ အာဒီသု-အယံဝိဝါဒေါ နော အဓိကရဏံအစရှိသော စကားရပ်တို့၌၊ သမထေ ဟိ—သမထဘို့ဖြင့်၊ ဝါ- သမထဟိုသည်၊ အဓိကရဏီယတာယ-စွဲ၍ ပြုအပ်သည်၏ အဖြစ်၏၊ ဝါ- ငြိမ်း စေအပ်သည်၏ အဖြစ်၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ နော အဓိကရဏံ-အဓိကရဏ်းမမည်၊ ဣတိ ဇဝံ—ဤသို့၊ အတ္ထော—ကို၊ ဝေဒိတဗ္ဗော-ထိုက်၏။

အဓိကရဏရူပသမနသမထ ကထာ

ယာ ၁တိကာစ ၊ပေ၊ ကမ္မပ္ပတ္တာတိ ဧတ္ထ - ယာ၀တိကာစ ၊ ပေ ၊ ကမ္မပ္ပတ္တာ ဟူသော ဤပါဠ်၌၊ စတုဝဂ္ဂကရဏော-၄ ပါး အစုရှိသော သံဃာသည် ပြုထိုက် သော၊ ကမ္မေ—သီမာသမ္မုတိ အစရှိသော ကံ၌၊ စတ္တာရော- ၄ ပါးကုန်သော၊ ဘိက္ခူ - တို့ကိုရင်း၊ ပဉ္စဝဂ္ဂကရဏော-၅ ပါး အစုရှိသော သံဃာသည် ပြုထိုက် သော၊ (ကမ္မေ-ပစ္စန္တိမရာဇ်ဝယ် ဥပသမ္ပဒ အစရှိသော ကံ၌၊) ပဉ္စ-၅ ပါးကုန် သော၊ (ဘိက္ခူ-တို့ကိုရင်း၊)ဒသဝဂ္ဂကရဏော-တကျိပ်အစုရှိသော သံဃာသည် ပြုထိုက်သော၊ (ကမ္မေ-မဇ္ဈိမ ဒေသ ဝယ် ဥပသမ္ပဒ အစရှိသော ကံ၌၊) ဒသ— တကျိပ်ကုန်သော၊ (ဘိက္ခူ - တို့ကိုရင်း၊) ဝီသတိဝဂ္ဂကရဏော - ၂ ကျိပ် အစုရှိ သော သံဃာသည် ပြုထိုက်သော၊(ကမ္မေ-အဗ္ဘာနကံ၌၊)ဝီသတိ- ၂ ကျိပ်သော၊ ဘိက္ခူ-တို့ကိုရင်း၊ ကမ္မပ္ပတ္တာတိ-ကမ္မပတ္တတို့ ဟူ၍၊ ဝေဒိတဗ္ဗာ-သိထိုက်ကုန်၏၊ သုပရိဂ္ဂဟိတံတိ-ကား၊ သုဋ္ဌု-ကောင်းစွာ၊ ပရိဂ္ဂဟိတံ-ပိုင်းခြား၍ ယူအပ်သည် ကို၊ ကတွာ-ပြု၍၊ သမ္ပဋိစ္ဆိတဗ္ဗံ- လက်ခံထိုက်၏၊ ပန - ဆက်၊ သမ္ပဋိစ္ဆိတွာ- လက်ခံပြီး၍လည်း၊ အဇ္ဇ - ယနေ့၊ ဘဏ္ဍာကံ - ဘဏ္ဍာကလေးကို၊ ဓောဝါမ- ဖွပ်လျှော်ကုန်အံ့၊ အဇ္ဇ-ယနေ့၊ ပတ္တံ-သပိတ်ကို၊ ပစာမ - ဖုတ်ကုန်အံ့၊ အဇ္ဇ , ဇကော-တမျိုးသော၊ ပလိဗောဓော-ကိစ္စကို နှောက်ရှက်တတ်သော ဗလိဗော၀

သည်၊ အဇ္ဇ-ရှိ၏၊ ဣတိ-ဤသို့၊ မာနနိဂ္ဂဟတ္ထာယ-အမိကရုဏ်းရှင်တို့၏ မာနကို နှိပ်ခြင်း အကျိုးငှါ၊ ကတိပါဟံ- အနည်းငယ်သော ရက်ကို၊ အတိက္ကာမေတဗ္ဗံ- လွန်စေထိုက်၏။

အနန္တာဒိ၊ပေ၊ ဇာယန္တီတိ - ကား၊ အပရိမာဏာနိ - အတိုင်းအရှည် မရှိကုန်သော၊ ဣတောစ-ဤသူ၏ အထံမှလည်း၊ ဣတောစ-ဤသူ၏ အထံမှလည်း၊ ဝစနာနိ- ပြောဆိုအပ်သောစကားတို့သည်၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏၊ ဘာသာနီတိ ပိ-ဘာသာနိဟူ၍လည်း၊ ပါဠော- ပါဠိတော်ပါဌ်သည်၊ (အတ္ထိ- ရှိ၏၊) အယမေဝ--ဤဝစနာနိ ဟူသော အနက်သည်ပင်၊ အတ္ထော-အနက်တည်း၊ [ကံဟောဓာတုပစ္စည်းနှင့် ဏာပစ္စည်းသာ ကွဲ၍, ဓာတ်မှာ ဘာသဓာတ်ချည်း ဖြစ်သောကြောင့် အနက်တူဟု ဆိုသည်၊ နပုလ္လိင်ဖြစ်၍"ဓာတုပစ္စည်းဖြင့်"ဘာသာနိ" ပုဒ်ကောင်းသကဲ့သို့ထင်ရ၏၊]ဥဗ္ဗာဟိကာယ သမ္မန္နိတဗ္ဗောတိ-ကား၊အပလောကေတွာဝါ-ပန်ပြော၍သော်၎င်း၊ ပရတော- နောက်၌၊ ဝုတ္တာယ-ဟောတော်မူအပ်သော၊(ပါဠိတော်၌ ဟောတော်မူအပ်သော)၊ ဉတ္တိဒုတိယာယ- ဉတ်ဟူသော နှစ်ကြိမ်မြောက် ရှိသော၊ ကမ္မဝါစာယဝါ - ကမ္မဝါစာဖြင့် သော်၎င်း၊ သမ္မန္နိတဗ္ဗော-သမုတ်ထိုက်၏၊ ပန-ဆက်၊ ဧဝံ - ဤသို့၊ သမ္မတေဟိ— သမုတ်အပ်ပြီးကုန်သော၊ ဘိက္ခူဟိ—တို့သည်၊ ဝိသုံ- သီးခြား၊ (ပရိသတ်မှ အသီးအခြား)၊ နိသီဒိတွာဝါ-- နေ၍သော်၎င်း၊ တဿာယေဝ ပရိသာယ - ထို ပရိသတ်၌ပင်၊ အညေဟိ-သမ္မတရဟန်းတို့မှ အခြားကုန်သော၊ အသမ္မတေဟိ— မသမုတ်အပ်

× × × × × × ×

သမ္မန္နိတဗ္ဗံ၊ပေ၊ အတိက္ကာမေတဗ္ဗံ။ ။ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် အမိကရုဏ်းကို လက်ခံသောအခါ,မိမိတို့ အဆုံးအဖြတ်၌ တည်စေဘို့ရန် ပိုင်ပိုင်နိုင်နိုင်ကြီး ပြောဆိုပြီးမှ (ချည်ပြီး တုပ်ပြီးမှ) လက်ခံရသည်၊ ထိုသို့ လက်ခံပြီးသော်လည်း ချက်ခြင်း မဆုံးဖြတ်သေးဘဲ, အမိကရုဏ်းရှင်တို့၏ မာန်မာနကို နှိပ်ခြင်းအကျိုးငှါ"ယနေ့ သက်န်းဖွပ်လျှော်စရာ ရှိသေး၏၊ သပိတ်ဖုတ်စရာ ရှိသေး၏၊ ဆရာ မိဘ စသည်တို့အတွက် ပလိဗောဓ ရှိသေး၏" စသည်ဖြင့်ပြော၍ ၂ ရက် ၃ ရက်လောက် လွန်စေရမည်—ဟူလို။

ဥဗ္ဗာဟိကာယ ။ ။ဥဗ္ဗဟန္တိ ဝိယောဇေန္တိ ဧတာယ အလဇ္ဇိနံ တဇ္ဇနီ°ဝါ ကလဟံဝါ တိ ဥဗ္ဗာဟိကာ—အလဇ္ဇီတို့၏ ခြိမ်းချောက်မှုကိုသော်၎င်း, ခိုက်ရန်ဖြစ်မှုကိုသော်၎င်း, ကင်းစေကြောင်းဖြစ်သော သမ္မုတိကို "ဥဗ္ဗာဟိကာ"ဟု ခေါ်သည်၊-ဝိမတိဒုင္ဒေါ်သသိက္ခာပုဒ်အဖွင့်၊ ဥ+ဝဟဓာတ် ဏ္ဍပစ္စည်း၊ ဥ-ဥပသာရကြောင့် ဝဟဓာတ်သည် " ဝိယောဇနအနက်ကို ဟော၏ " ဟု ဆိုလိုဟန်တူသည်၊ ယောဇနာ၌ကား- " အနန္တာနိ ဘဿာနိ , ဓမ္မကထိကံဝါ ဥဒ္ဓရိတွာ ဗာဟတိ ပဋိသေဓေတိ ဧတမာယ သမ္မုတိယာတိ ဥဗ္ဗာဟိကာ"ဟု ပြု၏၊ သူတခွန်း ငါတခွန်းပြောကြသော စကားများစွာတို့ကိုင်း , ဓမ္မကထိကကိုင်း , ထုတ်နှုတ်၍ တားမြစ်ကြောင်းဖြစ်သောကြောင့် ထို သမ္မုတိကို "ဥဗ္ဗာဟိကာ"ခေါ်သည်ဟု ဖွင့်သည်။

သော ရဟန်းတို့သည်၊ ကိဉ္စိ-တစုံတခုသော စကားကို၊ (ဘာကိုမျှ)၊ န ကထေ တမ္ပိ-မပြောဆိုထိုက်၊ ဣတိ - ဤသို့၊ သာဝေတွာ ဝါ - ကြားသိစေ၍ သော်၎င်း၊ တံ အဓိကရဏံ—ထို အဓိကရဏ်းကို၊ ဝိနိစ္ဆိတမ္ပိ—ဆုံးဖြတ်ထိုက်၏။

ရောမန္ထကဿာတိ ဧတ္ထ - ဟူသော ဤပါဠ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ရောမန္ထကံ — စားမြို့ပြန်သော ရဟန်းကို၊ ဌပေတွာ - ထား၍၊ သေသာနံ - ကြွင်းသော ရဟန်းတို့၏၊ အာဂတံ - အထက်သို့ တက်လာသော၊ ဥဂ္ဂါရံ—ကြို့ထိုးဖတ်ကို၊ မုခေ-ခံတွင်း၌၊ သန္ဓာရေတွာ - ကောင်းစွာ ဆောင်ထားပြီး၍၊ ဂိလန္တာနံ - မျိုကုန်လသော်၊ (တနည်း) ဂိလန္တာနံ - မျိုကုန်သော၊

× × × × × × ×

ဥဂ္ဂါရံ၊ ပေ၊ သန္ဓာရေတွာ။ ။အထက်သို့ တက်၍ အန်ထွက်လာသော အန်ဖတ်ကို“ဥဂ္ဂါရ”ဟု ခေါ်၏၊ သို့သော် ဤနေရာ၌ ထိုမျှလောက် အန်ဖတ်မျိုးမဟုတ်၊ ကြို့ထိုးခြင်း စသည်ကြောင့် လည်ချောင်းအထက်သို့ တက်လာသော ကြို့ထိုးဖတ်ကို“ဥဂ္ဂါရ” ဟု ယူရမည်၊ ထိုဥဂ္ဂါရကို ခံတွင်း၌ ရောက်လာသော အခါ ခဏလေးကို တန့်ရပ်ထားခြင်းကို“သန္ဓာရေတွာ”ဟု ဆိုသည်၊ ထိုသို့တန့်ပြီးသောအခါ ထွေးပစ်ဘို့ တာဝန်ရှိ၏၊ မထွေးဘဲ မျိုချလျှင်“ဝိကာလဘောဇန”ပါစိတ်အာပတ်သင့်၏၊ ထိုသို့ဆောင်မထားဘဲ ချက်ခြင်းကျသွားလျှင်ကား မတားဆီးနိုင်သောအရာဖြစ်၍ အနာပတ် ဟု ဆိုသည်။

သေသာနံ-ကြွင်းသော ရဟန်းတို့၏၊ အာပတ္တိ-သည်၊ (ဟောတိ)၊ ပန-ဆက်၊ အသန္တာရိတမေဝ-ခံတွင်း၌ ကောင်းစွာ မဆောင်အပ်ဘဲသာလျှင်၊ ပရဂလံ-လည်မျို တဖက်သို့၊ သစေ ဂစ္ဆတိ-အကယ်၍ ရောက်သွားအံ့၊ (ဧဝံ သတိ)၊ ဝဋ္ဋတိ၊[ချောမန္တကပုဒ်ဖွင့်ကို ကင်္ခါဘာသာဋီကာ ဘောဇနသိက္ခာပုဒ်၌ပြခဲ့ပြီ။]

ယံ ဒိယျမာနန္တိ-ကား၊ယံ-အကြင် ခဲဘွယ်ဘောဇဉ်သည်၊ ဝါ-ကို၊ဒါယကေဟိ - ပေးလှူသူတို့သည်၊ ဒိယျမာနံ - ပေးလှူအပ်စဉ်၊ (လောင်းလှူအပ်စဉ်၊) ပဋိဂ္ဂဟိတဘာဇနတော-ခံယူအပ်ရာခွက်မှ၊ ဗဟိ-ပြင်ဘက်၌၊ ပတိတံ- ကျသွား၏၊ တံ-ထို ခဲဘွယ်ဘောဇဉ်ကို၊ ဘိက္ခုနော-ရဟန်းသည်၊ သာမံ- ကိုယ်တိုင်၊ ဂဟေတွာ-ကောက်ယူ၍၊ ပရိဘုဉ္ဇိတုံ- သုံးဆောင်ခြင်းငှါ၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏၊ ဣတိအတ္ထော- နက်၊ ဣဒံ- ဤသိက္ခာပုဒ်ကို၊ ဘောဇနဝဂ္ဂေ- ၌၊ (မယာ)၊ ဝဏ္ဏိတမေဝ - ဖွင့်အပ်ပြီးသည်သာ။

ကုပ္ပံ ကရိဿာမီတိ - ကား၊ သဒ္ဒံ - အသံကို၊ (အော်သံကို၊) ကရိဿာမိ-ပြုလိုက်အံ့၊ န ခါဒီဟိ - လက်သည်း အစရှိသည်တို့ဖြင့်၊ [အာဒိဖြင့် ပါဠိတော်၌လာသော မုခ ကုဋ္ဋတို့ကို ယူ၊] နခစ္ဆေဒနေ- လက်သည်း ခြေသည်းကိုဖြတ်ခြင်းကြောင့်၊ အာပတ္တိ-သည်၊ နတ္ထိ-မရှိ၊ ပန-ထိုသို့ပင် မရှိပါသော်လည်း၊ အနုရက္ခဏတ္ထံ -သနား စောင့်ရှောက်တော်မူခြင်းအကျိုးငှါ၊ နခစ္ဆေဒနံ - လက်သည်း ခြေသည်းကိုဖြတ်ကြောင်းဒါးကို၊ အနုညာတံ-ခွင့်ပြုတော်မူအပ်ပြီ၊[အနုရက္ခဏတ္ထံတိ ပရိဂ္ဂဟေတွာ ဝေါပနတ္ထံ - လက်သည်းဖြတ်ရာ၌ ဒုက္ခ ရောက်ကြသော သာဝကတို့ကိုသိမ်းပိုက်၍ စောင့်ရှောက်ခြင်းအကျိုးငှါ၊—ဝိမတိ။]

ဝီသတိမဋ္ဌံတိ-ကား၊ ဝီသတိပိ-နှစ်ဆယ်လည်းဖြစ်သော၊ နခေ-လက်သည်း ခြေသည်းတို့ကို၊ လိခိတမဋ္ဌေ-ခြစ်အပ်သည်ဖြစ်၍ ညက်ညောသည်တို့ကို၊ ကာရာပေန္တိ-ပြုစေကြကုန်၏၊ [လက်သည်း, ခြေသည်းတို့ကိုလှီးဖြတ်ပြီးနောက်, ဒါးသွားစသည်ဖြင့် လက်သည်း ခြေသည်းအဖျားကို ပြေပြစ်အောင်ခြစ်ခြင်းကို“မဋ္ဌ”ဟု ဆိုသည်၊ ထိုကဲ့သို့မပြုကောင်း ဟူလို၊ “ဝီသတိယာ+မဋ္ဌံ ဝီသတိမဋ္ဌံ- ၂၀ သော လက်သည်းခြေသည်းတို့၏ အဖျားချောနေအောင်ပွတ်တိုက်ခြင်း”ဟု ယောဇနာပြ၏၊] မလမဇ္ဇံတိ-ကား၊ နခတော- လက်သည်း ခြေသည်းမှ၊ မလမတ္တံ-အညစ်

× × × × × × ×

ကုမ္ဗံ (ကုပ္ပံ) ကရိဿာမိ၊ ။“ကုမ္ဗံ (ကုပ္ပံ) ”ဟု ပါဌ်နှစ်ထွေရှိ၏၊ ယောဇနာ၌—ကုမ္ဗံ ကရိဿာမီတိ ဓွေ ကရိယတိ ဥစ္စာရိယတီတိ ကုမ္ဗံတိ ဝုစ္စေ သဒ္ဒေါတိ အာဟ သဒ္ဒံ ကရိဿာမီတိ”ဟု ဖွင့်သောကြောင့် ယောဇနာအလို ကုဗ္ဗတိကဲ့သို့ ကရဓာတ်ဖြင့် ပြီးသော “ကုဗ္ဗ” ပုဒ်တည်းဟု ဆိုလို၏၊ ဇုတ္တိလိင်္ဂ ဇုတ္တိကုတ္တ စသည်၌ မိန်းမတို့၏အပြုအမူကို “ကုတ္တ”ဟု ခေါ်၏၊ ထို့ကြောင့် ဤ၌လည်း ပရိယာယ်မာယာဖြင့် ဟန်ဆောင်အပ်သောအသံကို “ကုပ္ပ”ဟု ခေါ်လျှင်လည်း သင့်မည်ထင်သည်။

အကြေးမျှကို၊ အပကန္နိတုံ - ဖယ်ထုတ်ခြင်းငှါ၊ အနုဇာနာမိ - ခွင့်ပြုတော်မူ၏၊ ဣတိ အတ္ထော — နက်၊ [ချောအောင်ကား မခြစ်ရ၊ လှီးဖြတ်၍ ကျန်နေသော လက်သည်းချေးကိုကား ဒါးဥုးအဖျား စသည်ဖြင့် ဖယ်ထုတ်နိုင်သည်-ဟူလို။]

ခုရသိပါဒ္ဒိကန္တိ-ကား၊ ခုရကောသကံ-သင်ဓုန်းအိတ်ကိုငင်း၊(အနုဇာနာမိ ဣစ္စပိ၊) [ယခုအခါ "သင်ခုန်းအိမ်ကို" ဆိုသည်၊] မဿုံ ကပ္ပါပေန္တီတိ - ကား၊ ကတ္တရိယာ-ကတ်ကျေးဖြင့်၊ မဿုံ-မုတ်ဆိတ်ကို၊ ဆေဒါပေန္တိ-ဖြတ်စေကြကုန်၏၊ [ကပ္ပေတိ၏ " ကပ္ပေါ ဘူ ဝတို့, စုတက္ကဝိမိဆေဒနေ "ဟူသော အနက်တို့တွင် ဆေဒနအနက်ကိုပြသည်၊]မဿုံ ဝၑ္ဍာပေန္တီတိ-ကား၊ မဿုံ-မုတ်ဆိတ်ကို၊ ဒီဃံ - ရှည်အောင်၊ ကာရေန္တိ - ပြုစေကြကုန်၏၊ [" ခေါင်းရိတ်သောအခါ မုတ်ဆိတ်ကိုမရိတ်ဘဲ ရှည်စွာ ထားကြကုန်၏၊ ရှည်အောင် ဟု ဆိုသော်လည်း လက် ၂ သစ်ထက် ရှည်သွားသောအရှည် မဟုတ်၊ ခေါင်းရိတ်စဉ်တုန်းက ဆံပင်နှင့်အတူ ရိတ်၍ ဆံပင်ရှည်သလို ရှည်စွာထားကြသည် - ဟူလိုသတတ်၊ "ဒီဃံ ကာရေန္တီတိ ကေသေဟိ သဒ္ဓိံ အစ္ဆိန္ဒိတွာ ထပါပေန္တိ"- (ဒီပနီ)။]

ဟနုကမ္ဟိ-မေး၌၊ ဒီဃံ-ရှည်သည်ကို၊ ကတွာ- ၍၊ ထပိတံ- ထားအပ်သော ဧဠကမဿု-သိုး၏မုတ်ဆိတ်နှင့်တူသော မုတ်ဆိတ်ကို၊ ဂေါလောမိကန္တိ-ဟူ၍၊ ဝုစ္စတိ၊ [ဂေါလောမိကအရ နွားမွေးနှင့်တူအောင်ထားသည်ဟု ယူမည်စိုးသောကြောင့် "ဧဠကမဿု ဝုစ္စတိ"ဟု အထင်ရဋ္ဌိသဒ္ဒါဖြစ်ကြောင်းကိုပြသော ဝုစ္စတိသဒ္ဒါဖြင့် ဆိုသည်၊ "ဂေါလောမိကံ-သိုး၏ မုတ်ဆိတ်နှင့်တူသော မုတ်ဆိတ်ကို" ဟု ပေး၊]စတုရဿကန္တိ-ကား၊ စတုကောဏံ-၄ ထောင့်ရှိသော မုတ်ဆိတ်ကို (ကာရာပေန္တီတိ ဣစ္စပိ)၊ပရိမုခန္တိ-ကား၊ ဥရေ-ရင်၌၊ လောမသံဟရဏံ-အမွေးကို ကောင်းစွာ ဆောင်ခြင်းကို၊ (ကာရာပေန္တိ)၊ [အချို့စာအုပ်၌ " လောမရာဇိ သံဟရဏံ-အမွေးအရေးကို ကောင်းစွာဆောင်ခြင်းကို"ဟု ရှိ၏၊] အဍ္ဍုဒုကန္တိ-

× × × × × × ×

စတုရဿံ ။ ။ "စတုရံသံ" ဟု ဆိုလိုလျက် နိဂ္ဂဟိတ်ကိုချေ၊ သ ဒွေဘော်လာ၍ "စတုရဿံ" ဖြစ်သည်ဟု ယောဇနာမိန့်၏၊ ထို့ကြောင့် ရံသံကို "အထောင့်အနက်ဟော"ဟု ယူ၍ "ကောဏံ"ဟု ဖွင့်သည်၊ အကြင်နည်းဖြင့် ပြုလသော် မေး၏ ၂ ဖက်မှ အထက်တက်သွားသော မုတ်ဆိတ်သည် နဖူးအစွန်နား၌ အထောင့်ဖြစ်၍ နေ၏၊ မေး၏ အောက် ဘေး ၂ ဖက်၌လည်း အထောင့် ၂ ခုထင်နေ၏၊ ထိုနည်းအားဖြင့် ပြုထားအပ်သော မုတ်ဆိတ်ကို "စတုရဿံ"ဟု ဆိုသည်။ [စတုကောဏန္တိ ယထာဥပရိ နလာဋေ ဒွေ့သု ဒွေ့, ဟေဋ္ဌာ ဟနုကပဿေ ဒွေတိ စတ္တာရော ကောဏာ ပညာယန္တိ၊ ဧဝံ စတုရဿံ ကတွာ ကပ္ပါပနံ၊—ဝိမတိ။]

ပရိမုခံ ။ ။"မုခသဒ္ဒါ မျက်နှာ၏ရှေးရှု အောက်အရပ်ကို ဟောသည်" ဟု ကြံပါ၊ ရင်၌ အမွေး အရေး အကြောင်းကလေးထင်နေအောင် မေးမှမုတ်ဆိတ်သည် ရင်ဘတ်လောက်အထိ တွဲလျားကျနေအောင် ဆောင်ခြင်းတည်း။ [ယောဇနာနှင့်တကွ ချေး

ကား၊ ဥဒရေ - ဝမ်း၌၊ လောပရာဇိထပနံ - အမွေးအရေး အသားထားခြင်းကို၊ (ကာရာပေန္တိ)၊ အာပတ္တိ ဒုက္ကဋ္ဌဿာတိ-ကား၊ မသုကပ္ပါပနာဒီသု- မုတ်ဆိတ်ကို ဖြတ်စေခြင်း အစရှိကုန်သော၊ သဗ္ဗတ္ထ - အလုံးစုံသောအမှုတို့၌၊ ဒုက္ကဋ္ဌဿ- ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊ (ဟောတိ)။

အာဗာဓပစ္စယာ သမ္ဗာဓေ လောမန္တိ-ကား၊ ဂဏ္ဍဝဏရုဓိ အာဒိ အာဗာဓပစ္စယာ - မြင်းဖု , အနာလုံးကြီး , အနာလုံးသေး အစရှိသော အနာဟူသော အကြောင်းကြောင့်၊ (သမ္ဗာဓေ လောမံ သံဟရာပေတုံ အနုဇာနာမိ- ၌စပ်၊) [ဂဏ္ဍ၊ပေ၊ပစ္စယာတိ ဂဏ္ဍော စ + ဝဏော စ + ရုဓိ စ ဂဏ္ဍဝဏရုဓိယော၊ တာ ယေဝ+ အာဗာဓာ ဂဏ္ဍဝဏ ရုဓိအာဗာဓာ၊ တေသံ ပစ္စယာ၊ ဝဏောတိ မဟန္တော ဝဏော၊ ရုဓိတိ ခုဒ္ဒကော ဝဏော၊- (ယောဇနာ)၊ ဤ ယောဇနာအလို အာဒိရှိပုံမရ၊ စာအုပ်တို့၌ အာဒိရှိသည်၊ "ရုဓိတိ ခုဒ္ဒကဝဏံ" ဟု သာရတ္ထဖွင့်၏၊ ထို့ကြောင့် ဝဏအရ မဟန္တဝဏကို ယူကြဟန်တူသည်။] ကဏ္ဍုရိကာယာတိ-ကား၊ ဂဏ္ဍ၊ပေ၊ပစ္စယာ - မြင်းဖု , အနာလုံးကြီး , အနာလုံးသေး , ဥုးခေါင်းရောဂါ အနာဟူသော အကြောင်းကြောင့်၊ (ကဏ္ဍုရိကာယ - ကတ်ကျေးဖြင့်၊ ကေသေ ဆေဒါပေတုံ အနုဇာနာမိ၌စပ်၊) [ဖျားနာသူတို့လည်း ဥုးခေါင်းကို ရေမဆွတ်ဝံ့သောကြောင့်၎င်း , နာကျင်သောကြောင့်၎င်း စက်ကတ် ကျေးဖြင့် ဖြတ်ကြသည်မှာ ဤ ခွင့်ပြုချက်နှင့် အလျော်ပင်တည်း။]

သက္ခရာဒီဟိ - ကျောက်စရစ် အစရှိသည်တို့ဖြင့်၊ နာသိကာလောမဂ္ဂါဟာပနေ-နှာခေါင်းမွေးကို ယူစေခြင်း၌၊ အာပတ္တိ- သည်၊ နတ္ထိ-မရှိ၊ ပန-ထိုသို့ပင် မရှိပါသော်လည်း၊ အနုရက္ခဏတ္ထံ – စောင့်ရှောက်ခြင်းငှါ၊ သဏ္ဍာသော– မွေးညှပ်ကို၊ အနုညာတော-ခွင့်ပြုတော်မူအပ်ပြီ။

× × × × × × ×

နိဿယတို့၌ "လောမသံဟရဏံ–ရင်မွေးရိတ်ခြင်းကို" ဟု ပေးကြ၏၊ "လောမံ သံဟရာပေယျ" နှင့် နီးကပ်၍နေသောကြောင့် ပေးကြဟန်တူသည်၊ ဤ "ပရိမုခံ သံဟရာပေန္တိ" ဟူသော စကား၌ "လှအောင် ပြုပြင်ခြင်း" ဖြစ်သောကြောင့် ထိုအနက်ကို စဉ်းစားသင့်ပါသည်။]

သက္ခရာဒီဟိ ၊ပေ၊ အနုညာတော ။ ။ ရှေးခေတ်က "မေးမွေး" စသည်တို့ကို သင်ဓုန်းဖြင့် ရိတ်၍ သင်ဓုန်းမဝင်နိုင်သော နှာခေါင်းမွေးကိုသာ မွေးညှပ်ဖြင့် နှုတ်ကြဟန်တူသည်၊ တချို့ကား မွေးညှပ်ဖြင့် မေးမွေးကို နှုတ်ကြလေသည်၊ နှာခေါင်းထည်း၌ အမွေးတို့ကို ကျောက်စရစ်ဖြင့် လိမ့်၍ ရစ်၍ယူခြင်း , ဖျားဖယောင်းလုံးဖြင့် ငြိကပ်စေ၍ ယူခြင်းစသည်ကို "သက္ခရာဒီဟိ၊ပေ၊ဂ္ဂါဟာပနေ" ဟု ဆိုသည်၊ ထိုသို့ ပြုလုပ်ခြင်းကြောင့် အာပတ် မသင့်ပါ၊ သနားဘွယ်ကောင်းသောကြောင့် မွေးညှပ်ကို ခွင့်ပြုတော်မူသည်၊ "သုဠု+လောမံ ဥံသတီတိ သဏ္ဍာသော" ဟု ယောဇနာ ဝိဂ္ဂြိုဟ်ပြု၏။

နဘိက္ခဝေ ပလိတံ ဂါဟာပေတဗ္ဗန္တိ ဧတ္ထ- ဤပါဠ်၌၊ (ဝိနိစ္ဆယော ဧဝံ ခဝေဒိတဗ္ဗော)၊ ယံ-အကြင်အမွေးသည်၊ ဘမုကာယဝါ - မျက်ခုန်း၌သော်၎င်း၊ နာလာဋေဝါ-နဖူး၌သော်၎င်း၊ ဒါဠိကာယဝါ-ကျင်စွယ်၌သော်၎င်း၊(နှုတ်ခမ်းမွေး၌သော်၎င်း၊) ဥဂ္ဂန္တွာ - အထက်သို့တက်၍၊ ဗီဘစ္ဆံ - စက်ဆုပ်ဘွယ်၊ ဌိတံ-တည်၏၊ တာဒိသံ-ထိုကဲ့သို့ရှုအပ်သော၊ လောမံ-အမွေးကို၊ ပလိတံဝါ-ဖြူသော အမွေးကိုင်၎င်း၊ အပလိတံဝါ - မဖြူသော အမွေးကို၎င်း၊ ဂါဟာပေတုံ - ယူစေခြင်းငှါ၊ ဝဋ္ဋတိ - အပ်၏။

ကံသပတ္တရိကာတိ - ကား၊ ကံသဘဏ္ဍဝါဏိဇာ - ကြေးဘဏ္ဍာကို ရောင်းဝယ်သော ကုန်သည်တို့တည်၊ [ကံသာနံ+ပတ္တရော ကံသပတ္တရော-ရောင်းဘို့ရန် ကြေးဘဏ္ဍာတို့ကို ဖြန့်ခင်းထားခြင်း၊ ကံသပတ္တရံ + ကရောန္တီတိ ကံသပတ္တရိကာ၊ ကရောန္တိ့အနက်၌ ဏိကပစ္စည်းသက်၊ ထို့ကြောင့်"ကံသဘဏ္ဍဝါဏိဇာ" ဟု ဖွင့်သည်။] ဗန္ဓနမဏ္ဍဳတိ-ကား၊ ဝါသိကတ္တရယဋ္ဌိအာဒီနံ- ဓား, တောင်ဝှေးအစရှိသည်တို့၏၊ ဗန္ဓနမဏ္ဍံ — အဖျား၌ ဖွဲ့တပ်ကြောင်းကြိုး (အခွေး) မျှကို၊ (ကုဏ္ဍစ္စာယန္တိ-ကုဏ္ဍစ္စပြကြကုန်၏ ၌စပ်။)

× × × × × × ×

နဘိက္ခဝေ ပလိတံ။ ။"ပလိတံ-ဆံဖြူ"ဟု အနက်ပေးကြ၏၊ သို့သော် အဋ္ဌကထာ၌ မျက်ခုန်းစသော အရပ်တို့၌ ပေါက်သော အမွေးများကိုလည်း ဖွင့်ထား၏၊ ထို့ကြောင့် "ဖြူသော အမွေးကို" ဟု ပေးသင့်မည် ထင်သည်၊ "ထို အမွေးများကို အထက်ထောင်တက်၍ စက်ဆုပ်ဘွယ်ဖြစ်မှ ပယ်ကောင်း၏" ဟု ဆို၏၊ ထိုစကားအရ စက်ဆုပ်ဘွယ် မဟုတ်ဘဲ, အခြားအမွေးများကဲ့သို့ ရိုးရိုးပေါက်နေသော မျက်ခုန်းမွေးဖြူသည်ကို မပယ်ကောင်းဟု သိသာသည်။

ဗီဘစ္ဆံ။ ။နိန္ဒာ အနက်ဟော ဗဓ်ဓာတ်, ဆပစ္စည်း၊ ဗကို ဘပြု, ဒွေဘော်လာ၊ စတုတ္ထက္ခရာ ဘကို တတိယက္ခရာ ဗပြု, အ-ကို ဤ, ဓ ဗျည်းကို စပြု၊ အာပစ္စည်းသက်၍ "ဗီဘစ္ဆာ" ဟု ပြီး၏၊ [မောဂ္ဂလ္လာန် ခါဒိကဏ္ဍ(၃)သုတ်မှာ ကြည့်ပါ၊ ယောဇနာ၌ကား "ဝိသေသေန ဧသာဘနံ ဘက္ခတီတိ ဝိဘစ္ဆော၊ အသောဘနော၊ ဝိဂစ္ဆန္တိ့ပိ ပါဠော၊ ဝိရူပံ ဂစ္ဆတိ ဂမယတီတိ ဝါ ဝိဂစ္ဆော၊ တတ္ထ ပုရိမပါဌောယေဝ မူလပါဌော တိ ဒဋ္ဌဗ္ဗော"ဟု ကြံလေသည်။]

ဗန္ဓနမဏ္ဍံ။ ။ဗန္ဓနမဏ္ဍံတိ ဝါသိ ဒဏ္ဍာဒီနံ ကောဋီသု အပါတနတ္ထံ လောဟေဟိ ဗန္ဓနံ၊ —ပဲခွပ်ရိုး, ဒါးရိုးတို့၏ အစွန်တို့၌ လွတ်၍ မကျစေခြင်းငှါ" ဟု ဝိမတိ ဖွင့်၏၊ ကုလားများကိုင်သော ဒါးရိုး၌ လက်မှ လွတ်မကျအောင်, အရိုး၏ အဖျား၌ သားရေကြိုးငယ်တို့ဖြင့် ပတ်၍ထားတတ်ကြ၏၊ ဤ၌လည်း ထိုကဲ့သို့ပတ်၍ထားကြောင်းဖြစ်သော ကြေးနန်းကြိုးကလေးမျှကို "ဗန္ဓနမဏ္ဍ" ဟု ဆိုဟန်တူသည်၊ မြန်မာများက ကြေးနန်းကြိုး ပတ်မည့်နေရာ၌ ကြေးအခွေးကလေးများ တပ်ထားကြသည်၊ ထိုသို့တပ်ထားခြင်းလည်း ဗန္ဓနမဏ္ဍနှင့် အလျော်ပင်တည်း။ [အချို့စာအုပ်တို့၌ "အာဒီနံဝါ"ဟု ဝါပါသည်ကား ဝိဟန်တူသည်။]

န ဘိက္ခဝေ အကာယမန္ဒနေနာတိ ဧတ္ထ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) အဗန္ဓိတွာ-ခါးပန်း မဖွဲ့မူ၍၊(ခါးပန်းကြိုး မပန်းမူ၍)၊ နိက္ခမန္တေန- ကျောင်းမှ ထွက်သွားသော ရဟန်းသည်၊ ယတ္ထ—အကြင် အရပ်၌၊ သရတိ - အမှတ်ရ၏၊ တတ္ထ—ထိုအရပ်၌၊ ဗန္ဓိတဗ္ဗံ-ဖွဲ့ရာ၏၊ အာသနသာလာယ - ရွာတွင်း ဆွမ်းစား စရပ်၌၊ ဗန္ဓိဿာမိ-ဖွဲ့အံ့၊ ဣတိ-ဤသို့ကြံ၍၊ ဂန္တုံ- သွားခြင်းငှါ၊ ဝဋ္ဋတိ-၏၊ သရိတွာ-အမှတ်ရ၍၊ (အမှတ်ရပါလျက်၊)ယာဝ-အကြင်မျှလောက်၊ န ဗန္ဓတိ-မဖွဲ့သေး၊ တာဝ- ထို မဖွဲ့သေးသမျှ၊ ပိဏ္ဍာယ — ဆွမ်းအလို့ငှါ၊ န စရိတဗ္ဗံ— မလှည့်လည်ရာ။

ကလာဗုကံနာမ-ကလာဗုက မည်သည်၊ ဗဟုရဇ္ဇုကံ-များသော ကြိုးရှိသော ခါးပန်းကြိုးတည်း၊ (ကြိုးကလေးများကို စုပေါင်း၍ ထားအပ်သော ခါးပန်း ကြိုးတည်း၊) ဒေဍ္ဍုဘကံ နာမ-မည်သည်၊ ဥဒကသပ္ပသီသ သဒိသံ - ရေမြွေ၏ ဦးခေါင်းနှင့် တူသော ခါးပန်းကြိုးတည်း၊[ဒေဍ္ဍုဘသဒ္ဒါသည် ရေမြွေဟူသော အနက်ကိုဟော၏၊ ဤနေရာ၌ အရာအားလျော်စွာ ရေမြွေ၏ ဦးခေါင်းကို ဧက ဒေသျူပစာရအားဖြင့် ယူပါ၊ ဒေဍ္ဍုဘောဝိယာတိ ဒေဍ္ဍုဘကံ၊ သဒိသအနက်၌ ကပစ္စည်း၊] မုရဇံ နာမ-မည်သည်၊ မုရဇဝဋ္ဋိသဏ္ဌာနံ - မုရိုးစည်လုံးသဏ္ဌာန် ရှိအောင်၊ ဝေဌေတွာ—ရစ်ပတ်၍၊ ကတံ-ပြုအပ်သော ခါးပန်းကြိုးတည်း။

× × × × × × ×

ယတ္ထ၊ပေ၊ဗန္ဓိတဗ္ဗံ။ ။ယတ္ထ သရတိ, တတ္ထ ဗန္ဓိတဗ္ဗံတိ ဧတေန အသဉ္စိစ္စ ကာယ ဗန္ဓနံ အဗန္ဓိတွာ ပဝိဋ္ဌဿ အနာပတ္တီတိ ဒဿေတိ၊ မဖွဲ့တော့ဘူး ဟု စေတနာမရှိဘဲ အမှတ်တမဲ့ ထွက်သွားသော ရဟန်းမှာ အာပတ် မသင့်— ဟူလို၊ (ဝိမတိ)၊ အကာယ ဗန္ဓနေန သဉ္စိစ္စ အသဉ္စိစ္စဝါ ဂါမပ္ပဝေသနေ အာပတ္တိ၊ သရိတဋ္ဌာနတော ဗန္ဓိတွာ ပဝိသိ တဗ္ဗံ နိဝတ္တိတဗ္ဗံဝါတိ ဂဏ္ဌိပဒေသု ဝုတ္တံ၊ (သာရတ္ထ)၊ထိုဂဏ္ဌိပုဒ်တို့အလို စိတ်စေတနာ မပါဘဲ ခါးပန်းကြိုး မပန်းသည့် အတွက် ရွာတွင်းသို့ သွားသော ရဟန်းမှာ အာပတ်" ဟု ဝိမတိ အဆိုမှ ပြောင်းပြန်ဖြစ်၏၊ သို့သော်"ယတ္ထ၊ပေ၊ဗန္ဓိတဗ္ဗံ"ဟူသော အဋ္ဌကထာ စကားကို ထောက်လျှင် ဝိမတိ အဆိုက အဋ္ဌကထာအာဘော်ကျမည် ထင်သည်။

ကလာဗုကံ နာမ။ ။ကလာပေန (ဗဟုရဇ္ဇုနံ သမူဟေန) ကတ္တဗ္ဗံတိ ကလာပုကံ တိ ဝစနတ္ထံ ဒဿေတိ၊ (ယောဇနာ၊) ဤယောဇနာ အလို " ကလာဗုကံ "ဟု မရှိရ၊ "ကလာပုကံ"ဟု ရှိရလိမ့်မည်၊"ဗဟု+ရဇ္ဇု ယဿာတိ ဗဟုရဇ္ဇုကံ၊–ကြိုးသေးကလေး တို့ကို အများစု၍ ပေါင်းထားအပ်သော ခါးပန်းကြိုး။

မုရဇံ။ ။ ကြိုးငယ်အများကို စုပေါင်းပြီးလျှင် အဖျား ၂ ဘက်၌ တင်းကြပ်စွာ ရစ်ပတ်ထားသောအခါ အလယ်၌ ဖေါင်း၍နေသောကြောင့် မုရိုးစည်သဏ္ဌာန် ရှိ၏၊ [မုရဇဝဋ္ဋိသဏ္ဌာနံ ဝေဌေတွာ ကတံတိ ဧဝံ ဗဟုရဇ္ဇုကေ ဧကတော ကတွာ နာနာ ဝဏ္ဏေဟိ သုတ္တေဟိ ကတံတိ ကေစိ ဝဒန္တိ၊ ဧကဝဏ္ဏသုတ္တေနာပိ ဝလယဃဋကာဒိ ဝိကာရံ (ကြိုးကလေးများကို စုပေါင်းပြီးလျှင် လက် ၅ လုံးလောက် တကွင်း , လက်

မဒ္ဒဝီဏာံ နာမ- မည်သည်၊ ပါမင်္ဂသဏ္ဍာန် - ဆောက်လုံး သဏ္ဍာန်ရှိသော ခါးပန်းကြိုးတည်း။ [ယောဇနာ၌ "မဒ္ဒဝီဏာနှင့် ပါမင်္ဂ" ကို ပရိယာယ်ဟု ဆို၏။] ဟိ—မှန်၊ ဤဝိသံ-ဤကဲ့သို့ ရှုအပ်သော မဒ္ဒဝီဏာ ခါးပန်းကြိုးသည်၊ ဧကံ - ကြိုး တချောင်းသည်၊ (သမာနံ)ပိ-သော်လည်း၊ န ဝဋ္ဋတိ-မအပ်၊ ဗဟူနိ — များစွာ သော ကြိုးတို့သည်၊(သမာနာနိ-နိလသော်၊)ပဂေဝ-ရှေးဦး မဆို, အစကပင်၊ (န ဝဋ္ဋတိ)၊ [ဤဒိသံကို ငဲ့၍ "န ဝဋ္ဋတိ" ဟု ထည့်သည်၊ ဗဟူနိကား အပေါနေ ကတ္တား၊ ဆောက်လုံး သဏ္ဍာန်ပြုအပ်သော ကြိုးဖြစ်လျှင် တချောင်းထည်းပင် မအပ်၊ အများဖြစ်လျှင်ကား ဆိုဘွယ် မရှိပြီ။] ပဋ္ဋိကံ သူကရန္တကန္တိ ဧတ္ထ - ၌၊ ပကတိဝီတာ— ပင်ကိုယ်အတိုင်း ရက်အပ်သော၊ ပဋ္ဋိကာ ဝါ-ခါးပန်းပြားသည် ၎င်း၊ မစ္ဆကဏ္ဍကဝါယိမာ - ငါးဆူး သဏ္ဍာန်ရှိအောင် ရက်ခြင်းဖြင့် ဖြစ်စေ အပ်သော၊ ပဋ္ဋိကာဝါ—သည်၎င်း၊ ဝဋ္ဋတိ၊ [ပကတိဝီတာသည် အထည်များကို ရက်နည်းဖြင့် ရိုးရိုးရက်ထားအပ်သော ခါးပန်းပြားတည်း၊ မစ္ဆကဏ္ဍက ဝါယိ မာကား ခါးပန်းပြား၌ ငါးအဆူးကဲ့သို့ အကြောင်းထနေအောင် ရက်အပ်သော ယခုခေတ် ခါးပန်းပြားတည်း။] သေသာ - ပကတိဝီတပဋ္ဋိက , မစ္ဆကဏ္ဍက ဝါယိမပဋ္ဋိကမှ ကြွင်းကုန်သော၊ ကုဉ္ဇရစ္ဆိကာဒိဘေဒါ - ဆင်မျက်စိသဏ္ဍာန် ရှိသော ခါးပန်းပြားအစရှိသော အပြားရှိသော ခါးပန်းပြားတို့သည် (န ဝဋ္ဋန္တိ၊) [ယခုခေတ် ခါးပန်းပြားတို့၌ ဆင်မျက်လုံးကဲ့သို့ အကွက် အကွက် ကလေးတွေပေါ်ထင်အောင် ရက်ထားကြ၏၊ ထိုသို့ အဆန်းတကြယ် ရက်ထား အပ်သော ခါးပန်းပြားတို့ကား မအပ်။]

သူကရန္တကံနာမ- မည်သည်၊ (ဝက်အူနှင့်တူသော ခါးပန်းကြိုး မည်သည်၊) ကုဉ္စိကာကောသကသဏ္ဍာနံ — သံကောက်အိတ် ပုံသဏ္ဍာန်ရှိသည်၊ ဟောတိ၊ [သူကရဿ+အန္တံ သူကရန္တံ၊သူကရန္တံ ဝိယာတိ သူကရန္တကံ၊]ပန-ဆက်၊ဧကရဇ္ဇုကံ-တချောင်းသောကြိုးရှိသောခါးပန်းကြိုးသည်၎င်း၊မုဒ္ဒိကကာယဗန္ဓနံ ဥ- မှဒရက်သီး သဏ္ဍာန်ရှိသော ခါးပန်းကြိုးသည်၎င်း၊ သူကရန္တကံ-သူကရန္တက ခါးပန်းကြိုးကို၊ အနုလောမေတိ - လျော်အောင်ပြု၏၊ (လျော်၏ - ဟူလို၊) [ဝက်အူသည် အတွင်း၌ အခေါင်းရှိသကဲ့သို့ ဤ သူကရန္တက ခါပန်းကြိုးလည်း အတွင်း၌ အခေါင်းရှိ၍ ဝက်အူကဲ့သို့ လုံးသောသဏ္ဍာန်ရှိရမည်၊] အနုဇာနာမိ ဘိက္ခဝေ မုရဇံ မဒ္ဒဝီဏာံတိ — ဟူသော၊ ဣဒံ- မုရိုးစည်သဏ္ဍာန် , ဆောက်လုံး

× × × × × × ×

၅ လုံးလောက် တကွင်း၊ စသည်ဖြင့် လက်ကောက်ကွင်းသဏ္ဍာန်, သို့မဟုတ် ကြာသွတ်အိုး သဏ္ဍာန်ကို) ဒသေတွာ ဝေဌိတံပိ မုရဇမေဝ၊ ဝိကာရံ ပန အဒသေတွာ မဋ္ဌံ ကတွာ နိရန္တရံ ဝေဌိတံ ဝဋ္ဋတိ၊ တေနေဝ ဒုတိယပါရာဇိကဝဏ္ဏနာယံ ဝုတ္တံ - ဗဟုရဇ္ဇုကေ ဧကတော ကတွာ ဧကေန နိရန္တရံ ဝေဌေတွာ ကတံ ဗဟုရဇ္ဇုကံတိ န ဝတ္တဗ္ဗံ၊ ဝဋ္ဋတီ တိ၊- (ဝိမတိ)။]

သညာန်ရှိသော ဤ၂မျိုးကို၊ ဒသာသုယေဝ-အမြိတ်အဆာတို့၌သာ၊ အနုညာ တံ-အပ်ပြီ၊ စ-ဆက်၊ တေ့-ဤ ၂မျိုး၌၊ ပါမင်္ဂဒသာ-ဆော်လုံးသညာန်ရှိသော အမြိတ်အဆာသည်၊ စတုန္နံ- လေးချောင်းတို့၏၊ ဥပရိ-အထက်၌၊ န ဝဋ္ဋတိ။

သောဘဏံနာမ-သောဘဏ ချုပ်ခြင်းမည်သည်၊ (တင့်တယ်အောင် ချုပ်ခြင်း မည်သည်၊) ဝေဓေ့တွာ - ရစ်ပတ်၍၊ မုခဝဋ္ဋိသိဗ္ဗနံ - နခမ်း အရစ်ကို ချုပ်ခြင်း တည်း၊ [ခါးပန်းကြိုး ပတ်ပတ်လည်ကို မစုတ်လွယ်အောင် ချုပ်ခြင်းတည်း၊ "ဝရကသိသာကာရေန—ပြောင်းနှံသညာန်အားဖြင့်" ဟု ဋီကာတို့ ဖွင့်ကြ၏၊ ထို့ကြောင့် ယခု ခါးပန်းကြိုးတို့၏ ဘေးအနားတို့၌ ကြိုးလုံးကလေးများ တက် နေအောင် ချုပ်ထားကြသည်၊] ဂုဏကံနာမ-ဂုဏကချုပ်ခြင်းမည်သည်၊ မုဒိင် သညာနေန-မုရိုးစည် ပုံသညာန်အားဖြင့်၊ သိဗ္ဗနံ-ချုပ်ခြင်းတည်း၊ ဟိ-အကျိုး ကို ဆိုဦးအံ့၊ ဧဝံ-ဤနည်းအားဖြင့်၊ (ရစ်ပတ်၍ နခမ်းအရစ်ကို ချုပ်ခြင်း မုရိုး စည် သညာန် ချုပ်ခြင်းအားဖြင့်) သိဗ္ဗိတာ-ချုပ်အပ်သည်၊ (သမာနာ- ဖြစ်လ သော်၊) အန္တာ-ခါးပန်းကြိုး၏ အစွန်တို့သည်၊ ထိရာ-ခိုင်မြဲကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ (အချို့စာအုပ်တို့၌ "ဟောန္တိတိ ဝုစ္စတိ" ဟု တွေ့ရ၏၊ မကောင်း) ပါသန္တော-ကွင်း၏ အစွန်ကို၊ ပဝနန္တောတိ-ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

စောဠိက ဠတ္တိနံ-စောလတိုင်းသူမိန်းမတို့၏၊နိဝါသနံပိယ-ဝတ်ခြင်းသည် ကဲ့သို့၊ နာဘိမူလတော — ချက်၏ အရင်းမှစ၍၊ ဟတ္ထိသောဏ္ဍသညာနံ - ဆင် နှာမောင်း သညာန်ရှိအောင်၊ ဩလမ္ဗကံ—တွဲလျားကျသည်ကို၊ ကတွာ - ပြု၍၊

× × × × × × ×

ပါမင်္ဂဒသာ၊ပေ၊န ဝဋ္ဋတိ။ ။ခါးပန်းကြိုး အဖျား၌ရှိသော ကြိုးအသေးကလေး တွေကို "အမြိတ်, အဆာ"ဟု ခေါ်၏၊ ထို အမြိတ်အဆာတို့ကို မပြတ်စေဘို့ရန် မုရစ သညာန် မဒ္ဒဝိဏသညာန်ရှိအောင် ပြုထားဘို့ ခွင့်ပြုတော်မူရသည်၊ ထို့ကြောင့် ယခု အခါ၌ အများအားဖြင့် ဖွတ်မြီးထိုး၍ထားကြသည်၊ ထိုဖွတ်မြီးကိုပင် "ပါမင်္ဂ, မဒ္ဒဝိဏ" ဟု ဆိုဟန်တူသည်၊ ပါမင်္ဂဒသာကို"စတုရဿ-လေးမြှောင့်ရှိ၏" ဟု ဋီကာဖွင့်၏။

ပါသန္တော။ ။ ပါသန္တောတိ ဒသာမူလံ၊ သာရတ္ထ၊ ဒသာပရိယောသာနံ၊— ဝိမတိ၊ ရှေးခေတ်ခါးပန်းကြိုးများ၌ အမြိတ်အဆာ အစွန်ဝယ် ကွင်းတပ်ထားဟန်တူ၏၊ ယခု ခါးပန်းကြိုးများ၌ကား ခါးပန်းကြိုး တဖက်အစွန်၌ ကွင်းတပ်ထားသည်၊ ခါးပတ် ပြီးသောအခါ ထိုကွင်း၌ တဖက်သော ကြိုးအဖျားကို သွင်း၍ ချည်ဖန်များသောကြောင့် ထိုကွင်းအဖျား ပြတ်ရလေသည်။

ဝိဓေ၊ ။ထိုသို့ မပြတ်အောင် "အနုဇာနာမိ ဘိက္ခဝေ ဝိဓံ"ဟု ထိုကွင်း၌ ထည့် ဘို့ရန် ခါးပန်းသီးကို ခွင့်ပြုတော်မူသည်၊ ဝိဇ္ဈတေတိ ဝိဓော – အလယ်၌ အပေါက် ပါရှိအောင် ထွင်းဖေါက်ထားအပ်သောကြောင့် "ဝိဓော"ဟု ခေါ်ရ၏၊ ထို အပေါက်၌ တဖက်ကကြိုးကိုသွင်း၍ ချည်ရသည်၊ ယခုအခါ၌ကား ခါးပန်းသီး၏ အလယ်ခေါင်၌ အပေါက်မပါရဲ့ မက, ဆေးအမျိုးမျိုးထည့်ဘို့ရန် ကြုတ်ကလေးပင် လုပ်ထားကြသည်။

နိဝတ္ထံ— ဝတ်ခြင်းသည်၊ ဟတ္ထိသောဏ္ဍကံနာမ - မည်၏၊ (ဆင်နှာမောင်းနှင့် တူသော ဝတ်ခြင်းမည်၏၊) ဧကတော-တဖက်၌၊ ဒသန္တံ-အမြိတ် အစွန်ကိုရင်း၊ ဧကတော—၌၊ ပါသန္တံ—ကွင်းအစွန်ကိုရင်း၊ ဩလမ္ဗေတွာ—တွဲလျားကျစေ၍၊ နိဝတ္ထံ-ဝတ်ခြင်းသည်၊ မစ္ဆဝါဠကံနာမ - မည်၏၊ (ငါးအမြီးကဲ့သို့ ၂ ဖက်၌ အစွန်ယွက်သော ဝတ်ခြင်းမည်၏၊)[ရှေးကပုဆိုးတောင်ရှည်များ၌ တဖက်ဝယ် ကွင်းရှိ၍, တဖက်၌ ပုဆိုးအစရှိသည်၊ ခပုံထိုး၍ အောက်သို့ ချထားသောအခါ ထို ၂ စွန်သည် ရှေ့တည့်တည့်၌ ဝဲဘက် , ယာဘက်သို့ ထွက်နေသောကြောင့် ငါးမြီးနှင့် တူသည်။]

ဥပရိ-အထက်၌၊ ဒွေ- ၂ ဖက်သော အစွန်တို့ရင်း၊ ဟေဋ္ဌတော - ၌၊ ဒွေ— ၂ ဖက်သော အစွန်တို့ရင်း၊ ဣတိ ဧဝံ - ဤသို့၊ စတ္တာရော - ၄ ဖက်ကုန်သော၊ ကဏ္ဏေ-အနားစွန်တို့ကို၊ ဒဿေတွာ-ပြ၍၊ နိဝတ္ထံ-ဝတ်ခြင်းသည်၊ စတုက္ကဏ္ဏကံ နာမ-မည်၏၊ (ဤ ဝတ်ပုံကို အိန္ဒိယလူမျိုးများ မေးကြည့်ပါ၊) တာလဝဏ္ဋာကာရေန-ထန်းရွက်အဝန်း၏ အခြင်းအရာဖြင့်၊(ထန်းရွက်ဝန်းပုံသဏ္ဌာန်ဖြင့်) သာဋကံ-ပုဆိုးကို၊ ဩလမ္ဗေတွာ-တွဲလျားကျစေ၍၊ နိဝါသနံ- ဝတ်ခြင်းသည်၊ တာလဝဏ္ဋကံနာမ-မည်၏၊(ထန်းရွက်ယပ်ဝန်းနှင့်တူအောင်ဝတ်ခြင်းမည်၏၊) ဒီဃသာဋကံ-ရှည်သော ပုဆိုးကို၊ အနေကက္ခတ္တုံ-အကြိမ်များစွာ၊ ဩဘဉ္ဇိတွာ- ချိုး၍၊(ခေါက်ရိုး အချိုးကဲ့သို့ အကြောင်းများစွာထင်အောင် ချိုး၍၊) ဩဝဋ္ဋိကံ- ကွင်းကို၊ ကရောန္တေန- ပြုလျက်၊ နိဝတ္ထံ - ဝတ်ခြင်းသည်၊ သတဝလိကံနာမ— မည်၏၊ ဝါ-များသောအတွန့်ရှိအောင် ဝတ်ခြင်းမည်၏၊(ဩဝဋ္ဋိကံကို “ဝလယံ- ကွင်း”ဟု ဤခန္ဓကအစ၌ ဖွင့်ခဲ့ပြီ၊) ဝါ-တနည်း၊ ဝါမဒက္ခိဏပဿေသု-ဝဲဘက်, ယာဘက် ဘေးတို့၌၊ နိရန္တရံ - အကြား မရှိအောင်၊ ဝလိယော - အတွန့်တို့ကို၊ ဒဿေတွာ-ပြ၍၊ နိဝတ္ထံ-ဝတ်ခြင်းသည်၊ သတဝလိကံ နာမ-မည်၏၊ ပန-ဆက်၊ ဇာဏုတော-ပုဆစ်ဒူးဝန်းမှ၊ ပဋ္ဌာယ-၍၊ ဧကာဝါ-တခုသော်လည်းဖြစ်သော၊ ဒွေဝါ- ၂ ခုသော်လည်းဖြစ်ကုန်သော၊ ဝလိယော-တို့သည်၊ သစေ ပညာယန္တိ- အကယ်၍ ထင်ရှားကုန်အံ့၊(ဧဝံ သတိ-ဤသို့ တတွန့် ၂ တွန့် ထင်ရှားလသော်၊) ဝဋ္ဋတိ-အပ်၏။[ယခုခေတ်၌ ထိုကဲ့သို့ ၂ တွန့် ၂ ထပ်ရှိအောင် ဝတ်ကြသည်။]

သံဝေလ္လိယံ နိဝါသေန္တိ-ကား၊ မလ္လကမ္မကာရာဒယော-လက်ဝှေ့သမား အလုပ်သမား အစရှိသူတို့သည်၊ ကစ္ဆံ-အောက်ပိုးကို၊ ဗန္ဓိတွာ-ဖွဲ့၍၊(တနည်း) ကစ္ဆံဗန္ဓိတွာ - ခါးတောင်းကြိုက်၍၊ နိဝါသေန္တိ ဝိယ - ဝတ်ကြကုန်သကဲ့သို့၊ (တထာ-ထို့အတူ၊ ကစ္ဆံ—အောက်ပိုးကို၊ ဗန္ဓိတွာ-ဖွဲ့၍၊ နိဝါသေန္တိ-ဝတ်ကြကုန်၏၊) ဧဝံ— ဤသို့အားဖြင့်၊ နိဝါသေတုံ — ဝတ်ခြင်းငှါ၊ ဂိလာနဿပိ— ဂိလာနအားသော်မှလည်း၊ မဂ္ဂပ္ပဋိပန္နဿာပိ - ခရီးသွားသော ရဟန်းအားသော်မှလည်း၊ န ဝဋ္ဋတိ-မအပ်၊ မဂ္ဂံ-ခရီးကို၊ ဂစ္ဆန္တာ - သွားသောပုဂ္ဂိုလ်တို့သည်၊

ဇကံ - တခုသော၊ ကောဏံဝါ- အထောင့်ကိုသော်၎င်း၊ ဒွေ- ၂ ခုကုန်သော၊ ကောဏေဝါ - အထောင့်တို့ကို၎င်း၊ ဥက္ခိပိတွာ - မြှောက်၍၊ အန္တရဝါသက သ-သင်းပိုင်၏၊ ဥပရိ-အထက်၌၊ ယမ္ပိ လဂ္ဂေန္တိ - အကြင်လည်း ချိတ်ထားကြ ကုန်၏၊ (ညှပ်ထားကြကုန်၏၊)ဝါ-တနည်း၊ အန္တော-အတွင်း၌၊ ဧကံ-တထည် သော၊ ကာသာဝံ—သင်္ကန်းကို၊ တထာ- ထို ဆိုအပ်ပြီးသော အခြင်းအရာအား ဖြင့်၊ နိဝါသေတွာ — ဝတ်၍၊ ဗဟိ - အပြင်ဘက်၌၊ အပရံ — အခြားသော၊ (ကာသာဝံ-ကို၊) ယမ္ပိ နိဝါသေန္တိ-အကြင်လည်း ဝတ်ကြကုန်၏၊ (တံ) သဗ္ဗံ- ထို အလုံးစုံသော ဝတ်ခြင်းသည်၊ န ဝဋ္ဋတိ - မအပ်၊ ပန - ဆက်၊ ဂိလာနော- ဂိလာနသည်၊ ကာသာဝဿ - ၏၊ အန္တော - အတွင်း၌၊ ဩဝဋ္ဋိကံ - ကွင်းကို၊ ဒသေတွာ-ပြ၍၊ အပရံ- အခြားသောသင်္ကန်းကို၊ ဥပရိ- အထက်၌၊ နိဝါသေ တုံ-ဝတ်ခြင်းငှါ၊ (ဝတ်ခွင့်ကို၊) လဘတိ- ရ၏၊ အဂိလာနေန- ဂိလာန မဟုတ် သော ရဟန်းသည်၊ ဒွေ — ၂ ထည်တို့ကို၊ နိဝါသေန္တေန - ဝတ်လိုလသော်၊ သဂုဏံ-အထပ်ရှိသည်ကို၊ ကတွာ-ပြု၍၊ နိဝါသေတဗ္ဗာနိ- ဝတ်ထိုက်ကုန်၏။

ဣတိ - ဤသို့လျှင်၊ ဣဓ - ဤ ခုဒ္ဒကဝတ္ထုခန္ဓကင်၌၊ ယဋ္ဌ - အကြင် ဝတ်နည်း ကိုလည်း၊ ပဋိက္ခိတ္တံ-ပယ်မြစ်တော်မူအပ်ပြီ၊ သေခိယဝဏ္ဏနာယံ-သေခိယအဖွင့် ၌၊ ယဋ္ဌ - အကြင် ဝတ်နည်းကိုလည်း၊ (ပဋိက္ခိတ္တံ)၊ တံ သဗ္ဗံ- ထို အလုံးစုံသော ဝတ်နည်းကို၊ နိဗ္ဗိကာရံ- ဖေါက်ပြန်ခြင်းမရှိအောင်၊ ဝဇ္ဇေတွာ- ရှောင်ကြဉ်၍၊ တိမဏ္ဍလံ-ပုဆစ်ဒူးဝန်း ၂ဖက်, ချက်ဟူသောအဝန်း ၃ ပါးကို၊ ပဋိစ္ဆာဒေန္တေ န-ဖုံးအုပ်လျက်၊ ပရိမဏ္ဍလံ- ထက်ဝန်းကျင် ဝန်းဝိုင်းစွာ၊ နိဝါသေတဗ္ဗံ- ဝတ် ရာ၏၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော၊ ဝိကာရံ-အထူးပြုအပ်သော ဝတ်ခြင်း ကို၊ (ဖေါက်ဖေါက်ပြန်ပြန် ဝတ်ခြင်းကို၊) ကရောန္တော- ပြုသောရဟန်းသည်၊ ဒုက္ကဋ္ဌာ - ဒုက္ကဋ်အာပတ်မှ၊ န မုစ္စတိ - မလွတ်၊ န ဘိက္ခဝေ ဂိဟိပါရုတံ ပါရုပိ တဗ္ဗံတိ - ဟူ၍၊ ဧဝံ - သို့၊ ပဋိက္ခိတ္တံ - ပယ်မြစ်တော်မူအပ်သော၊ ဂိဟိပါရုတံ- လူတို့၏ရုံနည်းကို၊ အပါရုပိတွာ-မရုံမူ၍၊ ဝါ-မရမ်းမူ၍၊ ဥဘောကဏ္ဏေ- ၂ဖက် သော အနားတို့ကို၊(အစွန်တို့ကို)၊ သမံ- အညီအမျှ၊ ကတွာ - ပြု၍၊ ပါရုပနံ- ရုံခြင်းသည်၊ ဝါ- ရမ်းခြင်းသည်၊ ပရိမဏ္ဍလံ - ထက်ဝန်းကျင် ဝန်းဝိုင်းစွာ၊ ပါရုပနံနာမ- ရုံခြင်းမည်၏၊ ဝါ-ရမ်းခြင်းမည်၏၊ [ရုံခြင်းကိုပင်“ရမ်းခြင်း”ဟု ခေါ်သည်။] တံ-ထိုထက်ဝန်းကျင် ဝန်းဝိုင်းစွာ ရုံခြင်းကို၊ ပါရုပိတဗ္ဗံ-၏။

တတ္ထ-ထိုန ဘိက္ခဝေ ဂိဟိပါရုတံ ပါရုပိတဗ္ဗံအစရှိသောပါဠိရပ်၌၊ ယံကိဉ္စိ- အမှတ်မထား တပါးပါးသော၊ (အညထာပါရုတံ ဥစ်စပ်၊) သေတပဋ္ဋပါရုတံ- ဖြူသောအဝတ် ရှိသူတို့၏ရုံနည်း၎င်း၊ ပရိဗ္ဗာဇကပါရုတံ-ရသေ့ ပရိဗိုဇ်တို့၏ ရုံနည်း၎င်း၊ ဧကသာဋ္ဌကပါရုတံ - တထည်သော အဝတ်ရှိသူတို့၏ ရုံနည်း၎င်း၊ သောဏ္ဍပါရုတံ-သေသောက်ကြူးတို့၏ ရုံနည်း၎င်း၊ [ကဲ၌ “သုရာသောဏ္ဍ

ပါရုတံ" ဟု ရှိ၏။] အန္တေ ပုရိကပါရုတံ - နန်းတွင်းသူတို့၏ခြုံနည်းရှင်း၊ မဟာဇေဋ္ဌကပါရုတံ - လက်သမားကြီးတို့၏ ခြုံနည်းရှင်း၊ ကုဋိပ္ပဝေသကပါရုတံ — လယ်လုပ်တဲကုဋ်သို့ ဝင်သူတို့၏ ခြုံနည်းရှင်း၊ ဗြာဟ္မဏပါရုတံ - ပုဏ္ဏားတို့၏ ခြုံနည်းရှင်း၊ ပါဠိကာရကပါရုတံ- သံဃာအစဉ်အတန်းကို ပြုသောရဟန်းတို့၏ ခြုံနည်းရှင်း၊ ဣတိ ဧဝမာဒိ- ဤသို့ အစရှိသော၊ ပရိမဏ္ဍလ လက္ခဏာတော-ပရိမဏ္ဍလလက္ခဏာမှ၊ အညထာ - တပါးသော အခြင်းအရာအားဖြင့်၊ ပါရုတံ - ခြုံခြင်းသည်၊ (အတ္ထိ - ရှိ၏၊) သဗ္ဗံ- သော၊ ဧတံ- ဤ ခြုံခြင်းသည်၊ ဂိဟိပါရုတံ နာမ-ဂိဟိပါရုတ မည်၏။

တသ္မာ- ကြောင့်၊ သေတပဋာ - ဖြူသောအဝတ် ရှိကုန်သော၊ အဍ္ဍပါလက နိဂဏ္ဌာ- တဝက်သော အထက်ကိုယ်ကိုသာ စောင့်ရှောက်ကုန်သော နိဂဏ္ဌတို့သည်၊ ပါရုပန္တိ ယထာ - ခြုံကြကုန်သကဲ့သို့ရှင်း၊ ဧကစ္စေ- အချို့ကုန်သော၊ ပရိဗ္ဗာဇကာ - တို့သည်၊ ဥရံ - ရင်ဘတ်ကို၊ ဝိဝရိတွာ - ဖွင့်၍၊ ဝါ-ဖေါ်၍၊ ဒွီသု- ၂ ဖက်ကုန်သော၊ အံသကူဋေသု -ပခုံးစွန်းတို့၌၊ ပါဝုရဏံ-ခြုံထည်ကို၊ ထပေန္တိ ယထာစ- ထားကြကုန်သကဲ့သို့ရှင်း၊ ဧကသာဋကာ - တထည်သောအဝတ်သာ ရှိကုန်သော၊ မနုဿာ-တို့သည်၊ နိဝတ္ထသာဋကဿ- ဝတ်အပ်သောအဝတ်၏၊ ဧကေန-တခုသော၊ အန္တေန-အစွန်းဖြင့်၊ ပိဋ္ဌိံ- ကျောက်ကုန်းကို၊ ပါရုပိတွာ- ခြုံ၍၊ ဥဘောကဏ္ဏေ - ၂ ဖက်သော အနားစွန်းတို့ကို၊ ဥဘောသု - ကုန်သော၊ အံသကူဋေသု-ပခုံးစွန်းတို့၌၊ ထပေန္တိ ယထာစ-ထားကုန်သကဲ့သို့ရှင်း။

သုရာသောဏ္ဍာဒယော- သေသောက်ကြူး အစရှိသူတို့သည်၊ သာဋကေန- အဝတ်ဖြင့်၊ ဂီဝံ-လည်ပင်းကို၊ ပရိက္ခိပန္တာ-ရစ်ပတ်ကုန်လျက်၊ (ကန်ဒါ၌"ပရိက္ခိပိတွာ - လည်ပင်း ၂ ဖက်၌ ပစ်ချ၍၊ ဝါ- သိုင်း၍ " ဟု ရှိ၏၊) ဥဘောအန္တေ- တို့ကို၊ ဥဒရေဝါ - ရင်၌သော်လည်း၊ (ကန်ဒါ၌ ဥဒရေဝါဟု ရှိ၏။) ဩလမ္ဗေန္တိ ယထာစ-တွဲလျားကျစေကုန်သကဲ့သို့ရှင်း၊ ပိဋ္ဌိယံဝါ-ကျောကုန်း၌သော်လည်း၊ ခိပန္တိ ယထာစ- ပစ်ချကုန်သကဲ့သို့ရှင်း၊ အန္တေ ပုရိကာယော - နန်းတွင်းသူတို့သည်၊ အက္ခိတာရကမတ္တံ-မျက်လုံးပေါက်မျှကို၊ ဒဿေတွာ-ပြ၍၊ ဩဂုဏ္ဌိကံ- ယက်ခန်းကျင် ရစ်ပတ်အပ်သော ဦးခေါင်းရှိအောင်၊ ဝါ- ခေါင်းမြီးခြုံလျက်၊

× × × × × × ×

အဍ္ဍပါလက။ ။အခုံ- အထက်ပိုင်း ကိုယ်တဝက်ကို၊ ပါလေန္တိ- ဖုံးထားသော အားဖြင့် စောင့်ရှောက်ကြကုန်၏၊ ဣတိ အဍ္ဍပါလကာ၊ ထို နိဂဏ္ဌတို့သည် အောက်ပိုင်း၌ မစောင့်ရှောက်ကြတော့ဘဲ (အဝတ်မပါဘဲ) အထက်ပိုင်း၌သာ အဝတ်ဖြူ တထည်ကို ချိုင်းကြား ၂ ဖက်၌ သွင်း၍ ခြုံထားကြသတတ်။

အက္ခိတာရကမတ္တံ။ ။ခေါင်းမြီးခြုံ ကုလားမတို့ကဲ့သို့ နန်းတော်သူများလည်း တကိုယ်လုံးခြုံ၍ မျက်လုံးနေရာ၌သာ အပေါက်ကလေး ဖေါက်ထားကြ၏၊ ထိုနေရာ၌ အထဲက မျက်လုံးကလေးသည် ကြယ်ကလေးကဲ့သို့ ထင်ရ၏။

ပါရုပန္တိယထာစ-ခြိုကြကုန်သကဲ့သို့ရှင်း၊မဟာဇေဋ္ဌာ-လက်သမားကြီးတို့သည်၊ ဒီဃသာဋကံ-ရှည်သောပုဆိုးကို၊ နိဝါသေတွာ-ဝတ်၍၊ တဿေဝ-ထို အဝတ်၏ပင်၊ ဧကေနန္တေန- တခုသောအစွန်းဖြင့်၊ သကလသရီရံ-အလုံးစုံသောကိုယ်ကို၊ ပါရုပန္တိယထာစ-ခြုံကြကုန်သကဲ့သို့ရှင်း၊ ကဿကာ- လယ်သမားတို့သည်၊ ခေတ္တကုဋိံ-လယ်တဲကုဋ်သို့၊ ပဝိသန္တာ-ဝင်ကုန်လသော်၊ သာဋကံ-အဝတ်ကို၊ ပလိဝေဌေတွာ - ရစ်ပတ်၍၊ ဥပကစ္ဆကေ - လက်ကတီးကြား၌၊ ပက္ခိပိတွာ- ထည့်သွင်း၍၊ တဿေဝ - ထို အဝတ်၏ပင်၊ ဧကေနန္တေန - ဖြင့်၊ သရီရံ - ကို၊ ပါရုပန္တိယထာစ-သကဲ့သို့ရှင်း၊ မြာဟ္မဏာ-ပုဏ္ဏားတို့သည်၊ ဥဘိန္န-ကုန်သော၊ ဥပကစ္ဆကာနံ-လက်ကတီးတို့၏၊ အန္တရေ-အကြား၌၊ သာဋကံ-ကို၊ ပဝေသေတွာ- သွင်း၍၊ အံသကူဋေသု-ပခုံးစွန်းတို့၌၊ ပက္ခိပန္တိယထာစ-ထည့်ကုန်သကဲ့သို့ရှင်း။

ပါဋိကာရကော - သံဃာအစဉ်အတန်းကို ပြုသော၊ ဘိက္ခု - ရဟန်းသည်၊ ဧကံသ ပါရုပနေန - လက်ဝဲတဖက် ပခုံးကို ခြုံခြင်းအားဖြင့်၊ (ထုံးစံအတိုင်း "ဥဘောကဏ္ဍေ သမံကတွာ" ရမ်းခြင်းကို ဆိုသည်၊) ပါရုတံ - ခြုံအပ်သော၊ ဝါမဗာဟံ-လက်ဝဲလက်မောင်းကို၊ ဝိဝရိတွာ -ဖွင့်၍၊ စီဝရံ-ကို၊ အံသကူဋေ-၌၊ အာရောပေတိယထာစ -တင်ထားသကဲ့သို့ရှင်း၊ ဧဝံ - ဤ့အတူ၊ အပါရုပိတွာ- မခြုံမူ၍၊ သဗ္ဗေပိ - အလုံးစုံလည်းဖြစ်ကုန်သော၊ ဧတေ (ပါရုပနဒေါသေ)-ဤ ခြုံခြင်း၏ အပြစ်တို့ကိုရှင်း၊ (ဤ ရမ်းခြင်း၏ အပြစ်တို့ကိုရှင်း၊) အညေ-အခြားကုန်သော၊ ဧဝရူပေ - ဤသို့ သဘောရှိကုန်သော၊ (ဤသို့ အလားတူဖြစ်ကုန်သော၊) ပါရုပနဒေါသေစ-ခြုံခြင်း၏အပြစ်တို့ကိုရှင်း၊ ဝဇ္ဇေတွာ-ရှောင်ကြဉ်၍၊ နိဗ္ဗိကာရံ - ဖေါက်ပြန်ခြင်းမရှိအောင်၊ ပရိမဏ္ဍလံ - ဋ္ဌာ၊ ပါရုပိတဗ္ဗံ- ခြုံရာ၏၊ တထာ - ထို အခြင်းအရာအားဖြင့်၊ အပါရုပိတွာ - မခြုံမူ၍၊ အာရာမေဝါ-၌သော်ရှင်း၊အန္တရဃရေဝါ-၌သော်ရှင်း၊ အနာဒရေန-မလေးစားခြင်းကြောင့်၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော၊ ဝိကာရံ-ဖေါက်ပြန်သောခြုံခြင်း(ရမ်းခြင်း) ကို၊ ကရောန္တဿ-ပြုသောရဟန်း၏၊ ဒုက္ကဋံ-သည်၊(ဟောတိ)။

× × × × × × ×

ပါဋိကာရကော။ ။ဆွမ်းကြီးခံကိစ္စစသည်ရှိသောအခါ သံဃာများကို စီတန်းပေးရသောရဟန်းကို " ပါဋိကာရက "ဟု ခေါ်၏၊ ပါဋိံ – အစဉ်ကို + ကရောတီတိ ပါဋိကာရကော၊ ထိုရဟန်းသည် သင်္ကန်းကို ထုံးစံအတိုင်း ("ဥဘောကဏ္ဍေ သမံကတွာ "ဖြစ်အောင်) ရမ်းထား၏၊ ထို့နေ့ာ် "ဟိုကိုယ်တော်က ဒီကြွ, ဒီကိုယ်တော်က ဟိုကြွ" စသည်ဖြင့် လက်မောင်းကို ရမ်းကာရမ်းကာ စီစဉ်ရသောအခါ လက်ဝဲလက်၌ ဖုံးထားကြောင်း သင်္ကန်းကို မဖုံးအားတော့ဘဲ ပခုံးပေါ်သို့ ပင့်၍တင်လိုက်ရတော့သည်။ [ပါဋိကာရကောတိ ဘိက္ခူနံ ယထာဝုဍ္ဎံ ပါဋိယာ ပတိဋ္ဌာပကော၊ တဿာပိ တထာ ပါရုပိတုံ န ဝဋ္ဋတိ၊- ဝိမတိ။]

မုဉ္စာဝဋ္ဋီတိ–ဟူသည်ကား၊ ရဇ္ဇော–မင်းသည်၊ ကုဟိဉ္စိ–တစုံတခုသောအရပ်သို့၊ ဂစ္ဆတော–သွားလသော်၊ ဝါ–သွားသော၊ ရဇ္ဇော–မင်း၏၊ ပရိက္ခာရဘဏ္ဍာဝဟနမနုဿာ – ပရိက္ခာရာဘဏ္ဍာတို့ကို ထမ်းဆောင်သော လူတို့သည်၊ (ဥဘတောကာဇံ– ၂ဖက်၌ ဝန်ရှိသောထမ်းပိုးကို၊ ဟရန္တိယထာ–ဆောင်ကြသကဲ့သို့၊ တထာ–ထိုအတူ၊ ဥဘတောကာဇံ–ကို၊ ဟရန္တိ–ကုန်၏၊) ဣတိ– ဤသည်ကား၊ အဓိပ္ပါယော –ကဲ့ရဲ့သူတို့၏အလိုတည်း၊ အန္တရာကာဇံတိ – ကား၊ မဇ္ဈေ –အလယ်၌၊ လဂ္ဂေတွာ– ဝန်ထုပ်ကို ချိတ်၍၊ ဒွီဟိ– ၂ ယောက်တို့သည်၊ ဝဟိတဗ္ဗဘာရံ – ထမ်းဆောင်ထိုက်သော ဝန်ကိုရင်း၊ (အနုဇာနာမိ ၌စပ်။)

အစက္ခုသဉ္ဇိ – ကား၊ စက္ခုနံ– မျက်စိတို့၏၊ ဟိတံ – အစီးအပွားသည်၊ န ဟောတိ– မဖြစ်၊ (စက္ခုနံ–တို့၏၊)ပရိဟာနိံ–ဆုတ်ယုတ်ခြင်းကို၊(မှုန်ခြင်းကို၊) ဇနေတိ–ဖြစ်စေ၏၊ နစ္ဆာဒေတိတိ–ကား၊ နရုစ္စတိ– မနှစ်သက်၊ ဝါ–မဆာ။

× × × × × × ×

မုဉ္စာဝဋ္ဋီ။ ။ ပါဠိတော်၌ “သေယျထာပိ ရဇ္ဇော မုဉ္စာဝဋ္ဋီ”ဟု ၂ နေရာရှိ၏၊ ထိုတွင် “သံဝေလ္လိယံ နိဝါသေန္တိ၊ပေ၊သေယျထာပိ ရဇ္ဇော မုဉ္စာဝဋ္ဋီ” အတွက် ဋီကာတို့၌ “ ပါဠိယံ မုဉ္စာဝဋ္ဋီတိ မလ္လကမ္မကာရာဒယော” ဟုရင်း “မလ္လာဒယော” ဟုရင်း ဖွင့်ကြ၏၊ ဤအဖွင့်တို့ကိုထောက်လျှင် ခါးတောင်းကျိုက်ပုံကို ပြသော ဝတ္ထု၌ “ရဇ္ဇော မပါသင့်”ဟု ထင်သည်၊“လက်ဝှေ့သမား, အလုပ်သမားတို့ ခါးတောင်းကျိုက်သကဲ့သို့ ခါးတောင်းကျိုက်ကြသည်”ဟု ဆိုလိုသည်၊ “ဥဘတောကာဇ”ကို ထမ်းဆောင်သော ဝတ္ထု၌ပါသော “မုဉ္စာဝဋ္ဋီ”အတွက်သာ အဋ္ဌကထာအဖွင့်နှင့် လျော်သည်၊ “ဥဘတောကာဇ” ဟူသည် ရေပုံး ၂ ပုံးကို အလယ်က ထမ်းရာ၌ကဲ့သို့ အဖျား ၂ ဘက်၌ ဝန်ထုပ်ရှိသော ထမ်းပိုးတည်း၊ ယောဇနာ၌ကား “မုဉ္စံသီသံ စောဠကေန ဝေဌေန္တီတိ မုဉ္စာဝေဌိနော”ဟု ဖွင့်ထား၏၊ “မုဉ္စာဝေဌိ”ဟု ရှေးပါဌ် ရှိဟန်တူသည်။

အန္တရာကာဇံ။ ။ရှေ့၌ (ဦးဘက်၌) ရင်း, နောက် (ပဲ့) ၌ရင်း ၂ ယောက်ထမ်း၍ အလယ်၌ ဝန်ထုပ်ရှိသော ထမ်းပိုးကို “ အန္တရာကာဇ ”ဟု ခေါ်သည်၊ ထို အန္တရာကာဇကို ရဟန်း ရှင်သာမဏေတို့ ထမ်းကောင်း၏၊ “ဥဘတောကာဇ”ကိုကား ရဟန်း သာမဏေတို့ မထမ်းကောင်း။

အစက္ခုဿံ နစ္ဆာဒေတိ။ ။“စက္ခုနော+ဟိတံ စက္ခုဿံ”ဟုပြု၊ ဟိတအနက်၌ “စက္ခွာဒိတော ဿော”ဟူသော မောဂ္ဂလ္လာန် (တဒ္ဓိကဏ္ဍ ၇၁) သုတ်ဖြင့် ဿပစ္စည်းသက်၊ ပါဠိတော်ဝယ် ဒန်ပူမစားခြင်း၏ အပြစ် ၅ ပါးကို ပြသော ပါဠိရပ်တည်း၊ ဒန်ပူဟူသည် သွားကြားထိုးရုံမဟုတ်,ကုလားများဝါးသကဲ့သို့ ဝါးဘို့ရန် အရာဝတ္ထုတည်း၊ “ဒန်ပူစား”ဟူရာ၌ ယခုခေတ် ကုလားလူမျိုးများ တမာအရိုး မန်ကျည်းအရိုး စသည်ကို ကိုက်ဝါး၍ အရည်ထွက်စေပြီးလျှင် ထိုအရိုးဖြင့်ပင် သွားတို့ကိုလည်း ဖြူစင်အောင် ပွတ်တိုက်ရသည်၊ ထို့ကြောင့် “ဒန္တကဋ္ဌ”ကို “ဒန္တပေါန–သွားကို စင်ကြယ်စေတတ်သော အရာဝတ္ထု၊ ”ဟု ပရိယာယ်ဆိုသည်၊ ထိုဒန်ပူရည်တို့က သွားကြိုးသွားကြားတို့၌ ဝင်သွားသောကြောင့် သွားနှင့်တကွ ခံတွင်းသန့်ရှင်းရကား ဘတ္တစ္ဆာဒန – ထမင်းစား

အင္ဂုလိပရမန္တိ-ကား၊ မနုဿာနံ-လူတို့၏၊ ပမာဏင်္ဂုလေန-အတိုင်းအရှည်
ဖြစ်သော လက်သစ်အားဖြင့်၊ အင္ဂုလိပရမံ-လက်ရှစ်သစ်အလွန် အတိုင်းအရှည်
ရှိသော၊(ဒန္တကဋ္ဌ-ဒန်ပူကို၊ အနုဇာနာမိ- ၌စပ်၊) [အတိမဋ္ဌာဟကံတိ- ကား၊
အတိခုဒ္ဒကံ—အလွန်ငယ်သော၊(ဒန္တကဋ္ဌံ နခါဒိတဗ္ဗံ၌ စပ်)။ [အတိမဋ္ဌာဟက
သဒ္ဒါသည် အတိခုဒ္ဒက အနက်ကိုဟောသော အထင်ရဗ္ဗီသဒ္ဒါ ဖြစ်ဟန်တူသည်။]
ဒါယံအာလိမ္ပေန္တီတိ—ကား၊ တိဏဝနာဒီသု—မြက်တော အစရှိသည်တို့၌၊
အဂ္ဂိ—မီးကို၊ ဒေန္တိ—ပေးကြကုန်၏၊ ပဋဂ္ဂိတိ-ကား၊ ပဋိအဂ္ဂိ-ဆန့်ကျင်ဘက်
မီးကို၊ ဝါ-ရှေးရှုဖြစ်သော မီးကို၊ (ဒါတုံ - ပေးခြင်းငှါ၊ အနုဇာနာမိ၌စပ်)၊
[အဝေးက တောမီးလောင်၍ လာရာ တောကျောင်းကလေးကို မီးမကူးဘို့ရန်
တောကျောင်းကလေး၏ ပတ်ဝန်းကျင်ရှိ သစ်ပင်များကို တင်ကြို၍ ရှို့အပ်သော
မီးကို“ပဋဂ္ဂိ” ဟု ခေါ်သည်၊ ထို့ကြောင့် “ လောင်လာသော မီး၏ ဆန့်ကျင်
ဘက် မီး , လောင်လာသော မီးသို့ ရှေးရှုဖြစ်သော မီး”ဟု အဓိပ္ပါယ်မှတ်ပါ၊
ပတိသဒ္ဒါ ဝိရုဒ္ဓအနက်ဟော, တနည်း-အဘိမုခ အနက်ဟောဟုကြံ။]ပရိတ္တံတိ-
ကား၊ အပ္ပဟရိတကရဏေန ဝါ - စိမ်းစိုသော မြက်သစ်ပင် မရှိအောင် ပြုခြင်း
အားဖြင့်သော်၎င်း၊ (သစ်ပင်ကို ခုတ်ခြင်းအားဖြင့်သော်၎င်း၊) ပရိခါကရဏေန
ဝါ – ကျုံးမြောင်း တူးခြင်းအားဖြင့် သော်၎င်း၊ ပရိတ္တာဏံ - ထက်ဝန်းကျင်

× × × × × × ×

ရာ၌ အရသာရှိ၏၊ သလိပ်သည်းခြေတို့ကလည်း ထမင်းကို မမြေးယှက်တော့၊ [သလိပ်
များကိုလည်း မွေးဟက်၍ ပစ်တတ်ရကား သလိပ်သည်းခြေများလည်း ဝင်သွားသော
ထမင်းကို (အစာကို) မမြေးချက်တော့၊] ခံတွင်းရှင်း၍ သလိပ်သည်းခြေများ ရှင်းသော
ကြောင့် အရသာကို တကိုယ်လုံးသို့ ပို့ဆောင်ကြောင်း ရသဟရဏီ အကြောတို့လည်း
စင်ကြယ်၏၊ သလိပ် သည်းခြေနှင့်တကွ ခံတွင်းရှင်း၍နေသောကြောင့် အာပုပ်စော်လည်း
မနံတော့၊ အားလုံးသန့်ရှင်းနေသည့်အတွက် မျက်စိလည်း မှုန်ခဲ၏၊ ဒန်ပူ မစားခြင်း၏
အပြစ် ငါးပါးကို အောက်ပါ ရှေးဆရာတို့၏ လင်္ကာအတိုင်း မှတ်ထားရာ၏။

[ဆောင်] ဒန်ပူကို မခဲစားလို့, ရကြသည့် ပြစ်ငါးလီ,
မျက်စိမှုန် အာပုပ်လှောင်း, ထောင်းထလို့ညှီ၊
ဟရဏီ-ဆောင်ယူသည့် ရသာကြော၊ မရှင်း မစင်ကြယ်နှင့် ,
ခဲဘွယ်မှာ သလိပ်နှော၍တယ်, စားစိတ် မစော။

ပမာဏင်္ဂုလေန။ ။ပမာဏင်္ဂုလေနာတိ ဝဍ္ဎကီအင်္ဂုလေန၊ ကေစိ ပန “ ပကတိ
အင်္ဂုလေနာ ” တိ ဝဒန္တိ၊ တံ စတုရင်္ဂုလ ပစ္ဆိမကဝစနေန န သမေတိ၊ န ဟိ ပကတ
င်္ဂုလေန စတုရင်္ဂုလပ္ပမာဏံ ဒန္တကဋ္ဌံ ကဏ္ဌေ အဝိလဂ္ဂံ (မငြိကပ်အောင်) ခါဒိတုံ
သက္ကောတိ၊—ဝိမတိ၊ ဤသို့ ဝိမတိက လူတို့၏ လက်သစ်အားဖြင့် လက် ၄ သစ် ရှိသော
ဒန်ပူသည် လည်ချောင်း မငြိကပ်အောင် မခဲစားနိုင်၊ လည်ချောင်း ငြိကပ်နေရမည်သာ
ဟု ဆိုသော်လည်း ယခုလူတို့၏ လက် ၄ သစ် ရှိသော ဒန်ပူသည် လက် ၃ ချောင်း
လောက်ဖြင့်ကိုင်၍ အဖျားကို ကိုက်ဝါးလျှင် လည်ချောင်း၌ မငြိကပ်နိုင်ပါ။

ခေါင့်ရှောက်တတ်သော အစောင့်အရှောက်ကို၊("ကာတုံ အနုဇာနာမိ"၌စပ်)း ပန—ဆက်၊ ဧတ္ထ-ဤသိက္ခာပုဒ်၌၊ အနုပသမ္ပန္နေ-လူသာမဏေသည်၊ သတိ-ရှိလသော်၊ သယံ—ကိုယ်တိုင်၊ အဂ္ဂိံ-ကို၊ ဒါတုံ-ငှါ၊ န လဗ္ဘတိ၊ (အနုပသမ္ပန္နေ—သည်)၊ အသတိ-မရှိလသော်၊ အဂ္ဂိံပိ-ကိုလည်း၊ ဒါတုံ လဗ္ဘတိ၊ ဘူမိံ-မြေကို၊ တစ္ဆေတွာ-ရှေ၍၊(ခုတ်ခြစ်၍)၊ တိဏာနိပိ-တို့ကိုလည်း၊ ဟရိတုံ-ပယ်ရှားခြင်းငှါငှင်း၊ ဝါ - ပယ်ရှားခွင့်ကိုငှင်း၊ ပရိခံပိ - ကျုံးကိုလည်း၊ ဝါ-တူးမြောင်းကိုလည်း၊ ခဏိတုံ-တူးခြင်းငှါငှင်း၊ ဝါ-ကိုငှင်း၊ အလ္လသာခံ—စိုသော သစ်ခက်ကို၊ ဘဉ္ဇိတွာပိ-ချိုး၍လည်း၊ အဂ္ဂိံ-ကို၊ နိဗ္ဗာပေတုံ—ငြိမ်းစေခြင်းငှါငှင်း၊ ဝါ-ငြိမ်းစေခွင့်ကိုငှင်း၊ လဗ္ဘတိ၊ သေနာသနံ-ကျောင်းအနီးသို့၊ ပတ္တံ ဝါ-ရောက်ပြီးသော မီးကိုငှင်း၊ အပတ္တံ ဝါ-မရောက်သေးသော မီးကိုငှင်း၊ တထာ-ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်၊(ပဋိဂ္ဂဒါန, ပရိတ္တကရဏစသော အခြင်းအရာအားဖြင့်၊) နိဗ္ဗာပေတုံ-ငှါ၊ လဗ္ဘတိယေဝ-ရသည်သာ။ [ဤသို့ မီးရှို့ခြင်း, မြေခြစ်ပစ်ခြင်းသော အမှုကြောင့် ဘူတဂါမသိက္ခာပုဒ်, ပထဝီခဏန သိက္ခာပုဒ်တို့ အရ, အာပတ်မသင့်ပါ-ဟူလို၊] ပန-ဆက်၊ ဥဒကေန-ရေဖြင့်၊ (နိဗ္ဗာပေန္တော-ငြိမ်းစေလသော်၊)ကပ္ပိယေနေဝ-အပ်သော ရေဖြင့်သာ၊(ပိုးမပါသော ရေဖြင့်သာ)၊ (နိဗ္ဗာပေတုံ)၊ လဗ္ဘတိ-ရ၏၊ ဣတရေန - အခြားသော အကပ္ပိယရေဖြင့်၊ (ပိုးပါသော ရေဖြင့်၊)(နိဗ္ဗာပေတုံ)၊ န(လဗ္ဘတိ)-မရ။

သတိကရဏီယေတိ-ကား၊ သုက္ခကဋ္ဌာဒိဂ္ဂဟဏကိစ္စေ- ခြောက်သောထင်းအစရှိသည်ကို ယူခြင်းကိစ္စသည်၊ သတိ-ရှိလသော်၊ ပေါရိသိယန္တိ-ကား၊ ပုရိသပ္ပမာဏံ-ယောကျ်ားတရပ် ပမာဏရှိသော အရပ်တိုင်အောင်၊ (ရုက္ခံ အဘိရုဟိတုံ အနုဇာနာမိ၌စပ်၊) [ပမာဏအနက်၌ ဏပစ္စည်းသက်၍"ပေါရိသံ"ဟုငှင်း, ဏိယပစ္စည်းသက်၍"ပေါရိသိယံ"ဟုငှင်း, ပါဠ် ၂မျိုးရှိသည်၊ထို"ပုရိသပ္ပမာဏ" ဟူသည် လက်မောင်း ၂ဖက်ကို အထက်သို့ မြှင့်ဆန့်၍ ထားသော ယောကျ်ားတယောက်၏ ခြေမှ စ၍ လက်ဖျားအဆုံး ပမာဏတည်း၊[ဥဒ္ဓံ တတဘုဇ ပေါသပ္ပမာဏေ ပေါရိသံ တိသု၊-အဘိဓာန် (၂၆၉)]။

အာပဒါသူတိ- ကား၊ ဝါဠမိဂါဒယော - ရဲရင့်သော ခြင်္သေ့ သစ် ကျားသော သားကောင် အစရှိသည်တို့ကို၊ ဒိသွာ ဝါ-မြင်၍သော်ငှင်း၊ မဂ္ဂမူဠ္ဟော-လမ်းခရီး၌ တွေဝေသည်၊ ဝါ-မျက်စိလည် လမ်းမှားသည်၊ (ဟုတွာ)၊ ဒိသာ—အရပ်မျက်နှာတို့ကို၊ ဩလောကေတုကာမော — ကြည့်ခြင်းငှါ အလိုရှိသည်၊ (ဟုတွာ ဝါ-ဖြစ်၍သော်ငှင်း၊) အာဂစ္ဆန္တံ-လာသော၊ ဒဝဍာဟံ-တောမီးကို၊ ဒိသွာ ဝါ—သော်ငှင်း၊ ဥဒကောဃံ—ရေအယဉ်ကို၊ ဒိသွာ ဝါ—သော်ငှင်း၊ ဧဝရူပါသု-ဤသို့သဘောရှိကုန်သော၊ အာပဒါသု-ဘေးရန်တို့ကြောင့်၊အတိဥစ္စမ္ပိ-အလွန်မြင့်စွာလည်း၊ ရုက္ခံ- သစ်ပင်ကို၊ အာရောဟိတုံ—တက်ခြင်းငှါ၊ ဝဋ္ဋတိ-

အပ်၏၊ [အချို့စာအုပ်၌ "ဩလောကေတုကာမော၀ါ"ဟု ၀ါ ပါသည်ကား မကောင်း။] ကလျာဏ၀ါက္ကရဏာတိ-ကား၊ မခုရသဒ္ဒါ- ချိုမြိန်သော အသံရှိကုန်သည်၊ (ဟောန္တိ)၊ ဆန္ဒသော အာရောပေမာတိ - ကား၊ ဝေဒံ၀ိယ - ဝေဒကျမ်းစာကိုကဲ့သို့၊ သက္ကတဘာသာယ-သက္ကတဘာသာအားဖြင့်၊ ၀ါစနာမဂ္ဂံ-ရွတ်ဆိုစေအပ်သော အစဉ်ကို၊ ၀ါ- ပို့ချအပ်သော အစဉ်ကို၊ အာရောပေမ—တင်လိုပါကုန်၏၊ သကာယ နိရုတ္တိယာတိ ဧတ္ထ - သကာယနိရုတ္တိယာ ဟူသော

× × × × × × ×

ကလျာဏဝါက္ကရဏာ။ ။"ကလျာဏ"ကို "မခုရ"ဟုဧင်း"ဝါက္ကရဏ"ကို "သဒ္ဒ"ဟုဧင်း,ဖွင့်သည်၊ ၀ါက္ကရဏသဒ္ဒါသည်"ရွတ်ဆိုအပ်သော စကားသံ"ဟူသော အနက်ကိုဟော၏၊ "ကရီယတိ ဥစ္စရီယတီတိ ကရဏံ၊" [ယောဇနာ၌ "ကရဏော" ဟု ပုလ္လိန်ချ၏၊] ဝါစာဝေ+ကရဏံ ဝါက္ကရဏံ၊ ဝါစာမှ စကို ကပြု၍ အာကို ချေလျှင် "ဝါက္ကရဏံ" ဟု ဖြစ်၏၊ ကလျာဏံ+ဝါက္ကရဏံ+ယေသန္တိ ကလျာဏဝါက္ကရဏာ။

ဆန္ဒသော အာရောပေမ။ ။"ဆန္ဒသော"ကို"သက္ကတဘာသာယ"ဟု ဖွင့်၏၊ "ဝေဒကျမ်းစာတို့ကို သက္ကတဘာသာဖြင့် ဝါစနာမဂ္ဂပြုကြသကဲ့သို့ ဘုရားရှင်၏ တရားတော်ကိုလည်း သက္ကတဘာသာဖြင့်ပို့ချဘို့ရန် တင်ထားလိုပါကုန်၏"ဟူလို၊ ဤစကားသည် ဘုရားတရားတော်ကို မိမိဆိုင်ရာ လူမျိုးတို့၏ ဘာသာအားဖြင့် ရွတ်ဆိုပို့ချနေကြသည်ကို မကြေနပ်သော ဗြာဟ္မဏဇာတ်ရှိသူ " ယမေဠ, ကေကုဋ " အမည်ရှိသော ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်အပ်သော စကားတည်း။

သကာယ နိရုတ္တိယာ။ ။ဤအဋ္ဌကထာဖွင့်အတိုင်း ဆိုလျှင် မာဂဓ ဘာသာဖြင့် တည်ရှိသော ပါဠိတော်ကိုသာ " သကာနိရုတ္တိ "ဟု ထင်စရာရှိ၏၊ သို့ရာတွင် ဝတ္ထုကြောင်း၌ "နာနာကုလ ပဗ္ဗဇိတ" ဖြစ်ကြသော ရဟန်းတို့သည် သကာနိရုတ္တိဖြင့် ဗုဒ္ဓဝစနကို ဖျက်ဆီးလိုကြပါကုန်၏-ဟု လျှောက်ထား၏၊ ထိုစကား၌ " သကာနိရုတ္တိ " ဟူသည် ထိုထိုလူမျိုးတို့၏ ထုံးစံအတိုင်း ပြောဆိုအပ်သော စကားသာဖြစ်သင့်၏၊ ဘုရားရှင်လည်း "အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ"ဟု ထို၀တ္ထုကြောင်း အတိုင်းပင် ခွင့်ပြုတော်မူ၏၊ တို့ကြောင့် " သကာနိရုတ္တိ " ဟူသည် "လူအမျိုးမျိုးတို့၏ ထုံးစံအတိုင်း ပြောဆိုအပ်သော ဘာသာ စကားသာဖြစ်သင့်၏"ဟု ဆရာတို့ယူကြသည်၊"သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ"တုန်းကလည်း ရွတ်ဆို၍ လွယ်သော မာဂဓဘာသာကိုပင် "သကာနိရုတ္တိ"ဟု ဆိုလိုသတတ်၊ ထိုအဆိုကိုလည်း ဆရာတို့ မနှစ်သက်ပါ။

မှတ်ချက်။ ။"န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ"ဟု တားမြစ်တော်မူချက်ကြောင့် "ပိဋကပါဠိတော်ကို သက္ကတသဒ္ဒါနည်းဖြင့် စာ မပြင်ရ "ဟု မဆိုမဆိုင် အဓိပ္ပါယ်ယူကြသေး၏၊ထို့ပြင်"မာဂဓဘာသာဖြင့်သင်ယူရမည်"ဟုအမိန့်တော် ရှိသောကြောင့် ပါဠိတော်ကို မြန်မာဘာသာစသော ထိုထိုဘာသာဖြင့် မပြန်ဆိုကောင်း ဟုလည်း ယူဆကြ၏၊ သို့သော် " န ဆန္ဒသော အာရောပေတဗ္ဗံ " ၏ အဓိပ္ပါယ်မှာ သက္ကတ ဘာသာပြန်ရုံကို ဆိုလိုသည် မဟုတ်တန်ရာ၊ သက္ကတ ဘာသာအားဖြင့် ဂိဏ်း, ဂရုလဟု သတ်မှတ်၍ ဆန်းကျမ်းနှင့် အညီ ဂါထာဥတွေလုပ်၍ ပြောင်းလွဲ ပြင်ထားခြင်း

ဤပါဠိ၌၊ သကာ-မိမိ ဉစ္စာဖြစ်သော၊ နိရုတ္တိနာမ-ထုတ်ဖေါ်ပြောဆိုအပ်သော အသံမည်သည်၊ သမ္မာသမ္ဗုဒ္ဓေန - မြတ်စွာဘုရားသည်၊ ဝုတ္တပ္ပကာရော—ဟော၊ တော်မူအပ်ပြီးသော အပြားရှိသော၊ မာဂဓိကော-မာဂဓတိုင်းသားတို့၏ ဉစ္စာ ဖြစ်သော၊ ဝေါဟာရော-ပြောဆိုကြောင်း စကားတည်း။

လောကာယတံ နာမ- မည်သည်၊ ("တိတ္ထိယသတ္ထံ" ၌စပ်၊) သဗ္ဗံ- အလုံးစုံ သည်၊ ဉစ္ဆိဋ္ဌံ- အကြွင်းတည်း၊ သဗ္ဗံ-အလုံးစုံသည်၊ အနုစ္ဆိဋ္ဌံ- အကြွင်း မဟုတ်၊ ကာကော-ကျီးသည်၊ သေတော-ဖြူ၏၊ ဗကော-ဗျိုင်းသည်၊ ကာဠော-မည်း၏၊ [သီလက္ခန်အဋ္ဌကထာ၌"ဗကာ ရတ္တာ"ဟု ရှိ၏၊] (ကာဠာ)၊ ဣမိနာစ ဣမိနာစ ကာရဏေန— ဤအကြောင်း ဤအကြောင်းကြောင့်တည်း၊ ဣတိ ဧဝမာဒိ၊ပေ၊ ပဋိသံယုတ္တံ - ဤသို့အစရှိသော အကျိုးမရှိသော အကြောင်းနှင့် စပ်ယှဉ်သော၊ တိတ္ထိယသတ္ထံ-တိတ္ထိတို့၏ ကျမ်းတည်း။

အန္တရာ အဟောသိတိ-ကား၊ (တေန သဒ္ဒေန- ထိုအသံသည်၊ ဓမ္မကထာ- တရားစကားတော်သည်၊ ဝါ-ကို၊)အန္တရိတာ-ခြားကွယ်အပ်သည်၊ ပဋိစ္ဆန္နာ- ဖုံးလွှမ်းအပ်သည်၊ အဟောသိ- ဖြစ်ပြီ၊[အန္တရံ+ ကရီယတေတိ အန္တရာ၊ ကရီ ယတေအနက်၌ အ ပစ္စည်းသက်ဟု ကြံပါ၊ ပါဠိတော်၌ " တေန သဒ္ဒေန ဓမ္မ

× × × × × × ×

ကိုသာ "နဆန္ဒသော အာရောပေတဗ္ဗံ"ဟု မိန့်တော်မူဟန်တူပါသည်၊ ဂါထာနည်း မဟုတ်ဘဲ မိမိတို့ ဆိုင်ရာ ဘာသာသို့ ပြန်ဆိုခြင်းကိုကား (သာ၍ အဓိပ္ပါယ် နားလည် သွယ်သောကြောင့်) တားမြစ်တော်မူမည် မဟုတ်ပါ၊ ထို့ကြောင့်ပင် ဆိုင်ရာပညာရှိတို့ သည် မာဂဓဘာသာဖြင့် မူလကတည်ရှိသော ပါဠိတော်ကို သက္ကတ, အင်္ဂလိပ်, ဟိန္ဒူ စသည်တို့ အပြင်, မြန်မာလိုလည်း မှားစွာပြန်ဆိုပြီးကြလေပြီ။

လောကာယတံနာမ။ ။"သဗ္ဗံ ဉစ္ဆိဋ္ဌံ" ဟူရာ၌ အသစ်ကျပ်ချွတ် အသစ်အစာ ဖြစ်စေကာမူ " ရှေးပစ္စည်းတို့မှ အကြွင်း အကျန် ဖြစ်သောကြောင့် "ဉစ္ဆိဋ္ဌတည်း" ဟု အကြောင်းပြ၏၊ "သဗ္ဗံ အနုစ္ဆိဋ္ဌံ"ဟူရာ၌ " အကြွင်း အကျန်ပင် ဖြစ်စေကာမူ ရုပ်သစ် နာမ်သစ်ဖြစ်သောကြောင့် အနုစ္ဆိဋ္ဌတည်း"ဟု အကြောင်းပြ၏၊"သေတော ကာကော" ဟူရာ၌"အရိုးတွေက ဖြူသောကြောင့် ကျီးသည် ဖြူ၏"ဟု အကြောင်းပြ၏၊"ကာဠော ဗကော"ဟူရာ၌"သွေးက နက်သောကြောင့် ဗျိုင်းသည် နက်၏"ဟု အကြောင်းပြ၏၊ ဤသို့ စသည်ဖြင့် ရိုးရာအကြောင်း မဟုတ်ဘဲ ကပ်သီးကပ်သတ် ကြံဆအပ်သော အကြောင်းဖြစ်၍ အကျိုးမရှိသော "နိရတ္ထကကာရဏာ"ဖြစ်သည်။

ဤလောကာယတကျမ်း၏ သရုပ်ကို အဘယာရာမဆရာတော်၏ အဘိဓာန်နိဿယ သစ်(၁၁၂)၌ ရှုပါလေဦး၊ ဤကဲ့သို့ ကျမ်းမျိုးဖြစ်လျှင် မြန်မာလိုလည်း မသင်ကောင်း၊ အင်္ဂလိပ် ဟိန္ဒူစသော အခြားဘာသာဖြင့်လည်း မသင်ကောင်းပင်တည်း၊ ပစ္စုပ္ပန်ကျိုး သံသရာကျိုးကိုပြသောကျမ်းဖြစ်လျှင်ကား မြန်မာလိုလည်းသင်ကောင်း,အခြားဘာသာ လိုလည်း သင်ကောင်းသည်သာ။ [သီလက္ခန်, မဟာဋီကာသီလ-အဖွင့်၌လည်း ရှုပါဦး။]

ကထာ ” ဟု ရှိသောကြောင့် “အန္တရာ- အကြား၌ပြုအပ်သည်၊ ဝါ- ခြားကွယ်အပ်သည် ” ဟု ပေးပါ။] အာဗာဓပစ္စယာတိ - ကား၊ ယဿ အာဗာဓဿ- အကြင် အနာရောဂါ၏၊ လသုဏံ - ကြက်သွန်ဖြူသည်၊ ဘေသဇ္ဇံ- ဆေးတည်း၊ တပ္ပစ္စယာ - ထိုအနာ၏ ဆေးဟူသောအကြောင်းကြောင့်၊ (“လသုဏံ ခါဒိတုံ အနုဇာနာမိ” ၌စပ်။)

ပဿာဝပါဒုကံတိ ဧတ္ထ-ဟူသော ဤပါဠိ၌၊ ပါဒုကာ-ခြေနင်းခုံသည်၊ ဝါ- ကို၊ ဣဋ္ဌကာဟိပိ- အုဋ်တို့ဖြင့်၎င်း၊ သိလာဟိပိ- ကျောက်တို့ဖြင့်၎င်း၊ ဒါရုဟိပိ- သစ်သားတို့ဖြင့်၎င်း၊ ကာတုံ - ပြုခြင်းငှါ၊ ဝဋ္ဋတိ - အပ်၏၊ ဝစ္စပါဒုကာယပိ- ကျင်ကြီးစွန့်ရာခြေနင်းခုံ၌လည်း၊ ဧသေဝ နယော-ဤနည်းပင်တည်း၊ ပရိဝေဏန္တိ-ကား၊ ဝစ္စကုဋိပရိက္ခေပဗ္ဘန္တရံ-ဝစ္စကုဋိ အကာအရံ၏ အတွင်းအရပ်သည်၊ (စိက္ခလ္လံ - ဗွက်ပေါက်သည်၊ ဟောတိ ၌စပ်၊) [“ပရိဝေဏ” ဟု ဆိုသော်လည်း ကျောင်း၏ပရိဝုဏ် မဟုတ်၊ ဝစ္စကုဋိအကာအရံ၏ အတွင်းအရပ်ကို ဆိုသည်၊] ယထာဓမ္မော ကာရေတဗ္ဗောတိ- ကား၊ ဒုက္ကဋဝတ္ထုမှိ - ဒုက္ကဋဝတ္ထု၌၊ ဒုက္ကဋေန- ဒုက္ကဋ်အာပတ်ဖြင့်၊ ကာရေတဗ္ဗော - ပြုစေထိုက်၏၊ [မာလာဝစ္ဆရောပါပန စသည်သည် ဒုက္ကဋဝတ္ထု၊ ဩစိနန - ဆွတ်ခူးခြင်းစသည်ကား ပါစိတ္တိယဝတ္ထုတည်း၊] ပဟရဏတ္ထံ- ပုတ်ခတ်ခြင်းအကျိုးငှါ၊ ကတံ - ပြုအပ်သော သံဘဏ္ဍာ ကြေးဘဏ္ဍာကို၊ ပဟရဏီတိ-ပဟရဏီဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဧတံ-ဤပဟရဏီ ဟူသောသဒ္ဒါသည်၊ ယဿ ကဿစိ — အမှတ်မထား တပါးပါးသော၊ အာဝုဓ သင်္ခါတဿ-လက်နက်ဟု ဆိုအပ်သော သံဘဏ္ဍာ ကြေးဘဏ္ဍာကို၊ အဓိဝစနံ- ဟောသောသဒ္ဒါတည်း၊ တံ - ထို လက်နက်အရာမြောက်သော သံဘဏ္ဍာ ကြေးဘဏ္ဍာကို၊ ထပေတွာ - ထား၍၊ အညံ - အခြားသော၊ သဗ္ဗံ - အလုံးစုံသော၊ လောဟဘဏ္ဍံ-သံဘဏ္ဍာ ကြေးဘဏ္ဍာကို၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏၊ ဣတိ အတ္ထော- နက်၊ ကတကဉ္စ ကုမ္ဘကာရိကဉ္စာတိ ဧတ္ထ- ကတကဉ္စ ကုမ္ဘကာရိကဉ္စ ဟူသော ဤပါဠိ၌၊ ကတကံ — ကတကကို၊ ဝုတ္တမေဝ — ဆိုအပ်ပြီးသည်သာ၊ [“ ကတကံနာမ ပဒုမကဏ္ဏိကာကာရံ ပါဒဃံသနတ္ထံ ကဏ္ဋကေ ဥဋ္ဌာပေတွာ ကတံ ” ဟု ဤ ခန္ဓကရှေ့နား၌ ဆိုခဲ့ပြီ၊] ဓနိယဿေဝ — အရှင် ဓနိယ၏ပင်၊ သဗ္ဗမတ္တိကာမယကုဋိ-အလုံးစုံ မြေညက်တို့ဖြင့်ပြုလုပ်အပ်သော ကျောင်းငယ်ကို၊ ကုမ္ဘကာရိကဉ္စာတိ-ကုမ္ဘကာရိကဉ္စဟူ၍၊ ဝါ-အိုးထိန်းသည်တို့၏ဘဏ္ဍာဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏၊ သဗ္ဗတ္ထ - အလုံးစုံသောဝတ္ထုတို့၌၊ သေသံ - ကြွင်းသောပုဒ် အပေါင်းသည်၊ ဥတ္တာနမေဝ - သည်သာ။

ခုဒ္ဒကဝတ္ထုက္ခန္ဓကဝဏ္ဏနာ— သည်၊ နိဋ္ဌိတာ— ပြီ။

သေနာသနက္ခန္ဓက အဖွင့်

[ကျောင်းနှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်အပေါင်း။]

ဝိဟာရာနုဇာနနကထာ

သေနာသနက္ခန္ဓကေ- သေနာသနက္ခန္ဓကၡ၌၊ အပညတ္တံ ဟောတီတိ - ကား၊ အနနုညာတံ- ခွင့်ပြုတော်မမူအပ်သေးသည်၊ ဟောတိ- ဖြစ်၏၊ ["ပညတ္တံ"အရ "မပြု မလုပ်ရ"ဟု တားမြစ်တော်မူကြောင်းဖြစ်သော သိက္ခာပုဒ်ပညတ်တော်ကို ယူမည်စိုးသောကြောင့် "အနနုညာတံ"ဟု အဓိပ္ပါယ်ဖွင့်သည်။] အနုယောဂ ါဒိ မုတ္တော — အနုယောဂ အစရှိသောကျောင်းတို့မှ လွတ်သော၊ အဝသေသာ ဝါသော - ကြွင်းသောနေရာ ကျောင်းသည်၊ ဝိဟာရောနာမ - ဝိဟာရမည်၏၊ အနုယောဂေ ါတိ-ကား၊ သုပဏ္ဏဝင်္ကဂေဟံ-ဂဠုန်တောင်အလား ၂ဖက်ထား အပ်သော အမိုးရှိသောကျောင်းတည်း၊ ပါသာဒေါတိ-ကား၊ ဒီဃပါသာဒေါ- ရှည်သော ပြာသာဒ်တည်း၊ ဟမ္မိယံတိ - ကား၊ ဥပရိ - အထက်၌၊ အာကာသ တလေ - လွင်ပြင်၌၊ (အမိုးမရှိသော ကြမ်းအပြင်၌)၊ ပတိဋ္ဌိတ ကူဋာဂါရော- တည်သော အထွဋ်ရှိသော၊ ပါသာဒေါယေဝ -ပြာသာဒ်ပင်တည်း၊ ["ပတိဋ္ဌိတ ကူဋာဂါရော"ဟု ဆိုသော်လည်း အထွဋ်အတက်မပါသော ပြာသာဒ်ဦးပြည်း ဟု ဖွင့်ခဲ့သည်၊ ထို့ကြောင့်" ပတိဋ္ဌိတော- သော၊ အကူဋာဂါရော - ကူဋာဂါရ မဟုတ်သော"ဟု ရှိလျှင် ကောင်းသည်၊ ဟမ္မိယံပုဒ်ဖွင့်ကို ပါရာဇိကကဏ်ဘာသာ ဋီကာ ဒုတိယ ကထိနသိက္ခာပုဒ်၌ ပြခဲ့ပြီ။]

× × × × × × ×

ဧတုဒ္ဒိစ် သေနာသနံ၊ ၊သေန္တိ ဧတ္တာတိ သေနံ၊ အာသန္တိ ဥပဝိသန္တိ ဧတ္တာတိ အာသနံ၊ သေနံစ—အိပ်ရာလည်း+အာသနံစ—ကပ်ဝင် ထိုင်နေရာလည်း၊ သေနာသနံ— အိပ်ရာ နေထိုင်ရာ၊ ဤ ဝစနတ္ထအရ သေနာသနသည် " ဝိဟာရ သေနာသန, မဉ္စပီဌ သေနာသန , သန္ထတသေနာသန , ဩကာသ သေနာသန "ဟု ၄ မျိုးရှိ၏၊ ထိုတွင် (၁) ဝိဟာရော, အနုယောဂေါ, ပါသာဒေါ, ဟမ္မိယံ, ဂုဟာတိ ဧွဒံ ဝိဟာရသေနာသနံ နာမ၊ (၂) မဉ္စော, ပီဌံ, ဘိသိ, ဗိမ္ဗောဟနံတိ ဣဒံ မဉ္စပီဌ သေနာသနံနာမ၊ (၃) စိမိလိ ကာ, စမ္မခဏ္ဍော, တိဏသန္ထာရော, ပဏ္ဏသန္ထာရောတိ ဣဒံ သန္ထတသေနာသနံနာမ၊ (အခင်းဖြစ်သော သေနာသန မည်၏၊) (၄) ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိ ဣဒံ ဩကာသသေနာသနံနာမ။

ဤ ပါဠိတော်အရ ရဟန်းတို့၏ ခေတ္တခဏပင် ဖြစ်စေကာမူ ကပ်ဝင်ရာဟူသမျှကို " ဩကာသ သေနာသန " ၌ သွင်းရသည်၊ ထို့ကြောင့် ပါဠိတော်၌ " အဗ္ဘောကာသ မာဌောပိ သေဏာမ္ပိ ဝေဠုဂုမ္ဗောပိ ရုက္ခမူလမ္ပိ မဏ္ဍပေါပိ သေနာသနံ၊ ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိ (နေးရှု သွားကြကုန်၏)၊ သဗ္ဗမေတံ သေနာသနံ " ဟု မိန့်သည်၊— သာရတ္ထ၊

ဂုဟာတိ- ကား၊ ဋင္ကဂုဟာ- အုဋ်ဖြင့်ပြုအပ်သော ဂူဂုဟာ- အုဋ်ဖြင့်ပြုအပ်သော ဂူ၊ သိလာဂုဟာ- ကျောက်ဖြင့်ပြုအပ်သော ဂူ၊ ဒါရုဂုဟာ - သစ်သားဖြင့်ပြုအပ်သော ဂူ၊ ပံသုဂုဟာ - မြေဖြင့်ပြုအပ်သော ဂူတည်း၊ အာဂတာ ၊ပေ၊ သံဃသာတိ- ကား၊ အာဂတဿစ-ဤကျောင်းသို့ရောက်သည်လည်းဖြစ်ထသော၊ အနာဂတဿစ-ဤကျောင်းသို့ မရောက်သည်လည်းဖြစ်ထသော၊ စတူသု ဒိသာသု-အရပ် ၄ မျက်နှာတို့၌၊ အပ္ပဋိဟတစာရဿ — မပိတ်ပင်အပ်သော လှည့်လည်ခြင်းရှိသော၊ စာတုဒ္ဒိသဿ - အရပ် ၄ မျက်နှာရှိသော၊ သံဃဿ-သံဃာ၏ အထံ၌၊

× × × × × × ×

အာဂတာ၊ပေ၊သံဃဿ။ ။ "အာဂတဿစ အနာဂတဿစ"ဟု စ သဒ္ဒါဖြင့် ဖွင့်သောကြောင့် အာဂတနှင့် အနာဂတကို ဒွန်သမာသ် ဟု ပြ၏၊ ဤ ဒွန်သမာသ်သည် သမာဟာရဖြစ်သော်လည်း ပုလ္လိန်ချရသော ဒွန်တည်း၊ ဥပမာ — " အံမော နိဂ္ဂဟီတံ ဈလပေဟိ"သုတ်၌ "အံ့မော" ပုဒ်ကဲ့သို့တည်း။

အာဂတ။ ။အာဂတအရ "တ"ပစ္စည်းအတွက် ကာလသာမန်အနက်ကို ယူလျှင် ပစ္စုပ္ပန် အတိတ် အနာဂတ် ၃ မျိုးနှင့်ဆိုင်၏၊ သို့သော် အနာဂတနှင့်တွဲသောကြောင့် အာဂတအရ ရောက်ပြီး ရောက်ဆဲ ၂ မျိုးကိုသာ ယူရတော့သည်၊ "ရောက်" ဟူရာ၌ လည်း ယခု ရေစက်ချမည့်ကျောင်းသို့ ရောက်ခြင်းတည်း၊ ထို့ကြောင့် "အာဂတာ နာဂတ"အရ ဤကျောင်းသို့ ရောက်ပြီး ရောက်ဆဲသာမက, ရောက်လတ္တံ့ အနာဂတ, မည်သည့်အခါမျှ ဤကျောင်းသို့ မရောက်သော, နောင်အခါလည်း ရောက်မည့်မဟုတ်သော အနာဂတ, သံဃာကိုလည်း ယူရ၏၊ ထိုသို့ယူမှသာ စာတုဒ္ဒိသ သံဃာပိုင်သော ကျောင်းဖြစ်နိုင်သည်။

မှတ်ချက်။ ။" အာဂတ "အရ ဤကျောင်းသို့ ပစ္စုပ္ပန်ရောက်ဆဲကိုသာ ယူလျှင် ဤကျောင်းပေါင်းခြောက်ဆယ် ရေစက်ချရာ၌ တပါးတလေမျှ ရောက်လျက် မရှိသေး သောကြောင့် အာဂတအတွက် အနက်မရှိရာရောက်လိမ့်မည်။

စာတုဒ္ဒိသဿ။ ။စတသော + ဒိသာ စတုဒ္ဒိသံ၊ စတုဒ္ဒိသံ+ ယဿ+ အတ္ထိတိ စာတုဒ္ဒိသော—လှည့်လည်ဘို့ရာအရပ် ၄ မျက်နှာရှိသောသံဃာ၊ (ဏ ပစ္စည်းဖြစ်၍ စာဋ္ဌ ဝုဒ္ဓိ၊) ဤသို့ သဒ္ဒတ္ထဖြစ်သော်လည်း "မပိတ်ပင်, မဆီးတားအပ်သော လှည့်လည်စရာ ရှိသော သံဃာ"ဟု အဓိပ္ပါယ်မှတ်စေလို၍ "စတူသု ဒိသာသု အပ္ပဋိဟတစာရဿ"ဟု ဖွင့်သည်၊ [သံဃာအားလုံး ရည်မှန်း၍ လှူဒါန်းရသောဌာန ဖြစ်သောကြောင့် "စာတု ဒ္ဒိသ "အရ လဇ္ဇီ အလဇ္ဇီ ဟု မရွေးရတော့, "မြဟ္မဝိဟာရ ဘာဝနာ၏ဖြန့်ရာ, အရပ် ၄ မျက်နှာ" ဟုလည်း အထူးမဖွင့်ရတော့, အရပ် ၄ မျက်နှာ၌နေသမျှ သံဃာသာမည ကိုသာ ယူရတော့သည်။ [န+ ပဋိဟတော အပ္ပဋိဟတော၊ အပ္ပဋိဟတော+ စာရော ယဿာတိ အပ္ပဋိဟတစာရော—မပိတ်ပင်အပ်သော လှည့်လည်ခြင်းရှိသောသံဃာ။]

မှတ်ချက်။ ။ အချို့နေရာ၌ကား " မေတ္တာ ကရုဏာ စသော ဗြဟ္မဝိဟာရ ဘာဝနာဖြင့် ဖြန့်အပ်ရာ အရပ် ၄ မျက်နှာရှိသော သူတော်သူမြတ်ကိုဂင်း, နိဿယည်း ယူဘွယ်မလိုသောကြောင့် ဆရာမထားဘဲ အလိုရှိရာသွားလာနိုင်သော နိဿယမုစ္စနက အင်္ဂါပြည့်သူကိုဂင်း "စာတုဒ္ဒိသ"ပုဂ္ဂိုလ်ဟု ခေါ်ရသေး၏။

(“ပတိဋ္ဌာပေဟိ-တည်စေလော”ဟူ၍စပ်၊) [“ စာတုဒ္ဒိသဿ-အရပ် ၄ မျက်နှာ၌ ဘည်သော၊ သံဃဿ - သံဃာအား၊ ပတိဋ္ဌာပေဟိ- တည်စေလော ”ဟု ရှေး ဋီကာဆရာများ ပေးကြ၏၊ ပတိပုဗ္ဗ ဌာဓာတ်က အာဓေရကိုသာ ငဲ့သည်၊ သမ္ပဒါန်ကို မငဲ့ပါ၊ ဥပ ရှေးရှိသော ဌာဓာတ်သာ ပြုစု လုပ်ကျွေးခြင်း အနက်ဟောရာ၌ သမ္ပဒါန်ကို ငဲ့သည်။]

အနုမောဒနဂါထာသု- အနုမောဒနာဂါထာတို့၌၊ (ကျောင်းလှူပြီးနောက် အဖန်ဖန် ဝမ်းမြောက်စေကြောင်း ဂါထာတို့၌၊) [အနုမောဒန္တိ တောဟီတိ အနုမောဒနာယော။] သီတံ ဥဏှံတိ — သီတံ ဥဏှံ ဟူသော စကားကို၊ ဥတု ဝိသဘာဂ ဝသေန- သဘောမတူသော ဥတု၏ အစွမ်းဖြင့်၊ (ဘာဂ ဝတာ)၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ သိသိရေစာပိ ဝုဋ္ဌိယောတိ ဧတ္ထ - သိသိရေစာပိ ဝုဋ္ဌိယော ဟူသော ဤပါဠိ၌၊ သမ္ဖုသိတကဝါတော-ပြင်းထန်သော မိုးရေမိုးပေါက် ရှိသောလေကို၊ [ဝိမတိ၌ “သမ္ဖုသိတကော ဝါတော”ဟု ရှိ၏။] သိသိရောတိ- သိသိရဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏၊ ဝုဋ္ဌိယောတိ - ကား၊ ဥဒကဝုဋ္ဌိယော ဧဝ —

× × × × × × ×

သီတံ ဥဏှံ။ ။သီတန္တိ အဇ္ဈတ္တဓာတုက္ခောဘ ဝသေန ဝါ ဗဟိဒ္ဓဥတုဝိပရိဏာမ ဝသေန ဝါ ဥပ္ပဇ္ဇနကသီတံ – အတွင်းဓာတ် ချောက်ချား၍ အေးစက်နေသည်ဖြစ်စေ အပြင်ဘက် ဥတု ဖောက်ပြန်သောကြောင့် အေးသည်ဖြစ်စေ အဇ္ဈတ်ဗာဟိ ၂ လီသော အအေးကို“သီတ”ဟု ဆိုသည်၊ ဥဏှန္တိ အဂ္ဂိသန္တာပံ၊ တဿ ဝနဒါဟာဒီသု သမ္ဘဝေါ ဒဋ္ဌဗ္ဗော၊ တတော ဝါတာတပေါ စသည်ဖြင့် လေ နေပူတို့ကြောင့်ဖြစ်သော အပူကို သီးခြားဆိုလတံ့ဖြစ်သောကြောင့် “ ဥဏှ ”အရ မီးပူကိုယူရသည်၊ ထို မီးပူသည်လည်း တောမီး အကြီးအကျယ်လောင်ရာဝယ် တောကျောင်းနှင့် ဝေးကွာစေကာမူ အပူရှိန် ဟပ်နိုင်၏၊ ကျောင်းတွင်းသို့ဝင်နေသောအခါ ထိုအပူရှိန်ကို ကာကွယ်နိုင်သည်။

သိသိရေစာပိ ဝုဋ္ဌိယော။ ။ဥတု ၆ ပါးတွင် “သိသိရဥတု”ဟု ဥတုတမျိုး ရှိ၏၊ ပြာသိုလပြည့်က တပေါင်းလပြည့်အထိ ၂ လတည်း၊ ထို သိသိရဥတု၌ မိုးပေါက်နှင့် တကွ တိုက်ခတ်သောလေကို“သိသိရေ ဇာတော သိသိရော”အရ သိသိရဟု ခေါ်သည်၊ ထို့ကြောင့် “ သိသိရောတိ သမ္ဖုသိတကဝါတော ဝုစ္စတိ ” ဟု အဋ္ဌကထာဖွင့်သည်။ [သိသိရေတိ သိသိရကာလဝသေန သတ္တာဟဝဒ္ဒလိကာဒိဝသေန စ ဥပ္ပန္နေ သိသိရ သမ္ဖဿေ၊– သာရတ္ထ။]

ဝိမတိ။ ။သိသိရေတိ သိသိရကာလေ ဟိမပါတဝသေန သတ္တာဟဝဒ္ဒလိကာဒိ ဝသေပါတဝသေန စ ဥပ္ပန္နေ ခရော သီတသမ္ဖဿော အဓိပ္ပေတောတိ အာဟ သမ္ဖုသိ တကောတိ၊ ဤ ဝိမတိအလို အဋ္ဌကထာ၌ “ သမ္ဖုသိတကော ဝါတော ”ဟု ရှေးပါဌ် ရှိဟန်တူသည်၊ ဤဋီကာတို့အရ “သမ္ဖုသိတကဝါတ”ဟူသည် “သံ–ပြင်းထန်သော+ ဖုသိတက–မိုးရေ မိုးပေါက်ပါရှိသော+ ဝါတ–လေတည်း။ [ယောဇနာ၌ကား– သံကို“သဟ အနက်ဟော”ဟု ကြံလေ၏၊] “ဝုဋ္ဌိ”ဟူသည်ကား ရွာရိုးရွာစဉ် မိုးပင် တည်း။ [ဝုဋ္ဌိယောတိ ယဒါ တဒါ ဥပ္ပန္နာ ဝဿဝုဋ္ဌိယော– အမှတ်မထား တပါးပါး သောအခါ၌ ဖြစ်သော မိုးရေတို့၊–သာရတ္ထ။]

ဖြောင့်ဖြောင့်မတ်မတ်ရှသော မိုယ်းရေတို့ပင်တည်း၊ ဧတာနိသမ္ဘာနိ-ဤအလုံးစုံသော ပုဒ်တို့ကို၊(သိတံ ဥဏှံစသော ပုဒ်အားလုံးတို့ကို၊)ပဋိဟန္တိတိ- ပဋိဟန္တိ ဟူသော၊ ဣမိနာ၀ ပဒေန-ဤတပုဒ်ထည်းဖြင့်သာ၊ ယောဇေတဗ္ဗာနိ-ကုန်၏။

ပဋိဟညတီတိ-ကား၊ ဝိဟာရေန - ကျောင်းသည်၊ ပဋိဟညတိ - တားမြစ်အပ်၏၊ လေဏတ္ထန္တိ-ကား၊ နိလီယနတ္ထံ-ကိန်းအောင်းခြင်း အကျိုးငှါ၊ သုခတ္ထန္တိ-ကား၊ သီတာဒိပရိဿယာဘာဝေန-အအေးအစရှိသော ဘေးရန်တို့၏ မရှိ

× × × × × × ×

ပဋိဟန္တိ။ ။ပဋိဟန္တိတိ ဗာဓတိ၊ [ပတိ+ဟန+တိ၊ ဓာတွန်ချေ၊နကို တိသို့ကပ်၍ “န္တိ”ဟု ဖြစ်သည်။] ယထာ တဒုဘယ၀သေန ကာယစိတ္တာနံ ဗာဓနံ န ဟောတိ၊ ဧဝံ ကရောတိ၊ သီတုဏှာဗ္ဘာဟတေ ဟိ သရီရေ ဝိက္ခိတ္တစိတ္တော ဘိက္ခု ယောနိသော ပဒဟိတုံ န သက္ကောတိ၊—သာရတ္ထ။

ဝါဠမိဂါနိစ။ ။စာအုပ်တို့၌“တတော ဝါဠမိဂါနိ”ဟု ရှိ၏၊ ဤတတောကို ရှေးဋီကာတို့ မဖွင့်ကြ၊ ယောဇနာ၌သာ“ပါဠိယံ တတောတိ ဗွေ တောပစ္စယော ပစ္စတ္တဗွေ ၀တ္တတိ၊ သော ဝိဟာရောတိ ဟိ အတ္ထော”ဟု ဖွင့်သည်၊ ဝိမတိ၌လည်း ဤတတောကို မဖွင့်၊ “တတော ဝါတာတပေါ ဃောရော”မှ တတောကိုသာ ဖွင့်၏၊ ထို့ကြောင့် ဤနေရာ၌ တတောသည် ရှေးပါဌ် ဟုတ်ဟန် မတူ၊ စကားတဆက်ထည်းတွင် တတော ၂ထပ် နီးကပ်စွာပါနေခြင်းလည်း အဆင်မပြေလှ၊ ထို့ကြောင့်“အထော ဝါဠမိဂါနိစ” ဟု ရှေးပါဌ် ရှိဟန်တူသည်၊“အထော—ထို့ပြင်”ဟု ပေး၊ သို့ဖြစ်လျှင်“ပဋိဟန္တိ ကြိယာ အတွက် အဘယ်က ကတ္တားရမည်နည်း”ဟု မေးဘွယ်ရှိ၏၊နာမယောဂ ကြိယာတွေ့လျှင် နာမကတ္တားမှာ သဘောအတိုင်း ပါပြီးဖြစ်၏၊ ကျောင်း အနုမောဒနာ ဂါထာဖြစ်သော ကြောင့် “ဝိဟာရော”ဟု ထည့်နိုင်ပါသည်။

သရီသပေစ မကသေ။ ။သရီရေန+သပန္တိ ဂစ္ဆန္တီတိ သရီသပါ၊ ဤဝိဂ္ဂဟ်အရ ကိုယ်ဖြင့်တွား၍ သွားတတ်သော မြွေစသော သတ္တဝါများကို ယူ၊ မကသေတိ နိဒဿနမတ္တမေတံ၊ ဍံသာဒီနမ္ပိ ဧတေနေ၀ သင်္ဂဟော ဒဋ္ဌဗ္ဗော၊ မကသ သဒ္ဒါကား ခြင်ကို ဟောရင်းတည်း၊ ထိုခြင်ကို နိဒဿနနည်းအားဖြင့် ညွှန်ပြထားသည်၊ ဍံသ—မှက် စသည်တို့ကိုလည်း ဤမကသသဒ္ဒါဖြင့် သိမ်းယူနိုင်ပါသည်၊—သာရတ္ထ။

တတော၊ပေ၊ပဋိဟညတိ။ ။ဝါတာတပေါ ဃောရောတိ ရုက္ခဂစ္ဆာဒီနံ ဥမ္မူလဘဉ္ဇနာဒိ၀သေန ပ၀တ္တိယာ ဃောရော သရဇအရဇာဒိဘေဒေါ ဝါတော စေ၀ ဂိမှပရိဠာဟသမယေသု ဥပ္ပတ္တိယာ ဃောရော သူရိယာတပေါစ ပဋိဟညတိ ပဋိဗာဟိယတိ၊— သာရတ္ထ၊ တတောတိ ဇာဒံ ကတ္တု၊အတ္ထေ နိဿက္က၀စနံ၊ တေန စ ဝိဟာရေန (သည်) ဝါတာတပေါ ပဋိဟညတီတိ အတ္ထောတိ အာဟ“ဝိဟာရေန ပဋိဟညတီ”တိ၊—ဝိမတိ၊ [ယခုခေတ်၌လည်း ဇုန္နိယာ၌ရှင်း , တချို့ နိုင်ငံ၌ရှင်း ငြိမ်း၍ မနိုင်အောင် မီးအကြီး အကျယ်လောင်၏၊ လူတွေကို သေစေနိုင်အောင် နေလည်းပူ၏၊ လေပူလည်းတိုက်၏။]

လေဏတ္ထံ ။ ။ ကိယာဒိ လီဓာတ်သည် “သိလေသန—တနေရာတည်း၌ ငြိကပ်ခြင်း”အနက်ဟောတည်း၊ လီယန္တိ နိလီယန္တိ ဧတ္ထာတိ လေဏံ၊ ယုပစ္စည်း, နကို ဏပြန်, ၌လေဏတ္ထံတိ နာနာရမဏတော စိတ္တံ နိ၀ တ္တေတွာ ပဋိသလ္လာနာရာမတ္ထံ၊—သာရတ္ထ။

ခြင်းကြောင့်၊ သုခဝိဟာရတ္ထံ-ချမ်းသာစွာနေရခြင်းအကျိုးငှါငှင်း။[ယောဇနာ၌ သုခတ္ထံဝယ် ဝိဟာရပုဒ်ကြေသည်ဟု ကြံ၍၊ သုခတ္ထံ ပုဒ်ရင်းကိုယ်က "ချမ်းသာခြင်း အကျိုးငှါ" ဟု ဆိုလျှင် " ချမ်းသာစွာ နေနိုင်ခြင်း အကျိုးငှါ " ဟူသော အဓိပ္ပါယ်နက် ရပြီးဖြစ်၏၊ ထို့ကြောင့်"အဓိပ္ပါယ်ထင်ရှားအောင်"ဝိဟာရ"ကို ဘည့်၍ အဋ္ဌကထာဖွင့်ဟန်တူသည်။]

ဈာယိတုံစ ဝိပဿိတုဉ္စ ဣဒံပိ ပဒဒွယံ-ဈာယိတုံစ ဝိပဿိတုံ ဟူသော ဤပုဒ် ၂ ပါး အပေါင်းကိုလည်း၊ သုခတ္ထဉ္စာတိ ဣမိနာဝ ပဒေန-သုခတ္ထဉ္စဟူသော ဤပုဒ်နှင့်ပင်၊ ယောဇေတဗ္ဗံ-ယှဉ်စေထိုက်၏၊ ဟိ-မှန်၊ ဣဒံ-ဤ အနက်အဓိပ္ပါယ်သည်၊ ဝါ-ကို၊ ဝုတ္တံ - ဆိုအပ်သည်၊ ဝါ - ဆိုလိုသည်၊ ဟောတိ၊ (ကိံ ဝုတ္တံ ဟောတိ၊) သုခတ္ထဉ္စ—ချမ်းသာခြင်း အကျိုးငှါလည်း၊ ဝိဟာရဒါနံ - ကျောင်း အလှူသည်၊ (ဟောတိ)၊ ကတမံ သုခတ္ထံ - အဘယ် ချမ်းသာခြင်း အကျိုးငှါ၊ (ဝိဟာရဒါနံ ဟောတိ)၊ ဈာယိတုံစ- သမထဘာဝနာကို ရှုခြင်းအကျိုးငှါငှင်း၊ ဝိပဿိတုံစ-ဝိပဿနာဘာဝနာအကျိုးငှါငှင်း၊ ယံသုခံ-အကြင်ချမ်းသာသည်၊ (အတ္ထိ)၊ တဒတ္ထံ - ထို ချမ်းသာခြင်း အကျိုးငှါ၊ (ဝိဟာရဒါနံ ဟောတိ၊ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ပြန်လှည့်ပါ)။

အထဝါ-ထို့ပြင် တနည်းကား၊ ပရပဒေနပိ-ဝိဟာရဒါနံဟူသော နောံပုဒ် နှင့်လည်း၊ ယောဇေတဗ္ဗံ— ယှဉ်စေထိုက်၏၊ ဈာယိတုံစ - သမထ ဘာဝနာကို ရှုခြင်းအကျိုးငှါငှင်း၊ ဝိပဿိတုံစ- ဝိပဿနာဘာဝနာ အကျိုးငှါငှင်း၊ ဝိဟာရဒါနံ- ကျောင်းအလှူကို၊ (ဝဏ္ဏိတံ- ချီးမွမ်းတော်မူအပ်ပြီ၊) [ဈာယိတုဉ္စ အဋ္ဌတ္တိံ သာရမဏောသု ယတ္ထကတ္ထစိ စိတ္တံ (စိတ္တေန-ဖြင့်, ဟု ထင်သည်၊)ဥပနိဇ္ဈာယိတုံ၊ ဝိပဿိတုဉ္စ အနိစ္စာဒိတော သင်္ခါရေ သမ္မသိတုံ၊ - သာရတ္ထ။] ဣဓ - ဤ ကျောင်း၌၊ ဈာယိဿန္တိ - သမထကမ္မဋ္ဌာန်းကို ရှုတော်မူကြကုန်လတ့်၊ ဝိပဿိဿန္တိ - ဝိပဿနာကို ပွားစေတော်မူကြကုန်လတ့်၊ ဣတိ - ဤသို့ နှလုံးသွင်း၍၊ ဒဒတော-ပေးလှူသော ဒါယကာ၏၊သံဃဿ-သံဃာတော်အား၊ ဝိဟာရဒါနံ- ကျောင်းလှူခြင်းကို၊ အဂ္ဂံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓေန - ဘုရားရှင်သည်၊ ဝဏ္ဏိတံ- ချီးမွမ်းတော်မူအပ်ပြီ၊ ဟိ-မှန်၊ သောစ ၊ပေ၊ ဥပဿယန္တိ - ဟူသော၊ ဧတံ—ဤ

× × × × × × ×

ဣဒံ ဟိ ဝုတ္တံ ဟောတိ။ ။သုခတ္ထံကို ဈာယိတုံ ဝိပဿိတုံနှင့် မတွဲဘဲ"သီတာဒိ ပရိဿယာဘာဝေန သုခဝိဟာရတ္ထံ" ဟု ပဌမ ဖွင့်ခဲ့သည်၊ ဈာယိတုံ ဝိပဿိတုံဟူသော ၂ ပုဒ်ကိုလည်း သုခတ္ထဉ္စ ဟူသော ရှေ့ပုဒ်နှင့်ပင် တွဲပါ၊ ကျောင်းအတွင်း၌ သမထ ကမ္မဋ္ဌာန်းကိုရှုခြင်း, ဝိပဿနာပွားစေခြင်း အကျိုးငှါ စိတ်ရောကိုယ်ပါ ပီတိပဿဒ္ဓိသုခ ဖြစ်ဘို့ရာ အခြေခံလို၏၊ ထိုသုခဖြစ်ဘို့ရာ ဝိဟာရဒါနသည် အခြေခံဖြစ်သည်၊ ထို့ကြောင့် "ဈာယိတုံ ဝိပဿိတုံကို သုခတ္ထံနှင့် အဓိပ္ပါယ်တွဲယူပါ"ဟူလို။

ဂါထာ စကားကို၊ (ဘဂဝတာ) ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ (သံယုတ္တနိကာယ် ဒေဝတာ သံယုတ်၌ ဟောတော်မူအပ်ပြီ)[ယော-အကြင် ဒါယကာသည်၊ ဥပ သယံ-မှီတင်း နေထိုင်ရာ ကျောင်းကို၊ ဒဒါတိ-ပေးလှူ၏၊ သောစ-ထိုဒါယကာ သည်ကား၊ သဗ္ဗဒဒေါ— အလုံးစုံကို ပေးလှူသည်မည်သည်၊ (ဗလ, ဝဏ္ဏ, သုခ, စက္ခု ၄ မျိုးလုံးကို ပေးလှူသည်မည်သည်၊) ဟောတိ။]

စ—ဆက်၊ ယသ္မာ-အကြင့်ကြောင့်၊ အဂ္ဂံ-အမြတ်ဆုံးဟူ၍၊ ဝဏ္ဏိတံ-ချီးမွမ်း တော်မူအပ်ပြီ၊ တသ္မာဟိ-ထို့ကြောင့်ပင်၊ပဏ္ဍိတော-ပညာရှိသော၊ ပေါသော- ယောကျ်ားသည်၊(ဝိဟာရေ-ကျောင်းတို့ကို၊ ကာရယေ-ဆောက်လုပ်စေရာ၏၊) ဣတိ—ဤသို့ အစရှိသော၊ ဂါထာ - ဂါထာသည်၊ (ဟောတိ)၊ ဝါသယေတ္ထ ဗဟုဿုတေတိ-ကား၊ ဧတ္ထ ဝိဟာရေ- ဤကျောင်း၌၊ ပရိယတ္တိဗဟုဿုတေစ— ပရိယတ်၌ များသော သုတရှိသော ပုဂ္ဂိုလ်တို့ကိုငင်း၊ ပဋိဝေဓ ဗဟုဿုတေစ- ပဋိဝေဓ၌ များသော သုတရှိသောပုဂ္ဂိုလ်တို့ကိုငင်း၊ ဝါသယေ-သီတင်းသုံးစေ ရာ၏၊ [ဋီကာ၌“ဧတ္ထ ဝိဟာရေသု” ဟု ရှိ၏၊ ရှေး၌ “ဝိဟာရေ ကာရယေ”ဟု ဗဟုဝုစ် ရှိသောကြောင့်ငင်း, ကျောင်းပေါင်း ၆၀ ကို အနုမောဒနာ ပြုသော ဂါထာဖြစ်သောကြောင့်ငင်း, ဋီကာပါဌ်က ကောင်းသကဲ့သို့ ထင်၏။]

တေသံ အန္နဥ္စာတိ- ကား၊ တေသံ-ထို ကျောင်း၌ သီတင်းသုံးသော ပုဂ္ဂိုလ် တို့အား၊ အနုကမ္ပကံ-လျောက်ပတ်သော၊ ယံအန္နဥ္စ-အကြင်စားဘွယ်သည်ငင်း၊ ယံပါနဥ္စ - အကြင် သောက်ဘွယ်သည်ငင်း၊ ယာနိဝတ္ထာနိစ — အကြင် အဝတ် သင်္ကန်းတို့သည်ငင်း၊ ယာနိ မဉ္စပီဌာဒိသေနာသနာနိ စ-အကြင် ညောင်စောင်း, အင်းပျဉ် အစရှိသော အိပ်ရာနေရာတို့သည်ငင်း၊ (သန္တိ- ရှိကုန်၏၊) တံ သဗ္ဗံ— ထိုအလုံးစုံသော စားဘွယ်သောက်ဘွယ် အဝတ် သင်္ကန်း, ညောင်စောင်း,အင်းပျဉ် အစရှိသောအိပ်ရာနေရာကို၊ ဥဇုဘူတေသု-ဖြောင့်မတ်သည်ဖြစ်၍ဖြစ်ကုန်သော၊ အကုဋိလစိတ္တေသု-မကောက်ကျစ်သောစိတ်ရှိကုန်သော၊တေသု-ထိုကျောင်းဝယ် သီတင်းသုံးသော ပုဂ္ဂိုလ်တို့၌၊ (ဒဒေယျ — ပေးလှူရာ၏၊) ဒဒေယျာတိ- ကား၊

× × × × × × ×

သောဝ သဗ္ဗဒဒေါ ဟောတိ။ ။ရှေး၌ နတ်တယောက်က “အဘယ်ကို ပေးလှူ သူသည် ဗလကို ပေးလှူပါသနည်း၊ အဘယ်ကို ပေးလှူသူသည် ဝဏ္ဏကို ပေးလှူပါ သနည်း၊ အဘယ်ကို ပေးလှူသူသည် သုခကို ပေးလှူပါသနည်း၊ အဘယ်ကို ပေးလှူသူ သည် စက္ခုကို ပေးလှူပါသနည်း” ဟု လျှောက်လာ၏၊ ထိုအခါ မြတ်စွာဘုရားသည်— “အန္နဒေါ ဗလဒေါ ဟောတိ,ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ၊ယာနဒေါ သုခဒေါ ဟောတိ, ဒီပဒေါ ဟောတိ စက္ခုဒေါ”ဟု မိန့်တော်မူပြီးလျှင် “ကျောင်းကို လှူသော ပုဂ္ဂိုလ်ကား ထိုပြခဲ့သော ၄ မျိုးလုံးကို လှူရာရောက်သည်” ဟု မိန့်တော်မူ၏၊ ထို့ကြောင့် “အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ”ဟု မိန့်သည်။

ဒိဒေဟယျ-မြုပ်နှံရာ၏၊ ["ဥဇုဘူတေသု"ဟူသော အာဓာရကိုင်း၌"နိဒဟေယျ" ဟု ဖွင့်ဟန်တူသည်၊ တေသံဟူသော သမ္ပဒါန်၏အစပ်ကိုကား"အနုဿရိက်"ဟု သည့်ခဲ့သည်။] တဒ္ဓ-ထို စားဘွယ်သောက်ဘွယ်စသောအလှူကိုလည်း၊ ဝိပ္ပသန္နေန -အထူးသဖြင့် ကြည်လင်သော၊ စေတသာ-စိတ်ဖြင့်၊("ဒဒေယျ-ပေးလှူရာ၏" ၌စပ်)၊ စိတ္တပ္ပသာဒံ- စိတ်၏ ကြည်လင်ခြင်းကို၊ ဝိရာဓေတွာ— ချွတ်ယွင်းစေ၍၊ န(ဒဒေယျ)-ပေးလှူရာသည် မဟုတ်၊ ဟိ-အကျိုးကား၊ ဧဝံ-၌သို့၊ ဝိပ္ပသန္နစိတ္တဿ-အထူးသဖြင့် ကြည်လင်သောစိတ်ရှိသော၊ တဿ—ထို ကျောင်းဒါယကာ အား၊ တေ-ထိုကျောင်း၌ သီတင်းသုံးသောပုဂ္ဂိုလ်တို့သည်၊ သဗ္ဗဒုက္ခာပနူဒနံ- အလုံးစုံသောဒုက္ခကို ပယ်နှုတ်နိုင်သော၊ ဓမ္မံ - တရားကို၊ ဒေသေန္တိ - ဟောကြ ကုန်၏၊ ယံ—ယင်းတရားကို၊ သော - ထို ကျောင်းဒါယကာသည်၊ ဣဓ- ၌ ဗုဒ္ဓ မြတ်စွာသာသနာတော်၌၊အညာယ-သိ၍၊အနာသဝေါ-အာသဝေါကင်းကွာ, ရဟန္တာပုဂ္ဂိုလ်သည်၊ (ဟုတွာ - ၍)၊ ပရိနိဗ္ဗာတိ - ပရိနိဗ္ဗာန်စံရ၏၊ ဣတိ— အပြီးတည်း။

အာဝိဋ္ဌနဆိဒ္ဒံ အာဝိဋ္ဌနရဇ္ဇုံတိ ဧတ္ထ - ဟူသော ၌ပါဠိ၌၊ ရဇ္ဇုနာမ-ကြိုး မည်သည်၊ ဒီဝိနဂ္ဂ္ဂ္ဂေန-သစ်အမြီးဖြင့်၊ ကတာ-ပြုအပ်သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဧဝံသတိပိ)-၌သို့ပင် ဖြစ်ပါသော်လည်း၊ ဝဋ္ဋတိယေဝ-အပ်သည်သာ၊ ကာစိ-တစုံတခုသော ကြိုးသည်၊ န ဝဋ္ဋတိ-မအပ် သည်ကား၊ န-မဟုတ်၊ ["သေနာသန အသုံးအဆောင်ဖြစ်၍ မအပ်သောပစ္စည်း မရှိ, သစ်သတ္တာ၏ အမြီးဖြစ်သော ကြိုးသော်မှလည်း အပ်၏" ဟူလို။] တိဏ္ဏံ တာဠနိတိ-ကား၊ တိဿော- ၃ ချောင်းကုန်သော၊ ကုဉ္စိကာယော - သံကောံ တို့ကို၊ ("အနုဇာနာမိ"၌စပ်)။

× × × × × × ×

အာဝိဋ္ဌနဆိဒ္ဒံ၊ ။အာဝိဋ္ဌနဆိဒ္ဒံတိ ယတ္ထအင်္ဂုလိံ ပဝေသေတွာ ဒွါရံ အာကဍ္ဎန္တာ ဒွါရဗာဟံ ဖုသာပေန္တိ၊ တသေ့တံ အမိဝစနံ – အကြင်အပေါက်၌ ကြိုးမရှိလျှင် လက်ချောင်းကိုသွင်း၍ (ကြိုးရှိလျှင် ကြိုးကွင်းကိုသွင်း၍) တံခါးရွက်ကို ဆွဲငင်လျက် တံခါးပေါင်နှင့် စေ့နေအောင် ပိတ်ရ၏၊ အာဝိဋ္ဌနဆိဒ္ဒ ဟူသော အမည်သည် ထို အပေါက်၏ အမည်တည်း၊—သာရတ္ထ။

အာဝိဋ္ဌနရဇ္ဇုံ၊ ။အာဝိဋ္ဌနရဇ္ဇုံတိ ကဝါဋ္ဋေယေဝ ဆိဒ္ဒံ ကတွာ တတ္ထ ပဝေသေတွာ ယေန ရဇ္ဇုကေန ကဍ္ဎန္တာ ဒွါရံ ဖုသာပေန္တိ၊ (ထိုစေ စေ့စေကြကုန်၏၊) တံ အာဝိဋ္ဌနရဇ္ဇုကံ၊—သာရတ္ထ။

မှတ်ချက်။ ။ အာဝိဋ္ဌနပုဒ်ဝယ် ယောဇနာ၌ အဝ+အဆိဓာတ်ကြ၍ အဝ၏ အကို ဒီဃ, အဆိ၏ အကို ဇုပြု(နိဂ္ဂဟိတ်လာ, ဥပြု၍) ရုပ်ပြီးစေ၏၊ မိမိကား-"အာ- ဝိဍ္ဎ+ဝိ-အထူးအားဖြင့်+အဋ္ဌန-ဆွဲငင်ကြောင်းကြိုး"ဟု ကြံလိုပါသည်။

ယန္တကံ သူစိကံတိ ဧတ္ထ - ဟူသော ဤပါဌ်၌၊ ယံယံ - အကြင် အကြင် အရာဝတ္ထုကို၊ ဇာနာတိ - ယန္တကဟု အများသိ၏၊ တံတံ - ထိုထို အရာဝတ္ထုသည်၊ ယန္တကံ-ယန္တကမည်၏၊ တဿ-ထို သော့ခလောက်အိမ်ကို၊ ဝိဝရဏာသူစိကဉ္စ-ဖွင့်ကြောင်းသော့တံကိုလည်း၊ ကာတုံ-ပြုခြင်းငှါ၊ ဝဋ္ဋတိ- အပ်၏၊ စေတိယေ-စေတီ၌၊ ဝေဒိကာသဒိသံ - အကာအရံနှင့်တူသော လေသောက်ပြူတင်းသည်၊ ဝေဒိကာဝါတပါနံနာမ- ဝေဒိကာဝါတပါန မည်၏၊ ဇာလကဗဒ္ဓံ- ဇာတို့ဖြင့် ဖွဲ့အပ်သော လေသောက်ပြူတင်းသည်၊ ဇာလဝါတပါနံနာမ - ဇာလဝါတပါနမည်၏၊ ထမ္ဘကဝါတပါနံ - ဒုတ်တိုင်တပ်အပ်သော လေသောက်ပြူတင်းသည်၊ သလာကဝါတပါနံနာမ-သလာကဝါတပါန မည်၏။

× × × × × × ×

ယန္တကံ, သူစိကံ ။ ။ ယန္တသဒ္ဒါသည် "စက်ယန္တြား" အနက်ကို ဟော၏၊ စက်ယန္တြားသည် လုံခြုံစေလိုအပ်သော အရာဝတ္ထုကို စောင့်ရှောက်တတ် သကဲ့သို့, ဤယန္တမည်သော အရာဝတ္ထုလည်း အိမ်ကျောင်းတို့ကို လုံခြုံအောင် စောင့်ရှောက်တတ်သောကြောင့် ယန္တနှင့် တူရကား ဥပမာ အနက်၌ ကပစ္စည်းသက်၍ "ယန္တမိဝ ယန္တကံ" ဟု ထောမနိမိပြု၏၊ ထို ယန္တကသည် ခလောက်ဆွဲသကဲ့သို့ ဆွဲတပ်ရသော ယန္တက, တံခါးရွက်၌ ဖွဲ့တပ်ရသော အိမ်ယန္တက, ဟု အမျိုးမျိုးရှိ၏၊ အချုပ်မှာ - သော့ခလောက် သော့အိမ်ပင်တည်း၊ ထိုကိုဖွင့်ကြောင်း သော့သည် အချောင်းကလေး ဖြစ်သောကြောင့် "ခုဒ္ဒိကာ+သူစိ-သူစိကာ "ဟု ဖြစ်၏။

မှတ်ချက်။ ။"ယံယံ ဇာနာတိ, တံတံ ယန္တကံ"ဟူသော အဖွင့်သည် ယန္တက သရုပ်မပေါ်သောကြောင့် ပါဌ်ပျက်ဟန်တူသည်၊"ယံယံ+တံတံ"ဟု ဝိစ္ဆာရှိခြင်းလည်း အဓိပ္ပါယ်မထူး၊ ထို့ကြောင့် "ယံ+ ယန္တယတိ- အကြင်အရာဝတ္ထုသည်+ တွန်းလိုက် တိုးလိုက် ဖြစ်တတ်၏၊ တံ+ ယန္တကံ "ဟု ရှိလျှင်ကောင်းမည်၊ သော့ခလောက်သည် သော့ဖြင့်လှည့်၍ ဖွင့်သောအခါ အတွင်းက ရှေ့တိုး နောက်ဆုတ် လုပ်တတ်၏၊ ယတိဓာတ်လည်း သင်္ကောစအနက်ကို ဟော၏၊ ["ဝိဝရဏာသူစိကဉ္စ ကာတုံ ဝဋ္ဋတိ "၌ ပါဠိတော်ဝယ် "အနုဇာနာမိ"ဟု စပ်ပုဒ်ကြိယာ တိုက်ရိုက်ပါသောကြောင့် "ကာတုံ ဝဋ္ဋတိ"ပိုဟန် တူသည်။]

စေတိယေ ဝေဒိကာသဒိသံ ။ ။ စေတိယေ ဝေဒိကာသဒိသံတိ ဝါတပါန ဗာဟာသု စေတိယေ ဝေဒိကာယဝိယ ပဋ္ဋကာဒီဟိ ဒဿေတွာ ကတံ၊- သာရတ္ထ၊.... စေတိယေ ဝေဒိကာသဒိသံတိ ဝါတဝါနဒါရုံဝါ (လေသောံပြူတင်း သစ်သားချောင်း ကိုသော်၎င်း) ဇာလံဝါ (ဇာပေါက်ကိုသော်၎င်း) အထပေတွာ (မတပ်မူ၍) ဒါရုဋ္ဌာနေ (သစ်သားတပ်ဘို့ နေရာ၌) စေတိယေ ဝေဒိကာယ (အကာ၏) ပဋ္ဋာဒိနိဝိယ (အပြား စသည်တို့ကဲ့သို့) ဇုဋ္ဌကာဒီဟိ ဥဒ္ဓံ တိရိယဉ္စ ပဋ္ဋကာဒယော ဒဿေတွာ စတုဆိဒ္ဒယုတ္တံ (ယခုခေတ်၌ အုဋ်အကွက်ကဲ့သို့ အကွက်ပေါက် ၄ ပေါက်ရှိအောင်) ကတံ၊-ဝိမတိ။

ထမ္ဘကဝါတပါနံ။ ။ထမ္ဘကဝါတပါနံ နာမ တိရိယံ ဒါရူနိ အဒတွာ ဥဇုကံ ဌိတေဟိ ဧဝ ဝေဏုသလာကာဒီဟိ ကတံ၊- သာရတ္ထ၊ ထမ္ဘကဝါတပါနံနာမ တိရိယံ ဒါရူနိ အဒတွာ (ဖီလာဒုတ်ချောင်းတို့ကို မတပ်ဘဲ) ဥဒ္ဓံ ထပိတဒါရူဟိ ဧဝ ကတံ၊-

စက္ကလိကန္တိ ဧတ္ထ-ဟူသော ဤပါဠိ၌၊ စောဠကပါဒပုဉ္ဆနံ-အဝတ်စုတ်တို့ဖြင့် ပြုလုပ်အပ်သော ကြိုးဝိုင်းခြေသုတ်ကို၊ ဗန္ဓိတုံ-ဖွဲ့တပ်ခြင်းငှါ၊ အနုဇာနာမိ-၏၊ ဣတိအတ္ထော-အနက်၊ ဝါတပါနဘိသိတိ-ကား၊ ဝါတပါနပ္ပမာဏေန-လေသောက်ပြူတင်း အတိုင်းအရှည်အားဖြင့်၊ ဘိသိံ-ဘုံလျှိုကို၊ ကတွာ-ပြု၍၊ ဗန္ဓိတုံ-ငှါ၊ အနုဇာနာမိ-၏၊ ဣတိအတ္ထော။

မိဒ္ဓန္တိ-ကား၊ မိဒ္ဓကံ-မြေကြီး, သစ်သားတို့ဖြင့်ပြုအပ်သောခုံငယ်ကို၊(“အနုဇာနာမိ ”၌စပ်၊) [မိဒ္ဓကန္တိ မဇ္ဈာကာရေန ကဋ္ဌမတ္တိကာဒီဟိ ကတဝေဒိကာကာခုံ- ညောင်စောင်းပုံသဏ္ဌာန်, ညောင်စောင်း အရွယ်အစားအားဖြင့် ပြုအပ်သော, သစ်သားခုံ , သို့မဟုတ် မြေညက်ခုံ အကျည်တည်း၊- ဝိမတိ၊ ဤနေရာ၌

× × × × × × ×

ဝိမတိ၊.... [ယခုအခါ အထက်အောက် သံချောင်းစိုက်ထားအပ်သော အလယ်တန်း (ဟင်းဂလိုင်း) မပါသော လေသောက်ပြူတင်းမျိုးတည်း၊ လေသေ့ာပြူတင်းပေါက်၌ လေဝင်အောင် ဇာကွက်, သစ်သားချောင်း, အုဌ်ကွက်တခုခု ပြုလုပ်ထားရသည်။]

ဥဒ္ဓါရနှင့် ဝါတပါန။ ။ပါဠိတော်၌ ဥဒ္ဓါရ–ဝါတပါန ၂ မျိုးရှိ၏၊ ထိုတွင် အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ + ဧတ္ထာတိ အာရံ၊ ဒွိန္နံ – ထွက်သူ ဝင်သူ ၂ ဘက်လူတို့၏၊ အာရံ–ဖြစ်ရာတံခါးပေါက်တည်း၊ ဥဒ္ဓါရံ-ပေါက်၊ အရဓာတ် ဂတိအနက်, ဏပစ္စည်း၊ ဒွိအာရမှ ဒွိကို ဒု, ဥကို ဝ ပြု၍“ဥဒ္ဓါရ”ဟု ဖြစ်သည်၊ ဤဝိဂ္ဂြိုဟ်အရ အဝင် အထွက် တံခါးမကြီးကို “ဥဒ္ဓါရ”ဟု ခေါ်ရ၏၊ ပြူတင်းပေါက်ကလေးများကိုကား “ဝါတံ + ပိဝတီတိ ဝါတပါနံ”ဟု ဝိဂ္ဂြိုဟ်ပြု၍ “ဝါတပါန”ဟု ခေါ်ရသည်။

စက္ကလိကံ။ ။စက္ကသဒ္ဒါသည် စက်ဝန်းအနက်ကို ဟော၏၊ ထို စက်ဝန်းသဏ္ဌာန်ရှိသော ခြေသုတ်ကို “စက္ကလိက” ဟု ခေါ်၏၊ အဝတ်စုတ် အဝတ်ဟောင်းတို့ကို ကြိုးကျစ်၍ ထိုကြိုးကို ရစ်ပတ် ဝိုင်းလိုက်သောအခါ ခြေသုတ်စရာအဝိုင်းဖြစ်၏၊ ထို ခြေသုတ်ကြိုးဝိုင်းသဏ္ဌာန်စက်ဝန်းကို လေသောက်ပြူတင်းပေါက်၌ တပ်ထားသောအခါ လေအနည်းငယ်ရ၍ လင်းနို့စသော အကောင်များလည်း မဝင်နိုင်သောကြောင့် လေသေ့ာပြူတင်းပေါက်၌ တပ်ထားဘို့ရန် ခွင့်ပြုတော်မူသည်။

ယောဇနာ။ ။ယောဇနာ၌-“စက္ကလိကံတိ ဧတ္ထ စက္ကာကာရေန+ အလတိ ပဝတ္တတီတိ စက္ကလံ၊ စောဠကပါဒပုဉ္ဆနံ၊ တေန ဗန္ဓိတဗ္ဗန္တိ စက္ကလိကန္တိ ဒဿေန္တော အာဟ စောဠကပါဒပုဉ္ဆနံ ဗန္ဓိတုန္တိ ” ဟု ဖွင့်၍ ဗန္ဓိတဗ္ဗအနက်၌ ဣကပစ္စည်းသက်ဟု ကြံလေသည်၊ ကာမသုခလ္လိကပုဒ်ကဲ့သို့ လိကပစ္စည်းသာ ဖြစ်သင့်သည်။ [စောဠ – အဝတ်+ က-စက်ဆုပ်၊ ထိုအဝတ်စုတ်တို့ကို ကြိုးကျစ်၍ ပြုလုပ်အပ်သော+ ပါဒပုဉ္ဆန-ခြေသုတ်။]

ဝါတပါနဘိသိံ။ ။ဘုံလျှိုလုပ်သောအခါ အပြင်ကအိတ်လုပ်၍ အတွင်း၌ အဆာသွင်းထားရ၏၊ ထို ဘုံလျှိုမျိုးကို လေသောက်ပြူတင်း၌ တပ်ထားသောအခါ လေလာလျှင် ဘုံလျှိုက ရမ်း၍နေသောကြောင့် လေဝင်၏၊ လင်းနို့ စသည်တို့လည်း ရုတ်တရက် မဝင်နိုင်ပါ။ [ရှေးက လေသောက်ပြူတင်းပေါက်အတွက် တံခါးရွက်ကို ခွင့်ပြုတော်မမူသေး၊ ဤသိက္ခာပုဒ်ရောက်မှ တံခါးရွက်ကိုလည်း ခွင့်ပြုတော်မူသည်။]

ဝေဒိကာသဒ္ဒါသည် မြေခုံ(အကျည်)အနက်ကိုဟော၏။] မိဒလမဋ္ဌကန္တိ-ကား၊ ဝေတ္တမဋ္ဌံ - ကြိမ်တို့ဖြင့် ခက်အပ်သော ညောင်စောင်းကို၊ ဝါ- တနည်း၊ ဝေဠု ဝိလီဝေဟိ-ဝါးနှီးတို့ဖြင့်၊ ဝီတံ-ရက်အပ်သော ညောင်စောင်းကို၊(အနုဇာနာမိ ဥစပ်၊ မိဒလမဋ္ဌကံနေရာဝယ် "ဝိဒလမဋ္ဌံ" ဟု အခြားနေရာ၌ ရှိ၏။)

စတုရဿပီဌံ - အညီအမျှ လေးထောင့်ရှိသော အင်းပျဉ်ကို၊ အာသန္ဒိကော တိ- အာသန္ဒိကဟူ၍၊ ဝုစ္စတိ- ၏၊ ဟိ - မှန်၏၊ [အာသန္ဒိကောတိ စတုရဿပီဌံ ဝုစ္စတိဟူသောစကားသည် မှန်၏၊] ဥစ္စကမ္ပိအာသန္ဒိကံတိ- ဥစ္စကမ္ပိ အာသန္ဒိကံ ဟူ၍၊ ဝစနတော-ဟောတော်မူခြင်းကြောင့်၊(ဤနေရာ၏နေသံနား၌ ဟောတော် မူခြင်းကြောင့်၊) ဧကတောဘာဂေန — အလျားတည်းဟူသော တဘက်သော အဘို့အားဖြင့်၊ ဒီဃပီဌမေဝ-ရှည်လျားသော အင်းပျဉ်သည်သာ၊(လေးထောင့် အညီအမျှမဟုတ်,အလျားရှည်သော အင်းပျဉ်သည်သာ၊)အဋ္ဌင်္ဂုလပါဒကံ-လက် ရှစ်သစ် အခြေရှိသောအင်းပျဉ်သည်၊ ဝဋ္ဋတိ - ၏၊ စတုရဿပီဌအာသန္ဒိကော ပန-လေးထောင့်ရှိသော အာသန္ဒိကအင်းပျဉ်သည်ကား၊ ပမာဏာတိက္ကန္တော-

× × × × × × ×

မိဒလမဋ္ဌကံ။ ။[ဝိ + ဒလဓါတ်, ကံဟော(က) ပစ္စည်းဟု ထောမနိမိဆို၏။] ဝိသေသေန + ဒလျတေ— ခွဲအပ်၏၊ ဣတိ ဝိဒလော – ကြိမ် , ဝါးတို့ဖြင့် ရက်ထားအပ် ခက်ထားအပ်သောကြောင့် စေ့၍(စိ၍)မနေဘဲ အထူး ခွဲထားအပ်သော ကြိသော ညောင်စောင်း၊ ဝ ကို ဗပြု၍ "ဗိဒလ"ဟု ဖြစ်သည်။

ဥစ္စကံပိ ၊ပေ၊ ဝေဒိတဗ္ဗော။ ။စမ္မက္ခန္ဓက ဥစ္စာသယန မဟာသယနကိုပြရာ အခဏ်း၌ လက်ရှစ်သစ်ထက်မြင့်သော အာသန္ဒိကကိုမအပ်ဟု ပယ်တော်မူခဲ့၏၊ ဤနေရာ ၌ကား "ဥစ္စကံပိ အာသန္ဒိကံ— လက်ရှစ်သစ်ထက် လွန်အောင်မြင့်သော အာသန္ဒိကကို လည်း"ခွင့်ပြုတော်မူပြန်၏၊ ထိုစကား ၂ ရပ်ကို အဘယ်သို့မှတ်ရမည်နည်းဟု မေးဘွယ် ရှိသောကြောင့် "ဥစ္စကံပိ" စသည်ကို မိန့်သည်၊ ထို ဥစ္စာသယနအခဏ်း၌ ပြအပ်သော အာသန္ဒိကသည် လေးထောင့်မဟုတ်, အလျားရှည်သော အာသန္ဒိကတည်း၊ ဤ၌ကား အလျားအနံ အညီအမျှ လေးထောင့်ရှိသောအင်းပျဉ်တည်း၊ ထို့ကြောင့်"လက်ရှစ်သစ် ထက် လွန်သော်လည်း အပ်သည် " ဟု ခွင့်ပြုတော်မူပြန်သည်၊ အချုပ်မှာ – အလျား ရှည်သော ဒီဃပီဌဖြစ်လျှင် လက်ရှစ်သစ်သာ အခြေရှိရမည်၊ စတုရဿပီဌအာသန္ဒိက ဖြစ်လျှင်ကား လက်ရှစ်သစ်ပမာဏထက် လွန်သော်လည်း အပ်ပါ၏—ဟူလို။

ဝိမတိ။ ။စတုရဿ ပီဌန္တိ သမစတုရဿံ၊ အဋ္ဌင်္ဂုလပါဒကံ ဝဋ္ဋတီတိ အဋ္ဌင်္ဂုလ ပါဒကမေဝ ဝဋ္ဋတိ၊ ပမာဏာတိက္ကန္တောပိ ဝဋ္ဋတီတိ သမစတုရဿမေဝ သန္ဓာယ ဝုတ္တံ၊ အာယတစတုရဿာ ပန သတ္တင်္ဂ ပဉ္စင်္ဂါပိ ဥစ္စပါဒါ န ဝဋ္ဋန္တိ၊ ဤဝိမတိ၌ " အဋ္ဌင်္ဂုလ ပါဒကမေဝ "ဟု ဧဝထည့်၍ ဖွင့်ခြင်းသည် အဋ္ဌင်္ဂုလပါဒက အတိက္ကန္တကို ကန့်မြစ်လို သောကြောင့်တည်း၊ " ဒီဃပီဌမေဝ "မှ ဧဝကိုယူ၍ဖွင့်ခြင်း မဟုတ်၊ ဒီဃပီဌမေဝ၌ ဧဝကား စတုရဿပီဌကို ကန့်မြစ်သော အဝဓာရဏတည်း၊ ယောဇနာ၌မူ ဒီဃပီဌ မေဝမှ ဧဝကိုအဋ္ဌင်္ဂုလပါဒကံနောင်ရွှေ့၍ ယောဇနာလေသည်။

လက်ရှစ်သင်ပမာဏကိုလွန်သည်၊ (သမာနော)ပိ-ဖြစ်ပါသော်လည်း၊ ဝဋ္ဋတိ-အပ်၏၊ ဣတိ ဝေဒိတဗ္ဗော။ [စတုရဿပီဌအာသန္ဒိကောနေရာဝယ် အချို့စာ၌ "စတုရဿအာသန္ဒိကော"ဟုသာ ရှိ၏။]

သတ္တင်္ဂေါနာမ — ခုနစ်ပါးသောအင်္ဂါရှိသော ညောင်စောင်း မည်သည်၊ တိသု-သုံးဘက်ကုန်သော၊ ဒိသာသု-အရပ်တို့၌၊ အပဿယံ-မှီရာကို၊ ကတွာ-ပြု၍၊ ကတမဉ္စော - ပြုအပ်သော ညောင်စောင်းတည်း၊ အယမ္ပိ - ဤ သတ္တင်္ဂ ညောင်စောင်းသည်လည်း၊ ပမာဏာတိက္ကန္တော — လက်ရှစ်သစ် ပမာဏကို လွန်သည်၊ (သမာနော)ပိ - လည်း၊ ဝဋ္ဋတိ - ၏၊ [ဤ၌လည်း "ပမာဏာတိက္ကန္တောပိ"ဟု သ ၀နာဇောတကပိသဒ္ဒါ ပါသင့်၏၊ စာအုပ်တို့၌ မပါ၊] ဝေတ္တမယံ-ကြိမ်တို့ဖြင့်ပြုအပ်သော၊ ဝါ-ကြိမ် အထည်ကိုယ်ရှိသော၊ ပီဌံ-အင်းပျဉ်ကို၊ ဘဒ္ဒပီဌန္တိ- ဟူ၍၊ ဝုစ္စတိ။

ပီဌိကာတိ - ကား၊ ပိလောတိကာဗဒ္ဓပီဌမေဝ - အဝတ်တို့ဖြင့်သာ ဖွဲ့ကြက်အပ်သော အင်းပျဉ်တည်း၊ ဒါရုပဋ္ဋိကာယ- သစ်သားပြား၏၊ ဥပရိ- အထက်၌၊ ပါဒေ-အခြေတို့ကို၊ ထပေတွာ - ထား၍၊ (ကတ ဉ္စပ်၊) ဘောဇနဖလကံဝိယ-ထမင်းစားရာ ပျဉ်ချပ်ကိုကဲ့သို့၊ ဝါ- စားပွဲကိုကဲ့သို့၊ ကတပီဌံ - ပြုအပ်သော အင်းပျဉ်ကို၊ ဧဠကပါဒပီဌံနာမ- ဧဠကပါဒပီဌမည်၏ဟူ၍၊ ဝုစ္စတိ၊ အာမလကာ

× × × × × × ×

သတ္တင်္ဂေါ။ ။သတ္တ + အင်္ဂါနိ + ယဿာတိ သတ္တင်္ဂေါ၊ ဦးခေါင်းဘက် ဘေး ၂ ဖက်တို့၌ မှီရာပျဉ်ချပ်ရှိသောကြောင့် ထို ၃ ဘက်နှင့်တကွ ခြေ ၄ ချောင်းပေါင်းလျှင် အင်္ဂါ ၇ ပါးရှိ၏ဟု ဆိုသည်၊ ထိုမှီရာ ၃ ဘက်ရှိသော ညောင်စောင်းမျိုးကို ယခုခေတ် မတွေ့ရ၊ ကြိမ်ကုလားထိုင်ကြီးများကား ဦးခေါင်းမှီစရာလည်းရှိ, ဝဲယာ၌ လက်တင်စရာလည်း ရှိသောကြောင့် "သတ္တင်္ဂ" ဟု ယူလျှင် သင့်မည်ထင်သည်၊ အယမ္ပိ၌ ပိဖြင့် စတုရဿအာသန္ဒိကကို ပေါင်း၊ ယောဇနာ၌ကား "အပေက္ခာ"ဟု ဆို၏။

ဘဒ္ဒပီဌံ။ ။ကောင်းမြတ်သောပီဌကို "ဘဒ္ဒပီဌ"ဟု ခေါ်၏၊ ဘဒ္ဒဉ္စ+တံ+ပီဌဉ္စာတိ ဘဒ္ဒပီဌံ၊ ထို ဘဒ္ဒပီဌလည်း ကြိမ်တို့ဖြင့် ခက်ရုံမျှသာမက အင်းပျဉ်တခုလုံး ကြိမ်တို့ဖြင့်ချည်း ပြုအပ်သောပီဌတည်း၊ ဝေတ္တေဟိယေဝ + ပကတံ ဝေတ္တမယံ-ကြိမ်တို့ဖြင့်သာ ပြုအပ်သောအင်းပျဉ်၊ တနည်း-ဝေတ္တံ + ပကတိ+ ယဿာတိ ဝေတ္တမယံ-ကြိမ် အထည်ကိုယ်ရှိသော အင်းပျဉ်။ [ဝေတ္တေဟေဝ စတုရဿာဒိအာကာရေန ကတံ ဘဒ္ဒပီဌန္တိ အာဟ "ဝေတ္တမယံ ပီဌ"န္တိ၊-ဝိမတိ။]

ဧဠကပါဒပီဌံ။ ။ဒါရုပဋ္ဋိကာယ ဥပရိတိ အဋ္ဌနိအာကာရေန ဌိတဒါရုပဋ္ဋလဿ ဟေဋ္ဌာ-အပေါင် အခြင်းအရာအားဖြင့် တည်သော သစ်သားလွှာ (သစ်သားပြား) ၏ အောက်၌ "ပါဒေ ထပေတွာ-ခြေတို့ကိုထား၍" ဉ္စပ်၊ ဤသို့ အပေါင်သစ်သားပြား၏ အောက်၌ ခြေတပ်ရမည်ဖြစ်လျှင် အဘယ့်ကြောင့် ဥပရိဟု ဆိုပါသနည်းဟု မေးဘွယ် ရှိသောကြောင့်"ဥဋ္ဌံ ပါဒံ ကတွာ ပဝေသနကာလံ ဟိ သန္ဓာယ ဥပရိတိ ဝုတ္တံ"ဟု ဝိမတိ

ကာရေန-ရှစ်ရှားသီး ပုံသဏ္ဌာန်အားဖြင့်၊ ယောဇိတံ-ယှဉ်စေအပ်သော၊ ဝါ-တပ်အပ်သော၊မဟုပါဒပီဌံ-များသောအခြေရှိသော အင်းပျဉ်သည်၊အာမလက ဝဋ္ဋကပီဌံနာမ-အာမလကဝဋ္ဋကပီဌမည်၏၊(ရှစ်ရှားသီးလုံးသဏ္ဌာန် ခြေထောက် များစွာပါသော အပိုင်းဖြစ်သော အင်းပျဉ်၊) တာဝ- ကြွင်းသော အင်းပျဉ်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာနိ— ညွှန်ပြအပ်ကုန်သော၊) ဣမာနိ- ဤ အင်းပျဉ်တို့သည်၊ ပါဠိယံ-၌၊ အာဂတပီဌာနိ-လာသော အင်းပျဉ်တို့တည်း၊ ပန-ဆက်၊ ဒါရုမယံ-သစ်သားဖြင့် ပြုလုပ်အပ်သော၊ သဗ္ဗံ-အလုံးစုံသော၊ ပီဌံ-သည်၊ (စားပွဲ ထိုင်ခုံ စသည်သည်၊) ဝဋ္ဋတိ- ၏၊ ဣတိ အယံ - ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ-ဤ အင်းပျဉ် အရာ၌၊ ဝိနိစ္ဆယော-အဆုံး အဖြတ်တည်း။

ကောစ္ဆန္တိ-ကား၊ ဥသီရမယံဝါ-ပန်းရင်းမြက်ဖြင့် ပြုအပ်သော ခတ်အခင်း သည်ရင်း၊ မုဉ္စပဗ္ဗဇမယံဝါ—ဖြူဆံမြက်, ပြိန်းမြက်ဖြင့် ပြုအပ်သော ခတ်အခင်း သည်ရင်း၊(“ဥပ္ပန္နံ ဟောတိ”၌စပ်)။[ပါဠိတော် နိဿယ၌“ခတ်”ဟု မခေါ်ဘဲ “ကပ်”ဟု စကား သုံး၏၊“အလယ်၌ ကျဉ်း၍ အထက်အောက်၌ ကျယ်ပြန့်သော ထိုင်စရာ အခင်းတမျိုး” ဟု ပါစိတ်ဘာသာဋီကာ ပဌမသေနာသန သိက္ခာပုဒ်၌ ပြခဲ့ပြီ။] အဋ္ဌဂ်ုလပရမံ မဉ္စပဋိပါဒကန္တိ ဧတ္ထ- ဟူသော ဤပါဌ်၌၊ မနုဿာနံ— လူတို့၏၊ ပမာဏင်္ဂုလေန -ပမာဏဖြစ်သော လက်သစ်သည်သာ၊ အင်္ဂုလံ— အင်္ဂုလမည်၏။

× × × × × × × ×

မိန့်သည်၊ အပေါင်သဏ္ဌာန်ရှိသော သစ်သားပြား၏အောက်က ခြေထောက်ထားရသော်လည်း အပေါင်သွင်းသောအခါ ခြေထောက်တို့ကို အထက်၌ထား၍ သွင်းရသောကြောင့် “ဥပရိ” ဟု ဆိုသတတ်၊ ထိုအင်းပျဉ်၏ ခြေထောက်သည် သိုး၏ နောက်ခြေထောက် ကဲ့သို့ ကော့သော ပုံသဏ္ဌာန်ရှိသောကြောင့်“ဧဠကပါဒပီဌံ”ဟု ခေါ်ရသည်၊ ဧဠကဿ ပစ္ဆိမပါဒဒ္ဒယံဝိယ ဝင်္ကာကာရေန ဌိတတ္တာ ပနေတံ ဧဠကပါဒပီဌန္တိ ဝုတ္တံ၊–ဝိမတိ။

အာမလက ဝဋ္ဋက ပီဌံ။ ။ ရိုးရိုး စားပွဲဝိုင်း၏အောက်၌ ခြေထောက်တပ်သောအခါ, ယခုခေတ် မျက်မြင် ခြေထောက်မျိုး မဟုတ်ဘဲ ရှစ်ရှားသီး ပုံသဏ္ဌာန် ရှိသော ခြေထောက်ကလေးတွေ သုံးလေးဆယ်လောက် တပ်ရသော အင်းပျဉ်သည် ရှစ်ရှားသီး ပုံသဏ္ဌာန် ခြေထောက်ပါရှိ၍ ဝိုင်းသောကြောင့်“အာမလကဝဋ္ဋကပီဌ”မည်၏။ [ဤသို့ ခြေထောက်များစွာပါရှိသောကြောင့်“ယောဇိတ”ကို “ဗဟုပါဒ”၌စပ်၍“ယောဇိတ ဗဟုပါဒပီဌံ ”ဟု ပါဌ်ရှိသင့်သည်၊ စာအုပ်တို့၌ “ယောဇိတံ”ဟု ရှိ၏။]

အဋ္ဌင်္ဂုလပရမံ။ ။ အဋ္ဌင်္ဂုလပရမံ၌ အင်္ဂုလံအရ“ဘုရားရှင်၏ လက်သစ်တော်ကို ယူရမည်လော,လူတို့၏ ရိုးရာလက်သစ်ကို ယူရမည်လော”ဟု မေးဘွယ်ရှိသောကြောင့် “ မနုဿာနံ ပမာဏင်္ဂုလေန အင်္ဂုလံ ” ဟု မိန့်သည်၊ ဧဝဖြင့် သုဂတင်္ဂုလကို ကန့်၊ စာအုပ်တို့၌“ပမာဏင်္ဂုလေန အဋ္ဌင်္ဂုလံ”ဟု တွေ့ရ၏၊ ရှေးနိဿယ၌လည်း “ပမာဏ င်္ဂုလေန–ပမာဏလောက်သော လက်ရှစ်သစ်သာလျှင်၊ အဋ္ဌင်္ဂုလံ–အဋ္ဌင်္ဂုလ မည်၏” ဟု ပေးသည်၊ မနုဿာနံကိုလည်း “ဝဍ္ဍကီမနုဿာနံ”ဟု ယောဇနာဖွင့်၏။

ပရိကမ္မကတာယ - ပြုအပ်ပြီးသော ပရိကမ်ရှိသော၊ ဘူမိယာ -မြေ၏၊ ဆဝိ သံရက္ခဏတ္ထာယ - အပေါ်ရေကို စောင့်ရှောက်ခြင်း အကျိုးငှါ၊ ဝါ - အဆင်း အရောင်ကို စောင့်ရှောက်ခြင်း အကျိုးငှါ၊ အတ္ထရဏံ—ခင်းအပ်သော အခင်းကို၊ ဖိမိလိကာနာမ- စိမိလိကာမည်၏ ဟူ၍၊ ဝုစ္စတိ။ [မြေကြီးပေါ်၌ ဋွေ့နီစသည် တို့ဖြင့် သုတ်လိမ်းမှုကို အဖန်ဖန် အထပ်ထပ် ပြုအပ်သောကြောင့် "ပရိကမ္မ"ဟု ခေါ်၏၊ ထိုသို့ ပရိကမ်ပြုအပ်သောမြေပေါ်၌ (သမံတလင်းပေါ်, ကြမ်းပေါ်၌) ဋွေ့နီရောင် ဆေးရောင် မပျက်အောင် စောင့်ရှောက်ခြင်းငှါ ဖျာ, သင်ဖြူး မခင်းမီ အောက်ခံအဖြစ်ဖြင့် ခင်းအပ်သော အခင်းသည် " စိမိလိကာ "မည်၏၊ ရှေးက"ပုဆိုးကြမ်းအခင်း"ဟု အနက်ပေးကြ၏။]

ရုက္ခတူလန္တိ-ကား၊ သိမ္ဗလိရုက္ခာဒီနံ-လက်ပန်ပင် အစရှိကုန်သော၊ ယေသံ ကေသဉ္စိ—အမှတ်မရှိ, ကြွင်းမဲ့ဥသုံ, အလုံးစုံကုန်သော၊ ရုက္ခာနံ-သစ်ပင်တို့၏၊ တူလံ-လဲတည်း၊ (ဝါဂွမ်းတည်း၊) လတာတူလန္တိ - ကား၊ ခီရဝလ္လိအာဒီနံ- အုန်မုံးနွယ် အစရှိကုန်သော၊ (ရှေးနိဿယ၌ "ကုန်းကြီး အစရှိကုန်သော" ဟု ပေး၏၊)ယာသံကာသဉ္စိ-အမှတ်မရှိ, ကြွင်းမဲ့ဥသုံ, အလုံးစုံကုန်သော၊ ဝလ္လီနံ- နွယ်တို့၏၊ တူလံ-လဲတည်း၊ (ဝါဂွမ်းတည်း၊)ပေါဋကိတူလန္တိ-ကား၊ ပေါဋကိ တိဏာဒီနံ-ပြိန်းမြက် အစရှိကုန်သော၊ (ရှေးနိဿယ၌ "ပေါင်ရိုးပေါင် အစရှိ ကုန်သော"ဟု ပေး၏၊) ယေသံကေသဉ္စိ—ကုန်သော၊ တိဏဇာတိကာနံ - မြက် အမျိုးရှိသော သစ်ပင်တို့၏၊ အန္တမသော — အောက်ထစ်ဆုံးအားဖြင့်၊ ဥစ္ဆု နဠာဒီနံပိ-ကြံ, ကျူ အစရှိသည်တို့၏လည်း၊ တူလံ-လဲတည်း၊(ဝါဂွမ်းတည်း)။ [ရှင်မွေးလွန်း မြက်တို့မှ ဖြစ်သော လဲလည်း ဤမြက်လဲ၌ ပါဝင်၏။]

တီဟိ-သုံးမျိုးကုန်သော၊ ဧတေဟိ-ဤလဲတို့ဖြင့်၊ သဗ္ဗဘူတဂါမာ-အလုံးစုံ သော ဘူတဂါမ်တို့သည်၊ ဝါ - တို့ကို၊ သင်္ဂဟိတာ - သိမ်းယူအပ်ပြီးကုန်သည်၊ ဟောန္တိ-နိ၏၊ (ကသ္မာ တီဟိ ဧတေဟိ သဗ္ဗဘူတဂါမာ သင်္ဂဟိတာ ဟောန္တိ- ဖြစ်ကုန်သနည်း၊ ဟိ(ယသ္မာ)-ကြောင့်၊ ရုက္ခဝလ္လိတိဏဇာတိယော - သစ်ပင်, နွယ်, မြက်အမျိုးတို့ကို၊ မုဉ္စိတွာ-လွှတ်၍၊ အညော-အခြားသော၊ ဘူတဂါမော နာမ-ဘူတဂါမ် မည်သည်၊ နတ္ထိ-မရှိ၊ တသ္မာ-ထို့ကြောင့်၊ (ထိုသို့ သစ်ပင် နွယ် မြက်မျိုးတို့ကိုလွှတ်၍ အခြားဘူတဂါမ် မရှိသည်၏အဖြစ်ကြောင့်၊)တီဟိ ဧတေ ဟိ သဗ္ဗဘူတဂါမာ သင်္ဂဟိတာ ဟောန္တိ၊ တသ္မာ-ကြောင့်၊ (ထိုသို့ ဤ ၃ မျိုး

× × × × × × ×

ပေါဋကိတူလံ။ ။ **ပေါဋကိတူလန္တိ ဧရကတိဏတူလံ၊ ပေါဋကိဂ္ဂဟဏေန္ဓေတ္ထ တိဏဇာတိနံ နိဒဿနမတ္တံတိ အာဟ-ယေသံကေသဉ္စိ တိဏဇာတိကာနန္တိ၊—သာရတ္ထ၊ ရုက္ခေ လတာစ မုဉ္စိတွာ အဝသေသံ ဂစ္ဆာဒိကံ သဗ္ဗမ္ပိ တိဏဇာတိ ဝေါတိ အာဟ— ယေသံကေသဉ္စိ တိဏဇာတိကာနန္တိ အာဒိ၊—ဝိမတိ၊ ဆိုလိုရင်းကား ရုက္ခတူလ,လတာ တူလတို့မှ ကြွင်းသမျှ လဲ,ဝါဂွမ်းတို့ကို"ပေါဋကိတူလ"၌ သွင်းယူရမည်—ဟုလို။**

တို့ဖြင့် အလုံးစုံသော ဘူတဂါမ်ကို သိမ်းယူအပ်ကုန်သည်၏ အဖြစ်ကြောင့်၊) ယဿကဿစိ — အမှတ်မရှိ, ကြွင်းမဲ့ဥဿုံ, အလုံးစုံသော၊ ဘူတဂါမဿ— ဘူတဂါမ်၏၊ တူလံ-လဲသည်၊ ဗိမ္ဗောဟနေ- ခေါင်းအုံးအရာ၌၊ ဝဋ္ဋတိ-အပ်၏၊ ပန—ဆက်၊ ဘိသိ°-ဘုံလျှိုအခင်းသို့၊(မွေ့ရာအိပ်ရာခင်း ပြုလုပ်ခြင်းသို့၊)ပါပုဏိတွာ-၍၊ ဝါ-လသော်၊ သဗ္ဗမ္ပိ- အလုံးစုံလည်းဖြစ်သော၊ တံ - ဤ သစ်ပင်လဲ, နွယ်လဲ, မြက်လဲ ဟူသမျှကို၊ အကပ္ပိယတူလန္တိ-မအပ်သော လဲဟူ၍၊ ဝုစ္စတိ-၏၊ စ-ဆက်၊ ကေဝလံ — လောမ မဖက် သက်သက်၊ ဗိမ္ဗောဟနေ — ခေါင်းအုံး၌၊ (ခေါင်း**အုံး**လုပ်ရာ၌၊)တော်တူလမေဝ- ဤလဲမျိုးသည်သာ၊ (ဝဋ္ဋတိ-အပ်သည်ကား၊)န-မဟုတ်သေး၊ ဟံသမောရာဒီနံ— ဟင်္သာ, ဥဒေါင်း အစရှိကုန်သော၊ သဗ္ဗသကုဏာနံ— အလုံးစုံသော ငှက်တို့၏ငှင်း၊ သီဟာဒီနံ - ခြင်္သေ့ အစရှိကုန်သော၊ သဗ္ဗစတုပ္ပဒါနဉ္စ-အလုံးစုံသော ခြေ ၄ ချောင်းရှိသော သတ္တဝါတို့၏ငှင်း၊ လောမမ္ပိ- အမွေးသည်လည်း၊ ဝဋ္ဋတိ-အပ်၏၊ ပန- ဗျတိရိက်၊ ပိယင်္ဂုပုပ္ဖဗကုဠပုပ္ဖါဒိ - ပျဉ်းပန်း, ခရေပန်းအစရှိသော၊ ယံကိဉ္စိ - အမှတ်မရှိ, ကြွင်းမဲ့ ဥဿုံ, အလုံးစုံသော၊ ပုပ္ဖံ-ပန်းသည်၊ န ဝဋ္ဋတိ—မအပ်၊(ခေါင်းအုံးအတွင်း၌ မသွင်းအပ်၊) [အဘိဓာန် နိဿယသစ်၌“ပိယင်္ဂု-ဥပါသကာပင်”ဟု ပေး၏၊“ဗကုလ-ချယားပင်”ဟုလည်း ပေးကြ၏။] တမာလပတ္တံ - ပန်းညိုရွက်သည်၊ သုဒ္ဓမေဝ— အခြား အရွက်တို့နှင့် မဖက် သက်သက်သည်သာ၊ န ဝဋ္ဋတိ-မအပ်၊ ပန-အနွယ၊ မိဿကံ - အခြားအရွက်တို့နှင့် ရောအပ်သော ပန်းညိုရွက်သည်၊ ဝဋ္ဋတိ - ၏၊ ဘိသီနံ - ဘုံလျှိုတို့၏၊ အနုညာတံ - ခွင့်ပြုတော်မူအပ်သော၊ ပဉ္စဝိဓံ - ငါးပါး အပြားရှိသော၊ဥဏ္ဏာဒိတူလမ္ပိ-သားမွေးအစရှိသောလဲသည်လည်း၊(ဗိမ္ဗောဟနေ—၌၊) ဝဋ္ဋတိ- အပ်၏၊ (ပဉ္စဝိဓဥဏ္ဏာဒိတူလလည်း နောက်၌ လာလတ္တံ့)။

အဍ္ဎကာယိကာနီတိ-ကား၊ ဥပဍ္ဎကာယပ္ပမာဏာနိ- ထက်ဝက်သော ကိုယ်ပမာဏရှိကုန်သော၊(ဗိမ္ဗောဟနာနိ ခာရေန္တိ—၌စပ်၊) ယေသု—ယင်းထက်ဝက် ကိုယ် ပမာဏရှိကုန်သော ခေါင်းအုံးတို့၌၊ ကဋိတော - ခါးမှ၊ ပဋ္ဌာယ - စ၍၊

× × × × × × ×

အဍ္ဎကာယိကာနိ။ ။ “အဍ္ဎော— ထက်ဝက်သော+ ကာယော— ကိုယ်တည်း၊ အဍ္ဎကာယော - ကိုယ်၊ အဍ္ဎကာယော + ပမာဏံ + ယေသန္တိ အဍ္ဎကာယိကာနိ” ဟု ပြု၍ ပမာဏအနက်၌ ဏိကပစ္စည်းသက်— ဟု သိစေလိုသောကြောင့် “ ဥပဍ္ဎကာယပ္ပမာဏာနိ”ဟု ဖွင့်သည်၊ ယောဇနာ၌ကား “ဥပဍ္ဎကာယပ္ပမာဏာနီတိ ဣမိနာ အဍ္ဎကာယိကာနီတိ ဧတ္ထ အဍ္ဎဿ ကာယဿ ပမာဏေန ကတာနိ အဍ္ဎကာယိကာနီတိ အတ္ထံ ဒဿေတိ ” ဟု ဖွင့်၏၊ ထိုအလို ပမာဏေနကတ အနက်၌ ဏိက သက်ပါ၊ [ယေသုကို “ယံသန္တာယဝုတ္တံ”၌ကဲ့သို့ အနက်ပေးပါသည်၊ ယောဇနာ၌ကား“ယေသု ဗိမ္ဗောဟနေသု ကဋိတော ပဋ္ဌာယ ယာဝသီသံ ဥပဒဟန္တိ၊ တာနိ ဗိမ္ဗောဟနာနိ အဍ္ဎကာယိကာနိနာမာတိ ယောဇနာ”ဟု နိယမဝါကျထည့်၍ ယောဇနာသည်။]

ယာဝသီသံ-ဦးခေါင်းတိုင်အောင်၊ ဥပဒဟန္တိ—ထားကြကုန်၏၊ [ဥပဒဟန္တီတိ ထပေန္တိ၊ -ဋီကာ၊] ယဿ - အကြင် ခေါင်းအုံး၏၊ ဝိတ္ထာရတော - အကျယ်အားဖြင့်၊ ဝါ-အနံအားဖြင့်၊ တိသု- သုံးထောင့်ကုန်သော၊ ကဏ္ဏေသု - အနားတို့တွင်၊ ဒွိန္နံ-နှစ်ထောင့်ကုန်သော၊ ကဏ္ဏာနံ - အနားတို့၏၊ အန္တရံ - အကြားအရပ်သည်၊ ဝါ-ကို၊ မိနိယမာနံ-တိုင်းတာအပ်သော်၊ ဝိဒတ္ထိစေဝ-တထွာသည်၎င်း၊ စတုရင်္ဂုလဉ္စ—လက်လေးသစ်သည်၎င်း၊ ဟောတိ-ရှိ၏၊ မဇ္ဈဋ္ဌာနံ - အလယ်အရပ်သည်၊ မုဋ္ဌိရတနံ-တောင်ဆုပ်အတိုင်းအရှည်ရှိသည်၊ ဟောတိ၊ ပန-အဘို့တပါး၊ ဒီဃတော-အလျားမှ၊ ဒိယနံ့ ရတနံဝါ-အခွဲအားဖြင့် ၂ တောင်ရှိသည်သော်၎င်း၊ ဝါ— တတောင့်ထွာ ရှိသည်သော်၎င်း၊ ဒွိရတနံဝါ— ၂ တောင်ရှိသည်သော်၎င်း၊ ဟောတိ-၏၊ (တံ-ထို ခေါင်းအုံးသည်၊) သီသပ္ပမာဏံနာမ—ဦးခေါင်း ပမာဏရှိသော ခေါင်းအုံးမည်၏၊ ဣတိ-သို့၊ ကုရုန္ဒိယံ-၌၊ ဝုတ္တံ-ပြီ၊ အယံ - ဤ အပိုင်းအခြားသည်၊ သီသပ္ပမာဏဿ - ဦးခေါင်း ပမာဏရှိသော ခေါင်းအုံး၏၊ ဥက္ကဋ္ဌပရိစ္ဆေဒေါ — အလွန်ဖြစ်သော အပိုင်း အခြားတည်း၊ ဣတော - ဤ အပိုင်းအခြားထက်၊ ဥဒ္ဓံ -အလွန်၊ ဝါ—အလွန် ပမာဏရှိသော ခေါင်းအုံးသည်၊ န ဝဋ္ဋတိ-မအပ်၊ ဟေဋ္ဌာ ပန- အောက်၌ကား၊ ဝါ-အောက် ပမာဏရှိသော ခေါင်းအုံးသည်ကား၊ ဝဋ္ဋတိ-၏။

× × × × × × ×

သီသပ္ပမာဏံ နာမ။ ။ " အနုဇာနာမိ ဘိက္ခဝေ သီသပ္ပမာဏံ ဗိမ္ဗောဟနံ ကာတုံ"ဟူသော ပါဠိတော်၌ သီသပ္ပမာဏကို ဖွင့်ပြလို၍ "သီသပ္ပမာဏံနာမ"စသည် ကိုမိန့်သည်၊ ထိုဝါကျ၌ " တိသုကဏ္ဏေသု ဒွိန္နံ ကဏ္ဏာနံ "၏ အဓိပ္ပါယ်ကို ယခုခေတ် အုံးနေကျ ခေါင်းအုံး အပြားကလေးကိုကြည့်၍ မသိနိုင်၊ ကျောင်းများ၌ ရှိတတ်သော အထက်အောက် ဘေး အညီအမျှရှိသော ၄ ထောင့် ခေါင်းအုံးကြီးကိုကြည့်မှ သိနိုင်မည်၊ မချုပ်မီ ၄ ထောင့် အဝတ်ကို ၃ ထောင့်သာရှိအောင် ထပ်လိုက်သော အခါ ထောင့် ၂ ထောင့်၏ အကြားသည် တထွာ လက်လေးသစ်ရှိ၍ ထပ်ထားအပ်သော အဝတ်၏ ခေါက်ရိုးကြောင်းနေရာ၌ တောင်ဆုပ်ပမာဏရှိရသည်။

ဝိမတိ။ ။သီသပ္ပမာဏံနာမ ယတ္ထ ဂီဝါယ သဟ သကလံ သီသံ ထပေတုံ သက္ကာ၊ တဿစ မုဋ္ဌိရတနံ ဝိတ္ထာရပမာဏန္တိ ဒဿေန္တော ဝိတ္ထာရတောတိ အာဒိမာဟ၊ ဣဒဉ္စ ဗိမ္ဗောဟနဿ ဥဘောသု အန္တေသု ထပေတဗ္ဗစောဠပ္ပမာဏဒဿနံ၊ တဿ ဝသေန ဗိမ္ဗောဟနဿ ဝိတ္ထာရပ္ပမာဏံ ပရိစ္ဆိန္ဒတိ၊ တံ ဝဋ္ဋံဝါ စတုရဿံဝါ ကတွာ သိဗ္ဗိတံ ယထာ ကောဋိတော ကောဋိ ဝိတ္ထာရတော ပုထုလဋ္ဌာနံ မုဋ္ဌိရတနပ္ပမာဏံ ဟောတိ၊ ဧဝံ သိဗ္ဗိတဗ္ဗံ၊ ဣတော အဓိကံ န ဝဋ္ဋတိ၊ တံ ပန အန္တေသု ထပိတစောဠံ ကောဋိယာ ကောဋိံ အာဟစ္စ ဒိဂုဏံ ကတံ တိကဏ္ဏံ ဟောတိ၊ တေသု တိသု ကဏ္ဏေသု ဒွိန္နံ ကဏ္ဏာန မန္တရံ ဝိဒတ္ထိစတုရင်္ဂုလံ ဟောတိ၊ မဇ္ဈဋ္ဌာနံ ကောဋိတော ကောဋိံ အာဟစ္စ မုဋ္ဌိရတနံ ဟောတိ၊ (အလယ်အရပ်သည် အစွန်းတခုမှ အစွန်းတခုအထိ ဓတောင်ဆုပ်ရှိ၏)၊ ဣဒမဿ ဥက္ကဋ္ဌပ္ပမာဏံ၊ တေနာဟ တီသု ကဏ္ဏေသူတိ အာဒိ။

အဂိလာနဿ-ဂိလာနမဟုတ်သော ပုဂ္ဂိုလ်အား၊ သီသုပဓာနဥ္စ-ဦးခေါင်းထားရာ ခေါင်းအုံးရင်း၊ ပါဒုပဓာနဉ္စ-ခြေတင်ရာ ခြေအုံးရင်း၊ ဣတိ-သို့၊ ဒွယမေဝ - ၂ ခုသောအုံးသည်သာ၊ ဝဋ္ဋတိ - အပ်၏၊ ဂိလာနဿ - ဂိလာနပုဂ္ဂိုလ်အား၊ ဗိမ္ဗောဟနာနိ-ခေါင်းအုံးတို့ကို၊ သန္ထရိတွာ-ဖြန့်ခင်း၍၊ဥပရိ-အထက်၌၊ ပစ္စတ္ထရဏံ - အပေါ်လွှမ်းအခင်းကို၊ ကတွာ - ပြု၍၊ နိပဇ္ဇိတုမ္ပိ - အိပ်ခြင်းငှါသော်မှလည်း၊ ဝဋ္ဋတိ - ၏၊ (သမ္ဘာဝနာပိဖြင့် "မှီ၍ထိုင်ခြင်းစသည်မှာ အထူးဆိုဘွယ်ရာမရှိ " ဟု ပြသည်၊) ပန - ဆက်၊ ဘိသီနံ - ဘုံလျှိုတို့၏အတွက်၊ အနုညာတာနိ- ခွင့်ပြုတော်မူအပ်ကုန်သော၊ ပဉ္စ- ငါးပါးကုန်သော၊ ယာနိ ကပ္ပိယတူလာနိ-အကြင်အပ်သော လဲတို့သည်၊ (သန္တိ)၊ တေဟိ-ထိုလဲတို့ဖြင့်၊ (ကတံ-ပြုအပ်သော၊) ဗိမ္ဗောဟနံ-ခေါင်းအုံးသည်၊ မဟန္တမ္ပိ - ပမာဏထက်ကြီးသော ခေါင်းအုံးသည်လည်း၊ ဝဋ္ဋတိ-အပ်၏၊ ဣတိ-ဤသို့၊ ဖုဿဒေဝတ္ထေရော-ဖုဿဒေဝထေရ်သည်၊ အာဟ - ပြီ၊ ပန - ဝါဒန္တရ၊ ဝိနယဓရဉပတိဿတ္ထေရော - ဝိနည်းမိုရ်ဖြစ်သော ဥပတိဿထေရ်သည်၊ ဗိမ္ဗောဟနံ-ကို၊ ကရိဿာမိ-ပြုအံ့၊ ဣတိ-ဤသို့ကြံ၍၊ ကပ္ပိယတူလံဝါ - အပ်သောလဲကိုသော်ရင်း၊ အကပ္ပိယတူလံဝါ-မအပ်သောလဲကိုသော်ရင်း၊ ပက္ခိပိတွာ- ထည့်၍၊ ကရောန္တဿ - ပြုသောရဟန်းအား၊ ပမာဏမေဝ - ပမာဏရှိသော ခေါင်းအုံးသည်သာ၊ ဝဋ္ဋတိ-၏၊ ဣတိ-ဤသို့၊ အာဟ-ပြီ၊ [ဤဝါဒကို နောက်ထားသောကြောင့် ဤဝါဒအတိုင်းသာ မှတ်ရသည်။]

ပဉ္စဘိသိယောတိ- ကား၊ ပဉ္စဟိ- ငါးမျိုးကုန်သော၊ ဥဏ္ဏာဒီဟိ- သားမွေးအစရှိသည်တို့ဖြင့်၊ ပူရိတဘိသိယော - ပြည့်စေအပ်သော ဘုံလျှိုတို့ကို၊ ("အနုဇာနာမိ"၌စပ်၊) ဟိ - ချဲ့၊ တူလဂဏနာယ - လဲတို့၏ အရေအတွက်အားဖြင့်၊ တာသံ-ဤ ဘုံလျှိုတို့၏၊ ဂဏနာ-အရေအတွက်ကို၊ (ဘဂဝတာ)၊ ဝုတ္တာ-ပြီ၊ [ဥဏ္ဏာစသည်ကို " တူလ "ဟု ခေါ်ထား၏၊ ထိုတူလတို့က ငါးမျိုးပြားသောကြောင့် "ပဉ္စဘိသိယော"ဟု ဘိသိငါးမျိုး အရေအတွက်ကို ဟောတော်မူထားသည်-ဟူလို။] တတ္ထ- ထို ငါးမျိုးသောလဲတို့တွင်၊ ဥဏ္ဏဂ္ဂဟဏေန- ဥဏ္ဏာသဒ္ဒါ

× × × × × × ×

အဂိလာနဿ၊ပေ၊ဝဋ္ဋတိ။ ။"ဂိလာနမဟုတ်လျှင် ခေါင်းအုံးနှင့်ခြေအုံး ၂ လုံးသာ အပ်၏" ဟု ဆို၏၊ ယခုအခါ ခြေအုံးကို အများအားဖြင့် အသုံးပြုလေ့ မရှိကြ၊ သို့သော် ခြေအုံးအစား ခေါင်းအုံးကို (ပါးနေသည့်အတွက်) ၂ လုံးထားကြ၏၊ ထိုသို့ထားခြင်းကြောင့်ကား အပြစ်မရှိတန်ရာ၊ စာ၌လာသော ခေါင်းအုံးသည် (အလုံးဖြစ်စေ, ၄ ထောင့်ဖြစ်စေ) မြင့်သောကြောင့် ၂ လုံးဆင့်၍မအုံးနိုင်၊ ယခုခေတ်ခေါင်းအုံးများကား နိမ့်သောကြောင့် ၂ လုံးဆင့်ရ၏၊ ယခုအခါလည်း စာလာအတိုင်းမြင့်အောင် ချုပ်၍ , ခေါင်းအုံးတလုံးသာ ထားလျှင် ကောင်း၏၊ သို့မဟုတ် အောက်က သက်နှီးစောင် စသည်ထား၍ တလုံးသာ အသုံးပြုလျှင်လည်း ကောင်းပေသည်။

ဖြင့်၊ ကေဝလံ-သက်သက်၊(ငွေကလောမမှ တပါးသော အခြားလောမ မဘက် သက်သက်)၊ ငွေကလောမမေဝ- သိုးမွေးကိုသာ၊ ဂဟိတံ- ယူအပ်သည်ကား၊ န-မဟုတ်သေး၊ ပန-အဟုတ်ကား၊ မနုဿလောမံ-လူ့အမွေးကို၊ ထပေတွာ- ၍၊ ယံကိဉ္စိ - အမှတ်မထား တပါးပါးသော၊ ကပ္ပိယာကပ္ပိယ မံသဇာတီနံ - အပ်သောအသားရှိသော သတ္တဝါမျိုး , မအပ်သော အသားရှိသော သတ္တဝါမျိုး ဖြစ်ကုန်သော၊ ပက္ခိစတုပ္ပဒါနံ - အတောင်ရှိသော သတ္တဝါ , ခြေလေးချောင်း ရှိသော သတ္တဝါတို့၏၊ လောမံ - အမွေးသည်၊ (အတ္ထိ)၊ သဗ္ဗံ - အလုံးစုံသော အမွေးကို၊ ဣဓ-ဤ ဘိသိကိုပြရာအခါ်း၌၊ ဥဏ္ဏာဂ္ဂဟဏေနေဝ- ဥဏ္ဏာသဒ္ဒါဖြင့် ပင်၊ ဂဟိတံ-ယူအပ်ပြီ၊ (ဥဏ္ဏာကို နိဒဿနနည်းအားဖြင့် ပြထားသည်- ဟူလို၊) တသ္မာ- ကြောင့်၊ ဆန္နံ - ခြောက်မျိုးကုန်သော၊ စီဝရာနံ - သင်္ကန်းတို့တွင်ငှင်း၊ ဆန္နံ-ကုန်သော၊ အနုလောမစီဝရာနဉ္စ - အနုလောမသင်္ကန်းတို့တွင်ငှင်း၊ အည တရေန- တပါးပါးသော သင်္ကန်းဖြင့်၊ ဝါ- တပါးပါးသောအဝတ်ဖြင့်၊ ဘိသိ ဉ္စပိ - ဘုံလျှိုရေကို၊ (မွေ့ရာအခွံကဲ့သို့ ဘုံလျှိုအခွံကို၊) ကတွာ-၍၊ တံ သဗ္ဗံ- ထို အလုံးစုံသောအမွေးကို၊ ပက္ခိပိတွာ-ထည့်၍၊ ဘိသိံ-ဘုံလျှိုကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ- ၏၊ ပန- အဘို့တပါးကား၊ ဠကလောမာနိ - သိုးမွေးတို့ကို၊ အပက္ခိပိ တွာ-မထည့်မူ၍၊ကမ္ဗလမေဝ -ကမ္ဗလာကိုသာ၊ဝါ-သဂလပ်ကိုသာ၊စတုဂ္ဂုဏံ ဝါ- လေးထပ်ကိုသော်ငှင်း၊ ပဉ္စဂုဏံ ဝါ- ငါးထပ်ကိုသော်ငှင်း၊ ပက္ခိပိတွာ-၍၊ ကတာပိ — ပြုအပ်သော ဘုံလျှိုသည်လည်း၊ ဥဏ္ဏာဘိသိသင်္ချံမေဝ — ဥဏ္ဏာဘိသိ ဟူသော အရေအတွက်သို့သာ၊ ဂစ္ဆတိ-ရောက်၏။

[ဥဏ္ဏာဘိသိကိုပြပြီး၍ စောဠဘိသိ အစရှိသည်ကိုပြလိုသောကြောင့် "စောဠ ဘိသိ အာဒီသု " အစရှိသည်ကိုမိန့်သည်။] စောဠဘိသိအာဒီသု - စောဠဘိသိ အစရှိသည်တို့တွင်၊ (" စောဠဘိသိ ဝါကဘိသိ " စသည်တို့၌စပ်)၊ (တနည်း) စောဠဘိသိအာဒီသု- တို့၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ယံကိဉ္စိ - အမှတ် မထား တပါးပါးသော၊ နဝစောဠံ ဝါ- အသစ်ဖြစ်သော အဝတ်ကိုသော်ငှင်း၊ ပုရာဏစောဠံ ဝါ - အဟောင်းဖြစ်သော အဝတ်ကိုသော်ငှင်း၊ သံဟရိတွာ ဝါ-

× × × × × × ×

ကမ္ဗလမေဝ ၊ပေ၊ ဂစ္ဆတိ။ ။ကမ္ဗလမေဝ ၊ပေ၊ ဥဏ္ဏာဘိသိ သင်္ချံမေဝ ဂစ္ဆတီတိ သာမညတော ဝုတ္တတ္တာ ဂေါနကာဒိ အကပ္ပိယမှိ (လက်လေးသစ်ထက်လွန်သောအမွေး ရှိသော သားမွေးအခင်း အစရှိသော အကပ္ပိယလည်းဖြစ်သော) ဥဏ္ဏမယတ္ထရဏံ ဘိသိ ယံ ပက္ခိပိတွာ သယိတုံ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ၊ – ဝိမတိ၊ အကပ္ပိယအခင်းကို ဘိသိအတွင်း သွင်း၍ထားမှ အပ်သည်၊ အပေါ်က အဝတ်ဖုံးထားရုံမျှဖြင့် မအပ်၊ ထို့ကြောင့် အချို့ ပုဂ္ဂိုလ်များသည် ခဋ္ဌင်ပေါ်၌ မခင်းကောင်းသော သားမွေးကော်ဇောကို ခဋ္ဌင်ပေါ်၌ ခင်း၍ အပေါ်က အဝတ်လွှမ်းရုံဖြင့် အိပ်တတ်ကြသည်၊ ဘုံလျှိုအတွင်း မသွင်းသော ကြောင့် ထိုကဲ့သို့ ခင်း၍မအိပ်ကောင်းဟု မှတ်ပါ။

ခေါက်၍သော်၎င်း၊ အန္တော - အတွင်း၌၊ ပက္ခိပိတွာဝါ - ထည့်၍သော်၎င်း၊ ကတာ-ပြုအပ်သောဘုံလျှိုကို၊ စောဠဘိသိတိ-စောဠဘိသိဟူ၍၊ (ဝေဒိတဗ္ဗာ)၊ [ပဏ္ဏာဘိသိတိ ဝေဒိတဗ္ဗာမှ "ဣတိ ဝေဒိတဗ္ဗာ"ကို ယူသည်။]

ယံကိဉ္စိ-သော၊ ဝါကံ- လျှော်မျှင်ကို၊ ပက္ခိပိတွာ- ၍၊ ကတာ- ပြုအပ်သော ဘုံလျှိုကို၊ ဝါကဘိသိတိ-ဟူ၍၊ ဝါ-လျှော်မျှင်ထည့်၍ ပြုအပ်သောဘုံလျှိုဟူ၍၊ (ဝေဒိတဗ္ဗာ)၊ [အုန်းဆံမွေ့ရာစသည်များလည်း ဤ ဝါကဘိသိ၌ပါဝင်သည်။] ယံကိဉ္စိ-သော၊ တိဏံ-မြက်ကို၊ ပက္ခိပိတွာ- ၍၊ ကတာ- ပြုအပ်သောဘုံလျှိုကို၊ တိဏဘိသိတိ — ဟူ၍၊ ဝါ — မြက်ကိုထည့်၍ ပြုအပ်သောဘုံလျှိုဟူ၍၊ (ဝေဒိတဗ္ဗာ)၊ သုဒ္ဓတမာလပတ္တံ - သက်သက်သော ပန်းညိုရွက်ကို၊ အညတြ - ကြဉ်ထား၍၊ ယံကိဉ္စိ- သော၊ ပဏ္ဏံ- သစ်ရွက်ကို၊ ပက္ခိပိတွာ - ၍၊ ကတာ-ကို၊ ပဏ္ဏဘိသိတိ-ဟူ၍၊ ဝေဒိတဗ္ဗာ၊ ပန-အဘို့တပါး၊ တမာလပတ္တံ-သည်၊ အညေန-အခြားသောအရွက်နှင့်၊ မိဿံ မေဝ - ရောနှောအပ်မှသာ၊ ဝဋ္ဋတိ - ၏၊ သုဒ္ဓံ - သက်သက်သော ပန်းညိုရွက်သည်၊ န ဝဋ္ဋတိ - မအပ်။

ဘိသိယာ - ဘုံလျှို၏၊ ပမာဏနိယမော - ပမာဏ၏ ပြဲသောအမှတ်အသားသည်၊ နတ္ထိ၊ မဉ္စဘိသိ - ညောင်စောင်း၌ ခင်းအပ်သောဘုံလျှိုင်း၊ ပီဌဘိသိ - အင်းပျဉ်၌ခင်းအပ်သော ဘုံလျှိုင်း၊ ဘူမတ္ထရဏဘိသိ - မြေအခင်းပေါ်၌ ခင်းအပ်သောဘုံလျှိုင်း၊ စင်္ကမနဘိသိ- စင်္ကြံပေါ်၌ ခင်းအပ်သောဘုံလျှိုင်း၊ ပါဒပုဉ္ဆနဘိသိ - ခြေသုတ်ကြောင်း ဘုံလျှိုင်း၊ ဣတိ - သို့၊ ဧတာသံ - ဤ ဘုံလျှိုတို့အား၊ အနုရူပတော- လျော်သောအားဖြင့်၊ သလ္လက္ခေတွာ- မှတ်သား၍၊ အတ္တနော-၏၊ ရုစိဝသေန-အလို၏အစွမ်းဖြင့်၊ ပမာဏံ-ကို၊ ကာတဗ္ဗံ-ပြုနိုင်၏၊ ပန-ဆက်၊ ဥဏ္ဏာဒိ-သိုးမွေး အစရှိသော၊ ယံ ဧတံ ပဉ္စဝိဓတူလမ္ပိ- အကြင် ငါးပါးအပြားရှိသော လဲသည်လည်း၊ ဘိသိယံ- ၌၊ ဝဋ္ဋတိ- ၏၊ တံ-ထို ငါးပါးအပြားရှိသော လဲသည်၊ မသူရကေပိ - သားရေဖြင့် ပြုလုပ်အပ်သော ဘုံလျှို၌လည်း၊ ဝဋ္ဋတိ၊ ဣတိ-သို့၊ ကုရုန္ဒိယံ- ၌၊ ဝုတ္တံ-ပြီ၊ ဧတေန-ဤ ကုရုန္ဒီအဋ္ဌကထာစကားဖြင့်၊ မသူရကံ-သားရေဘုံလျှိုကို၊ ပရိဘုဉ္ဇိတုံ-ငှါ၊ ဝဋ္ဋတိ- ၏၊ ဣတိ-ဤအနက်သည်၊ သိဒ္ဓံ- ပြီးသည်၊ ဟောတိ- ၏၊ [မသူရကေတိ စမ္မမယဘိသိယံ၊ စမ္မမယံ ပန ဗိမ္ဗောဟနံ တူလပုဏ္ဏမ္ပိ န ဝဋ္ဋတိ၊- ဋီမဟိ။]

မဉ္စဘိသိ° ပီဌေ သံဟရန္တီတိ- ကား၊ မဉ္စဘိသိ°- ညောင်စောင်း၌ ခင်းထိုက်သော ဘုံလျှိုကို၊ ပီဌေ - အင်းပျဉ်၌၊ အတ္ထရန္တိ - ခင်းကုန်၏၊ အတ္ထရဏတ္ထာယ- ခင်းခြင်းအကျိုးငှါ၊ သံဟရန္တိ- ဆောင်ကုန်၏၊ ဣတိပိ - ဤအနက်သည်လည်း၊

× × ⊠ × × ⊠ ×

မဉ္စဘိသိ° ပီဌေ သံဟရန္တိ၊ ၊မဉ္စေ + အတ္ထရိတဗ္ဗာ+ ဘိသိ မဉ္စဘိသိ၊ "ပီဌေ သံဟရန္တိ, ပီဌေ သန္ထရန္တိ"ဟု ပါဌ် ၂ မျိုးရှိ၏၊ ထိုတွင် "သန္ထရန္တိ"ပါဌ်သည် မူရင်း မဟုတ်၊ အကယ်၍ မူရင်းဖြစ်လျှင် "အတ္ထရန္တိ "ဟု ဖွင့်ဘွယ် မလို၊ "သံဟရန္တိ"သာ

ယုဉ္ဇတိ - သင့်၏၊ [အချို့စာ၌ ပိဋ္ဌမပေါ၊] ဥလ္လောကံ အကရိတွာတိ — ကား၊ ဟေဋ္ဌာ-အောက်၌၊ စိမိလိကံ-အဝတ်ကြမ်းကို၊ အဒတွာ-မပေးမူ၍၊ (“သန္တရန္တိ”၌စပ်၊) ဖေါသိတုန္တိ- ကား၊ ရဇနေနဝါ - ဆိုးရည်ဖြင့်သော်၎င်း၊ ဟလိဒ္ဒိယာဝါ- နနွင်းဖြင့်သော်၎င်း၊ ဥပရိ - အထက်၌၊ ဖုသိတာနိ - အပေါက်တို့ကို၊ ဒါတုံ-ပေးခြင်းငှါ၊ (အနုဇာနာမိ ၌စပ်၊) ဘတ္တိကမ္မန္တိ-ကား၊ ဘိသိစ္ဆဝိယာ-ဘုံလျှိုရေ၏၊ ဥပရိ-အထက်၌၊ ဘတ္တိကမ္မံ-အဆင်းအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်စွာ ပြုခြင်းကို၊ (အနုဇာနာမိ)၊ ဟတ္ထဘတ္တိန္တိ — ကား၊ ပဉ္စင်္ဂုလိဘတ္တိ — လက်ငါးချောင်းရာထင်အောင် ဆန်းကြယ်စွာ ပြုမှုကို၊ (အနုဇာနာမိ)။

× × × × × × ×

မူရင်းပါဠိ ဖြစ်စရာရှိသည်၊ ထို့ကြောင့် “သံဟရန္တိ – ဆောင်ကုန်၏” ဟု သဒ္ဒတ္ထဖြစ်သည်ကို “အတ္ထရန္တိ–ခင်းကုန်၏”ဟု အဓိပ္ပါယတ္ထဖွင့်သည်၊ “သံဟရန္တိ–ဆောင်ကုန်၏” ဟူရာဝယ် “ခင်းဘို့ရန် ဆောင်ကုန်၏” ဟု အနက်ဖြစ်သင့်သောကြောင့် “အတ္ထရဏတ္ထာယ သံဟရန္တိတိပိ ယုဇ္ဇတိ ” ဟု တနည်းဖွင့်သည်၊ အကယ်၍ “သန္တရန္တိ” ပါဠ်သာ မူရင်းဆိုလျှင် ဤနောက်အနက်ကို မဖွင့်နိုင်၊ ယောဇနာ၌ကား“သန္ထရန္တိ” ပါဠ်ကိုပင် မူရင်းဟု ယူဆ၍“အတ္ထရဏတ္ထာယ သံဟရန္တိတိ ယုဇ္ဇတီတိ ဣမိနာ အတ္ထရန္တိ ဧတ္ထ ကာရိယူပစာရေန အတ္ထော ဂဟေတဗ္ဗောတိ ဒဿေတိ၊ အတ္ထရဏာယ ဟိ သံဟရဏံ ကာရဏံနာမ၊ အတ္ထရဏံ ကာရိယံနာမ”ဟု ဖွင့်သွားလေသည်။

ပါဠိတော်။ ။ ပါဠိယံ သေနာသနပရိက္ခာရဒုဿံတိ သေနာသနပရိက္ခာရကရဏတ္ထာယ ဒုဿံ၊ ဘိသိံ ဩနန္ဓိတုံတိ ဘိသိတ္ထဝိကာယ ပက္ခိပိတွာ ဗန္ဓိတုံ၊ ပရိဘိဇ္ဇတီတိ မဉ္စာဒိတော သာရိယမာနာ (ရွှေ့စေအပ် = ရွှေ့အပ်သော်) ပိဋ္ဌကောဋိ အာဒိသု နိဿီဒန္တေဟိ ဃံသိယမာနာ (ပွတ်တိုက်အပ်သည်ဖြစ်၍၊) ဘိသိ ပရိဘိဇ္ဇတိ၊ ဩနဒ္ဓမဉ္စံတိ ဘိသိံ ဧကာဗဒ္ဓံ ကတွာ ဗဒ္ဓမဉ္စံ—ဝိမတိ။ [“ဩနဒ္ဓမဉ္စံ–ဖွဲ့ကြက်အပ်သောဘုံလျှို ရှိသော ညောင်စောင်းကို၎င်း၊ ဩနဒ္ဓပီဌံ–ဖွဲ့ကြက်အပ်သော ဘုံလျှိုရှိသော အင်းပျဉ်ကို၎င်း၊ အနုဇာနာမိ- ၏” ဟု ပေးပါ။]

ဥလ္လောကံ။ ။အခြားနေရာ၌ အထက်မျက်နှာကြက်ကို“ဥလ္လောက”ဟု ခေါ်၏၊ ဤနေရာ၌ ဘိသိ လျှောမကျဘို့ရန် အောက်ခံပြုကြောင်းဖြစ်သော အဝတ်ကို“ဥလ္လောက” ဟု ခေါ်သည်၊ ဘိသိက လျှောကျသောအခါ ညောင်စောင်း အင်းပျဉ်တို့၏ ဘေးသို့ (အဖျားသို့) ရောက်နေ၏၊ ထိုအခါ ထိုင်သောပုဂ္ဂိုလ်တို့က လျှောကျနေသည့်အတိုင်း အပေါ်က ထိုင်လျှင် စုတ်လွယ်၏၊ ထို့ကြောင့် ဘုံလျှိုလျှောမကျဘို့ရန် အောက်ခံအခင်းကို ခွင့်ပြုတော်မူ၍ ဘိသိကို ညောင်စောင်း အင်းပျဉ်ပေါ်၌ ခိုင်မြဲအောင် ဖွဲ့တုပ်ထားဘို့ရန် မိန့်တော်မူရသည်။

ဖေါသိတုံစသည်။ ။ခိုးသူတို့သည် ဘုံလျှိုအရေအခွံကို လုံချည် အင်္ကျီချုပ်ဘို့ရန် ဆောင်ယူသွားတတ်သောကြောင့် ဘုံလျှိုအရေကို ရဟန်းတို့ပစ္စည်းဟု အမှတ်အသား ပြုကြောင်းဖြစ်သော ဆိုးရည်ပေါက်, နနွင်းပေါက်များကို ပေးထားဘို့ရန် ခွင့်ပြုတော်မူရသည်၊ ထိုသို့ အမှတ်အသားပြုပါလျက် ခိုးကြပြန်သောကြောင့် “ ဘတ္တိကမ္မ (ဘိတ္တိ

ဇုဏ္ဍာသံတိ-ကား၊ ရက္ခနိယျာသံဝါ-သစ်စေးကိုသော်၎င်း၊ သိလေသံဝါ-အခြား အစေးကိုသော်၎င်း၊(အနုဇာနာမိ)၊ [“ရက္ခနိယျာသံ-သစ်ပင်ချည်ကို” ဟု ဧရှးနိဿယ၌ ပေး၏၊ ပါဠိတော်နိဿယ၌ “ဇတ္တုသံ-ချေးသစ်စေးကို” ဟု ပေး၏၊ တမာပင်စသည်မှ ထွက်နေသော အစေးကို“သစ်ပင်ချေး”ဟု ခေါ်ဟန် တူသည်။] ပိဋ္ဌမဒ္ဒံတိ—ကား၊ ပိဋ္ဌခလိံ - မုန့်ညက်ကစီရေကို၊ (အနုဇာနာမိ)၊ [ကြိတ်ချေအပ်သော မုန့်ညက်ကို “ ပိဋ္ဌ ”ဟု ခေါ်၏၊ ထို ပိဋ္ဌဖြင့် နယ်အပ်သော အရည်ကို“ပိဋ္ဌမဒ္ဒ”ဟု ခေါ်၏၊ “ကော်” ဟု ခေါ်အပ်သော ကစီရည်တည်း။] ကုဏ္ဍကမတ္တိကံတိ- ကား၊ ကုဏ္ဍကမိဿကမတ္တိကံ - ဆန်ကွဲဖြင့် ရောအပ်သော မြေညက်ကို၊(အနုဇာနာမိ)၊ သာသပကုဋ္ဋံတိ-ကား၊ သာသပပိဋ္ဌံ- မုန်ညင်းမှုန့်ကို၊(အနုဇာနာမိ)၊ သိတ္ထတေလကံတိ-ကား၊ ဝိလီနမဓုသိတ္ထကံ - ကျေမွသော ပျားဖယောင်းရည်ကို၊(အနုဇာနာမိ)၊ [ရှေးနိဿယ၌“ဖယောင်းဆီ ”ဟုလည်း ပေး၏။] အစ္စုဿန္နံ ဟောတိတိ-ကား၊ ဗိန္ဒုဗိန္ဒု - အပေါက် အပေါက်သည်၊ ဟုတွာ - ဖြစ်၍၊ တိဋ္ဌတိ — တည်၏၊ [ဗိန္ဒုဗိန္ဒု ဟုတွာတိ ဣမိနာ အစ္စုဿန္နံ

× × × × × × ×

ကမ္မ) = ဘုံလျှိုရေ၏အပေါ်၌ အဆင်းအမျိုးမျိုးပြုထားဘို့ရန် ခွင့်ပြုတော်မူရပြန်သည်၊ ထိုသို့ ပြုထားသော်လည်း ခိုးကြပြန်သောကြောင့် ဟတ္ထဘတ္တိကမ္မ (ဟတ္ထဘိတ္တိကမ္မ)– ဘုံလျှိုရေ၏အပြင်၌ လက်ဖြင့် တစုံတခုသောအမှတ်အသားကို ပြုထားဘို့ရန် ခွင့်ပြုတော်မူရပြန်သည်။ [ဤသိက္ခာပုဒ်ကို အဋ္ဌကထာ၌ မဖွင့်။] ထိုသို့ ပြုပါလျက် ခိုးကြပြန်သော ကြောင့် ဟတ္ထဘတ္တိ-လက်ရာထင်အောင် ပြုထားဘို့ရန် ခွင့်ပြုတော်မူရပြန်သည်။

ဝိမတိ ။ ။ ပါဠိယံ ဆဝိ ဥပ္ပါဋေတွာ ဟရန္တီတိ ဘိသိစ္ဆဝိ စောရာ ဟရန္တိ၊ ဖေါသိတံတိ စောရေဟိ ဟရိတဿ ပစ္စာဟရိတဿ ညာဏဖုသိတဗိန္ဒူနိ (ပြန်၍ဆောင်ယူ အပ်သော ဘိသိဟု အမှတ်အသားဖြစ်သော ရေပေါက်ကဲ့သို့သော အပေါက်တို့ကို၊) ဒါတုံ၊ဘတ္တိကမ္မံတိ နာနာဝဏ္ဏေဟိပိ ဘတ္တိရာဇိကရဏံ (ရေပေါက်ကဲ့သို့သောအပေါက် တို့ထက် ထင်ရှားအောင် ဘုံလျှိုအရေပေါ်၌ အရေးအကြောင်း ပြုမှုကို၊) ဟတ္ထကမ္မံတိ ဟတ္ထေန ယံကိဉ္စိ သညာကရဏံ- (ရာဇိကရဏထက်ပင်ပို၍ အဆင်းကိုပျက်စေနိုင်သော လက် ၅ ချောင်းရာထင်အောင် အမှတ်အသားပြုခြင်းကို။)

မှုကွဲ၊ ။စာအုပ်တို့၌“ဘတ္တိကမ္မံ=ဘိတ္တိကမ္မံ”ဟု ၂ မျိုးတွေ့ရ၏၊ “ဘိသိစ္ဆဝိယာ ဥပရိ ” ဟု အဋ္ဌကထာဆိုသောကြောင့် “ ဘုံလျှိုအခွံ၏ အထက် ” ဟု သိသာ၏၊ ထို အထက်၌ “ ဘိတ္တိ– နံရံ”မရှိ၊ “ဟတ္ထဘတ္တိံတိ ပဉ္စင်္ဂုလိဘတ္တိံ ” ဟု ဖွင့်သောကြောင့် “လက် ၅ချောင်းရာထင်ရှိနေသောနံရံ”ဟုလည်း အနက်မဖြစ်နိုင်၊ ထောမနိဓိ၌ ဘတ္တိ၏ အနက်များတွင် “တဒေကဝ+စိတြဝုတ္တိဘေဒ– ထို၏ တခုသောအဖို့၌+ဆန်းကြယ်စွာ ဖြစ်ခြင်းအထူး ” ဟူသော အနက်လည်း ပါ၏၊ ထို အနက်သည် ဤနေရာ၌ ဖြစ်သင့်၏၊ ထို့ကြောင့် “ဘတ္တိကမ္မံ, ဟတ္ထဘတ္တိံ”တို့သာ ပါဌ်မှန်တည်း၊ “ ဘတ္တိကမ္မံ – အဆန်း တကြယ်ပြုမှုကို၊ ဟတ္ထဘတ္တိံ– လက် ၅ ချောင်းရာထင်အောင် အဆန်းတကြယ်ပြုမှုကို” ဟု ပေးပါ။

ဟောတီတိ ဧတ္ထ ကာရဏူပစာရံ ဒဿေတိ၊ အစ္စုဿန္နဉှိ ကာရဏံ ဟောတိ၊ ဗိန္ဒုဗိန္ဒု ဟုတွာ ဌာနံ ကာရိယံ ဟောတိ၊-ယောဇနာ။] ပစ္စုဒ္ဓရိတုံတိ - ကား၊ ုဒ္ဓိတုံ-သုတ်ခြင်းငှါ၊ (အနုဇာနာမိ)၊ ဂဏ္ဍုမတ္တိကံတိ - ကား၊ ဂဏ္ဍုပ္ပါဒဂူထ မတ္တိကံ- တီ၏ ချေးဖြစ်သော မြေညက်ကို၊ (တီကျစ်စာကို၊ "ဒတ္တာ" ဌစပ်၊) ကသာဝံတိ - ကား၊ အာမလကဟရီတကာနံ - ရှစ်ရှားသီး ဖန်ခါးသီးတို့၏၊ ကသာဝံ-အဖန်ရည်ကို၊ (အနုဇာနာမိ)။

နဘိက္ခဝေ ပဋိဘာနစိတ္တံတိ ဧတ္ထ-ဟူသော ဤပါဌ်၌၊ ကေဝလံ-သက်သက်၊ (တိရစ္ဆာန်ရုပ် စသည် မဖက် သက်သက်၊) ဣတ္ထိပုရိသရူပမေဝ - မိန်းမရုပ်, ယောကျ်ားရုပ်သည်သာ၊ (န ဝဋ္ဋတိ) - မအပ်သည်ကား၊ န-မဟုတ်သေး၊ တိရစ္ဆာန ရူပမ္ပိ—တိရစ္ဆာန်ရုပ်ကိုလည်း၊ အန္တမသော—အဆုံး၌ ဖြစ်သော အပိုင်း အခြားအားဖြင့်၊ ဂဏ္ဍုပ္ပါဒရူပမ္ပိ - တီရုပ်ကိုလည်း၊ ဘိက္ခုနော - ရဟန်းအား၊ သယံ-ကိုယ်တိုင်၊ ကာတုံဝါ—ပြုခြင်းငှါ၎င်း၊ ကရောဟိ-ပြုလော၊ ဣတိ- ဤသို့၊ ဝတ္တုံဝါ-ပြောဆိုခြင်းငှါ၎င်း၊ န ဝဋ္ဋတိ-မအပ်၊ ဥပါသက - ဥပါသကာ၊ ဒွါရ ပါလံ-တံခါးစောင့် ရုပ်ကို၊ ကရောဟိ-ပြုလော၊ ဣတိ-ဤသို့၊ ဝတ္တုမ္ပိ-ပြောခြင်း ငှါလည်း၊ န လဗ္ဘတိ-မရအပ်။

ပန-အနွယ၊ ဇာတက၊ပေ၊ဒါနာဒီနိ—ဇာတ်တော်၏အရာဖြစ်သော အရုပ်, အသဒိသဒါနရုပ် အစရှိကုန်သော၊ ပသာဒနီယာနိ-ကြည်ညိုဘွယ် ကောင်းသော အရုပ်တို့ကို၎င်း၊ နိဗ္ဗိဒါပဋိသံယုတ္တာနိ-ငြီးငွေ့ခြင်းနှင့်စပ်ယှဉ်ကုန်သော၊ ဝတ္ထူနိ ဝါ-ဝတ္ထုအရုပ်တို့ကိုသော်၎င်း၊ ပရေဟိ-သူတပါးတို့သည်၊ ဝါ-တို့ကို၊ ကာရာ ပေတုံ-ပြုစေခြင်းငှါ၊ လဗ္ဘတိ-ရအပ်၏၊[ပရေဟိ ကာရာပေတုံတိ ဝုတ္တတ္တာ ဗုဒ္ဓ ရူပမ္ပိ သယံ ကာတုံ န လဗ္ဘတိ၊—ဝိမတိ။] မာလာကမ္မာဒီနိ- ပန်းပြောက်ထွင်းမှု အစရှိသည်တို့ကို၊ သယမ္ပိ-ကိုယ်တိုင်လည်း၊ ကာတုံ—ငှါ၊ လဗ္ဘတိ- ၏၊ [ပိဖြင့် သူတပါး ခိုင်းခြင်းကို ဆည်း။]

အာဠကမန္ဒာတိ- ကား၊ ဧကင်္ဂဏာ - တခုတည်းသော အပြင်ရှိကုန်သည်၊ မနုဿာဘိကိဏ္ဏာ-လူတို့ဖြင့် ရောပြွမ်းကုန်သည်၊(ဟောန္တိ)၊ တယော ဂဗ္ဘေတိ ဧတ္ထ-ဟူသော ဤပါဌ်၌၊ သိဝိကာဂဗ္ဘောတိ-ကား၊ စတုရဿဂဗ္ဘော - လေး

× × × × × × ×

ကရောဟိ၊ပေ၊နလဗ္ဘတိ။ ။ကရောဟီတိဝတ္တုမ္ပိန လဗ္ဘတီတိ အာဏတ္တိယာဝေ- တိုက်ရိုက်စေခိုင်းခြင်းကိုသာ၊ ပဋိက္ခိတ္တတ္တာ—ပယ်မြစ်တော်မူအပ်သည်၏အဖြစ်ကြောင့်၊ ဒွါရပါလံ—တံခါးစောင့်ရုပ်ကို၊ ကိံ နကရောသိ-အဘယ့်ကြောင့်မပြုသနည်း၊ ဣတိ အာဒိ နာ—ဤသို့ အစရှိသော၊ ပရိယာယေန— ပရိယာယ်အားဖြင့်၊ ဝတ္တုံ ဝဋ္ဋတိ၊— ဝိမတိ။

ဧကင်္ဂဏာ ။ ။ ကျောင်းကို ခွင့်ပြုတော်မူရာ၌ အကာ မပါသေးသောကြောင့် ကျောင်းဆောင်မဟုတ်သော မြေအရပ်နှင့် တပြင်တည်းဖြစ်နေ၏၊ ထို့ကြောင့်"မနုဿာ ဘိကိဏ္ဏာ-လူတို့ဖြင့် ရောပြွမ်းသည်"ဟုဆိုသည်၊ ထိုသို့ဧကင်္ဂဏာမဖြစ်အောင် ယခုခေတ်

ထောင့်ရှိသော အခန်းဘည်း၊ နာဠိကာဂဗ္ဘေ ဘတိ-ကား၊ မိဍ္ဍာရတော - အနံ ထက်၊ ဒွိ ရတနံ အာယာမတော - ၂ ဆ သုံးဆ အလျားရှိသော၊ ဒီဃဂဗ္ဘော- ရှည်သော အခန်းတည်း၊ ဟမ္မိယဂဗ္ဘော ဘတိ-သည်ကား၊ အာကာသတလေ ဟင်လင်းအပြင်၌(အမိုးမရှိသော လွင်ပြင်၌)၊ ကူဋာဂါရဂဗ္ဘော ၀ါ - အထွတ် နှိသော အိမ်ဟူသော အခန်းငယ်၊ မုဏ္ဍစ္ဆဒန ဂဗ္ဘော ၀ါ-အထွတ်မမှီး ဦးပြည်း အမိုးရှိသော အခန်းငယ်တည်း၊

ကုလင်္ကပါဒကံတိ-ကား၊ ရုက္ခံ-အနှစ်ရှိသောသစ်သားကို ဝိနိဝိဇ္ဈိ-ထွင်း၍၊ တသ္မိ- ထို သစ်သားပေါက်၌၊ (သစ်သားတပေါက်တပေါက်၌)၊ ခါဒကေ- အနှစ်၌ရှိသော ငုတ် ၂ ခုတို့ကို၊ အာကောဋေတွာ-စိုက်နှက်၍၊ ကတံ-ပြုအပ်သော နံရံအခြေ ကို၊(အနန္တရနာဒိ)၊ အာဟရိမံ-ပြောင်းရွှေ့ရကောင်းသော၊တံဘိတ္တိ ပါဒံ- ထိုနံရံအခြေကို၊ ဝိဒ္ဓကုဋ္ဋပါဒသ- ဆွေးမြေ့သော နံရံခြေကို၊ ဥပတ္ထမ္ဘန္နံ- ထောက်ခံခြင်းအကျိုးငှါ၊ ဘူမိယံ-မြေပေါ်၌၊(တည်ရာကြမ်းပြင်စသည်၌)၊ ပတိဋ္ဌာပေတုံ- တည်စေခြင်းငှါ၊ အနုဇာနာမိ-၏၊ ဣတိ အတ္ထော၊ ပရိဗ္ဗာဏာ

x x x x x x x

အကာနေရာ၌“ဟိရော ကရုဏီ”ကို ခွင့်ပြုတော်မူ၏၊ ရှေးက အဝတ်အကာကို တင်းတိမ် ဗောင်ကြီးတွေကာသောကြောင့်“တင်းတိမ် ကန့်လန့်ကာ”ဟု ခေါ်ကြ၏၊ [ကေဂံကာ တိ အဝိဟာရဋ္ဌနေနေ သဓာနဘူမိဘာဂါ၊-ယောဇနာ၊]

ကုလင်္ကပါဒကံ၊ ။“ကုင္ကုက်ပါဒကံ”ဟုလည်း သီဟိုဠ်မူ၌ရှိသတတ်၊ အခန်း၏ မူလ နံရံခြေ ဆွေးနေသောကြောင့် ထိုနံရံခြေ၏ အောက်က ထောက်ထားဘို့ရန်ဖြစ်သော အခြေကို“ကုလင်္ကပါဒက”ဟု ခေါ်သည်၊ ထိုနံရံခြေလုပ်ပုံကို ပြလို၍ “ရုက္ခံ ဝိနိဝိဇ္ဈိတွာ” စသည်ကိုမိန့်သည်၊ တော်တော်တန်တန်ဖြင့် မဆွေးနိုင်သောသစ်သားပြားကို သင့်တော် သလောက် အပေါက်ဖေါက်၍(အရှား ၂ ဘက်၏ အနီးအပါး၌ ဖြစ်စေ , ထိုနေရာ နှင့်တကွ အလယ်ခေါင်ပါဖြစ်စေ,အပေါက်ဖေါက်၍) ထိုအပေါက်တခုတခု၌ သစ်သား ငုတ် ၂ ခုကို ရိုက်ထားရမည်၊ ထိုသို့ပြုပြီးနောက် ဆွေးသော နံရံခြေ၏ အောက်၌ ထား ရသည်၊ ထိုအခါ ဆွေးသော နံရံခြေကို ထိုငုတ်များ၏ အပေါ်၌ တင်ထားရသည်၊ ထိုသို့ ပြုသောအခါ ဆွေးမြေ့သော နံရံခြေလည်း နောက်ထပ် မဆွေးနိုင်တော့၊ မူလနံရံခြေက အတော်ဆွေးပြီးသား ဖြစ်လျှင်လည်း ဆွေးသောနေရာကို ဖြတ်ပြီးမှ တင်ထားရမည်။ [ရုက္ခံ ဝိနိဝိဇ္ဈိတွာတိ တန္တိ ဘာသာရဒါရုံ အဂ္ဂသမီပေ ဝိဇ္ဈိတွာ ဆိဒ္ဒေ ကတွာ ကပ္ပကတံ ဝိယ သာရဒါရုမေဝ အာကောဋေတွာ၊ ဝံကတမေဝ အာဟရိမံ ဘိတ္တိပါဒံတိ ဝုတ္တံ၊ ဥပတ္ထမ္ဘနတ္ထံ ဘူမိယံ ပတိဋ္ဌာပေတုန္တိ ဝိဒ္ဓဘိတ္တိပါဒေန ဗဟိ သမာနဘာဂံ ခါဒကာ ငါသေနေ ဥဿာပေတွာ မူလေန ဘူမိယံ ပတိဋ္ဌာပေတုံ၊ ဝိမတိ၊]

ပရိဗ္ဗာဏကေကိဋိကံ၊ ။ပရိဗ္ဗာဏကန္တိ ဥလ္လိတ္တာဝလိတ္တကုဋ္ဋဿ ဩဝဿနန္ဒာန ဿ ပရိဗ္ဗာဏကာနံ၊ ကိဋိကန္တိ တာလပဏ္ဏာဒီဟိ ကတပဒလံ၊- ဝိမတိ၊ ဋီကာကျော်၌ “အင်္ဂတေသုတ်သဘင်အပ်သော နံရံကို မိုးပက်လျှင် ဘေးရောင်ပျက်မည် မိုးသောကြောင့် ထန်းလက်ပြား စသည်တို့ဖြင့် ကာထားရန် ခွင့်ပြုတော်မူသည်”ဟု ဆိုပါ၏

ကိဋ္ဌိကံတိ –ကား၊ ဝဿပရိပ္ပာကဇာတ္တံ– မိုးရေကို စောင့်ရှောက်ခြင်းအကျိုးငှါ၊ ကိဋ္ဌိကံ– ထန်းရွက်စသည်ဖြင့် ပြုအပ်သော အပြားကို၊ ဝါ-ကဲလားကို၊ (နံရံ၏ ဘေးပတ်ပတ်လည်က ကဲလားထောင်ထားခြင်းကို)(အနုဇာနာမိ)၊ဥဒ္ဒသုဓံတိ-ကား၊ ဝစ္ဆကဂေါမယေန စေဝ– နွားငယ်၏ ချေးနှင့်၎င်း၊ ဆာရိကာယစ– ပြာနှင့်၎င်း၊ သဒ္ဓိံ-တကွ၊ မဒ္ဒိတမတ္တိကံ-နယ်အပ်သော မြေညက်ကို၊(အနုဇာနာမိ)။

ပမုခံ-အဦး အစ မုခ်ကို၊ ဝါ – ဆင်ဝင်ကို၊ အာဠိန္ဒောနာမ – အာဠိန္ဒမည်၏ ဟူ၍၊ ဝုစ္စတိ-၏၊ ယံ-အကြင် အရပ်ကို၊ နိက္ခမန္တာစ-ကျောင်းမှ ထွက်သူတို့သည် ၎င်း၊ ပဝိသန္တာစ- ကျောင်းတွင်းသို့ ဝင်သူတို့သည်၎င်း၊ ပါဒေဟိ – ခြေတို့ဖြင့်၊ ဟနန္တိ-ညှဉ်းဆဲကုန်၏၊(ညှဉ်းဆဲနှိပ်စက်ရာရောက်ကုန်၏)၊(တံ-ထိုအရပ်သည်)၊ ပဃနံနာမ—ပဃနမည်၏၊ ဇတံ-ဤပဃနဟူသော အမည်သည်၊ ပိဟာရဒွါရေ-ကျောင်းခန်းမဆောင် တံခါး၌၊ ဥဘတော-၂ ဖက်၌၊ ကုန္ဒံ-နံရံကို၊ နီဟရိတွာ-ထုတ်၍၊ ကတပဒေသဿ — ပြုအပ်သော အရပ်၏၊ အဓိဝစနံ - အမည်တည်း၊ ပဃနံတိပိ-ပဃနဟူ၍လည်း၊ ဝုစ္စတိ-၏၊ မဇ္ဈေ ဂဗ္ဘဿ - အလယ်တိုက်ခန်း၏၊ သမန္တာ-ပတ်ဝန်းကျင်၌၊ပရိယာဂါရော-လှည့်လည်နိုင်သော ကျောင်းဆောင် ကို၊ ပကုဋ္ဋန္တိ — ဟူ၍၊ ဝါ - အပြင်နံရံရှိသော ကျောင်းဆောင်ဟူ၍၊ ဝုစ္စတိ။]

× × × × × × ×

မဒ္ဒိတ မတ္တိကံ။ ။မဒ္ဒိတ မတ္တိကံတိ ဩဝဿန ဆိဒ္ဒဿ ပိဒဟနတ္ထံ ဝုတ္တံ၊–ဝိမတိ၊ ဤဋီကာကိုထောက်၍ နံရံ၌ ပြူတင်းပေါက်ကဲ့သို့ အပေါက်များကိုပိတ်ဘို့ရန် ခွင့်ပြုတော်မူအပ်သော အပြားကို " ဥဒ္ဒသုဓံ " ဟု ခေါ်သည်။ " ဥဒ္ဒသုဓံ– အထက်၌ အင်္ဂတေ မြေညက်ရှိသော အကာကို"ဟု ပေးပါ။

ပဃနံ။ ။"ယံ ပါဒေဟိ ဟနန္တိ"ကို ကြည့်၍ "ပါဒေဟိ + ဟညတေတိ ပဃနံ" ဟု ပြု၊ ထွက်ကုန် ဝင်ကုန်သူတို့သည် ဝင်ခါနီး၌၎င်း , ထွက်ခါစ၌၎င်း ခြေနင်းရာအရပ် တည်း၊ ဆရာတော်၏ အဘိဓာန် နိဿယသစ်၌ "ခွေးအိပ်ခြေနင်းခုံ" ဟု မိန့်၏၊ ယခု အခါ ခြေသုတ်ဖုံထားရာ အရပ်မျိုးတည်း၊ ထိုခြေနင်းခုံသည် ကျောင်းခန်းမဆောင်၏ တခါးပေါက်ဝယ် ထားရသောကြောင့် " ဝိဟာရဒွါရေ၊ပေ၊အဓိဝစနံ " ဟု မိန့်သည်၊ "ဝိဟာရဒွါရေ"၏ ရှေ့နား၌ "တဿ" ဟု ရှိသည်ကား ပိုဟန်တူသည်၊ ရှေးနိဿယ ၌ကား "တဿ ကတပဒေသဿ–ထို ပြုအပ်သောအရပ်၏"ဟု ပေး၏။

ဥဘတော၊ပေ၊ပဒေသဿ။ ။ ဥဘတော၊ပေ၊ ပဒေသဿာတိ ယထာ ဗဟိ ဋ္ဌိတာ ဥဇုကံ အန္တော နိသိန္နေ နပဿန္တိ၊ဇဝံ ဒွါရာဘိမုခံ ပိဒဟနဝသေန (တံခါးပေါက်၏ရှေးရှုအရပ်ကိုပိတ်ခြင်း၏အစွမ်းဖြင့်) ဘိတ္တိံ စ အညတော ဒွါရဥ္စ (အတွင်းနံရံ၌ တံခါး အပေါက်ကို၎င်း) ယောဇေတွာ ကတဋ္ဌာနံ ဝဒတိ၊– ဝိမတိ၊ ဤစကားကို ထောက်၍ တံခါးပေါက်၏ ရှေးရှုတည့်တည့် အရပ်၌ ထောင်ထားအပ်သော အပြင်နံရံနှင့် အတွင်း နံရံ ၂ ခုကို"ဥဘတောကုဋ္ဋ"ဟု ဆိုသည်၊ ဤစကားအရ–"ထိုခွင့်ပြုချိန်၌ အဝင်တံခါး ပေါက်ဝယ် တံခါးရွက်မရှိသေးသောကြောင့် ဤဥဘတောကုဋ္ဋကို ခွင့်ပြုတော်မူသည်" ဟု မှတ်ပါ။

[သမန္တာ ပရိယာဂါရောတိ သမန္တတော အာဝိဒ္ဓမုခံ၊-ဝိမတိ၊ အလယ်အခန်း၏ ဘေးပတ်ဝန်းကျင်၌ ထုတ်ချင်းပေါက်လှည့်လည်၍ရသော စမုခ်တည်း၊ အတွင်း ဆောင်မကျောင်းကို လှည့်လည်၍ ရသောကြောင့် "ကျောင်းလည်" ဟု လည်း ခေါ်၏၊ ပါဠိတော် နိဿယ၌ကား "ကြောင်လည်" ဟု ပေး၏၊ "ပကုဋ္ဋ- ကျောင်းလည်ကိုရင်း၊ ဝါ-ကြောင်လည်ကိုရင်း"ဟု ပေးပါ။]

ဩသာရကန္တိ- ကား၊ အနာဠိန္ဒကေ - အဥုးစမုခ်မရှိသော၊ ဝိဟာရေ - ၌၊ ဝံသံ-ဝါးကို၊ ဒတွာ-ပေး၍၊ [ယခုအခါ၌ကား ဝါးအစား သစ်သားရိုက်ထား သည်။] တတော-ထိုဝါးတန်းမှ၊ ဒဏ္ဍကေ-ဝါးတံတို့ကို၊(သစ်သားဒုတ်တို့ကို)၊ ဩသာရေတွာ - အောက်သို့ချ၍၊ ကတဆဒနပမုခံ - ပြုအပ်သော အမိုးရှိသော အဥုးစမုခ်တည်း၊ သံသရဏကိဋိကော နာမ- က မည်သည်၊ စက္ကလယုတ္တော- စက်ဘီးနှင့်ယှဉ်သော၊ ကိဋိကော-ကဲလားတည်း။

× × × × × × ×

ဩသာရကံ။ ။ ဝံသံ ဒတွာတိ ပုရိသပ္ပမာဏေ ပါဒေ နိခဏိတွာ (တရပ်တသူ မြင့်သောအခြေတို့ကိုတူးစိုက်၍) တေသံ ဥပရိ ပိဋ္ဌိဝံသသဒိသံ ပဿဝံသံ (နံရံ၌ ဝါးတန်း ကို) ထပေတွာ ဩသာရေတွာ (အောက်သို့နိမ့်လာအောင် ချ၍) ဇကံ ဒဏ္ဍကောဋိံ အတိဥစ္စာယ ဝိဟာရဘိတ္တိကောဋိယာ ဇကံ ကောဋိံ နိစေ ဝံသပိဋ္ဌိယံ ထပနဝသေန ဒဏ္ဍကေ ပသာရေတွာ၊-ဝိမတိ၊ ထိုအခန်းကို ယခုအခါ "စမြင်"ဟု ခေါ်၏၊ ရှေးက "ပျော့ခန်း"ဟု ပေးသည်။

သံသရဏကိဋိကော။ ။သံသရတီတိ သံသရဏော၊ သံသရဏောစ + သော+ ကိဋိကောစာတိ သံသရဏကိဋိကော– ဝဲဘက် ယာဘက်သို့ ရွေ့တတ်သော ကဲလား၊ အောက်၌ ဘီးတပ်၍ထားရကား ဖွင့်လိုသောအခါ ဝဲဘက်ဖြစ်စေ, ယာဘက်ဖြစ်စေ တွန်းလိုက်လျှင် ရွေ့သွား၏၊ ပိတ်လိုသောအခါ ဆွဲလိုက်လျှင် ပြန်၍ရွေ့လာ၏၊ ဤသို့ ဖွင့်၍ ပိတ်၍ လွယ်ကူဘို့ရန် အောက်၌ စက်ဘီးတပ်ထားအပ်သော တံခါးတမျိုးတည်း၊ [စက္ကလယုတ္တော ကိဋိကောတိ ကဝါဋံဝိယ ဝိဝရဏထကနသုခတ္ထံ စက္ကလဗန္ဓကိဋိကံ- ဖွဲ့တပ်အပ်သော စက်ဘီးရှိသော ကဲလား၊-ဝိမတိ။]

ပါဠိတော်။ ။ပါဠိတော်၌ ဤ "သံသရဏကိဋိက"နှင့် တွဲ၍ ဥဿ ါဋနကိဋိကကို လည်း ခွင့်ပြုတော်မူထား၏၊ ထို "ဥဿ ါဋနကိဋိက"ဟူသည် အထက်ပိုင်း၌ လက်ဖျက် ပတ္တာတွယ်ထား၍, ဖွင့်လိုသောအခါ အောက်ပိုင်းကို ဒုတ်ဖြင့်ထောက်၍ ထားရသည်၊ ရှေးက ဤတံခါးမျိုးကို "ကဲလား"ဟု ခေါ်၏။ [ဥဿ ါဋနကိဋိကံတိ ဒဏ္ဍေဟိ ဥက္ခိပိတွာ ထပနကပဒရကိဋိကံ၊– သာရတ္ထ။]

ဝိမတိ။ ။ဝိမတိ၌ကား–အောက်၌ ထောက်ထားရသောနည်းမှတပါး အထက်၌ ဆွဲထားရသောနည်းကိုလည်း ပြထား၏။ [ပါဠိယံ ဥဿ ါဋနကိဋိကံတိ အာပဏာဒီသု အနတ္ထိကကာလေ (မဖွင့်လိုရာအခါ၌) ဥက္ခိပိတွာ , ဥပရိစ ဗန္ဓိတွာ ပဋ္ဋာ ဩတရဏ ကိဋိကံ၊ ကပ္ပသီသေဟိဝါ ဥပတ္ထမ္ဘနီဟိ (အခွပြုလုပ်ထားအပ်သော ထောက်ခွတို့ဖြင့်) ဥက္ခိပိတွာ ပဋ္ဋာ ဩတရဏကိဋိကမ္ပိ။]

ပါနီယဘာဇနံတိ-ကား၊ ပိဝန္တာနံ-သောက်သူတို့၏၊ ပါနီယဒါနဘာဇနံ-သောက်ရေကို ပေးကြောင်းခွက်ကို၊ (အနုဇာနာမိ)၊ ဥဠုင်္ကော-ရေမှုတ်သည်ဝှင်း၊ ထာလကဥ္စ - ခွက်သည်ဝှင်း၊ ပါနီယသင်္ခ - သောက်ရေခရုသင်းအား၊ အနုလောမာနိ- လျော်ကုန်၏။

အပေသိ'တိ-ကား၊ ဒီဃဒါရုမှိ-အလျားရှည်သောသစ်သား၌၊ ခါဏုကေ-ငုတ်တို့ကို၊ ပဝေသေတွာ-သွင်း၍၊(အပေါက်ဖေါက်ပြီးလျှင် သစ်သားငုတ်တို့ကို သွင်း၍၊)ကဏ္ဋကသာခါဟိ-ဆူးခက်တို့ဖြင့်၊ ဝိနန္ဓိတွာ-ဖွဲ့ကြက်၍၊ ကတံ-ပြုအပ်သော၊ ဒွါရထကနကံ- တံခါးပေါက်ကို ပိတ်ကြောင်းဖြစ်သောတံခါးကို၊ (ဆူးတံခါးကို၊ အနုဇာနာမိဣစ်ပါ၊) [ပါဠိတော်၌ " အပေသိံ "ဟု ရှိသောကြောင့် " အပေသိ'တိ "ဟု ရှိလျှင် ကောင်း၏။] ပလိဃံဟိ- ကား၊ ဂါမဒွါရေသုဝိယ-ရွာတံခါးတို့၌ကဲ့သို့၊ စက္ကယုတ္တံ - စက်ဘီးနှင့်ယှဉ်သော၊ ဒွါရထကနကံ- တံခါးပေါက်ကို ပိတ်ကြောင်းဖြစ်သော တံခါးရွက်ကို၊ (အနုဇာနာမိ)။

အဿတရေဟိ - အဿတို့၏မြင်းတို့ဖြင့်၊ ယုတ္တာ - ကယှဉ်အပ်ကုန်သော၊ ရထာ- ရထားတို့တည်း၊ အဿတရိရထာ - အဿတို့၏မြင်းတို့ဖြင့် ကယှဉ်အပ်သော ရထားတို့၊ အာမုက္ကမဏိကုဏ္ဍလာတိ - ကား၊ အာမုက္ကမဏိကုဏ္ဍလာနိ-

× × × × × × ×

ပါဠိတော်မှ ယူဖွင့်။ ။ကောသာပေါသောဠသိံ ပဒဝိတိဟာရဿာတိ ပဒံ ဝီတိ ဟာရတိ ဧတ္ထာတိ ပဒဝိတိဟာရော၊ သော (ခြေတလှမ်းသည်) ဒုတဝိလမ္ဗိတံ (လျင်မြန်မှု လေးနှေးမှုကို) အကတွာ သမဂမနေ ဒွိန္နံ ပါဒါနံ အန္တရေ မုဋ္ဌိရတနမတ္တံ၊ ကလံ နဂ္ဃန္တိ သောဠသိ'တိ တံ ကော် ပဒဝိတိဟာရံ သောဠသဘာဂေ ကတွာ (တဆယ့်ခြောက်စိတ် ပြု၍) တတော ဧကော ကောဋ္ဌာသော ပုန သောဠသဓာ , တတော ဧကော သောဠသ ဓာတိ ဧဝံ သောဠသဝါရေ သောဠသဓာ ဘိန္နဿ ဧကော ကောဋ္ဌာသော သောဠသီ ကလာနာမ၊ တံ သောဠသိ'ကလံ (ထို တဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ်၍ တစိတ်သော အဘို့ကို) တောနိ စတ္တာရိ သတသဟဿာနိ န အဃန္တိ။

ဣဒံ ဝုတ္တံ ဟောတိ–သတံ ဟတ္ထိသဟဿာနိ သတံ အဿ သဟဿာနိ, သတံ ရထ သဟဿာနိ သတံ ကညာ သဟဿာနိ၊ တာစ ခေါ အာမုက္ကမဏိကုဏ္ဍလာ သကလ ဇမ္ဗုဒီပ ရာဇဓီတရောဝါတိ ဣမဲသ္မာ ဗွေကာ လာဘာ ဝိဟာရံ ဂစ္ဆန္တဿ တသ္မိံ သောဠသိကလာသင်္ခါတေ ပဒေသေ လဒ္ဓနသာခံနဝသေန (ကျော်လွှားခြင်းကို ပြီးစေခြင်း၏ အစွမ်းဖြင့်) ပဝတ္တစေတနာဝ ဥတ္တရိတရာတိ၊ ပဒံ ဝါ ဝီတိဟရတိ ဧတေနာတိ ပဒဝိတိဟာရော၊ တထာ ပဝတ္တာ ကုသလစေတနာ၊ တဿာ ဖလံ သောဠသဓာ ကတွာ တိစ ဝဒန္တိ၊– သာရတ္ထ။

အဿတရိရထာ။ ။"အဿတရ–အဿတို့ရဲ့မြင်း" ဟူသည် မြင်းနှင့် တူသော "မြည်း"ဟု အဘိဓာန်နိဿယသစ်၌ မိန့်၏၊ စာအုပ်တို့၌"အဿတရီဟိ"ဟု ဗုတ္တိလိန် တွေ့ရ၏၊ ယောဇနာ၌ " အဿတရယုတ္တာ + ရထာ အဿတရရထာ "ဟု ပါဠ်ရှိ၏၊ ထို ယောဇနာအလို "အဿတရရထာ"ဟု ရှေးပါဌ်ရှိဟန်တူသည်၊ "အဿတရီဟိ"

စွပ်အပ်သော ပဒမြားနားချောင်း ရှိကုန်သော၊ (" သတံ ကညာသဟသာနိ" ၌စပ်)၊ [အာ+မုစဓာတ်, တပစ္စည်းဖြင့် ပက္ကကဲ့သို့"အာမုက္က"ဟု ရှိပါစေ၊"အာမုတ္တ"ဟု ရှိသည်ကား ပါဠ်ပျက်။]

ပရိနိဗ္ဗုတောတိ-ကား၊ ကိလေသ ပရိနိဗ္ဗာနေန-ကိလေသာတို့၏ ငြိမ်းအေးခြင်းအားဖြင့်၊ ပရိနိဗ္ဗုတော-ငြိမ်းအေးပြီးသည်၊ [ဤအဖွင့်သည် ဋီကာ၌လည်းပါ၏၊ ဋီကာမှ ယူထားဟန်တူသည်။] သီတိဘူတောတိ-ကား၊ ကိလေသာတပါဘာဝေန-ကိလေသာအပူ၏ မရှိခြင်းကြောင့်၊ သီတိဘူတော-အေးမြသည်ဖြစ်၍ဖြစ်သည်၊ နိရူပဓီတိ-ကား၊ ကိလေသဥပဓိ အဘာဝေန- ကိလေသာဥပဓိ၏ မရှိခြင်းကြောင့်၊ နိရူပဓီတိ-နိရူပဓိဟူ၍၊ ဝုတ္တတိ-၏၊ သဗ္ဗာ အာသတ္တိယော ဆေတွာတိ- ကား၊ ရူပါဒိသု - ရူပါရုံ အစရှိကုန်သော၊ ဝိသယေသုဝါ- အာရုံတို့၌၎င်း၊ သဗ္ဗဘဝေသုဝါ- အလုံးစုံသော ဘဝတို့၌၎င်း၊ ပတ္တနာယော - တောင့်တတတ်သော တဏှာတို့ကို၊ ဆိန္ဒိတွာ-ဖြတ်၍၊ [ဋီကာ၌ " အာသတ္တိယောတိ ရူပါဒိသု အာသဥ္ဇနဋ္ဌေန အာသတ္တိယော တဏှာယော " ဟု ရှိ၏၊ ထို့ကြောင့် ဋီကာနှင့် အဋ္ဌကထာ၌ အမျိုးမျိုးဖြစ်နေဟန်တူသည်။] ဟဒယေ ဒရံတိ - ကား၊ စိတ္တေ-စိတ်၌၊ ကိလေသဒရထံ- ကိလေသာအပူကို၊ ဝိနေတွာ-ပယ်ဖျော်၍၊ [သန္တိံ တိ ကိလေသ ဝူပသမံ၊ ပပ္ပုယျာတိ အဂ္ဂမဂ္ဂေန ပတွာ၊- သာရတ္ထ။]

ဝယကရဏံ-အကုန်အကျကို ပြုကြောင်းဖြစ်သော အရင်းအနှီးကို၊ ဝေယျာယိကန္တိ-ဟူ၍၊ ဝုတ္တတိ-၏၊ အာဒေယျဝါစောတိ-ကား၊ တဿ-ထိုအနာထပိဏ်သဌေး၏၊ ဝစနံ-စကားကို၊ ဗဟူ-များစွာကုန်သော၊ဇနာ-လူတို့သည်၊ အာဒိယိ

× × × × × × ×

နေရာ၌ "အဿတရေဟိ" ဟု ပုံလိန်ရှိလျှင်လည်း ကောင်း၏၊ ယောဇနာ၌ "တတ္ထ အဿတရယုတ္တာတိ ဇူမိနာ အဿတရီတိ ပဒဿ အဿတ္တိတဒ္ဓိတံ ဒဿေတိ " ဟု မိန့်သောကြောင့် "အဿတရော+ဧတေသံ အတ္ထီတိ အဿတရီ၊ အဿတရီစ+ဧတေ+ ရထာစာတိ အဿတရီရထာ"ဟု ပါဠိတော်၌ပြုပါ။

ဝေယာယိကံ။ ။ "သယံ အာယံ ဝယံ ဇညာ" ဟူသော တေသကုနဇာတ်၌ "အာယ—ဝင်လာသောအခွန်အတုတ်၊ ဝယ–အကုန်အကျ"ဟု အနက်ဖွင့်၏၊ "ဥဒယ ဝယ"၌ ဝယသဒ္ဒါလည်း အပျက်ကိုဟော၏၊ ထို့ကြောင့် ဝေယာယိကံ၌ ဝယနောင် ဏိကပစ္စည်းသက်၊ ဝယကိုလည်း "ဝိ+အယ—မဖြစ်ခြင်း, ကုန်ခန်းခြင်း, ပျက်ခြင်း"ဟု အနက်မှတ်ပါ၊ မာယူန မာဂမော၌ာနေသုတ်ဖြင့် ဝိ၌ ဝုဒ္ဓိအပြုကို တားမြစ်၍ ဧဝုဒ္ဓိလာ, ဝိ၏ ဣကို ယပြု, အ ကိုလည်း ဒီဃပြု၍ "ဝေယာယိကံ"ဟု ပြီးရသည်၊ "ဝေယျာ"ဟု ယ ဒွေဘော်နှင့်ရှိ၏၊ ရုပ်ပြီးမကောင်း။ [ဝယမေဝ ဝေယာယိကန္တိ အာဟ—ဝေယာယိကန္တိ ဝယကရဏံ ဝုတ္တတိ၊— ဤအလို သွတ္တအနက်၌ ဏိက ပစ္စည်းသက်၊ ဝယအရကိုလည်း အကုန်အကျတွင် မက, ကုန်ကျခြင်း၏ အကြောင်းရင်းဖြစ်သော စရိတ်ကိုပါ ဖလူပစာရအားဖြင့်ယူပါ၊ ဝိမတိ၌"ဝယကရဏန္တိ ဒေယျဓမ္မမူလံ (လှူဘွယ်၏ အရင်းခံ

တမ္ဗ-ယူသိုက်၏ဟူ၍၊ သောတမ္ဗ-နားထောင်ထိုက်၏ဟူ၍၊ ဝါ-လိုက်နာထိုက်၏ဟူ၍၊ မညန္တိ - မှတ်ထင်ကြကုန်၏၊ ဉာတိအဓေယျာ - အနက်၊ [အာဒါတဗ္ဗာတိ အာဒေယျာ၊ ဈာ့ကို ဓာတ္ထန်နှင့်တကွ ဧယျပြု၊ အာဒေယျာ + ဝါစာ + ဧတဿာ တိ အာဒေယျဝါစော။] အာရာမေ အကံသူတိ-ကား၊ ယေ-အကြင်သူတို့သည်၊ သနော- ဥမ္မာရှိကုန်၏၊ တေ - ထို ဥစ္စာရှိသူတို့သည်၊ အတ္တနော- ၏၊ ဓနေန်-ဖြင့်၊ အကံသု-ပြုကြကုန်ပြီ၊ ယေ-တို့သည်၊ မန္ဒဓနာစေဝ - နည်းသောဥစ္စာ ရှိသူတို့သည်၎င်း၊ အဓနာစ-ဥစ္စာမရှိသူတို့သည်၎င်း၊ (ဟောန္တိ)၊ တေသံ-ထို မန္ဒဓန ဖြစ်သူ, အဓနဖြစ်သူတို့အား၊ ဓနံ- ဥစ္စာကို၊ အဒါသိ- ပေးပြီ၊ ဣတိ-ဤသို့လျှင်၊ သော-ထိုအနာထပိဏ်သဌေးသည်၊ သတသဟဿကဟာပဏေ-တသိန်းသော အသပြာတို့ကို၎င်း၊ (အချို့စာအုပ်၌ "သတသဟဿကဟာပဏံ" ဟု ဧကဝုစ် ရှိ၏၊) သတသဟဿဂ္ဃနကံ - တသိန်းထိုက်သော၊ ဘဏ္ဍာဥ္စ - ဘဏ္ဍာကို၎င်း၊ ဝတွာ - ၍၊ ပဉ္စစတ္တာလီသယောဇနိကေ - ၄၅ ယူဇနာ ရှိသော၊ အဒ္ဓါနေ - ရှည်သော ခရီး၌၊ ယောဇနေယောဇနေ — တယူဇနာ တယူဇနာ၌၊ ဝိဟာရ ပတိဋ္ဌာနံ-ကျောင်းတည်မှုကို၊ ကတွာ-၍၊ သာဝတ္ထိံ - သို့၊ အဂမာသိ-ပြီ။

ဘောဇ္ဇိသန္တိ၏ သန္တရာပေသိတိ- ကား၊ ကဟာပဏကောဋိယာ- အသပြာ တကျပ်၏အစွန်ဖြင့်၊ ကဟာပဏကောဋိ-အသပြာတကျပ်၏အစွန်ကို၊ ပဋိပါဒေ တွာ- ရှေးရှု ရောက်စေ၍၊ ဝါ- ထိစေ၍၊ သန္ထရိ - ခင်းပြီ၊ [ယောဇနာ၌ "ပဋိ ပါဒေတွာ"ဟု မှုကဲ့ရှိ၏။] တတ္ထ-ထိုအာရာမ်၌၊ ယေ ရုက္ခာဝါ-အကြင် သစ်ပင် တို့သည်၎င်း၊ (ယာ) ပေါက္ခရဏီယောဝါ - အကြင် ရေကန်တို့သည်၎င်း၊ (သန္တိ)၊ တေသံ-ထိုသစ်ပင် ရေကန်တို့၏၊ [ပေါက္ခရဏီယောကိုငဲ့၍ "တာသံ" ဟု ရှိလျှင် ကောင်း၏၊ ယောဇနာ၌ကား "တေသန္တိ တာသံ ရုက္ခပေါက္ခရဏီ နံ"ဟု လိင်္ဂဝိပလ္လာသအဖြစ်ဖြင့် ဖွင့်သည်။] ပရိက္ခေပပ္ပမာဏံ - အဝန်းအဝိုင်း ပမာဏကို၊ ဂဟေတွာ-ယူ၍၊ အညသ္မိံ-တပါးသော၊ ဌာနေ-အရပ်၌၊ သန္ထရိ တွာ-ခင်း၍၊ အဒါသိ-ပေးပြီ၊ ဧဝံ-ဤသို့လျှင်၊ ဝါ-ဤနည်းအားဖြင့်၊ အဿ-ထို အနာထပိဏ်သဌေး၏၊ အဋ္ဌာရသကောဋိကံ-တဆယ့်ရှစ်ကုဋေရှိသော၊ နိဓာနံ- မြှုပ်နှံထားအပ်သော ဥစ္စာသည်၊ ပရိက္ခယံ-ကုန်ခြင်းသို့၊ အဂမာသိ-ရောက်ပြီ၊

ကုမာရဿ ဧတဒဟောသီတိ-ကား၊ ဂဟပတိနော-သူကြွယ်၏၊ ("မုခဿ" ၌စပ်)၊ ဝါ—သူကြွယ်သည်၊ ဧဝံ-ဤသို့၊ ဗဟုဓနံ-များစွာသော ဥစ္စာကို၊ စဇန္တဿာပိ၊ စွန့်ရပါသော်လည်း၊ ဝါ—စွန့်ရသည်လည်း ဖြစ်သော၊ ဂဟပတိနော-

× × × × × × ×

ဖြစ်သော)၊ နဝကမ္မ— အသစ်အသစ် ပြုဘွယ်ကို''ဟု ဖွင့်၏၊ ထိုအလို လှူဘွယ်ဆွမ်း၏ အကြောင်းရင်းဖြစ်သော ဆန် ဆီ စသည်နှင့်တကွ အလုပ်ဘာဝန်ကို " ဝယကရဏ" ဆိုလိုဟန်တူသည်။]

၏၊ မုခသာ—မျက်နှာ၏၊ ဝိပ္ပသန္နာကာရံ - အထူးသဖြင့် ကြည်လင်သော အခြင်းအရာကို၊ ဒိသွာ-မြင်ရ၍၊ ဧတံ-ဤ အကြံသည်၊ အဟောသိ-ဖြစ်ပြီ၊ [ဤမျှလောက်များပြားသော ဥစ္စာကို စွန့်ရသော ပုဂ္ဂိုလ်တို့၏ မျက်နှာသည် ပျက်နေစရာကောင်း၏၊ သို့ပါလျက် မျက်နှာ မပျက်ဘဲ အတူးသဖြင့် ကြည်လင်သော အခြင်းအရာကို မြင်ရ၍ "နခေါ ဣဒံ သြရကံ ဘဝိဿတိ" စသောအကြံ ဖြစ်သည်၊] ကောဋ္ဌကံ မာပေသိတိ-ကား၊ သတ္တဘူမိကံ-ဘုံခုနစ်ဆင့်ရှိသော၊ ဒွါရကောဋ္ဌကပါသာဒံ-တံခါးမုခ်ပြာသာဒ်ကို၊ မာပေသိ- ဖန်ဆင်းပြီ၊ အထခေါ၊ပေ၊ ကာရာပေသီတိ-ကား၊ အပရာဟိပိ-အခြားလည်း ဖြစ်ကုန်သော၊ အဋ္ဌာရသဟိ ကောဋိဟိ-တဆယ့် ရှစ်ကုဋေတို့ဖြင့်၊ ဧတေ ဝိဟာရာဒယော - ဤကျောင်း အစရှိသည်တို့ကို၊ အဋ္ဌကရီသပ္ပမာဏာယ- ရှစ်ကရီသ အတိုင်းအရှည်ရှိသော၊ ဘူမိယာ—မြေ၌၊ ကာရာပေသိ-ပြုစေပြီ။

ဟိ-ချဲ့၊ ဝိပဿိဿ- ဝိပဿီမည်တော်မူသော၊ ဘဂဝတော - ၏၊ ပုနဗ္ဗသုမိတ္တော—ပုနဗ္ဗသုမိတ္တမည်သော၊ ဂဟပတိ - သူကြွယ်သည်၊ ယောဇနပ္ပမာဏံ—တယူဇနာ ပမာဏရှိသော၊ ဘူမိံ- မြေကို၊ သုဝဏ္ဏိဋ္ဌကသန္ထရေန- ရွှေအုန်ချပ်ချင်း ထိအောင် ခင်းသဖြင့်၊ ကိဏိတွာ-ဝယ်၍၊ ဝိဟာရံ - ကို၊ ကာရာပေသိ- ပြီ၊ သိခိဿ-သိခီမည်တော်မူသော၊(ဘဂဝတော)ပန-မြတ်စွာဘုရား၏ ကား၊ သိရိ ဝဍ္ဎော-သိရိဝဍ္ဎမည်သော၊(ဂဟပတိ-သည်)၊ တိဂါဝုတပ္ပမာဏံ - သုံးဂါဝုတ် ပမာဏရှိသော၊(ဘူမိံ-ကို)၊သုဝဏ္ဏယဋ္ဌိသန္ထရေန-ရွှေတာဝါးချင်း ထိအောင်ခင်းသဖြင့်။[ရှေးနိဿယ၌"ရွှေတောင်ဝှေးခင်းသဖြင့်"ဟု ပေး၏။] (ကိဏိတွာ ဝိဟာရံ ကာရာပေသိ)၊ ဝေဿဘုဿ - ဝေဿဘူ မည်တော်မူသော (ဘဂဝတော)၊ သောတ္ထိဇော-သောတ္ထိဇမည်သော၊ ဂဟပတိ-သည်၊ အဍ္ဎယောဇနပ္ပမာဏံ - ယူဇနာဝက် ပမာဏရှိသော၊ (ဘူမိံ-ကို)၊ သုဝဏ္ဏဖါလသန္ထရေန—ရွှေထယ်သွားချင်း ထိအောင်ခင်းသဖြင့်၊ (ကိဏိတွာ-ဝယ်၍၊ ဝိဟာရံ-ကျောင်းတိုက်ကို၊ ကာရာပေသိ-ပြုစေပြီ။)

× × × × × × ×

အဋ္ဌကရီသပ္ပမာဏာယ။ ။" ကရီသံ စတုရမ္မဏံ (အဘိဓာန် ၁၀၇)"နှင့် အညီ ၄ အမ္မဏမျိုး ကြဲလောက်ရာအရပ်သည် တစ်ကရီသတည်း၊ "ဓောဒသ ဒေါဏာ တု အမ္မဏံ"ဟူသော အဘိဓာန် (၄၈၄) နှင့် အညီ တဆယ့်တစိတ်သည် တစ်အမ္မဏ ဖြစ်၏၊ ထို့ကြောင့် ၄ အမ္မဏ မျိုးကြဲလောက်ရာအရပ်ဟူသည် တဆယ့်တတင်း မျိုးကြဲလောက်ရာ အရပ်တည်း၊ ထိုဇေတဝန် ကျောင်းတိုက်ကြီးသည် ထို ကရီသပေါင်း ရှစ်ကရီသကျယ်ဝန်း၏၊ ယောဇနာ၌ "အဋ္ဌကရီသပ္ပမာဏာ ဘူမိ ဥသဘေန ဒသ ဥသဘ ပ္ပမာဏာ ယဋ္ဌိယာ ဒွိသတယဋ္ဌိပ္ပမာဏာ ဟောတိ"ဟု ဆို၏၊ ၇ တောင်လျှင် တတာ, တာနှစ်ဆယ်လျှင် တဥသဘဖြစ်၏၊ ထို့ကြောင့် ဒသဥသဘပ္ပမာဏာကို"တာ ၂၀၀" ဟု ဆိုသည်။

ပန-အဘို့ တပါးကား၊ [ဤကဋ္ဌာ၌ ဖြစ်ကုန်သော ဘုရားရှင်များ အတွက် ပြလို၍ ပနဟု မိန့်သည်။] ကကုသန္ဓဿ- ကကုသန် မည်တော်မူသော၊ (ဘဂဝတော)၊ အစ္စုတော-အစ္စုတမည်သော၊ ဂဟပတိ-သည်၊ ဂါဝုတပ္ပမာဏံ—တစ်ဂါဝုတ်ပမာဏရှိသော၊ (ဘူမိံ)၊ သုဝဏ္ဏဟတ္ထိပဒသန္ထရေန - ရွှေဆင်ခြေချင်း, ထိအောင်ခင်းသဖြင့်၊ (ကိဏိတွာ ဝိဟာရံ ကာရာပေသိ)၊ ကောဏာဂမနဿ — ကောဏာဂုံ မည်တော်မူသော၊ (ဘဂဝတော) ဥဂ္ဂေါ- ဥဂ္ဂမည်သော၊ ဂဟပတိ-သည်၊ အဍ္ဎဂါဝုတပမာဏံ-တစ်ဂါဝုတ်ဝက်ပမာဏရှိသော၊(ဘူမိံ)၊ သုဝဏ္ဏိဋ္ဌကာသန္ထရေန - ရွှေအုဋ်ချပ်ချင်း, ထိအောင်ခင်းသဖြင့်၊ (ကိဏိတွာ, ဝိဟာရံ-ကို၊ ကာရာပေသိ)၊ ကဿပဿ— ကဿပ မည်တော်မူသော (ဘဂဝတော)၊ သုမင်္ဂလော- သုမင်္ဂလမည်သော၊ ဂဟပတိ - သည်၊ ဝီသတိ ဥသဘပ္ပမာဏံ- ဥသဘနှစ်ဆယ် ပမာဏရှိသော၊ (ဘူမိံ) သုဝဏ္ဏကဋ္ဋပသန္ထရေန— ရွှေလိပ်ရုပ်ချင်း , ထိအောင် ခင်းသဖြင့်၊ (ကိဏိတွာ ဝိဟာရံ ကာရာပေသိ)၊ အမှာကံ - တို့၏၊ ဘဂဝတော -၏၊ သုဒတ္တော - သုဒတ္တမည်သော၊ ဂဟပတိ-သည်၊ အဋ္ဌကရီသပ္ပမာဏံ- ရှစ်ကရီသပမာဏရှိသော၊ ဘူမိံ - ကို၊ ကဟာပဏသန္ထရေန-အသပြာငွေချင်း, ထိအောင်ခင်းသဖြင့်၊ ကိဏိတွာ- ၍၊ ဝိဟာရံ—ကို၊ ကာရာပေသိ - ပြီ၊ ဣတိ ဧဝံ-ဤသို့၊ အနုပုဗ္ဗေန- အစဉ်အားဖြင့်၊ သမ္ပတ္တိယော- ပြည့်စုံခြင်းတို့သည်၊ ပရိဟာယန္တိ—ယုတ်လျော့ကုန်၏၊ ဣတိ-ထို့ကြောင့်၊ သမ္ပတ္တိသု— တို့၌၊ ဝိရဇ္ဇိတုံ - မတပ်မက်ခြင်းငှါ၊ အလမေဝ — သင့်လျော်တော့သည်သာ၊ ဝိမုစ္စိတုံ-လွတ်ခြင်းငှါ၊ အလံဧဝ-သင့်လျော်တော့သည်သာ၊ ဣတိ— ဤကား အနုသာသနီတည်း။

ခဏ္ဍုံတိ-ကား၊ ဘိန္နောကာသံ - ပျက်သော အရပ်ကိုင်း၊ ဖုလ္လံတိ - ကား၊ ဖလိတောကာသံ-ကွဲသော အရပ်ကိုင်း၊(အုဋ်နံရံ စသည်၌ ကွဲသော အရပ်ကိုင်း)။ [ပဋိသင်္ခရိဿတိ ဟူသော ကြိယာပုဒ်၌ စပ်ရမည် ဖြစ်သောကြောင့် "ဘိန္နောကာသံ ဖလိတောကာသံ " ဟု ရှိပါစေ။] ပဋိသင်္ခရိဿတီတိ - ကား၊ ပါကတိကံ-ပင်ကိုယ် သဘောရှိအောင်၊ ကရိဿတိ-ပြုလတ္တံ့၊ ပန - ဆက်၊ လဒ္ဓနဝကမ္မေန - ရအပ်သော နဝကမ္မရှိသော၊ (နဝကမ္မတာဝန် ပေးခြင်းကို ခံရသော)၊ ဘိက္ခုနာ— သည်၊ ဝါသိဖရသုနိခါဒနာဒီနိ — ဒါး , ပုဆိန် , ဆောက် အစရှိသည်တို့ကို၊ ဂဟေတွာ - ယူ၍၊ သယံ-ကိုယ်တိုင်၊ နကာတဗ္ဗံ — ပြုရမည်

× × × × × × ×

ပရိဟာယန္တိ။ ။ဝိပဿီဘုရားရှင်လက်ထက်တော်၌ တယူဇနာရှိသော ကျောင်းတော်ရာမြေကို ရွှေအုဋ်ချပ်အပြည့်ခင်း၍ ဝယ်ခဲ့၏၊ ထို့နောက် တဖြည်းဖြည်း လျော့ခဲ့ရာ ငါတို့ ဘုရားလက်ထက်တော်၌ ကျောင်းတော်ရာမြေကို ရှစ်ကရီမျှသာ ကျယ်ပါလျက် ရွှေဖြင့် မဝယ်နိုင်ဘဲ ငွေဖြင့်အပြည့်ခင်း၍ ဝယ်ရ၏၊ ထို့ကြောင့် သမ္ပတ္တိများ ဆုတ်ယုတ်လာခဲ့ကြသည်—ဟူလို။

မဟုတ်၊ ကတာကတံ-ပြုအပ်ပြီး မပြုအပ်သေးကို၊ ဇာနိတဗ္ဗံ - သိရာ၏။ [ပါဠိတော်၌ "ဒဒေယျာတိ နဝကမ္မံ အဓိဋ္ဌာတုံ ဝိဟာရေ ဣဿရိယံ ဒဒေယျာတိ အတ္ထော၊ ဒိန္နောတိ နဝကမ္မံ ကာတုံ ဝိဟာရော ဒိန္နော၊ ဝိဟာရေ နဝကမ္မံ ဒိန္နံတိ ဝါ အတ္ထော။-ဝိမတိ။]

ပိဏ္ဍိတော ပိဏ္ဍိတော ဂန္တွာတိ - ကား၊ ထေရော - အရှင် သာရိပုတြာထေရ်သည်၊ ဂိလာနေ-ဂိလာနရဟန်းတို့ကို၊ ပဋိဇဂ္ဂန္တော - စောင့်ရှောက် ပြုစုတော်မူလျက်ရင်း၊ ဇိဏ္ဏေ-အိုမင်းကုန်သော၊ ပုဗ္ဗေ-ကြီးရင့်သော ရဟန်းတို့ကို၊ သင်္ဂဏှန္တော - ချီးမြှင့် ထောက်ပင့်တော်မူလျက်ရင်း၊ သဗ္ဗပစ္ဆတော — အလုံးစုံသော ရဟန်းတို့၏ နောက်မှ၊ အာဂစ္ဆတိ ကိရ - ကြွလာတော်မူသတတ်၊ ဣဒံ— ဤသို့ ကြွတော်မူခြင်းသည်၊ အဿ-ထို အရှင်သာရိပုတြာထေရ်၏၊ စာရိတ္တံ-ကျင့်ဝတ်တည်း၊ တေန-ထို့ကြောင့်၊ ပိဏ္ဍိတော ပိဏ္ဍိတော ဂန္တွာတိ-ဟူ၍၊(သင်္ဂီတိကာရေဟိ)၊ ဝုတ္တံ-ပြီ၊ အဂ္ဂါသနံတိ-ကား၊ ထေရာသနံ-ထေရ်ကြီး၏ နေရာကို၊ အဂ္ဂေါဒကံတိ-ကား၊ ဒက္ခိဏောဒကံ-မြတ်သော ရေကို။ [ဒက္ခိဏောဒကံတိ အဂ္ဂတော ဥပနီယမာနံ ဒက္ခိဏောဒကံ-အဥုးအဖျားမှဆောင်ယူအပ်သော ဒက္ခိဏောဒကကို၊—သာရတ္ထ။] အဂ္ဂပိဏ္ဍံတိ-ကား၊ သံဃတ္ထေရပိဏ္ဍံ- သံဃာ့ထေရ်၏ ရထိုက်သော ဆွမ်းကို၊("အရဟတိ-ထိုက်သနည်း"၌ စပ်၊) အန္တရာ သတ္တိနံ ကရိတွာတိ-ကား၊ စတုန္နံ-၄ ဘက်ကုန်သော၊ ပါဒါနံ-ခြေတို့၏၊ အန္တရေ- အကြား၌၊ ကရိတွာ-ပြု၍၊ ဝါ-ထား၍၊ ("အတိက္ကမာမိ- ကျော်သွား၏"၌ စပ်)။

ပတိဋ္ဌာပေသီတိ-ကား၊ အဋ္ဌာရသကောဋိပရိစ္စာဂံ - တဆယ့်ရှစ်ကုဋေသော ဥစ္စာကို စွန့်ကြဲခြင်းကို၊ ကတွာ-၍၊ ပတိဋ္ဌာပေသိ-တည်စေပြီ၊ ဧဝံ-ဤသို့လျှင်၊ သဗ္ဗာပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ စတုပဏ္ဏာသကောဋိယော - ၅၄ ကုဋေတို့ကို။[မြေဝယ်ရာ၌ ၁၈ ကုဋေ, ကျောင်းဆောက်ရာ၌ ၁၈ ကုဋေ, ကျောင်းရေစက်ချရာ၌ ၁၈ ကုဋေအားဖြင့် ၅၄ ကုဋေတို့ကို။] ပရိစ္စဇိ-စွန့်ကြဲပြီ။

ဝိဟာရာနုဇာနနကထာအဖွင့် ပြီး၏။

အာသနပ္ပဋိဗာဟနာဒိကထာ

ဂိပ္ပကတဘောဇနောတိ - ကား၊ အန္တရဃရေဝါ - ရွာတွင်း၌သော်ရင်း၊ ဝိဟာရေဝါ-ကျောင်း၌သော်ရင်း၊ အရညေဝါ-တော၌သော်ရင်း၊ ယတ္ထကတ္ထစိ — အမှတ်မထား တပါးပါးသော အရပ်၌၊ ဘုဉ္ဇမာနော - စားဆဲဖြစ်သော၊

× × × × × × × ×

ဝိပ္ပကတဘောဇနော။ ။"ဝိပ္ပကတဘောဇန" ဟူသည် အပြီးအားဖြင့် ပြုအပ်ပြီးသော စားခြင်းမရှိသော ပုဂ္ဂိုလ် (စား၍မပြီးသေးသော ပုဂ္ဂိုလ်) တည်း၊ ထို့ကြောင့် "ဘုဉ္ဇမာနော-စားဆဲ"ဟု ဖွင့်သည်၊ စားဆဲပင်ဖြစ်သော်လည်း စားခြင်း

ဘိက္ခု-ကို၊ ဘောဇနေ-စားခြင်းကိစ္စသည်၊ အနိဋ္ဌိတေ-မပြီးသေးမီ၊ န ဝုဋ္ဌာပေ တဗ္ဗော — မထစေထိုက်၊ အန္တရဃရေ - ၌၊ ပစ္ဆာ - နောက်မှ၊ အာဂတေန- လာသော ရဟန်းသည်၊ ဘိက္ခံ-ဆွမ်းကို၊ ဂဟေတွာ-ခံယူ၍၊(ပင့်ဖိတ်ထားသော အိမ်မှ ခံယူ၍)၊ ဂန္တဗ္ဗံ-သွားရာ၏၊(နေရာမရှိလျှင် စားဆဲ ပုဂ္ဂိုလ်ကို အထမခိုင်း ပါနှင့်-ဟူလို၊)၊ မနုဿာဝါ-လူတို့သည်သော်၎င်း၊ ဘိက္ခူဝါ- ရဟန်းတို့သည် သော်၎င်း၊ ပဝိသထ — ဝင်ခဲ့ပါကုန်၊ ဣတိ — ဤသို့၊ သစေဝဒန္တိ - အကယ်၍ လျှောက်ကုန်အံ့၊ (ဧဝံသတိ)၊ မယိ- ငါသည်၊ (ကြီးရင့်သောငါသည်)၊ ပဝိသ န္တေ — ဝင်လသော်၊ ဘိက္ခူ- ရဟန်းတို့သည်၊ (ငယ်ကုန်သော ရဟန်းတို့သည်၊) ဥဋ္ဌဟိဿန္တိ - နေရာမှ ထကြရကုန်လတ္တံ့၊ ဣတိ - ဤသို့၊ ဝတ္တဗ္ဗံ - ပြောဆိုရာ၏၊ ဘန္တေ-အရှင်ဘုရား၊ ထေ-ကြွပါကုန်၊ အာသနံ - နေရာသည်၊ အတ္ထိ - ရှိပါ၏၊ ဣတိ-သို့၊ ဝုတ္တေနပန-လျှော်အပ်သောရဟန်းသည်ကား၊ ပဝိသိတဗ္ဗံ-ဝင်ရာ၏။

ဘောဇိ-တစုံတယောက်သည်၊(မနုဿဖြစ်စေ,ဘိက္ခုဖြစ်စေ တစုံတယောက် သည်)၊ ကိဉ္စိ-တစုံတခုန်းသောစကားကို၊ သစေ နဝဒတိ-အကယ်၍ မလျှော်အံ့၊ (ဧဝံ သတိ)၊ အာသနသာလံ-ဆွမ်းစား စရပ်သို့၊ ဂန္တွာ-သွား၍၊ အတိသမီပံ- အလွန်နီးသော အရပ်သို့၊ အဂန္တွာ - မသွားမူ၍၊ သဘာဂဋ္ဌာနေ - သဘောတူ သော ရဟန်းတို့၏ နေရာ၌၊ ဌာတဗ္ဗံ-ရပ်ရာ၏၊ ဩကာသေ—အခွင့်ကို၊ ကတေ- ပြုအပ်ပြီးသော်၊ ပဝိသထ-ဝင်ခဲ့ပါကုန်၊ ဣတိ-ဤသို့၊ ဝုတ္တေန ပန-လျှောက်အပ် သော ရဟန်းသည်ကား၊ ပဝိသိတဗ္ဗံ-ဝင်ရာ၏၊ ပန-ဆက်၊ ယံ အာသနံ-အကြင် နေရာသည်၊ တဿ-ထို ရဟန်း၏ အထံသို့၊ ပါပုဏာတိ - ရောက်၏၊ တတ္ထ—ထို နေရာ၌၊ အဘုဉ္ဇန္တော-စားနေသူမဟုတ်သော၊ ဘိက္ခု-သည်၊ နိသိန္နော-ထိုင်နေ

× × × × × × ×

ကိစ္စ အပြီးသတ်လိုက်လျှင် ထစေနိုင်သောကြောင့်“အနိဋ္ဌိတေ ဘောဇနေ”ဟု ဆိုသည်၊ ယောဇနာ၌ကား“ဝိပ္ပကတ ဘောဇနသဒ္ဒါသည် အနိဋ္ဌိတသဒ္ဒါ၏ပရိယာယ်”ဟုဆို၏၊ [ပကိရိယိတ္တ ပက်ရိယိဿတေဝါ ပကတံ၊န ပကတံ ဝိပ္ပကတံတိ ဝိဂ္ဂဟော ကာတဗ္ဗော၊ အတ္ထတော ပန ကိရိယမာနော အနိဋ္ဌိတောတိ ဝုတ္တံ ဟောတိ၊-ယောဇနာ၊ ဤဝိပ္ပကတ ပုဒ်၏ ဝစနတ္ထကို သီလက္ခန်ဘာသာဋီကာ နိဒါန်းအဖွင့်၌လည်း ပြခဲ့ပြီ။]

အာသနသာလံ၊ပေ၊ပဝိသိတဗ္ဗံ။ ။ဆွမ်းစားပင့်ထားသောအရပ်၌ ရဟန်းများ စားနေကြ၍ မိမိနေရာမရှိလျှင် အများစားရိုးဖြစ်သော အာသနသာလာသို့ သွားပါ၊ ထိုသို့ သွားသော်လည်း ရဟန်းများအနီးသို့ ရောက်အောင် မသွားပါနှင့်၊ အနီးသို့ ရောက်အောင်သွားလျှင် ထို အာသနသာလာ၌ ရှိနေသောရဟန်းငယ်တို့ ထ၍ပေးရမည် ဖြစ်သောကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါလိမ့်မည်၊ ထို့ကြောင့် သဘောတူသော ရဟန်းတို့ မြင်လေ့ရာအရပ်၌ ရပ်နေပါ၊ မိမိက ဝင်ခွင့်တောင်းသောအခါ “ဝင်ခဲ့ပါ” ဟု လျှောက်လျှင် ဝင်နိုင်ပါသည်။ [အတိသမီပံ အဂန္တွာတိ ဘိက္ခူနံ အာသန္နတရံ ဌာနံ အဂန္တွာ၊- သာရတ္ထ။]

သည်၊ သစေ ဟောတိ-အကယ်၍ဖြစ်အံ့၊(ဧဝံသတိ)၊တံ-ထို ရဟန်းကို၊ ဥဋ္ဌာပေတုံ-ထစေခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ ပန-ဆက်၊ ယာဂုခဇ္ဇကာဒီသု—ယာဂုခဲဘွယ်အစရှိသည်တို့တွင်၊ ယံကိဉ္စိ—အမှတ်မထား တပါးပါးကို၊ ပိဝိတွာဝါ-သောက်၍သော်၎င်း၊ ခါဒိတွာဝါ-ခဲ၍သော်၎င်း၊(နိသိန္နံ၌စပ်)၊ ယာဝ-အကြင်မျှလောက်၊ အညော-အခြားသောရဟန်းသည်၊ အာဂစ္ဆတိ-လာ၏၊ တာဝ-ထိုမျှလောက်၊ (အခြားရဟန်း လာသည့်တိုင်အောင်)၊ နိသိန္န—ထိုင်နေသော၊ (မိမိ ရသင့်ရာ နေရာ၌ ထိုင်နေသော)၊ ရိတ္တဟတ္ထမ္ပိ- အချည်းနှီးသော လက်ရှိသောရဟန်းကိုလည်း၊ ဝုဋ္ဌာပေတုံ-ငှါ၊ န ဝဋ္ဋတိ—မအပ်၊ (ကသ္မာ န ဝဋ္ဋတိ)၊ ဟိ (ယသ္မာ)-အကြင့်ကြောင့်၊ သော-ထိုရဟန်းသည်၊(ယံကိဉ္စိ ပိဝိတွာဝါ ခါဒိတွာဝါ နိသိန္န ရဟန်းသည်)၊ ဝိပ္ပကတဘောဇနော ယေဝ- စား၍မပြီးသေးသော ဘောဇဉ်ရှိသူသာ၊ ဟောတိ-၏၊ (တသ္မာ နဝဋ္ဋတိ၊) [ရှေးနိဿယ၌ "ဝုဋ္ဌာပေတုံ ဝဋ္ဋတိ" ဟု ရှိ၏၊ " ဝိပ္ပကတဘောဇနော ယေဝ ဟိ သော "ဟူသော နောက်ဝါကျကို ထောက်လျှင် "န ဝဋ္ဋတိ" ရှိမှ ကောင်းသည်၊ ဤသိက္ခာပုဒ်ကလည်း ဝိပ္ပကတဘောဇနရဟန်းကို မထစေဘို့ရန် ပညတ်တော်မူသော သိက္ခာပုဒ်တည်း။]

သစေ ဝုဋ္ဌာပေတိတိ- ကား၊ အာပတ္တိ-ကို၊ အတိက္ကမိတွာပိ-ကျော်လွန်၍လည်း၊ သစေ ဝုဋ္ဌာပေတိယေဝ - အကယ်၍ ထစေသည်သာလျှင် ဖြစ်အံ့၊ [“န ဘိက္ခဝေ ဝိပ္ပကတဘောဇနော ဘိက္ခု ဝုဋ္ဌာပေတဗ္ဗော၊ ယော ဝုဋ္ဌာပေယျ၊ အာပတ္တိ ဒုက္ကဋဿ”ဟူသောအာပတ်ကို ကျူးလွန်၍ထစေသည်သာလျှင်ဖြစ်အံ့- ဟူလို။] ပဝါရိတောစ ဟောတီတိ - ကား၊ ယံ-အကြင်ရဟန်းကို၊ သော - ထိုရဟန်းသည်၊ ဝုဋ္ဌာပေသိ- ထစေပြီ၊ အယဉ္စ ဘိက္ခု- ဤ ထစေအပ်သောရဟန်းသည်လည်း၊ ပဝါရိတောစ - ပဝါရိတ် သင့်နေသည်လည်း၊ (သစေ) ဟောတိ-အံ့၊ (ဧဝံသတိ)၊ တေန - ထို ပဝါရိတ်သင့်နေသောရဟန်းသည်၊ ဝတ္တဗ္ဗော - လျှောက်ထိုက်၏၊ (ကိံ)၊ ဂစ္ဆ - သွားပါချေ၊ ဥဒကံ - ရေကို၊ အာဟရာဟိ-ဆောင်ယူခဲ့ပါသော၊ ဣတိ-ဤသို့၊ (ဝတ္တဗ္ဗော-၏၊) ဟိ- မှန်၊ ဝုဍ္ဎတရံ-သီတင်းကြီးသော၊ ဘိက္ခုံ-ကို၊ အာဏာပေတုံ-စေခိုင်းခြင်းငှါ၊ ဣဒမေဝ ဧကံ ဌာနံ-ဤ တဌာနသည်သာ၊ (ဟောတိ-ရှိ၏၊) ဣတိ-ဤသို့ မှတ်အပ်၏၊ သော-ထို သီတင်း

× × × × × × ×

ပဝါရိတောစ ဟောတိ ။ ။ ပဝါရိတ်သင့်နေသော ရဟန်းသည် နေမြဲတိုင်း နေရာ၌ မဝမချင်း ဆက်၍စားနိုင်၏၊ ယခုသော်ကား မိမိထက် သီတင်းကြီးသော ရဟန်းက အထခိုင်း၍ နေလေပြီ၊ နေရာမှထပြီးသည့်နောက်၌ကား ပါးစပ်ထည်း၌ ရှိနေသော ခဲဘွယ်ဘောဇဉ်ကိုမျှ မျိုမချကောင်းတော့ချေ၊ ထို့ကြောင့် စားခြင်းကိစ္စ အပြီးသတ်ဘို့ရန် ရေသောက်ရမည်ဖြစ်၍ သို့မဟုတ် လုတ်ကျင်းရမည်ဖြစ်၍“ဥဒကံ အာဟရာဟိ”ဟူ၍ မိမိထက်သီတင်းကြီးသော (မိမိကို ထဘို့ရန် ခိုင်းနေသော) ရဟန်းကိုပင် ခိုင်းခွင့်ပြုတော်မူသည်၊ ကိုယ့်ထက်ကြီးသူကို ခိုင်းကောင်းသောဌာနကား ဤတဌာနသာ ရှိ၏။

ကြီး ရဟန်းသည်၊ ဥဒကမ္ပိ-ရေကိုသော်မှလည်း၊သစေ န အာဟရတိ-အကယ်၍ မဆောင်ယူအံ့၊(ဆောင်ယူ၍မပေးအံ့)၊ တတော-ထိုသို့မဆောင်ယူခြင်းကြောင့်၊ ယဋ္ဌ-အကြင် အမှုကိုလည်း၊ နဝကတရေန- သီတင်းငယ်ရဟန်းသည်၊ ကတ္တဗ္ဗံ-ပြုထိုက်၏၊ တံ-ထိုအမှုကို၊ ဒဿေန္တော-ပြတော်မူလိုသည်၊ (ဟုတ္တာ)၊ သာခုကံ သိတ္တာနီတိ အာဒိ*-သာခုကံသိတ္တာနိ အစရှိသောစကားကို၊ အာဟ-မူပြီ။

ဂိလာနဿ ပတိရူပံ သေယျန္တိ ဧတ္ထ - ဟူသော ဤပါဌ်၌၊ ယော - အကြင် ရဟန်းသည်၊ ကာသ ဘဂန္ဒရာတိသာရာဒိဟိ - ချောင်းဆိုးနာ , ဘဂန္ဒြရ်နာ , ဝမ်းသွေးသွန်သောရောဂါ အစရှိသည်တို့ဖြင့်၊ ဂိလာနော - မကျန်းမာသည်၊ ဟောတိ-၏၊ ခေဠမလ္လက ဝစ္စကပါလာဒီနိ - ထွေးခံ, ကျင်ကြီးခွက် အစရှိသည် တို့ကို၊ ထပေတဗ္ဗာနိ-ထားထိုက်ကုန်သည်၊ ဟောန္တိ-ကုန်၏၊ [ချောင်းဆိုးသော ကြောင့် ထွေးခံထားထိုက်၏၊ ဘဂန္ဒြရ်နာ, ဝမ်းသွေးသွန် ရောဂါတို့ကြောင့် ကျင်ကြီးခွက်ထားထိုက်၏။]ကုဋ္ဌိဝါ-နူနာရှိသည်သော်လည်း၊ ဟောတိ-ဖြစ်အံ့၊ သေနာသနံ-ကျောင်း အိပ်ရာနေရာကို၊ ဒူသေတိ-ဖျက်ဆီးတတ်၏၊ ဧဝရူပဿ- ဤသို့သဘောရှိသော ဂိလာနအား၊ (သေနာသနကို ဖျက်ဆီးတတ်သော ကာသ ဂိလာနစသူအား)၊ ဟေဋ္ဌာ၊ပေ၊သာလာဒီသု-ပြာသာဒ်၏အောက်ထပ်, သစ်ရွက် မိုးကျောင်း အစရှိသည်တို့တွင်၊ အညတရံ-အမှတ်မထား တပါးပါးသော၊ ဧက မန္တံ-သင့်တင့်လျော်ပတ်သောအရပ်၌၊ သေနာသနံ-ကျောင်း အိပ်ရာနေရာကို၊ ဒါတဗ္ဗံ-ပေးရာ၏၊ ယသ္မိံ*-အကြင်ဂိလာနသည်၊ ဝသန္တေ-နေလသော်၊ သေနာ သနံ- သည်၊ န ဒုဿတိ - မပျက်စီး၊ တဿ- ထို ဂိလာနအား၊ ဝရသေယျာပိ- မြတ်သော အိပ်ရာနေရာကိုလည်း၊ ဒါတဗ္ဗာဝ-ပေးထိုက်သည်သာ။

ယောပိ-အကြင် ရဟန်းသည်လည်း၊ သိနေဟ၊ပေ၊ကမ္မာဒီသု-ဆီကိုသောက် ခြင်း, ဝမ်းလျှောဆေးစားခြင်း , နှာနှပ်မှု အစရှိသည်တို့တွင်၊ ယံကိဉ္စိ - အမှတ် မထား တပါးပါးသော၊ ဘေသဇ္ဇ-ဆေးကို၊ ကရောတိ-ပြု၏၊ သဗ္ဗော-အလုံးစုံ သော၊ သော-ထိုရဟန်းသည်၊ ဂိလာနောယေဝ- ဂိလာနပင်တည်း၊ တဿာပိ- ထို ဂိလာနအားလည်း၊ သလ္လက္ခေတွာ-မှတ်သား၍၊ ပတိရူပံ-သင့်လျော်သော၊ သေနာသနံ-ကို၊ ဒါတဗ္ဗံ-ပေးရာ၏။ ("သူ့ရောဂါနှင့် သင့်တော်သောနေရာကို မှတ်သား၍ပေးပါ"ဟူလို၊) လေသကပ္ပေနာတိ-ကား၊ အပ္ပတေန-အနည်းငယ်

× × × × × × ×

လေသကပ္ပေန ။ ။ လိဿတိ သိလိဿတီတိ လေသော – အခြား အနာမျိုး၌ ငြိကပ်တတ်သောကြောင့် လေသမည်၏၊ အနည်းငယ်ဟူသော အနက်ပင်တည်း၊ မကျန်း မမာသော ပုဂ္ဂိုလ်သည် မိမိ နေမြဲဖြစ်သော သံဃိကနေရာကို အခြားပုဂ္ဂိုလ်တို့ မနေ ရအောင် တားမြစ်နိုင်၏၊ ထို့ကြောင့် ထိုအနည်းငယ်သော အနာသည် "ကပ္ပတိ ဧတေ နာတိ ကပ္ပေါ" အရ အပ်စပ်ကြောင်းတည်း၊ " လေသော ယေဝ + ကပ္ပေါ လေသ ကပ္ပေါ"ဟု ပြု၊ အပ်စပ်ကြောင်းဖြစ်သော အနည်းငယ်သောရောဂါ။

သော၊ သီသာဗာဓာဒိမတ္တေန - ခေါင်းခဲခြင်း အစရှိသောရောဂါမျှဖြင့်၊ ("ပဋိ ဗာဟန္တိ"၌စပ်)၊ ဘိက္ခူ ဂဏေတွာတိ-ကား၊ ဘိက္ခူ-တို့သည်၊ တွက်ကာနာမ-ဤမျှ အတိုင်းအရှည်ရှိကုန်သည် မည်၏၊ ဣတိ- သို့၊ ဝိဟာရေ- ကျောင်းတိုက်၌၊ ဘိက္ခူနံ - တို့၏၊ ပရိစ္ဆေဒံ - အပိုင်းအခြားကို၊ ဉတွာ - သိပြီး၍၊ ("သေယျာ ဂဏေတုံ" ၌စပ်)။

× × × × × × ×

ယောဇနာ၊ **၊ယောဇနာ၌ကား"ကပ္ပသဒ္ဒါ၏ လေသ အနက်ကို ဟောသော ကြောင့် လေသနှင့် ကပ္ပကို အနက်တူ"ဟု ဖွင့်လေသည်၊ ထိုသို့ အနက်တူလျှင် ပဒဋ္ဌာနံ ကဲ့သို့ " အလွန်နည်းသော " ဟု အတိသယ အနက်ကို ဟောရပေလိမ့်မည်၊ မိမိကား အနက်တူဟု မယူဆပါ၊ " အရကောက်အဓိပ္ပါယ်သာ တူသည်" ဟု ယူဆပါသည်၊ ထို့ကြောင့် "လေသကပ္ပေန-အဝ်စပ်ကြောင်းဖြစ်သော အနည်းငယ်သော ခေါင်းခဲ့နာ စသည်ဖြင့်"ဟု ပါဋိတော်၌ ပေးပါ။**

အာသနပ္ပဋိဗာဟနာဒိကထာအဖွင့် ပြီး၏။

သေနာသနဂ္ဂါဟကထာ

မဥ္စဋ္ဌာနာနိ - ညောင်စောင်း၏ တည်ရာအရပ်တို့ကို၊ (ညောင်စောင်းထား လောက်ရာအရပ်တို့ကို)၊ သေယျာတိ-သေယျာတို့ဟူ၍၊ ဝုစ္စန္တိ-၏၊["သေယျာ" အရ အိပ်ခြင်းကြိယာကို ယူမည်စိုး၍ "မဥ္စဋ္ဌာနာနိ" ဟု ဖွင့်သည်၊ "သေယျာ" အရ "ညောင်စောင်းထားလောက်ရာ ကျောင်းနေရာကို ယူပါ"ဟူလို။] သေယျ ဂ္ဂေနာတိ- ကား၊ သေယျာပရိစ္ဆေဒေန - အိပ်ရာနေရာတို့၏ အပိုင်းအခြားအား ဖြင့်၊(" ဂါဟေတုံ အနုဇာနာမိ "၌စပ်၊) ဝဿူပနာယိကဒိဝသေ- ဝါကပ်ရာ နေ့၌၊ ကာလံ - အချိန်အခါကို၊ ဃောသေတွာ - ကြွေးကြော်၍၊ (စည်းဝေးကြ ဘို့ရန် ကြွေးကြော်၍၊) ဧကမဉ္စဋ္ဌာနံ-တခုသောညောင်စောင်း၏ တည်ရာအရပ် ကို၊ ဧကဿ-သော၊ ဘိက္ခုနော-ရဟန်းအား၊ ဝါ-ဘို့၊ ဂါဟေတုံ-ယူစေခြင်း ငှါ၊ အနုဇာနာမိ-၏၊ဣတိအတ္ထော၊ သေယျဂ္ဂေန ဂါဟေန္တာတိ-ကား၊သေယျာ ပရိစ္ဆေဒေန-အိပ်ရာနေရာတို့၏အပိုင်းအခြားအားဖြင့်၊ ဂါဟိယမာနေ-ယူစေ အပ်ကုန်လသော်၊ ဝါ - ယူစေအပ်ကုန်သော၊ (သေယျာ၌စပ်)။ [ဂါဟေန္တာ၌ အန္တပစ္စည်းသည် ကစ္စည်းအလို မာနပစ္စည်းမှ ပြန်ထားသော ကံဟောတည်း၊

× × × × × × ×

သေယျဂ္ဂေန၊ **၊ဤ၌ အဂ္ဂသဒ္ဒါသည်"ပရိစ္ဆေဒ"အနက်ဟောတည်း၊ အဘိဓာန် လာ အနက်တို့တွင် "ကောဋိ " အနက်နှင့် တူ၏၊ "ပုဗ္ဗကောဋိ န ပညာယတိ"၌ ရှေး အစ အပိုင်းအခြားကို "ပုဗ္ဗကောဋိ"ဟု ခေါ်သကဲ့သို့တည်း၊ ယောဇနာ၌ကား"စတုဏ္ဏ ဂ္ဂရာ ဃဖြင့် "ဝိဟာရဂ္ဂေန"ကို ပါဌ်မှန်ဟု ယူလေ၏။**

ထို့ကြောင့် ဂါဟေန္တာ ကို "ဂါဟိယမာနာ"ဟု ဖွင့်သည်၊] သေယျာ ဥဿာရ ယိ'သုတိ-ကား၊ မဥ္စဋ္ဌာနာနိ-တို့သည်၊ အတိရေကာနိ-ပိုလွန်ကုန်သည်၊ အဟေ သုံ-ကုန်ပြီ၊ [ဥဿာရယိ'သုန္ဒ ဥပုဗ္ဗ သရဓာတ် ဂတိ အနက်ဟော စုရာဒိဂိုဏ်း၊ "အထက်၌ ဖြစ်ကုန်ပြီ" ဟု သဒ္ဒတ္ထ၊ "ပိုလွန်ကုန်ပြီ" ဟု အဓိပ္ပါယတ္ထပေးပါ။] ဝိဟာရဂ္ဂါဟာဒိသုပိ - ကျောင်းကိုယူစေခြင်း အစရှိသည်တို့၌လည်း၊ ဧသေဝ နယော - ဤနည်းပင်တည်း။ [အချို့စာအုပ်၌ "ဝိဟာရဂ္ဂါဒိသုပိ - ကျောင်း၏ အပိုင်းအခြား အစရှိသည်တို့၌" ဟုလည်း ရှိ၏။]

အနုဘာဂံတိ-ကား၊ ပုန-တဖန်၊ အပရမ္ပိ-အခြားလည်းဖြစ်သော၊ ဘာဂံ-အဘို့ကို၊ ဒါတုံ - ပေးခြင်းငှါ၊ (အနုဇာနာမိ ၌စပ်၊ "အနုဘာဂံ- နောက်ထပ် အဘို့ကို"ဟု ပါဠိတော်၌ပေး၊) ဟိ-မှန်၊ ဘိက္ခူသု-ရဟန်းတို့သည်၊ အတိမန္ဒေ သု- အလွန်နည်းကုန်လသော်၊ ဧကေကဿ- တပါးတပါးသော၊ ဘိက္ခုနော- အား၊ ဒွိတ္တိ-၂ ခု ၃ ခုကုန်သော၊ ပရိဝေဏာနိ- ပရိဝုဏ်တို့ကို၊ ဒါတဗ္ဗာနိ- ပေးထိုက်ကုန်၏၊ [ဤသို့ပေးရခြင်းကား ကျောင်းတို့ကို စောင့်ရှောက် သုတ်သင် ဘို့ရန်တည်း၊] န အကာမာ ဒါတဗ္ဗောတိ - ကား၊ အနိစ္ဆာယ - အလိုမရှိဘဲ၊ (မပေးလိုဘဲ)၊ န ဒါတဗ္ဗော- မပေးထိုက်၊ တတ္ထ - ထို န အကာမာ ဒါတဗ္ဗော ဟူသော စကားရပ်၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊)ဝဿူပနာယိကဒိဝသေ- ၌၊ အနုဘာဂေ — နောက်ထပ်အဘို့ကို၊ ဂဟိတေ — ယူအပ်ပြီးသော်၊ ပစ္ဆာ— နောက်မှ၊ အာဂတာနံ — လာကုန်သော ရဟန်းတို့အား၊ အတ္တနော - မိမိ၏၊ အရုစိယာ- အလိုမဟုတ်သဖြင့်၊ သော အနုဘာဂေါ- ကို၊ န ဒါတဗ္ဗော-မပေး ထိုက်၊ (ဝေ၍ မပေးထိုက်၊) ပန - ဆက်၊ ယေန - အကြင်ရဟန်းသည်၊ (အနု ဘာဂေါ-(ကို၊) ဂဟိတော-ပြီ၊ သောစ-ထိုရဟန်းသည်လည်း၊ အတ္တနော- ၏၊ ရုစိယာ- အလိုအားဖြင့်၊ တံ အနုဘာဂံဝါ- ထို နောက်ထပ်အဘို့ကို သော်၎င်း၊ တံ ပဌမဘာဂံဝါ - ထို ပဌမအဘို့ကိုသော်၎င်း၊ သစေ ဒေတိ-အကယ်၍ဖြစ်အံ့၊ (ဒဝံသတိ)၊ ဝဋ္ဋတိ - ၏။

နိဿီမေ ဌိတဿာတိ - ကား၊ ဥပစာရသီမတော - ဥပစာရသိမ်မှ၊ ဗဟိ- အပြင်ဘက်၌၊ ဌိတဿ - တည်သောရဟန်းအို၊ (သေနာသနံ ဂါဟေန္တိ၌စပ်၊) ပန-ဆက်၊ အန္တော ဥပစာရသီမာယ-ဥပစာရသိမ်အတွင်း၌၊ ဒူရေ-အဝေး၌၊ ဌိတဿပိ - တည်နေသော ရဟန်းအို့လည်း၊ (ဂါဟေတုံ -ငှါ၊) လဗ္ဘတိဧဝ- ရအပ်သည်သာ၊ ["နိဿီမေ - ဥပစာရသိမ် မဟုတ်သောအရပ်၌"ဟု သဒ္ဒတ္ထ ပေး၊ "သိမ်ပြင်ဘက်၌ "ဟူသောအနက်ကား အဓိပ္ပါယတ္ထတည်း၊ ယောဇနာ၌ "ဥပစာရ သီမတော ဗဟီတိ ဣမိနာ နိဿီမေတိ ဧတ္ထ သီမတော ဗဟိ နိက္ခန္တံ နိသ္သိမ္မံ ဝါ နိဿီမန္တိ အတ္ထံ ဒဿေတိ၊ ဥပစာရသီမာယ အာဝါသဝနေ ဝသေန, အတ်ငိတ္တာရတ္တာ ဝုတ္တံ ဒူရေ ဌိတဿာပီတိ "ဟု ဖွင့်လေသည်။] သေနာသနံ

ဇာဟေတွာတိ-ကား၊ ဝဿူပနာယိကဒိဝသေ-၌၊ ဂဟေတွာ-၍၊ (“သမ္ပတ္တကာလံ ပဋိမာဟန္တိ” ၌စပ်)၊ သမ္ပတ္တကာလံ ပဋိမာဟန္တီတိ - ကား၊ စတုမာသစ္စယေန- မိုယ်းလေးလ၏ လွန်ရာအခါ၌၊ ဥတုကာလေပိ- ဆောင်းဥတု, နွေဥတုအခါ၌လည်း၊ ပဋိမာဟန္တိ - တားမြစ်ကြကုန်၏။ [ဥတုကာလေပီတိ ဟေမန္တဂိမှကာလေပိ၊ တသ္မိံ့ ကာလေ သီတ ဥဏှ ဥတု တိခိဏော ဟောတိ၊ တသ္မာ တဿေဝ ဝိသေသေန ဥတုကာလောတိ နာမံ ပါကဋံ ဟောတိ၊ တေန ဝုတ္တံ ဟေမန္တဂိမှကာလေပီတိ၊ ဝိသဒ္ဒေန ဝဿကာလံ အပေက္ခတိ၊—ယောဇနာ။]

တိသု-သုံးပါးကုန်သော၊ သေနာသနဂ္ဂါဟေသု-ကျောင်းကို ယူစေခြင်းတို့တွင်၊ ပုရိမကော-ပုရိမကသေနာသနဂ္ဂါဟဝင်း၊ (ပုရိမဝါ၌ဖြစ်သော ကျောင်းခံယူစေခြင်းဝင်း၊) ပစ္ဆိမကောစ- ပစ္ဆိမကသေနာသနဂ္ဂါဟဝင်း၊ (ပစ္ဆိမဝါ၌ဖြစ်သော ကျောင်းခံယူစေခြင်းဝင်း၊) ဣတိ-သို့၊ ဒွေ - နှစ်ပါးကုန်သော၊ ဣမေ ဂါဟာ-ဤယူစေခြင်းတို့သည်၊ ထာဝရာ-ခိုင်မြဲကုန်၏၊ (“ခိုင်မြဲသည့် အတွက် အထူးဝိနိစ္ဆယပြဘွယ် မလို”ဟူလို၊) အန္တရာမုတ္တကေ- အန္တရာမုတ္တကသေနာသနဂ္ဂါဟ၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော - တည်း၊ ကေသ္မိံ-တခုသော၊ ဝိဟာရေ — ကျောင်းတိုက်၌၊ မဟာလာဘံ - များသောလာဘ်ရှိသော၊ သေနာသနံ-ကျောင်းသည်၊ ဟောတိ-ရှိ၏၊ သေနာသနဿာမိကာ-ကျောင်းရှင်ဒါယကာတို့သည်၊ ဝဿူပဂတံ—ဝါကပ်ပြီးသော၊ ဘိက္ခုံ-ကို၊ သဗ္ဗပစ္စယေဟိ- အလုံးစုံသော ပစ္စည်းတို့ဖြင့်၊ သက္ကစ္စံ - ရိုသေစွာ၊ ဥပဋ္ဌဟိတွာ - ပြုစုလုပ်ကျွေးပြီး၍၊ ပဝါရေတွာ-ပဝါရဏာပြုပြီး၍၊ ဂမနကာလေ-သွားရာအခါ၌၊(သွားခါနီး၌၊) ဗဟုံ-များစွာသော၊ သမဏပရိက္ခာရံ-ရဟန်းတို့၏ ပရိက္ခရာကို၊ ဒေန္တိ-လှူလိုက်ကြကုန်၏၊ မဟာထေရာ- မဟာထေရ်တို့သည်၊ ဒူရတောပိ—အဝေးမှလည်း၊ အာဂန္တွာ-လာ၍၊ ဝဿူပနာယိကဒိဝသေ - ဝါကပ်ရာနေ့၌၊ တံ- ထို

× × × × × × ×

သေနာသနဂ္ဂါဟ ။ ။ ပါဠိတော်၌ “ပုရိမကော ဂါဟောတမ္ဗော” ဟု ရှိသောကြောင့် “ဂါဟာပနံ—ယူစေခြင်း၊ ဂါဟော— ယူစေခြင်း” ဟု ပြု၍” သေနာသနဿ+ဂါဟော သေနာသနဂ္ဂါဟော ” ဟု ပြုပါ၊ ပုရိမဝါကပ်သော ရဟန်းများ အတွက် ဝါတွင်း၌ အမြဲနေဘို့ရာ သံဃိကနေရာမှ ထိုရဟန်းအတွက် ကျောင်း အိပ်ရာနေရာကို (သေနာသနဂ္ဂါဟာပက ပုဂ္ဂိုလ်က ယူဘို့ရန် ပြောဆိုခြင်း) သည် “ ပုရိမကသေနာသနဂ္ဂါဟ” မည်၏၊ ပစ္ဆိမ ဝါကပ်သော ရဟန်းများအတွက် ဝါတွင်း၌ အမြဲနေဘို့ရာ သံဃိကနေရာမှ ထိုရဟန်းအတွက် ကျောင်း အိပ်ရာ နေရာကို ယူစေခြင်း (သေနာသနဂ္ဂါဟာပကပုဂ္ဂိုလ်က ယူဘို့ရန်ပြောဆိုခြင်း) သည် “ပစ္ဆိမကသေနာသနဂ္ဂါဟ”မည်၏၊ ပုရိမက ပစ္ဆိမကမှ အလွတ်ဖြစ်သော ရှေ့သီတင်းကျွတ် နောက်ဝါဆိုတို့၏ အကြားဖြစ်သော ဝါပကာလ၌ ကျောင်း အိပ်ရာနေရာကို ယူစေခြင်းသည် “ အန္တရာမုတ္တကသေနာသနဂ္ဂါဟ ” မည်၏။

မဟာလာဘကျောင်းကို၊ ဂဟေတွာ-၍၊ ဖာသုံ- ချမ်းသာစွာ၊ ဝသိတွာ-နေပြီး၍၊ ဝုတ္ထဝဿာ-မိုးလပတ်လုံး သီတင်းသုံးပြီးကုန်သည်၊ (ဟုတွာ)၊ လာဘံ-ကို၊ ဂဏှိတွာ- ၍၊ ပက္ကမန္တိ-ဖဲကြွကြကုန်၏။

အာဝါသိကာ — အမြဲနေခြင်းရှိသော ရဟန်းတို့သည်၊ မယံ— ငါတို့သည်၊ ဧတ္ထ-ဤမဟာလာဘကျောင်း၌၊ ဥပ္ပန္နံ-ဖြစ်သော၊ လာဘံ-ကို၊ န လဘာမ- မရကြကုန်၊ နိစ္စံ -အမြဲ၊ အာဂန္တုကာ မဟာထေရာဝ - အာဂန္တုက မဟာထေရ်တို့သည်သာ၊ လဘန္တိ—ရကြကုန်၏၊ တေယေဝ - ထိုအာဂန္တုက မဟာထေရ်တို့သည်သာ၊ တံ-ထိုမဟာလာဘကျောင်းကို၊ အာဂန္ဒာ - ၍၊ ပဋိဇဂ္ဂိဿန္တိ—စောင့်ရှောက်သုတ်သင်ကြကုန်လတ့ံ၊ ဣတိ—ဤသို့ ပြော၍၊ ပလုဇ္ဇန္တမ္ပိ—ပျက်စီးနေသည်ကိုလည်း၊ န ဩလောကေန္တိ-မကြည့်ကြကုန်၊ ဘဂ္ဂဝါ-သည်၊ တဿ-ထိုမဟာလာဘကျောင်းကို၊ ပဋိဇဂ္ဂနတ္ထံ-ဝါပဉ္စ စောင့်ရှောက်သုတ်သင်ခြင်းငှါ၊ ပဝါရဏာယ — ပဝါရဏာနေ့သည်၊ အပရဇ္ဇုဂတာယ - နောက်တရက်သို့ ရောက်လသော်၊ ဝါ-လွန်ပြီးသော ပဝါရဏာနေ့၏ နောက်တရက်ရှိလသော်၊ အာယတိ- နောင်အခါ၌၊ (နေဝ်ဝါ၌၊) ဝဿာဝါသတ္တာယ-မိုးလပတ်လုံးနေခြင်းအကျိုးငှါ၊ အန္တရာမုတ္တကော ဂါဟေတဗ္ဗောတိ-ဟူ၍၊ အာဟ- မိန့်တော်မူပြီ။

တံ — ထို အန္တရာမုတ္တကသေနာသနဂ္ဂါဟကို၊ ဂါဟေန္တေန - ယူစေသော ရဟန်းသည်၊ (သေနာသနဂ္ဂါဟာပက ရဟန်းသည်၊) သံဃတ္ထေရော - သံဃာ့ထေရ်ကို၊ ဝတ္တဗ္ဗော—လျှောက်ထိုက်၏၊(ကိံ)၊ ဘန္တေ- အရှင်ဘုရား၊ အန္တရာမုတ္တကသေနာသနံ- အန္တရာမုတ္တက ကျောင်းအိပ်ရာ နေရာကို၊ ဂဏှထ-ယူပါကုန်၊ ဣတိ (ဝတ္တဗ္ဗော)၊ (သံဃတ္ထေရော) သစေ ဂဏှာတိ- အံ့၊ (ဧဝံသတိ)၊ ဒါတဗ္ဗံ - ပေးထိုက်၏၊ နော စေ (ဂဏှာတိ—အကယ်၍ မယူအံ့၊ ဧဝံသတိ)၊ ဧတေနေဝ ဥပါယေန—ဤနည်းဖြင့်သာလျှင်၊ အနုထေရံ-အနုထေရ်ကို၊ အာဒိံကတွာ-အစပြု၍၊ ယော-အကြင် ပုဂ္ဂိုလ်သည်၊ ဂဏှာတိ-၏၊ တဿ-ထိုပုဂ္ဂိုလ်အား၊ အန္တမသော— အားဖြင့်၊ သာမဏေရဿာပိ - သာမဏေအားသော်မှလည်း၊ ဒါတဗ္ဗံ-ပေးရာ၏၊ တေန-ထို ယူသော ပုဂ္ဂိုလ်သည်၊ တံသေနာသနံ—ကို၊ အဋ္ဌမာသေ-ရှစ်လတို့ပတ်လုံး၊ ပဋိဇဂ္ဂိတဗ္ဗံ-စောင့်ရှောက် သုတ်သင်ရာ၏၊ [အဋ္ဌမာသောတိ စတ္တာရော ဟေမန္တမာသေ, စတ္တာရောစ ဂိမှမာသေတိ အဋ္ဌမာသေ၊ ကဒါစိ ပဉ္စ ဂိမှမာသေတိ နဝမာသေဝါ— ဝါထပ်ရာ အခါ ၅ လ တည်း၊-ယောဇနာ၊] ဆဒနဘိတ္တိဘူမိသု-အမိုးနံရံ မြေတို့တွင်၊ ယံကိဉ္စိ—အမှတ်မထား တပါးပါးသော အရပ်သည်၊ ခဏ္ဍံဝါ— ကျိုးပျက်နေသည်သော်၎င်း၊ ဖုလ္လံဝါ—ကွဲအက်နေသည်သော်၎င်း၊ ဟောတိ၊ တံသဗ္ဗံ-ထိုအလုံးစုံသော အရပ်ကို၊ ပဋိသင်္ခရိတဗ္ဗံ-ပြုပြင်ရာ၏။

ဥဒ္ဒေသပရိပုစ္ဆာဒီဟိ-ပါဠိကို သင်ယူခြင်း,အနက်ကို အဖန်ဖန် မေးမြန်းခြင်း အစရှိသည်တို့ဖြင့်၊ (ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း အစရှိသည်တို့ဖြင့်၊) ဒိဝသံ –နေ့ကို၊ ခေပေတွာ-ကုန်စေ၍၊ ရတ္တိံ-ညဉ့်၌၊ တတ္ထ-ထို ကျောင်း၌၊ ဝသိတုမ္ပိ- နေခြင်းငှါလည်း၊ ဝဋ္ဋတိ– အပ်၏၊ ရတ္တိံ-၌၊ ပရိဝေဏေ – ပရိဝုဏ်၌၊ (ကျောင်းဝိုင်းအတွင်း အခြားတနေရာ၌၊) ဝသိတွာ-၍၊ တတ္ထ- ထိုကျောင်း၌၊ ဒိဝသံ-ကို၊ ခေပေတုမ္ပိ-ငှါလည်း၊ ဝဋ္ဋတိ-အပ်၏၊ ရတ္တိန္ဒိဝံ – ညဉ့်နေ့ပတ်လုံး၊ တတ္ထေဝ-ထိုကျောင်း၌ပင်၊ ဝသိတုမ္ပိ ဝဋ္ဋတိ၊ ဥတုကာလေ - ဆောင်းဥတု နွေဥတု အခါ၌၊ အာဂတာနံ-လာကုန်သော၊ ဂုမ္ဗာနံ-သီတင်းကြီးသော ရဟန်းတို့အား၊ န ပဋိဗာဟိတဗ္ဗံ - မတားမြစ်ရာ၊ ပန - ကား၊ ဝဿူပနာယိကဒိဝသေ— သည်၊ သမ္ပတ္တေ - ရောက်လသော်၊ သံဃတ္ထေရော-သည်၊ မယှံ—ငါ့အား၊ ဣဒံ သေနာသနံ-ကို၊ ဒေထ-ပေးကြကုန်၊ ဣတိ-သို့၊ သစေ ဝဒတိ-အံ့၊ (ဇဝံ သတိ)၊ န လဗ္ဘတိ-မရ၊ ဘန္တေ-အရှင် ဘုရား၊ ဣဒံ-ဤ ကျောင်းကို၊ (ပဋိဇဂ္ဂိတံ၌စပ်၊) အန္တရာမုတ္တကံ-အန္တရာမုတ္တကကျောင်းကို၊ ဂဟေတွာ-၍၊ အဋ္ဌမာသေ-ရှစ်လ တို့ပတ်လုံး၊ ဇကေန-သော၊ ဘိက္ခုနာ-သည်၊ ပဋိဇဂ္ဂိတံ-စောင့်ရှောက် သုတ်သင် အပ်ပါပြီ၊ ဣတိ-သို့၊ ဝတွာ-၍၊ န ဒါတဗ္ဗံ - မပေးရာ၊ အဋ္ဌမာသေ - ရှစ်လတို့ ပတ်လုံး၊ ပဋိဇဂ္ဂကဘိက္ခုဿေဝ - စောင့်ရှောက် သုတ်သင်သော ရဟန်းသည် သာ၊ ဂဟိတံ-ယူအပ်ပြီးသည်၊ ဟောတိ။

ပန-ဆက်၊ ယသ္မိံ သေနာသနေ-၌၊ ဇကေသံဝ စ္ဆရေ-တနှစ်၌၊ ဆမာသစ္စယေန ဆမာသစ္စယေန — ၆ လ လွန်ရာ ၆ လလွန်ရာ အခါ၌၊ ဒွိက္ခတ္တုံ - ၂ ကြိမ်၊ ပစ္စယေ-တို့ကို၊ ဒေန္တိ-န်၏၊ တံ-ထိုကျောင်းကို၊ အန္တရာမုတ္တကံ-အန္တရာမုတ္တက သေနာသနဂ္ဂါဟကို၊ န ဂါဟေတဗ္ဗံ-မယူစေထိုက်၊ ယသ္မိံ ဝါ-အကြင်ကျောင်း၌မူလည်း၊ စတုမာသစ္စယေန စတုမာသစ္စယေန-၄လလွန်ရာ ၄ လလွန်ရာအခါ၌၊ တိက္ခတ္တုံ-၃ ကြိမ်၊(ပစ္စယေ)ဒေန္တိ၊ (တံအန္တရာမုတ္တကံ န ဂါဟေတဗ္ဗံ၊)ယသ္မိံ ဝါ - အကြင်ကျောင်း၌မူလည်း၊ တေမာသစ္စယေန တေမာသစ္စယေန — ၃ လ လွန်ရာ ၃ လ လွန်ရာအခါ၌၊ စတုက္ခတ္တုံ—၄ ကြိမ်၊(ပစ္စယေ)ဒေန္တိ၊ တံ အန္တရာမုတ္တကံ န ဂါဟေတဗ္ဗံ၊(ကသ္မာ, တံ-ကို၊ အန္တရာမုတ္တကံ—ကို၊ န ဂါဟေတဗ္ဗံ—

× × × × × × ×

ဆမာသစ္စယေန။ ။ဆမာသစ္စယေန ဆမာသစ္စယေနာတိ ဣဒံ ဒွိက္ခတ္တုံ ပစ္စယ ဒါနကာလပရိစ္ဆေဒဒဿနံ၊ဧဝံ ဥပရိပိ၊ တံ န ဂါဟေတဗ္ဗံတိ ဝစနဿ ကာရဏံ မာဟ၊— ပစ္စယေနေဝ ဟိ တံတိအာဒိနာ၊ ပစ္စယညေဝ နိဿာယ တတ္ထ ဝသိတွာ (ပစ္စည်း အတွက်ကြောင့် ဝါပမှာလည်း တခြားမသွားဘဲနေ၍) ပဋိဇဂ္ဂနာ (သုတ်သင်မည့်သူ တို့သည်) ဘပိဿန္တိ-ရှိကုန်လတ့်၊ ဣတိ အဓိပ္ပါယော၊—ဝိမတိ။ [" ပဋိဇဂ္ဂိကာဒ"ဟု ရှိလျှင် ကောင်း၏။]

ယူစေထိုက်သနည်း၊)ဟိ(ယသ္မာ)— ကြောင့်၊ တံ- ထို ကျောင်းသည်၊ ပစ္စယေ နေဝ—ပစ္စည်းကြောင့်သာလျှင်၊ ပဋိဇဂ္ဂနံ-ကို၊ လဘိဿတိ၊—ရလတ္တံ့၊(တသ္မာ- ထို့ကြောင့်တည်း၊)] ပန—ကား၊ ယသ္မိံ—၌၊ ဧကသံဝစ္ဆရေ- ၌၊ သကိဒေဝ— တကြိမ်သာလျှင်၊ ဗဟုပစ္စယေ- များစွာသော ပစ္စည်းတို့ကို၊ ဒေန္တိ— ပေးလှူကြ ကုန်၏၊ တံ- ၎င်းကျောင်းကို၊ အန္တရာမုတ္တကံ-ကို၊ ဂါဟေတဗ္ဗံ၊ ဣတိ (အယံ)- ဤ ဆိုအပ်ပြီးကား၊ အန္တရာမုတ္တကေ— အန္တရာမုတ္တက ကျောင်းယူစေခြင်း၌၊ ဝိနိစ္ဆယော-တည်း၊ [ရှေ့ကို ပြန်အုပ်သည်၊) အယံ—ဤဆိုအပ်ပြီးကား၊ တာဝ- ပါဠိအနာဂတ သေနာသနဂ္ဂါဟကထာမှ ရှေးဦးစွာ၊ အန္တောဝဿေ — ၌၊ ဝဿူပနာယိကဒိဝသေန-ဝါကပ်ရာနေ့အားဖြင့်၊ ပါဠိယံ-၌၊ အာဂတသေနာ သနဂ္ဂါဟကထာ—လာသော သေနာသနဂ္ဂါဟကထာတည်း။

ပန-ဆက်၊ အယံ သေနာသနဂ္ဂါဟောနာမ - ဤ ကျောင်း အိပ်ရာ နေရာကို ယူစေခြင်းမည်သည်၊ ဥတုကာလေ-ဆောင်းဥတု နွေဥတုအခါ၌၊(ဂါဟောစ)- ယူစေခြင်းရင်း၊ ဝဿာဝါသေ-အမြဲနေရာ မိုးအခါ၌၊ (ဂါဟော) စ-ရင်း၊ (ဣတိ-သို့၊) ဒုဝိဓော-၂ ပါး အပြားရှိသည်၊ ဟောတိ-၏၊ တတ္ထ-ထို ၂ ပါးတို့ တွင်၊ တာဝ-ဝဿာဝါသဂ္ဂါဟမှ ရှေးဦးစွာ၊(နိဒ္ဒိဋ္ဌေ)၊ဥတုကာလေ-ဆောင်း ဥတု, နွေဥတုအခါ၌၊(“အာဂန္တုကေ”၌စပ်)၊ကေစိ-အချို့ကုန်သော၊ အာဂန္တု ကာ—အာဂန္တုကဖြစ်ကုန်သော၊ ဘိက္ခူ - တို့သည်၊ ပုရေဘတ္တံ - ဆွမ်းစားရာ ကာလ၏ ရှေ့အဖို့၌၊ အာဂန္တုကေ- ကုန်၏၊ ကေစိ-ကုန်သော၊ (အာဂန္တုကာ ဘိက္ခူ)၊ ပစ္ဆာဘတ္တံ-ဆွမ်းစားရာ ကာလ၏ နောက်အဖို့၌၊ ပဌမယာမံဝါ-ပဌမ ယာမ်၌သော်ရင်း၊ မဇ္ဈိမယာမံဝါ-၌သော်ရင်း၊ ပစ္ဆိမယာမံဝါ - ၌သော်ရင်း၊ (အာဂန္တုကေ)၊ ယေ-အကြင်ရဟန်းတို့သည်၊ ယဒါ-အကြင်အခါ၌၊ အာဂန္တုကော၊ တေသံ-ထို ရဟန်းတို့အား၊ တဒါဝ-ထိုလာရာအခါ၌သာ၊ ဘိက္ခူ-တို့ကို၊ ဥဋ္ဌာ ပေတွာ- ထစေ၍၊ သေနာသနံ-ကို၊ ဒါတဗ္ဗံ - ပေးထိုက်၏၊ အကာလောနာမ- အခါ မဟုတ်သည်မည်သည်၊ နတ္ထိ-မရှိ၊ ပန-ထိုသို့ပင် ပေးထိုက်ပါသော်လည်း၊ သေနာသနပညာပကေန - အိပ်ရာနေရာကို ခင်းတတ်သော ရဟန်းသည်၊ ပဏ္ဍိ တေန-ပညာရှိသူသည်၊(ဉာဏ်ရှိ ၊့ သည်၊)ဘဝိတဗ္ဗံ-ဖြစ်ရာ၏၊ ဧကမဉ္စဋ္ဌာနံဝါ- ညောင်စောင်းတနေရာကိုသော်ရင်း၊ ဒွေမဉ္စဋ္ဌာနာနိဝါ-ညောင်စောင်း ၂ နေရာ တို့ကိုသော်ရင်း၊ ထပေတဗ္ဗာနိ - ချန်ထားထိုက်ကုန်၏၊ [ဤစကားဖြင့် သေနာ သနပညာပကရဟန်း၏ ဉာဏ်ရှိပုံကိုပြသည်။] ဝိကာလေ—အချိန်ခဲ့၌၊ ဧကော- တပါးသော၊ ထေရောဝါ—ထေရ်သည်သော်ရင်း၊ ဒွေ-ကုန်သော၊ ထေရာဝါ- ထေရ်တို့သည်သော်ရင်း၊ သစေ အာဂန္တုကေ- အကယ်၍လာကုန်အံ့၊ (ဧဝံသတိ)၊ ဘော-ထိုထေရ်တို့ကို၊ ဝတ္တဗ္ဗာ - ပြောက်ထိုက်ကုန်၏၊ (ကိံ)၊ ဘန္တေ — အရှင် ဘုရားတို့! အာဒိတော - အစမှ၊ ပဋ္ဌာယ-စ၍၊ ဝုဍ္ဍာပိယမာနာ - ထစေအပ်ကုန်

လသော်၊ ဝါ - ထစေအပ်ကုန်သော၊ သဗ္ဗေပိ - အလုံးစုံလည်း ဖြစ်ကုန်သော၊ ဘိက္ခူ-တို့သည်၊ ဥဇ္ဇင်္ဂလိုကာ — မြောက်ချီအပ်သော ဘဏ္ဍာရှိကုန်သည်၊ ဘဝိ သန္တိ-ဖြစ်ပါကုန်လတံ့၊ တုမှေ-အရှင်ဘုရားတို့သည်၊ အမှာကံ - တပည့်တော်တို့၏၊ ဝသနဋ္ဌာနေယေဝ—နေရာအရပ်၌သာ၊ ဝသထ - နေကြပါကုန်၊ ဣတိ— ဤသို့ (ဝတ္တဗ္ဗာ)။

ပန-ဆက်၊ ဗဟူသု- များစွာကုန်သော ရဟန်းတို့သည်၊ အာဂတေသု-လာကုန်လသော်၊ ဝုဋ္ဌာပေတွာ - ထစေပြီး၍၊ (အရင်ရောက်ပြီးသော ရဟန်းငယ်တို့ကို ထစေပြီး၍၊)ပဋိပါဋိယာ-အစဉ်အားဖြင့်၊ ဒါတဗ္ဗံ-ပေးရာ၏၊ [ဗဟူသူတိ တယော အာဒိံ ကတွာ ဗဟူသု ဘိက္ခူသု၊ - ယောဇနာ၊] ဧကေကံ - တခုတခု သော၊ ပရိဝေဏံ - ပရိဝုဏ်သည်၊ (ကျောင်းဝင်းသည်၊) သစေ ပဟောတိ - အကယ်၍ လောက်အံ့၊ (ဧဝံသတိ)၊ ဧကေကံ- သော၊ ပရိဝေဏံ- ကို၊ ဒါတဗ္ဗံ၊ တတ္ထ - ထို ပရိဝုဏ်၌၊ အဂ္ဂိသာလ ၊ ပေ ၊ မာလာဒယော - မီးတင်းကုပ်, စင်္ကြံ သွားရာ စရပ်ရှည် , စည်းဝေးရာတန်ဆောင်းဝန်း အစရှိကုန်သော၊ သဗ္ဗေပိ- အလုံးစုံသော အဆောက်အဦးတို့သည်လည်း၊ တဿေဝ - ထိုရဟန်း၏အထံ သို့သာ၊ ပါပုဏန္တိ-ရောက်ကုန်၏၊[“ပရိဝုဏ်တခုကို နေခွင့်ရသောရဟန်းအထံသို့ ထိုပရိဝုဏ်တွင်းရှိသော အဆောက်အဦးအားလုံး ရောက်ကြသည် ” ဟူလို၊ ဒီဃသာလာတိ စင်္ကမနသာလာ၊ မဏ္ဍလမာဠောတိ ဥပဋ္ဌာနသာလာ၊-ဝိမတိ။] ဧဝံ-သို့၊ (ပရိဝုဏ်တခုစီ)၊ အပ္ပဟောန္တေ- မလောက်လသော်၊ ပါသာဒဂ္ဂေန- ပြာသာဒ်၏ အပိုင်းအခြားအားဖြင့်၊ ဒါတဗ္ဗံ-ရာ၏၊ ပါသာဒေသု-တို့သည်၊ အပ္ပဟောန္တေသု - ကုန်လသော်၊ ဩဝရကဂ္ဂေန - အခန်း အပိုင်းအခြားအားဖြင့်၊ ဒါတဗ္ဗံ၊ ဩဝရကေသု အပ္ပဟောန္တေသု , သေယျဂ္ဂေန — အိပ်ရာ နေရာတို့၏ အပိုင်းအခြားအားဖြင့်၊ ဒါတဗ္ဗံ၊ သေယျဂ္ဂေသု အပ္ပဟောန္တေသု, မဉ္စဋ္ဌာနေန- ညောင်စောင်းတို့၏ တည်နေရာအရပ်အားဖြင့်၊ (ညောင်စောင်း တနေရာစာ

× × × × × × ×

ဥဇ္ဇင်္ဂလိုကာ။ ။ [ဥက္ခိတ္တံ— မြောက်ချီအပ်သော + ဘဏ္ဍံ ဥဇ္ဇင်္ဂလံ၊ ဥဇ္ဇင်္ဂလံ+ ဧယသံတိ ဥဇ္ဇင်္ဂလိုကာ၊ နေရာရွှေ့သောအခါ ကိုယ့်ဘဏ္ဍာကိုထမ်း၍ရွှေ့ရမည့်ဖြစ်သော ကြောင့် “ ဥဇ္ဇင်္ဂလိုကာ ဘဝိဿန္တိ ” ဟု ဆိုသည်၊ ဥဇ္ဇင်္ဂလိုကာ ဘဝိဿန္တိတိ ဥက္ခိတ္တ ဘဏ္ဍာ ဘဝိဿန္တိ၊— ဝိမတိ၊ “ ဒွေ မဉ္စဋ္ဌာနာနိ ” အရ ချန်ထားအပ်သောနေရာကိုပင် “အမှာကံ ဝသနဋ္ဌာနေ” ဟု ဆိုသည်။]

ပါသာဒဂ္ဂေန စသည်။ ။ ပါသာဒဂ္ဂေနာတိ ဝိဟာရသဒ်ါတဿ ပါသာဒဿ ပရိစ္ဆေဒေန၊ ဩဝရကဂ္ဂေနာတိ ဂဗ္ဘဿ ပရိစ္ဆေဒေန၊ သေယျဂ္ဂေနာတိ စတုပဉ္စ ဟတ္ထ ပ္ပမာဏာယ သေယျာယ ပရိစ္ဆေဒေန၊ မဉ္စဋ္ဌာနေနာတိ ဒွိဟတ္ထ ဝိတ္ထာရဿ စတုဟတ္ထ အာယာမဿ မဉ္စဿ ဌာနေန၊ ဧကမဉ္စဋ္ဌာနဿ ဒွိန္နံ ပီဌကာနံ ဌာနတ္တာ ဝုတ္တံ ဧကပီဌက ဋ္ဌာနဝသေနာတိ။

အားဖြင့်၊) ဒါတဗ္ဗံ-၏၊ မဇ္ဈိမဋ္ဌာနေ-ညောင်စောင်း တနေရာစာသည်၊ အပ္ပဟောန္တေ — သော်၊ ကေပီဋ္ဌကဋ္ဌာနဝသေန — ထိုင်ခုံတနေရာစာ၏ အစွမ်းအားဖြင့်၊ ဒါတဗ္ဗံ- ၏၊ ပန-ဗျတိရိက်၊ ဘိက္ခုနော- ၏၊ ဋ္ဌိတောကာသမတ္တံ-တည်ရာအရပ်မျှကို၊ န ဂါဟေတဗ္ဗံ- မယူစေထိုက်၊ ဟိ- မှန်၊ ဧတံ-ဤ ရပ်တည်ရာအရပ်သည်၊ သေနာနသနံနာမ - အိပ်ရာနေရာမည်သည်၊ န ဟောတိ - မဟုတ်၊ [(ကသ္မာ— ကြောင့်၊ န ဂါဟေတဗ္ဗံ-နည်း၊)ဟိ(ယသ္မာ)-ကြောင့်၊ဧတံ-ဤရပ်တည်ရာအရပ်သည်၊ သေနာသနံနာမ-မည်သည်၊ န ဟောတိ၊(တသ္မာ န ဂါဟေတဗ္ဗံ)ဟုလည်း တနည်းပေးပါ။] ပန- ဆက်၊ ပီဋ္ဌကဋ္ဌာနေ- ထိုင်ခုံ တနေရာစာသည်၊ အပ္ပဟောန္တေ- သော်၊ ကေ မဇ္ဈိမဋ္ဌာနံဝါ - ညောင်စောင်း တနေရာစာကိုသော်၎င်း၊ ကေ ပီဋ္ဌကဋ္ဌာနံဝါ- ထိုင်ခုံ တနေရာစာကိုသော်၎င်း၊ ဝါရေန ဝါရေန- အလှည့်ကျ အလှည့်ကျအားဖြင့်၊ ဂါဟေတ္ဗာ-ယူစေ၍၊ ဘန္တေ-အရှင်ဘုရားတို့၊ဝိဿမထ- အပန်းဖြေကြပါကုန်၊ ဣတိ-ဤသို့ လျှော်၍၊ တိဏ္ဏံ-၃ ပါးကုန်သော၊ ဇနာနံ-ရဟန်းတို့အား၊ ဒါတဗ္ဗံ - ရာ၏၊ ဟိ - မှန်၊ သီတသမယေ - အအေး၏အခါ၌၊ (အေးရာအခါ၌)၊ သဗ္ဗရတ္တိံ - အလုံးစုံသော ညဉ့်ပတ်လုံး၊ အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ ဝသိတုံ - ငှါ၊ န သက္ကာ - မတတ်ကောင်း၊ [ဤ နဟိဝါကျကို ဟေတုဝါကျ လုပ်၍လည်း အနက်ပေးနိုင်သည်၊ "ကသ္မာ ဝါရေန ဝါရေန ဂဟေတွာ၊ပေ၊ဒါတဗ္ဗံ၊ ဟိ (ယသ္မာ) သီတသမယေ သဗ္ဗရတ္တိံ အဇ္ဈောကာသေ ဝသိတုံ န သက္ကာ၊ တသ္မာ ဝါရေန ဝါရေန၊ပေ၊ ဒါတဗ္ဗံ" ဟု ပေးပါ၊ ညဉ့် ၃ ယာမ်ရှိသည့်အတွက် တယာမ်စီ အပန်းဖြေဖို့ရန် "တိဏ္ဏံ ဇနာနံ ဒါတဗ္ဗံ"ဟု ဆိုသည်။]

[တခုသော မဇ္ဈိမဋ္ဌာန, သို့မဟုတ် ပီဋ္ဌဋ္ဌာနနှင့် ၃ ပါးနေပုံအခြင်းအရာကိုပြလို၍ "မဟာထေရေန" စသည်မိန့်။] မဟာထေရေန-မဟာထေရ်သည်၊ ပဌမယာမံ- ပဌမယာမ်ပတ်လုံး၊ ဝိဿမိတွာ-အပန်းဖြေပြီး၍၊နိက္ခမိတ္ဗာ-ထွက်ပြီး၍၊ ဒုတိယ ထေရဿ - ဒုတိယထေရ်အား၊ ဝတ္တဗ္ဗံ - ပြောဆိုရာ၏၊ (ကိံ)' အာဝုသော- ငါ့ရှင်၊ ဣဓ - ဤနေရာသို့၊ ပဝိသာဟိ - ဝင်လော၊ ဣတိ (ဝတ္တဗ္ဗံ)၊ မဟာ

× × × × × × × .

ရပ်နေရာသည် သေနာသနမဟုတ်၊ ဋ္ဌိတံ(ဤပြအပ်ပြီးသောနေရာကို)နိသီဒိ **တုံ သက္ကုဏေယျဝသေန ဝုတ္တံ၊ သစေ န သက္ကာ နိသီဒိတုံ၊ န ဒါတဗ္ဗံ၊ တေန ဝုတ္တံ ဘိက္ခုနော ပန ဋ္ဌိတောကာသမတ္တံ န ဂါဟေတဗ္ဗံတိ၊ ဧတံဟိ ဋ္ဌိတောကာသမတ္တံ၊ ဟိတိ သစ္စံ၊ ယသ္မာဝါ၊ ကေမဇ္ဈိမဋ္ဌာနဿ တိဏ္ဏံ ဇနာနံ ကေ ပီဋ္ဌကဋ္ဌာနဘာဝေန အပ္ပဟောန္တေ တ္တာ ဝုတ္တံ ကေမဇ္ဈိမဋ္ဌာနံဝါ ဟိတ္ဏံ ဇနာနံ ဒါတဗ္ဗံတိ၊ ဟိတိသစ္စံ၊ သီတသမယေတိ ဆမိနာ ဥဏှသမယေပိ သဗ္ဗဒိဝသံ အဇ္ဈောကာသေ ဝသိတုံ န သက္ကာတိ ဒီပေတိ၊ ပရိဠာဟ သမယေ ပန သက္ကာ သဗ္ဗရတ္တိံ အဇ္ဈောကာသေ ဝသိတုံ၊ ကိဥ္စာပိ သက္ကာ၊ သီတုဏှ ကာလေ ပန န ဒါတဗ္ဗတ္တာ ပရိဠာဟသမယေပိ န ဒါတဗ္ဗံတိ ဝေဒိတဗ္ဗံ၊—ယောဇနာ။**

ထေရော-သည်၊ နိဒ္ဒါဂရုကော-အိပ်ခြင်း၌ အလေးပြုသူသည်၊ သစေ ဟောတိ-အံ့၊ ကာလံ - အချိန်ကို၊ (ပဋ္ဌမယာမ်ကုန်လျှင် ထွက်ရမည့်အချိန်ကို၊) သစေ န ဇာနာတိ- အကယ်၍ မသိအံ့၊ (ဧဝံသတိ)၊ ဥဏ္ဏာသိတ္ဂာ- ချောင်းဟန့်၍၊ ဒွါရံ-တံခါးကို၊ အာကောဋေတွာ - ခေါက်၍၊ ဘန္တေ - အရှင်ဘုရား၊ ကာလော-အခါသည်၊ (ထွက်ဘို့ရန်အခါသည်)၊ဇာတော-ဖြစ်ပါပြီ၊ သီတံ-အအေးသည်၊ အနုဒဟတိ-ပူလောင်ပါ၏၊ ဝါ- နှိပ်စက်ပါ၏၊ ဣတိ- ဤသို့၊ ဝတ္တဗ္ဗံ-လျှောက်ရာ၏၊ [အနုဒဟတီတိ ပီဠေတိ၊—ဋီကာ၊ နှိပ်စက်သည်ကိုပင်“ပူလောင်သည်”ဟု တင်စား ဆိုထားဟန်တူသည်။] တေန - ထို မဟာထေရ်သည်၊ နိက္ခမိတွာ - ၍၊ ဩကာသော-အခွင့်ကို၊ ဒါတဗ္ဗော-ပေးထိုက်၏၊ အဒါတုံ-မပေးဘဲနေခြင်းငှါ၊ န လဗ္ဘတိ-မရအပ်၊ ဒုတိယတ္ထေရေနပိ-ဒုတိယထေရ်သည်လည်း၊ မဇ္ဈိမယာမံ-မဇ္ဈိမယာမ်ပတ်လုံး၊ ဝိသမိတွာ - ၍၊ ပုရိမနယေနေဝ - ရှေးနည်းဖြင့်သာလျှင်၊ ဣတရဿ - အခြားသော တတိယထေရ်အား၊ ဒါတဗ္ဗံ၊ နိဒ္ဒါဂရုကော - အိပ်ခြင်း၌ အလေးပြုသောထေရ်ကို၊ ဝုတ္တနယေနေဝ - ဖြင့်သာ၊ ဝုဋ္ဌာပေတဗ္ဗော - ထစေထိုက်၏၊ ဧဝံ-ဤသို့လျှင်၊ ဧကေရတ္တိ-တည့်၌၊ ကေမဇ္ဈာနံ-ညောင်စောင်းတနေရာကို၊ တိဏ္ဏံ-၃ ပါးကုန်သော ရဟန်းတို့အား၊ ဒါတဗ္ဗံ- ၏။

ပန-ဆက်၊ဇမ္ဗုဒီပေ-ဇမ္ဗူဒိပ်၌၊ ကေစ္စေ-အချို့ကုန်သော၊ ဘိက္ခူ-တို့သည်၊ (“ဂါဟေန္တိ”၌စပ်)၊ သေနာသနံနာမ-မည်သည်၊ မဥ္စဋ္ဌာနံဝါ-သည်သော်၎င်း၊ ပီဌဋ္ဌာနံဝါ-သည်သော်၎င်း၊ ကိဉ္စိဒေဝ-တစုံတခုသော အရပ်သည်သာ၊ ကဿစိ-တစုံတယောက်သောပုဂ္ဂိုလ်အား၊ သပ္ပါယံ- လျော်ပတ်သည်၊ ဟောတိ-၏၊ ကဿစိ-အား၊ အသပ္ပါယံ-မလျော်ပတ်သည်၊ (ဟောတိ)၊ ဣတိ-ထို့ကြောင့်၊ အာဂန္တုကာ-တို့သည်၊ ဟောန္တု ဝါ-ဖြစ်မူလည်း ဖြစ်ပစေကုန်၊ မာ ဟောန္တု ဝါ - မဖြစ်မူလည်း မဖြစ်ပစေကုန်၊ ဒေဝသိကံ - နေ့တိုင်း၊ သေနာသနံ - ကို၊ ဂါဟေန္တိ-၏၊ အယံ-ဤဆိုအပ်ပြီးကား၊ ဥတုကာလေ-၌၊ သေနာသနဂ္ဂါဟော နာမ-မည်၏။

ပန-ဆက်၊ ဝဿာဝါသေ- အမြဲနေရာ မိုးအခါ၌၊ (သေနာသနဂ္ဂါဟော ဧဝံ ဝေဒိတဗ္ဗော)၊ အာဂန္တုကဝတ္တံ - အာဂန္တုကဝတ်သည်၊ အတ္ထိ- ရှိ၏၊ အာဝါသိကဝတ္တံ - ဝတ်သည်၊ အတ္ထိ- ၏၊ တာဝ - အာဝါသိကမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေန-သော၊) အာဂန္တုကေန - အာဂန္တုကရဟန်းသည်၊ သကဋ္ဌာနံ-မိမိ

× × × × × × ×

အာဒါတုံ န လဗ္ဘတိ၊ ။အဒါတုံ န လဗ္ဘတီတိ ဣမိနာ သဗ္ဗိဿ အဒဒန္တဿ ပဋိဗာဟနေ ပဝိသနတော (နေရာကို တားမြစ်ခြင်း၌ ပါဝင်သောကြောင့်) ဒုက္ကဋံတိ ဒီပေတိ၊—ဝိမတိ၊ ရုဋ္ဌဝဂ္ဂ ဝတ္တက္ခန္ဓက သဒ္ဓိဝိဟာရိကကထာ၌ “န နဝါ ဘိက္ခူ အာသနေန ပဋိဗာဟိတဗ္ဗာ”ဟု ပညတ်တော်မူသည်။

နေရာအရပ်ကို၊ မုဥ္စိတွာ - စွန့်လွှတ်၍၊ အညတ္တ - တပါးသောအရပ်သို့၊ ဂန္တွာ-သွား၍၊ ဝသိတုကာမေန - နေလိုသည်၊ (သမာနေန - ဖြစ်လသော်၊) ဝဿူပနာယိကဒိဝသမေဝ - ဝါကပ်ရာနေ့၌သာ၊ တတ္ထ- ထို တပါးသောအရပ်သို့၊ န ဂန္တဗ္ဗံ-မသွားရာ၊ ဟိ-မှန်၊ တနည်း (ကသ္မာ ဝဿူပနာယိကဒိဝသမေဝ တတ္ထ န ဂန္တဗ္ဗံ)၊ ဟိ (ယသ္မာ)-ကြောင့်၊ တဖြ- ထို အခြားနေရာ၌၊ ဝသနဋ္ဌာနံဝါ-နေရာအရပ်သည်သော်လည်း၊ သမ္ဘာခံ- ကျဉ်းမြောင်းသည်၊ ဘဝေယျ- ဖြစ်ရာ၏၊ ဘိက္ခာစာရောဝါ-ဆွမ်းခံလှည့်လည်ရာ အရပ်သည်သော်လည်း၊ န သမ္ပဇ္ဇေ ယျ-မပြည့်စုံရာ၊ တေန-ထို့ကြောင့်၊ဖါသုံ-ချမ်းသာစွာ၊ န ဝိဟရေယျ-မနေရရာ၊ (တသ္မာ ဝဿူပနာယိကဒိဝသမေဝ တတ္ထ န ဂန္တဗ္ဗံ)၊ တသ္မာ - ထို့ကြောင့်၊ (ထိုသို့ ဝါကပ်ရာနေ့၌သာ ထိုတပါးသောအရပ်သို့ မသွားထိုက်သည်၏အဖြစ်ကြောင့်၊) ဣဒါနိ - ယခုအခါ၌၊ မာသမတ္တေန - တလ အတိုင်းအရှည်ရှိသော ကာလချဖြင့်၊ ဝဿူပနာယိကာ - ဝါကပ်ရာနေ့သည်၊ ဘဝိဿတိ - ဖြစ်လတ့်၊ ဣတိ-၍သို့ ဆိုထိုက်ရာအခါ၌၊ တံ ဝိဟာရံ- ထိုကျောင်းသို့၊ (မိမိ ဝါကပ်လိုရာ ဖြစ်သော ထိုကျောင်းသို့)၊ ပဝိသိတဗ္ဗံ-ဝင်ရာ၏၊ တတ္ထ- ထို အခြားကျောင်း၌၊ မာသမတ္တံ - တလ အတိုင်းအရှည်ရှိသော ကာလပတ်လုံး၊ ဝသန္တော- နေစဉ်၊ ဥဒ္ဒေသတ္ထိကော - ပါဠိ သင်ယူခြင်းဖြင့် အလိုရှိသူသည်၊ သစေ (ဟောတိ)-အံ့၊ (ဧဝံသတိ)၊ ဥဒ္ဒေသသမ္ပတ္တိံ-သင်ယူအပ်သောပါဠိ၏ ပြည့်စုံခြင်းကို၊ သလ္လက္ခေတွာ - မှတ်သား၍ငင်း၊ ("အန္တောဝဿေ သုခံ ဝသိဿတိ" ၌စပ်)၊ ကမ္မဋ္ဌာနိကော - ကမ္မဋ္ဌာန်းအားထုတ်လိုသူသည်၊ သစေ (ဟောတိ)- အံ့၊ (ဧဝံသတိ)၊ ကမ္မဋ္ဌာနသပ္ပါယတံ-ကမ္မဋ္ဌာန်း၏ လျော်ပတ်သည်၏အဖြစ်ကို၊ သလ္လက္ခေတွာ-ငင်း၊ ပစ္စယတ္ထိကော-ပစ္စည်းဖြင့်အလိုရှိသူသည်၊ သစေ(ဟောတိ)၊ (ဧဝံသတိ)၊ ပစ္စယလာဘံ-ပစ္စည်းလာဘ်ကို၊ သလ္လက္ခေတွာ-ငင်း၊ အန္တောဝဿေ- ဝါတွင်း၌၊ သုခံ-ချမ်းသာစွာ၊ ဝသိဿတိ-နေရလတ့်။

စ- ဆက်၊ သကဋ္ဌာနတော - မိမိနေရာအရပ်မှ၊ တတ္ထ - ထို အရပ်တပါးသို့၊ ဂစ္ဆန္တေန- သွားသောရဟန်းသည်၊ ဝေါစရဂါမော - ဆွမ်းခံရွာကို၊ (ဆွမ်းခံရွာ၌နေသူ လူအပေါင်းကို၊—ဌာနူပစာ)၊ န ဃဋ္ဋေတဗ္ဗော- မထိခိုက်စေထိုက်၊ (ဆွမ်းခံရွာ၌နေသော ဒါယကာတို့ စိတ်ထိခိုက်အောင် မလုပ်ထိုက်၊) [မထိခိုက်စေပုံ အခြင်းအရာကို "န တတ္ထ မနုဿာ" စသည်ဖြင့် ပြသည်။] တတ္ထ- ထိုရွာ၌၊ မနုဿာ - လူတို့ကို၊ န ဝတ္တဗ္ဗာ - မပြောထိုက်ကုန်၊ (ကိံ)၊ တုမှေ - အသင် ဒါယကာတို့ကို၊ နိဿာယ- မှီ၍၊ သလာကဘတ္တာဒီနိဝါ-သလာကဘတ် အစရှိသည်တို့သည်ငင်း၊ ယာဂုခဇ္ဇကာဒီနိဝါ-ယာဂု ခဲဖွယ် အစရှိသည်တို့သည်ငင်း၊ ဝဿာဝါသိကံဝါ — ဝဿာဝါသိက သင်္ကန်းသည်ငင်း၊ (မိုးလပတ်လုံး နေခြင်းရှိသော ရဟန်းတို့အား ပေးလှူထိုက်သော သင်္ကန်းသည်ငင်း)၊ နတ္ထိ-

မရှိ၊ [အသင်ဒါယကာတို့ကိုမှီ၍ သလာကဘတ်စသည်ကို မရ-ဟူလို။] အယံ-ဤ ပရိက္ခရာသည်၊ စေတိယဿ- စေတီ၏၊ ပရိက္ခာရော-ပရိက္ခရာတည်း၊ အယံ-ဤ ပရိက္ခရာသည်၊ ဥပေါသထာဂါရဿ-ဥပုသ်ကျောင်းဆောင်၏၊ (ပရိက္ခာရော-တည်း၊) တုမှာကံ- အသင်ဒါယကာတို့၏၊ ဝိဟာရဿ- ကျောင်း၏၊ ဣဒံ တာဋ္ဋဝေဋ္ဌ ၀-ဤသံကောက်ကိုရင်း၊ ဣဒံ သူစိဃ္ဃ-ဤ ကျည်ငယ်ကိုရင်း၊ ဝါ-ဤသော့ကို ရင်း၊သမ္မဇ္ဇနီဍ္ဍ ထ-လက်ခံကြကုန်၊ဣတိ-သို့၊(နဝတ္တဗ္ဗာ)၊[“တုမှာကံ ဝိဟာရဿ ဣဒံ တာဋ္ဌဝေဋ္ဌ ၀ ဣဒံ သူစိဃ္ဃ သမ္မဇ္ဇနီဍ္ဍ ထာတိ ယောဇနာ”ဟု ယောဇနာရှိသော ကြောင့် “တုမှာကံ ဝိဟာရဿာတိ”ဟု ရှိပါစေ။]

ပန-အန္ဓယ၊ သေနာသနံ-ကျောင်းအိပ်ရာနေရာကို၊ ဇဂ္ဂိတွာ-သုတ်သင်ပြီး၍၊ ဒါရဘဏ္ဍမတ္တိကာဘဏ္ဍာနိ — သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို၊ ပဋိသာမေတွာ-သိုမှီးသိမ်းဆည်းပြီး၍၊ ဂမိယဝတ္တံ - ဂမိယဝတ်ကို၊ (ခရီးသွားမည့် ရဟန်း၏ ကျင့်ဝတ်ကို၊)ပူရေတွာ-ပြည့်စေ၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ ဧဝံ-ဤသို့၊(သေနာသန ဇဂ္ဂနစသော ဂမိယဝတ်ကို ဖြည့်ကျင့်၍၊)ဂစ္ဆန္တေနာပိ-သွားသောမထေရ်ကြီး သည်လည်း၊ ဒဟရေဟိ—ရဟန်းငယ်တို့သည်၊ ဝါ - တို့ကို၊ ပတ္တစီဝရဘဏ္ဍိကာ ယော — သပိတ်သင်္ကန်း ဘဏ္ဍာထုပ်တို့ကို၊ ဥက္ခိပါပေတွာ - ချီမြှောက်စေ၍၊ (ထမ်းစေ၍)၊ တေလနာဠိကတ္တရဒဏ္ဍာဒီနိ - ဆီဗူး , တောင်ဝှေး အစရှိသည် တို့ကို၊ ဂါဟာပေတွာ-ယူစေပြီး၍၊ ဆတ္တံ-ထီးကို၊ ပဂ္ဂယှ-ချီမြှောက်၍၊ အတ္တာနံ-မိမိကို၊ ဒဿေန္တေန — ပြလျက်၊ ဂါမဒွါရေနေဝ - ရွာတံခါးပေါက်ဖြင့်သာ၊ နဂန္တဗ္ဗံ-မသွားရာ၊[“သင်တို့ရွာက ဆွမ်းစသည် မပြည့်စုံသောကြောင့် ငါသွား သဟော့”ဟု အဓိပ္ပါယ်ပေါ်အောင် “ပတ္တစီဝရဘဏ္ဍိကစသည်ကို ထမ်းစေလျက် ရွာတံခါးပေါက်က မသွားပါနှင့်”ဟူလို။]ပဋိစ္ဆန္နေန-ဖုံးလွှမ်းအပ်သော၊ အင္ဂုဝိ မဂ္ဂေန - တောလမ်းဖြင့်၊ ဂန္တဗ္ဗံ — သွားရာ၏၊ အင္ဂုဝိမဂ္ဂေ — တောလမ်းသည်၊ အသတိ-မရှိလသော်၊ ဂုမ္ဗာဒီနိ- ချုံအစရှိသည်တို့ကို၊ မဒ္ဒန္တေန- နင်းလျက်၊ န ဂန္တဗ္ဗံ—သွားရမည် မဟုတ်၊ [တောလမ်းမရှိလျှင် ချုံစသည်ကို နင်းသွားရမည် လောဟု မေးဘွယ်ရှိသောကြောင့် “ဂုမ္ဗာဒီနိ၊ပေ၊နဂန္တဗ္ဗံ”ဟု မိန့်သည်။]

ပန-အန္ဓယ၊ ဂမိယဝတ္တံ-ခရီးသွားမည့် ရဟန်း၏ ကျင့်ဝတ်ကို၊ ပူရေတွာ-ပြည့်စေ၍၊ ဝိတက္ကံ-အကြံကို၊ ဆိန္ဒိတွာ - ဖြတ်၍၊ သုဒ္ဓစိတ္တေန — စင်ကြယ်သော စိတ်ဖြင့်၊ ဂမနဝတ္တေနေဝ-ခရီးသွားကြောင်း ကျင့်ဝတ်ဖြင့်သာလျှင်၊ ဂန္တဗ္ဗံ— သွားရာ၏၊ ပန-ဆက်၊ ဂါမဒွါရေန-ရွာတံခါးပေါက်ဖြင့်၊ မဂ္ဂေါ - လမ်းသည်၊

× × × × × × ×

ဝိတက္ကံ ဆိန္ဒိတွာ ။ ။ ဝိတက္ကံ ဆိန္ဒိတွာတိ “ဣမိနာ နီဟာရေန (ဤသို့ ရွာက ဒါယကာများ သိလောက်အောင်နည်းဖြင့်) ဂစ္ဆန္တံ (သွားသော ငါ့ကို) ဒိသွာ နိဝါရေတွာ ပစ္စယေ ဒဿန္တိ”တိ ဧဝရူပံ ဝိတက္ကံ အနုပ္ပါဒေတွာ၊- ဝိ၁တိ။

သစေ ဟောတိ-အကယ်၍ ရှိအံ့၊ ဂစ္ဆန္တံ-သွားသော၊ သပရိဝါရံ-အခြံအရံနှင့်
တကွဖြစ်သော၊ နံ စ-ထို ထေရ်ကိုလည်း၊(ကျောင်းဘုန်းကြီးကိုလည်း)၊ ဒိသွာ—
မြင်၍၊ မနုဿာ-တို့သည်၊ အမှာကံ - ငါတို့၏၊ ထေရောဝိယ - ထေရ်နှင့် တူပါ
တကား၊ ဣတိ-ဤသို့ပြော၍၊ ဥပဓာဝိတွာ-အနီးသို့ ပြေးလာ၍၊ ဘန္တေ-အရှင်
ဘုရား၊ သဗ္ဗပရိက္ခာရေ-အလုံးစုံသော ပရိက္ခရာတို့ကို၊ ဂဟေတွာ-ယူ၍၊ ကုဟိံ -
အဘယ်အရပ်သို့၊ ဂစ္ဆထ-ကြွကြွမည်လို့ပါနည်း၊ ဣတိ-သို့(သစေ) ဝဒန္တိ—
အကယ်၍ လျှောက်ကုန်အံ့၊ တေသု-ထိုလူတို့တွင်၊ ဧကော - တယောက်သော
ဉာဏ်ရှိသူသည်၊ ဧဝံ- ဤသို့၊ စေ ဝဒတိ- အကယ်၍ ပြောအံ့၊ (သူ၏လူများကို
ပြန်၍ ပြောအံ့)၊ (ကိံ)၊ အယံ-ဤ အခါသည်ကား၊ ဝဿူပနာယိကကာလော
နာမ-ဝါကပ်ရာ အခါမည်၏၊ ယတ္ထ-အကြင်အရပ်၌၊ အန္တောဝဿေ-ဝါတွင်း
၌၊ နိဗဒ္ဓဘိက္ခာစာရော-အမြဲဆွမ်းခံ လှည့်လည်ရာအရပ်ကိုရင်း၊ ဘတ္တုပဋ္ဌာဒ
နဥ္စ-ဖုံးလွှမ်းကြောင်းဘတ္တာကိုရင်း၊ လဗ္ဘတိ- ရအပ် ရနိုင်၏၊ တတ္ထ- ထိုအရပ်
သို့၊ ဘိက္ခူ- ရဟန်းတို့သည်၊ ဂစ္ဆန္တိ- ကြွကြွရကုန်၏၊ ဣတိ- သို့၊ (စေ ဝဒတိ-
အံ့)၊(ဧဝံသတိ-သော်၊)[ဘတ္တုပဋ္ဌာဒနန္တိ ပဋ္ဌာဒနဘတ္တံ၊ သရီရပ္ပဋ္ဌာဒန
စီဝရန္တိ အတ္ထော၊-ဝိမတိ။]

တဿ-ထိုဉာဏ်ရှိသော လူ၏၊ ဝစနံ-စကားကို၊ သုတွာ - ကြားရ၍၊ တေ
မနုဿာ-ထိုလူတို့သည်၊ ဘန္တေ-အရှင်ဘုရား၊ ဣမသ္မိံပိ ဂါမေ-ဤရွာ၌လည်း၊
(ပိဖြင့် ကြွမည့်ရွာကို ပေါင်းသည်၊) ဇနော-လူအပေါင်းသည်၊ ဘုဥ္ဇတိ စေဝ-
စားလည်းစားပါ၏၊ နိဝါသေတိ စ- ဝတ်လည်း ဝတ်ပါ၏၊ အညတ္ထ - အခြား
ရွာသို့၊ မာဂစ္ဆထ-မကြွပါကုန်လင့်၊ ဣတိ-သို့၊ ဝတွာ-လျှောက်၍၊ မိတ္တာမစ္စေ-
မိတ်ဆွေသဟာယ်ချင်းတို့ကို၊ ပက္ကောသာပေတွာ - ခေါ်စေ၍၊ သဗ္ဗေ - အလုံးစုံ
သော လူတို့သည်၊ သမ္မန္တယိတွာ-ကောင်းစွာ တိုင်ပင်၍၊ ဝိဟာရေ-ကျောင်း၌၊
နိဗဒ္ဓဝတ္တဥ္စ-မြဲသော ဆွမ်းဝတ်ကိုရင်း၊ သလာကဘတ္တာဒီနိ စ - သလာကဘတ်
အစရှိသည်တို့ကိုရင်း၊ ဝဿာဝါသိကဥ္စ-ဝဿာဝါသိက သင်္ကန်းကိုရင်း၊ ပဋ္ဌပေ
တွာ—ဖြစ်စေ၍၊ ဘန္တေ— အရှင်ဘုရား၊ ဣဓေဝ - ဤ ကျောင်း၌သာ၊ ဝသထ-
နေတော်မူပါကုန်၊ ဣတိ-သို့၊ စေ ယာစန္တိ-အကယ်၍ တောင်းပန်ကုန်အံ့၊ (ဧဝံ
သတိ) သဗ္ဗံ - အလုံးစုံသော နိဗဒ္ဓဝတ်စသည်ကို၊ သာဒိတုံ - သာယာခြင်းငှါ၊
ဝဋ္ဋတိ-အပ်၏၊ ဟိ-မှန်၊(တနည်း)(ကသ္မာ သဗ္ဗံ သာဒိတုံ ဝဋ္ဋတိ၊)ဟိ(ယသ္မာ)-
ကြောင့်၊ သဗ္ဗံ-သော၊ ဧတံ- ဤ နိဗဒ္ဓဝတ်စသည်သည်၊ ကပ္ပိယဉ္စေဝ-အပ်သည်
ရင်း၊အနဝဇ္ဇဥ္စ-အပြစ်မရှိသည်ရင်း၊(ဟောတိ)၊(တသ္မာ သဗ္ဗံ သာဒိတုံ ဝဋ္ဋတိ၊)
[“ သုဒ္ဓစိတ္တေန ဂန္တဗ္ဗံ ” အရ နဂိုရ်က သုဒ္ဓစိတ်ဖြင့် ထွက်သွားသောကြောင့်
ပြန်ပင့်သောအခါ ထိုအားလုံးကို သာယာကောင်း၏၊ အကယ်၍ အသုဒ္ဓစိတ်ဖြင့်
နိဗဒ္ဓဝတ်စသည်ဖြစ်အောင် ဟန်လုပ်ထွက်လျှင်ကား အပ်မည် မဟုတ်ပါ။]

ပန-ဝါဒန္တရ၊ ကုရုန္တိယံ-ကုရုန္ဒီအဋ္ဌကထာ၌၊(ဝုတ္တံ-၌စပ်၊)ကုဟိံ-အဘယ်အရပ်သို့၊ ဂစ္ဆထ-ကြွကြမည်လို့ပါနည်း၊ ဣတိ—သို့၊ ဝုတ္တေ-မေးလျှောက်အပ်သော်၊ အသုကဋ္ဌာနံ- ထိုမည်သော အရပ်သို့၊(ဂစ္ဆာမ-သွားကြမလို့၊) ဣတိ-ဤသို့၊ ဝတ္တာ-ပြောဆို၍၊ ကသ္မာ—ကြောင့်၊ တတ္ထ-ထို အရပ်သို့၊ ဂစ္ဆထ-ကြွကြမည်လို့ပါနည်း၊ ဣတိ-သို့၊ ဝုတ္တေ-မေးလျှောံအပ်သော်၊ ကာရဏံ-အကြောင်းကို၊ အာစိက္ခိတမ္ပိ-ပြောပြနိုင်၏၊ ဝါ-ပြောပြကောင်း၏၊(“ဆွမ်းစသည် မပြည့်စုံသောကြောင့် သွားကြမလို့”ဟု အကြောင်းကို ပြောကောင်း၏၊) ဣတိ- သို့၊ ဝုတ္တံ-ပြီ၊ ပန--ဆက်၊ ဧတ္ထ-၌ မိမိကျောင်းမှ ထွက်သွားရာ၌၊ ဥဘယမ္ပိ-နှစ်ပါး စုံသော စကားသည်လည်း၊(ရှေးဦးစွာ ပြအပ်သော မဟာအဋ္ဌကထာ စကား, ကုရုန္ဒီ စကားသည်လည်း၊) သုဒ္ဓစိတ္တတ္တာဝ—စင်ကြယ်သောစိတ်ရှိသည်၏အဖြစ်ကြောင့်သာ၊ အနဝဇ္ဇံ--အပြစ်မရှိသော စကားသည်၊(ဟောတိ)၊ဣဒံ-ဤဆိုအပ်ပြီးကား၊ အာဂန္တုကဝတ္တံ နာမ-မည်၏၊[“သုဒ္ဓ စိတ္တတ္တာဝ အနဝဇ္ဇံ”ဟူသော စကားသည် “ကာရဏံ အာစိက္ခိတမ္ပိ”ကိုသာ ငဲ့သည် မဟုတ်၊ ရှေ့က ဆိုအပ်ခဲ့ပြီးသော အစီအရင်အားလုံးကိုပါ ငဲ့သည်။]

[“ဝဿာဝါသေ ပန အတ္ထိ အာဂန္တုကဝတ္တံ အတ္ထိ အာဝါသိကဝတ္တံ”ဟု ခေါင်းစဉ် ၂မျိုးတွင် အာဂန္တုကဝတ္တံကိုချဲ့ပြီး၍ အာဝါသိကဝတ္တံကိုချဲ့လိုသောကြောင့် “ဣဒံ ပန အာဝါသိကဝတ္တံ”ဟူသော ပါဒကဝါကျကို မိန့်သည်။] ပန-ကား၊ ဣဒံ- ဤ ဆိုအပ်လတံ့ကား၊ အာဝါသိကဝတ္တံ — အာဝါသိကာဝတ်တည်း၊(ဝဿာဝါသကာလ၌ အာဝါသိကဝတ်တည်း၊) ဟိ-ချဲ့၊ ပဋိကစ္စေဝ-စောစော၌ပင်၊ အာဝါသိကေဟိ - အာဝါသိက ရဟန်းတို့သည်၊ ဝိဟာရော-ကျောင်းတိုက်ကို၊ ဇဂ္ဂိတဗ္ဗော — သုတ်သင်ထိုက်၏၊ ခဏ္ဍ၊ ပေ၊ ပရိဘဏ္ဍာနိ-ကျိုးပြတ်သောအရပ်,ကွဲအက်သောအရပ်ကို ပြုပြင်ခြင်း,နွားချေး ဖန်ရည်တို့ဖြင့် အဖန်ဖန် သုတ်လိမ်းခြင်းဟူသော ပရိဘဏ်တို့ကို၊ ကာတဗ္ဗာနိ- ပြုထိုက်ကုန်၏။ [ဤပရိဘဏ္ဍပုဒ်ကို နောက်“နဝကမ္မဒါနကထာ”၌ ဖွင့်လတံ့။] ရတ္တိဋ္ဌာန၊ပေ၊ ပဿာဝဋ္ဌာနာနိ—ညဉ့်နေရာအရပ်, နေ့နေရာအရပ်, ဝစ္စကုဋီအရပ်, ကျင်ငယ်စွန့်ရာ အရပ်တို့ငှင်း၊ ပဓာန၊ပေ၊မဂ္ဂေါ - ကမ္မဋ္ဌာန်းကျောင်းသို့ သွားကြောင်း လမ်း, ကျောင်းကြီးသို့သွားကြောင်းလမ်းငှင်း၊ ဣတိ-သို့၊ ဣမာနိ သဗ္ဗာနိ—ဤ

× × × × × × ×

သုဒ္ဓစိတ္တတ္တာ အနဝဇ္ဇံ။ ။သုဒ္ဓစိတ္တတ္တာဝ အနဝဇ္ဇန္တိ ဣဒံ (ဤစကားကို) ပုန္တိတက္ခဏေ ကာရဏာစိက္ခနံ သန္ဓာယ ဝုတ္တံ န ဟောတိ၊ အသုဒ္ဓစိတ္တဿပိ ပုန္တိတပဥ္စဝိသဇ္ဇနေ ဒေါသာဘာဝါ၊ ဧဝံ ပန ဂတေ မံ ပုစ္ဆိဿန္တိတိ သညာယ အဂမနံ သန္ဓာယ ဝုတ္တံတိ ဒဋ္ဌဗ္ဗံ၊ (ဒီလိုထွက်သွားလျှင်“ငါ့ကို ဘာ့ကြောင့် သွားပါသနည်း”ဟု မေးကြလိမ့်မည်-ဟူသောသညာဖြင့်မသွားခြင်းကိုရည်ရွယ်၍“သုဒ္ဓစိတ္တတ္တာ အနဝဇ္ဇံ”ဟူသောစကားကို ဆိုအပ်သည်ဟု မှတ်ပါ။) —ဝိမတိ။

အလုံးစုံသောအရပ်တို့ကို၊ ပဋိဇဂ္ဂိတဗ္ဗာနိ-သုတ်သင်ထိုက်ကုန်၏။ [“သုတ်သင်” ဟူသည်လည်း ပြင်ဆင်ခြင်း, တံမြက်လှည်းခြင်း စသည်ပင်တည်း။]စေတိယေ-စေတီ၌၊ သုဓာကမ္မံ-အင်္ကတေသုတ်ခြင်းငှင်း၊ မုဏ္ဍဝေဒိကာယ(မုဒ္ဒဝေဒိကာယ)- စေတီ၏ အထက်အရပ်ဝယ် ပွတ်တိုင်တို့ဖြင့် ကာရံအပ်သော အကျည်၌၊ တေလမက္ခနံ— ဆီသုတ်ခြင်းငှင်း၊ မဇ္ဈပီဌပဋိဇဂ္ဂနံ — ညောင်စောင်းအင်းပျဉ်ကို သုတ်သင်ခြင်းငှင်း၊ ဣတိ – သို့၊ ဣဒမ္ပိသဗ္ဗံ—ဤအလုံးစုံသော အမှုကိုလည်း၊ ကာတဗ္ဗံ-ပြုထိုက်၏၊ ဟိ-မှန်၊ (တနည်း)ကသ္မာ ဣဒမ္ပိ သဗ္ဗံ, ကာတဗ္ဗံ- နည်း၊ ဟိ(ယသ္မာ)-ကြောင့်၊ ဝဿံ-မိုးလပတ်လုံး၊ ဝသိတုကာမာ— နေလိုကုန်သော ရဟန်းတို့သည်၊ အာဂန္တွာ- ၍၊ ဥဒ္ဒေသ၊ပေ၊ယောဂ ါဒီနိ- ပ ါဠိကို သင်ယူခြင်း, အနက်ကို အဖန်ဖန်မေးမြန်းခြင်း, ကမ္မဋ္ဌာန်းအားထုတ်ခြင်း အစရှိသော အမှုတို့ကို၊ ကရောန္တာ — ပြုကုန်လျက်၊ သုခံ - စွာ၊ ဝသိဿန္တိ - နေကြရကုန်လတ့ံ၊ ဣတိ-ဤသို့နှလုံးသွင်းခြင်းကြောင့်၊(ဣဒံပိ သဗ္ဗံ ကာတဗ္ဗံ)။[“ကသ္မာ ဣဒမ္ပိ သဗ္ဗံ ကာတဗ္ဗံတိ အာဟ-ဝဿံ ဝသိတုကာမာဟိတိ အာဒိ ”ဟု ယောဇနာဖွင့်သောကြောင့် “ ဝဿံ ဝသိတုကာမာ ဟိ ”ဟု ရှေးစာအုပ်တို့၌ ဟိ ပါဟန်တူသည်၊ “ဝသိဿန္တိတိ”ဟု ဣတိပါသောကြောင့်လည်း ထိုသို့ ဟိပါမှ ကောင်းမည်။]

ကတပရိကမ္မေဟိ-ပြုအပ်ပြီးသော ပရိကံရှိသော ရဟန်းတို့သည်၊ အာသာဠ္ဟိ ဇုဏှပဥ္စမိတော- ဝါဆိုလဆန်း ၅ ရက်နေ့မှ၊ ပဋ္ဌာယ - စ၍၊ ဝဿာဝါသိကံ- ဝဿာဝါသိကသင်္ကန်းကို၊ ပုစ္ဆိတဗ္ဗံ-မေးထိုက်၏၊ ကတ္ထ-အဘယ်၌၊ ပုစ္ဆိတဗ္ဗံ-မေးထိုက်သနည်း၊ ယတော-အကြင် အမျိုးမှ၊ ပကတိယာ - ပင်ကိုယ်အားဖြင့်၊ (ဝဿာဝါသိကံ-ကို၊) လဗ္ဘတိ-ရအပ်၏၊ (တတ္ထ-ထို အမျိုး၌၊ ပုစ္ဆိတဗ္ဗံ-၏)၊ ပန-ဗျတိရိက်၊ ယေဟိ-အကြင်ဒါယကာတို့သည်၊ န ဒိန္နပုဗ္ဗံ-ရှေး၌ မပေးလှူအပ်၊ (မပေးလှူအပ်ဘူး)၊ တေ - ထို ဒါယကာတို့ကို၊ ပုစ္ဆိတုံ-ငှါ၊ နဝဋ္ဋတိ - မအပ်၊ ကသ္မာ-ကြောင့်၊ ပုစ္ဆိတဗ္ဗံ-နည်း၊ ဟိ(ယသ္မာ)—ကြောင့်၊ ကဒါစိ-တရံတခါ၌၊ မနုဿာ - တို့သည်၊ ဒေန္တိ - လှူတတ်ကြကုန်၏၊ ကဒါစိ - ၌၊ ဒုဗ္ဘိက္ခာဒီဟိ -

× × × × × × ×

မုဏ္ဍဝေဒိကာ။ ။ “မုဒ္ဒဝေဒိကာ” ဟုလည်းရှိ၏၊ မုဏ္ဍဝေဒိကာယာတိ စေတိယဿ ဟမ္မိယဝေဒိကာယ၊ဟမ္မိယဝေဒိကာတိစ စေတိယဿ ဥပရိ စတုရဿဝေဒိယော ဝုစ္စတိ၊ – သာရတ္ထ၊ ဤဋီကာ၌ ဟမ္မိယဝေဒိကာကို ထောက်၍ မုဏ္ဍဝေဒိကာ ဟူသော ပါဌ်သာ ကောင်းမည်ကဲ့သို့ ထင်ရ၏၊ “ စေတိယဿ ဥပရိ စတုရဿဝေဒိယော” ဟု ဆိုသောကြောင့် သီဟိုဠ် စေတီများဝယ် ပြုလုပ်လေ့ရှိသော ထီးအောက် လေးထောင့်ရှိသော ဝရံတာပါသော အကျည်ထိုင်ခုံကို “မုဏ္ဍဝေဒိကာ” ဟု ယူပါ၊ ထိုဝေဒိကာ၏ လက်ရမ်းတိုင်းများကို ဆီသုတ်ရသောကြောင့် “ မုဒ္ဒဝေဒိကာယ တေလမက္ခနံ ” ဟု ဆိုသည်၊.... မုဒ္ဒဝေဒိကာယာတိ စေတိယဿ ဟမ္မိယဝေဒိကာယ (အပေါ်က အမိုး မပါသော အကျည်၏၊) ဃဋ္ဌာကာရဿ ဥပရိ စတုရဿ ဝေဒိကာယ၊—ဝိမတိ။

ငယ်မွတ် ခေါင်းပါးခြင်း အစရှိသော ဘေးတို့သည်၊ ဥပဒ္ဒုတာ - နှိပ်စက်အပ်ကုန်သည်၊(ဟုတွာ)၊ န ဒေန္တိ-မလှူတတ်ကြကုန်၊ တတ္ထ-ထို လူတို့တွင်၊ ယေ-အကြင်လူတို့သည်၊ န ဒသန္တိ-မ လှူနိုင်ကုန်လဘုံ၊ တေ-ထိုလူတို့ကို၊ အပုစ္ဆိတွာ-၍၊ ဝဿာဝါသိကေ- ဝဿာဝါသိကသင်္ကန်းရှိသောကျောင်းကို၊ ဂါဟိတေ-ယူစေအပ်သော်၊ ဂါဟိတဘိက္ခုနံ-ယူစေအပ်သော ရဟန်းတို့၏၊ လာဘန္တရာယော- လာဘ်၏အန္တရာယ်သည်၊ ဟောတိ-ဖြစ်တတ်၏၊ (သီတင်းကျွတ်သောအခါ ဝဿာဝါသိကသင်္ကန်း မရသောကြောင့် လာဘ်အန္တရာယ်ဖြစ်တတ်၏၊) တသ္မာ-ကြောင့်၊ ပုစ္ဆိတွာဝ-သာလျှင်၊ (သေနာသနံ-ကို၊) ဂါဟေတဗ္ဗံ- ၏။

ပုစ္ဆန္တေန-မေးသောရဟန်းသည်၊ တုမှာကံ-အသင်ဒါယကာတို့၏၊ ဝဿာဝါသိကဂ္ဂါဟဏကာလော-ဝဿာဝါသိကသင်္ကန်းကို ယူစေရာအခါသည်၊ ဥပကဋ္ဌော-နီးကပ်ပြီ၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ-ရာ၏၊("ဂါဟဏကာလောတိ ဂါဟာပနကာလော"ဟု ယောဇနာ၌ရှိသည်)၊ (မနုဿာ) သစေ ဝဒန္တိ - အကယ်၍လျှောက်ကုန်အံ့၊ (ကိံ)၊ ဘန္တေ-အရှင်ဘုရား၊ ဣမံ သံဝစ္ဆရံ- ဤနှစ်၌၊ ဆာတကာဒီဟိ - ဆာလောင်ခြင်း အစရှိသောဘေးတို့သည်၊ ဥပဒ္ဒုတာ- နှိပ်စက်အပ်ကုန်သည်၊ အမှ-ဖြစ်ပါကုန်၏၊ ဒါတုံ- ပေးလှူခြင်းငှါ၊ န သက္ကောမ-မစွမ်းနိုင်ပါကုန်၊ ဣတိဝါ - ဤသို့သော်၎င်း၊ [ဆာတကာဒီဟိတိ အာဒိသဒ္ဒေန ရောဂါဒယော သင်္ဂဏှာတိ၊-ယောဇနာ။] ယံ-အကြင်သင်္ကန်းကို၊ မယံ-တပည့်တော်တို့သည်၊ ပုဗ္ဗေ-၌၊ ဒေမ-ပေးလှူကုန်၏၊ တတော-ထိုသင်္ကန်းအောက်၊ ဥနတရံ-ယုတ်လျော့သော သင်္ကန်းကို၊ ဒဿာမ - ကုန်အံ့၊ ဣတိဝါ - ဤသို့သော်၎င်း၊ ("ရှေးက ဆယ်တောင် လှူနေကျဖြစ်သော်လည်း ယခု ရှစ်တောင်သာလှူနိုင်ကြပါကုန်အံ့" ဟူလို၊) ဣဒါနိ- ၌၊ ကပ္ပါသော- ဝါကို၊ သုလဘော- လွယ်ကူစွာရအပ်ပါ၏၊ ယံ-အကြင်သင်္ကန်းကို၊ပုဗ္ဗေ-၌၊ ဒေမ-ကုန်၏၊ တတော-ထိုသင်္ကန်းထက်၊ ဗဟုတရံ-သာ၍များသောသင်္ကန်းကို၊ ဒဿာမ-ကုန်အံ့၊ ဣတိဝါ-ဤသို့သော်၎င်း၊ သစေ ဝဒန္တိ - ကုန်အံ့၊ ("ရှေးက ဆယ်တောင်လှူနေကျ ဖြစ်သော်လည်း ယခု ၁၅ တောင် လှူနိုင်ပါကုန်အံ့ " ဟူလို၊) [ဤဝါကျတို့၌ " သစေ ဝဒန္တိနှင့် ဗဟုတရံ ဒဿာမာတိဝါ ဝဒန္တိ ဟု ဝဒန္တိနှစ်ပုဒ် ထပ်နေခြင်းသည် စာသွားမကောင်း၊ ရှေးတပုဒ်သာ ပါထိုက်သည်။] တံ-တိုစကားကို၊ သလ္လက္ခေတွာ-၍၊ တဒနုရူပေန - ထိုစကားအား လျောက်ပတ်သော၊ နယေန- နည်းဖြင့်၊ တေသံ ၊ တေသံ-ထိုထို လူတို့၏၊ သေနာသနေ-၌၊ ဘိက္ခူနံ-တို့၏အတွက်၊ ဝဿာဝါသိကံ-ကို၊ ဂါဟေတဗ္ဗံ- ၏။

မနုဿာ- တို့သည်၊ သစေ ဝဒန္တိ-ကုန်အံ့၊(ကိံ)၊ ယဿ-အကြင်ရဟန်း၏အထံသို့၊ အမှာကံ-တို့၏၊ ဝဿာဝါသိကံ-ဝဿာဝါသိကသင်္ကန်းသည်၊ ပါပုဏာတိ-ရောက်၏၊ သော- ထိုရဟန်းသည်၊ တေမာသံ-ဝါတွင်းသုံးလပတ်လုံး၊

ပါနီယံ- သောက်ရေကို၊ ဥပဋ္ဌာပေတု- တည်ပါစေ၊ ဝိဟာရမဂ္ဂံ- ကျောင်းသို့သွားကြောင်းလမ်းကို၊ ဇဂ္ဂတု - သုတ်သင်ပါစေ၊ စေတိယင်္ဂဏ မောဓိယင်္ဂဏနှ-စေတီယင်ပြင် မောဓိယင်ပြင်တို့ကို၊ဇဂ္ဂတု-သုတ်သင်ပါစေ၊ မောဓိရုက္ခေ-၌၊ ဥဒကံ - ကို၊ အာသိဉ္စတု - သွန်းလောင်းပါစေ၊ ဣတိ - သို့၊ (သစေ ဝဒန္တိ)၊ ယဿ- အကြင်ရဟန်း၏ အထံသို့၊ တံ- ထို ဝဿာဝါသိကသက်နုံးသည်၊ ပါပုဏာတိ-၏၊ တဿ-ထိုရဟန်းအား၊ အာစိက္ခိတဗ္ဗံ- ပြောပြထိုက်၏၊ ("ဝဿာဝါသိကကျောင်းကို ယူစေမည်"ဟု စိစဉ်တုန်းက ပြောရာ၏၊) ပန - ဆက်၊ ယော ဂါမော-အကြင်ရွာသည်၊ ပဋိက္ကမ္မ-ကျောင်းမှဖဲ၍၊ ဝါ-ကျောင်းမှခွါ၍၊ ယောဇနဒွိယောဇနန္တရေ - တယူဇနာ နှစ်ယူဇနာအတွင်း၌၊ ဟောတိ - ရှိ၏၊ တတြ - ထိုရွာ၌၊ ကုလာနိ - အမျိုးတို့သည်၊ (ကျောင်းနှင့်ဆိုင်သော အမျိုးတို့သည်၊) ဥပနိက္ခေပံ - အနီး၌ထားအပ်သော ဝတ္ထုကံကို၊ ထပေတွာ - ထား၍၊ ဝိဟာရေ - ၌၊ ဝဿာဝါသိကံ - ဝဿာဝါသိကသက်နုံးကို၊ စေ ဒေန္တိ ယေဝ- အကယ်၍သာလျှင် ပေးလှူကုန်အံ့၊ (အမြဲ ပေးလှူကြောင်းကို ပြလို၍ ဧဝဖြင့် ဆိုသည်၊) တာနိ ကုလာနိ - ထိုအမျိုးတို့ကို၊ အပုစ္ဆိတွာပိ - မမေးမူ၍လည်း၊ (ဝဿာဝါသိက ဂ္ဂါဟကကာလော ဥပကဋ္ဌော စသည်ဖြင့် မမေးမူ၍လည်း၊) တေသံ-ထိုအမျိုးတို့၏၊ သေနာသနေ-၌၊ ဝတ္တံ-ကျင့်ဝတ်ကို၊ ကတွာ-၍၊ဝသန္တဿ-နေသောရဟန်း၏အတွက်၊ ဝဿာဝါသိကံ ဂါဟေတဗ္ဗံ။[ဝတ္တံ ကတွာတိ တသ္မိံ သေနာသနေ ကတ္တဗ္ဗဝတ္တံ ကတွာ၊- သာရတ္ထ။]

ပန - ဆက်၊ တေသံ - ထိုအမျိုးတို့၏၊ သေနာသနေ - ၌၊ ပံသုကူလိကော - ပံသုကူ ဓုတင်ဆောင်ရဟန်းသည်၊ သစေ ဝသတိ-အကယ်၍နေအံ့၊ (ဧဝံသတိ)၊ အာဂတဉ္စ- လာသည်လည်းဖြစ်သော၊ တံ- ထို ပံသုကူ ဓုတင်ဆောင်ရဟန်းကို၊ [စ-ဆက်၊ အာဂတာ-ကျောင်းသို့လာသော ဒါယကာတို့သည်၊ တံ- ထိုရဟန်းကို၊]ဒိသွာ-၍၊ တုမှာကံ-အရှင်ဘုရားတို့အား၊ ဝဿာဝါသိကံ-ကို၊ ဒေမ-နှ၏၊ ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ (ကျောင်းနှင့်ဆိုင်သော အမျိုးတို့က လျှောက်

× × × × × × ×

ဥပနိက္ခေပံ ထပေတွာ၊ ၊ကျောင်းအတွက် ထားအပ်သော ဝတ္ထုကံ လယ်ယာကိုင်း, ကပ္ပိယထံ အပ်နှံ၍ထားအပ်သော ငွေ စသည်ကိုင်း "ဥပနိက္ခေပ"ဟု ခေါ်၏၊ သမီပေ- ကျောင်း၏အနီး၌၊ ဝါ – ကျောင်း၏အတွက်၊ နိက္ခေပေါ – ထားအပ်သော ပစ္စည်းတည်း၊ ဥပနိက္ခေပေါ-တည်း၊ ဥပနိက္ခေပံ ထပေတွာတိ ဝနံယာ ကဟာပဏာဒိံ ထပေတွာ, ခေတ္တာဒိနိ ဝါ နိယမေတွာ၊-ဝိမတိ။

အာဂတဉ္စ ဝဒန္တိ၊ ၊အာဂတဉ္စ တန္တိ ပံသုကူလိကံ အာဂတဉ္စ ဝဒန္တိတိ သမ္ဗန္ဓော၊–ဤသို့ ယောဇနာ၌ငင်း ချေးနိဿယ၌ငင်း"အာဂတဉ္စ တံ"ဟု ရှိ၏၊ အဘယ်သို့ လာသနည်းဟု စဉ်းစားဘွယ်ရှိ၏၊"သေနာသနေ ပံသုကူလိကော ဝသတိ"ဟု ဆိုသော

ကုန်အံ့)၊ (ဧဝံသတိ)၊ တေန-ထို ပံသုကူစုတင်ဆောင် ရဟန်းသည်၊ သံဃသ-
အား၊ အာစိက္ခိတဗ္ဗံ-ညွှန်ပြရာ၏၊ [သံဃာအား လှူဘို့ရန် ပြောဆိုရာ၏၊ "သံဃ
သ ဒါတုံ အာစိက္ခိတဗ္ဗံ"ဟု ဒါတုံပါလျှင်ကောင်း၏။]တာနိ ကုလာနိ-တို့သည်၊
သံဃဿ-အား၊ ဒါတုံ- ၄ါ၊ သစေ န ဣစ္ဆန္တိ- ကုန်အံ့၊ တုမှာကံယေဝ-အရှင်
ဘုရားတို့အားသာ၊ ဒေမ-ကုန်၏၊ ဣတိ သစေ ဝဒန္တိ၊(ဧဝံသတိ)၊ သဘာဂေါ-
သဘောတူသော၊ ဘိက္ခု-ကို၊ ဝတ္တံ-ကို၊ ကတွာ-၍၊ ဂဏှာဟိ-ယူလော၊ ဣတိ-
သို့၊ ဝတ္တဗ္ဗော - ၏၊ ပန- ဗျတိရိက်၊ ပံသုကူလိကဿ- အား၊ ဧတံ-ဤ ပဿာ
ဝါသိကသက်န်းသည်၊ န ဝဋ္ဋတိ - မအပ်၊ ဣတိ- သို့၊ ဝါ- ဤ ဆိုအပ်ပြီးသော
နည်းဖြင့်၊သဒ္ဓါဒေယျ-သဒ္ဓါဖြင့်လှူထိုက်သော ဝဿာဝါသိကသက်န်းအရာ၌၊
ဒါယကမနုဿာ-အလှူ့ရှင် လူတို့ကို၊ ပုစ္ဆိတဗ္ဗာ-န်၏၊(ဣတိ စသည်ကား နိဂုံး
ဝါကျတည်း၊)[ဣတိ သဒ္ဓါဒေယျေတိ ဧဝံ ဟေဋ္ဌာ ဝုတ္တနယေန သဒ္ဓါယ ဒါတဗ္ဗေ
ဝဿာဝါသိကလာဘဝိသယေတိ အတ္ထော၊- ဝိမတိ။]

[သဒ္ဓါဒေယျ၌ ဒါယကာတို့အထံ မေးဘွယ်မှတပါး တတြုပ္ပါဒ၌ မေးဘွယ်
ကို ပြလိုသောကြောင့် တတြုပ္ပါဒေပန စသည်ကိုမိန့်သည်၊ ကျောင်း ဒါယကာ
စသူတို့က ထိုကျောင်းအတွက် ဝတ္ထုကံအဖြစ်ဖြင့်လှူထားအပ်သော လယ်စသည်
မှဖြစ်သော ပစ္စည်းကို "တတြုပ္ပါဒ"ဟု ခေါ်၏။]ပန - ကား၊ တတြုပ္ပါဒေ-
ထိုကျောင်းဝယ်ဖြစ်သော သာဘ်အရာ၌၊ ကပ္ပိယကာရကာ-တို့ကို၊ ပုစ္ဆိတဗ္ဗာ-
ကုန်၏၊ (ကျောင်းကိုခံယူစေခါနီး၌ မေးထိုက်ကုန်၏)၊ ကထံ — အဘယ်သို့၊
ပုစ္ဆိတဗ္ဗာ - သနည်း၊ အာဝုသော - ဒါယကာတို့၊ သံဃဿ - သံဃာတော်ဘို့၊
ဘတ္တပဋ္စ္စာဒနံ- ဖုံးလွှမ်းကြောင်း သင်္ကန်းဘတ္တာသည်၊ ဘဝိဿတိ ကိံ-ဖြစ်
လတံ့လော၊ ဣတိ-ဤသို့၊ (ပုစ္ဆိတဗ္ဗာ)၊ သစေ ဝဒန္တိ-အကယ်၍ လျှော်ကုန်အံ့၊
(ကိံ)၊ ဘန္တေ-အရှင်ဘုရားတို့၊ ဘဝိဿတိ-ဖြစ်ပါလတံ့၊ ဧကေကဿ-တပါး
တပါးအား၊ နဝဟတ္ထံ - ၉ တောင်ရှိသော၊ သာဋကံ - အဝတ်ကို၊ ဒဿာမ-
လှူပါကုန်အံ့၊ ဝဿာဝါသိကံ- ဝဿာဝါသိကသက်န်းရှိသော ကျောင်းကို၊
ဂါဟေထ- ယူစေကြပါကုန်၊ ဣတိ- သို့၊ (သစေ ဝဒန္တိ)၊ (ဧဝံသတိ)၊ ဂါဟေ
တဗ္ဗံ-ယူစေထိုက်၏၊ [ဤဝါကျ၌ ဝဒန္တိ ၂ ပုဒ်မပါဘဲ တပုဒ်သာပါပုံကို သတိ
ပြုပါ။] သစေပိ ဝဒန္တိ- အကယ်၍မူလည်း လျှောက်ကုန်အံ့၊ (ကိံ)၊ သာဋကံ-

× × × × × × ×

ကြောင့် ကျောင်းသို့လာခြင်း မဟုတ်၊ ဒါယကာတို့အိမ်သို့ လာလျှင်လည်း "သဘာဂေါ
ဘိက္ခု ဝတ္တံ ကတွာ ဂဏှာဟီတိ ဝတ္တဗ္ဗော "ဟု ပြောဘို့ရန်အချိန် မရ၊ ပံသုကူလိက
ရဟန်းကလည်း ကျောင်းဒါယကာတို့အထံ သွားဘွယ်မလို၊ ထို့ကြောင့် "အာဂတာစ
တံ ဒိသွာ"ဟု ရှိလျှင် ကောင်းမည်ထင်သည်၊ စ-ဆက်ဦးအံ့၊ အာဂတာ-ကျောင်းသို့
ရောက်လာကုန်သော ဒါယကာတို့သည်၊ (တံ ဒိသွာ ဝဒန္တိ ဋီစပ်။)

အဝတ်သည်၊ နတ္ထိ-မရှိပါ၊ ဝတ္ထုပန-ဝတ္ထုသည်ကား၊ အတ္ထိ-ရှိပါ၏၊ ဘန္တေ-တို့၊ (ဝဿာဝါသိကံ-ကို၊) ဂါဟေထ-ပါကုန်၊ ဣတိ- သို့၊ (သစေပိ ဝဒန္တိ)၊ ဝတ္ထုမှိ-ဝတ္ထုသည်၊ သန္တေပိ- ရှိသော်လည်း၊ ဂါဟေတုံ- ငှါ၊ ဝဋ္ဋတိယေဝ-အပ်သည်သာ၊ ဟိ-မှန်၊ ကပ္ပိယကာရကာနံ-တို့၏၊ (ဝိနည်းတော်နှင့်အပ်အောင် ပြုတတ်သောဒါယကာတို့၏)၊ ဟတ္ထေ- လက်၌၊ (ဒိန္နဝတ္ထုတော ၌စပ်)၊ ကပ္ပိယ ဘဏ္ဍံ - ကပ္ပိယဘဏ္ဍာကို၊ ပရိဘုဉ္ဇထ - သုံးဆောင်ကြပါကုန်၊ ဣတိ - ဤသို့ လျှောက်၍၊ ဒိန္နဝတ္ထုတော-ပေးလှူအပ်သောဝတ္ထုမှ၊ (ပေးလှူအပ်သောငွေမှ၊) ယံယံ-အကြင်အကြင် ပစ္စည်းဝတ္ထုသည်၊ ကပ္ပံ- အပ်စပ်၏၊ တံတံ- ထိုထို ပစ္စည်းဝတ္ထုကို၊ သဗ္ဗံ-အလုံးစုံကို၊ ပရိဘုဉ္ဇိတုံ-ငှါ၊ အနုညာတံ- ပြီ။

ပန- ဆက်၊ ဧတ္ထ- ဤ ကပ္ပိယကာရကတို့လက်ဝယ် ပေးလှူအပ်သောပစ္စည်း ဝတ္ထုတို့တွင်၊ ယံ - အကြင် ပစ္စည်းဝတ္ထုကို၊ ဝိဟာရပါတတ္ထာယ - ဆွမ်းအကျိုးငှါ သော်၎င်း၊ ဂိလာနပစ္စယတ္ထာယဝါ-ဂိလာနပစ္စည်းအကျိုးငှါသော်၎င်း၊ ဥဒ္ဒိဿ-ရည်စူး၍၊ ဒိန္နံ- ပြီ၊ တံ- ထို ပစ္စည်းဝတ္ထုကို၊ စီဝရေ - သင်္ကန်း၌၊ ဥပနာမေန္တေ ဟိ- ကပ်၍ ညွှတ်စေသောရဟန်းတို့သည်၊ (တနည်း, ဥပနေန္တေဟိ-ကပ်ဆောင် သော ရဟန်းတို့သည်)၊ သံဃသုဒ္ဓတာယ - သံဃာတော်၏ ကောင်းပါပြီဟု လက်ခံနိုင်သည်၏ အဖြစ်ဟူသောအကျိုးငှါ၊ အပလောကေတွာ - ပန်ပြော၍၊ ဥပနာမေတဗ္ဗံ-ကပ်၍ ညွှတ်စေရာ၏၊ (တနည်း- ဥပနေတဗ္ဗံ-ကပ်ဆောင်ရာ၏)၊ [ဥပနာမေန္တေဟိ ဥပနာမေတဗ္ဗံတို့၌ "ဥပနေန္တေဟိ ဥပနေတဗ္ဗံ" ဟု ရှိသင့်၏။]

သေနာသနတ္ထာယ-ကျောင်းအကျိုးငှါ၊ ဥဒ္ဒိဿ-ရည်စူး၍၊ ဒိန္နံ-ပေးလှူအပ် သော ဝတ္ထုသည်၊ ဂရုဘဏ္ဍံ - ဂရုဘဏ်သည်၊ ဟောတိ - ဖြစ်၏၊ [ဂရုဘဏ္ဍံ ဟောတိ ဂရုဘဏ္ဍတ္တာ အညေသု ပစ္စယေသု န ဥပနာမေတဗ္ဗန္တိ အဓိပ္ပါယော၊-

× × × × × × ×

ဝတ္ထု ပန ၊ပေ၊ အနုညာတံ။ ။ဝတ္ထုပနာတိ တတြုပ္ပါဒေ ဥပ္ပန္နံရူပိယံ – ထို ကျောင်းဝယ် ဖြစ်နေသော လယ်စသည်မှဖြစ်သောငွေတည်း၊ တဉ္စ "တတော စတုပစ္စယံ ပရိဘုဉ္ဇထာ "တိ ဒိန္နံ ခေတ္တာဒိတော ဥပ္ပန္နတ္တာ ကပ္ပိယကာရကာနံ ဟတ္ထေ "ကပ္ပိယ ဘဏ္ဍံ ပရိဘုဉ္ဇထာ"တိ ဒါယကေဟိ ဒိန္နဝတ္ထုသဒိသံ ဟောတီတိ အာဟ "ကပ္ပိယ ကာရ ကာနံ ဟိ"တိ အာဒိ၊– ဝိမတိ၊ ထိုငွေကို သုံးရမည်မဟုတ်၊ ထိုငွေမှဖြစ်သော ကပ္ပိယ ကာရကတို့ ဝယ်၍ လှူအပ်သော ကပ္ပိယဘဏ္ဍာကိုသာ သုံးစွဲဘို့ရန် ခွင့်ပြုတော်မူသည်။

သံဃသုဒ္ဓတာယ။ ။ဝတ္ထုလှူသောဒါယကာတို့၏ ရည်ရွယ်ချက်က ဆွမ်းအတွက် ဖြစ်သော်လည်း သို့မဟုတ် ဂိလာနပစ္စည်းအတွက် ဖြစ်သော်လည်း သံဃာတော်မှာ သင်္ကန်းရှားပါး၍ နေပါ၏၊ ထို့ကြောင့် "သင်္ကန်းကို ကပ္ပိစေ၍ ဝေရလျှင် မကောင်းပါ လား " ဟု တိုင်ပင်သောအခါ သံဃာအများက ကောင်းသားဘဲ ဟု လက်ခံခြင်းကို "သံဃသုဒ္ဓတာ"ဟု ဆို၏၊ ဆိုလိုရင်းမှာ–"သံဃာအကျိုးများအောင် အပလောကန ကံပြု၍ သင်္ကန်း၌ ဆောင်ယူပါ, သင်္ကန်းကပ္ပိပါစေ"ဟူလို။

ယောဇနာ၊ အကယ်၍ ဒုတိယကွစသော အပြစ်ဖြစ်နေလျှင်ကား ကျောင်းကိုပင် စွန့်ပစ်၍ ပြေးရသောကြောင့် ဆွမ်းစသော ပစ္စည်းနှဲ့ ညွတ်စေနိုင်ပါ၏။] စီဝရ ဝသေန-သင်္ကန်း၏ အစွမ်းအားဖြင့်သော်၎င်း၊ စတုပစ္စယဝသေနဝါ- ပစ္စည်း လေးပါး၏အစွမ်းအားဖြင့်သော်၎င်း၊ဒိန္န-ပေးလှူအပ်သောဝတ္ထုကို၊စီဝရေ-၌၊ ဥပနာမေန္တာနံ-ကပ်၍ညွတ်စေသော ရဟန်းတို့၏၊ (ဥပနေန္တာနံ- ကပ်ဆောင် ကုန်သော ရဟန်းတို့၏)၊ အပလောကနကမ္မကိစ္စံ- အပလောကနကံကို ပြုဘွယ် ကိစ္စသည်၊ နတ္ထိ-မရှိ၊ စ- ဆက်၊ အပလောကနကမ္မံ-ကို၊ ကရောန္တေဟိ- ပြုကုန် သော ရဟန်းတို့သည်၊ ပုဂ္ဂလဝသေနဝ- ပုဂ္ဂိုလ်၏အစွမ်းဖြင့်သာ၊ ကာတဗ္ဗံ- ပြုထိုက်၏၊ သံဃဝသေန - သံဃာ၏ အစွမ်းဖြင့်၊ န ကာတဗ္ဗံ၊ ဇာတရူပရဇတ ဝသေနာပိ- ရွှေ ငွေ၏ အစွမ်းအားဖြင့်လည်း၊(န ကာတဗ္ဗံ-ထိုက်၊)အာမကဓည ဝသေနဝါ — စပါးစိမ်း၏ အစွမ်းအားဖြင့်သော်လည်း၊ အပလောကနကမ္မံ — အပလောကနကံသည်၊ န ဝဋ္ဋတိ - မအပ်၊ ကပ္ပိယဘဏ္ဍဝသေန — အပ်စပ်သော ဘဏ္ဍာ၏ အစွမ်းအားဖြင့်၎င်း၊ စီဝရတဏ္ဍုလာဒိဝသေနဝစ — သင်္ကန်း ဆန် အစရှိသောဘဏ္ဍာ၏အစွမ်းအားဖြင့်သာလျှင်၎င်း၊(အပလောကနကမ္မံ-သည်၊) ဝဋ္ဋတိ-၏။

[ပုဂ္ဂလဝသေနေဝ ကပ္ပိယဘဏ္ဍဝသေနစ အပလောကနပ္ပကာရံ ဒဿေတုံ တံ ပန ဧဝံ ကတ္တဗ္ဗန္တိအာဒိ ဝုတ္တံ၊—ဝိမတိ။] ပန-ဆက်၊ တံ - ထို အပလောကန ကံကို၊ ဧဝံ-သို့၊ ကတ္တဗ္ဗံ-ပြုထိုက်၏၊(ဣဒံ-ဤအရပ်သည်)၊ ဣဒါနိ - ယခုအခါ၌၊

× × × × × × ×

န ဝဋ္ဋတိ , ဝဋ္ဋတိ ။ ။ န ဝဋ္ဋတိ ဟူသော ဗျတိရေကဝါကျ၌ " ဇာတရူပ ရဇတ ဝသေန"ဟု ရှိသောကြောင့် ထို၏ ပြောင်းပြန်"ကပ္ပိယဘဏ္ဍဝသေန"ဟု၎င်း"အာမက ဓညဝသေန " ၏ ပြောင်းပြန် " စီဝရတဏ္ဍုလာဒိဝသေနေဝ " ဟု၎င်း , ဆိုသည်၊ "ဇာတရူပ ရဇတဝသေနာပိ"၌ အပိဖြင့်ကား န ကာတဗ္ဗချင်းတူသော သံဃဝသေနကို ပေါင်းသည်၊ "အာမကဓညဝသေနဝါ"၌ ဝါကား " ဇာတရူပ ရဇတဝသေန "၏ ဝိကပ္ပနတ္ထတည်း။]

ဝိမတိ။ ။ဝိမတိ၌ကား " ကပ္ပိယဘဏ္ဍဝသေနာတိ သာမညတော ဝုတ္တမေဝတ္ထံ ဝိဘာဝေတုံ "စီဝရတဏ္ဍုလာဒိဝသေနေဝ စာတိ ဝုတ္တံ၊ စကာရော စေတ္ထ ပနသဒ္ဒတ္ထေ ပဝတ္တတိ၊ န သမုစ္စယတ္ထေတိ ဒဋ္ဌဗ္ဗံ" ဟု ဖွင့်သည်၊ " ကပ္ပိယဘဏ္ဍဝသေန " ဟူသော အနက်ကိုပင် " စီဝရတဏ္ဍုလာဒိဝသေန " ဟု ထင်စွာပြသည်၊ စသဒ္ဒါကိုလည်း ပန သဒ္ဒါ၏ အနက်ဟောတည်း-ဟူလို၊ ယောဇနာ၌မူ"စီဝရတဏ္ဍုလာဒိမှ တပါး အပ်စပ် သော ဘဏ္ဍာကို "ကပ္ပိယဘဏ္ဍဝသေနအရ ယူပါ"ဟု ဖွင့်၏၊ ကပ္ပိယဘဏ္ဍဝသေနာတိ စီဝရတဏ္ဍုလေဟိ အဝသေသဿ ကပ္ပိယဘဏ္ဍဿ ဝသေန၊ စီဝရတဏ္ဍုလာနဥ္စ ဝိသုံ ဂဟိတတ္တာ ကပ္ပိယဘဏ္ဍဝသေနာတိ ဧတ္ထ တေဟိ အဝသေသော ကပ္ပိယဘဏ္ဍော ဂဟေတဗ္ဗော၊- ယောဇနာ။]

သုဘိက္ခံ-လွယ်ကူစွာရအပ်သောဆွမ်းရှိ၏၊ သုလဘပိဏ္ဍံ-၏၊ ဘိက္ခူ- တို့သည်၊ စီဝရေန-ဖြင့်၊ ကိလမန္တိ-ပင်ပန်း ကြကုန်၏၊ ဧတ္တကံနာမ-ဤမျှ အတိုင်းအရှည် ရှိသည်မည်သော၊ တဏ္ဍုလဘာဂံ-ဆန်အဘို့ကို၊ ဘိက္ခူနံ - တို့၏၊ စီဝရံ - ကို၊ ကာတုံ-ငှါ၊ ရုစ္စတိ-နှစ်သက်အပ်ပါလော၊ ဣတိ—သို့၊(ကတ္တာဗ္ဗံ)။

[ဆွမ်းအတွက် ရည်စူးအပ်သော ဝတ္ထုကံ၌ အပလောကနကံ ပြုပုံကို ပြပြီး၍ ဂိလာန ပစ္စည်းအတွက် ရည်စူးအပ်သော ဝတ္ထုကံအတွက် အပလောကနကံပြုပုံကို ပြလိုသောကြောင့်“ဂိလာနပစ္စယော”စသည်ကို မိန့်။](ဣဒါနိ-၌၊) ဂိလာန ပစ္စယော-ကို၊ သုလဘော-လွယ်ကူစွာ ရအပ်ပါ၏၊ ဝါ-တနည်း၊ ဂိလာနော— သည်၊ နတ္ထိ-မရှိပါ။ [ဤ ၂ မျိုးတွင် တမျိုးမျိုး အကြောင်းပြနိုင်သည်။] ဧတ္တကံ နာမ-သော၊ တဏ္ဍုလဘာဂံ-ကို၊ ဘိက္ခူနံ-တို့၏၊ စီဝရံ-ကို၊ ကာတုံ-ငှါ၊ ရုစ္စတိ-နှစ်သက်အပ်ပါလော၊ ဣတိ-သို့၊ (ကတ္တဗ္ဗံ)။

ဧဝံ—သို့၊ စီဝရပစ္စယံ—သင်္ကန်းပစ္စည်းကို၊ သလ္လက္ခေတွာ - မှတ်သားပြီး၍၊ သေနာသနဿ-ကျောင်းကို ယူစေခြင်း၏၊ ကာလေ- အခါကို၊ ယောသိတေ - ကြွေးကြော်အပ်သော်။ [သေနာသနဿာတိ သေနာသနဂ္ဂါဟဿ၊ — ဝိမတိ။] သံဃေ— သည်၊ သန္နိပတိတေ - စည်းဝေးပြီးသော်၊ သေနာသနဂ္ဂါဟကော— သေနာသနဂ္ဂါဟက ရဟန်းကို၊ သမ္မန္နိတဗ္ဗော-သမုတ်ထိုက်၏၊ စ-ဆက်၊ သမ္မန္နေန္တေန—သမုတ်သော သံဃာသည်၊ ဒွေ- ၂ ပါးသော ရဟန်းတို့ကို၊ သမ္မန္နိတဗ္ဗာ- သမုတ်ထိုက်ကုန်၏၊ ဣတိ—ဤသို့၊ ဝုတ္တံ - ဆိုအပ်ပြီ၊ ဟိ-အကျိုးကား၊ (၂ ပါး သမုတ်ခြင်းအကျိုးကား)၊ တနည်း, (ကသ္မာ ဒွေ သမ္မန္နိတဗ္ဗာတိ ဝုတ္တံ)၊ ဟိ (ယသ္မာ)-ကြောင့်၊ ဧဝံ-ဤသို့ ၂ ပါး သမုတ်အပ်သော်၊ နဝကော-သီတင်းငယ်

× × × × × × ×

သုဘိက္ခံ သုလဘပိဏ္ဍံ ။ ။ သုဘိက္ခံကိုပင် “ ဘိက္ခာယ+သမိဒ္ဓိ သုဘိက္ခံ ” ဟု အဗျယီဘော လုပ်မည်စိုးသောကြောင့်“သုလဘပိဏ္ဍံ”ဟု ထပ်၍ဖွင့်သည်၊“သုလဘာ+ ဘိက္ခာ+ယတ္ထာတိ သုဘိက္ခာ”ဟု ဗဟုဗ္ဗီဟိ ပြုပါ—ဟူလို၊ ယောဇနာ၌ကား“သုဘိက္ခံ တိ သမိဒ္ဓိဘိက္ခံ၊ သုလဘပိဏ္ဍံတိ သုခေန လဘာပိဏ္ဍံ၊ ဒွိဟိပဒေဟိ အညမညဿ ကာရဏံ ဒဿေတိ၊ သုဘိက္ခတ္တာ သုလဘပိဏ္ဍံ၊ သုလဘပိဏ္ဍတ္တာ သုဘိက္ခံတိ ဝုတ္တံ ဟောတိ”ဟု တမျိုးဖွင့်လေသည်။

ဧဝံ စီဝရပစ္စယံ သလ္လက္ခေတွာ။ ။“ဣတိ သဒ္ဓါဒေယျေ ဒါယကမနုဿာ ပုစ္ဆိတဗ္ဗာ၊ တတြုပ္ပါဒေ ပန” စသည်ဖြင့် ဆိုခဲ့သည့်အတိုင်း ဝဿာဝါသ၌ သင်္ကန်းပစ္စည်း ရနိုင် မရနိုင်ကို “ ဧဝံ စီဝရပစ္စယံ သလ္လက္ခေတွာ ” ဟု ဆိုသည်၊ ဤသလ္လက္ခေတွာကို “သေနာသနံ သလ္လက္ခေတဗ္ဗံ ”၌ လှမ်း၍စပ်ပါ။ [စီဝရပစ္စယံ သလ္လက္ခေတွာတိ သဒ္ဓါဒေယျံ တတြုပ္ပါဒါဒိဝသေန တသ္မိံ ဝဿာဝါသေ လဗ္ဘမာနံ စီဝရသင်္ခါတံ ပစ္စယံ ဧတ္တကံတိ ပရိစ္ဆိန္ဒိတွာ၊ — ဝိမတိ၊ .... ဧဝံ စီဝရပစ္စယံ သလ္လက္ခေတွာ သေနာသနံ သလ္လက္ခေတဗ္ဗံတိ သမ္ဗန္ဓော၊—ယောဇနာ။]

ရဟန်းသည်၊ ဝုဋ္ဌာနရသာ-သိတင်းကြီး ရဟန်း၏၊(သေနာသနံ-ကို၊ ဂါဟေသာ
တိ-ယူစေလတ္တံ့၊) ဝုဋ္ဌာပနံ-သည်လည်း၊ နဝကဿ - ၏၊ (သေနာသနံ - ကို)၊
ဂါဟေဿတိ—လတ္တံ့၊ (ဣတိ-ထို့ကြောင့်၊ ဒွေ သမ္မန္နိတဗ္ဗာတိ ဝုတ္တံ)။

ပန- ဆက်၊ မဟန္တေ - ကြီးသော၊ မဟာဝိဟာရသဒိသေ - မဟာဝိဟာရ
ကျောင်းတိုက်နှင့်တူသော၊ ဝိဟာရေ-ကျောင်းတိုက်၌၊ တယော - ၃ ပါးသော်
လည်း ဖြစ်ကုန်သော၊ စတ္တာရော-လေးပါးသော်လည်း ဖြစ်ကုန်သော၊ (ဝိကပ္ပ
နတ္ထဝါ သဒ္ဒါအကျေကြံ)၊ ဇနာ-ရဟန်းတို့ကို၊ သမ္မန္နိတဗ္ဗာ-ကုန်၏၊ ပန- ဝါဒ
န္တရကား၊ ကုရုန္ဒိယံ-၌၊ အဋ္ဌပိ-၈ ပါးသော်လည်း ဖြစ်ကုန်သော၊ သောဠသပိ-
၁၆ ပါး သော်လည်း ဖြစ်ကုန်သော၊ ဇနေ - ရဟန်းတို့ကို၊ သမ္မန္နိတုံ - ၄ါ၊
ဝဋ္ဋတိ-အပ်၏၊ ဣတိ-သို့၊ ဝုတ္တံ-ပြီ၊ တေသံ-ထို ရဟန်းတို့ကို၊ သမ္မုတိ- သမုတ်
ခြင်းသည်၊ ကမ္မဝါစာယပိ-ကမ္မဝါစာအားဖြင့်သော်၎င်း၊ အပလောကနေနပိ-
အပလောကနကံအားဖြင့်သော်၎င်း၊ ဝဋ္ဋတိ ယေဝ-အပ်သည်သာ။

× × × × × × ×

ဧဝံ ဟိ၊ပေ၊ဂါဟေဿတိ။ ။ ၂ ပါး သမုတ်ရခြင်း အကြောင်းကို ပြလို၍ "ဧဝံ
ဟိ"စသည်ကိုမိန့်၊ ကျောင်းအိပ်ရာနေရာကို ခံယူစေရာ၌ မိမိသည်ပင် မိမိအတွက် ခံယူ
စေခြင်းငှါ မဖြစ်နိုင်၊ ၂ ပါးသမုတ်ထားသောအခါ သိတင်းကြီး သိတင်းငယ် ၂ပါးတွင်
သိတင်းငယ်က သိတင်းကြီးအတွက် ကျောင်းကို ယူစေလိမ့်မည်၊ သိတင်းကြီးကလည်း
သိတင်းငယ်အတွက် ကျောင်းကို ယူစေလိမ့်မည်၊ ဥပမာ – ဝါမရနှင့် တဝါရဖြစ်လျှင်
ဝါမရ သိတင်းငယ်သည် မိမိဘို့ကျောင်းကို တဝါရသိတင်းကြီးကို ယူစေလိမ့်မည်တည်း၊
ထို့ကြောင့် ၂ ပါး သမုတ်ရမည်ဟု မဟာအဋ္ဌကထာ၌ ဆိုသည်။

အဋ္ဌပိ သောဠသပိ ။ ။ ရှစ်ပါး ဖြစ်စေ , တဆဲ့ခြောက်ပါး ဖြစ်စေ သမုတ်ရာ၌
ကမ္မဝါစာ တကြိမ်တည်းဖြင့် ရှစ်ပါးလုံး သို့မဟုတ် တဆဲ့ခြောက်ပါးလုံးကို သမုတ်နိုင်၏၊
ဆက်ဦးအံ့၊—ကံသည် နှင်ထုတ်ခြင်း စသည်ကို ပြုရသော နိဂ္ဂဟကံ, သေနာသနဂ္ဂါဟာ
ပက ရာထူးပေးခြင်း စသည်ဖြင့် ချီးမြှောက်ကြောင်း ပဂ္ဂဟကံဟု နှစ်မျိုးရှိ၏၊ နိဂ္ဂဟကံ
အရာ၌ကား အနှိပ်ခံရသောဘက်က လေးပါးစသည် များနေလျှင် သူတို့ကလည်း ပြန်၍
ကံပြုနိုင်သောကြောင့် အနှိပ်ခံရသော ဘက်က သံဃာမပြည့်စေရ၊ ပဂ္ဂဟကံမျိုး၌ကား
ပြန်၍ ခုခံဘွယ်မလိုသောကြောင့် ရှစ်ပါး, တဆဲ့ ၆ ပါး စသည်များသော်လည်း တပြိုင်
နက် ကမ္မဝါစာဖြင့် ကံပြုနိုင်သည်။

ထို့ကြောင့် သတ္တသတိကက္ခန္ဓက ဥဗ္ဗာဟိကကမ္မ သမ္မုတိ၌ ရှစ်ပါးသော ရဟန်းတို့ကို
တပြိုင်နက် သမုတ်ပုံကို ပြသည်၊ အဋ္ဌပိ၌ ပိကား သမုတ်ထိုက်ချင်းအားဖြင့် တူသော
ကြောင့် အညမည သမ္ပိဏ္ဍနလည်း ဟုတ်၏၊ တပြိုင်နက် နှစ်မျိုးလုံးသမုတ်၍ မဖြစ်သော
ကြောင့် ဝိကပ္ပနတ္ထလည်း ဟုတ်၏။ [အဋ္ဌပိ သောဠသပိ ဇနေ သမ္မန္နိတုံ ဝဋ္ဋတီတိ ဧက
ကမ္မဝါစာယ သဗ္ဗေပိ ဧကတော သမ္မန္နိတုံ ဝဋ္ဋတိ၊ နိဂ္ဂဟကမ္မမေဝ ဟိ သံဃော သံဃဿ
န ကရောတိ၊ တေနေဝ သတ္တသတိကက္ခန္ဓကေ ဥဗ္ဗာဟိကကမ္မသမ္မုတိယံ အဋ္ဌပိ ဇနာ ဧက
တောဝ သမ္မတာတိ။—ဝိမတိ။]

သမ္မတေဟိ-သမုတ်အပ်ပြီးကုန်သော၊ တေဟိ ဘိက္ခူဟိ- တို့သည်၊ သေနာ သနံ-ကို၊ သလ္လက္ခေတမ္ဗံ-၏၊(ကိံ)၊ (ဣဒံ-ဤသည်ကား၊)စေတိယဃရံ- စေတီ ကျောင်းဆောင်တည်း၊[ငယ်သော စေတီကို အမိုးအကာဖြင့် မိုးကာထားသော ကျောင်းကို"စေတိယ ဃရ"ဟု ခေါ်၏၊ ဗောဓိဃရ၌လည်း နည်းတူ။] (ဣဒံ-ဤ သည်ကား)၊ ဗောဓိဃရံ - ဗောဓိပင်၏ ကျောင်းဆောင်တည်း၊ (ဣဒံ)၊ အာသန ဃရံ – ဆင်းတုတော် ကျောင်းဆောင်တည်း၊ [အာသနဃရန္တိ ပဋိမာဃရံ၊– ဝိမတိ၊ ရှေးနိဿယ၌ "နေရာစရပ်" ဟု ပေး၏။] (အယံ)၊ သမ္မုဉ္စနိ အဋ္ဋော- တံမြက်စည်းထားရာ စင်တည်း၊(အယံ)၊ဒါရုအဋ္ဋော–ထင်းထားရာ စင်တည်း၊ (အယံ)၊ ဝစ္စကုဋိ-ဝစ္စကုဋိတည်း၊ (အယံ)၊ ဣဋ္ဌကသာလာ-အုဋ်ထားရာ စရပ် တည်း၊(အယံ)၊ ဝဍ္ဍကိသာလာ–လက်သမားတို့နေရာ စရပ်တည်း၊ (အယံ)၊ ဒွါရကောဋ္ဌကော–တံခါးမုခ်တည်း၊(အယံ)၊ ပါနီယမာဠော- သောက်ရေအိုး စင်တည်း၊ (အယံ)၊ မဂ္ဂေါ- ရွာသို့ သွားကြောင်း လမ်းစရပ်တည်း၊ (အယံ)၊ ပေါက္ခရဏီ-ရေကန် စရပ်တည်း၊ ဣတိ-သို့(သလ္လက္ခေတမ္ဗံ)၊ဟိ-မှန်၊ တောနိ- ဤ စေတိယဃရ အစရှိသော အဆောက် အဦးတို့သည်၊ အသေနာသနာနိ – သေနာသနမဟုတ်ကုန်၊(နေဘို့ရန်ကျောင်းမဟုတ်ကုန်၊)၊ဝိဟာရော-လေးဘက် မိုးအပ်သော ကျောင်းငှင်း၊ အဍ္ဍယောဂေါ-၂ ဘက်မိုးအပ်သော ကျောင်းငှင်း၊ ပါသာဒေါ-ပြာသာဒ်ရှည်ငှင်း၊ ဟမ္မိယံ-ပြာသာဒ် ဦးပြည်းငှင်း၊ ဂုဟာ-ဂူငှင်း၊ မဏ္ဍပေါ- မဏ္ဍပ်ငှင်း၊ ရုက္ခမူလံ– သစ်ပင်၏အနီး အောက်ငှင်း၊ ဝေဠုဂုမ္ဗော- ဝါးချုံငှင်း၊ ဣတိ ဣမာနိ-ဤအဆောက်အဦးတို့ကား၊ သေနာသနာနိ-သေနာ သနတို့တည်း၊ တာနိ- ထို သေနာသနတို့ကို၊ ဂါဟေတဗ္ဗာနိ- ကုန်၏။

စ-ဆက်၊ ဂါဟေန္တေန-ယူစေသော ရဟန်းသည်၊ ပဌမံ ၊ပေ၊ ဂဏောတုန္တိ ဧတ္ထ—ပဌမံ၊ပေ၊ဂဏောတုံ ဟူသော ဤပါဠိ၌၊ ဝုတ္တနယေန-ဟောတော်မူအပ်ပြီး သော နည်းဖြင့်၊ (ဤအခဏ်း၌ ဟောတော်မူအပ်ပြီးသော နည်းဖြင့်၊) ဂါဟေ တဗ္ဗာနိ- ယူစေထိုက်ကုန်၏၊ သံဃိကောစ - သံဃိကသင်္ကန်းပစ္စည်းငှင်း၊ သဒ္ဓါ ဒေယျောစ—သဒ္ဓါတရားဖြင့် ပေးလှူအပ်သော သင်္ကန်းပစ္စည်းငှင်း၊ ဣတိ- သို့၊ ဒွေ-၂ မျိုးကုန်သော၊ စီဝရပစ္စယာ—သင်္ကန်း ပစ္စည်းတို့သည်၊ သစေ ဟောန္တိ-

× × × × × × ×

မဂ္ဂေါ ပေါက္ခရဏီ၊ ။ သေနာသနံ သလ္လက္ခေတဉ္စနှင့်စပ်၍ ကျောင်းဆိုင်ရာ အဆောက်အဦးများကို မှတ်သားရာဌာန ဖြစ်သောကြောင့် မဂ္ဂေါအရ လမ်းကိုမယူရ၊ ကျောင်းဥပစာအတွင်း၌ပါဝင်သော ရွာသို့ရှေးရှုသောလမ်းဝယ် စရပ်ကလေး ရှိတတ် ၏၊ ထိုလမ်း စရပ်ကလေးမျိုးကို မဂ္ဂေါအရယူပါ၊ ပေါက္ခရဏီ ဟူရာ၌လည်း ရေကန်၏ အနီးအပါး၌ ရေချိုးဘို့ရန်ပြုအပ်သော စရပ်ပင်တည်း၊ ရုက္ခမူလံဟူသည်လည်း သစ်ပင် အနီး၌ရှိသော စရပ်တည်း၊ [မဂ္ဂေါတိ ဥပစာရသီမဋ္ဌ န္တိ ရဂတေ ဂါမာဘိမုခမဂ္ဂေ ကတ သာလာ ၊ ဧသ၀ ပေါက္ခရဏီ ရုက္ခမူလာဒီသုပိ၊–ဝိမတိ။]

အကယ်၍ ရှိကုန်အံ့၊ တေသု — ထို သင်္ကန်း ပစ္စည်းတို့တွင်၊ ယံ - အကြင်သင်္ကန်း ပစ္စည်းကို၊ ဘိက္ခူ - တို့သည်၊ ပဌမံ - စွာ၊ ဂဏှိတုံ - ငှါ၊ ရုစ္စန္တိ - ကုန်၏၊ တံ - ထို သင်္ကန်းပစ္စည်းကို၊ ဂါဟေတဗ္ဗာ — ယူစေ၍၊ တဿ — ထို သင်္ကန်းပစ္စည်း၏၊ ဌိတိကတော - တည်ရာအစဉ်မှ၊ ပဋ္ဌာယ - စ၍၊ ဣတရော - အခြားသောသင်္ကန်းပစ္စည်းကို၊ ဂါဟေတဗ္ဗော - ထိုက်၏။ [“သံဃိကသင်္ကန်းတို့ကို စ၍ ဝါစဉ်အလိုက် ယူစေလျှင် သံဃိကပစ္စည်း ကုန်ဆုံးရာပုဂ္ဂိုလ်မှစ၍ အခြားသဒ္ဓါဒေယျသင်္ကန်းပစ္စည်းကို ဆက်၍ ယူစေပါ”ဟူလို။]

ပန - ကား၊ ဘိက္ခူနံ - တို့၏၊ အပ္ပတာယ - နည်းကုန်သည်၏အဖြစ်ကြောင့်၊ ပရိဝေဏဂ္ဂေန - ပရဝုဏ် အပိုင်းအခြား အားဖြင့်၊ သေနာသနေ - ကျောင်းကို၊ ဂါဟိယမာနေ - ယူစေအပ်သော်၊ ဧကံ - တခုသော၊ [အချို့စာ၌ “ ဧကမ္ပိ ”ဟု ပိ ပါသည်ကား မကောင်း။] ပရိဝေဏံ-သည်၊ မဟာလာဘံ - များသောလာဘ် ရှိသည်၊ သစေ ဟောတိ-အံ့၊ (ဧဝံသတိ)၊ ဒသဝါ - ဆယ်ထည်သော်လည်း ဖြစ်ကုန်သော၊ ဒွါဒသဝါ - ၁၂ ထည်သော်လည်း ဖြစ်ကုန်သော၊ စီဝရာနိ - တို့ကို၊ (သစေ) လဘန္တိ - အကယ်၍ ရကုန်အံ့၊ [မဟာလာဘံကိုပင် သရုပ်ဖော်သည်၊ လဘန္တိနေရာ၌ “ဟောန္တိ”ဟု အချို့စာရှိ၏၊ လဘန္တိတိ တပြုဝါသိနော ဘိက္ခူ လဘန္တိ၊ - ဝိမတိ။] တံ-ထို များသောလာဘ်ကို၊ ဝိဇဋ္ဋေတွာ - ဖြေရှင်း၍၊ အညေသု - အခြားကုန်သော၊ အလာဘကေသု - လာဘ်မရှိကုန်သော၊ အာဝါသေသု - တို့၌၊ ပက္ခိပိတွာ - ထည့်၍၊ အညေသမ္ပိ - အခြားလည်းဖြစ်ကုန်သော၊ ဘိက္ခူနံ - တို့၏(အတွက်)၊ ဂါဟေတဗ္ဗံ - ယူစေထိုက်၏၊ ဣတိ - သို့၊ မဟာသုမတ္ထေရော — သည်၊ အာဟ။

ပန - ဝါဒန္တရ၊ မဟာပဒုမတ္ထေရော - သည်၊ အာဟ - ပြီ၊ ဧဝံ - သို့၊ န ကာတဗ္ဗံ - မပြုထိုက်၊ (မဟာလာဘကျောင်း၌ ပစ္စည်းကို အခြားကျောင်း၌ မထည့်ထိုက်)၊ (ကသ္မာ န ကာတဗ္ဗံ)၊ ဟိ (ယသ္မာ) - ကြောင့်၊ မနုဿာ - တို့သည်၊ (ကျောင်းဒါယကာဖြစ်သူလူတို့သည်)၊ အတ္တနော - ၏၊ အာဝါသဇဂ္ဂနတ္ထာယ - ကျောင်းကို သုတ်သင်ခြင်းအကျိုးငှါ၊ ပစ္စယံ - ကို၊ ဒေန္တိ - လှူကြကုန်၏၊ (တသ္မာ န ကာတဗ္ဗံ)၊

× × × × × × ×

ဝိဇဋ္ဋေတွာ ၊ပေ၊ ဂါဟေတဗ္ဗံ ။ ။ဝိဇဋ္ဋေတွာဟူသည် ထို ပရိဝုဏ်၌နေသော ရဟန်းတပါးအတွက် လောက်ရုံသာချန်၍ အခြားသင်္ကန်းကို အခြားကျောင်းတို့၌ ထည့်ခြင်းတည်း၊ ထိုသို့ ထည့်ရာ၌ ဝဿာဝါသိကသင်္ကန်းက သီတင်းကျွတ်မှ ရမည်ဖြစ်သောကြောင့် ဝါမဆိုမီ ကျောင်းကို ခံယူစေရာအခါ၌ အဝတ်ကို မထည့်သွင်းနိုင်သေး၊ ထို့ကြောင့် ပက္ခိပိတွာအရ နှုတ်အပြောအားဖြင့် ထည့်သွင်းခြင်းကို ယူပါ။ [ဝိဇဋ္ဋေတွာတိ ဧကေကဿ ပဟောနကပ္ပမာဏေန ဝိယောဇေတွာ၊ အာဝါသေသု ပက္ခိပိတွာတိ “ဣတော ဥပ္ပန္နံ အသုကသ္မိံ အသုကသ္မိံ့ အာဝါသေ ဝသန္တာ ပါပေတွာ ဂဏှန္တူ”တိ ဝါစာယ ဥပသံဟရိတွာ၊ - ဝိမတိ၊]

တသ္မာ-ကြောင့်၊(ထိုသို့ မပြုထိုက်သည့်၏အဖြစ်ကြောင့်)၊ အညေဟိ-ကုန်သော၊ (အခြားကျောင်း၌ နေကုန်သော၊) ဘိက္ခူဟိ - တို့သည်၊ တတ္ထ-ထိုကျောင်း၌၊ ပဝိသိတဗ္ဗံ—ပါဝင်ရာ၏၊ ("ထိုကျောင်းက လာဘ်ရဘို့ရန် ထိုကျောင်း ပရိဝုဏ် အတွင်း၌ ဝါဆိုနေရာ၏၊ ထိုသို့ဝါဆိုမှ ထိုကျောင်းကလာဘ်ကိုရမည်"ဟူလို။)

ပန-ဆက်၊ ဧတ္ထ- ဤ အခြားရဟန်းတို့က မဟာလာဘကျောင်းတွင် ပါဝင်ရာ၌၊ [ယောဇနာ၌ "ဧတ္ထာတိ ဧဝံ ဂါဟာပေဌာနေ-ယူစေရာဌာန၌" ဟု ဖွင့်၏။] ပဟာထေရော-သည်၊ အာဝုသော- ငါ့ရှင်တို့၊ ဧဝံ-ဤသို့၊ မာ ဂါဟေထ-မယူစေကြကုန်လင့်၊ ဘဂဝတော- ၏၊ အနုသိဋ္ဌိ- အဆုမ္မကို၊ ကရောထ-ပြုကြကုန်၊ ဝါ-လိုက်နာကြကုန်၊ ဟိ-မှန်၊ ဘဂဝတာ-သည်၊ အနုဇာနာမိ၊ပေ၊ဂါဟေတုန္တိ-အနုဇာနာမိ ၊ပေ၊ ဂါဟေတုံဟူသော၊ ဧတံ-ဤစကားကို၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ၊("ဘုရားစကားတော်အတိုင်း ပရိဝုဏ်အပိုင်းအခြားအားဖြင့် ယူစေပါ" ဟူလို၊) ဣတိ-သို့၊ သစေ ပဋိက္ခေသတိ - အကယ်၍ တားမြစ်အံ့၊ (ဧဝံသတိ)၊ တဿ-ထို မဟာထေရ်၏၊ ပဋိက္ခေပသနာယ-တားမြစ်ခြင်း၌၊ အဋ္ဌတွာ-မတည်မူ၍၊ ဘန္တေ-အရှင်ဘုရား၊ (မဟာထေရ်ကိုခေါ်သည်)၊ ဘိက္ခူ-တို့သည်၊ ဗဟူ-များပါကုန်၏၊ ပစ္စယော-ပစ္စည်းသည်၊ မန္ဒော-နည်းပါ၏၊ သင်္ဂဟံ-ချီးမြှောက်ခြင်းကို၊ ကာတုံ-ပြုခြင်းငှါ၊ ဝဋ္ဋတိ-သင့်ပါ၏၊ ဣတိ-ဤသို့ လျှောက်၍၊ တံ-ထို မဟာထေရ်ကို၊ သညာပေတွာ - နားလည်စေပြီး၍၊ ဂါဟေတဗ္ဗမေဝ - ယူစေထိုက်သည်သာ။

စ - ဆက်၊ ဂါဟေန္တေန - ယူစေသော၊ သမ္မတေန - သမုတ်အပ်ပြီးသော၊ (သမ္မုတိရသော)၊ ဘိက္ခုနာ-သည်၊ မဟာထေရဿ- ၏၊ သန္တိကံ-သို့၊ ဂန္တွာ-သွား၍၊ ဧဝံ - ဤ ဆိုအပ်လတ္တံ့သောနည်းဖြင့်၊ ဝတ္တဗ္ဗံ - လျှောက်ရာ၏၊ (ကိံ)၊ ဘန္တေ-အရှင်ဘုရား၊ တုမှာကံ- အရှင်ဘုရားတို့၏အထံသို့၊ သေနာသနံ-သည်၊ ပါပုဏာတိ — ၏၊ ဂဏှထ — ခံယူပါကုန်၊ ပစ္စယံ - ပစ္စည်းကို၊ ဓာရေထ — ဆောင်ရွက် မှတ်သားတော်မူပါကုန်၊ ဣတိ - ဤသို့၊ (ဝတ္တဗ္ဗံ- လျှောက်ရာ၏)၊ ["ကျောင်းကို ခံယူပါ, ခံယူပြီးသည့်နောက် ဤကျောင်း၌ သီတင်းကျွတ်သော အခါ ရဘွယ်ပစ္စည်းကိုလည်း မှတ်သားတော်မူပါ" ဟူလို။] အာဝုသော - တို့၊ အသုကကုလဿ — ထို အပည်ရှိသော အမျိုး၏၊ ပစ္စယော — ပစ္စည်းသည်ရင်း၊ အသုကသေနာသနဥ္စ - ထိုမည်သော ကျောင်းသည်ရင်း၊ မယှံ - ငါ၏ အထံသို့၊ ပါပုဏာတိ- ရောက်သလော၊ ဣတိ-ဤသို့၊ (ဝုတ္တေ- မေးအပ်သော်)၊ ဘန္တေ- အရှင်ဘုရား၊ ပါပုဏာတိ- ၏၊ နံ- ထိုကျောင်းကို၊ ဂဏှထ-ခံယူပါကုန်၊ ဣတိ- ဤသို့၊ (ဝုတ္တေ- လျှော့အပ်သော်)၊ အာဂုသော-တို့၊ ဂဏှာမိ - ခံယူ၏၊ ဣတိ- ဤသို့၊ (ဝုတ္တေ — ပြောဆိုအပ်သော်)၊ (မုချတ္တအနက်ဟော ပစ္စုပ္ပန်ဝိဘတ်ဖြင့် ပြောဆိုအပ်သော်)၊ ဂဟိတံ-ယူအပ်သည်၊ ဝါ- အယူမြဲသည်၊ ဟောတိ-၏၊

ပန- သို့မဟုတ်၊ ဘန္တေ - အရှင်ဘုရား၊ ဝေါ - အရှင်ဘုရားတို့သည်၊ ဂဟိတံ-ယူအပ်ပါပြီလော၊ ဣတိ-သို့၊ ပုစ္ဆေ-မေးလျှော်အပ်သော်၊ မေ-သည်၊ ဂဟိတံ-ယူအပ်ပြီ၊ ဣတိဝါ- ဤသို့သော်၎င်း၊ (အတိတ်ကြိယာဖြင့်သော်၎င်း၊) ဘန္တေ-ဘုရား၊ ဂဏှိဿထ- ခံယူပါကုန်လတ္တံ့လော၊ ဣတိ-ဤသို့၊ ပုစ္ဆေ-မေးလျှောက်အပ်သော်၊ ဂဏှိဿာမိ-ခံယူအံ့၊ ဣတိဝါ-ဤသို့သော်၎င်း၊ (အနာဂတ်ကြိယာဖြင့်သော်၎င်း၊) သစေ ဝဒတိ - အကယ်၍ ပြောဆိုအံ့၊ (ဧဝံသတိ)၊ အဂ္ဂဟိတံ-မယူအပ်သည်၊(အယူမမြောက်သည်)၊ ဟောတိ၊ ဣတိ-သို့၊ မဟာသုမတ္ထေရော-သည်၊ အာဟ-ပြီ။

ပန-ဝါဒန္တရ၊ မဟာပဒုမတ္ထေရော-သည်၊ အာဟ၊(ကိံ)၊အတီတာနာဂတဝစနံဝါ - အတိတ် အနာဂတ်သဒ္ဒါသည်မူလည်း၊ (ဂဟိတံဟူသော အတိတ်ဟောသဒ္ဒါ, ဂဏှိဿထ ဂဏှိဿာမိဟူသော အနာဂတ်သဒ္ဒါသည်မူလည်း)၊ ဟောတု-ဖြစ်စေ၊ ဝတ္တမာနဝစနံဝါ-ဝတ္တမာန် သဒ္ဒါသည်မူလည်း၊ (ဂဏှာမိဟူသော ဝတ္တမာန်သဒ္ဒါသည် မူလည်း၊) ဟောတု — ဖြစ်စေ၊ ဧတ္ထ — ဤသို့ကျောင်းကိုခံယူရာ၌၊ သတုပ္ပါဒမတ္တံ-သတိကိုဖြစ်စေခြင်းမျှသည်၎င်း၊အာလယကရဏမတ္တမေဝ-အာလယကို ပြုခြင်းမျှသည်သာလျှင်၎င်း၊ ပမာဏံ-ပမာဏတည်း၊ တသ္မာ-ထို့ကြောင့်၊ ဂဟိတမေဝ-ယူအပ်သည်သာ၊(အယူမြောက်သည်သာ)၊ ဟောတိ- ၏၊ ဣတိ - သို့၊ (အာဟ)၊ ("အတိတ်, အနာဂတ်ဝိဘတ်ဖြင့်သုံးစွဲသော်လည်း အယူမြောက်ပါ၏" ဟူလို။)

ပံသုကူလိကော-ပံသုကူစုတင်ဆောင်ဖြစ်သော၊ ယောပိ ဘိက္ခု-သည်လည်း၊ သေနာသနံ- ကို၊ ဂဟေတွာ- ၍၊ ပစ္စယံ- ကို၊ ဝိသဇ္ဇေတိ- စွန့်၏၊ (တေန- ထိုပံသုကူ စုတင်ဆောင်ရဟန်းသည်၊ ဝိဿဋ္ဌော- စွန့်အပ်သော)၊အယမ္ပိ-ဤပစ္စည်းကိုလည်း၊ အညသ္မိံ - သော၊ အာဝါသေ - ၌၊ န ပက္ခိပိတဗ္ဗော - မထည့်သွင်း

× × × × × × ×

သတုပ္ပါဒ၊ပေ၊ပမာဏံ။ ။"သတုပ္ပါဒမတ္တ"ဟူသည် "ငါသည် ဤကျောင်းကို ခံယူ၏" ဟု သတိကိုဖြစ်စေခြင်းတည်း၊ အာလယကရဏဟူသည် ဤကျောင်း၌ မိမိနေဘို့ရန် အလိုဆန္ဒကိုပြုခြင်းတည်း၊ မတ္တသဒ္ဒါတို့ဖြင့် "ဂဏှာမိ"စသည်ဖြင့် ပြောဆိုနေခြင်းကို ကန့်၊ "ဂဏှာမိ စသည်ဖြင့် ပြောဆိုနေဘွယ်မလို" ဟူလို၊ ဧဝ သဒ္ဒါကား သန္နိဋ္ဌာနာဝဓာရဏတည်း၊ စာအုပ်တို့၌ "သတုပ္ပါဒမတ္တံ , အာလယမတ္တမေဝ" ဟု ၂ ပုဒ်ခွဲလျက်၎င်း၊ "သတုပ္ပါဒမတ္တ အာလယကရဏမတ္တမေဝ" ဟု သမာသ်တွဲလျက်၎င်း ရှိ၏။ [သတုပ္ပါဒမတ္တံတိ ဂဟဏေ သတိယာ ဥပ္ပါဒမတ္တံ၊ ဧတ္ထာတိ သေနာသနပစ္စယဂ္ဂဟဏဋ္ဌာနေ၊— ယောဇနာ။]

ယောပိ၊ပေ၊ ပက္ခိပိတဗ္ဗော။ ။ အယမ္ပိတိ ဧတ္ထ ယော ပံသုကူလိကော ပစ္စယံ ဝိသဇ္ဇေတိ၊ တေနေဝ ဝိဿဋ္ဌော အယံ စီဝရပစ္စယော ပီတိ ယောဇနာ၊—ဝိမတိ၊ ဆိုလိုရင်းကား—"ပံသုကူစုတင်ဆောင် ရဟန်းသည် ဝါဆိုခါနီး၌ ကျောင်းကို ယူစေရာအခါ

ထိုက်၊ တသ္မိံ ယေဝ ပရိဝေဏော- ထိုပရိဝုဏ်၌ပင်၊ အင်္ဂသာလာယဝါ-မီးတင်းကုပ်၌သော်၎င်း၊ ဒီဃသာလာယဝါ-စကြံ့စရပ်ရှည်၌သော်၎င်း၊ ရုက္ခမူလေဝါ-သစ်ပင်၏အနီးအောက်၌သော်၎င်း၊ အညဿ- တပါးသော ရဟန်း၏အတွက်၊ ဂါဟေတုံ-၄ါ၊ ဝဋ္ဋတိ-အပ်၏၊ ပံသုကူလိကော-သည်၊ ဝသာမိ-ငါက နေရန်၊ (နေရသူဖြစ်၏)၊ ဣတိ— ဤသို့ နှလုံးသွင်း၍၊ သေနာသနံ— ကို၊ ဇဂ္ဂိဿတိ-သုတ်သင်လတံ့၊ ဣတရော—ပံသုကူလိကရဟန်းမှ တပါးသော ရဟန်းသည်၊ ပစ္စယံ - ကို၊ ဂဏှာမိ - ငါယူ၏၊ ဣတိ - ဤသို့နှလုံးသွင်း၍၊ (သေနာသနံ ဇဂ္ဂိဿတိ)၊ ဧဝံ-ဤသို့ သုတ်သင်လသော်၊ ဒွီဟိ- ၂ ပါးကုန်သော၊ ကာရဏေဟိ—အကြောင်းတို့ကြောင့်၊ (နေခြင်းဟူသောအကြောင်း, ပစ္စည်းကိုယူခြင်းဟူသောအကြောင်းတို့ကြောင့်၊) သေနာသနံ- သည်၊ သုဇဂ္ဂိတဟာရံ- ကောင်းစွာ အထူးသဖြင့် သုတ်သင်အပ်သည်၊ ဘဝိဿတိ- ဖြစ်လတံ့။

ပန-ဝါဒန္တရ၊ မဟာပစ္စရိယံ-၌၊ ဝုတ္တံ-ပြီ၊ (ကိံ)၊ ပံသုကူလိကေ - သည်၊ ဝါသတ္ထာယ - နေခြင်းအကျိုးငှါ၊ သေနာသနံ - ကို၊ ဂဏှန္တေ - ယူလသော်၊ သေနာသနဂ္ဂါဟာပကေန - ကျောင်းကို ယူစေသောရဟန်းသည်၊ ဝတ္တဗ္ဗံ — လျှောက်ရာ၏၊ (ကိံ)၊ ဘန္တေ- ဘုရား၊ ဣဓ - ဤကျောင်း၌၊ ပစ္စယော - သည်၊ အတ္ထိ- ရှိပါ၏၊ [ဝါကျွတ်သောအခါ၌ ရဘို့ရန် ဝဿာဝါသိကသင်္ကန်းပစ္စည်း ရှိပါ၏။]သော-ထိုပစ္စည်းကို၊ ကိံ-အဘယ်သို့၊ ကာတဗ္ဗော-ပြုထိုက်ပါသနည်း၊ ဣတိ-သို့၊ (ဝတ္တဗ္ဗံ)၊ တေန-ထို ပံသုကူလိကရဟန်းသည်၊ ဟေဋ္ဌာ- အောက်၌၊ အညံ-အခြားရဟန်းကို၊ ဂါဟာပေဟိ-ယူစေပါလော၊ ဣတိ-သို့၊ ဝတ္တဗ္ဗော—ပြောဆိုထိုက်၏၊ ပန- ဆက်၊ (ပံသုကူလိကော - သည်၊) ကိဉ္စိ — တစုံတခုသော စကားကို၊အဝတ္ဝာဝ-မပြောမူ၍သာလျှင်၊ သစေ ဝသတိ-အကယ်၍ကျောင်း၌ နေအံ့၊ ဝုတ္တဝဿာစ-မိုးလပတ်လုံးနေပြီးသော ပံသုကူစုတင်ဆောင်ရဟန်း အားလည်း၊ ပါဒမူလေ- ခြေရင်း၌၊ ထပေတွာ-ထား၍၊ သာဋကံ- အဝတ်ကို၊ သစေ ဒေန္တိ- အကယ်၍ လှူကုန်အံ့၊ (ဧဝံသတိ)၊ ဝဋ္ဋတိ-၏၊ [ပါဒမူလေ ထပေတွာ ဒေန္တီတိ ပစ္စယဒါယကာ ဒေန္တိ၊ ဧတေန ဂဟေဋ္ဌဟိ ပါဒမူလေ ထပေတွာ ဒိန္နမ္ပိ ပံသုကူလိကာနမ္ပိ ဝဋ္ဋတီတိ ဒဿေတိ၊—ဝိမတိ၊ "ခြေရင်း၌ ချထားသောကြောင့် ပံသုကူအဝတ်ကို ကောက်ယူရာရောက်သဖြင့် အပ်၏ "ဟူလို။]

× × × × × × ×

ဝယ် နေဘို့ရန်ကျောင်းကိုသာယူ၏၊ ထိုကျောင်းနှင့်ရထိုက်သော ဝဿာဝါသိကသင်္ကန်းကိုကား မယူ၊ ထို ပံသုကူစုတင်ဆောင်ရဟန်း စွန့်လွှတ်အပ်သော သင်္ကန်းကို အခြားလာဘ်နည်းရာကျောင်း၌ မထည့်ပါနှင့်"ဟူလို၊ နိဿယ၌ ဤ ဝိမတိအတိုင်း အနက်ပေးထား၏၊ ယောဇနာ၌ကား "ယောပိ"၌ ပဋ္ဌမန္တကို"ကံ အနက်ဟော" ဟု ယူ၍ ပစ္စယံနှင့် တွဲလေသည်၊ " ယော (ယံ) ပစ္စယံ-အကြင်ပစ္စည်းကို "ဟု အနက်ပေးစေလိုသည်၊ အနက်အဓိပ္ပါယ် အမှန်ရသော်လည်း သဒ္ဒါသွားကား ဆန်းကြယ်လှ၏။

အထ-သို့မဟုတ်၊(မနုဿာ-တို့သည်၊)ဝဿာဝါသိကံ-ကို၊ ဒေမ-လှူပါကုန်၏၊ ဣတိ-သို့၊ ဝဒန္တိ- လျှောက်ကုန်အံ့၊ (ဧဝံ သတိ)၊ ပံသုကူလိကာနံ- တို့အား၊ နဝဋ္ဋတိ—မအပ်၊ တသ္မိံ သေနာသနေ-၌၊ ဝဿံ-မိုးလပတ်လုံး၊ ဝုတ္ထ ဘိက္ခူနံ-နေပြီးသော ရဟန်းတို့၏ အထံသို့၊ ပါပုဏာတိ-ရောက်၏၊ ဣတိ - သို့၊ (ဝုတ္တံ)၊ [ဝဿံ ဝုတ္ထဘိက္ခူနန္တိ ပံသုကူလိကတော အညေသံ ဘိက္ခူနံ၊-ဣမတိ။] ပန—ဆက်၊ ယေသံ-အကြင်လူတို့၏၊ ဝါ - တို့မှာ၊ သေနာသနံ - သည်၊ နတ္ထိ - မရှိ၊ ကေဝလံ-ကျောင်းနှင့်မဖက် သက်သက်၊ ပစ္စယမေဝ-ပစ္စည်းကိုသာလျှင်၊ဒေန္တိ-လှူကြကုန်၏၊ တေသံ-ထို လူတို့၏၊ ပစ္စယံ - ကို၊ အဝဿာဝါသိကေ - ဝဿာဝါသိက သက်န်းမရှိသော၊ သေနာသနေ-၌၊ ဂါဟေတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏။

မနုဿာ - တို့သည်၊ ထူပံ - ပုထိုးတော်ကို (စေတီတော်ကို၊) ကတ္វာ- ၍၊ ဝဿာဝါသိကံ- ကို၊ ဂါဟာပေန္တိ- ယူစေကြကုန်၏၊ ထူပေါနာမ-မည်သည်၊ အသေနာသနံ-ကျောင်းမဟုတ်၊ တဿ-ထိုပုထိုး၏၊သမီပေ-အနီး၌၊ရုက္ခေဝါ-သစ်ပင်၌သော်ငြား၊ မဏ္ဍပေဝါ — မဏ္ဍပ်၌သော်ငြား၊ ဥပနိဗန္ဓိတ္វာ - ကပ်ဖွဲ့၍၊ ဂါဟာပေတမ္ဗံ-ယူစေထိုက်၏၊ တေန ဘိက္ခုနာ- သည်၊ (ရုက္ခမူလ၌ နေသော ရဟန်း, သို့မဟုတ် မဏ္ဍပ်၌နေသော ရဟန်းသည်)၊ စေတိယံ-ကို၊ ပဋိဇဂ္ဂိတမ္ဗံ-သုတ်သင်ရာ၏၊ မောခိပေ၊ ဒဏ္ဍကဋ္ဌမာဋ္ဌကေသုပိ - မောခိပင်, မောခိကျောင်းဆောင်, ဆင်းတုတော်ကျောင်းဆောင်, တံမြက်စည်းထားရာ စင်, သစ်ဘဏ္ဍာထားရာစင်,ဝစ္စကုဋိ, တံခါးမှခ်, သောက်ရေအိုးစင်,ဒန်ပူထားရာစင်တို့၌လည်း၊ ဧသေဝနယော - ဤနည်းပင်တည်း၊ [" မောခိရုက္ခကို လူတို့က စိုက်ပြီးနောက် ဝဿာဝါသိက သက်န်းကို လှူလျှင်လည်း ဤနည်းအတိုင်း ကျင့်ပါ" ဟူလို။] ပန-ဆက်၊ ဘောဇနသာလာ-ဆွမ်းစားစရပ်သည်၊ သေနာသနမေဝ- ကျောင်း

× × × × × × ×

အထ၊ဝေ၊ဝဒန္တိ၊ ၊အထ ဝဿာဝါသိကံ ဒေမာတိ ဝဒန္တိတိ ဧတ္ထ ပံသုကူလိကာနံ နဝဋ္ဋတီတိ အဇ္ဈာဟရိတ္វာ ယောဇေတဗ္ဗံ၊ – ဣမတိ၊ "ဂဟပတိ (ဒါယကာတို့လှူအပ်သော) စီဝရဖြစ်နေသောကြောင့် ပံသုကူစုတင်ဆောင် ရဟန်းမှာ မအပ်"ဟူလို၊ တသ္မိံ သေနာသနေ ၊ပေ၊ ပါပုဏာတိဟု ဆိုသော်လည်း ထိုကျောင်း၌ ပံသုကူလိက ရဟန်းတပါးသာ ဝါဆိုလျှင် ထိုပရိဝုဏ်တွင်ပါဝင်သော အင်္ဂသာလာစသည်၌ နေသော အခြားရဟန်းကိုလည်း ယူစေသင့်၏။

ဥပနိဗန္ဓိတ္វာ၊ ၊ စေတီနှင့် သစ်ပင်မဏ္ဍပ်ကို အဆက်အသွယ် ပြုခြင်းကို "ဥပနိဗန္ဓိတွာ" ဟု ဆိုသည်၊ ဥပနိဗန္ဓိတွာ ဂါဟာပေတဗ္ဗန္တိ ဣမိ ရုက္ခာဒီသု ဝသိတ္វာ စီဝရံ ဂဏှထာတိ ပဋိဗဒ္ဓံ ကတ္វာ ဂါဟေတဗ္ဗံ၊ – ဣမတိ၊ ထို ဆက်သွယ်ခြင်း ဟူသည်လည်း ထို ရုက္ခမဏ္ဍပ်၌ နေသော ရဟန်းသာ ဝဿာဝါသိက သက်န်းကိုလည်း ယူရ စေတီကိုလည်း သုတ်သင်ရခြင်းတည်း၊ [ရှေ့၌ "ထူပံ ကတ္វာ" ဟု ဆိုခဲ့၍ ဤ၌ "စေတိယံ"ဟု ဆိုပြန်သောကြောင့် ထူပနှင့် စေတိယကို သဘောတူဟု သိစေသည်။]

ပင်တည်း၊ တသ္မာ-ကြောင့်၊ တံ-ထိုဆွမ်းစားစရပ်ကို၊ ကေဿဝါ-တပါးသော ရဟန်း၏ အတွက်သော်၎င်း၊ ဝါ-ကိုသော်၎င်း၊ ဗဟူနံဝါ-များစွာရဟန်းတို့၏ အတွက်သော်၎င်း၊ ဝါ-တို့ကိုသော်၎င်း၊ ပရိန္နိတွာ-ပိုင်းခြား၍၊ ဂါဟေတုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဣတိ-သို့၊ သမ္ဗန္ဓော-သော၊ ဣဒံ-ဤအဆုံးအဖြတ်ကို၊ ဝိတ္ထာရေန-အကျယ်အားဖြင့်၊ မဟာပစ္စရိယံ-၌၊ ဝုတ္တံ-ပြီ။

ပန-ဆက်၊ သေနာသနဂ္ဂါဟာပကေန-သည်၊ ပါဋိပဒအရုဏတော-အထွက် တရက်နေ့ အရုဏ်မှ၊(ဝါဆိုလပြည့်ကျော် တရက် အရုဏ်တက်မှ)၊ ပဋ္ဌာယ-၍၊ ယာဝ-အကြင်မျှလောက်၊ ပုန-တဘန်၊ အရုဏံ-သည်၊ န ဘိဇ္ဇတိ-မပျက်သေး၊ တာဝ-လောက်၊ဂါဟေတဗ္ဗံ-ရာ၏၊("နောံထပ်အရုဏ်မတက်သည့်တိုင်အောင် တရက်လုံးလုံးအတွင်း၌ ကျောင်းကို ဝေစုဝေဘို့ရန် စီစဉ်စေပါ"ဟူလို၊) ဟိ—မှန်၊ ဣဒံ-ဤ တရက်သည်၊ သေနာသနဂ္ဂါဟဿ-၏၊ ခေတ္တံ-ခေတ်တည်း၊[ပါဋိပဒ အရုဏတောတိ အာဒိ ဝဿူပနာယိက ဒိဝသံ သန္ဓာယ ဝုတ္တံ၊အန္တရာမုတ္တကံ ပန ပါဋိပဒံ အတိက္ကမိတွာပိ ဂါဟေတုံ ဝဋ္ဋတိ၊—ဝိမတိ။]

ပါတောဝ-စောစော၌ပင်၊ သေနာသနေ-ကို၊ ဂါဟိတေ - ယူစေအပ်ပြီးသော်၊ အညော—သော၊ ဝိတက္ကစာရိကော-ဝိတက်ဖြင့် လှည့်လည်တတ်သော၊ ဘိက္ခု-သည်၊ အာဂန္တွာ -၍၊ သေနာသနံ — ကို၊ သစေ ယာစတိ — အကယ်၍ တောင်းအံ့၊ (ဧဝံ သတိ)၊ [ကတ္ထနုခေါ ဝသိဿာမိ၊ ကတ္ထ ဝသန္တဿ ဖါသု ဘဝိဿတိ၊ ကတ္ထဝါ ပစ္စယော ဘဝိဿတီတိ ဧဝံ ဥပ္ပန္နေန ဝိတက္ကေန စရတီတိ ဝိတက္က စာရိကော၊— သာရတ္ထ။] ဘန္တေ - ဘုရား၊ သေနာသနံ—ကို၊ ဂဟိတံ-ယူအပ်ပါပြီ၊("ဂါဟိတေ သေနာသနေ" ကို ထောက်လျှင် " ဂါဟိတံ— ယူစေအပ်ပြီ " ဟု ရှိလျှင် ကောင်း၏)၊ သံဃော - သည်၊ ဝဿူပဂတော - ဝါသို့ ကပ်ရောက်ပါပြီ၊ ဝိဟာရော-သည်၊ ရမဏီယော-မွေ့လျော်ဘွယ်ကောင်းပါ၏၊ ရုက္ခမူလာဒီသု-သစ်ပင် အနီးအောက် အစရှိသော အရပ်တို့တွင်၊ ယတ္ထ-အကြင် အရပ်၌၊ (ဝသိတုံ)ဣစ္ဆထ- အလိုရှိကုန်၏၊ တတ္ထ-ထိုအရပ်၌၊ ဝသထ-နေပါကုန်၊ ဣတိ ဝတ္တဗ္ဗော။ [သူ့အတွက် သီးခြားကျောင်း မကျန်တော့၊ ထိုရုက္ခမူလ စသည်ရှိရာ ကျောင်းတိုက်ကိုပင် "ရမဏီယော ဝိဟာရော"ဟု ဆိုသည်။]

ဝဿူပဂတေဟိ-ဝါသို့ ကပ်ရောက်ပြီးကုန်သော ရဟန်းတို့သည်၊ အန္တောဝဿေ-ဝါတွင်း၌၊ နိဗဒ္ဓဝတ္တံ-အမြဲမပြတ် ဖွဲ့စပ်အပ်သော ဝတ်ကို၊ ထပေတွာ-ထား၍၊ ဝဿူပဂတာ-ကုန်သော၊ ဘိက္ခူ-တို့ကို၊ သမ္မုဉ္ဇနိယော-တံမြက်စည်း

× × × × × × ×

နိဗဒ္ဓဝတ္တံ ထပေတွာ ။ ။ "မည်သူက မည်သည့် စာဝါများကို လိုက်ရမည်, မည်သူက မည်သည့်စာဝါများကိုချရမည်,မည်သည့်အချိန် ကမ္မဋ္ဌာန်းနှလုံးသွင်းရမည်" စသည်ဖြင့် နေ့စဉ်မပြတ် ဖွဲ့စပ်အပ်သော ကျင့်ဝတ်ကို ချထားခြင်းကို "နိဗဒ္ဓဝတ္တံ ထပေ

တို့ကို၊ ဗန္ဓထ-ဖွဲ့ကြကုန်၊ ဣတိ-သို့၊ ဝတ္တဗ္ဗာ-နိ၏၊ ဒဏ္ဍကာစေဝ-တံမြက်စည်း ရိုးတံတို့သည်၎င်း၊ သလာကာယောစ-တံမြက်စည်း အဆံတို့သည်၎င်း၊ (အုန်း လက်တို့၏ အဆံစသည်တို့သည်၎င်း)၊ သုလဘာ—လွယ်ကူစွာ ရအပ်ကုန်သည်၊ စေ ဟောန္တိ- ကုန်အံ့၊ (ဧဝံ သတိ)၊ ဧကေကေန— တပါးတပါးသည်၊ ဆပဉ္စ- ၆ ချောင်း, ၅ ချောင်းကုန်သော၊ မုဋ္ဌိသမ္မုဉ္ဇနိယော—လက်ဆုပ်တံမြက်စည်းတို့ ကိုသော်၎င်း၊ ဒွတ္တိသော— ၂ ချောင်း ၃ ချောင်း ကုန်သော၊ ယဋ္ဌိသမ္မုဉ္ဇနိယော ဝါ-အရိုးရှိသော တံမြက်စည်းတို့ကိုသော်၎င်း၊ ဗန္ဓိတဗ္ဗာ-ဖွဲ့ထိုက်ကုန်၏။[အရိုး မပါဘဲ လက်ဖြင့် ဆုပ်ကိုင်ရသော တံမြက်စည်းကို“မုဋ္ဌိသမ္မုဉ္ဇနီ”ဟု ခေါ်သည်၊ အရိုးတပ်အပ်သော မတ်တတ် တံမြက်စည်းကို“ယဋ္ဌိသမ္မုဉ္ဇနီ”ဟု ခေါ်သည်။] (ဒဏ္ဍကာစေဝ — တံမြက်စည်း ရိုးတံဒုတ်တို့သည်၎င်း၊ သလာကာယောစ — တံမြက်စည်း အဆံတို့သည်၎င်း၊ ဒုလ္လဘာ-ခဲယဉ်းသဖြင့် ရအပ်ကုန်သည်၊ ဝါ— ရခဲကုန်သည်၊ စေ ဟောန္တိ-နိအံ့၊(ဧဝံသတိ)၊ ဒွတ္တိသော-နိသော၊ မုဋ္ဌိသမ္မုဉ္ဇနိ ယော-တို့ကို၎င်း၊ ဧကော-တချောင်းသော၊ ယဋ္ဌိသမ္မုဉ္ဇနီ – ကို၎င်း၊ ဗန္ဓိတဗ္ဗာ- ဖွဲ့ထိုက်ကုန်၏၊ သာမဏေရေဟိ – တို့သည်၊ ဝါ – တို့ကို၊ ပဉ္စပဉ္စ – ငါးချောင်း ငါးချောင်းကုန်သော၊ ဥက္ကာ-မီးရှူးတို့ကို၊ ကောဋ္ဋေတဗ္ဗာ- ဖြတ်တောက်ထိုက် ကုန်၏၊[(ကိုရင်တပါးလျှင် ငါးချောင်းစီ ပြုလုပ်စေပါ-ဟူလို)၊ ဘူဝါဒ်, စုရာဒိ ကောဋ္ဋဓာတ်သည် ဆိန္ဒန အနက်ဟောတည်း၊ ထို့ကြောင့် “ဆိန္ဒိတဗ္ဗာ” ဟု ယောဇနာ ဖွင့်သည်၊ အရညဝိဟာရေသု ပရိဿယဝိဇာနနတ္ထံ ဣန္ဓိတဗ္ဗတ္တာ (ညဉ့်အခါ ခြင်္သေ့ သစ် ကျား စသော ဘေးရန်တို့လာလျှင် သိနိုင်ဘို့ရန်) ပဉ္စ ပဉ္စ ဥက္ကာ ကောဋ္ဋေတဗ္ဗာတိ ဝုတ္တံ၊— သာရတ္ထ။] ဝသနဋ္ဌာနေ- နေရာအရပ်၌၊ ကသာဝပရိဘဏ္ဍံ-ဖန်ရည်ဖြင့် အဖန်ဖန် သုတ်လိမ်းခြင်း ဟူသော ပရိဘဏ်ကို၊ ကာတဗ္ဗံ၊ [ကသာဝပရိဘဏ္ဍန္တိ ကသာဝရသေဟိ ဘူမိပရိကမ္မံ၊— ဝိမတိ။]

ပန-ဆက်၊ ဝတ္တံ-ကတိကဝတ်ကို၊(ဝါတွင်း၌ ကျင့်ရမည့် ကတိကဝတ်ကို)၊ [ဝတ္တံတိ ကတိကဝတ္တံ၊--သာရတ္ထ၊] ကရောန္တေဟိ-ပြုကုန်သော ရဟန်းတို့သည်၊ (ဧဝ ရူပံ အဓမ္မိကဝတ္တံ န ကာတဗ္ဗံ၌ စပ်)၊ န ဥဒ္ဒိသိတဗ္ဗံ- ပါဠိကို မရွတ်ဆိုရာ၊ (ပါဠိကို မပို့ချကြစတမ်း)၊ န ဥဒ္ဒိသာပေတဗ္ဗံ-ပါဠိကို မရွတ်ဆိုစေရာ၊(ရွတ်ဆို ပေးပါဟု မတောင်းပန်ကြစတမ်း)၊ သဇ္ဈာယော- သရဇ္ဈာယ်ခြင်းကို၊ (စာအံ ခြင်းကို)၊ န ကာတဗ္ဗော-မပြုထိုက်၊(မပြုကြစတမ်း)၊ န ပဗ္ဗာဇေတဗ္ဗံ- ရှင်အဖြစ်

× × × × × × ×

တွာ”ဟု ဆိုသည်၊ နိဗဒ္ဓဝတ္တံ ထပေတွာတိ သဇ္ဈာယ မနသိကာရာဒိသု နိရန္တရကရဏီ ယေသု ကတ္တဗ္ဗံ ကတိကဝတ္တံ ကတွာ၊ — ဝိမတိ၊ ထိုနိဗဒ္ဓဝတ်ကို ချပြီးသည့်နောက်မှ “သမ္မုဉ္ဇနိယော ဗန္ဓထ”စသည်ဖြင့် လျှောက်ရမည်၊ ဝါကပ်ပြီးမှလည်း နေရာကျောင်းက သေချာသောကြောင့် ဤအလုံးစုံကို ဝါကပ်ပြီးမှ လုပ်ရမည်၊ ထို့ကြောင့်“ဝဿူပဂတ္ထေဟိ”ဟု၎င်း, ဝဿူပဂတာဟု၎င်း, အတိတ်ဟော တပစ္စည်းဖြင့် သုံးစွဲထားသည်။

သို့ မရောက်စေထိုက်၊ (ရှင်ပြုမပေးကြ စတမ်း)၊ န ဥပသမ္ပာဒေတဗ္ဗံ— မြင့်မြတ်သော ရဟန်းအဖြစ်သို့ မရော်စေထိုက်၊(ရဟန်းပြုမပေးကြစတမ်း)၊နိဿယော-နိဿယည်းကို၊ န ဒါတဗ္ဗော — မပေးထိုက်၊ (မပေးကြစတမ်း)၊ ဓမ္မဿဝနံ-တရားနာခြင်းကို၊ န ကာတဗ္ဗံ-မပြုထိုက်၊(မပြုကြစတမ်း)၊ ဟိ—တားမြစ်သင့်၏၊ သဗ္ဗေဝ-အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဧတေ - ဤ ဥဒ္ဒေသ စသော ပြဘွယ်တို့သည်၊ ပပဥ္စာ-သံသရာကို ချဲ့ထွင်တတ်သော တဏှာ မာန ဒိဋ္ဌိဆိုင်ရာတို့တည်း၊ [ပါဠိသင်ခြင်း ပါဠိပို့ချခြင်း စသည်ကြောင့် သံယောဇဉ် တဏှာ ဒိဋ္ဌိလည်း ဖြစ်တတ်၏၊ ငါတတ်၏ စသည်ဖြင့် မာနလည်း ဖြစ်တတ်၏။] နိပ္ပပဥ္စာ-သံသရာကို ချဲ့တွင်တတ်သော တဏှာ မာန ဒိဋ္ဌိဟူသော ပပဥ္စ မရှိကုန်သည်၊ ဟုတွာ-၍၊ သမဏဓမ္မမေဝ-ရဟန်းတရားကိုသာလျှင်၊ ကရိဿာမ-ပြုကြကုန်စို့၊ ဣတိဝါ-ဤသို့သော်ဝင်း၊ သဗ္ဗေ-အလုံးစုံကုန်သော ရဟန်းတို့သည်၊ တေရသ- ၁၃ ပါးကုန်သော၊ ဓုတင်္ဂါနိ- ဓုတင်တို့ကို၊ သမာဒိယန္တု—ဆောက်တည်ကြကုန်လော၊ (ဆောက်တည်ကြ စတမ်း)၊ သေယျံ-လျောင်းစက် အိပ်ခြင်းကို၊ အကပ္ပေတွာ-မပြုမူ၍၊ ဌာနစင်္ကမေဟိ-ရပ်ခြင်း စင်္ကြံသွားခြင်းတို့ဖြင့်၊ ဝိတိနာမေန္တု-လွန်စေကြကုန်လော၊ (လွန်စေကြစတမ်း)၊ [ထိုင်ခြင်း ကိစ္စမှာ တရားအားထုတ်ရာ၌ မူလဖြစ်၍ အထူးမဆိုဟန်တူသည်၊ သို့မဟုတ်“ဌာနနိသဇ္ဇာ စင်္ကမေဟိ”ဟု ရှိလျှင်ကောင်း၏။] မူဂဗ္ဗတံ - လူအတို့၏ အကျင့်ကို၊ (စကား မပြောဘဲ လူအကဲ့သို့ နေခြင်းဟူသော အကျင့်ကို)၊ ဂဏှန္တု— ယူကြကုန်လော၊ သတ္တာဟ ကရဏီယေန - သတ္တာဟကရဏီယ ကိစ္စကြောင့်၊ ဂတာပိ- သွားကုန်သော ရဟန်းတို့သည်လည်း၊ ဘာဇနီယဘဏ္ဍံ-ဝေဘန်ထိုက်သောဘဏ္ဍာကို၊ လဘန္တု-ရကြပါစေကုန်၊ ဣတိဝါ-ဤသို့သော်ဝင်း၊ ဧဝရူပံ-ဤသို့သဘောရှိသော၊(“ပါဠိမသင်ကြစတမ်း”စသော) အဓမ္မိကံ—အဓမ္မိကကတိကဝတ်ကို၊ န ကာတဗ္ဗံ—မပြုရာ။

ပန—အန္တယ၊ ဧဝံ- သို့၊ ကာတဗ္ဗံ- ပြုထိုက်၏၊ (ကိံ)၊ ပရိယတ္တိဓမ္မော နာမ-ပရိယတ်တရားတော်မည်သည်၊ တိပိဓမ္မိ-၃ ပါးအပြားရှိသည်လည်း ဖြစ်သော၊ သဒ္ဓမ္မံ-သူတော်ကောင်း တရားကို၊ ပတိဋ္ဌာပေတိ- တည်စေနိုင်၏။ [တိပိဓမ္မိတိ

× × × × × × ×

ပရိယတ္တိဓမ္မောနာမ။ ။ ကတ္တားဖြစ်သော ပရိယတ္တိဓမ္မဉ်ရင်း, တိပိဓမ္မိ သဒ္ဓမ္မံဟူသော ကံ၌ရင်း ပရိယတ္တိဓမ္မ ပါဝင်နေ၍ “အဘယ်သို့သော ပရိယတ္တိကတ္တားသည် အဘယ်သို့သော ပရိယတ္တိကံကို တည်စေနိုင်သနည်း”ဟု မေးဘွယ်ရှိ၏၊ အဖြေကား—ကတ္တား၌ အစိတ်ဖြစ်သော ကျမ်းစာပရိယတ်သည် အပေါင်းဖြစ်သော ကျမ်းစာပရိယတ်ကို တည်စေနိုင်၏၊ ကျမ်းတကျမ်းကို သင်ယူလျှင် အခြားကျမ်းများကိုလည်း တတ်သိနားလည်၏၊ ဤနည်းအားဖြင့် ပရိယတ်သည် ကတ္တား၌လည်း ပါနိုင်, ကံ၌လည်း ပါနိုင်သည်။ [အဝယဝပရိယတ္တိ ဓမ္မောပိ အဝယဝိပရိယတ္တိဓမ္မံ အဝယဝိပရိယတ္တိ ဓမ္မော ဝါ အဝယဝပရိယတ္တိဓမ္မံ ပတိဋ္ဌာပေတိ။—ယောဇနာ။]

ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဝသေန တိဝိဓမ္ပိ၊— သာရတ္ထ။]…. တသ္မာ- ကြောင့်၊ (ပရိယတ်တရားတော်သည် သုံးပါးအပြားရှိသော သူတော်ကောင်းတရားကို တည်စေနိုင်သည်၏အဖြစ်ကြောင့်)၊ သက္ကစ္စံ- ကောင်းစွာပြု၍၊ ဝါ- လေးလေး စားစား၊ ဥဒ္ဒိသထ- ပါဠိကို ရွတ်ပြကြပါကုန်လော၊(ပါဠိကို ပို့ချကြပါလော)၊ ဥဒ္ဒိသာပေထ- ပါဠိကို ရွတ်ပြစေကြပါလော၊ (ပါဠိရွတ်ပြဘို့ရန် တောင်းပန်၍ ပါဠိကို သင်ယူကြပါလော၊) သဇ္ဈာယံ- ကို၊ ကရောထ- ပြုကြကုန်လော၊ ပဓာန ဃရေ - ကမ္မဋ္ဌာန်းကျောင်း၌၊ ဝသန္တာနံ - နေသောရဟန်းတို့ကို၊ သံဃဋ္ဋနံ- ထိခိုက်ခြင်းကို၊ အကတွာ-မပြုမူ၍၊ အန္တော ဝိဟာရေ- ကျောင်းတွင်း၌၊ နိသီဒိ တွာ-၍၊ ဥဒ္ဒိသထ-တိုးတိုးသာသာ ပါဠိကို ရွတ်ဆိုကြပါကုန်လော၊ ဥဒ္ဒိသာပေ ထ-ပါဠိကို ရွတ်ဆိုစေကြကုန်လော၊ သဇ္ဈာယံ-ကို၊ ကရောထ-ကုန်လော။

ဓမ္မဿဝနံ-ကို၊ သမိဒ္ဓံ- ပြည့်စုံအောင်၊ ကရောထ- ကုန်လော၊ (“တရားကို ဟောင်းကောင်းနာကြ, တရားကို ပြည့်စုံအောင်ဟောကြပါ”ဟူလို၊) ပဗ္ဗာဇေ န္တာ - ရှင်အဖြစ်သို့ ရောက်စေကုန်လသော်၊ သောဓေတွာ - သုတ်သင်၍၊ ပဗ္ဗာ ဇေထ-ကုန်လော၊ ဥပသမ္ပာဒေထ-ကုန်လော၊ သောဓေတွာ-၍၊ နိဿယံ-ကို၊ ဒေထ-ကုန်လော၊ ဟိ-တိုက်တွန်းသင့်၏၊ (“သောဓေတွာ ပဗ္ဗာဇေထ”စသည် ဖြင့် တိုက်တွန်းသင့်၏)၊ ဧကောပိ- တယောက်လည်းဖြစ်သော၊ ကုလပုတ္တော- အမျိုးသားသည်၊ (အမျိုးကောင်းသော ဇာတိကုလပုတ္တ, အကျင့်ကောင်းသော အာစာရကုလပုတ္တ ၂ မျိုးတွင် အာစာရကုလပုတ္တကို ယူ)၊ ပဗ္ဗဇ္ဇံ-ရှင့်အဖြစ်ကို ၎င်း၊ ဥပသမ္ပဒဉ္စ-မြင့်မြတ်သောရဟန်းအဖြစ်ကို၎င်း၊ လဘိတွာ-ရ၍၊ ဝါ-ရလ သော်၊ သကလသာသနံ - အလုံးစုံသော သာသနာတော်ကို၊ (ပရိယတ် ပဋိပတ် ပဋိဝေဓဟူသော အလုံးစုံသောသာသနာတော်ကို)၊ ပတိဋ္ဌာပေတိ - တည်စေ နိုင်၏၊ (ဤတွင် သောဓေတွာစသည်တို့၏ ဒဋ္ဌိဝါကျ ပြီး၏)။

× × × × × × × ×

သံဃဋ္ဋနံ အကတွာ ။ ။ “ ပဓာနဃရေ ဝသန္တာနံ ”၏ နယ်ကား “ သဇ္ဈာယံ ကရောထ ” တိုင်အောင်တည်း၊ ကမ္မဋ္ဌာန်းကျောင်း၌နေသော ပုဂ္ဂိုလ်တို့၏ ကမ္မဋ္ဌာန်း နှလုံးသွင်းမှုပျက်အောင် ကျယ်လောင်သောအသံဖြင့် မထိခိုက်စေဘဲ ပါဠိသင်မှု, စာအံ မှုကို တိုးတိုးတိတ်တိတ် ပြုကြပါ၊ မှန်၏–မိမိကျောင်း၏ပြင်ဘက်သို့ အသံထွက်အောင် ကျယ်စွာ စာအံ စာချခြင်း, မိမိနေရာကျောင်း၏ ပြင်ဘက်သို့ အသံထွက်အောင် စကား ကျယ်စွာပြောခြင်းသည် ကမ္မဋ္ဌာန်းအားထုတ်သူတို့ကိုသာ ထိခိုက်စေသည်မဟုတ်သေး၊ စာကြည့် စာချကြသော အခြားပုဂ္ဂိုလ်များ၏ သမာဓိကိုလည်း ထိခိုက်စေသည်။

သောဓေတွာ ပဗ္ဗာဇေထ ။ ။ရှင်ပြုပေးမှု ရဟန်းခံပေးမှု နိဿယည်းပေးမှုကို ပြုသောအခါ သာသနာတော်၌ ကောင်းမွန်စွာနေမည့်ပုဂ္ဂိုလ်ကို နှိုင်းချိန်ပြီးမှ သာသနာ တော်နှင့် သင့်လျော်သော ရှင်လောင်း စသူကိုသာ ရှင်ပြု, ရဟန်းခံ , နိဿယည်းပေး ခြင်းကို “သောဓေတွာ ပဗ္ဗာဇေထ”ဟု ဆိုသည်။ [သောဓေတွာ ပဗ္ဗာဇေထာတိ ဘဗ္ဗေ အာစာရကုလပုတ္တေ ဥပပရိက္ခိတွာ ပဗ္ဗာဇေထ၊ – သာရတ္ထ။]

အတ္တနော- မိမိ၏၊ ထာမေန -အစွမ်းဖြင့်၊ ယတ္တကာနိ - အကြင်မျှ အတိုင်း အရှည်ရှိကုန်သော၊ (ခုတင်ါနိ - တို့ကို၊ သမာဒိယိတုံ- ဆောက်တည်ခြင်းငှါ၊) သက္ကောထ - စွမ်းနိုင်ကုန်၏၊ တတ္တကာနိ — ထိုမျှ အတိုင်းအရှည်ရှိကုန်သော၊ ခုတင်ါနိ-တို့ကို၊ သမာဒိယထ-ဆောက်တည်ကြကုန်လော၊ ဧတံ အန္တောဝသံ နာမ - ဤ ဝါတွင်းအခါ၌မည်သည်၊ [အန္တောဝသံ နာမေတန္တိ ဘုမ္မတ္ထေ ဥပ ယောဂဝစနမေတံ၊ ဧတသ္မိံ အန္တောဝဿေတိ ဟိ အတ္ထော၊ ဘဝိတဗ္ဗန္တိ အာဒီသု သမ္ဗန္ဓိတဗ္ဗံ၊— ယောဇနာ၊ "သကလဒိဝသံ ၊ပေ၊ ယာမေသု" စသော အကျယ်ကိုထောင်၍ ဘုမ္မတ္ထဟုဖွင့်သည်။]သကလဒိဝသံ-အလုံးစုံသောနေ့၌ရင်း၊ ရတ္တိယာ-၏၊ ပဌမပစ္ဆိမယာမေသုစ- ပဌမယာမ်, ပစ္ဆိမယာမ်တို့၌ရင်း၊(မဇ္ဈိမ ယာမ်ကိုကား အိပ်ဘို့ရန် ချန်ထားသည်)၊ အပ္ပမတ္တေဟိ - မမေ့မလျော့ မပေါ့ မဆသူတို့သည်၊ဘဝိတဗ္ဗံ-ဖြစ်ရာ၏၊ ဝီရိယံ-ကို၊ အာရဘိတဗ္ဗံ-အားထုတ်ရာ၏။

ပေါရာဏက မဟာထေရာပိ - ရှေး၌ဖြစ်သော မဟာထေရ်တို့သည်လည်း၊ သဗ္ဗပလိဗောဓေ - အလုံးစုံသော ပလိဗောဓတို့ကို၊ ("အာဝါသော စ ကုလံ လာဘော"စသော ဆယ်ပါးသောပလိဗောဓတို့ကို)၊ဆိန္ဒိတွာ-ဖြတ်၍၊ အန္တော ဝဿေ-၌၊ဧကစာရိကဝတ္တံ-ဧကစာရိကပုဂ္ဂိုလ်သည် ကျင့်ထိုက်သောဘာဝနာ အလုပ်ကို၊ ပူရယိံသု-ဖြည့်ကြကုန်ပြီ၊ [ဧကစာရိကဝတ္တံတိ ဘာဝနာကမ္မံ၊ တဉှိ ဂဏာသင်္ဂဏိကံ ပဟာယ ဧကစာရိကေနေဝ ဝတ္တိတဗ္ဗတ္တာ ဧဝံ ဝုတ္တံ၊— ဝိမတိ၊ ပူရယိံသု နောက်၌ " အာစရိယဝတ္တံ " ဟု ပါ၏၊ ဤကျင့်ဝတ်ကား အဆန်း မဟုတ်၊ ထို့ကြောင့် အချို့စာအုပ်၌ မပါ။]

ဘသေ- ပြောဆိုအပ်သောစကား၌၊ မတ္တံ- အတိုင်းအရှည်ကို၊ ဇာနိတွာ- သိ၍၊ ဒသဝတ္ထုကကထံ- ဆယ်ပါးသောဝတ္ထုရှိသော ကထာကိုရင်း၊ ဒသ၊ပေ၊ ကထဉ္စ - ဆယ်ပါးသော အသုဘကထာ, ဆယ်ပါးသော အနုဿတိကထာ, ၃၈ ပါးသော ကမ္မဋ္ဌာန်းအာရုံနှင့်စပ်သော ကထာကိုရင်း၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ- သင့်၏၊ အာဂန္တုကာနံ-အာဂန္တုကဘို့၏၊ဝတ္တံ-ကို၊ ကာတုံ-ငှါရင်း၊ သတ္တာဟ ကရဏီယေန - သတ္တာဟကရဏီယ ကိစ္စကြောင့်၊ ဂတာနံ - သွားကုန်သော ရဟန်းတို့အား၊ အပလောကေတွာ - ပန်ပြော၍၊ ဒါတုံ - ငှါ၊ ဝဋ္ဋတိ - သင့်၏၊ ("သံဃိကပစ္စည်းကို ဝေဘန်သောအခါ ပန်ပြော၍ ဝေဘန်ပေးပါ " ဟူလို)၊ ဣတိ-သို့၊ ဧဝရူပံ-သော၊ ဝတ္တံ- ကတိကဝတ်ကို၊ ကာတဗ္ဗံ-ပြုရာ၏။

× × × × × × ×

ဒသဝတ္ထုကကထာ။ ။ဒသဝတ္ထုကထာနာမ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ ပဝိ ဝေကကထာ အသံသဂ္ဂကထာ ဝီရိယာရမ္ဘကထာ သီလကထာ သမာဓိကထာ ပညာ ကထာ ဝိမုတ္တိကထာ ဝိမုတ္တိဉာဏဒဿန ကထာ၊ – သာရတ္ထ။ [အဋ္ဌတိံသာရမဏာ ကထဥ္စအရ ကမ္မဋ္ဌာန်းလေးဆယ်တွင် ပါဠိတော်၌လာသော ၃၈ ပါးကိုယူပါ။]

အပိစ-သည်သာမကသေး၊ ဘိက္ခု-တို့ကို၊ ဩဝဒိတဗ္ဗာ-ဆုံးမထိုက်ကုန်၏၊ [ရှေးခေတ်က သာပဏောနည်းပါး၍ ရဟန်းများသောကြောင့် "ဘိက္ခု" ဟု ဆိုသည်၊] (ကိံ)၊ ဝိဂ္ဂါဟိကၢ၊ပေ၊ဝစနာနိ-ဆန့်ကျင်ဘက်ကို ယူကြောင်းစကား, ချောပစ် ကုံးတိုက်ကြောင်းစကား , ကြမ်းကြမ်းတန်းတန်း ဆဲဆိုကြောင်းစကား တို့ကို၊ မာ ဝဒထ - မပြောဆိုကြကုန်လင့်၊ ဒိဝသေ ဒိဝသေ - တနေ့ တနေ့၌၊ (နေ့တိုင်းနေ့တိုင်း)၊ သီလာနိ-တို့ကို၊ အာဝဇ္ဇေန္တာ-ဆင်ခြင်ကုန်လျက်၊စတုရာ ရက္ခံ-၄ ပါးသော စောင့်ရှောက်ကြောင်းကမ္မဋ္ဌာန်းကို၊ အဟာပေန္တာ- မယုတ် လျော့စေကုန်ဘဲ၊ မနသိကာရဗဟုလာ - များသော ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း ရှိကုန်သည်၊ (ဟုတွာ)၊ ဝိဟရထ-နေကြကုန်လော၊ ဣတိ-သို့၊ (ဩဝဒိတဗ္ဗာ)။

ဒန္တကဋ္ဌခါဒနဝတ္တံ - ဒန်ပူကို ခဲစားကြောင်းကျင့်ဝတ်ကို၊ အာစိက္ခိတဗ္ဗံ- ပြောပြရာ၏၊ [ဒန္တကဋ္ဌခါဒနကျင့်ဝတ်ကို ဒန္တပေါဏသိက္ခာပုဒ်၌ ပြထားသည့် အတိုင်း သာရတ္ထ၌ပြထား၏။] စေတိယံဝါ- စေတီတော်ကိုသော်၎င်း၊ ဗောဓိံ

× × × × × × ×

စတုရာရက္ခံ။ ။အာရက္ခတိ စိတ္တံ တောယတီတိ အာရက္ခာ၊ စတဿော+အာရက္ခာ စတုရာရက္ခံ၊ သမာဟာရဒိဂု၊ "ဗုဒ္ဓါနုဿတိ မေတ္တာစ,အသုဘာ မရဏဿတိ"ဟူသော ၄ ပါးတည်း၊ ထို၄ ပါးတွင်....

ဗုဒ္ဓါနုဿတိ။ ။ဗုဒ္ဓါနုဿတိကို ပွားများနေသူသည် ဗုဒ္ဓမြတ်စွာသာသနာတော် ကို ပို၍ ကြည်ညိုသောကြောင့် မိမိအတွက် သာသနာ့ညှိုးနွမ်းဘွယ်ကိစ္စကို မပြုတော့၊ သာသနာ တိုးတက်ကြီးပွားကြောင်း ကြက်သရေရှိကြောင်းအလုပ်ကိုသာ စွမ်းနိုင်သမျှ အားထုတ်တော့သည်။

မေတ္တာ။ ။မေတ္တာဘာဝနာပွားများလေ့ရှိသူကား အရာရာ၌ ကိုယ်ကျိုးကို ရှေ့ရှု မထားဘဲ သူတပါးအကျိုးကိုသာရှေးရှု၍ အလုပ်လုပ်၏၊ ထိုသို့ ရှေးရှုသောကြောင့်ပင် သာသနာတော်နှင့်စပ်၍ အကျိုးမဲ့ ကုန်ကျဘွယ်များကို မိမိလည်း မသုံးဖြုန်း, ဒါယကာ တို့ကိုလည်း မသုံးဖြုန်းစေတော့။

အသုဘ။ ။ အသုဘဘာဝနာသည် သာသနာတော်နှင့် လွန်စွာသင့်လျော်၏၊ အိမ်ရာမထောင် သာသနာ့ဘောင်၌ တကိုယ်ထည်းနေသော ပုဂ္ဂိုလ်သည် အသုဘ ဘာဝနာကဲ့သို့ ဘာဝနာတမျိုးမျိုးသာ လက်ကိုင်မရှိပါမူ လောကီအာရုံ ကာမဂုဏ် ဘက်၌ သက်တော်ကြီးသော်လည်း စိတ်ရေခံလျက်ရှိတတ်သေး၏၊ ထို့ကြောင့် အသုဘ ဘာဝနာကို ကောင်းစွာ ပွားများသူသာ စိတ်ထားဖြူလွှင် သူတော်စင်ဖြစ်နိုင်ပေသည်။

မရဏ။ ။သေခြင်းတရားကို နှလုံးသွင်းမှုကို နေ့စဉ်ပြုလျှင် "ယနေ့သေမည်လား, နက်ဖန်သေမည်လား မသိရ၊ သေသွားသောအခါ ကုသိုလ်သာလျှင် အားကိုးရာ ရှိပါ တကား" ဟု အမြဲ သတိရနေသောကြောင့် ကုသိုလ်ကောင်းမှု ကိစ္စစုကို တခုပြီးတခု ဘာဝနာပွားမှုတိုင်အောင် အမြဲပြု၍ နေပေလိမ့်မည်၊ ထို့ကြောင့် ဤကမ္မဋ္ဌာန်း ၄ ပါးကို "စတုရာရက္ခကမ္မဋ္ဌာန်း"ဟု နာမည်ထူးထပ်လျက် ရှေးသူတော်မြတ်တို့ အမြဲအားထုတ် အပ်ခဲ့ပေသတည်း။

ဝါ-မောခ်ပင်ကိုသော်၎င်း၊ ဝန္တန္တေန- ရှိခိုးသော ရဟန်းသည်၎င်း၊ ဂန္ဓမာလံ- နံ့သာပန်းကို၊ ပူဇေန္တေနဝါ-ပူဇော်သောရဟန်းသည်၎င်း၊ ပတ္တံ-ကို၊ ထဝိကာယ— အိတ်၌၊ ပက္ခိပန္တေနဝါ— ထည့်သော ရဟန်းသည်၎င်း၊ န ကထေတဗ္ဗံ- စကားမပြောရာ၊[ရှိခိုးရင်း ပူဇော်ရင်းစကားပြောလျှင် အာရုံပျက်မည်စိုးသောကြောင့် စကားမပြောရ၊ သပိတ်အိတ်ထည်း၌ သပိတ်ထည့်သွင်းသော အခါ သပိတ်မနာအောင် သာသာယာယာ ထည့်ရမည်ဖြစ်သောကြောင့် စကားပြောလျှင် အမှတ်တမဲ့ထိမိ၍ သပိတ်ကွဲမည်စိုးရကား စကားမပြောရ ဟု သတိပေးသည်၊ပတ္တံ ဝါ၊ပေ၊န ကထေတဗ္ဗန္တိ ပတ္တဂ္ဂဟဏူပာယ ဝုတ္တံ၊-ဝိမတိ၊....ဘိက္ခာစာရဝတ္တံ ဝတ္တက္ခန္ဓကေ ပိဏ္ဍစာရိကဝတ္တေ အာဝိ ဘဝိဿတိ၊- သာရတ္ထ။]

အန္တောဂါမေ - ရွာတွင်း၌၊ မနုဿေဟိ - လူတို့နှင့်၊ သဒ္ဓိံ - တကွ၊ ပစ္စယသညုတ္တကထာဝါ - ပစ္စည်းနှင့်စပ်သော စကားကို၎င်း၊ ဝိသဘာဂကထာဝါ- သာသနာတော်နှင့် သဘောမတူသောစကားကို၎င်း၊ န ကထေတဗ္ဗာ - မပြောထိုက်၊ [ဝိသဘာဂကထာတိ တိရစ္ဆာနကထာ၊- ဝိမတိ။] ရက္ခိတိန္ဒြိယေဟိ- စောင့်စည်းအပ်သော စက္ခုစသော ဣန္ဒြေရှိသူတို့သည်၊ ဘဝိတဗ္ဗံ- ရာ၏၊ ခန္ဓကဝတ္တဥ္စ - ခန္ဓကဝတ်ကို၎င်း၊ သေခိယဝတ္တဥ္စ - သေခိယဝတ်ကို၎င်း၊ ပူရေတဗ္ဗံ- ဖြည့်ကျင့်ရာ၏။ [ခန္ဓကဝတ္တန္တိ ဝတ္တက္ခန္ဓကေ အာဂတံ ပိဏ္ဍစာရိက ဝတ္တတော အဝသိဋ္ဌဝတ္တံ၊ တဿ “ဘိက္ခာစာရဝတ္တ” န္တိ ဝိသုံ ဂဟိတတ္တာ၊-ဝိမတိ။] ဣတိ ဧဝရူပါ- ဤသို့သဘောရှိကုန်သော၊ ဗဟုကာပိ - များစွာလည်းဖြစ်ကုန်သော၊ နိယျာနိကကထာ - ဝဋ်မှ ထွက်မြောက်တတ်သော ကထာတို့ကို၊ အာစိက္ခိတဗ္ဗာ- ပြောပြထိုက်ကုန်၏၊ ဣတိ-ပုရိမဝဿူပဂတနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။

[ဣဒါနိ ယံ ဒါယကာ ပစ္ဆိမဝဿံ ဝုဋ္ဌာနံ ဝဿာဝါသိကံ ဒေန္တိ၊ တတ္ထ ပဋိပဇ္ဇနဝိဓိံ ဒဿေတုံ ပစ္ဆိမဝဿူပနာယိကဒိဝသေ ပနာတိ အာရဒ္ဓံ၊- ဝိမတိ။] ပန-ကား၊ ပစ္ဆိမဝဿူပနာယိကဒိဝသေ-ပစ္ဆိမဝါကပ်ရာနေ့၌၊ ကာလံ-အချိန်ကို၊ ဃောသေတွာ-ကြွေးကြော်၍၊ သံဃေ- သည်၊ သန္နိပတိတေ- စည်းဝေးပြီးလသော်၊ ကောစိ-တစုံတယောက်သော ဒါယကာသည်၊ ဒသဟတ္ထံ-ဆယ်တောင်ရှိသော၊ ဝတ္ထံ - အဝတ်ကို၊ အာဟရိတွာ - ဆောင်ယူခဲ့၍၊ ဝဿာဝါသိကံ- ဝဿာဝါသိကသင်္ကန်းကို၊ (မိုဃ်းလပတ်လုံးနေသော ရဟန်းတို့အား လှူအပ်သောသင်္ကန်းကို)၊ သစေ ဒေတိ- အံ့၊ အာဂန္တုကော- သော၊ ဘိက္ခု- သည်၊ သံဃတ္ထေရော-သည်၊ သစေ ဟောတိ-အံ့၊ (ဝေံသတိ)၊ တဿ-ထို သံဃာ့ထေရ်အား၊ ဒါတဗ္ဗံ- ရာ၏၊ [ဝဿာဝါသိကသင်္ကန်းကို ပဌမ ယူစေအပ်ပြီးနောက်မှ ရောက်လာသောရဟန်းကို“အာဂန္တုကော ဘိက္ခု”ဟု ဆိုသည်၊ အာဂန္တုကော စေ ဘိက္ခူတိ ဝိဝရေ ဂါဟိတေ ပစ္ဆာ အာဂတော အာဂန္တုကော တိက္ခု၊- ဝိမတိ။] (အာဂန္တုကော-သော၊ ဘိက္ခု-သည်)၊ နဝကော-သီတင်းငယ်သည်၊

သစေ ဟောတိ၊ (ဧဝံ သတိ)၊ သမ္မတေန - သမုတ်အပ်ပြီးသော၊ (သေနာသနဂ္ဂါဟက သမ္မုတိ, သို့မဟုတ် စီဝရဘာဇက သမ္မုတိကို ရပြီးသော)၊ ဘိက္ခုနာ-သည်၊ သံဃတ္ထေရော- ကို၊ ဝတ္တဗ္ဗော - လျှောက်ထိုက်၏၊ (ကိံ)၊ ဘန္တေ - ရား၊ (ဂဏှိတုံ)၊ သစေ ဣစ္ဆထ-အကယ်၍ အလိုရှိကုန်အံ့၊(ဧဝံသတိ)၊ ပဌမ ဘာဂံ-ပဌမရအပ်ပြီးသော အဘို့ကို၊ မုဉ္စိတွာ— စွန့်လွှတ်၍၊ ဣဒံ ဝတ္ထံ -ကို၊ ဂဏှထ-ယူပါကုန်၊ ဣတိ-သို့၊(ဝတ္တဗ္ဗော)၊ [ပဌမဘာဂ ဆိုသော်လည်း ရအပ်ပြီး မဟုတ်သေး၊ "မည်သည့် ဒါယကာက ဝါကျွတ်သောအခါ လှူပါမည်" ဟု မှန်းထား အပ်သော သင်္ကန်းအဘို့ဖြစ်သည်။] အမုဉ္စန္တဿ-မစွန့်လွှတ်သော ထေရ်အား၊ န ဒါတဗ္ဗံ— ရာ၊ (ယခုရောက်လာသောအဝတ်ကို မပေးရ)၊ ပန-အနွယ၊ ပုဗ္ဗေ-ရှေး၌၊ ဂါဟိတံ—ယူစေအပ်ပြီးသောအဝတ်ကို၊ မုဉ္စိတွာ —စွန့်လွှတ်၍၊ သစေ ဂဏှာတိ-အံ့၊ (ဧဝံ သတိ)၊ ဒါတဗ္ဗံ-ရာ၏၊ ဧတေနေဝုပါယေန - ဤနည်းအာ ဖြင့်ပင်၊ ဒုတိယတ္ထေရတော - ဒုတိယထေရ်မှ၊ ပဋ္ဌာယ - ၍၊ ပရိဝတ္တေတွာ—လဲ လှယ်၍၊ (ရအပ်ပြီးအဘို့နှင့် ယခုအဝတ်ကို လဲလှယ်၍)၊ ပတ္တဋ္ဌာနေ- (ဝါစဉ် အားဖြင့်)ရောက်အပ်သောနေရာ၌၊ အာဂန္တုကဿ-အား၊ ဒါတဗ္ဗံ-ပေးရာ၏။

ပဌမဝဿူပဂတာ - ပဌမဝါသို့ ကပ်ပြီးကုန်သော ရဟန်းတို့သည်၊ ဒွေ - ၂ထည်ကုန်သော၊ ဝတ္ထာနိ ဝါ-အဝတ်တို့ကိုသော်၎င်း၊ တီဏိ-န်သော၊ ဝတ္ထာနိ ဝါ-တို့ကိုသော်၎င်း၊ စတ္တာရိ—ကုန်သော၊ ဝတ္ထာနိ ဝါ- တို့ကိုသော်၎င်း၊ ပဉ္စ—ကုန်သော၊ ဝတ္ထာနိ ဝါ-တို့ကိုသော်၎င်း၊ သစေ အလတ္ထုံ-အကယ်၍ ရပြီးဖြစ်ကုန် အံ့၊ (ဒုတိယဝါ ရောက်ချိန်၌ ပဌမဝါကပ်တုန်းကပင် ရခဲ့ပြီးဖြစ်ကုန်အံ့)၊ (ဧဝံ သတိ)၊ လဒ္ဓံ လဒ္ဓံ-နောက်ထပ် ရအပ်ရအပ်သော အဝတ်ကို၊ ဧတေနေဝ ဥပါယေန-ဤနည်းဖြင့်သာလျှင်၊ ဝိဿဇ္ဇေတွာ- စွန့်စေပြီး၍၊ ယာဝ - အကြင်မျှ

× × × × × × ×

ဧတေနေဝုပါယေန၊ပေ၊ပတ္တဋ္ဌာနေ။ ။ပဌမ ထေရ်ကြီးက မယူလျှင် ဒုတိယထေရ် ယူဘို့ရန် လျှောက်ပါ၊ ဒုတိယထေရ်က ယခု ဆယ်တောင်အဝတ်ကို ယူလိုလျှင် နဂိုရ်ရအပ်ပြီးအဘို့နှင့် လဲ၍ ဒုတိယ ထေရ်အား ပေးပါ၊ ဒုတိယထေရ်က မယူလိုလျှင် တတိယထေရ်ကို လျှောက်ပါ၊ ဤသို့စသည်ဖြင့် ယူလိုသော ပုဂ္ဂိုလ်၏ အထံ၀ယ် ပဌမ အဘို့နှင့် ယခုအဝတ်သစ်ကိုလဲလှယ်၍ အာဂန္တုကထေရ်၏နေရာသို့ ရောက်သောအခါ လဲလှယ်အပ်ပြီးသော အဝတ်ကိုဖြစ်စေ, မည်သည့်အာဝါသိကမှ လဲ၍မယူသောကြောင့် ဒါယကာ လှူအပ်သော အဝတ်သစ်ကိုဖြစ်စေ, အာဂန္တုကပုဂ္ဂိုလ်အား ပေးပါ။

သစေ ပဌမ ၊ ပေ ၊ ဒါတဗ္ဗံ ။ ။ ဤ အချိန်ကား ဒုတိယဝဿူပနာယိကဒိဝသ တည်းဟု သတိပြုထားပါ၊ ပဌမဝဿူပဂတ ရဟန်းတို့သည် ၂ ထည်စီ ရပြီးဖြစ်လျှင် အာဂန္တုကရဟန်းများလည်း ၂ ထည်စီ ရသည့်တိုင်အောင် ပြခဲ့သောနည်းဖြင့် ပေးပါ၊ ပြခဲ့သောနည်း ဟူသည်ကား သံဃာ့ထေရ်၏အထံ၌ လျှော်ရမည်မှာ— အရှင်ဘုရား.... ဒုတိယမြောက်တထည် ရမြန်ပါပြီ၊ အလိုရှိလျှင် ပဌမရပြီးအဘို့နှင့် လဲတော်မူပါ၊ ဤသို့

လောက်၊ အာဂန္တုကဿ—အား၊ သမကံ-ညီမျှသော အဘို့သည်၊ ဟောတိ-၏၊ တာဝ-ထို ညီမျှသော အဘို့ရသည့်တိုင်အောင်၊ ဒါတဗ္ဗံ-ပေးရာ၏၊ တေန ပန-ထို အာဂန္တုက ရဟန်းသည်ကား၊ သမကေ-ညီမျှသောအဘို့ကို၊ လဒ္ဓေ-ရအပ်ပြီးသော်၊ (ပဌမဝဿူပဂတ ရဟန်းတို့နှင့် တန်းတူညီမျှ ရအပ်ပြီးသော်)၊ အဝသိဋ္ဌာ-ကြွင်းသော၊ အနုဘာဂေါ- နောက်ထပ် ရအပ်သော အဘို့ကို၊ ထေရာသနေ - ထေရ်ကြီး၏ နေရာ၌၊ ဒါတဗ္ဗော - ပေးထိုက်၏၊ ပစ္စုပ္ပန္နေ - ပစ္စုပ္ပန် ဖြစ်သော၊ လာဘေ-လာဘ်သည်၊ သတိ- ရှိလသော်၊ ဋ္ဌိတိကာယ - တည်နေရာ အစဉ်အားဖြင့်၊ ဂါဟေတုံ-ယူစေခြင်းငှါ၊(ယူစေဘို့ရာ၊)ကတိကံ-ကတိကဝတ်ကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ—အပ်၏။

ဒုဗ္ဘိက္ခံ-ဆွမ်း၏ မရှိခြင်းသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ)၊ ဒွိသုပိ—၂ မျိုးလည်း ဖြစ်ကုန်သော၊ ဝဿူပနာယိကာသု - ပုရိမဝါ ပစ္ဆိမဝါ ကပ်ရာနေ့တို့၌၊ ဝဿူပဂတာ—ကုန်သော၊ ဘိက္ခူ - တို့သည်၊ ဘိက္ခာယ- ဖြင့်၊ ကိလမန္တာ- ပင်ပန်းကုန်သည်၊ (သစေ ဟောန္တိ - အကယ်၍ ဖြစ်ကုန်အံ့)၊ ("သစေ ဒုဗ္ဘိက္ခံ ဟောတိ" ကို ထပ်ဖွင့်သည်၊) အာဝုသော-တို့၊ ဣဓ - ဤ ကျောင်း၌၊ ဝသန္တာ—နေကုန်လသော်၊ သဗ္ဗေဝ- အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ (မယံ—တို့သည်)၊ ကိလမာမ-ပင်ပန်းကြကုန်၏၊ ဒွေဘာဂါ- ၂ ဘို့ တို့သည်၊ ဟောမ—ဖြစ်ကြရကုန်မှုကား၊ သာဓု ဝတ—ကောင်းလေကုန်စွ၊ ["ယခုရှိနေသော ရဟန်းများကို နှစ်စုခွဲ၍ ရလျှင် ကောင်းသည်" ဟူလို။] ယေဟံ - အကြင် ရဟန်းတို့၏၊ ဉာတိပဝါရိတဋ္ဌာနာနိ-ဆွေမျိုးတို့၏နေရာ, ဖိတ်မံသူတို့၏နေရာတို့သည်၊ အတ္ထိ-ရှိကုန်၏၊ တေ- ထို ရဟန်းတို့သည်၊ တတ္ထ- ထို ဉာတိပဝါရိတဋ္ဌာ အရပ်တို့၌၊ ဝသိတွာ-နေပြီး၍၊ ပဝါရဏာယ- ပဝါရဏာနေ့၌၊ အာဂန္တွာ-၍၊ အတ္တနော- မိမိတို့၊ ပတ္တံ-ရောက်အပ်သော၊ ဝဿာဝါသိကံ-ကို၊ ဂဏှန္တု-ယူလှည့်ကြကုန်၊ ဣတိ- သို့၊ ဝဒန္တိ—ကုန်အံ့။

× × × × × × ×

လျှောက်ရမည်၊ သံဃထေရ်က လဲ၍ယူလျှင် ထိုအဘို့ကို ဒုတိယသံဃထေရ်အား လဲယူဘို့ရန် လျှောက်ပါ၊ ဤနည်းအားဖြင့် အာဂန္တုကထံ၌ ၂ ထည် ရသည့်တိုင်အောင် လဲရမည်၊ နဂိုက ၃ ထည်စီ ရပြီးဖြစ်လျှင်၎င်း, ၃ ခုမြောက် တထည် ရပြန်လျှင်၎င်း, ဤနည်းအတိုင်း အာဂန္တုကမှာ ၃ ထည် ရအောင် ပေးပါ၊ နေ့ခံထပ်မရလျှင်ကား အာဂန္တုကများအား ပေးဘွယ် မလို။

မှတ်ချက်။ ။ပဌမဝဿူပဂတဟူရာ၌ ပဌမဝါကပ်ပြီးလည်းဖြစ်နိုင်၏၊ ဒုတိယဝါ အတွက် အာဂန္တုကများ နောက်ထပ် မရောက်ခင် ခပ်စောစောက ဝါကပ်ပြီးလည်း ဖြစ်နိုင်၏၊ ထို့ကြောင့် အာဂန္တုကဿအရ ရှေးရှေး ဝေစုတွင် မပါသေးသော ပုဂ္ဂိုလ်တို့တည်း—ဟု မှတ်ပါ၊ ဝိမတိ၌ကား "ပဌမဝဿူပဂတာတိ အာဂန္တုကဿ အာဂမနတော ပုရေတရမေဝ ပစ္ဆိမိကာယ ဝဿူပနာယိကာယ ဝဿူပဂတာ" ဟု ဆို၏။

တေသု-ထို ရဟန်းတို့တွင်၊ ယေ-အကြင် ရဟန်းတို့သည်၊ ဝဿ — ထို ဉာတိပဝါရိတရှိရာအရပ်တို့၌၊ ဝသိတွာ-နေပြီး၍၊ ပဝါရဏာယ-နေ့၌၊ အာဂစ္ဆန္တိ-လာကြကုန်၏၊ တေသံ-ထိုရဟန်းတို့အား၊ အပလောကေတွာ-၍၊ ဝဿာဝါသိကံ-ကို၊ဒါတဗ္ဗံ-ရာ၏၊[ဝဿာဝါသိကသင်္ကန်းဒါယကာတို့ကျောင်း၌ ဝါမကပ်သောကြောင့်"အပလောကေတွာ ဝဿာဝါသိကံ ဒါတဗ္ဗံ"ဟု ဆိုသည်။] ဟိ-မှန်၊ သာဒယန္တာပိ - သာယာပါကုန်သော်လည်း၊ တေ - ထို ရဟန်းတို့သည်၊ (ဉာတိပဝါရိတတို့အထံ နေသော ထိုရဟန်းတို့သည်)၊ ဝဿာဝါသိကဿ-၏၊ သာမိနော- အရှင်တို့သည်၊ နေဝ (ဟောန္တိ) - မဖြစ်ကုန်သည်သာတည်း၊ စ—ဆက်၊ ဒီယန္တာပိ - ရှုံ့ချပါကုန်သော်လည်း၊ (မပေးလို၍ ပေးခြင်းကို ရှုံ့ချပါကုန်သော်လည်း)၊ အာဝါသိကာ-တို့သည်၊ အဒါတုံ-မပေးဘဲနေခြင်းငှါ၊ ဝါ-မပေးဘဲ နေခွင့်ကို၊ နေဝလဘန္တိ- မရကုန်သည်သာတည်း။

ပန-ဝါဒန္တရ၊ ကုရုန္ဒိယံ—၌၊ ဝုတ္တံ-ပြီ၊ (ကိံ)၊ ကတိကဝတ္တံ-ကို၊ ကာတဗ္ဗံ-ပြုထိုက်၏၊ (ကိံ)၊ သဗ္ဗေ - အလုံးစုံကုန်သော၊ နော - ငါတို့အား၊ ဧတ္ထ - ဤကျောင်း၌၊ ယာဂုဘတ္တံ—ယာဂုဆွမ်းသည်၊ နပ္ပဟောတိ - မလောက်၊ သဘာဂဋ္ဌာနေ-သဘောတူသူတို့၏ နေရာ၌၊ ဝသိတွာ-နေ၍၊ အာဂစ္ဆထ-လာကြကုန်၊ တုမှာကံ—အရှင်တို့၏၊ ဝါ-တို့သည်၊ ပတ္တံ-ရောက်အပ်သော၊ ဝဿာဝါသိကံ-ဝဿာဝါသိကလာဘ်ကို၊ လဘိဿထ-ရကြကုန်လတ္တံ့၊ ဣတိ-ဤသို့၊(ကာတဗ္ဗံ-၏၊) တံ-ထို ကတိကဝတ်ကို၊ ဧကော- တပါးသော ရဟန်းသည်၊ စေ ပဋိဗာဟတိ—အကယ်၍ တားမြစ်အံ့၊(ဧဝံ သတိ)၊ သုပဋိဗာဟိတံ—ကောင်းစွာ တားမြစ်အပ်ပြီ၊ နော စေ ပဋိဗာဟတိ - အံ့၊ (ဧဝံ သတိ)၊ ကတိကာ - ကို၊ သုကတာ—ကောင်းစွာ ပြုအပ်ပြီ၊ ပစ္ဆာ-နောက်၌၊ (အာဂတာနံ၌စပ်)၊ တတ္ထ-ထိုသဘာဂအရပ်၌၊ ဝသိတွာ-၍၊ အာဂတာနံ-ပြန်လာကုန်သော၊ ဘောသံ - ထို ရဟန်းငှါ

× × × × × × ×

သာဒယန္တာပိ၊ပေ၊ လဘန္တိ ။ ။ ဝဿာဝါသိက သင်္ကန်းကို ကိုယ်ပိုင် အနေအားဖြင့် ဝါဆိုခါနီး ကျောင်းခံယူတုန်းက ထို သင်္ကန်းကို မိမိယူဘို့ရန် သာယာခဲ့ကြသော်လည်း ဝဿာဝါသိက သင်္ကန်း အလှူရှင်တို့၏ ကျောင်း၌ ဝါတွင်း ၃ လပတ်လုံး အပြည့်မနေရ,ဒုက္ကဋအတွက် ဝါကျိုးရသောကြောင့်"နေဝသာမိနော-ဝဿာဝါသိက သင်္ကန်း၏ ပိုင်ရှင်များ မဖြစ်နိုင်ကြ" ဟု ဆိုသည်၊ ဉာတိပဝါရိတတို့အရပ်၌ နေခဲ့သော ရဟန်းတို့အား ပေးခြင်းကို မကြိုက်၍ ရှုံ့ချကြသော်လည်း "တေ တတ္ထ ဝသိတွာ၊ပေ၊ ဝဿာဝါသိကံ ဂဏှန္တု"ဟု ကတိကဝတ်ပြုခဲ့ကြသောကြောင့်"နေဝ အဒါတုံ လဘန္တိ-မပေးဘဲ နေခြင်းငှါလည်း မရ" ဟု ဆိုသည်။

သုပဋိဗာဟိတံ ။ ။ ထိုကျောင်း၌ ဝါမကပ်သူတို့အား ဝဿာဝါသိက သင်္ကန်း ရလိမ့်မည်ဟူသော စကားသည် ပါဠိတော်နှင့် မလျော်သောကြောင့် "သုပဋိဗာဟိတံ" ဟု ဆိုဟန်တူသည်။

အား၊ အပလောကေတွာ - ၍၊ ဒါတဗ္ဗံ - ရာ၏၊ [ဒါတဗ္ဗံ , ဝါရေန္တောနံ ဂီဝါ ဟောတီတိ အဓိပ္ပါယော၊-ဝိမတိ။]အပလောကနကာလေ-ပန်ပြောရာ အခါ၌၊ ပဋိဗာဟိတုံ-တားမြစ်ခြင်းငှါ၊ ဝါ-ကို၊ န လဗ္ဘတိ-မရအပ်၊ ဣတိ-သို့၊ (ဝုတ္တံ)။

ပုနပိ-တဖန်လည်း၊ ဝုတ္တံ-ပြီ၊ (ကုရုန္ဒီ၌ ထပ်၍ဆိုအပ်ပြီ)၊ (ကိံ)၊ ဝဿူပဂတေသု- ဝါကပ်ပြီးကုန်သော ရဟန်းတို့တွင်၊ ဧကစ္စာနံ - အချို့သော ရဟန်းတို့၏ အထံသို့၊ ဝဿာဝါသိကေ - ဝဿာဝါသိက သင်္ကန်းသည်၊ အပါပုဏန္တေ- မရောက်လသော်၊ ဘိက္ခူ- တို့သည်၊ ကတိကံ- ကို၊ သစေ ကရောန္တိ - ကုန်အံ့၊ (ကိံ)၊ ဆိန္နဝဿာနံ - ပြတ်သော ဝါရှိသော ရဟန်းတို့၏၊ ဝဿာဝါသိကဉ္စ- ကိုရင်း၊ ဣဒါနိ-၌၊ ဥပ္ပဇ္ဇနကဝဿာဝါသိကဉ္စ-ဖြစ်လတ္တံ့သော ဝဿာဝါသိက သင်္ကန်းကိုရင်း၊ ဣမေသံ- ဤ ရဟန်းတို့အား၊ ဒါတုံ- ငှါ၊ ရုစ္စတိ- နှစ်သက်ပါ လော၊ ဣတိ- သို့၊ (သစေ ကရောန္တိ)၊ ဧဝံ- သို့၊ ကတိကာယ - ကို၊ ကတာယ- ပြုအပ်ပြီးသော်၊ ဂါဟိတသဒိသမေဝ — ယူစေအပ်ပြီးသော ဝဿာဝါသိက သင်္ကန်းနှင့်တူသည်သာ၊ဟောတိ-၏၊ဥပ္ပန္နုပ္ပန္နံ-ဖြစ်တိုင်းဖြစ်တိုင်းသော ဝဿာ ဝါသိက သင်္ကန်းကို၊ (ဝါဆိုပြီးနောက်မှ ရတိုင်း ရတိုင်းကို၊) တေသမေဝ—ထို အချို့သော ရဟန်းတို့အားသာ၊ ဒါတဗ္ဗံ-ရာ၏၊ ဣတိ-သို့၊ (ဝုတ္တံ)။

တေမာသံ- ဝါတွင်းသုံးလပတ်လုံး၊ ပါနီယံ- သောက်ရေကို၊ ဥပဋ္ဌာပေတွာ- တည်စေပြီး၍ရင်း၊ ဝိဟာရ ၊ ပေ ၊ မောဝိယင်္ဂဏာနိ — ကျောင်းတိုက်သို့သွား ကြောင်းလမ်း,စေတီယင်ပြင်,မောဓိယင်ပြင်တို့ကို၊ ဇဂ္ဂိတွာ-သုတ်သင်ပြီး၍ရင်း၊ ဗောဓိရုက္ခေ-ဗောဓိပင်၌၊ ဥဒကံ- ရေကို၊ အာသိဉ္စိတွာ- သွန်လောင်းပြီး၍ရင်း၊

× × × × × × ×

ပဋိဗာဟိတုံ န လဗ္ဘတိ။ ။အများချမ်းသာအောင် အခြားအရပ်၌ ရွှေ့၍ နေကြသော ရဟန်းတို့သည် ပင်ကိုယ်ကပင် သူတို့ရထိုက်သော ဝဿာဝါသိကသင်္ကန်းများ ရှိနေပြီးဖြစ်၍"ပဋိဗာဟိတုံ နလဗ္ဘတိ"ဟု ဆိုဟန်တူသည်။

ဧကစ္စာနံ၊ပေ၊ဒါတဗ္ဗံ။ ။"သံဃာ ၁၅ ပါး ဝါကပ်ရာကျောင်းတိုက်၌ ဝါကပ် ပြီးနောက် ဝဿာဝါသိကသင်္ကန်းကို ဝေစုဝေသောအခါ ၃ ပါးလောက်သောရဟန်း များ မရ"ဟု ဆိုကြစို့၊ ထိုအခါ ကတိကဝတ်ပြုနိုင်သည်၊ ပြုပုံကား—"ဝဿာဝါသိက သင်္ကန်းရသော ဝဿူပဂတပုဂ္ဂိုလ်တို့တွင် နောင်အခါ ဆိန္နဝဿဖြစ်ခဲ့သော် ဝဿာ ဝါသိကသင်္ကန်းကို မရနိုင်သောကြောင့် ထို ဆိန္နဝဿပုဂ္ဂိုလ်တို့အတွက် ရည်မှန်းအပ် သော ဝဿာဝါသိကသင်္ကန်းကိုရင်း, ယခု ဝါကပ်ပြီးနေ၍ ဝါတွင်းရောက်မှ ဖြစ်လတ္တံ့ သော ဝဿာဝါသိကသင်္ကန်းကိုရင်း, ဝဿာဝါသိကသင်္ကန်း မရသော ဤ ၃ ပါးတို့ အား ပေးခြင်းကို နှစ်သက်ကြပါ" ဟု ကတိကဝတ် ပြုရသည်၊ ဤသို့ ပြုပြီးဖြစ်လျှင် ထို အချိန်မှာ သင်္ကန်းမရသေးသော်လည်း ယူစေအပ် ရစေအပ်ပြီးသော ဝဿာဝါသိက သင်္ကန်းနှင့် သဘောတူပင်ဖြစ်တော့၏၊ နောက်ထပ် ရအပ် ရအပ်တိုင်းသော ဝဿာ ဝါသိကသင်္ကန်းကို (များစွာကာမူ) ထို ဧကစ္စရဟန်းတို့အားသာ ပေးရသည်။

ပဏ္ဏန္တေ္တာ ပိ-အရင်တပါးသို့ဖဲသွားသောရဟန်းသည်၎င်း၊ ဝိဗ္ဘန္တေ္တာပိ-လူထွက်သောရဟန်းသည်၎င်း၊ ဝဿာဝါသိကံ-ကို၊ လဘတိယေဝ-ရသည်သာတည်း၊ ဟိ-မှန်၊ (တနည်း, ကသ္မာ ပဏ္ဏန္တေ္တာပိ ဝိဗ္ဘန္တေ္တာပိ ဝဿာဝါသိကံ လဘတိ-နည်း၊) ဟိ (ယသ္မာ) တေန - ထိုရဟန်းသည်၊ (ပဏ္ဏန္တ ဝိဗ္ဘန္တရဟန်းသည်)၊ (ဝဿာဝါသိကံ-ဝဿာဝါသိကသက်န်းကို၊) ဘတိနိဝိဋ္ဌံ-လခဖြင့် တည်နေစေအပ်သည်ကို၊ ကတံ-ပြုအပ်ပြီ၊ (တသ္မာ ပဏ္ဏန္တေ္တာပိ ဝိဗ္ဘန္တေ္တာပိ ဝဿာဝါသိကံ လဘတိယေဝ)။

ပန - ဆက်၊ သံဃိကံ- သံဃိကဖြစ်သော ဝဿာဝါသိကသက်န်းကို၊ အပလောကနကမ္မံ- အပလောကနကံကို၊ ကတွာ-၍၊ ဂါဟိတံ- ယူစေအပ်ပြီးသည်၊ (သမာနံ- ဖြစ်လသော်၊ ဝါ - ဖြစ်သော၊ သံဃိကံ- ကို၊) အန္တေ္တာဝသေ-၌၊ ဝိဗ္ဘန္တေ္တာပိ - သည်လည်း၊ လဘတေဝ - ရသည်သာ၊ ပန- ဝါဒန္တရ၊ ပစ္စယဝသေန-ပစ္စည်း၏အဖြစ်ဖြင့်၊ (အပလောကနကမ္မံ-ကို၊ ကတွာ-၍)၊ ဂါဟိတံ-ယူစေအပ်သောဝဿာဝါသိကသက်န်းကို၊ (အန္တေ္တာဝသေ-၌၊ ဝိဗ္ဘန္တေ္တာပိ-လူထွက်သော ရဟန်းသည်လည်း၊)န လဘတိ- မရ၊ ဣတိ-ဤသို့၊ ဝဒန္တိ-နှ်၏။

× × × × × × ×

ဘတိနိဝိဋ္ဌ။ ။"ဘရတိ တောယာတိ ဘတိ"နှင့်အညီ မိမိကိုယ်ကိုမွေးမြူကြောင်းဖြစ်သောကြောင့် လုပ်ခ, လခတို့ကို "ဘတိ"ဟု ခေါ်၏၊ နိ+ဝိသ-တပစ္စည်း (ကာရိတ်ကြေသော) နိဝိဋ္ဌသဒ္ဒါသည် " တည်နေစေအပ် "ဟူသော သဒ္ဒတ္ထကို ဟော၏၊ ရှာမှီးအပ်-ရအပ်ဟု ဋီကာတို့၌ အဓိပ္ပါယတ္ထ ဖွင့်ကြ၏၊ ထိုရဟန်း၏ ဝါတွင်း ၃ လပတ်လုံးသောက်ရေဘည်မှ လမ်းကို သုတ်သင်ရှင်းလင်းမှုစသော အလုပ်သည် ဝဿာဝါသိကသက်န်းရဘို့ရန် သေချာသောကြောင့် ဘတိ (လခ) နှင့် တူ၏၊ နိဝေသိယိတ္ထ–တည်နေစေအပ်ပြီ၊ ဣတိ နိဝိဋ္ဌံ (ဝဿာဝါသိကံ)၊ ဘတိယာ-လခနှင့်တူသော ပါနီယဥပဋ္ဌာနစသော အမှုဖြင့်+နိဝိဋ္ဌ–တည်နေစေအပ်သော သက်န်းတည်း၊ ဘတိနိဝိဋ္ဌ။

ဋီကာများ ။ ။ ဘတိနိဝိဋ္ဌန္တိ ပါနီယုပဋ္ဌာနာဒိ ဘတိံ ကတွာ လဒ္ဓံ၊ – ဝိမတိ၊ ဘတိံ ကတွာ ဝိယ နိဝိဋ္ဌံ ပရိယိဋ္ဌံ၊ – သာရတ္ထ၊ သုဋ္ဌု + နိဝေသိတဗ္ဗာတိ သုနိဝိဋ္ဌော၊ (နိဝိဋ္ဌ၏ဟေတုကမ္မရုပ် သာဓက၊) –သီလက္ခန်ဋီကာသစ်, မြဟ္မဇာသုတ်, မဇ္ဈိမသီလ။

သံဃိကံ၊ပေ၊လဘတေဝ။ ။သံဃိကံပနာတိ အာဒိ ကေသဥ္စိ ဝါဒဒဿနံ၊ တတ္ထ အပလောကနကမ္မံ ကတွာ ဂါဟိတန္တိ "ဆိန္နဝဿာနံ ဝဿာဝါသိကဥ္စ ဣဒါနိ ဥပ္ပဇ္ဇနကဝဿာဝါသိကဥ္စ ဣမေသံ ဒါတုံ ရုစ္စတီ"တိ အနန္တရေ (အခြားမဲ့ဖြစ်သော ရှေ့၌) ဝုတ္တနယေန အပလောကနံ ကတွာ ဂါဟိတံ (ယူစေအပ်ပြီးသော ဝဿာဝါသိကသက်န်းကို) သံဃေန ဒိန္နတ္တာ ဝိဗ္ဘန္တေ္တာပိ လဘတိ၊ ပဂေဝ ဆိန္နဝဿော၊– ဝိမတိ။

ပစ္စယဝသေန၊ပေ၊ဝဒန္တိ။ ။ဤ ဝဒန္တိဝါဒသည် "သံဃိကံ၊ပေ၊လဘတေဝ" ဟူသောရှေ့စကားနှင့် ပြောင်းပြန်ဖြစ်၏၊ အပလောကနကံဖြင့် ပန်ပြော၍ယူစေအပ်သော သံဃိကပစ္စည်း မဟုတ်၊ ဝဿာဝါသိကသက်န်း ပစ္စည်းအဖြစ်ဖြင့် ဝေစုဝေထားအပ်သော သက်န်းတည်း၊ ထိုသက်န်းမျိုးကား မိမိကိုယ်တိုင်က ဝါတွင်း ၃ လပတ်လုံး

ဝုတ္တဝဿော-နိုယ်းလပတ်လုံး နေပြီးသော၊ ဒိသံဂမိကော-အရပ်တပါးသို့ သွားလဘ့်သော၊ ဘိက္ခု-သည်၊ အာဝါသိကဿ-၏၊ ဟတ္ထတော-လက်မှ၊ ကဋ္ဌိ ဒေဝ- တနုံတခုသာသျှင်ဖြစ်သော၊ ကဌိယဘက္ကုံ- အပ်သောဘက္ကာကို၊ ဂဟေ တွာ-ယူ၍၊ အသုကကုလေ-ထိုမည်သောအမျိုး၌၊ မယှံ- တပည့်တော်၏(အထံ သို့၊) ဝဿာဝါသိကံ- သည်၊ ပတ္တံ- ရောက်ပါပြီ၊ တံ- ထိုသက်န်းကို၊ ဂဏှထ- ယူရစ်ပါကုန်တော့၊ (မိမိယူသွားသော ဘက္ကာ၏အစား ထို ဝဿာဝါသိက သက်န်းကို ယူရစ်ပါကုန်တော့၊) ဣတိ- သို့၊ ဝတွာ- လျှောက်၍၊ ဂတဋ္ဌာနေ- ရောက်အပ်သောအရပ်၌၊ သစေ ပိဗ္ဗမတိ - အကယ်၍ လူထွက်အံ့၊ (ဧဝံသတိ)၊ ဝဿာဝါသိကံ- သည်၊ သံဃိကံ- သံဃဥစ္စာသည်၊ ဟောတိ - ၏၊ ပန- ဆက်၊ မနုဿေ-တို့ကို၊ (ဝဿာဝါသိက အလှူ့ရှင်လူတို့ကို)၊ သမ္မုခါ- မျက်မှောက်၌၊ သမ္ပဋိစ္ဆာပေတွာ-လက်ခံစေ၍၊(ဤပုဂ္ဂိုလ်အားလှူဘို့ရန် လက်ခံစေ၍)၊ သစေ ဂန္တတိ-အံ့၊ (ဧဝံသတိ)၊ လဘတိ - ရ၏။ [လဘတီတိ မမ ပတ္တဘာဂံ ဧတဿ ဒေထာတိ ဒါယကေ သမ္ပဋိစ္ဆာပေန္တေနေဝ သံဃိကတော ဝိယောဇိတံ(ကင်းစေ အပ်ပြီးသည်) ဟောတီတိ ဝုတ္တံ (“လဘတိ”ဟု ဆိုအပ်ပြီ။)]

ဣဒံ ဝဿာဝါသိကံ- ကို၊ အမှာကံ - တပည့်တော်တို့၏၊ သေနာသနေ-၌၊ ဝုတ္ထဘိက္ခုနော-နေပြီးသောရဟန်းအား၊ ဒေမ-လှူပါကုန်၏၊ ဣတိ-သို့၊ ဝုတ္တေ- လျှော်အပ်သော်၊ ယဿ-အကြင်ရဟန်း၏(အတွက်)၊ (ဝဿာဝါသိကံ-ကို၊)

× × × × × × ×

နေမည်ဟု ဝန်ခံထားသောကြောင့်ရင်း, အလှူ့ရှင်တို့ကလည်း “ဝါတွင်း ၃ လပတ်လုံး နေသော ရဟန်းတို့အားသာ လှူမည် ” ဟု ရည်မှန်းထားသောကြောင့်ရင်း, ဝါတွင်း၌ လူထွက်သွားသောရဟန်းသည် လူမထွက်မီက ပါနိယဥပင္ဋာနစသော ဘတ်နိဝိဋ္ဌတို့ကို ပြုပြီးဖြစ်ပါသော်လည်း ဝဿာဝါသိကသက်န်းကို မရနိုင်၊ ဆိန္နဝဿ ပုဂ္ဂိုလ်လည်း ထုံးစံအတိုင်း မရနိုင်ပင်။

ဝိမတိ၊ ။ပစ္စယဝသေန ဂါဟိတံ ပန တေမာသံ ဝသိတွာ(နေပြီး၍၊ နေပြီးမှ) ဂဟေတုံ အတ္တနာ ဒါယကေဟိစ အနုမတတ္တာ ဘတိနိဝိဋ္ဌမ္ပိ ဆိန္နဝဿောပိ ပိ ဗ္ဗန္တောပိ န လဘာဘီတိ ဇောစိ အာစရိယာ ဝဒန္တိ၊ ဣဒဥ္စ ပဌ္ဌာ ဝုတ္တတ္တာ ပမာဏံ၊ တေနေဝ ဝဿူပနာယိကဒိဝသေ ဧဝ ဒါယကေဟိ ဒိန္နဝဿာဝါသိကံ ဂဟိတဘိက္ခုနော ဝဿ န္တော အကတွာ ဝါသောဝ ဟောင္တာ ဝိဟိတော၊ န ပါနီယုပဌာနာဒိ ဘတိကရဏဝတ္တံ၊ ယဒိ ဟိ တံ (ထို ဘတိကရဏဝတ်သည်) နိဝိဋ္ဌမေဝ သိယာ၊ ဘတိကရဏမေဝ (ပါနီယ ဥပဋ္ဌာနစသော ဘတိကရဏဝတ်ကိုသာ) ဝိဓာတဗ္ဗံ (စီရင်ထိုက်၏) “ စီရင်ကား မစီရင်”ဟုလို၊ တသ္မာ ဝဿဝေန ဂါဟိတံ ဆိန္နဝဿာဒယော န လဘန္တီတိ ဝေဒိတဗ္ဗံ။

ဂတဋ္ဌာနေ၊ပေ၊သံဃိကံ။ ။ဣမံ ဘိက္ခုဝေ ဝဿံ ဝုတ္ထော ဘိက္ခု ပိဗ္ဗမတိ၊ သံဃ ဿေဝေတံတိ ဝစနတော ဂဘင္ဋ္ဌာနေ ၊ပေ၊ သံဃိကံ ဟောဘီတိ ဝုတ္တံ၊ – သာရတ္ထ၊ သံဃိကံ ဟောတီဟိ ဧတေန ဝုတ္တဝဿာနမ္ပိ ဝဿာဝါသိကဘာဂေါ သံဃိကတော အမောစိတော၊ ဧတေသံ ဝိဗ္ဗမေန သံဃိကော ဟောတီတိ ဒဿေသိ၊– ဝိမတိ။

ဂါဟိတံ-ယူစေအပ်ပြီ၊ တသေ၀-ထိုရဟန်း၏ဥစ္စာသော၊ ဟောတိ-၏၊ (ဂါဟိတံ၏ကတ္တားကား သေနာသနဂ္ဂါဟာပကရဟန်းတည်း၊)ပန-ဆက်၊ သေနာသနသာမိကဿ- ကျောင်းရှင် ဒါယကာ၏၊ ပိယကမျတာယ - ချစ်ခြင်းကို အလိုရှိကုန်သည်၏အဖြစ်ကြောင့်၊ (အဖေ အဘိုး ဘကြီး ဘထွေး တော်စပ်နေသော ကျောင်းဒါယကာ၏ချစ်ခြင်းကို အလိုရှိကုန်သည်၏အဖြစ်ကြောင့်)၊ ပုတ္တဓီတာဒယော-သားသမီး အစရှိသူတို့သည်၊ ဗဟူနိ-များစွာကုန်သော၊ ၀တ္ထာနိ-တို့ကို၊ အာဟရိတွာ-ဆောင်၍၊ အမှာကံ- တပည့်တော်တို့၏၊ သေနာသနေ- ၌၊ ဒေမ-ကုန်၏၊ ဣတိ - ဤသို့ လျှောက်၍၊ သစေ ဒေန္တိ- ကုန်အံ့၊ (ဧဝံသတိ)၊ တတ္ထ-ထိုကျောင်း၌၊ (တနည်း, တတ္ထ - ထို များစွာသောအ၀တ်တို့တွင်)၊ ၀ဿူပဂတဿ-၀ါကပ်သောရဟန်းအား၊ ဧကမေ၀ - တထည်သာလျှင်ဖြစ်သော၊ ၀တ္ထံ-ကို၊ ဒါတဗ္ဗံ - ပေးရာ၏၊ သေသာနိ - ကြွင်းသော အ၀တ်တို့သည်၊ သံဃိကာနိ-တို့သည်၊ ဟောန္တိ-နိ၏၊ ["ပုဂ္ဂိုလ်လှူပါ၏"ဟု မလျှောက်ဘဲ, ကျောင်းလှူသောကြောင့် သံဃိကဖြစ်နေရကား "ပုဂ္ဂိုလ်အတွက် တထည်သာ ရသည်"ဟူလို။]

(သေသာနိ-ကြွင်းသောအ၀တ်တို့ကို၊) ၀ဿာ၀ါသိကဌိတိကာယ-၀ဿာ၀ါသိကသင်္ကန်း၏ တည်ရာအစဉ်အားဖြင့်၊ ဂါဟေတဗ္ဗာနိ-ယူစေထိုက်ကုန်၏၊ ဌိတိကာယ - တည်ရာအစဉ်သည်၊ အသတိ- မရှိလသော်၊ (အားလုံး အညီအမျှရပြီးဖြစ်သောကြောင့် ဌိတိကာမကျန်လသော်၊) ထေရာသနတော-ထေရ်ကြီး၏နေရာမှ၊ ပဋ္ဌာယ-၍၊ ဂါဟေတဗ္ဗာနိ-ကုန်၏၊ သေနာသနေ- ၌၊ ၀ဿူပဂတံ-သော၊ ဘိက္ခုံ-ကို၊ နိဿာယ-မှီ၍၊ ဥပ္ပန္နေန-ဖြစ်သော၊ စိတ္တပ္ပသာဒေန-စိတ်၏ကြည်ညိုခြင်းကြောင့်၊ ဗဟူနိ - ကုန်သော၊ ၀တ္ထာနိ - တို့ကို၊ အာဟရိတွာ - ၍၊ သေနာသနဿ ဒေမာတိ-သေနာသနဿ ဒေမဟုလျှောက်၍၊ ဒိန္နေသုပိ-လှူအပ်သော အ၀တ်တို့၌လည်း၊ ဧသေ၀နယော - ဤနည်းပင်တည်း။ [ကျောင်းနေကိုယ်တော်အား တထည်သာပေး၍ ကျန် အ၀တ်များကို ထေရ်စဉ်အားဖြင့်, ထေရ်စဉ်မရှိလျှင် ထေရ်ကြီးနေရာမှစ၍ ဝေပါ။]

ပန-ဆက်၊ ပါဒမူလေ- ခြေရင်း၌၊ ထပေတွာ- ထားပြီး၍၊ ဧတဿ ဘိက္ခုနော-ဤရဟန်းအား၊ ဒေမ- လှူပါကုန်၏၊ ဣတိ- သို့၊ သစေ ၀ဒန္တိ - အကယ်၍ လျှောက်ကုန်အံ့၊ (ဧဝံသတိ)၊ တဿေ၀ - ထိုရဟန်း၏ ဥစ္စာသာ၊ ဟောန္တိ-ကုန်၏။ [အာယသ္မတော ဒေမာတိ ၀ဒန္တိဟု ရှိလျှင် ကောင်း၏၊ စိတ္တပ္ပသာဒေန ဗဟူနိ ၀တ္ထာနိ လိုက်လာသောကြောင့် " ဟောန္တိ "ဟု ရှိရသည်။] ဧကဿ-တယောက်သောဒါယကာ၏၊ ဂေဟေ-အိမ်၌၊ ဒွေ-၂ ထည်ကုန်သော၊ ၀ဿာ၀ါသိကာနိ-၀ဿာ၀ါသိကသင်္ကန်းတို့သည်၊(ဟောန္တိ-နိအံ့၊)ပဌမဘာဂေါ-ပဌမအဘို့ကို၊ သာမဏေရဿ-ဘို့၊ ဂါဟိတော-ယူစေအပ်ပြီးသည်၊ ဟောတိ-အံ့၊ ဒုတိယော - ဒုတိယဖြစ်သောအဘို့ကို၊ ထေရာသနေ - ထေရ်ကြီးနေရာ၌၊

(ဂါဟိတော ဟောတိ)၊ သော - ထိုအလှူရှင်ဒါယကာသည်၊ ဧကံ - တထည်သော၊ ဒသဟတ္ထံ- ဆယ်တောင်ရှိသော၊ သာဋကံ - အဝတ်ကိုရင်း၊ အဋ္ဌဟတ္ထံ- ရှစ်တောင်ရှိသော၊ သာဋကံ- ကိုရင်း၊ ပေသေတိ- ပို့စေ၏၊ (ကိံ-အဘယ်သို့မှာ၍ ပို့စေသနည်း)၊ ဝဿာဝါသိကံ-ကို၊ ပတ္တဘိက္ခုနံ-ရောက်သောရဟန်းတို့အား၊ ဒေထ- လှူပါကုန်၊ ဣတိ - ဤသို့မှာ၍ ပို့စေအံ့၊ ["ဝဿာဝါသိကပတ္တဘိက္ခုနံ" ဟု သမာသ်ပုဒ်လည်းရှိ၏၊ "ရအပ် ရောက်အပ်သော ဝဿာဝါသိကသင်္ကန်းရှိသော ရဟန်းတို့အား " ဟု ပေး။] ဝိစိနိတွာ- ရွေးချယ်၍၊ ဝရဘာဂံ- ကောင်းသောအဘို့ကို၊ (ဆယ်တောင်ရှိသော အဝတ်ကို)၊ သာမဏေရဿ - အား၊ ဒတွာ-၍၊ အနုဘာဂေါ-နောက်ထပ်အဘို့ကို၊(ရှစ်တောင်ရှိသောအဝတ်ကို၊) ထေရာသနေ - ၌၊ ဒါတဗ္ဗော - ၏၊ ပန - ဆက်၊ ဥဘောပိ - သာမဏေထေရ်ကြီး ၂ ပါးလုံးတို့ကိုလည်း၊ (နေတွာ ဘောဇေတွာ တို့၌စပ်၊) ဃရံ-သို့၊ နေတွာ-ပင့်ဆောင်၍၊ ဘောဇေတွာ - ဆွမ်းကျွေးပြီး၍၊ သယမေဝ- အလှူရှင်ကိုယ်တိုင်သာလျှင်၊ ပါဒမူလေ-၌၊ သစေ ထပေတိ- အကယ်၍ ထားအံ့၊ (ထေရ်ကြီးနှင့် သာမဏေတို့၏ခြေရင်း၌ အသီးအသီးခွဲ၍ ချထားအံ့)၊ (ဧဝံသတိ)၊ ယံ- အကြင်အဝတ်ကို၊ ယဿ-အကြင်ပုဂ္ဂိုလ်အား၊ ဒိန္နံ- လှူအပ်ပြီ၊ (ခြေရင်း၌ချ၍လှူအပ်ပြီ၊) တဒေဝ-ထိုအဝတ်သည်သာ၊ တဿ -ထိုပုဂ္ဂိုလ်၏အတွက်၊ ဟောတိ၊ ["ဆယ်တောင်အဝတ် ကို ထေရ်ကြီးခြေရင်း၌ ချလျှင် ထေရ်ကြီးအား ပေးပါ၊ သာမဏေ၏ခြေရင်း၌ချလျှင် သာမဏေအား ပေးပါ" ဟူလို။]

ဣတော-ဤနည်းမှ၊ ပရံ- နောက်၌၊ မဟာပစ္စရိယံ-၌၊ အာဂတနယော-လာသောနည်းသည်၊ ဟောတိ-၏၊(ကိံ)၊ဧကေဿ-တယောက်သော ဒါယကာ၏၊ ဃရေ - အိမ်၌၊ ဒ္ဘာရသာမဏေရဿ - ငယ်သော သာမဏေ၏ အထံသို့၊ ဝဿာဝါသိကံ-သည်၊ ပါပုဏာတိ-၏၊ သော-ထိုဒါယကာသည်၊ စေပုစ္ဆတိ-အံ့၊(ကိံ)၊အမှာကံ-တပည့်တော်တို့၏၊ ဝဿာဝါသိကံ-သည်၊ ကဿ-အဘယ်ပုဂ္ဂိုလ်၏အထံသို့၊ ပတ္တံ-ရောက်ပါသနည်း၊ ဣတိ-သို့၊(စေပုစ္ဆတိ)၊(ဧဝံသတိ)၊ သာမဏေရဿ-၏ အထံသို့၊ (ပတ္တံ-ပြီ၊) ဣတိ- သို့၊ အဝတွာ-မပြောမူ၍၊ ဒါနကာလေ-ရာ အခါ၌၊ ဇာနိဿသိ- သိရလတ့်၊ ဣတိ - သို့၊ ဝတွာ - ပြော၍၊ ဒါနဒိဝသေ - ရာနေ့၌၊ ဧကံ - တပါးသော၊ မဟာထေရံ - မဟာထေရ်ကို၊

× × × × × × ×

ဝရဘာဂံ ၊ပေ၊ ဒါတဗ္ဗော၊ ။ပဌမဘာဂကို သာမဏေအတွက် ဝေစုမှန်းထားအပ်ပြီးဖြစ်သောကြောင့် ဝါကျွတ်၍ သင်္ကန်းရသောအခါ ဝရဘာဂကိုသာ သာမဏေအား ပေးရသည်၊ ဝရဘာဂံ သာမဏေရဿာတိ ပဌမဘာဂဿ ဂါဟိတတ္တာ ဝုတ္တံ၊-သာရတ္ထ။ [ထို ပဌမအကြိမ် ယူစေဆိုက်သောအဖို့ကို မထေရ်ကြီးက ယူအပ်ပြီးဖြစ်၏၊ ယခုဝေစုသည် မထေရ်ကြီးအတွက် ဒုတိယခံယူရမည့် ဝေစုဖြစ်၏၊ ထို့ကြောင့် ပဌမဝေစုဖြစ်သော ဝရဘာဂကို မရသေးသောသာမဏေအား ပေးရသည်။]

ပေသေတွာ - စေလွှတ်၍၊ နိဟာရာပေတမ္ဗ - ဆောင်စေရာ၏။ ["သာမဏေ သွားလျှင် သင်္ဃါတရားပျက်မည်စိုးသောကြောင့် မထေရ်တပါးကို တိုက်တွန်း တောင်းပန်၍ စေလွှတ်ရမည်" ဟူလို။] ယဿ-အကြင်ပုဂ္ဂိုလ်၏အထံသို့၊ ဝဿာ ဝါသိကံ-သည်၊ ပတ္တံ-ပြီ၊ သော- သည်၊ သစေ ဝိဗ္ဘမတိဝါ - အကယ်၍မူလည်း လူထွက်အံ့၊ သစေ ကာလံ ကရောတိဝါ— အကယ်၍မူလည်း ပျံလွန်တော်မူအံ့၊ မနုဿာ-တို့သည်၊ စေ ပုစ္ဆန္တိ-နိအံ့၊ (ကိံ)၊ ကဿ-အဘယ်ပုဂ္ဂိုလ်၏အထံသို့၊ အမှာ ကံ—တို့၏၊ ဝဿာဝါသိကံ—သည်၊ ပတ္တံ - ရောက်ပါသနည်း၊ ဣတိ- သို့၊ (စေပုစ္ဆန္တိ)၊ (ဇဝံသတိ)၊ တေသံ-ထို လူတို့အား၊ ယထာဘူတံ- စွာ၊ အာစိက္ခိ တမ္ဗံ-ပြောပြရာ၏၊ [လူထွက်လျှင်လည်း လူထွက်ကြောင်း, ပျံတော်မူလျှင်လည်း ပျံတော်မူကြောင်း ပြောပါ၊ "ဤနေရာ၌ လှည့်စားနေလျှင် အပြစ်မကင်းသော ကြောင့် မလှည့်စားပါနှင့်"ဟူလို။]

တေ-ထို လူတို့သည်၊ (လူထွက်သွားမှန်း, သို့မဟုတ် ပျံတော်မူမှန်း သိသော လူတို့သည်)၊ သစေ ဝဒန္တိ- အကယ်၍ ပြောကုန်အံ့၊(ကိံ)၊ တုမှာကံ-အရှင် ဘုရားတို့အား၊ ဒေမ-လှူပါကုန်၏၊ ဣတိ-ဤသို့ ပြောကုန်အံ့၊ (ဇဝံ သတိ)၊ တဿဘိက္ခုနော-သို့၊(လူထွက်သွားကြောင်း,သို့မဟုတ် ပျံလွန်တော်မူကြောင်း ပြောပြသော ရဟန်း၏ အထံသို့)၊ ပါပုဏာတိ—၏၊ အထ-သို့မဟုတ်၊ သံဃဿ ဝါ-သံဃာအားသော်၎င်း၊ ဂဏဿဝါ-ဂိုဏ်းအားသော်၎င်း၊(သစေ)ဒေန္တိ- အကယ်၍ လှူကုန်အံ့၊ (ဇဝံ သတိ)၊ သံဃဿဝါ—သံဃာ၏ အထံသို့သော်၎င်း၊ ဂဏဿဝါ—သော်၎င်း၊ ပါပုဏာတိ - ၏၊ ဝဿူပဂတာ — ဝါကပ်ပြီးသော ရဟန်းတို့သည်၊ သုဒ္ဓပံသုကူလိကာယေဝ- သက်သက် ပံသုကူ ဓုတင်ဆောင်တို့ ချည်းသာ၊ သစေ ဟောန္တိ—အကယ်၍ ဖြစ်ကုန်အံ့၊ (ဇဝံ သတိ)၊ အာနေတွာ- အိမ်သို့ပင်ဆောင်၍၊ ဒိန္နံ - ပေးလှူအပ်သော၊ ဝဿာဝါသိကံ-ကို၊ သေနာသန ပရိက္ခာရံဝါ- ကျောင်း၏ အသုံးအဆောင်ကိုသော်လည်း၊ ကတွာ—ပြု၍၊ ထပေ တမ္ဗံ—ထားရာ၏၊ ဗိမ္ဗောဟနာဒီနိဝါ-ခေါင်းအုံး အစရှိသည်တို့ကိုသော်လည်း၊ ကာတဗ္ဗာနိ—ပြုထိုက်ကုန်၏၊ ဣတိ ဣဒံ - ဤကျင့်ဝတ်သည်၊ နေဝါသိကဝတ္တံ- နေဝါသိက ကျင့်ဝတ်တည်း၊ (ထိုကျောင်း၌ အမြဲနေခြင်းရှိသော ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်တည်း)၊(ဣတိ အယံ-ဤ ဆိုအပ်ပြီးကား၊ မဟာပစ္စရိယံ-၌၊ အာဂတ နယော-တည်း။)

သေနာသနဂ္ဂါဟကထာ—ကျောင်းခံယူပုံကို ဆိုကြောင်း စကားသည်၊ နိဋ္ဌိတာ—ပြီ။

[အချို့စာ၌ " သေနာသနဂ္ဂါဟ ဝိနိစ္ဆယော နိဋ္ဌိတော "ဟု ရှိ၏။]

ဥပနန္ဒဝတ္ထုကထာ

ဥပနန္ဒဝတ္ထုသ္မိံ-၌၊ တတ္ထ၊ပေ၊မုတ္တန္တိ ဧတ္ထ-၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ အနုတ္တော-အနက်တည်း၊ တဿာ-သင်သည်၊ တတ္ထ-ထို ရွာငယ်ကျောင်း၌၊ ယံ သေနာသနံ-အကြင်ကျောင်းကို၊ ဂဟိတံ-နောက်မှ ယူအပ်ပြီ၊ တံ-ထို နောက်မှ ယူအပ်သောကျောင်းကို၊ ဂဏှန္တေနေဝ-ယူလိုက်လျှင်ပင်၊ ဝါ- ယူလိုက်သည် သာလျှင် ဖြစ်သော၊(တေ-သင်သည်၊) ဣဓ -ဤသာဝတ္ထိမြို့၌၊ (ဂဟိတံ-ပဌမ ယူအပ်သော ကျောင်းသည်၊ ဝါ- ကို၊ ထည့်ပေးသည်၊) မုတ္တံ-လွှတ်အပ်သည်၊ ဝါ-လက်လွှတ်သည်၊ ဟောတိ-၏၊ ပန-ကား၊ ဣမ ဒါနာဟံ အာဝုသော မုဉ္စာမိတိ-ဟူ၍၊ ဝဒန္တေန-ဆိုသော၊ တေ-သင်သည်၊ တံ-ထိုနောက်မှ ယူအပ်သော ကျောင်းသည်၊ ဝါ-ကို၊ တတြာပိ-ထိုရွာငယ်၌လည်း၊ မုတ္တံ-သည်၊ ဝါ- သည်၊ (ဟောဘိ)၊ ဧဝံ-ဤသို့လျှင်၊ (ဤနည်းအားဖြင့်)၊ တွံ- သည်၊ ဥဘယတ္ထ- ၂ ပါး ၎်သော သာဝတ္ထိမြို့, ရွာငယ်အရပ်တို့၌၊ ပရိဗာဟိရော - ကျောင်းမှ အပသည်၊ (ဟောတိ)၊ ဣတိ(အယံ)- ဤဆိုအပ်ပြီးကား၊ (အတ္ထော)။

ပန-ကား၊ ဧတ္ထ-ဤဥပနန္ဒဝတ္ထု၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ဝိနိစ္ဆယော-တည်း၊ ဂဟဏေန-နောက်ယူခြင်းကြောင့်၊ ဂဟဏံ - ရှေ့ယူခြင်းသည်၊ ပဋိပ္ပဿဒ္ဓတိ-ငြိမ်းအေး၏၊ ဂဟဏေန-ကြောင့်၊အာလယော-ကျောင်း၌ တွယ်တာ ခြင်းသည်၊ ပဋိပ္ပဿဒ္ဓတိ-၏၊ အာလယေန - ကြောင့်၊ ဂဟဏံ - သည်၊ ပဋိပ္ပဿဒ္ဓတိ-၏၊ အာလယေန-ကြောင့်၊ အာလယော-သည်၊ ပဋိပ္ပဿဒ္ဓတိ - ၏၊ [ထိုအကျဉ်းကိုအကျယ်ပြလို၍ ကထံစသည်မိန့်။]ကထံ-အဘယ်သို့ငြိမ်းသနည်း၊ ဣဓ-ဤသာသနာတော်၌၊ ဧကစ္စော-အချို့သောရဟန်းသည်၊ ဝဿူပနာယိက ဒိဝသေ- ဝါကပ်ရာနေ့၌၊ ဧကသ္မိံ — တခုသော၊ ဝိဟာရေ - ကျောင်းတိုက်၌၊ သေနာသနံ-ကျောင်းကို၊ ဂဟေတွာ-ယူပြီး၍၊ သာမန္တဝိဟာရံ-အနီးဖြစ်သော ကျောင်းတိုက်သို့၊ ဂန္တွာ-သွားပြီး၍၊ တတြာပိ-ထိုအနီးဖြစ်သော ကျောင်းတိုက် ၌လည်း၊ဂဏှာတိ-ကျောင်းကိုယူပြန်၏၊ တဿ-ထိုရဟန်း၏၊ဣမိနာ ဂဟဏေန-ဤ နောက်ယူခြင်းကြောင့်၊ ပုရိမံ-ရှေ့ဖြစ်သော၊ ဂဟဏံ - ကျောင်းကိုယူခြင်း သည်၊ ပဋိပ္ပဿဒ္ဓတိ-ငြိမ်း၏၊ (ဤကား“ဂဟဏေန ဂဟဏံ ပဋိပ္ပဿဒ္ဓတိ”၏ အကျယ်တည်း)။

× × × × × × ×

ဝတ္ထုအယမဋ္ဌော၊ ၊ယံတဿ တတ္ထ သေနာသနံ ဂဟိတံ၊ပေ၊ဣဓ မုတ္တံ ဟောတိ တိ ယံ တဿ တတ္ထ ဂါမကာဝါသေ ပစ္ဆာ သေနာသနံ ဂဟိတံ၊တံ တေဂဏှန္တေနေဝ ဣဓ သာဝတ္ထိယံ ပဌမဂဟိတ သေနာသနံ မုတ္တံ ဟောတိ၊ ဣမံ ဒါနာဟံ ၊ပေ၊ တတြာပိ မုတ္တန္တိ ဣဒါနာဟံ အာဝုသော ဣမသ္မိံ ဂါမကာဝါသေ ဂဟိတသေနာသနံ မုဉ္စာမိတိ ဝဒန္တေန တတြာပိ ဂါမကာဝါသေ ဂဟိတသေနာသနံ မုတ္တံ၊– သာရတ္ထ၊

အပရော-အခြားသော ရဟန်းသည်၊ ဣဓ-ဤကျောင်းတိုက်၌၊ ဝသိဿာမိ-အံ့၊ ဣတိ-သို့၊ အာလယမတ္တံ-တွယ်တာခြင်းမျှကို၊ ကတွာ-၍၊ သာမန္တ ဝိဟာရံ-သို့၊ ဂန္တွာ-၍၊ တတ္ထ-ထိုအနီးဖြစ်သောကျောင်းတိုက်၌၊ သေနာသနံ-ကျောင်းကို၊ ဂဏှာတိ-ယူ၏၊ တဿ-ထိုရဟန်း၏၊ ဣမိနာ ဂဟဏေန-ဤ နောက်ယူခြင်းကြောင့်၊ ပုရိမော-ရှေ့၌ဖြစ်သော၊ အာလယော-ကျောင်း၌ တွယ်တာခြင်းသည်၊ ပဋိပ္ပဿမ္ဘတိ-ငြိမ်း၏၊ (ဤကား "ဂဟဏေန အာလယော ပဋိပ္ပဿမ္ဘတိ"၏ အကျယ်တည်း)။

ကောဝ-တပါးသော ရဟန်းသည်၊ ဣဓ-ဤ ကျောင်း၌၊ ဝသိဿာမိ - အံ့၊ ဣတိ-ဤသို့ နှလုံးသွင်း၍၊ သေနာသနံ-ကို၊ ဂဟေတွာဝါ- ယူပြီး၍ သော်၎င်း၊ အာလယံ-ကို၊ ကတွာဝါ-၍သော်၎င်း၊ သာမန္တ ဝိဟာရံ-သို့၊ ဂန္တွာ-၍၊ ဣဓေဝ-၌သာ၊ ဒါနိ-ယခုအခါ၌၊ ဝသိဿာမိ-အံ့၊ ဣတိ-သို့၊ အာလယံ-ကို၊ ကရောတိ-၏၊ ဣတိ-ဤသို့လျှင်၊ အဿ-ထို ရဟန်း၏၊ အာလယေန-ကြောင့်၊ ဂဟဏံဝါ-ယူခြင်းသည်သော်၎င်း၊ အာလယေန-နောံအာလယကြောင့်၊ အာလယောဝါ-ရှေ့အာလယသည်သော်၎င်း၊ ပဋိပ္ပဿမ္ဘတိ- ၏၊("အာလယေန ဂဟဏံ ပဋိပ္ပဿမ္ဘတိ, အာလယေန အာလယော ပဋိပ္ပဿမ္ဘတိ" ၂ မျိုးတို့၏ အကျယ်တည်း၊) သဗ္ဗတ္ထ — အလုံးစုံသော ၄ ဝါရတို့၌၊ ပန္တိမေ — နောက်ဖြစ်သော၊ ဂဟဏေဝါ-ယူခြင်း၌ သော်၎င်း၊ အာလယေဝါ- တွယ်တာခြင်း၌သော်၎င်း၊ တိဋ္ဌတိ—တည်၏၊(အတည်ဖြစ်၏၊) [ယောဇနာ၌ကား "သဗ္ဗတ္ထာတိ သဗ္ဗသို့ ဂဟဏေန ဂဟဏန္တိ အာဒိကေ စတုက္ကေ" ဟု ဖွင့်လေသည်၊ ရှေးနိဿယ၌— "သဗ္ဗတ္ထ—အလုံးစုံတို့တွင်"ဟု ပေးလေ၏]။

ပန-ဆက်၊ ယော — အကြင် ရဟန်းသည်၊ ဧကသ္မိံ-သော၊ ဝိဟာရေ—၌၊ သေနာသနံ-ကို၊ ဂဟေတွာ-၍၊ အညသ္မိံ-သော၊ ဝိဟာရေ - ၌၊ ဝသိဿာမိ-အံ့၊ ဣတိ-ဤသို့ နှလုံးသွင်း၍၊ ဂစ္ဆတိ-၏၊ တဿ-ထို ရဟန်း၏၊ ဥပစာရသီမာ တိက္ကမေ - ဥပစာရသိမ်ကို လွန်ရာအခါ၌၊ သေနာသနဂ္ဂါဟော - ကျောင်းကို ခံယူခြင်းသည်၊ ပဋိပ္ပဿမ္ဘတိ- ၏၊ [ယောဇနာ၌ "ဥပစာရသီမာတိက္ကမေတိ နိမိတ္တတ္ထေ စေတံ ဘုမ္မဝစနံ၊ ဘာဝေနဘာဝလက္ခဏေဝါ"ဟု ဖွင့်၏၊ "ဥပစာရသိမ်ကို လွန်ခြင်းကြောင့်၊ ဝါ- ဥပစာရသိမ်ကို လွန်ခြင်းသည်၊ သတိ - ဖြစ်လသော်"ဟု ပေး။] ပန-ဆက်၊ တတ္ထ-ထိုကျောင်းတိုက်၌၊ ဖါသု - ချမ်းသာသည်၊ ယဒိဘဝိဿတိ-အံ့၊(ဧဝံ သတိ)၊ ဝသိဿာမိ-အံ့၊ (ဖါသု - သည်၊) နောစေ (ဘဝိဿတိ)-အံ့၊ (ဧဝံ သတိ)၊ အာဂမိဿာမိ - ပြန်လာအံ့၊ ဣတိ - ဤသို့ နှလုံးသွင်း၍၊ ဂန္တွာ-၍၊ အဖါသုဘာဝံ - မချမ်းသာသည်၏ အဖြစ်ကို၊ ဉတွာ-၍၊ ပစ္စာဂစ္ဆတိ-ပြန်လာအံ့၊ ဝဋ္ဋတိ-အပ်၏၊ ["သေနာသနဂ္ဂါဟ မငြိမ်းသေး" ဟူလို။]

တိဝဿန္တရေနာတိ ဧတ္ထ-၌၊ ယော-အကြင် ရဟန်းသည်၊ ဒွိဟိဝဿေဟိ-၂၀ ါတို့ဖြင့်၊ မဟန္တတရောဝါ-ကြီးသည်သော်၎င်း၊ ဒဟရတရောဝါ-ငယ်သည်သော်၎င်း၊ ဟောတိ-၏၊ (သော - ထို ရဟန်းသည်၊) တိဝဿန္တရောနာမ-ရမည်၏၊ ပန-ဆက်၊ တနည်း, ပန - ချီးမွမ်းဘွယ်ရာ သမ္ဘာဝနာကား၊ [ဝတ္တဗ္ဗမေဝ နတ္ထိကို ရည်ရွယ်၍ပေးသည်၊]ယော-သည်၊ ဧကေန ဝဿေန-အားဖြင့်၊ မဟန္တတရောဝါ-ကြီးသည် သော်၎င်း၊ ဒဟရတရောဝါ-ငယ်သည်သော်၎င်း၊ ဟောတိ-၏၊ ယောဝါ—သည်လည်း၊ သမာနဝဿော - တူသော ဝါရှိသည်၊ ဟောတိ - ၏၊ တတ္ထ - ထိုတဝါကြီး တဝါငယ် ရဟန်း, တူသော ဝါရှိသော ရဟန်းတို့၌၊ ဝတ္တဗ္ဗမေဝ— တိဝဿန္တရဟု ဆိုဘွယ်သည်ပင်၊ နတ္ထိ - မရှိတော့၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဣမေ-ဤရဟန်းတို့သည်၊ ဧကသ္မိံ-သော၊ မဉ္စေဝါ-သော်၎င်း၊ ပီဌေဝါ-သော်၎င်း၊ ဒွေဒွေ-၂ပါး ၂ပါးတို့သည်၊ ဟုတွာ-၍၊ နိသီဒိတုံ-ထိုင်ခြင်းငှါ၊ ဝါ- ထိုင်ခွင့်ကို၊ လဘန္တိ- ရကုန်၏၊ ယံ- အကြင်နေရာသည်၊ တိဏ္ဏံ-၃ ပါးသော ရဟန်းတို့အား၊ ပဟောတိ-လောက်၏၊ (၃ ပါး ထိုင်လော်၏၊)တံ—ထိုနေရာသည်၊ သံဟာရိမံဝါ—ပြောင်းရွှေ့ခြင်းဖြင့် ဖြစ်စေအပ်သည်မှုလည်း၊ ဟောတု-ဖြစ်စေ၊ အသံဟာရိမံဝါ- ပြောင်းရွှေ့ခြင်းဖြင့် မဖြစ်စေအပ်သည်မှုလည်း၊ ဟောတု၊ တထာရူပေ - ထိုသို့သဘောရှိသော နေရာ၌၊ ဖလကခဏ္ဍေအပိ — ပျဉ်ချပ်အပိုင်းကလေး၌ သော်မှုလည်း၊ အနုပသမ္ပန္နေနာပိ — လူသာမဏေနှင့်သော်မှုလည်း၊ သဒ္ဓိံ-ကွ၊ နိသီဒိတုံ-ငှါ၊ ဝဋ္ဋတိ-၏။

× × × × × × ×

တိဝဿန္တရော။ ။"တယော+ဝဿာ တိဝဿံ၊ (၃ ဝါ)၊ တိဝဿသ+အန္တရော တိဝဿန္တရော"ဤသို့သမာသ်တွဲပြီးမှ "တိဝဿန္တရေ+ဌိတော တိဝဿန္တရော" ဟု တဒ္ဓိတ်ဆင့်ပါ၊ "၃ ဝါ၏အတွင်း၌ တည်သူ"ဟူသည် ၂ ဝါကြီး ၂ ဝါငယ်တည်း။

ယံ တိဏ္ဏံ၊ပေ၊ဝဋ္ဋတိ။ ။၃ ပါးထိုင်လောက်သည်ကစ၍ ရှည်လျားသောနေရာကို "ဒီဃာသန"ဟု ခေါ်၏၊ ထို"ဒီဃာသန"ဟူသည် ၂ ယောက်လောက်သာ ထိုင်လော်သော ညောင်စောင်းအင်းပျဉ်မှ အခြားသော ထိုင်ခုံတည်း၊ ဖလကခဏ္ဍေအပိ၌ အပိသည် ဂရဟာဇောတကတည်း၊ သာမန် ပျဉ်ချပ် အပိုင်းကလေး၌သော်မှ ထိုင်ကောင်းသေး၏၊ ထို့ထက်ခိုင်ခံ့သော ၃ ယောက်မှအထက် ထိုင်လောက်သော ညောင်စောင်းအင်းပျဉ် ခင်ုင်၌ကား ဆိုဘွယ်ရာမရှိ-ဟု သမ္ဘာဝနာပြုပါ၊ [ယောဇနာ၌ကား "အပိသဒ္ဒေန မဉ္စပီဌာနိ အပေက္ခတိ " ဟု ဆို၏။] အနုပသမ္ပန္နေနာပိ၌ အပိလည်း ဂရဟာဇောတကပင်တည်း၊ လူသာမဏေနှင့်သော်မှ အတူထိုင်ကောင်းသေး၏၊ ရဟန်းအချင်းချင်းကား ဆိုဘွယ်ရာမရှိ-ဟူလို။

ဝိမတိ။ ။ယံတိဏ္ဏံ ပဟောတိတိ မဉ္စပီဌ ဝိနိမုတ္တံ ယံ အာသနံ တိဏ္ဏံ သုခံ နိသီဒိတုံ ပဟောတိ၊ ဣဒံ ပစ္ဆိမဒီဃာသနံ၊ (အတိုဆုံး ဒီဃာသနတည်း)၊ ဧတ္တ မဉ္စပီဌရဟိတေသု အသမာနာသနိကာပိ တယော နိသီဒိတုံ လဘန္တိ၊ မဉ္စပီဌေသု ပန ဒွေ၊ပေ၊ ဒုဝဂ္ဂဿေဝ အနုညာတတ္တာ၊ ဤ ဝိမတိ အလိုအားဖြင့် "မဉ္စပီဌဖြစ်လျှင် ၃ ပါး ထိုင်လောက်သော်

ဟတ္ထိနခကန္တိ- ကား၊ ဟတ္ထိကုမ္ဘေ - ဆင်ဦးကင်းနှင့်တူသောမြေ၌၊ (အဘိဓာန် နိဿယသစ်၌ "ဆင်ခြေလျှောမြေ၌"ဟု ပေး၏၊) ပတိဋ္ဌိတံ- တည်သော၊ ("ပါသာဒံ - ကို၊ ကာရာပေတုကာမော ဟောတိ" ၌စပ်၊) ဧဝံ - ဤသို့၊ (ဆင်ဦးကင်းနှင့်တူသော မြေ၌တည်အောင်၊) ကတဿ - ပြုအပ်သောပြာသာဒ်၏၊ ဧတံနာမံ-ဤ "ဟတ္ထိနခက"ဟူသော အမည်သည်၊ (ဟောတိ)ကိရ-ဖြစ်သတတ်။

သမ္ဗုံ ပါသာဒပရိဘောဂန္တိ — ကား၊ သုဝဏ္ဏရဇတာဒိ ဝိစိတြာနိ— ရွှေ ငွေ အစရှိသော ရတနာတို့ဖြင့်ဆန်းကြယ်ကုန်သော၊ ကဝါဋ္ဌာနိ-တံခါးရွက်တို့သည်၎င်း၊ မဉ္စပီဌာနိ-ညောင်စောင်း အင်းပျဉ်တို့သည်၎င်း၊တာလဝဏ္ဋာနိ -ထန်းရွက်ယပ်ဝန်းတို့သည်၎င်း၊ သုဝဏ္ဏရဇတမယပါနီယဃဋပါနီယသရာဝါနိ- ရွှေငွေတို့ဖြင့် ပြုအပ်ကုန်သော သောက်ရေအိုး, သောက်ရေခွက်တို့သည်၎င်း၊ ယံကိဉ္စိ- အမှတ်မရှိ ကြွင်းခဲ့ဥဿုံ အလုံးစုံသော၊ စိတ္တကမ္မကတံ-- ပြုအပ်သော ပန်းချီ

× × × × × × ×

လည်း ၃ ပါး မထိုင်ကောင်း"ဟု အဓိပ္ပါယ်ရ၏၊ မိမိကား- ဖလကခဏ္ဍေအပိ၌ အပိ ဟူသော ဂရဟာဇောတကဖြင့် မဉ္စပီဌစသော သမ္ဘာဝနတ္ထကိုဆည်းသည်ဟု ထင်သည်၊ ရှေ့၌ မဉ္စ၏တည်ရာကို ဒွိဟတ္ထဝိတ္ထာရ , စတုဟတ္ထအာယာမဖြင့် သတ်မှတ်ခဲ့ပါသော်လည်း ဘိက္ခုနီပါစိတ်-တုဝဋ္ဋဝဂ်၌ ၂ ယောက်အိပ်လောက်သော ခင်ကိုပင် "မဉ္စ"ဟု ဆိုခဲ့ပါသည်။

ဝေနဒ္ဓ ။ ။ သံဟရဏံ သံဟာရော၊ ထိုထိုဤဤ အရပ်သို့ ပြောင်းရွှေ့ခြင်း၊ သံဟာရေန+နိဗ္ဗတ္တံ သံဟာရိမံ၊ ထိုထိုဤဤအရပ်သို့ ပြောင်းရွှေ့ခြင်းဖြင့်ဖြစ်စေအပ်သော (ရွှေ့၍ ရကောင်းသော, သံရိုက်၍-အသေစိုက်၍မထားသော) ညောင်စောင်း အင်းပျဉ် ခင် ထိုင်ခုံတည်း၊ န + သံဟာရိမံ၊ သံဖြင့် အသေရိုက်၍ ဖြစ်စေ , မြေ၌ စိုက်၍ဖြစ်စေ ထား၍သောကြောင့် ပြောင်းရွှေ့၍ မရကောင်းသော ညောင်စောင်း အင်းပျဉ်တည်း။

ဟတ္ထိနခကံ ။ ။ ဟတ္ထိနခေါ ဟေဋ္ဌာဘာဂေ ဧတဿ အတ္ထီတိ ဟတ္ထိနခေါ (ပါသာဒေါ) ၊ပါသာဒဿ နခေါ နာမ ဟေဋ္ဌိမဘာဂေါ ပါဒနခ သဒိသတ္တာ၊ (အောက်၌ ဆင့်ခြေသည်းပုံသဏ္ဌာန် ရှိသောကြောင့် " ဟတ္ထိနခ " မည်သော ပြာသာဒ်၊ သညာ အနက်၌ က ပစ္စည်းသက်၍ "ဟတ္ထိနခက"ဟု ရှိ၏၊) သော သဗ္ဗဒိသာသု အနေကေဟိ ဟတ္ထိ ရူပေဟိ သမလင်္ကတော ဋ္ဌိတော၊ တဿပရိ ကတော ပါသာဒေါ ဟတ္ထိကုမ္ဘေ ပတိဋ္ဌိတော ဝိယ ဟောတီတိ အာဟ " ဟတ္ထိကုမ္ဘေ ပတိဋ္ဌိတ "န္တိ၊- ဝိမတိ၊ ဤအလို "ပတ်ပတ်လည် ဆင်ရုပ်တွေ ရှိသောကြောင့် ထို ဆင်ရုပ်တို့၏အထက်၌ ပြုအပ်သော ပြာသာဒ်သည် ဆင်၏ ဦးကင်းပေါ်၌ တည်သကဲ့သို့ဖြစ်၏၊ ထို့ကြောင့် "ဟတ္ထိကုမ္ဘေ ပတိဋ္ဌိတံ" ဟု ဆိုသည်ဟု အဓိပ္ပါယ်ရသည်၊ (ယောဇနာ၌ ဝိဂြိုဟ်တမျိုးဆိုသေး၏၊) [ယူပေါတု ဂဇကုမ္ဘမှိ, ဟတ္ထိနခေါ ပတိဋ္ဌိတော၊—အဘိဓာန် (၂၀၈)]။

သုဝဏ္ဏ ၊ပေ၊ ဝဋ္ဋတိ။ ။ သုဝဏ္ဏ ရဇတာဒိ ဝိစိတြာနီတိ သံဃိက သေနာသနံ သန္ဓာယ ဝုတ္တံ၊ ပုဂ္ဂလိကံ ပန သုဝဏ္ဏာဒိဝိစိတြံ ဘိက္ခုဿ သမ္ပဋိစ္ဆိတုမေဝ န ဝဋ္ဋတိ၊ န ကေနစိ ပရိယာယေန ဇာတရူပ ရဇတံ သာဒိတဗ္ဗန္တိ ဝုတ္တတ္တာ၊ ဧတေနေဝေတ္ထ အဋ္ဌ

ပန်းပု ဆန်းကြယ်မှုသည်၊(အတ္တိ)၊ သဗ္ဗံ-အလုံးစုံသည်၊ ဝဋ္ဋတိ-အပ်၏၊ ပါသာဒ ဿ- ပြာသာဒ်အား၊ ဒါသိ ဒါသံ - ကျွန်မိန်းမ, ကျွန်ယောကျ်ားကိုရင်း၊ ခေတ္တ ဝတ္ထုံ - လယ်ယာကိုရင်း၊ ဂေါမဟိံသံ - နွား ကျွဲကိုရင်း၊ ဒေမ- လှူပါကုန်၏၊ ဣတိ-သို့၊ ဝဒန္တိ- လျှောက်ကုန်အံ့၊ (ဧဝံသတိ)၊ ပါဋေက္ကံ- သီးခြား၊ ဂဟဏ ကိစ္စံ- ခံယူဘွယ်ကိစ္စသည်၊ နတ္ထိ-မရှိတော့၊ ပါသာဒေ - ပြာသာဒ်ကို၊ ပဋိဂ္ဂဟိ တေ-ခံယူအပ်ပြီးသော်၊ ပဋိဂ္ဂဟိတမေဝ -ခံယူအပ်ပြီးတော့သည်သာ၊ ဟောတိ- ၏၊ (" ပြာသာဒ်ကို အလှူခံရာတွင် ပါဝင်သွားကြသည်၊ သီးခြား ခံယူဘွယ် မလို"ဟူလို၊) ဂေါနကာဒီနိ-ဂေါနက အစရှိသောအခင်းတို့ကို၊ သံဃိကဝိဟာ ရေဝါ- သံဃိကကျောင်း၌ရင်း၊ ပုဂ္ဂလိကဝိဟာရေဝါ- ၌ရင်း၊ မဉ္စပီဌကေသု- ညောင်စောင်း အင်းပျဉ်တို့၌၊ အတ္ထရိတွာ- ခင်းပြီး၍၊ ပရိဘုဉ္ဇိတုံ - သုံးဆောင် ခြင်းငှါ၊ န ဝဋ္ဋန္တိ- မအပ်ကုန်၊ ပန- အနွယ၊ ဓမ္မာသနေ- တရားဟောပလ္လင်၌၊ ဂိဟိဝိကဋနီဟာရေန - လူတို့သည် အထူးတလည်ပြုအပ်သော အခင်းဟူသော အမှတ်ဖြင့်၊ (ပရိဘုဉ္ဇိတုံ-ငှါ) လဗ္ဘန္တိ-ရအပ်ကုန်၏၊ တတြာပိ-ထို ဓမ္မာသန၌ လည်း၊ နိပဇ္ဇိတုံ- လျောင်းခြင်းငှါ၊ န ဝဋ္ဋတိ- မအပ်။

× × × × × × ×

ကထာယံ သံဃိကဝိဟာရေဝါ ပုဂ္ဂလိကဝိဟာရေဝါ"တိ န ဝုတ္တံ၊ ဂေါနကာဒိ အကပ္ပိယ ဘဏ္ဍဝိသယေဝ ဝုတ္တံ၊ ဧေ ဘိက္ခုသာပိ (ရဟန်းတပါးအတွက် သော်မှလည်း) ဧတသံ ဂဟဏ ဒေါသာဘာဝါ၊- ဝိမတိ။

ဂေါနကာဒီနိ၊ပေ၊ န ဝဋ္ဋတိ။ ။အချို့စာအုပ်တို့၌ "န ဝဋ္ဋန္တိ, လဗ္ဘန္တိ"ဟု ဗဟုဝုစ်ရှိ၏၊ ဂေါနကာဒီနိကို ငဲ့ဟန်တူသည်၊ သို့သော် အချို့စာအုပ်တို့၌ "န ဝဋ္ဋတိ, လဗ္ဘတိ" ဟု ဧကဝုစ်ရှိ၏၊ နောက်ဝါကျ၌လည်း "တတြာပိ နိပဇ္ဇိတုံ န ဝဋ္ဋတိ" ဟု ဧကဝုစ်ပင် ရှိ၏၊ ထို့ကြောင့် " ပရိဘုဉ္ဇိတုံ + နိသီဒိတုံတို့ကို ငဲ့၍ ဧကဝုစ်ချည်းရှိလျှင် ကောင်းမည်ထင်၏၊ ("ပရိဘုဉ္ဇိတုံ–သုံးဆောင်ခြင်းငှါ၊ ဝါ–သည်၊ န ဝဋ္ဋတိ"ဟု ပေး။

ဂိဟိဝိကဋနီဟာရေန။ ။ဝိကတ– အထူးတလည်ပြုအပ် (အမွန်အမြတ် အဖြစ် ဖြင့် ပြုအပ်)၊ နီဟာရသဒ္ဒါသည် နယသဒ္ဒါနှင့် အနက်တူ၏၊ [အင်္ဂုတ္တိုရ်, ဒုက, အဓိ ကရဏဝဂ်, ဒသမသုတ်၌ "ဒုန္နယာ–ဒုန္နီဟာရာ"ဟု ဖွင့်၏။] နိဟရီယတိ အနေနာတိ နီဟာရော – လူတို့သည် အမွန်အမြတ်ပြုအပ်သော အခင်းကို သုံးစွဲပုံကို ဥပမာ ဆောင် ကြောင်းဖြစ်သော နည်း၊ ဆိုလိုရင်းကား – " လူတို့က (မိမိမခိုင်းဘဲ သူတို့ဘာသာ) ဓမ္မာသန၌ ဂေါနကစသော အခင်းကို ခင်းပေးလျှင် လူတို့ပစ္စည်းကို သုံးစွဲသောနည်း အားဖြင့် သုံးစွဲကောင်းသည်"ဟူလို။

ဋီကာများ။ ။ဂိဟိဝိကဋနီဟာရေနာတိ ဂိဟီဟိ ကတနီဟာရေန၊ ဂိဟီဟိ အတ္တ နော သန္တကံ အတ္ထရိတွာ ဒိန္နနိယာမေနာတိ အတ္ထော၊-ဝိမတိ၊....ဂိဟိဝိကဋနီဟာရေန လဗ္ဘန္တီတိ ဂိဟိဝိကဋနီဟာရေန ပရိဘုဉ္ဇိတုံ လဗ္ဘန္တိ၊ တေဟိ အတ္ထရိတွာ ဒိန္နာနေဝ နိသီဒိတုံ လဗ္ဘန္တိ၊ န သယံ အတ္ထတာနိ, အတ္ထရာပိတာနိဝါ၊— သာရတ္ထ။

အဝိသဋ္ဌိယဝတ္ထုကထာ

ပဋိမာနီတိ- ကား၊ ရာသိဝသေန- အစု၏ အပြားအားဖြင့်၊ ပဋ္ဌ-ငါးပါးတို့ တည်း၊ သရူပဝသေန ပန-သရုပ်သကောင်၏အပြားအားဖြင့်ကား၊ ဧတာနိ-ဤ အဝိသဋ္ဌိယဝတ္ထုတို့သည်၊ ဗဟူနိ- များကုန်သည်၊ ဟောန္တိ - နိ၏၊ တတ္ထ- ထို အဝိသဋ္ဌိယဝတ္ထုတို့တွင်၊ အာရာမောနာမ - အာရာမမည်သည်၊ ပုပ္ဖါရာမော ဝါ-ပန်းအာရာမ်သည်သော်၎င်း၊ ဝါ-ပန်းခြံသည်သော်၎င်း၊ ဖလာရာမော ဝါ- သစ်သီးအာရာမ်သည်သော်၎င်း၊ ဝါ - သစ်သီးခြံသည်သော်၎င်းတည်း၊ [အာ ဂန္တွာ ရမန္တိ ဧတ္ထာတိ အာရာမော-လူအပေါင်းတို့လာ၍ မွေ့လျော်ရာဖြစ်သော သစ်သီးခြံ, ပန်းခြံ, သစ်သီးဥယျာဉ်, ပန်းဥယျာဉ်တည်း။] အာရာမဝတ္ထုနာမ- ဝတ္ထုမည်သည်၊ တေသံ ယေဝ အာရာမာနံ - ထို အာရာမ်တို့၏ပင်၊ အတ္ထာယ - အကျိုးငှါ၊ ပရိစ္ဆိန္ဒိတွာ-ပိုင်းခြား၍၊ ထပိတောကာသော-ထားအပ်သောအရပ် တည်း၊ ("ပတ်ဝန်းကျင်အရပ်နှင့်မရောအောင် သတ်မှတ်၍ အာရာမ်တည်ဘို့ရန် ရည်မှန်းထားအပ်သောအရပ်"ဟူလို၊] ဝါ-တနည်း၊ တေသု အာရာမေသု-ထို အာရာမ်တို့သည်၊ ဝိနဋ္ဌေသု - ပျက်စီးကုန်ပြီးသော်၊ တေသံ - ထို အာရာမ်တို့၏၊ ပေါရာဏကဘူမိဘာဂေါ - အဟောင်းဖြစ်သော မြေအဘို့တည်း၊ ["အာရာမ် တည်ဘူးသော နေရာဟောင်း" ဟူလို၊] ဝိဟာရောနာမ- ရ မည်သည်၊ ယံကိဉ္စိ- သော၊ ပါသာဒါဒိသေနာသနံ - ပြာသာဒ်အစရှိသော ကျောင်း အိပ်ရာနေရာ တည်း၊ ဝိဟာရဝတ္ထုနာမ - ဝတ္ထုမည်သည်၊ တဿ-ထိုကျောင်း၏၊ ပတိဋ္ဌာနော ကာသော- တည်ရာအရပ်တည်း။

မဏ္ဍောနာမ - မဋ္ဌ မည်သည်၊ မသာရကော - ထွင်းအပ်သော အခြေရှိသော ညောင်စောင်းရင်း၊ ဗုန္ဒိကာဗဒ္ဓေါ - အခြေ၌ ဖွဲ့စပ် ညှပ်ထားအပ်သောအပေါင် ရှိသော ညောင်စောင်းရင်း၊ကုဠီရပါဒကော-ပုဇွန်,မြင်းတို့ခြေကဲ့သို့ကော့သော အခြေရှိသော ညောင်စောင်ရင်း၊ အာဟစ္စပါဒကော-အပေါင်ထွင်း၍ သွင်းအပ် သော အခြေရှိသောညောင်စောင်းရင်း၊ ဣတိ-သို့၊ ပုဗ္ဗေ-ရှေ၌၊(ဘူတဂါမဝဂ်, ပဉ္စမသေနာသနသိက္ခာပုဒ်၌၊) ဝုတ္တာနံ-ဟောတော်မူအပ်ပြီးကုန်သော၊ စတုန္နံ- ၄ မျိုးကုန်သော၊ ဣမေသံ မဉ္စာနံ-ဤညောင်စောင်းတို့တွင်၊ အညတရော-တမျိုး မျိုးသော ညောင်စောင်းတည်း၊ ပီဌံနာမ - မည်သည်၊ မသာရကာဒီနံယေဝ — မသာရက အစရှိသည်တို့ပင်ဖြစ်ကုန်သော၊ စတုန္နံ-ကုန်သော၊ ပီဌာနံ-အင်းပျဉ် တို့တွင်၊ အညတရံ-တမျိုးမျိုးသော အင်းပျဉ်တည်း၊ ဘိသိနာမ-မည်သည်၊ ဥဏ္ဏ ဘိသိအာဒီနံ-ဥဏ္ဏဘိသိအစရှိကုန်သော၊ ပဉ္စန္နံ-၅ မျိုးတို့တွင်၊ အညတရာ- တမျိုး မျိုးသော ဘိသိတည်း၊ (ဘိသိ ၅ မျိုးကို ဤ သေနာသနက္ခန္ဓက ဝိဟာရာနုဇာနန ကထာ၌ ပြခဲ့ပြီ၊) ဗိမ္ဗောဟနံနာမ-န မည်သည်၊ ဝုတ္တပ္ပကာရာနံ-ဆိုအပ်ပြီးသော အပြားရှိကုန်သော၊ (ဤ သေနာသနက္ခန္ဓက , ဝိဟာရာနုဇာနန ကထာ၌ပင်

ဆိုအပ်ပြီးကုန်သော၊) မိဓ္ဗောဟနာနံ- ခေါင်းအုံးတို့တွင်၊ အညတရံ - တမျိုးမျိုးသော ခေါင်းအုံးတည်း၊ လောဟကုမ္ဘိနာမ - မှို မည်သည်၊ ကာဠလောဟေန ဝါ - ကြေးမည်းဖြင့်သော်ငင်း၊ ဝါ - သံဖြင့်သော်ငင်း၊ တမ္ဗလောဟေနဝါ— ကြေးနီဖြင့်သော်ငင်း၊ ယေန ကေနစိ-အမှတ်မထား တပါးပါးသော၊ လောဟေန- ကြေးဖြင့်၊ ဝါ- သံဖြင့်၊ ကတာ - ပြုအပ်သော၊ ကုမ္ဘီ- အိုးတည်း၊ လောဟဘာဏကာဒီသုပိ- အစရှိသည်တို့၌လည်း၊ ဧသေဝနယော-တည်း၊ ပန်-ဆက်၊ ဧတ္ထ — ဤ လောဟဘာဏက အစရှိသည်တို့တွင်၊ အရဥ္ဇရော — အိုးစရည်းကို၊ ဘာဏကန္တိ-ဘာဏကဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဃဋော-အိုးကို၊ ဝါရကောတိ- ဝါရကဟူ၍၊ (ဝုစ္စတိ)၊ ကဋာဟံ - ကဋာဟဟူသည်၊ ကဋာဟမေဝ- ဖုင်းအိုးပင်တည်း၊ [အခြားပရိယာယ် မရှိ- ဟူလို။] ါသိဝအာဒီသု-ဝါသိ အစရှိသည်တို့၌ငင်း၊ ဝလ္လိအာဒီသုစ- ဝလ္လိ အစရှိသည်တို့၌ငင်း၊ ဒုပိညေယျံနာမ - ခဲယဥ်းသဖြင့်သိအပ်သော အရာဝတ္ထု မည်သည်၊ နတ္ထိ-မရှိ။

ဧဝံ-ဤသို့လျှင်၊ ဋ္ဌေ- ၂ ပါးသော အဝိဿဇ္ဇိယဘဏ္ဍာတို့သည်၊ ဠိသင်္ဂဟာနိ- ၂ မျိုးစီတို့ကို သိမ်းယူကြောင်းတို့သည်၊ ဟောန္တိ၊ တတိယံ-၃ ခမြောက်သော အဝိသဇ္ဇိယ ဘဏ္ဍာသည်၊ စတုသင်္ဂဟံ - ၄ မျိုးတို့ကို သိမ်းယူကြောင်းသည်၊ (ဟောတိ)၊ စတုတ္ထံ- ၄ ခမြောက် အဝိသဇ္ဇိယဘဏ္ဍာသည်၊ နဝကောဋ္ဌာသံ— ၉ မျိုးသော အဖို့အစုရှိသည်၊ (ဟောတိ)၊ ပဉ္စမံ - သည်၊ အဋ္ဌဘေဒနံ- ၈ ပါး အပြားရှိသည်၊ (ဟောတိ)၊ ဣတိ - ဤနည်းအားဖြင့်၊ ပဉ္စဟိ- ၅ မျိုးကုန်သော၊ ရာသီဟိ - အစုတို့ဖြင့်၊ ပဉ္စနိမ္မလလောစနော - အညစ်အကြေးမရှိသော ၅ မျိုးသော မျက်လုံးရှိတော်မူသော၊ နာထော - မြတ်စွာဘုရားသည်၊ ပဉ္စဝီသဝိဓံ— ၂၅ ပါး အပြားရှိသော၊ ဂရုဘဏ္ဍံ - ဂရုဘဏ်ကို၊ ဝါ - အလေးပြုအပ်သော ဘဏ္ဍာကို၊ ပကာသယိ- ပြတော်မူပြီ။

× × × × × × ×

အရဥ္ဇရော ။ ။ အရဉ္ဇရောတိ ဗဟုဥဒကဂဏှနကာ မဟာစာဋိ၊ ဇလံ ဂဏှိတုံ အလန္တိ အရဉ္ဇရော၊ လ ၂ လုံးကို ရ ၂ လုံးပြု၊ ဝဋ္ဋစာဋိပိယ (လုံးသော အိုးစရီးကဲ့သို့) ဟုတ္ဝာ ထောက် ဒီဃမုခေါ မဇ္ဈေ ပရိစ္ဆေဒံ ဒဿေတွာ ကတောတိ ဂဏ္ဌိပဒေသု ဝုတ္တံ၊— သာရတ္ထ၊ [ယောဇနာ၌ကား- "အတိမဟန္တတ္တာ အရံ ခိပ္ပံ ဇရတိ ဝိနာဿတီတိ အရဥ္ဇရော"ဟု တနည်းဖွင့်သေး၏။]

ဋ္ဌိသင်္ဂဟာနိ၊ပေ၊အဋ္ဌဘေဒနံ ။ ။ (၁) အာရာမ,အာရာမဝတ္ထုဟူသော ၂ ပါး (၂) ဝိဟာရ, ဝိဟာရဝတ္ထုဟူသော ၂ ပါးကို "ဋ္ဌိသင်္ဂဟာနိ"ဟု ဆိုသည်၊ (၃) မဉ္စ ပီဌ, ဘိသိ, ဗိမ္ဗောဟနဟု ၄ မျိုးရှိသောကြောင့် တတိယ အဝိသဇ္ဇိယကို "စတုသင်္ဂဟံ" ဟု ဆိုသည်၊ (၄) လောဟကုမ္ဘီ စသည်ဖြင့် ပါဠိတော်၌ ၉ မျိုးရှိသောကြောင့် စတုတ္ထ အဝိသဇ္ဇိယကို "နဝကောဋ္ဌာသံ"ဟု ဆိုသည်၊ (၅) ဝလ္လိဝေဠုစသည်ဖြင့် ပါဠိတော်၌ ၈ မျိုးရှိသောကြောင့် ပဉ္စမ အဝိသဇ္ဇိယကို "အဋ္ဌဘေဒနံ"ဟု ဆိုသည်။

တတြ- ထို ဂရုဘတ်တို့၌၊ အယံ - ဤ ဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယကထာ- ဆုံးဖြတ်ကြောင်းစကားတည်း၊ ဟိ- ချဲ့၊ သဗ္ဗမ္ပိ - အလုံးစုံလည်းဖြစ်သော၊ ဣဒံ ဂရုဘတ္တံ-ဤဂရုဘတ်ကို၊ ဠဓ-ဤဝတ္ထု၌၊ အဝိသဇ္ဇိယံ-အဝိသဇ္ဇိယဟူ၍ငင်း၊ ကိင္စာဂိရိဝတ္ထုသ္မိံ-ကီဋာဂိရိဝတ္ထု၌၊ အဝေဘင်္ဂိယန္တိ-အဝေဘင်္ဂိယဟူ၍ငင်း၊ (ဘဂဝတာ) ဝုတ္တံ- ပြီ၊ ပရိဝါရေပန-ပရိဝါရ် ပါဠိတော်၌ကား၊ အဝိသဇ္ဇိယံ ၊ပေ၊စိန္တိတာတိ - တာဟူ၍၊ အာဂတံ - လာပြီ၊ [မဟေသိနာ - မြတ်သောဉာဏ်ရှိ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အဝိသဇ္ဇိယံ - မစွန့်အပ် မစွန့်ကောင်း သော၊ အဝေဘင်္ဂိယံ-မဝေဘန်အပ် မဝေဘန်ကောင်းသော၊ (ဂရုဘဏ္ဍံ-ကို၊) ပဉ္စ- ၅ မျိုးတို့ဟူ၍၊ ဝုတ္တာ- ဟောတော်မူအပ်ကုန်ပြီ၊ ဝိသဇ္ဇေန္တဿ- စွန့်သော ရဟန်းအားငင်း၊ ပရိဘုဉ္ဇန္တဿ-သုံးစွဲသောရဟန်းအားငင်း၊ အနာပတ္တိ-သည်၊ (ဟောတိ)၊ သောပဉှာ-ဤပြဿနာကို၊ ကုသလေဟိ - ဝိနည်းကျွမ်းကျင် ပညာ ရှင်တို့သည်၊ စိန္တိတာ-ကြံအပ်ပြီ။] တသ္မာ-ကြောင့်၊ မူလစ္ဆေဇ္ဇဝသေန-အမြေ အမြစ်ကို ဖြတ်ခြင်း၏အစွမ်းဖြင့်၊ (အပိုင်ပေးသောအားဖြင့်၊) အဝိသဇ္ဇိယံ - မစွန့်ထိုက်သည်ငင်း၊ အဝေဘင်္ဂိယံ-မဝေဘန်ထိုက်သည်ငင်း၊ (ဟောတိ)၊ ပန- ထိုသို့ပင် အဝိသဇ္ဇိယ အဝေဘင်္ဂိယ ဖြစ်ပါသော်လည်း၊ ပရိဝတ္တနဝသေန - လဲလှယ်ခြင်း၏အစွမ်းဖြင့်၊ ဝိသဇ္ဇေန္တဿ- အားငင်း၊ ပရိဘုဉ္ဇန္တဿစ- အား ငင်း၊ အနာပတ္တိ(ဟောတိ)၊ ဧဝံ- သို့၊ ဧတ္တ- ဤပရိဝါရ် ပါဠိတော်၌၊ အဓိပ္ပါ ယော- သင်္ဂါယနာတင်ထေရ်တို့၏ အလိုကို၊ ဝေဒိတဗ္ဗော-သိထိုက်၏။

တတြ - ထိုသို့ လဲလှယ်ရာ၌၊ အယံ - ကား၊ အနုပုဗ္ဗိကထာ- အစဉ်အတိုင်း ဖြစ်သော စကားတည်း၊ တာဝ- လဲလှယ်ခြင်းမှ ရှေးဦးစွာ၊ ပဉ္စဝိဓမ္ပိ- ငါးပါး အပြားရှိသည်လည်းဖြစ်သော၊ ဣဒံ-ဤ ဂရုဘတ်ကို၊ စီဝရပိဏ္ဍပါတ ဘေသဇ္ဇ တ္ထာယ-သင်္ကန်း ဆွမ်း ဆေးအကျိုးငှါ၊ ဥပနေတုံ-ကပ်ဆောင်ခြင်းငှါ၊န ဝဋ္ဋတိ- မအပ်၊ စ-အနွယ၊ (ကန်ဒါ၌ "ထာဝရေန ပန"ဟု ရှိ၏၊) ထာဝရေန-ထာဝရ ဝတ္ထုဖြင့်၊ ထာဝရံ-ထာဝရဝတ္ထုကိုငင်း၊ ဂရုဘဏ္ဍေန-ဂရုဘတ်ဖြင့်၊ ဂရုဘဏ္ဍံ စ-ကိုငင်း၊ ပရိဝတ္တေတုံ- လဲလှယ်ခြင်းငှါ၊ ဝဋ္ဋတိ၊ [ထာဝရေနစ ထာဝရံ၊ပေ၊ ဂရုဘဏ္ဍန္တိ ဧတ္ထ ပုရိမဒွယံ (အာရာမနှင့် အာရာမဝတ္ထု , ဝိဟာရနှင့် ဝိဟာရ ဝတ္ထု ၂ ပါးအပေါင်းသည်၊) ထာဝရံ, ပစ္ဆိမတ္တယံ ဂရုဘဏ္ဍန္တိ ဝေဒိတဗ္ဗံ —

× × × × × × ×

အဝိသဇ္ဇိယ, အဝေဘင်္ဂိယ ။ ▪ ဝိပုဗ္ဗ သဇ္ဇဓာတ်, ဏျပစ္စည်း, ဣ အာဂုမ်ဖြင့် "ဝိသဇ္ဇိယ"ဟု ပြီး၏၊ ဝိသဇ္ဇိတဗ္ဗန္တိ ဝိသဇ္ဇိယံ၊ န+ဝိသဇ္ဇိယံ အဝိသဇ္ဇိယံ၊ ဝိပုဗ္ဗ ဘဇ ဓာတ် ဏျပစ္စည်းဖြင့် "ဝိဘဇိယတေတိ ဝေဘင်္ဂိယံ"ဟု ဖြစ်၏၊ ဘ နောက်၌ နိဂ္ဂဟိတ် လည်း လာ၊ သွတ္ထ၌ ဏ ပစ္စည်းသက်၍ "ဝိဘင်္ဂိယံဧဝ ဝေဘင်္ဂိယံ၊ န+ဝေဘင်္ဂိယံ အဝေဘင်္ဂိယံ"ဟု ပြီ။

ဋ္ဌိကာ၊] ပန-ဆက်၊ ထာဝရေ- ထာဝရဝတ္ထု၌၊ ခေတ္တံ- လယ်ဧရိယာ၊ ဝတ္ထု-ယာ ဧရိယာ၊ တဋ္ဌာကံ - တဖက် ဆည်ကန်ဧရိယာ၊ မာတိကာ - ရေမြောင်းဧရိယာ၊ ဣတိ-သို့၊ ဧဝရူပံ - ဤသို့ သဘောရှိသောဝတ္ထုသည်၊ ဘိက္ခုသံဃဿ - ရဟန်းသံဃာ အား၊ ဝိစာရေတုံ ဝါ-စီမံခြင်းငှါဧရိယာ၊ သမ္ပဋိစ္ဆိတုံ ဝါ-လက်ခံခြင်းငှါဧရိယာ၊ အဓိ ဝါသေတုံ ဝါ-သာယာခြင်းငှါဧရိယာ၊ (အချို့စာ၌ ဤပုဒ်မပါ၊) န ဝဋ္ဋတိ၊ ကပ္ပိယ ကာရကေဟော ဝ- ကပ္ပိယကာရကတို့သည်သာ၊ ဝိစာရိတတော - စီမံအပ်သော လယ်ယာစသည်မှ၊ ကပ္ပိယဘဏ္ဍံ-အပ်သောဘဏ္ဍာကို၊ (ဝိစာရေတုံ ဝါ သမ္ပဋိ စ္ဆိတုံ ဝါ အဓိဝါသေတုံ ဝါ) ဝဋ္ဋတိ။

ပန-ကား၊ အာရာမေန-ဖြင့်၊ (ပရိဝတ္တေတုံ ဥဒှစပ်၊)အာရာမံ-ဥယျာဉ်၊ အာရာမ ဝတ္ထုံ- အာရာမ်ရာဧရိယာ၊ ဝိဟာရံ- ကျောင်းဧရိယာ၊ ဝိဟာရဝတ္ထုံ- ကျောင်းရာဧရိယာ၊ ဣတိ - ဤသို့၊ ဣမာနိ စတ္တာရိ- ဤ ၄ မျိုးတို့ကို၊ ပရိဝတ္တေတုံ - ငှါ၊ ဝဋ္ဋတိ၊ (ထာဝရဝတ္ထုချင်းဖြစ်သောကြောင့် လဲလှယ်ကောင်းသည်၊)တတြ-ထို လဲလှယ် ရာ၌၊ အယံ-ကား၊ ပရိဝတ္တနနယော-လဲလှယ်ပုံနည်းတည်း၊ သံဃဿ-သံဃာ ၏၊ နာဠိကေရာရာမော-အုန်းခြံသည်၊ ဒူရေ-အဝေး၌၊ ဟောတိ- ရှိ၏၊ ကပ္ပိယ ကာရကာ ဝ-အပ်အောင်ပြုတတ်သော ကပ္ပိယဒါယကာတို့သည်သာ၊ ဗဟုတရံ- များစွာ၊ ခါဒန္တိ-ခဲစားကြကုန်၏၊ ယမ္ပိ- အကြင် အုန်းသီးကိုလည်း၊ န ခါဒန္တိ- မခဲစားကြကုန်၊ တတော - ထိုအုန်းသီးမှ၊ သကဋဝေတနံ- လှည်းခကို၊ ဒတွာ- ပေးရ၍၊ ဝါ- ပေးရခြင်းကြောင့်၊ အပ္ပမေဝ - အနည်းငယ်ကိုသာ၊ ဟရန္တိ - ဆောင်ယူနိုင်ကြကုန်၏၊ (ကျောင်းသို့ ဆောင်ယူနိုင်ကြကုန်၏။)

ပန- ကား၊ အညေသံ - (သံဃာမှ) အခြားကုန်သော၊ (မနုဿာနံ ဥဒှစပ်၊) တဿ အာရာမဿ- ထိုအုန်းခြံ၏၊ အဝိဒူရဂါမဝါသီနံ - အနီးဖြစ်သောရွာ၌ နေလေ့ရှိကုန်သော၊ မနုဿာနံ- တို့၏၊ ဝိဟာရဿ- ကျောင်းတိုက်၏၊ (အုန်းခြံ ပိုင်သော ကျောင်းတိုက်၏၊) သမီပေ-၌၊ အာရာမော-အုန်းခြံသည်၊ ဟောတိ-

× × × × × × ×

ခေတ္တံ,ဝတ္ထု။ ။ဧတ္ထ-ဤလယ်၌၊ ပုဗ္ဗဏ္ဏဗီဇံ- ကောက်စပါး မျိုးစေ့ကို၊ (ဇနော- လူအပေါင်းသည်၊) ဝိပတိ-ပစ်ချ၏၊ ဝါ-ကြဲချ၏၊ ဣတိ ခေတ္တံ၊ ဧတ္ထ-ဤယာ၌၊ အပရဏ္ဏ ဗီဇံ-ပဲမျိုးစေ့သည်၊ ဝသတိ ပတိဋ္ဌာတိ-တည်နေတတ်၏၊ ဣတိ ဝတ္ထု၊-ယောဇနာ။

ကပ္ပိယကာရကာဝ။ ။"ကပ္ပိယကာရကာဝါ"ဟုလည်း မူကွဲရှိ၏၊ ဝါသဒ္ဒါဖြင့် ဝိကပ်ပြုလျှင် ပိုင်ဘက်ဖြစ်မှ ပြုနိုင်သည်၊ ဤနေရာ၌ ဝေးခြင်းနှင့် စားခြင်းသည် ပိုင်ဘက် မဟုတ်၊ ထို့ကြောင့် "ကပ္ပိယကာရကာဝ" ဟု အဝဓာရဏရှိသင့်သည်၊ ဆိုလိုရင်း ကား– "အုန်းခြံက ဝေးသောကြောင့် သံဃာက မကြည့်ရှုနိုင်ရကား ထိုခြံမှထွက်သမျှ အုန်းသီးကို ကပ္ပိယကာရကတို့သာ အများအားဖြင့် စားကြ၏၊ မစားနိုင်၍ ကျန်နေ သော အုန်းသီးများကိုလည်း သယ်ယူဘို့ရန် လှည်းခပေးရသောကြောင့် နည်းနည်း ပါးပါးသာ ကျောင်းသို့ ဆောင်ယူနိုင်ကြသည်"–ဟူလို။

ရှိ၏၊ တေ-ထိုလူတို့သည်၊ သံဃံ-ကို၊ ဝါ-သို့၊ ဥပသင်္ကမိတွာ-၍၊ သကေန-မိမိ ဥစ္စာဖြစ်သော၊ အာရာမေန-ခြံဖြင့်၊ တံ အာရာမံ-ထို သံဃာပိုင်ခြံကို၊ ယာစန္တိ-တောင်းကုန်အံ့၊ (ဧဝံသတိ)၊ သံဃေန- သည်၊ ရုစ္စတိ သံဃဿာတိ- ဿ ဟူ၍၊ အပလောကေတွာ-ပန်ပြောပြီး၍၊ သမ္ပဋိစ္ဆိတဗ္ဗော-လက်ခံထိုက်၏၊ [“မည်သည့်ရွာ၌ နေသူတို့၏ အုန်းခြံဖြင့် သံဃာပိုင်အုန်းခြံကို လဲလှယ်ခြင်းကို နှစ်သက်ပါလော”ဟု အပလောကနကံပြု၍ လဲခြင်းကိုလက်ခံထိုက်သည်-ဟူလို၊] ဘိက္ခုနံ-တို့၏၊ (သံဃဿရှိလျှင်ကောင်း၏၊) ရုက္ခသဟဿံ-အုန်းပင်တထောင်သည်၊ သစေပိ ဟောတိ - အကယ်၍မူလည်း ရှိစေဦးတော့၊ (ပိ သဒ္ဒါ သမ္ဘာဝနာဇောတက၊) မနုဿာနံ-တို့၏၊ ပဉ္စသတာနိ-အုန်းပင် ငါးရာတို့သည်၊ (သစေပိ ဟောန္တိ - အကယ်၍မူလည်း ရှိစေကုန်ဦးတော့၊ ပိ သဒ္ဒါ ဂရဟာဇောတက၊ ဧဝံသတိပိ၊) တုမှာကံ - အသင်ဒါယကာတို့၏၊ အာရာမော- သည်၊ ခုဒ္ဒကော- ငယ်၏၊ ဣတိ - ဤသို့၊ န ဝတ္တဗ္ဗံ - မပြောဆိုရာ၊ ဟိ - မှန်၊ (တနည်း, ကသ္မာ-ကြောင့်၊ န ဝတ္တဗ္ဗံ-ရာသနည်း၊) ဟိ (ယသ္မာ)-ကြောင့်၊ အယံ-ဤလူတို့၏အုန်းခြံသည်၊ ကိဥ္စာပိ ခုဒ္ဒကော- အကယ်၍ကား ငယ်ပါပေ၏၊(ကိဥ္စာပိသဒ္ဒါ ဂရဟာဇောတက၊) အထခေါ - ထိုသို့ပင် ငယ်ပါသော်လည်း၊ ဣတရတော - အခြားသော သံဃာပိုင်အုန်းခြံထက်၊ (အုန်းပင်တထောင်ရှိသော အုန်းခြံထက်၊) ဗဟုတရံ-များစွာ၊ အာယံ-အတိုးအပွားကို၊ ဒေတိ-၏၊ (တသ္မာ န ဝတ္တဗ္ဗံ၊) သမကမေဝ-အညီအမျှကိုသာ၊ သစေပိ ဒေတိ-အကယ်၍မူလည်းပေးအံ့၊ ဧဝမ္ပိ-ဤသို့ပေးပါသော်လည်း၊ ဣ စ္ဆိတိစ္ဆိတက္ခဏေ-အလိုရှိအပ်ရာ,အလိုရှိအပ်ရာခဏ၌၊ ပရိဘုဉ္ဇိတုံ-သုံးဆောင်ခြင်းငှါ၊ သက္ကာ-တတ်ကောင်း၏၊ဣတိ-ကြောင့်၊ ဂဟေတဗ္ဗမေဝ - ခံယူရာသည်သာ။

× × × × × × × ×

အာယံ။ ။အာပုဗ္ဗ ဣဓာတ်, အ ပစ္စည်းဖြင့် “အာယ”ဟု ဖြစ်၏၊ “အာယတိ-အုန်းခြံမှ တိုးတက်ဖြစ်လာတတ်၏၊ ဣတိ အာယော” ဟု ပြု၍ အုန်းခြံမှရသော အသီး အသီး၏အဖိုး စသည်ကို “အာယ”ဟု ခေါ်ပါ၊ ယောဇနာ၌ကား-“အယတိ အာယ သာမိကော အနေန ဝနိ ဂစ္ဆတိ အနေနာတိ အာယော-ဥစ္စာရှင်၏ တိုးပွားကြောင်း ဖြစ်သောကြောင့် “အာယ ခေါ်သည်”ဟု ဝိဂ္ဂဟ်ပြုလေ၏၊ အုန်းသီး, အဖိုးအခများပင်တည်း။

သမကမေဝ ဒေတိ။ ။သမကမေဝ ဒေတီတိ ဧတ္ထ ဥနကံ ဒေန္တမ္ပိ (နည်းသော အာယကို ပေးစေကာမူ) ဝိဟာရဝတ္ထုံ သာမန္တံ ဂဟေတွာ (ကျောင်းတိုက်နှင့်နီးသော လူတို့၏ခြံကိုယူ၍) ဒူရတရံ ဒုက္ခဂေါပံ (စောင့်ရှောက်ဖို့ခက်သော သံဃာခြံကို) ဝိသဇ္ဇေတုံ ဝဋ္ဋတိတိ ဒဋ္ဌဗ္ဗံ၊ ဝဏ္ဏတိ ဟိ “ဘိက္ခူနံ စေ မဟဂ္ဃတရံ၊ပေ၊သမ္ပဋိစ္ဆိတုံ ဝဋ္ဋတီတိ၊-ဝိမတိ။ [ဝိနယာလင်္ကာရ၌ “ဒုက္ခဂေါပံ” နေရာဝယ် “ရုက္ခဂေါပံ” ဟု ရှိ၏၊ “ဒုက္ခဂေါပံ”သည်, အဓိပ္ပါယ်ကောင်းသော်လည်း သဒ္ဒါထုံးစံမကျ၊ “ဒုဂ္ဂေါပံ ”ဟု ရှိမှ သဒ္ဒါထုံးစံကျသည်။]

ပန- ဆက်၊ မနုဿာနံ- တို့၏၊ ဗဟုတရာ- များကုန်သော၊ ရက္ခာ- တို့သည်၊ သစေ ဟောန္တိ၊ (ဧဝံသတိ)၊ တုမှာကံ-အသင်ဒါယကာတို့၏၊ ရက္ခာ-တို့သည်၊ ဗဟုတရာနနု-သာ၍များကုန်သည်မဟုတ်ကုန်လော၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ-ပြောဆိုရာ၏၊ အတိရေကံ-အပိုအလွန်သည်၊ အမှာကံ-တပည့်တော်တို့၏၊ ပုညံ-သည်၊ ဟောတု - ဖြစ်ပါစေ၊ သံဃဿ - အား၊ ဒေမ- လှူပါကုန်၏၊ ဣတိ-သို့၊ သစေ ဝဒန္တိ-နှ်အံ့၊ (ဧဝံသတိ)၊ ဇာနာပေတွာ - သံဃာကို သိစေပြီး၍၊ သမ္ပဋိစ္ဆိတုံ-လက်ခံခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ ဘိက္ခူနံ-တို့၏၊ ရက္ခာ-တို့သည်၊ ဖလဓာရိနော-အသီးကိုဆောင်ကုန်သည်၊(အသီးသီးကုန်သည်၊)(ဟောန္တိ)၊ မနုဿာနံ-တို့၏၊ ရက္ခာ-တို့သည်၊ ဖလံ-ကို၊ န တာဝ ဂဏှန္တိ-မယူကုန်သေးအံ့၊ ကိဥ္စာပိ န ဂဏှန္တိ - အကယ်၍မူလည်း မယူကုန်သေး၊ (ပန - ထိုသို့ပင် မယူကုန်သေးပါသော်လည်း)၊ န စိရေန- မကြာမြင့်မီ၊ (ဖလံ-ကို၊) ဂဏှိဿန္တိ-ယူကုန်လတ့်၊ ဣတိ—ဤသို့ဖြစ်လျှင်၊ သမ္ပဋိစ္ဆိတဗ္ဗမေဝ — လက်ခံရာသည်သာ၊ မနုဿာနံ — တို့၏၊ ရက္ခာ-တို့သည်၊ ဖလဓာရိနော -ကုန်သည်၊ (ဟောန္တိ)၊ ဘိက္ခူနံ-တို့၏၊(ရက္ခာ) ဖလံ- ကို၊ န တာဝ ဂဏှန္တိ- အကယ်၍ မယူကုန်သေးသည်ဖြစ်အံ့၊ (ဧဝံသတိ)၊ တုမှာကံ- တို့၏၊ ရက္ခာ-တို့သည်၊ ဖလဓာရိနော နနု-အသီးကို ဆောင်ကုန်သည်မဟုတ်ကုန်လော၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ၊ ဘန္တေ-အရှင်ဘုရားတို့၊ ဂဏှထ-ခံယူကြပါကုန်၊ အမှာကံ- တို့၏၊ ပုညံ-သည်၊ ဘဝိဿတိ-လတ့်၊ ဣတိ- ဤသို့လျှော်၍၊ သစေ ဒေန္တိ-အကယ်၍ လှူကုန်အံ့၊ (ဧဝံသတိ)၊ ဇာနာပေတွာ-သံဃာထိုသိစေ၍၊ သမ္ပဋိစ္ဆိတုံ- ငှါ၊ ဝဋ္ဋတိ၊ [နိဂုံးပြလို၍ ဧဝံ စသည်မိန့်၊] ဧဝံ - ဤသို့လျှင်၊ အာရာမေန- ဖြင့်၊ အာရာမော- ကို၊ ပရိဝတ္တေတဗ္ဗော-လဲလှယ်ထိုက်၏၊ ဧတေ နေဝနယေန- ဤနည်းဖြင့်ပင်၊ အာရာမဝတ္ထုပိ - ကိုငှ်း၊ ဝိဟာရောပိ- ကိုငှ်း၊

× × × × × × ×

နနု တုမှာကံ၊ပေ၊ဝတ္တဗ္ဗံ။ ။ဥစ္စာရှင်တို့သည် မိမိတို့သစ်ပင်ကများနေကြောင်းကို မသိ၍ လဲလှယ်ကြလျှင် (ထိုသို့ များမှန်းသိလျက်) ထေယျစိတ်ဖြင့် လဲယူသောရဟန်းမှာ ခိုးရာရောက်သောကြောင့်“အသင်ဒါယကာတို့ သစ်ပင်တွေက များသည်မဟုတ်လား” ဟူသော ဤစကားကိုပြောကြရသည်။ [ဋီဒံ သာမိကေသု အတ္တနော ဘဏ္ဍဿ မဟဂ္ဃတံ အဇာနိတွာ ဒေန္တေသု တံ ဉတွာ ထေယျစိတ္တေန ဂဏှတော အဝဟာရော ဟောတီတိ ဝုတ္တံ၊– ဝိမတိ၊ ဝိမတိ၌ ဤအဖွင့်ကို ဇာနာပေတွာ၏နောက်မှ ဖွင့်ထား၏၊ ရှေ့နောက်ပြန်နေဟန် တူသည်။]

ဇာနာပေတွာ။ ။“ဘိက္ခုသံဃံ ဇာနာပေတွာ”ဟု ဋီကာတို့ဖွင့်ကြ၏၊ ဝိနယာလင်္ကာရဋီကာ၌ ထိုဇာနာပေတွာ ဟူသော ဋီကာစကားကို “အပလောကေတွာတိ အတ္ထော”ဟု အဓိပ္ပါယ်ဖွင့်၏၊ သံဃာအား ပန်ပြောခြင်းကို“ဇာနာပေတွာ”ဟု ဆိုလိုသည်၊ ယောဇနာ၌ကား “သံဃေ ဒိန္နံ မဟပ္ဖလန္တိ သံဃဿ ဒိန္နဒါနဿ အာနိသံသံ မနုဿာနံ ဇာနာပေတွာ”ဟု ဖွင့်၏။

ဝိဟာရဝတ္ထုပိ- ကိုငင်း၊ အာရာမေန- ဖြင့်၊ ပရိဝတ္တေတဗ္ဗံ - လဲလှယ်ရာ၏၊ စ— ဆက်၊ မဟန္တေနဝါ-ကြီးသည့်မူလည်းဖြစ်သော၊ ခုဒ္ဒကေနဝါ-ငယ်သည့်မူလည်း ဖြစ်သော၊ အာရာမဝတ္ထုနာ- အာရာမ်ရာဖြင့်၊ အာရာမ အာရာမဝတ္ထု ဝိဟာရ ဝိဟာရဝတ္ထူနိ - တို့ကို၊ (ပရိဝတ္တေတဗ္ဗာနိ - နှ၏။)

ကထံ-အဘယ်သို့လျှင်၊ ဝိဟာရေန-ဖြင့်၊ ဝိဟာရော-ကို၊ ပရိဝတ္တေတဗ္ဗော- ထိုက်သနည်း၊ သံဃဿ- ၏၊ အန္တောဂါမေ - ရွာတွင်း၌၊ ဂေဟံ - အိမ်သည်၊ ဟောတိ—ရှိ၏၊(ကျောင်းတိုက်အား လှူထားသော အိမ်ရှိ၏၊) မနုဿာနံ- တို့၏၊ ဝိဟာရမဇ္ဈေ — ကျောင်းတိုက်၏ အလယ်၌၊ ပါသာဒေါ — ပြာသာဒ်သည်၊ (ဟောတိ)၊ ဥဘောပိ- အိမ်ပြာသာဒ် ၂ မျိုးလုံးတို့သည်လည်း၊ အဃ္ဃေန-အဖိုး အားဖြင့်၊ သမကာ - ညီမျှကုန်သည်၊ (ဟောန္တိ - နှအံ့၊) မနုဿာ - တို့သည်၊ တေန ပါသာဒေန-ဖြင့်၊ တံ ဂေဟံ-ကို၊ သစေ ယာစန္တိ-အကယ်၍ တောင်းကုန် အံ့၊(ဇဝံ သတိ)၊ သမ္ပဋိစ္ဆိတုံ- လက်ခံခြင်းငှါ၊ ဝဋ္ဋတိ- အပ်၏၊ ဘိက္ခူနံ—တို့၏၊ မဟဂ္ဃတရံ- များသော အဖိုးရှိသော၊ ဂေဟံ-သည်၊ စေ ဟောတိ - အကယ်၍ ဖြစ်အံ့၊(ဇဝံသတိ)အမှာကံ-တို့၏၊ ဂေဟံ-သည်၊ မဟဂ္ဃတရံ- များသော အဖိုး ရှိ၏၊ ဣတိ-သို့၊ ဝုတ္တေ-ပြောဆိုအပ်သော်၊ မဟဂ္ဃတရံ—များသော အဖိုးရှိသည်၊ ကိဥ္စာပိ (ဟောတိ)- အကယ်၍ကား ဖြစ်ပါပေ၏၊ (ပန-ထိုသို့ပင် ဖြစ်ပါသော် လည်း၊) ပဗ္ဗဇိတာနံ-ရဟန်းတို့အား၊ အသာရုပ္ပံ- မလျော်ကပ်ပါ၊ တတ္ထ—ထို အိမ်၌၊ ပဗ္ဗဇိတေဟိ-တို့သည်၊ ဝသိတုံ-နေခြင်းငှါ၊ န သက္ကာ-မတတ်ကောင်းပါ၊ ဣဒံ ပန — ပြာသာဒ်တည်းဟူသော ဤအိမ်သည်ကား၊ သာရုပ္ပံ - လျော်ကပ် ပါ၏၊ ဂဏှထ-ခံယူတော်မူပါကုန်၊ ဣတိ-သို့၊ (စေ)ဝဒန္တိ-အကယ်၍ လျော်ကပ် ကုန်အံ့၊ ဇဝမ္ပိ-ဤသို့ လျော်ကပ်ပြန်သော်လည်း၊ သမ္ပဋိစ္ဆိတုံ-ငှါ၊ ဝဋ္ဋတိ-၏။

ပန—ဆက်၊ မနုဿာနံ-တို့၏၊(ဂေဟံ-ပြာသာဒ်တည်းဟူသော အိမ်သည်၊) မဟဂ္ဃံ—သည်၊ စေ ဟောတိ၊ (ဇဝံ သတိ)၊ တုမှာကံ - တို့၏၊ ဂေဟံ - သည်၊ မဟဂ္ဃံနနု-များသော အဖိုးရှိသည် မဟုတ်လော၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ - ပြောဆို ရာ၏၊ ဘန္တေ-အရှင်ဘုရားတို့၊ ဟောတု-ဖြစ်ပါစေ၊(အဖိုးများချင် များပါစေ)

× × × × × × ×

ဝိဟာရေန၊ပေ၊ပရိဝတ္တေတဗ္ဗော။ ၊ဝိဟာရေန ဝိဟာရော ပရိဝတ္တေတဗ္ဗော တိ သဝတ္ထုကေန (တည်ရာမြေဟူသော ဝတ္ထုနှင့် တကွဖြစ်သော ပြာသာဒ်ဖြင့် သော် ငင်း၊) အညေသံ ဘူမိယံ ကတပါသာဒါဒိနာ အဝတ္ထုကေနဝါ (သူတပါး ပိုင်သော မြေ၌ တည်သောကြောင့် တည်ရာဝတ္ထုမရှိသော ပြာသာဒ်ဖြင့်သော်ငင်း) သဝတ္ထုကံ (တည်ရာမြေဟူသော ဝတ္ထုနှင့် တကွဖြစ်သော အိမ်ကို) ပရိဝတ္တေတဗ္ဗံ၊ အဝတ္ထုကံ ပန အဝတ္ထုကေနေဝ ပရိဝတ္တေတဗ္ဗံ၊ ကေဝလံ ပါသာဒဿ ဘူမိတော (မြေထက်) အထာဝရတ္တာ (ထာဝရ မဟုတ်သည်၏ အဖြစ်ကြောင့်တည်း)၊ ဇဝံ ထာဝရေသုပိ ထာဝရဝိဘာဂံ ဉတွာဝ ပရိဝတ္တေတဗ္ဗံ။—၊ဝိမတိ။

အမ္ဗာကံ—တို့၏၊ ပုညံ-သည်၊ ဘဝိဿတိ—လတ့ံ၊ ဂဏှထ- ခံယူတော်မူပါကုန်၊ ဣတိ-သို့၊ ဝုတ္တေ ပန-လျှောက်အပ်သော်ကား၊ သမ္ပဋိစ္ဆိတုံ - ငှါ၊ ဝဋ္ဋတိ - ၏၊ ဧဝံ-ဤသို့လျှင်၊ ဝိဟာရေန-ဖြင့်၊ ဝိဟာရော- ကို၊ ပရိဝတ္တေတဗ္ဗော - ထိုက်၏၊ ဧတေနေဝ နယေန- ဤနည်းဖြင့်ပင်၊ ဝိဟာရဝတ္ထုပိ - ကိုငှင်း၊ အာရာမောပိ- ကိုငှင်း၊ အာရာမဝတ္ထုပိ—ကိုငှင်း၊ ပရိဝတ္တေတဗ္ဗံ - လဲလှယ်ရာ၏၊ စ - ဆက်၊ မဟဂ္ဃေနဝါ – များသော အဖိုးရှိသည်မူလည်း ဖြစ်သော၊ အပ္ပဂ္ဃေနဝါ— နည်းသော အဖိုးရှိသည်မူလည်း ဖြစ်သော၊ ဝိဟာရဝတ္ထုနာ - ကျောင်းရာဖြင့်၊ ဝိဟာရ ဝိဟာရဝတ္ထု အာရာမ အာရာမဝတ္ထူနိ - တို့ကို၊ (ပရိဝတ္တေတဗ္ဗာနိ၊) ဧဝံ-သို့လျှင်၊ တာဝ - ဂရုဘဏ်မှ ရှေးဦးစွာ၊ ထာဝရေန - ထာဝရဝတ္ထုဖြင့်၊ ထာဝရပရိဝတ္တနံ-ထာဝရဝတ္ထုကို လဲလှယ်ခြင်းကို၊ ဝေဒိတဗ္ဗံ-သိထိုက်၏။

ပန-ကား၊ ဂရုဘဏ္ဍေန—ဖြင့်၊ ဂရုဘဏ္ဍပရိဝတ္တနေ— ဂရုဘဏ်ကို လဲလှယ်ရာ၌၊ မဉ္စပီဌံ - ညောင်စောင်း အင်းပျဉ်သည်၊ မဟန္တံဝါ - ကြီးသည်မူလည်း၊ ဟောတု- ဖြစ်စေ၊ ခုဒ္ဒကံဝါ- ငယ်သည်မူလည်း၊ ဟောတု၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ စတုရင်္ဂုလပါဒကံ-လက် ၄ သစ် အခြေရှိသော၊ ဂါမဒါရကေဟိ-ရွာသားကလေးတို့သည်၊ ပံသွာဂါရကေသု— မြေအိမ်တို့၌၊ ကီဠနကမဉ္စကေဟိ—ကစားကုန်စဉ်၊ ကတမ္ပိ - ပြုအပ်သော ညောင်စောင်း အင်းပျဉ်သည်လည်း၊ သံဃဿ-အား၊ ဒိန္နကာလတော - လှူအပ်ရာ အခါမှ၊ ပဋ္ဌာယ-၍၊ ဂရုဘဏ္ဍံ— သည်၊ ဟောတိ။[ရွှံ့တို့ကို နယ်၍ ထို ရွှံ့မြေဖြင့် ပြုလုပ်အပ်သော အိမ်ကို "ပံသွာဂါရက"ဟု ခေါ်ဟန်တူ၏၊ ယောဇနာ၌ကား- "ဖုံကစားဘို့ရန် ပြုအပ်သော အိမ်"ဟု ဆို၏၊]ရာဇရာဇမဟာမတ္တာဒယော-မင်း မင်း၏အမတ်ကြီးအစရှိသူတို့သည်၊ ဧကေပြဟာရေနေဝ-တပြိုင်နက်တည်းဖြင့်ပင်၊ မဉ္စသတံဝါ-ညောင်စောင်း တရာကိုသော်၎င်း၊ မဉ္စသဟဿံဝါ — ညောင်စောင်း တထောင်ကို သော်၎င်း၊ သစေပိ ဒေန္တိ - အကယ်၍မူလည်း လှူကုန်အံ့၊ (ဧဝံ သတိ)၊ သဗ္ဗေ—အလုံးစုံကုန်သော၊ ကပ္ပိယမဉ္စာ-အပ်သော ညောင်စောင်းတို့ကို၊ သမ္ပဋိစ္ဆိတဗ္ဗာ-လက်ခံထိုက်ကုန်၏၊ [ကပ္ပိယမဉ္စာ သမ္ပဋိစ္ဆိတဗ္ဗာတိ ဣမိနာ သုဝဏ္ဏာဒိ ဝိစိတ္တံ အကပ္ပိယမဉ္စံ "သံဃဿာ"တိ ဝုတ္တေပိ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတီတိ ဒဿေတိ၊ "ဝိဟာရဿ ဒေမာ " တိ ဝုတ္တေ သံဃဿ ဝဋ္ဋတိ၊ န ပုဂ္ဂလဿ၊ ခေတ္တာဒိဝိယာတိ ဒဋ္ဌဗ္ဗံ၊— ဝိမတိ။] သမ္ပဋိစ္ဆိတွာ-၍၊ ဝုဍ္ဎပဋိပါဋိယာ-ကြီးသူတို့၏ အစဉ်အားဖြင့်၊(ကြီးစဉ်ငယ်လိုက်၊) သံဃိကပရိဘောဂေန- သံဃိက ညောင်စောင်းကို သုံးစွဲနည်းဖြင့်၊ ပရိဘုဉ္ဇထ-သုံးစွဲကြပါကုန်၊ ဣတိ-ဤသို့ လျှောက်၍၊ ဒါတဗ္ဗာ - ပေးဝေထိုက်ကုန်၏၊ ပုဂ္ဂလိကဝသေန-ပုဂ္ဂလိက၏အစွမ်းဖြင့်၊ နဒါတဗ္ဗာ-မပေးဝေထိုက်ကုန်၊ (အဝိသဇ္ဇိယ အဝေဘင်္ဂိယ ဘဏ္ဍာဖြစ်သောကြောင့် ပုဂ္ဂလိကဖြစ်အောင် မပေးထိုက်၊ မဝေဘန်ထိုက်၊)အတိရေကမဉ္စေ-အပိုအလွန် ဖြစ်သော ညောင်စောင်း

တို့ကို၊ (ဝေပြီး၍ ပိုနေသော ညောင်စောင်းတို့ကို၊) ဘဏ္ဍာဂါရာဒီသု - ဘဏ္ဍာ တိုက်အစရှိသော အရပ်တို့၌၊ ပညပေတွာ-ခင်းပြီး၍၊ ပတ္တစီဝရံ-သပိတ်သင်္ကန်း ကို၊ နိက္ခိပိတုမ္ပိ-ထားခြင်းငှါလည်း၊ ဝဋ္ဋတိ-၏။

ဗဟိသီမာယ — ဥပစာရသိမ်၏ ပြင်ဘက်၌၊ သံဃဿ ဒေမာတိ- မ ဟူ၍၊ (ဝတွာ-လျှောက်ပြီး၍၊)ဒိန္နမဉ္စော-လှူအပ်သော ညောင်စောင်းကို၊ သံဃတ္ထေရ ဿ-၏၊ ဝသနဋ္ဌာနေ- နေရာအရပ်၌၊ ဒါတဗ္ဗော - ပေးဝေထိုက်၏၊ တတ္ထ-ထို သံဃထေရ်၏ နေရာအရပ်၌၊ ဗဟူ - များစွာကုန်သော၊ မဉ္စာ - တို့သည်၊ စေ ဟောန္တိ-န်အံ့၊ မဉ္စေန- ဖြင့်၊ ကမ္မံ - အလုပ်သည်၊ စေ နတ္ထိ-အံ့၊ (ဧဝံ သတိ)၊ ယဿ-အကြင် ရဟန်း၏၊ ဝသနဋ္ဌာနေ-၌၊ ကမ္မံ-သည်၊ အတ္ထိ-၏၊ တတ္ထ - ထို ရဟန်း၏ နေရာအရပ်၌၊ သံဃိကပရိဘောဂေန-ဖြင့်၊ ပရိဘုဉ္ဇထ-ကုန်၊ ဣတိ- ဤသို့ လျှောက်၍၊ ဒါတဗ္ဗော-ပေးဝေထိုက်၏၊ မဟဂ္ဃေန - များသော အဘိုးရှိ သော၊ သတဂ္ဃနကေန ဝါ-တရာထိုက်တန်သည်မူလည်းဖြစ်သော၊ သဟဿဂ္ဃန ကေန ဝါ - တထောင် ထိုက်တန်သည်မူလည်း ဖြစ်သော၊ သတသဟဿဂ္ဃန ကေန ဝါ- တသိန်း ထိုက်တန်သည်မူလည်း ဖြစ်သော၊ (မဟဂ္ဃေနကို ထပ်ဖွင့် သည်၊) မဉ္စေန-ဖြင့်၊ အညံ - အခြားသော၊ မဉ္စသတံ—ညောင်စောင်း တရာကို၊ လဘတိ-ရနိုင်အံ့၊(ဧဝံ သတိ)၊ပရိဝတ္တေတွာ-လဲလှယ်၍၊ ဂဟေတဗ္ဗံ-ယူနိုင်၏၊ (သံဃာ အများအား ကျေးဇူး များသောကြောင့် လဲလှယ်၍ ယူနိုင်သည်)၊ ကေဝလံ-အာရာမစသည်မဖက် သက်သက်၊ မဉ္စေန-ဖြင့်၊ မဉ္စောယေဝ-ကိုသာ၊ (ပရိဝတ္တေတဗ္ဗော-လဲလှယ်ထိုက်သည်ကား၊)န-မဟုတ်သေး၊ အာရာမ အာရာမ ဝတ္ထု ဝိဟာရ ဝိဟာရဝတ္ထု ပီဌ ဘိသိ ဗိမ္ဗောဟနာနိပိ-အာရာမ်, အာရာမ်ရာ, ကျောင်း, ကျောင်းရာ, အင်းပျဉ်, ဘုံလျို, ခေါင်းအုံးတို့ကိုလည်း၊ ပရိဝတ္တေတုံ- ငှါ၊ ဝဋ္ဋန္တိ-န်၏။(အချို့စာ၌ "ဝဋ္ဋတိ"ဟု ရှိ၏၊ ပရိဝတ္တေတုံ-ငှါ၊ ဝါ- သည်၊ ဝဋ္ဋတိ-အပ်၏" ဟု ပေး၊) [ပရိဝတ္တေတုံ ဝဋ္ဋန္တီတိ ဣမိနာ အထာဝရေန ထာဝရမ္ပိ အထာဝရမ္ပိ ပရိဝတ္တေတုံ ဝဋ္ဋတီတိ ဒဿေတိ၊ ထာဝရေန အ ထာဝရမေဝ ဟိ ပရိဝတ္တေတုံ န ဝဋ္ဋတိ၊--သာရတ္ထ။] ပီဌ ဘိသိဗိမ္ဗောဟနေသုပိ- တို့၌လည်း၊ ဧသ(ဧသော)—ဤ ဆိုအပ်ပြီးသော အစီအရင်သည်၊ နယော— ဆောင်ကြောင်း အစီအရင်တည်း၊ ဟိ — ဆက်၊ ဧတေသု — ဤ ညောင်စောင်း အင်းပျဉ်အစရှိသော ဝတ္ထုတို့၌၊ ကပ္ပိယာကပ္ပိယံ- အပ်သောဝတ္ထု, မအပ်သော ဝတ္ထုသည်၊ ဝုတ္တနယမေဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ [ဧတေသူတိ မဉ္စာ ဒီသု၊ ကပ္ပိယာကပ္ပိယံ ဝုတ္တနယ မေဝါတိ အာသန္ဒိ တူလိကာဒ္ဝိနိစ္ဆယေသု (အာသန္ဒိ , တူလိကာ အစရှိသည်တို့၏ အဆုံးအဖြတ်တို့၌) ဝုတ္တနယ မေဝ- (မဟာဝဂ္ဂ, စမ္မက္ခန္ဓက ဥစ္စာသယန မဟာသယန အဖွင့်၌ ဆိုအပ်ပြီးသောနည်း ရှိသည်သာ၊)-ဝိမတိ]။

တတ္ထ—ထို ကပ္ပိယ, အကပ္ပိယတို့တွင်၊ အကပ္ပိယံ-အကပ္ပိယဖြစ်သော မဉ္စပီဌ စသည်ကို၊ န ပရိဘုဉ္ဇိတဗ္ဗံ-မသုံးစွဲထိုက်၊ ကပ္ပိယံ-ကပ္ပိယဖြစ်သော မဉ္စပီဌစသည်ကို၊ သံဃိကပရိဘောဂေန - သံဃိက ပစ္စည်းကို သုံးစွဲနည်းဖြင့်၊ ပရိဘုဉ္ဇိတဗ္ဗံ-ထိုက်၏၊ အကပ္ပိယံဝါ-အကပ္ပိယဖြစ်သော မဉ္စပီဌစသည်ကိုသော်၎င်း၊ မဟဂ္ဃံ-များသော အဖိုးရှိသော၊ ကပ္ပိယံဝါ— ကပ္ပိယဖြစ်သော မဉ္စပီဌ စသည်ကိုသော်၎င်း၊ ပရိဝတ္တေတွာ — လဲလှယ်၍၊ ဝဋ္ဋဝတ္ထူနိ— ဆိုအပ်ပြီးသော ဝတ္ထုတို့ကို၊ ဂဟေတဗ္ဗာနိ-ယူထိုက်ကုန်၏၊ ပန-ကား၊ အဂရုဘဏ္ဍုပဂံ- ဂရုဘဏ်အဖြစ်သို့ မကပ်ရောက်သော၊ ဘိသိဗိမ္ဗောဟနံ နာမ-မည်သည်၊ နတ္ထိ၊ "လုံးလုံး ပုဂ္ဂလိက မရှိရ"ဟု မဆိုလို၊ "သံဃိကဖြစ်လျှင်သာ ဂရုဘဏ် မဟုတ်သော ဘိသိဗိမ္ဗောဟနမည်သည် မရှိ" ဟု ဆိုလိုသည်။)

လောဟကုမ္ဘီ- သံ, ကြေးတို့ဖြင့် ပြုအပ်သော အိုးရင်း၊ လောဟဘာဏကံ- သံ,ကြေးတို့ဖြင့်ပြုအပ်သော ရေလှောင်အိုးစရည်းရင်း၊["ဘာဏကော တု အရဉ္ဇရော—အဘိဓာန်"—၄၅၆] လောဟကဋာဟံ- သံ, ကြေးတို့ဖြင့် ပြုအပ်သော ဖျဉ်းအိုးရင်း၊ ဣတိ- သို့၊ ဣမာနိ တီဏိ- ဤ ၃ မျိုးတို့သည်၊ မဟန္တာနိဝါ- ကြီးကုန်သည်မူလည်း၊ ဟောန္တု- ဖြစ်စေကုန်၊ ခုဒ္ဒကာနိဝါ- ငယ်ကုန်သည်မူလည်း၊ ဟောန္တု၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ပသတမတ္တ ဥဒကဂ္ဂဏှနကာနိ - တလက်ဖက်မျှသော ရေကို ယူနိုင်ကုန်သည်၊ (သမာနာနိ)ပိ-ဖြစ်ကုန်သော်လည်း၊ ဂရုဘဏ္ဍာနိဝေယ - ဂရုဘဏ်တို့ချည်းသာတည်း၊ ပန-ကား၊ လောဟဝါရကော - သံရေအိုး ကြေးရေအိုးကို၊ ကာဠလောဟ တမ္ဗလောဟ ဝဋ္ဋလောဟ ကံသလောဟာနံ- သံ, ကြေးနီ, ကြေးပုတ်, ကြေးဖြူတို့တွင်၊ ယေနကေနစိ- အမှတ်မထား တပါးပါးသော သံ, ကြေးဖြင့်၊ ကတော-ပြုအပ်သော၊သီဟဠဒီပေ-သီဟိုဠ်ကျွန်း၌၊ပါဒဂ္ဂဏှနကော-တပါဒကိုယူနိုင်သော

× × × × × × ×

အကပ္ပိယံ ကပ္ပိယံဝါ။ ။အကပ္ပိယံဝါ မဟဂ္ဃံ ကပ္ပိယံဝါတိ ဧတ္ထ အကပ္ပိယံနာမ သုဝဏ္ဏမယ မဉ္စာဒိ အကပ္ပိယဘိသိဗိမ္ဗောဟနာန် စ၊ မဟဂ္ဃံ ကပ္ပိယံနာမ ဒန္တမယ မဉ္စာဒိ ပါဝါရာဒိ ကပ္ပိယအတ္ထရဏာဒီနိ စ၊— သာရတ္ထ၊ အကပ္ပိယံဝါ အာသန္ဒိအာဒိ ပမာဏာတိက္ကန္တံ ဗိမ္ဗောဟနာဒိစ၊ မဟဂ္ဃံ ကပ္ပိယံဝါတိ သုဝဏ္ဏာဒိ ဝိစိတ္တံ ကပ္ပိယ ဝေါဟာရေန ဒိန္နံ၊—ဝိမတိ။ [အကပ္ပိယံဝါ မဟဂ္ဃ ကပ္ပိယံဝါတိ ကပ္ပိယေနဝါ မဟဂ္ဃ ကပ္ပိယေနဝါ ပရိဝတ္တေတွာတိ သမ္ဗန္ဓော၊ — ယောဇနာ။ (ဤယောဇနာ၌ မဟဂ္ဃံ ကပ္ပိယံဝါ နေရာဝယ် "မဟဂ္ဃကပ္ပိယံဝါ"ဟု သမာသ်ရှိ၏၊ ပရိဝတ္တေတွာ၏ လဲလှယ်ကြောင်း ကရိုဏ်းကိုလည်း "ကပ္ပိယေနဝါ မဟဂ္ဃကပ္ပိယေနဝါ"ဟု အဓိပ္ပာယ်ထည့်သည်။]

ဝိမတိ။ ။"ကာဠလောဟ၊ပေ၊ဘာဇနဝဗ္ဗော"တိ ဝုတ္တတ္တာ ဝဋ္ဋကံသ လောဟ မယမ္ပိ ဘာဇနံ ပုဂ္ဂလိကမ္ပိ သမ္ပဋိစ္ဆိတုမ္ပိ ပရိဟရိတုမ္ပိ ဝဋ္ဋတိ၊ ပုဂ္ဂလပရိဟရိတဗ္ဗသောဝ (ပုဂ္ဂိုလ်၏ ဥစ္စာအဖြစ်ဖြင့် ဆောင်ယူနိုင် သိမ်းထားနိုင်သော ဘဏ္ဍာ၏သာ) ဘာဇေ

သံရေအိုး ကြေးရေအိုးကို၊ ဘာဇေတဗ္ဗော — ဝေဘန်ကောင်း၏၊ စ — ဆက်၊ ပါဒေါနာမ-ပါဒမည်သည်၊ ဝါ-ပါဒဆန့်သော ကြေးအိုးမည်သည်၊ မဂဓနာဠိ ယာ—မဂဓကွမ်းစားဖြင့်၊ ပဉ္စနာဠိမတ္တံ-ငါးကွမ်းစားမျှကို၊ ဂဏှာတိ-ယူနိုင်၏၊ ဝါ-ဆန့်၏၊ တတော-ထိုငါးကွမ်းစားဆန့်သော အိုးထက်၊အဓိကဂ္ဂဏှနကော- အပိုအလွန်ကို ယူသော အိုးသည်၊(အပိုအလွန်ဆန့်သော အိုးသည်၊)ဂရုဘဏ္ဍံ- ဂရုဘဏ်တည်း၊ တာဝ-ပါဠိ အနာဂတမှ ရှေဦးစွာ၊ ဣမာနိ-ဤ အိုးတို့သည်၊ ပါဠိယံ-ပါဠိတော်၌၊ အာဂတာနိ-လာကုန်သော၊ လောဟဘာဇနာနိ-သံအိုး, ကြေးအိုးတို့တည်း။ [" လောဟကုမ္ဘီ လောဟဘာဏကံ လောဟဝါရကော လောဟကဋာဟံ "ဟု ပါဠိတော်၌လာသည်။]

ပန- ကား၊ ပါဠိယံ- ၌၊ အနာဂတာနိပိ- မလာသည်လည်း ဖြစ်ကုန်သော၊ ဘိင်္ဂါရ—ရေကယား၊ ဝါ-ရေတကောင်း၊ ပဋိဂ္ဂဟ-ထွေးခံ၊ ဝါ—လက်ဆေးခံ၊ ဥဠုင်္က-ရေမှုတ်၊ ဒဗ္ဗိ-ယောင်းမ၊ ကဋစ္ဆု-ယောက်ချို၊ ဝါ-ဇွန်း၊ ပါတိ- ခွက်၊ တဋ္ဋက-စလောင်း၊ သရက-ရေသောက်ခွက်၊ သမုဂ္ဂ-သေတ္တာ၊[သံဘဏ္ဍာ ကြေး ဘဏ္ဍာ အခန်းဖြစ်၍ ဖါ, ပခြုပ်"ဟု မပေးရ။] အင်္ဂါရကပလ္လ - မီးအိုးကင်း၊ ဓူမကဋစ္ဆု အာဒီနိ— မီးမွှေ ယောင်းမ အစရှိသော ဘဏ္ဍာတို့သည်၊ ခုဒ္ဒကာနိ ဝါ-ငယ်သော ဘဏ္ဍာတို့သည်ငှင်း၊ မဟန္တာနိဝါ- ကြီးသော ဘဏ္ဍာတို့သည် ငှင်း၊ သဗ္ဗာနိ-အလုံးစုံသော ဘဏ္ဍာတို့သည်၊ ဂရုဘဏ္ဍာနိ-ဂရုဘဏ်တို့တည်း၊ ပတ္တော - သပိတ်ငှင်း၊ အယထာလကံ - သံခွက်ငှင်း၊ တမ္ဗလောဟထာလကံ- ကြေးနီခွက်ငှင်း၊ ဣတိ-သို့၊ ဣမာနိ ပန-ဤ ဘဏ္ဍာတို့ကိုကား၊ ဘာဇနီယာနိ— ဝေဘန်ကောင်းကုန်၏၊ [မဟာပစ္စရိဝါဒကို ပြလို၍ ကံသလောဟ ဝဋ္ဋလောဟ စသည်မိန့်၊] ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ-ကြေးဖြူ ကြေးပုတ်တို့ ဖြင့် ပြုအပ်သော ခွက်အထူးသည်၊ သံဃိကပရိဘောဂေန ဝါ-သံဃိကပစ္စည်းကို သုံးစွဲနည်းဖြင့်သော်ငှင်း၊ [မိမိထက် ကြီးသော ရဟန်းလာလျှင် ထိုပုဂ္ဂိုလ်အား သုံးခွင့်ပေးခြင်းကို " သံဃိကပစ္စည်း သုံးစွဲနည်း" ဟု ဆိုသည်။] ဂိဟိဝိကဋာ- လူတို့ အထူးပြုအပ်သောဥစ္စာသည်၊(သမာနာ)ဝါ-ဖြစ်သော်ငှင်း၊(ပရိဘုဉ္ဇိတုံ- သုံးစွဲခြင်းငှါ၊) ဝဋ္ဋတိ၊ ပုဂ္ဂလိကပရိဘောဂေန—ပုဂ္ဂလိက ပစ္စည်းကို သုံးစွဲ

× × × × × × ×

တဗ္ဗတ္တာတိ ဝဒန္တိ၊ တံ ဥပရိ " ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ သံဃိက ပရိဘောဂေန ဝါ ဂိဟိဝိကဋာဝါ ဝဋ္ဋတီ"တိ အာဒိဝေကေန မဟာပစ္စရိ ဝစနေန ဝိရုဇ္ဈတိ၊ ဣမဿ ဟိ "ဝဋ္ဋလောဟ ကံသလောဟာနံ ဗွယေန ဓကေနစိ ကတော သီဟဋ္ဌဒီပေ ပါဒ ဂ္ဂဏှနကော ဘာဇေတဗ္ဗော"တိ ဝုတ္တဿ မဟာအဋ္ဌကထာဝစနဿ ပဋိက္ခေပါယ တံ မဟာပစ္စရိဝစနံ ပစ္ဆာ ဒဿိတံ၊တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံကိဉ္စိ ပါဒဂ္ဂဏှ နကဝါရကမ္ပိ ဥပါဒါယ အဘာဇနီယမေဝ၊ ဂိဟီဟိ ဒိယျမာနမ္ပိ ပုဂ္ဂလဿ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတီတိ။

၃၅ (ဒုဋ္ဌဝဋ္ဋ).

နည်းဖြင့်၊ (ပရိဘုဥ္ဇိတုံ-၄ါ၊) န ဝဋ္ဋတိ - မအပ်၊ ဟိ - မှန်၊ ကံသလောဟာဒိဘာဇနံ-ကြေးဖြူအစရှိသည်တို့ဖြင့် ပြုအပ်သော ခွက်သည်၊ သံဃဿ - အား၊ ဒိန္နံ-လှူအပ်သည်၊ (သမာနံ) ပိ - သော်လည်း၊ ပါရိဟာရိယံ - သွားလေရာရာ ဆောင်ယူအပ်သည်၊ (ဟုတွာ, ပရိဘုဥ္ဇိတုံ-၄ါ၊) န ဝဋ္ဋတိ၊ ဂိဟိဝိကဋနီဟာရေနေဝ- လူတို့သည် အထူးတလည်ပြုအပ်သော ဥစ္စာကို သုံးစွဲနည်းဖြင့်သာလျှင်၊ [လူ့ပစ္စည်းအဖြစ်ဖြင့် သုံးစွဲနည်းဖြင့်သာ၊] ပရိဘုဥ္ဇိတဗ္ဗံ - သုံးစွဲထိုက်၏၊ ဣတိ- သို့၊ မဟာပစ္စရိယံ-၌၊ ဝုတ္တံ- ပြီ။

ပန-ဆက်၊ ဘာဇနဝိကတိံ-ကြေးခွက် အထူးကို၊ ထပေတွာ-၍၊ အညသ္မိမ္ပိ- အခြားလည်း ဖြစ်သော၊ ကပ္ပိယလောဟဘဏ္ဍေ—အပ်သော သံဘဏ္ဍာ, ကြေးဘဏ္ဍာတွင်၊ အဥ္ဇနီ-မျက်စဉ်းကျည်ကိုင်း၊(မျက်စဉ်းထည့်စရာ ကြေးဘူး သံဘူးကိုင်း၊ "ဘာဇနီယံ"၌စပ်၊) အဥ္ဇနိသလာကာ-မျက်စဉ်းတံကိုင်း၊ ကဏ္ဏမလဟရဏီ- နဖါချေးကလော်ကိုင်း၊ သူစိ- အပ်ကိုင်း၊ ပဏ္ဏသူစိ - (ပေရွက်ကို ရေးကြောင်းဖြစ်သော) ကညစ်ကိုင်း၊ [ပဏ္ဏသူစိနာမ လေခနီတိ မဟာဂဏ္ဌိပဒေ ဝုတ္တံ - သာရတ္ထ။] ခုဒ္ဒကော—ငယ်သော၊ ပိပ္ဖလိကော - ဒါးငယ်ကိုင်း၊ ခုဒ္ဒကံ-ငယ်သော၊ အာရကဏ္ဋကံ-အပ်နဖါးထွင်း စူးကိုင်း၊ ကုဥ္စိကာ-သံကော်ကိုင်း၊ တာဠံ-မင်းတုပ်ကိုင်း၊ ကတ္တရယဋ္ဌိဝေဓကော- တောင်ဝှေး၌ စွပ်အပ်သော သံကွင်း ကြေးကွင်းကိုင်း၊[“ကတ္တရယဋ္ဌိဝလယံ”ဟု ကင်္ခါဋီကာဖွင့်သော ကြောင့် “ကတ္တရယဋ္ဌိဝေဓကော” ဟု တပုဒ်တည်းရှိစေ၊] နတ္ထုဒါနံ - နှာကို ပေးကြောင်း ဖြစ်သော အတံကိုင်း၊ ဝါ— နှာနှပ်တံကိုင်း၊ ဘိန္ဒိဝါလော— ခရင်းကိုင်း၊ လောဟကူဋော- သံတူကိုင်း၊ (ကြေးတူလည်း ဖြစ်နိုင်သည်၊) လောဟကုဋ္ဋိ - သံချေးကိုင်း၊ (ဤသို့ ရှေးနိဿယပေး၏၊) [ကုဋ္ဋ ဓာတ်သည် ဆေဒနအနက်ကို ဟော၏၊ ထို့ကြောင့် “လောဟကုဋ္ဋိ-သံကို ဖြတ်ကြောင်း အရာဝတ္ထု” ဟု ပေးရလျှင် သင့်မည်ထင်သည်။] လောဟဂုဠော — သံလုံးကိုင်း၊ လောဟပိဏ္ဍိ-သံတွေခဲကိုင်း၊(သံတို့ကိုစုပေါင်း၍ထားအပ်သော အခဲကိုင်း၊) လောဟစက္ကလိကံ — သံစက်ဝန်းကိုင်း၊ အညမ္ပိ — အခြားလည်း ဖြစ်သော၊

× × × × × × ×

ပါရိဟာရိယံ။ ။ပရိဟာရိယတေ— သွားလေရာရာ ဆောင်ယူအပ်၏၊ ဣတိ ပရိဟာရိယံ၊ ပရိပုဗ္ဗဟရဓာတ်,ဏျပစ္စည်း၊ ပရိဟာရိယမေဝ ပါရိဟာရိယံ၊ သွားလေရာရာ၌ ဆောင်ယူ၍ သုံးဆောင်အပ်သောခွက်ကို“ပါရိဟာရိယ”ဟု ဆိုသည်၊ ထိုကံသလောဟစသော ခွက်ကို သပိတ်ကဲ့သို့ သိမ်းဆည်း၍ မိမိ သွားလေရာရာ ဆောင်ယူသုံးစွဲခြင်းငှါ မအပ်-ဟူလို။ [ပါရိဟာရိယံ နဝဋ္ဋတီတိ ပတ္တာဒိပရိက္ခာရံ ဝိယ သယမေဝ ပဋိသာမေတွာ ပရိဘုဥ္ဇိတုံ နဝဋ္ဋတိ၊ ဂိဟိသန္တကံ ဝိယ အာရာမိကာဒယော စေ သယမေဝ ဂေါပေတွာ ဝိနိယောဂကာလေ (သုံးစွဲရာ အခါ၌၊) အာနေတွာ ပဋိနေန္တိ၊ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ၊ ပဋိသာမေတွာ ဘိက္ခူနံ ဒေထာတိ ဝတ္တုမ္ပိ ဝဋ္ဋတိ။- ဝိမတိ]။

ဝိပ္ပကတံ-လောဟဘဏ္ဍံ - အပြားအားဖြင့် မပြုအပ်သေးသော သံဘဏ္ဍာ, ကြေး ဘဏ္ဍာကိုရင်း၊ (ပြု၍ မပြီးသေးသော သံဘဏ္ဍာ ကြေးဘဏ္ဍာကိုရင်း၊) ဘာဇနီ ယံ-ဝေဘန်ကောင်း၏။

ပန-ကား၊ ရူမနေတ္တ-ဆေးတံ၊ (“တမာကူ”ဟုရင်း, “ပန်းတူ”ဟုရင်း ခေါ် ကြ၏၊) ဖါလ - ထယ်သွား၊ ဒီပရုက္ခ - ဆီမီးတိုင်၊ ဒီပကပလ္လက - ဆီမီးအိုးကင်း (ဆီမီးခွက်)၊ ဩလမ္ဗကဒီပ - တွဲလျားကျသော ဆီမီး၊ ဝါ-ဆီမီးဆွဲ၊ ဣတ္ထိပုရိသ တိရစ္ဆာနဂတရူပကာနိ- မိန်းမရုပ်, ယောက်ျားရုပ်, တိရစ္ဆာန်ရုပ်တို့သည်ရင်း၊ အညာနိ - ကုန်သော၊ ဘိတ္တိစ္ဆဒနကဝါဋဒိသု - နံရံ, အမိုး, တံခါးရွက် အစ ရှိသည်တို့၌၊ ဥပနေတဗ္ဗာနိဝါ - ကပ်ဆောင်ထိုက်သော ဘဏ္ဍာတို့သည်ရင်း၊ အန္တမသော— အားဖြင့်၊ လောဟခီလကံ - သံတံသင်းကို၊ (ပျဉ်ပြား စသည်၌ ရိုက်နှက်စရာသံချောင်းကို၊)ဥပါဒါယ-ကပ်ယူ၍၊ ဝါ-အစပြု၍၊ သဗ္ဗာနိ-နှ်သော၊ လောဟဘဏ္ဍာနိ — တို့သည်၊ ဂရုဘဏ္ဍာနိယေဝ — ဂရုဘဏ်တို့ ချည်းသာ၊ ဟောန္တိ၊ အတ္တနာ-မိမိသည်၊ လဒ္ဓါနိ-ရအပ်ကုန်သည်၊ (သမာနာနိ)ပိ-နှ်သော် လည်း၊ ပရိဟရိတ္ဗာ-ကိုယ်ပိုင် အဖြစ်ဖြင့် သိမ်းဆည်း ဆောင်ထား၍၊ ပုဂ္ဂလိက ပရိဘောဂေန-နည်းဖြင့်၊ န ပရိဘုဉ္ဇိတဗ္ဗာနိ-ထိုက်ကုန်၊ သံဃိကပရိဘောဂေန ဝါ—နည်းဖြင့်သော်ရင်း၊ ဂိဟိဝိကဋာနိ-တို့သည်၊ (သမာနာနိ)ဝါ-နှ်သော်ရင်း၊ (ပရိဘုဉ္ဇိတုံ-ဌါ၊) ဝဋ္ဋန္တိ၊ တိပုဘဏ္ဍေပိ-သလွဲ ဘဏ္ဍာ၌လည်း၊ ဝါ-ခဲဘဏ္ဍာ ၌လည်း၊ ဧသေဝနယော၊ ခီရပါသာဏမယာနိ — နို့ရည် အဆင်း ရှိသော

× × × × × × ×

ဓူမနေတ္တ၊ပေ၊ရူပကာနိ။ ၊ယောဇနာ၌“ဣတ္ထိပုရိသ တိရစ္ဆာနဂတရူပကာနိ” ကို ဗဟုဗ္ဗိဟိသမာသ်လုပ်၍ ဓူမနေတ္တစသည်တို့၏ ဝိသေသနဟု ဆိုလေသည်၊ မိန်းမရုပ် ယောက်ျားရုပ် တိရစ္ဆာန်ရုပ်ရှိသော ဓူမနေတ္တစသည်—ဟူလို၊ ဓူမနေတ္တဉ္စ+ဖါလော စ+ ဒီပရုက္ခော စ+ဒီပကပလ္လကော စ+ ဩလမ္ဗကဒီပေါ စ+ ဓူမနေတ္တ ၊ပေ၊ ဩလမ္ဗကဒီပါ၊ ဣတ္ထိပုရိသ တိရစ္ဆာနဂတသဏ္ဌါနာနိ+ ရူပါနိ+ ဧတေသု+အတ္ထိတိ ဣတ္ထိပုရိသတိရစ္ဆာန ဂတရူပကာနိ၊ ဓူမနေတ္တ၊ပေ၊ဩလမ္ဗကဒီပါ စ+တေ+ဣတ္ထိပုရိသတိရစ္ဆာနဂတရူပကာနိ စေတိ ဓူမနေတ္တ၊ပေ၊ ရူပကာနိ၊ ဝိသေသန ပရနိပါတော၊ — ယောဇနာ၊ ရှေးနိဿယ ၌ကား “ ဓူမနေတ္တ၊ပေ၊ရူပကာနိ ”ကို ကဝါဋာဒိသု ဥပနေတဗ္ဗာနိ—၌စပ်၏၊ မိမိကား “လောဟဘဏ္ဍာနိ ဂရုဘဏ္ဍာနိယေဝ ဟောန္တိ”၌ စပ်စေလိုသည်။

အတ္တနာ လဒ္ဓါနိပိ။ ၊ အတ္တနာ လဒ္ဓါနိပိတိ အာဒိနာ ပဋိဂ္ဂဟဏေ ဒေါသော နတ္ထိ၊ ပရိဟရိတွာ ပရိဘောဂေ ဧဝ အာပတ္တိကရောတိ ဒဿေတိ၊ ယထာစေတ္ထ၊ ဧဝံ ဥပရိ အဘာဇနီယဝတ္ထုသု ဝိနိစ္ဆယာဒိသု အတ္ထနော သန္တကေသုပိ၊ - ဝိမတိ။

ခီရပါသာဏမယာနိ။ ၊မုဒုက ခီရဝဏ္ဏပါသာဏမယာနိ—နို့ရည်အဆင်းကဲ့သို့ ဖြူဖွေးနူးညံ့သောကျောက်ဖြင့် ပြုအပ်ကုန်သော၊ [ခီရံဝိယာတိ ခီရော၊ (ပါသာဏော)၊ ကျောက်စာရေးရာ, ဘုရားဆင်းတုတော် ထုရာ၌ အသုံးပြုအပ်သော ကျောက်မျိုးထက်မင်

ကျောက်ဖြူဖြင့် ပြုအပ်ကုန်သော၊ တန္တကသရကာဒီနိ-စလောင်း, သောက်ခွက် အစရှိသည်တို့သည်၊ ဂရုဘဏ္ဍာနိယေဝ-တို့ချည်းသာ၊ ပန-ကား၊ ဃဋကော- ကြာသွတ်အိုးသည်ရှင်း၊ (ကြာပန်းစိုက်ဘို့ အိုး)၊ တေလဘာဇနံဝါ-ဆီအိုး သည်ရှင်း၊ ပါဒဂဏှနကတော-တပါဒကို ယူနိုင်သော အိုးထက်၊ အတိရေက မေဝ- ပိုလွန်သော အိုးသည်သာ၊ ဂရုဘဏ္ဍံ-တည်း၊ သုဝဏ္ဏရဇတ အာရကူဋ ဇာတိဖလိကဘာဇနာနိ — ရွှေခွက်, ငွေခွက်, ကြေးဝါခွက်, ဖလ်စစ်ခွက်, တို့သည်၊ ဂိဟိဝိကဋာနိ-တို့သည်၊(သမာနာနိ)ပိ-ကုန်သော်လည်း၊ န ဝဋ္ဋန္တိ-နိ၊ သံဃိကပရိဘောဂေနဝါ — နည်းဖြင့်သော်ရှင်း၊ ပုဂ္ဂလိကပရိဘောဂေနဝါ- နည်းဖြင့်သော်ရှင်း၊ ပဂေဝ-ရှေးဦးမဆွ အစကပင်၊(ပရိဘုဉ္ဇိတုံ-သုံးစွဲခြင်းငှါ။ န ဝဋ္ဋန္တိ-နိ၊) ပန-ဆက်၊ သေနာသနပရိဘောဂေ-ကျောင်းအသုံးအဆောင်၌၊ အာမာသမ္ပိ- သုံးသပ်အပ်သည်လည်းဖြစ်သော၊ ဝါ- ကိုင်ကောင်းသည်လည်း ဖြစ်သော၊ အနာမာသမ္ပိ — မသုံးသပ်အပ် သည်လည်းဖြစ်သော၊ ဝါ — မကိုင် ကောင်းသည်လည်းဖြစ်သော၊ သဗ္ဗံ-အလုံးစုံသော ဘဏ္ဍာသည်၊ ဝဋ္ဋတိ-၏။

× × × × × × ×

ဖြူဖွေးသော ကျောက်တမျိုးရှိသေး၏၊ ထိုကျောက်မျိုးကို "ခိရပါသာဏ"ဟု ခေါ်သည်၊ ခီရပါသာဏေန + ကတာနိ ခီရပါသာဏမယာနိ၊] "တန္တက- စလောင်း" ဟူရာ၌ မီးအိမ်အပေါ်က ဖုံးအုပ်ကြောင်း စလောင်းမျိုးကိုယူပါ။

သုဝဏ္ဏ၊ပေ၊န ဝဋ္ဋန္တိ။ ။ "အာရကူဋ-ကြေးဝါ"ဟု အဘိဓာန် နိဿယသစ် ပေး၏၊ ရှေးက"တေးခပ်ပြာ"ဟု ပေးကြ၏၊"ဇာတိဖလိက-ဖလ်အစစ်ဖြင့်ပြုအပ်သော ခွက်" ချက်ဖန်မဟုတ်သော တွင်းထွက်ဖလ်တမျိုး ရှိသေးဟန်တူသည်၊ ရှေးဆရာတော် ကြီးများကား ကျောက်သလင်းကို "ဇာတိဖလိက"ဟု ယူတော်မူကြ၏၊ ရွှေခွက်စသော ထိုခွက်တို့သည် အထည်ဝတ္ထုရင်းကိုယ်က မသုံးသပ်-မကိုင်တွယ်ကောင်းသောကြောင့် ဂိဟိဝိကဋ ဖြစ်သော်လည်း မသုံးသပ်အပ်ကုန်၊ ဤစကားအရ "ဆွမ်းကျွေးရာ စသည်၌ လူတို့က ငွေရေခွက်, ငွေကွမ်းအစ်, ငွေထုံးဘူး, ငွေဖလား စသည်ဖြင့် ကပ်တပ်ကြ၏၊ ထိုအားလုံးကို မအပ်" ဟုမှတ်ပါ။

သေနာသန၊ပေ၊ဝဋ္ဋတိ။ ။ "သုဝဏ္ဏ ဘာဇနစသည်တို့သည် သေနာသန ပရိ ဘောဂဖြစ်သော်လည်း မအပ်ကုန်" ဟု မှတ်ရမည်လော ဟု မေးဘွယ်ရှိသောကြောင့် "သေနာသနပရိဘောဂေ ပန"စသည်မိန့်၊ ကျောင်းအသုံးအဆောင်အဖြစ်ဖြင့် ကျောင်း အား လှူထားသော (သံဃိက ပုဂ္ဂလိက မဟုတ်သော) ရွှေညောင်စောင်း (ခင်) ရွှေ အင်းပျဉ် (ကုလားထိုင်) ငွေထွေးခံ ငွေရေတကောင်း ရွှေရေခွက် ငွေရေခွက် ကြေးဝါ ခွက် ဖလ်စစ်ခွက်များကို အကြောင်းအားလျော်စွာ သုံးသပ် ကိုင်တွယ်၍ သုံးစွဲကောင်း ၏-ဟူလို။ [သုဝဏ္ဏာဒိမယမ္ပိ သဗ္ဗံ တံ အာမသိတွာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ-ဝိမတိ၊] ထိုသို့ သုံးစွဲရာ၌ ပုဂ္ဂလိကပစ္စည်းကိုသုံးစွဲနည်းမျိုး သံဃိကပစ္စည်းကို သုံးစွဲနည်းမျိုးတို့ဖြင့်ကား အပ်မည် မဟုတ်ပါ၊ ကျောင်း၏ အသုံးအဆောင်အဖြစ်ဖြင့် တရံတခါ သုံးဆောင်ခြင်း ကိုသာ အပ်၏ဟု ဆိုလိုဟန်တူသည်။

ဝါသိအာဒီသု-ပဲခွပ် အစရှိသည်တို့တွင်၊ ဝါ— ဒါးငယ် အစရှိသည်တို့တွင်၊ (အာဒိဖြင့် ပါဠိတော်၌လာသော ပရသု စသည်ကို ယူ၊) ယာယဝါသိယာ— အကြင် ဒါးငယ်ဖြင့်၊ ဒန္တကဋ္ဌစ္ဆေဒနံဝါ-ဒန်ပူဖြတ်မှုကိုသော်၎င်း၊ ဥစ္ဆုတစ္ဆနံ ဝါ-ကြံခွဲခွါမှုကိုသော်၎င်း၊ ထပေတွာ-၍၊ အညံ-သော၊ မဟာကမ္မံ-ကြီးသော အမှုကို၊ ကာတုံ-ငှါ၊ နသက္ကာ—မတတ်ကောင်း၊ အယံ-ဤပဲခွပ်ငယ်ကို၊ ပါ-ဤ ဒါးငယ်ကို၊ ဘာဇနီယာ-ဝေဘန်ကောင်း၏၊ [ဝါသိကို“ပဲခွပ်”ဟု ပေးရိုးရှိ၏၊ ဒန်ပူဖြတ်ခြင်း,ကြံခွဲခွာခြင်း အလုပ်မျိုးကို ဒါးငယ်ဖြင့် လုပ်ခြင်းသာ လွယ်ကူ၏၊ ပရိက္ခာရ(၈)ပါးထဲ၌လည်း “ဝါသိ”အရ ဒါးငယ်ကို ယူသင့်သည်။]တတော- ထိုပဲခွပ်ငယ်ထက်၊ ဝါ-ထို ဒါးငယ်ထက်၊ မဟတ္တရီ-ကြီးသော၊ ယေန ကေနစိ- အမှတ်မထား တပါးပါးသော၊ အာကာရေန – အခြင်းအရာဖြင့်၊ (ပုံသဏ္ဌာန် အမျိုးမျိုးဖြင့်၊) ကတာ-ပြုအပ်သော၊ ဝါသိ-သည်၊ ဂရုဘဏ္ဍမေဝ- ချည်းသာ၊ ပန-ကား၊ ပရသု-ပုဆိန်သည်၊အန္တမသော-အားဖြင့်၊ ဝေဇ္ဇာနံ-ဆေးဆရာတို့၏၊ သိရာဝေဓနပရသုပိ-အကြောကို ဖေါက်ထွင်းကြောင်း ပုဆိန်သည်လည်း၊ ဂရု ဘဏ္ဍမေဝ-ချည်းသာ၊ ကုဌာရိယံ - ဒါးမ၌၊ ပရသုသဒိသော ဧဝ - ပုဆိန်နှင့် တူသည်သာလျှင် ဖြစ်သော၊ ဝိနိစ္ဆယော-သည်၊ (ဟောတိ)၊ ပန- ကား၊ ယာ- အကြင် ဒါးကို၊ အာဝုဓ သင်္ခေပေန – လက်နက်အသွင်ဖြင့်၊ ကတာ - ပြုအပ်ပြီ၊ အယံ-ဤဒါးကို၊ အနာမာသာ-မသုံးသပ်အပ်။

ကုဒါလော-ပေါက်တူးသည်၊ အန္တမသော- အားဖြင့်၊ စတုရင်္ဂုလမတ္တော- လက် ၄ သစ် အတိုင်းအရှည်ရှိသည်၊(သမာနော)ပိ-ဖြစ်သော်လည်း၊ ဂရုဘဏ္ဍ မေဝ-ချည်းသာ၊ နိခါဒနံ-ဆောက်သည်၊ စတုရဿမုခံဝါ - ၄ ထောင့်အဖျား ရှိသော ဆောက်သည်မှုလည်း၊ ဟောတု၊ ဒေါဏိမုခံဝါ-စားကျင်းကဲ့သို့ အဖျား ရှိသော ဆောက်ခုံးသည်မှုလည်း၊ ဟောတု၊ ဝင်္ကံဝါ-ကောက်သောပုံသဏ္ဌာန် ရှိသော ဆောက်သည်မှုလည်း၊ ဟောတု၊ ဥဇုကံဝါ - ဖြောင့်သောပုံသဏ္ဌာန် ရှိသော ဆောက်သည်မှုလည်း၊ ဟောတု၊ အန္တမသော - အားဖြင့်၊ သမ္မုဉ္ဇနိ ဒဏ္ဍကဝေဓနမ္ပိ - တံမြက်စည်းရိုးကိုထွင်းကြောင်း ဆောက်သည်လည်း၊ ဒဏ္ဍ ဗဒ္ဓံ - အရိုးဖြင့် ဖွဲ့အပ်သည်၊ စေ ဟောတိ - အံ့၊ (ဧဝံသတိ)၊ ဂရုဘဏ္ဍမေဝ - ချည်းသာ၊ ပန-ကား၊ သမ္မုဉ္ဇနိဒဏ္ဍခဏနကံ - တံမြက်စည်းရိုးကို ထွင်းကြောင်း ဖြစ်သော ဆောက်သည်၊ အဒဏ္ဍကံ- အရိုးမရှိသည်၊ ဖလမတ္တမေဝ- အသွားမျှ သည်သာ၊ (ဟောတိ-အံ့၊) ယံ-အကြင်ဆောက်သည်၊ ဝါ-ကို၊ သိပါဋိကာယ- အိတ်ငယ်၌၊ ပက္ခိပိတွာ - ထည့်၍၊ ပရိဟရိတုံ - ကိုယ်ပိုင်အဖြစ်ဖြင့် သိမ်းဆည်း ဆောင်ထားခြင်းငှါ၊ သက္ကာ- ၏၊ တံ- ထိုဆောက်ကို၊ ဘာဇနီယံ- ၏၊ သိခရမ္ပိ- စူးကိုလည်း၊ နိခါဒနေနေဝ - ဆောက်ဖြင့်သာလျှင်၊ သင်္ဂဟိတံ - သိမ်းယူအပ်ပြီ၊ (ပါဠိတော်၌ “သိခရဏီ”မပါသော်လည်း နိခါဒနဖြင့် သိမ်းယူပါ-ဟူလို။)

ယေဟိ မနုဿေဟိ-တို့သည်၊ ဝိဟာရေ-၌၊ ဝါသိအာဒီနိ-ပဲခွပ်(ဒါး) အစရှိသည်တို့သည်၊ ဝါ - တို့ကို၊ ဒိန္နာနိ - လှူထားအပ်ကုန်သည်၊ ဟောန္တိ - နှ၏၊ တေစ-ထိုသူတို့သည်လည်း၊ ယရေ-အိမ်ကို၊ ဒနေ့ဝါ- မီးလောင်အပ်သော်ငှင်း၊ စောရေဟိ - ဒါးမြတို့သည်၊ ဝိလုတ္တေဝါ — လုယက် ဖျက်ဆီးအပ်သော်ငှင်း၊ ဘန္တေ-တို့၊ နော- တပည့်တော်တို့အား၊ ဝါ- တို့၏၊ ဥပကရဏာ- ပဲခွပ် အစရှိသော အဆောက်အဉုံတို့ကို၊ ဒေထ - ပေးပါကုန်၊ ပုန - တဖန်၊ ပါကတိကေ-ပင်ကိုယ်သဘောရှိသည်တို့ကို၊ ကရိဿာမ - ပြုပါကုန်အံ့၊ ဣတိ- သို့၊ ဝဒန္တိ-လျှော်ကုန်အံ့၊(ဇဝံသတိ)၊ ဒါတဗ္ဗာ၊[ပါကတိကေတိ ပကတိယာ ဋ္ဌိတေ၊ ယထာ ပဋ္ဌမံ ဋ္ဌိတာ ဟောန္တိ၊ တထာ (ထို ပဋ္ဌမရှိသည့်အတိုင်း၊) ကရိဿာမာတိ အတ္ထော၊ - ယောဇနာ၊ "အစားဖြစ်အောင် ပြုလုပ်ပေးပါမည်" ဟူလို။] သစေ အာဟရန္တိ - အကယ်၍ ဆောင်ကုန်အံ့၊ (ပြန်၍ ပို့ကုန်အံ့၊) (ဇဝံ သန္တေ့သု)၊ န ဝါရေတဗ္ဗာ-မတားမြစ်ထိုက်ကုန်၊ (ပြန်၍မပို့ပါနှင့်တော့ဟု မတားမြစ်ထိုက်ကုန်၊) အနာဟရန္တာပိ - ပဆောင်ကုန်သော လူတို့ကိုလည်း၊ န စောဒေတဗ္ဗာ-မစောဒနာထိုက်ကုန်၊ ဝါ - မတောင်းထိုက်ကုန်။

ကမ္မာရ - ပန်းဘဲသမား၊ ဝါ - ပန်းတိမ်သည်၊ (ကမ္မာရော ရဇတဿေဝ, နိဒ္ဓမေ မလမတ္တနော " ဟူသော ဓမ္မပဒ မလဝဂ်လာ ဂါထာ၌ကား "ကမ္မာရ-ပန်းတိမ်သည်"ဟူသော အနက်နှင့် သင့်လျော်၏။] တန္တကာရ- ပန်းတင်းသည်၊ စုန္ဒကာရ-ပန်းပွတ်သမား၊ နဠကာရ-ကျူထရံသည်၊ မဏိကာရ-ရွဲထွင်းသမား၊ ပတ္တဗန္ဓကာနံ- သပိတ်ဖါသမားတို့၏၊ [ပတ္တဗန္ဓကောနာမ ပတ္တဿ ဂဏ္ဌိကာဒိကာရကော-ကန်ချိကာ၊] အဓိကရဏီ၊ပေ၊မုဋ္ဌိက-တူငယ်၊ သဏ္ဍာသ- သံညှပ်၊ တုလာဒီနိ-ချိန်ခွင်အစရှိကုန်သော၊ သမ္ဗာနိ-နှ်သော၊ လောဟမယ ဥပကရဏာနိ- သံ, ကြေးဖြင့် ပြုအပ်ကုန်သော အဆောက်အဉုံတို့သည်၊ သံဃေ- ၌၊ ဝါ-အား၊ ဒိန္နကာလတော-လှူအပ်ရာအခါမှ၊ ပဋ္ဌာယ-၍၊ ဂရုဘဏ္ဍာနိ- တို့တည်း၊ တိပုကောဋ္ဋက၊ပေ၊ဥပကရဏေသုပိ- သလွဲ ဖြတ်တောက်သူ, ရွှေပန်းတိမ်သည်, သားရေနယ်သမားတို့၏ အဆောက်အဉုံတို့၌သည်း၊ ဇသေဝနယော-တည်း။

ပန-အထူးကား၊ အယံ-ကား၊ ဝိသေသော-တည်း၊ တိပုကောဋ္ဋက ဥပကရဏေသုပိ-သလွဲဖြတ်သူ၏ အဆောက်အဉုံတို့တွင်လည်း၊ တိပုစ္ဆေဒနသတ္တကံ-သလွဲဖြတ်ကြောင်း ဒါးငယ်ငှင်း၊ သုဝဏ္ဏကာရ ဥပကရဏေသု - ရွှေပန်းတိမ်သည်၏ အဆောက်အဉုံတို့တွင်၊ သုဝဏ္ဏဖေဒ္ဓနသတ္တကံ - ရွှေကိုဖြတ်ကြောင်း ဒါးငယ်ငှင်း၊ စမ္မကာရ ဥပကရဏေသု-သားရေနယ်သမား၏ အဆောက်အဉုံတို့တွင်၊ ကတပရိကမ္မ စမ္မ ဆိန္ဒနကံ-ပြုအပ်ပြီးသောပရိကံရှိသော သားရေနယ်ကို ဖြတ်ကြောင်းဖြစ်သော၊ ခုဒ္ဒကသတ္တကံ-ဒါးငယ်ငှင်း၊ ဣတိ-သို့၊ ဣမာနိ-ဤ ဒါးငယ်တို့သည်၊ ဘာဇနီယဘဏ္ဍာနိ-တို့တည်း၊[အမွေးအမျှင်များကို စင်ကြယ်

စေအပ် , နေလှန်းအပ်ပြီးသည်ကို"ကတပရိကမ္မစမ္မ"ဟု ဆိုသည်။] န ဟာပိတ တုန္နကာရဥပကရဏေသုပိ-ဆတ္တာသည့်,အပ်ချုပ်သမားတို့၏အဆောက်အဉုံ တို့တွင်လည်း၊ မဟာကတ္တရိ - ကြီးစွာသော ကပ်ကျေးကိုဎင်း၊ မဟာသဏ္ဍာသံ- ကြီးစွာသော သံညှပ်ကိုဎင်း၊ မဟာပိပ္ဖလိကဥ္စ-ကြီးစွာသော သင်ခုန်းဒါးကိုဎင်း၊ ထပေတွာ- ၍၊ သဗ္ဗံ - အလုံးစုံသောဘဏ္ဍာကို၊ ဘာဇနီယံ - ၏၊ မဟာကတ္တရိ အာဒီနိ - ကြီးစွာသော ကပ်ကျေး အစရှိသောဘဏ္ဍာတို့သည်၊ ဂရုဘဏ္ဍာနိ- တို့တည်း။ [ဤတွင် လောဟဘဏ္ဍာနှင့်စပ်သော စကားအားလုံး ပြီးဆုံးပြီ။]

ဝလ္လိအာဒီသု-နွယ်အစရှိသည်တို့၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ဝေတ္တ ဝလ္လိအာဒိကာ-ကြိမ် တည်းဟူသော နွယ် အစရှိသော၊ ယာ ကာစိ-သော၊ အနု ဗာဟုပ္ပမာဏာ-လက်ရုံးထက်ဝက် ပမာဏရှိသော၊ ဝလ္လိ-နွယ်သည်၊ သံဃဿ- အား၊ ဒိန္နာ - လှူအပ်သည်၊ (သမာနာ)ဝါ - သော်ဎင်း၊ တတ္ထ ဇာတကာ - ထို သံဃိကမြေ၌ ပေါက်သည်၊ (သမာနာ) ဝါ - သော်ဎင်း၊ ရက္ခိတဂေါပိတာ - စောင့်ရှောက်အပ်, လုံခြုံစေအပ်သောနွယ်သည်၊ (ကန်ါ၌ "ရက္ခိတ ဂေါပိတာ ဝ"ဟု ရှိသည်၊) ဂရုဘဏ္ဍံ ဟောတိ၊ သာ-ထိုနွယ်သည်၊ သံဃကမ္မေ-သံဃာ၏ အလုပ်ကိုဎင်း၊ စေတိယကမ္မေစ - စေတီ၏ အလုပ်ကိုဎင်း၊ ကတေ - ပြုအပ်ပြီး သော်၊ အတိရေကာ -ပိုနေသည်၊ သစေ ဟောတိ - အံ့၊ (ဧဝံသတိ)၊ ပုဂ္ဂလိက ကမ္မေ-ပုဂ္ဂိုလ်၏ ဉစ္စာဖြစ်သောအလုပ်၌၊ ဉပနေတုံ-ကပ်ဆောင်ခြင်းငှါ၊ (သုံးစွဲ ခြင်းငှါ၊) ဝဋ္ဋတိ- ၏၊ ပန - ဗျတိရိက်ကား၊ အရက္ခိတာ - မစောင့်ရှောက်အပ် သော ကြိမ်, နွယ်သည်၊ ဂရုဘဏ္ဍမေဝ- ဂရုဘဏ်သည်ပင်၊ န ဟောတိ-မဖြစ်၊ သုတ္တ, မကစိ, ဝါက, နာဠိကေရဟီရ စမ္မမယာ-ချည်ဖြင့်ပြုအပ်, သင်ပန်းလျှော် ဖြင့် ပြုအပ်, အုန်းဆံမျှင်ဖြင့်ပြုအပ်, သားရေဖြင့်ပြုအပ်ကုန်သော၊ ရဇ္ဇုကာဝါ- ကြိုးငယ်တို့သည်ဎင်း၊ ယောတ္တာနိဝါ - သားရေကြိုးတို့သည်ဎင်း၊ ဝါကေစ- သင်ပန်းလျှော်တို့ကိုသော်ဎင်း၊ နာဠိကေရဟီရေစ - အုန်းဆံမျှင်တို့ကိုသော်ဎင်း၊

x x x x x x x

အနုဗာဟုပ္ပမာဏာ။ ။အနုဗာဟုတိ ကပ္ပရတော ပဋ္ဌာယ ယာဝ အံသကူဋန္တိ ဂဏ္ဌိပဒေသု ဝုတ္တံ၊ ["လက်ရုံး လက်မောင်း၏ တဝက်" ဟူသည် တတောင်ဆစ်မှစ၍ ပခုံးစွန်းတိုင်အောင် အထက်ပိုင်းပမာဏတည်း၊] အနုဗာဟုနာမ ဝိဒတ္ထိ စတုရင်္ဂုလန္တိပိ (တထွာနှင့် လက် ၄ သစ်ဟူ၍လည်း၊) ဝဒန္တိ၊— သာရတ္ထ။

ရက္ခိတ ဂေါပိတာ။ ။လူ သာမဏေစသူကို အစောင့်အရှောက်ထား၍ စောင့်ရှောက် အပ်သည်ကို "ရက္ခိတ" ဟုဎင်း, သေတ္တာ စသည်တို့၌ သိမ်းထားသကဲ့သို့ လုံခြုံအောင် သိမ်းထားအပ်သည်ကို "ဂေါပိတ"ဟု ခေါ်၏၊ ဂေါပီယတေ – လုံခြုံစေအပ်၏၊ ဝါ– လုံခြုံအောင် သိမ်းထားအပ်၏၊ ဣတိ ဂေါပိတာ – မည်၏၊ ထိုသို့ ရက္ခိတဂေါပိတ မဟုတ်ဘဲ (မည်သူသုံးသုံး အနေအားဖြင့်) လစ်လျူရှုထားလျှင်ကား သံဃိကမြေ၌ ပေါက်စေကာမူ ဂရုဘဏ်ပစ္စည်း မဟုတ်။

ဝဋ္ဋေတွာ-ကျစ်၍၊ (လွန်းပေါင်းတင်၍၊) ကတာ-ပြုအပ်သော၊ ဧကဝဋ္ဋံ ဝ ါ-တလွန်းတင် ကြိုးသည်ဖြင်း၊ ဒွိဝဋ္ဋံ ဝါ-နှစ်လွန်းတင်ကြိုးသည်ဖြင်း၊ သံဃဿ-အား၊ ဒိန္နကာလတော-မှ၊ ပဋ္ဌာယ-၍၊ ဂရုဘဏ္ဍံ-တည်း။

ပန -ကား၊ သုတ္တံ - ကျစ်အပ် မကျစ်အပ်သောချည်ကိုဖြင်း၊ [ဝဋ္ဋိတမ္ပိ ဝ အဝဋ္ဋိတမ္ပိ သုတ္တံ၊— ကင်္ခါဋီကာ၊] အဝဋ္ဋေတွာ - မကျစ်မူ၍၊ ဒိန္နာ-လှူအပ်ကုန်သော၊ [အချို့စာ၌ “ ဒိန္နံ ” ဟု ရှိ၏ မကောင်း၊ ကင်္ခါ၌လည်း “ ဒိန္နာ ” ဟုပင် ရှိသည်၊] မကစိဝါကနာဠိကေရဟီရာစ - သင်ပန်းလျှော်မျှင် အုန်းဆံမျှင်တို့ကို ဖြင်း၊ ဘာဇနီယာ-ဝေဘန်ကောင်းကုန်၏၊ ပန-ဆက်၊ယေဟိ-အကြင်ဒါယကာ တို့သည်၊ တောနိ ရဇ္ဇုကယောတ္တာဒီနိ-၅ ကြိုးငယ် သားရေကြိုး အစရှိသည့်တို့ သည်၊ ဝါ - တို့ကို၊ ဒိန္နာနိ - လှူအပ်ကုန်သည်၊ ဟောန္တိ၊ တေ - ထိုအလှူရှင် ဒါယကာတို့ကို၊ အတ္တနော - မိမိ၏၊ ကရဏီယေန - ပြုဘွယ်ကိစ္စကြောင့်၊ ဟရန္တာ-ဆောင်ယူသည်တို့ကို၊ န ဝါရေတဗ္ဗာ-မတားမြစ်ထိုက်ကုန်။

ယောကောစိ- အမှတ်မရှိ တစုံတခုသော၊ အန္တမသော-အားဖြင့်၊ အဋ္ဌင်္ဂုလ သူစိဒဏ္ဍကမတ္တောပိ-အလျားလက်ရှစ်သစ်, လုံးပတ် သီဟိုဠ်ကညစ်ရိုး အတိုင်း အရှည်ရှိသည်လည်းဖြစ်သော၊ ဝေဠု - ဝါးသည်၊ သံဃဿ - အား၊ ဒိန္နော-လှူအပ်သည်၊ (သမာနော)ဝါ-သော်ဖြင်း၊ တတ္ထ ဇာတကော-ထို သံဃိကမြေ၌ ပေါက်သည်၊ (သမာနော)ဝါ- သော်ဖြင်း၊ ရက္ခိတဂေါပိတော- စောင့်ရှောက် အပ်, လုံခြုံစေအပ်သောဝါးသည်၊ ဂရုဘဏ္ဍံ - တည်း၊ သောပိ - ထို ဝါးသည် လည်း၊ သံဃကမ္မေစ-ကိုဖြင်း၊ စေတိယကမ္မေစ-ကိုဖြင်း၊ ကတေ-ပြုအပ်ပြီးသော်၊ အတိရေကော - ပိုနေသောဝါးသည်၊ ပုဂ္ဂလိကကမ္မေ - ၌၊ ဒါတုံ ဝဋ္ဋတိ၊ ပန-ဆက်၊ ပါဒဂ္ဂဏှနက တေလနာဠိ - တပါဒကိုယူနိုင်သော ဆီကျည်တောက်ဖြင်း၊ ကတ္တရယဋ္ဌိ-တောင်ဝှေးဖြင်း၊ ဥပါဟနဒဏ္ဍကော - ဘိနပ်ချိပ်စရာ ဒုတ်ငယ်ဖြင်း၊ ဆတ္တဒဏ္ဍော - ထီးရိုးဒုတ်ဖြင်း၊ ဆတ္တသလာကာ - ထီးဝါးခြမ်းစိတ်ဖြင်း၊ ဣတိ ဣဒံ-၅ အလုံးစုံသည်၊ ဧတ္ထ-၅ ဝါးဘဏ္ဍာတွင်၊ [ဧတ္ထာတိ ဝေဠုဘဏ္ဍေ၊— ကင်္ခါဋီကာ။] ဘာဇနီယဘဏ္ဍံ-ဝေဘန်ကောင်းသောဘဏ္ဍာတည်း၊ ဒဍ္ဎဂေဟ မနုဿာ-မီးလောင်အပ်သောအိမ်ရှိသော လူတို့ကို၊ ဂဏှိတွာ - ဝါးတို့ကိုယူ၍၊ ဂစ္ဆန္တာ-သွားသည်တို့ကို၊ န ဝါရေတဗ္ဗာ- န်။

× × × × × × ×

အဋ္ဌင်္ဂုလ၊ပေ၊မတ္တောပိ၊ ၊အဋ္ဌင်္ဂုလသူစိ ဒဏ္ဍကမတ္တောတိ ဒီဃတော အဋ္ဌင်္ဂုလ မတ္တော၊ ပရိဏာဟတော ပဏ္ဏသူစိဒဏ္ဍမတ္တော-ပေရွက်ကိုရေးဘို့ရာ ကညစ်တံအတိုင်း အရှည်ရှိသော၊ – သာရတ္ထ၊ ဝိမတိ၌ကား “ အဋ္ဌင်္ဂုလသူစိဒဏ္ဍကမတ္တောပီတိ တသရ ဒဏ္ဍာဒိသူစိအာကာရတနု ဒဏ္ဍကမတ္တောပိ – ရက်ဖေါက်ဒုတ်တံ အစရှိသော ကညစ်ပုံ သဏ္ဍာန်ရှိသော သေးငယ်သောဒုတ်တံ ပမာဏရှိသည်လည်းဖြစ်သော ” ဟု ဖွင့်၏၊ [တသရဒဏ္ဍာဒိဖြင့် အဋ္ဌင်္ဂုလပမာဏကို, သူစိအာကာရဖြင့် ပုံသဏ္ဍာန်ကို ဖွင့်သည်။]

ရက္ခိတဂေါပိတံ-စောင့်ရှောက်အပ် လုံခြုံစေအပ်သော၊ ဝေဠုံ - ကို၊ ဂဏှံ ဣေန—ယူသော ရဟန်းသည်၊ သမကံဝါ-ညီမျှသည်မူလည်း ဖြစ်သော၊ အတိ ရေကံဝါ-ပိုလွန်သည်မူလည်းဖြစ်သော၊ ထာဝရံ — ထာဝရဘဏ္ဍာကို၊ အန္တမ သော-အားဖြင့်၊ တံအဋ္ဌနကမ္ဘိ-ထို ဝါး၏အဖိုးကိုထိုက်သည်မူလည်းဖြစ်သော၊ ဖါတိကမ္မံ-တိုးပွားမှုကို၊ ကတွာ- ၍၊ ဂဟေတဗ္ဗော- ၏၊ ဖါတိကမ္မံ- တိုးပွားမှု ကို၊ အကတွာ-၍၊ ဂဏှန္တေန - သည်၊ တတ္ထေဝ - ထို ကျောင်း၌သာ၊ ဝဠဉ္စေ တဗ္ဗော-သုံးစွဲထိုက်၏၊ ဂမနကာလေ-အရပ်တပါးသို့သွားရာအခါ၌၊ သံဃိကာ ဝါသေ-သံဃိကကျောင်း၌၊ ထပေတွာ-ထားပြီး၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ အသတိ ယာ-သတိမဲ့သဖြင့်၊(အမှတ်တမဲ့)၊ ဂဟေတွာ-၍၊ ဂတေန- သွားသော ရဟန်း သည်၊ ပဟိဏိတွာ-စေလွှတ်၍၊ ဒါတဗ္ဗော-၏၊ (" မူလယူရာ ကျောင်းတိုက်သို့ ဝါးကို ပြန်ပို့ရမည် " ဟူလို၊) ဒေသန္တရံ- အရပ်တပါးသို့၊ (ပြန်၍ မပို့နိုင် လောက်အောင် ဝေးသောအရပ်သို့၊) ဂတေန- ရောက်သောရဟန်းသည်၊ သမ္ပတ္တ ဝိဟာရေ-ရောက်အပ်သောကျောင်းတိုက်၌၊ သံဃိကာဝါသေ-၌၊ထပေတဗ္ဗော- ထားထိုက်၏။[ဤတွင် နွယ်,ကြိုး,ဝါး ဘဏ္ဍာများနှင့်စပ်သောစကားရပ် ပြီးပြီ။]

တိဏန္တိ-ကား၊ မုဉ္စံ-ဖြူဆံမြက်ကိုင်း၊ ပဗ္ဗဇဥ္စ-ပြိန်းမြက်ကိုင်း၊ထပေတွာ- ၍၊ အဝသေသံ-ဖြူဆံမြက် ပြိန်းမြက်တို့မှ ကြွင်းသော၊ ယံကိဉ္စိ - အမှတ်မထား တပါးပါးသော၊ တိဏံ-မြက်တည်း၊ ပန-ဆက်၊ ယတ္ထ-အကြင် အရပ်၌၊ တိဏံ- သည်၊ နတ္ထိ-မရှိ၊ တတ္ထ-ထို မြက်မရှိသော အရပ်၌၊ ပဏ္ဏေဟိ— သစ်ရွက်တို့ဖြင့်၊ ဆာဒေန္တိ-မိုးကြကုန်၏၊ တသ္မာ- ကြောင့်၊ ပဏ္ဏမ္ပိ-ကိုလည်း၊ တိဏေနေဝ-မြက် ဖြင့်ပင်၊ သင်္ဂဟိတံ-သွင်းယူအပ်ပြီ၊("ပါဠိတော်၌ တိုက်ရိုက်လာသော တိဏဖြင့် ပဏ္ဏကိုပါ ယူအပ်ပြီ"ဟူလို။] ဣတိ - သို့၊ မုဉ္စာဒီသု—ဖြူဆံမြက် အစရှိသည်တို့ တွင်၊ ယံကိဉ္စိ — သော၊ မုဋ္ဌိပ္ပမာဏမ္ပိ — လက်တဆုပ် ပမာဏ ရှိသည်မူလည်း

× × × × × × ×

ဖါတိကမ္မံကတွာ။ ။သံဃိကဝါးကို ယူ၍သုံးလျှင် ထိုဝါးနှင့် တန်းတူညီမျှသော (သို့မဟုတ်) ထိုဝါးထက် ပိုလွန်သော ထာဝရပစ္စည်းတခုခုကို အစားထားပါ၊ ထိုသို့ ထားစရာ ထာဝရပစ္စည်းမရှိလျှင် မိမိသုံးအပ်သော ဝါး၏တန်ဖိုးလောက် ထိုက်တန်သော အလုပ်တခုကိုလုပ်၍ အစားထားပါ-ဟူလို၊ [ဖါတိကမ္မန္တိ ပဟောနက ကမ္မံ (မိမိစွမ်းနိုင် သော တိုးပွားအောင်ပြုမှုကို) ယတ္တကေန ဝိနာယာဂတေန သမ္မုဉ္ဇနီမန္တနာဒိဟတ္ထ ကမ္မေန ဝိဟာရဿ (ကျောင်းတိုက်၏၊ ကျောင်းတိုက်မှာ၊) ဥနကတာ န ဟောတိ၊ (ယုတ်လျော့သည် အဖြစ်မရှိ)၊ တတ္တကံ ကတွာတိ အတ္ထော၊—မဟာဝဂ္ဂ စိဝရက္ခန္ဓက ဝိမတိ၊—ကန်ါဘာသာဋီကာ သဟမ္မိကဝဂ်(၁၁)သိက္ခာပုဒ်၌ ဤပုဒ်အဖွင့်ရှိ၏။]

တိဏံ။ ။"မြက်"ဟူရာ၌ နွားစားမြက်မျိုး မဟုတ်၊ အိမ်မိုးရသော သက်ကယ်မြက် မျိုးတည်း၊ မုဉ္စနှင့် ပဗ္ဗဇကိုကား ပါဠိတော်၌ တိုက်ရိုက်လာသောကြောင့် "ထပေတွာ" ဟု ဆိုသည်၊ [မြက်ဘဏ္ဍာ၌ကား ထိုမြက်များလည်း ပါသည်။]

ဖြစ်သော၊ တိဏံ-မြက်အပေါင်းသည်၎င်း၊ တာလပဏ္ဏာဒီသုစ-ထန်းရွက် အစ ရှိသည့်တို့တွင်လည်း၊ ဧကံ-တရွက်သော၊ ပဏ္ဏမ္ပိ-သစ်ရွက်သည်၎င်း၊ သံဃသသ-အား၊ ဒိန္နံ-လှူအပ်သည်၊ (သမာနံ)ဝါ-သော်၎င်း၊ တတ္တဇာတကံ- ထို သံဃိက မြေ၌ဖြစ်သည်၊(သမာနံ)ဝါ-သော်၎င်း၊ဗဟာရာမေ-ကျောင်းတိုက်ပြင်ဘက်၌၊ သံဃသသ-၏၊ တိဏဝတ္ထုသ္မိံ-မြက်ခင်း၌၊ ဇာတတိဏံဝါ - ပေါက်သော မြက် သည်၎င်း၊ရက္ခိတဂေါပိတံ-သည်၊(သမာနံ)၊ ဂရုဘဏ္ဍံ-သည်၊ ဟောတိ၊[တိဏ ဝတ္ထုသ္မိံ နေရာဝယ် "ဒိန္နဝတ္ထုတော" ဟုလည်း မူကွဲရှိ၏၊] တမ္ပိ - ထို မြက်, သစ်ရွက်သည်လည်း၊ ဝါ-ကိုလည်း၊ပေ၊ အတိရေကံ-ပိုနေသော မြက်သစ်ရွက် သည်၊ပေ၊ဝဋ္ဋတိ၊ ဒန္တဂေဟမနုဿာ၊ပေ၊ နဝါရေတဗ္ဗာ၊ အဋ္ဌင်္ဂုလပ္ပမာဏော-လက်ရှစ်သစ် ပမာဏရှိသည်၊(သမာနော)ပိ-သော်လည်း၊ ရိတ္တပေါတ္ထကော—စာမှ ကင်းဆိတ်သော ပေရွက်သည်၊ ဂရုဘဏ္ဍမေဝ-သာတည်း၊[ဤတွင် မြက် ဘဏ္ဍာနှင့်စပ်သော စကားရပ် ပြီးပြီ။]

× × × × × × ×

အဋ္ဌင်္ဂုလပ္ပမာဏော။ ။ဝိတ္ထာရတော (အကျယ် အပြန့်အားဖြင့်) အဋ္ဌင်္ဂုလပ္ပမာဏော၊ (ကန်ါဋ္ဌိကာသစ်၊) ဤသို့ဖွင့်သော်လည်း လက်ရှစ်သစ် အပြားရှိသော ပေရွက်သည် အောက်ဆုံးပမာဏရှိသော ပေရွက်မဟုတ်၊"အဋ္ဌင်္ဂုလပမာဏော"လည်း အောက်ဆုံး ပမာဏကို ပြသော အရာဖြစ်၏၊ ထို့ကြောင့် ထိုကန်ါဋ္ဌိကာသစ် ဖွင့်ပုံကို ဆရာတို့သည် မနှစ်သက်ကြ၊" အဋ္ဌင်္ဂုလပ္ပမာဏောတိ ဒီဃတော အဋ္ဌင်္ဂုလပ္ပမာဏော-အရှည်အားဖြင့် လက်ရှစ်သစ်ပမာဏရှိသော"ဟူသော တေရသကဏ်၏ အဖွင့်ကိုသာ နှစ်သက်တော်မူကြသည်၊"ပမာဏောပိ"၌ "ပိ"လည်း ဂရဟာဇောတကပင်၊ "ထိုမျှ သေးငယ်သော ပေရွက်သော်မှ ဂရုဘဏ်ဖြစ်သေး၏၊ "ထို့ထက် ရှည်လျှင်ကား ဂရုဘဏ် ဖြစ်ကြောင်း ပြောဘွယ်မလို"ဟု သမ္ဘာဝနာပြုပါ။

ရိတ္တပေါတ္ထကော။ ။ရိတ္တပေါတ္ထကောတိ အလိခိတပေါတ္ထကော၊ ဇာဒ္ဒ္ဓ ပဏ္ဍပ္ပ သင်္ဂေန ဝုတ္တံ-စာမရေးရသေး၍ စာမှ ကင်းဆိတ်သော ပေရွက်၊ ဤသို့ ပေရွက်ကိုထည့်၍ ဆိုခြင်းမှာလည်း ပဏ္ဏနှင့်စပ်လျဉ်းသဖြင့် ထည့်၍ဆိုခြင်း ဖြစ်သည်။ [ဤအဖွင့်များကို ထောက်၍ ထန်းရွက်နှင့် လျဉ်းပါးဘွယ်မရှိသော စာရေးစက္ကူများသည်၎င်း, ရေးသား ပုံနှိပ်အပ်ပြီးသော ပေစာ, စာအုပ်များသည်၎င်း ဤစကားနှင့်မဆိုင်၊"ဂရုဘဏ် မဟုတ် ကြ"ဟု မှတ်ပါ။]

ဆရာအချို့။ ။ ရှေးဆရာအချို့ကား "အဋ္ဌင်္ဂုလပ္ပမာဏောပိ "မှ ပိကို "ရိတ္တ ပေါတ္ထကောပိ"ဟု ရွှေ့ထိုင်စေ၍ "ရိတ္တပေါတ္ထကသော်မှ ဂရုဘဏ်ဖြစ်သေး၏၊ လိခိတ ပေါတ္ထက၏ ဂရုဘဏ်ဖြစ်ကြောင်းမှာ အထူးဆိုဘွယ် မလို " ဟု သမ္ဘာဝနာ ပြုကြ၏၊ ထိုသို့ပြုပြီးလျှင် ယခုကာလ စာအုပ်ပေစာများကို"ဂရုဘဏ်"ဟု၎င်း,"ပုဂ္ဂလိကမအပ်" ဟု၎င်း ဆုံးဖြတ်ကြသေး၏၊ ထို အဆုံးအဖြတ်သည် ကျမ်းရင်းအာဘော် မဟုတ်ပါ၊ ထို့ပြင်–"ဂရုဘဏ်"ဟု ဆိုတိုင်းလည်း"ပုဂ္ဂလိကမအပ်"ဟု မမှတ်ရ၊ အချို့ ဂရုဘဏ် များမှာ ပုဂ္ဂလိကခံယူကောင်း၏၊ ထေ ဝရဂရုဘဏ်ဖြစ်သော ဝိဟာရသော်မှ ပုဂ္ဂလိက ဖြစ်နိုင်သည်ကို သတိပြုပါ။

မတ္တိကာ-မြေညက်သည်၊ ပကတိမတ္တိကာ ဝါ- ရိုးရိုး မြေညက်သည်မူလည်း၊ ဟောတု-စေ၊ ပဉ္စဝဏ္ဏာ ဝါ-၅မျိုးသော အဆင်းရှိသော မြေညက်သည်မူလည်း၊ ဟောတု၊ သုခါ ဝါ- အက်တေသည်မူလည်း၊ ဟောတု၊ သဏ္ဌာရသက္ခရာ သိလေ သာဒိသု-ပွက်ရက်, ကညင်စေး, သစ်စေးအစရှိသည်တို့တွင်၊ ယံကိဉ္စိ ဝါ-အမှတ်မရှိ တခုခုသည်မူလည်း၊ ဟောတု၊ ဒုလ္လဘဋ္ဌာနေ-ခဲယဉ်းသဖြင့်ရအပ်ရာအရပ်၌၊ အာနေတွာ-၍၊ ဒိန္နံ-လှူအပ်သည်၊ (သမာနံ) ဝါ - သော်ငြားလည်း၊ တတ္ထဇာတကံ-သည်၊(သမာနံ) ဝါ-သော်ငြား၊ ရက္ခိတဂေါပိတံ-သော၊ တာလ ဖလပက္ကမတ္တံ-ထန်းသီးမှည့်ပမာဏရှိသော မြေညက်,အစေးသည်၊ ဂရုဘဏ္ဍံ-သည်၊ ဟောတိ-၏၊ တမ္ပိ-ထိုမြေညက်,အစေးသည်လည်း၊ ဝါ-ကိုလည်း၊ပေ၊ဝဋ္ဋတိ၊ ပန-ကား၊ ဟိင်္ဂုဟိင်္ဂုလက ဟရိတာလ မနောသိလဉ္ဇနာနိ— ဟိန်းဂို, ဟသ်ပဒါး, ဆေးဒန်း, မြင်းသီလာ, မျက်စဉ်းကျောက် အစရှိသည်တို့သည်၊ ဘာဇနီယဘဏ္ဍာနိ — တို့တည်း၊ [ဤတွင် မြေညက် ဘဏ္ဍာနှင့်စပ်သော စကားရပ်ပြီးပြီ။]

အသုကဝိဟာရေ — ထိုမည်သော ကျောင်းတိုက်၌၊ ဗဟု — များစွာသော၊ ဥဒ္ဒေသဘတ္တံ-သည်၊ ဥပ္ပန္နံ- ဖြစ်ပြီတဲ့၊ ဣတိ-သို့၊ သုတွာ - ကြားရ၍၊ ယောဇန န္တရိကဝိဟာရတောပိ — တယူဇနာ ခြားကွာသော ကျောင်းတိုက်မှလည်း၊ ဘိက္ခူ-တို့သည်၊ အာဂစ္ဆန္တိ-လာတတ်ကြကုန်၏၊ သမ္ပတ္တသမ္ပတ္တာနံ-ရောက်လာကုန် ရောက်လာကုန်သော ရဟန်းတို့၏၊ ဌိတဋ္ဌာနတော - တည်ရာ အရပ်မှ၊ (ထေရ်စဉ်မှ၊)ပဋ္ဌာယ-၍၊ ဂါဟေတဗ္ဗံ-၏၊ အသမ္ပတ္တာနံ-ဆွမ်းညွှန်ရာအရပ်သို့ မရောက်လာကုန်သည် ဖြစ်၍၊(သမာနာနံ)ပိ—ဖြစ်ပါကုန်သော်လည်း၊ ဝါ-ဖြစ်သည်လည်း ဖြစ်ကုန်သော၊ ဥပစာရသီမံ-ဥပစာရသိမ်သို့၊ ပဝိဋ္ဌာနံ- ဝင်ပြီးကုန်သော ရဟန်းတို့ဘို့၊ အန္တေဝါသိကာဒီသု-အန္တေဝါသိက အစရှိသော တပည့်တို့သည်၊ ဂဏှန္တေသု-(ကိုယ်စား)ယူကုန်လသော်၊ ဂါဟေတဗ္ဗမေဝ - ယူစေထိုက်သည်သာ၊ ဗဟိ ဥပစာရသီမာယ-ဥပစာရသိမ်၏ ပြင်ပ၌၊ ဌိတာနံ- တည်သော ရဟန်းတို့ဘို့၊ ဂါဟေထ-ယူစေပါကုန်၊ ဣတိ-သို့၊ ဝဒန္တိ-ပြောက်ကုန်အံ့၊(ဧဝံသတိ)၊ န ဂါဟေတဗ္ဗံ-မယူစေထိုက်၊(အချို့စာအုပ်များ၌"ဌိတာနံဝါ" ဟုငင်း "ဂါဟေတဗ္ဗာ"ဟုငင်း ရှိ၏၊ မကောင်း။)

ပန-ဆက်၊ ဥပစာရသီမံ-သို့၊ ဩက္ကန္တေဟိ-သက်ရောက်ပြီးကုန်သောရဟန်းတို့နှင့်၊ ဧကာဗဒ္ဓါ—တဆက်ထည်း စပ်ကုန်သည်၊ ဟုတွာ-၍၊ အတ္တနော - ၏၊ ဝိဟာရဒွါရေဝါ-ကျောင်းတိုက် တံခါးပေါက်၌သော်ငင်း၊ အန္တောဝိဟာရေ ယေဝဝါ-ကျောင်းတိုက်၏ အတွင်း၌သာသော်ငင်း၊ သစေ ဟောန္တိ - ကုန်အံ့၊ (ဧဝံ သတိ)၊ ပရိသာဝသေန-ပရိသတ်၏ အစွမ်းဖြင့်၊ (ပရိသတ်နှင့် စပ်သဖြင့်၊) သီမာ-ဥပစာရသိမ်သည်၊ ဝဍ္ဍိတာနာမ-တိုးပွားသည် မည်သည်၊ ဟောတိ-၏၊

× × × × × × ×

ဝဍ္ဍိတာ နာမ သီမာ။ ။ကျောင်းတိုက် နှစ်တိုက်သည် အလွန်မဝေးလှ၊ ဥဒ္ဒေသဘတ်ပေါများရာကျောင်းတိုက်သို့ ထိုအနီးကျောင်းတိုက်မှသံဃာများသည် ဆွမ်းညွှန်ချိန်၌ လာကြရာ ရှေးဦးလာသော ပုဂ္ဂိုလ်များသည် ဥဒ္ဒေသဘတ် ပေါများရာကျောင်းတိုက်၏ ဥပစာတွင်းသို့ ရောက်နေကြ၏၊ နောက်ပုဂ္ဂိုလ်များလည်း ရှေ့ရဟန်းများနှင့် တဆက်ထည်းပင် တချို့က ထိုကျောင်းတိုက်၏ တံခါးပေါက်၌ ရှိကြသေး၏၊ တချို့က ကျောင်းတွင်းမှာပင် ရှိကြသေး၏၊ သို့သော် ဥပစာအတွင်းရောက်နေသော ရဟန်းတို့၏ တဆဲ့နှစ်တောင်အတွင်းရောက်သောအားဖြင့် တဆက်တည်းဖြစ်သောကြောင့် ဥပစာရသိမ် ကျယ်သွားသည် မည်၏၊ ထို့ကြောင့် ထိုကျောင်းတံခါးပေါက်၌ ရှိနေကြသေးသူ, မိမိတို့ ကျောင်းတွင်းမှာပင် ရှိနေသူများအတွက်လည်း ယူပါစေ—ဟူလို။

တသ္မာ-ကြောင့်၊ ဂါဟေတဗ္ဗံ-ထိုက်၏၊သံဃနဝကဿ-သံဃနော ရဟန်းအား၊ (ဥဒ္ဒေသဘတ္တေ-ကို၊) ဒိန္နေပိ-ပေးအပ်ပြီးသော်လည်း၊(ညွှန်ချပြီးသော်လည်း၊) ပစ္ဆာ-မှ၊ အာဂတာနံ-ရောက်လာသောရဟန်းတို့ဘို့၊ ဂါဟေတဗ္ဗမေဝ-ယူစေထိုက်သည်သာ၊ ပန — သို့သော်လည်း၊ ဒုတိယဘာဂေ — ဒုတိယ အဘို့သည်၊ ထေရာသနံ—သို့၊ အာရုဠှေ—တက်ရောက်ပြီးလသော်၊ ပုန- ဖန်၊ အာဂတာနံ – တို့၏ (အထံသို့)၊ ပဌမဘာဂေါ — သည်၊ နပါပုဏာတိ — မရောက်၊ ဒုတိယ ဘာဂတော-မှ၊ ဝဿဂ္ဂေ (ဍ္ဍေ)န-ဝါ အပိုင်းအခြားအားဖြင့်၊ ဝါ— ဝါစဉ် အားဖြင့်၊ ဂါဟေတဗ္ဗံ – ၏။ ["ဂဏိယတီတိ ဂံ၊ ဝဿမေဝ+ဂံ ဝဿဂ္ဂံ "ဟု ယောဇနာပြု၏၊ ဂံတလုံးတည်းက ရေတွက်ခြင်း အနက်ကို မဟောနိုင်သော ကြောင့် စဉ်းစားထိုက်သည်။]

ဧကသ္မိံ-တခုသော၊ ဝိဟာရေ-ကျောင်းတိုက်၌၊ ဧကံ – တခုသော၊ ဘတ္တုဒ္ဒေသဋ္ဌာနံ-ဆွမ်းညွှန်ချရာအရပ်ကို၊ ပရိစ္ဆိန္ဒိတွာ-ပိုင်းခြား သတ်မှတ်၍၊ ဂါဝုတပ္ပမာဏာယပိ— တဂါဝုတ် အတိုင်း အရှည် ရှိသည်လည်း ဖြစ်သော၊ ဥပစာရသီမာယ-၌၊ယတ္ထကတ္ထစိ-အမှတ်မထား တပါးပါးသော အရပ်၌၊အာရောစိတံ-လျှောက်အပ်သော၊ ဥဒ္ဒေသဘတ္တံ – ကို၊ တသ္မိံ ယေဝ ဘတ္တုဒ္ဒေသဋ္ဌာနေ- ထို ဆွမ်းညွှန်ချရာအရပ်၌သာ၊ ဂါဟေတဗ္ဗံ-ယူစေရာ၏၊(ဤသို့သတ်မှတ်ထားသော အရပ်၌ ယူစေမှ အခြားတိုက်က လွယ်ကူစွာ သိနိုင်သည်၊)ဧကော-တယောက်သော ဒါယကာသည်၊ ဧကဿ - တပါးသော၊ ဘိက္ခုနော — ၏ (အထံသို့)၊ ပဟိဏာတိ- စေလွှတ်၏၊ (ကိံ - အဘယ်သို့မှာ၍ စေလွှတ်သနည်း၊) သွေပိ- နက်ဖန်၌လည်း၊ သံဃတော--မှ၊ ဥဒ္ဒိသိတွာ-၍၊ ဒသ-ကုန်သော၊ ဘိက္ခူ- တို့ကို၊ ပဟိဏထ-စေလွှတ်ပါကုန်၊ ဣတိ-ဤသို့ မှာ၍၊ (ပဟိဏာတိ—အံ့၊ ဧဝံ သတိ)၊ တေန-ထို ရဟန်းသည်၊ (ဒါယကာက လျှောက်အပ်သော ရဟန်းသည်၊) သော အတ္ထော-ထို အနက်အဓိပ္ပါယ်ကို၊ ဘတ္တုဒ္ဒေသကဿ-ဆွမ်းညွှန်ချသော ရဟန်း အား၊ အာရောစေတဗ္ဗော-ပြောပြထိုက်၏၊ တံဒိပသံ- ထို နေ့၌၊ (စေလွှတ်ရာ နေ့၌၊) သစေ ပမုဿတိ-အကယ်၍ မေ့နေအံ့၊ (ဧဝံ သတိ)၊ ဒုတိယဒိဝသေ— ဒုတိယနေ့၌၊ ပါတောဝ—စောစောကပင်၊(ဆွမ်း မညွှန်ချမီကပင်၊)အာရောစေတဗ္ဗော-ပြောပြထိုက်၏၊ အထ-သို့မဟုတ်၊ပမုဿိတွာဝ-မေ့၍သာလျှင်၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှါ၊ ပဝိသန္တော-ဝင်လသော်၊ ဝါ-ဝင်ကာမှ၊(သစေ)သရတိ- အကယ်၍ အမှတ်ရအံ့၊(ဧဝံ သတိ)၊ ယာဝ-လောက်၊ ဥပစာရသီမံ - ကို၊ နာတိ က္ကမတိ-မလွန်သေး၊ တာဝ-ထိုမျှလောက်၊ ဘောဇနသာလာယ-ဆွမ်းညွှန်ချရာ ဆွမ်းစားစရပ်၌၊[ဘောဇနသာလာယာတိ ဘတ္တုဒ္ဒေသဋ္ဌာနဘူတာယ ဘောဇန သာလာယ၊— သာရတ္ထ။] ယာ ပကတိဋ္ဌိတိကာ— အကြင် ပကတိတည်ရာ အစဉ် သည်၊ (အတ္ထိ)၊ တဿာဧဝ - ထို ပကတိတည်ရာအစဉ်၏သာလျှင်၊ ဝသေန်—

အစွမ်းဖြင့်၊ ဂါဟေတဗ္ဗံ- ယူစေရာ၏၊ ဥပစာရသီမံ- ကို၊ အတိက္ကန္တာ-လွန်လာကုန်သော၊ ဘိက္ခူစ - တို့သည်လည်း၊ ဥပစာရ သီမဋ္ဌကေဟိ - ဥပစာရသိမ်၌တည်သော ရဟန်းတို့နှင့်၊ ကောဗဒ္ဓါ-တဆက်တည်း စပ်နေကုန်သည်၊ သစေပိ ဟောန္တိ—အကယ်၍မူလည်း ဖြစ်ကုန်အံ့၊ အညမညံ- အချင်းချင်း၊ ဒွါဒသဟတ္ထန္တရံ- တဆဲ့နှစ်တောင်၏အတွင်းကို၊ အဝိဇဟိတွာ-မစွန့်မူ၍၊ သစေပိ ဂစ္ဆန္တိ- အကယ်၍မူလည်း သွားကုန်အံ့၊ (ဧဝံသတိပိ)၊ ပကဘိဋ္ဌိတိကာယ-၏၊ ဝသေန- ဖြင့်၊ ဂါဟေတဗ္ဗံ-၏။

ပန- ဆက်၊ ဘိက္ခူနံ- တို့၏၊ တာဒိသေ- ထိုကဲ့သို့ ရှုအပ်သော၊ ကောဗဒ္ဓေ- တဆက်တည်းစပ်ခြင်းသည်၊ အသတိ-မရှိလသော်၊ ဥပစာရသီမာယ-၏၊ ဗဟိ- ပြင်ဘက်၌၊ (ပြင်ဘက်ရောက်မှ!)ယသ္မိံ ဌာနေ-အကြင် အရပ်၌၊ သရတိ-အမှတ်ရ၏၊ တတ္ထ — ထိုအရပ်၌၊ နဝံ — အသစ်ဖြစ်သော၊ ဌိတိကံ - တည်ရာအစဉ်ကို၊ ကတွာ-၍၊ ဂါဟေတဗ္ဗံ-၏၊ အန္တောဂါမေ- ရွာတွင်း၌၊ အာသနသာလာယ- ထိုင်နေရာစရပ်၌၊ (ထိုင်နေရာစရပ်ရောက်မှ၊) သရန္တေန-အမှတ်ရသောရဟန်းသည်၊ အာသနသာလာယ- ၌၊ ဌိတိကာယ- အားဖြင့်၊ ဂါဟေတဗ္ဗံ-၏၊ ယတ္ထ ကတ္ထစိ-၌၊ သရိတွာ- ၍၊ ဂါဟေတဗ္ဗမေဝ- ယူစေထိုက်သည်သာ၊ အဂါဟေတုံ-မယူစေခြင်းငှါ၊ န ဝဋ္ဋတိ- မအပ်၊ (ကသ္မာ- ကြောင့်၊ အဂါဟေတုံ-ငှါ၊ န ဝဋ္ဋတိ-နည်း၊) ဟိ(ယသ္မာ)-ကြောင့်၊ တေံ-ဤ ဥဒ္ဒေသဘတ်ကို၊ (ရဟန်းတပါးကို စေလွှတ်၍ပျောက်ထားအပ်သော ဥဒ္ဒေသဘတ်ကို၊)ဒုတိယဒိဝသေ- ၌၊ န လဗ္ဘတိ-မရအပ်တော့၊ ဍုတိ-ထို့ကြောင့်၊(အဂါဟေတုံ န ဝဋ္ဋတိ၊) [ပျောက် တုန်းက "သွေ-နက်ဖန်"ဟု ပျောက်ခဲ့သောကြောင့် ယခု ထို ပျောက်ရာနေ့သို့ ရောက်နေရကား ဒုတိယနေ့၌ ဤ ဥဒ္ဒေသဘတ်ကို ခံယူခွင့်မရှိတော့၊ သွေတိ နိယမေတွာ ဝုတ္တတ္တာ ဒုတိယဒိဝသေ န လဗ္ဘတိ၊- ယောဇနာ၊] ဍုတိ- ဤတွင် ရဟန်းတပါးအထံ ပျောက်ထားအပ်သော ဥဒ္ဒေသဘတ်နှင့်စပ်၍ မှတ်ဘွယ် အပြီးတည်း၊ (ဍုတိတလုံး အကျေကြံ)။

သကပိဟာရတော-မိမိတို့၏ကျောင်းတိုက်မှ၊ (အချို့စာ၌ "ပကဘိပိဟာရတော - ပင်ကိုယ်နေရာ ကျောင်းတိုက်မှ" ဟု မူကွဲရှိ၏၊) အညံ - အခြားသော၊ ဝိဟာရံ-ကျောင်းတိုက်သို့၊ ဂစ္ဆန္တေ-သွားကြကုန်သော၊ ဘိက္ခူ-တို့ကို၊ ဒိသွာ- ၍၊ ကောစိ-တစုံတယောက်သောဒါယကာသည်၊ ဥဒ္ဒေသဘတ္တံ-ကို၊သစေ ဥဒ္ဒိသာပေတိ-အကယ်၍ ညွှန်ချစေအံ့၊ (ဥဒ္ဒေသဘတ်လှူလို၍ ထေရ်စဉ်အတိုင်း ညွှန်ချစေအံ့၊ ဧဝံသတိ၊) ယာဝ - လောက်၊ အန္တော ဥပစာရေဝ ါ - ဥပစာရသိမ်၏ အတွင်း၌သော်လည်း၊ ဥပစာရသီမဋ္ဌကေဟိ — ဥပစာရသိမ်၌ တည်ကုန်သော ရဟန်းတို့နှင့်၊ သဒ္ဓိံ — ကွ၊ ဝုတ္တနယေန — ဆိုအပ်ပြီးသောနည်းဖြင့်၊ (တဆဲ့နှစ်တောင် မလွန်သောနည်းအားဖြင့်၊)ကောဗဒ္ဓါ ဝါ-တဆက်တည်းစပ်နေကုန်

သော်၎င်း၊ ဟောန္တိ-ဖြစ်ကုန်၏၊ တာ ၀-ထိုမျှလော်၊ သကဝိဟာရေ-၌၊ ဌိတိကာ ၀သေနေ၀ - ဖြင့်သာလျှင်၊ ဂါဟေတဗ္ဗံ - ထိုက်၏၊ [သကဝိဟာရေ ဌိတိကာ ၀သေနေ၀ ဂါဟေတဗ္ဗံတိ ယံ ဝိဟာရံ ဂစ္ဆန္တိ၊တတ္ထ အပ္ပဝိဋ္ဌတ္တာ သကဝိဟာရေ ဌိတိကာ၀သေနေ၀ ဂါဟေတဗ္ဗံ၊- ယောဇနာ၊] ပန- ကား၊ ဗဟိ ဥပစာရေ-၌၊ ဌိတာနံ-တည်နေကုန်သော ရဟန်းတို့အား၊ ဒိန္နံ-လှူအပ်သော ဥဒ္ဒေသဘတ်ကို၊ (ဂါဟေတဗ္ဗံ ၌စပ်၊) ဘန္တေ-တို့၊ သံဃတော- မှ၊ တွေကနောမ- ဤမျှအတိုင်း အရှည်ရှိသည် မည်ကုန်သော၊ ဘိက္ခူ- တို့ကို၊ ဥဒ္ဒိသထ- ညွှန်ချပါကုန်၊ ဣတိ-သို့၊ ဝုတ္တေ - လျှောက်အပ်သော်၊ သမ္ပတ္တာနံ-ရောက်လာကုန်သော ရဟန်းတို့ဘို့၊ ဂါဟေတဗ္ဗံ - ယူစေရာ၏၊ တတ္ထ- ထို လှူရာအရပ်သို့၊ (သမ္ပတ္တာနံယေဝ၌စပ်၊) ဒွါဒသဟတ္ထန္တရံ- ကို၊ အဝိဇဟိတွာ — ၍၊ ကောဗဒ္ဓနယေန — တဆက်တည်း စပ်ခြင်းဟူသော နည်းဖြင့်၊ ဒူရေ - အဝေး၌၊ ဌိတာနံပိ - တည်ကုန်သည်လည်း ဖြစ်ကုန်သော၊ သမ္ပတ္တာနံယေဝ - ရောက်လာသော ရဟန်းတို့ဘို့သာ၊ (ဂါဟေ တဗ္ဗံ၊) ဣတိ-သို့၊ ဝေဒိတဗ္ဗံ- ထိုက်၏။

ယံ ဝိဟာရံ- သို့၊ ဂစ္ဆန္တိ - ကုန်၏၊ တတ္ထ- ထိုကျောင်းတိုက်၌၊ ပဝိဋ္ဌာနံ - ဝင်ပြီးကုန်သော ရဟန်းတို့အား၊ (သကဝိဟာရတော အညံ ဝိဟာရံ ဂစ္ဆန္တေ ဘိက္ခူတို့ကိုဆိုသည်၊) သစေ အာရောစေတိ - အကယ်၍ လျှောက်အံ့၊ (ဥဒ္ဒေသ ဘတ်ကို ညွှန်ချပေးပါရန် လျှောက်အံ့၊) (ဇေံသတိ)၊ တဿ ဝိဟာရဿ - ထို ရောက်အပ်သောကျောင်းတိုက်၏၊ ဌိတိကာ၀သေန-ဖြင့်၊ ဂါဟေတဗ္ဗံ-၏၊ ဂါမ

× × × × × × ×

တတ္ထ၊ပေ၊သမ္ပတ္တာနံယေဝ။ ။စာအုပ်တို့၌ "ဌိတာပိ သမ္ပတ္တာယေဝါတိ ဝေဒိ တဗ္ဗံ"ဟု တွေ့ရ၏၊ သို့သော် ယောဇနာ၌ " တတ္ထာတိ ဒိန္နဋ္ဌာနံ၊ သမ္ပတ္တာနံ ယေဝါတိ သမ္ဗန္ဓော " ဟု စာစပ်ကို ပြသောကြောင့်၎င်း , ရှေ့ဝါကျရှိ "သမ္ပတ္တာနံ"နှင့် ထပ်တူ ဖြစ်သည့်အတွက် " သမ္ပတ္တာနံယေဝ" ဟု ဧဝ ပါသောကြောင့်၎င်း, "ဒူရေ ဌိတာနံပိ သမ္ပတ္တာနံယေဝါတိ"ဟု ပါဠိမှန်ရှိစေ၊ သမ္ပတ္တာနံယေဝါ၏ စပ်ပုဒ်ကို"ဂါဟေတဗ္ဗံ"ဟု ရှေ့ဝါကျမှလိုက်စေ၊ဆိုလိုရင်းကား"တဆဲ့နှစ်တောင်အတွင်း ဆက်စပ်နေကြလို့ရှိလျှင် တယူဇနာဝေးသောအတန်းပင်ဖြစ်စေကာမူ ထို ဥဒ္ဒေသဘတ်ကို ယူစေရမည်"ဟူလို။

အာရောစေတိ,အာရောစေန္တိ။ ။စာအုပ်တို့၌ "အာရောစေန္တိ"ဟု တွေ့ရ၏၊ ကောစိ ဥဒ္ဒေသဘတ္တံ ဥဒ္ဒိသာပေတိမှ ကောစိ ဟူသော ကတ္တားသည် လိုက်လျက်ရှိ၏၊ မှန်၏ " ကောစိ ၊ ပေ ၊ တာဝ သကဝိဟာရေ ဌိတိကာဝသေနေဝ ဂါဟေတဗ္ဗံ "သည် မူလကျောင်းတိုက်၏ ဥပစာကို မလွန်သေးခင် လျှောက်ထားပုံကို ပြသောနည်းတည်း၊ " ဗဟိဥပစာရေ ဌိတာနံ စသောနည်းကား မူလ ကျောင်းတိုက်၏ ဥပစာကိုလွန်မှ လျှောက်ထားပုံကိုပြသောနည်းတည်း၊"သစေ ယံ ဝိဟာရံ ဂစ္ဆန္တိ"စသော ဤနည်းကား သွားမည့်ကျောင်းတိုက်၏ ဥပစာကိုဝင်ပြီးမှ လျှောက်ပုံကို ပြသောနည်းတည်း၊ အလှူ ရှင်မှာ "ကောစိ"ဟူသော ကတ္တားပုဂ္ဂိုလ်ချည်းသာဖြစ်သည်၊ ထို့ကြောင့်"အာရောစေ တိ"ဟုသာ ရှိသင့်ပါသည်။

ဒွါရေဝါ- ရွာတံခါးပေါက်၌သော်၎င်း၊ ဝီထိယံဝါ- လမ်းမ၌သော်၎င်း၊ စတုက္ကေဝါ- လမ်း ၄ ခုတို့၏ ပေါင်းဆုံရာအရပ်၌ သော်၎င်း၊ (လမ်း ၄ ခွ၌သော်၎င်း၊) အန္တရဃရေဝါ - အိမ်တွင်း၌သော်၎င်း၊ [အန္တရဃရေတိ အန္တော ဂေဟေ၊-သာရတ္ထ။] ဘိက္ခု- တို့ကို၊ ဒိသွာ-၍၊ ကောစိ- တစုံတယောက်သော ဒါယကာသည်၊ သံယုဒ္ဒေသံ- သံဃာမှ ညွှန်ချအပ်သောဘတ်ကို၊ သစေပိ အာရောစေတိ-အကယ်၍မူလည်း လျှော်အံ့၊(ဓဝံသတိ)၊ တသ္မိံ တသ္မိံ ဌာနေ-ထိုထို အရပ်၌၊ (ဂါမဒွါရ, ဝီထိ , စတုက္ကတို့၌၊) အန္တော ဥပစာရဂတာနံ -တဆဲ့နှစ်တောင် ဥပစာအတွင်း၌ရောက်ကုန်သော ရဟန်းတို့ဘို့၊ ဂါဟေတဗ္ဗံ-၏။

[ဂါမဒွါရ, ဝီထိ, စတုက္ကတို့၌ တဆဲ့နှစ်တောင်အတွင်းကို " ဥပစာ " ဟု ယူရသော်လည်း အန္တရဃရ၌ ဥပစာယူပုံမှာ ထိုနှင့် မတူသောကြောင့် " ဃရူပစာရော စေတ္ထ"စသည်ကို မိန့်၊] စ-ဆက်၊ ဧတ္ထ-ဤ ၄ မျိုးသောဥပစာတို့တွင်၊ (ဂါမဒွါရူပစာရ , ဝီထိဥပစာရ , စတုက္ကူပစာရ , ဃရူပစာရ ၄ မျိုးတို့တွင်၊ ယောဇနာ၌ကား "ဝီထိနှင့် စတုက္ကကိုပေါင်း၍ "ဧတ္ထာတိ တီသု ဥပစာရေသု" ဟု စွဲ၏၊) ဃရူပစာရော-ဃရူပစာရကို၊ (ဝေဒိတဗ္ဗော ၌စပ်၊) ဧကံ ဃရံ-တအိမ်ဟူသော၊ ဧကူပစာရံ-တူသောဥပစာရှိသော အရပ်၎င်း၊ ဧကံ ဃရံ-သော၊ နာနူပစာရံ - ကွဲပြားသော ဥပစာရှိသောအရပ်၎င်း၊ နာနာဃရံ- ကွဲပြားသော အိမ်ဟူသော၊ ဧကူပစာရံ - အရပ်၎င်း၊ နာနာဃရံ - သော၊ နာနူပစာရံ- အရပ်၎င်း၊ ဣတိ- သို့၊ ဣမေသံ - ဤ စတုက္ကတို့၏၊ ဝသေန- ဖြင့်၊ ဝေဒိတဗ္ဗော-၏၊ တတ္ထ- ထို ဧကဃရ ဧကူပစာရစသော ၄ မျိုးတို့တွင်၊ ဧကကုလဿ-တဦးသောအမျိုး၏၊ ယံ ဃရံ-အကြင်အိမ်သည်၊ ဧကဝဠဉ္ဇံ-တံခါးတပေါက်ဖြင့် ဝင်ရောက် သုံးစွဲထိုက်သည်၊ ဟောတိ- ၏၊ [ဧကဝဠဉ္ဇန္တိ ဧကေန ဒွါရေန ဝဠဉ္ဇိတဗ္ဗံ၊- ဋီကာ။] တံ- ထိုအိမ်သည်၊ သုပ္ပပါတ ပရိက္ခေပဒဿ- ဗန်း(စကော)ကျရာ အပိုင်းအခြား၏၊ အန္တော - အတွင်း၌၊ ဧကူပစာရံနာမ- တူသော ဥပစာရှိသော အိမ်မည်၏၊ တတ္ထ-ထိုအိမ်၌၊ ဥပ္ပန္နော- ဖြစ်သော၊ ဥဒ္ဒေသလာဘော - ဥဒ္ဒေသလာဘ်သည်၊ (ပါပုဏာတိ ၌စပ်၊) တသ္မိံ ဥပစာရေ - ၌၊ ဘိက္ခာစာရ ဝတ္တေနပိ - ဆွမ်းခံလှည့်လည်ခြင်းဟူသော ကျင့်ဝတ်ဖြင့်လည်း၊ ဌိတာနံ-ရပ်နေကုန်သော၊ သဗ္ဗေသံ-အလုံးစုံသောရဟန်းတို့၏(အထံသို့)၊ ပါပုဏာတိ-၏၊ ဧတံ-ဤအရပ်သည်၊ ဧကံ ဃရံ-သော၊ ဧကူပစာရံနာမ- တူသော ဥပစာရှိသောအရပ်မည်၏။

ပန-ကား၊ ဧကံ- သော၊ ယံ ဃရံ- အကြင်အိမ်ကို၊ (ကတံ ၌စပ်၊) ဒွိန္နံ ဘရိယာနံ - မယား ၂ ယောက်တို့၏၊ သုခဝိဟာရတ္ထာယ - ချမ်းသာစွာ နေနိုင်ခြင်း အကျိုးငှါ၊ မဇ္ဈေ- ၌၊ ဘိတ္တိံ - နံရံကို၊ ဥဋ္ဌာပေတွာ- ထစေ၍၊ ဝါ- ထောင်၍၊ နာနာဒွါရဝဠဉ္ဇံ - ကွဲပြားသော တံခါးပေါက်ဖြင့် ဝင်ရောက်သုံးစွဲထိုက်သည်ကို၊ ကတံ- ပြုအပ်ပြီ၊ တတ္ထ- ထိုအိမ်၌၊ ဥပ္ပန္နော- သော၊ ဥဒ္ဒေသလာဘော - သည်၊

ဘိတ္တိအန္တရိကာယ – နံရံဖြင့် ခြားကွယ်အပ်သော ရဟန်း၏အထံသို့၊ (ဘိတ္တိအန္တရိကာယ ဟု ရှိလျှင် ကောင်း၏၊) နပါပုဏာတိ – မရောက်၊ တသ္မိံ တသ္မိံ ဌာနေ – ထိုထိုအရပ်၌၊ (မိမိထိုင်နေရာဘက်၌၊) နိသိန္နဿေဝ – ထိုင်နေသော ရဟန်း၏ (အထံသို့)သာ၊ ပါပုဏာတိ – ၏၊ ဧတံ – ဤအရပ်သည်၊ ဧကံ ဃရံ-သော၊ နာနူပစာရံနာမ- ကွဲပြားသော ဥပစာရှိသော အရပ်မည်၏။

ပန-ကား၊ ယသ္မိံ ဃရေ-၌၊ ဗဟူ-ကုန်သော၊ဘိက္ခူ-တို့ကို၊ နိမန္တေတွာ-၍၊ အန္တောဂေဟေ ပတော- အိမ်အတွင်းမှ၊ ပဋ္ဌာယ- ၍၊ ဧကာဗဒ္ဓေ- တဆက်တည်း စပ်သည်တို့ကို၊ ကတွာ-၍၊ ပတိဝိဿက ဃရာနိပိ-ရှေးရှု ဝင်အပ်သောအိမ်တို့ကိုလည်း၊ ဝါ-အိမ်နီးချင်းတို့ကိုလည်း၊ ပူရေတွာ-ပြည့်စေ၍၊ နိသီဒါပေန္တိ-ထိုင်စေကြကုန်၏၊ တတ္ထ – ထိုအိမ်၌ ၊ပေ၊ ပါပုဏာတိ၊ နာနာကုလဿ- ကွဲပြားသော အမျိုး၏၊ ယံပိ နိဝေသနံ – အကြင် အိမ်ကိုလည်း၊ မဇ္ဈေ- ၌၊ ဘိတ္တိံ – နံရံကို၊ အကတွာ-မပြုမူ၍၊ ဧကဒ္ဓါရေနေဝ-တခုတည်းသော တံခါးဖြင့်သာ၊ ဝဠဥ္ဇန္တိ-ကုန်၏၊ တတြာပိ-ထိုအိမ်၌လည်း၊ ဧသေဝနယော-တည်း၊ဧတံ-ဤအရပ်သည်၊ နာနာဃရံ-သော၊ ဧကူပစာရံနာမ- မည်၏။

ပန-ကား၊ နာနာနိဝေသနေသု-အမျိုးမျိုးသောအိမ်တို့၌၊ [နာနာနိဝေသနေသူတိ နာနာကုလဿ နာနူပစာရေသု နိဝေသနေသု၊-ဝိမတိ၊] နိသိန္နာနံ-ထိုင်နေကုန်သော၊ ဘိက္ခူနံ-တို့၏(အထံ၌)၊ ယော ဥဒ္ဒေသလာဘော-သည်၊ ဥပ္ပဇ္ဇတိ-၏၊ ဘိတ္တိန္တိ ဒွေန-နံရံ၏အပေါက်ဖြင့်၊ ဘိက္ခူ-တို့ကို၊ ကိဥ္စာပိ ဒိဿန္တိ-အကယ်၍ကား မြင်အပ်ပါပေကုန်၏၊ (ပန-ထိုသို့ပင် မြင်အပ်ပါကုန်သော်လည်း၊) တသ္မိံ တသ္မိံ နိဝေသနေ – ထိုထိုအိမ်၌၊ နိသိန္နာနံယေဝ – နေကုန်သောရဟန်းတို့၏ (အထံသို့သာ)၊ ပါပုဏာတိ- ၏၊ ဧတံ- သည်၊ နာနာဃရံ- သော၊ နာနူပစာရံ နာမ-မည်၏။

ပန- ကား၊ ယော- အကြင် ရဟန်းသည်၊ ဂါမဒ္ဒါရ ဝီထိ စတုက္ကေသု- ရွာတံခါး, လမ်းမ, လမ်းလေးခွတို့တွင်၊ အညတရသ္မိံ – အမှတ်မထား တပါးပါးသော၊ ဌာနေ-အရပ်၌၊ ဥဒ္ဒေသဘတ္တံ-ကို၊ လဘိတွာ-၍၊ အညသ္မိံ-မိမိမှတပါးသော၊ ဘိက္ခုသ္မိံ-သည်၊ အသတိ-မရှိလသော်၊ အတ္တနော ဝ-မိမိ၏ (အထံသို့)သာ၊ ပါပုဏာပေတွာ – ရောက်စေပြီး၍၊ ဒုတိယဒိဝသေပိ – ၌လည်း၊ တသ္မိံယေဝဌာနေ-ထိုအရပ်၌ပင်၊ အညံ-အခြားသော ဥဒ္ဒေသဘတ်ကို၊ လဘတိ-၏၊ တေန – ထိုရဟန်းသည်၊ အညံ – မိမိမှတပါးသော၊ နဝကံဝါ – သီတင်းငယ်မူလည်းဖြစ်သော၊ ဝုဍ္ဍံဝါ- သီတင်းကြီးမူလည်းဖြစ်သော၊ ယံ ဘိက္ခုံ- ကို၊ ပဿတိ- မြင်၏၊ တဿ- ထိုရဟန်းအား၊ ဝါ- ကို၊ ဂါဟေတဗ္ဗံ – ၏၊ ကောစိ – တစုံ တယောက်သော ရဟန်းသည်၊ သစေ နတ္တိ – အံ့၊ (ဧဝံသတိ)၊ အတ္တနော ဝ – မိမိ၏အထံသို့သာ၊ ပါပေတွာ-၍၊ ဘုဥ္စိတဗ္ဗံ-စားထိုက်၏။

အာသနသာလာယ-ထိုင်နေရာစရပ်၌၊ ဝါ-ဆွမ်းစားစရပ်၌၊ နိသိဒိတွာ-၍၊ ဘိက္ခူသု- တို့သည်၊ ကာလံ - ဆွမ်းစားချိန်ကို၊ ပဋိမာနေန္တေသု - မျှော်လင့်နေကုန်စဉ်၊ ဝါ-ဆိုင်းငံ့နေကုန်စဉ်၊ ကောစိ-တစုံတယောက်သော ဒါယကာသည်၊ သံယုဒ္ဓေသပတ္တံ-သံဃာမှ ညွှန်ချအပ်သောသပိတ်ကို၊ ဒေထ- ပေးပါကုန်၊ ဣတိ ဝါ - ဤသို့သော်ငင်း၊ ဥဒ္ဒေသပတ္တံ - ညွှန်ချအပ်သောသပိတ်ကို၊ ဒေထ - ကုန်၊ ဣတိဝါ- ငင်း၊ သံဃတော- မှ၊ ဥဒ္ဒိသိတွာ- ညွှန်ချ၍၊ ပတ္တံ- ကို၊ ဒေထ- ကုန်၊ ဣတိဝါ-ငင်း၊ သံဃိကံ-သံဃိကဖြစ်သော၊ ပတ္တံ- ကို၊ ဒေထ-ကုန်၊ ဣတိဝါ-ငင်း၊ သစေ ဝဒတိ- အံ့၊ (ဧဝံသတိ)၊ ဥဒ္ဒေသပတ္တံ - ညွှန်ချအပ်သောသပိတ်ကို၊ ဌိတိကာယ-အားဖြင့်၊ ဂါဟေတွာ-ယူစေပြီး၍၊ ဒါတဗ္ဗံ-ပေးရာ၏၊ သံယုဒ္ဓေသဘိက္ခုံ-သံဃာမှ ညွှန်ချအပ်သောရဟန်းကို၊ ဒေထ-ကုန်၊ သံဃတော-မှ၊ ဥဒ္ဒိသိတွာ-၍၊ ဘိက္ခုံ- ကို၊ ဒေထ- ကုန်၊ သံဃိကံ- သော၊ ဘိက္ခုံ- ကို၊ ဒေထ- ကုန်၊ ဣတိ-သို့၊ ဝုတ္တေပိ-လျှောက်အပ်ရာ၌လည်း၊ ဧသေဝနယော-တည်း။

ပန-ဆက်၊ ဧတ္ထ-ဤ ဥဒ္ဒေသဘတ်အရာ၌၊ ဥဒ္ဒေသကော- ညွှန်ချတတ်သော ရဟန်းကို၊ ပေသလော-သီလကို ချစ်တတ်သော၊ လဇ္ဇီ - မကောင်းမှုမှရှက်ခြင်းရှိသော၊ မေဓာဝီ - ပညာရှိသော ရဟန်းကို၊ ဣစ္ဆိတဗ္ဗော - အလိုရှိထိုက်၏၊ တေန-ထိုရဟန်းသည်၊ တိက္ခတ္တုံ-သုံးကြိမ်၊ ဌိတိကံ-ကို၊ ပုစ္ဆိတွာ-၍၊ ကောစိ-တစုံတယောက်သော၊ ဌိတိကံ- ကို၊ ဇာနန္တော - သိသောရဟန်းသည်၊ သစေ နတ္ထိ - အံ့၊ (ဧဝံသတိ)၊ ထေရာသနတော - ထေရ်၏နေရာမှစ၍၊ ဂါဟေတဗ္ဗံ-ထိုက်၏၊ ပန-ဆက်၊ အဟံ-တပည့်တော်သည်၊ ဇာနာမိ - သိပါ၏၊ ဒသဝဿေန-ဆယ်ဝါရှိသော ရဟန်းသည်၊ လဒ္ဓံ- ရအပ်ပါပြီ၊ (ရှေးနေ့တုန်းက ရအပ်ပါပြီ၊) ဣတိ- သို့၊ ကောစိ- တစုံတယောက်သော ရဟန်းသည်၊ သစေ ဘဏာတိ- အကယ်၍လျှော်အံ့၊ (ဧဝံသတိ)၊ အာဝုသော-ငါ့ရှင်တို့၊ ဒသဝဿာ-ဆယ်ဝါ ရှိကုန်သော၊ ဘိက္ခူ- တို့သည်၊ အတ္ထိ- ရှိပါကုန်သလော၊ ဣတိ - သို့၊ ပုစ္ဆိတဗ္ဗံ- မေးရာ၏၊ တဿ-ထိုရဟန်း၏(စကားကို)၊ သုတွာ-၍၊ (မယံ-တပည့်တော်တို့သည်၊) ဒသဝဿာ - ကုန်သည်၊ အမှ- ဖြစ်ပါကုန်၏၊ (မယံ - တို့သည်၊) ဒသဝဿာ-ကုန်သည်၊ အမှ-ကုန်၏၊ ဣတိ- ဤသို့လျှောက်၍၊ ဗဟူ-များစွာသော ရဟန်းတို့သည်၊ သစေ အာဂစ္ဆန္တိ-ကုန်အံ့၊ (ဧဝံသတိ)၊ တုယှံ-သင်၏ (အထံသို့)၊ ပါပုဏာတိ-ရောက်၏၊ တုယှံ-သို့၊ ပါပုဏာတိ-၏၊ ဣတိ-သို့၊ အဝတွာ- မပြောမူ၍၊ သဗ္ဗေ - အလုံးစုံသောရဟန်းတို့သည်၊ အပ္ပသဒ္ဒါ - တိုးသောအသံ ရှိကုန်သည်၊ ဟောထ-ဖြစ်ကြပါကုန်၊ ဣတိ-သို့၊ ဝတွာ-၍၊ ပဋိပါဋိယာ-အစဉ်အားဖြင့်၊ ထပေတဗ္ဗာ — ထားထိုက်ကုန်၏၊ ထပေတွာ — ထားပြီး၍၊ ကတိ— အဘယ်မျှလောက်သော ရဟန်းတို့ကို၊ ဣစ္ဆထ - အလိုရှိကုန်သနည်း၊ ဣတိ - ဤသို့၊ ဥပါသကော- ဥပါသကာကို၊ ပုစ္ဆိတဗ္ဗော- မေးထိုက်၏၊ ဘန္တေ-အရှင်

ဘုရား၊ ဧတ္တကေနာမ-ဤမျှအတိုင်းအရှည်ရှိသည်မည်ကုန်သော၊ ဘိက္ခူ-တို့ကို၊ (ဇူနှာမိ-၏၊) ဉတိ- သို့၊ ဝုတ္တေ- လျှောက်အပ်သော်၊ တုယှံ- အရှင်ဘုရား၏ အထံသို့၊ ပါပုဏာတိ-၏၊ တုယှံ, ပါပုဏာတိ၊ ဉတိ-သို့၊ အဝတွာ-မပြောမူ၍၊ သဗ္ဗနဝကဿ - အလုံးစုံသော ရဟန်းတို့အောက် ငယ်သောရဟန်း၏၊ ဝါ — အငယ်ဆုံးဖြစ်သောရဟန်း၏၊ ဝဿဂ္ဂံ - ဝါ၏ အပိုင်းအခြားကိုငှ်း၊ ဥတုစ- ဥတုကိုငှ်း၊ ဒိဝသဘာဂေါစ- နေ့အဘို့ကိုငှ်း၊ ဆာယာစ- အရိပ်ကိုငှ်း၊ ပုစ္ဆိတဗ္ဗာ - မေးထိုက်ကုန်၏၊ (“ ဝါတူနေလျှင် ရဟန်းခံတုန်းက မှတ်ထားသော ဥတု, နေ့, အရိပ်တို့ကို မေးပါ” ဟူလို။)

ဆာယာယပိ- အရိပ်ကိုလည်း၊ ပုစ္ဆိယမာနာယ- မေးအပ်သော်၊ ဝါ-မေး အပ်စဉ်၊ အညော-သော၊ ဝုမှတရော-သီတင်းကြီးရဟန်းသည်၊ သစေ အာဂစ္ဆတိ-အံ့၊ (ဧဝံသတိ)၊ တဿ- ထို သီတင်းကြီးရဟန်းအား၊ ဒါတဗ္ဗံ - ပေးရာ၏၊ ဆာယံ-ကို၊ ပုစ္ဆိတွာ- မေးပြီး၍၊ တုယှံ- အရှင်ဘုရား၏အထံသို့၊ ပါပုဏာတိ-၏၊ ဉတိ-သို့၊ ဝုတ္တေ-ပြောအပ်ပြီးသော်၊ (ပြောအပ်ပြီးမှ၊) ဝုမှတရော-သည်၊ သည်၊ အထ အာဂစ္ဆတိ-အံ့၊ (ဧဝံသတိ)၊ န လဘတိ- မရ၊ (“တုယှံ ပါပုဏာ တိ”ဟု ဆိုပြီးဖြစ်သောကြောင့် “နောက်မှလာသော ဝုမှတရသည် မရ”ဟူလို၊) ဟိ - မှန်၊ (“ဝုမှတရော အာဂစ္ဆတိ၊ န လဘတိ” ဟူသောစကားသည် မှန်၏၊) ကထာပပဉ္စေန - စကားကို ချဲ့ထွင်သဖြင့်၊ နိသိန္နဿာပိ - ထိုင်နေစဉ်ငှ်း၊ နိဒ္ဒါ ယန္တဿာပိ-အိပ်ပျော်နေစဉ်ငှ်း၊ (ဝုမှတရသည် စကားပြောနေစဉ်, သို့မဟုတ် အိပ်ပျော်နေစဉ်၊) ဂါဟိတံ - ယူစေအပ်ပြီးသော ဥဒ္ဒေသဘတ်ကို၊ သုဂ္ဂါဟိတံ- ကောင်းစွာ ယူစေအပ်ပြီ၊ အတိက္ကန္တံ — လွန်ပြီးသော ဥဒ္ဒေသဘတ်သည်၊ သု အတိက္ကန္တံ- ကောင်းစွာ လွန်သွားပြီ၊ ဟိ- မှန်၊ တော် ဘာဇနီယဘဏ္ဍံနာမ- ဤ ဝေဘန်အပ်သောဘဏ္ဍာ မည်သည်၊ သမ္မုခီဘူတဿဝ-ရောက်လာသောပုဂ္ဂိုလ်၏ (အထံသို့)သာ၊ ပါပုဏာတိ - ရောက်၏၊ တတ္ထ- ထို သမ္မုခီဘူတဿဝ ပါပုဏာတိ ဟူသော စကားရပ်၌၊ သမ္မုခီဘာဝေါ-ရောက်လာသူ၏အဖြစ်ကို၊ ဥပစာရေန- ဖြင့်၊ ပရိစ္ဆိန္ဒိတဗ္ဗော- ပိုင်းခြားထိုက်၏၊ (“ဆွမ်းညွှန်ရာအရပ်က ကျောင်းတိုက် အတွင်းဖြစ်လျှင် ကျောင်းတိုက်၏ဥပစာဖြင့် , အပြင်သို့ရောက်နေလျှင် တဆဲ့ နှစ်တောင် ဥပစာဖြင့် ပိုင်းခြားပါ ” ဟူလို၊) စ - ဆက်၊ အာသနသာလာယ— နေရာစရပ်၏၊ (ရွာတွင်း ဆွမ်းစားစရပ်၏၊) အန္တော ပရိက္ခေပေါ - အကာ အရံ၏ အတွင်းသည်၊ ဥပစာရော - တည်း၊ တသ္မိံ — ထိုဥပစာ၌၊ ဌိတဿ — တည်သောရဟန်း၏(အထံသို့)၊ လာဘော-ဥဒ္ဒေသလာဘ်သည်၊ ပါပုဏာတိ- ၏၊ ဉတိ- ဤတွင် ရေမပါသော ဥဒ္ဒေသဘတ်ကိုလျှရာ၌ ညွှန်ချပုံအပြီးတည်း။

ကောစိ - တစုံတယောက်သော ဒါယကာသည်၊ အာသနသာလတော - မှ၊ အဋ္ဌ-ရှစ်လုံးကုန်သော၊ ဥဒ္ဒေသပတ္တေ-ညွှန်ချအပ်သောသပိတ်တို့ကို၊ အာဟရာ

ပေတွာ- ဆောင်ယူစေပြီး၍၊ သတ္တ- ၇ လုံးကုန်သော၊ ပတ္တေ - တို့ကို၊ ပဏီတ ဘောဇနာခံ-မွန်မြတ်သောဘောဇဉ်တို့ဖြင့်၎င်း၊ ဓော(ပတ္တံ)-သပိတ်တလုံးကို၊ ဥဒကာသ-ရေဖြင့်၎င်း၊ ပူရေတွာ- ပြည့်စေပြီး၍၊ အာသနသာလံ-သို့၊ ပဟိဏာ တိ-ပို့၏၊ ဂဟေတွာ-ယူ၍၊အာဂတာ-လာသောလူတို့သည်၊ ကိဉ္စိ-တစုံတခွန်း သော စကားကို၊ အဝတွာ- မပြောက်မူ၍၊ ဘိက္ခူနံ - တို့၏၊ ဟတ္ထေသု— လက် တို့၌၊ ပတိဋ္ဌာပေတွာ-တည်စေပြီး၍၊ ပက္ကမန္တိ- ဖဲသွားကုန်အံ့၊ ယေန—အကြင် ရဟန်းသည်၊ ယံ-အကြင် ဘောဇဉ်ကို၊ လဒ္ဓံ-ရအပ်ပြီ၊ တဿေဝ—ထိုရဟန်း၏ အတွက်သာ၊ တံ-ထိုဘောဇဉ်သည်၊ ဟောတိ၊ ပန-ကား၊ ယေန-သည်၊ ဥဒကံ- ရေကို၊ (ရေထည့်ထားရာ သပိတ်ကို၊) လဒ္ဓံ - ပြီ၊ တဿ - ထိုရဟန်း၏အတွက်၊ အတိက္ကန္တံပိ — လွန်သွားသည်လည်းဖြစ်သော၊ ဋ္ဌိတိကံ — ကို၊ ထပေတွာ— ရပ် ထား၍၊ အညံ—ရေမှ အခြားသော၊ ဥဒ္ဒေသဘတ္တံ- ကို၊ ဂါဟေတဗ္ဗံ- ထိုက်၏၊ [ရေကိုရသော ပုဂ္ဂိုလ်က ဝါကြီးသူ ဖြစ်သောကြောင့် ဥဒ္ဒေသဘတ်အတွက် ဋ္ဌိတိကာသည် သူ့ကို လွန်သွားပြီးဖြစ်သော ထို ဋ္ဌိတိကာကို ရပ်ထား၍ ရေကို ရသော ထိုပုဂ္ဂိုလ်အား အခြား ဥဒ္ဒေသဘတ်ကို ယူပါစေ-ဟူလို။]

စ- ဆက်၊ တံ— ထို ဥဒ္ဒေသဘတ်ကို၊ လူခံဝါ- ကြမ်းသော ဥဒ္ဒေသဘတ်ကို သော်၎င်း၊ ပဏီတံဝါ— မွန်မြတ်သော ဥဒ္ဒေသဘတ်ကိုသော်၎င်း၊ တိစီဝရ ပရိ ဝါရံဝါ-တံစီဝရိက် အခြံအရံရှိသော ဥဒ္ဒေသဘတ်ကိုသော်၎င်း၊ လဘတု—ရပါ စေ၊ [တိစီဝရပရိဝါရံတိ တိစီဝရေန ပရိဝါရိတံ၊ တိစီဝရ ပရိဝါရဝန္တံ ဝါ ဥဒ္ဒေသ ဘတ္တန္တိ အတ္ထော၊—ယောဇနာ။] တဿေဝ - ထိုရဟန်း၏အတွက်သာ၊ ဓော — ထို ရအပ်သော ဥဒ္ဒေသဘတ်သည်၊ (ဟောတိ)၊ ဟိ- မှန်၊ ဤဒိသော— ဤကဲ့သို့ ရှုအပ်သောအထူးသည်၊ အဿ — ထိုရဟန်း၏၊ ပုညဝိသေသော — ကောင်းမှု၏ အထူးတည်း၊ [ကောင်းမှုညံ့လျှင် လူခဘောဇနကို ရလိမ့်မည်၊ ကောင်းမှု အတော်အတန်ရှိလျှင် ပဏီတဘောဇနကို ရလိမ့်မည်၊ ရှေးကောင်းမှု က သိပ်ကောင်းလျှင် တိစီဝရပရိဝါရဘောဇနကို ရလိမ့်မည်၊ မည်သည့်အရာ ဝတ္ထုရရ, "တဿေဝေတံ - ထိုရဟန်း၏ဥစ္စာသာ ဖြစ်သည်" ဟူလို။] ပန— ဆက်၊ ဥဒကံ- သည်၊ ယသ္မာ— ကြောင့်၊ အာမိသံ - သည်၊ န ဟောတိ— မဖြစ်၊ တသ္မာ- ကြောင့်၊ အညံ — ရေမှ အခြားသော၊ ဥဒ္ဒေသဘတ္တံ - ကို၊ လဗ္ဘတိ— ရအပ်၏၊ ["ဘောဇဉ် (၇)သပိတ်နှင့် ရေတသပိတ်တုန်းက ရေသည် အာမိသ မဟုတ်သောကြောင့် ထို ရေရသောရဟန်းမှာ အခြားသော ဥဒ္ဒေသဘတ်ကို ထပ်၍ရနိုင်သည် " ဟူလို။]

[သပိတ်ပို့လာသူတို့၏ မပြောဘဲ ပြန်သွားကြရာ၌ အသီးအသီး ရကြပုံကို ပြပြီး၍ ပြောက်၍ပြန်သွားကြရာ၌ ရကြပုံကို ပြလိုသောကြောင့် "သစေ ပန" စသည်မိန့်။] ပန-ဆက်၊ ဂဟေတွာ - ယူ၍၊ (ဆွမ်းသပိတ် ၇ လုံးနှင့် ရေသပိတ်

တလုံးကို ယူ၍၊) အာဂတာ-လာကုန်သော၊ တေ— ထိုလူတို့သည်၊ ဘန္တေ-တို့၊ ဣဒံ သဗ္ဗံ-ဤအလုံးစုံကို၊ (ဆွမ်း ၇ သပိတ်နှင့် ရေတသပိတ်ကို၊) ဘာဇေတွာ— ဝေဘန်၍၊ ဘုဉ္ဇထကိရ — ဘုန်းပေးကြပါကုန်လော့တဲ့၊ ဣတိ- သို့၊ ဝတွာ-၍၊ (အသျှင်ရှင်က ‌ ပျောက်လိုက်ပုံကို ပျောက်၍၊) သစေ ဂန္တုကာမာ — နိုင်ငံ၊ (ဇဝံ သတိ)၊ သဗ္ဗေဟိ— အလုံးစုံသော ရဟန်းတို့သည်၊ ဘာဇေတွာ-၍၊ ဘုဉ္ဇိတွာ-၍၊ ဥဒကံ—ကို၊ ပါတဗ္ဗံ— သောက်ထိုက်၏။

[“မဟာထေရေ ဒေထ” စသည်ဖြင့် ပုဂ္ဂိုလ်ကိုသုံးသပ်၍ ပျောက်ရာ၌ အစီအစဉ်ကို ပြလိုသောကြောင့် သံဃတော ဥဒ္ဒိသိတွာ၊ပေ၊ ဝဒန္တသ ပန စသည် မိန့်၊] ပန-ဆက်၊ သံဃတော-မှ၊ ဥဒ္ဒိသိတွာ-ညွှန်ချ၍၊ အဋ္ဌ—ရှစ်ပါးကုန်သော၊ မဟာထေရေ - မဟာထေရ်တို့ကို၊ ဒေထ- ပေးပါကုန်၊ ဣတိ- ဤသို့သော်၎င်း၊ မဇ္ဈိမေ (ထေရေ)—မဇ္ဈိမထေရ်တို့ကို၊ ဒေထ-ကုန်၊ ဣတိ-သော်၎င်း၊ နဝကေ-တို့ကို၊ ဒေထ-ကုန်၊ ဣတိ-သော်၎င်း၊ ပရိပုဏ္ဏဝဿ သာမဏေရေ— ပြည့်သော အနှစ် နှစ်ဆယ်ရှိသော သာမဏေတို့ကို၊ ဒေထ - ကုန်၊ ဣတိ- သော်၎င်း၊ မဇ္ဈိမ ဘာဏကာဒယော — မဇ္ဈိမဘာဏက အစရှိသောထေရ်တို့ကို၊ ဒေထ - ကုန်၊ ဣတိ-သော်၎င်း၊ (မဇ္ဈိမဘာဏကေ ထေရေဒေထ၊ ခုဒ္ဒကဘာဏကေ ထေရေ ဒေထ၊ ဤသို့ စသည်ကို ပေယျာလ မြုပ်သောအားဖြင့် အာဒိသဒ္ဒါ ထည့်ထား သည်၊) မယှံ— တပည့်တော်၏၊ ဉာတိဘိက္ခူ— ဆွေမျိုးဖြစ်သော ရဟန်းတို့ကို၊ ဒေထ- ကုန်၊ ဣတိ- သော်၎င်း၊ ဝဒန္တဿ - ပျောက်သော ဥပါသကာအား၊ (ဒါတဗ္ဗာ ၌စပ်၊) ဥပါသက - ဥပါသကာ၊ တွံ - သည်၊ ဇဝံ - ဤသို့၊ ဝဒသိ— ပျောက်၏၊ ပန-ထိုသို့ပင်ပျောံပါသော်လည်း၊ ဌိတိကာယ-ရပ်တည်ကြောင်း အစဉ်အားဖြင့်၊ တေသံ-ထိုရဟန်းတို့၏အထံသို့၊ (ဥဒ္ဒေသဘတ္တံ-သည်၊) နပါပု ဏာတိ-မရောက်၊ ဣတိ-သို့၊ ဝတွာ-၍၊ ဌိတိကာဝသေနေဝ—ရပ်တည်ကြောင်း အစဉ်၏အစွမ်းဖြင့်သာ၊ (ဘိက္ခူ-တို့ကို၊) ဒါတဗ္ဗာ- ပေးထိုက်ကုန်၏။

[ရဟန်းငယ် သာမဏေများအလှည့် ကျရာ၌ စီစဉ်ရပုံကို ပြလို၍ ဒဟရ သာမဏေရေဟိ ပန စသည်ကိုမိန့်။] ပန-ဆက်၊ ဒဟရသာမဏေရေဟိ-ရဟန်း ငယ် သာမဏေတို့သည်၊ ဥဒ္ဒေသဘတ္တေသု - တို့ကို၊ လဒ္ဓေသု - ရအပ်ကုန်လ သော်၊ (အလှည့်ကျ၍ ရအပ်ကုန်လသော်၊) ဒါယကာနံ — ဒါယကာတို့၏၊ ဃရေ-အိမ်၌၊ မင်္ဂလံ-မင်္ဂလာသည်၊သစေ ဟောတိ-အကယ်၍ရှိအံ့၊(ဇဝံသတိ)၊ တုမှာကံ-အသင်တို့၏၊ အာစရိယုပဇ္ဈာယေ-ဆရာဥပဇ္ဈာယ်တို့ကို၊ ပေသေထ— စေလွှတ်ကြကုန်လော၊ ဣတိ-သို့၊ဝတ္တဗ္ဗံ-ပြောဆိုရာ၏၊(ဘတ္တုဒ္ဒေသကရဟန်းက “အဲဒီအိမ်မှာ မင်္ဂလာတရားဟောစရာရှိတယ်, ငယ်ရွယ်သူတွေသွားလျှင် မကြေ နပ်မည်ကို စိုးရသည်၊ ထို့ကြောင့် သင်တို့၏ ဆရာဥပဇ္ဈာယ်တို့ကို လွှတ်လိုက် ကြ”ဟု မှာလိုက်ရမည်-ဟူလို။)

[ဥဒ္ဒေသဘတ် ခံယူဘို့ရန် သွားရာ၌ အစီအစဉ်ကို ပြလို၍ " ယသ္မိံ ပန " စသည် မိန့်။] ပန-ဆက်၊ ယသ္မိံ ဥဒ္ဒေသဘတ္တေ-၌၊ ပဌမဘာဂေါ-ပဌမ အဘို့သည်၊ သာမဏေရာနံ— တို့၏ အထံသို့၊ ပါပုဏာတိ-၏၊ အနုဘာဂေါ- နောက်အဘို့သည်၊ မဟာထေရာနံ - တို့၏ အထံသို့၊ (ပါပုဏာတိ)၊ တတ္ထ-ထို ဥဒ္ဒေသဘတ်၌၊ သာမဏေရာ-တို့သည်၊ မယံ-တပည့်တော်တို့သည်၊ ပဌမဘာဂံ- ပဌမအဘို့ကို၊ လဘိမှာ-ရပါကုန်ပြီ၊ ဣတိ-ဤသို့ လျှောက်၍၊ ပုရတော-မဟာထေရ်တို့၏ ရှေ့၌၊ ဝါ- က၊ ဂန္တုံ - သွားခြင်းငှါ၊ န လဘန္တိ- မရကုန်၊ ယထာ ပဋိပါဋိယာ ဧဝ-ဝါစဉ်အတိုင်းသာ၊ ဂန္တဗ္ဗံ-သွားရာ၏။

[ဥဒ္ဒေသဘတ်ကို ရဟန်းတပါးထံ လျှော်ရာ၌ စီစဉ်ပုံကိုပြလို၍"သံဃတော ဥဒ္ဒိသိတွာ"စသည်မိန့်၊]ပန-ဆက်၊ သံဃတော-မှ၊ ဥဒ္ဒိသိတွာ-ညွှန်ချ၍၊ တုမှေ-အရှင်ဘုရားတို့သည်၊ ဧထ-ကြွခဲ့ပါကုန်၊ ဣတိ-သို့၊ ဝုတ္တေ-လျှောက်အပ်သော်၊ မယှံ-ငါ၏ အတွက်၊ အညဒါပိ-အခြား အခါ၌လည်း၊ ဇာနိဿသိ-သိရလတံ့၊ (နောင် အခွင့်သင့်သည့်အခါ လှူရပါလိမ့်မည်-ဟူလို၊)ဋီကာ ပန-သည်ကား၊ ဧဝံ-သို့၊ဂစ္ဆတိ-သွားနေ၏၊("မိမိမပါနိုင်သော အစဉ်အတန်းရောက်နေသည်" ဟူလို၊) ဣတိ-ဤသို့ ပြော၍၊ ဋီကာ ဝသေနေဝ-ဖြင့်သာ၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏၊ အထ - သို့မဟုတ်၊ သံဃုဒ္ဒေသပတ္တံ — သံဃာသည် ညွှန်ချအပ်သော သပိတ်ကို၊ ဒေထ-ပါကုန်၊ ဣတိ—သို့၊ ဝတွာ-၍၊ ပတ္တေ—သပိတ်ကို၊ အဂါဟိတေ ယေဝ-မယူစေအပ်သေးမီပင်၊ ယဿ ကဿစိ - အမှတ်မထား တပါးပါးသော ရဟန်း၏၊ ပတ္တံ-ကို၊ ဂဟေတွာ-၍၊ ပူရေတွာ- ပြည့်စေ၍၊ သစေ အာဟရတိ-အံ့၊ (ဧဝံသတိ)၊ အာဟဋမ္ဗိ - ဆောင်ယူအပ်သော ဥဒ္ဒေသဘတ်ကိုလည်း၊ ဋီကာယ ဧဝ-အားဖြင့်သာ၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏။

ဧကော -တယောက်သော ဒါယကာသည်၊ သံဃုဒ္ဒေသပတ္တံ-ကို၊ အာဟရ— ဆောင်ယူချေလော၊ ဣတိ-ဤသို့၊ပေ၊ပေသိတော-စေလွှတ်အပ်သည်၊ (အလှူရှင်တို့က စေလွှတ်အပ်သည်၊ ဟုတွာ) ဘန္တေ-တို့၊ ဧကံ-တလုံးသော၊ ပတ္တံ - ကို၊ ဒေထ-ပေးပါကုန်၊ နိမန္တနဘတ္တံ- ပင့်ဖိတ်ကြောင်း ဘတ်ကို၊ အာဟရိဿာမိ- ဆောင်ယူပါအံ့၊ ဣတိ-သို့၊ ဝဒတိ- လျှောက်အံ့၊ ("ခိုင်းသူက ဥဒ္ဒေသသပိတ်ကို ယူခဲ့ဘို့ရန် မှာလိုက်သော်လည်း သူက နိမန္တနဘတ်ကို ဆောင်ယူပါမည် ဟု လျှောက်အံ့" ဟူလို၊) သော-ထို ဒါယကာသည်၊ (ဘဏာတိဋ္ဌစပ်)၊ ဝါ-ကို၊ (ဝုတ္တော၌စပ်) အယံ-ဤသူသည်၊ ဥဒ္ဒေသဘတ္တဃရတော'- ဥဒ္ဒေသဘတ် ရှိရာ အိမ်မှ၊ အာဂတော-လာသူတည်း၊ ဣတိ-သို့၊ ဉတွာ-၍၊ ဘိက္ခူဟိ - တို့သည်၊ တွံ-သည်၊ အသုကဃရတော-ထိုမည်သော အိမ်မှ၊ အာဂတောနနု-လာခဲ့သည် မဟုတ်လော၊ ဣတိ—သို့၊ ဝုတ္တော - မေးအပ်သည်၊ (သမာနော)၊ ဘန္တေ—တို့၊ အာမ-မှန်ပါ၊ နိမန္တနဘတ္တံ-သည်၊ န-မဟုတ်ပါ၊ ဥဒ္ဒေသဘတ္တံ- ဥဒ္ဒေသဘတ်

ပါတည်း၊ဣတိ-သို့၊ စေ ဘဏာတိ-အကယ်၍လျှော်အံ့၊(ခံသတိ)၊ဌိတိကာယ-ဖြင့်၊ ဂဟေတဗ္ဗံ-ယူထိုက်၏၊(အချို့စာ၌"ဂါဟေတဗ္ဗံ—ယူစေထိုက်၏"ဟု ရှိ၏၊ ရှေ့၌လည်း"ဂါဟေတဗ္ဗံ"ဟု ရှိခဲ့သောကြောင့် ကောင်းသည်။)

ပန-ဆက်၊ ယော-အကြင် ဒါယကာသည်၊ ဧကံ - တလုံးသော၊ ပတ္တံ—ကို၊ အာဟရ-ဆောင်ယူခဲ့ပါလော၊ ဣတိ-ဤသို့၊ ဝုတ္တော-ပြောဆိုအပ်သည်၊(အလှူ့ရှင်က ပြောဆိုအပ်သည်၊) (သမာနော)၊ ကိန္တိ - အဘယ်သို့လျှင်၊ ဝတ္ဘာ-လျှောက်၍၊ အာဟရာမိ-ဆောင်ယူခဲ့ရပါမည်နည်း၊ ဣတိ-သို့၊ ဝတ္ဘာ- မေး၍၊ ဝါ-မေးလသော်၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ တေ-သင့်အား၊ ရုစ္စတိ-နှစ်သက်၏၊(တထာ-ထို အခြင်းအရာအားဖြင့်၊ အာဟရ-လော၊) ဣတိ-သို့၊ ဝုတ္တော-ပြောဆိုအပ်သည်၊ (ဟုတွာ) အာဂစ္ဆတိ-လာ၏၊ အယံ - ဤ သူသည်၊ ဝိသဋ္ဌဒူတော နာမ — စွန့်လွှတ်အပ်သော တမန်မည်၏၊ (စည်းကမ်း မထားဘဲ အလိုရှိတိုင်း လျှောက်ဘို့ရန် စွန့်လွှတ်အပ်သော တမန်မည်၏၊) [ဝိသဋ္ဌဒူတောတိ ယထာရုစိဝတ္တုံ လဘနတော နိရာသင်္ကဒူတော၊ — ဝိမတိ၊ အတ္တနော ရုစိဝသေန ယံကိဉ္စိဝတ္ဘာ အာဟရိတုံ ဝိသဇ္ဇိတတ္တာ ဝိသဋ္ဌဒူတောနာမ၊-သာရတ္တ၊] ဥဒ္ဒေသပတ္တံဝါ- ဥဒ္ဒေသ သပိတ်ကိုသော်၎င်း၊ ပဋိပါဋိပတ္တံဝါ - အစဉ်အတိုင်း ဖြစ်သော သပိတ်ကိုသော်၎င်း၊ [ပဋိပါဋိ ပတ္တံဝါတိ သံဃတော ပဋိပါဋိယာ လဒ္ဓံ ပတ္တံဝါ၊ ဣဒံ နိမန္တနဘတ္တံ သန္ဓာယ ဝုတ္တံ၊-ယောဇနာ၊]ပုဂ္ဂလိကပတ္တံဝါ- ပုဂ္ဂလိက သပိတ်ကိုသော်၎င်၊ ယံ-အကြင် သပိတ်ကို၊ ဣစ္ဆတိ-အလိုရှိ၏၊ တံ—ထိုသပိတ်ကို၊ တဿ-ထို ဒါယကာအား၊ ဒါတဗ္ဗံ-ပေးနိုင်၏။

ဧကော — တယောက်သော ဒါယကာသည်၊ ဗာလော — မလိမ္မာသည်၊ အဗျတ္တော - မထက်မြက်သည်၊ ဟုတွာ - ၍၊ ဥဒ္ဒေသပတ္တံ - ဥဒ္ဒေသသပိတ်ကို၊ အာဟရ-ဆောင်ယူခဲ့လော၊ ဣတိ-ဤသို့ မွာ၍၊ ပေသိတော-စေလွှတ်အပ်သည်၊ (သမာနော-ဖြစ်ပါလျက်၊)ဝတ္တုံ-လျှောက်ခြင်းငှါ၊(လျှောက်ဘို့ရန်စကားကို၊) နဇာနာတိ-မသိ၊ တုဏှီဘူတော-ဆိတ်ဆိတ်ဖြစ်၍ ဖြစ်သည်၊(ဟုတွာ)၊ တိဋ္ဌတိ-၏၊(ဗာလော အဗျတ္တောကို ဝတ္တုံ န ဇာနာတိ စသည်ဖြင့် ထပ်ဖွင့်သည်၊)သော-ထို ဒါယကာကို၊ (န ဝတ္တဗ္ဗော၌စပ်) ကဿ-အဘယ် ရဟန်း၏၊ သန္တိကံ - သို့၊ အာဂတော—လာသည်၊ အသိ-ဖြစ်သနည်း၊ ဣတိဝါ-ဤသို့သော်၎င်း၊ ကဿ-၏၊ပတ္တံ-ကို၊ ဟရိဿသိ-ဆောင်ယူလတံ့နည်း၊ ဣတိဝါ-သော်၎င်း၊နဝတ္တဗ္ဗော-မမေးထိုက်၊ ဟိ-မှန်၊ ဧဝံ-ဤသို့၊ ဝုတ္တော- မေးအပ်သည်၊ (သမာနော)၊ ပုစ္ဆာသဘာဂေန-ပုစ္ဆာစကားနှင့် သဘောတူသောအားဖြင့်၊[ပုစ္ဆာသဘာဂေနာတိ ပုစ္ဆာဝစနပဋိဘာဂေန၊—ဝိမတိ၊] တုမှာကံ- အရှင် ဘုရားတို့၏၊ သန္တိကံ-သို့၊ အာဂတော—သည်၊ အမှိ-၏၊ ဣတိ(ဝါ)- သော်၎င်း၊ တုမှာကံ - တို့၏၊ ပတ္တံ-ကို၊ ဟရိဿာမိ — ဆောင်ယူပါအံ့၊ ဣတိဝါ - သော်၎င်း၊ ဝဒေယျ - လျှောက်

ရာ၏၊ တတော - ထိုသို့ ပြောဆိုခြင်းကြောင့်၊ (သူ့သပိတ်ကို ယူဘို့ရန် စကား အရိပ်အမြွက်ကို ပြောဆိုခြင်းကြောင့်၊)တံဘိက္ခု-ကို၊အညေ-အခြားကုန်သော၊ ဘိက္ခူ-တို့သည်၊ ဇိဂုစ္ဆန္တာ-စက်ဆုပ်ကုန်သည်၊(ဟုတ္ဘာ) န ဩလောကေယျုံ- မကြည့်ကုန်တော့ရာ၊[ကသ္မာ န ဝတ္တဗ္ဗော၊ ဟိယသ္မာ၊ပေ၊ န ဩလောကေယျုံ- တသ္မာ-ကြောင့်၊(လဇ္ဇီပုဂ္ဂိုလ်များက ထိုကဲ့သို့ စကားအရိပ်အရောင် ပြောသော ပုဂ္ဂိုလ်ကို ကြည့်တောင်မှ မကြည့်ကုန်ရာသည်၏ အဖြစ်ကြောင့်) န ဝတ္တဗ္ဗော ဟုလည်း ပေးပါ။] ပန — အနွယ၊ (မပြောဆိုထိုက်ပုံမှ တပါး ပြောဆိုထိုက်ပုံ ကား၊)ကုဟိံ-အဘယ်အရပ်သို့၊ ဂစ္ဆသိ- သွားမည်လို့နည်း၊ကိံ-အဘယ်ကို၊ ကရောန္တော-ပြုလျက်၊ အာဟိဏ္ဍသိ-လှည့်လည်သနည်း၊(မိမိအနားသို့ ရောက် လာသော မလျော်တတ်၍ ဆိတ်ဆိတ်နေသော ဒါယကာကို မေးသည်၊) ဣတိ- သို့၊ ဝတ္တဗ္ဗော - ပြောဆိုထိုက်၏၊ (မေးထိုက်၏၊) တဿ - ထို ဒါယကာအား၊ (ဒါတဗ္ဗော၃စပ်) ဝါ-သည်၊ (ဝဒန္တဿ၃စပ်) ဥဒ္ဒေသပတ္တဿာယ - ဥဒ္ဒေသ သပိတ်အကျိုးငှါ၊ အာဂတော-လာသည်၊ အမှိ-ဖြစ်ပါ၏၊ဣတိ-သို့၊ဝဒန္တဿ- လျှောက်လသော်၊ ဂါဟေတွာ-ယူစေ၍၊(ထေရ်စဉ်အလိုက် ယူစေ၍၊)ပတ္တော- ကို၊ ဒါတဗ္ဗော-ပေးထိုက်၏။

ကော-တမျိုးသော၊ ကူဋဋ္ဌိတိကာနာမ-ကောံကျစ်သော ရပ်တည်ကြောင်း အစဉ်မည်သည်၊ ဟောတိ-ရှိ၏၊ ဟိ-ချဲ့၊(ကူဋဋ္ဌိတိကာကို ချဲ့သည်၊)ရညော ဝါ- မင်း၏သော်၎င်း၊ရာဇမဟာမတ္တဿ ဝါ-မင်း၏အမတ်ကြီး၏သော်၎င်း၊ဂေဟေ- အိမ်၌၊ အတိပဏီတာနိ - အလွန် မွန်မြတ်ကုန်သော၊ အဋ္ဌ - ရှစ်လုံးကုန်သော၊

× × × × × × ×

ကူဋဋ္ဌိတိကာ။ ။ကူဋဋ္ဌိတိကာ နာမာတိ အညေဟိ ဥဒ္ဒေသဘတ္တေဟိ မိဿေတွာ ဥဇုကဋ္ဌိတိကာယ အပဝတ္တိတွာ ကူဋေန ပဝတ္တာတိ ကူဋဋ္ဌိတိကာနာမ ဟောတိ၊ တမေ ဝတ္ထုံ ဝိတ္ထာရေန္တော အာဟ-ရညောဝါတိတိ အာဒိ၊-ယောဇနာ၊ အများနှင့်ဆိုင်သော ဥဒ္ဒေသဘတ်တို့၌ ရောနှော၍ မပါဝင်ဘဲ အလွန်မွန်မြတ်သော ဥဒ္ဒေသဘတ် ဖြစ်သည့် အတွက် သီးခြား အလှည့်ချရသောကြောင့်“ကူဋေန-ကောက်သောအားဖြင့်၊ ပဝတ္တာ- ဖြစ်သော၊ ဋ္ဌိတိကာ-တည်စဉ်တည်း၊ ကူဋဋ္ဌိတိကာ-စဉ်”ဟု ဆိုလိုသည်၊ ထို့ကြောင့်ပင် “တာနိ ကေစာရိကဘတ္တာနိ ကတွာ”ဟု ဖွင့်သည်။

ဝဓနတ္တ။ ။စရဏံ စာရော၊ စာရော ဧတေသံ အတ္ထီတိ စာရိကာနိ၊ ကေ-တမျိုး တည်း၊ ဝါ-သီးခြား၊ စာရိကာနိ- လှည့်လည်ခြင်း ရှိကုန်သော၊ ဘတ္တာနိ- တို့တည်း၊ ကေစာရိကဘတ္တာနိ-တို့၊ သူများနှင့် မရောဘဲ တမျိုးတည်း (သီးခြား) လှည့်လည်ခြင်း ရှိသော ဘတ်တို့၊ ထို့ကြောင့် “ဝိသုံ ဋ္ဌိတိကာယ ပရိဘုဉ္ဇန္တိ”ဟု ဖွင့်သည်၊ [အညေဟိ ဥဒ္ဒေသဘတ္တေဟိ အမိဿေတွာ ဝိသုံယေဝ ဋ္ဌိတိကာယ ဂဟေတဗ္ဗတ္တာ “ ကေစာရိက ဘတ္တာနီ”တိ ဝုတ္တံ၊-သာရတ္ထ၊ ယောဇနာ၌ကား“ပဋိ (ကော် ကတွာ) စရိတဗ္ဗာနိ ဘတ္တိ တဗ္ဗာနီတိ ကေစာရိကာနိ”ဟု ပြုလေသည်၊ စဉ်းစားပါ။]

ဥဒ္ဒေသဘတ္တာနိ-တို့ကို၊ နိစ္စံ—အမြဲ၊ ဒိယျန္တိ-ပေးလှူအပ်ကုန်၏၊ တာနိ-ထိုဘတ်တို့ကို၊ ကေစာရိကဘတ္တာနိ-တခုထည်းလှည့်လည်သောဘတ်တို့ကို၊ ကတွာ-၍၊ ဘိက္ခူ-တို့သည်၊ ဝိသုံ-သီးခြား၊ ဌိတိကာယ- အားဖြင့်၊ ပရိဘုဥ္ဇန္တိ- ဘုဥ်းပေးကြကုန်၏။

ကေစ္စေ- အချို့ကုန်သော၊ ဘိက္ခူ- တို့သည်၊ သွေ- နက်ဖန်၌၊ ဒါနိ- ယခုအခါ၌၊ အမှာကံ - တို့၏ (အထံသို့)၊ ပါပုဏိဿန္တိ — ရောက်ကုန်လတ့ံ၊ (ကေစာရိကဘတ် ရဘို့ အလှည့်ရောက်ကုန်လတ့ံ၊)ဣတိ-သို့၊ အတ္တနော-၏၊ ဌိတိကံ-ကို၊ သလ္လက္ခေတွာ-မှတ်သား၍၊ ဂတာ-သွားကုန်ပြီ၊ (ကေစာရိကဘတ် ရှိရာသို့ သွားကုန်ပြီ၊)တေသု-ထိုရဟန်းတို့သည်၊အနာဂတေသုယေဝ-မရောက်ကုန်သေးမှီပင်၊ အညေ- အခြားကုန်သော၊ အာဂန္တုကာ - အာဂန္တုက ဖြစ်ကုန်သော၊ ဘိက္ခူ- တို့သည်၊ အာဂန္တွာ-၍၊ အာသနသာလာယ-၌၊ နိသီဒန္တိ- ထိုင်နေကြကုန်၏၊ တင်္ခဏေယေဝ-ထိခဏ၌ပင်၊ ရာဇပုရိသာ-မင်းချင်းယောကျ်ားတို့သည်၊ အာဂန္တွာ-၍၊ ပဏီတဘတ္တပစ္စေ- ပဏီတဘတ်ရှိသော သပိတ်တို့ကို၊ ဒေထ—ပေးကြပါကုန်၊ ဣတိ-သို့၊ ဝဒန္တိ- လျှောက်ကုန်အံ့၊ အာဂန္တုကာ-က ဖြစ်ကုန်သော ရဟန်းတို့သည်၊ ဌိတိကံ-ကို၊ အဇာနန္တာ- မသိကုန်သည်၊ (ဟုတွာ)၊ ဂါဟေန္တိ-ယူစေကြကုန်အံ့၊ (သပိတ်တို့ကို ပေးကုန်အံ့၊)။

စ - ဆက်၊ တံခဏေယေဝ - ထို ခဏ၌ပင်၊ ဌိတိကံ - ကို၊ ဇာနနကဘိက္ခူ- သိသော ရဟန်းတို့သည်၊ အာဂန္တွာ-၍၊ ကိံ—အဘယ်ကို၊ ဂါဟေထ-ယူစေကြကုန်သနည်း၊ ဣတိ-သို့၊ ဝဒန္တိ-ပြောကုန်အံ့၊(မေးကုန်အံ့၊)ရာဇဂေဟေ-မင်း၏အိမ်တော်၌၊ ပဏီတဘတ္တံ- ကို၊ (ဂါဟေမ - ယူစေပါကုန်၏၊) ဣတိ - ဤသို့ လျှောက်ကုန်အံ့၊ ကတိဝဿတော - အဘယ်ဝါမှ၊ ပဋ္ဌာယ-၍၊ (ဂါဟေထ-န်သနည်း၊) ဣတိ-သို့ မေးကုန်အံ့၊ ဧတ္တကဝဿတောနာမ- ဤမျှအတိုင်းအရှည်ရှိသည်မည်သော ဝါမှ စ၍၊ (ဂါဟေမ-န်၏၊) ဣတိ - ဤသို့ လျှောက်ကုန်အံ့၊ (ဧဝံ သတိ)၊ မာဂါဟေထ - မယူစေကြကုန်လင့်၊ ဣတိ - သို့၊ နိဝါရေတွာ-တားမြစ်၍၊ ဌိတိကာယ-အားဖြင့်၊ ဂါဟေတဗ္ဗံ-ထိုက်၏။

ဂါဟိတေ- ယူစေအပ်ပြီးသော်၊ ဝါ-မှ၊ အာဂတေဟိပိ-ရောက်လာသည်လည်း ဖြစ်ကုန်သော၊ (ဌိတိကံ ဇာနနကဘိက္ခူဟိ၌ စပ်၊) ပတ္တဒါနကာလေ—သပိတ်ကို ပေးရာအခါ၌၊ (ဒါယကာတို့ လက်ဝယ် သပိတ် ပေးရာ အခါကျမှ) အာဂတေဟိပိ-ရောက်လာသည်လည်း ဖြစ်ကုန်သော)၊ ဒိန္နကာလေ - ပေးအပ်ပြီးရာ အခါ၌၊ (သပိတ်ပေးအပ်ပြီးမှ၊) အာဂတေဟိပိ- ကုန်သော၊ ရာဇဂေဟတော—မှ၊ ပစ္စေ-တို့ကို၊ ပူရေတွာ - ပြည့်စေ၍၊ အာဟဋကာလေ - ဆောင်ယူအပ်ရာ အခါ၌၊ အာဂတေဟိပိ-ကုန်သော၊[ရာဇာ-သည်၊ အဇ္ဇ-ယနေ့၊ ဘိက္ခူယေဝ-ရဟန်းတို့ ကိုယ်တိုင်သာ၊ အာဂစ္ဆန္တု-ကြွကြပါကုန်၊(သပိတ်ကို မပေး

လိုက်ဘဲ ရဟန်းများကိုယ်တိုင် သပိတ်နှင့်တကွ ကြွခဲ့ကြပါ၊) ဣတိ-သို့၊ ပေသေ တွာ-၍၊ ဘိက္ခုနံ့ယေဝ- တို့၏သာ၊ ဟတ္ထေ-၌၊ ပိဏ္ဍပါတံ- ကို၊ ဒေတိ- လှူ၏၊ ဧဝံ-သို့၊ ဒိန္နပိဏ္ဍပါတံ- လှူအပ်သောဆွမ်းကို၊ ဂဟေတွာ-၍၊ အာဂတကာလေ- ပြန်လာရာအခါ၌၊(ပြန်လာရာ အခါကျမှ၊)အာဂတောဟိပိ-ကုန်သော၊ ဋ္ဌိတိကံ- ကို၊ ဇာနနက ဘိက္ခူဟိ—တို့သည်၊ မာဘုဥ္ဇထ—မစားကြကုန်လင့်၊ ဣတိ-ဤသို့၊ ဝါရေတွာ-တားမြစ်၍၊ ဋ္ဌိတိကာယမေဝ-အားဖြင့်သာ၊ ဂါဟေတဗ္ဗံ-၏။

နေ - ထို အာဂန္တုက ရဟန်းတို့ကို။(ဋ္ဌိတိကာကို မသိသော အာဂန္တုက ရဟန်းတို့ကို၊) ရာဇာ—သည်၊ ဘောဇေတွာ - ကိုယ်တိုင် ကျွေး၍၊ နေသံ - ထို ရဟန်းတို့၏၊ ပတ္တေပိ-တို့ကိုလည်း၊ ပူရေတွာ-၍၊ အထ ဒေတိ-အကယ်၍ ပေးလှူ အံ့၊(ဧဝံ သတိ)၊ ယံ-အကြင် ဘောဇဉ်ကို၊ အာဟဋံ-ဆောင်ယူအပ်ပြီ၊ တံ— ထို ဘောဇဉ်ကို၊ ဋ္ဌိတိကာယ-ဖြင့်၊ ဂါဟေတဗ္ဗံ-၏၊ ပန-ဆက်၊ တုစ္ဆဟတ္ထာ-အချိး နိီးသော လက်ရှိကုန်သည်၊(ဟုတွာ) မာဂစ္ဆန္တု-မကြွကြပါစေကုန်လင့်၊ ဣတိ- ဤသို့ ကြံ၍၊ ထောကမေဝ-အနည်းငယ်သော ဘောဇဉ်သည်သာ၊ ဝါ-ကိုသာ၊ ပတ္တေသု—တို့၌၊ ပက္ခိတ္တံ-ထည့်အပ်သည်၊(ထည့်လိုက်သည်၊) သစေ ဟောတိ— အံ့၊(ဧဝံသတိ)၊ တံ - ထို အနည်းငယ်သော ဘောဇဉ်ကို၊ န ဂါဟေတဗ္ဗံ-ထိုက်၊ (မစားလေ၍ မယူစေရ၊ ယူလျှင် ထေရ်စဉ်လွန်သွားသဖြင့် ထို ပုဂ္ဂိုလ်အတွက် နောက်ထပ် ယူခွင့်မရဘဲ ရှိလိမ့်မည်၊) အထ- သို့မဟုတ်၊ ဘုဥ္ဇိတွာ - ၍၊ တုစ္ဆ ပတ္တာ-အချည်းနီးသော သပိတ်ရှိကုန်သည်၊(ဟုတွာ)ဝ- ၍သာ၊ အာဂစ္ဆန္တိ— လာကုန်အံ့၊(ဧဝံသတိ)၊ ယံ-အကြင် ဘောဇဉ်ကို၊ တေဟိ- ထို ရဟန်းတို့သည်၊ ဘုတ္တံ-စားအပ်ပြီ၊ တံ-ထိုဘောဇဉ်သည်၊ နေသံ-ထိုရဟန်းတို့၏၊ ဂီဝါ-ကြွေးမြီ သည်၊ ဟောတိ-၏၊ ဣတိ-သို့၊ မဟာသုမတ္ထေရော-သည်၊ အာဟ-ပြီ။

ပန-ဝါဒန္တရ၊ မဟာပဒုမတ္ထေရော- သည်၊ အာဟ-ပြီ၊ (ကိံ)၊ ထွေ-ဤသို့ စားရာ၌၊(ထေရ်စဉ်ကို မသိဘဲ စားရာ၌၊) ဂီဝါကိစ္စံ-ကြွေးမြီ ကိစ္စသည်၊ နတ္ထိ— မရှိ၊ ပန-စင်စစ်ကား၊ ဋ္ဌိတိကံ-ကို၊ အဇာနန္တေဟိ - မသိသော ရဟန်းတို့သည်၊ ယာဝ-လောက်၊ ဇာနနကာ-သိကုန်သော ရဟန်းတို့သည်၊ အာဂစ္ဆန္တိ-န်၏၊ တာဝ-ထိုမျှလောက်၊ နိသီဒိတဗ္ဗံ-ထိုင်နေသင့်သည်၊ သိယာ-ဖြစ်ရာ၏၊("မိမိက ထေရ်စဉ် ဝါစဉ် မသိလျှင် ထိုင်၍ စောင့်နေသင့်သည်- ဟူလို၊) ဧဝံ သန္တေပိ— ဤသို့ ဖြစ်ပါသော်လည်း၊ ဘုတ္တံ — စားအပ်ပြီးသော ဘောဇဉ်ကို၊ သုဘုတ္တံ— ကောင်းစွာ စားအပ်ပြီ၊ ဧဒဒါနိ-ယခု အခါ၌၊(ယခုမှ နောက်၌၊)ပတ္တဋ္ဌာနေန— ရောက်အပ်သော အရပ်ဖြင့်၊ ဂါဟေတဗ္ဗံ-ထိုက်၏၊("နဂိုရ်က မယူလိုက်ရသော ရဟန်း၏ ရောက်ရာဌာနမှ ယူပါစေ"ဟူလို၊) ဣတိ-သို့၊ အာဟ-ပြီ၊(မဟာပဒုမ ထွေရ်၏ ဝါဒကို သဘောကျသောကြောင့် နောက်ထားသည်၊ ယောဇနာ၌ ကား"ဝါဒ ၂ ရပ် သဘောတူ၏"ဟု ဖွင့်လေ၏၊ သဘောတူမည် မထင်ပါ။)

ဧကော - တမျိုးသော၊ တိစီဝရပရိဝါရော - တိစီဝရိက် အခြံအရံ ရှိသော၊ သတဏ္ဍနကော—တရာ ထိုက်တန်သော၊ ပိဏ္ဍပါတော - ဆွမ်းသည်၊ အဝဿိကဿ-ဝါ မရှိသေးသော၊ (ဝါမရသေးသော)၊ ဘိက္ခုနော - ၏ (အထံသို့)၊ ပတ္တော - ရောက်ပြီ၊ ဝိဟာရေစ - ကျောင်းတိုက်၌လည်း၊ ဧဝ ရူပေါ - ဤသို့ သဘောရှိသော၊ ပိဏ္ဍပါတော-သည်၊ အဝဿိကဿ-၏(အထံသို့)၊ ပတ္တော-ပြီ၊ ဣတိ-သို့၊ လိခိတွာ-ရေး၍၊ ထပေသုံ-ထားကြကုန်ပြီ၊(အထူးအဆန်း ပိဏ္ဍပါတဖြစ်၍ စာရေးထားကြသည်၊) အထ- ထိုမှ နောက်၌၊ သဋ္ဌိဝဿစ္စယေန-အနှစ်ခြောက်ဆယ်လွန်ရာ အခါ၌၊ အညော-သော၊ တထာရူပေါ-ထိုသို့သဘော ရှိသော၊ (တိစီဝရပရိဝါရ, သတဏ္ဍနကဖြစ်သော၊) ပိဏ္ဍပါတော-ဆွမ်းသည်၊ ဥပ္ပန္နော-ဖြစ်ပြန်ပြီ၊အယံ-ဤဆွမ်းကို၊အဝဿိကဋ္ဌိတိကာယ-အဝဿိကရဟန်း၏တည်ရာအစဉ်အားဖြင့်၊ ဂါဟေတဗ္ဗောကိံ—ယူစေထိုက်သလော၊ ဥဒါဟု—သို့မဟုတ်၊ သဋ္ဌိဝဿိကဋ္ဌိတိကာယ-သဋ္ဌိပဿိကရဟန်း၏ တည်ရာအစဉ်အားဖြင့်၊ (ဂါဟေတဗ္ဗောကိံ-လော)၊ ဣတိ- ဤကား အမေးတည်း၊ သဋ္ဌိဝဿိကဋ္ဌိတိကာယ—ဖြင့်၊ (ဂါဟေတဗ္ဗော-ထိုက်၏၊) ဣတိ-သို့၊ ဝုတ္တံ- အဋ္ဌကထာတို့၌ ဆိုအပ်ပြီ၊ ဟိ-မှန်၏၊ (တနည်း) (ကသ္မာ— ကြောင့်၊ သဋ္ဌိဝဿိကဋ္ဌိတိကာယ-အားဖြင့်၊ ဂါဟေတဗ္ဗော-နည်း၊) ဟိ(ယသ္မာ)- ကြောင့်၊ အယံဘိက္ခု-သည်၊ ဌိတိကံ-ကို၊ ဂဟေတွာယေဝ-ယူ၍သာ၊ ဝဋ္ဌိတော-ကြီးရင့်ပြီ၊ ဣတိ-ကြောင့်၊ (သဋ္ဌိဝဿိကဋ္ဌိတိကာယ ဂါဟေတဗ္ဗော။)

ဧကော-တပါးသော ရဟန်းသည်၊ ဥဒ္ဒေသဘတ္တံ- ကို၊ ဘုဉ္ဇိတွာ—စားပြီး၍၊ သာမဏေရော, ဇာတော- ပြီ၊ ပုန- ဖန်၊ တံဘတ္တံ- ကို၊ (အချို့စာ၌ တံ မပါ၊) သာမဏေရဋ္ဌိတိကာယ-သာမဏေတို့၏ ရပ်တည်ရာ အစဉ်အားဖြင့်၊ ပတ္တံ-ကို၊ ဂဏှိတုံ-ယူခြင်းငှါ၊ လဘတိ-၏၊ အယံ-ဤသာမဏေသည်၊ အန္တရာဘဋ္ဌကော

× × × × × × ×

ဧကော ၊ပေ၊ ဝဍ္ဎိတော။ ။ ဤစကားသည် ကူဋဋ္ဌိတိကာနှင့် စပ်၍ ထွက်လာသော စကားတည်း၊ ထို့ကြောင့် တရာတန် ဆွမ်းကိုလည်း ကူဋဋ္ဌိတိကာဖြင့် သီးခြား ညွှန်ချရပေလိမ့်မည်၊ ထိုသို့ ညွှန်ချနိုင်အောင် "မည်သည့် နေ့ရက်တုန်းက တရာတန် ဆွမ်းကို အဝဿိက ရဟန်း ရခဲ့ဘူးသည်"ဟု ရေးထားလေသည်၊ အဝဿိက ရဟန်း ရပြီးနောက် ဌိတိကာလည်း ရပ်နေရတော့၏၊ အနှစ် (၆၀)လောက် ကြာသောအခါ တရာတန်ဆွမ်း ဖြစ်ပေါ်လာပြန်၏၊ ထိုတရာတန်ဆွမ်းကို အထက်ကစ၍ ပြန်သောအခါ ဝါ(၆၀)ရပြီးသော,(တချိန်တုန်းက အဝဿိကအဖြစ်ဖြင့် တရာတန်ဆွမ်းရခဲ့ဘူးသော ယခုအခါ ဝါ(၆၀)ရနေပြီးဖြစ်သော) ထိုရဟန်းသည်ပင် ရပြန်သည်-ဟူလို။

အန္တရာဘဋ္ဌကော။ ။အန္တရာ-ဥဒ္ဒေသဘတ်ကို မညွှန်ချမီ အကြား၌၊ ဘဋ္ဌော-ရဟန်း အဖြစ်မှ လျှောကျသူတည်း၊အန္တရာဘဋ္ဌော—သူ။အန္တရာဘဋ္ဌောယေဝ အန္တရာဘဋ္ဌကော၊ "စုတော ဘဋ္ဌော,ပရဒ္ဓေါ"ကဲ့သို့ ရဟန်းဘဝမှ ရွေ့လျှောကျသူကို"ဘဋ္ဌ"

နာမ-အကြား၌ လျှောကျသူမည်သည်၊(ဟောတိ)ကိရ-ဖြစ်သတတ်၊ ပန-ကား၊ ယော — အကြင် ပုဂ္ဂိုလ်သည်၊ ပရိပုဏ္ဏဝယော — ပြည့်သော အနှစ် နှစ်ဆယ်ရှိသော၊ သာမဏေရော-သည်၊(ဟုတွာ)၊ သွေ-၌၊ ဥဒ္ဒေသဘတ္တံ-ကို၊ လဘိဿတိ-ရလတ္တံ့၊ (သာမဏေ အဖြစ်ဖြင့် ရလတ္တံ့၊) ဣတိ - ဤသို့ ဆိုထိုက်ရာ နေ့၌၊ အဇ္ဇေဝ- ယနေ့၌ပင်၊ ဥပသမ္ပဇ္ဇတိ- မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်၏၊ တဿ-ထို ရဟန်း၏၊ ဋ္ဌိတိကာ-သည်၊ အတိက္ကန္တာ –ပြီ။

ဧကဿ-သော၊ ဘိက္ခုနော - ၏ (အထံသို့)၊ ဥဒ္ဒေသဘတ္တံ- သည်၊ ပတ္တံ-ရောက်ပြီ၊ စ—ထိုသို့ပင် ရောက်ပါသော်လည်း၊ အဿ-ထို ရဟန်း၏၊ ပတ္တော—သည်၊ တုစ္ဆော-အချည်းနှီးသည်၊ န ဟောတိ-မဖြစ်၊ (“သပိတ်ထည်း၌ ဆွမ်းရှိနေသည်”ဟူလို၊) သော- ထို ရဟန်းသည်၊ အညဿ- အခြားသော၊ သမီပေ-အနီး၌၊ နိသိန္နဿ-ထိုင်နေသော ရဟန်း၏၊ ပတ္တံ - ကို၊ ဒါပေတိ—ပေးစေအံ့၊ တံ - ထို သပိတ်ကို၊ ထေယျာယ - ခိုးသူ၏ ဖြစ်ကြောင်းစိတ်ဖြင့်၊ ဧဟရန္တိ -အကယ်၍ ဆောင်ယူသွားကုန်အံ့၊(ဝေံသတိ)၊ဂီဝါ-သည်၊ ဟောတိ၊ ပန-ဆက်၊ သော ဘိက္ခု-ထို ရဟန်းသည်၊ (ထို သပိတ်ရှင် ရဟန်းသည်၊) မယှံ—တပည့်တော်၏၊ ပတ္တံ-ကို၊ ဒမ္မိ-ပေးလိုက်ပါအံ့၊ ဣတိ-ဤသို့ လျှောက်၍၊ သယမေဝ—ကိုယ်တိုင်သာ၊ သစေ ဒေတိ-အကယ်၍ ပေးလိုက်အံ့၊ (ဧဝံ သတိ)၊ အဿ-ထို ရဟန်း၏၊(ဥဒ္ဒေသဘတ် အလှည့်ရသော ရဟန်း၏)၊ ဂီဝါ-သည်၊ န ဟောတိ၊ [“ သပိတ်ဆောင်ယူသူတို့က ခိုးလိုသော စိတ်ဖြင့် ဆောင်ယူသွားသော်လည်း ထို ရဟန်းက အပေးမခိုင်းသောကြောင့် ဂီဝါမဖြစ်ပါ”ဟူလို။]

(သော-ထို ဥဒ္ဒေသဘတ် အလှည့်ကျသော ရဟန်းသည်၊) တေန ဘတ္တေန-ထို ဥဒ္ဒေသဘတ်ဖြင့်၊ အနတ္ထိကော- အလိုမရှိသည်၊ ဟုတွာ-၍၊ မယှံ - တပည့်တော်အား၊ အလံ-တော်ပါပြီ၊ တဝ-အရှင် ဘုရားအား၊ (အနီး၌ ထိုင်နေသော

× × × × × × ×

ဟု ဆိုသည်၊ ယောဇနာ၌ကား “အန္တရာဘင်္ဂေကောတိ ဥဒ္ဒေသဘတ္တဿ အန္တရေ ဝေမဇ္ဈေ ဘသတိ ဂလတီတိ အန္တရာဘင်္ဂကော”ဟု ပြလေ၏။

ထေယျာယ၊ပေ၊ဂီဝါ၊ ။“ဦးတိဿ၌ ဥဒ္ဒေသဘတ် အလှည့်ကျရောက်လာပြီ” ဆိုကြစို့၊ သူ့သပိတ်မှာ ဆွမ်းပြည့်နေသောကြောင့် အနီး၌ရှိသော ရဟန်း၏ သပိတ်ကို “ပေးလိုက်ပါ” ဟု ပြောဆို၍ သပိတ်ရှင်ကို ပေးစေ၏၊ ထို သပိတ်ကို သပိတ်အယူလာသော ဒါယကာတို့က ခိုးလိုသော စိတ်ဖြင့် ဆောင်ယူသွားကြလျှင် ဦးတိဿမှာ ထို သပိတ်အတွက် ကြွေးမြီဖြစ်၏၊ “ သပိတ်ရှင် ရဟန်းအား သပိတ်အစား ပေးရမည် ” ဟူလို၊ အချို့စားအုပ်၌ ဟရန္တိနေရာဝယ် “ ဟရတိ ” ဟု ရှိ၏၊ ဥဒ္ဒေသ သပိတ်ကို ဆောင်သူက တယောက်ထည်းဖြစ်လျှင် ဟရတိလည်း ဖြစ်နိုင်ပါ၏၊ သို့သော် ဋီကာ၌ “ဟရန္တိ”ဟု ရှိသည်၊ [ထေယျာယ ဟရန္တီတိ—ပတ္တဟာရကာ ဟရန္တိ၊ ဂီဝါ ဟောတီတိ အာဏာပကဿ ဂီဝါ ဟောတိ၊–သာရတ္ထ။]

ရဟန်းကို ပြောသည်၊) စေတံ ဘတ္တံ-ကို၊ ဒမ္မိ-လှူပါ၏၊ ပတ္တံ—ကို၊ ပေသေတွာ—စေလွှတ်၍၊ အာဟရာပေဟိ-ဆောင်ယူစေပါလော၊ ဣတိ-ဤသို့၊ အညံ-အခြားသော ရဟန်းကို အထာပိဝဒတိ-အကယ်၍မူလည်း လျှောက်အံ့၊(ဧဝံ သတိ)၊ ယံ-အကြင် လှူဘွယ်ဝတ္ထုကို၊ တတော - ထို အိမ်မှ၊ အာဟရိယတိ - ဆောင်ယူအပ်၏၊ သဗ္ဗံ-အလုံးစုံသော လှူဘွယ်ဝတ္ထုသည်၊ ပတ္တသာမိကဿ- သပိတ် ရှင်ရဟန်း၏ (အတွက်၊) ဟောတိ- ၏၊ ပတ္တံ-ကို၊ ထေယျာယ - ဖြင့်၊ စေဟရန္တိ-အကယ်၍ ဆောင်ယူကုန်အံ့၊ (ဧဝံ သတိ)၊ သုဟဋ္ဌော- ကောင်းစွာ ဆောင်ယူအပ်ပြီ၊ ဘတ္တဿ-၏၊ ဝါ-ကို၊ ဒိန္နတ္တာ- ပေးအပ်ပြီး၏ အဖြစ်ကြောင့်၊ ဂီဝါ—သည်၊ န ဟောတိ၊ ("ဥဒ္ဒေသဘတ်ရသောရဟန်းမှာ ဂီဝါ မထိုက်ပါ "ဟူလို။ သုဟဋ္ဌောကိုပင်"ဘတ္တဿ ဒိန္နတ္တာ ဂီဝါ န ဟောတိ"ဟု ထပ်ဖွင့်သည်။)

ဝိဟာရေ - ကျောင်းတိုက်၌၊ ဒသ - ဆယ်ပါးကုန်သော၊ ဘိက္ခူ- တို့သည်၊ ဟောန္တိ-ရှိကုန်၏၊ တေသု-ထိုရဟန်းတို့တွင်၊နဝ-ကိုးပါးသောရဟန်းတို့သည်၊ ပိဏ္ဍပါတိကာ-ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းတို့တည်း၊ ဧကော-တပါးသော ရဟန်းသည်၊ သာဒိယနကော - ဥဒ္ဒေသဘတ်ကို သာယာသောရဟန်းတည်း၊ ("ပိဏ္ဍပါတိကဓုတင်ဆောင်မဟုတ်"ဟူလို၊)ဒသ-ဆယ်လုံးကုန်သော၊ ဥဒ္ဒေသပတ္တေ-သံဃာမှ ညွှန်ချအပ်သော သပိတ်တို့ကို၊ ဒေထ- ပေးပါကုန်၊ ဣတိ-သို့၊ ဝုတ္တေ-လျှောက်အပ်သော်၊ ပိဏ္ဍပါတိကာ - ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းတို့သည်၊ ဂဟေတုံ-ယူခြင်းငှါ၊ န ဣစ္ဆန္တိ-အလိုမရှိကုန်၊ ဣတရော- အခြားသော၊ ဘိက္ခု-သည်၊ သဗ္ဗာနိ-အလုံးစုံသောဥဒ္ဒေသဘတ်တို့သည်၊ မယှံ-ငါ၏အထံသို့၊ ပါပုဏန္တိ - ရောက်ကုန်၏၊ ဣတိ - ဤသို့ ဆို၍၊ ဂဏှာတိ - ယူအံ့၊ (ဧဝံသတိ)၊ ဌိတိကာ- သည်၊ န ဟောတိ- မရှိ၊ (အားလုံးကို ပေါင်း၍ တခါတည်းယူသောကြောင့် ဌိတိကာမရှိတော့၊) ဧကေကံ-တခုစီတခုစီကို၊ ပါပေတွာ-ရောက်စေ၍၊ (မိမိအတွက် ရောက်စေ၍၊) စေ ဂဏှာတိ - အံ့၊ (" ပဌမ ဥဒ္ဒေသဘတ်သည် ငါ့ထံသို့ရောက်၏၊ ဒုတိယ ဥဒ္ဒေသဘတ်သည် ငါ့အထံသို့ရောက်၏၊ပေ၊ ဒသမ ဥဒ္ဒေသဘတ်သည် ငါ့ထံသို့ရောက်၏"ဟု ဆို၍ ယူအံ့၊) (ဧဝံသတိ)၊ ဌိတိကာ-သည်၊ တိဋ္ဌတိ-တည်၏၊(ဌိတိကာတည်ခြင်း မတည်ခြင်းအကျိုးကို စီဝရက္ခန္ဓက, အဋ္ဌမာတိကာကထာ၌ ပြခဲ့ပြီ၊) ဧဝံ- သို့၊ ဂါဟေတွာ- ယူစေပြီး၍၊ ဒသဟိပိ-

× × × × × × ×

သဗ္ဗံ ပတ္တသာမိကဿ ။ ။ ထို အိမ်မှ ရအပ်သော လှူဘွယ်ဝတ္ထု အားလုံးသည် သပိတ်ရှင်နှင့်သာ ဆိုင်၏၊ " သက်နီး ပါလာစေကာမူ " တပည့်တော်က ဆွမ်းကိုသာ လှူသည်၊ သက်နီးကို မလှူ"ဟု ပြော၍ ဥဒ္ဒေသဘတ် အလှည့်ကျသောရဟန်းက တောင်းပိုင်ခွင့် မရှိ" ဟူလို၊ [သဗ္ဗံ ပတ္တသာမိကဿ ဟောတီတိ စီဝရာဒိကမ္ပိ သဗ္ဗံ ပတ္တသာမိကဿေဝ ဟောတိ၊ မယာ ဘတ္တမေဝ သန္နာယ ဝုတ္တံ၊ န စီဝရာဒိန္တိ ဝတွာ (ဥဒ္ဒေသဘတ် အလှည့်ကျသော ဦးတိဿကပြော၍) ဂဟေတုံ န ဝဋ္ဋတီတိ အဓိပ္ပာယော-ဝိမတိ။]

ဆယ်လုံးလည်း ဖြစ်ကုန်သော၊ ပဏ္ဏေဟိ- တို့ဖြင့်၊ အာဟရာပေတွာ- ဆောင်ယူစေ၍၊ ဘန္တေ-တို့၊(ပိဏ္ဍပါတိကရဟန်းတို့ကို ခေါ်သည်၊)မယှံ-အား၊ သင်္ဂဟံ- သင်္ဂြိုဟ် ချီးမြှင့်ခြင်းကို၊ ကရောထ-ပြုကြပါကုန်၊ ဣတိ-ဤသို့ လျှောက်၍၊ နဝ- န်သော၊ ပဏ္ဏေ-တို့ကို၊ ပိဏ္ဍပါတိကာနံ-တို့အား၊ ဒေတိ-အံ့၊(ဧဝံသတိ)၊ ဧတံ- ဤဆွမ်းသည်၊ ဘိက္ခုဒတ္တိယံနာမ - ဘိက္ခုဒတ္တိယဆွမ်းမည်သည်၊ (ရဟန်းသည် ပေးအပ်သောဆွမ်း မည်သည်၊) ဟောတိ၊ ဂဏှိတုံ- ၄ါ၊ ဝဋ္ဋတိ-၏၊ ["ဘိက္ခု ဒတ္တိယဖြစ်သောကြောင့် ပိဏ္ဍပါတိကရဟန်းတို့အား အပ်ပါသည်"ဟူလို။]

သော ဥပါသကော-သည်၊ ဘန္တေ-တို့၊ ဃရံ-အိမ်သို့၊ အာဂန္တွာ-ကြွ ထိုက်ပါ၏၊ (ကြွပါလော)၊ ဣတိ-သို့၊ သစေ ဝဒတိ-အကယ်၍ လျှောက်အံ့၊ သောစ ဘိက္ခု-ထိုရဟန်းသည်လည်း၊ (သာဒိယနကရဟန်းကို ဆိုသည်၊) တေ ဘိက္ခူ- ထိုရဟန်းတို့ကို၊ (ပိဏ္ဍပါတိကရဟန်းတို့ကို ဆိုသည်၊) ဘန္တေ-အရှင်ဘုရားတို့၊ ဧထ-လိုက်ခဲ့ကြပါကုန်၊ မယှံ - ၏၊ သဟာယကာ- အဖေါ်တို့သည်၊ ဟောထ- ဖြစ်ကြပါကုန်၊ ဣတိ- ဤသို့ လျှောက်၍၊ တဿ- ထို ဥပါသကာ၏၊ ဃရံ- သို့၊ သစေ ဂစ္ဆတိ-အံ့၊ (ဧဝံသတိ)၊ ယံ-အကြင် လှူဘွယ်ဝတ္ထုကို၊ တတ္ထ-ထိုအိမ်၌၊ လဘတိ-ရ၏၊ သဗ္ဗံ-အလုံးစုံသော လှူဘွယ်ဝတ္ထုသည်၊ တဿေဝ-ထိုရဟန်း၏ အတွက်သာ၊ ဟောတိ၊ ဣတရေ - အခြားရဟန်းတို့သည်၊ တေန - ထိုရဟန်း သည်၊ ဒိန္နံ-လှူအပ်သောဝတ္ထုကို၊ လဘန္တိ- ရကုန်၏၊ အထ-သို့မဟုတ်၊ နေသံ- ထိုရဟန်းတို့အား၊ ဃရေယေဝ - အိမ်၌သာ၊ နိသီဒါပေတွာ - ထိုင်စေ၍၊ ဒက္ခိ ဏောဒကံ-အလှူရေကို၊ ဒတွာ-၍၊ ယာဂုခဇ္ဇကာဒီနိ-ယာဂု, ခဲဘွယ် အစရှိသည် တို့ကို၊ ဒေန္တိ- ပေးလှူကုန်အံ့၊ (သောက်ဘို့ သုံးဘို့ရန် အလှူရေအိုးကိုပါ ပေးလှူ ခြင်းကို "ဒက္ခိဏောဒကံ ဒတွာ"ဟု ဆိုသည်၊) ဘန္တေ-တို့၊ ယံ-အကြင် လှူဘွယ် ဝတ္ထုကို၊ မနုဿာ-တို့သည်၊ ဒေန္တိ-ကုန်၏၊ တံ-ထိုလှူဘွယ်ဝတ္ထုကို၊ ဂဏှထ- ခံယူပါကုန်၊ ဣတိ - ဤသို့လျှောက်အံ့၊ (သာဒိယနကရဟန်းက လျှောက်အံ့၊) (ဧဝံသတိ)၊ တဿ ဘိက္ခုနော-၏၊ ဝစနေနေဝ- စကားကြောင့်သာ၊ ဣတရေ သံ - အခြားသော ပိဏ္ဍပါတိကရဟန်းတို့အား၊ ဝဋ္ဋတိ - အပ်၏၊ ဘုတ္တာဝိနံ- ဆွမ်းစားပြီးကုန်သော ရဟန်းတို့၏၊ ပဏ္ဏေ- တို့ကို၊ ပူရေတွာ- ပြည့်စေ၍၊ ဂဏှိ တွာ-ယူ၍၊ ဂမနတ္ထာယ- သွားခြင်းအကျိုးငှါ၊ ဒေန္တိ - လှူကုန်အံ့၊ (ဧဝံသတိ)၊ သဗ္ဗံ-အလုံးစုံသော လှူဘွယ်ဝတ္ထုသည်၊ တဿေဝ ဘိက္ခုနော-၏အတွက်သာ၊ ဟောတိ - ၏၊ တေန- ထိုရဟန်းသည်၊ ဒိန္နံ- ပေးအပ်သော လှူဘွယ်ဝတ္ထုသည်၊ ဣတရေသံ- အခြားသောရဟန်းတို့အား၊ ဝဋ္ဋတိ- အပ်၏။

ပန-ဆက်၊ တေ-ထိုရဟန်းတို့သည်၊(ပိဏ္ဍပါတိကရဟန်းတို့သည်၊)ဝိဟာရေ ယေဝ-ကျောင်းတိုက်၌ပင်၊(ကျောင်းတိုက်တုန်းကပင်၊)တေန ဘိက္ခုနာ-သည်၊ ဘန္တေ -တို့၊ (သာဒိယနကရဟန်းက ပိဏ္ဍပါတိကရဟန်းတို့ကို ခေါ်သည်၊)

မယှံ- ၏၊ ဘိက္ခံ - ကို၊ ဂဏှထ - ခံယူကြပါကုန်၊ မနုဿာနဉ္စ - လူတို့၏လည်း၊ ဝစနံ-ကို၊ ကာတုံ-ပြုခြင်းငှါ၊ ဝဋ္ဋတိ-သင့်ပါ၏၊ ဣတိ-သို့၊ ဝုတ္တာ- လျှောက်အပ်ကုန်သည်၊ (ဟုတွာ)၊ ယဒိ ဂစ္ဆန္တိ - အကယ်၍ သွားကုန်အံ့၊ (ဧဝံသတိ)၊ ယံ- အကြင် ခဲဘွယ်ဘောဇဉ်ကို၊ တတ္ထ- ထိုအိမ်၌၊ ဘုဉ္ဇန္တိစေဝ- စားလည်း စားကြကုန်၏၊ နီဟရန္တိစ-ဆောင်လည်းဆောင်ကြကုန်၏၊(ထပ်၍ အပို့သူ့သောကြောင့် ဆောင်ကြကုန်၏၊) သဗ္ဗံ- အလုံးစုံသော၊ တံ-ထိုခဲဘွယ်ဘောဇဉ်သည်၊ တသော ဝ-ထိုရဟန်း၏သာ၊ သန္တကံ- ဥစ္စာသည်၊ (ဟောတိ)၊ မယှံ- ၏၊ ဘိက္ခံ- ကို၊ ဂဏှထ-ခံယူပါကုန်၊ ဣတိ-သို့၊ အဝုတ္တာ-မလျှောက်အပ်ကုန်သည်၊ (ဟုတွာ)၊ မနုဿာနံ-တို့၏၊ ဝစနံ-ကို၊ ကာတုံ-ငှါ၊ ဝဋ္ဋတိ-သင့်ပါ၏၊ ဣတိ-သို့၊ (ဝုတ္တာ- လျှောက်အပ်ကုန်သည်၊ ဟုတွာ)အထာပိဂစ္ဆန္တိ - အကယ်၍မူလည်း သွားကုန် အံ့၊ (ဧဝံသတိ)၊ တတြ-ထိုသို့ သွားကြရာ၌၊ (တနည်း)တတြ-ထိုရဟန်းတို့တွင်၊ ဧကဿ- တပါးသောရဟန်းသည်၊ မခုရေန-ချိုမြိန်သောအရသာနှင့် တူသော၊ ဝါ- သာယာသော၊ သရေန - အသံဖြင့်၊ အနုမောဒနံ - ဆွမ်း အနုမောဒနာကို၊ ကရောန္တဿ - ပြုလသော်၊ ဝါ—ပြုသော၊ ဧကဿ — ၏၊ အနုမောဒနံ - ကို၊ သုတွာ- ကြားနာ၍ငှင်း၊ ဝါ-ကြားနာရခြင်းကြောင့်ငှင်း၊ ထေရာနံ-ထေရ်တို့၏၊ ဥပသမေ— ငြိမ်သက်ခြင်း၌၊ ပသီဒိတွာစ— ကြည်ညို၍ငှင်း၊ ဝါ - ကြည်ညိုခြင်း ကြောင့်ငှင်း၊ ဗဟုံ-များစွာသော၊ သမဏပရိက္ခာရံ- ရဟန်းတို့၏ ပရိက္ခရာကို၊ ဓေဒေန္တိ-အကယ်၍ လှူကုန်အံ့၊ (ဧဝံသတိ)၊ အယံ- ဤအဘို့သည်၊ ထေရေသု- တို့၌၊ ပသာဒေန- ကြည်ညိုခြင်းကြောင့်၊ ဥပ္ပန္နော-ဖြစ်သော၊ အကတဘာဂေါ နာမ-တင်ကြို၍ ပြုအပ်ပြီးမဟုတ်သော အဖို့မည်၏၊ တသ္မာ-ကြောင့်၊ သဗ္ဗေသံ- အလုံးစုံသောရဟန်းတို့၏(အထံသို့)၊ ပါပုဏာတိ- ၏။

× × × × × × ×

သဗ္ဗံ၊ပေ၊သန္တကံ။ ။[ယဒိပန စသောစကားသည် ပိဏ္ဍပါတိကရဟန်း ကိုးပါး နှင့် ပိဏ္ဍပါတိကမဟုတ်သော ရဟန်းတပါး၏စကားဆက်ဘု မှတ်ထားပါ၊] "သဗ္ဗံ တံ တသေဝသန္တကံ"ဟုငှင်း "သဗ္ဗံ တေသမေဝ သန္တကံ"ဟုငှင်း မူကွဲရှိ၏၊ ထိုတွင်"မယှံ ဘိက္ခံ ဂဏှထ— တပည့်တော်၏ဆွမ်းကို ခံယူကြပါကုန် " ဟု လျှောက်ခဲ့သောကြောင့် "သဗ္ဗံ တံ တသေဝ သန္တကံ"ဟု ရှိသောစာသာ ကောင်းသည်၊ နောင်၌ "မယှံ ဘိက္ခံ ဂဏှထ"ဟု မလျှောက်ရာဝယ် "သဗ္ဗေသံ ပါပုဏာတိ" ဟု ဆိုလတ့်။

အကတဘာဂေါနာမ။ ။"ပင့်လျှောက်တုန်းက ရည်ရွယ်ထားသော လှူဘွယ် အဘို့မဟုတ်, တရားကိုနာရ၍ငှင်း, ဥပသမကို ကြည်ညို၍ငှင်း, ရုတ်တရက် ဖြစ်ပေါ်လာ သော လှူဘွယ်အဘို့"ဟူလို၊ "ပုဗ္ဗေ ကရီယတ္ထာတိ ကတော၊ န+ကတော အကတော၊ မကြွလာမီက ပြုအပ်ပြီး စီစဉ်အပ်ပြီး မဟုတ်သောအဘို့၊ အကတော စ+သော + ဘာဂေါ စာတိ အကတဘာဂေါ " ဟု ပြု၊ [အကတဘာဂေါနာမာတိ အာဂန္တုကဘာဂေါ နာမ၊ အဒိန္နပုဗ္ဗဘာဂေါ (လှူအပ်ပြီး မဟုတ်သောအဘို့) ဣတိအတ္ထော၊—ဝိမတိ။]

ဧကော - တယောက်သော ဥပါသကာသည်၊ သံဃတော - သံဃအထံမှ၊ ဥဒ္ဒိသာပေတွာ-ညွှန်ချစေ၍၊ ဌိတိကာယ-အားဖြင့်၊ ဂါဟိတံ-ယူစေအပ်သော၊ ပတ္တံ-ကို၊ ဟရိတွာ-ဆောင်ယူ၍၊ပဏီတသ္သ-မွန်မြတ်သော၊ ခါဒနီယ ဘောဇနီယဿ-ခဲဘွယ်ဘောဇဉ်ဖြင့်၊ ပူရေတွာ-ပြည့်စေ၍၊ အာဟရိတွာ- ဆောင်ယူ၍၊ ဘန္တေ- တို့၊ ဣမံ- ဤခဲဘွယ်ဘောဇဉ်ကို၊ သဗ္ဗော - အလုံးစုံသော၊ သံဃော-သည်၊ ပရိဘုဉ္ဇတု - ဘုဉ်းပေးပါလော၊ ဣတိ- ဤသို့ လျှောက်၍၊ ဒေတိ- လှူအံ့၊ (ဧဝံသတိ)၊ သဗ္ဗေဟိ- ကုန်သောရဟန်းတို့သည်၊ ဘာဇေတွာ- ဝေဘန်၍၊ ပရိဘုဉ္ဇိတဗ္ဗံ-သုံးဆောင်ထိုက်၏၊ ပန- ဆက်၊ ပတ္တဿာမိကဿ-သပိတ်ရှင်ရဟန်းအား၊ အတိက္ကန္တံပိ- လွန်သွားသည်လည်းဖြစ်သော၊ ဌိတိကံ- ကို၊ ထပေတွာ-တန့်ရပ်၍၊ အညံ - သော၊ ဥဒ္ဒေသဘတ္တံ - ကို၊ ဒါတဗ္ဗံ - ပေးထိုက်၏၊ အထ-သို့မဟုတ်၊ ပဌမံယေဝ - ပဌမကပင်၊ (သပိတ်ကိုမယူမီ ရှေးဦးကပင်၊) သဗ္ဗံ-သော၊ သံဃိကံ-ကဖြစ်သော၊ ပတ္တံ-ကို၊ ဒေထ- ပေးပါကုန်၊ ဣတိ-သို့၊ ဝဒတိ- လျှောက်အံ့၊ (ဧဝံသတိ)၊ ဧကဿ - သော၊ လဇ္ဇိဘိက္ခုနော - လဇ္ဇီရဟန်း၏၊ သန္တကော-ဥစ္စာဖြစ်သော၊ ပတ္တော-ကို၊ ဒါတဗ္ဗော-ထိုက်၏၊ စ-ဆက်၊ အာဟရိတွာ- ဆောင်ယူပြီး၍၊ သဗ္ဗော- သော၊ သံဃော-သည်၊ ပရိဘုဉ္ဇတု- ပါလော၊ ဣတိ-သို့၊ ဝုတ္တေ-လျှောက်အပ်သော်၊ ဘာဇေတွာ-၍၊ ပရိဘုဉ္ဇိတဗ္ဗံ-ထိုက်၏။

ဧကော - တယောက်သော ဥပါသကာသည်၊ ပါတိယာ- ခွက်ဖြင့်၊ ဘတ္တံ-ဘတ်ကို၊ (ထမင်းကို)၊ အာဟရိတွာ-ဆောင်ယူ၍၊ သံဃုဒ္ဒေသံ- သံဃာမှညွှန်ချအပ်သော ဘတ်ကို၊ ဒမ္မိ-လှူပါ၏၊ ဣတိ-သို့၊ ဝဒတိ- အံ့၊ (ဧဝံသတိ)၊ ဧကေကံ အာလောပံ-တလုပ်စီ တလုပ်စီကို၊ အဒတွာ- မပေးမူ၍၊ ဌိတိကာယ-အားဖြင့်၊ ဧကဿ-တပါးသောရဟန်း၏၊ ယာပနမတ္တံ— မျှတလောက်ရုံကို၊ ကတွာ-ပြု၍၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ သော-ထို ဥပါသကာသည်၊ ဘတ္တံ-ကို၊ အာဟရိတွာ-၍၊ ကိဉ္စိ - တစုံတခုသောစကားကို၊ ဝတ္တုံ - လျှောက်ခြင်းငှါ၊ အဇာနန္တော-မသိသည်၊ ဝါ— နားမလည်သည်၊ (ဟုတွာ)၊ တုဏှီဘူတော — ဆိတ်ဆိတ်ဖြစ်၍ ဖြစ်သည်၊ (ဟုတွာ-၍၊) အထ အစ္ဆတိ-ဒဲ့ကယ်၍နေအံ့၊ (ဧဝံသတိ)၊ ကဿ-အဘယ်ရဟန်းအဲ့၊ တေ-သင်သည်၊ အာနီတံ- ဆောင်ယူအပ်သနည်း၊ ကဿ— အား၊ ဒါတုကာမော - လှူလိုသည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- သို့၊ န ဝတ္တဗ္ဗံ—

× × × × × × ×

သဗ္ဗော သံဃော ပရိဘုဉ္ဇတု။ ။''သဗ္ဗံ သံဃိကံ ပတ္တံ ဒေထ''ဟု အစက လျှော်ခဲ့သောကြောင့် ''သဗ္ဗော သံဃော ပရိဘုဉ္ဇတု''ဟု မလျှောက်သော်လည်း ''ထိုသပိတ်၌ပါသော ခဲဘွယ်ဘောဇဉ်သည် သံဃိက ဖြစ်နေရကား အားလုံးဝေဘန်၍ သုံးဆောင်ရမည်''ဟု ဂဏ္ဌိပုဒ်တို့၌ ဆိုသတတ်၊ [သဗ္ဗော သံဃော ပရိဘုဉ္ဇတူတိ ဝုတ္တေတိ ဗ္ဗေ ပဌမမေဝ သဗ္ဗံ သံဃိကံ ပတ္တံ ဒေထာတိ ဝတွာ ပစ္ဆာ သဗ္ဗော သံဃော ပရိဘုဉ္ဇတူတိ အဝုတ္တေပိ ဘာဇေတွာဝ ပရိဘုဉ္ဇိတဗ္ဗန္တိ ဂဏ္ဌိ ပဒေသု ဝုတ္တံ၊-သာရတ္ထ။]

ထိုက်၊ ဟိ- မှန်၊ တနည်း, (ကသ္မာ- ကြောင့်၊ န ဝတ္တဗ္ဗံ- နည်း၊) ဟိ (ယသ္မာ)—
ကြောင့်၊ ပုစ္ဆာသဘာဂေန- ပုစ္ဆာစကားနှင့် သဘောတူသောအားဖြင့်၊ တုမှာ
ကံ—အရှင်ဘုရားတို့ဘို့၊ အာနီတံ- ဆောင်အပ်ပါပြီ၊ တုမှာကံ- တို့အား၊ ဒါတု
ကာမော-သည်၊ အမှိ-ပါ၏၊ ဣတိ- သို့၊ ဝဒေယျ- လျှောက်ရာ၏၊ တတော-ထိုသို့
လျှောက်ရာသည်၏အဖြစ်ကြောင့်၊ တံ ဘိက္ခုံ-ကို၊ အညေ- ကုန်သော၊ ဘိက္ခူ—
တို့သည်၊ ဇိဂုစ္ဆန္တာ-စက်ဆုပ်ကုန်သည်၊(ဟုတွာ)၊ ဂီဝံ-လည်ပင်းကို၊ ပရိဝတ္တေ
တွာ-လည်စေ၍၊ ဩလောကေတဗ္ဗမ္ပိ - ကြည့်ထိုက်သူဟူ၍လည်း၊ န မညေယျုံ-
မမှတ် ထင်ကုန်ရာ၊ (ဣတိ- ကြောင့်၊ န ဝတ္တဗ္ဗံ— ထိုက်၊) ပန- အနွယ၊ ကုဟိံ—
အဘယ်အရပ်သို့၊ ယာသိ—သွားမည်လို့နည်း၊ ကိံ-အဘယ်ကို၊ ကရောန္တော-
ပြုလျက်၊ အာဟိဏ္ဍသိ- လှည့်လည်သနည်း၊ ဣတိ- သို့၊ ပုစ္ဆေ- မေးအပ်သော်၊
ဥဒ္ဒေသဘတ္တံ-ကို၊ ဂဟေတွာ-၍၊ အာဂတော-သည်၊ အမှိ-ဖြစ်ပါ၏၊ဣတိ-သို့၊
သစေ ဝဒတိ-အကယ်၍လျှောက်အံ့၊ (ဧဝံသတိ)၊ ဧကေန- တပါးသော၊ လဇ္ဇိ
ဘိက္ခုနာ-သည်၊ ဌိတိကာယ-အားဖြင့်၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏၊ အာဘတံ-
ဆောင်ယူအပ်သော ခဲဘွယ်ဘောဇဉ်သည်၊ ဗဟု-များသည်၊ သစေ ဟောတိ-
အံ့၊ သဗ္ဗေသံ — အလုံးစုံသော ရဟန်းတို့အား၊ သစေ ပဟောတိ — အကယ်၍
လောက်အံ့၊ ဌိတိကာကိစ္စံ-ဌိတိကာ ပြုဘွယ်သည်၊ နတ္ထိ-မရှိ၊ ထေရာသနတော-
မှ၊ ပဋ္ဌာယ-၍၊ ပတ္တံ-ကို၊ ပူရေတွာ- ပြည့်စေ၍၊ ဒါတဗ္ဗံ—ပေးထိုက်၏။

သံယုဒ္ဒေသပတ္တံ-ကို၊ ဒေထ-ပေးကြကုန်၊ ဣတိ- သို့၊ ပုစ္ဆေ - လျှောက်အပ်
သော်၊ ကိံ-အဘယ်ကို၊ အာဟရိယတိ-ဆောင်ယူမည်နည်း၊(တနည်း)အာဟရိ
ဿသိ-ဆောင်ယူလတ့်နည်း၊ ဣတိ-သို့၊ အဝတွာ-မမေးမူ၍၊ ပကတိဋ္ဌိတိကာယ
ဧဝ-ပကတိတည်နေရာ အစဉ်အားဖြင့်သာ၊ ဂါဟေတဗ္ဗံ- ယူစေထိုက်၏၊ ပန-
ဆက်၊ ယော ပါယသောဝါ- အကြင် နို့ဃနာကိုသော်၎င်း၊ ယော ရသပိဏ္ဍ
ပါတော ဝါ-အကြင် အရသာရှိသော ဆွမ်းကိုသော်၎င်း၊ နိစ္စံ- အမြဲ၊ လဗ္ဘတိ-
ရအပ်၏၊ ဧဝ ရူပါနံ-ဤသို့ သဘောရှိကုန်သော၊ ပဏီတဘောဇနာနံ-မွန်မြတ်
သော ဘောဇဉ်တို့၏၊ အာဝေဏိကာ-သီးခြားဖြစ်သော၊ ဌိတိကာ—တည်နေရာ
အစဉ်ကို၊ ကာတဗ္ဗာ-ပြုထိုက်၏၊ တထာ-တူ၊ သပရိဝါရာယ-အခြံအရံနှင့်တကွ
ဖြစ်သော၊ ယာဂုယာ-ယာဂု၏၎င်း၊ မဟဂ္ဃါနံ - များသော အဘိုးရှိကုန်သော၊
ဖလာနံ-အသီးတို့၏၎င်း၊ ပဏီတာနံ-ကုန်သော၊ ခဇ္ဇကာနံစ- ခဲဘွယ်တို့၏၎င်း၊
(အာဝေဏိကာ ဌိတိကာ ကာတဗ္ဗာ။)

× × × × × × ×

ကိံ အာဟရိယတိ။ ။ “ထိုသို့ မေးလိုက်လျှင် အဂတိလိုက်မည် စိုးသောကြောင့် မမေးမူ၍ နဂိုရ်ရှိသော ဌီထရ်စဉ်အတိုင်းပင် ယူပါစေ” ဟု ဆိုလိုသည်၊ [ကိံ အာဟရိယတီတိ အဝတွာတိ ကတရဘတ္တံဝါ တယာ အာဟရိယတီတိ ဒါယကံ အပုစ္ဆိတွာ၊—ဝိမတိ။] “ကိံ အာဟရိဿသိ”ဟု မူကွဲရှိ၏။

ပန-ဆက်၊ ပကတိဘတ္တ ယာဂု ဖလခဇ္ဇကာနံ- ရိုးရာဖြစ်သော ဆွမ်း, ယာဂု, သစ်သီး, ခဲဘွယ်တို့၏၊ ကောဝ - တခုတည်းသာလျှင် ဖြစ်သော၊ ဝါ - တူသည်သာလျှင် ဖြစ်သော၊ ဋ္ဌိတိကာ-ကို၊ ကာတဗ္ဗာ- ပြုထိုက်၏၊ သပ္ပိ- ထောပတ်ကို၊ အာဟရိဿာမိ-ဆောင်ယူပါအံ့၊ ဣတိ-သို့၊ ဝုတ္တေ-လျှောက်အပ်သော်၊ (ဥဒ္ဒေသဘတ် တောင်းလာသော ဒါယကာက လျှောက်အပ်သော်၊) သဗ္ဗသပ္ပိနံ-အလုံးစုံသော ထောပတ်တို့၏၊ ကောဝ—သော၊ ဋ္ဌိတိကာ—သည်၊ ဝဋ္ဋတိ-၏၊ တထာ-တူ၊ သဗ္ဗတေလာနံ- အလုံးစုံသော ဆီတို့၏၊ (ကောဝ ဋ္ဌိတိကာ ဝဋ္ဋတိ၊) ပန-ကား၊ မခုံ—ပျားရည်ကို၊ အာဟရိဿာမိ - အံ့၊ ဣတိ—သို့၊ ဝုတ္တေ - အပ်သော်၊ မခုံနော-၏၊ ကောဝ-သော၊ ဋ္ဌိတိကာ ဝဋ္ဋတိ၊ တထာ-တူ၊ ဖာဏိတဿ-တင်လဲ၏ငှင်း၊ လဋ္ဌိမဓုကာဒီနံ—နွယ်ချို အစရှိကုန်သော၊ ဘေသဇ္ဇာနဉ္စ-ဆေးတို့၏ငှင်း၊ (ကောဝ ဋ္ဌိတိကာ ဝဋ္ဋတိ)။

ပန-ဆက်၊ သံဃုဒ္ဒေသံ-သံဃာမှ ညွှန်ချအပ်သော၊ ဂန္ဓမာလံ-နံ့သာ, ပန်းကို၊ သစေ ဒေန္တိ - ကုန်အံ့၊ (ဧဝံ သတိ)၊ ပိဏ္ဍပါတိကဿ-က ရဟန်းအား၊ ဝဋ္ဋတိ-အပ်သလော၊ န ဝဋ္ဋတိ-မအပ်သလော။ ဣတိ - ဤကား အမေးတည်း၊ အာမိသဿေဝ-အာမိသ၏သာ၊ ဝါ-ကိုသာ၊ ပဋိက္ခိတ္တတ္တာ- ပယ်အပ်သည်၏ အဖြစ်ကြောင့်၊ ဝဋ္ဋတိ- ၏၊ ["အတိရေကလာဘံ ပဋိက္ခိပါမိ-ပိဏ္ဍိယာလောပ ဘောဇဉ်မှ အပိုအလွန်ဖြစ်သော သံဃဘတ္တ ဥဒ္ဒေသဘတ္တ စသော အာမိသကို ပယ်ပါ၏ " ဟု ဆောက်တည်ခဲ့သောကြောင့် " အာမိသမဟုတ်သော နံ့သာ, ပန်းသည် ပိဏ္ဍပါတိက ရဟန်းအား အပ်ပါ၏" ဟူလို။] ပန-ထိုသို့ပင် အပ်ပါသော်လည်း၊ သံဃံ-ကို၊ ဥဒ္ဒိဿ- ရည်စူး၍၊ ဒိန္နတ္တာ — လှူအပ်သည်၏ အဖြစ်ကြောင့်၊ န ဂဟေတဗ္ဗံ- မခံယူထိုက်၊ ဣတိ-သို့၊ ဝဒန္တိ - ဆရာတို့ ဆိုကြကုန်၏။ [ဤ ဥဒ္ဒေသဘတ်သည် မူလက သံဃိကတည်း၊ ကိုယ်စီကိုယ်စီ ညွှန်ချ၍ရသော အခါ ကိုယ်ပိုင် ပုဂ္ဂလိကဖြစ်၏၊ သံဃဘတ္တကား မိမိစားနေသည့် တိုင်အောင် သံဃိကဘတ်ပင် ဖြစ်သည်-ဟု မှတ်ပါ။]

ဥဒ္ဒေသဘတ္တကထာ-သည်၊ နိဋ္ဌိတာ—ပြီးပြီ။

နိမန္တနဘတ္တကထာ

နိမန္တနံ-ပင့်ဖိတ်ကြောင်းဘတ်သည်၊ ပုဂ္ဂလိကံ-လိကသည်၊ စေ(ဟောတိ)- အံ့၊ (ဧဝံ သတိ)၊ သယမေဝ — မိမိသည်သာ၊ ဣဿရော - အစိုးရ၏၊ (မိမိကို လာပင့်သော ပုဂ္ဂလိကဘတ်ဖြစ်သောကြောင့် မိမိသာပိုင်၏၊) ပန-ကား၊ သံဃိကံ—က သည်၊ (စေဟောတိ၊ ဧဝံ သတိ၊) ဥဒ္ဒေသဘတ္တေ - ဥဒ္ဒေသဘတ်၌၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသောနည်းဖြင့်သာ၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏၊ ("သံဃာ

ကုန် လောက်လျှင် သံဃာကုန်ယူ၊ သံဃာကုန် မလောက်လျှင် ဌိတိကာအတိုင်း ယူပါစေ” ဟူလို၊) ပန- ဆက်၊ ဧတ္ထ- ဤပင့်ဖိတ်ရာ၌၊ ဒူတော - တမန်သည်၊ ဗျတ္တော - ထက်မြက်တည်၊ (နားလည်သည်၊) သစေ ဟောတိ-အံ့၊ ဘန္တေ-တို့၊ ရာဇဂေဟေ-မင်း၏ အိမ်တော်၌၊ ဘိက္ခုသံဃဿ- ရဟန်း သံဃာတို့၊ ဘတ္တံ— ထမင်းကို၊ ဂဏှထ-ခံယူကြပါကုန်၊ ဣတိ-သို့၊ အဝတွာ-မလျှောက်မူ၍၊ ဘိက္ခံ- ဆွမ်းကို၊ ဂဏှထ-ခံယူကြပါကုန်၊ ဣတိ-သို့၊ သစေဝဒတိ-အကယ်၍ လျှော်အံ့၊ (ဧဝံ သတိ)၊ ပိဏ္ဍပါတိကာနမ္ပိ-တို့အားလည်း၊ ဝဋ္ဋတိ-အပ်၏၊ ဒူတော-သည်၊ အဗျတ္တော-မထက်မြက်သည်၊(ဟုတွာ)ဘတ္တံ ဂဏှထာတိ-ထ ဟူ၍၊ (ထမင်းကို ခံယူလှည့်ပါကုန် ဟူ၍၊) အထ ဝဒတိ- အံ့၊ (ဧဝံ သတိ)၊ ဘတ္တုဒ္ဒေသကော- ဆွမ်းကို ညွှန်ချသော ရဟန်းသည်၊ ဗျတ္တော-သည်၊(ဟုတွာ)၊ဘတ္တံ-ထမင်းကို၊ (ဂဏှထ-ပါကုန်၊) ဣတိ-သို့၊ အဝတွာ - မလျှောက်မူ၍၊ တုမှေ-အရှင် ဘုရားတို့သည်၊ ယာထ- ကြွကြပါကုန်၊ ဣတိ - သို့၊ အထ ဝဒတိ - အံ့၊ ဧဝမ္ပိ - ဤသို့ လျှောက်ပြန်သော်လည်း၊ ပိဏ္ဍပါတိတာနမ္ပိ-တို့အားလည်း၊ ဝဋ္ဋတိ-၏။

ပန-ဗျတိရိက်၊ တုမှာကံ- အရှင်ဘုရားတို့၏(အထံသို့)၊ ပဋိပါဋိယာ- ရအပ်သော အစဉ်အားဖြင့်၊ (ဆွမ်းလှည့်ကျသော အစဉ်အားဖြင့်)၊ [ပဋိပါဋိယာတိ လဒ္ဓ ပဋိပါဋိယာ၊-သာရတ္ထ၊] ဘတ္တံ - ဘတ်သည်၊ ပါပုဏာတိ - ရောက်ပါ၏၊ ဣတိ-သို့၊ ဝုတ္တေ-လျှောက်အပ်သော်၊ (ဘတ္တုဒ္ဒေသက ရဟန်းက လျှောက်အပ် သော်၊) န ဝဋ္ဋတိ - မအပ်၊ နိမန္တေတုံ - ပင့်ဖိတ်ခြင်းငှါ၊ အာဂတမနုဿော- လာသောလူသည်၊ အာသနသာလံ-ထိုင်နေရာစရပ်သို့၊ ဝါ-ရွာတွင်း ဆွမ်းစား စရပ်သို့၊ ပဝိသိတွာ - ဝင်၍၊ အဋ္ဌ - ရှစ်ပါးကုန်သော၊ ဘိက္ခူ - တို့ကို၊ ဒေထ- ပေးပါကုန်၊ ဣတိဝါ-ဤသို့သော်ငှင်း၊ အဋ္ဌ - ရှစ်လုံးကုန်သော၊ ပတ္တေ- တို့ကို၊ ဒေထ-ပါကုန်၊ ဣတိဝါ-သော်ငှင်း၊ သစေ ဝဒတိ- အံ့၊ ဧဝမ္ပိ-ဤသို့ လျှောက် သော်လည်း၊ ပိဏ္ဍပါတိကာနံ-တို့အား၊ ဝဋ္ဋတိ-၏၊ တုမှေ စ - အရှင်ဘုရားတို့ သည်ငှင်း၊ တုမှေ စ-အရှင်ဘုရားတို့သည်ငှင်း၊ ဂစ္ဆထ-ကြွကြပါကုန်၊ ဣတိ-သို့၊

× × × × × × ×

ဗျတ္တော၊ပေ၊ဝဋ္ဋတိ။ ။ လျှောက်ပုံ လျှောက်နည်း၌ ကျွမ်းကျင်သော တမန်ကို “ဗျတ္တော ဟောတိ”ဟု ဆိုသည်၊ ထိုကျွမ်းကျင်ပုံကိုပင် “ဘန္တေ ရာဇဂေဟေတော၊ပေ၊ ဂဏှထ”ဟု ပြသည်၊ ပိဏ္ဍပါတိက ရဟန်းတို့သည် “အတိရေကလာဘံ ပဋိက္ခိပါမိ”ဟု ဆောက်တည်ခဲ့၏၊ ထို“အတိရေကလာဘ်”ဟူသည်လည်း ရဟန်းဖြစ်ပြီးခါစ ဩဝါဒ၌ အတိရေကလာဘော–“သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ၊ပေ၊ပါဋိပဒိကံ”ဟု ဘတ္တ နာမည်ဖြင့် လာသော ထမင်းများကို သရုပ်ဖေါ်ထား၏၊ ဤနေရာ၌ကား “ ဘိက္ခံ ဂဏှထ ”ဟု ကပ္ပိယ ဝေါဟာရဖြင့် လျှောက်သောကြောင့် အတိရေကလာဘ်နှင့် မဆိုင်ရကား“ပိဏ္ဍ ပါတိက ရဟန်းအားလည်း အပ်သည် ” ဟု ဆိုသည်၊ [ပိဏ္ဍပါတိကာနမ္ပိ ဝဋ္ဋတီတိ ဘိက္ခာပရိယာယေန ဝုတ္တတ္တာ ဝဋ္ဋတိ၊–သာရတ္ထ။]

ဝတ္တဗ္ဗံ-လျှောံထိုက်၏၊ (ဘတ္တုဒ္ဒေသကရဟန်းက လျှောက်ထိုက်၏၊) ပန-ဆက်၊
အဋ္ဌ-ရှစ်ပါးကုန်သော၊ ဘိက္ခူ-တို့ကို၊ ဒေထ-ပါကုန်၊ ဘတ္တံ-ဘတ်ကို၊ ဂဏှထ-
ခံယူပါကုန်၊ (ဣတိ- ဤသို့သော်၎င်း၊) အဋ္ဌ- ရှစ်လုံးကုန်သော၊ ပတ္တေ-တို့ကို၊
ဒေထ- ပေးပါကုန်၊ ဘတ္တံ- ကို၊ ဂဏှထ - ပါကုန်၊ ဣတိ-သော်၎င်း၊ (သစေ)
ဝဒတိ-အံ့၊(ဧဝံသတိ)၊ ပဋိပါဋိယာ-ရအပ်သော အစဉ်အားဖြင့်၊ ဂါဟေတဗ္ဗံ-
ယူစေထိုက်၏။

ပန-ဆက်၊ ဂါဟေန္တေန-ယူစေသော ရဟန်းသည်၊ ဝိစ္ဆိန္ဒိတွာ- စကားကို
ဖြတ်၍၊ ဘတ္တံတိ- ဘတ္တံ ဟူ၍၊ (ထမင်းဟူ၍၊) အဝဒန္တေန - မဆိုဘဲ၊ တုမှေစ-
တို့သည်၎င်း၊ တုမှေစ-တို့သည်၎င်း၊ ဂဏှထ - ကြွကြွပါကုန်၊ ဣတိ-သို့၊ ဝုတ္တေ-
လျှောက်အပ်သော်၊ ပိဏ္ဍပါတိကာနံ-တို့အား၊ ဝဋ္ဋတိ-အပ်၏၊[ဘတ္တံ ဂဏှထ
ပုဒ်တွင် "ဘတ္တံ"မပါဘဲ တပုဒ်ဖြတ်ထားသည်ကို " ဝိစ္ဆိန္ဒိတွာ " ဟု ဆိုသည်၊
ထို့ကြောင့်"ဘတ္တန္တိ အဝဒန္တေန"ဟု ဝိစ္ဆိန္ဒိတွာကိုပင် ထပ်ဖွင့်သည်၊ဝိစ္ဆိန္ဒိတွာ
တိ ဘတ္တံ ဂဏှထာတိ ပဒံ အဝတွာ၊ တေနေဝါဟ " ဘတ္တန္တိ အဝဒန္တေနာ"
တိ၊-ဋီကာ၊] ပန-ဆက်၊ ဘန္တေ- တို့၊ တုမှာကံ- တို့၏၊ ပတ္တံ- ကို၊ ဒေထ—ကုန်၊
တုမှေ-တို့သည်၊ ဧထ-ကြွကြွပါကုန်၊ ဣတိ - သို့၊ ဝုတ္တေ - လျှောက်အပ်သော်၊
ဥပါသက-ဥပါသကာ၊ သာဓု-ကောင်းပြီ၊ ဣတိ-ဤသို့ ပြော၍၊ ဂန္တဗ္ဗံ - သွား
ရာ၏၊ သံဃတော-မှ၊ ဥဒ္ဒိသိတွာ-၍၊ တုမှေ-တို့သည်၊ ဧထ-လာပါကုန်၊ ဣတိ-
သို့၊ ဝုတ္တေပိ - လျှောက်အပ်သော်လည်း၊ ယထာဋ္ဌိတိကာယ - အကြွင်း အကြွင်း
တည်ရာ အစဉ်အားဖြင့်၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏။

ပန-ဆက်၊ နိမန္တနဘတ္တဃရတော- နိမန္တနဘတ်ရှိရာ အိမ်မှ၊ ပတ္တတ္ထာယ-
သပိတ် အကျိုးငှါ၊ (သပိတ်ယူဘို့ရာ၊) အာဂတဿ - လာသော ဒါယကာအား၊
ဥဒ္ဒေသဘတ္တေ-၌၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသော နည်းဖြင့်ပင်၊ ဌိတိကာယ—
အားဖြင့်၊ ပတ္တော-ကို၊ ဒါတဗ္ဗော-၏၊[“ဧကော“သံဃုဒ္ဒေသပတ္တံ အာဟရာ”တိ
ပေသိတော၊ပေ၊ဌိတိကာယ ဂါဟေတဗ္ဗံ”ဟူသော စကားကို“ဝုတ္တနယေနေဝ”
ဟု ဆိုသည်။]ဧကော-တယောံသော ဥပါသကာသည်၊ သံဃတော-မှ၊ ပဋိပါဋိ
ယာ-ရအပ်သော အစဉ်အားဖြင့်၊ ပတ္တံ-ကို၊ (ဒေထ-ပါကုန်၊) ဣတိ-သို့၊ အဝ
တွာ—မလျှောက်မူ၍၊ ကေဝလံ - သက်သက်၊ (သံဃတော ပဋိပါဋိယာ မဖက်
သက်သက်၊)ဧကံ-တလုံးသော၊ ပတ္တံ-ကို၊ ဒေထ-ပေးပါကုန်၊ ဣတိ-သို့၊ ဝတွာ-
၍၊ ပတ္တေ—ကို၊ အဂါဟိတေယေဝ - မယူစေအပ်သေးမီပင်၊ (ဘတ္တုဒ္ဒေသက
ရဟန်းက မယူစေအပ်သေးမီပင်)ယဿကဿစိ-အမှတ်မထား တပါးပါးသော
ရဟန်း၏၊ ပတ္တံ-ကို၊ ဂဟေတွာ-၍၊ ပူရေတွာ-ပြည့်စေ၍၊ အာဟရတိ- ဆောင်
ယူလာအံ့၊ (ဧဝံ သတိ)၊ တံ- ထို ခဲဘွယ်ဘောဇဉ်သည်၊ ပတ္တသာမိကဿေဝ—
သပိတ်ရှင် ရဟန်း၏ အတွက်)သာ၊ ဟောတိ-၏၊ ဥဒ္ဒေသဘတ္တေဝိယ-၌ကဲ့သို့၊

ဋ္ဌိတိကာယ-အားဖြင့်၊ န ဂါဟေတဗ္ဗံ-ထိုက်၊ ဠခေ့ပိ - ဤ နိမန္တနဘတ်၌လည်း၊ (ဥဒ္ဒေသဘတ်တုန်းကလည်း ထိုကဲ့သို့ဒါယကာလာဘူးသောကြောင့်"ဋခေ့ပိ" ဟု ပိဖြင့် ဆိုသည်၊) ယော - အကြင် ဒါယကာသည်၊ အာဂန္တွာ - ၍၊ တုဏှီ ဘူတော-သည်၊ (ဟုတွာ)တိဋ္ဌတိ-ရပ်နေ၏၊ သော—ထို ဒါယကာကို၊ ကသ— အဘယ်ရဟန်း၏၊ သန္တိကံ- သို့၊ အာဂတော - သည်၊ အသိ-နည်း၊ ဣတိ ဝါ- သော်၎င်း၊ ကဿ—၏၊ ပတ္တံ-ကို၊ ဟရိဿသိ- ဆောင်ယူလတံ့နည်း၊ ဣတိ ဝါ- သော်၎င်း၊ န ဝတ္တဗ္ဗော-ထိုက်။

ဟိ—မှန်၊ တနည်း, (ကသ္မာ နဝတ္တဗ္ဗော၊) ဟိ (ယသ္မာ) — ကြောင့်၊ ပုစ္ဆာ သဘာဂေန — ပုစ္ဆာ စကားနှင့် သဘောတူသော အားဖြင့်၊ တုမှာကံ - တို့၏၊ သန္တိကံ-သို့၊ အာဂတော-သည်၊ (အမှိ-ပါ၏) တုမှာကံ-တို့၏၊ ပတ္တံ-ကို၊ ဟရိဿာမိ—ပါအံ့၊ ဣတိ-သို့၊ ဝဒေယျ-လျှောက်ရာ၏၊ တတော - ထိုသို့ လျှောက်ခြင်းကြောင့်၊ သော ဘိက္ခု-သည်၊ ဝါ-ကို၊ ဘိက္ခူဟိ-တို့သည်၊ ဇိဂုစ္ဆနီယော— စက်ဆုပ်ထိုက်သည်၊ အဿ—ဖြစ်ရာ၏၊ (တသ္မာ နဝတ္တဗ္ဗော၊) ပန - အနွယ၊ ကုဟိံ-အဘယ်အရပ်သို့၊ ဂစ္ဆသိ-သွားမည်လို့နည်း၊ ကိံ-ကို၊ ဟာရာပေန္တော- လျက်၊ အာဟိဏ္ဍသိ- လှည့်လည်သနည်း၊ ဣတိ — သို့၊ ပုစ္ဆေ — မေးအပ်သော်၊ တဿ-ထို ဒါယကာအား၊ (ဒါတဗ္ဗောဒ္ဓုစပ်၊) ဝါ- သည်၊ (ဝဒန္တဿဒ္ဓုစပ်၊) ပတ္တဂ္ဂါယ - သပိတ်အလို့ငှါ၊ အာဂတော - လာသည်၊ အမှိ—ပါ၏၊ ဣတိ- ဤသို့၊ ဝဒန္တဿ-လျှောက်လသော်၊ ပဋိပါဋိယာ-အားဖြင့်၊ ဘတ္တဋ္ဌိတိကာယ-ဘတ်၏ တည်ရာအစဉ်အားဖြင့်၊ ဂါဟေတွာ—စေ၍၊ ပတ္တော-ကို၊ ဒါတဗ္ဗော-ထိုက်၏၊ (အချို့စာအုပ်၌ " ပဋိပါဋိဘတ္တဋ္ဌိတိကာယ "အစဉ်အတိုင်းဖြစ်သော ဘတ်၏တည်ရာအစဉ်အားဖြင့်"ဟုလည်း ရှိ၏။)

ဘတ္တာဟရဏကပတ္တံ-ဆွမ်းကိုဆောင်ယူကြောင်းသပိတ်ကို၊ ဒေထ-ပေးပါကုန်၊ ဣတိ- သို့၊ ဝုတ္တေပိ - အပ်သော်လည်း၊ ပဋိပါဋိယာ— အားဖြင့်၊ ဘတ္တဋ္ဌိတိကာယ ဧဝ— အားဖြင့်ပင်၊ ဒါတဗ္ဗော-ထိုက်၏၊ (ဤ၌လည်း"ပဋိပါဋိဘတ္တဋ္ဌိတိကာယ ဧဝ "ဟု မူကွဲရှိ၏၊ ယောဇနာ၌ " ဘတ္တာဟရဏပတ္တံ " ဟု ရှိ၏၊ က အက္ခရာ မပါ၊) အာဟရိတွာ - ဆောင်ယူပြီး၍၊ (သပိတ်ထည်း၌ ခဲဘွယ် ဘောဇဉ်နှင့်တကွ ဆောင်ယူခဲ့ပြီး၍၊) သမ္ဗော- သော၊ သံဃော- သံဃာသည်၊ ဘုဉ္ဇတု- ဘုဉ်းပေးပါလော၊ ဣတိ-သို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံသတိ)၊ ဘာဇေတွာ - ဝေဘန်၍၊ ဘုဉ္ဇိတဗ္ဗံ - ဘုဉ်းပေးထိုက်၏၊ ပတ္တသာမိကဿ - သပိတ်ရှင်ရဟန်း၏၊ အတိက္ကန္တမ္ပိ- လွန်သွားသည်လည်းဖြစ်သော၊ ဋ္ဌိတိကံ - ကို၊ ထပေတွာ-၍၊ အညံ - သော၊ ပဋိပါဋိဘတ္တံ-အစဉ်အတိုင်းဖြစ်သောဘတ်ကို၊ ဂါဟေတဗ္ဗံ-ထိုက်၏၊ (ဤ၌ "ပဋိပါဋိဘတ္တံ"ဟု ရှိသောကြောင့် ရှေး၌လည်း"ပဋိပါဋိဘတ္တဋ္ဌိတိကာယ"ဟု ရှိလျှင် ကောင်း၏။)

ဧကော - တယောက်သော ဒါယကာသည်၊ ပါဘိယာ - ခွက်ဖြင့်၊ ဘတ္တံ - ဘတ်ကို၊ အာဟရိတွာ- ဆောင်ယူ၍၊ သံဃဿ- အား၊ ဒမ္ဓိ- ပါ၏၊ ဣတိ- သို့၊ ဝဒတိ- လျှောက်အံ့၊ (ဧဝံသတိ)၊ အာလောပဘတ္တဋ္ဌိတိကတော - အာလောပဘတ်၏ တည်ရာအစဥ်မှ၊ ပဋ္ဌာယ - ၍၊ အာလောပသင်္ခေပေန - အာလောပ၌ ထည့်သွင်းအပ်သော ဆွမ်းအားဖြင့်၊ ဘာဇေတဗ္ဗံ- ဝေဘန်ထိုက်၏၊ ပန-ဆက်၊ ဧကော- သည်၊ ပါတိယာ - ဖြင့်၊ ဘတ္တံ - ကို၊ အာဟရိတွာ - ၍၊ (ရှေ့ဝါကျမှ လိုက်စေ၊) တုဏှီဘူတော-သည်၊ (ဟုတွာ)၊ အစ္ဆတိ-တည်နေအံ့၊ ("သံဃဿ ဒမ္ဓိ" ဟု မလျှောက်ဘဲ ရပ်တည်နေအံ့၊ ဧဝံသတိ၊) ကဿ - ဘို့၊ တေ - သည်၊ အာဘတံ-ဆောင်ယူအပ်သနည်း၊ ကဿ- အား၊ ဒါတုကာမော-သည်၊ အသိ- နည်း၊ ဣတိ- သို့၊ န ဝတ္တဗ္ဗော- မမေးထိုက်၊ [ထိုသို့ မေးခြင်း၏အပြစ်ကို ပြခဲ့ပြီး ဖြစ်၍ အထူးမပြတော့ဘဲ အနွယစကားကိုသာ ပြလိုသောကြောင့် "သစေ ပန" စသည်မိန့်၊]ပန-အနွယ၊ ကုဟိံ ဂစ္ဆသိ၊ ကိံ ကရောန္တော အာဟိဏ္ဍသိ၊ ဣတိ- သို့၊ ဝုတ္တော- အပ်သော်၊ သံဃဿ- ဘို့၊ မေ-သည်၊ ဘတ္တံ- ကို၊ အာဘတံ-အပ် ပါပြီ၊ ထေရာနံ-ထေရ်တို့ဘို့၊ မေ ဘတ္တံ အာဘတံ၊ ဣတိ- သို့၊ ဝဒတိ- အံ့၊ (ဧဝံ သတိ)၊ ဂဟေတွာ-ယူ၍၊ (ဥပါသကာယူလာသော ဘဉ်ကိုယူ၍၊) အာလောပ ဘတ္တဋ္ဌိတိကာယ-အားဖြင့်၊ ဘာဇေတဗ္ဗံ-၏၊ ပန- ဆက်၊ ဧဝံ- သို့၊ အာဘတံ- ဆောင်ယူအပ်သောဘတ်သည်၊ ဗဟု- များသည်၊ သစေ ဟောတိ- အံ့၊ သကလ ဿ-အလုံးစုံသော၊ သံဃဿ-အား၊ သစေ ပဟောတိ- အကယ်၍ လောက်အံ့၊ (အချို့စာ၌ "ပဟု ဟောတိ"ဟု ရှိ၏၊ ဧဝံသတိ)၊ အဘိဟဋဘိက္ခာနာမ - ရှေးရှု ဆောင်ယူအပ်သော ဆွမ်းမည်သည်၊ ပိဏ္ဍပါတိကာနံပိ-တို့အားလည်း၊ ဝဋ္ဋတိ- ၏၊ ဋ္ဌိတိကာပုစ္ဆနကိစ္စံ- ဋ္ဌိတိကာကို မေးဘွယ်ကိစ္စသည်၊ နတ္ထိ - မရှိ၊ ထေရာသန တော-မှ၊ ပဋ္ဌာယ-၍၊ ပတ္တံ-ကို၊ ပူရေတွာ-ပြည့်စေ၍၊ ဒါတဗ္ဗံ-ပေးဝေရာ၏။

× × × × × × ×

အာလောပဘတ္တ ၊ပေ၊ သင်္ခေပေန။ ။သံဃာငါးဆယ် ရှိရာ၌ ဆွမ်းတအုပ်ကို သံဃိကလာလှူလျှင် တလုပ်စီ တလုပ်စီဝေရသည်၊ ထိုသို့ဝေရာ၌ မလောက်၍ ချန်ထားရသောပုဂ္ဂိုလ်များကို နောက်တကြိမ် ဆွမ်းရောက်လာသောအခါ ဋ္ဌိတိကာအားဖြင့် ဝေရ၏၊ ထို့ကြောင့် နိမန္တနဘတ်၌ " အာလောပဘတ္တ ဋ္ဌိတိကာ " ဟု တမျိုးရှိသည်၊ ဥဒ္ဒေသဘတ်၌ကား တလုပ်စာစီမဝေရ၊ တထပ်စာ လောက်အောင် ဝေရမည်ဟု ဆိုသောကြောင့် အာလောပဘတ္တဋ္ဌိတိကာ မရှိခဲ့၊ တလုပ်စာ တလုပ်စာစီ ဝေရသောဘတ် အမျိုးအစား၌ ပါဝင်အောင်သွင်းရသောဆွမ်းကို "အာလောပသင်္ခေပ" ဟု ခေါ်သည်။

ဋီကာ ။ ။ အာလောပသင်္ခေပေနာတိ ဧကေကပိဏ္ဍဝသေန (တခု တခုသော ဆွမ်းလုပ်၏အဖြစ်ဖြင့်)၊ အယဉ္စ နယော နိမန္တနေယေဝ၊ န ဥဒ္ဒေသဘတ္တေ၊ တတ္ထ ဟိ ဧကေဿ ပဟောနကပ္ပမာဏံ ယေဝ ဘာဇေတဗ္ဗံ၊ တသ္မာ ဥဒ္ဒေသဘတ္တေ အာလောပ ဋ္ဌိတိကာနာမ နတ္ထိ၊— သာရတ္ထ။

ဥပါသကော-သည်၊ သံဃတ္ထေရဿ ဝါ-သံဃထေရ်၏(အထံသို့)သော်ငင်း၊ ဂန္ထဓုတင်္ဂဝသေန-ကျမ်းဂန်,ဓုတင်နှင့်စပ်သဖြင့်၊ အဘိညာတဿ ဝါ-ထင်ရှားသောရဟန်း၏(အထံသို့)သော်ငင်း၊ဘတ္တုဒ္ဒေသကဿ ဝါ-ဆွမ်းကိုညွှန်ချသောရဟန်း၏(အထံသို့)သော်ငင်း၊ ပဟိဏာတိ-စေလွှတ်အံ့၊(ကိ°-အဘယ်သို့မှာ၍စေလွှတ်သနည်း၊) အမှာကံ- တပည့်တော်တို့၏၊ ဘတ္တဂ္ဂဟဏတ္ထာယ- ဘတ်ကိုခံယူခြင်းအကျိုးငှါ၊ အဋ္ဌ- ရှစ်ပါးကုန်သော၊ ဘိက္ခူ- တို့ကို၊ ဂဟေတွာ-ပင့်၍၊ အာဂစ္ဆထ-ကြွခဲ့ပါကုန်၊ ဣတိ-ဤသို့မှာ၍၊(ပဟိဏာတိ-အံ့၊)ဉာတိဉပဋ္ဌာကေဟိ - ဆွေမျိုး အလုပ်အကျွေးတို့သည်၊ ပေသိတံ — စေလွှတ်အပ်သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဧဝံသတိပိ)၊ တယော-သုံးပါးကုန်သော၊ ဥမေဇနာ- ဤရဟန်းတို့သည်၊ ပုစ္ဆိတုံ- မေးခြင်းငှါ၊ ဝါ- မေးခွင့်ကို၊ န လဘန္တိ- ကုန်၊ [ဘတ္တံကိုင့်၍ "ပေသိတံ" ဟု ထားဟန်တူသည်၊ ပုဂ္ဂိုလ်ကိုရအောင် "ပေသိတော"ဟု ရှိလျှင် ကောင်းမည်ထင်သည်။]ယေ-အကြင်ရဟန်းတို့သည်၊ (ထည့်)၊ မာတိကံ-မာတိကာသို့၊ အာရုဠှာယေဝ- တက်ရောက်ပြီးကုန်သည်သာ၊ သံဃတော - မှ၊ အဋ္ဌ - ရှစ်ပါးကုန်သော၊ (တေ)ဘိက္ခူ - တို့ကို၊ ဥဒ္ဒိသာပေတွာ- ညွှန်ချစေ၍၊ အတ္တနဝမေဟိ- မိမိလျှင် ကိုးပါးမြောက်ရှိသော

× × × × × × ×

ဣမေ၊ပေ၊န လဘန္တိ။ ။"ဣမေ တယောဇနာ" ဟူသည် ပြအပ်ခဲ့သော သံဃထေရ်, အဘိညာတ ရဟန်း , ဘတ္တုဒ္ဒေသက ရဟန်းတို့တည်း၊ စေခိုင်းလိုက်သော ဥပါသကာက ထိုပုဂ္ဂိုလ်တို့၏ ဉာတိ, သို့မဟုတ် ပဝါရိတ ဥပဋ္ဌာကပင် ဖြစ်စေကာမူ ဧစခိုင်းအပ်ခြသော တမန်အား "ရဟန်း ရှစ်ပါးတို့ကို သံဃာထည်းက ပင့်ခဲ့ရမည်လော၊ သို့မဟုတ် ငါ၏ အသိ(ငါသဘောကျရာ) ရှစ်ပါးကို ပင့်ခဲ့ရမည်ဧလော"ဟု ဧမေးခွင့်မရ၊ [ပုစ္ဆိတုန္တိ သံဃတော ဂဏှာမိ၊ ဥဒါဟု ယေ ဇာနာမိ၊ တေဟိ သဒ္ဓိံ အာဂစ္ဆာမိတိ ပုစ္ဆိတုံ၊—ယေ းဇနာ။]

အာရုဠှာယေဝ၊ပေ၊ဂန္တဗ္ဗံ။ ။ "မာတိကာ"ဟူရာ၌ "ရေမြောင်းနှင့် တူသော သံဃအစဉ်အတန်းကို ဆိုလိုသည်၊ ထိုမာတိကာသည် ဥဒ္ဒေသဘတ်၏ အစဉ်မာတိကာ, နိမန္တနဘတ်၏ အစဉ်မာတိကာ , နောက်လာမည့် သလာကဘတ် စသည်၏ အစဉ်မာတိကာဟု အမျိုးမျိုးရှိ၏၊ ထိုတွင် ဤနေရာသည် နိမန္တနဘတ်ကို ပြရာဖြစ်သောကြောင့် မာတိကာအရ နိမန္တနဘတ်၏ အစဉ်မာတိကာကို ယူရသည်၊"ရှေးရှေးနေ့၌ နိမန္တနဘတ်ရပြီးသားပုဂ္ဂိုလ်များ၏အဆက်ဖြစ်သော ရဟန်းရှစ်ပါးကိုပင့်၍ မိမိနှင့်တကွ ကိုးပါး ကြွပါ "ဟူလို။]

ဝိမတိ။ ။အာရုဠှာယေဝ မာတိကံ၊ သံဃတော အဋ္ဌ ဘိက္ခူတိ ဧတ္ထ ဧယ မာတိကံ အာရုဠှာ၊ တေ အဋ္ဌဘိက္ခူဟိ ဧယာဇေတဗ္ဗံ၊ ဥဒ္ဒေသဘတ္တ နိမန္တန ဘတ္တာဒိ သံဃိကဘတ္တမာတိကာသု နိမန္တနဘတ္တမာတိကာယ ဋ္ဌိတိဝသေန အာရုဠှေ ဘတ္တုဒ္ဒေသကေနဝါ သယံဝါ သံဃတော ဥဒ္ဒိသာဧပတွာ ဂဧဟတွာ ဂန္တဗ္ဗံ၊ န အတ္တနော ရုစိဧတ ဂဧဟတွာတိ အဓိပ္ပါဧယာ။

ရဟန်းတို့သည်၊ ဂန္တုမ္ဗံ- သွားရာ၏၊ ["ရှစ်ပါးကိုပင့်၍ ကြွခဲ့ပါ"ဟု ဆိုသော ကြောင့် မိမိနှင့်တကွ ကိုးပါး သွားရမည်၊] ကသ္မာ-ကြောင့်၊ (အတ္တနဝမေဟိ-တို့သည်၊ ဂန္တုမ္ဗံ- သွားရာသနည်း၊) ဟိ (ယသ္မာ)- ကြောင့်၊ ဘိက္ခုသံဃဿ-၏၊ ဧတေ ဘိက္ခူ- ဤ သုံးပါးသော ရဟန်းတို့ကို၊ (သံဃထေရ်, အဘိညာတ ရဟန်း, ဘတ္တုဒ္ဒေသကရဟန်းတို့ကို၊) နိဿာယ-မှီ၍၊ လာဘော-လာဘ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ (အတ္တနဝမေဟိ ဂန္တုမ္ဗံ)။

ပန-ကား၊ ဂန္ထဓုတင်္ဂါဒီဟိ- ကျမ်းဂန်ဓုတင် အစရှိသည်တို့ဖြင့်၊ အနဘိညာတော- မထင်ရှားသော၊ အာဝါသိကဘိက္ခု -အာဝါသိကရဟန်းသည်၊ ပုစ္ဆိတုံ-မေးခြင်းငှါ၊ လဘတိ-၏၊ တသ္မာ- ကြောင့်၊ တေန- ထိုရဟန်းသည်၊ ကိံ -အသို့နည်း၊ သံဃတော-မှ၊ (အဋ္ဌ ဘိက္ခူ-တို့ကို၊) ဂဏှာမိ- ပင့်ခဲ့ရမည်လော၊ ဥဒါဟု-သို့မဟုတ်၊ ယေ- အကြင်ရဟန်းတို့ကို၊ ဇာနာမိ- ငါသိ၏၊ တေဟိ-ထိုရဟန်းတို့နှင့်၊ သဒ္ဓိံ-ကွ၊ အာဂစ္ဆာမိ- လာခဲ့ရမည်လော၊ ဣတိ- ဤသို့၊ မာတိကံ- မာတိကာသို့၊ အာရောပေတွာ- တင်၍၊ ယထာ- အကြင် အခြင်းအရာအားဖြင့်၊ ဒါယကာ - တို့သည်၊ ဝဒန္တိ - လျှောက်ကုန်၏၊ တထာ - ထိုဒါယကာတို့ လျှောက်တိုင်းသော အခြင်းအရာအားဖြင့်၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊ ပန-ဆက်၊ တုမှာကံ- အရှင်ဘုရားတို့၏၊ နိဿိတကေ - မှီ၍နေသောတပည့်တို့ကို၊ (ဂဟေတွာ-၍၊) ဧထ-ကြွခဲ့ပါကုန်၊ ဣတိဝါ- သော်ငြင်း၊ ယေ- အကြင်ရဟန်းတို့ကို၊ ဇာနာထ-သိကုန်၏၊ တေ-ထိုရဟန်းတို့ကို၊ ဂဟေတွာ-၍၊ ဧထ-ပါကုန်၊ ဣတိ

× × × × × × ×

ကသ္မာ၊ပေ၊ဥပ္ပဇ္ဇတိ။ ။မာတိကာ၌ တက်ရောက်နေသော သံဃာ ကိုးပါးလုံး မကြွဘဲ အဘယ့်ကြောင့် မိမိတည်းဟူသော ထိုပုဂ္ဂိုလ်ကို ထည့်ရသနည်းဟု မေးသည်၊ သံဃာ့ထေရ်, အဘိညာတပုဂ္ဂိုလ်, ဘတ္တုဒ္ဒေသကပုဂ္ဂိုလ်တို့ အထံသို့ စေလွှတ်လိုက်ရကား ထိုပုဂ္ဂိုလ်တို့ကို အမှီပြု၍ သံဃာ့လာဘ် ဖြစ်သည်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်များ ဘတ္တုဒ္ဒေသထေရ်စဉ်၌ မပါသော်လည်း လိုက်သွားနိုင်သည်၊ ထိုစကား သင့်၏၊ ယခု ခေတ်၌လည်း ပုဂ္ဂိုလ်တပါးကို အမှီပြု၍ အပင့်လာလျှင် ထိုပုဂ္ဂိုလ်ကို ပါအောင်ထည့်ပေးမှ အလှူရှင်တို့က ကျေနပ်ကြသည်။

မာတိကံ၊ပေ၊ပဋိပဇ္ဇိတဗ္ဗံ။ ။"မာတိကံ အာရောပေတွာ" အရ "မာတိကာ" ဟူသည်ကား " ကိံ သံဃတော ဂဏှာမိ " ဟူသောစကား " ဥဒါဟု ယေ ဇာနာမိ, တေဟိ သဒ္ဓိံ အာဂစ္ဆာမိ"ဟူသော စကားနှစ်ခွန်းတည်း၊ ထိုစကားနှစ်ခွန်းကိုပင် ရွေးနောက် အစဉ်ဖြစ်နေသောကြောင့် "မာတိကာ" ဟု ခေါ်ဟန်တူသည်၊ ဆိုလိုရင်းမှာ "ထိုကဲ့သို့ မေးပြီး၍ ဒါယကာတို့ လျှောက်သည့်အတိုင်း "သံဃာထည်းမှ ပင့်ခဲ့ပါ" ဟု လျှောက်လျှင်လည်း သံဃာထည်းမှ ပင့်ရမည်၊ "အရှင်ဘုရားသိသော ပုဂ္ဂိုလ်များကို ပင့်ခဲ့ပါ" ဟု လျှောက်လျှင်လည်း "မိမိသိသော ပုဂ္ဂိုလ်များကို ပင့်သွားရမည်"ဟူလို။ [မာတိကံ အာရောပေတွာတိ သံဃတော ဂဏှာမီတိ အာဒိနာ ဝုတ္တမာတိကာဘေဒံ ဒါယကဿ ဝိညာပေတွာတိ အတ္ထော၊-ဝိမတိ။]

ဝါ-သော်၎င်း၊ ဝုတ္တေ- ပြောက်အပ်သော်၊ ယေ-အကြင်ရဟန်းတို့ကို၊ (ဂဟေတွာ-၍၊ ဂန္တုံ-သွားခြင်းငှါ၊)ဧ္ဇာန္တိ-အလိုရှိကုန်၏၊ (ဧ္ဇာန္တိ နေရာ၌ "ဧ္ဇာတိ"ဟု ရှိလျှင်ကောင်းသည်၊)တေပိ-ထိုရဟန်းတို့နှင့်၊ သဒ္ဓိံ-တကွ၊ ဂန္တုံ-ငှါ၊ လဘတိ-၏၊ အဋ္ဌ-ရှစ်ပါးကုန်သော၊ ဘိက္ခူ-တို့ကို၊ ပဟိဏာထ-စေလွှတ်တော်မူပါကုန်၊ ဣတိ — ဤသို့မှာ၍၊ သစေ ပေသေန္တိ — အကယ်၍ စေလွှတ်ကုန်အံ့၊ (ဧဝံသတိ)၊ သံဃတော ဝ- သံဃာမှသာ၊ (ဧဝဖြင့် မိမိကို၎င်း, မိမိ အလိုရှိအပ်သော ရဟန်းတို့ကို၎င်း ကန့်၊) ပေသေတဗ္ဗာ- စေလွှတ်ထိုက်ကုန်၏၊ အတ္တနာ — မိမိသည်၊ အညသ္မိံ - အခြားသော၊ ဂါမေ- ၌၊ ဘိက္ခာ - ဆွမ်းသည်၊ ဝါ-ကို၊ လဘိတုံ- ရခြင်းငှါ၊ သက္ကာ - တတ်ကောင်းသည်၊ သစေ ဟောတိ - အံ့၊ (ဧဝံ သတိ)၊ အညော-သော၊ ဂါမော-သို့၊ ဂန္တဗ္ဗော- သွားထိုက်၏၊ [ရဟန်းရှစ်ပါးကို စေလွှတ်လိုက်သောပုဂ္ဂိုလ်သည် နိမန္တနဘတ်ရှိရာ ရွာသို့ပင် ဆွမ်းခံဝင်လျှင် ဒါယကာတို့ မြင်လသော် အားနာစရာကောင်းသောကြောင့် "ဆွမ်းရနိုင်လျှင် အခြားရွာသို့ ဆွမ်းခံဝင်ပါ"ဟု ဆိုလိုသည်။] လဘိတုံ - ငှါ၊ န သက္ကာ-မတတ်ကောင်းသည်၊ စေ ဟောတိ-အံ့၊ (ဧဝံသတိ)၊ သောယေဝ ဂါမော - ထိုရွာသို့ပင်၊ (ထိုရဟန်းရှစ်ပါး စေလွှတ်အပ်ရာရွာသို့ပင်၊) ပိဏ္ဍာယ- ဆွမ်းအလို့ငှါ၊ ပဝိသိတဗ္ဗော— ဝင်ထိုက်၏။

နိမန္တိတဘိက္ခူ— ပင့်ဖိတ်အပ်သော ရဟန်းတို့သည်၊ အာသနသာလာယ- ထိုင်နေရာ စရပ်၌၊ (ရွာတွင်း ဆွမ်းစားစရပ်၌၊) နိသိန္နာ — ထိုင်နေကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်အံ့၊ တတြ- ထို ထိုင်နေရာစရပ်သို့၊ မနုဿာ-တို့သည်၊ ပတ္တေ- တို့ကို၊ ဒေထ—ပေးပါကုန်၊ ဣတိ— ဤသို့ပြောက်၍၊ စေ အာဂစ္ဆန္တိ - ကုန်အံ့၊ (ဧဝံသတိ)၊ အနိမန္တိတေဟိ — မပင့်ဖိတ်အပ်သော ရဟန်းတို့သည်၊ (ပတ္တာ- တို့ကို၊)န ဒါတဗ္ဗာ-မပေးထိုက်ကုန်၊ ဧတေ-ဤရဟန်းတို့သည်၊နိမန္တိတဘိက္ခူ- ပင့်ဖိတ်အပ်သော ရဟန်းတို့တည်း၊ ဣတိ - သို့၊ ဝတ္တဗ္ဗံ - ပြောရာ၏၊ တုမှေပိ- အရှင်ဘုရားတို့သည်လည်း၊ (ပတ္တံ-ကို၊) ဒေထ-ပါကုန်၊ ဣတိ- သို့၊ ဝုတ္တေပန— ပြောက်အပ်သော်ကား၊ ဒါတုံ-ငှါ၊ ဝဋ္ဋတိ- အပ်၏။

ဥဿဝါဒိသု-ပွဲသဘင် အစရှိသော အခါတို့၌၊ မနုဿာ—တို့သည်၊ သယမေဝ-မိမိတို့ ကိုယ်တိုင်သာလျှင်၊ [ဧဝဖြင့် သူတပါးကို စေလွှတ်ခြင်းကို ကန့်၊] ပရိဝေဏာနိစ - ပရိဝုဏ်တို့သို့၎င်း၊ ပဓာနဃရာနိစ— ကမ္မဋ္ဌာန်းကျောင်းတို့သို့၎င်း၊ ဂန္တွာ—သွား၍၊ တိပိဋကေစ- တိပိဋကရဟန်းတို့ကို၎င်း၊ ဓမ္မကထိကေစ- ဓမ္မကထိက ရဟန်းတို့ကို၎င်း၊ ဘိက္ခူသတေနပိ-ရဟန်း အရာနှင့်လည်း၊ ဝါ- များစွာသော ရဟန်းနှင့်လည်း၊ [သတသဒ္ဒါ အနေကသင်္ချာဝါစက။]သဒ္ဓိံ-တကွ၊ နိမန္တေန္တိ— ပင့်ဖိတ်တတ်ကြကုန်၏၊ တဒါ - ထိုအခါ၌၊ ယေ — အကြင်ရဟန်းတို့ကို၊ ဇာနန္တိ—သိကုန်၏၊ တေပိ— ထို ရဟန်းတို့ကိုလည်း၊ ဂဟေတွာ- ပင့်၍၊

ဂန္တုံ-ငှါ၊ ဝဋ္ဋတိ-အပ်၏၊ ကသ္မာ-ကြောင့်၊ (ယေ ဇာနန္တိ၊ တေပိ ဂဟေတွာ ဂန္တုံ ဝဋ္ဋတိ - အပ်သနည်း၊) ဟိ (ယသ္မာ)- ကြောင့်၊ မဟာဘိက္ခုသံဃေန-များစွာသော ရဟန်းအပေါင်းဖြင့်၊ အနတ္ထိကာ-အလိုမရှိကုန်သော၊ မနုဿာ-ဆွမ်းဒါယကာ လူတို့သည်၊ ပရိဝေဏောနိစ- တို့သို့ဖြင်း၊ ပဓာနဃရာနိစ-တို့သို့ ဖြင်း၊ နဂစ္ဆန္တိ-မသွားတတ်ကုန်၊ သန္နိပါတဋ္ဌာနဘာဝ-ရဟန်းများစွာ စုဝေး နေရာ အရပ်မှသာလျှင်၊ ယထာသတ္တိ - စိတ်စွမ်းရှိသလောက်၊ ယထာဗလံ-— အင်အားရှိသလောက်၊ ဘိက္ခူ -တို့ကို၊ ဂဏှိတွာ - ပင့်၍၊ ဂစ္ဆန္တိ- သွားတတ် ကုန်၏၊ ဣတိ-ထို့ကြောင့်၊ (ယေ ဇာနန္တိ, တေပိ ဂဟေတွာ ဂန္တုံ ဝဋ္ဋတိ။)

ပန-ဆက်၊ သံဃတ္ထေရောဝါ-သည်သော်၎င်း၊ ဂန္တုမုတင်္ဂဝသေန-စပ်သဖြင့်၊ အဘိညာတကောဝါ-ထင်ရှားသော ပုဂ္ဂိုလ်သည်သော်၎င်း၊ ဘတ္တုဒ္ဒေသကော ဝါ-သည်သော်၎င်း၊ အညတြ- အခြားအရပ်၌၊ ဝဿံ-မိုးလပတ်လုံး၊ ဝသိတွာ ဝါ-နေပြီး၍ သော်၎င်း၊ ကတ္ထစိ-တစုံတခုသောအရပ်သို့၊ ဂန္တွာဝါ-သွားပြီး၍ သော်၎င်း၊ ပုန - ဖန်၊ သကဋ္ဌာနံ- မိမိအရပ်သို့၊ သစေ အာဂစ္ဆန္တိ- အကယ်၍ ပြန်လာကုန်အံ့၊ [သံဃတ္ထေရောဝါ, အဘိညာတကောဝါ, ဘတ္တုဒ္ဒေသကောဝါ ဟူသော ကတ္တား ၃ ခုနောက်၌ ဝါသဒ္ဒါများသည် အချင်းချင်း ဝိကပ္ပနတ္ထ၊ အညတြဝါ ကတ္ထစိဝါ၌ ဝါသဒ္ဒါ ၂ မျိုးလည်း အချင်းချင်း ဝိကပ္ပနတ္ထ၊] မနုဿာစ — တို့သည်လည်း၊. အာဂန္တုကဿ — အာဂန္တုက ရဟန်းအား၊ သက္ကာရံ-ကောင်းစွာပြုအပ်သော ပူဇော်မှုကို၊ သစေကရောန္တိ-အကယ်၍ ပြုကုန်

× × × × × × ×

ကသ္မာ၊ပေ၊ဂစ္ဆန္တိ။ ။“ဘိက္ခုသတနှင့် အတူကြွပါ” ဟူရာ၌ ထေရ်စဉ် ဝါစဉ် အတိုင်းသာမဟုတ်ဘဲ မိမိသိရာ ရဟန်းများကိုလည်း တရာထက်လွန်နေစေကာမူ ခေါ်၍ သွားခြင်းငှါ အဘယ့်ကြောင့် အပ်သနည်း ဟု မေးသည်၊ ဆွမ်းဒါယကာ လူတို့သည် ရဟန်းအများကို အလိုမရှိလျှင် ပရိဝုဏ်ကျောင်းဝင်း, သို့မဟုတ် — ပဓာနဃရ တို့သို့ ရောက်အောင် သွားနေဘွယ်မလို၊ အများစုဝေး၍နေရာ ဆွမ်းစား စရပ်၌ပင် လိုသလောက် ရဟန်းများကို ပင့်၍ သွားနိုင်၏၊ ယခုသော်ကား ပရိဝုဏ်ကျောင်းဝင်း , ပဓာနဃရ တို့သို့ ရောက်အောင် သွားကြသောကြောင့် ရဟန်းအများကို အလိုရှိကြောင်း သိသာ၏၊ ထိုသို့ ရဟန်း အများကို အလိုရှိသည့် အတွက် ရဟန်း တရာက ကျော်လွန်စေကာမူ ထေရ်စဉ် ဝါစဉ်တွင် မပါသော မိမိသိအပ်သော ရဟန်းများကိုလည်းခေါ်၍ သွားခြင်းငှါ အပ်ပါသည်– ဟူလို။ [စာအုပ်တို့၌ “အတ္ထိကာ”ဟု တွေ့ရ၏၊ “အနတ္ထိကာ” ဟု ရှိမှ “နဂစ္ဆန္တိ”နှင့် အဓိပ္ပါယ် ဖြောင့်ပါသည်။]

မှတ်ချက်။ ။ယထာသတ္တိကိုပင် ယထာဗလံဟု ထပ်ဖွင့်သည်ဟု ယောဇနာဆို၏၊ “သတ္တိ”အရ ဥစ္စာအစွမ်းကို ယူ၍ “ဗလ ” အရ ချက်ပြုတ် လုပ်ကိုင်နိုင်မည့် အား အစွမ်းကို ယူမှ အဓိပ္ပါယ်သင့်မည် ထင်သည်၊ တချို့နေရာ၌ စိတ်အစွမ်းရှိသော်လည်း အားမတန် မာန်လျှော့ရသောကြောင့် အားအစွမ်း မလိုက်နိုင်ဘဲ ရှိတတ်သည်။

အံ့၊ (ဧဝံ သတိ)၊ ကောဝါရံ-တလှည့်၌၊ ဝါ-ပဌမအကြိမ်၌၊ ယေ-အကြင် ရဟန်းတို့ကို၊ ဇာနန္တိ-ကုန်၏၊ တေ-ထိုရဟန်းတို့ကို၊ ဂဟေတွာ-၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ ပန - ကား၊ ပဋိဗဒ္ဓကာလတော- ဆက်စပ်မိရာ အခါမှ၊ ဝါ-အမြဲနေရာအခါမှ၊ ပဋ္ဌာယ-၍၊ ဒုတိယဝါရေ-ဒုတိယ အကြိမ်ကို၊ အာရဒ္ဓေ- အားထုတ်အပ်သော်၊ သံဃတောယေဝ-မှသာ၊ ဂဟေတွာ-၍၊ ဂန္တဗ္ဗံ-ရာ၏၊ အဘိနဝဒေသာဂန္တုကာ ဝ-အသစ်ဖြစ်သော အာဂန္တုကတို့သည်သာ၊ ဟုတွာ-၍၊ ဉာတိဝါ-ဆွေမျိုးတို့ ကိုသော်၎င်း၊ ဥပဋ္ဌာကေဝါ - အလုပ် အကျွေးတို့ကိုသော်၎င်း၊ ပဿိဿာမ- ကြည့်ကုန်အံ့၊ ဝါ-တွေ့ကုန်အံ့၊ ဣတိ-ဤသို့ကြံ၍၊ ဂစ္ဆန္တိ-သွားတတ်ကြကုန်၏၊ (လူတို့က မပင့်ဘဲ သွားတတ်ကြကုန်၏၊ တတြ-ထိုသို့ သွားရာ၌၊ တေသံ - ထို ရဟန်းတို့၏၊ [ယောဇနာ၌ "နေသံ" ဟုရှိ၏၊]ဉာတိစ-တို့သည်၎င်း၊ ဥပဋ္ဌာကာစ-တို့သည်၎င်း၊ သက္ကာရံ-ကို၊ ကရောန္တိ-န်၏၊ တွေပန-ဤသို့သွားရာ၌ကား၊ ယေ-အကြင်ရဟန်းတို့ကို၊ ဇာနန္တိ-န်၏၊ တေ-တို့ကို၊ ဂဟေတွာ-၍၊ ဂန္တုံ ပဋ္ဋတိ။

ပန-ဆက်၊ ယော-အကြင်ရဟန်းသည်၊ အတိလာဘီ-အလွန်လာဘ်ရှိသည်၊ ဟောတိ-၏၊ သကဋ္ဌာနဥ္စ- မိမိ အရပ်သည်၎င်း၊ အာဂန္တုကဋ္ဌာနဥ္စ-အာဂန္တုကာ၏ အရပ်သည်၎င်း၊ ကေသဒိသံ- တထပ်ထည်းတူသည်၊ (ဟောတိ)၊ (အလှူ အဒါန်း အမြဲများသည်-ဟူလို၊)သဗ္ဗတ္ထ-အလုံးစုံသော အရပ်တို့၌၊ (သကဋ္ဌာန, အာဂန္တုကဋ္ဌာနတို့၌၊) မနုဿာ- တို့သည်၊ သံဃဘတ္တံ - ကို၊ သဇ္ဇေတွာဝ- ပြင်ဆင်၍သာ၊ နိသီဒန္တိ — တည်နေစေကြကုန်၏၊ တေန — ထို ရဟန်းသည်၊ သံဃတောဝ-မှသာ၊ ဂဟေတွာ-၍၊ ဂန္တဗ္ဗံ-ရာ၏၊ ဣတိ အယံ- ဤဆိုအပ်ပြီး ကား၊ နိမန္တနေ-နိမန္တနဘတ်၌၊ ဝိသေသော - အထူးတည်း၊ အဝိသေသော-

× × × × × × × ×

ကောဝါရံ၊ပေ၊ဂန္တဗ္ဗံ။ ။ကောဝါရန္တိ ယာဝ တသ္မိံ အာဝါသေ ဝသန္တိ ဘိက္ခူ၊ သဗ္ဗေ လဘန္တိတိ ဂဏ္ဍိပဒေသု ဝုတ္တံ၊ အယံ ပနေတ္ထ အမိပ္ပါယော၊ ကောဝါရန္တိ နကေ ဒိဝသံ သန္ဓာယ ဝုတ္တံ၊ ယတ္တကာ ပန ဘိက္ခူ တသ္မိံ အာဝါသေ ဝသန္တိ တေသဗ္ဗေ၊ ကေသ္မိံ ဒိဝသေ ဂဟိတဘိက္ခူ အညဒါ အဂ္ဂဟေတွာ ယာဝကောဝါရံ သဗ္ဗေဘိက္ခူ ဘောဇိတာ ဟောန္တိ၊ တာဝ ဓွယ ဇာနန္တိ၊ တေဂဟေတွာ ဂန္တဗ္ဗန္တိ၊-သာရတ္ထ၊ ဆိုလိုရင်းကား- "ကောဝါရံ" ဟု ဆိုသော်လည်း "ပဌမတရက် တကြိမ်" ဟု မဆိုလို၊ ထို ကျောင်းတိုက်၌နေကြသော ရဟန်းအများတို့ ကုန်လောက်အောင် (တပတ်စေ့လောက် အောင်) တကြိမ်ကို "ကောဝါရံ" ဟု ဆိုလိုသတတ်၊ သို့သော် နောက်ဝါကျ၌ "ပဋိဗဒ္ဓ ကာလတော ပဋ္ဌာယ" ကို "တဗ္ဗေဝ ဝါသဿ နိဗဒ္ဓကာလတော ပဋ္ဌာယ- အမြဲနေရာ အခါမှစ၍ ဒုတိယတကြိမ်" ဟု ဖွင့်သော ဝိမတိ အလိုဖြင့်ကား "ကောဝါရံ" အရ အာဂန္တုကအဖြစ်၌နေခိုက် ပဌမတကြိမ်ကိုသာ ယူစေလိုဟန် တူပါသည်။

အယံ ဝိသေသော။ ။ဤ နိမန္တနဘတ်နှင့် ဥဒ္ဒေသဘတ်သည် အချို့နေရာ၌ သံဃိကချင်း သဘောတူ၏၊ ဆိုအပ်ခဲ့ပြီးသော စကားရပ်များသာ ဥဒ္ဒေသဘတ်ထက် ထူးသည်၊ ကြွင်းသောစကားရပ်များကို ဥဒ္ဒေသဘတ်၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း သိပါ။

ကြွင်းသော၊ သဗ္ဗပဥ္စာ - အလုံးစုံသော ပြဿနာကို၊ [မိမိတို့ သိလိုအပ်သော အဓိပ္ပါယ်ကို"ပဥ္စာ"ဟု ဆိုသည်။]ဥဒ္ဒေသဘတ္တေ-၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗော- ထိုက်၏၊ ပန- ဝါဒန္တရ၊ ကုရုန္ဒိယံ-၌၊ အဋ္ဌ - ကုန်သော၊ မဟာထေရေ-မဟာထေရ်တို့ကို၊ ဒေထ-ပေးပါကုန်၊ ဣတိ - သို့၊ ဝုတ္တေ-ပြောက်အပ်သော်၊ မဟာထေရာဝ-တို့ကိုသာ၊ ဒါတဗ္ဗာ-ပေးထိုက်ကုန်၏၊ ဣတိ-သို့၊ ဝုတ္တံ-အပ်ပြီ၊ မဇ္ဈိမာဒီသု-မဇ္ဈိမအစရှိသော ထေရ်တို့၌၊ ဧသနယော-ဤနည်းတည်း၊ ပန-ဆက်၊ အဝိသေသေတွာ-အထူး မပြုမူ၍၊ ("မဟာထေရ်တို့"ဟု အထူးမပြုမူ၍၊) အဋ္ဌ-ကုန်သော၊ ဘိက္ခူ-တို့ကို၊ ဒေထ-ပါကုန်၊ ဣတိ-သို့၊ သစေ ဝဒတိ-အံ့၊ (ဧဝံသတိ)၊ သံဃတော-မှ၊ ဒါတဗ္ဗာ- ပေးထိုက်ကုန်၏။

နိမန္တနဘတ္တကထာ- သည်၊ နိဋ္ဌိတာ- ပြီ။

သလာကဘတ္တကထာ

ပန-ကား၊ သလာကဘတ္တေ-သလာကဘတ်၌၊ ဝါ-စာရေးတံမဲချ၍ ညွှန်ပြအပ်သောဘတ်၌၊ (အယံ-ဤဆိုအပ်လတ္တံ့ကား၊ နယော-ဆောင်ကြောင်းနည်းတည်း၊) [ယောဇနာ၌ကား "သလာကဘတ္တံ ပန ဧဝံ ဝေဒိတဗ္ဗန္တိ ယောဇနာ" ဟု ရှိ၏၊ "ဥဒ္ဒေသဘတ္တာဒီသု အယံ နယော "ဟု ရှိခဲ့သောကြောင့် ဤ၌လည်း "သလာကဘတ္တေ " ဟု အချို့စာ၌ရှိ၏၊ ကောင်းပါသည်။] ဘိက္ခဝေ— တို့၊ သလာကာယဝါ-သစ်သားခြမ်း၌သော်၎င်း၊ ပဋ္ဋိကာယဝါ-ဝါးပြား စသည်၌သော်၎င်း၊ ဥပနိဗန္ဓိတွာ-အက္ခရာတို့ကို ဖွဲ့ထား၍၊ ဝါ-စာရေး၍ (ဥပနိဗန္ဓိတွာတိ လိခိတွာ။-ဋီကာ။)ဩပုဉ္ဇိတွာ-စုပေါင်း၍၊(တောင်းစသည်တို့၏ အတွင်း၌ စုပေါင်း၍၊) ဥဒ္ဒိသိတုံ-ညွှန်ချခြင်းငှါ၊ အနုဇာနာမိ-ခွင့်ပြုတော်မူ၏၊ ဣတိ-သို့၊ ဝစနတော-မိန့်တော်မူခြင်းကြောင့်၊(နေ့ံ "ဘတ္တုဒ္ဒေသက သမ္မုတိကထာ"၌

× × × × × × ×

သလာကာယဝါ ။ ။ ဆွမ်းဒါယကာဘက်၌ တဦးသာမက , အများဖြစ်၍ ဆွမ်းလည်း အကြောင်းအဆိုး အမျိုးမျိုး ရှိတတ်သောကြောင့် ဆွမ်းဒါယကာများ၏ နာမည်ကို သစ်သားခြမ်း စသည်၌ ရေးထားရသည်၊ ယခုခေတ်ဝယ် စာရွက်၌ ရေး၍ ထိုစာရွက်ကို လိပ်ထားသည်၊ ထိုအခြမ်း, အလိပ်များကို နာမည် (နာမယ်) ပါသောကြောင့်"မယ်လိပ်,ဝါ– မဲလိပ်"ဟု ခေါ်ကြသည်၊ ထိုမယ်လိပ်ချခြင်းကို "မယ်ချသည်" ဝါ–"မဲချသည်"ဟု ခေါ်စမှတ် ပြုကြသည်။

မှတ်ချက်။ ။"ရက္ခသာရ မယာယ သလာကာယဝါ, ဝေဠုဝိလီဝတာလပဏ္ဏာဒိမယ ပဋ္ဋိကာယဝါ"ဟူသော အဖွင့်များအရ "သလာက"ဟူသည် စာရေး၍ဖြစ်သော သစ်သားခြမ်း , ဝါးခြမ်း , ထန်းရွက်များသာတည်း၊ သို့သော် အားလုံး နှုတ်တက်ပြီး ဖြစ်သောကြောင့် သလာကကို "စာရေးတံ"ဟုပင် အနက်ပေးရတော့မည်။

မိန့်တော်မူခြင်းကြောင့်၊) ရတ္တသာရမယာယ - သစ်သားနှစ်ဖြင့် ပြုအပ်သော၊ သလာကာယဝါ- သစ်သားခြမ်း၌သော်၎င်း၊ ဝေဠုဝိလိဝတာလပဏ္ဏာဒိမယာ ယ-ဝါးနီး, ထန်းရွက် အစရှိသည်တို့ဖြင့်ပြုအပ်သော၊ ပဋ္ဋိကာယဝါ-အပြား၌ သော်၎င်း၊ အသုကဿနာမ- ထိုမည်သော ဆွမ်းဒါယကာ၏၊ သလာကဘတ္တံ- သလာကဘတ်တည်း၊ ဣတိ ဇဝံ-သို့၊ အက္ခရာနိ- တို့ကို၊ ဥပနိဗန္ဓိတွာ—ဖွဲ့ထား ၍၊ ဝါ—ရေးသား၍၊ ပစ္ဆိယံဝါ— တောင်း၌သော်၎င်း၊ စီဝရဘောဂေဝါ— သင်္ကန်း အခွေ၌သော်၎င်း၊ ကတွာ-၍၊ ဝါ-ထား၍၊ သဗ္ဗာ-န်သော၊ သလာကာ ယော - စာရေးတံတို့ကို၊ ဩပုဉ္ဇိတွာ- စုပေါင်း၍၊ ပုနပ္ပုနံ- ထပ်ကာ, ထပ်ကာ၊ ဟေဋ္ဌုပရိဝသေနေဝ — အထက်အောက်၏ အစွမ်းဖြင့်သာလျှင်၊ (အချို့စာ၌ "ဟေဋ္ဌုပရိယဝသေနေဝ-အထက်အောက်ကိုပြုခြင်း၏ အစွမ်းဖြင့်သာလျှင်"ဟု ရှိ၏၊) အာလောဠေတွာ - မွှေနှောက်၍၊ ပဉ္စင်္ဂသမန္နာဂတေန - ၅ ပါးသော အင်္ဂါနှင့် ပြည့်စုံသော၊ (အင်္ဂါ ၅ ပါးသည် နောက် ဘတ္တုဒ္ဒေသကသမ္မုတိ ကထာ၌ လာလတ္တံ့၊)ဘတ္တုဒ္ဒေသကေန-ဘတ်ကိုညွှန်ချတတ်သော ရဟန်းသည်၊ ဌိတိကာ-သည်၊ သစေ အတ္ထိ-အံ့၊ (ဇဝံ သတိ)၊ ဌိတိကတော-မှ၊ ပဋ္ဌာယ- စ၍ ၎င်း၊ (ဌိတိကာ-သည်၊) နော စေ အတ္ထိ-အံ့၊(ဇဝံသတိ)၊ ထေရာသနတော-မှ၊ ပဋ္ဌာယ —၍၎င်း၊ သလာကာ— စာရေးတံတို့ကို၊ ဒါတဗ္ဗာ — ပေးထိုက်ကုန်၏၊ ပစ္ဆာ-နောင်၌၊ (သူတို့၏ အစဉ်လွန်ပြီးမှ နောက်၌၊) အာဂတာနမ္ပိ-ရောက်လာ သော ရဟန်းတို့အားငင်း၊ ဧကာဗဒ္ဓဝသေန- တဆက်တည်းစပ်ခြင်း၏ အစွမ်း ဖြင့်၊ (တဆဲ့နှစ်တောင်အတွင်း၌ တဆက်တည်းစပ်ခြင်း၏ အစွမ်းဖြင့်၊) ဒူရေ- အဝေး၌၊ (မဲချရာအရပ်မှအဝေး၌၊) ဌိတာနမ္ပိ-တည်သောရဟန်းတို့အားငင်း၊ ဥဒ္ဒေသဘတ္တေ — ဥဒ္ဒေသဘတ်၌၊ ဝုတ္တနယေနေဝ — ဖြင့်ပင်၊ ဒါတဗ္ဗာ— ထိုက် ကုန်၏။

ဝိဟာရဿ-ကျောင်းတိုက်၏၊ သမန္တတော-ပတ်ဝန်းကျင်၌၊ ဗဟူ-များစွာ ကုန်သော၊ ဂေါစရဂါမာ—ဆွမ်းခံရွာတို့သည်၊ သစေ (ဟောန္တိ)- အကယ်၍ ရှိကုန်အံ့၊ ဘိက္ခူပန-တို့သည်ကား၊ဗဟူကာ-များကုန်သည်၊သစေ န(ဟောန္တိ)- ကုန်အံ့၊ ဂါမဝသေနပိ- ရွာ၏ အစွမ်းဖြင့်လည်း၊ ဝါ- ရွာနှင့် စပ်သဖြင့်လည်း၊ သလာကာယော-စာရေးတံတို့သည်၊ သစေ ပါပုဏန္တိ - အကယ်၍ ရောက်နိုင် ကုန်အံ့၊(ဇဝံ သတိ)၊ တုမှာကံ-အရှင် ဘုရားတို့၏ အထံသို့၊ အသုကဂါမေ- ထို မည်သော ရွာ၌၊ သလာကဘတ္တံ-သည်၊ ပါပုဏာတိ-၏၊ ဣတိ-သို့၊ ဂါမဝသေ

× × × × × × ×

ဌိတိကတော။ ။ထိုသို့ မဲချသောအခါ ထေရ်စဉ် ဝါစဉ်အတိုင်း ချရသည်၊ အရင် နေ့က ကျန်နေသော ထေရ်စဉ်ရှိလျှင် ထိုကျန်ခဲ့သော ထေရ်မှစ၍,မဲချပါ၊ကျန်ခဲ့သော ထေရ် မရှိလျှင် ထေရ်ကြီးက စ၍ မဲချပါ။

နေ၀— ဖြင့်ပင်၊ ဂါဟေတဗ္ဗာ - ယူစေထိုက်ကုန်၏၊ ဧ၀ံ- ဤသို့၊ ဂါဟေန္တေန- ယူစေသော ဘတ္တုဒ္ဒေသကရဟန်းသည်၊ ကေကသ္မိံ-တခုတခုသော၊ ဂါမေ- ၌၊ နာနပ္ပကာရာနိ- အထူးသော အပြားရှိကုန်သော၊ သင်္ဃသလာကဘတ္တာနိ - ခြောက်ဆယ်သော သလာကဘတ်တို့သည်၊ သစေပိ (ဟောန္တိ) - အကယ်၍မူလည်း ရှိစေကုန်ဦးတော့၊ (ဧ၀ံသတိပိ)၊ သဗ္ဗာနိ-အလုံးစုံသော သလာကဘတ်တို့သည်၊ ၀ါ- တို့ကို၊ ဂါဟိတာနေ၀ - ယူစေအပ်ပြီးကုန်သည်သာ၊ ဟောန္တိ- ကုန်၏၊[ထိုရွာ၌ မဲကျသောရဟန်းက ထိုရွာ၌ရှိသော သလာကဘတ်တို့ကိုရပြီး ဖြစ်သည်-ဟူလို။]

တဿ - ထိုရဟန်း၏၊ ပတ္တဂါမဿမီပေ - ရောက်အပ်သောရွာ၏ အနီး၌၊ အညာနိပိ- အခြားလည်းဖြစ်ကုန်သော၊ ဒွေ တီဏိ (ဒွတ္တိဏိ) - နှစ်ခု သုံးခုကုန်သော၊ သလာကဘတ္တာနိ-တို့သည်၊(ဟောန္တိ-ရှိကုန်အံ့၊) တာနိပိ-ထိုသလာကဘတ်တို့ကိုလည်း၊ တဿေ၀ -ထိုရဟန်းတပါးအားသာ၊ ဒါတဗ္ဗာနိ-ပေးထိုက်ကုန်၏၊ ဟိ-မှန်၊(တနည်း)၊ ကသ္မာ-ကြောင့်၊ တဿေ၀ -အားသာ၊ ဒါတဗ္ဗာနိ-န်သနည်း၊ ဟိ (ယသ္မာ)- ကြောင့်၊ တေသံ- ထို နှစ်ခု သုံးခုကုန်သော သလာကဘတ်တို့၏၊ ကာရဏာ- အကြောင်းကြောင့်၊ အညံ- အခြားသော၊ ဘိက္ခုံ-ကို၊ ပဟိဏိတုံ- စေလွှတ် ခြင်းငှါ၊ န သက္ကာ - မတတ် ကောင်း၊ ဣတိ - ထို့ ကြောင့်၊ (တဿေ၀ -အားသာ၊ ဒါတဗ္ဗာနိ-ကုန်၏၊) [ရဟန်းက နည်း၍ သလာကဘတ်တို့က များနေသောကြောင့် ဤသို့ စီစဉ်ရသည်။]

ကေစွေသု - အချို့ကုန်သော၊ ဂါမေသု - တို့၌၊ ဗဟူနိ- များစွာကုန်သော၊ သလာကဘတ္တာနိ-တို့သည်၊ သစေ(ဟောန္တိ)-အကယ်၍ ရှိကုန်အံ့၊(ဧ၀ံသတိ)၊ [ဗဟူနိ သလာကဘတ္တာနီတိ တိံသံ၀ါ စတ္တာရီသံ၀ါ ဘတ္တာနိ၊ "သစေ ဟောန္တိ"တိ အဇ္ဈာဟရိတ္ဗာ ယောဇေတဗ္ဗံ၊- ၀ိမတိ၊] သလ္လက္ခေတွာ-မှတ်သား၍၊ သတ္တန္နမ္ပိ- ၇ ပါးလည်းဖြစ်ကုန်သော၊ အဋ္ဌန္နမ္ပိ- ၈ ပါးလည်းဖြစ်ကုန်သော၊ ဘိက္ခူနံ-တို့အား၊ ဒါတဗ္ဗာနိ- န်၏၊ [သလ္လက္ခေတွာတိ တာနိ ဘတ္တာနိ ပမာဏ၀သေန သလ္လက္ခေတွာ၊-၀ိမတိ။]ပန-ဆက်၊ ဒဒန္တေန-ပေးသော ဘတ္တုဒ္ဒေသကရဟန်းသည်၊ စတုန္နံ-၄ ခုကုန်သော၊ ဘတ္တာနံ-တို့၏သော်၎င်း၊ ပဉ္စန္နံ-၅ ခုကုန်သော၊ ဘတ္တာနံ-တို့၏သော်၎င်း၊ သလာကာယော-စာရေးတံတို့ကို၊ ဧကတော-တပေါင်းတည်း၊ ဗန္ဓိတွာ-ဖွဲ့၍၊ ဒါတဗ္ဗာ-ပေးထိုက်ကုန်၏၊ ("သလာကဘတ်က သုံးဆယ်ရှိ၍ ရဟန်းက ၆ ပါးရှိသော် တပါးလျှင် ၅ ခုစီဖွဲ့၍ပေးပါ" ဟူလို။)

တံ ဂါမံ-ထို များစွာသောသလာကဘတ်ရှိရာရွာကို၊ အတိက္ကမိတွာ-ကျော်လွန်၍၊ အညော - သော၊ ဂါမော - သည်၊ သစေ ဟောတိ - အကယ်၍ ရှိအံ့၊ တသ္မိံ စ - ထိုရွာ၌လည်း၊ ဧကမေ၀- တခုတည်းသာလျှင်ဖြစ်သော၊ သလာက

ဘတ္တံ- သည်၊ (သစေ ဟောတိ - အံ့၊) ပန - ထိုသို့ပင် တခုတည်းသာရှိပါသော်လည်း၊ တံ- ထို သလာကဘတ်ကို၊ ပါတောဝ- စောစောကပင်၊ ဝါ-အလျင်၊ သစေ ဒေန္တိ - အကယ်၍ လှူကုန်အံ့၊ (ထို သလာကဘတ်တခုသာရှိသောရွာက လှူကုန်အံ့၊ ဓမ်သတိ)၊ တမ္ပိ- ထို သလာကဘတ်ကိုလည်း၊ ဧတေသု ဘိက္ခုသု- ဤရဟန်း ၇ ပါး, ၈ ပါးတို့တွင်၊ ဧကဿ - တပါးသောရဟန်းအား၊ (အချို့စာ၌ "တေဿ"ဟု ရှိ၏၊ မကောင်း၊) နိဂ္ဂဟေန- နှိပ်ခြင်းအားဖြင့်၊ ဒတွာ-ပေးပြီး၍၊ ပါတောဝ- စောစောကပင်၊ တံ- ထို သလာကဘတ်ကို၊ ဂဟေတွာ-၍၊ ပစ္ဆာ-၌၊ သြရိမဂါမေ-ဤမှာဘက်ရွာ၌၊ ဠတရာနိ-အခြားကုန်သော၊ ဘတ္တာနိ-တို့ကို၊ ဂဏှာတိ-ယူပါလော၊ ဣတိ-သို့၊ ဝတ္တဗ္ဗော-ပြောဆိုထိုက်၏။

သြရိမဂါမေ- ၌၊ သလာကဘတ္တေသု- တို့ကို၊ အဂါဟိတေသ္ဝ-မယူစေအပ်ကုန်သေးမီပင်၊ ဂါဟိတသညာယ-ယူစေအပ်ပြီးဟူသောအမှတ်သညာဖြင့်၊ သစေ ဂစ္ဆတိ - အံ့၊ (ဓမ်သတိ)၊ ပရဘာဂဂါမေ — ထိုမှာဘက်အဘို ရွာ၌၊ သလာကဘတ္တံ-ကို၊ ဂဟေတွာ- ခံယူ၍၊ ပုန- တဖန်၊ ဝိဟာရံ-သို့၊ အာဂန္တွာ- ပြန်လာ၍၊ ဣတရာနိ-အခြားသောဘတ်တို့ကို၊ ဂါဟေတွာ-ယူစေပြီး၍၊ သြရိမဂါမော-ဤမှာဘက်ရွာသို့၊ ဂန္တဗ္ဗော-၏၊ ဟိ-မှန်၊(တနည်း)၊ ကသ္မာ-ကြောင့်၊ ပုနဝိဟာရံ အာဂန္တွာ ဠတရာနိ ဂါဟေတွာ သြရိမဂါမော ဂန္တဗ္ဗော - နည်း၊ ဟိ (ယသ္မာ)-ကြောင့်၊ ဗဟိသီမာယ- ဥပစာရသိမ်၏ ပြင်ပ၌၊ သံဃသာဘော-

× × × × × × ×

ဧကဿ နိဂ္ဂဟေန ဒတွာ။ ။နဂိုရ်မဲချအပ်ပြီးသောရဟန်း ၇ ပါး, ၈ ပါးတွင် တပါးကို "ဧကဿ" ဟု ဆိုသည်၊ ထို တပါးဟူသည်လည်း အဝေးသို့မသွားလိုသော တပါးတည်း၊ ထို့ကြောင့် "နိဂ္ဂဟေန ဒတွာ"ဟု ဆိုသည်၊ [နိဂ္ဂဟေန ဒတွာ ဒုရံ ဂန္တုံ အနိစ္ဆန္တဿ နိဂ္ဂဟေန သံပဋိစ္ဆာပေတွာ ဒတွာ၊—ဝိမတိ။] နဂိုရ်က ဤဘက်ရွာမှ ဘတ်တွေကို ချရာဝယ် ဤရဟန်းလည်း ပါသောကြောင့် " ပါတောဝ တံ ဂဟေတွာ၊ပေ၊ ဝတ္တဗ္ဗော"ဟု ဆိုသည်။

သစေ သြရိမဂါမေ၊ပေ၊ဂန္တဗ္ဗော။ ။သလာကဘတ်အများရှိရာ ဤဘက်ရွာနှင့် သလာကဘတ်တခုသာရှိရာ ဟိုဘက် အဝေးရွာဟု "ရွာ" ၂ မျိုးရှိကြောင်းကိုရင်း, ဘတ္တုဒ္ဒေသက ရဟန်းတပါးတည်းသာ ရှိကြောင်းကိုရင်း သတိပြုပါ၊" ဂါဟေတွာ" အရ ယူစေ ဟူသည်မှာလည်း "ဤ သကာလဘတ်သည် ငါ့ထံသို့ရောက်၏" ဟု မိမိကိုယ်ကို ယူစေခြင်းပင်တည်း ဟု သတိပြုပါ၊ ဘတ္တုဒ္ဒေသက ရဟန်းသည် ဤဘက်ရွာအတွက် သလာကဘတ်တို့ကို ယူစေအပ်ပြီး မဟုတ်ပါဘဲလျက် " ယူစေအပ်ပြီး "ဟု ထင်၍ ထိုဘက်ရွာသို့ သွားအံ့၊ ထိုဘတ်ရှိရာရွာ၌ သလာကဘတ်ကိုခံယူပြီးမှ သတိရ၍ ဤဘက်ရွာက သလာကဘတ်ကို ယူစေလိုလျှင် ကျောင်းတိုက်သို့ရောက်အောင် ပြန်လာပြီးမှ "ဤဘက်ရွာက သလာကဘတ်တို့ကိုလည်း မိမိထံသို့ ရောက်စေ၍ ဤဘက်ရွာသို့ ထပ်မံ သွားရမည်" ဟုလို။

သံဃလာဘ်ကို၊ ဂါဟေတုံ-ယူစေခြင်းငှါ၊ န လဗ္ဘတိ-မရအပ်၊ ဣတိ-ကြောင့်၊ (ပုန ဝိဟာရံ အာဂန္တွာ ဣတရာနိ ဂါဟေတွာ ဩရိမဂါမေ ဂန္တဗ္ဗော၊)အယံ နယော-ဤနည်းကို၊ ကုရုန္ဒိယံ-၌၊ ဝုတ္တော-ပြီ။

ပန-ဆက်၊ ဘိက္ခု-တို့သည်၊ ဗဟူ-များးကုန်သည်၊ သစေ ဟောန္တိ- ကုန်အံ့၊ (များကုန်သည်၏အဖြစ်ကြောင့်၊) ဂါမဝသေန-ရွာ၏အစွမ်းဖြင့်၊ သလာကာ-တို့သည်၊ သစေ န ပါပုဏန္တိ - အကယ်၍ မရောက်ကုန်အံ့၊ (မလောက်ကုန်အံ့၊ ဧဝံသတိ၊)ဝီထိဝသေနဝါ-လမ်း၏အစွမ်းဖြင့်သော်၎င်း၊ ဝီထိယံ-၌၊ ဧကဂေဟဝသေနဝါ(ဧကဗာဟဝသေန ဝါ) - တဖက်သော အိမ်အစဉ်အတန်း၏အစွမ်း ဖြင့်သော်၎င်း၊ ကုလဝသေနဝါ- အမျိုး၏ အစွမ်းဖြင့်သော်၎င်း၊ ဂါဟေတဗ္ဗာ-ယူစေထိုက်ကုန်၏၊ စ- ဆက်၊ ဝီထိ အာဒီသု- လမ်း အစရှိသည်တို့တွင်၊ ယတ္ထ-အကြင်အရပ်၌၊ ဗဟူနိ- များစွာကုန်သော၊ ဘတ္တာနိ - သလာကဘတ်တို့သည်၊

× × × × × × ×

န ဟိ၊ပေ၊လဗ္ဘတိ။ ။ [“ဤစကားသည် တပါးတည်းသာရှိသော ကျောင်းတိုက် အတွက် ဆိုအပ်သော စကားဖြစ်သည်”ဟု သတိပြုပါ၊] အဘယ့်ကြောင့် မူလ ကျောင်း တိုက်သို့ ပြန်လာပြီးမှ မေ့၍ ကျန်နေရစ်သော သလာကဘတ်တို့ကို ယူစေရပါသနည်း ဟု မေးဘွယ်ရှိသောကြောင့် “န ဟိ၊ပေ၊လဗ္ဘတိ” ဟု မိန့်သည်၊ သလာကဘတ် ရှိရာ ကျောင်းတိုက်၏ ဥပစာရ သိမ်ပြင်ဘက်၌ သံဃလာဘ်ကို ယူစေခွင့်မရ၊ ထို့ကြောင့် သံဃာလာဘ်ရှိရာ ကျောင်းတိုက်သို့ ပြန်လာ၍ ယူစေရသည်။

ဝိမတိ။ ။ဝိမတိ၌ “ပုန ဝိဟာရံ အာဂန္တွာဟု ဆိုသော်လည်း ကျောင်းတိုက်သို့ ပြန်မလာဘဲ ဤဘက်ရွာက ဆွမ်းတို့ကို ခံယူပြီးမှ ကျောင်းတိုက်သို့ ရောက်သောအခါ “ဤဘက်ရွာက သလာကဘတ်များလည်း ငါ့ထံသို့ ရောက်၏” ဟု ညွှန်ချ၍ စားခွင့်ရ သည်-ဟု ဆို၏၊ ပုန ဝိဟာရံ အာဂန္တွာတိ ဧတ္ထ ဝိဟာရံ အနာဂန္တွာ ဘတ္တံ ဂဟေတွာ (“ဘတ္တာနိ ဂဟေတွာ”ဟု ရှိလျှင်ကောင်း၏၊) ပစ္ဆာ ဝိဟာရေ အတ္တနော ပါပေတွာ ဘုဉ္ဇိတုမ္ပိ ဝဋ္ဋတိ။

ဝီထိဝသေနဝါ၊ပေ၊ဂါဟေတဗ္ဗာ။ ။ရွာ၏ အစွမ်းအားဖြင့် မဲမချလောက်လျှင် ထိုရွာ၏အတွင်း၌ ရှိသောလမ်း၏ အစွမ်းအားဖြင့် မဲချပါ၊ ထိုသို့ လမ်း၏ အစွမ်းအား ဖြင့် မဲမချလောက်လျှင် တလမ်း တလမ်း၌ ဲဝဘက်အစဉ်အတန်း, သို့မဟုတ် ယာဘက် အစဉ်အတန်း၏ အစွမ်းအားဖြင့် မဲချပါ၊ အိမ်အစဉ်အတန်း၏ အစွမ်းအားဖြင့် မဲမချ လောက်လျှင် တဝင်းထည်း၌ ရှိကြသော အမျိုးတမျိုး၏ အစွမ်းအားဖြင့် မဲချပါ။

ဋီကာ ။ ။ “ဧကဗာဟဝသေနာတိ ဧကာယ ဃရပါဠိယာ ဝသေန ” ဟု သာရတ္ထ၌၎င်း, “ ဧကဗာဟဝသေနာတိ ဝီထိယမ္ပိ ဧကပဿေ ဃရပါဠိယာ ဝသေန” ဟု ဝိမတိ၌၎င်း, “ဧကဗာဟဝသေနဝါတိ ဧကာယ ဃရပါဠိသင်္ခါတာယ ဗာဟာယ ဝသေနဝါ ”ဟု ယောဇနာ၌၎င်း ဖွင့်၏၊ ရှေး ဋီကာစာအုပ်များ၌လည်း “ ဧကဗာဟ ဝသေန”ဟု ရှိ၏၊ ထို့ကြောင့် ဝီထိတခု၏ ဲဝဘက် ယာဘက်၌ရှိသော အိမ်အစဉ်သည် လမ်း၏ လက်ရုံး ၂ ဘက်နှင့်တူရကား“ဧကဗာဟဝသေန”သာ ပါဌ်မှန်ဟု မှတ်ပါ။

(ဟောန္တိ-ရှိကုန်၏၊) တတ္ထ- ထိုအရပ်၌၊ ဂါမေ- ၌၊ ဝုတ္တနယေနေဝ- ဖြင့်ပင်၊ ဗဟူနံ-ကုန်သော၊ ဘိက္ခူနံ-တို့ဘို၊ ဂါဟေတဗ္ဗာနိ-ယူစေထိုက်ကုန်၏၊ (ဘတ္တုဒ္ဒေသကရဟန်းက ယူစေထိုက်ကုန်၏၊) သလာကာသု — စာရေးတံတို့သည်၊ အသတိ-မရှိကုန်လသော်၊ ဉဒ္ဒိသိတ္ဗာပိ-ညွှန်ချ၍လည်း၊ ဂါဟေတဗ္ဗာနိ-ကုန်၏၊ [စာရေးတံ , မဲလိပ်များကုန်သွား၍ မရှိလျှင် " မည်သည့်အိမ်၌ အရှင်ဘုရားဘို သလာကဘတ် ရောက်ပါသည် "ဟု နှုတ်ဖြင့်လည်း ညွှန်ပါ- ဟူလို၊ ဉဒ္ဒိသိတ္ဗာ ဗိတိ အသုကကုလေ သလာကဘတ္တာနိ တုယှံ ပါပုဏာတီတိ ဝတ္တဗ္ဗာ၊—ဝိမတိ။]

ပန - ဆက်၊ သလာကဒါယကေန - စာရေးတံကိုပေးသော ရဟန်းသည်၊ ဝတ္တံ-ကို၊ ဇာနိတဗ္ဗံ-သိထိုက်၏၊ ဟိ-ချဲ့၊ တေန-ထိုရဟန်းသည်၊ ကာလသောဝ- စောစောကပင်၊ ဝုဋ္ဌာယ-ထ၍၊ ပတ္တစီဝရံ-သပိတ် သင်္ကန်းကို၊ ဂဟေတွာ-ယူ၍၊ ဘောဇနသာလံ-ဆွမ်းစားစရပ်သို့၊ ဂန္တွာ- ၍၊ အသမ္မဋ္ဌဋ္ဌာနံ- တံမြက် မလှည်း အပ်သေးသောအရပ်ကို၊ (အချို့စာ၌ "အသမ္မဇ္ဇနဋ္ဌာနံ" ဟု ရှိ၏၊) သမ္မဇ္ဇိတွာ- တံမြက်လှည်းပြီး၍၊ ပါနီယံ-သောက်ရေကိုင်း၊ ပရိဘောဇနီယံ- သုံးရေကိုင်း၊ ဉပဋ္ဌာပေတွာ-တည်စေပြီး၍၊ ဋ္ဌဒါနိ-ယခုအခါ၌၊ ဘိက္ခူဟိ-တို့သည်၊ ဝတ္တံ- ဝတ်ကြီး ဝတ်ငယ်ကို၊ (တံမြက်လှည်းခြင်းစသော ဝတ်ကြီးဝတ်ငယ်ကို၊) ကတံ- ပြုအပ်ပြီးသည်၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဣတိ-သို့၊ ကာလံ-အချိန်ကို၊ သလ္လက္ခေတွာ — မှတ်သား၍၊ ဃဏ္ဍိံ — တီးခေါက်အပ်သော ခေါင်းလောင်း စသည်ကို၊ ပဟရိတွာ - တီးခေါက်၍၊ ဘိက္ခူသု - တို့သည်၊ သန္နိပတိတေသု- စုဝေးပြီးကုန် လသော်၊ ပဌမမေဝ- ရှေးဦးစွာသာလျှင်၊ ဝါရဂါမေ - အလှည့်ကျအားဖြင့် သွားရမည့်ရွာ၌၊ သလာကံ - ကို၊ ဂါဟေတဗ္ဗံ - ယူစေထိုက်၏၊ [ဝါရဂါမေတိ အတိဒူရတ္တာ ဝါရေန ဂန္တဗ္ဗဂါမေ-အလွန်ဝေးသည့်အတွက် မသွားလိုရကား အလှည့်ကျအားဖြင့် သွားထိုက်သောရွာ၌၊— ဝိမတိ။] တုယှံ- အရှင်ဘုရားဘို၊ အသုကသ္မိံ နာမ- ထိုမည်သော၊ ဝါရဂါမေ - အလှည့်ကျအားဖြင့် သွားရမည့် ရွာ၌၊ သလာကာ-စာရေးတံသည်၊ ပါပုဏာတိ-ရောက်ပါ၏၊ တတြ-ထိုရွာသို့၊ ဂစ္ဆ- ကြွပါလော၊ ဣတိ- သို့၊ ဝတ္တဗ္ဗံ- လျှောက်ရာ၏။

အတိရေကဂါဝုတေ - တဂါဝုတ်ထက်လွန်သော အရပ်၌၊ ဂါမော-သည်၊ သစေ ဟောတိ- အကယ်၍ ရှိအံ့၊ တံဒိဝသံ - ထိုနေ့၌၊ ဂစ္ဆန္တာ- သွားကုန်လ သော်၊ သစေ ကိလမန္တိ-အကယ်၍ ပင်ပန်းကုန်အံ့၊ (ဧဝံသတိ)၊ သွေ-နက်ဖန်၌၊ တုယှံ- အရှင်ဘုရား၏ (အထံသို့)၊ ဝါရဂါမေ - ၌၊ (သလာကာ-သည်၊) ပါပု ဏာတိ- ရောက်ပါ၏၊ ဣတိ- ဤသို့ လျှောက်၍၊ အဇ္ဇေဝ - ယနေ့၌ပင်၊ ဂါဟေ တဗ္ဗံ - ယူစေထိုက်၏၊ ယော - အကြင်ရဟန်းသည်၊ ဝါရဂါမံ - သို့၊ ပေသိယ မာနော-စေလွှတ်အပ်သော်၊ န ဂစ္ဆတိ-မသွားလို၊ အညံ-အခြားသော၊ သလာ ကံ - ကို၊ မဂ္ဂတိ - ရှာ၏၊ (တဿ - ထိုရဟန်းအား၊) န ဒါတဗ္ဗာ - မပေးထိုက်၊

(ကသ္မာ- ကြောင့်၊ န ဒါတဗ္ဗာ- နည်း၊) ဟိ (ယသ္မာ) - ကြောင့်၊ သဒ္ဓါနံ-သဒ္ဓါရှိကုန်သော၊ မနုဿာနံ-တို့၏၊ ပုညဟာနိ — ကောင်းမှု၏ ယုတ်လျော့ခြင်းသည်ရင်း၊ (ထို ကိုယ်တော်က မသွားသည့်အတွက် ထိုလူတို့မှာ ကောင်းမှု၏ ယုတ်လျော့ခြင်းသည်ရင်း၊) သံဃဿ- ၏၊ လာဘန္တရာယော စ- လာဘ်၏ ပြတ်စဲခြင်းသည်ရင်း၊ ဟောတိ-၏၊ (တသ္မာ-ကြောင့်၊ န ဒါတဗ္ဗာ၊) တသ္မာ - ထိုသို့မပေးထိုက်သည်၏အဖြစ်ကြောင့်၊ တဿ - ထိုရဟန်းအား၊ (ပျင်း၍ မသွားလိုသော ထိုရဟန်းအား၊) ဒုတိယေပိ ဒိဝသေ- ဒုတိယနေ့၌ရင်း၊ တတိယေပိ ဒိဝသေ- တတိယနေ့၌ရင်း၊ အညာ- အခြားသော၊ သလာကာ- ကို၊ န ဒါတဗ္ဗာ - မပေးထိုက်၊ အတ္တနော— ၏၊ ပတ္တဋ္ဌာနံ-ရောက်အပ်သော အရပ်သို့၊ (အဝေးရွာသို့၊) ဂန္တွာ-၍၊ ဘုဉ္ဇိတုံ-စားချေလော၊ ဣတိ - သို့၊ ဝတ္တဗ္ဗော - လျှောက်ထိုက်၏၊ ပန—ဆက်၊ တီဏိ ဒိဝသာနိ - သုံးရက်တို့ပတ်လုံး၊ (ပဌမရက်နှင့် တကွ တတိယရက်အထိ သုံးရက်တို့ ပတ်လုံး၊)အဂစ္ဆန္တဿ-မသွားသော ရဟန်းအား၊ ဝါရဂ္ဂါမတော - မှ၊ ဩရိမဝါရဂ္ဂါမေ - ဤဘက်၌ ဖြစ်သော အလှည့်ကျအားဖြင့် သွားရမည့်ရွာ၌၊ သလာကာ-ကို၊ ဂါဟေတဗ္ဗာ- ထိုက်၏၊ တံ-ထိုစာရေးတံကို၊ စေ န ဂဏှာတိ-အကယ်၍ မယူအံ့၊(ဧဝံ သတိ)၊ တတော—ထိုနေ့မှ၊ ပဋ္ဌာယ-၍၊ တဿ - ထို ရဟန်းအား၊ အညံ- သော၊ သလာကံ-ကို၊ ဒါတုံ-ငှါ၊ န ဝဋ္ဋတိ-မသင့်၊ ပန-ဆက်၊ ဒဏ္ဍကမ္မံ - ဒဏ်အမှုကို၊ ဂါဠှံ - တင်းကြပ်စွာ၊ ကာတဗ္ဗံ-ပြုထိုက်၏၊ သဋ္ဌိတော ဝါ-ရေအလုံးခြောက်ဆယ်မှ သော်ရင်း၊ ပဏ္ဏာသတော ဝါ-ရေအလုံး ငါးဆယ်မှသော်ရင်း၊ န ပရိဟာပေတဗ္ဗံ-မယုတ်စေထိုက်၊ ဝါ-လျှော့မပေးထိုက်၊ [သဋ္ဌိတော ဝါ ပဏ္ဏာသတော ဝါတိ ဒဏ္ဍကမ္မတ္ထာယ ဥဒကဃဋ္ဋံ သန္ဓာယ ဝုတ္တံ၊-ဝိမတိ။]

ဝါရဂ္ဂါမေ - အလှည့်ကျအားဖြင့် သွားရမည့် ရွာ၌၊ ဂါဟေတွာ-ယူစေပြီး၍၊ ဝိဟာရဝါရော - ကျောင်းစောင့် လှည့်ကို၊ ဂါဟေတဗ္ဗော - ထိုက်၏၊ [ဝိဟာရဝါရောတိ သဗ္ဗဘိက္ခူသု ဘိက္ခတ္ထာယ ဂတေသု ဝိဟာရရက္ခဏဝါရော၊ -ဝိမတိ၊]တုယှံ-အရှင်ဘုရားဘို့၊ ဝိဟာရဝါရော-သည်၊ ပါပုဏာတိ-၏၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ-လျှောက်ရာ၏၊ ဝိဟာရဝါရိကဿ -ကျောင်းစောင့်အလှည့်ကျသော ရဟန်းအား၊ (ဝိဟာရဝါရိကာနံ-တို့အား၊) ဒွေတိဿော(ဒွတ္တိသော)-၂ ခု,

× × × × × × ×

ဝိဟာရဝါရိကဿ ။ ။ ဝိဟာရဿ - ကျောင်း၏၊ ဝါ—ကျောင်းစောင့်ခြင်း၏၊ (ကျောင်းဖြင့် ကျောင်းစောင့်ခြင်းတိုင်အောင် ယူပါ၊) ဝါရော—အလှည့်တည်း၊ ဝိဟာရဝါရော၊ ဝိဟာရဝါရေ+ နိယုတ္တော ဝိဟာရဝါရိကော၊ “ ဘတ္တဂ္ဂါရေ + နိယုတ္တော ဘတ္တဂ္ဂါရိကော”ကဲ့သို့ နိယုတ္တအနက်၌ ဏိကပစ္စည်းသက်၊ [ဝိဟာရဝါရေ နိယုတ္တာ ဝိဟာရဝါရိကာ၊ ဝါရေန ဝိဟာရရက္ခဏကာ၊—သာရတ္ထ။]

၃ ခုကုန်သော၊ ယာဂုသလာကာယော - ယာဂုစာရေးတံတို့ကိုရင်း၊ တိသော ဝါ-၃ ခုသော်လည်း ဖြစ်ကုန်သော၊ စတဿော ဝါ-၄ ခု သော်လည်း ဖြစ်ကုန်သော၊ ဘတ္တသလာကာယောစ-ဆွမ်း စာရေးတံတို့ကိုရင်း၊ ဒါတဗ္ဗာ-ပေးထိုက်ကုန်၏၊ ပန-ထိုသို့ပင် ပေးထိုက်ပါကုန်သော်လည်း၊ နိမန္တ-အမြင်ကို၊ ကတွာ-၍၊ နဒါတဗ္ဗာ - ကုန်၊ (ကသ္မာ - ကြောင့်၊ နိမန္တံ ကတွာ နဒါတဗ္ဗာ - နည်း၊) ဟိ (ယသ္မာ)-ကြောင့်၊ ယာဂုဘတ္တဒါယကာ- ယာဂုဒါယကာ, ဆွမ်းဒါယကာတို့သည်၊ အမှာကံ-ငါတို့၏၊ ယာဂုဘတ္တံ-ကို၊ ဝိဟာရဝေါပကာဝ-ကျောင်းစောင့် ရဟန်းတို့ချည်းသာ၊ ဘုဉ္ဇန္တု-စားကြကုန်၏၊ ဣတိ-ဤသို့ တွေး၍၊ အညထတ္တံ- ကြည်ညိုခြင်းမှ တပါးသော အပြား၏ အဖြစ်သို့၊ (သဒ္ဓါတရားပျက်ခြင်းသို့၊) အာပဇ္ဇေယျုံ-ရောက်ကုန်ရာ၏၊ (တသ္မာ- ကြောင့်၊ နိမန္တံ ကတွာ နဒါတဗ္ဗာ၊) တသ္မာ-ထိုသို့အမြဲပြု၍မပေးထိုက်ကုန်သည်၏အဖြစ်ကြောင့်၊ အညေသု-အခြားကုန်သော၊ ကုလေသု- အမျိုးတို့၌၊ ဒါတဗ္ဗာ-ပေးထိုက်ကုန်၏၊ (ပြောင်းရွှေ့၍ ပေးထိုက်ကုန်၏)။

ဝိဟာရဝါရိကာနံ — ကျောင်းစောင့် အလှည့်ကျသော ရဟန်းတို့အား၊ သဘာဂါ-သဘောတူသော ရဟန်းတို့သည်၊ အာဟရိတွာ-ဆောင်ယူ၍၊ သစေ ဒေန္တိ-အကယ်၍ ပေးကုန်အံ့၊(ကျောင့်စောင့်နေသည့်အတွက် ဆွမ်းခံမသွားရသောကြောင့် အဖေါ် ရဟန်းများက ဆွမ်းကို ဆောင်ယူ၍ ပေးကုန်အံ့၊) ဣတိ- ဤသို့ ပေးကုန်လသော်၊ ဇတံ-ဤသို့ပေးခြင်းသည်၊ ကုသလံ-ကောင်း၏၊ နောစေ (ဒေန္တိ)—အကယ်၍ မပေးကုန်အံ့၊ (ဆောင်ယူ၍ ပေးမည့်သူ မရှိကုန်အံ့၊) (ဧဝံ သတိ)၊ ဝါရံ-အလှည့်ကို၊ ဂါဟေတွာ-ယူစေ၍၊ တေသံ — ထို ကျောင်းစောင့် ရဟန်းတို့အို၊ ယာဂုဘတ္တံ - ယာဂု, ဆွမ်းကို၊ အာဟရာပေတဗ္ဗံ - ဆောင်ယူစေ ထိုက်၏၊ (အခြား ရဟန်းတို့ကို တလှည့်စီ ဆောင်ယူစေထိုက်၏၊) တာဝ - ထို ကျောင်းစောင့်နေသမျှကာလပတ်လုံး၊ နေသံ-ထို ကျောင်းစောင့် ရဟန်းတို့၏၊ သလာကာ - စာရေးတံတို့သည်၊ ဖါတိကမ္မမေဝ—တိုးပွားအောင် ပြုအပ်သော

× × × × × × ×

ဝိဟာရဝါရိကာနံ။ ။သာရတ္ထ၌ ဗဟုဝုစ်ဖွင့်သောကြောင့်“ဝိဟာရဝါရိကာနံ” ဟု ဗဟုဝုစ်ရှိရမည်၊ နောက်၌လည်း—“ ဝိဟာရဝါရိကာနံ”ဟုရင်း,“တေသံ”ဟုရင်း, “နေသံ”ဟုရင်း ရှိသောကြောင့် ဝိဟာရဝါရိကာနံသည်သာ ရှေးပါဌ်ဖြစ်ဟန်တူသည်၊ သို့သော် ကျောင်းတိုက်၏ အကြီးအငယ်လိုက်၍ ဝိဟာရဝါရိကကို တပါးနှစ်ပါးစသည် ထားရပေလိမ့်မည်၊ ထိုပုဂ္ဂိုလ်အား တပါးလျှင် ယာဂုသလာက, ဘတ္တသလာက တခု ကျစီ မကဘဲ ၂ ခု, ၃ ခု, ၄ ခု ပေးရခြင်း၏အကြောင်းမှာ နောက်၌ ထင်ရှားလတ့ံ။

တာဝ၊ပေ၊ ဖါတိကမ္မမေဝ ။ ။ဖါတိကမ္မမေဝ ဘဝန္တိတိ ဝိဟာရ ရက္ခဏ ဝ္တာယ သံဃေန ဒါတဗ္ဗအတိရေကလာဘာ ဟောန္တိ၊ — သာရတ္ထ၊ ဖါတိကမ္မကိုပင် “အတိရေကလာဘာ” ဟု ဖွင့်သည်၊ “ တိုးပွားအောင် ပြုအပ်သော လာဘ်” ဟူလို၊

လာဘ်သည်သာလျှင်၊ ဘဝန္တိ- ဖြစ်ကုန်၏၊ ပန- ဆက်၊ ဝဿဂ္ဂေန- ဝါအပိုင်း အခြားအားဖြင့်၊ (ဝါစဉ်အားဖြင့်)၊ ပတ္တဋ္ဌာနေ - ရောက်အပ်သော အရပ်၌၊ အညမ္ပိ-အခြားလည်းဖြစ်သော၊(ဝိဟာရဝါရိကအတွက်ရအပ်သော သလာက မှ အခြားလည်း ဖြစ်သော၊) ပဏီတဘတ္တသလာကံ — မွန်မြတ်သော ဆွမ်း၏ စာရေးတံကို၊ ဂဏှိတုံ-ယူခြင်းငှါ၊ လဘန္တိယေဝ—ရကုန်သည်သာ၊ (ဝိဟာရ ဝါရိကတို့သည် အလှည့်ကျအားဖြင့် ရအပ်သော ပဏီတဘောဇန သလာက ရှိလျှင် ထိုသလာကကိုလည်း ရကြသည်သာ။)

အတိရေကဥတ္တရိဘင်္ဂသ - အပိုအလွန် လက်သုတ်ဟင်းလျာ ပါရှိသော၊ ဧကစာရိကဘတ္တဿ — ဧကစာရိကဘတ်၏၊ (မွန်မြတ်သည့်အတွက် တမျိုး တည်း သီးခြားလှည့်လည်ခြင်းရှိသော ဘတ်၏၊) ဝိသုံ-သီးခြား၊ ဌိတိကံ-ကို၊ ကတ္វာ-၍၊ သလာကာ-ကို၊ ဒါတဗ္ဗာ-ထို၏၊[လက်သုတ် ဟင်းလျာ အပိုပါသော ကြောင့် ထိုဘတ်အတွက် သီးခြား ထေရ်စဉ် ဝါစဉ် ပြု၍ စာရေးတံ မဲချပါ။] ယေန-အကြင် ရဟန်းသည်၊ သလာကာ-စာရေးတံကို၊ (သီးခြား ဌိတိကာပြု၍ ပေးအပ်သောစာရေးတံကို၊)လဒ္ဓါ-ရအပ်ပြီ၊ သော-ထိုရဟန်းသည်၊ တံဒိဝသံ- ထိုနေ့၌၊ တံဘတ္တံ-ထိုဆွမ်းကို၊(ဥတ္တရိဘင်္ဂပါသော ထိုဆွမ်းကို၊)သစေနလဘတိ- အံ့၊(ဧဝံ သတိ)၊ ပုနဒိဝသေ—နောက်နေ့၌၊ ဂါဟေတဗ္ဗံ-၏၊(ထပ်၍ယူစေပါ၊) ဘတ္တမေဝ-ကိုသာ (သစေ)လဘတိ-အံ့၊ဥတ္တရိဘင်္ဂ-ကို၊(သစေ)န(လဘတိ)၊ အံ့၊(ဧဝမ္ပိ-ဤသို့ဖြစ်ပြန်သော်လည်း၊ ပုန-ဖန်၊ ဂါဟေတဗ္ဗံ-၏၊ ခီရဘတ္တဿ- နိ္ခရည်ဆွမ်း၏၊ သလာကာယပိ - ၌လည်း၊ ဧသေဝနယော- တည်း၊ (“ ဧက စာရိကဘတ္တဌိတိကာပြု၍ စာရေးတံချပါ”ဟူလို၊)ပန-ဆက်၊ ခီရမေဝ-နို့ရည် ကိုသာ၊ သစေ လဘတိ-အံ့၊ ဘတ္တံ-ကို၊(သစေ)န(လဘတိ)—အံ့၊ (ဧဝံသတိ)၊ ခီရလာဘတော—နို့ရည်ကို ရရာအခါမှ၊ ပဋ္ဌာယ-၍၊ ပုန—ဖန်၊ နဂါဟေတဗ္ဗံ- ထိုက်၊ (မွန်မြတ်သော အာဟာရ ဖြစ်သော နို့ရည်ကို ရပြီးဖြစ်သောကြောင့် တည်း၊) ဒွေတီဏိ (ဒွတ္တိဏိ) - ၂ ခု ၃ ခု ကုန်သော၊ ဧကစာရိကဘတ္တာနိ— တို့သည်၊ ဧကဿေဝ-တပါးတပါးသော ရဟန်း၏ အထံသို့သာ၊ ပါပုဏန္တိ—

× × × × × × ×

အခြား ပုဂ္ဂိုလ်တို့မှာ ယာဂုသလာက , ဘတ္တသလာက တခုစီသာ ရသော်လည်း ထို ဝိဟာရဝါရိက ရဟန်းတို့မှာ ယူ၍ ပေးရမည့် ပုဂ္ဂိုလ်အတွက်ပါ တိုးပွား၍ ပြုအပ်, အပို ပေးအပ်သော သလာကများ ဖြစ်ကြသည်၊ “အပိုရကြသည်”ဟူလို၊ [ဝိမတိ၌“ဖါတိ ကမ္မမေဝါတိ ဝိဟာရရက္ခဏကိစ္စသာ ပဟောနကပဋိပါဒနမေဝ”ဟု ဖွင့်၏၊ “ကျောင်း စောင့်ခြင်းကိစ္စ ပြီးစီးလောက်အောင် အပိုသလာကများ ရကြသည်”ဟူလို။]

ဧကဿေဝ ၊ပေ၊ ဂါဟေတဗ္ဗံ ။ ။ ပဏီတဖြစ်သော ဧကစာရိကဘတ် ၂ မျိုး ၃ မျိုးတို့သည် ရဟန်းတပါး တပါး၏ အထံသို့ ရောက်နေတတ်ကုန်၏၊ ထိုသို့ ဖြစ်ရာ၌ ထိုအစဉ်အတိုင်းပင် သံဃအငယ်ဆုံး ရဟန်း ရအပ်ပြီးရာအခါ၌ (ဒုဋ္ဌိကဲ့ သမယလည်း

ရောက်တတ်ကုန်၏၊ ဒုဗ္ဘိက္ခသမယေ-ငတ်မွတ် ခေါင်းပါး အစာရှားရာအခါ၌၊ သံဃနဝကေန- သံဃနော ရဟန်းသည်၊ လဒ္ဓကာလေ — ရအပ်ပြီးရာ အခါ၌၊ ဝိဇဋ္ဌေတွာ- ဖြေရှင်း၍၊ ဂိသုံ -သီးခြား၊ ဂါဟေတဗ္ဗာနိ - ကုန်၏၊ ပါကတိက သလာကဘတ္တံ—ပင်ကိုယ်အတိုင်းဖြစ်သော သလာကဘတ်ကို၊ (ပဏီတမဟုတ်၊ ရိုးရိုးသလာကဘတ်ကို၊)အလဒ္ဓသာပိ-မရသော ရဟန်းဘို့လည်း၊ပုနဒိဝသေ- နောက်နေ့၌၊ ဂါဟေတဗ္ဗံ-ထိုက်၏။

ခုဒ္ဒကော-ငယ်သော၊ ဝိဟာရော-ကျောင်းတိုက်သည်၊ သစေ ဟောတိ-အံ့၊ သမ္ဗေ-နှ်သော၊ ဘိက္ခူ-တို့သည်၊ ဧကသမ္ဘောဂါ - တူသော အာမိသကို သုံးစွဲခြင်း ရှိကြကုန်သည်၊ (အာမိသကို အတူတကွ သုံးစွဲကြကုန်သည်၊) (သစေ ဟောန္တိ၊ ဧဝံသတိ၊)ဉဒ္ဓံ သလာကံ-ကြိစာရေးတံကို၊ ဂါဟေန္တေန-ယူစေသော ဘတ္တုဒ္ဒေသက ရဟန်းသည်၊ ယဿ ကဿစိ - အမှတ်မထား တပါးပါးသော၊ သမ္မုခီဘူတဿ — မျက်မှောက် ဖြစ်၍ဖြစ်သော ရဟန်း၏ အထံသို့၊ ပါပေတွာ- ရောက်စေ၍၊ မဟာထေရာဒီနံ-မဟာထေရ်အစရှိသည်တို့အား၊ ဒိဝါ-နေ့အခါ ၌၊ တစ္ဆေတွာ-ရွေ၍၊ (အခွံ ခွါ၍၊) ဒါတုံ-ပေးခြင်းငှါ၊ ဝဋ္ဋတိ - သင့်၏၊ ရသ

× × × × × × ×

ဖြစ်နေလျှင်) ထို ၂ မျိုး ၃ မျိုးကို တပြိုင်နက် မရအောင် ဖြေရှင်း၍ (ခွဲခြား၍) အသီး အသီး တခုစီ တခုစီသာ ရအောင်ယူပါစေ—ဟူလို၊ ဥပမာ—ကေစာရိကဘတ်က ၃ မျိုး ဖြစ်၍ တပြိုင်နက်ချသောအခါ ရဟန်းတပါးတပါးအား သလာက ၃ ခုစီရနေလျှင် ထို အတိုင်းပင် သံဃာ့အငယ်ဆုံးတိုင်အောင်ရပါစေဦး၊သံဃာ့အငယ်ဆုံး ရပြီးသောအခါ ထေရ်ကြီးမှစ၍ ၃ မျိုး မရစေပဲ ဆယ်မျိုး ၃ လီကို ဖြေရှင်းလိုက်သောအခါ တမျိုးစီသာ ရက်ပေါင်း သုံးဆယ်ထိအောင် ကေစာရိက သလာကဘတ် ပေးနိုင်သည်၊ "ဒုဗ္ဘိက္ခ သမယ"ဟု ဆိုသောကြောင့် ရှားပါးသော အခါ၌သာ ဤသို့ဖြေရှင်းရမည်၊ သုဘိက္ခ သမယဖြစ်မူ ဖြေရှင်းဘွယ် မလိုပါ။

ဋီကာ။ ။ဧကေသံ ပါပုဏန္တီတိ ဒိဝသေ ဒိဝသေ ဧကေကဿဝ ပါပိတာ နီတိ အတ္ထော၊-ဝိမတိ၊"သံဃနဝကေန လဒ္ဓကာလေတိ ဒိဝသေ ဒိဝသေ ဧကေကဿ ပါပိတာနိ ဒွေတိဏိကေစာရိကဘတ္တာနိ တေနေဝနိယာမေန အတ္တနော ပါပုဏနဋ္ဌာနေ သံဃနဝကေန လဒ္ဓကာလေ၊—သာရတ္ထ။

ယဿ ကဿစိ သမ္မုခီဘူတဿ ။ ။အခြားပုဂ္ဂိုလ်တို့က ဥပစာရသိမ်ပြင်ဘက် ရောက်နေလျှင် ထေရ်စဉ် ဝါစဉ်ကို မငဲ့ဘဲ ရှေးရှုရောက်လာသော ပုဂ္ဂိုလ်အား ဉဒ္ဓံ သလာက စာရေးတံကို ပေးနိုင်သည်၊ ဘာ့ကြောင့်နည်း— တပါးရလျှင် ဧကသမ္ဘောဂ ကျောင်းတိုက် ဖြစ်သည့်အတွက် အများဝေ၍ သုံးစွဲကြသောကြောင့်တည်း၊ [ယဿ ကဿစိ ၊ပေ၊ ပါပေတွာတိ ဧတ္တ " ယေဘုယျေန စေ ဘိက္ခူ ဗဟိသီမဂတာ ဟောန္တိ၊ သမ္မုခီဘူတဿ ယဿကဿစိ ပါပေတဗ္ဗံ၊သဘာဂတ္တာ ဧကေနလဒ္ဓံ သဗ္ဗေသံ ဟောတိ၊ တသ္မိံမ္ပိ အသတိ အတ္တနော ပါပေတွာ (မိမိ၏အထံသို့ ရောက်စေ၍) ဒါတဗ္ဗ"န္တိ ဂဏ္ဌိ ပဒေသု ဝုတ္တံ၊— သာရတ္ထ။]

သလာကံ- ကြံရည်စာရေးတံကို၊ [ရသသလာကန္တိ ဥဇ္ဈုရသသလာကံ-ဋီကာ၊] ပါပေတွာ-ရောက်စေ၍၊ ပစ္ဆာဘတ္တံ- ဆွမ်း၏ နောက်အဘို့၌၊ ပရိဿာဝေတွာ ဝါ-စစ်၍သော်၎င်း၊ ဖါဏိတံ- တင်လဲကို၊ ကာရေတွာဝါ - ပြုစေ၍သော်၎င်း၊ ပိဏ္ဍပါတိကာဒီနံပိ-ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းအစရှိသောပုဂ္ဂိုလ်တို့အား လည်း၊ ဒါတဗ္ဗံ-ရာ၏၊(အာဒိဖြင့် အခြား ရသသလာက မရသေးသော ပုဂ္ဂိုလ် များကို ယူ။) အာဂန္တုကာနံ — အာဂန္တုက ရဟန်းတို့၏၊ အာဂတာနာဂတ ဘာဝံ- ရောက်လာကုန်သည်၏ အဖြစ် မရောက်လာကုန်သေးသည်၏ အဖြစ်ကို၊ ဥတွာ-၍၊ ဂါဟေတဗ္ဗာ-၏၊ မဟာအာဝါသေ—ကျောင်းတိုက်ကြီး၌၊ ဌိတိကံ- တည်နေရာ အစဉ်ကို၊ ကတွာ-၍၊ ဂါဟေတဗ္ဗာ-၏။

တက္ကသလာကံပိ - ရက်တက်ရည် စာရေးတံကိုလည်း၊ သဘာဂဋ္ဌာနေ - သဘောတူသောပုဂ္ဂိုလ်တို့၏ တည်ရာအရပ်၌၊ ပါပေတွာ-ရောက်စေ၍၊ ပစာပေ တွာဝါ-ချက်စေပြီး၍သော်၎င်း၊ ခုမာပေတွာဝါ- ချင်း, ငြုပ်စသော အခိုးအထုံ ကို ထည့်ခတ်စေပြီး၍သော်၎င်း၊ ထေရာနံ-တို့အား၊ ဒါတုံ- ၄ါ၊ ဝဋ္ဋတိ-သင့်၏၊ မဟာအာဝါသေ-ကျောင်းတိုက်ကြီး၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊(သေရိစဉ်ဝါစဉ်ပြု၍ ယူစေပါ-ဟူလို၊)ဖလသလာက, ပူပသလာက, ဘေသဇ္ဇ ဂန္ဓ မာလသလာကာယောပိ- သစ်သီးစာရေးတံ, မုံ့စာရေးတံ, ဆေး စာရေးတံ , နံ့သာပန်း စာရေးတံတို့ကိုလည်း၊ ဝိသုံ - သီးခြား၊ (ဘတ္တယာဂု စသည်တို့မှ သီးခြား၊) ဌိတိကာယ-အားဖြင့်၊ ဂါဟေတဗ္ဗာ- ကုန်၏၊ စ-ဆက်၊ ဧတ္ထ - ဤ စာရေးတံတို့တွင်၊ ဘေသဇ္ဇာဒိသလာကာယော - ဆေး အစရှိသော စာရေးတံတို့သည်၊ ပိဏ္ဍပါတိကာနမ္ပိ-တို့အားလည်း၊ ကိဉ္စာပိ ဝဋ္ဋန္တိ-အကယ်၍ မူလည်း အပ်ပါပေကုန်၏၊ ပန - ထိုသို့ပင် အပ်ပါကုန်သော်လည်း၊ သလာက ဝသေန - စာရေးတံ၏အဖြစ်ဖြင့်၊ ဂါဟိတတ္တာ - ယူစေအပ်ကုန်သည်၏အဖြစ် ကြောင့်၊ န သာဒိတဗ္ဗာ - မသာယာထိုက်ကုန်။

× × × × × × ×

သဘာဂဋ္ဌာနေ၊ပေ၊ဝဋ္ဋတိ။ ။ "သဘာဂဋ္ဌာနေ " အရ သဘောတူပုဂ္ဂိုလ်တို့ နေရာ ဘေသမ္ဘောဂ ကျောင်းတိုက်ကိုပင် ဆိုလိုဟန်တူသည်၊ "ပါပေတွာဝါ"ဟု ဝါ ရှိသည်မှာ ဝိကပ်ပြုစရာ မရှိသောကြောင့် ပိုဟန်တူသည်၊ ပစာပေတွာဝါ ခုမာပေတွာ ဝါတို့၌ ဝါ သဒ္ဒါတို့ကား အချင်းချင်း ဝိကပ်ပြုနိုင်၏၊ "ရက်တက်ရည်ကို ကျက်အောင် သော်လည်း ချက်ပါ၊ သို့မဟုတ် ချင်း, ငြုပ်စသော အခိုး အထုံများကိုသော်လည်း ခတ်ပါ" ဟူလို။

ဝဋ္ဋန္တိ၊ပေ၊န သာဒိတဗ္ဗာ။ ။ ပိဏ္ဍပါတိကရဟန်းတို့သည် "သံဃဘတ္တစသော အာမိသဖြစ်သော အတိရေကလာဘ်ကိုသာ ပယ်ပါ၏"ဟု အဓိဋ္ဌာန်ခဲ့ကြ၏၊ ဘေသဇ္ဇ စသည်တို့ကား အာမိသ မဟုတ်သောကြောင့် ပယ်ဘို့ရန် အဓိဋ္ဌာန်ရာတွင် မပါဝင်ကြ၊ ထို့ကြောင့် အပ်ပါ၏၊ " သို့သော် ထို အတိရေကလာဘ်တွင်ပါဝင်သော သလာက

အဂ္ဂဘိက္ခာမတ္တံ - အဦးအဖျား တဇွန်းမျှဖြစ်သော၊ သလာကဘတ္တံ - ကို၊ ဒေန္တိ-ပေးလှူတတ်ကြကုန်၏၊ [အဂ္ဂဘိက္ခာမတ္တန္တိ ကေကဋစ္ဆုဘိက္ခာ မတ္တံ၊- ဝိမတိ၊ အဂ္ဂတော ဒါတဗ္ဗဘိက္ခာ အဂ္ဂဘိက္ခာ၊— သာရတ္ထ၊ တဇွန်း တပုဂံမျှဖြစ်သော ဆွမ်းဦးကလေးကို "အဂ္ဂဘိက္ခာမတ္တ" ဟု ဆိုလိုဟန်တူသည်။] ဋ္ဌိတိကံ-ကို၊ ပုစ္ဆိတွာ - မေး၍၊ ဂါဟေတဗ္ဗံ - ယူစေထိုက်၏၊ ဋ္ဌိတိကာယ- သည်၊ အသတိယာ - မရှိလသော်၊ ထေရာသနတော - မှ၊ ပဋ္ဌာယ - ၍၊ ဂါဟေတဗ္ဗံ- ယူစေထိုက်၏၊ တာဒိသာနိ-ထိုကဲ့သို့ ရှုအပ်ကုန်သော၊ ဘတ္တာနိ-တို့သည်၊ (အဂ္ဂဘိက္ခာမတ္တဘတ်တို့သည်၊) ဗဟူနိ - များကုန်ဘည်၊ သစေ ဟောန္တိ - ကုန်အံ့၊ (ဧဝံသတိ)၊ ဧကေကဿ- တပါးတပါးသော၊ ဘိက္ခုနော - အား၊ ဒွေ တီဏိ (ဒွတ္တိဏိ) - နှစ်ခု သုံးခုတို့ကို၊ ဒါတဗ္ဗာနိ- ပေးထိုက်ကုန်၏၊ (ဗဟူနိ- များကုန်သည်၊) နေ ၁ စေ (ဟောန္တိ) - အကယ်၍ မဖြစ်ကုန်အံ့၊ (ဧဝံသတိ)၊ ဧကေကမေဝ -တခုစီဘခုစီကိုသာလျှင်၊ ဒတွာ -၍၊ ပဋိပါဋိယာ-အစဉ်သည်၊ ဂတာယ-ကုန်လွန်သွားပြီးလသော်၊ ပုန-ဖန်၊ ထေရာသနဘော-မှ၊ ပဋ္ဌာယ-၍၊ ဒါဘဗ္ဗံ- ပေးရာ၏၊ အန္တရာဝ-အကြား၌သာ၊ (သံဃနောရဟန်းသို့ မရောက်မီ အကြား၌သာ၊)သစေ ဥပစ္ဆိဇ္ဇတိ-အကယ်၍ ပြတ်သွားအံ့၊ (အဂ္ဂဘိက္ခာအလှူ ပြတ်သွားအံ့၊ ဧဝံသတိ၊) ဋ္ဌိတိကာ- ကို၊ သလ္လက္ခိတဗ္ဗာ - မှတ်သားထိုက်၏။ ["မည်သည့်ဝါစဉ်၌ ကုန်၍သွားသည်"ဟု မှတ်၍ထားထိုက်၏။]

ပန - ဆက်၊ တာဒိသံ - ထိုကဲ့သို့ ရှုအပ်သော၊ (အဂ္ဂဘိက္ခာမတ္တ ဖြစ်သော၊) ဘတ္တံ- သည်၊ နိဗဒ္ဓမေဝ - အမြဲမပြတ် ဖွဲ့စပ်အပ်သည်သာ၊ ယဒိ ဟောတိ-အံ့၊ (ဧဝံသတိ)၊ ယဿ - အကြင်ရဟန်း၏ အထံသို့၊ ပါပုဏာတိ - ၏၊ သော - ထိုရဟန်းကို၊ ဝတ္တဗ္ဗော - ပြောက်ထိုက်၏၊ (ကိံ)၊ လဒ္ဓါဝါ - ရပြီး၍ဖြစ်စေ၊ အလဒ္ဓါဝါ-မရသေးမူ၍ဖြစ်စေ၊ သွေပိ- နက်ဖန်၌လည်း၊ ဂဏှေယျာသိ-ခံယူလှည့်ပါလော၊ ဣတိ - ဤသို့၊ (ဝတ္တဗ္ဗော)၊ ဧကံ - အချို့သော အဂ္ဂဘိက္ခာမတ္တသလာကဘတ်သည်၊ အနိဗဒ္ဓံ-အမြဲမပြတ် မဖွဲ့စပ်အပ်သည်၊ ဟောတိ-၏၊ ပန-ထိုသို့ပင် မဖြစ်ပါသော်လည်း၊ လဘနဒိဝသေ - ရရာနေ့၌၊ ယာဝဒတ္ထံ - အလိုရှိ

× × × × × × ×

ဘတ္တနှင့်ရော၍ သလာကအမည်ဖြင့် ယူစေအပ်သည့်အတွက် မသာယာထိုက်ကုန်" ဟု ဆိုလိုသည်၊ [" သလာကဝသေန ဂါဟိတတ္တာ ပန န သာဒိတဗ္ဗာတိ ဣဒံ အသာရုပ္ပဝသေန ဝုတ္တံ၊ န ဓုတင်္ဂဘေဒဝသေန၊ "သံဃတော နိရာမိသသလာကာ ၊ပေ၊ ဝဋ္ဋတိယေဝါ"တိ ဟိ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တံ၊—ဝိမတိ၊ သာရတ္ထ၌ကား အကျယ်ဆိုလေသေး၏။]

လဒ္ဓါဝါ အလဒ္ဓါဝါ။ ။ယခုမဲကျသော်လည်း မဲကျရာအိမ်သို့သွား၍ ခံယူသောအခါ ရသည်လည်း ရှိတတ်၏၊ မရဘဲလည်းရှိတတ်၏၊ ထို့ကြောင့် "လဒ္ဓါဝါ အလဒ္ဓါဝါ" ဟု ဆိုသည်၊ အဂ္ဂဘိက္ခာဘတ်သည် အနည်းငယ်မျှသာဖြစ်၍ သူ့ချည်းသက်သက် တထပ်စာ မဝလောက်သောကြောင့်၎င်း, အမြဲမပြတ် ရနေသောကြောင့်၎င်း "ယနေ့ရသည်

တိုင်း၊ လဘတိ-၏၊ အလဘနဒိဝသာ- မရရာနေ့တို့သည်၊ ဗဟုတရာ- များကုန်သည်၊ ဟောန္တိ-ကုန်၏၊ တံ-ထို သလာကဘတ်သည်၊ ယဿ-အကြင် ရဟန်း၏ အထံသို့၊ ပါပုဏာတိ-၏၊ (စာရေးတံမဲကျ၏၊) သော-ထိုရဟန်းသည်၊ အလဘိတွာ- မရမူ၍၊ (မရလသော်၊) သွေ - နက်ဖန်၌၊ ဂဏှေယျာသိ- ခံယူပါလော၊ (စာရေးတံကို ယူပါလော၊) ဣတိ-သို့၊ ဝတ္တဗ္ဗော- လျှောက်ထိုက်၏။

ယော-အကြင်ရဟန်းသည်၊ သလာကာသု-တို့ကို၊ ဂါဟိတာသု-ယူစေအပ်ကုန်ပြီးလသော်၊ [အချို့စာ၌ "ဂဟိတာသု-ပြီးကုန်လသော်" ဟု ရှိ၏၊] ပစ္ဆာ-နောက်မှ၊ (မဲချပြီးမှ၊) အာဂစ္ဆတိ- လာ၏၊ တဿ- ထိုရဟန်းအား၊ ဝါ-၏အတွက်၊ အတိက္ကန္တာဝ- လွန်ပြီးသည်သာလျှင်ဖြစ်သော၊ သလာကာ-စာရေးတံကို၊ ဥပဋ္ဌာပေတွာ - ရှေးရှု တည်စေ၍၊ ("ပဋ္ဌပေတွာ" ဟု ရှိလျှင် "စတည်စေ၍"ဟု ပေး၊) န ဒါတဗ္ဗာ-မပေးထိုက်၊ ["အများပြီးမှ ရောက်လာသည့်အတွက် သူအား ဆက်၍မပေးနှင့်"ဟူလို၊ ဤစကားနှင့်စပ်၍ စာရေးတံယူနည်းကို ပြလိုသောကြောင့် သလာကံနာမ စသည်မိန့်၊] သလာကံနာမ - စာရေးတံမည်သည်၊ ယဏ္ဍုပ္ပဟရဏာတော-ကျော်စည်, ခေါင်းလောင်းတီးခတ်ရာအခါမှ၊ (အချိန်သတ်မှတ်သည့် ကုလားတက်, တုံးစသည်ကို ခေါက်ပြီးရာအခါမှ၊)ပဋ္ဌာယ-၍၊ အာဂန္တွာ-လာ၍၊ ဟတ္ထံ- လက်ကို၊ ပသာရေန္တဿဝ- ဆန့်တန်းသောရဟန်းသည်သာ၊ လဘတိ - ၏၊ (စာရေးတံယူဘို့ လက်ဆန့်သောရဟန်းသည်သာ ရ၏၊)အညဿ-လက်ဆန့်တန်းသောရဟန်းမှအခြားသော၊ အာဂန္တွာ-၍၊ သမီပေ- ၌၊ ဌိတဿာပိ - ရပ်နေသော ရဟန်း၏အတွက်လည်း၊ အတိက္ကန္တာ-လွန်ပြီးသော စာရေးတံသည်၊ အတိက္ကန္တာဝ- လွန်ပြီးသည်သာ၊ ဟောတိ-၏၊ ပန-ဆက်၊ အဿ- ထိုရဟန်းဘို့၊ အညော-သော၊ ဂဏှန္တော- အစားယူမည့်ပုဂ္ဂိုလ်သည်၊ သစေ အတ္ထိ-အံ့၊ (ဧဝံသတ်)၊ သယံ- ကိုယ်တိုင်၊ အနာဂတော-မလာသည်၊ (သမာနော)ပိ-ဖြစ်ပါသော်လည်း၊ လဘတိ- ၏၊ သဘာဂဋ္ဌာနေ-သဘောတူသောရဟန်းတို့၏ တည်ရာအရပ်၌၊ အသုကော-ထိုမည်သောရဟန်းသည်၊ အနာဂတော- မလာသေး၊ ဣတိ- သို့၊ ဥတွာ- ၍၊ အယံ-ဤစာရေးတံသည်၊ တဿ - ထို မလာသေးသောရဟန်း၏၊ သလာကာ - စာရေးတံတည်း၊ ဣတိ- ဤသို့ ပြော၍၊ ထပေတုံ- ထားခြင်းငှါ၊ ဝဋ္ဋတိ- အပ်၏၊ အနာဂတဿ-ကိုယ်တိုင်မလာသော ရဟန်းအား၊ (သလာကာ - ကို၊) န ဒါတဗ္ဗာ - ထိုက်၊

× × × × × × ×

ဖြစ်စေ, မရသည်ဖြစ်စေ နက်ဖန် ယူလှည့်ပါ"ဟု လျှောက်ရသည်။ [လဒ္ဓါဝါ အလဒ္ဓါဝါတိ လဘိတွာဝါ အလဘိတွာဝါ၊ နိဗဒ္ဓါယ အဂ္ဂဘိက္ခာယ အပ္ပမတ္တိကာယ ဧဝ သမ္ဘဝတော လဘိတွာပိ ပုနဒိဝသေ ဂဏှိတုံ ဝုတ္တံ၊ အဂ္ဂဘိက္ခာမတ္တန္တိ ဟိ ဧတ္ထ မတ္တသဒ္ဒေါ ဗဟုဘာဝံ နိဝတ္တေတိ၊-သာရတ္ထ။]

ဣတိ- သို့၊ ကတိကံ - ကတိကဝတ်ကို၊ သစေ ကရောန္တိ - ကုန်အံ့၊ (ဧဝံသတိ၊ ကတိကာ-သည်၊) အဓမ္မိကာ- တရားနှင့်မယှဉ်သည်၊ ဝါ- တရားအားမလျော်သည်၊ ဟောတိ -၏၊ ဟိ - မှန်၊ အန္ဓော ဥပစာရေ - ဥပစာရသိမ်၏အတွင်း၌၊ ဌိတဿ- တည်သောရဟန်း၏အထံသို့၊ ဘာဇနီယဘဏ္ဍံ - ဝေဘန်ထိုက်သော ဘဏ္ဍာသည်၊ ပါပုဏာတိ-၏၊ ပန-ဆက်၊ အနာဂတဿ - မလာသောရဟန်း အား၊ ဒေထ - ပါကုန်၊ ဣတိ - သို့၊ မဟာသဒ္ဒံ - ကျယ်စွာသောအသံကို၊ သစေ ကရောန္တိ-ကုန်အံ့၊(ဧဝံသတိ)၊ဒဏ္ဍကမ္မံ-ဒဏ်အမှုကို၊ ထပေတဗ္ဗံ-ထားထိုက်၏၊ အာဂန္တွာ-လာ၍၊ ဂဏှန္တု-ယူကြကုန်လော၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ-ပြောရာ၏။

ဆ ပဥ္စ- ၆ ခု, ၅ ခုကုန်သော၊ သလာကာ-တို့သည်၊ နဋ္ဌာ- ပျောက်ကုန်သည်၊ ဟောန္တိ - ဖြစ်ကုန်အံ့၊ ဘတ္တုဒ္ဒေသကော- သည်၊ ဒါယကာနံ - ဆွမ်းဒါယကာတို့၏၊ နာမံ - အမည်ကို၊ နသရတိ — မမှတ်မိအံ့၊ သော— ထို ဘတ္တုဒ္ဒေသက ရဟန်းသည်၊ နဋ္ဌသလာကာ-ပျောက်သော စာရေးတံတို့ကို၊ မဟာထေရဿ ဝါ- မဟာထေရ်၏အထံသို့သော်၎င်း၊ အတ္တနော ဝါ-မိမိ၏အထံသို့သော်၎င်း၊ ပါပေ တွာ-ရောက်စေပြီး၍၊ ဘိက္ခူ-တို့ကို၊ စေ ဝဒေယျ-အကယ်၍ လျှော်အံ့၊ (ကိံ)၊ မယာ-တပည့်တော်သည်၊ အသုကဂါမေ-ထို မည်သောရွာ၌၊ သလာကဘတ္တံ- ကို၊ မယှံ-တပည့်တော်၏အထံသို့၊ ပါပိတံ- ရောက်စေအပ်ပါပြီ၊ တုမှေ-အရှင် ဘုရားတို့သည်၊ တတ္ထ- ထိုရွာ၌၊ လဒ္ဓံ- ရအပ်သော၊ သလာကဘတ္တံ-ကို၊ ဘုဉ္ဇေ ယျာထ- ဘုဉ်းပေးကြပါကုန်လော၊ ဣတိ- သို့၊ (စေ ဝဒေယျ- အံ့၊ ဧဝံသတိ၊) ဝဋ္ဋတိ- ၏၊ ပန - ဆက်၊ ဝိဟာရေ- ကျောင်းတိုက်၌၊ (ကျောင်းတိုက်တုန်းက၊) အပါပိတံ- ရောက်စေအပ်သည် မဟုတ်သော၊ အာသနသာလာယ- ထိုင်နေရာ စရပ်၌၊ (ရွာတွင် ဆွမ်းစားစရပ်ကျမှ၊) တံ ဘတ္တံ-ထို သလာကဘတ်ကို၊ လဘိ တွာ-၍၊ တတ္ထေဝ-ထိုဆွမ်းစားစရပ်၌ပင်၊ ပါပေတွာ-ရောက်စေပြီး၍၊ ဘုဉ္ဇိတုံ- ငှါ၊ န ဝဋ္ဋတိ- မအပ်။

အဇ္ဇ- ယနေ့မှ၊ ပဋ္ဌာယ -၍၊ မယှံ - တပည့်တော်၏၊ သလာကဘတ္တံ - ကို၊ ဂဏှထ- ယူပါကုန်၊ ဣတိ- သို့၊ ဝုတ္တေ - လျှောက်အပ်သော်၊ တတြ- ထိုရွာ၌၊ အာသနသာလာယ-၌၊ ဂါဟေတုံ-ငှါ၊ န ဝဋ္ဋတိ- မအပ်၊ ဝိဟာရံ- သို့၊ အာနေ တွာ-ဆောင်ယူပြီး၍၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏၊ [ဝိဟာရံ အာနေတွာ ဂါဟေ

× × × × × × ×

ဝိဟာရေ၊ပေ၊န ဝဋ္ဋတိ။ ။အချို့စာအုပ်များ၌ "န"မပါဘဲ"ဝဋ္ဋတိ"ဟု ရှိ၏၊ သလာကဘတ် ဟူသည် ကျောင်းတိုက်ကို ရည်မှန်း၍ လှူဒါန်းအပ်သော ဘတ်တည်း၊ ကျောင်းတိုက်အတွင်း၌ မရောက်စေဘဲ ရွာတွင်းဆွမ်းစားစရပ်ကျမှ ရောက်စေအပ်သော ဘတ်ကို စားခြင်းငှါ မအပ်၊ ထို့ကြောင့် " န ဝဋ္ဋတိ "ဟုသာ ရှိထိုက်သည်၊ [သလက ဘတ္တံနာမ ဝိဟာရေယေဝ ဥဒ္ဒိသိယတိ ဝိဟာရမေဝ သန္ဓာယ ဒိယျမာနတ္တာတိ အာဟ ဝိဟာရေ အပါပိတံ ပနာတိ အာဒိ၊-သာရတ္ထ။]

တမ္ဘိတိ တထာဝတွာ (" အင်္ဂ ပဋ္ဌာယ မယှံ သလာကဘတ္တံ ဂဏှထ " ဟု လျှောက်၍၊) တသ္မိံ ဒိဝသေ ဒိန္နဘတ္တံ ဂိဟာရမေဝ အာနေတွာ ဌိတိကာယ ဂါဟေတမ္ဘိ၊-သာရတ္ထ၊]ပန-ဆက်၊ သွေ-နက်ဖန်မှ၊ ပဋ္ဌာယ-၍၊(မယှံ သလာက ဘတ္တံ ဂဏှထ-နှ၊) ဣတိ-သို့၊ ဝုတ္တေ-လျှောက်အပ်သော်၊ ဘတ္တုဒ္ဒေသကဿ-အား၊ အာစိက္ခိတမ္ဘိ-ပြောပြရာ၏၊(ကိံ)၊ သွေ-နက်ဖန်မှ၊ ပဋ္ဌာယ-၍၊ အသုက ကုလံနာမ-တိုမည်သော အမျိုးသည်၊ သလာကဘတ္တံ-ကို၊ ဒေတိ-၏၊ သလာက ဂ္ဂါဟကာလေ-စားရေးတံကို ယူစေရာအခါ၌၊ သရေယျာသိ - အမှတ်ရပါ လော၊ ဣတိ - သို့၊ (အာစိက္ခိတမ္ဘိ၊ ဒါယကာ၏ လျှောက်ထား ပင့်ဖိတ်ခြင်းကို ခံရသော ရဟန်းတို့က တဆင့်ပြောရမည်။)

ဒုဗ္ဘိက္ခေ - ငတ်မွတ်ခေါင်းပါး အစာရှားရာ အခါ၌၊ သလာကဘတ္တံ-ကို၊ ပန္တိန္နိတွာ - ဖြတ်၍၊ သုဘိက္ခေ - သာယာဝပြော အစာပေါရာ အခါသည်၊ ဇာတေ-ဖြစ်လသော်၊ ကဋ္ဌိ-တစုံတယောက်သော၊ ဘိက္ခုံ-ကို၊ ဒိသွာ-၍၊အင်္ဂ-မှ၊ ပဋ္ဌာယ-၍၊ အမှာကံ-တို့၏၊ သလာကဘတ္တံ-ကို၊ ဂဏှထ-ယူပါကုန်၊ ဣတိ-ဤသို့လျှောက်၍၊ ပုန-ဖန်၊ ပဋ္ဌပေန္တိ-စတည်စေကြကုန်အံ့၊(ဧဝံသတိ)၊ အန္တော ဂါမေ-ရွာတွင်း၌၊ အဂါဟေတွာ-မယူစေမူ၍၊ ဝိဟာရံ- သို့၊ အာနေတွာဝ- ဆောင်ယူ၍သာ၊ ဂါဟေတမ္ဘိ-၏၊ ဟိ-မှန်၊(တနည်း) (ကသ္မာ အန္တောဂါမေ အဂါဟေတွာ ဝိဟာရံ အာနေတွာဝ ဂါဟေတမ္ဘိ - ယူစေရာသနည်း၊) ဟိ (ယသ္မာ) - ကြောင့်၊ ဣဒံသလာကဘတ္တံ နာမ - ဤ သလာက ဘတ်မည်သည်၊ ဥဒ္ဒေသဘတ္တသဒိသံ-ဥဒ္ဒေသဘတ်နှင့်တူသည်၊ န ဟောတိ-မဖြစ်၊ဝိဟာရမေဝ- ကိုသာ၊ သန္ဓာယ-ရည်ရွယ်၍၊ ဒိယျတိ-ပေးသွူအပ်၏၊ တသ္မာ - ကြောင့်၊ ဗဟိ ဥပစာရေ - ဥပစာရသိမ် ပြင်ပ၌၊ ဂါဟေတုံ- ၄ါ၊ န ဝဋ္ဋတိ-မအပ်၊ (တသ္မာ အန္တောဂါမေ အဂါဟေတွာ ဝိဟာရံ အာနေတွာဝ ဂါဟေတမ္ဘိ-၏၊) ပန- ဆက်၊ သွေ-မှ၊ ပဋ္ဌာယ- ၍၊ (အမှာကံ သလာကဘတ္တံ ဂဏှထ၊) ဣတိ - သို့၊ ဝုတ္တေ-အပ်သော်၊ ဝိဟာရေ- ၌၊ ဂါဟေတဗ္ဗမေဝ- ယူစေထိုက်သည်သာ။

ဂမိကော-ခရီးသွားမည့်ဖြစ်သော၊ ဘိက္ခု-သည်၊ ယံ ဒိသာဘာဂံ-အကြင် အရပ်အဖို့သို့၊ ဂန္တုကာမော-သွားလိုသည်၊(ဟောတိ)၊ တတ္ထ-ထို အရပ်အဖို့ ၌၊ အညေန-အခြားသော ရဟန်းသည်၊(ဂမိကရဟန်းမှ အခြားသော ရဟန်း သည်၊) ဝါရဂါမသလာကာ-အလှည့်ကျအားဖြင့် သွားရမည့်ရွာ၌ စာရေးတံ ကို၊ လဒ္ဓါ-ရအပ်ပြီးသည်၊ ဟောတိ - အံ့၊ တံ - ထို ဝါရဂါမ သကာလကို၊ ဂဟေတွာ-ယူ၍၊ ဣတရံ-အခြားသော၊ ဘိက္ခုံ-ကို၊(ခရီးမသွားသော ရဟန်း ကို၊)မယှံ-တပည့်တော်၏အတွက်၊ ပတ္တသလာကံ-ရောက်အပ်သော စာရေးတံ ကို၊ တွံ-သည်၊ ဂဏှာဟိ - ယူရစ်ပါလော၊ ဣတိ- ဤသို့၊ ဝတွာ-လျှောက်၍၊ ဂန္တုံ -၄ါ၊ ဝဋ္ဋတိ - အပ်၏၊ [ဆိုလိုရင်း— " မိမိသွားမည့် အရပ်၌ရှိသော

စာရေးတံကို မိမိရပြီးသော စာရေးတံနှင့်လဲ၍ ယူသွားပါ” ဟူလို၊ သို့သော် မိမိရအပ်သော စာရေးတံကလည်း အနီးဖြစ်မှ ကျန်ရစ်သောပုဂ္ဂိုလ်က လက်ခံပေလိမ့်မည်။] ပန—ဆက်၊ တေန - ထိုရဟန်းသည်၊ (ခရီး မသွားသောရဟန်းသည်၊) တသ္မိံ-ထိုခရီးသွားမည့်ရဟန်းသည်၊ ဥပစာရသီမံ-ကို၊ အနတိက္ကန္တေ ယေဝ-မလွန်သေးမီသာလျှင်၊ တဿ-ထိုခရီးသွားမည့်ရဟန်း၏၊ သလာကာ-ကို၊ ဂဟေတဗ္ဗာ—ယူထိုက်၏။

ဆန္ဒိတဝိဟာရေ- စွန့်ပစ်အပ်သော ကျောင်းတိုက်၌၊ မနုဿာ - တို့သည်၊ ဗောဓိစေတိယာဒီနိ-ဗောဓိပင် စေတီတော် အစရှိသည်တို့ကို၊ ဇဂ္ဂိတွာ - သုတ်သင်၍၊(စောင့်ရှောက်၍၊)ဘုဉ္ဇန္တု-ဘုဉ်းပေးကြပါကုန်၊ ဣတိ- ဤသို့ လှူ၍၊ သလာကဘတ္တံ—ကို၊ ပဋ္ဌပေန္တိ-ဖြစ်စေကြကုန်၏၊ ဘိက္ခူ-တို့သည်၊ သကဋ္ဌာနေ သု-မိမိနေရာ ကျောင်းတို့၌၊ ဝသိတွာ- နေပြီး၍၊ ကာလဿေဝ— စောစော၌ပင်၊ ဂန္တွာ-၍၊ တတ္ထ-ထိုကျောင်းတိုက်၌၊ (ထိုဆန္ဒိတဝိဟာရ၌၊)ဝတ္တံ-ဝတ်ကြီးဝတ်ငယ်ကို၊ ကရိတွာ-၍၊ တံဘတ္တံ-ကို၊ ဘုဉ္ဇန္တိ-စားကုန်အံ့၊ ဝဋ္ဋတိ - အပ်၏၊ တေသု-ထို ရဟန်းတို့သည်၊ သွာတနာယ - နက်ဖန် ဆွမ်းစားခြင်း အကျိုးငှါ၊ အတ္တနော-မိမိ၏ အထံသို့၊ ပါပေတွာ - ရောက်စေ၍၊ ဂတေသု - သွားပြီးကုန်လသော်၊ အာဂန္တုကော - အာဂန္တုက ဖြစ်သော၊ ဘိက္ခု - သည်၊ ဆန္ဒိတဝိဟာရေ—၌၊ ဝသိတွာ - ၍၊ ကာလဿေဝ -၌ပင်၊ ဝတ္တံ - ကို၊ ကတွာ - ၍၊ ဃဏ္ဍိံ- ခေါင်းလောင်းကို၊ ပဟရိတွာ - တီးခေါက်၍၊ သလာကဘတ္တံ - ကို၊ အတ္တနော-သို့၊ ပါပေတွာ-၍၊ အာသနသာလံ-သို့၊ ဂစ္ဆတိ-သွားအံ့၊ သော ဝ-ထို အာဂန္တုက ရဟန်းသည်သာ၊ တဿ ဘတ္တဿ — ထို သလာကဘတ်၏၊ ဣဿရော-အစိုးရသော အရှင်တည်း၊[အာဂန္တုကရဟန်းက ဝတ်ကြီးဝတ်ငယ်ပြု၍ ယူသောကြောင့် အစိုးရ၏၊ “အတ္တနော ပါပေတွာ ဂတေသု”အရ မနေ့က ယူသွားသူတို့မှာ ဝတ်ကြီးပတ်ငယ် မပြုရသေးသောကြောင့် အစိုးမရ။]

× × × × × × ×

တေန၊ ပေ၊ ဂဟေတဗ္ဗာ။ ။ဒိသံဂမိကရဟန်းအား မိမိ၏ ဝါရဂါမသလာကကို ပေးလိုက်သော ရဟန်းသည် ထို ဒိသံဂမိကရဟန်း၏ စာရေးတံကိုယူသောအခါ ဒိသံဂမိကရဟန်းက ဥပစာရသိမ်ကိုမလွန်မီ ယူထိုက်၏၊ ဘာ့ကြောင့်နည်း,သလာကမှန်သမျှ ဥပစာရသိမ်အတွင်း၌ တည်သော ပုဂ္ဂိုလ်သာ ရခွင့်ရှိသောကြောင့်တည်း၊ (ဂဟေတဗ္ဗာ နေရာ၌“ဂါဟေတဗ္ဗာ”ဟု စာအုပ်တို့၌ရှိ၏၊“တေန”ဟု ရှိသောကြောင့် ထိုရဟန်းက သူတပါးကို ယူစေဘွယ်မလို၊ သူကိုယ်တိုင်သာ ယူရမည်ဖြစ်သည်၊ ထို့ကြောင့်“ဂဟေတဗ္ဗာ”ဟု ရှိသင့်၏၊) [အနတိက္ကန္တေယေဝ တသ္မိံ တဿ သလာကာ ဂဟေတဗ္ဗာတိ ယသ္မာ ဥပစာရသီမဋ္ဌဿေဝ သလာကာ ပါပုဏာတိ၊ တသ္မာ တသ္မိံ ဒိသံဂမိကေ ဥပစာရသီမံ အနတိက္ကန္တေယေဝ တဿ ဒိသံဂမိကဿ ပတ္တသလာကာ အတ္တနော ပါပေတွာ ဂဟေတဗ္ဗာ၊—သာရတ္ထ။]

ပန-ဆက်၊ ယော- အကြင် ရဟန်းသည်၊ ဘိက္ခုသု - တို့သည်၊ ဝတ္တံ - ကို၊ ကရောန္တေသုယေဝ-ပြုနေကုန်စဉ်ပင်၊ ဘူမိယံ-မြေ၌၊ဒွေတယော(ဒွတ္တယော)- ၂ ချက် ၃ ချက် ကုန်သော၊ သမ္မုဉ္ဇနိပ္ပဟာရေ - တံမြက်စည်း ခတ်ခြင်းတို့ကို၊ ဒတွာ-ပေးပြီး၍၊ ဃဋံ-ကို၊ ပဟရိတွာ-၍၊ ဓုရဂါမေ-ပဓာနဖြစ်သောရွာ၌၊ ဝါ-အနီးဖြစ်သော ရွာ၌၊ သလာကဘတ္တံ- သည်၊ မယှံ - ငါ၏ အထံသို့၊ ပါပုဏာတိ-၏၊ ဣတိ-ဤသို့ ပြော၍၊ ဂစ္ဆတိ—၏၊ တဿ- ထို ရဟန်း၏ အထံသို့၊ တံ—ထိုသလာကဘတ်သည်၊ စောရိကာယ-ခိုးသူ၏အမူအရာဖြင့်၊ ဂဟိတတ္တာ-ယူအပ်သည်၏ အဖြစ်ကြောင့်၊ န ပါပုဏာတိ-မရောက်၊ ဝတ္တံ—ကို၊ ကတွာ-၍၊ ပါပေတွာ—ရောက်စေ၍၊ ပစ္ဆာ- နောက်မှ၊ ဂတဘိက္ခုနံယေဝ - သွားသော ရဟန်းတို့၏အတွက်သာ၊ ပါပုဏာတိ-ဖြစ်၏၊(“ဝတ္တံ ကရောန္တေသု”ဟု ဆိုခဲ့သော ရဟန်းတို့ အတွက်သာဖြစ်၏။)

ကော-တခုသော၊ ဂါမော-သည်၊ အတိဒူရေ-အလွန်ဝေးသော အရပ်၌၊ ဟောတိ-ရှိ၏၊ ဘိက္ခူ-တို့သည်၊ နိစ္စံ—အမြဲ၊ ဂန္တုံ-ငှါ၊ န ဣစ္ဆန္တိ-အလို မရှိကြကုန်၊ မနုဿာ—တို့သည်၊ မယံ-ငါတို့သည်၊ ပုညေန-ကောင်းမှုမှ၊ ပရိဗာဟိရာ-အပတို့သည်၊ ဟောမ- ဖြစ်ကြရကုန်၏၊ ဣတိ-သို့၊ ဝဒန္တိ - ပြောကြကုန်၏၊ (ညည်းရှာကြကုန်၏၊) တဿဂါမဿ- ၏၊ အာသန္နဝိဟာရေ- အနီးဖြစ်သော ကျောင်းတိုက်၌၊ ယေ သဘာဂဘိက္ခူ - အကြင် သဘောတူ ရဟန်းတို့သည်၊ (သန္တိ—ရှိကုန်၏၊) တေ—ထိုသဘောတူသော ရဟန်းတို့ကို၊ ဝဍ္ဎမ္ဗာ-လျှောက်ထိုက်ကုန်၏၊ (ကိံ)၊ ဣမေသံ ဘိက္ခူနံ - ဤ ရဟန်းတို့၏၊ (အဝေးကျောင်း၌ နေသော စာရေးတံမဲကျသောရဟန်းတို့၏၊)အနာဂတဒိဝသေ-မလာရာနေ့၌၊ တုမှေ-တို့သည်၊(ရွာနှင့်နီးသော ကျောင်း၌နေသော အရှင်တို့သည်၊)ဘုဉ္ဇထ-ဘုဉ်းပေးကြပါကုန်၊ ဣတိ-သို့၊(ဝဍ္ဎမ္ဗာ)၊ ပန-ထိုသို့ပင် လျှောက်ထိုက်ပါကုန်သော်လည်း၊ သလာကာ-စာရေးတံတို့ကို၊ ဒေဝသိကံ-နေ့တိုင်း၊ ပါပေတဗ္ဗာ-

× × × × × × ×

အနာဂတ ဒိဝသေ။ ။“လာ,မလာကို အဘယ်သို့ သိရမည်နည်း”ဟု မေးအံ့၊ အခြား အနီးကျောင်းများမှ ကိုယ်တော်များသည် ရွာတွင်းဆွမ်းစား စရပ်၌ ရောက်နေကြသည့်အချိန်ဝယ် ထိုအဝေးကျောင်းက ကိုယ်တော်များ မရောက်လာကြလျှင်“ယနေ့ အဘို့ မလာကြ”ဟုသိနိုင်၏၊“ထိုသို့မလာမှန်းသိလျှင် မိမိတို့က သူတို့အစား သလာကဘတ်ကို ခံယူ၍ ဘုဉ်းပေးနိုင်သည်” ဟူလို၊—သာရတ္ထ။

ဒေဝသိကံ ပါပေတဗ္ဗာ။ ။ဒေဝသိကံ ပါပေတဗ္ဗာတိ ဥပစာရသီမာယ ဌိတဿ ယဿကဿစိ (အမှတ်မထား တပါးပါး၏ အထံသို့) ဝဿဂ္ဂေန ပါပေတဗ္ဗာ၊ ဧဝံ (ဤသို့ ရောက်စေအပ်ကုန်လသော်) တေသု အဂတေသု အာသန္နဝိဟာရေ (ထိုရွာ၏ အနီးကျောင်း၌) ဘိက္ခူနံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ဣတရထာ (နေ့တိုင်း စာရေးတံ မချလျှင်) သံဃိကတာ စာရေးတံတို့၏ သံဃိကအဖြစ်သည် (ဟောတိ၊) —ဝိမတိ။

ဝေမတ္တော ဝေဒိတဗ္ဗော။ ။"အဟံတထာ၌ စပ်ပုဒ်မပါဘဲ အဘယ်သို့ ပြောဆို ပါလိမ့်မည်နည်းဟု" မေးဘွယ်ရှိသောကြောင့် ဤအဖွင့်ကို ဆိုရသည်၊ ဆိုလိုရင်းကား "အဟံ တထာ သဒ္ဓိံ ပဗ္ဗဇိဿာမိ" ဟု ဆိုလိုသော်လည်း "အဟံ တထာ" ဟု ပြောပြီးသည်နှင့် တပြိုင်နက် စိတ်က မြန်လွန်းလှသောကြောင့် တိုင်းပြည် စည်းစိမ်ကို ကွက်ကနဲ မျက်စေ့ထဲ မြင်လာရကား ထိုစည်းစိမ်၌ ဘွယ်တာသောလောဘသည် ဆွဲငင် အပ်သည်ဖြစ်၍ " သဒ္ဓိံ ပဗ္ဗဇိဿာမိ – အတူရဟန်းပြုပါမည် " ဟု မဆိုနိုင်တော့ဘဲ "ယထာသုခံ ပဗ္ဗဇာဟိ-ချမ်းသာသလို ရဟန်းပြုပါ"ဟု ဆိုရလေသည်။

နိက္ခာမိတာ,မာနသိနော။ ။နိပုဗ္ဗ ပတ-ဂတိမှီဟူသော ဓာတ်နက်၏အဓိပ္ပါယ် ကို နိက္ခာမိတာဟု ဖွင့်သည်၊ ပါဠိတော်၌ "နိပ္ပါတိတာ– ထွက်သွားစေအပ်ကုန်ပြီ"ဟု ပေး၊ နိပ္ပါတိတာတိ ဇွတ္ထ နိက္ခမိတ္တာ ဂမာပိတာတိ ဒဿေန္တော အာဟ နိက္ခာမိတာတိ၊ မာနသိနောတိ ဇွတ္ထ မာနံ သယန္တိ နိဿယန္တီတိ မာနသိနောတိ ဒဿေန္တော အာဟ မာနဿယိနောတိ၊– ယောဇနာ။ [ကမ္ဗဿကာကို "ကမ္ဗဿယာ" ဟု ဖွင့်ရာ၌ကဲ့သို့ "မာနံ + သယော မာနဿယော၊ မာနဿယော ဇတေသံတိ မာနဿယိနော " ဟု ပြုသင့်မည်ထင်သည်၊ မာနသိနောကိုကား ယောဇနာအတိုင်းပင် ပြုပါ။]

ယဿန္တရတော။ ။ယဿ အရိယပုဂ္ဂလဿ အန္တရတော အဗ္ဘန္တရေ (အန္တရ တော၏အဖွင့်) အတ္တနော စိတ္တေ စိတ္တကာလုဿိယ ကရဏာတော (စိတ်၏ နောက်ကျု သည်၏အဖြစ်ကို ပြုခြင်းကြောင့်၊) စိတ္တပ္ပကောပါ (စိတ်ကို ဖျက်ဆီးတတ်ကုန်သော) ရာဂါဒယော , အာဃာတဝတ္ထုအာဒိ ကရဏဘေဒတော အနေကဘေဒါ ဒေါသ

သည်၊ န သန္တိ-မရှိကုန်၊ ပန-ဆက်၊ ယသ္မာ-ကြောင့်၊ သမ္ပတ္တိ-ပြည့်စုံခြင်းသည်၊ ဘဝေါတိ-ဘဝ မည်၏၊ ဝိပတ္တိ-ပျက်စီးခြင်းသည်၊ ဝိဘဝေါတိ-ဝိဘဝ မည်၏၊ တထာ - ထိုမှတပါး၊ ဝုဒ္ဓိ - ကြီးပွားခြင်းသည်၊ ဘဝေါတိ - မည်၏၊ ဟာနိ-ဆုတ်ယုတ်ခြင်းသည်၊ ဝိဘဝေါတိ- မည်၏၊ သဿတံ- အခါခပ်သိမ်း ထင်ရှား ရှိသည်၏အဖြစ်သည်၊ (ဘာဝပ္ပဓာနကြံ၊) ဝါ-မြဲခြင်းသည်၊ ဘဝေါတိ-မည်၏၊ ဥစ္ဆေဒေါ - ပြတ်စဲခြင်းသည်၊ ဝိဘဝေါတိ - မည်၏၊ ပုညံ - ကောင်းမှုသည်၊ ဘဝေါတိ- ၏၊ ပါပံ- မကောင်းမှုသည်၊ ဝိဘဝေါတိ- မည်၏၊ ဝိဘဝေါတိစ-ဝိဘဝဟူသောသဒ္ဒါသည်ရင်း၊ အဘဝေါတိစ-အဘဝဟူသောသဒ္ဒါသည်ရင်း၊ အတ္ထတော-အနက်အားဖြင့်၊ ဧကမေဝ-တခုသာဘည်း၊ တသ္မာ-ကြောင့်၊ ဣတိ ဘဝါဘဝတဠ ဝိတိဝတ္တောတိ ဧတ္ထ-ပါဌ်၌၊ သမ္ပတ္တိ၊ပေ၊ဝသေန- ပြည့်စုံခြင်း ပျက်စီးခြင်း, ကြီးပွားခြင်း ဆုတ်ယုတ်ခြင်း, မြဲခြင်း ပြတ်ခြင်း, ကောင်းမှု မကောင်းမှုတို့၏ အပြားအားဖြင့်၊ ဣတိ အနေကပ္ပကာရာ - ဤသို့ တပါးမက များသောအပြားရှိသော၊ ယာ သော ဘဝါဘဝတာ-အကြင်ဘဝ, အဘဝကို (တာပစ္စည်း အနက်မရှိ၊) ဝုစ္စတိ-ဆိုအပ်၏၊ စတူဟိပိ-လေးပါးလည်း ဖြစ်ကုန် သော၊ မဂ္ဂေဟိ-တို့ဖြင့်၊ ယထာသမ္ဘဝံ-ဖြစ်သင့်သည်အားလျော်စွာ၊ (သဿတ ဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို သောတာပတ္တိမဂ်ဖြင့် ပယ်သောကြောင့် "ယထာသမ္ဘဝံ"ဟု ဆိုဟန်တူသည်၊) တေနတေန နယေန-ထိုထိုနည်းဖြင့်၊ တံ ဣတိ ဘဝါဘဝတဠ- ဤသို့ များသောအပြားရှိသော ထို ဘဝ အဘဝကိုလည်း၊ ဝီတိဝတ္တော-လွန်ပြီး၊ ဣတိဧဝံ- သို့၊ အတ္ထော- ကို၊ ဒဋ္ဌဗ္ဗော - မှတ်ထိုက်၏၊ နာနုဘဝန္တိတိ- ကား၊ န

× × × × × × × ×

ကောပါ ဧဝ ဝါ န သန္တိ၊ မဂ္ဂေန ပဟီနတ္တာ န ဝိဇ္ဇန္တိ၊ -သာရတ္ထ၊ ပဌမနည်း"ကောပါ- စိတ်ကို နောက်ကျုအောင် ဖျက်ဆီးတတ်သော ရာဂအစရှိသော ကိလေသာတို့သည်" ဟု ပေး၊ ဒုတိယနည်း "စိတ်ကို ဖျက်ဆီးတတ်သော ဒေါသတို့သည်"ဟု ပေး။

အတ္ထတော ဧကမေဝ။ ။ပါဠိတော်၌"ဣတိ ဘဝါဘဝတဠ"(ဘဝ+အဘဝ) ဟု ရှိပါလျက် အဋ္ဌကထာ၌ " ဘဝေါတိ သမ္ပတ္တိ၊ ဝိဘဝေါတိ ဝိပတ္တိ " စသည်ဖြင့် အဘယ့်ကြောင့် အဘဝကိုမဖွင့်ဘဲ ဝိဘဝကိုဖွင့်ရပါသနည်းဟု မေးဘွယ်ရှိသောကြောင့် "ဝိဘဝေါတိစ၊ပေ၊ဧကမေဝ"ဟု မိန့်သည်၊ အဘဝနှင့် ဝိဘဝသည် အနက်တူဖြစ်သော ကြောင့် ထင်ရှားသော ဝိဘဝကိုသာ ဖွင့်လိုက်ပါသည်-ဟူလို။

ဣတိ ဘဝါဘဝတဠ။ ။ဣတိသဒ္ဒေါ ပကာရဝစနော၊ အာဟ ဣတိ အနေကပ္ပ ကာရာ ဘဝါဘဝတာတိ၊ - သာရတ္ထ၊ ဤ အဖွင့်အတိုင်း ဣတိ ဘဝါဘဝတဠ- ဤသို့ များသောအပြားရှိသော ပြည့်စုံခြင်း, ပျက်စီးခြင်းကိုလည်း"ဟု ပေး။

နာနုဘဝန္တိ။ ။ဒေဝါ နာနုဘဝန္တိ ဒဿနာယာတိ အဓိဂတမဂ္ဂေ ထပေတွာ (ရအပ်ပြီးသောမဂ်ရှိသော အရိယာတို့ကို ထား၍) သဗ္ဗေပိ ဥပပတ္တိဒေဝါ ဝါယမန္တာပိ စိတ္တစာရဒဿနဝသေန (စိတ်ဖြစ်ပုံကို မြင်ခြင်း၏အစွမ်းဖြင့်) ဒဿနာယ ဒဋ္ဌုံ နာနု ဘဝန္တိ၊ န အဘိသမ္ဘုဏန္တိ၊ န သက္ကောန္တိ၊ ပဂေဝ မနုဿာ၊-သာရတ္ထ။

သမ္မာပုဏ္ဏာန္တိ - ကောင်းစွာ မရောက်နိုင်ကုန်၊ တသာ - ထိုပုဂ္ဂိုလ်ကို၊ ဒဿနံ- ဖူးမြင်ရခြင်းကို၊ ဒေဝ ါနမ္ပိ - နတ်တို့သည်သော်မှလည်း၊ ဒုလ္လဘံ- ခဲယဉ်းသဖြင့် ရအပ်၏၊ ဝါ- မရနိုင်၊ ဣတိ - ဤ ဆိုအပ်ပြီးကား၊ အဓိပ္ပါယော - ဘုရားရှင်၏ အလိုတော်တည်း။

အဟိမေခလိကာတိ- ကား၊ အဟိံ -မြွေကို၊ ကဋိယံ-ခါး၌၊ဗန္ဓိတွာ-ဖွဲ့ချည်၍၊ ဥစ္ဆင်္ဂေတိ- ကား၊ အင်္ကေ - ရင်ခွင်၌၊ ("ပါတုရဟောသိ - ထင်ရှားဖြစ်ပြီ"ဟု ပါဠိတော်၌စပ်၊) သမ္မန္နတိတိ-ကား၊ သမ္မာနေတိ-မြတ်နိုးကော်ရော် ပူဇော်မှုကို ပြု၏၊ ယံ တုမော ကရိဿတိတိ-ကား၊ ယံ-အကြင်အမှုကို၊ သော-ထို ဆရာကြီးသည်၊ ကရိဿတိ- ပြုလတ့ံ၊ ("တေန-ထိုအမှုဖြင့်၊ တုမော ဝ- ထိုဆရာကြီးသည်သာ၊ ပညာယိဿတိ- ထင်ရှားလတ့ံ"ဟု ပါဠိတော်၌ ဆက်)။

× × × × × × ×

အဟိမေခလိကာ။ ။မေခလာသဒ္ဒါသည် "ခါးစည်းကြိုး"ဟူသော အနက်ကို ဟော၏၊ မေခလာ ဧဝ မေခလိကာ၊ ခါးစည်းကြိုး, ခါးပတ်၊ အဟိဧဝ + မေခလိကာ အဟိမေခလိကာ၊ မြွေတည်းဟူသော ခါးပတ်၊ ဤ၌ "အဟိ" ဟု "မြွေတကောင်ကို သာ ခါးပတ်ပတ်သည်"ဟု ဆိုသော်လည်း ဓမ္မပဒအဋ္ဌကထာ, ယမကဝဂ်, ဒေဝဒတ္တ ဝတ္ထု၌ကား- "သော ကောသမ္ဗိတော ရာဇဂဟံ ဂန္တွာ ကုမာရကဝဏ္ဏံ အဘိနိမ္မိနိတွာ စတ္တာရော အာသီဝိသေ စတူသု ဟတ္ထပါဒေသု ဧကံ ဂီဝါယ ပိလန္ဓိတွာ ဧကံ သီသေ စုမ္ဗဋကံ ကတွာ ဧကံ ဧကံသံ ကရိတွာ ဣမာယ အဟိမေခလာယ၊ပေ၊လာဘသက္ကာရံ နိဗ္ဗတ္တေသိ"ဟု လာသည်။

သမ္မန္နတိ။ ။သံပုဗ္ဗ မနဓာတ်ဖြင့် သမ္မန္နတိကို ဒိဝါဒိဂိုဏ်းဟုငင်း, သမ္မာနေတိကို စုရာဒိဂိုဏ်းဟုငင်း ယောဇနာဖွင့်၏၊ သံ ရှေးရှိသောကြောင့် "မြတ်နိုးခြင်း ပူဇော်ခြင်း အနက်ကို ဟော၏ " ဟု ကြံပါ၊ သမ္မန္နတိတိ အမှာကံ သမ္မာနံ ကရောတိ၊ တေနာဟ သမ္မာနေတီတိ၊ သမ္မန္နတိတိဝါ ပရေဟိ သမ္မာနိယတီတိ အတ္တော၊-သာရတ္ထ၊ ဤဋီကာ၌ "အမှာကံ သမ္မာနံ ကရောတိ"ဟူသော အဖွင့်အလို သမ္မာနေတိ၌ "သံမာနံ" ဟူသော နာမ်ပုဒ်နောင် ကရဓာတ်၏ အနက်၌ ဏ ပစ္စည်းသက်၍ " သမ္မာနေတိ " ဖြစ်သည်ဟု ကြံပါ၊ "မြတ်နိုးကော်ရော် ပူဇော်မှုကိုပြု၏"ဟု အနက်ပေးပါ၊ "ပရေဟိ သမ္မာနိယတိ" ဟူသောအဖွင့်ကား အဋ္ဌကထာကို ဖွင့်ခြင်းမဟုတ်၊ ပါဠိတော်ကို မိမိ အလိုအတိုင်း တနည်းဖွင့်ခြင်းတည်း၊ ဤအလို "အခြားသူတို့က မြတ်နိုးအပ်၏"ဟု ကံအနက်ပေးပါ၊ သဒ္ဒါကျမ်းတို့အလိုမူ ကမ္မရုပ်၌ "သမ္မညတိ"ဟုသာ ရှိနိုင်သည်။

တုမော။ ။သောတိ သတ္တာ၊ ဣမိနာ ယံ တုမောတိဧတ္ထ တုမောတိ ရူဠှီသဒ္ဒေါ ဣဓ သောတိ သဗ္ဗနာမသဒ္ဒေန သဒိသတ္တောတိ ဒဿေတိ၊— ယောဇနာ၊ ဤအလို "တုမောသည် သော၏ အနက်ကိုဟောသော ရူဠှီသဒ္ဒါတည်း " ဟု ဆိုလိုသတတ်၊ မိမိကား အခြားဝိဘတ်များဖြင့် "တုမာ, တုမံ, တုမေ"စသောရုပ်များ မရှိသောကြောင့် ‌သော၏ အနက်ကိုဟောသော နိပါတ်ပုဒ်တမျိုးဟု ထင်သည်။

ပကာသနီယကမ္မာဒိကထာ

ခေဠာသကသာတိ ဧတ္တ-သဟူသော ဤပါဠိ၌၊ မိစ္ဆာဇီဝေန-မှားယွင်းသော အသက်မွေးဝမ်းကြောင်းကြောင့်၊ ဥပ္ပန္နပစ္စယာ-ဖြစ်သောပစ္စည်းတို့သည်၊ အရိယေဟိ — အရိယာပုဂ္ဂိုလ် တို့သည်၊ ဝန္တမ္ပိ — ထွေးအန်ထိုက်ကုန်သည်၊ (ဟုတ္တာ-၍၊ ဝါ-ကြောင့်၊) ခေဠသဒိသာ - တံထွေးနှင့်တူကုန်၏၊ တထာရူပေ-ထိုသို့ သဘောရှိကုန်သော၊ ပစ္စယေ- ပစ္စည်းတို့ကို၊ အယံ - ဤဒေဝဒတ်သည်၊ အဇ္ဈောဟရတိ - စားမျို၏၊ ဣတိ ကတ္တာ - ဤသို့ နှလုံးသွင်းတော်မူ၍၊ ခေဠာသကောတိ-က ဟူ၍၊ ဘဂဝတာ- သည်၊ ဝုတ္တော- မိန့်တော်မူအပ်ပြီ။

ပတ္တဒ္ဓေန ကာယေနာတိ - ကား၊ ပေါတ္တကရူပ သဒိသေန - ယမင်းရုပ်နှင့်တူသော၊ နိစ္စလေန-တုန်လှုပ်ခြင်းမရှိသော၊ ကာယေန-ကိုယ်ဖြင့်၊ ("အဋ္ဌာသိ-တည်ပြီ"ဟု ပါဠိတော်၌စပ်၊) မယံ ခေါ၊ပေ၊နာမာတိ- ကား၊ ရာဇာ- သည်၊

× × × × × × ×

ပကာသနီယကံ။ ။ထိုပုဂ္ဂိုလ်၏သဘောကို ထင်ရှားပြကြောင်းဖြစ်သော (လူတို့အား ထင်ရှားအောင် ပြောပြကြောင်းဖြစ်သော) ကံကို "ပကာသနီယကံ"ဟု ခေါ်၏၊ ဤ အရှင်ဒေဝဒတ်ကို ကံပြုရာ၌ " ပုဗ္ဗေ ဒေဝဒတ္တဿ အညာ ပကတိ အဟောသိ၊ ဣဒါနိ အညာ ပကတိ-ရှေးတုန်းက ရှင်ဒေဝဒတ်၏သဘောသည် ယခုသဘောမှ တမျိုးတခြားဖြစ်ခဲ့၏၊ ယခု ရှင်ဒေဝဒတ်၏သဘောသည် ရှေးတုန်းကသဘောမှ တမျိုးတခြားဖြစ်နေ၏"။

" ယံ ဒေဝဒတ္တော ကရေယျ ကာယေန ဝါစာယ၊ န တေန ဗုဒ္ဓေါဝါ ဓမ္မောဝါ သံဃောဝါ ဒဋ္ဌဗ္ဗော၊ ဒေဝဒတ္တောဝ တေန ဒဋ္ဌဗ္ဗော-ကိုယ်အားဖြင့်ဖြစ်စေ နှုတ်အားဖြင့်ဖြစ်စေ ရှင်ဒေဝဒတ် ပြုလေသမျှသည် ဘုရား တရား သံဃာနှင့်မဆိုင်၊ ရှင်ဒေဝဒတ်နှင့်သာ ဆိုင်သည်" ဟူလို၊ ဤစကားစုသည် ပကာသနီယကံ၏ ဆိုလိုရင်းစကားစုတည်း၊ ဤသို့ ပကာသနီယကံပြုပြီးနောက် လူတို့အားလည်း ကမ္မဝါစာ၌ပါသောအနက်အဓိပ္ပါယ်ကို ထင်ရှား ပြောပြရသေးသည်၊ ထင်ရှား ပြောပြဘို့ရန်လည်း ရဟန်းတပါးအား သမ္မုတိပေးရသေးသည်၊ (ပါဠိတော်ကြည့်ပါ။)

ခေဠာသက။ ။ခေဠ + အသကဿ၊ မိစ္ဆာဇီဝကြောင့် ရအပ်သော ပစ္စည်းလေးပါးတို့သည် အရိယာသူတော်ကောင်းတို့ မစားသုံးထိုက်သောကြောင့် ထွေးအန်အပ်သော တံထွေးနှင့်တူကုန်၏၊ ထို့ကြောင့် "ခေဠာဝိယာတိ ခေဠာ"ဟု ဥပမာတဒ္ဓိတ်ပြု၍, တနည်း သဒိသူပစာအားဖြင့် ပစ္စည်းလေးပါးကို"ခေဠ"ဟု ခေါ်သည်၊ "အသတိ ဘက္ခတီတိ အသကော၊ အသမာတ် ဏွု ပစ္စည်း၊ ခေဠေ အသကော ခေဠာသကော" ဟု ပြု၊ အရိယာတို့ ထွေးအန်အပ်သောတံထွေးနှင့်တူစွာ မအပ်မရာပစ္စည်းတို့ကို စားသုံးနေသူ၊ "ခေဠာပကဿ"ဟု စာအုပ်တို့၌ ရှိသည်ကား အဖွင့်နှင့်မညီ။

ပတ္တဒ္ဓေန ၊ပေ၊ ကာယေန။ ။ပတ္တဒ္ဓေနာတိ ဧတ္ထ ဘူသော ထဒ္ဓေါ ပတ္တဒ္ဓေါ၊ ဗာဠ္ဟထဒ္ဓေါတိ အတ္ထော၊ တေန ဝုတ္တံ နိစ္စလေနာတိ၊ ပေါတ္တကရူပသဒိသေနာတိ ဧတ္ထ ပေါတ္ထကရူပံနာမ ဝတ္ထဒန္တာဒိမယံ၊ (အဝတ်ဖြင့် ပြုအပ်သောအရုပ်, ဆင်စွယ်ဖြင့်

အမေ့- ငါတို့ကို၊ ဇာနာတိ - သိ၏၊ ဣတိ- ဤသို့၊ (ဥက္ကံ့ သန္ဒေ့ာ၌စပ်၊) ရာဇ ညာတကသ-မင်းသည် အသိအမှတ်ပြုအပ်သူ၏၊ ဘာဝေန-အဖြစ်ဖြင့်၊ အတ္တာ နံ-မိမိကို၊ ဥက္ကံသန္ဒေ့ာ-မြှောံပင့်လိုသည်၊ ဝါ-ကြွားဝါလိုသည်၊ (ဟုတွာ-၍၊) အာဟ - ပြီ။

ပဟဋ္ဌ ကဏ္ဏဝါလောတိ - ကား၊ ဗဒ္ဓနိစ္စလေ- ကြိုးနှယ်တို့ဖြင့် နှောင်ဖွဲ့အပ် သကဲ့သို့ တုန်လှုပ်ခြင်းမရှိသည်တို့ကို၊ ကတွာ-ပြု၍၊ ("အဘိဓာဝိ-ပြေးသွားပြီ" ဟု ပါဠိတော်၌စပ်၊) ဒုက္ခံ ဟိ ကုဋ္ဌရ နာဂမာသဒေါတိ - ကား၊ ဘော ကုဋ္ဌရ- အို ဆင်ပြောင်ကြီး၊ မုဒ္ဓနာဂံ-ဘုရားတည်းဟူသော ဆင်ပြောင်သို့၊ အာသာဒနံ- ဝဓကစိတ်ဖြင့် ချဉ်းကပ်ခြင်းသည်၊ ဝဓကစိတ္တေန - ဝဓကစိတ်ဖြင့်၊ ဥပဂမနံ နာမ - ချဉ်းကပ်ခြင်း မည်သည်၊ ဒုက္ခံ - ဆင်းရဲကြောင်းတည်း၊ [အာသာဒနံ၌ ဆုရာဒိသဒ္ဒါတ်, ယုပစ္စည်း၊ ချဉ်းကပ်ခြင်းအနက်ဟော၊ ထို့ကြောင့် "ဥပဂမနံ နာမ" ဟု ဖွင့်သည်။] နာဂဟတဿာတိ-ကား၊ မုဒ္ဓနာဂံ - ဘုရားတည်းဟူသော ဆင်ပြောင်ကို၊ ဃာတကဿ-သတ်ဖြတ်သောသူ၏၊ ("သုဂတိ န ဟောတိ" ဟု ပါဠိတော်၌ စပ်။)

× × × × × × ×

ပြုအပ်သောအရုပ်၊ အဝတ်ဖြင့် မြေညက်, သစ်သား, ကြေး, သံတို့ဖြင့်ပြုအပ်သောအရုပ်, ပန်းချီ ဆေးရေးရုပ်များကို ယူ၊) –ယောဇနာ၊ ထိုအရုပ်များကိုပင်"ယမင်းရုပ်"ဟုဇင်း "ညဲမင်းရုပ်"ဟုဇင်း ရှေးကအနက်ပေးကြသည်၊ ပေါတ္ထကရူပ၏ အဓိပ္ပါယ်အကျယ်ကို ပါရာဇိကကဏ်ဘာသာဋီကာ သိက္ခာချခန်း၌ ပြခဲ့ပြီ။

ရာဇညာတကာနာမ။ ။ဉာယန္တေတိ ဉာတာ၊ ရညာ – မင်းသည်၊ ဉာတာ– ငါ့ဆရာဟု အသိအမှတ်ပြုအပ်သူတို့တည်း၊ ရာဇညာတာ– သူတို့၊ ရာဇညာတာယေဝ ရာဇညာတကာ။ [ရာဇညာတကာနာမာတိ ဧတ္ထ ရညာ ဇာနိယာတိ အမှာကံ ဂရူတိ ရာဇညာတာ၊ တေ ယေဝ ရာဇညာတကာတိ အတ္ထော ဒဋ္ဌဗ္ဗော၊ တဒတ္ထံ အဓိပ္ပါယေန ဒဿေန္တော အာဟ–ရာဇာ အမှေ ဇာနာတီတိ အာဒိ၊–ယောဇနာ။]

ပဟဋ္ဌကဏ္ဏဝါလော။ ။ ကဏ္ဏော စ – နားရွက်လည်း၊ ဝါလော စ – မြီးဆံတို့ လည်း၊ ကဏ္ဏဝါလံ – နားရွက်မြီးဆံ၊ ပဟဋ္ဌံ + ကဏ္ဏဝါလံ ယဿာတိ ပဟဋ္ဌကဏ္ဏ ဝါလော-ရှင်သော နားရွက်မြီးဆံရှိသည်၊ (ဟုတွာ-၍၊) ဟု သဒ္ဒတ္ထဖြစ်၏၊ ဗဒ္ဓနိစ္စလေ ကတွာကား အဓိပ္ပါယ်ဖွင့်တည်း၊ အမွေးတွေထောင်၍ ထရာ၌ "လောမဟံသ–အမွေး တို့၏ ရှင်ခြင်း" ဟု ခေါ်သကဲ့သို့ နားရွက်မြီးဆံများ မလှုပ်ရှားဘဲ ထောင်နေသည်ကို "ပဟဋ္ဌကဏ္ဏဝါလ-ရှင်လန်းသော နားရွက်မြီးဆံ"ဟု ခေါ်သည်၊ စာအုပ်တို့၌ "ဗန္ဓနေ နိစ္စလေ ကတွာ"ဟု ရှိ၏၊ ယောဇနာ၌ "ဗဒ္ဓနိစ္စလေ ကတွာ "ဟု ရှိ၏၊ ယောဇနာ စာရှိအတိုင်း ကောင်းသည်။ [ဗဒ္ဓနိစ္စလေတိ ရဇ္ဇုဝလ္လိဟိ ဗဒ္ဓေ ဝိယ နိစ္စလေ၊ ပဟဋ္ဌ ကဏ္ဏဝါလေတိ သမ္ဗန္ဓော၊ ကတွာတိ ဣမိနာ အဘိဓာဝီတိ ပဒေ ကြိယာဝိသေသနဘာဝံ ဒဿေတိ၊–ယောဇနာ။]

ပဋိကုဋိယောဝ ဩသက္ကတိ-ကား၊ တထာဂတဘာဝိမုခေါယေဝ - မြတ်စွာဘုရားသို့ ရှေးရှုသည်သာလျှင်၊(ဟုတ္တာ-၍၊) ပိဋ္ဌိမေဟိ- ခြေဖမိုးဖြစ်ကုန်သော၊ ပါဒေဟိ—ခြေတို့ဖြင့်၊ အဝသက္က- နောက်ဆုတ် နောက်ဆုတ် သွားပြီ၊ အလက္ခိကောတိ စသော-၌၊(ဝစနတ္တော ဧဝံ ဝေဒိတဗ္ဗော၊)နလက္ခေတိ-မမှတ်သားတတ်၊ ဝါ-မသိတတ်၊ ဣတိ - ထို့ကြောင့်၊ အလက္ခိကော— ဣ မည်၏၊ န ဇာနာတိ-မသိတတ်၊ ဣတိ အတ္တော-နက်၊ အဟံ-ငါသည်၊ ပါပကမ္မံ-ယုတ်မာသော အမှုကို၊ ကရောမိ-ပြုနေ၏၊ ဣတိ-သို့၊ န ဇာနာတိ-မသိတတ်၊ ဝါ-တနည်း၊ န လက္ခိတဗ္ဗော—မမှတ်သားထိုက်၊ ဝါ-မကြည့်ရှုထိုက်၊ ဣတိ-ကြောင့်၊ အလက္ခိကော-ကမည်၏၊ န ပဿိတဗ္ဗော-မကြည့်ရှုထိုက်၊ ဣတိ အတ္တော - နက်၊ (ကြည့်စရာ မကောင်း-ဟူလို။)

× × × × × × ×

ပဋိကုဋိယောဝ ။ ။ မြတ်စွာဘုရားသို့ ရှေးရှုသည်ကို ပဋိဟုဆိုသည်၊ ကုဋ္ဋကား ကောက်ကွေးခြင်း အနက်ဟောတည်း၊ ဤနေရာ၌ ဒူးပဆစ်တုပ်ခြင်းကို ယူပါ၊ ကုဋ္ဋော+ယဿ+အတ္ထီတိ ကုဋိယော၊ အချို့စာအုပ်တို့၌ ဣတပစ္စည်းဖြင့်"ကုဋိတော"ဟုလည်းရှိ၏၊ အနက်တူပင်၊ ပဋိမုခံ-မြတ်စွာဘုရားသို့ ရှေးရှု+ကုဋိယော—ကောက်ကွေးခြင်းရှိသူတည်း၊ ဝါ-တုပ်ဝပ်ခြင်းရှိသူတည်း၊ ပဋိကုဋိယော—သူ။

ပိဋ္ဌိမေဟိ ပါဒေဟိ ။ ။ ဒူးတုပ်ထားသောခြေတို့၌ ခြေဖဝါးတို့သည် အပေါ်ကနေ၍ ခြေဖမိုးမှာ မြေ၌ထိနေ၏၊ နောက်ဆုတ် နောက်ဆုတ်ဖြင့် ဒူးတုပ်ကို မဖျက်ဘဲ သွားလျှင် ခြေဖဝါးဖြင့် မြေမထိဘဲ ခြေဖမိုးဖြင့်သာ ထိ၏၊ ထို့ကြောင့်"ပိဋ္ဌိမေဟိ ပါဒေဟိ–ခြေဖမိုးတို့ဖြင့် နောက်ဆုတ်သွားသည်"ဟု ဆိုသည်။

ဩသက္ကိ ။ ။ ဩသက္ကိ၌ သက္ကဓာတ်သည် သွားခြင်းအနက်ကို ဟော၏၊ အဝဥပသာရကြောင့် နောက်ဆုတ်သွားခြင်း အနက်ကို ဟောသည်ဟု မှတ်ပါ၊ ဆိုလိုရင်းကား–"မြတ်စွာဘုရားဘက်သို့ ဥုးလှည့်၍ ဒူးပဆစ်တုပ်လျက် နောက်ဆုတ်သွားသည်" ဟူလို၊ ထို့ကြောင့်"တထာဂတာဘိမုခေါ ယေဝ ပိဋ္ဌိမေဟိ ပါဒေဟိ အဝသက္ကိ" ဟု ဖွင့်သည်၊ တထာဂတာဘိမုခေါယေဝသည် ပဋိ၏ အနက်ဖွင့်တည်း၊ ခြေဖဝါးဖြင့် နင်း၍မသွားဘဲ ဒူးကို ကောက်ကွေး၍(ပဆစ်တုပ်၍) သွားသောကြောင့် ပိဋ္ဌိမေဟိ ပါဒေဟိကား ကုဋိယ၏ အနက်ဖွင့်တည်း။

အလက္ခိကော ။ ။ဓာတ်ဒိလက္ခဓာတ်သည် ဒဿနအနက်,အင်္ကနအနက် ၂ မျိုးကို ဟောသော်လည်း ဤနေရာ၌"အင်္ကန"အနက်ကို ဟောသည်ဟု သိစေလို၍ "နဇာနာတီတိ အတ္တော"ဟု မိန့်သည်၊ [ယောဇနာ၌ကား " န ဇာနာတိဖြင့် ဒဿနအနက်ကို ပြသည်–ဟု ဆို၏။] "လက္ခေတီတိ လက္ခိကော၊ န+လက္ခိကော အလက္ခိကော"ဟု ပြု၊ ဤအလို ဏျပစ္စည်းကို ကတ္တားဟောဟု ကြံပါ၊"န လက္ခိတဗ္ဗောတိ ဝါ အလက္ခိကော" ဟု ကြံလျှင် ကံဟောပင်တည်း။ [န လက္ခိတဗ္ဗောတိ အညေဟိ သပ္ပုရိသေဟိ န လက္ခိတဗ္ဗောတိ အတ္တော၊ ဧတ္ထ ဏျပစ္စယော ကတ္တုကမ္မေသု ဟောတိ၊ ယကာရဿ ကကာရံ ကတွာ အလက္ခိကောတိ ဝုတ္တံ၊–ယောဇနာ။]

တိကဘောဇနန္တိ ဧတ္တ – ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) တီဟိ–၃ ပါးကုန်သော၊ ဇနေဟိ–ရဟန်းတို့သည်၊ ဘုဉ္ဇိတဗ္ဗဘောဇနံ–စားထိုက်သော ဘောဇဉ်တည်း၊ တံ–ထိုဘောဇဉ်ကို၊ ပညပေဿာမိ–ပညတ်တော်မူအံ့၊ တံ–ထိုဘောဇဉ်ကို၊ အနုဇာနိဿာမိ – ခွင့်ပြုတော်မူအံ့၊ ပန–ဆက်၊ ဂဏဘောဇနေ – ဂဏဘောဇဉ်၌၊ (၄ ပါးမှ အထက် ဂိုဏ်းဖြစ်သော သံဃာသည် စားထိုက်သော ဘောဇဉ်၌၊) ယထာ–အကြင် အခြင်းအရာအားဖြင့်၊ ဓမ္မော – သိက္ခာပုဒ် ပါဠိတော်သည်၊ (ဋ္ဌိတော–တည်၍၊ တထာ – ထို အခြင်းအရာအားဖြင့်၊) ကာရေတဗ္ဗော–ပြုစေထိုက်၏၊ ဝါ– ဆုံးဖြတ်ထိုက်၏၊ (ဂဏဘောဇန သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ထိုက်၏၊)ဣတိ–ဤသို့မှတ်အပ်၏၊ပဉ္စဝဂ္ဂုယာစနကထာ–ငါးပါးသော ဝဂ္ဂုတို့ကို တောင်းကြောင်း ကထာကို၊ သံဃာဒိသေသဝဏ္ဏနာယံ – သံဃာဒိသေသ်အဖွင့်၌၊ (မယာ)ဝုတ္တာ—ပြီ၊ ကပ္ပန္တိ – ကား၊ အာယုကပ္ပံ– အာယုကပ်ပတ်လုံး၊(အဝီစိငရဲ၏ အာယုကပ်ပတ်လုံး၊) (“နိရယမှိ–၌၊ ပစ္စတိ–ကျက်ရ၏” ဟု ပါဠိတော်၌စပ်၊)ဖြဟ္မံ ပုညန္တိ–ကား၊ သေဋ္ဌ–မြတ်သော၊ပုညံ–ကောင်းမှုကို၊ (“ပသဝတိ — ပွားစေ၏ ” ၌စပ်၊) သဂ္ဂံ ကပ္ပမှိတိ–ကား၊ အာယုကပ္ပမေဝ–(နတ်ပြည်၏)အာယုကပ်ပတ်လုံးပင်လျှင်၊ (“မောဒတိ – ဝမ်းမြောက်ရ၏ ”ဟု ပါဠိတော်၌စပ်၊) [အာယုကပ်ချင်းတူသောကြောင့် ဧဝထည့်သည်။]

× × × × × × ×

တိက ဘောဇနံ။ ။တိက္ကံ+သမူဟော တိကံ-ရဟန်းသုံးပါးအပေါင်း၊ တိကေန+ ဘုဉ္ဇိတဗ္ဗံ+ဘောဇနံ တိကဘောဇနံ – ရဟန်းသုံးပါး အပေါင်းသည် စားထိုက်သော ဘောဇဉ်၊ ထိုဘောဇဉ်သည် ဂဏဘောဇဉ်၏ ဆန့်ကျင်ဘက်တည်း၊ ဂဏဘောဇဉ်ကိုကား လေးပါးဂိုဏ်းသည် မစားကောင်း၊ လေးပါးပြည့်လျှင်လည်း သံဃာသင်းခွဲနိုင်အောင် သံဃာပြည့်နေ၏၊ ထို့ကြောင့် ဂဏဘောဇဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော တိကဘောဇဉ်ကိုသာ “အကပ္ပိယနိမန္တနဖြင့် ပင့်ဖိတ်သော အခါ စားကောင်း၏”ဟု ခွင့်ပြုတော်မူခြင်းကိုပင်“ပညပေဿာမိ”ဟုဆိုသည်၊ ဤသို့ တိကဘောဇဉ်ကို ခွင့်ပြုလိုက်ခြင်းအားဖြင့် ဂဏဘောဇဉ်ကို ထပ်၍ လေးနက်စေသည်။

မှတ်ချက်။ ။ဘုဉ္ဇိတဗ္ဗဘောဇနံ၏ နောက်၌“တံပညပေဿာမိတိ”ဟု သံဝဏ္ဏေတဗ္ဗအဖြစ်ဖြင့်တွေ့ရ၏၊ ရှေးနိဿယ၌ ဣတိသဒ္ဒါ မပါ၊ ပါဠိတော်၌လည်း တံသဒ္ဒါ မပါသောကြောင့် “တံ ပညပေဿာမိ”တိဟု ဣတိ မပါခြင်းက ကောင်းသည်၊ အနုဇာနိဿာမိဖြင့်“ပညပေဿာမိ”အရ“တားမြစ်ကြောင်းပညတ်တော် မဟုတ်”ဟု ပြသည်။ [တိကဘောဇနန္တိ တီဟိ ဘုဉ္ဇိတဗ္ဗံ ဘောဇနံ၊ တတော အဓိကေဟိ ကေတော ပဋိက္ခေပတ္တာ ဘုဉ္ဇိတုံ နဝဋ္ဋနကံ ဂဏဘောဇနပဋိပက္ခံ ဘောဇနန္တိ အတ္ထော–ဝိမတိ။]

ကပ္ပံ။ ။အာယုကပ္ပန္တိ ကေ မဟာကပ္ပံ အသီတိဘာဂံ ကတွာ တတော ဧကဘာဂမတ္တံ ကာလံ အန္တရကပ္ပသညိတံ ကာလံ၊–သာရတ္ထ၊ ကပ္ပန္တိ မဟာနိရယေ အာယုကပ္ပံ၊ တံ“အန္တရကပ္ပ”န္တိ ကေစိ၊ ကေစိ ပန“အသင်္ချေယျကပ္ပ”န္တိ၊–ဝိမတိ။

သံဃဘေဒကကထာ

အထခေါ၊ပေ၊ ဘိန္ဒိတွာတိ (ဧတ္ထ) - ၌၊ (ဂူဠှတ္ထံ - ကို၊) ကိရ (ဥဒ္ဓရိတွာ ဒဿေမိ)-ထုတ်၍ ပြဉ်းအံ့၊ သော-ထိုဒေဝဒတ်သည်၊ ဧဝံ-ဤသို့၊(ပါဠိတော်၌ လာသည့်အတိုင်း)၊ သလာကံ-စာရေးတံကို၊ ဂါဟေတွာ—ယူစေပြီး၍၊ ဘေဒ္ဒေ ဝ—ထိုအရပ်၌ပင်၊ အာဝေဏိကံ-သီးခြားဖြစ်သော၊ ဥပေါသထံ-ကို၊ ကတွာ-ပြု၍၊ ဂတော—သွားပြီ၊ တေန-ထို့ကြောင့်၊ ဧတံ-ဤ သံဃံ ဘိန္ဒိတွာ ဟူသော စကားကို၊ ဝုတ္တံ-ပြီ။

ပိဋ္ဌိ မေ အာဂိလာယတီတိ—ကား၊ စိရနိသဇ္ဇာယ - ကြာမြင့်စွာ ထိုင်နေရခြင်းကြောင့်၊ ဝေဒနာဘိဘူတာ - ဝေဒနာသည် နှိပ်စက်အပ်သော၊ (ပိဋ္ဌိ — ကျောက်ကုန်းသည်၊) ဗာဓတိ-ရှင်ဒေဝဒတ်ကို နှိပ်စက်၏၊ ဝါ-ညောင်းညာ၏၊ [အာဂိလာယတီတိ ဧတ္ထ အာတျုပသဂ္ဂေါ အဘိဘဝနတ္တော၊ ဂိလေဓာတု ဗာဓနတ္ထောတိ အာဟ ဝေဒနာဘိဘူတာ ဗာဓတီတိ၊-ယောဇနာ၊]တမဟံ အာယမိဿာမီတိ-ကား၊ တံ-ထိုကျောက်ကုန်းကို၊ အဟံ - ငါသည်၊ ပသာရေဿာမိ-ဆန့်တန်းအံ့၊ အာဒေသနာ ၊ပေ၊ နုဿာသနီနာမ - နီ မည်သည်၊ တေ - သင်၏၊ မနော-စိတ်သည်၊ ဧပမ္ပိ-ဤသို့လည်း၊(သည်လိုလည်း၊) (ဟောတိ)၊ တေ- ၏၊ မနော-သည်၊ တထာပိ-ထိုသို့လည်း၊ (ဟိုလိုလည်း၊) (ဟောတိ)၊ ဣတိ ဧဝံ-သို့၊ ပရဿ-သူတပါး၏၊ စိတ္တံ-ကို၊ ဇာနိတွာ-သိ၍၊တဒနုရူပါ-ထိုအာဒေသနာ ပါဋိဟာရိယအားလျော်သော၊ ဓမ္မဒေသနာ—တရားဒေသနာတည်း။

× × × × × × ×

သံဃံ ဘိန္ဒိတွာ၊ပေ၊ဝုတ္တံ။ ။ရဟန်းငါးရာကို ခေါ်သွားရုံဖြင့် "သံဃံ ဘိန္ဒိတွာ" ဟု မဆိုနိုင်သေး၊ ခေါ်သွားရုံတွင်မက ဓမ္မဝါဒီ-အဓမ္မဝါဒီ စာရေးတံကို ခွဲခြားယူစေပြီး လျှင် မဟာသိမ် တခုတည်း၌ပင် ကံပြုကြသော အခြားသံဃာများမှ သီးခြားခွဲ၍ ဥပုသ် ပြုသောကြောင့်၊ (ကံခွဲ၍ ပြုသောကြောင့်) "သံဃံ ဘိန္ဒိတွာ"ဟု ဆိုသည်။

အာဒေသနာ၊ပေ၊ အနုသာသနီ။ ။ သူတပါး၏ စိတ်ကို " သင်၏ စိတ်သည် သည်ပုံ သည်နည်း, ဟိုပုံ ဟိုနည်းဖြစ်နေ၏ "ဟု ညွှန်ပြကြောင်းဖြစ်သော တန်ခိုးသည် အာဒေသနာ ပါဋိဟာရိယမည်၏၊ အနုသာသနီ ပါဋိဟာရိယကား ရိုးရာတရားဟော၍ ဆုံးမခြင်းတည်း၊ ထိုတွင် " ဧဝမ္ပိ ၊ ပေ ၊ ပရဿ စိတ္တံ ဇာနိတွာ"ဖြင့် အာဒေသနာ ပါဋိ ဟာရိယကိုပြ၏၊ တဒနုရူပါ ဓမ္မဒေသနာဖြင့် အနုသာသနီပါဋိဟာရိယကို ပြသည်။

ဝစနတ္ထ။ ။ အာဒိဿတိ ဧတာယာတိ အာဒေသနာ – သူတပါး စိတ်ဖြစ်ပုံကို ညွှန်ပြကြောင်းတန်ခိုး၊ ပဋိပက္ခေ=ဆန့်ကျင်ဘက်ရန်သူတို့ကို၊ ဟရတီတိ (ပယ်ရှားတတ်သည်၏ အဖြစ်ကြောင့်) ပဋိဟာရိယံ၊ ပဋိဟာရိယံယေဝ ပါဋိဟာရိယံ၊ အာဒေသနာစ+သာ+ ပါဋိဟာရိယံစာတိ အာဒေသနာပါဋိဟာရိယံ၊ အနုသာသတိ ဧတာယာတိ အနုသာသနီ–ဆုံးမကြောင်းတရား၊ အနုသာသနီစ+သာ+ပါဋိဟာရိယံစာတိ အနုသာသနီ

မမာနုကုမ္ဘဿ-ကား၊ မမ-ငါ၏၊ အနုကိရိယံ-အတုဖြစ်သော အမူအရာကို၊
ကုရုမာနော-ပြုသည်၊ ("ဟုတွာ မရိသတိ-သေရလတ္တံ၊"ဟု ပါဠိတော်၌စပ်၊)
ကပဏောတိ-ကား၊ ဒုက္ခိတော-လွန်စွာဖြစ်သော ဆင်းရဲခြင်းရှိသည်၊("ဟုတွာ
မရိသတိ"၌စပ်၊) မဟာဝရာဟဿာတိ - ကား၊ မဟာနာဂဿ—ဆင်ပြောင်
ကြီး၏၊("အနုကြုမ္ဘံ-အတုဖြစ်သော အမူအရာကိုပြုသည်"ဟု ပါဠိတော်၌စပ်၊)
မဟိံ ဝိကုဗ္ဗတောတိ-ကား၊ ပထဝိံ-မြေကို၊ ပဒါလေန္တဿ—ဖေါက်ခွဲသော၊
ဘိသံ ဃသမာနဿာတိ-ကား၊ ဘိသံ- ကြာစွယ်ကို၊ ခါဒန္တဿ - ခဲစားသော၊
[ပါဠိတော်၌"ဃသာနဿ"ဟု ရှိ၏၊ ဃသဓာတ်, အာနပစ္စည်းဟု ကြံ၊] နဒီသု
ဇဂ္ဂတောတိ ဧတ္ထ-၌၊ (ဂုဒ္ဓဋ္ဌံ-ကို၊) ကိရ(ဥဒ္ဓရိတွာ ဒသေမိ-အံ့၊)သော ဟတ္ထိ
နာဂေါ-ထိုဆင်ပြောင်ကြီးသည်၊သာယနှသမယံ-ညနေချမ်းအခါ၌၊နဒီနာမကံ-
နဒီအမည်ရှိသော၊ တံပေါက္ခရဏီ- ထိုရေကန်သို့၊ ဩဂါဟေတွာ- သက်ဆင်း
၍၊ ကီဠန္တော-ကစားသည်၊ (ဟုတွာ-၍၊) သဗ္ဗရတ္တိံ-အလုံးစုံသော ညဉ့်ကို၊

× × × × × × ×

ပါဠိဟာရိယံ၊ အရှင်သာရိပုတြာ၏ ပါဠိဟာရိယသည် အာဒေသနာပါဠိဟာရိယနှင့်
အနုသာသနီပါဠိဟာရိယတည်း၊ အရှင်မောဂ္ဂလ္လာန်၏ ပါဠိဟာရိယကား ဣဒ္ဓိပါဠိဟာရိ
ယနှင့် အနုသာသနီပါဠိဟာရိယတည်း၊ (အကျယ်ကို သာရတ္ထဋီကာ၌ ရှုပါ၊)

ပါဠိတော်။ ။ထုလ္လစ္စယံ ဒေသာပေဟီတိ ဣဒံ ဘေဒပုရေက္ခာရဿ ဥပေါသထာဒိ
ကရဏေ ထုလ္လစ္စယဿ ဥပေါသထက္ခန္ဓကာဒီသု ပဋ္ဌမမေဝ ပညတ္တတ္တာ ဝုတ္တံ၊ ဣတရထာ
ခေတသံ အာဒိကမ္မိကတ္တာ အနာပတ္တိယေဝ သိယာ၊—ဝိမတိ။

စဉ်းစားဘွယ်။ ။ထို ဝဇ္ဇီတိုင်းသား ရဟန်းများသည် ထုလ္လစ္စည်း အာပတ်သင့်
လျက်ပင် အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်တို့၏ တရားတော်ကြောင့် သောတာပန်
ဖြစ်ကြ၏၊ ထိုသို့ဖြစ်ရာ၌ ထုလ္လစ္စည်းအာပတ်က သူတို့ကိုယ်တိုင် လွန်ကြူးလိုသောစိတ်
စေတနာမရှိဘဲ သင့်ရသော အစိတ္တက အာပတ်ဖြစ်သောကြောင့် "အာပတ်ရှိလျက်
သောတာပန်ဖြစ်နိုင်သည်"ဟု စဉ်းစားသင့်သည်၊ အကယ်၍ လွန်ကြူးလိုသောစေတနာ
ဖြင့် သင့်ရောက်အပ်သော သစိတ္တကအာပတ်ဖြစ်လျှင်ကား သောတာပန်မဖြစ်နိုင်ရာ။

မဟိံဝိကြုဗ္ဗတော။ ။ပထဝိံတိ ဣမိနာ မဟိံဝိကြုဗ္ဗတောတိ ဧတ္ထ မဟီသဒ္ဒဿ
ဝေ နာမကံ မဟာနဒိံ (မဟီမြစ်ကို) ပဋိက္ခိပတိ၊ ပဒါလေန္တဿာတိ ဣမိနာ ကရဓာတု
ယာ ဝိတျုပသဂ္ဂဝသေန ပဒါလနတ္ထံ ဒသေတိ၊—ယောဇနာ၊ ဤသို့ မြေကြီးကို အစွယ်
တို့ဖြင့် ဖေါက်ခွဲ ထိုးပစ်ခြင်းသည် ဆင်တို့၏ ထုံးစံဖြစ်သတတ်၊ မဟိံ ဝိကြုဗ္ဗတောတိ
မဟိံ ဒန္တေဟိ ဝိလိခန္တဿ၊ ဣဒဉ္စ ဟတ္ထီနံ သဘာဝဒဿနံ၊—ဝိမတိ။

နဒီသု ဇဂ္ဂတော။ ။"နဒီ"အရ မြစ်ကို ယူမည်စိုး၍"နဒီနာမကံ ပေါက္ခရဏိံ"
ဟု ဖွင့်သည်၊ ဋီကာ၌ "နဒီတိစေတ္ထ မဟာသရော အဓိပ္ပေတော" ဟု ဖွင့်၏၊ ဤ၌
"ကီဠန္တော သဗ္ဗရတ္တိံ ဝိတိနာမေသိ ဇာလိကံ ကရောတိ"ကား ဇဂ္ဂတော၏အဓိပ္ပါယ်ကို
ဖွင့်ဟန်တူသည်၊ ဤအလို "နဒီသု – နဒီမည်သော ချောင်း မြောင်းတို့၌၊ ဇဂ္ဂတော–
ပျော်မြူး၍နေသော"ဟု ပေးသင့်မည်ထင်သည်၊ ဝိမတိ၌"ဇဂ္ဂတောတိ ယူထံ ပါလေန္တ

ဝိတိန္နာမေသိ-လွန်စေပြီး၊ ဇာလိကံ-ဇာကွန်ယှက်ကဲ့သို့ လူးလာဖြတ်သန်းခြင်းကို၊ (ရှေးနိဿယ အတိုင်း အနက်၊) ကရောတိ-၏၊ တေန-ကြောင့်၊ နဒီသု ဇဋ္ဋတောတိ—ဟူ၍၊ ဝုတ္တံ - ပြီ။

သုတာတိ-ကား၊ သောတာ-နားထောင်တတ်သည်၊(ဟောတိ)၊ အသန္နိဋ္ဌေါစ အက္ခာတိတိ- ကား၊ နိဿန္ဒေဟော-ယုံမှားခြင်းမရှိသည်၊ ဟုတွာ-၍၊ အနုသန္ဓိဝသေန-ရှေ့စကား နောက်စကားတို့၏ အဆက်အစပ်၏အစွမ်းဖြင့်၊ ယောဇေတွာ ယောဇေတွာ—ယှဉ်စေ၍ ယှဉ်စေ၍၊ (အချို့စာအုပ်၌ " ယောဇေတွာ" တပုဒ်သာ ပါသည်၊) အက္ခာတိ- ပြောဆိုတတ်၏၊ အပါယေ-အပါယ်၌၊ နိဗ္ဗတ္တိဿတိ - ဖြစ်လတ့်၊ ဣတိ - ထို့ကြောင့်၊ အာပါယိကော - အာပါယိကမည်၏၊ [နိဗ္ဗတ္တအနက်၌ ဏိကပစ္စည်းသက်။] ဧဝံ- တူ၊ နေရယိကော - ငရဲ၌ဖြစ်လတ့်၊ [နိရယေ နိဗ္ဗတ္တိဿတိတိ နေရယိကောဟု ပြုပါ - ဟူလို။] ကပ္ပံ— အဝီစိငရဲ၏ အာယုကပ်ပတ်လုံး၊ ဌဿတိ-တည်လတ့်၊ ဣတိ- ကြောင့်၊ ကပ္ပဋ္ဌော-ဌမည်၏၊ ဣဒါနိ- ယခုအခါ၌၊ (သံဃာသင်းခွဲပြီးရာ ယခုအခါ၌၊) ဗုဒ္ဓသဟဿေနာပိ- ဘုရား အထောင်သော်မှလည်း၊ (ဝိသဒ္ဒါ သမ္ဘာဝနာဇောတက၊) တိကိစ္ဆိတုံ- ကုစားခြင်းငှါ၊နသက္ကာ-မတတ်ကောင်းတော့၊ ဣတိ-ကြောင့်၊အတေကိစ္ဆော- အတေကိစ္ဆမည်၏။

မာ ဇာတု ကောစိ လောကသ္မိံ - ကား၊ လောကသ္မိံ - သတ္တလောက၌၊ ကောစိ-တစုံတယောက်သော၊ သတ္တော- သတ္တဝါသည်၊ ကဒါစိပိ- တခါတခါ၌လည်း၊ (ပါပိစ္ဆော- ယုတ်မာသော အလိုရှိသူသည်၊) မာ (ဥဒပဇ္ဇထ)-မဖြစ်ပါလင့်၊ ဥဒပဇ္ဇထာတိ-ကား၊ (မာ)ဥပပဇ္ဇထ-မဖြစ်ပါလင့်၊ ဇလံဝ ယသသာ အဋ္ဌာတိ - ကား၊ ယသသာ - အခြွေအရံ အကျော်အစောအားဖြင့်၊ ဇလန္တော ဝိယ-တောက်ပသကဲ့သို့၊ ဌိတော-တည်ပြီ၊ ဒေဝဒတ္တောတိ မေ သုတန္တိ-ကား၊

× × × × × × ×

သ " ဟုရင်း, သာရတ္ထ၌ "ဇဋ္ဋတောတိ ဟတ္ထိယူထံ ပါလေန္တသ" ဟုရင်း ဖွင့်၏၊ ဋီကာတို့လက်ထက်တုန်းက ဤ အဋ္ဌကထာဖွင့် ရှိဟန်မတူ၊ ထို့ကြောင့် အဋ္ဌကထာဖွင့်မှ တမျိုးဖွင့်ဟန် တူသည်၊ ဤဋီကာတို့ အလိုအားဖြင့် " ဇဋ္ဋတော — ဆင်အပေါင်းကို စောင့်ရှောက်နေသော"ဟု ပေးပါ။

ဥဒပဇ္ဇထ။ ။ဥပပုဒ္ဓ ပဒဓာတ်၊ အဇ္ဇတနီ အာ ဝိဘတ်၊ ယပစ္စည်း၊ ဓာတ်၏အစ၌ (အ) လာ၊ ယဝမဒနဖြင့် ဒ လာ၊ ချကို ဇပြု၊ ဒွေဘော်လာ၊ ဣကာရာဂမော အသဗ္ဗဓာတုကမှိသုတ်ဖြင့် ဣလာ၊ အာ ဝိဘတ်ကို ထပြု၍ "ဥဒပဇ္ဇိတ္ထ"ဟု ဖြစ်သင့်သော်လည်း ဂါထာအရာဖြစ်၍ ဆန်းစောင့်ခြင်းအကျိုးငှါ ဣကို (အ) ပြု၊ တ တလုံးကိုချေ၍ "ဥဒပဇ္ဇထ"ဟု ဖြစ်ရသည်၊ ထို့ကြောင့် ပါဠိတော်၌လည်း"ဥဒပဇ္ဇထ"ဟု ရှိပါစေ၊ "ဥပပဇ္ဇထ " ဟု မရှိပါစေနှင့်၊ ဤရုပ်မျိုးကို မောဂ္ဂလ္လာန်နိဿယ တျာဒိကဏ္ဍ, (၃၀) သုတ်၌ များစွာတွေ့နိုင်သည်။

ဒေဝဒတ္တော- ဒေဝဒတ်ကို၊ ဤဒိသော- ဤကဲ့သို့ ရှုအပ်၏၊ ဣတိ- ဤသို့၊ ဘဂဝတာ - သည်၊ သုဘဒ္ဒိ - ကြားအပ်ဘူးသောစကားသည်လည်း၊ အတ္ထိ - ရှိ၏၊ ဟဒေဝ-ထိုစကားကိုပင်၊ ဂဟေတွာ-ယူ၍၊ ဣဒံ- ဤစကားကို၊ (ပဏ္ဍိတောတိ သမညာတော, ဘာဝိတတ္တောတိ သမ္မတော၊ ဇလံဝ ယသသာ အဋ္ဌာ, ဒေဝဒတ္တောဟူသောစကားကို၊) (ဘဂဝတာ) ဝုတ္တံ- ပြီ၊ သော ပမာဒမနုစိဏ္ဏောတိ ဧတ္ထ - ၌၊ ပမာဒံ - မေ့လျော့ခြင်းကို၊ အနုစိနာတိ - အဖန်ဖန် စီတတ်၏၊ ဝါ- တိုးပွားစေတတ်၏၊ ဣတိ - ကြောင့်၊ အနုစိဏ္ဏော - အနုစိဏ္ဏမည်၏၊ [စိခတ်ဖြစ်လျှင် "အနုစိဏ္ဏော"မကောင်း၊ "အနုစိနော"ရှိမှ ကောင်း၏။] ပမာဒေါ- မေ့လျော့ခြင်းကို၊ အပ္ပဟီနော-မပယ်အပ်သေး၊ ဣတိအတ္တော- ဤကားအနက်၊ အာသဇ္ဇ နန္တိ- ကား၊ ပါပကေန- ယုတ်မာသော၊ စိတ္တေန- စိတ်ဖြင့်၊ ပတွာ- ရောက်၍၊ ဝါ-တနည်း၊ ဝိသောသေတွာ-ခြောက်သွေ့စေ၍၊ ["ဝိဟေဌေတွာ- ညှဉ်းဆဲ၍ "ဟု ရှိလျှင် ကောင်း၏၊ ဋီကာ၌လည်း " ဝိဟေဌေတွာ"ဟု ရှိသည်။] ဣတိအတ္တော-နက်၊ ပန-ဆက်၊ အဝီစိနိရယံ ပတ္တောတိ ဣဒံ-တ္တောဟူသော ဤသဒ္ဒါသည်၊ အာသီသာယံ - မချွတ်ဖြစ်လတ္တံ့ဟူသော အနက်၌၊ အတီတဝစနံ- အတိတ်ဝိဘတ်ရှိသော သဒ္ဒါတည်း၊ ဘေသ္မာတိ — ကား၊ ဘယာနကော — ကြောက်ဘွယ်ကောင်းသော၊ ဝါ- ကြောက်ဘွယ်ကောင်းလေအောင်၊ ("မဟာ-ကြီးကျယ်လှ၏" ဟု ပါဠိတော်၌စပ်။) [အာသီသာယံတိ အဝဿံဘာဝိ အတ္တသိဒ္ဓိယံ-မချွတ်ဖြစ်လတ္တံ့သော အကျိုး၏ပြီးစီးခြင်း၌၊ သာ ဟိ ဣဓ အာသီသာတိ အဓိပ္ပေတာ၊ န ပတ္ထနာ၊ ဤဒိသေ အနာဂတတ္တေ အတီတဝစနံ သဒ္ဒဝိဒူ ဣစ္ဆန္တိ၊—ဋီကာ။]

ဥပါလိပဥ္စကထာ

ကေတော ဥပါလိ ကောတိ - ကား၊ ဓမ္မဝါဒိပက္ခေ - ဓမ္မဝါဒီဘက်၌၊ ကော-တပါးသည်၊ (ဟောတိ)၊ ကေတော ဒွေတိ- ကား၊ အဓမ္မဝါဒိပက္ခေ- အဓမ္မဝါဒီဘက်၌၊ ဒွေ - ၂ ပါးတို့သည်၊ (ဟောန္တိ)၊ စတုတ္ထော အနုဿာဝေတိဘိ-ကား၊ သံဃံ-ကို၊ ဘိန္ဒိဿာမိ-ခွဲအံ့၊ ဣတိ-ဤသို့ကြံ၍၊ အဓမ္မဝါဒီ-အဓမ္မဝါဒီရဟန်းသည်၊ စတုတ္ထော-လေးပါးမြောက်သည်၊ ဟုတွာ-၍၊ အနုဿာဝေတိ-စိတ်ကို ဆွဲဆောင်လျက် ကြားသိစေအံ့၊ အနုနယန္တော- စိတ်ကို ဆွဲဆောင်လျက်၊ သာဝေတိ - ကြားသိစေအံ့၊ (ကိံ - အဘယ်သို့ ကြားသိစေသနည်း၊)

× × × × × × ×

အနုဿာဝေတိ။ ။အနုကို " အနုနယန္တော" ဟု ဖွင့်သည်၊ ထို "အနုနယန" ဟူသည် သံဃာသင်းခွဲဆိုက်သော ရဟန်းတို့ကို မိမိတို့ဘက်သို့ပါအောင် ဆွဲဆောင်ခြင်းတည်း၊ န တုမှာကံ၊ ဧဝ စသည်ကား အနုနယနပြုပုံကိုပြသော စကားတည်း၊ သာဝေ

ဗုဒ္ဓမာကံယေဝ- အရှင်ဘုရားတို့၏သာ၊ (အရှင်ဘုရားတို့မှာသာ၊) နရကဘယံ- နရက်ဘေးသည်၊ ဝါ- ငရဲဘေးသည်၊ န အတ္ထိ - ရှိသည်မဟုတ်ပါ၊ အမှာကမ္ပိ- တပည့်တော်တို့၏လည်း၊ (တပည့်တော်တို့မှာလည်း)၊ နရကဘယံ - သည်၊ အတ္ထိ- ရှိပါ၏၊ အမှာကံ— တို့၏ (အတွက်)၊ အဝီစိမဂ္ဂေါ — အဝီစိလမ်းကို၊ န ပိဟိတော-ပိတ်အပ်ပြီ မဟုတ်ပါ၊ (အချို့စာ၌“ဘီတော”ဟု ရှိ၏၊ မကောင်း၊) မယံ-တို့သည်၊ အကုသလာ-အကုသိုလ်မှ၊ န ဘာယာမ- မကြောက်ကြကုန်သည်၊ န-မဟုတ်ပါ၊ ဟိ- မှန်၊ အယံ - ဤအယူသည်၊ အဓမ္မော - အဓမ္မသည်ရင်း၊ အဝိနယော- အဝိနယသည်ရင်း၊ အသတ္ထုသာသနံဝါ- မြတ်စွာဘုရား အဆုံးအမတော် မဟုတ်သည်ရင်း၊ ယဒိ ဘဝေယျ - အကယ်၍ ဖြစ်အံ့၊ (ဇံဝံသတိ)၊ မယံ- တို့သည်၊ န ဂဏှေယျာမ- ဤအယူကို မယူကုန်ရာ၊ ဣတိ အာဒိနာ-ဤသို့ အစရှိသော၊ နယေန-နည်းဖြင့်၊ အဓမ္မံ- အဓမ္မကို၊ ဓမ္မောတိ- ဓမ္မဟူ၍၊ (“အနုဿာဝေတိ - စိတ်ကို ဆွဲဆောင်လျက် ကြားသိစေအံ့ ”ဟု ပြန်လှည့်၊) ဇံ- ဤသို့၊ အဋ္ဌာရသ- တဆဲ့ရှစ်ပါးကုန်သော၊ ဘေဒကရဝတ္ထူနိ- ဘေဒကရဝတ္ထုတို့ကို၊ ဗောဓေတိ-သိစေအံ့၊ ဣတိအတ္ထော-နက်၊ ပန-ဆက်၊ သလာကံ ဂါဟေတီတိ- ကား၊ ဇံ-ဤသို့၊ အနုဿာဝေတွာ- စိတ်ကို ဆွဲဆောင်လျက် ကြားသိစေပြီး၍၊ ဣဒံ-ဤအယူကို၊ ဂဏှထ-ယူကြပါကုန်၊ ဣဒံ-ဤအယူကို၊ ရောစေထ-နှစ်သက်ကြပါကုန်၊ ဣတိ-သို့၊ ဝဒန္တော-ပြောဆိုလျက်၊ သလာကံ-ကို၊ ဂါဟေတိ-၏။

ဧကေတာ၊ပေ၊ ဒွေ ဟောန္တီတိ အာဒီသုပိ - န္တိ အစရှိသော ပါဠိရပ်တို့၌လည်း၊ ဧသေဝနယော-ပင်တည်း၊ ဇံ၊ပေ၊သံဃဘေဒေါစာတိ-ကား၊ ဇံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ (တဘက်၌ ၄ ပါး , အခြားတဘက်၌လည်း ၄ ပါး, န၀မမြောက်ပုဂ္ဂိုလ်က စာရေးတံကို ယူစေသောအားဖြင့်၊) (သံဃရာဇီစေဝ- သံဃာ၏ အရေးအကြောင်းသည်ရင်း၊ သံဃဘေဒေါစ- သံဃာ၏ ကွဲပြားခြင်းသည်ရင်း၊) ဟောတိ- ၏၊ ပန - သို့သော်လည်း၊ ဧတ္တာဝတာ - ဤမျှလောက် အတိုင်းအရှည်ရှိသော စာရေးတံကိုယူစေခြင်းမျှဖြင့်၊ သံဃော-သည်၊ ဘိန္နော- ကွဲပြီးသည်၊ န ဟောတိ- မဖြစ်သေး။

× × × × × × × ×

တိ၌ ကြားစေရုံသာ မက “သိစေ၏” ဟူသော အဓိပ္ပါယ်ကိုပါ ယူစေလိုသောကြောင့် “ဗောဓေတီတိ အတ္ထော”ဟု ဖွင့်သည်၊ [ဋီကာတို့၌ကား“အနုနယဿန္တောတိ အနုဇာနာပေန္တော (ခွင့်ပြုစေလျက်) ”ဟုရင်း,“ဘေဒဿ အနုရူပံဝါ ဗောဓေန္တော (ကွဲပြားခြင်းအား လျော်စွာသိစေလျက်)”ဟုရင်း, “ယထာ ဘေဒေါ ဟောတိ၊ ဇံ ဘိန္နိတဗ္ဗေ ဘိက္ခူ ဝိညာပေန္တော”ဟုရင်း ဖွင့်သည်။]

န ပန ဧတ္တာဝတာ။ ။ပါဠိတော်၌ တဘက်လျှင် လေးပါးစီရှိ၍ ကိုးပါးမြောက် ရဟန်းက စာရေးတံကို ယူစေပြီးသောအခါ“သံဃရာဇီစေဝ ဟောတိ သံဃဘေဒေါစ” ဟု မိန့်တော်မူပါသော်လည်း ထိုသို့ စာရေးတံယူစေရုံမျှဖြင့် သံဃာ မကွဲသေး၊ ကံခွဲ၍

ဘိက္ခု၊ပေ၊ဘိန္ဒတီတိ ဧတ္တ-၌၊ (ကသဳစိ- တစုံတယောက်သော၊ စောဒက သဳ- စောဒက၏၊ ဧဝံဒိသီ - ဤကဲ့သို့ ရှုအပ်သော၊ စောဒနာ- စောဒနာသည်၊) သိယာ - ဖြစ်ရာ၏၊ (ကီဒိသီ - အဘယ်ကဲ့သို့ ရှုအပ်သော၊ စောဒနာ - သည်၊ သိယာ - ဖြစ်ရာသနည်း၊) ဧဝံ- ဤသို့ ပကတတ္တ, သမာနသံဝါသက, သမာန သီမာယံဌိတ ရဟန်းသာ သံဃာကိုခွဲနိုင်လသော်၊ ဒေဝဒတ္တော-သည်၊ ကထံ- အဘယ်သို့လျှင်၊ ပကတတ္တော- ပကတတ်ဖြစ်ပါသနည်း၊ ဣတိ(ဤဒိသီ-သော၊ စောဒနာ-သည်၊ သိယာ-၏၊)တာဝ-မဖြေမီ ရှေးဦးစွာ၊(တံ-သင် စောဒကကို၊ ပုစ္ဆာမိ- မေးလိုသေး၏၊) ကထံ- အဘယ် အကြောင်းကြောင့်၊ (ဒေဝဒတ္တော- သည်၊)န ပကတတ္တော-ပကတတ်မဖြစ်ပါသနည်း၊(ဣတိ-သို့၊ တံ-ကို၊ ပုစ္ဆာမိ- ၏၊) ရညော- မင်း၏၊ ဝါ-ကို၊ ဃာတာပိတတ္တာ - သတ်စေအပ်သည်၏အဖြစ် ကြောင့်ရင်း၊ ရုဟိရုပ္ပါဒဿ - ခြေမတော်ဝယ် သွေးဖြစ်စေခြင်း၏၊ ဝါ - ကို၊ ကတတ္တာ — ပြုအပ်သည်၏အဖြစ်ကြောင့်ရင်း၊ ဒေဝဒတ္တော — သည်၊ န ပကတ တ္တော-ပါ၊ ဣတိ- ဤသို့ဖြေအံ့။

တတ္ထ - ထို သင့်အဖြေ၌၊ ဝဒါမ- ငါတို့ ဆိုကုန်ဦးအံ့၊ (ရညော ဃာတာပိ တတ္တာ ရုဟိရုပ္ပါဒဿ ကတတ္တာဟူသောအကြောင်းပြ၌ ချေပချက်ကို ဆိုဦးအံ့- ဟူလို၊) တာဝ-ရုဟိရုပ္ပါဒမှ ရှေးဦးစွာ၊ အာဏတ္တိယာ- စေခိုင်းခြင်း၏၊ ဝိရုဒ္ဓ တ္တာ-ဍွတ်ယွင်းသည်၏အဖြစ်ကြောင့်၊ ရညော-မင်းကို၊ ဃာတာပနံ- သတ်ဧ ခြင်းသည်၊ နတ္ထိ-မရှိ၊ ဟိ-မှန်၊ တနည်း, ဟိ-ချဲ့၊(ဧဝဦမှ ဟိကိုယူသည်၊)ကုမာရ မင်းသား၊ တေနဟိ-ငါ တိုက်တွန်း၏၊ တွံ-သင်သည်၊ ပိတရံ- ခမည်းတော်ကို၊ ဟန္တွာ-သတ်၍၊ ရာဇာ— သည်၊ ဟောဟိ - ဖြစ်သော၊ အဟံ - ငါသရာသည်၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ ဟန္တွာ—၍၊ ဗုဒ္ဓေါ—သည်၊ ဘဝိဿာမိ — ဖြစ်အံ့၊ ဣတိ ဧဝံ-သို့၊ တဿ - ထို အရှင်ဒေဝဒတ်၏၊ အာဏတ္တိ - သည်၊ (ဟောတိ)၊ ကုမာရေပန-သည်ကား၊ ရာဇာ-မင်းသည်၊ ဟုတွာ-ဖြစ်ပြီး၍၊ ပန္တွာ - နေ၍၊ ပိတရံ-ကို၊ မာရေသိ-သေစေပြီ၊ ဝါ - သတ်ပြီ၊ ဧဝံ- ဤသို့လျှင်၊ တာဝ - ရုဟိ ရုပ္ပါဒမှ ရှေးဦးစွာ၊ အာဏတ္တိယာ - ၏၊ ဝိရုဒ္ဓတ္တာ — ကြောင့်၊ ရညော - ကို၊ ဃာတာပနံ - သည်၊ နတ္ထိ၊ [" ခိုင်းသည့်အတိုင်း မလုပ်သောကြောင့် တတိယ ပါရာဇိက မကျ" ဟူလို။]

× × × × × × ×

မြှ သံဃာကွဲသောကြောင့် " န ပန ဧတ္တာဝတာ " စသည်ကို မိန့်သည်။ [န ပန၊ပေ၊ ဟောတီတိ (ဟူသောဤစကားကို) သလာကဂ္ဂါဟာပန မတ္တေန သံဃဘေဒါနိဗ္ဗတ္တိတော (သံဃာသင်းခွဲခြင်း၏ မဖြစ်သေးခြင်းကြောင့်) ဝုတ္တံ၊ ဥပေါသထာဒိသံဃကမ္မေ ကတေ ဧဝ ဟိ သံဃော ဘိန္နော ဟောတိ၊ တတ္ထစ ဥပေါသထပဝါရဏာသု ဉတ္တိနိဋ္ဌာနေန, သေသကမ္မေသု အပလောကနာဒိကမ္မပရိယောသာနေန သံဃဘေဒေါ သမတ္တောတိ ဒဋ္ဌဗ္ဗော — ဝိမတိ။]

ပန-ကား၊ ရုဟိရုပ္ပါဒေ-ကို၊ ကတမဗ္ဗေယေဝ-ပြုအပ်ကာမျှသော်သာလျှင်၊ ရုဟိရုပ္ပါဒပစ္စယာ - ခြေမတော်ဝယ် သွေးကို ဖြစ်စေခြင်းဟူသော အကြောင်းကြောင့်၊ ဘဂဝတာ-သည်၊ အဘဗ္ဗတာ-အဘဗ္ဗပုဂ္ဂိုလ်၏ အဖြစ်ကို၊ န ဝုတ္တာ-မိန့်တော်မမူအပ်သေး၊ ဘဂဝတော-၏၊ ဝစနံ—စကားတော်ကို၊ ဝိနာယေဝ-ကြဉ်၍သာလျှင်၊ တဿ - ထို အရှင်ဒေဝဒတ်၏၊ အဘဗ္ဗတံ - အဘဗ္ဗပုဂ္ဂိုလ်၏ အဖြစ်သို့၊ အာရောပေတုံ စ- တက်ရောက်စေခြင်းငှါလည်း၊ ဝါ - တင်ခြင်းငှါလည်း၊(န စ သဒ္ဒါမှ“စ”ကို ယူသည်၊) န သက္ကာ-မတတ်ကောင်း၊(ပန-ဆက်၊ ရုဟိရုပ္ပါဒကော ဘိက္ခဝေ ၊ပေ၊ နာသေတဗ္ဗောတိ ဣဒံ— ဟူသော ဤစကားကို၊ ဘဂဝတာ-သည်၊ သံဃဘေဒတော-သံဃာသင်းခွဲရာ အခါမှ၊ ပစ္ဆာ-နောင်၌၊ ဝုတ္တံ-ပြီ၊ [ဘိက္ခဝေ—တို့၊ ရုဟိရုပ္ပါဒကော - ရုဟိရုပ္ပါဒကကို၊ အနုပသမ္ပန္နော— မြင့်မြတ်သော ရဟန်းအဖြစ်သို့ မရောက်သေးသည်၊(သမာနော-သော်၊) န ဥပသမ္ပာဒေတဗ္ဗော-မြင့်မြတ်သော ရဟန်းအဖြစ်သို့ မရော်စေထိုက်၊ ဥပသမ္ပန္နော- မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပြီးသည်၊(သမာနော၊) နာသေတဗ္ဗော- ဖျက်ဆီးထိုက်၏၊] တသ္မာ - ကြောင့်၊ (ထိုသို့ မင်းကိုသတ်ဘို့ရန် စေခိုင်းခြင်း၏ ခိုင်းတိုင်း မဟုတ်သည့်အတွက် ချွတ်ယွင်းသည်၏ အဖြစ်, ရုဟိရုပ္ပါဒကို ပြုအပ်ကာမျှ၌ အဘဗ္ဗပုဂ္ဂိုလ်၏အဖြစ်ကို ဟောတော်မမူအပ်သည်၏ အဖြစ်ကြောင့်၊) ပကတတ္တောနေဝ-ပကတတ်သည်သာ၊(ဟုတွာ-၍၊) တေန-ထို အရှင်ဒေဝဒတ် သည်၊ သံဃော-ကို၊ ဘိန္နော-ခွဲအပ်ပြီ၊ ဣတိ-ဤသို့၊ (ဝဒါမ-ငါတို့ဆိုကုန်၏။)

× × × × × × ×

အဘဗ္ဗတာ န ဝုတ္တာ ။ ။ အဘဗ္ဗတာ န ဝုတ္တာတိ “ဣဒံ ဘိက္ခဝေ ဒေဝဒတ္တေန ပဌမံ အာနန္တရိယကမ္မံ ဥပစိတန္တိ အာဒိနာ အာနန္တရိယတံ ဝဒတာ ဘဂဝတာ (လောဟိတုပ္ပါဒ ကမ္မကထာတုန်းက မိန့်တော်မူသော မြတ်စွာ ဘုရားသည်၊) တဿ အဘဗ္ဗတာသခ်ါတာ ပါရာဇိကတာ နပညတ္တာ၊ (အဘဗ္ဗနှင့်ပါရာဇိကသည် သဘောတူ ဖြစ်သောကြောင့် ထိုအဘဗ္ဗအဖြစ်ဟူသော ပါရာဇိကကို ထိုအချိန်တုန်းက ပညတ်တော် မမူအပ်သေး၊) တေန အာပတ္တိဝိယ အဘဗ္ဗတာပိ ပညတ္တိအနန္တရမေဝ ဟောတိ၊ (အဘဗ္ဗအဖြစ်လည်း အာပတ်ကဲ့သို့ ပညတ်တော်မူမှ ဖြစ်ရသော အဖြစ်တည်း၊) န တတော ပုရေတိ ဒဿေတိ (မပညတ်မီ မဖြစ်နိုင်ဟုပြသည်၊) ဣမံ ပန (ဤသံဃဘေဒ သိက္ခာပုဒ်၌ကား၊) အာဒိကမ္မိကဿာပိ အနာပတ္တိယာ အဝုတ္တတ္တာ ဒေဝဒတ္တဿဒယောပိ န မုတ္တာတိ ဒဋ္ဌဗ္ဗံ၊—ဝိမတိ။

ရုဟိရုပ္ပါဒကော၊ပေ၊ဝုတ္တံ။ ။ထိုသို့ဖြစ်လျှင် “ရုဟိရုပ္ပါဒကော ဘိက္ခဝေ၊ပေ၊ နာသေတဗ္ဗော”ဟု ဟောတော်မူသည်မဟုတ်ပါလော၊ ထိုသို့ဟောတော်မူလျှင် အရှင် ဒေဝဒတ်သည် ဘိက္ခုပင် မဟုတ်တော့ပြီ မဟုတ်ပါလော ဟု စောဒနာဘွယ် ရှိသော ကြောင့် “ရုဟိရုပ္ပါဒကော”စသည်မိန့်၊ သံဃာသင်းခွဲပြီးနောက်မှ ပညတ်တော်မူသော ကြောင့် သံဃာသင်းခွဲချိန်တုန်းက အရှင်ဒေဝဒတ်သည် ပကတ္တဘိက္ခုပင် ဖြစ်ပါသေး သည်—ဟူလို။

အဓမ္မံ ဓမ္မောတိ ဒီပေန္တီတိ အာဒီသု-ဒီပေန္တိ အစရှိကုန်သော၊ အဋ္ဌာရသသု-တဆယ့်ရှစ်ပါးကုန်သော၊ ဘေဒကရဝတ္ထူသု-ဘေဒကရဝတ္ထုတို့တွင်၊ တာဝ-ဝိနယပရိယာယမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေန - ညွှန်ပြအပ်သော၊) သုတ္တန္တပရိယာယေန-သုတ္တန်ဒေသနာတော်နည်းအားဖြင့်၊ ဒသ-ဆယ်ပါးကုန်သော၊ ကုသလကမ္မပထာ-ကုသလကမ္မပထ တရားတို့သည်၊ ဓမ္မော-ဓမ္မမည်၏၊ ဒသ-န်သော၊ အကုသလကမ္မပထာ - အကုသလကမ္မပထ တရားတို့သည်၊ အဓမ္မော - အဓမ္မမည်၏၊ တထာ—ထို့မှတပါး၊ သတိပဋ္ဌာနာ-သတိပဋ္ဌာန်တို့သည်၊ စတ္တာရော-လေးပါးတို့တည်း၊ သမ္မပ္ပဓာနာ- သမ္မပ္ပဓာန်တို့သည်၊ စတ္တာရော - တို့တည်း၊ ဣဒ္ဓိပါဒါ-ဣဒ္ဓိပါဒ်တို့သည်၊ စတ္တာရော-တို့တည်း၊ ဣန္ဒြိယာနိ-ဣန္ဒြေတို့သည်၊ ပဉ္စ-ငါးပါးတို့တည်း၊ ဗလာနိ - ဗိုလ်တို့သည်၊ ပဉ္စ - တို့တည်း၊ ဗောဇ္ဈင်္ဂါနိ-ဗောဇ္ဈင်တို့သည်၊ သတ္တ - ခုနစ်ပါးတို့တည်း၊ မဂ္ဂေါ - မဂ်သည်၊ အဋ္ဌင်္ဂိကော-ရှစ်ပါးသော အင်္ဂါ၏၊ ဣတိ - ဤသို့၊ သတ္တတိံသ - သုံးဆယ့်ခုနစ်ပါးသော၊ ဗောဓိပက္ခိယဓမ္မာ-ဗောဓိပက္ခိယတရားတို့သည်၊ ဓမ္မော နာမ-ဓမ္မမည်၏။

သတိပဋ္ဌာနာ-တို့သည်၊ တယော—သုံးပါးတို့တည်း၊ သမ္မပ္ပဓာနာ-တို့သည်၊ တယော-တို့တည်း၊ ဣဒ္ဓိပါဒါ - တို့သည်၊ တယော — တို့တည်း၊ ဣန္ဒြိယာနိ—တို့သည်၊ ဆ—တို့တည်း၊ ဗလာနိ-တို့သည်၊ ဆ-တို့တည်း၊ ဗောဇ္ဈင်္ဂါ-တို့သည်၊ အဋ္ဌ-တို့တည်း၊ မဂ္ဂေါ-သည်၊ နဝင်္ဂိကော- ကိုးပါးသော အင်္ဂါရှိ၏၊ ဣတိစ-ဤသို့လည်းဖြစ်သော၊ [ဤကား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို ဘုရားဟောတော်မူသည့် အတိုင်း မဟုတ်ဘဲ သတိပဋ္ဌာန် သုံးပါး စသည်အားဖြင့်

× × × × × × ×

တယော သတိပဋ္ဌာနာစသည်။ ။တယော သတိပဋ္ဌာနာတိ အာဒီသု တယော ဧဝ သတိပဋ္ဌာနာ၊ န တတော ပရန္တိ ဧကဿ သတိပဋ္ဌာနဿ ပဋိက္ခေပေါဝ ဧသ အဓမ္မော၊ န ပန တိဏ္ဏံ သတိပဋ္ဌာနတ္တဝိဓာနံ, တဿ ဓမ္မတ္တာ၊ ဧဝံ သေသေသုပိ ဟာပနကောဋ္ဌာသေသု၊ ဝဍ္ဎနေသု ပန ဆဣန္ဒြိယာနီတိ အနိန္ဒြိယဿပိ ဧကဿ ဣန္ဒြိယတ္တဝိဓာနမေဝ အဓမ္မော၊ ဧဝံ သေသေသုပိ၊ န ကေဝလဉ္စ ဧတေဝ၊ စတ္တာရော ခန္ဓာ တေရသာယတနာနီတိ အာဒိနာ ယတ္ထကတ္ထစိ ဝိပရီတတော ပကာသနံ သဗ္ဗံ အဓမ္မော၊ ယာထာဝတော ပကာသနဉ္စ သဗ္ဗံ ဓမ္မောတိ ဒဋ္ဌဗ္ဗံ။

ပကာသနန္တိ စေတ္ထ ယထာတထာ ကာယဝစီပယောဂသမုဋ္ဌာပိကာ အရူပက္ခန္ဓာဝ အဓိပ္ပေတာ၊ ဧဝ မေတ္ထ ဒသသု ကုသလ ကမ္မပထာဒီသု အနဝဇ္ဇဋ္ဌေန သရူပတော ဓမ္မေသု အကုသလ ကမ္မပထာဒီသု သာဝဇ္ဇဋ္ဌေန သရူပတော အဓမ္မေသု စ တဒညေသု စ အဗျာကတေသု ယဿကဿစိ ကောဋ္ဌာသဿ ဘဂဝတာ ပညတ္တက္ကမေနေဝ ပကာသနံ ဓမ္မောတိ စ, ဝိပရီတတော ပကာသနံ အဓမ္မောတိ စ ဒဿိတန္တိ ဒဋ္ဌဗ္ဗံ၊ ကာမဉ္စေတ္ထ ဝိနယာဒယောပိ ယထာဘူတတော စ အယထာဘူတတော စ ပကာသနဝသေန ဓမ္မာဓမ္မေသုဧဝ ပဝိသန္တိ၊ ဝိနယာဒိနာမေန ပန ဝိသေသေတွာ ဝိသုံ ဂဟိတတ္တာ တဒဝသေသမေဝ ဓမ္မာဓမ္မကောဋ္ဌာသေ ပဝိသတီတိ ဒဋ္ဌဗ္ဗံ၊ - (ဝိမတိ။)

လျှော့၍ဖြစ်စေ တိုး၍ဖြစ်စေ ပြောဆိုအပ်သောကြောင့်“အဓမ္မ”ဟု ခေါ်ရ၏။]
ဥပါဒါနာ— ဥပါဒါန်တို့သည်၊ စတ္တာရော— လေးပါးတို့တည်း၊ နီဝရဏာ—
တို့သည်၊ ပဉ္စ— တို့တည်း၊ အနုသယာ - တို့သည်၊ သတ္တ - တို့တည်း၊ မိစ္ဆတ္တာ-
မိစ္ဆတ္တတရားတို့သည်၊ အဋ္ဌ - ရှစ်ပါးတို့တည်း၊ ဣတိစ- ဤသို့လည်း ဖြစ်သော၊
အယံ- ဤတရားအပေါင်းသည်၊ အဓမ္မော-အဓမ္မမည်၏။

တတ္ထ-ထို အဓမ္မအစုတို့တွင်၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသော၊ ဧကံ-
တမျိုးသော၊ အဓမ္မကောဋ္ဌာသံ—အဓမ္မအစုကို၊ ဂဟေတွာ-ယူ၍၊ ဣမံ အဓမ္မံ—
ဤအဓမ္မကို၊ ဓမ္မောတိ-ဓမ္မဟူ၍၊ ကရိဿာမ-ပြုကြကုန်အံ့၊ဧဝံ-ဤသို့ပြုလသော်၊
အမှာကံ-ငါတို့၏၊ အာစရိယကုလံ-ဆရာ၏ အမျိုးသည်၊ နိယျာနိကံ-ဆန့်ကျင်
ဘက်မှ ထွက်မြောက်နိုင်သည်၊ ဝါ-အမြတ်ဆုံးသည်၊ ဘဝိဿတိ — ဖြစ်လတ့်၊
မယဉ္စ-ငါတို့သည်လည်း၊ လောကေ-လောက၌၊ ပါကဋာ- ထင်ရှားကုန်သည်၊
ဘဝိဿာမ - ဖြစ်ကြကုန်လတ့်၊ ဣတိ - ဤသို့ ကြံ၍၊ တံ အဓမ္မံ - ထို အဓမ္မကို၊
အယံ-ဤသည်ကား၊ ဓမ္မော-ဓမ္မတည်း၊ ဣတိ-သို့၊ ကထယန္တာ-ပြောဆိုသော
ပုဂ္ဂိုလ်တို့သည်၊ အဓမ္မံ-အဓမ္မကို၊ ဓမ္မောတိ - ဓမ္မဟူ၍၊ ဒီပေန္တိ နာမ - ပြသူတို့
မည်၏၊ တထေဝ-ထို့အတူပင်၊ [တထေဝါတိ ဣမိနာ ဧဝံ အမှာကံ အာစရိယ
ကုလန္တိ အာဒိနာ ဝုတ္တမတ္ထံ အာကဍ္ဍတိ၊—ဝိမတိ၊] ဓမ္မကောဋ္ဌာသေသုစ - ဓမ္မ
အစုတို့တွင်လည်း၊ ဧကံ-တမျိုးသော ဓမ္မအစုကို၊ ဂဟေတွာ-၍၊ အယံ-ဤသည်
ကား၊ အဓမ္မော — အဓမ္မတည်း၊ ဣတိ - ဤသို့၊ ကထယန္တာ - ပြောဆိုသော
ပုဂ္ဂိုလ်တို့သည်၊(အချို့စာ၌ ကထေန္တာဟုရှိ၏၊ ရှေး၌ ကထယန္တာဟု ရှိခဲ့သည်၊)
ဓမ္မံ—ကို၊ အဓမ္မောတိ-ဟူ၍၊ ဒီပေန္တိနာမ-ပြသူတို့ မည်၏။

ပန - ကား၊ (သုတ္တန္တပရိယာယမှ တပါး ဝိနယပရိယာယကား၊) ဝိနယ
ပရိယာယေန-ဝိနည်းဒေသနာတော် နည်းအားဖြင့်၊ ဘူတေန - ဟုတ်မှန်သော၊
ဝတ္ထုနာ-ဝတ္ထုဖြင့်၊စောဒေတွာ-စောဒနာပြီး၍၊သာရေတွာ-အပြစ်ကို အမှတ်

× × × × × × ×

ဣမံ အဓမ္မံ၊ပေ၊ ကရိဿာမ။ ။ဣမံ အဓမ္မံ ဓမ္မောတိ ကရိဿာမာတိ အာဒိ
ဓမ္မဥ္စ အဓမ္မဥ္စ ယာထာဝတော ဉတွာဝ ပါပိစ္ဆံ နိဿာယ ဝိပရီတတော ပကာသေန္တ
ဿေဝ သံဃဘေဒေါ ဟောတိ၊န ပန တထာသညာယ (ထိုအဓမ္မကို ဓမ္မဟူသော
အမှတ်သညာဖြင့်) ပကာသေန္တဿာတိ ဒဿနတ္ထံ ဝုတ္တံ၊ တေ နယော အဝိနယံ
ဝိနယောတိ ဒီပေန္တီတိ အာဒီသုပိ၊-ဝိမတိ။

အာစရိယကုလံ နိယျာနိကံ။ ။သပါဋိဟီရံ(ဆန့်ကျင်ဘက်ကို ပယ်ရှားခြင်းနှင့်
တကွဖြစ်သည်၊) အပ္ပဋိဟတံ (သူတပါးတို့ မပိတ်ပင် မတားဆီးအပ်သည်) ဟုတ္ဂာ
ပဝတ္တတီတိ အတ္ထော၊ (သာရတ္ထ)၊ နိယျာနိကန္တိ ဥတ္တမန္တိ အတ္ထော၊ (ဝိမတိ)။ ဤသို့
ဋီကာတို့ဖွင့်ကြသောကြောင့် အာစရိယကုလံနှင့် နိယျာနိကံသည် အရတူ၏၊ ထို့ကြောင့်
အာစရိယကုလံ၏နောက်၌“နိဿာယ”ဟု စာအုပ်တို့၌ ရှိသည်ကို စဉ်းစားပါ။

ရစေပြီး၍၊ ယထာပဋိညာယ — အကြင်အကြင် စုဒိတက၏ ဝန်ခံခြင်းအားဖြင့်၊ ကာတဗ္ဗံ-ပြုထိုက်သော၊ ကမ္မံ-ကံသည်၊ ဓမ္မောနာမ-မည်၏၊အဘူတေန-မဟုတ် မမှန်သော၊ ဝတ္ထုနာ - ဖြင့်၊ အစောဒေတွာ - မစောဒနာမူ၍၊ အသာရေတွာ- အပြစ်ကို အမှတ်မရစေမူ၍၊ အပဋိညာယ - ဝန်မခံခြင်းဖြင့်၊ ကာတဗ္ဗံ - သော၊ ကမ္မံ-သည်၊ အဓမ္မောနာမ-မည်၏။[ကာတဗ္ဗံ ကမ္မံ ဓမ္မောနာမာတိ ယထာခမ္မံ ကရဏာတော ဓမ္မော နာမ၊ ဧတရဲ ဝုတ္တဝိပရိယယတော အဓမ္မော နာမ၊— သာရတ္ထ။]

[ဓမ္မ အဓမ္မကို ပြပြီး၍ ဝိနယ အဝိနယကို ပြလိုသောကြောင့် “ သုတ္တန္တ ပရိယာယေန”စသည်မိန့်၊] သုတ္တန္တပရိယာယေန-ဖြင့်၊ ရာဂဝိနယော-ရာဂကို ပယ်ဖျောက်ကြောင်းတရားငင်း၊ ဒေါသဝိနယော-ငင်း၊ မောဟဝိနယော-ငင်း၊ သံဝရော-စောင့်စည်းကြောင်း တရားငင်း၊ ပဟာနံ- ပယ်ကြောင်း တရားငင်း၊ ပဋိသင်္ခါ-အသင့်အားဖြင့် ရှုဆင်ခြင်တတ်သော ပညာငင်း၊ ဣတိ-ဤသို့၊ အယံ- ဤ တရားအပေါင်းသည်၊ ဝိနယောနာမ—ဝိနယမည်၏၊ ရာဂါဒီနံ - ရာဂ အစရှိ သည်တို့၏၊ ဝါ — တို့ကို၊ အဝိနယော — မပယ်ဖျောက်ကြောင်း တရားငင်း၊ အသံဝရော-မစောင့်စည်းကြောင်းတရားငင်း၊ အပဟာနံ-မပယ်ကြောင်းတရား ငင်း၊ အပ္ပဋိသင်္ခါ-အသင့်အားဖြင့် မရှုဆင်ခြင်တတ်သောမောဟငင်း၊ ဣတိ-သို့၊ အယံ- ဤ တရားအပေါင်းသည်၊ အဝိနယောနာမ- မည်၏၊ ဝိနယပရိယာယေ န-ဖြင့်၊ ဝတ္ထုသမ္ပတ္တိ - ဝတ္ထု၏ ပြည့်စုံခြင်းငင်း၊ ဉတ္တိသမ္ပတ္တိ - ဉတ်၏ ပြည့်စုံ ခြင်းငင်း၊ အနုသာဝန သမ္ပတ္တိ-ကမ္မဝါစာ၏ပြည့်စုံခြင်း၊ သီမာသမ္ပတ္တိ-သိမ်၏ ပြည့်စုံခြင်းငင်း၊ ပရိသာသမ္ပတ္တိ-ပရိသတ်၏ ပြည့်စုံခြင်းငင်း၊ ဣတိ- သို့၊ အယံ- ဤ ပြည့်စုံခြင်းသည်၊ ဝိနယောနာမ- မည်၏၊ ဝတ္ထုဝိပတ္တိ- ဝတ္ထု၏ ပျက်စီးခြင်း ငင်း၊ ပေ၊ပရိသာဝိပတ္တိ - ပရိသတ်၏ ပျက်စီးခြင်းငင်း၊ ဣတိ— သို့၊ အယံ - ဤ ပျက်စီးခြင်းသည်၊ အဝိနယော နာမ-မည်၏။

[တထာဂတ ဘာသိတလပိတကိုပြလို၍ သုတ္တန္တပရိယာယေန စသည်မိန့်။] သုတ္တန္တပရိယာယေန-ဖြင့်၊ သတိပဋ္ဌာနာ- တို့သည်၊ စတ္တာရော- တို့တည်း၊ပေ၊ မဂ္ဂေါ-သည်၊ အဋ္ဌင်္ဂိကော-ရှစ်ပါးသောအင်္ဂါရှိ၏၊ ဣတိ-သို့၊ ဧဒံ- ဤစကား

× × × × × × ×

ရာဂဝိနယောစသည်။ ။ရာဂဝိနယော ၊ပေ၊ အယံဝိနယောနာမာတိ ရာဂါဒီနံ ဝိနယနတော သံဝရဏတော ပဇဟနတော ပဋိသင်္ခါနတော စ ဝိနယော နာမ၊ ဝုတ္တ ဝိပရိယာယေန ဧတရော အဝိနယော၊ ဝတ္ထုသမ္ပတ္တိ အာဒိဝသေန သဗ္ဗေသံ ဝိနယကမ္မာနံ အကုပ္ပတာတိ အာဟ ဝတ္ထုသမ္ပတ္တိ ၊ပေ၊ အယံ ဝိနယောနာမာတိ၊ တပ္ပဋိပက္ခတော အဝိနယော ဝေဒိတဗ္ဗော၊ တေနာဟ ဝတ္ထုဝိပတ္တီတိ အာဒိ၊— သာရတ္ထ။သံဝရော ပဟာနံ ပဋိသင်္ခါတိ (ဟူသောပါဌ်ဖြင့်) သံဝရ ဝိနယော ပဟာန ဝိနယော ပဋိသင်္ခါဝိနယောစ ဝုတ္တော၊ တေနာဟ“အယံ ဝိနယော”တိ၊—ဝိမတိ။

တော်ကို၊ (“စတ္တာရော သတိပဋ္ဌာနာ” စသော စကားတော်ကို၊) တထာဂတေ
န- မြတ်စွာဘုရားသည်၊ ဘာသိတံ - ဟောတော်မူအပ်ပြီ၊ လပိတံ - ရွတ်တော်မူ
အပ်ပြီ၊ သတိပဋ္ဌာနာ - တို့သည်၊ တယော - တို့တည်း၊ သမ္မပ္ပဓာနာ- တို့သည်၊
တယော - တို့တည်း၊ ဣဒ္ဓိပါဒါ - တို့သည်၊ တယော - တို့တည်း၊ ဣန္ဒြိယာနိ-
တို့သည်၊ ဆ-တို့တည်း၊ ဗလာနိ-တို့သည်၊ ဆ-တို့တည်း၊ ဗောဇ္ဈင်္ဂါ- တို့သည်၊
အဋ္ဌ-တို့တည်း၊ မဂ္ဂေါ-သည်၊ နဝင်္ဂိကော - ကိုးပါးသော အင်္ဂါရှိ၏၊ ဣတိ-သို့၊
ဣဒံ - ဤစကားတော်ကို၊ (“တယော သတိပဋ္ဌာနာ”စသော စကားတော်ကို၊)
တထာဂတေန-သည်၊ အဘာသိတံ-ဟောတော်မမူအပ်၊ အလပိတံ-ရွတ်တော်
မမူအပ်၊ ဝိနယပရိယာယေန-ဖြင့်၊ ပါရာဇိကာ-ပါရာဇိကတို့သည်၊ စတ္တာရော-
လေးပါးတို့တည်း၊ သံဃာဒိသေသာ - တို့သည်၊ တေရသ - တို့တည်း၊ အနိယ
တာ-တို့သည်၊ ဒွေ-တို့တည်း၊ နိသဂ္ဂိယာ-နိသဂ္ဂိယ မည်ကုန်သော၊ ပါစိတ္တိယာ-
တို့သည်၊ တိံသ-သုံးဆယ်တည်း၊ ဣတိ-သို့၊ ဣဒံ-ဤစကားတော်ကို၊ (“စတ္တာ
ရော ပါရာဇိကာ”စသောစကားတော်ကို၊)တထာဂတေန-သည်၊ ဘာသိတံ-ပြီ၊
လပိတံ-ပြီ၊ ပါရာဇိကာ-တို့သည်၊ တယော- တို့တည်း၊ နိသဂ္ဂိယာ-ကုန်သော၊
ပါစိတ္တိယာ-တို့သည်၊ ဧကတ္တိံသ- သုံးဆယ့်တပါးတည်း၊ ဣတိ- သို့၊ ဣဒံ-ဤ
စကားတော်ကို၊ တထာဂတေန — သည်၊ အဘာသိတံ — ဟောတော် မမူအပ်၊
အလပိတံ-ရွတ်တော်မမူအပ်။

[အာစိဏ္ဏ အနာစိဏ္ဏကိုပြလို၍ သုတ္တန္တပရိယာယေန စသည်မိန့်၊] သုတ္တန္တ
ပရိယာယေန - ဖြင့်၊ ဒေဝသိကံ - နေ့တိုင်း၊ ဖလသမာပတ္တိ သမာပဇ္ဇနံ - ဖလ
သမာပတ်ကိုဝင်စားတော်မူခြင်းငှင်း၊ (အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၊)
မဟာကရုဏာသမာပတ္တိ သမာပဇ္ဇနံ-မဟာကရုဏာသမာပတ်ကိုဝင်စားတော်
မူခြင်းငှင်း၊ (ကရုဏာ၏အာရုံဖြစ်သော သတ္တဝါပညတ်ကို အာရုံပြု၍ လောကီ
ဈာန်သမာပတ်ကို ဝင်စားတော်မူခြင်း၊) ဗုဒ္ဓစက္ခုနာ — ဗုဒ္ဓစက္ခုတော်ဖြင့်၊
[ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်သည် အခြားရဟန္တာ
တို့၌ မရှိ, ဘုရားရှင်၌သာ ရှိတော်မူ၏၊ ထို့ကြောင့် ထိုဉာဏ် ၂ပါးကို ဗုဒ္ဓစက္ခု
ဟု ခေါ်သည်၊] လောကဝေါလောကနံ- သတ္တလောကကို ကြည့်တော်မူခြင်း
ငှင်း၊ အဋ္ဌုပ္ပတ္တိဝသေန — ဖြစ်ပေါ်လာသော အကြောင်းနှင့်စပ်သဖြင့်၊ သုတ္တန္တ
ဒေသနာ — သုတ္တန်တရားတော်ကို ဟောတော်မူခြင်းငှင်း၊ ဇာတကကထာ —
ဇာတ်တော်ကို ဟောတော်မူခြင်းငှင်း၊ ဣတိ — သို့၊ ဣဒံ — ဤအလုံးစုံသည်၊
အာစိဏ္ဏံ - ဘုရားရှင်တို့ လေ့ကျက်အပ်သော အကျင့်တော်တည်း၊ ဒေဝသိကံ-
နေ့တိုင်း၊ န ဖလသမာပတ္တိ သမာပဇ္ဇနံ-ဖလသမာပတ်ကို ဝင်စားတော်မမူခြင်း
ငှင်း၊ပေ၊ န ဇာတကကထာ-ငှင်း၊ ဣတိ-သို့၊ ဣဒံ- ဤအလုံးစုံသည်၊ အနာစိဏ္ဏံ-
ဘုရားရှင်တို့ လေ့ကျက်တော်မူအပ်သောအကျင့် မဟုတ်။

ဝိနယပရိယာယေန - ဖြင့်၊ နိမန္တိတဿ - ပင့်အပ်သော မြတ်စွာဘုရား၏၊ (ဝေါ်ဆိုဘိုရန် ပင့်အပ်သောမြတ်စွာဘုရား၏၊ အပဏ္ဏမနံ ဠစပ်၊) ဝဿာဝါသံ- မိုဃ်းလပတ်လုံး သီတင်းသုံးတော်မူရာ အရပ်၌၊ [ဝဿာဝါသ ကံကို မဟော သောကြောင့် အာခာရပေးသည်၊ ရှေးက"မိုဃ်းလပတ်လုံး နေထိုင်ခြင်းကို"ဟု ပေးကြ၏၊] ဝသိတွာ- သီတင်းသုံးတော်မူပြီး၍၊ အပလောကေတွာ - ပင့်သူကို ပန်ပြောပြီး၍၊ (ပန်ပြောပြီးမှ၊) စာရိယပက္ကမနံ-လှည့်လည်ထိုက်သောအရပ်သို့ ဖဲကြွတော်မူခြင်းငှါ၊ ပဝါရေတွာ - ပဝါရဏာပြုပြီး၍၊ (" ပဝါရဏာကို ကိုယ်တော်တိုင် ပြုသည်မဟုတ်, ပဝါရဏာပြုချိန် လွန်ပြီး၍" ဟု ဆိုလိုသည်၊) စာရိယပက္ကမနံ-ငှါ၊ အာဂန္တုကေဟိ- အာဂန္တုကရဟန်းတို့နှင့်၊ သဒ္ဓိံ-ကွ၊ ပဋိသန္ထာရကရဏံ-ပဋိသန္ထာရကို ပြုတော်မူခြင်းငှါ၊ (ကစ္စိ ဘိက္ခဝေ ခမနီယံ စသည်ဖြင့် ပဋိသန္ထာရကို စ၍ ပြုတော်မူခြင်းငှါ၊) ဣတိ-သို့၊ ဣဒံ-ဤအလုံးစုံ သည်၊ အာစိဏ္ဏံ — အလေ့အကျက်တော်တည်း၊ တဿေဝ အာစိဏ္ဏဿ — ထို အလေ့အကျက်တော်ကိုပင်၊ အကရဏံ-ပြုတော်မမူခြင်းသည်၊ အနာစိဏ္ဏံနာမ- အနာစိဏ္ဏမည်၏။

[ပညတ္တ အပညတ္တကို ပြလို၍ သုတ္တန္တပရိယာယေန စသည်မိန့်၊] သုတ္တန္တ ပရိယာယေန- ဖြင့်၊ သတိပဋ္ဌာနာ- တို့သည်၊ စတ္တာရော- တို့တည်း၊ပေ၊မဂ္ဂေါ- မင်္ဂသည်၊ အဋ္ဌင်္ဂိကော-၏၊ ဣတိ-သို့၊ ဣဒံ-ဤ အလုံးစုံသောတရားတော်သည်၊ ပညတ္တံနာမ-ပညတ်တော်မူအပ်သောတရားတော် မည်၏၊ သတိပဋ္ဌာနာ-သည်၊ တယော-တို့တည်း၊ပေ၊မဂ္ဂေါ-သည်၊နဝင်္ဂိကော-၏၊ ဣတိ-သို့၊ ဣဒံ-ဤအလုံး စုံသော တရားသည်၊ အပညတ္တံနာမ- ပညတ်တော်မမူအပ်သောတရား မည်၏၊ ဝိနယပရိယာယေန - ဖြင့်၊ ပါရာဇိကာ - တို့သည်၊ စတ္တာရော - တို့တည်း၊ပေ၊ နိဿဂ္ဂိယာ-ကုန်သော၊ ပါစိတ္တိယာ-တို့သည်၊ တိံသ- တည်း၊ ဣတိ-သို့၊ ဣဒံ- ဤ အလုံးစုံသောဝိနည်းသည်၊ ပညတ္တံနာမ - ပညတ်တော်မူအပ်သော ဝိနည်း မည်၏၊ ပါရာဇိကာ- တို့သည်၊ တယော-တို့တည်း၊ပေ၊နိဿဂ္ဂိယာ-နိဿဂ္ဂိယမည် ကုန်သော၊ ပါစိတ္တိယာ - ပါစိတ်တို့သည်၊ ဧကတ္တိံသ - သုံးဆယ့်တပါးတည်း၊ ဣတိ - သို့၊ ဣဒံ- ဤ အလုံးစုံသော ဝိနည်းသည်၊ အပညတ္တံနာမ-ပညတ်တော် မမူအပ်သော ဝိနည်းမည်၏။

× × × × × × ×

ပညတ္တ,အပညတ္တစသည်။ ။ပညတ္တံ အပညတ္တန္တိ ဒုကံ ဘာသိတံ အဘာသိတန္တိ ဒုကေန အတ္ထတော သမာနမေဝ- ပညတ္တံ အပညတ္တံဒုက်သည် ဘာသိတံ အဘာသိတံ ဒုက်နှင့် အနက်အဓိပ္ပါယ်အားဖြင့် တူသည်သာ၊ တထာ ဒုဋ္ဌုလ္လ ဒုကံ ဂရုကဒုကေန၊ တေနေဝ ဧတသံ " စတ္တာရော သတိပဋ္ဌာနာ၊ပေ၊ ဣဒံ အပညတ္တံနာမာ"တိ အာဒိနာ သဒိသနိဒ္ဒေသော ကတော၊-ဝိမတိ။

[အနာပတ္တိ အာပတ္တိစသည်ကို ပြလို၍ အနာပတ္တိ အဇာနန္တဿစသည်မိန့်၊] အဇာနန္တဿ- မသိသောရဟန်း၏၊ အနာပတ္တိ - အနာပတ်သည်၊ (ဟောတိ)၊ အထေယျစိတ္တဿ - ထေယျစိတ်မရှိသော ရဟန်း၏၊ (အနာပတ္တိ ဟောတိ၊) န မရဏာဓိပ္ပါယဿ- မရဏာဓိပ္ပါယရှိသူမဟုတ်သော ရဟန်း၏၊ (အနာပတ္တိ (ဟောတိ၊) အနုလ္လပနာဓိပ္ပါယဿ-ဥလ္လပနာဓိပ္ပါယရှိသူမဟုတ်သောရဟန်း၏၊ (အနာပတ္တိ ဟောတိ၊) န မောစနာဓိပ္ပါယဿ - မောစနာဓိပ္ပါယ ရှိသူ မဟုတ် သောရဟန်း၏၊(အနာပတ္တိ ဟောတိ၊)ဣတိ-ဤသို့၊ တတ္ထတတ္ထ-ထိုသိက္ခာပုဒ်၌၊ ဝုတ္တာ- ဟောတော်မူအပ်သော၊ အနာပတ္တိ-အနာပတ်သည်၊ အာနာပတ္တိနာမ- အနာပတ္တိမည်၏၊ ဇာနန္တဿ-သိသော ရဟန်း၏၊(အာပတ္တိ ဟောတိ၊) ထေယျ စိတ္တဿ-ထေယျစိတ်ရှိသော ရဟန်း၏၊ (အာပတ္တိ ဟောတိ)၊ ဣတိ အာဒိနာ- ဤသို့အစရှိသော၊ နယေန-နည်းဖြင့်၊ ဝုတ္တာ-ဟောတော်မူအပ်သော၊ အာပတ္တိ- သည်၊ အာပတ္တိနာမ-မည်၏၊ ပဉ္စ- ငါးပါးကုန်သော၊ အာပတ္တိက္ခန္ဓာ-အောက် အာပတ်အစုတို့သည်၊ လဟုကာပတ္တိနာမ-လဟုက အာပတ်မည်၏၊ ဒွေ-နှစ်ပါး ကုန်သော၊ အာပတ္တိက္ခန္ဓာ-ပါရာဇိက သံဃာဒိသေသ် ဟူသော အာပတ်အစုတို့ သည်၊ ဂရုကာပတ္တိနာမ - ဂရုက အာပတ်မည်၏၊ ဆ- ခြောက်ပါးကုန်သော၊ အာပတ္တိက္ခန္ဓာ-အောက်အာပတ်အစုတို့သည်၊ သာဝသေသာပတ္တိနာမ- သာဝ သေသအာပတ်မည်၏၊ ဧကော-တပါးသော၊ ပါရာဇိကာပတ္တိက္ခန္ဓော - ပါရာ ဇိကအာပတ်အစုသည်၊ အနဝသေသာပတ္တိနာမ-အနဝသေသ အာပတ်မည်၏၊ ဒွေ-နှစ်ပါးကုန်သော၊ အာပတ္တိက္ခန္ဓာ- ပါရာဇိက သံဃာဒိသေသ်အာပတ်အစု တို့သည်၊ ဒုဋ္ဌုလ္လာပတ္တိနာမ - ဒုဋ္ဌုလ္လ အာပတ်မည်၏၊ ပဉ္စ-ကုန်သော၊ အာပတ္တိ က္ခန္ဓာ-တို့သည်၊ အဒုဋ္ဌုလ္လာပတ္တိနာမ-အဒုဋ္ဌုလ္လ အာပတ်မည်၏။

ပန - ဆက်၊ ဧတ္ထ -'ဤ ဓမ္မံ အဓမ္မောတိ ဒီပေန္တိ အစရှိသော စကားရပ်၌၊ (အဓမ္မံ ဓမ္မောတိ ဒီပေန္တိအရ ဖွင့်ပြီးဖြစ်သောကြောင့် ဓမ္မံ အဓမ္မောတိ ဒီပေန္တိ စသည်ကို စွဲရသည်၊) ပရိမနယေနေဝ - ရှေးနည်းဖြင့်သာလျှင်၊ ဝုတ္တပ္ပကာရံ- ဆိုအပ်ပြီးသော အပြားရှိသော၊ (အဓမ္မံ ဓမ္မောတိ ဒီပေန္တိတုန်းက ဆိုအပ်ပြီး သော အပြားရှိသော)၊ ဓမ္မံ - ဓမ္မကို၊ အယံ - ဤသည်ကား၊ အဓမ္မော-အဓမ္မ

× × × × × × ×

သာဝသေသ, အနဝသေသ။ ။ သာဝသေသာပတ္တိန္တိ အဝသေသ သီလေဟိ (အကြွင်းအကျန် သီလတို့နှင့်၊) သဟိတာပတ္တိ°၊ နတ္ထိ ဧတိဿံ အာပန္နာ ယံ သီလာဝ သေသာတိ အနဝသေသာပတ္တိ၊ (ဝိမတိ) ၊ဤဝိမတိအလို -“သာဝသေသာပတ္တိ - သီလ အကြွင်းအကျန်ရှိသော အာပတ်”ဟု ပေးပါ၊ယာသံ အာပန္နာယ ပဗ္ဗဇ္ဇာ သာဝသေသာ၊ တာ အာပတ္တိယော သာဝသေသာ၊ (သာရတ္ထ)၊ ဤသာရတ္ထအလို “ သာဝသေသာ ပတ္တိ—ရဟန်းအဖြစ်ဟူသော အကြွင်းအကျန်ရှိသော အာပတ် ” ဟု ပေးပါ၊ “သံဃာ ဒိသေသ်စသော အောက်အာပတ်သင့်သော်လည်း ရဟန်းအဖြစ် ကျန်သေး၏ ”ဟုလို။

တည်း၊ ဣတိ- သို့၊ ကထယန္တာ - ပြောဆိုသော ရဟန်းတို့သည်၊ ဓမ္မံ- ဓမ္မကို၊ အဓမ္မောတိ-အဓမ္မဟူ၍၊ ဒီပေန္တိနာမ-ပြသူတို့မည်၏၊ အဝိနယံ-ဝိနည်း မဟုတ်သည်ကို၊ အယံ - ဤသည်ကား၊ ဝိနယော-ဝိနည်းတည်း၊ (ဣတိ ကထယန္တာ အဝိနယံ ဝိနယောတိ ဒီပေန္တိနာမ၊) ၊ပေ၊ အဒုဋ္ဌုလ္လာပတ္တိံ-အဒုဋ္ဌုလ္လအာပတ်ကို၊ အယံ- ကား၊ ဒုဋ္ဌုလ္လာပတ္တိ - တည်း၊ ဣတိ - သို့၊ ကထယန္တာ - တို့သည်၊ အဒုဋ္ဌုလ္လာပတ္တိံ - ကို၊ ဒုဋ္ဌုလ္လာပတ္တီတိ - ဟူ၍၊ ဒီပေန္တိနာမ - မည်၏၊ ဧဝံ- တူ၊ အဓမ္မံ-ကို၊ ဓမ္မော - တည်း၊ ဣတိဝါ - ဤသို့သော်၎င်း၊ပေ၊အဒုဋ္ဌုလ္လာပတ္တိံ-ကို၊ ဒုဋ္ဌုလ္လာပတ္တိ-တည်း၊ ဣတိဝါ- သော်၎င်း၊ ဒီပေတွာ-ပြပြီး၍၊ ပဉ္စ-အသင်းအပင်းကို၊ လဘိတွာ-ရ၍၊ စတုန္နံ-လေးမျိုးကုန်သော၊ သံဃကမ္မာနံ- သံဃကံတို့တွင်၊ အညတရံ-တမျိုးမျိုးသော၊ သံဃကမ္မံ-ကို၊ ဧကသီမာယံ-တသိမ်ထည်း၌၊ ဝိသုံ - သီးခြား၊ ကရောန္တေဟိ - ပြုကုန်သော ရဟန်းတို့သည်၊ သံဃော- သည်၊ ဝါ- ကို၊ ဘိန္နောနာမ - ခွဲအပ်သည်မည်သည်၊ ဟောတိ - ၏၊ တေန- ထို့ကြောင့်၊ တေ ဣမေဟိ အဋ္ဌရသဟိ ဝတ္ထူဟိ အပကဿန္တီတိအာဒိ- အစရှိသော စကားကို၊ (ဘဂဝတာ) ဝုတ္တံ-ပြီ။

တတ္ထ-ထို တေ ဣမေဟိ အစရှိသော စကားရပ်၌၊ အပကဿန္တီတိ- ကား၊ ပရိသံ-ပရိသတ်ကို၊ အာကဍ္ဍန္တိ-ဆွဲငင်ကြကုန်၏၊ ဝိဇဋေန္တိ-ဖြေရှင်းမှုကို ပြုကြကုန်၏၊ ဧကမန္တံ-တခုသော အစွန်၌၊ ဥဿာရေန္တိစ - ရွေ့လည်း ရွေ့စေကြကုန်၏၊ အဝပကာသန္တီတိ-ကား၊ အတိဝိယ-အလွန်အကဲသာလျှင်၊ ပကာသေန္တိ-ထင်ရှားပြကြကုန်၏၊ ယထာ - အကြင် အခြင်းအရာအားဖြင့် ပြုလသော်၊ ဝိသံသဋ္ဌာ ဝ-သံဃာအချင်းချင်း မရောနှောကုန်သည်သာ၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဧဝံ - ဤသို့ သံဃာအချင်းချင်း မရောနှောလောက်အောင်သော အခြင်းအရာအားဖြင့်၊) ကရောန္တိ-ပြုကြကုန်၏။

× × × × × × ×

အာကဍ္ဎန္တိစသည်။ ။ကသဓာတ်သည် အာကမ္မန အနက်ကို ဟောသောကြောင့် အပကဿန္တိကို"အာကမ္မန္တိ"ဟု ဖွင့်သည်၊ ဝိဇဋေန္တိ စသည်ကား အဓိပ္ပါယတ္ထတည်း၊ ဝိဇဋေန္တိကို" ဝိဇဋံ ကရောန္တိ " ဟု ယောဇနာဖွင့်၏၊ ဝိဇဋံဟူသော နာမ်ပုဒ်နောင် ကရဓာတ်၏ အနက်၌ ဏ ပစ္စည်းသက်သော နာမဓာတ်ဟု ကြံဟန်တူသည်၊ " သံဃာခွဲ၍ ဥပုသ်ပြုသောအခါ တဘက်နှင့် တဘက် မရောယှက်အောင် ဖြေရှင်းမှုကို ပြုကြသည်" ဟူလို၊ မိမိဘက်၌ ပါသော ရဟန်းများကို မူလသံဃာများမှ အခြားတနေရာသို့ ရွေ့စေခြင်းကို " ဧကမန္တံ ဥဿာရေန္တိ " ဟု ဆိုသည်၊ ဥဿာရေန္တိ၌ ဥပုဗ္ဗ သရဓာတ် ဂတိအနက်ဟော၊ ဏေပစ္စည်းတည်း၊ မိမိဘက်ပါသော သံဃာများကို သိမ်အတွင်းဝယ် သင့်တော်သော တနေရာ၌ ရွေ့စေကြသည်-ဟူလို၊ အချို့စာအုပ်များ၌"ဥဿာဒေန္တိ" ဟု သဒဓာတ်ဖြင့် ရှိ၏၊ သဒဓာတ်လည်း ဂတိအနက်ကို ဟောနိုင်၏၊"တနေရာ၌ စုဝေးစေကြကုန်၏"ဟု ပေး။

အာဝေနိန္တိ-ကား၊ ဝိသုံ-သီးခြား၊("ဥပေါသထံ ကရောန္တိ"ဟု ပါဠိတော်၌ စပ်)၊ ဧတ္တာဝတာ၊ပေ၊ဟောတီတိ-ကား၊ ဧဝံ-ဤသို့၊ အဓ္ဘာရသသု-ကုန်သော၊ ဘေဒကရဝတ္ထူသု-တို့တွင်၊ ယံကိဉ္စိ-အမှတ်မထား တပါးပါးသော၊ ဧကမ္ပိ-တပါးလည်းဖြစ်သော၊ ဝတ္ထုံ-ဝတ္ထုကို၊ ဒီပေတွာ-ပြပြီး၍၊ တေန တေန ကာရဏေန-ထိုထို အကြောင်းဖြင့်၊ ဣမံ-ဤအယူကို၊ ဂဏှထ-ယူကြပါကုန်၊ ဣမံ-ဤအယူကို၊ ရောစေထ-နှစ်သက်ကြပါကုန်၊ ဣတိ-သို့၊ သညာပေတွာ-နားလည်စေပြီး၍၊ သလာကံ-စာရေးတံကို၊ ဂါဟာပေတွာ-ယူစေပြီး၍၊ ဝိသုံ-သီးခြား၊ သံဃကမ္မေ - သံဃကံကို၊ ကတေ - ပြုအပ်ပြီးသော်၊ သံဃော - သံဃာသည်၊ ဘိန္နော-ကွဲပြီးသည်၊ ဟောတိ-၏၊ ပန-ဆက်၊ ပရိဝါရေ - ပရိဝါပါဠိတော်၌၊ ပဉ္စဟိ၊ပေ၊ ဘိဇ္ဇတီတိ အာဒိ-အစရှိသော၊ (ယံ ဝစနံ-အကြင် စကားကို၊ ဘဂဝတာ)ဝုတ္တံ-ပြီ၊ တဿ-ထိုစကား၏၊ ဣဓ-ဤသံဃဘေဒကက္ခန္ဓကာ၌၊ ဝုတ္တေန-ဟောတော်မူအပ်သော၊ဣမိနာသံဃဘေဒလက္ခဏေန-ဤသံဃဘေဒလက္ခဏာနှင့်၊ အတ္ထတော - အနက် အဓိပ္ပါယ်အားဖြင့်၊ နာနာကရဏံ - အသီးအခြား ပြုကြောင်း အထူးသည်၊ နတ္ထိ-မရှိ၊ ပန-ဆက်၊ အဿ—ထို စကား၏၊ တံ နာနာကရဏာဘာဝံ-ထို အသီးအခြားပြုကြောင်းအထူး၏ မရှိခြင်းကို၊ တတ္ထေဝ-ထို ပရိဝါပါဠိတော်၌သာ၊ ပကာသယိဿာမ-ထင်ရှားပြကုန်အံ့၊ သမ္ဗတ္တ-အလုံးစုံသော စကားရပ်တို့၌၊ ("သမ္ဗတ္ထာတိ သမ္ဗသ္မိံ သံဃဘေဒကက္ခန္ဓကေ"ဟု ယောဇနာစွဲ၍၊) သေသံ-ကြွင်းသော အစီအရင်သည်၊ ဥတ္တာနမေဝ-ပေါ်လွင် ထင်ရှားသည်သာ၊ ဣတိ-အပြီးတည်း။

× × × × × × ×

အာဝေနိ°(ဏိ°)။ ။ယောဇနာ၌"ဝိသုန္တိ ဣမိနာ အာဝေနိသဒ္ဒေါ ဝိသုန္တိ အတ္ထ ဝါစကော အနိပ္ဖန္နပါဋိပဒိကောတိ ဒဿေတိ" ဟု ဖွင့်၏၊ အခြားနေရာ၌"အာဝေဏိကံ" ဟု ရှိ၏၊ ဤနေရာ၌လည်း "အာဝေဏိကံ" ဟု မူကွဲရှိ၏၊ ထိုအာဝေဏိကံသည် ဤအာဝေနိ°နှင့် အနက်တူပင်၊ သဒ္ဒာယတန သံယုတ်, ဗလဝဂ်, အာဝေဏိကဒုက္ခ သုတ် အဖွင့် ဋီကာ၌ "အာဝေဏိတဗ္ဗတော မရိယာဒါယ ဝိသုံ အသာဓာရဏတော ပဿိတဗ္ဗတော အာဝေဏိကာနိ" ဟု ဖွင့်၏၊ ထို၌ အာကို မရိယာဒါ အနက်ဟောဟု ၎င်း, ဝေဏဓာတ်၏ နိသာမန (ကြည့်ရှုခြင်း) အနက်ကို၎င်း, ဏျပစ္စည်းမှ ယကို က ပြုထားသည်ဟု၎င်း ဖွင့်သည်၊ အာဝေဏိ°၌လည်း ဣပစ္စည်းကို ကံဟောဟု ကြံပါ၊ မရိယာဒါ+ ဝေဏိယတေ ပဿိယတေတိ အာဝေဏိ – ထိုဘက်သံဃာနှင့် မရောဘဲ, တသီးတခြား အပိုင်းအခြားအားဖြင့် ရှုမြင်အပ်သောကံ၊ ဤသို့ သဒ္ဒတ္ထဖြစ်နိုင်သောကြောင့် အနိပ္ဖန္န မဟုတ်, နိပ္ဖန္နပုဒ်သာတည်း၊ န ဖြင့်လည်း မရှိသင့်, ဏဖြင့်သာ ရှိသင့်ပါသည်။

သံဃဘေဒကက္ခန္ဓကဝဏ္ဏနာ— သည်၊
နိဋ္ဌိတာ—ပြီ။

ဝတ္တက္ခန္ဓက

အာဂန္တုကဝတ္တ ကထာ

ဝတ္တက္ခန္ဓကေ-ဝတ္တက္ခန္ဓက၌၊(အဋ္ဌော ဝေ ဝေဒိတဗ္ဗော၊) ဋ္ဌဒါနိ အာရာမံ ပဝိသိဿာမီတိ ဧဝမိနာ — ဟူသော ဤပါဠိဖြင့်၊ ဥပစာရသီမသမီပံ - ဥပစာရ သိမ်၏ အနီးအရပ်ကို၊ ဒဿေတိ - ပြတော်မူ၏၊ (ဥပစာရသိမ်၏ အဓိပ္ပါယ်ကို မဟာဝဂ္ဂ, စီဝရက္ခန္ဓက , အဋ္ဌစီဝရမာတိကာကထာ, သီမာယ ဒေတိ အဖွင့်၌ ပြခဲ့ပြီ၊)တသ္မာ-ကြောင့်၊ ဥပစာရသီမံ-သို့၊ ပတ္တာ-ရောက်၍၊ဥပါဟနဩမုဉ္စနာ ဒိ-ဘိနပ်ချွတ်ခြင်း အစရှိသော၊ သဗ္ဗံ- အလုံးစုံသော ကျင့်ဝတ်ကို၊ ကာတဗ္ဗံ— ပြုထိုက်၏၊ ဂဟေတွာတိ-ကား၊ ဥပါဟနဒဏ္ဍကေန - ဘိနပ်ချိတ်စရာ ဒုတ်ငယ် ဖြင့်၊ (ဥပါဟနာ- ဘိနပ်တို့ကို၊) ဂဟေတွာ—ယူ၍၊ (“အာရာမော- သို့၊ ပဝိသိ တဗ္ဗော-ဝင်ထိုက်၏”ဟု ပါဠိတော်၌စပ်၊) ပဋိက္ကမန္တီတိ- ကား၊ သန္နိပတန္တိ— စုဝေးကြကုန်၏၊ ဥပါဟန ပုဉ္ဆန စောဠကံ ပုစ္ဆိတွာ ဥပါဟနာ ပုဉ္ဆိတဗ္ဗာတိ- ကား၊ ကတရသ္မိံ ဩကာသေ- အဘယ်အရပ်၌၊ ဥပါဟန ပုဉ္ဆနစောဠကံ - ဘိနပ် သုတ်စရာ အဝတ်ငယ်သည်၊ (အတ္ထိ-ရှိပါသနည်း၊) ဣတိ-သို့၊ အာဝါသိကာ- အာဝါသိကဖြစ်ကုန်သော၊ ဘိက္ခူ-တို့ကို၊ ပုစ္ဆိတဗ္ဗာ-မေးထိုက်ကုန်၏။[အချို့ စာအုပ်တို့၌ ဤသံဝဏ္ဏနာနှင့် သံဝဏ္ဏေတဗ္ဗ မပါ၊] ဝိသဇ္ဇေတဗ္ဗန္တိ - ကား၊ ပတ္ထရိတဗ္ဗံ- ဖြန့်လှန်းထိုက်၏။ [ဝိသဇ္ဇေတဗ္ဗန္တိ သုက္ခာပနတ္ထံ အာတပေ ဝိသဇ္ဇေ တဗ္ဗံ၊—သာရတ္ထ။]

ဂေါစရော ပုစ္ဆိတဗ္ဗောတိ- ကား၊ ဂေါစရဂါမော-ဆွမ်းခံရွာသည်၊ အာ သန္နေ-အနီး၌၊(ဟောတိ- ရှိပါသလော၊) ဥဒါဟု-သို့မဟုတ်၊ ဒူရေ- အဝေး၌၊ (ဟောတိ-လော၊) ကာလဿေဝ-စောစော၌ပင်၊ ပိဏ္ဍာယ—ဆွမ်းအလို့ငှါ၊ စရိတဗ္ဗံ - လှည့်လည်ထိုက်ပါသလော၊ ဥဒါဟု—သို့မဟုတ်၊ ဒိဝါ- နေ့အခါ၌၊ (နေမြင့်မှ၊)(ပိဏ္ဍာယ စရိတဗ္ဗံ—လော၊)ဣတိ ဧဝံ—သို့၊ ဘိက္ခာစာရော-ဆွမ်းခံ လှည့်လည်ခြင်း ကိစ္စကို၊ ဝါ- ဆွမ်းခံလှည့်လည်ရာ ရွာကို၊ ပုစ္ဆိတဗ္ဗော- မေး

× × × × × × ×

ဥပါဟနဒဏ္ဍကေန ၊ပေ၊ ပဋိက္ကမန္တိ။ ။အချို့စာအုပ်တို့၌ “ ဥပါဟနံ ဒဏ္ဍ ကေန” ဟု ရှိ၏၊ ဂဟေတွာ၏ ကံသည် “ ဥပါဟနာ” ဟု ပါဠိတော်၌ ရှိခဲ့ပြီး ဖြစ်သော ကြောင့်“ဥပါဟန ဒဏ္ဍကေန ” ဟု သမာသ်ရှိသော ပါဌ်သာ ကောင်း၏၊ ရှေးခေတ်က ဘိနပ်ဆွဲချိတ်စရာ ဒုတ်ကလေးရှိသည်၊ ပဋိက္ကမန္တိ၌ “ ပတိ-ရှေးရှု၊ ကမန္တိ – သွားကြ ကုန်၏”ဟု သဒ္ဒတ္ထဖြစ်၏၊ သန္နိပတန္တိကား အဓိပ္ပါယတ္ထတည်း။

ပါဠိတော်။ ။“နဝကော ၊ပေ၊ အဘိဝါဒါပေတဗ္ဗော ” ဟူသော ပါဠိတော်၌ “အဘိဝါဒါပေ တဗ္ဗောတိ တဿဝဿေ ပုစ္ဆိတေ ယဒိ ဒဟရော ဟောတိ၊ သယမေဝ ဝန္ဒိဿတိ၊ တဒါ (သူက ရှိခိုးရာ ထိုအခါ၌) ဣမိနာဝ (ဝါကို မေးသော ဤအာဂန္တုက သည်ပင်၊) ဝန္ဒာပိတော နာမ (ရှိခိုးစေအပ်သည် မည်သည်) ဟောတိ၊—သာရတ္ထ။

ထိုက်၏၊ အဂေါစရေနာမ-အဂေါစရမည်သည်ကား၊ မိစ္ဆာဒိဋ္ဌိကာနံ-မိစ္ဆာအယူရှိသူတို့၏၊ ဂါမောဝါ-ရွာသည်သော်၎င်း၊ ယတ္ထ-အကြင်ရွာ၌၊ ဧကေဿ ပါ-တပါးသော ရဟန်းအားသော်၎င်း၊ ဒွိန္နံဝါ—နှစ်ပါးသော ရဟန်းတို့အားသော်၎င်း၊ ဘိက္ခာ-ဆွမ်းကို၊ ဒိယျတိ-ပေးလှူအပ်၏၊ ပရိန္တိန္နဘိက္ခော-ပိုင်းဖြတ်အပ်ပြီးသော ဆွမ်းရှိသော၊(သော)ဂါမောဝါ—ထို ရွာသည်သော်၎င်းတည်း၊ သောဝိ—ထို ၂ မျိုးသော ရွာကိုလည်း၊ ပုန္တိတဗ္ဗော-၏၊ ပါနီယံ ပုန္တိတဗ္ဗန္တိ-ကား၊ ဣမိဿာ ပေါက္ခရဏိယာ-ဤရေကန်၌၊ ပါနီယံယေဝ-သောက်ရေကိုသာ၊ ပိဝန္တိကိံ-သောက်ကြရပါကုန်သလော၊ နဟာနာဒိပရိဘောဂမ္ပိ- ရေချိုးခြင်း အစရှိသော သုံးစွဲမှုကိုလည်း၊ ကရောန္တိကိံ-ပြုကြရပါကုန်သလော၊ ဣတိ ဧဝံ-သို့၊ ပါနီယဋ္ဌဝ-သောက်ရေကိုဝင်း၊ ပရိဘောဇနီယဋ္ဌ - သုံးရေကိုဝင်း၊ ပုန္တိတဗ္ဗံ-ထိုက်၏၊ကေသုစိ-အချို့ကုန်သော၊ ဌာနေသု-အရပ်တို့၌၊ ဝါဠမိဂါဝါ-ခြင်္သေ့ သစ် ကျား စသော သားရဲတို့သည်သော်၎င်း၊ အမနုဿာဝါ - တစ္ဆေ သူရဲတို့သည်သော်၎င်း၊ ဟောန္တိ — ရှိတတ်ကုန်၏၊ တသ္မာ — ထို့ကြောင့်၊ ကံ ကာလံ- အဘယ်အချိန်၌၊ ပဝိသိတဗ္ဗံ - ဝင်ရပါသနည်း၊ ကံကာလံ- ၌၊ နိက္ခမိတဗ္ဗံ-ထွက်ရပါသနည်း၊ ဣတိ-သို့၊(သံဃဿ-၏၊ ကတိကသဏ္ဌာနံ- ကတိကဝတ်၏ ကောင်းစွာတည်ရာ အရပ်ကို၊) ပုန္တိတဗ္ဗံ - မေးထိုက်၏၊ [ပုန္တိတဗ္ဗ၏ ကံသည် ပါဠိတော်၌ " ကတိက သဏ္ဌာနံ " ဟု ရှိ၏၊ ကံကာလံ စသည်ကား မေးပုံ အခြင်းအရာ ပုစ္ဆနာကာရတည်း၊ ဤသို့ မကောင်းဆိုးဝါးများ ရှိတတ်သောကြောင့် ကတိကဝတ် ပြုထားရာ ဌာနရှိသည်၊ ထိုကတိကဝတ် ပြုထားရာ ဌာနကို မေးရမည်-ဟူလို။]

ဗဟိဋ္ဌိတေနာတိ-ကား၊ ဗဟိ-ပြင်ဘက်သို့၊ နိက္ခမန္တဿ - ထွက်လာသော၊ (တံခါးဖွင့်လိုက်သည့်အတွက် ထွက်လာသော၊) အဟိနောဝါ-မြွေအားသော်၎င်း၊ အမနုဿဿဝါ-တစ္ဆေ သူရဲအားသော်၎င်း၊ မဂ္ဂံ-လမ်းကို၊ (ထွက်သွားဘို့ရန် လမ်းကို၊) ဒတွာ-ပေး၍၊ ဌိတေန-ရပ်လျက်၊ နိလ္လောကေတဗ္ဗော-ကြည့်ထိုက်၏၊ [အနုဋ္ဌာဝုတ္တကျောင်းကို ဝင်ရာ၌ ကျင့်ဝတ်ဖြစ်၏၊ အဓိပ္ပါယ်ကို ပါဠိတော်၌ ရှုပါ။] သစေ ဉဿဟတိ၊ သောဓေတဗ္ဗောတိ-ကား၊ (သမ္ဘံ- အလုံးစုံသော၊ ဝိဟာရံ-ကျောင်းကို၊ သောဓေတုံ-သုတ်သင်ခြင်းငှါ၊)ယဒိ သက္ကောတိ- အကယ်၍ စွမ်းနိုင်အံ့၊(ဧဝံ သတိ)၊ သဗ္ဗော- သော၊ ဝိဟာရော - ကို၊ သောဓေတဗ္ဗော-သုတ်သင်ထိုက်၏၊ (သမ္ဘံ - သော၊ ဝိဟာရံ-ကို၊ သောဓေတုံ - ငှါ၊)

× × × × × × × ×

အဂေါစရေနာမ။ ။မိစ္ဆာဒိဋ္ဌိတို့၏ ရွာဖြစ်လျှင် ဆွမ်းလောင်းမည့်သူ မရှိသောကြောင့် အဂေါစရတည်း၊"တပါးသာ ဆွမ်းလောင်းနိုင်၏၊ နှစ်ပါးသာ ဆွမ်းလောင်းနိုင်၏" စသည်ဖြင့် ပိုင်းဖြတ်အပ်ပြီးသော ဆွမ်းရှိရာ ရွာသည်လည်း အာဂန္တုကတို့၏ အဂေါစရပင်တည်း၊ ထို နှစ်မျိုးလုံးကို"ဧသောပိ ပုန္တိတဗ္ဗော"ဟု ဆိုသည်။

အသက္ကောန္တေန- မစွမ်းနိုင်သော ရဟန်းသည်၊ အတ္တနော - မိမိ၏၊ ဝသနော ကာသော-နေရာအရပ်ကို၊ ဇဂ္ဂိတဗ္ဗော-သုတ်သင် ရှင်းလင်းထိုက်၏၊ မန-ဆက်၊ သဗ္ဗံ-အလုံးစုံသောကျောင်းကို၊ သောဓေတုံ-ငှါ၊ သက္ကောန္တဿ-စွမ်းနိုင်သော ရဟန်း၏ အတွက်၊ ဒဿိတေ-ပြအပ်ပြီးသော၊ (ပါဠိတော်၌ ပြအပ်ပြီးသော၊) ဝိဟာရသောဓနေဝတ္တေ - ကျောင်းကို သုတ်သင်ကြောင်း ဝတ်၌၊ ဝိနိစ္ဆယော-အဆုံးအဖြတ်ကို၊ မဟာခန္ဓကေ—မဟာခန္ဓက၌၊ (မဟာခန္ဓက, ဥပဇ္ဈာယ ဝတ္တကထာ အဖွင့်၌၊) ဝုတ္တနယေနေဝ - ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော—သိထိုက်၏။

အာဝါသိကဝတ္တကထာ

အာဝါသိကဝတ္တေ - အာဝါသိကဝတ်၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) အာသနံ ပညပေတဗ္ဗန္တိ ဧဝမာဒိ-တဗ္ဗံ ဤသို့ အစရှိသော၊ သဗ္ဗံ-အလုံးစုံသော ကျင့်ဝတ်ကို၊ ဝုဍ္ဍတရေ-သတင်းကြီး ရဟန်းသည်၊ အာဂတေ - လာလသော်၊ စီဝရကမ္မံ ဝါ-သင်္ကန်းချုပ်ဆိုးမှုကိုသော်၎င်း၊ နဝ ကမ္မံ ဝါ-အသစ်အသစ်ပြုအပ်သော အလုပ်ကိုသော်၎င်း၊ ထပေတွာ ပိ-တန့်ရပ်ထား၍သော်မှလည်း၊ ကာတဗ္ဗံ-ပြုထိုက်၏၊ (စီဝရကမ္မ , နဝကမ္မကို လုပ်နေလျှင်လည်း ထို အလုပ်ကို ရပ်တန့်ထား၍ အာဝါသိက ကျင့်ဝတ်ကို ပြုပါ-ဟူလို။)

[နဝကမ္မနှင့်စပ်၍ စေတိယင်္ဂဏနဝကမ္မအမှုကိုပြုနေလျှင် အဘယ်သို့ ပြုကျင့်ရပါမည်နည်းဟု မေးဘွယ်ရှိသောကြောင့် စေတိယင်္ဂဏံ သမ္မဇ္ဇန္တေန စသည် မိန့်၊] စေတိယင်္ဂဏံ - စေတီယင်ပြင်ကို၊ သမ္မဇ္ဇန္တေန - တံမြက်လှည်းနေသော ရဟန်းသည်၊(တံမြက်လှည်းမှု နဝကမ္မကို ပြုနေသော ရဟန်းသည်၊) သမ္မဇ္ဇနိံ-တံမြက်စည်းကို၊ နိက္ခိပိတွာ - ချထား၍၊ တဿ - ထို အာဂန္တုက ရဟန်း၏ အတွက်၊ ဝတ္တံ- ဝတ်ကို၊ ကာတုံ- ငှါ၊ အာရဘိတဗ္ဗံ—အားထုတ်ထိုက်၏၊ ဟိ-မှန်၊ ပဏ္ဍိတော-အမြော်အမြင်ရှိသော၊ အာဂန္တုကော -သည်၊ စေတိယင်္ဂဏံ-ကို၊ တာဝ သမ္မဇ္ဇာဟိ-တံမြက်လှည်းမြဲ လှည်းပါဦးလော၊(ပြီးမှ အာဝါသိက ဝတ်ပြုပါ-ဟူလို၊) ဣတိ-သို့၊ ဝက္ခတိ-ပြောဆိုလိမ့်မည်၊ [ဂိလာနဘေသဇ္ဇ နဝကမ္မကို ပြုနေလျှင် အဘယ်သို့ ပြုကျင့်ရပါမည်နည်းဟု မေးဘွယ်ရှိသောကြောင့် ဂိလာန ဘေသဇ္ဇံ ကရောန္တေန စသည်မိန့်၊] ပန - ဆက်၊ ဂိလာန ဘေသဇ္ဇံ-ဂိလာန၏ ဆေးကို၊ ကရောန္တေန-ပြုနေသော ရဟန်းသည်၊ (ဂိလာန ဘေသဇ္ဇ နဝကမ္မကို ပြုနေသောရဟန်းသည်၊)နာတိအာတုရော-အလွန် မကြင်နာသော၊ (အလွန် မဆိုးသော၊) ဂိလာနော - သည်၊ သစေ ဟောတိ-အံ့၊ (ဧဝံ သတိ)၊ ဘေသဇ္ဇံ-ဆေးကို၊ အကတွာ- မပြုမူ၍၊ ဝတ္တမေဝ-ကိုသာ၊ ကာတဗ္ဗံ-၏၊ ပန-

ကာ၊ မဟာဂိလာနသ - မဟာဂိလာန၏ အတွက်၊ ဘေသဇ္ဇမေဝ - ကိုသာ၊ ကာတဗ္ဗံ- ၏၊ ဟိ- မှန်၊ ပဏ္ဍိတော - အမြော်အမြင်ရှိသော၊ အာဂန္တုကော— သည်၊ ဘေသဇ္ဇံ- ကို၊ တာဝ ကရောဟိ - ပြုမြဲပြုပါလော၊ ဣတိ- သို့၊ ဝက္ခတိ- ပြောဆိုလိမ့်မည်။

ပါနီယေန - သောက်ရေဖြင့်၊ ပုစ္ဆန္တေန - မေးသော အာဝါသိကရဟန်းသည်၊ (ပုစ္ဆိတဗ္ဗောယေဝ ဌစပ်၊) သကိံ- တကြိမ်၊ အာနီတံ- ဆောင်အပ်ပြီးသော၊ ပါနီယံ - သောက်ရေကို၊ သဗ္ဗံ - အလုံးစုံကို၊ သစေ ပိဝတိ - အကယ်၍ သောက်အံ့၊ (ဓဝံသတိ)၊ ပုန - တဖန်၊ အာနေမိ - ဆောင်ရဦးမှာပါလော၊ ဣတိ-သို့၊ ပုစ္ဆိတဗ္ဗောယေဝ-မေးထိုက်သည်သာ၊ အပိစ-သည်သာမကသေး၊ ဗီဇနေနပိ-ယပ်တောင်ဖြင့်လည်း၊ ဗီဇိတဗ္ဗော-ယပ်ခတ်ပေးထိုက်၏၊ ဗီဇန္တေန-ယပ်ခတ်ပေးသောရဟန်းသည်၊ သကိံ-တကြိမ်၊ ပါဒပိဋ္ဌိယံ-ခြေဖမိုးအပြင်၌၊ ဗီဇိတွာ-ယပ်ခတ်ပြီး၍၊ သကိံ-တကြိမ်၊ မဇ္ဈေ-အလယ်၌ဒူင်း၊ သကိံ-တကြိမ်၊ သီသေ-ဦးခေါင်း၌ဒူင်း၊ ဗီဇိတဗ္ဗံ-ထိုက်၏၊ အလံ-တော်လောက်ပြီ၊ ဟောတု-ရှိပါစေတော့၊ ဣတိ-သို့၊ ဝုတ္တေန-ပြောဆိုအပ်သော အာဝါသိကရဟန်းသည်၊ တတော - ထို ပဌမယပ်ခတ်ခြင်းထက်၊ မန္ဒတရံ - ညှင်းညှင်းသာသာ၊ (မန္ဒံဟု ရှိလျှင် ကောင်း၏၊)ဗီဇိတဗ္ဗံ-၏၊ ပုန-တဖန်၊ အလံ-တော်လောက်ပြီ၊ ဣတိ-သို့၊ ဝုတ္တေန - ပြောဆိုအပ်သော အာဝါသိကရဟန်းသည်၊ တတော - ထို ဒုတိယ ယပ်ခတ်ခြင်းထက်၊ မန္ဒတရံ- သာ၍ ညှင်းညှင်းသာသာ၊ ဗီဇိတဗ္ဗံ- ၏၊ တတိယ ဝါရံ-သုံးကြိမ်တိုင်တိုင်၊ (အလံ, ဣတိ) ဝုတ္တေန-သည်၊ ဗီဇနီ- ယပ်တောင်ကို၊ ထပေတဗ္ဗာ - ချထားထိုက်၏၊ အသ - ထို မိမိထက်ကြီးသော အာဂန္တုက ရဟန်း၏၊ ပါဒါပိ-ခြေတို့ကိုလည်း၊ ဓောဝိတဗ္ဗာ-ဆေးပေးထိုက်ကုန်၏၊ ဓောဝိတွာ - ဆေးပြီး၍၊ အတ္တနော - မိမိ၏၊ (မိမိဟူသော အာဝါသိကရဟန်း၏၊) တေလံ- ဆီသည်၊ သစေ အတ္ထိ- အံ့၊ (ဓဝံသတိ)၊ တေန- ထိုဆီဖြင့်၊ (အချို့စာ၌ "တေလေန" ဟု ရှိ၏, မကောင်း၊) မက္ခေတဗ္ဗာ - သုတ်လိမ်းပေးထိုက်ကုန်၏၊ (အတ္တနော-၏၊ တေလံ-သည်၊) နော စေ အတ္ထိ-အကယ်၍မရှိအံ့၊ (ဓဝံသတိ)၊ တဿ-ထိုမိမိထက်ကြီးသောအာဝါသိကရဟန်း၏၊ သန္တကေန-ဥစ္စာဖြစ်သော ဆီဖြင့်၊ မက္ခေတဗ္ဗာ - ကုန်၏။

ပန-ဆက်၊ ဥပါဟနပုဉ္ဆနံ- ဘိနပ် သုတ်ပေးခြင်းကို၊ အတ္တနော-မိမိ၏၊ ရုစိ ဝသေန- အလို၏အစွမ်းဖြင့်၊ ကာတဗ္ဗံ - ပြုထိုက်၏၊ (သုတ်ပေးလိုမှ သုတ်ပါ— ဟူလို၊) ဟိ - မှန်၊ တေနေဝ - ထို့ကြောင့်ပင်၊ (မိမိအလိုအတိုင်း ပြုနိုင်ခြင်း ကြောင့်ပင်၊) ဧတ္ထ-ဤဘိနပ်ကိုသုတ်ပေးရာ၌၊ သစေ ဥဿဟတိတိ-ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ-မိန့်တော်မူအပ်ပြီ။ ["အကယ်၍ စွမ်းနိုင်လျှင်"ဟူသောစကားကို ထည့်၍မိန့်တော်မူသည်-ဟူလို၊] တသ္မာ-ထို့ကြောင့်၊ (ထိုသို့ မိမိအလိုအတိုင်း

ပြုနိုင်သည့်၏အဖြစ်ကြောင့်၊) ဥပါဟနာ-ဘိနပ်တို့ကို၊ အပုဋ္ဌာန္တသာပိ-မသုတ်သော ရဟန်း၏လည်း၊ အနာပတ္တိ-သည်၊ (ဟောဘိ)၊ ကတ္တ-အဘယ်အရပ်၌၊ မယုံ- ငါ့ဘို၊ သေနာသနံ - အိပ်ရာနေရာသည်၊ ပါပုဏာတိ - ရောက်သနည်း၊ ဣတိ-သို့၊ ပုစ္ဆိတေန- မေးအပ်သော အာဝါသိကရဟန်းသည်၊ သေနာသနံ-ကို၊ ယထာဘာဂံ-အကြွင်းအကြွင်း အဖို့အတိုင်း၊(ရှေးက ခင်းထားအပ်ရာအဖို့ကို မလွှန်မူ၍၊) ပညပေတဗ္ဗံ- ခင်းပေးထိုက်၏၊ ဧတံ သေနာသနံ- ဤ အိပ်ရာနေရာသည်၊ တုမှာကံ-အရှင်ဘုရားတို့ဘို၊ ပါပုဏာတိ- ၏၊ ဣတိ ဧဝံ-ဤသို့၊ အာစိက္ခိတဗ္ဗံ-လျှောက်ထားရာ၏၊ [ဧဝံ အာစိက္ခိတဗ္ဗံဟု အဓိပ္ပါယ်နက်ထည့်၍ ဖွင့်သည်၊ သေနာသနံ၊ပေ၊ပါပုဏာတိ-ကား ပါဠိတော်အတိုင်းပင်တည်း၊ သို့သော် ပါဠိတော်၌ "တုမှာကံ" ဟု မရှိ၊ "တေ" ဟု ရှိသည်၊ "ဣတိ အစ္ဆော"ဟု စာအုပ်တို့၌ တွေ့ရသော်လည်း မိုဟန်တူသည်။] ပန - ဆက်၊ ပဋ္ဌေါဋ္ဌေတွာ - ခါပြီး၍၊ ပတ္တရိတုံ- ခင်းခြင်းငှါ၊ ဝဋ္ဋတိယေဝ- သင့်သည်သာ။

နဝကဿ-သီတင်းငယ်ရဟန်း၏ (အပေါ်၌၊) ဝတ္တေ-ကျင့်ဝတ်၌၊ ပါနီယံ အာစိက္ခိတဗ္ဗန္တိ-ကား၊ ဧတံ-ဤသည်ကား၊ ပါနီယံ-သောက်ရေတည်း၊ ဂဟေတွာ-ယူ၍၊ ပိဝါဟိ-သောက်ပါလော၊ ဣတိ-သို့၊ အာစိက္ခိတဗ္ဗံ-ပြောပြထိုက်၏၊ [အာဂန္တုကရဟန်းက သီတင်းငယ် ဖြစ်သောကြောင့် သီတင်းကြီးဖြစ်သော အာဝါသိကရဟန်းက ကိုယ်တိုင်ရေခပ်၍ ပေးဘွယ်မလို၊ ရေကိုညွှန်ပြ၍ "သောက်ပါလော "ဟု ပြောပြရမည်၊] ပရိဘောဇနီယေပိ - သုံးရေ၌လည်း၊ ဧသေဝ နယော-ပင်တည်း၊ သောသံ-ကြွင်းသောအစီအရင်သည်၊ ပုရိမသဒိသမေဝ-ရှေး အာဂန္တုကဝတ်နှင့် တူသည်သာ၊ မဟာအာဝါသေပိ - ကျောင်းတိုက်ကြီး၌ လည်း၊ [မဟာအာဝါသေတိ မဟာဝိဟာရသဒိသေ မဟာအာဝါသေ၊ — သာရတ္ထ။] အတ္တနော-မိမိ၏၊ သန္တကံ-အထံသို့၊ သင္ဂတ္တဿ-ရောက်လာသော၊ အာဂန္တုကဿ- ၏အပေါ်၌၊ ဝတ္တံ-ကို၊ အကာတုံ- မပြုခြင်းငှါ၊ န လဗ္ဘတိ- မရ၊ [ကျောင်းတိုက်ကြီး၌ကား တွေ့ရာမြင်ရာ အာဂန္တုကအား ဝတ်ပြုရမည် မဟုတ်၊ မိမိထံလာသော အာဂန္တုကအားသာ ဝတ်ပြုရမည်-ဟူလို။]

× × × × × × ×

ယထာဘာဂံ။ ။ ယထာဘာဂန္တိ ပုံမြှေပ ညတ္တိပဒေသဘာဂံ အနတိက္ကမိတွာ၊— သာရတ္ထ၊ ဤသို့ဋီကာတို့၌ အဖွင့်ရှိသော်လည်း စာအုပ်တို့၌ ထိုပုဒ်ကို မတွေ့ရ၊ ကျနေဟန် တူပါသည်။

ပဋ္ဌေါဋ္ဌေတွာ၊ပေ၊ဝဋ္ဋတိယေဝ။ ။မဥ္စပီဌစသည်တို့အပေါ်၌ မြူမှုန့်ရှိလျှင် ခါ၍ အပေါ်လွှမ်း အခင်းကို ခင်းပေးခြင်းသည် သေနာသန ပညာပနပင် ဖြစ်၏၊ ထို့ကြောင့် " ပဋ္ဌေါဋ္ဌေတွာ ပတ္တရိတုံ ပန ဝဋ္ဋတိ"ဟု မိန့်သည်၊ "ပဋ္ဌေါဋ္ဌေတွာဟိ"ဟု ရှိသည်ကား မကောင်း၊ "ပဋ္ဌေါဋ္ဌေတွာပိ"ဟု ရှိလျှင် ခွတော်သေး၏။

ဂမိကဝတ္တကထာ

[" ဂမိကဝတ္တေ ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော " ဟု ယောဇနာရှိသောကြောင့် "ဂမိကဝတ္တေ"ဟု ရှေးပါဌ်၌ ရှိဟန်တူသည်၊ အချို့စာအုပ်တို့၌ "ဂမိကဝတ္တေသု" ဟု တွေ့ရ၏၊] ဂမိကဝတ္တေ - ၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ဒါရုဘဏ္ဍန္တိ-ဟူသည်ကား၊ သေနာသနက္ခန္ဓကေ- က၌၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီးသော၊ မဉ္စပီဌာဒိ - ညောင်စောင်းအင်းပျဉ် အစရှိသော သစ်ဘဏ္ဍာတည်း၊ မတ္တိကာဘဏ္ဍမ္ပိ-မြေညက်ဘဏ္ဍာသည်လည်း၊ ရဇနဘာဇနာဒိ-ဆိုးရေကျိုးအိုးအစရှိသော၊ သဗ္ဗံ-အလုံးစုံသော၊ တတ္ထ- ထို သေနာသနက္ခန္ဓကက၌၊ ၀ုတ္တပ္ပဘေဒမေဝ-ဆိုအပ်ပြီးသော အပြားရှိသောဘဏ္ဍာပင်တည်း၊ တံ သဗ္ဗံ-ထို အလုံးစုံကို၊ အဂ္ဂိသာလာယဝါ - မီးတင်းကုပ်၌သော်၎င်း၊ အညတရသ္မိံ — အမှတ်မထား တပါးပါးသော၊ ဂုတ္တဋ္ဌာနေဝါ - လုံခြုံရာအရပ်၌သော်၎င်း၊ ပဋိသာမေတွာ - သိုမှီးသိမ်းဆည်းပြီး၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ အနောဝဿကေ-မိုးမစွတ်အပ်သော၊ ပဗ္ဘာရေပိ- တောင်ဂူမ်းအရပ်၌လည်း၊ ထပေတုံ-ထားခြင်းငှါ၊ ဝဋ္ဋတိ-၏။

သေနာသနံ အာပုစ္ဆိတဗ္ဗန္တိ ဧတ္ထ - ၌၊ ပါသာဏပိဋ္ဌိယံဝါ - ကျောက်ဖျာအပြင်၌သော်၎င်း၊ ပါသာဏတ္ထမ္ဘေသုဝါ-ကျောက်တိုင်တို့၌သော်၎င်း၊ ယံ ကတ သေနာသနံ-အကြင်ပြုအပ်သောကျောင်းသည်၊(အတ္ထိ)၊ ယတ္ထ-အကြင်ကျောင်း၌၊ ဥပစိကာ - ခြတို့သည်၊ နာရောဟန္တိ - မတက်နိုင်ကုန်၊ တံ- ထိုကျောင်းကို၊ အနာပုစ္ဆန္တဿာပိ — မပန်ပြောသော ရဟန်း၏လည်း၊ အနာပတ္တိ — သည်၊ (ဟောတိ)။ ["ကြည့်ရှုလိုက်ပါ"ဟု အနီးအပါးသံဃာများကို ပန်ပြော၍သွားခြင်းကို "သေနာသနံ အာပုစ္ဆိတဗ္ဗံ" ဟု ဆိုသည်၊ ခြမတက်နိုင်လျှင်ကား ထိုသို့ မပန်ပြောသော်လည်း အနာပတ်-ဟူလို။]

စတူသု ပါသာဏကေသုတိ အာဒိ- အစရှိသောစကားရပ်ကို၊ ဥပစိကာနံ-ခြတို့၏၊ ဥပ္ပတ္တိဋ္ဌာနေ — ဖြစ်ရာဌာနဖြစ်သော၊ ပဏ္ဏသာလာဒိသေနာသနေ — သစ်ရွက်မိုးကျောင်း အစရှိသောကျောင်း၌၊ ကတ္တဗ္ဗာကာရဒဿနတ္ထံ- ပြုထိုက်သော အခြင်းအရာကို ပြခြင်းအကျိုးငှါ၊ (ဘဂဝတာ) ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ အပ္ပေဝနာမ အင်္ဂါနိပိ သေသေယျုန္တိ- ကား၊ အယံ-ဤအပေါင်စသော အင်္ဂါတို့၏ ကြွင်းကျန်ခြင်းသည်၊ အဇ္ဈောကာသေ-လွင်တီးခေါင်၌၊ ထပိတမ္ပိ- ထားအပ်သော ညောင်စောင်းအင်းပျဉ်၌၊ (ရှေးနိဿယ၌ "ထပိတမ္ပိ- ထားခြင်း၌" ဟု ပေး၏၊ အဓိပ္ပါယ်ကား ရပါ၏၊) အာနိသံသော-တည်း၊ [လွင်တီးခေါင်ဝယ် မြက်သစ်ရွက်တို့ဖြင့် ဖုံး၍ သွားခြင်း၏အကျိုးတည်း၊] ပန - ဆက်၊ ဩဝဿကဂေဟေ- မိုးစွတ်အပ်သောကျောင်း၌၊ တိဏေသုစ-မြက်တို့သည်၎င်း၊ မတ္တိကာပိဏ္ဍေသုစ - မြေညက်ခဲတို့သည်၎င်း၊ ဥပရိ-အထက်၌၊ (အပေါ်က)၊ ပတန္တေ

သု - ကျကုန်လသော်၊ မဉ္စပီဌာနံ - ညောင်စောင်း အင်းပျဉ်တို့၏၊ အင်္ဂါနိပိ— အပေါင်တို့သည်လည်း၊ ဝိနဿန္တိ-ပျက်စီးနိုင်ကုန်၏။ [မိုးယိုသောကျောင်း၌ ထားခဲ့လျှင် အပေါ်က အမိုးမြက်တွေလည်းကျတတ်, ဥလ္လိတ္တ၁ဝလိတ္တလုပ်ထား အပ်သော ကျောင်းဖြစ်လျှင် မြေညက်စိုင်တွေလည်း ကျတတ်သောကြောင့် ညောင်စောင်းအင်းပျဉ်တို့၏အပေါင်တို့သော်မှ ပျက်စီးတတ်၏၊ လွင်တီးခေါင်၌ ထားခဲ့လျှင်ကား ညောင်စောင်းအင်းပျဉ်တို့၏ အပေါင်စသောအင်္ဂါများ မပျက် စီးနိုင်၊ ထို့ကြောင့် လွင်တီးခေါင်၌ ကျောက်တုံးလေးခုကိုခံ၍ ညောင်စောင်း အင်းပျဉ်တို့ကို စုပုံထားခဲ့ရမည်-ဟူလို။]

အနုမောဒနဝတ္ထ ကထာ

အနုမောဒနဝတ္ထုသ္မိံ-၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ဣဒ္ဓံ အဟောသိတိ- ကား၊ သမ္ပန္နံ-ပြည့်စုံသည်၊ အဟောသိ- ဖြစ်၏လော၊ (မြတ်စွာဘုရားက အရှင် သာရိပုတြာကို မေးတော်မူကြောင်းစကားတည်း၊) [ဣဒ္ဓံ အဟောသိတိ ဧတ္တ ဣမမာတုယာ ဝမ္မနတ္တံ ပဋိက္ခိပန္တော အာဟ သမ္ပန္နံ အဟောသိတိ၊-ယောဇနာ။] စတူဟိ ပဉ္စဟိတိ- ကား၊ သံဃတ္ထေရေ- သံဃထေရ်သည်၊ [နိသိန္နေ၏ လက္ခဏာ ဝန္တဖြစ်သောကြောင့် "သံဃတ္ထေရေန"ဟု အချို့စာအုပ်တို့၌ရှိသည်ကား ပါဌ် ပျက်၊] အနုမောဒနတ္ထာယ - အနုမောဒနာအကျိုးငှါ၊ (ဆွမ်းတရားဟောခြင်း ငှါ၊) နိသိန္နေ-ထိုင်နေလသော်၊ ဟေဋ္ဌာ-သံဃထေရ်မှအောက်၌၊ ပဋိပါဋိယာ- အစဉ်အားဖြင့်၊စတူဟိ-လေးပါးသောထေရ်တို့သည်၊ နိသီဒိတဗ္ဗံ-ထိုင်နေရာ၏၊ (စောင့်နေရာ၏၊) အနုထေရေ-အနုထေရ်သည်၊ (သံဃထေရ်အောက် ငယ်သော ထေရ်သည်၊) (အနုမောဒနတ္ထာယ - ငှါ၊) နိသိန္နေ - သော်၊ မဟာထေရေနစ- မဟာထေရ်သည်ငင်း၊ ဟေဋ္ဌာ-အောက်၌၊ (အနုထေရ်မှ အောက်၌၊) တီဟိစ- သုံးပါးသော ထေရ်တို့သည်ငင်း၊ နိသီဒိတဗ္ဗံ - ရာ၏၊ ပဉ္စမေ - ငါးပါးမြောက် ထေရ်သည်၊ (အနုမောဒနတ္ထာယ-ငှါ၊) နိသိန္နေ- သော်၊ ဥပရိ-အထက်၌၊ စတူ ဟိ - လေးပါးသောထေရ်တို့သည်၊ နိသီဒိတဗ္ဗံ - ရာ၏၊ သံဃတ္ထေရေန - သည်၊ ဟေဋ္ဌာ-အောက်၌၊ ဒဟရဘိက္ခုသ္မိံ-ငယ်သောရဟန်းကို၊ အဇ္ဈိဋ္ဌေပိ-တိုက်တွန်း

× × × × × × ×

အနုမောဒနာ။ ■မောဒတိ တောယာတိ မောဒနာ၊ တောယ-ဤ တရားစကား ဖြင့်၊ မောဒတိ- ဝမ်းမြောက်ရ၏၊ ဣတိ- ဤသို့ ဝမ်းမြောက်ကြောင်း၏အဖြစ်ကြောင့်၊ မောဒနာ – မည်၏၊ အနု (ပစ္ဆာ) – ဆွမ်းလှူပြီးရာကာလမှ နောက်၌၊ မောဒနာ – ဝမ်းမြောက်ကြောင်း တရားစကားတည်း၊ အနုမောဒနာ – ကား၊ ယောဇနာ၌ကား "အနု (ပုနပ္ပုနံ)"ဟုလည်း တနည်းဖွင့်သေး၏၊ ထို ဆွမ်းတရားဟောသော ပုဂ္ဂိုလ်ကို ကား"အနု ပုနပ္ပုနံ ပစ္ဆာဝါ မောဒေတီတိ အနုမောဒကော"ဟု ယောဇနာပြုသည်။

အပ်ပြန်သော်လည်း၊ သံဃတ္ထေရတော-မှ၊ ပဋ္ဌာယ-၍၊ စတုဟိ-လေးပါးသော ထေရ်တို့သည်၊ နိသီဒိတဗ္ဗမေဝ-ထိုင်နေရာသည်သာ၊ (စောင့်ရမည်သာ၊)ပန-ဆက်၊ အနုမောဒကော - အနုမောဒနာပြုသော၊ (ဆွမ်း တရားဟောသော)၊ ဘိက္ခု-သည်၊ ဘန္တေ-အရှင်ဘုရားတို့၊ ဂစ္ဆထ-ကြွတော်မူကြပါကုန်၊ အာဂမေ တဗ္ဗကိစ္စံ- စောင့်နေဘွယ်ကိစ္စသည်၊ နတ္ထိ- မရှိပါ၊ ဣတိ- ဤသို့၊ သစေ ဝဒတိ-အကယ်၍ လျှောက်အံ့၊ (ဇိဝံသတိ)၊ ဂန္တုံ-၄ါ၊ ဝဋ္ဋတိ- အပ်၏။

မဟာထေရေန - သည်၊ အာဂုသော - ငါ့ရှင်၊ (အနုမောဒကရဟန်းကို ခေါ်သည်၊) ဂစ္ဆာမ-ငါတို့ သွားကြကုန်အံ့၊ ဣတိ-ဤသို့၊ ဝတ္တေ- ပြောဆိုအပ်သော်၊ (ခွင့်ပန်လသော်၊) ဂစ္ဆထ- ကြွကြပါကုန်၊ ဣတိ-သို့၊ သစေ ဝဒတိ-အံ့၊ ဧဝမ္ပိ-ဤသို့ လျှောက်ပြန်ပါသော်လည်း၊ (ဂန္တုံ-၄ါ၊) ဝဋ္ဋတိ- အပ်၏၊ ဗဟိ ဂါမေ - ရွာ့ပြင်ဘက်၌၊ [ဤစကားကို ထောက်၍ ဘတ္တဂ္ဂဟု ခေါ်အပ်သော ဆွမ်းစားစရပ်သည် ရွာတွင်းရှိနေကြောင်းကို သိရ၏၊]အာဂမိဿာမ-စောင့်နေကုန်အံ့၊ ဣတိ—သို့၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတွာပိ - ပြု၍လည်း၊ ဗဟိ ဂါမံ-ရွာ့ပြင်ဘက်သို့၊ ဂန္တွာ - သွားနှင့်၍၊ အတ္တနော - မိမိ၏၊ နိဿိတကေ-တပည့်ငယ်တို့ကို၊ တုမှေ - သင်တို့သည်၊ တဿ - ထို အနုမောဒက ရဟန်း၏၊ အာဂမနံ-လာခြင်းကို၊ အာဂမေထ—စောင့်နေကြကုန်လော၊ ဣတိ-သို့၊ ဝတ္တာ ပိ-ပြော၍လည်း၊ ဂန္တုံ-၄ါ၊ ဝဋ္ဋတိယေဝ- သည်သာ။

ပန-ဆက်၊ မနုဿာ—လူတို့သည်၊ အတ္တနော-မိမိ၏၊ ဝါ-သည်၊ ရုစိတေန-အလိုရှိအပ်သော၊ ဧကေန—တပါးသော ရဟန်းသည်၊ ဝါ-ကို၊ (ကာရိတ်ကံ, ခေတ်ကတ္တား၊) အနုမောဒနံ-ကို၊ သစေ ကာရေန္တိ-အကယ်၍ ပြုစေကြကုန်အံ့၊ (ဇိဝံ သတိ)၊ အနုမောဒတော - အနုမောဒနာ ပြုသော၊ တဿ-ထို ရဟန်း၏၊ အာပတ္တိ- သည်၊ နေဝ (ဟောတိ) - မဖြစ်၊ မဟာထေရဿ - ၏၊ ဘာရော-တာဝန်သည်၊ န (ဟောတိ)-မရှိ၊ ဟိ—မှန်၊ ဥပနိသိန္နကထာယမေဝ-ဥပနိသိန္နကထာ၌သာ၊ မနုဿေသု—တို့သည်၊ ကထာပေန္တေသု- ဟောစေကုန်လသော်၊

× × × × × × ×

လူတို့က တရားဟောဘို့ လျှောက်ရာ၌။ ■ ဥပနိသိန္နကထာ မဟုတ်ဘဲ ဘတ္တာနုမောဒနာ ပြုဘို့ရန် လူတို့က တောင်းပန်လျှင် ထိုအနုမောဒက ရဟန်းက မဟာထေရ်အထံ ခွင့်ပန်ဘွယ် မလို၊ ထို့ကြောင့် “ နေဝ တဿ အနုမောဒတော အာပတ္တိ ” ဟု ဆိုသည်၊ မဟာထေရ်မှာလည်း စောင့်နေဘွယ် မလို၊ ထို့ကြောင့် “န မဟာထေရဿ ဘာရော ဟောတိ”ဟု ဆိုသည်။

ဥပနိသိန္နကထာယံ ■ ■ ဥပ (သမီပေ) နိသိန္နော ဥပနိသိန္နော၊ ဥပနိသိန္နဿ—အနီး၌ ထိုင်နေသူအား၊ ကထာ-ဟောအပ်သောတရားစကားတည်း၊ ဥပနိသိန္နကထာ-ကား၊ သံဃာအများစုဝေး၍နေရာဝယ် ရောက်လာသော ဒါယကာ ဒါယိကာမတို့အား ဟောအပ်သော တရားစကားကို “ ဥပနိသိန္နကထာ ” ဟု ဆိုသည်၊ မိမိတပါးတည်း

(ဟောဘို့ရန် တောင်းပန်ကုန်လသော်၊) မဟာထေရော-ကို၊ အာပုစ္ဆိတဗ္ဗော- ပန်ပြောထိုက်၏၊ မဟာထေရေနစ-သည်လည်း၊အနုမောဒနာယ-အနုမောဒနာ အကျိုးငှါ၊ အဇ္ဈိဋ္ဌော ၀-တိုက်တွန်းအပ်သော ရဟန်းကိုသာ၊အာဂမေတဗ္ဗော- ဆိုင်းငံ့ထိုက်၏၊ ဣတိ ဣဒံ—ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ- ဤ အနုမောဒနာဝတ်၌၊ လက္ခဏံ-အမှတ်အသားတည်း၊ ဝဍ္ဍိတောတိ-ကား၊ သဥ္ဇာတဝဍ္ဍော - လွန်စွာ ဖြစ်သော ကျင်ကြီးရှိသည်၊ ဝစ္စပီဠိတော — ကျင်ကြီးသည် နှိပ်စက်အပ်သည်၊ ("ဟုတ္ဝာ အာဂမေသိ-စောင့်နေပြီ"ဟု ပါဠိတော်၌စပ်၊) ဣတိ- ကား၊ အဓိပ္ပါ ယော-သင်္ဂါယနာတင်ထေရ်တို့၏ အလိုတည်း၊ [ဝစ္စံ ဟူသော ပဌမန္တနာမ်ပုဒ် နောင်"သဥ္ဇာတံ တာရကာဒိတွ်တော"ဟူသော မောဂ္ဂလ္လာန်(၄)ကဏ္ဍ(၄၅) သုတ်ဖြင့် ဣတပစ္စည်းသက်၊ မျာခိတော ဒုက္ခိတော ပုဒ်များကဲ့သို့တည်း။]

× × × × × × ×

နေရာဝယ် ထိုသို့ ရောက်လာသူအား ဟောအပ်သော တရားစကားလည်း ဥပနိသိန္န ကထာပင်တည်း၊ သံဃာများစုမိရာဝယ် ဥပနိသိန္နကထာကို ဟောဘို့ရန် လူတို့က မဟာ ထေရ်မှတပါး အခြားပုဂ္ဂိုလ်ကို တောင်းပန်လျှင် ထိုပုဂ္ဂိုလ်သည် မဟာထေရ်ကို (ဟော ဘို့ရန် ခွင့်ပြုပါဘုရား ဟု) ခွင့်ပန်၍ ဟောရသည်၊ ထိုသို့ ခွင့်မပန်ဘဲ ဟောလျှင် "န ဘိက္ခဝေ အနဇ္ဈိဋ္ဌေန ဓမ္မော ဘာသိတဗ္ဗော၊ ယော ဘာသေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟု မဟာဝဂ္ဂ, ဥပေါသထက္ခန္ဓက, သံခိတ္တေန ပါတိမောက္ခုဒ္ဒေသကထာ၌လာသော သိက္ခာပုဒ်အရ အာပတ်သင့်၏။

ဇူဒ မေဏ္ဍ လက္ခဏံ။ ။ န မဟာထေရဿ ဘာရော ဟောတီတိ အနုမောဒကံ အာဂမေတုံ န ဘာရော၊ အဇ္ဈိဋ္ဌော ၀ အာဂမေတဗ္ဗောတိ အတ္တနာ အဇ္ဈိဋ္ဌေ ဘိက္ခုမှိ အနုမောဒန္တေယေဝ နိသီဒိတဗ္ဗန္တိ အတ္ထော၊-ဝိမတိ။ ["အဇ္ဈိဋ္ဌေဟိ ဘိက္ခူဟိ"ဟု စာအုပ်တို့၌ ရှိ၏၊"အဇ္ဈိဋ္ဌေ ဘိက္ခုမှိ"ဟု ရှိသင့်၏၊ နိသီဒိတဗ္ဗံ၏ ကတ္တားကား"မဟာ ထေရေန"ဟု အဋ္ဌကထာ၌ တိုက်ရိုက်ရှိ၏။]

ဘတ္တဂ္ဂဝတ္တကထာ

ဘတ္တဂ္ဂဝတ္တေ - ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) အန္တောဂါမေ ဝါ- ရွာတွင်းသည်မူလည်း၊ ဟောတု-ဖြစ်စေ၊(ဘတ္တဂ္ဂဋ္ဌာနက ရွာတွင်းသည်မူလည်း ဖြစ်စေ၊) ဝိဟာရေ ဝါ-ကျောင်းတိုက်သည်မူလည်း၊ (ကျောင်းတိုက် အတွင်း သည်မူလည်း၊) ဟောတု- စေ၊ မနုဿာနံ - တို့၏၊ ပရိဝိသနဋ္ဌာနံ - ဆွမ်းလုပ် ကျွေးရာ အရပ်သို့၊ ဂစ္ဆန္တေန-သွားသော ရဟန်းသည်၊ စီဝရံ-ကို၊ ပါရုပိတွာ-

× × × × × × ×

ပရိဝိသနဋ္ဌာနံ ဂစ္ဆန္တေန ။ ။ မနုဿာနံ ပရိဝိသနဋ္ဌာနန္တိ ယတ္ထ မနုဿာ သပုတ္တဒါရာ အာဝသိတွာ-(ညဉ့်အိပ်နေ၍၊) ဒေန္တိ၊-(သာရတ္ထ၊) "လူများ ညဉ့်အိပ် ၍နေ၍ ဆွမ်းလုပ်ကျွေးရာ ဌာနသည် ကျောင်းတွင်းဖြစ်စေ ရွာတွင်းဖြစ်စေ, ထို ဌာနသို့

ရုံ၍၊ ကာယဗန္ဓနံ-ခါးပန်းကြိုးကို၊ ဗန္ဓနမေဝ-ဖွဲ့ခြင်းသည်သာ၊ ဝဋ္ဋတိ-သင့်၏၊ ဣတိ-သို့၊ အဋ္ဌကထာသု - ရှေး အဋ္ဌကထာတို့၌၊ ဝုတ္တံ - ဆိုအပ်ပြီ၊ န ထေရေ ဘိက္ခူ အနုပခဇ္ဇာတိ— ကား၊ ထေရေ - ထေရ်ဖြစ်ကုန်သော၊ ဘိက္ခူ - တို့ကို၊ အတိအလ္လီယိတွာ - အလွန်ကပ်ငြိ၍၊ (အလွန်ထိ၍၊) န နိသီဒိတဗ္ဗံ—မထိုင်ရာ၊ မဟာထေရဿ-၏၊ နိသိန္နာသနေန- ထိုင်နေရာဖြစ်သော နေရာနှင့်၊ သမကံ— ညီမျှသော၊ အာသနံ - နေရာသည်၊ သစေ ဟောတိ- အံ့၊ (ဇဝံ သတိ) ဗဟူသု- များစွာကုန်သော၊ အာသနေသု-နေရာတို့သည်၊ သတိ- ရှိကုန်လသော်၊ ဇကံ— တခုသော၊(အာသနံ-နေရာကိုသော်၎င်း၊) ဒွေ-နှစ်ခုကုန်သော၊ အာသနာနိ— တို့ကိုသော်၎င်း၊ ထပေတွာ - ချန်ထား၍၊ နိသီဒိတဗ္ဗံ - ထိုင်ရာ၏၊ [“ ထေရ်ကြီး ဖြစ်သော ဆရာတော်တို့နှင့် တဆက်ထည်းသော နေရာ၌ မထိုင်ပါနှင့်”ဟူလို။]

ဘိက္ခူ-.တို့ကို၊ ဂဏေတွာ— ရေတွက်၍၊ ပညတ္တာသနေသု - ခင်းထားအပ်သော နေရာတို့၌၊ အနိသီဒိတွာ-မထိုင်သေးမူ၍၊ မဟာထေရေန-သည်၊ နိသီဒ- ထိုင်လော၊ ဣတိ—သို့၊ ဝုတ္တေန - ပြောဆိုအပ်သော ရဟန်းသည်၊ နိသီဒိတဗ္ဗံ— ရာ၏၊[“နေရာက လောက်ရုံသာရှိသဖြင့် ချန်၍ မထိုင်လောက်လျှင် ရတ်တရက် မထိုင်သေးဘဲ မဟာထေရ်(ဆရာတော်) က “ထိုင်ပါ့ ထိုင်ပါ” ဟု ဆိုမှ ထိုင်ရမည်”ဟူလို။] မဟာထေရော-သည်၊ နောစေ ဝဒတိ - အကယ်၍ မပြောဆိုအံ့၊ (ထိုင်ပါဟု မပြောဆိုအံ့၊ ဇဝံ သတိ၊)ဘန္တေ-ရား၊ ဣဒံ အာသနံ-ဤနေရာသည်၊ ဥစ္စံ-မြင့်ပါ၏၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ-လျှောက်ရာ၏၊ နိသီဒ-ထိုင်လော၊ ဣတိ - သို့၊ ဝုတ္တေ-ဆိုအပ်သော်၊ နိသီဒိတဗ္ဗံ-ရာ၏၊ ပန-ဆက်၊ ဇဝံ-သို့၊ အာပုစ္ဆိတေပိ— ခွင့်ပန်အပ်ပါသော်လည်း၊ သစေ နဝဒတိ—အကယ်၍ မပြောအံ့၊ (ဇဝံ သတိ)၊ နိသီဒန္တဿ—ထိုင်သော ရဟန်း၏၊ အနာပတ္တိ-သည်၊ (ဟောတိ)၊ မဟာထေရ ဿေဝ-၏သာ၊(ထိုင်ပါဟု မပြောသော မဟာထေရ်၏သာ၊)အာပတ္တိ-သည်၊ (ဟောတိ)၊ [မဟာထေရဿေဝ အာပတ္တီတိ အာသနေန ပဋိဗာဟနာပတ္တိယာ

× × × × × × ×

သွားလျှင် သက်န်းရုံ၍ ခါးပန်းဖွဲ့၍ သွားသင့်သည်” ဟု ရှေးအဋ္ဌကထာတို့၌ ဆိုသော် လည်း ယခုခေတ်၌ကား ကျောင်းတွင်း၌ ဆွမ်းလုပ်ကျွေးလျှင် သက်န်းရုံ၍ သွားခြင်း အလေ့နည်းပါးလှ၏၊ “အဋ္ဌကထာသု ဝုတ္တံ ” ဟု ဆိုသောကြောင့် သာရုပ္ပဖြစ်အောင် အဋ္ဌကထာတို့၌ ဆိုဟန်တူပါသည်၊ ကျောင်းတွင်း၌ သက်န်းမရုံမူ,ခါးပန်း မဖွဲ့မူကြောင့် ကား အာပတ်မရှိပါ၊ သို့ရာဝယ် ဆွမ်းလုပ် ကျွေးရာဌာန၌ ဆွမ်းဒါယကာများ ရှိလျှင် ခါးပန်းဖွဲ့၍ သက်န်းရုံ၍ သွားခြင်းသည်သာ ပါသာဒိက ဖြစ်ပါသည်။

ဣဒံ ဘန္တေ အာသနံ ဥစ္စံ၊ ။ဣဒံ ဘန္တေ အာသနံ ဥစ္စန္တိ အာသနေ သမဘူမိ ဘာဂေ ပညတ္တေ ထေရာသနေန သမကံ အာသနံ သန္ဓာယ ဝုတ္တံ၊ ထေရာသနတော ပန ဥစ္စတရေ အာပုစ္ဆိတွာပိ နိသီဒိတုံ နဝဋ္ဋတိ၊ ယဒိ တံ အာသနေ္ဓမ္မိ နီစတရံ ဟောတိ၊အနာ ပုစ္ဆာပိ နိသီဒိတုံ ဝဋ္ဋတိ၊—ဋိမတိ။

အာပတ္တိ၊-ဝိမတိ။] ဟိ - မှန်၊ နဝကော - သီတင်းငယ်သည်၊ ဧဝ ရူပေ - ဤသို့ သဘောရှိသော၊ အာသနေ- နေရာ၌၊ အနာပုစ္ဆာ - ခွင့်မပန်ဘဲ၊ နိသီဒန္တော- ထိုင်လသော်၊ အာပဇ္ဇတိ-အာပတ်သို့ရောက်၏၊ ထေရော-သည်၊အာပုစ္ဆိတော- ခွင့်ပန်အပ်သည်၊(သမာနော-ဖြစ်ပါလျက်၊) အနနုဇာနန္တော-ခွင့်မပြုလသော်၊ (အာပဇ္ဇတိ-၏၊)[အာပုစ္ဆိတော နေရာဝယ် စာအုပ်တို့၌ “အာပုစ္ဆတေန”ဟု ၎င်း၊“အာပုစ္ဆိတေ” ဟု၎င်း ရှိကြ၏၊ မကောင်း၊ ထေရောနှင့် အရတူဖြစ်သော ကြောင့် “အာပုစ္ဆိတော ”ဟု ရှိရမည်၊] န သံဃာဋိ ပြဋ္ဌရိတ္ဗာတိ - ကား၊ သံဃာဋိ-ကောသိ, သင်္ကန်းကြီးကို၊ အဝတ္ထရိတ္ဗာ - လွှမ်းဖိ၍၊ န နိသီဒိတဗ္ဗံ— မထိုင်ရာ။

ဥဘောဟိ ဟတ္ထေဟီတိ-ဟိအစရှိသော စကားရပ်ကို၊ ပတ္တဓောဝနဥဒကံ- သပိတ် ဆေးကြောင်းရေကို၊ သန္ဓာယ-ရည်ရွယ်တော်မူ၍၊(ဘဂဝတာ)၊ဝုတ္တံ- ပြီ၊ ပန်-ဆက်၊ ဒက္ခိဏောဒကံ - အလှူရေကို၊ ပုရတော-ရှေ့၌၊ အာဓာရကေ- သပိတ်ခြေ၌၊ ပတ္တံ-ကို၊ ထပေတွာ-ထား၍၊ ဂဟေတဗ္ဗံ-ခံယူရာ၏၊ [ဤစကား အရ ဒက္ခိဏောဒကဟူသည် တစက်တစက် ချအပ်သော အလှူရေစက်မဟုတ်၊ သင်္ကန်း စသည်နှင့် တွဲဘက်၍လှူအပ်သော ရေတမျိုးဟု မှတ်ပါ၊ စီဝရက္ခန္ဓက သံဃေဘိန္နေ စီဝရုပ္ပါဒကထာ၌လည်း ဤဒက္ခိဏောဒက ပါခဲ့ပြီ။] သာဓုကန္တိ- ကား၊ ဥဒကသဒ္ဒံ-ရေသံကို၊ အကရောန္တေန-မပြုဘဲ၊(“ပဋ္ဌော ဓောဝိတဗ္ဗော” ဟု ပါဠိတော်၌ စပ်)၊ သူပဿ ဩကာသောတိ-ကား၊ ယထာ-အကြင် အခြင်း အရာအားဖြင့် ခံယူလသော်၊ သူပဿ-ဟင်း၏၊ ဩကာသော - တည်ရာ အရပ် သည်၊ ဟောတိ—ရှိ၏၊ ဧဝံ-ဤအခြင်းအရာအားဖြင့်၊ (ဟင်းထည့်ဘို့ရန် နေရာ ရှိလောက်အောင်သော အခြင်းအရာအားဖြင့်၊) မတ္တာယ-အတိုင်း အရှည်အား ဖြင့်၊ ဩဒနော-ဆွမ်းကို၊ ဂဏှိတဗ္ဗော-ခံယူထိုက်၏၊ ဃတ အစ္ဆော-နက်။

သမကံ သမ္ပာဒေဟီတိ ဣဒံ - ဟိ ဟူသော ဤစကားကို၊ ကေဝလံ - ဩဒန မဖက် သက်သက်၊ သပ္ပိအာဒီသုယေဝ-ထောပတ် အစရှိသော ခဲဘွယ်တို့၌သာ၊ န(ဝတ္တဗ္ဗံ)-ဆိုထိုက်သည် မဟုတ်သေး၊(အချို့စာအုပ်တို့၌ “ အာဒီသု ယေဝ” ဟု ဧဝမပါ၊ ပါမှ ကောင်းသည်၊) ဩဒနေပိ—ဆွမ်း၌လည်း၊ ဝတ္တဗ္ဗံ- ဆိုထိုက်

× × × × × × ×

န သံဃာဋိ ဩတ္ထရိတွာ။ ။ အဝတ္ထရိတ္ဗာတိ ပါရုတသံဃာဋိ အဝတ္ထရိတွာ၊ အနုက္ခိပိတ္ဗာတိ အတ္ထော၊ (ဝိမတိ၊) ရွာတွင်း ဆွမ်းစားစရပ်သို့ လာသောအခါ ကောသိ နှင့် သင်္ကန်းကြီးကို ထပ်၍ဖြစ်စေ, တထည်စီဖြစ်စေ ရုံလာရ၏၊ ထိုရုံအပ်သော သင်္ကန်း ကို“သံဃာဋိ”ဟု ဆိုသည်၊ ထိုသံဃာဋိကို ဖိ၍ ထိုင်လျှင် ဖိတ်ထားသော ရေစသည်တို့ ကြောင့် သင်္ကန်း၌ အကွက်ထင်ဘွယ် ရှိရကား သံဃာဋိကို ဖိ၍ မထိုင်ရ၊ ထိုင်ခါနီး၌ ရုံထားအပ်သော သံဃာဋိကို မဖိမိအောင် မြှောက်၍ ဖယ်၍ ထိုင်ရသည်။

သေး၏၊ ပန - ဆက်၊ သပ္ပိအာဒီသု - တို့တွင်၊ ယံ - အကြင် ဝတ္ထုသည်၊ အပ္ပံ- နည်းသည်၊ ဟောတိ-၏၊ ဧကဿဝါ—တပါးအားသော်၎င်း၊ ဒွိန္နံဝါ—နှစ်ပါးတို့အားသော်၎င်း၊ အနုရူပကံ-လျော်ပတ်ရုံသည်၊ (ဟောတိ)၊ (အပ္ပံကို ထပ်ဖွင့်သည်၊)သဗ္ဗေသံ-အလုံးစုံသော ရဟန်းတို့အား၊ သမကံ-ညီမျှအောင်၊ သမ္မာဒေဟိ- ပြည့်စုံစေလော၊ ဣတိ- သို့၊ ဝုတ္တေ - ဆိုအပ်သော်၊ မနုဿာနံ - လူတို့၏၊ ဝိဟေသာ-ပင်ပန်းခြင်းသည်၊ ဟောတိ-ဖြစ်တတ်၏၊ တသ္မာ-ကြောင့်၊တာဒိသံ- ထိုကဲ့သို့ ရှုအပ်သော ဝတ္ထုကို၊ သကိံဝါ— တကြိမ်သော်၎င်း၊ ဒွိက္ခတ္တုံဝါ- နှစ်ကြိမ်သော်၎င်း၊ ဂဟေတွာ-ယူပြီး၍၊ သေသံ-ကြွင်းသော ဝတ္ထုကို၊ နဂဟေတဗ္ဗံ—မယူထိုက်။

နတာဝ ထေရေန ဘုဉ္ဇိတဗ္ဗန္တိ ဇာဒံ - ဟူသော ဤစကားကို၊ (ဝုတ္တံ ဠံစပ်၊) ပရိန္တိနဘိက္ခုကံ - ပိုင်းဖြတ်အပ်သော ရဟန်းရှိသော၊ ယံ ဘတ္တဂ္ဂံ — အကြင် ဆွမ်းစားစရပ်သည်၊ (အတ္ထိ - ရှိ၏၊) ယတ္ထ - ယင်း ဆွမ်းစားစရပ်၌၊ မနုဿာ- တို့သည်၊ သဗ္ဗေသံ- အလုံးစုံသောရဟန်းတို့၏ (သပိတ်၌)၊ ပါပေတွာ-ရောက်စေပြီး၍၊ (ဆွမ်း, ဟင်းတို့ကို အားလုံး သံဃာတော်၏သပိတ်ထည်း၌ ရောက်စေပြီး၍၊) ဒါတုကာမာ- ပေးခြင်းငှါ အလိုရှိကုန်သည်၊ (အချို့စာအုပ်၌ "ဝန္ဒိတုကာမာ- ရှိခိုးခြင်းငှါအလိုရှိကုန်သည်"ဟု ရှိ၏၊) ဟောန္တိ - ကုန်၏၊ တံ - ထို ဆွမ်းစားစရပ်ကို၊ သန္ဓာယ-၍၊ (ဘဂဝတာ) ဝုတ္တံ-ပြီ၊ ပန-ဆက်၊ ယံ-အကြင် ဆွမ်းစားစရပ်သည်၊ မဟာဘတ္တဂ္ဂံ-ကြီးစွာသောဆွမ်းစားစရပ်သည်၊ ဟောတိ- ဖြစ်၏၊ ယတ္ထ-ယင်း ဆွမ်းစားစရပ်၌၊ ဧကသ္မိံ- တခုသော၊ ပဒေသေ-အရပ်၌၊ ဘုဉ္ဇန္တိ-ဘုဉ်းပေးကြကုန်၏၊ ဧကသ္မိံ-သော၊ ပဒေသေ-၌၊ ဥဒကံ-ရေကို၊ ဒိယျတိ-ပေးလှူအပ်၏၊ (သံဃာတွေကများသောကြောင့် တချို့ ဘုဉ်းပေး၍နေတုန်း တချို့သံဃာများအတွက် လက်ဆေးဘို့ရန် ရေပေးနေရသည် - ဟူလို၊) တတ္ထ- ထို မဟာဘတ္တဂ္ဂ၌၊ ယထာသုခံ- ချမ်းသာသည်အားလျော်စွာ၊ ဘုဉ္ဇိတဗ္ဗံ-ဘုဉ်းပေးနိုင်၏၊("ဒါယကာတို့က အားလုံးထည့်ပြီးသည့်တိုင်အောင် မဟာထေရ်က စောင့်နေဘွယ်" မလို။)

× × × × × × ×

ယံ အပ္ပံ၊ပေ၊န ဂဟေတဗ္ဗံ။ ။သစေ ဟောတိ သပ္ပိဝါ တေလံဝါ ဥတ္တရိဘင်္ဂံဝါ၊ ထေရေန ဝတ္တဗ္ဗော " သဗ္ဗေသံ သမကံ သမ္မာဒေဟိ "တိ ဟူသော ပါဠိတော်၏အဖွင့်တည်း၊ ထို့ကြောင့် တပါးလောက်ရုံ , သို့မဟုတ် နှစ်ပါးလောက်ရုံ အနည်းငယ်သာ ဖြစ်သော သပ္ပိ , သို့မဟုတ် တေလ , သို့မဟုတ် ဥတ္တရိဘင်္ဂဖြစ်လျှင် "သဗ္ဗေသံ သမကံ ဒေဟိ" ဟု မဆိုရ၊ ထိုသို့ဆိုလျှင် အားလုံး မလောက်သဖြင့် လူတို့မှာ စိတ်ဆင်းရဲခြင်း (မျက်နှာပျက်ခြင်း) ဖြစ်တတ်သည်၊ သို့အတွက် ထိုကဲ့သို့ နည်းနည်းပါးပါး ထောပတ်စသော ဝတ္ထုကို တခါ နှစ်ခါသာ ယူပါ၊ "ကျန်တာကို နောက် တပါး နှစ်ပါးစသည်၌ ထည့်ပါစေဦး" ဟူလို။

နဟာဝ ဥဒကန္တိ ဣဒံ-ကံဟူသောဤစကားကို၊ ဟတ္ထဓောဝနဥဒကံ-လက်ဆေးရေကို၊ သန္ဓာယ-၍၊ (ဘဂဝတာ)ဝုတ္တံ-ပြီ၊ ပန-ထိုသို့ပင် လက်ဆေးရေကို ရည်ရွယ်၍ "နတာဝ ဥဒကံ ပဋိဂ္ဂဟေတဗ္ဗံ"ဟု မိန့်တော်မူအပ်ပါသော်လည်း၊ အန္တရာ - ဆွမ်းစား၍မပြီးသေးမီ အကြား၌၊ ပိပါသိတေန - လွန်စွာဖြစ်သော မွတ်သိပ်ခြင်းရှိသောရဟန်းသည်၎င်း၊ (သဥ္ဈာတအဿတ္ထိအနက်၌ ဣတပစ္စည်း သက်၊) ဂလေ - လည်မျို၌၊ ဝိလဂ္ဂါမိသေန၀ါ - ငြိကပ်သော အာမိသရှိသော ရဟန်းသည်၎င်း၊ ပါနီယံ- သောက်ရေကို၊ ပိဝိတွာ - သောက်ပြီး၍၊ ဟတ္ထာ- လက်ဘို့ကို၊ ဓောဝိတဗ္ဗာ-ဆေးနိုင်ကုန်၏၊ [န ဓောဝိတဗ္ဗာဟု နသဒ္ဒါပါသည်ကို ဋီကာဘို့ပယ်ထားသည်။] မနုဿာ- တို့သည်၊ ဘန္တေ - ရှး၊ ပတ္တဥ္စ- သပိတ်ကို ၎င်း၊ ဟတ္ထေစ- လက်ဘို့ကို၎င်း၊ ဓောဝထ- ဆေးတော်မူပါကုန်၊ ဣတိ- ဤသို့၊ သစေ ဝဒန္တိ-အကယ်၍ လျှောက်ကုန်အံ့၊ (ဧဝံ ဝဒန္တေသု)ဝါ-ဤသို့ လျှောက်ကုန်သော်၎င်း၊ ဘိက္ခူ-တို့သည်၊ [အချို့စာ၌ ဘိက္ခူသုဟု ရှိသည်ကား ဝဒန္တိ၏ ကတ္တားဖြစ်သောကြောင့် ပါဌ်ပျက်၊] တုမှေ - အရှင်ဘုရားတို့သည်၊ (အလျင် ပြီးနေသော အရှင်ဘုရားတို့သည်၊) ဥဒကံ-ကို၊ ဂဏှထ-ခံယူပါကုန်၊ ဣတိ-သို့၊ သစေ ဝဒန္တိ-ကုန်အံ့၊ (ဧဝံ ဝဒန္တေသု)ဝါ- သော်၎င်း၊ (ပဋိဂ္ဂဟေတုံ- အကပ် ခံခြင်းငှါ၊) ဝဋ္ဋတိ - အပ်၏။

နိဝတ္တန္တေနာတိ- ဟူသောပါဌ်ဖြင့်၊ ဘတ္တဂ္ဂတော- မှ၊ (အချို့စာ၌ "ဥဋ္ဌာယ - ထ၍" ဟု ရှိသည်ကား အဓိပ္ပါယ်မထူးလှ၊) နိဝတ္တန္တေန - ပြန်နစ်သော၊ သံဃေန- သည်၊ ဧဝံ- ဤသို့၊ (ပါဠိတော်၌ ညွှန်ပြသည့်အတိုင်း၊) နိဝတ္တိတဗ္ဗံ- ပြန်နစ်ရာ၏၊ ဣတိ- ဤအနက်ကို၊ ဒဿေတိ - ပြတော်မူ၏၊ ကထံ- အဘယ်သို့

× × × × × × ×

ဟတ္ထဓောဝန ဥဒကံ။ ။ပါဠိတော်၌ "နတာဝ ထေရေန ဥဒကံ ပဋိဂ္ဂဟေတဗ္ဗံ၊ ယာဝ န သဗ္ဗေဝ ဘုတ္တာဝိနော ဟောန္တိ – ရဟန်းအားလုံး ဆွမ်းစား၍မပြီးသေးခင် ထေရ်ကြီးက ရေကို အကပ်မခံရသေး"ဟူရာ၌ လက်ဆေးရေကိုရည်ရွယ်၍ ဆိုပါသည်၊ "ဆွမ်းစား၍ မပြီးသေးမီ အကြား၌ ရေဆာလျှင်ကား (သို့မဟုတ်) လည်ချောင်း၌ အာမိသကပ်နေလျှင်ကား သောက်ရေကို အကပ်ခံ၍ သောက်ကောင်းပါ၏"ဟူလို။

ဟတ္ထာ (န) ဓောဝိတဗ္ဗာ။ ။ ဟတ္ထဓောဝနဥဒကန္တိ ဘောဇနာဝသာနေ ဥဒကံ၊ တေနာဟ "ပါနီယံ ပိဝိတွာ ဟတ္ထာ ဓောဝိတဗ္ဗာ"တိ၊ တေန ပရိယောသာနေ ဓောဝနမေဝ ပဋိက္ခိတ္တံ၊ ဘောဇနန္တရေ ပန ပါနီယပိဝနာဒိနာ နယေန ဟတ္ထံ ဓောဝိတွာ ပုန ဘုဉ္ဇိတုံ ဝဋ္ဋတီတိ ဒဿေတိ၊ ပေါတ္ထကေသု ပန "ပါနီယံ ပိဝိတွာ ဟတ္ထာ န ဓောဝိ တဗ္ဗာ"တိ လိခန္တိ၊ တံ ပုရိမဝစနေန န သမေတိ, ပရိယောသာနေ ဥဒကဿေဝ ဟတ္ထ ဓောဝနဥဒကန္တိ ဝုတ္တတ္တာ၊ သစေ မနုဿာ ဓောဝထ ဘန္တေတိ အာဒိ နိဋ္ဌိတဘတ္တံ (ပြီးပြီးသော ဆွမ်းကိစ္စရှိသည်ဖြစ်၍) နိသိန္နထေရံ သန္ဓာယ ဝုတ္တံ၊– ဝိမတိ၊ သာရတ္ထ၌ကား သာ၍ ကျယ်စွာ ဖွင့်ပြသေး၏၊ ရှုပါလေတော့။

ပြန်နှစ်ရာသနည်း၊ နဝကေဟီတိ - ဟိ အစရှိသော၊ သဗ္ဗံ - အလုံးစုံသော အစီအရင်ကို၊ ဒဠှမ္ပိ - မှတ်ထိုက်၏၊ ဟိ- ချဲ့၊ သမ္ဗာဓေသု - ကျဉ်းမြောင်းကုန်သော၊ ဃရေသု-အိမ်တို့၌၊ မဟာထေရာနံ-တို့၏၊ နိက္ခမနောကာသော- ထွက်ရာအရပ်သည်၊ န ဟောတိ-မရှိ၊ တသ္မာ- ကြောင့်၊ ဧဝံ- ဤသို့၊ (နဝကေဟိ အစရှိသောစကားကို၊ ဘဂဝတာ) ဝုတ္တံ- ပြီ၊ ပန- ဆက်၊ ဧဝံ - ဤသို့၊ (ရှေးဦးစွာ ထ၍)၊ နိဝတ္တန္တေဟိ - ပြန်နှစ်ကုန်သော၊ နဝကေဟိ - သီတင်းငယ်တို့သည်၊ ဝေဟဒွါရေ - အိမ်တံခါး၏အနီး၌၊ (ဝင်းတံခါးကို ဆိုဟန်တူသည်၊) ဌတွာ - ရပ်၍၊ ထေရေသု - တို့သည်၊ နိက္ခန္တေသု - ထွက်လာကုန်ပြီးလသော်၊ ပဋိပါဋိယာ - အစဉ်အားဖြင့်၊ (အချို့စာအုပ်၌ "ပါဠိယာ- အစဉ်အတန်းအားဖြင့်"ဟု ရှိ၏၊ အဓိပ္ပါယ်တူပင်၊) ဂန္တဗ္ဗံ-သွားရာ၏။ [ကျဉ်းသောအိမ်၌ သံဃာများစဉ်တန်း၍ ထိုင်လျှင် မဟာထေရ်ကစ၍ မထွက်သာသောကြောင့် တံခါးပေါက်နှင့်နီးသော သီတင်းငယ်ကစ၍ ထွက်ပါ၊ ထိုသို့ထွက်ပြီးလျှင် သီတင်းငယ်တို့က ဝင်တံခါးမှ စောင့်ပါ၊ မဟာထေရ်များထွက်လာသောအခါ အစဉ်အတိုင်းပြန်ပါ-ဟူလို။]

ပန - ဆက်၊ မဟာထေရာ - တို့သည်၊ ဓုရေ - အိမ်တံခါးပေါက်၏ အနီး၌၊ [ပဓာနေ စန္တိကေဓုရော - အဘိဓာန်(၁၀၀၄)နှင့်အညီ ဓုရသဒ္ဒါသည် အနီးဟူသော အနက်ကိုဟော၏၊ ဒွါရေဟု ရှိသည်ကား ပါဌ်ပျက်၊] နိသိန္နာ- ထိုင်နေကုန်သည်၊ သစေ ဟောန္တိ-ကုန်အံ့၊ နဝကာ-တို့သည်၊ အန္တောဂေဟေ-အိမ်၏အတွင်း၌၊(နိသိန္နာ သစေ ဟောန္တိ၊ ဧဝံသတိ၊) ထေရာသနတော-ထေရ်ကြီး၏နေရာမှ၊ ပဋ္ဌာယ - ၍၊ ပဋိပါဋိယာ ဧဝ - အစဉ်အားဖြင့်သာ၊ (ပါဠိယာဧဝ-အစဉ်အတန်းအားဖြင့်သာ၊) နိက္ခမိတဗ္ဗံ-ထွက်ရာ၏၊ ကာယေန- နော်ရဟန်း၏ကိုယ်ဖြင့်၊ကာယံ-ရှေးရဟန်း၏ကိုယ်ကို၊ အဃဋ္ဋေန္တေန-မထိခိုက်စေဘဲ၊ ယထာ-အကြင်အခြင်းအရာအားဖြင့် သွားလသော်၊ အန္တရေန-အကြားဖြင့်၊ မနုဿာ- တို့သည်၊ ဂန္တုံ - ဖြတ်၍သွားခြင်းငှါ၊ သက္ကောန္တိ - စွမ်းနိုင်ကုန်၏၊ ဧဝံ-ဤသို့ (ဖြတ်၍သွားနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊)ဝိရဠာယ-ကျဲသော၊ ပဋိပါဋိယာ(ပါဠိယာ)-အားဖြင့်၊ ဂန္တဗ္ဗံ - သွားရာ၏၊ [သံဃာစဉ်တန်း၍ သွားရာ၌ ရှေ့ပုဂ္ဂိုလ်ကို နောက်ပုဂ္ဂိုလ်က ကိုယ်ချင်းမတိုက်မိအောင်ရင်း, ဖြတ်သွားလိုသောလူတို့၏ ကြားထည်း၌ဝင်၍ သွားနိုင်အောင်ရင်း,ခပ်ကျဲကျဲတန်း၍ သွားပါ-ဟူလို။]

ပိဏ္ဍစာရိကဝတ္တ ကထာ

ပိဏ္ဍစာရိကဝတ္တေ- ၌၊ (အတ္တော ဧဝံဝေဒိတဗ္ဗော၊) ကမ္မံဝါ နိက္ခိပတီတိ-ကား၊ ကပ္ပါသံဝါ - ဝါကိုသော်ရင်း၊ သုပ္ပံဝါ - ဗန်း(စကော)ကို သော်ရင်း၊ မုသလံဝါ- ကျည်ပွေ့ကိုသော်ရင်း၊ ယံ- အကြင်ဝတ္ထုကို၊ ဂဟေတွာ- ကိုင်၍၊

ကမ္မံ-အလုပ်ကို၊ ကရောန္တိ-ပြုလျက်၊ ဌိတာဝ ါ-ရပ်နေသည်သော်၎င်း၊ နိသိန္နာ ဝ ါ-ထိုင်နေသည်သော်၎င်း၊ ဟောတိ-၏၊ တံ- ထိုဝတ္ထုကို၊ နိက္ခိပတိ- ချအံ့၊ နစ ဘိက္ခာဒါယိကာယာတိ- ကား၊ ဣတ္ထိဝ ါ- မိန်းမသည်မူလည်း၊ ဟောတု-စေ၊ ပုရိသောဝ ါ-သည်မူလည်း၊ ဟောတု-စေ၊ ဘိက္ခာဒါနသမယေ-ဆွမ်းလောင်း ရာအခါ၌၊ မုခံ - မျက်နှာကို၊ န ဥလ္လောကေတဗ္ဗံ - မော်၍မကြည့်ထိုက်။ [ဤ စကားအရ ဘိက္ခာဒါယိကာကို ဥပလက္ခဏာဟု မှတ်ပါ၊ ဘိက္ခာဒါယကာ်မျက်နှာ ကိုလည်း မကြည့်ရ၊ ဆွမ်းလောင်းသူက မိန်းမသာများသောကြောင့် ယေဘုယျ နည်းအားဖြင့် ဆိုသည်။]

× × × × × × ×

ကရောန္တိ, ဟောတိ။ ။စာအုပ်တို့၌ "ကရောန္တိ ဟောန္တိ" ဟု ဗဟုဝုစ်ကြိယာ ရှိ၏၊ နိက္ခိပတိနှင့်အရတူဖြစ်သောကြောင့်"ကရောန္တိ (ဣတ္ထိလိင်) ဟောတိ"တု ဧကဝုစ် ရှိရမည်။ [ကရောန္တိ ဌိတာဝါတိ ကရောန္တီ ဟုတ္တွာ ဌိတာဝါ၊ – ယောဇနာ။] ရှေး နိဿယ၌လည်း "ကရောန္တိ, ဟောတိ"ဟု ဧကဝုစ်ပင်ရှိသည်။

အာရညိကဝတ္တကထာ

အာရညိကဝတ္တေ- ၌၊ (အတ္တော ဇဝံ ဝေဒိတဗ္ဗော၊) သေနာသနာ ဩတရိ တဗ္ဗန္တိ-ကား၊ ဝသနဋ္ဌာနတော- နေရာအရပ်မှ၊ နိက္ခမိတဗ္ဗံ - ထွက်ရာ၏၊ ပတ္တံ ထပိကာယ ပက္ခိပိတွာတိ ဧတ္ထ- ၌၊ ဗဟိဂါမေ - ရွာပြင်ဘက်၌၊ ဥဒကံ - သည်၊ သစေ နတ္ထိ- အကယ်၍ မရှိအံ့၊ (ဧဝံသတိ)၊ အန္တောဂါမေယေဝ - ရွာတွင်း၌ သာလျှင်၊ ဘတ္တကိစ္စံ-ဆွမ်းစားခြင်းကိစ္စကို၊ ကတွာ-၍၊ (ပက္ခိပိတဗ္ဗော ၌စပ်၊) အထ- သို့မဟုတ်၊ ဗဟိဂါမေ-၌၊ (ဥဒကံ-သည်၊)သစေ အတ္ထိ-အံ့၊ (ဧဝံသတိ)၊ ဗဟိဂါမေ-၌၊ ဘတ္တကိစ္စံ-ကို၊ ကတွာ-၍၊ ပတ္တော-ကို၊ ဓောဝိတွာ-ဆေးပြီး၍၊ ဝေါဒကော-ရေမရှိသည်ကို၊ ကတွာ-၍၊ ထပိကာယ- အိတ်၌၊ ပက္ခိပိတဗ္ဗော- ထည့်ထိုက်၏၊ [ရှေးက"သပိတ်အိတ်"ဟူသည် ဆွမ်းခံ၍ဖြစ်သောအိတ် မဟုတ်, လွယ်အိတ်ကြီးမျိုးတည်း၊ ထို့ကြောင့် ဆွမ်းခံဝင်ခါနီး၌ သပိတ်ကို အိတ်မှ ထုတ်၍ ဆွမ်းခံပြန်သောအခါ ထိုအိတ်၌ ပြန်၍ထည့်ရသည်။]

ပရိဘောဇနီယံ ဥပဋ္ဌာပေတဗ္ဗန္တိ - ကား၊ ဘာဇနာနိ- အိုးတို့သည်၊ သစေ နပ္ပဟောန္တိ-အကယ်၍ မလောက်ကုန်အံ့၊ (ဧဝံသတိ)၊ ပါနီယမေဝ- သောက်ရေ ကိုပင်၊ ပရိဘောဇနီယမ္ပိ-သုံးရေကိုလည်း၊ (လက်ဆေးမှုစသည် အသုံးပြုဘို့ရေ ကိုလည်း၊) ကတွာ - ၍၊ ဥပဋ္ဌာပေတဗ္ဗံ - တည်ထားရာ၏၊ ဘာဇနံ - အိုးကို၊ အလဘန္တေန - မရသော အာရညိကရဟန်းသည်၊ ဝေဠုနာဠိကာယပိ - ဝါး ကျည်တောက်ဖြင့်လည်း၊ ဥပဋ္ဌာပေတဗ္ဗံ-ရာ၏၊ တမ္ပိ-ထို ဝါးကျည်တောက်ကို

လည်း၊ အလဘန္တသ-မရသော အာရညိကရဟန်း၏၊ ယထာ-အကြင် အခြင်း အရာအားဖြင့် ပြုလသော်၊ သမီပေ-အနီး၌၊ ဥဒကအာဝါဋ္ဌော-ရေတွင်းသည်၊ ဟောတိ-ရှိ၏၊ ဧဝံ-ဤသို့ (အနီး၌ ရေတွင်းရှိနိုင်လောက်အောင်သော အခြင်း အရာအားဖြင့်၊) ကာတဗ္ဗံ - ပြုရာ၏၊ အရဏိသဟိတေ - တကွဖြစ်သော ပွတ်ခုံ ပွတ်ကျည်သည်၊ သတိ-ရှိလသော်၊ အဂ္ဂိ-မီးကို၊အကာတုမ္ပိ-မပြုခြင်းငှါလည်း၊ ဝဋ္ဋတိ- အပ်၏၊ စ - ဆက်၊ အာရညိကဿ - အာရညိက ရဟန်း၏ အတွက်၊ (အရဏိသဟိတံ-ကို၊ ဣစ္ဆိတဗ္ဗံ)ယထာ-အလိုရှိထိုက်သကဲ့သို့၊ ဧဝံ-တူ၊ ကန္တာရ ပဋိပန္နဿာပိ-ခရီးခဲကိုသွားသော ရဟန်း၏အတွက်လည်း၊ အရဏိသဟိတံ- ကို၊ ဣစ္ဆိတဗ္ဗံ-အလိုရှိထိုက်၏၊ ပန-ဆက်၊ ဂဏာဝါသိနော-ဂိုဏ်းနှင့်အတူတကွ နေသော အာရညိက ရဟန်းအား၊ တေန - ထို ပွတ်ခုံ ပွတ်ကျည်နှင့်၊ ဝိနာပိ- ကင်း၍လည်း၊ ဝဋ္ဋတိ- အပ်၏၊ [ဂဏာဝါသိနောတိ ဂဏေန သဟာဝါသိနော၊ အာရညိကဿာတိ သမ္ဗန္ဓော၊ ယောဇနာ၊ ဂဏေ+ဝါသိနော ဂဏာဝါသိနော ဟုကြံ၍ "ရဟန်းအပေါင်းဟူသောဂိုဏ်း၌ နေလေ့ရှိသော အာရညိကရဟန်း၏ အတွက်"ဟုလည်း အဓိပ္ပါယ်ဖြစ်သင့်၏။] နက္ခတ္တာနေဝ - နက္ခတ်တို့သည်ပင်၊ နက္ခတ္တပဒါနိ-နက္ခတ္တပဒတို့မည်၏။

× × × × × × ×

အရဏိသဟိတေ ။ ။ အတူတကွဖြစ်သော (တခုတည်း ကွဲနေသည် မဟုတ် သော၊) ပွတ်ခုံ ပွတ်ကျည် အစုံ၊ [အရဏိ သဟိတန္တိ – အရဏိယုဂဠံ၊ ဥတ္တရာရဏီ (အထက် ပွတ်ကျည်၊) အဓရာရဏီ (အောက်ခံ ပွတ်ခုံ) ဒွယံတိ အတ္ထော၊— ကင်္ခါဋီကာ။]

နက္ခတ္တပဒါနိ။ ။"နက္ခတ္တာနေဝ"ဟု ဖွင့်သောကြောင့် " ပဒ အနက်မရှိ " ဟု မမှတ်ရ၊ ကမ္မဓာရည်းသမာသ်ကိုပြသော အဖွင့်တည်း၊ ပဒသဒ္ဒါသည် ကာရဏအနက် ကို ဟော၏၊ အရှေ့အနောက် အစရှိသော အရပ်မျက်နှာကို သိခြင်း၏ အကြောင်းဖြစ် သောကြောင့်၎င်း, ညဥ့်အချိန်ကို သိခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း နက္ခတ်တို့ ကိုပင် "ပဒ"ဟု ဆိုသည်၊ "နက္ခတ္တာနိ ဧဝပဒါနိ နက္ခတ္တပဒါနိ" ဟု ပြုပါ။ [နက္ခတ္တာ နေဝ နက္ခတ္တပဒါနီတိ ဣမိနာ အဿယုဇာဒိ နက္ခတ္တာနေဝ ဒိသာဘာဂဇာနနဿစ သမယဇာနနဿစ ကာရဏတ္တာ နက္ခတ္တပဒါနိ နာမာတိ ဒဿေတိ၊–ယောဇနာ။]

ပါဠိတော်အဖွင့်။ ။အတ္ထိ ဘန္တေ နက္ခတ္တပဒါနီတိ နက္ခတ္တပဒဝိသယာနိ ဉာဏာ နိ အတ္ထိ၊ အဿယုဇာဒိနက္ခတ္တံ ဇာနာထာတိ အဓိပ္ပါယော၊ တေနာဟ " န ဇာနာမ အာဝုသော"တိ၊ အတ္ထိ ဘန္တေ ဒိသာဘာဂန္တိ ဧတ္ထာပိ ဧသေဝ နယော၊ ကေနဋ္ဌ ဘန္တေ ယုတ္တန္တိ ကေန နက္ခတ္တေန စန္ဒော ယုတ္တောတိ အတ္ထော၊– ဝိမတိ။ [ဤ၌ " နက္ခတ်ကို သိရမည်"ဟု ပညတ်တော်မူ၏၊ ထို့ကြောင့် သီလက္ခန်မြဟ္မဇာလသုတ်ဝယ် နက္ခတ္တဂ္ဂါဟ စသောအတတ်ကို တိရစ္ဆာနဝိဇ္ဇာ ဟု ဆိုရာ၌"ထိုအတတ်ဖြင့် အသက်မွေးမှုကိုပြုသော ရဟန်းသာ သီလပျက်သည်"ဟု မှတ်ပါ။]

သေနာသနဝတ္ထုကထာ

သေနာသနပဋ္ဌေ - ၌၊ (အဋ္ဌော ဇဝံ ဝေဒိတဗ္ဗော၊) ဒွါရံနာမ— တံခါး ပေါက်ကြီး မည်သည်ကို၊ ယသ္မာ-ကြောင့်၊ မဟာဝဋ္ဋံ့ - များစွာသော ပုဂ္ဂိုလ် တို့သည် သုံးစွဲအပ်၏၊ တသ္မာ - ကြောင့်၊ တတ္ထ— ထို တံခါးပေါက်ကြီးကို ဖွင့် ပိတ်ရာ၌၊ အာပုစ္ဆနကိစ္စံ - ခွင့်ပန်ဘွယ် ကိစ္စသည်၊ နတ္ထိ — မရှိ၊ ပန - ကား၊ သေသာနိ-တံခါးပေါက်ကြီးကို ဖွင့်ခြင်းမှ ကြွင်းကုန်သော၊ ဥဒ္ဒေသဒါနာဒီနိ— ဥဒ္ဒေသဒါန အစရှိသောအမှုတို့ကို၊ အာပုစ္ဆိတွာဝ-ခွင့်ပန်၍သာ၊ ကာတဗ္ဗာနိ- န်၏၊ ဒေဝသိကမ္ပိ- နေ့တိုင်းလည်း၊ အာပုစ္ဆိတုံ-ငှါ၊ ဝဋ္ဋတိ-သင့်၏၊ ဘန္တေ- ရား၊ အာပုစ္ဆိတမေဝ — ခွင့်ပန်အပ်ပြီးသည်သာ၊ ဟောတု - ဖြစ်ပါစေတော့၊ ဣတိ-ဤသို့၊ ဝုတ္တေ-လျှော်အပ်သော်၊ ဝုဍ္ဎတရော-သီတင်းကြီးသည်၊ သာဓုတိ- ကောင်းပြီ ဟူ၍၊ အထာပိ သမ္ပဋိစ္ဆတိ - အကယ်၍မူလည်း လက်ခံအံ့၊ (“ ဇဝံ သတိ၊ ဝဋ္ဋတိ-အပ်၏”၌စပ်။)

ဝါ-တနည်း၊ သယမေဝ-သီတင်းကြီးကိုယ်တိုင်သာ၊ တွံ-သင်သည်၊ ယထာ သုခံ—ချမ်းသာသည်အားလျော်စွာ၊ ဝိဟရာဟိ—နေလော၊ ဣတိ- သို့၊ အထာပိ ဝဒတိ-အကယ်၍မူလည်း ပြောအံ့၊ ဇဝမ္ပိ-ဤသို့ ပြောပြန်သော်လည်း၊ ဝဋ္ဋတိ- ၏၊ သဘာဂဿ-သဘောတူသော သီတင်းကြီး၏၊ ဝိဿာသေနာပိ—အကျွမ်း ဝင်ခြင်းကြောင့်လည်း၊ ဝဋ္ဋတိယေဝ-သည်သာ၊ ယေန ဝုဍ္ဎော, တေန ပရိဝတ္တိ တဗ္ဗန္တိ-ကား၊ ဝုဍ္ဎာဘိမုခေန-သီတင်းကြီးဘက်သို့ ရှေးရှုသော မျက်နှာရှိသည်၊

X × × × × × ×

သေသာနိ၊ပေ၊ကာတဗ္ဗာနိ။ ။အများဝင်နိုင် ထွက်နိုင်သော တံခါးပေါက်ကြီး ကို ပိတ်ခြင်း ဖွင့်ခြင်း၌ သီတင်းကြီးထေရ်အား ခွင့်ပန်ဘွယ်မလို၊ ပါဠိကို ရွတ်ပြ(ပို့ချ) ခြင်း အစရှိသည်တို့ကိုကား ခွင့်ပန်ရမည်၊ ဥဒ္ဒေသဒါနာဒီနိ၌ အာဒိဖြင့် ပါဠိတော်၌ လာသော (ပရိပုစ္ဆာ) အဖန်ဖန် မေးအပ်သော အဋ္ဌကထာကို ပို့ချခြင်း, (သဇ္ဈာယ) စာအံခြင်း, တရားဟောခြင်း, မီးထွန်းခြင်း, မီးညှိမ်းခြင်း, လေသောက်ပြူတင်းများကို ဖွင့်ခြင်း, ပိတ်ခြင်းတို့ကို ယူပါ။

အထာပိ၊ပေ၊ဝဋ္ဋတိ။ ။ သီတင်းငယ် ရဟန်းက “ ဥဒ္ဒေသစသော အမှုများကို ခွင့်ပန်အပ်ပြီး ဖြစ်ပါစေတော့ ဘုရား ” ဟု လျှောက်ထား၍ သီတင်းကြီးကလည်း ‘‘ကောင်းပြီ’’ဟု လက်ခံလျှင် သော်၎င်း, သီတင်းကြီးကိုယ်တိုင် ‘‘ချမ်းသာစွာ နေတာ ပေါ့’’ ဟု မိန့်ဆိုလျှင်သော်၎င်း ဥဒ္ဒေသဒါန စသည်ကို ခွင့်ပန်ဘွယ်မလို၊ ဤစကားကို ထောက်၍ အချို့ကျောင်းတိုက်၌ ရောက်သစ်စ အာဂန္တုများကို‘‘ စာအံ မီးထွန်းမှစ၍ ခွင့်ပြုစကောင်းသော ဝတ်အကျင့်များကို ခွင့်ပြုတော်မူပါဘုရား’’ဟု လျှောက်ထားစေ ကြသည်၊ သို့သော် ဤကျင့်ဝတ်သည် တတိုက်လုံးအတွက် ကျင့်ဝတ် မဟုတ်၊ “ သစေ ဝုဍ္ဎေန သဒ္ဓိံ ဧကဝိဟာရေ ဝိဟရတိ”စသည်ဖြင့် လာသောကြောင့် တကျောင်းထည်း၌ အတူနေ သံဃာငယ်များက အကြီးဆုံးထေရ်၏အပေါ်၌ ကျင့်ရမည့် ကျင့်ဝတ်ဟု သိပါ။

(ဟုတွာ)၊ ပရိဝတ္တိတမ္ပိ-ပြန်လည်ရာ၏၊[သိတင်းကြီးနှင့်အတူ စင်္ကြံတခုတည်း၌ စင်္ကြံသွားစဉ် စင်္ကြံဆုံး၍ ပြန်လှည့်သောအခါ၊ သိတင်းကြီးဘက် ကျောပေး၍ မလှည့်ပါနှင့်, သိတင်းကြီးဘက် မျက်နှာမူ၍လှည့်ပါ-ဟူလို။] ဘောဇနသာလာဒီသုပိ - ဆွမ်းစားစရပ် အစရှိသော အရပ်တို့၌လည်း၊ ဧဝမေဝ-ဤ့အတူပင်၊ ပဋိပဇ္ဇိတဗ္ဗံ—ကျင့်ရာ၏၊[ဘောဇနသာလ၊ပေ၊ပဋိပဇ္ဇိတဗ္ဗန္တိ ဘောဇနသာလာဒီသုပိ ဥဒ္ဒေသဒါနာဒိ အာပုစ္ဆိတွာဝ ကာတဗ္ဗန္တိ အတ္ထော၊—သာရတ္ထ။]

ဇန္တာဃရဝတ္တာဒိကထာ

ဇန္တာဃရဝတ္တေ- ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ပရိဘဏ္ဍန္တိ - ကား၊ ဗဟိ - ဇန္တာဃရ၏ ပြင်ဘက်၌၊ ဝါ-ဘေး၌၊ ဇဂတိ - မြေခုံ အကျည်သည်၊ ("ဥလ္လာပါ ဟောတိ"ဟု ပါဠိတော်၌ စပ်ပါ၊) [ယောဇနာ၌ "ဗဟိဇဂတိတ် ဗဟိအာလိန္ဒော"ဟု ဖွင့်၏။]

အာစမနဝတ္တသ္မိ-၌၊(အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊)သတိ ဥဒကေတိ ဧတ္ထ- ၌၊ ဥဒကံ-ရေသည်၊ သစေ အတ္ထိ—အံ့၊ ပန-တိုသို့ပင် ရေရှိပါသော်လည်း၊ ပရိစ္ဆန္နဋ္ဌာနံ - ဖုံးကွယ်အပ်သော အရပ်သည်၊ သစေ နတ္ထိ- အံ့၊ (ဧဝံ သတိ)၊ ဘာဇနေန-ခွက်ဖြင့်၊ နီဟရိတွာ- ဆောင်ယူ၍၊ (ရေကို ဆောင်ယူ၍၊) အာစမိတဗ္ဗံ-သန့်သက်ရေ ဆေးရာ၏၊[လုံခြုံတဲ့နေရာ သွား၍ ဆေးရမည်။] ဘာဇနေ-ခွက်သည်၊ အသတိ-မရှိလသော်၊ ပတ္တေန-သပိတ်ဖြင့်၊ နီဟရိတဗ္ဗံ- ဆောင်ယူရာ၏၊ ပတ္တေပိ-သည်လည်း၊ အသတိ- သော်၊ အသန္တံနာမ-မရှိသည်မည်သည်၊ ဟောတိ-၏၊ ဗုဒ္ဓံ-ဤအရပ်သည်၊ အတိဝိဝဋံ- အလွန် ပွင့်လင်း၏၊ (ချုံစသည် အကွယ်အကာ မရှိသောကြောင့် ဟင်းလင်း ဖြစ်နေ၏၊) [ဗုဒ္ဓံ အတိဝိဝဋန္တိ—ဗုဒ္ဓံ ဌာနံ ဂုမ္ဗာဒိဟိ အပဋိစ္ဆန္နတ္တာ အတိဝိဝဋံ ပကာသနံ၊ -သာရတ္ထ၊]ပုရတော-ရှေ့၌၊ အညံ-အခြားသော၊ ဥဒကံ- သည်၊ ဘဝိဿတိ - ရှိလတ့ံ၊ ဗုဒ္ဓံ - ဤသို့ နှလုံးသွင်း၍၊ ဂတဿ-သွားသော ရဟန်း၏၊ ဥဒကံ-ကို၊ အလာဘန္တဿဝ- မရသေးမီပင်၊ ဘိက္ခာစာရဝေလာ - ဆွမ်းခံလှည့်လည်ရာ အချိန် အခါသည်၊ ဟောတိ-ဖြစ်အံ့၊ (ဧဝံ သတိ)၊ ကဋ္ဌေနဝါ—ဒုတ်ဖြင့်သော်၎င်း၊ ပဏ္ဏေနဝါ— ဘစုံတခုဖြင့်သော်၎င်း၊(စက္ကူစသည်ဖြင့် သော်၎င်း၊)ပုဉ္ဆိတွာ-သုတ်၍၊ ဂန္တုံ- ရာ၏၊ ဘုဉ္ဇိတုမ္ပိ-စားခြင်းငှါ၎င်း၊ အနုမောဒနံ-ကို၊ ကာတုမ္ပိ-ပြုခြင်းငှါ၎င်း၊ ဝဋ္ဋတိ- အပ်၏၊ အာဂတပဋိပါဋိယာတိ - ကား၊ ဝစ္စကုဋိယံ - ဝစ္စကုဋိ၌၎င်း၊

× × × × × × ×

ဘုဉ္ဇိတုံပိ၊ပေ၊ဝဋ္ဋတိ ။ ။ ရေမရှိသည့် အတွက် သန့်သက်ရေ မဆေးဘဲ ဖြစ်နိုင်သော နည်းကို ပြသည်၊ ရေရှိလျှင်ကား ထိုကဲ့သို့ မပြုရ၊ ရေဆေးရမည်သာ၊ ဒုတ်စသည်ဖြင့် မသုတ်ဘဲ နေခြင်းကြောင့် အပြစ်မရှိ၊ ရေမဆေးခြင်းကြောင့်သာ အပြစ်ရှိသည်။

ပဿာဝဋ္ဌာနေ - ကျင်ငယ်စွန့်ရာ အရပ်၌င်း၊ နှာနတိတ္ထေ — ရေချိုးဆိပ်၌င်း၊ ဣတိ-ဤသို့၊ တိသုပိ-၃မျိုးလည်းဖြစ်သောအရပ်တို့၌၊ အာဂတပဋိပါဋိယေဝ-ရောက်လာသောရဟန်းတို့၏ အစဉ်သည်သာ၊ ပမာဏံ-ပမာဏတည်း။[ဤတွင် အာစမနဝတ္တဆိုင်ရာ အပြီးတည်း။]

ဝစ္စကုဋိဝတ္တေ-၌၊(အတ္တော ဖဝံ ဝေဒိတဗ္ဗော၊)န ဒန္တကဋ္ဌံ ခါဒန္တေနာတိ-ဟူသော၊ အယံ-ဤပယ်မြစ်ခြင်းသည်၊ ဝစ္စကုဋိယာပိ-၌ငင်း၊ အဝစ္စကုဋိယာပိ-ဝစ္စကုဋိမဟုတ်သော အရပ်၌ငင်း၊ သဗ္ဗတ္ထေဝ-အလုံးစုံသော ကျင်ကြီးစွန့်ရာအရပ်၌ပင်၊ ပဋိက္ခေပေါ-ပယ်မြစ်ခြင်းသည်၊(ဟောတိ)၊ [ဝစ္စကုဋိ၌သာ ဒန်ပူကိုကိုက်၍ မစွန့်ရသည် မဟုတ်၊ ဝစ္စကုဋိမဟုတ်သော ချုံကွယ်စသည်၌ ကျင်ကြီးစွန့်လျှင်လည်း ဒန်ပူကို ကိုက်လျက် မစွန့်ရ-ဟူလို။] န ဖရုသေန ကဋ္ဌေနာတိ-ကား၊ ဖါလိတကဋ္ဌေနဝါ-ကွဲအက်သောဝါးခြမ်း ကနုတ်ဖြင့်သော်၌င်း၊ ခရေနဝါ-ကြမ်းတန်းသော ကနုတ်ဖြင့်သော်၌င်း၊ ဂဏ္ဍိကေနဝါ-အဖုအထစ်ရှိသော ကနုတ်ဖြင့်သော်၌င်း၊ ကဏ္ဍကေနဝါ- ဆူးရှိသော ကနုတ်ဖြင့်သော်၌င်း၊ သုသိရေနဝါ-အခေါင်းရှိသော ကနုတ်ဖြင့်သော်၌င်း၊ ပူတိနာဝါ - ပုတ်ဆွေးသော ကနုတ်ဖြင့်သော်၌င်း၊ န အဝလေခိတဗ္ဗံ- မခြစ်ရာ၊ ဝါ- မသုတ်ရာ၊ ပန-ဆက်၊ အဝလေခနကဋ္ဌံ- ခြစ်ကြောင်း ဒုတ်ကို၊ ဝါ- သုတ်ကြောင်း ဒုတ်ကို၊ အဂ္ဂဟေတွာ-မယူမူ၍၊ ပဝိဋ္ဌဿ-ဝင်သော ရဟန်း၏၊ အာပတ္တိ-သည်၊ နတ္ထိ-မရှိ။

န အာစမနသရာဝကေတိ ဧတံ - ဟူသော ဤစကားကို၊ သဗ္ဗသာဓာရဏဋ္ဌာနံ- အလုံးစုံသောရဟန်းတို့နှင့် ဆက်ဆံသော ဝစ္စကုဋိအရပ်ကို၊ သန္ဓာယ-၍၊ (ဘဂဝတာ)ဝုတ္တံ-ပြီ၊ ဟိ-မှန်၊ တတြ-ထို အများသုံးဝစ္စကုဋိ၌၊ အညေအညေ-အခြားအခြားကုန်သော ရဟန်းတို့သည်၊ အာဂစ္ဆန္တိ - လာကုန်၏၊ တသ္မာ - ကြောင့်၊ ဥဒကံ- သန့်သက်ရေကို၊ န သေသေတဗ္ဗံ- မကြွင်းကျန်စေထိုက်၊ (ချန်မထားရ၊) ပန-ဆက်၊ ယံ-အကြင်အရပ်သည်၊ သံဃိကေ- သံဃဥစ္စာဖြစ်သော၊ ဝိဟာရေပိ-ကျောင်းတိုက်၌လည်း၊ ဧကဒေသေ-တစိတ်တဒေသအရပ်၌၊ နိဗဒ္ဓဂမနတ္ထာယ - မိမိတပါးတည်း အမြဲသွားခြင်းအကျိုးငှါ၊ ကတံ-ပြုအပ်သော၊ ဌာနံ-အရပ်သည်၊ ဟောတိ-ဖြစ်၏၊ ပုဂ္ဂလိကဋ္ဌာနံဝါ- ပုဂ္ဂလိကကျောင်းအရပ်သည်သော်လည်း၊ ဟောတိ - ဖြစ်၏၊ တသ္မိံ- ထို ဝစ္စကုဋိအရပ်၌၊ (ဥဒကံ-ကို၊ သေသေတုံ - ကြွင်းကျန်စေခြင်းငှါ၊) ဝဋ္ဋတိ - အပ်၏၊ [နိဗဒ္ဓဂမနတ္ထာယာတိ အတ္တနော နိဗဒ္ဓဂမနတ္ထာယ၊ ပုဂ္ဂလိကဋ္ဌာနံဝါတိ အတ္တနော ဝိဟာရံ သန္ဓာယ ဝုတ္တံ၊-သာရတ္ထ။] ဝိရေစနံ- ဝမ်းလျှောဆေးကို၊ ပိဝိတွာ- သောက်၍၊ ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊ ပဝိသန္တဿာပိ - ဝင်သောရဟန်းအားလည်း၊ ဝဋ္ဋတိယေဝ-သည်သာ။ [သံဃိကဝစ္စကုဋိပင်ဖြစ်သော်လည်း မကြာမကြာ မိမိသွားရမည်ဖြစ်သောကြောင့် သန့်သက်ရေချန်ထားခြင်းငှါ အပ်ပါ၏-ဟူလို။]

ဥပဟတာတိ - ကား၊ ဥပဟဒိတာ - လွန်စွာဖြစ်သော ကျင်ကြီးရှိသည်၊ ဗဟိ-ကျင်ကြီးခွက်၏ ပြင်ဘက်၌၊ ဝစ္စမက္ခိတာ - ကျင်ကြီးတို့ဖြင့် လိမ်းကျံအပ်သည်၊ ("သစေ ဟောတိ-အံ့"ဟု ပါဠိတော်၌စပ်၊) ဣတိအတ္ထော၊ ခေါဝိတမ္ဗာတိ-ကား၊ ဥဒကံ-ကို၊ အာဟရိတွာ- ၍၊ ခေါဂိတမ္ဗာ-ဆေးထိုက်၏၊ ဥဒကံ-သည်၊ အတ္ထိ-ရှိအံ့၊ ဘာဇနံ-ခွက်သည်ကား၊ နတ္ထိ-မရှိအံ့၊ (ဧဝံသတိ)၊ အသန္တံနာမ-မရှိသည်မည်သည်၊ ဟောတိ၊ ဘာဇနံ-သည်၊ အတ္ထိ-အံ့၊ ဥဒကံ-သည်ကား၊ နတ္ထိ-အံ့၊ (ဧဝံသတိ)၊ ဧတမ္ပိ-ဤ ရေမရှိခြင်းသည်လည်း၊ အသန္တံ-အသန္တတည်း၊ ပန-ဆက်၊ ဥဘယေ-နှစ်ပါးစုံသည်၊ အသတိ-မရှိလသော်၊ အသန္တမေဝ-ဧကန် အသန္တပင်တည်း၊ ကဋ္ဌေနဝါ - သော်၎င်း၊ ကေနစိဝါ- သော်၎င်း၊ ပုဉ္ဆိတွာ-သုတ်၍၊ ဂန္တဗ္ဗံ-သွားရာ၏၊ [ဝစ္စကုဋိ၌ ပေနေသော ကျင်ကြီးကို ရေမရှိ၍ မဆေးနိုင်လျှင် ဒုတ် စက္ကူ စသည်ဖြင့် သုတ်၍သွားရမည်။] သမ္ဗုတ္တ - အလုံးစုံသော ကျင့်ဝတ်တို့၌၊ (ယောဇနာ၌ "သဗ္ဗသ္မိံ ဝတ္တက္ခန္ဓကေ " ဟု စွဲ၏၊) သေသံ-ကြွင်းသောအစီအရင်သည်၊ ဥတ္တာနမေဝ-ပေါ်လွင်သည်သာ၊ ဣတိ-တည်း။

× × × × × × ×

ဥပဟတာ။ ။ဥပပုဗ္ဗ ဟဒခဲတ် , တ ပစ္စည်း၊ ခဲတွန် ဒကိုချေ၊ ဟဒခဲတ်သည် ကျင်ကြီးစွန့်ခြင်းအနက်၌ ဖြစ်၏၊ (ဟဒေါ ဝစ္စေဝဿဂ္ဂေ ပဝတ္တတိ၊- ခဲတွတ္ထသင်္ဂဟ ၄၂၁၊) ထို့ကြောင့် "ဥပဟဒိတာ" ဟု ဖွင့်သည်၊ ဗဟိဝစ္စမက္ခိတာကား အဓိပ္ပါယ်ဖွင့်တည်း၊ ဥပဟဒိတာဝယ် သဥ္စာတအဿအနက်၌ ဣတ ပစ္စည်းသက်၊ "ဥပဟဒနံ ဥပဟဒေါ သဥ္စာတော ဥပဟဒေါ ယဿံတိ ဥပဟဒိတာ"ဟု ပြု။ [ဥပဟဒိတာတိ ဧတ္ထ ဟဒခေါတုဿ ဝစ္စဝိသဇ္ဇနတ္ထတာယာဟ ဗဟိ ဝစ္စမက္ခိတာတိ၊-ဝိမတိ။]

သေသံ ဥတ္တာနမေဝ။ ။"ဥတ္တာနမေဝ"ဟု ရှိရာ၌"သေသံ"အရ ပုဒ်သာမက, ထိုပုဒ်နှင့် ဆိုင်သော အနက်အဓိပ္ပါယ် အားလုံးကို ယူရ၏၊ ထို့ကြောင့် " သေသံ (ဝိနိစ္ဆယော) -ကြွင်းသော အစီအရင်"ဟု ဆရာများ အနက်ပေးကြ၏၊ "ဥတ္တာနတ္ထမေဝ" ဟု ရှိရာ၌ကား အတ္ထကိုငဲ့၍ "သေသံ- ကြွင်းသော ပုဒ်အပေါင်းသည်"ဟု အနက်ပေးတော်မူကြသည်။

စုဒ္ဒသခန္ဓကဝတ်။ ။ဣမသ္မိံ ဝတ္တက္ခန္ဓကေ အာဂန္တုကာဝါသိက ဂမိယာနုမောဒန ဘတ္တဂ္ဂ ပိဏ္ဍစာရိကာရညိက သေနာသနဇန္တာဃရ ဝစ္စကုဋိ ဥပဇ္ဈာ စရိယ သဒ္ဓိဝိဟာရိက အန္တေဝါသိက ဝတ္တာနိ စုဒ္ဒသ မဟာဝတ္တာနိ နာမ၊ ဣတော အညာနိ ပန ကဒါစိ တဇ္ဇနီယ ကမ္မကတာဒိကာလေယေဝ စရိတဗ္ဗာနိ အသီတိခန္ဓက ဝတ္တာနီတိ ဝေဒိတဗ္ဗာနိ၊ ဂဏ္ဌိပဒေသု ပန ဣမာနိယေဝ စုဒ္ဒသ မဟာဝတ္တာနိ အဂ္ဂဟိတ ဂ္ဂဟဏေန ဂဏိယမာနာနိ အသီတိခန္ဓက ဝတ္တာနီတိ ဝုတ္တံ၊ တံ န ဂဟေတဗ္ဗံ၊-သာရတ္ထ။

ဝတ္တက္ခန္ဓကဝဏ္ဏနာ- သည်၊ နိဋ္ဌိတာ-ပြီ။

ပါတိမောက္ခဋ္ဌပနက္ခန္ဓက
ပါတိမောက္ခုဒ္ဒေသယာစနကထာ

ပါတိမောက္ခဋ္ဌပနက္ခန္ဓကေ-ကဌ်၊ (အဋ္ဌော ဧဝံ ဝေဒိတဗ္ဗော၊)နန္ဒိမုခိယာ ရတ္တိယာတိ ဧတ္ထ-ယာဟူသော ဤပါဌ်၌၊(ဂုဠ္ဌတ္ထံ-လျှို့ဝှက် တိမ်မြုပ်သောအနက်ကို၊) ဟိ(ဥဒ္ဓရိတွာ ဒဿေမိ-ထုတ်၍ပြဦးအံ့၊) အရုဏုဋ္ဌိတကာလေပိ-အရုဏ် တက်ရာ အခါ၌လည်း၊ (ပိဖြင့် အခြားနှစ်သက်ဘွယ်ရာအခါကို ပေါင်း၊) နန္ဒိမုခါဝိယ-နှစ်သက်ဘွယ်ရှိသောမျက်နှာ ရှိသကဲ့သို့၊ ရတ္တိ- ညဉ့်သည်၊ ခါယတိ-ထင်ရ၏၊ တေန-ထို့ကြောင့်၊ နန္ဒိမုခိယာ ရတ္တိယာတိ- ဟူ၍၊ (သင်္ဂီတိကာရေ-သင်္ဂါယနာတင် ထေရ်အပေါင်းသည်၊) အာဟ- မိန့်ပြီ၊ အန္တောပူတိန္တိ-ကား၊ အတ္တစိတ္တသန္တာနေ-မိမိ၏ စိတ်အစဉ်၌၊ ကိလေသပူတိဘာဝေန- ကိလေသာ တည်းဟူသော အပုတ်ရှိသူ၏အဖြစ်ကြောင့်၊ အန္တောပူတိ - အတွင်း၌ ကိလေသာ တည်းဟူသော အပုတ်ရှိသော၊ အဝဿုတန္တိ-ကား၊ ကိလေသာဝဿဝသေန - ကိလေသာတည်းဟူသော မိုးစိုစွတ်ခြင်း၏အစွမ်းဖြင့်၊ အဝဿုတံ- စိုစွတ်အပ်သော၊ ကသမ္ဗုဇာတန္တိ - ကား၊ အာကိဏ္ဏဒေါသတာယ-ရောပြွမ်း

× × × × × × ×

နန္ဒိမုခိယာ၊ ၊နန္ဒိတဗ္ဗောတိ နန္ဒော၊ နှစ်သက်ဘွယ်အဆင်း၊ နန္ဒော+ ယဿ+ အတ္ထိတိ နန္ဒိ၊ မုခံကိုငဲ့၍ နပုံလိင်၊ (ယောဇနာ၌ "နန္ဒိယတိ တုသိယတီတိ နန္ဒိ" ဟု နန္ဒဓာတ်,ဣပစ္စည်းဖြင့် ကမ္မရုပ်ကြံလေ၏၊) နန္ဒိ+မုခံ+ယဿာတိ နန္ဒိမုခီ၊ ဣတ္တိဇောတက ဤပစ္စည်းသက်၊ "နှစ်သက်ဘွယ်ရှိသောမျက်နှာ ရှိလသော်" ဟု သဒ္ဒတ္ထဖြစ်၏၊ အရုဏ် တက်ချိန်အခါ၌ အရှေ့ဘက်အရပ်သည် စင်္ကြယ်နီသောအရောင်ဖြင့် အလွန်တင့်တယ်၏၊ နှစ်သက်ဘွယ်မျက်နှာ ရှိသကဲ့သို့ဖြစ်၏ – ဟူလို။ [အရုဏော ကိဋ္ဌိ ရတ္တောဝထ၊— အဘိဓာန် (၉၇)]။....ဝိမတိ၌ကား "နန္ဒိမုခိယာတိ ဩဒါတဒိသာမုခတာယ (ဖြူစင်သော အရပ်မျက်နှာရှိသည်၏ အဖြစ်ကြောင့်) တုဋ္ဌမုခိယာ – (နှစ်သက်ဘွယ်မျက်နှာ ရှိသည်)"ဟု ဆို၏။

အန္တောပူတိံ၊ ၊ပူတိနာ ကမ္မေန သီလဝိပတ္တိယာ အန္တော အနုပဝိဋ္ဌတ္တာ အန္တောပူတိံ၊–သာရတ္ထ၊ အန္တော+ ပူတိ– (ကိလေသာတည်းဟူသော အပုတ်သည်၊ ဝါ–သီလပျက်စီးခြင်း တည်းဟူသောအပုတ်သည်၊) ယဿာတိ အန္တောပူတိ။

အဝဿုတံ။ ။ဆဟိ ဒွါရေဟိ ရာဂါဒိ ကိလေသာဝဿဝေန တိန္တတ္တာ အဝဿုတံ၊–သာရတ္ထ၊ စာအုပ်တို့၌ "ကိလေသဝဿနဝသေန" ဟု ရှိ၏၊ အဝဿုတ၏အဖွင့် ဖြစ်သောကြောင့် အဝပုဗ္ဗ သုဓာတ်, ဥကို ဩပြု၊ ဩကို အဝပြု၍ "ကိလေသာဝဿဝ ဝသေန" ဟု ရှိသင့်သည်၊ အဝ ရှေးရှိသောကြောင့် သုဓာတ်သည် တိန္တ အနက်ကို ဟော၏၊ ဩ (သရ) ဟု သတ္တတ္ထရှိသောကြောင့် သ ဒွေဘော်လာရသည်။

ကသမ္ဗုဇာတံ၊ ၊ကသမ္ဗုသဒ္ဒါသည် " အမှိုက်သရိုက် " ဟူသော အနက်ကို ဟော၏၊ " အာကိဏ္ဏဒေါသတာယ သံကိလိဋ္ဌဇာတံ " ကား အဓိပ္ပါယ်ဖွင့်တည်း၊ ယောဇနာ၌"ကသမ္ဗုတိ သင်္ကာရော (အမှိုက်)၊ခုသာ ဟိ သမ္ဗုဒ္ဓနိယာ ကသိယမာနေ

သော အပြစ်ရှိသူ၏ အဖြစ်ကြောင့်၊ သံကိလိဋ္ဌဇာတံ - ဖြစ်သော ညစ်ပေခြင်း ရှိသော၊ ("တံ ပုဂ္ဂလံ- ထိုပုဂ္ဂိုလ်ကို၊ အဒ္ဒသာ- မြင်ရပြီ"ဟု ပါဠိတော်၌စပ်၊) ယာဝ ဗာဟာဂဟဏာပိ နာမာတိ- ဟူသော ဤပါဠိဖြင့်၊ (ဒဿေတိ၌စပ်၊)ဟိ- မိန့်တော်မူသင့်၏၊ (ယောဇနာ၌ "ဟီတိ ပဒပူရဏမတ္တံ" ဟု ဆို၏၊) အာနန္ဒ- အာနန္ဒာ၊ ပရိသာ- ပရိသတ်သည်၊ အပရိသုဒ္ဓါ- မစင်ကြယ်၊ ဣတိ ဝစနံ- ဤသို့ သော စကားတော်ကို၊ သုတွာ ယေဝ- ကြား၍သာလျှင်၊ (ကြားလျှင် ကြားခြင်း ပင်၊) တေန- ထို ဒုဿီလပုဂ္ဂိုလ်သည်၊ ပက္ကမိတဗ္ဗံ- ဖဲသွားထိုက်သည်၊ သိယာ- ဖြစ်ရာ၏၊ ဧဝံ - သို့၊ အပက္ကမိတွာ- ဖဲမသွားမူ၍၊ သော မောဃပုရိသော - ထို မဂ်ဖိုလ်မမျိုး အချည်းနှီးဖြစ်သော ယောကျ်ားသည်၊ ယာဝ ဗာဟာဂဟဏာပိ- လက်ရုံးကို ကိုင်ရခြင်းတိုင်အောင် သော်မှလည်း၊ အာဂမိဿတိနာမ- ဆိုင်းငံ့တုံ ဘိ၏၊ ဣဒံ- ဤ ဆိုင်းငံ့ခြင်းကို၊ အစ္ဆရိယံ- အံ့ဩအပ်ပါပေစွ၊ ဝါ- အံ့ဩလေဘံ ပါပေစွ၊ ဣတိ- ဤအနက်ကို၊ ဒဿေတိ - ပြတော်မူ၏။

နအာယတကေနေဝ ပပါတောတိ - ကား၊ ပဌမမေဝ - စလျှင် စခြင်းပင်၊ န ဂမ္ဘီရော- နက်သည်မဟုတ်၊ အနုပုဗ္ဗေန- အစဉ်အားဖြင့်၊ ဂမ္ဘီရော- နက်၏၊ ဣတိအတ္ထော- နက်၊ ဌိတမဗ္ဗော ဝေလံ နာတိဝတ္တတီတိ- ကား၊ ဝိစိနံ-လှိုင်းတို့

× × × × × × ×

ဝိလေခိယမာနေ အမ္ဗတိ သဒ္ဒံ ကရောတီတိ ကသမ္ဗု၊ အင်္ဂကထာယံ ပန အဓိပ္ပါယ ဝသေန သံကိလိဋ္ဌဇာတန္တိ ဝုတ္တံ၊ အတိဝိယ ကိလိဋ္ဌဇာတန္တိ အတ္ထော၊ အာကိဏ္ဏ ဒေါသတာယ ကိလိဋ္ဌဇာတန္တိပိ ပါဠော " ဟု ဖွင့်၏၊ [သဋ္ဌာတ ဒုဿီလျကစဝရတ္တာ ကသမ္ဗုဇာတံ၊ (" လွန်စွာဖြစ်သော ဒုဿီလျ အညစ်အကြေးရှိသည် "ဟု ပေးပါ၊) အသာရတာယဝါ ကသမ္ဗုဝိယ ဇာတံ- ဝိမတိ၊ ဒုတိယနည်းအလို " အနှစ်သာရ မရှိ သည်အတွက် အမှိုက်သရိုက်ကဲ့သို့ဖြစ်သော"ဟု ပေး။]

ယာဝ ဗာဟာဂဟဏာပိ ၊ပေ၊ အစ္ဆရိယံ။ ။ဣဒဥ္စ ဂရဟဏစ္ဆရိယမေဝါတိ ဝေဒိတဗ္ဗံ၊-သာရတ္ထ၊ ဤ အစ္ဆရိယသည် ဂရဟဏစ္ဆရိယ (ကဲ့ရဲ့ကြောင်း အစ္ဆရိယ) ဖြစ်၏၊ ပသံသစ္ဆရိယမဟုတ်၊ [ယာဝါတိ နိပါတပယောဂတ္တာ ဗာဟာဂဟဏာပီတိ ဧတ္ထ ပဥ္စမီဝိဘတ္တိ အဝဓိအတ္ထေ ဟောတိ၊ နာမသဒ္ဒေါ ဂရဟတ္ထဇောတကော၊ တဿ ပယောဂတ္တာ အာဂမိဿတီတိ ဧတ္ထ အတီတတ္ထေ အနာဂတဝစနံ (စောင့်ဆိုင်းခြင်း ကြီယာသည် ပြီးခဲ့ပြီ၊ သို့သော် နာမသဒ္ဒါနှင့်ယှဉ်သောကြောင့် ဘဝိဿန္တိဝိဘတ် သက် ထားသည် - ဟူလို၊) အာဂမိဿတိနာမာတိ၊ အာဂမိဿတီတိ ဤသံအဓိဝါသိ ဿတိ၊ အာပုဗ္ဗော ဂမုဓာတု ဤသံအဓိဝါသနေဝါတိ (စဉ့်ငယ်သည်းခံခြင်း၌ဟူ၍) ဟိ ဓာတုပါဌေသု ဝုတ္တံ၊-ယောဇနာ။]

ပပါတော။ ။ပပတန္တိ ဧတ္ထာတိ ပပါတော- ကျရောက်ရာဖြစ်သော ချောက်၊ ထို ချောက်သည် နက်သကဲ့သို့ အနက်ချင်းတူသောကြောင့် "ပပါတော ဝိယာတိ ပပါတော" ဟု ပြု၊ ထို့ကြောင့် "ဂမ္ဘီရော" ဟု ဖွင့်သည်၊ အာယတသဒ္ဒါသည် ဤနေရာ၌ "အစ

၏၊ ဩသက္ကနကန္ဒရံ - သက်လျှောရောချောက် ဟူသော၊ မရိယာဒဝေလံ-အပိုင်း အခြားဖြစ်သော ကမ်းကို၊ နာတိက္ကမတိ-မလွန်၊ တီရံ ဝါ ပေတိတိ-ကား၊ တီရ တော-ကမ်းသို့၊ အပ္ပေတိ- ရောက်စေ၏၊ ဥဿာရေတိ - အထက်သို့ တက်စေ၏၊ ဝါ-တင်၏၊ ဣတိအတ္ထော-နက်၊ အညာပဋိဝေဓောတိ- ကား၊ အရဟတ္တပ္ပတ္တိ- အရဟတ္တဖိုလ်သို့ရောက်ခြင်းသည်၊("န-မဖြစ်"ဟု ပါဠိတော်၌စပ်၊)[အညာကို "အရဟတ္တ"ဟုဍင်း, ပဋိဝေဓကို "ပတ္တိ"ဟုဍင်း အဓိပ္ပါယ်ဖွင့်သည်။]

ဆန္ဒမတိဝဿတီတိ - ကား၊ ဇ႑ာပတ္တိ - သို့၊ အာပဇ္ဇိတွာ - သင့်ရောက်၍၊ ပဋိစ္ဆာဒေန္တော-ဖုံးလွှမ်းသောရဟန်းသည်၊ အညံ - အခြားသော၊ နဝံ-အသစ် ဖြစ်သော၊ အာပတ္တိ - သို့၊ အာပဇ္ဇတိ - သင့်ရောက်၏၊ ဣဒံ - ဆန္ဒမတိဝဿတိ ဟူသော ဤစကားကို၊ ဧတံ-ဤ အသစ်ဖြစ်သောအာပတ်သို့ သင့်ရောက်ခြင်းကို၊ သန္ဓာယ-၍၊ (ဘဂဝတာ) ဝုတ္တံ-ပြီ၊ ဝိဝဋံ နာတိဝဿတီတိ-ကား၊ အာပတ္တိ -

× × × × × × ×

ပဌမ"ဟူသောအနက်ကို ဟော၏၊ (ယောဇနာ၌ အာယတသဒ္ဒါသည် ဒီဃ (အရှည်) ဟူသောအနက်ကို ဟောသည်ဟု ဆို၏၊) ချောက်ကမ်းပါးသည် စလျှင်စခြင်း နက် သကဲ့သို့ မဟာသမုဒ္ဒြာကား စလျှင်စခြင်းနက်သည်မဟုတ်၊ အစဥ်အတိုင်း တဖြည်းဖြည်း နက်သည်– ဟူလို၊ [န အာယတကေနေဝ ပပါတောတိ န ဆိန္နတဋ မဟာသော‌ဗ္ဘော ဝိယ အာဒိတော ဧဝ ပပါတော၊ သော (ထို မဟာသမုဒ္ဒြာသည်) ဟိ တီရဒေသေ တော ပဌာယ ကောဂ္ဂလ ဒွင်္ဂုလ ဝိဒတ္ထိရတန ယဋ္ဌိ ဥသဘ အဍ္ဍဂါဝုတ ဂါဝုတ အဍ္ဎယောဇန ယောဇနာဒိဝသေန ဂမ္ဘီရော ဟုတွာ ဂစ္ဆန္တော သိနေရုပါဒမူလေ စတုရာသီတိ ယောဇနသဟဿဂမ္ဘီရော ဟုတွာ ဌိတောတိ ဒဿေတိ၊– သာရတ္ထ။]

ဌိတဓမ္မောပေ၊နာတိက္ကမတိ။ ။" ဌိတဓမ္မော – တည်တံ့သောသဘောရှိ၏၊ ဝေလံ–ကမ်းကို၊ နာတိက္ကမတိ– မကျော်လွှန်" ဟူရာ၌ "ဝေလာသဒ္ဒါသည် မရိယာဒ အနက်ကို ဟော၏"ဟု သိစေလို၍"မရိယာဒဝေလံ"ဟု ဖွင့်သည်၊ ထိုမရိယာဒဝေလာ ဟူသည်လည်း လှိုင်းပုတ်၍ ပြန်ကျသောအခါ ချောက်ကဲ့သို့ နက်၍နေသော ကမ်းပါး စောက်တည်း၊ ထို့ကြောင့်"ဩသက္ကနကန္ဒရံ"ဟု မရိယာဒဝေလံကို ဝိသေသနပြုသည်၊ "ဤကဲ့သို့ ချောက်ကမ်းပါးမျိုးကိုသာ မလွန်တက်"ဟု မိန့်တော်မူသည်၊ သမုဒ္ဒြာရေ၏ အပိုင်းအခြားဖြစ်သော သာမန်ကမ်းကိုကား ယခုအခါ ဒီရေတက်လျှင်ပင် လွှန်တက်၍ လာတတ်ပါသေး၏။

ယောဇနာနှင့် ရှေးနိဿယ။ ။ဝေလံ နာတိ ဝတ္တတီတိ ဧတ္ထ ဝေလာသဒ္ဒဿ တီရ မရိယာဒတ္တ္ထေသု ပဝတ္တနာဘာဝံ ဒဿေန္တော အာဟ ဩသက္ကနကန္ဒရ မရိယာဒ ဝေလန္တိ၊ တတ္ထ ဩသက္ကနကန္ဒရ ဇာတိ ပဒေန တီရတ္ထံ ဒဿေတိ၊ မရိယာဒ ဇာတိ ပဒေန မရိယာဒတ္ထံ " ဟု ယောဇနာဖွင့်၏၊ ကျမ်း၏အာဘော် ကျမည် မထင်၊ ရှေးနိဿယ၌ "ဩသက္ကနကန္ဒရံ-သက်လေသော မြင့်မိုရ်တောင်ခြေခံသော၊ မရိယာဒဝေလံ–ဝိုင်းခြား အပ်သော ကမ်းပါးကို"ဟု ပေး၏၊ "ဩသက္ကနကန္ဒရ"အရ မြင့်မိုရ်တောင်ခြေကမ်းကို ယူသည်၊ ဝိစိနိပုဒ် မပါ၊ အချို့ အဋ္ဌကထာစာအုပ်၌လည်း ဤပုဒ် မပါ။

သို၊ အာပဇ္ဇိတွာ- ၍၊ ဝိဝရန္တော - ဖွင့်ဖေါ်သောရဟန်းသည်၊ (ဒေသနာကြား သော ရဟန်းသည်၊) အညံ - အခြားသောအာပတ်သို့၊ နာပဇ္ဇတိ - မရောက်၊ ဣဒံ-ဝိဝဋ္ဋံနာတိဝဿတိဟူသော ဤစကားကို၊ ဧတံ-ဤအခြားသောအာပတ်သို့ မသင့်ရောက်ခြင်းကို၊ သန္ဓာယ(ဘဂဝတာ) ဝုတ္တံ။ [ဤဂါထာသည် ပရိဝါအဋ္ဌ ကထာ, ပဥ္စမဂါထာ သင်္ဂဏိကအဖွင့်၌ အဓိပ္ပါယ်နှင့်တကွ အကျယ်လာလတ္တံ့။]

ပါတိမောက္ခဋ္ဌပနာရဟကထာ

ထပိတံ ဟောတိ ပါတိမောက္ခန္တိ ဧတ္ထ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ပုရေဝါ - ဥဒ္ဒေသ်၏ ရှေ့၌သော်၎င်း၊ ပစ္ဆာဝါ - ဥဒ္ဒေသ်၏ နောက်၌သော်၎င်း၊ ထပိတံ-တန့်ထားအပ်သည်၊(သမာနံ)ပိ-ဖြစ်ပါသော်လည်း၊ အဋ္ဌပိတံ- တန့် ထားအပ်သည် မမည်သည်၊ (တန့်ထားအပ်ရာ မရောက်သည်၊) ဟောတိ — ၏၊ [ပုရေဝါပစ္ဆာဝါတိ ဥဒ္ဒိဋ္ဌအာရမ္ဘတော ပုဗ္ဗေဝါ , ဥဒ္ဒိဋ္ဌနိဋ္ဌာနတော ပစ္ဆာ ဝါ၊-ဝိမတိ။] ပန-အနွယ၊ ခေတ္တေ-ပါတိမောက်တန့်ထားရာခေတ်၌၊ ထပိတံ- သည်၊ (သမာနံ) ဧဝ-ဖြစ်သော်သာ၊ (ဖြစ်မှသာ၊) ထပိတံနာမ-တန့်ထားအပ် သည် မည်သည်၊ ဟောတိ၊ တသ္မာ—ထို့ကြောင့်၊ သုဏာတုမေ၊ ကရေယျာတိ ဧတ္ထ-ဟူသော ဤဥဒ္ဒေသ်၌၊ ယာဝ-အကြင်မျှလောက်သော အခါ၌၊ ရေကာရံ- ရေအက္ခရာကို၊ ဘဏတိ-ရွတ်ဆို၏၊ တာဝ-ထိုရေအက္ခရာကို ရွတ်ဆိုရာကာလ တိုင်အောင်၊ ထပေတဗ္ဗံ- တန့်ထားရာ၏၊ (တန့်ထားနိုင်၏၊) ဟိ-မှန်၊ ဣဒံ—ဤ အခါသည်၊ (သုအက္ခရာကို ရွတ်ရာကာလမှစ၍ ရေအက္ခရာကို ရွတ်ရာကာလ တိုင်အောင်သောအခါသည်၊)ခေတ္တံ-ခေတ်တည်း၊(ပါတိမောက်ကို ဆက်မရွတ် စေဘဲ တန့်ထားဘို့ရာ ခေတ်တည်း၊) ပန-ကား၊ ယျကာရေ - ယျ အက္ခရာကို၊ ဝုတ္တေ—ရွတ်ဆိုအပ်ပြီးသော်၊(ဥဒ္ဒေသ်ထားသောရဟန်းက ရွတ်ဆိုအပ်ပြီးသော်၊) ထပေန္တေန-တန့်ထားသော ရဟန်းသည်၊ ပစ္ဆာ—နောင်မှ၊ ထပိတံနာမ-သည်၊ ဟောတိ-၏၊ သုဏာတု မေတိ-ဟူ၍၊ အနာရဒ္ဓေယေဝ- အားမထုတ်အပ်သေး မီပင်၊ ထပေန္တေန-သည်၊ ပုရေ—ရှေ့၌၊ ထပိတံ(နာမ)- သည်၊ ဟောတိ။

× × × × × × ×

ပါတိမောက္ခဋ္ဌပန။ ။"အနနုဇာနာမိ ဘိက္ခဝေ ယော သာပတ္တိကော သုဏာ တိ၊ တဿ ပါတိမောက္ခံ ထပေတုံ " ဟု မိန့်တော်မူသောကြောင့် ဥပုသ်ပြုရာ၌ အာပတ်သင့်နေသော ရဟန်းပါလျှင် ပါတိမောက်ကို မရွတ်ပြသေးဘဲ တန့်ရပ်ထား ဘို့ရန် ခွင့်ပြုတော်မူ၏၊ ထို့ကြောင့် ဥဒ္ဒေသ်ဖြင့် ပါတိမောက်ကို မရွတ်စေသေးဘဲ တန့်ရပ် ထားခြင်းကို "ပါတိမောက္ခဋ္ဌပန"ဟု ခေါ်၏။ [ပါတိမောက္ခဿ-ကို+ထပနံ-မရွတ်ပြ စေသေးဘဲ တန့်ရပ်ထားခြင်းတည်း၊ ပါတိမောက္ခဋ္ဌပနံ-ခြင်း။]

ဓမ္မိကာဓမ္မိကတ္ထုပနကထာ

အမူလိကာယ၊ပေ၊အကတာယတိ–ကား၊ တေနပုဂ္ဂလေန-ထိုပါတိမောက်တန့်ထားအပ်ရာ ပုဂ္ဂိုလ်သည်၊ သာဝိပတ္တိ- သီလဝိပတ္တိ စသော တမျိုးမျိုးသော ထိုဝိပတ္တိသည်၊ ဝါ - ကို၊ ကတာဝါ- ပြုအပ်ပြီးသည်မူလည်း၊ ဟောတု - စေ၊ အကတာဝါ - မပြုအပ်သေးသည်မူလည်း၊ ဟောတု - စေ၊ ပါတိမောက္ခဋ္ဌပနကဿ - ပါတိမောက် တန့်ထားသော ရဟန်း၏၊ သညာ အမူလိကဝသေန– သညာ၏ အခြေအမြစ်မရှိသည်၏အစွမ်းဖြင့်၊ အမူလိကာ-အမူလိကာမည်သော ဝိပတ္တိသည်၊ ဟောတိ-၏၊[ပါတိမောက်တန့်ထားအပ်ရာ ပုဂ္ဂိုလ်က ထိုဝိပတ္တိကို ပြုပြီးသည်ဖြစ်စေ, မပြုရသေးသည်ဖြစ်စေ, ပါတိမော်တန့်ထားသော ရဟန်း၏ အမှတ်သညာက အခြေအမြစ်မရှိလျှင် အမူလိကာဝိပတ္တိပင် ဖြစ်၏ - ဟူလို။] ကတာကတာယာတိ–ဟူသော ဤစကားကို၊ ကတဉ္စ–ပြုအပ်ပြီးသော ဝိပတ္တိကို၎င်း၊ အကတဉ္စ—မပြုအပ်သေးသော ဝိပတ္တိကို၎င်း၊ ဥဘယံ-နှစ်ပါးစုံကို၊ ဂဟေတွာ-၍၊ (ဘဂဝတာ) ဝုတ္တံ-ပြီ။[ကတဉ္စ အကတဉ္စ ဥဘယံ ဂဟေတွာတိ ယဿ ကတာပိ အတ္ထိ အကတာပိ၊ တဿ တဒုဘယံ ဂဟေတွာ၊-ဝိမတိ။]

ဓမ္မိကံ သာမဂ္ဂိံ န ဥပေတီတိ-ကား၊ ကမ္မံ-ကံကို၊ ကောပေတုကာမတာယ-ပျက်စေခြင်းငှါ အလိုရှိသည်၏ အဖြစ်ကြောင့်၊ သံဃဿ — ၏၊ ဝါ — သည်၊ ကမ္မေ-ကို၊ ကရီယမာနေ - ပြုအပ်သော်၊ နေဝ အာဂစ္ဆတိ - ကိုယ်တိုင်လည်း မလာ၊ ဆန္ဒံ-ဆန္ဒကိုလည်း၊ န ဒေတိ-မပေး၊ သမ္မုခီဘူတော-မျက်မှောက်ဖြစ်၍ ဖြစ်သည်၊ (သမာနော)စ- ဖြစ်ပြန်သော်လည်း၊ ပဋိက္ကောသတိ- တားမြစ်၏။ [စာအုပ်တို့၌ “ သမ္မုခီဘူတောဝ - မျက်မှောက်ဖြစ်လျက်သာလျှင် ” ဟု ရှိ၏၊ “ သမ္မုခီဘူတောစ ”ဟု ရှိမှ ကောင်းမည်ထင်သည်။] တေန-ထိုသို့ မလာခြင်း စသည်ကြောင့်၊ ဒုက္ကဋံ-သို့၊ အာပဇ္ဇတိ-၏၊[တေနာတိ အနာဂမနာဒိ ကာရဏေန၊— ယောဇနာ။] ဣတိ— ထို့ကြောင့်၊ (ထိုသို့ ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်းကြောင့်၊) သာပတ္တိကဿေဝ-အာပတ်နှင့်တကွသာလျှင် ဖြစ်သော၊ အဿာပိ- ထိုရဟန်း၏ အပေါ်၌လည်း၊ ပါတိမောက္ခံ - သည်၊ ဝါ- ကို၊ ဌပိတံ- သည်၊ ဟောတိ-၏၊ ပစ္စာဒိယတီတိ-ကား၊ ပုန-တဖန်၊(ထပ်၍၊) ကမ္မံ—ကို၊ ကာတဗ္ဗံ-ပြုထိုက်၏၊ ဣတိ - သို့၊ ပစ္စာဒိယတိ- တဖန်ယူ၏၊ တေန ဥက္ကောဋနကေန - ထို

× × × × × × ×

ပစ္စာဒိယတိ။ ▪ဓမ္မိကံ သာမဂ္ဂိံ ပစ္စာဒိယတိဟူသော ပါဠိတော်၏အဖွင့်တည်း၊ **ပုန ကာတဗ္ဗံ ကမ္မံကား** ပစ္စာဒိယနပြုပုံအခြင်းအရာကို ပြသော အာကာရ စကားတည်း၊ “အကတံ ကမ္မံ၊ ဒုက္ကဋံ ကမ္မံ၊ ပုန ကမ္မံ ကာတဗ္ဗံ” ဟူသော စကားများလည်း ပစ္စာဒိယနာကာရ စကားများပင်တည်း၊ ထို့ကြောင့် “ ဓမ္မိကံ – တရားနှင့် လျော်သော၊ သာမဂ္ဂိံ – ညီညွတ်သူတို့၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတူ ပြုအပ်သော ကံကို၊ ပစ္စာ

တားမြစ် ကန့်ကွက်ခြင်းကြောင့်၊ ပါစိတ္တိယံ—သို့၊ အာပဇ္ဇတိ—၏၊ ဣတိ—ထို့ကြောင့်၊(ပါစိတ်အာပတ်သို့ရောက်သည်၏အဖြစ်ကြောင့်၊)သာပတ္တိကဿ ဝ-အာပတ်နှင့်တကွသာလျှင် ဖြစ်သော၊ အဿာပိ-၏ အပေါ်၌လည်း၊ ပါတိမောက္ခံ-သည်၊ ဝါ—ကို၊ ထပိတံ-သည်၊ ဟောတိ—၏။

× × × × × × ×

ဒိယတိ-တဖန်ပြုဘို့ရန် ယူ၍၊ ဝါ—ကန့်မြစ်၍'' ဟု ပါဠိတော်၌ ပေးပါ၊ ပစ္စာဒိယတိ၌ ပတိ+အာရှေ့ရှိသော ဒါဓာတ် ဒိဝါဒိ ယပစ္စည်း၊ ဒါ၌(အာ)ကို ဣပြု၊ သမာဒိယာမိ ကဲ့သို့တည်း၊[ဓမ္မိကုံ သာမဂ္ဂိန္တိ ဓမ္မိကံ သမဂ္ဂကမ္မံ၊ပစ္စာဒိယတီတိ ဥက္ကောဋနာဓိပ္ပါယေန ပုန ကာတုံ အာဒိယတိ (ဝိမတိ)၊ ပစ္စာဒိယတီတိ ပတိ အာဒိယတိ၊ အကတံ ကမ္မန္တိ အာဒိနာ ပုန အာရဘတီတိ အတ္ထော၊(သာရတ္ထ)။]

ပါစိတ္တိယံ အာပဇ္ဇတိ ။ ။ ပါစိတ်အာပတ်သို့ ရောက်သူသည် ပါတိမောက် တန့်ထားသော ရဟန်း မဟုတ်၊ ပါတိမောက် တန့်ထားရာ (အတန့်ထားခံရသော) ရဟန်းတည်း၊ ဒုက္ကဋ် အာပဇ္ဇတိ တုန်းကလည်း ဤအတန့်ထား ခံရသော ရဟန်းပင် တည်း၊ ထို့ကြောင့် ယောဇနာ၌''အာပဇ္ဇတီတိ ပါတိမောက္ခဋ္ဌပနကော အာပဇ္ဇတိ'' ဟု ရှိသည်ကို စဉ်းစားပါ။

ဓမ္မိကပါတိမောက္ခဋ္ဌပနကထာ

ယေဟိ၊ပေ၊နိမိတ္တေဟီတိ ဧတ္ထ-ဟိဟူသော ဤပါဌ်၌၊ မဂ္ဂေန မဂ္ဂပဋိပါဒနာ ဒီသု - မိမိမဂ်ဖြင့် သူတပါး၏မဂ်သို့ သွင်းခြင်း အစရှိသည်တို့၌၊ အာကာရာဒိ သညာ-အခြင်းအရာအစရှိသည်တို့၏ အမည်သညာကို၊ဝေဒိတဗ္ဗာ-သိထိုက်၏၊ [အာကာရာဒိ၌ အာဒိဖြင့် လိင်္ဂ, နိမိတ္တ, တို့ကို ယူ၊ အာကာရာဒိသညာ ဝေဒိ တဗ္ဗာတိ အာကာရ လိင်္ဂနိမိတ္တနာမာနိ ဝုတ္တာနီတိ ဝေဒိတဗ္ဗာနိ၊— ဝိမတိ၊ သညာကို ''နာမ''ဟု ဖွင့်သည်။]တေန ဒိဋ္ဌေန၊ပေ၊ပရိသင်္ကာယာတိ ဧတ္ထ-ယ ဟူသော ဤပါဌ်၌၊ ဒိဋ္ဌေန - မြင်အပ်သော အကြောင်းအရာသည်ရင်း၊ သုတေန— ကြားအပ်သော အကြောင်းအရာသည်ရင်း၊ ပါဠိယံ - ပါဠိတော်၌၊ အာဂတ မေဝ-တိုက်ရိုက်လာသည်သာ၊[''ဘိက္ခု ဘိက္ခုံ ပဿတိ ပါရာဇိကံ ဓမ္မံ အဇ္ဈာ ပန္နံ''စသည်ဖြင့်ရင်း,''အပိစ အညော ဘိက္ခု ဘိက္ခုဿ အာရောစေတိ၊ သော ဧဝ ဘိက္ခု ဘိက္ခုဿ အာရောစေတိ'' စသည်ဖြင့်ရင်း ပါဠိတော်၌ တိုက်ရိုက် လာသည်သာ။]ပန-ကား၊ တေဟိ ဒိဋ္ဌသုတေဟိ-ထို မြင်အပ်သော အကြောင်း အရာ, ကြားအပ်သော အကြောင်းအရာတို့ကြောင့်၊ ပရိသင်္ကံ-ယုံမှားခြင်းကို၊ သစေ ဥပ္ပါဒေယျ- အကယ်၍ ဖြစ်စေအံ့၊ (ဧဝံ သတိ)၊ တံ-ထို ယုံမှားခြင်းကို၊ သန္ဓာယ- ၍၊ တာယပရိသင်္ကာယတိ—ဟူ၍၊(ဘဂဝတာ)ဝုတ္တံ။

အတ္တာဒါန အင်္ကထာ

အတ္တာဒါနံ အာဒါတုကာမေနာတိ ဧတ္ထ-၌၊ (အတ္တာဒါနံ - ပုစ္ဆတိ၌စပ်၊) သာသနံ-သာသနာတော်ကို၊ သောဓေတုကာမေန - သုတ်သင်ခြင်းငှါ အလိုရှိသော၊ ဘိက္ခုနာ-သည်၊ ယံ အဓိကရဏံ- အကြင် အဓိကရုဏ်းကို၊ အတ္တနာ—မိမိသည်၊ အာဒီယတိ-ယူအပ်၏၊ တံ-ထိုအဓိကရုဏ်းကို၊ အတ္တာဒါနန္တိ-နဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ အကာလော ၊ပေ၊ အာဒါတုန္တိ ဧတ္ထ - ၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ရာဇဘယံ-မင်းဘေးရင်း၊ စောရဘယံ-ဒါးမြဘေးရင်း၊ ဒုဗ္ဘိက္ခ ဘယံ-ငတ်မွတ်ခေါင်းပါး အစာရှားခြင်းဘေးရင်း၊ ဝဿာရတ္တော-မိုယ်းအခါ တို့၌ ညဥ့်ကာလရင်း၊ ဝါ- မိုယ်းအခါတို့၏ ညဥ့်ကာလရင်း၊ ဣတိ အယံ - ဤ

× × × × × × ×

အတ္တာဒါနံ။ ။အတ္တနာ အာဒီယတိကို ကြည့်၍“အာဒါနံ”၌ အာပုဗ္ဗဒါဓာတ်, ကံဟော ယုပစ္စည်းဟု ကြံသင့်၏၊“အာဒါတဗ္ဗန္တိ အာဒါနံ၊ အတ္တနာ+အာဒါနံ အတ္တာ ဒါနံ”ဟု ပြု၊“အဘယ်သို့ သဘောရှိသော မိမိပါနည်း”ဟု မေးဘွယ် ရှိသောကြောင့် “သာသနံ သောဓေတုကာမေန ဘိက္ခုနာ”ဟု ဝိသေသန ပြုသည်၊ “သာသနာတော် ကို သုတ်သင်လိုသော ရဟန်းတည်းဟူသော မိမိ”ဟူလို၊ “ယံ အဓိကရဏံ၊ တံ အတ္တာ ဒါနန္တိ ဝုစ္စတိ” ကို ကြည့်၍ “ အတ္တာဒါန ” အရ အဓိကရုဏ်းကို ကောက်ပါ၊ [ပရံ စောဒေတုံ အတ္တနာ အာဒါတဗ္ဗံ ဂဟေတဗ္ဗံ အဓိကရဏံ အတ္တာဒါနံ၊ တေနာဟ “သာသနံ သောဓေတုကာမေနာ”တိ အာဒိ၊-သာရတ္ထ၊ ဋီကာစာအုပ်၌“သောဓေတု ကာမေဝ” ဟုချည်း ရှိ၏၊ ယောဇနာ၌ကား “ သောဓေတုကာမေန ”ဟု ရှိသည်၊ နောက်ကြိယာကိုထောက်၍ “ကာမေန”ဟု ရှိခြင်းက ကောင်းပါသည်။]

ဝဿာရတ္တော။ ။သဒ္ဒါတအဘိဓာန်၌“ဝဿာ”ကို ဣတ္ထိလိင်,ဗဟုဝုစ်ဟု ဆို၏၊ မောဂ္ဂလ္လာန်သမာသ်, (၄၅) သုတ်၌ “ဝဿာသု- မိုဃ်းဥတုတို့၌+ရတ္တိ- ညဥ့်တည်း၊ ဝဿာရတ္တံ (ဝဿာရတ္တော) -မိုဃ်းဥတုတို့၌ ညဥ့်”ဟု သတ္တမီတပ္ပုရိသ်ပြု၍၊ (ကာလာပ် ၌“ဝဿာနံ-တို့၏+ရတ္တိ”ဟု ဆဋ္ဌီတပ္ပုရိသ်ပြု၍) ရတ္တိနောင် (အပစ္စည်းဖြင့် ဝဿာ၌ အာကိုလည်း ရဿမပြုဘဲ “ဝဿာရတ္တော” ဟု ပြီးရသည်၊ ထို့ကြောင့် “ ဝဿာ ရတ္တော—မိုဃ်းအခါတို့၌ (တို့၏) ညဥ့်ကာလ”ဟု အနက်ပေးပါ၊ ညဥ့်ကို မှတ်၍ဆိုသည် နေ့အခါပါ ယူ၊ ထို့ကြောင့် သာရတ္ထ၌ “ ဝဿာရတ္တောတိ ဝဿကာလော- မိုဃ်း အခါ”ဟု ဖွင့်သည်။

ဝိမတိ။ ။ဝဿာရတ္တောတိ ဝဿကာလော၊ သောပိ ဟိ ဒုဗ္ဘိက္ခာဒိ ကာလော ဝိယ အဓိကရဏဝူပသမတ္ထံ လဇ္ဇိပရိသာယ ဒူရတော အာနယနဿ , အာဂတာနဥ္စ ပိဏ္ဍာယ စရဏာဒိသမာစာရဿ ဒုက္ကရတ္တာ အကာလောဝ၊ ဤသို့ ဝိမတိ၌ အကျယ် ဖွင့်ပြ၏၊ အနက်သဘောမှာ သာရတ္ထနှင့် အတူပင်တည်း၊ [ယောဇနာ၌ကား “ သော ဟိ ဝဿော အတိဝိယ ရဥ္စတိ ဧတ္ထ ကာလေတိ ဝဿာရတ္တောတိ ဝုစ္စတိ”ဟု ဗဟုဗ္ဗီဟိ သမာသ်ပြု၏၊ ထိုအဖွင့်၌“ဝဿ+အာ+ရတ္တော”ဟု ပုဒ်ဖြတ်၍ အာကို“အတိဝိယ” ဟု ဘုသအနက်ဖွင့်ဟန်တူသည်၊ သဒ္ဒါတကျမ်းရင်းများနှင့် မညီပါ။]

ဆိုအပ်ပြီးသော အခါသည်၊ အကာလေ — အကာလတည်း၊ ဝိပရီတော—ပြောင်းပြန်ဖြစ်သော အခါသည်၊ (ရာဇဘယ စသည် မရှိရာ အခါသည်၊) ကာလေ-ကာလတည်း။

အဘူတံ ဇုဒံ အတ္တာဒါနန္တိ- ကား၊ ဇုဒံ- ၏ အဓိကရဏ်းသည်၊ အသန္တ-ထင်ရှားမရှိ၊ မယာ - ငါသည်၊ (ဂဟိတော ဠစပ်၊) အဓမ္မောဝါ - အဓမ္မကိုမူလည်း၊ ဓမ္မောတိ- ဓမ္မဟူ၍၊ ဂဟိတော- ယူအပ်ပြီ၊ ဓမ္မောဝါ- ဓမ္မကိုမူလည်း၊ အဓမ္မောတိ-အဓမ္မဟူ၍၊ ဂဟိတော- ပြီ၊ အဝိနယောဝါ- အဝိနယကိုမူလည်း၊ ဝိနယောတိ - ဝိနယဟူ၍၊ ဂဟိတော - ပြီ၊ ဝိနယောဝါ - ဝိနယကိုမူလည်း၊ အဝိနယောတိ-အဝိနယဟူ၍၊ ဂဟိတော-ပြီ၊ဒုဿီလော-သီလမရှိသော၊ပုဂ္ဂလော ဝါ-ပုဂ္ဂိုလ်ကိုမူလည်း၊ သီလဝါတိ-သီလရှိသော ပုဂ္ဂိုလ်ဟူ၍၊ ဂဟိတော-ပြီ၊ သီလဝါဝါ - သီလရှိသော ပုဂ္ဂိုလ်ကိုမူလည်း၊ ဒုဿီလောတိ - သီလမရှိသော ပုဂ္ဂိုလ်ဟူ၍၊ ဂဟိတော -ပြီ၊ ဣတိအတ္တော - နက်၊ (အသန္တမိဒံ၏ အနက်ဖွင့်တည်း၊) ဝိပရိယာယေန - ပြောင်းပြန်အားဖြင့်၊ (သန္တမိဒံ မယာ အဓမ္မောဝါ အဓမ္မောတိစသည်ဖြင့်၊) ဘူတံ- ထင်ရှားရှိသော အတ္တာဒါနကို၊ ဝေဒိတဗ္ဗံ-၏၊ အနတ္ထသံဟိတံ ဇုဒံ အတ္တာဒါနန္တိ ဧတ္ထ-၌၊ ယံ-အကြင်အတ္တာဒါနသည်၊ ဇီဝိတန္တရာယဝါ-အသက်၏အန္တရာယ်အကျိုးငှါသော်ငှင်း၊ ဗြဟ္မစရိယန္တရာယဝါ-ဗြဟ္မစရိယ၏ အန္တရာယ်အကျိုးငှါသော်ငှင်း၊ သံဝတ္တတိ - ဖြစ်၏၊ ဇုဒံ - ၏ အတ္တာဒါနံသည်၊ အနတ္ထသံဟိတံ-အနတ္ထသံဟိတ မည်၏၊ ဝိပရီတံ-ပြောင်းပြန်ဖြစ်သော အတ္တာဒါနသည်၊ အတ္ထသံဟိတံနာမ-တ မည်၏။

န လဘိဿာမိ၊ပေ၊ဘိက္ခူတိ ဧတ္ထ-၌၊ (ဂုဋ္ဌတ္တံ- ကို၊) ဟိ (ဥဒ္ဓရိတ္ဘာ ဒဿေမိ-အံ့၊) အပ္ပေကဒါ- တရံတခါ၌၊ ရာဇဘယာဒီသု - မင်းဘေး အစရှိသည်တို့ကြောင့်၊ ဧဝရူပါ - ၏သို့ သဘောရှိကုန်သော၊ အတ္တနော - မိမိ၏၊ ပက္ခဿ-အသင်းအပင်းကို၊ (မိမိဘက်ကို၊) ဥပထမ္ဘကာ - ထောက်ပံ့တတ်ကုန်သော၊ ဘိက္ခူ-တို့သည်၊ ဝါ- တို့ကို၊ လဒ္ဓုံ- ရခြင်းငှါ၊ န သက္ကာ- မတတ်ကောင်းကုန်သည်၊ ဟောန္တိ-ကုန်၏၊ တံ-ထိုဥပထမ္ဘကဘိက္ခုတို့ကို မရခြင်းကို၊ သန္ဓာယ-၍၊ န လဘိဿာမိတိ-မိ ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ-ပြီ၊ ပန-အနွယ၊ အပ္ပေကဒါ-၌၊ ခေမသုဘိက္ခာဒီသု - ဘေးကင်းရာ, သာယာဝပြော အစာပေါရာအခါ အစရှိသည်တို့၌၊ (ဧဝရူပါ အတ္တနော ပက္ခဿ ဥပထမ္ဘကာ ဘိက္ခူ - တို့ကို၊) လဒ္ဓုံ-ငှါ၊ သက္ကာ - တတ်ကောင်းကုန်သည်၊ ဟောန္တိ - ကုန်၏၊ တံ - ထို ဥပထမ္ဘက ဘိက္ခုတို့ကိုရခြင်းကို၊ သန္ဓာယ-၍၊ လဘိဿာမိတိ-မိဟူ၍၊ (ဘဂဝတာ)ဝုတ္တံ။

ဘဝိဿတိ၊ပေ၊ဘဏ္ဍနန္တိ-ကား၊ ကောသမ္ဗကာနံဝိယ-ကောသမ္ဗကရဟန်းတို့၏ကဲ့သို့၊ ဘဏ္ဍနံ - မိမိတို့ အချင်းချင်း တိုင်ပင်ခြင်းသည်ငှင်း၊ ကလဟော - ခိုက်ရန်သည်ငှင်း၊ ဝိဂ္ဂဟော - ဆန့်ကျင်ဘက်ကို ယူခြင်းသည်ငှင်း၊ ဝိဝါဒေါ-

ဆန့်ကျင်ဘက်ကို ပြောဆိုခြင်းသည်၎င်း၊ သံဃဘေဒေါစ-သံဃာ၏ကွဲပြားခြင်းသည်၎င်း၊ ဘဝိဿတိ - ဖြစ်လတ့်၊ [ဘဝိဿတီတိဟု ဇုတိသဒ္ဒါပါသည်ကား ပိုဟန်တူသည်၊ ရှေးနိဿယ၌ "ဇုတိ - ဤကား အနက်တည်း" ဟု ပေး၏၊] ပဉ္စာပိ အဝိပ္ပဋိသာရကရံ ဘဝိဿတီတိ-ကား၊ သုဘဒ္ဒ-သုဘဒ္ဒမည်သော၊ ဝုဍ္ဍ ပဗ္ဗဇိတံ-ကြီးသည်ဖြစ်၍ ရဟန်းအဖြစ်သို့ကပ်ရောက်သောရဟန်းကို၊ (တောထွက်ရဟန်းကြီးကို၊)နိဂ္ဂဟေတွာ-နှိပ်၍၊ ပဥ္စသတိကသင်္ဂီတိ-ပဥ္စသတိကသင်္ဂါယနာကို၊ ကရောန္တဿ-ပြုသော၊ မဟာကဿပတ္ထေရဿဏ္ဍဝ-မဟာကဿပထေရ်၏ကဲ့သို့၎င်း၊ ဒသဝတ္ထုကေ - ဆယ်ပါးသောဝတ္ထု ရှိသော၊ အဓိကရဏေ - အဓိကရုဏ်း၌၊ ဒသ ဘိက္ခုသဟဿာနိ-တသောင်းသောရဟန်းတို့ကို၊နိဂ္ဂဟေတွာ-၍၊ သတ္တသတိကသင်္ဂီတိ - သတ္တသတိက သင်္ဂါယနာကို၊ ကရောန္တဿ-သော၊ အာယသ္မတော ယသဿဏ္ဍဝ-အရှင်ယသ၏ကဲ့သို့၎င်း၊ သဋ္ဌိဘိက္ခုသဟဿာနိ-ခြောက်သောင်းသော ရဟန်းတို့ကို၊ နိဂ္ဂဟေတွာ - ၍၊ သဟဿိကသင်္ဂီတိ - သဟဿိကသင်္ဂါယနာကို၊ ကရောန္တဿ-သော၊ မောဂ္ဂလိပုတ္တတိဿတ္ထေရဿ ဏ္ဍဝစ-မောဂ္ဂလိပုတ္တတိဿထေရ်၏ကဲ့သို့၎င်း၊ ပဉ္စာ-နောက်၌၊ သမနုဿရဏကရဏံ-အဖန်ဖန် အမှတ်ရခြင်းကိုပြုတတ်သည်၊ ဟောတိ-၏၊ သာသနဿစ-သာသနာတော်၏လည်း၊ ဝိဂတုပက္ကိလေသ စန္ဒိမ သူရိယ သဿိရိကတာယ - ကင်းသော ငြစ်နွမ်းကြောင်း ဘေးရန်ရှိသော လ နေတို့၏ အသရေနှင့်တူသော အသရေရှိသည်၏အဖြစ်ဟူသော အကျိုးငှါ၊ သံဝတ္တတိ-ဖြစ်၏။

× × × × × × × ×

သမနုဿရဏ၊ပေ၊သံဝတ္တတိ။ ။အနုဿရိတာနုဿရိတက္ခဏေ (အမှတ်ရအပ်ရာ, အမှတ်မရအပ်ရာခဏ၌၊) ပီတိပါမောဇ္ဇဇနနတော အနုဿရဏုပ္ပါဒကံ (ပီတိပါမောဇ္ဇကို ဖြစ်စေတတ်သောကြောင့် မကြာမကြာ အမှတ်ရခြင်းကို ပြုတတ်သည်=မကြာမကြာ အမှတ်ရစရာကောင်းသည်၊) ဝိဂတုပက္ကိလေသ ၊ပေ၊ သံဝတ္တတီတိ ထွေယထာ အဗ္ဘမဟိကာဒိဥပက္ကိလေသဝိရဟိတာနံ စန္ဒိမသူရိယာနံ သဿိရိကတာ ဟောတိ၊ (အသရေရှိကုန်သည်၏အဖြစ်သည် ဖြစ်၏၊) ဧဝမဿာပိ စောဒကဿ ပါပပုဂ္ဂလုပက္ကိလေသ ဝိဂမေန သဿိရိကတာ ဟောတီတိ အဓိပ္ပါယော၊– ဝိမတိ။

စောဒကေန ပစ္စဝေက္ခိတဗ္ဗဓမ္မကထာ

အန္တိ ဒွေန အပ္ပဋိမံသေနာတိ အာဒီသု-အစရှိသော ပါဠိရပ်တို့၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ယေန - အကြင် ရဟန်းသည်၊ ဂဟဋ္ဌပဗ္ဗဇိတေသု - အိမ်၌တည်သူ လူဝတ်ကြောင် ရသေ့ ရဟန်းတို့တွင်၊ ယောကောစိ - အမှတ်မရှိ တစုံတယောက်သည်၊ ဝါ - ကို၊ ပဟဋ္ဌောဝါ - ပုတ်ခတ်အပ်ပြီးသည်သော်လည်း၊ ဟောတိ - ၏၊ ["ပဟဋ္ဌော" နေရာ၌ "ဂဟဋ္ဌော" ဟု ရှေးစာအုပ်များ၌ ရှိ၏၊ ကာယသမာစာရ မစင်ကြယ်ပုံကို ပြရာဖြစ်သောကြောင့် "ပဟဋ္ဌော"ဟု ရှိသော

ပါ၍သာ ကောင်းသည်။] ဂိဟီနံ-လူဝတ်ကြောင်တို့၏၊ ဂဏ္ဍဖာလနာဒီနိ-မြင်းဖု အနာကို ဖေါက်ခွဲခြင်း အစရှိကုန်သော၊ ဝေဇ္ဇကမ္မာနိ ဝါ-ဆေးဆရာ၏အလုပ် တို့သည်သော်လည်း၊ (ဆေးကုမှုတို့သည်သော်လည်း၊) ဝါ-တို့ကိုသော်လည်း၊ ကတာနိ-ပြုအပ်ပြီးကုန်သည်၊ (ဟောန္တိ)၊ တဿ- ထိုရဟန်း၏၊ ကာယ သမာ စာရော - ကာယသမာစာရသည်၊ (ဆိဒ္ဒေါ, သပ္ပဋိမံသောတို့ ၌စပ်၊) ဥပစိကာ ဟိ-ခြတို့သည်၊ ခါယိတတာလပဏ္ဏမိဝ-ခဲစားအပ်သော ထန်းရွက်သည်ကဲ့သို့၊ ဆိဒ္ဒေါစ - ပေါက်သည်ရင်း၊ ပဋိမံသိတုံ- လိုရာအရပ်၌ သုံးသပ်ခြင်းငှါ၊ ယတ္ထ ကတ္ထစိ-အမှတ်မထား တပါးပါးသောအရပ်၌၊ ဂဟေတွာ-ကိုင်၍၊အာကနိတုံ- ဆွဲငင်ခြင်းငှါ၊ (ပဋိမံသိတုံကို ထပ်ဖွင့်သည်၊) သက္ကုဏေယျတာယ — တတ် ကောင်းသည်၏အဖြစ်ကြောင့်၊ သပ္ပဋိမံသောစ-လိုရာအရပ်၌ သုံးသပ်ကိုင်တွယ် အပ်သည်၏အဖြစ်နှင့်တကွ ဖြစ်သည်ရင်း၊ ဟောတိ-၏၊ ဝိပရီတော-ပြောင်းပြန် ဖြစ်သော ကာယသမာစာရကို၊ အစ္ဆိဒ္ဒေါ(တိ)-အစ္ဆိဒ္ဒဟူ၍ရင်း၊ အပ္ပဋိမံသော တိ-အပ္ပဋိမံသဟူ၍ရင်း၊ ဝေဒိတဗ္ဗော-သိထိုက်၏၊ ဧတိ-ဤသို့ မှတ်အပ်၏၊ ပန- ကား၊ ဝစီသမာစာရော - ဝစီသမာစာရသည်၊ မုသာဝါဒ ၊ပေ၊ ဒီဟိ - မုသား ပြောခြင်း, နှုတ်လုံ့ထိုး၍ ပြောခြင်း , ချောပစ် ကုန်းတိုက်ခြင်း , အခြေအမြစ်မရှိ သော အာပတ်ဖြင့် စွပ်စွဲခြင်း အစရှိသည်တို့ဖြင့်၊ ဆိဒ္ဒေါစ - ပေါက်သည်ရင်း၊ သပ္ပဋိမံသောစ-သည်ရင်း၊ ဟောတိ-၏၊ ဝိပရီတော- ပြောင်းပြန်ဖြစ်သော ဝစီ သမာစာရသည်၊ အစ္ဆိဒ္ဒေါ- အစ္ဆိဒ္ဒမည်၏၊ အပ္ပဋိမံသော-အပ္ပဋိမံသမည်၏။

× × × × × × ×

သပ္ပဋိမံသော။ ■ "ပဋိမံသိတုံ" နေရာ၌ စာအုပ်များဝယ် "ပဋိမာသိတုံ" ဟု ရှိ၏၊ ပတိပုဗ္ဗ မသဓာတ်ဖြစ်၍ "မာ" ဟု ဝုဒ္ဓိမရှိနိုင်၊ သံဝဏ္ဏေတဗ္ဗအတိုင်း နိဂ္ဂဟိတ်လာ၍ "ပဋိမံသိတုံ" ဟု သော်ရင်း, "ပဋိမသိတုံ" ဟု သော်ရင်း ရှိသင့်၏၊ အပေါက်အပေါက် ဖြစ်၍နေသော အရာဝတ္ထုသည် မည်သည့်နေရာ၌ မဆို ဆွဲငင်၍ ရကောင်းသကဲ့သို့ အပေါက်အပေါက်ဖြစ်နေသော ကာယသမာစာရသည်လည်း သူတပါးကပြန်၍ပုတ်ခတ် သောအားဖြင့် သုံးသပ် ဆွဲငင်လျှင် မည်သည့်အကျင့်၌မဆို သုံးသပ် ဆွဲငင်၍ ရကောင်း သောကြောင့် "သပ္ပဋိမံသ" မည်၏။

ဝစနတ္ထ။ ■ ပဋိမသီယတေတိ ပဋိမသော၊ နိဂ္ဂဟိတ်လာ၍ "ပဋိမံသော" ဟု ဖြစ်၏၊ ဘာဝပ္ပဓာန ဘာဝလောပကြံ၍ " သုံးသပ် ဆွဲငင်အပ်သည်၏ ဖြစ်ကြောင်းဖြစ်ရာ , သုံးသပ် ဆွဲငင်ဘွယ်အကျင့် "ကို ကောက်ပါ၊ သဟ + ပဋိမံသေန + ယော ဝတ္တတီတိ သပ္ပဋိမံသော၊ (ကာယသမာစာရော၊) သုံးသပ် ဆွဲငင်အပ်သည်၏အဖြစ်နှင့် တကွဖြစ် သော ကာယသမာစာရ၊ အပ္ပဋိမံသော၌ " နတ္ထိ + ပဋိမံသော + ယဿာတိ အပ္ပဋိ မံသော" ဟုပြု၊ [ပဋိ (ပုနပ္ပုနံ) မသီယတီတိ အာမသီယတီတိပဋိမံသော၊နိဂ္ဂဟိတာဂမော၊ ဘာဝပ္ပဓာနေသံ ကမ္မနိဒ္ဒေသော၊ သဟ ပဋိမံသေနာတိ သပ္ပဋိမံသော၊ ကာယသမာ စာရော၊—ယောဇနာ။] ဤ၌ ပတိကို "ပုနပ္ပုနံ" ဟု ဖွင့်၏၊ မိမိကား "ယတ္ထကတ္ထစိ" ကို ကြည့်၍ "ပတိ (ပတိရူပံ) သင့်လျော်သလို" ဟု ကြံလိုက်ပါသည်။

မေတ္တံ နုခေါ မေ စိတ္တန္တိ-ကား၊ ပလိဗောဓေ-ပလိဗောဓတို့ကို၊ ဆိန္ဒိတွာ-ဖြတ်၍၊ ကမ္မဋ္ဌာနဘာဝနာနုယောဂေန — ကမ္မဋ္ဌာန်းဘာဝနာကို အဖန်ဖန်အားထုတ်ခြင်းကြောင့်၊ အဓိဂတံ-ရအပ်သော၊ မေတ္တစိတ္တံ-မေတ္တာရှိသောစိတ်သည်၊ ("ပစ္စုပဋ္ဌိတံ-ရှေးရှုဘည်သည်၊ ဟောတိနုခေါ - ဖြစ်လေသလော" ဟု ပါဠိတော်၌စပ်၊) အနာဃာတန္တိ-ကား၊ အာဃာတ ဝိရဟိတံ- လွန်စွာ ထိပါးနှိပ်စက်တတ်သော ဒေါသမှကင်းသော၊ ဝိက္ခမ္ဘနဝသေန-ပယ်ခွါခြင်း၏အစွမ်းဖြင့်၊ (ဝိက္ခမ္ဘနပဟာန်ဖြင့်၊) ဝိဟတာဃာတံ-ပယ်ဖျက်အပ်ပြီးသော အာဃာတရှိသော၊ (မိတ္တံ ၌စပ်၊) ဇာတိအတ္တော- နက်၊ ဇာဒံ ၊ပေ၊ ဘဂဝတာတိ- ကား၊ ဇာဒံ သိက္ခာပဒံ-၍ သိက္ခာပုဒ်တော်ကို၊ ကတရသ္မိံ နဂရေ-အဘယ်မြို့၌၊ ဝုတ္တံ-ဟောတော်မူအပ်သနည်း၊ ဇာတိအတ္တော - နက်။

× × × × × × ×

မေတ္တံ နုခေါ မေ စိတ္တံ၊ ၊ "မေတ္တာ+ယဿ+အတ္ထိတိ မေတ္တံ- မေတ္တာရှိသောစိတ်"ဟု ပြု၊ ထို မေတ္တာရှိသော စိတ်ဟူသည် မေတ္တာဈာန်တည်း။ [ပလိဗောဓေ၊ပေ၊ အဓိဂတံ မေတ္တစိတ္တန္တိ ဇာမိနာ အပ္ပနာပတ္တံ မေတ္တာဘာဝနံ ဒဿေတိ၊ တေနေဝါဟ "ဝိက္ခမ္ဘနဝသေန ဝိဟတာဃာတ"န္တိ၊– သာရတ္ထ။]

စောဒကေနဥပဋ္ဌာပေတဗ္ဗကထာ

ကာလေန ဝက္ခာမိတိ အာဒီသု-မိ အစရှိသော ပါဠိရပ်တို့၌၊ (အတ္တော ဇဝံ ဝေဒိတဗ္ဗော၊) ဧကော-တပါးသော စောဒကရဟန်းသည်၊ ဧကံ-တပါးသော မုဒိဘကကို၊ ဩကာသံ-စောဒနာခွင့်ကို၊ ကာရေတွာ-ပြုစေ၍၊ စောဒေန္တော-စောဒနာလသော်၊ ကာလေန-သင့်လျော်သောအခါ၌၊ ဝဒတိနာမ-ပြောသည်မည်၏၊ သံဃမဇ္ဈ ၊ပေ၊ အာသနသာလာဒီသု - သံဃအလယ် , ဂိုဏ်းအလယ်, စာရေးတံယူရာအရပ် , ယာဂုယူရာအရပ် , ကမ္မဋ္ဌာန်းကိုကြံစည်ရာ တံဆောင်းဝန်း, ဆွမ်းခံလှည့်လည်ရာလမ်း , ထိုင်နေရာစရပ် အစရှိသော အရပ်တို့၌သော်၎င်း၊ ဥပဋ္ဌာကေဟိ-အလုပ်အကျွေးတို့သည်၊ ပရိဝါရိတက္ခဏေဝါ-ခြံရံအပ်ရာခဏ၌သော်၎င်း၊ စောဒေန္တော - စောဒနာသောပုဂ္ဂိုလ်သည်၊ အကာလေန - မသင့်လျော်သောအခါ၌၊ ဝဒတိနာမ- ၏၊ တစ္ဆေန-ဟုတ်မှန်သောစကားဖြင့်၊ ဝဒန္တော-ပြောသောစောဒကသည်၊ ဘူတေန-ဟုတ်မှန်သော အကြောင်းအရာဖြင့်၊ ဝဒတိနာမ-၏၊ အမ္ဘောမဟာလ္လက-အိုသက်ကြီးအိုကြီး၊ အမ္ဘော ပရိသာဝစရ— အိုပရိသတ်၌ ကျင်လည်သူ၊ အမ္ဘောပံသုကူလိက — အို ပံသုကူစုတင်ဆောင်၊ အမ္ဘောဓမ္မကထိက-အို တရားဟောပုဂ္ဂိုလ်၊ တဝ- သင့်အား၊ ဇာဒံ-၍ အမှုသည်၊ ပတိရူပံ-လျောက်ပတ်ပါ၏လော၊ ဇာတိ-သို့၊ ဝဒန္တော-ပြောသော စောဒကသည်၊ ဖရုသေန-ကြမ်းတန်းသောစကားဖြင့်၊ ဝဒတိနာမ - ၏။

ပန-ကား၊ ကာရဏာနိသိတံ-အကြောင်းကို မှီသည်ကို၊ ကတွာ-၍၊ ဘန္တေ-အရှင်ဘုရား၊(တုမှေ-အရှင်ဘုရားတို့သည်၊) မဟာလ္လကာ-ကြီးကုန်သည်၊ အတ္ထ-ဖြစ်ပါကုန်၏၊ ပရိသာဝစရာ — ပရိသတ်၌ ကျင်လည်သော ပုဂ္ဂိုလ်တို့သည်၊ (အတ္ထ-ကုန်၏၊)ပံသုကူလိကာ-ပံသုကူ ရုတင်ဆောင် ပုဂ္ဂိုလ်တို့သည်၊(အတ္ထ၊) ဓမ္မကထိကာ-တရားဟော ပုဂ္ဂိုလ်တို့သည်၊ အတ္ထ-ပါကုန်၏၊ တုမှာကံ - အရှင်ဘုရားတို့အား၊ ဣဒံ — ဤ အမှုသည်၊ ပတိရူပံ - သင့်လျော်ပါ၏လော၊ ဣတိ, ဝဒန္တော-ပြောသော စောဒကသည်၊ သဏ္ဌေန-သိမ်မွေ့သော စကားဖြင့်၊ ဝဒ တိနာမ-၏၊ ကာရဏာနိသိတံ-ကို၊ ကတွာ-၍၊ ဝဒန္တော-သည်၊ အတ္ထသံဟိတေန-စီးပွားနှင့်စပ်ယှဉ်သောစကားဖြင့်၊ ဝဒတိ နာမ- ၏၊ မေတ္တစိတ္တော ဝက္ခာမိ နော ဒေါသန္တရောတိ—ကား၊ မေတ္တစိတ္တံ-မေတ္တာနှင့်ယှဉ်သော စိတ်ကို၊ ဥပဋ္ဌာပေတွာ—ဖြစ်စေ၍၊ ဝက္ခာမိ- ပြောဆိုအံ့၊ ဒုဋ္ဌစိတ္တော - ဒေါသသည် ဖျက်ဆီး အပ်သော စိတ်ရှိသည်၊ ဟုတွာ-၍၊ န(ဝက္ခာမိ)-မပြောဆိုအံ့။

× × × × × × ×

ဒေါသန္တရော။ ။"ဒူသိယတေတိ ဒေါသံ၊ ဒေါသံ+အန္တရံ ယဿာတိ ဒေါသန္တရော"-ဒေါသသည် ဖျက်ဆီးအပ်သော စိတ်ရှိသည်။ [နော ဒေါသန္တရောတိ ဧတ္ထ စိတ္တပရိယာယော အန္တရသဒ္ဒေါတိ အာဟ "န ဒုဋ္ဌစိတ္တော ဟုတွာ"တိ၊—သာရတ္ထ]။

စောဒက စုဒိတက ပဋိသံယုတ္တကထာ

အဇ္ဈတ္တံ မနသိ ကရိတွာတိ-ကား၊ အတ္တနော-မိမိ၏၊ စိတ္တေ- စိတ်၌၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ ("ပရော- သူတပါးကို၊ စောဒေတဗ္ဗော— စောဒနာထိုက်၏" ဟု ပါဠိတော်၌စပ်၊ "အဇ္ဈတ္တံ- မိမိစိတ်၌"ဟု ပေး၊) ကာရုညတာတိ - ကား၊ ကရုဏာဘာဝေါ-ကရုဏာ၏ ဖြစ်ကြောင်းဖြစ်ရာဘည်း၊ ဣမိနာ- ဤ ကာရုည တာ ဟူသော ပါဌ်ဖြင့်၊ ကရုဏာဥ္စ - အပ္ပနာသို့ ရောက်သော ကရုဏာဈာန်ကို၎င်း၊ ကရုဏာပုဗ္ဗဘာဂဥ္စ — ကရုဏာဈာန်၏ ရှေ့အဘို့၌ ဖြစ်သော ပရိကမ်

× × × × × × ×

ကာရုညတာ။ ။ကရုဏာယေဝ ကာရုညံ၊ သွတ္ထေ၌ ဏျပစ္စည်းသက်၊ ကာရုည္ဿ+ဘာဝေါ ကာရုညတာ၊ ဘာဝအနက်၌ တာ ပစ္စည်းသက်၊ ထို့ကြောင့် " ကရုဏာဘာဝေါ"ဟု ဖွင့်သည်၊"ကရုဏာဘာဝေါ"၌"ဏာ"ဝယ် ဇ္ဈတ္တိဇောတက အာပစ္စည်း မကျေ၊ "ကရုဏာ၏ ဖြစ်ကြောင်း" ဟူသည် ကရုဏာနှင့် ယှဉ်သော အပ္ပနာဈာန်, ထိုဈာန်၏ ရှေ့အဘို့၌ ဖြစ်သော ဥပစာရ ဈာန်တည်း၊ ထိုဈာန် နှစ်မျိုးလုံးပင် ကရုဏာ၏ ဖြစ်ကြောင်းဖြစ်ရာ ဘာဝတ္ထဖြစ်သည်၊ ထို့ကြောင့် " ဣမိနာ ကရုဏာဥ္စ ကရုဏာပုဗ္ဗ ဘာဂဥ္စ ဒဿေတိ " ဟု မိန့်သည်၊ [ကရုဏာန္တိ အပ္ပနာပတ္တံ ကရုဏာဈာနံ၊ ကရုဏာပုဗ္ဗ ဘာဂန္တိ ပရိကမ္မုပစာရဝသပ္ပဝတ္တံ ကရုဏံ၊ မေတ္တဥ္စ မေတ္တာပုဗ္ဗဘာဂဥ္စာတိ ဧတ္ထာပိ ဧသေဝ နယော၊—သာရတ္ထ၊]။

ဥပစာရကရဏာ ကိုငင်း၊ ဒသေတိ — ၏၊ ဟိတေသိတာတိ — ကား၊ ဟိတ ဂဝေသနတာ - စီးပွားကိုရှာခြင်းရှိသူ၏အဖြစ်သည်ငင်း၊ အနုကမ္ပိတာတိ - ကား၊ တေန ဟိတေန - ထို စီးပွားနှင့်၊ သံယောဇနတာ - စပ်ယှဉ်စေတတ်သူ၏ အဖြစ် သည်ငင်း၊ ဒွိဟိပိ - ဟိတေသိတာ အနုကမ္ပိတာ ဟူသော နှစ်ပုဒ်တို့ဖြင့်လည်း၊ မေတ္တဉ္စ - အပ္ပနာသို့ ရောက်သော မေတ္တာချာန်ကိုငင်း၊ မေတ္တာပုဗ္ဗဘာဂဉ္စ — မေတ္တာ၏ ရှေ့အဘို့၌ဖြစ်သော ပရိကမ် ဥပစာရမေတ္တာကိုငင်း၊ ဒသေတိ - ၏၊ အာပတ္တိဝုဋ္ဌာနတာတိ - ကား၊ အာပတ္တိတော - အာပတ်မှ၊ ဝုဋ္ဌာပေတွာ - ထစေ၍၊ သုဒ္ဓန္တေ — စင်ကြယ်သော အဘို့၌၊ ပတိဋ္ဌာပနာ - တည်စေခြင်းငင်း၊ ဝတ္ထုံ - ဝတ္ထုကို၊ စောဒေတွာ - စောဒနာ၍၊ သာရေတွာ - အပြစ်ကို အမှတ်ရစေ၍၊ ပဋိညံ - ပဋိညာဉ်သို့၊ အာရောပေတွာ - တင်၍၊ ယထာပဋိညာယ - အကြောင် အကြောင် ဝန်ခံခြင်းအားဖြင့်၊ ကမ္မကရဏံ - ကံကိုပြုခြင်းသည်၊ ဝိနယပုရေက္ခာရ တာနာမ — ဝိနည်းကို ရှေးရှုသူ၏ အဖြစ်မည်၏၊ ဍမေ ပဉ္စ ဓမ္မေတိ — ကား၊ ကာရုညတာတိ အာဒိနာ - ကာရုညတာ အစရှိသော၊ နယေန - နည်းဖြင့်၊ ဃေ ဓတေ - အကြောင် တရားတို့ကို၊ ဝုတ္တာ - မိန့်တော်မူအပ်ကုန်ပြီ၊ ပဉ္စ - ငါးပါးကုန် သော၊ ဣမေ ဓမ္မေ - ဤ တရားတို့ကို၊ အဇ္ဈတ္တံ - မိမိစိတ်၌၊ မနသိ ကရိတွာ - နှလုံးသွင်း၍၊ ပရော - သူတပါးကို၊ စောဒေတဗ္ဗော - စောဒနာထိုက်၏၊ ဣတိ - ဤကား အနက်တည်း။

သစ္စေစ အကုပ္ပေစာတိ - ကား၊ ဝစီသစ္စေ - ဝစီသစ္စာ၌ငင်း၊ အကုပ္ပနတာယစ - စိတ်ဆိုးခြင်း မရှိသူ၏ အဖြစ်၌ငင်း၊ (“ပတိဋ္ဌာတဗ္ဗံ—တည်ရာ၏”ဟု ပါဠိတော် ၌ပေ၊) ဟိ-မှန်၊ စုဒိတကေန-စုဒိတကပုဂ္ဂိုလ်သည်၊ သစ္စဉ္စ-မှန်သော စကားကို လည်း၊ ဝတ္တဗ္ဗံ — ပြောဆိုထိုက်၏၊ ကောပေါစ — စိတ်ဆိုးခြင်းကိုလည်း၊ န ကာတဗ္ဗော-မပြုထိုက်၊ အတ္တနာ-မိမိသည်၊ နေဝကုဇ္ဈိတဗ္ဗော-စိတ်လည်း မဆိုး ထိုက်၊ ပရော- သူတပါးကို၊ န ဃဋ္ဋေတဗ္ဗော - ထိလည်း မထိခိုက်ထိုက်၊ ဣတိ အတ္ထော-နက်၊ သမ္ပတ္တ - အလုံးစုံသော ဝါရတို့၌၊ သေသံ - ကြွင်းသော အစီ အရင်သည်၊ ဥတ္တာနမေဝ - ပေါ်လွင်သည်သာ၊ ဣတိ - အပြီးတည်း။

× × × × × × ×

စောဒက စုဒိတက ။ ။ စောဒကပုဂ္ဂိုလ်သည် စုဒိတကအပေါ်၌ သနားစိတ်, စီးပွား လိုလားသောစိတ်, စောင့်ရှောက်လိုသောစိတ်, အာပတ်မှ ထစေလိုသောစိတ်, ဝိနည်းတရားတော်ကို ရှေးရှုပြုသောစိတ်, ဤငါးပါးကို ဖြစ်စေရ၏၊ စုဒိတကသည် ဝစီ သစ္စာနှင့်ငင်း, စိတ်မဆိုးခြင်းနှင့်ငင်း တည်စေရသည်။

ပါတိမောက္ခဋ္ဌပနက္ခန္ဓက ဝဏ္ဏနာ—သည်၊ နိဋ္ဌိတာ—ပြီးပြီ။

ဘိက္ခုနိက္ခန္တက

မဟာပဇာပတိကထာ

ဘိက္ခုနိက္ခန္တကေ-၌၊ (အထွော ဧဝံ ဝေဒိတဗ္ဗော၊) အလံ ဂေါတမိ မာတေ ရုစ္စိတိ-ဟူ၍၊ ကသ္မာ-အဘယ့်ကြောင့်၊ (ဘဂဝါ-သည်၊) ပဋိက္ခိပတိ-ပယ်တော်မူသနည်း၊ သဗ္ဗေသမ္ပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဗုဒ္ဓါနံ - ဘုရားရှင်တို့၏၊ စတဿော-လေးပါးကုန်သော၊ ပရိသာ-ပရိသတ်တို့သည်၊ ဟောန္တိနနု-ရှိကုန်သည် မဟုတ်ပါလော၊ ဣတိ-ဤကားအမေးတည်း၊ (“ဘိက္ခု,ဘိက္ခုနီ, ဥပါသက, ဥပါသိကာ” ဟု ပရိသတ်လေးမျိုးရှိရိုး မဟုတ်ပါလော-ဟူလို၊) (သဗ္ဗေသမ္ပိ-ကုန်သော၊ ဗုဒ္ဓါနံ-တို့၏၊ စတဿော— ကုန်သော၊ ပရိသာ - တို့သည်၊) ကာမံ ဟောန္တိ-အကယ်၍ကား ရှိပါပေကုန်၏၊ ပန - ထိုသို့ပင် ရှိပါကုန်သော်လည်း၊ကိလမိတွာ-ပင်ပန်း၍၊(အပင်ပန်းခံ၍၊)အနေကက္ခတ္တုံ-အကြိမ်များစွာ၊ ယာစိတေန-တောင်းပန်အပ်သည်၊ (ဟုတွာ)၊ အနုညာတံ - ခွင့်ပြုတော်မူအပ်သော၊ ပဗ္ဗဇ္ဇံ-ရှင် ရဟန်းအဖြစ်ကို၊ (ပရိပါလေဿန္တိ၌စပ်၊) အမှေဟိ- ငါတို့သည်၊ အယံ-ဤ ရှင်ရဟန်း အဖြစ်ကို၊ ဒုက္ခေန-ဆင်းရဲသဖြင့်၊(ဆင်းဆင်းရဲရဲ၊) လဒ္ဓါ-ရအပ်ပြီ၊ ဣတိ-ဤသို့နှလုံးသွင်း၍၊ သမ္မာ-ကောင်းစွာ၊ ပရိပါလေဿန္တိ-စောင့်ရှောက်ကြကုန်လတ့်၊ ဣတိ - ဤသို့ ကြံတော်မူ၍၊ ဘဒ္ဒကံ - ကောင်းမြတ်သည်ကို၊ ကတွာ-၍၊ အနုဇာနိတုကာမော-ခွင့်ပြုခြင်းငှါ အလိုရှိတော်မူသည်၊ (ဟုတွာ)၊ ပဋိက္ခိပတိ-ပယ်တော်မူ၏၊ အဠဂရုဓမ္မကထာ-အဋ္ဌဂရုဓမ္မကထာကို၊ မဟာဝိဘင်္ဂေ ဝ—ဘိက္ခုမဟာဝိဘင်း၌ပင်၊ (မယာ - သည်၊) ကထိတာ— ဆိုအပ်ပြီ။

ကုမ္ဘထေနကေဟီတိ- ကား၊ ကုမ္ဘေ - အိုး၌၊ ဒီပံ - ဆီမီးကို၊ ဇာလေတွာ- တောက်စေ၍၊ (ညှိထွန်း၍၊) တေန အာလောကေန - ထိုဆီမီးရောင်ဖြင့်၊ ပရဃရေ-သူတပါးတို့၏ အိမ်၌၊ ဘဏ္ဍံ- ဘဏ္ဍာကို၊ ဝိစိနိတွာ - စူးစမ်း ရှာဖွေ၍၊ ထေနကစောရေဟိ — ခိုးတတ်ကုန်သော သူခိုးတို့သည်၊ (“ သုပ္ပဓံသိယာနိ ဟောန္တိ”ဟု ပါဠိတော်၌စပ်၊)[“ကုမ္ဘထေနက-ဟူသည် အညွှံစားသူခိုးတည်း၊ ထိုသူခိုးတို့သော်မှ ဖျက်ဆီးလွယ်သည်”ဟူလို။]

× × × × × × ×

ကုမ္ဘထေနကေဟိ။ ။“ကုမ္ဘ”အရ အိုး၌ထည့်၍ ထွန်းအပ်သောမီးတိုင်အောင် ဌာနူပစာရအားဖြင့် ယူ၍“ကုမ္ဘေန-အိုးမီးရောင်ဖြင့်၊ ထေနေန္တိ-ခိုးတတ်ကုန်၏၊ ဣတိ ကုမ္ဘထေနကာ”ဟုပြု၊ ဤအဓိပ္ပါယ်ကိုပြလို၍ အဋ္ဌကထာ၌“ကုမ္ဘေ ဒီပံ ဇာလေတွာ” စသည်ဖြင့် မိန့်သည်၊ [ယောဇနာ၌“ကုမ္ဘထေနကေဟီတိ ဧတ္ထ ကုမ္ဘေ ဒီပံ ဇာလေတွာ တေနာလောကေန ထေနေန္တီတိ ကုမ္ဘထေနကာတိ ဒဿေန္တော အာဟ ကုမ္ဘေ ဒီပံ ဇာလေတွာတိ အာဒိ”ဟု ဖွင့်လေသည်။]

သေတဋ္ဌိကာနာမ ရောဂဇာတိတိ-ကား၊ ဧကော-တကောင်သော၊ ပါဏ ကော - ပိုးကောင်ငယ်သည်၊ နာဠိမဇ္ဈဂတံ-(ကောက်ရိုး၏) ရိုးတံ အလယ်၌ တည်သော၊ ကဏ္ဍံ-အညှောင့်ကို၊ ဝိဇ္ဈတိ-ထိုးဖေါက်၏၊ ယေန-ယင်းပိုးကောင် ငယ်သည်၊ ဝိဒ္ဓတ္တာ-ထိုးဖေါက်အပ်သည်၏ အဖြစ်ကြောင့်၊ နိက္ခန္တမ္ပိ-ထွက်လာ သည်လည်းဖြစ်သော၊ သာလိသီသံ-သလေးနှံသည်၊ ခီရံ-နို့ရည်ကို၊ ဂဟေတုံ- ယူခြင်းငှါ၊ န သက္ကောတိ – မစွမ်းနိုင်၊ မဉ္ဇိဋ္ဌိကာနာမ ရောဂဇာတိတိ — ကား၊ ဥစ္ဆုနံ - ကြံတို့၏၊ အန္တော - အတွင်း၌၊ ရတ္တဘာဝေါ - နီသောကြံတို့၏ဖြစ် ကြောင်းဖြစ်ရာ ရောဂါတမျိုးသည်၊(“နိပတတိ-ကျရောက်၏”၌စပ်။)

ပန်-ဆက်၊ မဟတော၊ပေ၊အာဠိန္တို ဣမိနာ-ဟူသော ဤပါဌ်ဖြင့်၊ စေတမတ္တံ- ဤအနက်အဓိပ္ပါယ်ကို၊ ဒဿေတိ-ပြတော်မူ၏၊(ကိံ)မဟတော-ကြီးစွာသော၊ တဠာကဿ-တဖက်ဆည်ကန်၏၊ အာဠိယာ-ကန်ပေါင်ကန်ရိုးကို၊အဗဒ္ဓါယပိ- မဖွဲ့အပ်ပါသော်လည်း၊ (မဖွဲ့အပ်စေကာမူ၊) ကိဉ္စိ ဥဒကံ - အနည်းငယ်သော ရေသည်၊ တိဋ္ဌေယျ ယထာ-တည်ရာသကဲ့သို့၊ ပန်-ဆက်၊ ပဌမမေဝ-စောစော ကပင်၊(အာဠိယာ—ကို၊)ဗဒ္ဓါယ-ဖွဲ့အပ်သော်၊ ယံ-အကြင် ရေသည်၊ (အနည်း ငယ်သော ရေမှတပါး များစွာသော ရေသည်၊)အဗဒ္ဓပစ္စယာ-မဖွဲ့ခြင်းဟူသော

× × × × × × ×

သေတဋ္ဌိကာ။ ။“သေတဋ္ဌိကာ,သေတဋ္ဌိကာ”ဟု ပါဌ်နှစ်ထွေရှိသည်ကို ဝေရဥ္ဇ ကဏ္ဍအဖွင့်၌ ပြခဲ့ပြီ၊“ကဏ္ဍံ”နေရာဝယ် ယောဇနာ၌ “ဂဏ္ဍံ” ဟု ရှိ၏၊ “အဆစ်”ဟု လည်း ဖွင့်သည်။ [ဂဏ္ဍန္တိ ဖဠုံ၊ ကဏ္ဍန္တိပိ ပါဌော၊ ဒဏ္ဍန္တိ အတ္ထော၊—ယောဇနာ။]

မဉ္ဇိဋ္ဌိကာ၊ပေ၊ဇာတိ။ ။ကြံ၌ ဤရောဂါမျိုး ကျရောက်လျှင် ကြံချောင်း အတွင်း ဝယ် ထန်းကျင့်သွေး (ကြက်သွေး) ရောင်ကဲ့သို့ နီသော အဆင်းတမျိုး ပေါ်၏၊ ထိုသို့ ပေါ်ပေါက်ကြောင်းဖြစ်သော ရောဂါကို“မဉ္ဇိဋ္ဌိကာ”ဟု ခေါ်၏၊ အကျိုးထန်းကျင့်သွေး ၏ အမည်ကို အကြောင်းရောဂါ၌ တင်စားထားသော ဖလူပစာတည်း၊ ထို့ကြောင့် “ မဉ္ဇိဋ္ဌိကာ— ထန်းကျင့် အသွေးကဲ့သို့ နီတွေးသော အဆင်းရှိအောင် ပြုတတ်သော၊ ရောဂဇာတိ – ရောဂါမျိုးသည်၊ နိပတတိ – ကျ၏” ဟု ပါဠိတော်၌ ပေးပါ၊ “ရတ္တ ဘာဝေါ”နေရာ၌ “ရတ္တဘာဂေါ”ဟု ရှိသည်ကား မကောင်း၊ အတွင်း၌ နီမြန်းသော ကြံတို့၏ဖြစ်ကြောင်းဖြစ်ရာ ရောဂါတမျိုးကို အရကောက်ရမည်ဖြစ်သောကြောင့်“ရတ္တ ဘာဝေါ”ဟု ရှိသော ပါဌ်သာ ကောင်းသည်။

ယထာ၊ပေ၊တမ္ပိ တိဋ္ဌေယျ။ ။ရေကန်ကြီးတကန်ရှိရာ၌ ကန်ပေါင်ကန်ရိုးဖွဲ့မထား လျှင် ရေများစွာ ထွက်သွား၍ အနည်းငယ်သာတည်ရာ၏၊ ကန်ပေါင်ကန်ရိုးဖွဲ့ထားလျှင် ကား ထိုထွက်သွားမည့်ရေများလည်း မထွက်တော့ဘဲ (တည်ထိုက်သောရေအားလုံး) တည်စရာရှိသကဲ့သို့ – ဟူလို၊ [“အဗဒ္ဓါယပိ ”၌ ပိသည် ဂရဟာဇောတကတည်း၊ ရေကန်ကကြီးသောကြောင့် ကန်ပေါင်မဖွဲ့စေကာမူ အနည်းငယ်တော့ တည်စရာရှိ၏၊ “ ဖွဲ့ထားလျှင်ကား အနည်းငယ်တည်ဘို့မှာ ဆိုဘွယ်ရာမရှိ ” ဟု သမ္ဘာဝနာပြုပါ၊ ယောဇနာ၌ကား ပြောင်းပြန်ဆို၏။]

အကြောင်းကြောင့်၊ န တိဋ္ဌေယျ-မတည်ရာ၊ တမ္ဗိ-ထို ရေသည်လည်း၊ တိဋ္ဌေယျ ယထာ-တည်ရာသကဲ့သို့၊ ဧဝ မေဝ-ဤ့အတူသာလျှင်၊ ဝတ္ထုသ္မိံ-အကြောင်းဝတ္ထုသည်၊ အနုပ္ပန္နေ — မဖြစ်ပေါ်သေးမီ၊ ပဋိကစ္စေဝ — စောစောကပင်၊ အဝီတိက္ကမနတ္ထာယ-မကျော်လွန်ခြင်း အကျိုးငှါ၊ ယေ ဣမေ ဂရုဓမ္မာ-အကြင်ဂရုဓမ်တို့ကို၊ ပညတ္တာ - ပညတ်တော်မူအပ်ကုန်ပြီ၊ တေသု - ထို ဂရုဓမ်တို့ကို၊ အပညတ္တေသုပိ — မပညတ်အပ်ပါကုန်သော်သည်း၊ မာတုဂါမဿ — မာတုဂါမ၏၊ ပဗ္ဗဇိတတ္တာ - ရဟန်း အဖြစ်သို့ ကပ်ရောက်သည်၏ အဖြစ်ကြောင့်၊ ပဉ္စေဝ ဝဿသတာနိ — အနှစ် ငါးရာတို့ ပတ်လုံးသာ၊ သဒ္ဓမ္မော — သူတော်ကောင်းတရားသည်၊ တိဋ္ဌေယျ- တည်ရာ၏၊ ပန- ဆက်၊ ပဋိကစ္စေဝ-စောစောကပင်၊ ပညတ္တတ္တာ - ပညတ်တော်မူအပ်သည်၏ အဖြစ်ကြောင့်၊ အပရာနိပိ - အခြားလည်းဖြစ်ကုန်သော၊ ပဉ္စဝဿသတာနိ- အနှစ်ငါးရာတို့ပတ်လုံး၊ ဌဿတိ-တည်ဦးတော့လတ့ံ၊ ဣတိ ဧဝံ- ဤသို့လျှင်၊ ပဌမံ-ရှေးဦးစွာ၊ ဝုတ္တံ-ဟောတော်မူအပ်သော၊ ဝဿသဟဿမေဝ-အနှစ်တထောင်ပတ်လုံးသာ၊ ဌဿတိ-တည်လတ့ံ၊ ဣတိ- ဤအနက်အဓိပ္ပါယ်ကို၊ (ဒသေတိ-၏။)

စ-ဆက်၊ ဝဿသဟဿန္တိ ဧတံ-ဝဿသဟဿံဟူသော ဤစကားကို၊ ပဋိသမ္ဘိဒါဒိပဘေဒပ္ပတ္တခီဏာသဝဝသေနေဝ-ပဋိသမ္ဘိဒါအစရှိသောအပြားသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်သာ၊ (တို့နှင့်စပ်သဖြင့်သာ၊) ဝုတ္တံ-မိန့်တော်မူအပ်ပြီ၊ ပန-ဆက်၊ တတော-ထို အနှစ်တထောင်မှ၊ ဥတ္တရိပိ-အလွန်

× × × × × × ×

ဝေမေဝ ၊ပေ၊ ဌဿတိ။ ။မာတုဂါမများ ရဟန်းပြုလာသည့်အတွက် နဂိုရ်တည်စရာရှိသော အနှစ်တထောင်မှ တဝက်လျော့၍ ငါးရာသာ တည်တော့ရာ၏၊ သို့သော် ဂရုဓမ်ကို ကြိုတင်၍ ပညတ်တော်မူလိုက်သည့်အတွက် ငါးရာမလျော့တော့ဘဲ "သစေ အာနန္ဒ၊ပေ၊ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ"ဟု ပဌမ မိန့်တော်မူအပ်သော အနှစ်ဘထောင်အတိုင်းပင် တည်ပါလိမ့်မည် – ဟူလို။

ပဋိသမ္ဘိဒါ (ဒိ) ပဘေဒပ္ပတ္တ။ ။အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာနအားဖြင့် ကွဲပြားသော ပဋိသမ္ဘိဒါကို "ပဋိသမ္ဘိဒါပဘေဒ"ဟု ဆိုဟန်တူသည်၊ သို့သော် သာရတ္ထ၌ "ပဋိသမ္ဘိဒါပဘေဒပ္ပတ္တ ခီဏာသဝဝသေနေဝ ဝုတ္တန္တိ ဧတ္ထ ပဋိသမ္ဘိဒါပတ္တ ခီဏာသဝဂ္ဂဟဏေန ဈာနာနိပိ ဂဟိတာနေဝ ဟောန္တိ၊ "န ဟိ နိဇ္ဈာနကာနံ သဇ္ဇပ္ပကာရသမ္ပတ္တိ ဇာယတီ"တိ ဂဏ္ဌိပဒေသု ဝုတ္တံ,ဟု ဆိုသောကြောင့် ပဋိသမ္ဘိဒါပတ္တ ခီဏာသဝသည် တေဝိဇ္ဇစသည်မှ တခြားဖြစ်၏၊ ထို့နောက် ဆဠဘိညခီဏာသဝ, တေဝိဇ္ဇခီဏာသဝများလည်း ရှိသေးရကား အာဒိဖြင့် ၃ ပါးသော ဝိဇ္ဇာ, ၆ ပါးသော အဘိညာဏ်တို့ကို ယူ၍ "ပဋိသမ္ဘိဒါဒိပဘေဒပ္ပတ္တ"ဟု ရှိလျှင် ကောင်းမည်ထင်သည်။

ဝိမတိ ။ ။ သုက္ခဝိပဿက ခီဏာသဝဝသေန ဝဿသဟဿန္တိ အာဒိ ခန္ဓကဘာဏကာနံ မတံ ဂဟေတွာ ဝုတ္တံ၊ ဒီဃနိကာယဋ္ဌကထာယံ ပန "ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ၊ ဆဠဘိညေဟိ ဝဿသဟဿံ, တေဝိဇ္ဇေဟိ ဝဿသဟဿံ,

လည်း၊ ဝါ-အထက်၌လည်း၊သုက္ခဝိပဿကခီဏာသဝသေန-သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့်၊ (တို့နှင့်စပ်သဖြင့်၊) ဝသ္သသဟဿံ - အနှစ် တထောင်ပတ်လုံးငင်း၊ အနာဂါမိဝသေန - အနာဂါမိပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်၊ (တို့နှင့်စပ်သဖြင့်၊) ဝဿသဟဿံ- ငင်း၊ သကဒါဂါမိဝသေန - သကဒါဂါမိ ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်၊ (တို့နှင့်စပ်သဖြင့်၊) ဝဿသဟဿံ-ငင်း၊ သောတာပန္န ဝသေန - သောတာပန်ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်၊ (တို့နှင့်စပ်သဖြင့်၊) ဝဿသဟ ဿံ- ငင်း၊ ဣတိဧဝံ- သို့၊ ပဉ္စဝဿသဟဿာနိ- အနှစ်ငါးထောင်တို့ပတ်လုံး၊ ပဋိဝေဓသဒ္ဓမ္မော - ပဋိဝေဓသဒ္ဓမ္မသည်၊ ဌဿတိ၊ ပရိယတ္တိဓမ္မောပိ- ပရိယတ္တိ ဓမ္မသည်လည်း၊ တာနိယေဝ- ထို အနှစ်ငါးထောင်တို့ပတ်လုံးပင်၊ (ဌဿတိ)၊ ဟိ-မှန်၊ ပရိယတ္တိယာ-ပရိယတ်သည်၊ အသတိ- မရှိလသော်၊ ပဋိဝေဓော-ပဋိ ဝေဓသဒ္ဓမ္မသည်၊ န အတ္ထိ- မရှိနိုင်၊ ပရိယတ္တိယာ- သည်၊ သတိ-ရှိလသော်၊ ပဋိ ဝေဓောပိ- သည်လည်း၊ န န ဟောတိ-မဖြစ်မဟုတ်၊ (ဖြစ်နိုင်သည်သာ၊) ပန- ဆက်၊ လိင်္ဂံ - ရဟန်း၏အသွင်အပြင်သည်၊ ပရိယတ္တိယာ - သည်၊ အန္တရဟိ တာယပိ-ကွယ်ပါသော်လည်း၊ စိရံ- ကြာမြင့်စွာ၊ ပဝတ္တိဿတိ- ဖြစ်ရစ်လတ့်၊ ဣတိ- ဤသို့ မှတ်အပ်၏။

× × × × × × ×

သုက္ခဝိပဿကေဟိ ဝဿသဟဿံ, ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌသီတိ ဝုတ္တံ၊ အင်္ဂုတ္တရ သံယုတ္တဋ္ဌကထာသုပိ အညထာဝ ဝုတ္တံ၊ တံ သဗ္ဗံ အညမညဝိရုဒ္ဓမ္ပိ တံတံ ဘာဏကာနံ မတေန လိခိတသီဟဠဋ္ဌကထာသု အာဂတနယမေဝ ဂဟေတွာ အာစရိ ယေန (ဗုဒ္ဓဃောသဆရာသည်) လိခိတံ၊ ဤဒိသေ ကထာဝိရောဓေ (န သောဓနီယော- မသုတ်သင်နိုင်၊) သာသနပရိဟာနိယာ အဘာဝတော, သောဓနေပါယာဘာဝါစ၊ ပရမတ္ထဝိရောဓောဧဝ ဟိ သုတ္တာဒိနယေန သောဓနီယော၊ န ကထာမဂ္ဂဝိရောဓောတိ။ [သာရတ္ထဋီကာ၌ အကျယ်လာသေး၏ ရှုပါ။]

ဘိက္ခုနီ ဥပသမ္ပဒါနုဇာနန

အနုဇာနာမိ၊ပေ၊ဥပသမ္ပာဒေတုန္တိ - တုံဟူသော၊ ဣမာယ အနုညတ္တိယာ- ဤ ခွင့်ပြုတော်မူချက်ကြောင့်၊ (ဣမာယ အနုပညတ္တိယာ - ဤ အနုပညတ်တော် ကြောင့်၊) ဘိက္ခူ-တို့သည်၊ ပဉ္စသတာ - ငါးရာ အတိုင်းအရှည် ရှိကုန်သော၊ သာကိယာနိယော-သာကီဝင်မင်းသမီးတို့ကို၊ မဟာပဇာပတိယာ - မဟာပဇာ

× × × × × × ×

အနုညတ္တိယာ။ ။အနုညတ္တိယာတိ အနုညာယ၊ (သာရတ္ထ)၊ ဤအလို "အနု ပညတ္တိယာ" ဟု မရှိရ၊ "အနုညတ္တိယာ"ဟုသာ ရှိရမည်၊ ယောဇနာ၌ကား "ဣမာယ အနုပညတ္တိယာတိ မဟာပဇာပတိယာ အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒံ ဥပနိဓာယ အယံ ပညတ္တိ အနုပညတ္တိနာမ" ဟု အနုပညတ္တိယာကိုပင် အတည်ပြု၍ ဖွင့်သွားလေသည်။

ပတိ ဂေါတမိ၏၊ သဒ္ဒိငိဟာရိနိယော - အတူနေတပည့်မတို့ကို၊ ကတွာ - ပြု၍၊ ဥပသမ္ပာဒေသုံ-မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်စေကြကုန်ပြီ၊ ဣတိ-ဤသို့လျှင်၊ သမ္ဗာပိ - အလုံးစုံလည်းဖြစ်ကုန်သော၊ တာ - ထိုငါးရာသော သာကီဝင်မင်းသမီးတို့သည်၊ဧကတောဥပသမ္ပန္နာနာမ-ဧကတောဥပသမ္ပန္နာတို့မည်သည်၊ (တဖက်သောဘိက္ခုသံဃာ၌ ရဟန်းအဖြစ်သို့ရောက်သူတို့မည်သည်၊)အဟေသုံ-ဖြစ်ကုန်ပြီ၊ ယေ ခေါ တွံ ဂေါတမိတိ-ဟူသော၊ ဥမိနာ သြဝါဒေန-ဤသြဝါဒတော်ကြောင့်၊ ဂေါတမီ-ဂေါတမီသည်၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပတ္တာ-ရောက်ပြီ။

ကမ္မံ န ကရီယတီတိ-ကား၊ တဇ္ဇနီယာဒိ-တဇ္ဇနီယအစရှိသော၊ သတ္တဝိခံဝိ-ခုနစ်ပါး အပြားရှိသည်လည်းဖြစ်သော၊ ကမ္မံ - ကံကို၊ န ကရီယတိ- မပြုအပ်၊ ခမာပေန္တိတိ- ကား၊ ပုန- တဖန်၊ ဧဝံ- ဤသို့၊ န ကရိဿာမိ- မပြုပါတော့အံ့၊ ဣတိ-သို့၊ ခမာပေန္တိ - သည်းခံစေကြကုန်၏။

အနုဇာနာမိ ၊ ပေ၊ နိယျာတေတုန္တိ ဧတ္ထ- ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) တဇ္ဇနီယာဒီသု- တဇ္ဇနီယ အစရှိသော ကံတို့တွင်၊ ဥဒံနာမ ကမ္မံ-ဤမည်သော ကံကို၊ ဧတိဿာ-ဤဘိက္ခုနီ၏(အပေါ်၌)၊ ကာတဗ္ဗံ-ပြုထိုက်၏၊ ဣတိဧဝံ-သို့၊ ရောပေတွာ- ကံသို့တင်၍၊ တံ- ထိုကံကို၊ ဒါနိ- ယခုအခါ၌၊ တုမှေဝ - သင်တို့သည်သာ၊ ကရောထ-ပြုကြကုန်လော၊ ဣတိ-ဤသို့၊ နိယျာတေတမ္ဗံ- အပ်နှင်းရာ၏၊ ပန-ဆက်၊ အညသ္မိံ -အခြားသောကံသို့၊ ရောပိတေ - တက်ရောက်စေအပ်ပြီးသော်၊ (တင်အပ်ပြီးသော်၊) အညံ - အခြားသော ကံကို၊ သစေ ကရောန္တိ-အကယ်၍ ပြုကုန်အံ့၊ (ဧဝံသတိ၊) တဇ္ဇနီယကမ္မာရဟဿ နိယသကမ္မံ ကရောတီတိ ဧတ္ထ-တိဟူသော ဤပါဠိရပ်၌၊ (မဟာဝဂ္ဂ, စမ္မေယျက္ခန္ဓက,ဥပါလိပုစ္ဆာ ကထာပါဠိတော်၌၊) ဝုတ္တနယေနေဝ- မိန့်တော်မူအပ်ပြီးသော နည်းဖြင့်သာ၊ ကာရေတဗ္ဗတံ- ပြုစေထိုက်သည့်၏အဖြစ်သို့၊ (ဆုံးဖြတ်ထိုက်သည်၏ အဖြစ်သို့၊) အာပဇ္ဇန္တိ-ရောက်ကုန်၏၊[ဝုတ္တနယေနေဝ ကာရေတဗ္ဗတံ အာပဇ္ဇန္တီတိ တထာ ကရဏာသ ပဋိက္ခိတ္တတ္တာ ဒုက္ကဋေန ကာရေတဗ္ဗတံ အာပဇ္ဇန္တိ၊- သာရတ္ထ၊ ......
"မပြုအပ်"စသည်ဖြင့် ပယ်မြစ်ရာ၌ ပြုလုပ်လျှင် ဒုက္ကဋ်အာပတ်ဖြင့် ဆုံးဖြတ်ရခြင်းသည် ခန္ဓက၏ ထုံးစံတည်း။]

ကဒ္ဒမောဒကေနာတိ ဧတ္ထ-၌၊ ကေဝလံ-သက်သက်၊ (ဝိပ္ပသန္နဥဒကစသည် မဖက် သက်သက်၊) ကဒ္ဒမောဒကေန - ရွှံ့ညွှန်ရေဖြင့်သာ၊ (ဩသိဉ္စန္တဿ-သွန်လောင်းသောရဟန်း၏၊ ဒုက္ကဋံ-ဒုက္ကဋ်အာပတ်သည်၊) န-မဟုတ် သေး၊ ဝိပ္ပသန္န ဥဒက ရဇန ကဒ္ဒမာဒီသုပိ - အထူးသဖြင့် ကြည်လင်သော ရေ, ဆိုးရေ, ရွှံ့ညွှန် အစရှိသည်တို့တွင်လည်း၊ ယေနကေနစိ-အမှတ်မထား တပါးပါးဖြင့်၊ဩသိဉ္စန္တဿ-၏၊ ဒုက္ကဋမေဝ-သည်သာ၊ အဝန္ဒိယော၊ပေ၊ကာတဗ္ဗောတိ-ကား၊ ဘိက္ခု

နုပသယေ-ဘိက္ခုနီတို့၏ကျောင်း၌၊ သန္နိပတိတွာ-စည်းဝေးပြီး၍၊ အသုကော နာမ-ထိုမည်သော၊ အယျော - အရှင်သည်၊ ဘိက္ခုနီနံ- တို့၏၊ အပသာဒနီယံ- မကြည်ညိုဘွယ်ကို၊ ဒဿေတိ-ပြပါ၏၊ တေသအယျဿ-ဤအရှင်ကို၊ အဝန္ဒိယ ကရဏံ-ရှိမခိုးထိုက်သူကို ပြုခြင်းသည်၊ ရုစ္စတိ-နှစ်သက်ပါလော၊ ဉတ္တိဝံ-သို့၊ ဘိက္ခုတ္တံ - သုံးကြိမ်၊ သာဝေတဗ္ဗံ - ကြားသိစေထိုက်၏၊ ဧတ္တာဝတာ - ဤမျှ အတိုင်းအရှည်ရှိသော သုံးကြိမ် ကြားသိစေခြင်းဖြင့်၊ အဝန္ဒိယော - ရှိမခိုးထိုက် သူသည်၊ ဝါ-ကို၊ ကတော- ပြုအပ်ပြီးသည်၊ ဟောတိ- ၏။

တဘော-ထိုသို့ ပြုအပ်ပြီးရာအခါမှ၊ ပဋ္ဌာယ-၍၊ သာမဏေရေ-သာမဏေ တို့ကို၊ ဒိသွာ-မြင်၍၊ န ဝန္ဒန္တိ့ယထာ-ရှိမခိုးကြကုန်သကဲ့သို့၊ ဧဝမေဝံ-ဤအတူ၊ ဒိသွာပိ-မြင်၍လည်း၊ န ဝန္ဒိတဗ္ဗော- ရှိမခိုးထိုက်၊ တေန ဘိက္ခုနာ- ထိုရဟန်း သည်၊ သမ္မာ - ကောင်းစွာ၊ ဝတ္တန္တေန- ကျင့်လသော်၊ ဘိက္ခုနုပဿယံ- သို့၊ အဂန္တွာ-မသွားမူ၍၊ ဝိဟာရေယေဝ-ကျောင်းတိုက်၌သာ၊ သံဃံဝါ- သံဃာ သို့သော်၎င်း၊ ဂဏံဝါ-ဂိုဏ်းသို့သော်၎င်း၊ ဧကပုဂ္ဂလံဝါ- တပါးသောပုဂ္ဂိုလ် သို့သော်၎င်း၊ ဥပသင်္ကမိတွာ-၍၊ ဥက္ကုဋိကံ-ဆောင့်ကြောင့်၊ နိသီဒိတွာ-ထိုင်၍၊ အဥ္ဇလိံ - လက်အုပ်ကို၊ ပဂ္ဂဟေတွာ - ချီမြှောက်၍၊ ဘိက္ခုနိသံဃော - သည်၊ မယှံ-တပည့်တော်အား၊ ခမတု-သည်းခံပါလော၊ ဣတိ-ဤသို့လျှော်၍၊ ခမာပေ တဗ္ဗံ-သည်းခံစေရာ၏၊ တေနဘိက္ခုနာ-ထိုရဟန်းသည်၊ ဘိက္ခုနီနံ-တို့၏၊ သန္တိ ကံ-သို့၊ အာဂန္တွာ-လာ၍၊ သော ဘိက္ခု-အဲဒီရဟန်းသည်၊(အဝန္ဒိယရဟန်း သည်၊) တုမှေ-တို့ကို၊ ခမာပေတိ-သည်းခံစေ၏၊ ဣတိ-သို့၊ ဝတ္တဗ္ဗံ- ပြောဆိုရာ ၏၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ-စ၍၊ သော- ထိုရဟန်းကို၊ ဝန္ဒိတဗ္ဗော-ရှိခိုး ထိုက်၏၊ အယံ - ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ - ဤ ဘိက္ခုနိက္ခန္ဓကဌ်၊ သင်္ခေပေါ- အကျဉ်းတည်း၊ ဝိတ္ထာရံပန - အကျယ်ကိုကား၊ ကမ္မဝိဘင်္ဂေ-ကံတို့ကို အကျယ် ဝေဘန်ရာ ကမ္မဝဂ်၌၊ (ပရိဝါရ, ကမ္မဝဂ်၌၊) ဝက္ခာမ-ဆိုကုန်အံ့။

ဩဘာသေန္တီတိ - ကား၊ အသဒ္ဓမ္မေန - မသူတော်တို့၏ အကျင့်ဖြင့်၊ ဩ ဘာသေန္တိ-ယုတ်ယုတ်မာမာပြောဆိုကုန်၏၊ ဘိက္ခုနီပဟိသဒ္ဓိံ သမ္ပယောဇေန္တီ တိ-ကား၊ဘိက္ခုနီဟိ-တို့နှင့်၊ သဒ္ဓိံ-ကွ၊ ပုရိသေ-တို့ကို၊ အသဒ္ဓမ္မေန-မသူတော် တို့၏ အကျင့်ဖြင့်၊ သမ္ပယောဇေန္တိ-ယှဉ်စေကြကုန်၏၊ အဝန္ဒိယကရဏံ-ရှိမခိုး ထိုက်သူကို ပြုခြင်းသည်၊ ဝုတ္တနယမေဝ- ဆိုအပ်ပြီးသောနည်း ရှိသည်သာ၊ အာ

× × × × × × ×

တေန ဘိက္ခုနာ၊ပေ၊ဝတ္တဗ္ဗံ။ ။နေ့ခံဆုံး၌ ဘိက္ခုတပါးထံချဉ်းကပ်၍ တောင်းပန် ပုံကို ပြလိုသောကြောင့် "တေန ဘိက္ခုနာ" ဟု ဆိုသည်၊ သံဃထံ ဂိုဏ်းထံ ချဉ်းကပ်၍ တောင်းပန်ရာ၌ သံဃာ, ဂိုဏ်းတို့က ပြုဘွယ်များကို ပရိဝါရ , ကမ္မဝဂ် အဋ္ဌကထာ၌ အကျယ်ပြထားသည်၊ ထို့ကြောင့် "ဝိတ္ထာရံ ပန ကမ္မဝိဘင်္ဂေ ဝက္ခာမ" ဟု ဆိုသည်။

ဝရဏာန္တိ- ကား၊ ဝိဟာရပ္ပဝေသနေ- ကျောင်းတိုက်သို့ ဝင်ခြင်း၌၊ နိဝါရဏံ- တားမြစ်ခြင်းကို၊ (“ကာတုံ အနုဇာနာမိ”ဟု ပါဠိတော်၌စပ်၊) ဩဝါဒံ ထပေ တုန္တိ ဧတ္ထ - ၌၊ ဘိက္ခုနုပဿယံ-သို့၊ ဂန္တွာ - ၍၊ န ထပေတဗ္ဗော—တန့်ထား ထိုက်သည် မဟုတ်၊ ပန— အဟုတ်ကား၊ ဩဝါဒဒ္တာယ - ဩဝါဒ အကျိုးငှါ၊ အာဂတာ-လာကုန်သော၊ ဘိက္ခုနိယော-တို့ကို၊ ဝတ္တဗ္ဗာ-ပြောဆိုထိုက်ကုန်၏၊ (ကိံ)၊ အသုကာနာမ-ထိုမည်သော၊ ဘိက္ခုနီ-သည်၊ သာပတ္တိကာ - အာပတ် နှင့် တကွဖြစ်၏၊ တဿာ - ထို ဘိက္ခုနီ၏ အတွက်၊ ဩဝါဒံ - ကို၊ ထပေမိ- တန့်ထား၏၊ တာယ-ထို ဘိက္ခုနီနှင့်၊ သဒ္ဓိံ-ကွ၊ ဥပေါသထံ- ကို၊ မာကရိတ္ထ- မပြုကြကုန်လင့်၊ ဣတိ - ဤသို့၊ (ဝတ္တဗ္ဗာ)၊ ကာယဝိဝရဏာဒီသုပိ - ကာယ ဝိဝရဏ အစရှိသော ဝတ္ထုတို့၌လည်း၊ ဒဏ္ဍကမ္မံ — ဒဏ်အမှုသည်၊ ဗုတ္တနယ မေဝ-သာ၊ န ဘိက္ခုဝေါပေါန ဂန္တဗ္ဗောတိ အာဒိ-ဗ္ဗော အစရှိသော စကားရပ် ကို၊ ဘိက္ခုနိဝိဘင်္ဂဝဏ္ဏနာယံ-ဘိက္ခုနီဝိဘင်းအဖွင့်၌၊ ဗုတ္တမေဝ-သည်သာ။

ဖါသုကာ နာမေန္တီတိ - ကား၊ ဂိဟိဒါရိကာယောဝိယ - လူဝတ်ကြောင် မိန်းကလေးတို့သည်ကဲ့သို့၊ ဃနပဋ္ဋကေန - တခဲနက် အပြားဖြစ်သော၊ ကာယ ဗန္ဓနေန - ခါးပန်းကြိုးဖြင့်၊ ဖါသုကာ - နံရိုးတို့ကို၊ နမနတ္ထာယ - ညွတ်ခြင်း အကျိုးငှါ၊ ဗန္ဓန္တိ—ဖွဲ့ကြကုန်၏၊ [“နမနတ္ထာယ ဗန္ဓန္တိ-ညွတ်ခြင်း အကျိုးငှါ+ ဖွဲ့”ဟု ဆိုသဖြင့်“ညွတ်စေ”ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့်“ဖါသုကာနာမေန္တိ” ဟု ပါဠိတော်၌ ရှိပါစေ၊ ဖါသုကာသဒ္ဒါသည် ဣတ္ထိလိင်တည်း၊ ထို့ကြောင့် “ဖါသုကေ”ဟု မရှိရ၊] ဧကပရိယာကတန္တိ-ကား၊ ဧကဝါရံ-တကြိမ်၊ ပရိက္ခိပ နကံ - ထက်ဝန်းကျင် ရစ်ပတ်ကြောင်းဖြစ်သော၊ (တပတ်, ပတ်လောက်ရုံဖြစ် သော၊ “ ကာယဗန္ဓနံ — ကို၊ အနုဇာနာမိ ”ဟု ပါဠိတော်၌စပ်၊) ဝိလီဝေန ပဋ္ဋေနာတိ—ကား၊ သဏှေဟိ- သိမ်မွေ့ကုန်သော၊ ဝေဠုဝိလီဝေဟိ - ဝါးနှီး တို့ဖြင့်၊ ကတပဋ္ဋေန-ပြုအပ်သောအပြားဖြင့်၊(“ဖါသုကာ-နံရိုးတို့ကို၊နာမေန္တိ- ညွတ်စေကြကုန်၏ ”ဟု ပါဠိတော်၌စပ်၊) [“ဝိလီဝေန—နှီးဖြင့် ပြုအပ်သော၊ ပဋ္ဋေန—အပြားဖြင့်”ဟု ပါဠိတော်၌ပေး။]

ဒုဿပဋ္ဋေနာတိ-ကား၊ သေတဝတ္ထပဋ္ဋေန-ဖြူသော အဝတ်ပြားဖြင့်၊ ဒုဿ ဝေဏိယာတိ— ကား၊ ဒုဿေန— အဝတ်ဖြင့်၊ ကတဝေဏိယာ - ပြုအပ်သော အထပ်ထပ်ဖြစ်သော အပြားဖြင့်၊ ဒုဿဝဋ္ဋိယာတိ-ကား၊ ဒုဿေန-ဖြင့်၊ ကတ ဝဋ္ဋိယာ-ပြုအပ်သော အကျစ်ဖြင့်၊(“ဖါသုကာနာမေန္တိ”ဟု ပါဠိတော်၌စပ်)၊

× × × × × × ×

ဒုဿဝေဏိယာ။ ။ ဒုဿဝေဏိယာတိ အနေကဒုဿပဋ္ဋေ ဧကတော ကတွာ ကတဝေဏိယာ၊ (ဝိမတိ)၊ အဝတ်တို့ကို အထပ်ထပ် ထပ်ထားအပ်သော အရာကို “ဒုဿဝေဏိ”ဟု ခေါ်သည်၊ “ဝေဏိ”ဟု ဆိုသောကြောင့် “အထုံး”ဟု မမှတ်နှင့်၊ အထုံးဖြင့် နံရိုးတွေကို ညွတ်အောင်ပတ်၍ မဖြစ်။

[“ကတာဝန္ထိယာ-ပြုအပ်သော အလိပ်ဖြင့်”ဟု ရှေးနိဿယ၌ ပေး၏။] စောဠပန္နာဒီသု- စောဠပန္ န အစရှိသည်တို့၌၊ စောဠကာသာဝံ - ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်ကြမ်းကို၊ စောဠန္တိ-ဟူ၍၊ ဝေဒိတဗ္ဗံ-၏၊ [ရှေး၌ ပြုအပ်ပြီးသော ဒုဿကား ဖန်ရည်မဆိုးအပ်သော သေတဝတ္ထတည်း။]

အင္ဂုလ္လေနာတိ-ကား၊ ဝေါဇယ်င္ဂကေန - နွား၏ သလုံးမြင်းခေါင်းရိုးဖြင့်၊ (“ဃံသာပေန္တိ-ပွတ်တိုက်စေကြကုန်၏”ဟု ပါဠိတော်၌ စပ်၊) [ယောဇနာ၌ “အင္ဂုလ္လေနာတိ အဋ္ဌနေန အင္ဂနာ-စိုသော အရိုးဖြင့်”ဟု ဖွင့်၏၊ “အင္ဂ + အလ္လ” ဟု ပုဒ်ဖြတ်ဟန်တူသည်၊ သို့သော် ထိုစိုသော အရိုးသည် စက်ဆုပ်ဘွယ် ကောင်း ရကား အင္ဂနောင် သွတ္တအနက်၌ “ ဠလ္လ ” ပစ္စည်းဟု ကြံသင့်မည်ထင်သည်။] ကင္ဂုပ္ပမဒေသော-ခါးအရပ်ကို၊ ဇဃန္တိ-ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဟတ္ထံ ကောဋ္ဋာပေန္တိတိ-ကား၊ အဂ္ဂဗာဟံ-လက်မောင်းဖျားကို၊ ကောဋ္ဋာပေတ္တာ-ထုရိုက်စေ၍၊ မောရပတ္တာဒီဟိ-ဥဒေါင်း၏ အတောင် အစရှိသည်တို့ဖြင့်၊ စိတ္တာလင်္ကာရံ—ဆန်းကြယ်သော တန်ဆာကို၊ ကရောန္တိ — ပြုကုန်၏၊ [“ ကော ့ ခတ် သည် “ဖြတ်တောက်ခြင်း”အနက်ကို ဟော၏”ဟု ခတ်ကျမ်း၌ ဆို၏၊ သို့သော် ခါး, လက်မောင်းဖျားတို့ကို ဖြတ်တောက်ခြင်းကား မဖြစ်နိုင်၊ ထို့ကြောင့် တုတ်လာ အောင် ထုရိုက်ပေးခြင်းကို ဆိုလိုဟန် တူသည်၊ ရှေး အဋ္ဌကထာ နိဿယ၌ “ကောဋ္ဋာပေတွာ- ခတ်စေ၍ ”ဟု ပေး၏၊ “ ပုတ်ခတ်စေ၍ ”ဟု ဆိုလိုဟန် တူသည်။] ဟတ္ထကောစ္ဆန္တိ - ကား၊ ပိဋ္ဌိဟတ္ထံ - လက်ဖမိုးကို၊ ပါဒန္တိ—ကား၊ ဇဃံ-ခြေသလုံးကို၊ ပါဒကောစ္ဆန္တိ-ကား၊ ပိဋ္ဌိပါဒံ-ခြေဖမိုးကို၊(“ကောဋ္ဋာပေန္တိ-ထုရိုက်စေကြကုန်၏”ဟု ပါဠိတော်၌ စပ်။)

မုခါလိမ္ပနာဒီနိ - မျက်နှာကို လိမ်းကျံခြင်း အစရှိသည်တို့သည်၊ ဝုတ္တနယာ နေဝ-ဆိုအပ်ပြီးသော နည်းရှိကုန်သည်သာ။[“မုခံ အာလိမ္ပန္တိ”ဟု ပါဠိတော်၌ ရှိသောကြောင့် “မုခါလိမ္ပနာဒီနိ” ဟု ရှိပါစေ၊] အပါင်္ဂံ ကရောန္တီတိ- ကား၊ အက္ခိ — မျက်လုံးတို့ကို၊ အဥ္ဇန္တိယော — မျက်ရေး ကွင်းကုန်လသော်၊ အပါင် ဒေသေ- မျက်ထောင့်အရပ်၌၊ အဓောမုခံ - အောက်သို့ ရှေးရှုသော၊ လေခံ - အရေးအကြောင်းကို၊ ကရောန္တိ—ပြုကြကုန်၏၊ ဝိသေသကန္တိ—ကား၊ ဂဏ္ဍပ္ပ ဒေသေ-ပါးစောင်အရပ်၌၊ဝိစိတြသဏ္ဌာနံ-ဆန်းကြယ်သောသဏ္ဌာန်ရှိသော၊

× × × × × × ×

အပါင်္ဂံ။ ။အချို့စာ၌ “အင်္ဂရာဂံ ကရောန္တိ”ဟုရင်း “အဝင်္ဂံ ကရောန္တိ”ဟု ရင်း ပါ၌ပျက်၏၊ “အပါင်္ဂါ အက္ခိကောဋိသု”ဟု (၂၆၁) အဘိဓာန် ရှိသောကြောင့် “အပါင်္ဂံ ကရောန္တိ” ဟု ရှိသောပါဌ်သာ ကောင်းသည်၊ [“အပ+အင်္ဂ”ဟု ပုဒ်ခွဲ၊ မျက်လုံး၏ အပြင်အထောင့် (မျက်ထောင့်)၊] မျက်လုံးတို့ကို မျက်ရေးကွင်းသော အခါ မျက်ထောင့်အရပ်၌ အောက်သို့ကျလာသော အရေးအကြောင်းငယ်ပြုခြင်းကို“အပါင်္ဂံ ကရောန္တိ”ဟု ဆိုသည်။

ဝိသေသကံ-မှန်ကူပြောက်ကို၊ ဝါ-ထူးခြားသောအရေးအသားကို၊ ကရောန္တိ-နှ၏၊ ဩလောကေန္တိတိ-ကား၊ ဝါတပါနံ-လေသောက်ပြူတင်းကို၊ ဝိဝရိတွာ-ဖွင့်၍၊ ဝီထိံ-လမ်းကို၊ ဩလောကေန္တိ-ကြည့်ကြကုန်၏၊ သာလောကေ တိဋ္ဌန္တိတိ- ကား၊ ဒွါရံ-တံခါးမကြီးကို၊ ဝိဝရိတွာ-၍၊ ဥပဍ္ဎကာယံ - ထက်ဝက်သော ကိုယ်ကို၊ ဒဿေန္တာ ယော-ပြကုန်လျက်၊ တိဋ္ဌန္တိ-ရပ်တည်ကြကုန်၏။

နစ္စန္တိ - ကား၊ နင္ဂသမဇ္ဇံ - ကချေသည့်တို့၏ သဘင်ကို၊ (ကပွဲသဘင်ကို၊) ကာရေန္တိ-ပြုစေကြကုန်၏၊ ဝေသိံ ဥပဋ္ဌာပေန္တိတိ-ကား၊ ဂဏိကံ-ပြည့်တန်ဆာမကို၊ ဝုဋ္ဌာပေန္တိ-(ဥပဇ္ဈာယ်ဆရာလုပ်၍ ထမြောက်စေကြကုန်၏၊ ဝါ-ပဉ္စင်းခံပေးကြကုန်၏။ [ဝုဋ္ဌာပေန္တိတိ ဥပသမ္ပာဒေန္တိ၊-ယောဇနာ။] ပါနာဂါရံ ထပေန္တိတိ- ကား၊ သုရံ-သေရည်ကို၊ ဝိက္ကိဏန္တိ-ရောင်းချကြကုန်၏၊ သူနံ ထပေန္တိတိ-ကား၊ မံသံ- အသားကို၊ ဝိက္ကိဏန္တိ - ကုန်၏၊ [သူနာတု အဓိကောဋ္ဋနံ၊ အဘိဓာန် (၅၂၁)အသားတို့ကို စင်းရာ ဖြတ်ရာတုံးကို "သူနာ" ဟု ခေါ်၏၊ ဤနေရာ၌ ကား ဌာနူပစာရအားဖြင့် ထိုတုံးပေါ်၌ တင်၍ဖြတ်ရသော အသားတိုင်အောင် ယူပါ၊ ယောဇနာ၌"သူန သဒ္ဒါသည် မံသပရိယာယ်"ဟု ဆို၏၊] အာပဏန္တိ— ကား၊ နာနာဘဏ္ဍာနံ- အမျိုးမျိုးသော ဘဏ္ဍာတို့၏၊ အနေကဝိဓံ - များသော အပြားရှိသော၊ အာပဏံ-ဈေးဆိုင်ကို၊ ပသာရေန္တိ-ဖြန့်ခင်းကြကုန်၏၊ ဒါသံ ဥပဋ္ဌာပေန္တိတိ-ကား၊ ဒါသံ-ကျွန်ယောကျ်ားကို၊ ဂဟေတွာ- ယူ၍၊ (အလျှုခံ၍၊) တေန-ထိုကျွန်သည်၊ ဝါ-ကို၊ အတ္တနော-မိမိ၏၊ ဝေယျာဝစ္စံ - ဝေယျာဝစ္စကို၊ (အလုပ်ကြီးငယ်ကို၊) ကာရေန္တိ- ပြုစေကြကုန်၏၊ ဒါသီအာဒီသုပိ- ကျွန်မိန်းမ အစရှိသည်တို့၌လည်း၊ ဧသေဝ နယော—တည်း။

ဟရိတကံ ပဏ္ဏိကံ ပကိဏန္တိတိ- ကား၊ ဟရိတကဉ္စေဝ - ဟင်းရွက်စိမ်းကို ၎င်း၊ ပဏ္ဏဉ္စ-ဟင်းရွက် အကျက်ကို၎င်း၊ ပကိဏန္တိ - ရောင်းကြကုန်၏၊ [ပပုဗ္ဗ ကီဓာတ် + နာပစ္စည်း၊ ဝိက္ကိဏနနှင့် အနက်တူ၊ နာပစ္စည်းကြောင့် ရသပြု၍

× × × × × × ×

ဝိသေသကံ။ ။"ဝိသေသကန္တိ ပတ္တလေခါဒိ(ဝဏ္ဏလေခါဒိ) ဝဏ္ဏဝိသေသံ" ဟု ဝိမတိ၌၎င်း, " ဝိသေသကန္တိ ဝတ္တဘင်္ဂံ(ပတ္တဘင်္ဂံ)"ဟု သာရတ္ထ၌၎င်း ဖွင့်၏၊ အချုပ်မှာ "ဝိသေသကောတု တိလကော " ဟူသော အဘိဓာန်(၃၀၀)နှင့် အညီ မျက်နှာ၌ လှပအောင်ပြုအပ်သော ထူးခြားသော မှန်ကူပြောက် , မှန်ကူကွက်, အရေးအကြောင်း, ပုံသဏ္ဌာန်အမျိုးမျိုးကို "ဝိသေသက"ဟု ခေါ်သည်။

သာလောကေ တိဋ္ဌန္တိ။ ။"သာလောကေ—အရောင်အလင်းနှင့်တကွဖြစ်သော အရပ်၌"ဟု ပေး၊ တံခါးပေါက်မကြီးကို ဖွင့်လိုက်သောအခါ အရောင်အလင်းရ၏၊ ထို အရပ်၌ ကိုယ်၏ ဘေးတဖက်ကို ဖေါ်၍ ရပ်နေကြသည် – ဟူလို။ [ယောဇနာ၌ "သာလောက"အရ တံခါးကို ယူ၍ " သာလောကေ တိဋ္ဌန္တိတိ ဧတ္ထ သံဝိဇ္ဇတိ အာလောကာ ဧတ္ထာတိ သာလောကန္တိ ကတွာ ဒွါရံ ဂဟေတဗ္ဗံ"ဟု ဖွင့်လေသည်။]

"ကိ"ဟု ဖြစ်ရသည်၊] ပကိဏ္ဏကာပဏံ- ရောပြွမ်းသော ဈေးဆိုင်ကို၊ ပသာရေန္တိ-ကုန်၏၊ ဣတိ- ဤ အနက်သည်၊ ဝါ- ကို၊ ဝုတ္တံ-သည်၊ ဟောတိ၊ [အစိမ်းအကျက် ရောပြွမ်းနေသည်ကို "ပကိဏ္ဏက"ဟု ဆိုဟန်တူသည်။] သမ္ဗနိလကာဒိကထာ-သမ္ဗနိလက အစရှိသော ကထာကို၊ ကထိတာယေဝ – ဆိုအပ်ပြီးသည်သာ၊ [မဟာဝဂ္ဂ- သမ္ဗနိလကာဒိပဋိက္ခေပကထာ၌ ဆိုအပ်ပြီးသည်သာ။]

ဘိက္ခုနီ၊ပေ၊ ကရောန္တီတိအာဒီသု - အစရှိသော ပါဠိရပ်တို့၌၊ အယံ - ဤ ဆိုအပ်လတ္တံ့ကား၊ ပါဠိမုတ္တကဝိနိစ္ဆယော - ပါဠိတော်မှ အလွတ် ဖြစ်သော အဆုံးအဖြတ်တည်း၊ဟိ-ချဲ့၊ ပဥ္စသု-ငါးဦးကုန်သော၊သဟဓမ္မိကေသု-သီတင်းသုံးဘော်တို့တွင်၊ ယောကောစိ - အမှတ်မရှိ တစုံတယောက်သော သီတင်းသုံးဘော်သည်၊ ကာလံ—သေခြင်းကို၊ ကရောန္တော-ပြုခါနီးလသော်၊ မမ- တပည့်တော်၏၊ အစ္စယေန-ကွယ်လွန်ရာ အခါ၌၊ မယှံ-တပည့်တော်၏၊ ပရိက္ခာရော-ပရိက္ခရာသည်၊ ဥပဇ္ဈာယဿ-ဥပဇ္ဈာယ်၏(ဥစ္စာသည်)၊ ဟောတု- ဖြစ်ပါစေ၊ ဣတိ-ဤသို့၊ သစေ ဝဒတိ-အကယ်၍ ပြောအံ့၊(ဧဝံသတိ) ဝါ-ဤသို့ပြောသော်ငင်း၊ အာစရိယဿ- ဆရာ၏ (ဥစ္စာသည်)၊ ဟောတု၊ ဣတိ သစေ ဝဒတိ၊ (ဧဝံသတိ)ဝါ-သော်ငင်း၊ သဒ္ဓိဝိဟာရိကဿ - အတူနေ တပည့်၏ (ဥစ္စာသည်)၊ ဟောတု၊ ဣတိ သစေ ဝဒတိ၊ (ဧဝံသတိ) ဝါ-သော်ငင်း၊ အန္တေဝါသိကဿ- အနီးနေတပည့်၏(ဥစ္စာသည်)၊ ဟောတု၊(ဣတိ သစေ ဝဒတိ၊) (ဧဝံသတိ)ဝါ-သော်ငင်း၊ မာတု-အမိ၏(ဥစ္စာသည်)၊ ဟောတု၊ဣတိ သစေ ဝဒတိ၊(ဧဝံသတိ) ဝါ-သော်ငင်း၊ ပိတု- အဖ၏(ဥစ္စာသည်)၊ ဟောတု၊ ဣတိ သစေ ဝဒတိ၊ (ဧဝံသတိ)ဝါ-သော်ငင်း၊ အညဿ - အခြားသော၊ (ဥပဇ္ဈာယ်စသည်မှ အခြားသော၊)ယဿကဿစိ-အမှတ်မထား တပါးပါးသော ပုဂ္ဂိုလ်၏(ဥစ္စာသည်)၊ ဟောတု၊ ဣတိ သစေ ဝဒတိ၊(ဧဝံသတိ)ဝါ-သော်ငင်း၊ တေသံ- ထို ဥပဇ္ဈာယ်စသူတို့၏(ဥစ္စာသည်၊) န ဟောတိ-မဖြစ်၊ သံဃဿေဝ – သံဃာ၏ (ဥစ္စာသည်)သာ၊ ဟောတိ-၏၊ ဟိ-မှန်၊ ပဉ္စန္နံ – ငါးဦးကုန်သော၊ သဟဓမ္မိကာနံ - တို့၏၊ အစ္စယဒါနံ-သေလွန်ရာအခါ၌ ပေးခြင်းသည်၊ ဝါ-သေလွန်မှ ပေးခြင်းသည်၊ နရုဟတိ-မတက်ရောက်၊ ဝါ-အထမမြောက်၊ ["သီတင်းသုံးဘော် ၅ ဦးတို့က သေမှပေးခြင်းသည် ပေးရာမရောက်"ဟူသော စကားကို သတိပြုပါ။] ဂိဟီနံ-လူဝတ်ကြောင်တို့၏၊ (အစ္စယဒါနံ)ပန-ကား၊ ရုဟတိ- ၏၊ ဝါ- ၏၊ ဟိ-ဆက်၊ ဘိက္ခု-သည်၊ ဘိက္ခုနိ ဝိဟာရေ- ဘိက္ခုနီတို့၏ ကျောင်းတိုက်၌၊ ကာလံ- ကို၊ ကရောတိ- အံ့၊(ဧဝံသတိ)၊ တဿ-ထို ရဟန်း၏၊ ပရိက္ခာရော-သည်၊ ဘိက္ခူနံယေဝ-တို့၏(ဥစ္စာသည်)သာ၊ ဟောတိ-၏၊ ဘိက္ခုနီ-သည်၊ ဘိက္ခုဝိဟာရေ-ရဟန်းတို့၏ကျောင်းတိုက်၌၊ ကာလံ-ကို၊ ကရောတိ-အံ့၊(ဧဝံသတိ)၊ တဿာ-ထိုဘိက္ခုနီ၏၊ ပရိက္ခာရော—သည်၊ ဘိက္ခုနီနံယေဝ—သာ၊ ဟောတိ။

ပုရာဏမလ္လီတိ-ကား၊ ပုရာဏော-ရှေးအခါ၌၊ ဂိဟိကာလေ-လူဝတ်ကြောင် ဖြစ်ရာအခါ၌၊ (ပုရာဏော၏သရုပ်ကို ဖေါ်သည်၊) မလ္လဂဟဿ-လက်ဝှေ့သမား ၏၊ ဘရိယာ-မယားသည်၊ ("ဘိက္ခုနီသု ပဗ္ဗဇိတာ ဟောတိ" ဟု ပါဠိတော်၌ စပ်၊)ပုရိသဗျဉ္ဇနန္တိ-ကား၊ ပုရိသနိမိတ္တံ-ယောကျ်ား၏နိမိတ်သည်၊ ("ဆဍ္ဍိတံ- စွန့်ပစ်အပ်သည်၊ ဟောတိ"ဟု ပါဠိတော်၌စပ်၊) ဆိန္နံဝါ - ပြတ်သည်မူလည်း၊ ဟောတု - ဖြစ်စေ၊ အစ္ဆိန္နံဝါ - မပြတ်သည်မူလည်း၊ ဟောတု၊ ပဋိစ္ဆန္နံဝါ - ဖုံးထားအပ်သည်မူလည်း၊ ဟောတု၊ အပ္ပဋိစ္ဆန္နံဝါ-ဖုံးမထားအပ်သည်မူလည်း၊ ဟောတု၊ ဧတသ္မိံ ဌာနေ- ဤအရပ်၌၊ ပုရိသဗျဉ္ဇနံ- ယောကျ်ား၏နိမိတ်သည်၊ (အတ္ထိ)၊ ဣတိ - ဤသို့၊ စိတ္တံ - ကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ သစေ ဥပနိဇ္ဈာယတိ- အကယ်၍ စူးစူးစိုက်စိုက် ရှုအံ့၊ (ဧဝံသတိ)၊ ဒုက္ကဋံ-သည်၊ (ဟောတိ)။

ယံ - အကြင် ခဲဘွယ်ဘောဇဉ်ကို၊ တုမှေယေဝ - အရှင်ဘုရားတို့သည်သာ၊ ပရိဘုဉ္ဇထ-သုံးဆောင်ကြပါကုန်၊ ဣတိ- သို့၊ ဝတွာ- လျှော်၍၊ ဒိန္နံ- လှူအပ်ပြီ၊ (တံ-ထို ခဲဘွယ်ဘောဇဉ်သည်၊) အတ္တနော-၏၊ ပရိဘောဂတ္ထာယ-သုံးဆောင်ခြင်းအကျိုးငှါ၊ ဒိန္နနာမ-လှူအပ်ပြီ မည်၏၊ (မိမိသုံးဆောင်ဘို့အလို့ငှါ လှူအပ်သော ခဲဘွယ်ဘောဇဉ် မည်၏၊) တံ-ထို ခဲဘွယ်ဘောဇဉ်ကို၊ အညဿ-အခြားသူအား၊ ဒဒတော-ပေးသောရဟန်း၏၊ ဒုက္ကဋံ-သည်၊ (ဟောတိ)၊ ပန-ဆက်၊ အဂ္ဂံ-အဦးအဖျားကို၊ ဂဟေတွာ-ယူပြီး၍၊ ဒါတုံ-ပေးခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏၊ အသပ္ပါယံ-မလျောက်ပတ်သည်၊ သစေ (ဟောတိ၊ ဧဝံသတိ) သဗ္ဗံ-အလုံးစုံကို၊ အပနေတုံ-ဖယ်ရှားခြင်းငှါ၊ ဝဋ္ဋတိ-၏၊ [ဖယ်ရှား၍ သူတပါးအား လှူကောင်း၏- ဟူလို၊] စီဝရံ - သင်္ကန်းသည်၊ (သစေ ဟောတိ၊ ဧဝံသတိ၊) ဧကာဟံဝါ- တရက်ပတ်လုံးသော်၎င်း၊ ဒွီဟံဝါ - နှစ်ရက်ပတ်လုံးသော်၎င်း၊ ပရိဘုဉ္ဇိတွာ- သုံးစွဲပြီး၍၊ ဒါတုံ-ငှါ၊ ဝဋ္ဋတိ-၏၊ ပတ္တာဒီသုပိ-သပိတ် အစရှိသည်တို့၌လည်း၊ ဧသေဝနယော- တည်း။

ဘိက္ခုနံ သန္နိဓိံ ဘိက္ခုနီဟိ ဘိက္ခုဟိ ပဋိဂ္ဂါဟာပေတွာတိ-ကား၊ဟိယျော-ယမန်နေ့၌၊ ပဋိဂ္ဂဟေတွာ - အကပ်ခံပြီး၍၊ [အချို့စာ၌ "ပဋိဂ္ဂါဟေတွာ-ကပ်စေ၍"ဟု ရှိ၏၊ အဓိပ္ပါယ်တူ၊] ထပိတမံသံ-ထားအပ်သောအသားကို၊ (ပရိဘုဉ္ဇိ

× × × × × × ×

အတ္တနော ပရိဘောဂတ္ထာယ။ ။ "တုမှေယေဝ ပရိဘုဉ္ဇထ" ဟု လျှောက်၍ လှူအပ်သော ခဲဘွယ်ဘောဇဉ်ကိုဖြစ်စေ, သင်္ကန်းစသည်ကိုဖြစ်စေ, မိမိ အနည်းငယ် သုံးစွဲပြီးမှသာ သူတပါးအား တဆင့်စွန့်လှူကောင်းသည်ကို သတိပြုပါ၊ အထူးမလျှော်ဘဲ လှူလျှင်ကား မိမိ မသုံးစွဲဘဲလည်း တဆင့် လှူကောင်း၏။

ဘိက္ခုနီဟိ ဘိက္ခုဟိ ပဋိဂ္ဂါဟာပေတွာ။ ။ပါဠိတော် သီဟိုဠ်မူ၌ "ဘိက္ခုနီဟိ ဘိက္ခုဟိ ပဋိဂ္ဂါဟာပေတွာ" ဟု ရှိ၏၊ ဆိုလိုရင်းကား.... ဘိက္ခုတို့ အကပ်ခံအပ်ပြီး သော ခဲဘွယ်ဘောဇဉ်သည် ဘိက္ခုနီတို့အတွက် အကပ်မခံအပ်သေးသော ခဲဘွယ်

တမ္ဗုဒ္ဓိစပ်၊) အဋ္ဌ- ယနေ့၊ အညသ္မိ- ဘိက္ခုတို့မှ အခြားသော၊ အနုပသမ္ပန္နေ- လူ သာမဏေသည်၊ အသတိ-မရှိလသော်၊ ဘိက္ခုပဟိ-တို့သည်၊ ဝါ-တို့ကို၊ ပဋိ ဂ္ဂါဟာပေတွာ-တဖန် ယူစေ၍၊ ဝါ- ကပ်စေ၍၊ ဘိက္ခုနီပဟိ- တို့သည်၊ ပရိဘုဥ္ဇိ တမ္ဗ-သုံးဆောင်နိုင်၏၊ ဟိ-မှန်၊ ဘိက္ခုပဟိ- တို့သည်၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ် သော ခဲဘွယ် ဘောဇဉ်သည်၊ ဘိက္ခုနီနံ - တို့၏၊ အပဋိဂ္ဂဟိတကဋ္ဌာနေ- အကပ် မခံအပ်သော ခဲဘွယ်ဘောဇဉ်၏အရာ၌၊ တိဋ္ဌတိ- တည်၏၊ ဘိက္ခုနီနံ - တို့၏၊ ဝါ-တို့သည်၊ ပဋိဂ္ဂဟိတမ္ပိ- အကပ်ခံအပ်ပြီးသော ခဲဘွယ်ဘောဇဉ်သည်လည်း၊ ဘိက္ခုသု-တို့၌၊ ဧသေဝနယော- ပင်တည်း။

အာသနံ သက်ာမေန္တိယော ကာလံ ဝိတိနာမေသုန္တိ-ကား၊ အညံ-အခြား သောဘိက္ခုနီကို၊ ဝုဋ္ဌာပေတွာ-ထစေ၍၊ အညံ-အခြားသောဘိက္ခုနီကို၊ နိသီဒါ ပေန္တိယော-ထိုင်စေကြရကုန်သည်၊ (ဟုတွာ-၍၊) ဘောဇနကာလံ-ဆွမ်းစား ချိန်ကို၊ အတိက္ကာမေသုံ-လွန်စေကြကုန်ပြီ၊ အဋ္ဌနံ့ ဘိက္ခုနီနံ ယထာဝုဍ္ဍ္ဎ္ဌေ- ၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ပုရေ - ရှေ့၌၊ အဋ္ဌသု - ရှစ်ပါးကုန်သော

× × × × × × ×

ဘောဇဉ်ဖြစ်၏၊ ထို့ကြောင့် ဘိက္ခုတို့၏သန္နိဓိကို ဘိက္ခုနီတို့သုံးဆောင်နိုင်သည်၊ ထိုသို့ သုံးဆောင်ရာဝယ် ကပ်မည့် လူသာမဏေမရှိလျှင် ဘိက္ခုတို့ကိုပင် " ကပ်စမ်းပါ " ဟု လျှော်၍ အကပ်ခံပြီးလျှင် ဘိက္ခုနီတို့သုံးဆောင်ကောင်းသည်ဟု ဆိုလိုသည်၊ထို့ကြောင့် "ဘိက္ခုနီဟိ ဘိက္ခုဟိ ပဋိဂ္ဂါဟာပေတွာ"ဟု ရှိသော သီ-မှုအတိုင်းသာ ကောင်း၏။

ကာရိတ်ကံ ခေတ်ကတ္တား။ ။ဘိက္ခုနီဟိသည် ပဋိဂ္ဂါဟာပေတွာ၌ တွာပစ္စည်း နှင့် ပရိဘုဥ္ဇိတုံဝယ် တုံပစ္စည်းတို့၏ ကတ္တားတည်း၊ ဘိက္ခုဟိကား "ပဋိဂ္ဂါဟာပေ တွာ"၌ ဏာပေပစ္စည်းဝယ် စပ်နိုက် ကာရိတ်ကံ, ဂဟခေတ်ဝယ် စပ်နိုက် ခေတ်ကတ္တား တည်း၊ အဋ္ဌကထာ၌ ဘိက္ခုနီဟိကို (ပါဠိတော်အတိုင်း ရှေ့က မထားဘဲ) နေရာလွှဲ၍ ပရိဘုဥ္ဇိတမ္ဗဉ်စပ်ဘိုရန် နီးနီးကပ်ကပ်ထားသည်၊ ဘိက္ခုဟိကိုကား ပဋိဂ္ဂါဟာပေတွာ၌ ပြခဲ့သည့်အတိုင်း စပ်စေရမည်၊ ပါဠိတော်၌မူ အဋ္ဌကထာနိဿယကြည့်၍ " ဘုဥ္ဇိတုံ ဝဋ္ဋတိ"ဟု ပေးပါ။

အာသနံ သက်ာမေန္တိယော။ ။စာအုပ်တို့၌ ပါဌ်အမျိုးမျိုး ရှိနေ၏၊ "သံကာသာ ယန္တိယော"ဟု သံကသေဓာတ်, တနည်း သံပုဗ္ဗ ကသေခေတ်ဖြင့်လည်း ရှိ၏၊ ထိုခေတ် များကား "နေခြင်း"အနက်ဟောတည်း၊ ဤနေရာ၌ "အာသနံ-နေရာကို၊ သံကာသာ ယန္တိယော-နေကုန်စဉ်"ဟု အနက်မဖြစ်နိုင်၊ သက်ာယန္တိယောပါဌ်လည်း အနက်မရ၊ ထို့ကြောင့် " သက်ာမေန္တိယော " ဟု ရှိသင့်မည်ထင်သည်၊ "အာသနံ – နေရာကို၊ သက်ာမေန္တိယော-ပြောင်းရွှေ့စေရကုန်သည်၊ ဟုတွာ— ၍၊ ဝါ— ကြောင့်၊ ကာလံ- ဆွမ်းစားချိန်ကို၊ ဝိတိနာမေသုံ-လွန်စေကြကုန်ပြီ" ဟု ပါဠိတော်၌ ပေးပါ၊ အညံ ဝုဋ္ဌ ပေတွာ အညံ နိသီဒါပေန္တိယောကား ပြောင်းရွှေ့စေပုံကိုပြသော အဓိပ္ပါယ်ဖွင့်တည်း၊ ကာလံကို "ဘောဇနကာလံ"ဟုရင်း, ဝိ+အတိပုဗ္ဗ, နမုဓာတ်, ကာရိတ် ဏေပစ္စည်းကို "အတိက္ကာမေသုံ" ဟုရင်း ဖွင့်သည်။

ဘိက္ခုနီတို့သည်၊ နိသိန္နာသု - ထိုင်ပြီးကုန်လသော်၊ တာသံ - ထို ရှစ်ပါးသော
ဘိက္ခုနီတို့၏၊ အဗ္ဘန္တရိမာ-အတွင်း၌ဖြစ်သော၊ (ရှစ်ပါးအတွင်း ထိုင်ရလော
အောင် ဝါရှိသော၊) အညာ- အခြားသော ဘိက္ခုနီသည်၊ သစေ အာဂစ္ဆတိ-
အကယ်၍ လာအံ့၊ (ဧဝံသတိ)၊ သာ-ထို ဘိက္ခုနီသည်၊ အတ္တနော-မိမိအော၊
နဝကံ - ငယ်သော ဘိက္ခုနီကို၊ ဥဋ္ဌာပေတွာ - ထစေ၍၊ နိသီဒိတုံ - ထိုင်ခြင်းငှါ၊
လဘတိ-ရ၏၊ ပန-ကား၊ ယာ- အကြင် ဘိက္ခုနီသည်၊ အဋ္ဌဟိပိ- ရှစ်ပါးသော
ဘိက္ခုနီတို့အောက်လည်း၊ နဝကတရာ - သာ၍ ငယ်၏၊ သာ- ထို ဘိက္ခုနီသည်၊
သဗ္ဗဝုဍ္ဍာ - ဝါခြောက်ဆယ် ရှိသည်၊ သစေပိ ဟောတိ - အကယ်၍မူလည်း
ဖြစ်စေဦးတော့၊ (ဧဝံသတိပိ- သော်လည်း၊) အာဂတပဋိပါဋိယာဝ- ရောက်
လာသော ဘိက္ခုနီတို့၏ အစဉ်အားဖြင့်သာ၊ နိသီဒိတုံ-ငှါ၊ လဘတိ- ၏။

အညတ္ထ သဗ္ဗတ္ထ ယထာဝုဍ္ဎံ န ပဋိဗာဟိတဗ္ဗန္တိ - ကား၊ (အချို့စာအုပ်၌
"သဗ္ဗတ္ထ" ပုဒ်မပါ၊) ဘတ္တဂ္ဂံ - ဆွမ်းစားကျောင်းကို၊ ထပေတွာ - ချန်ထား၍၊
အညသ္မိံ - အခြားသော၊ စတုပစ္စယ ဘာဇနီယဋ္ဌာနေ - ပစ္စည်းလေးပါးကို
ဝေဘန်အပ်ရာအရပ်၌၊ အဟံ-ငါသည်၊ ပုဗ္ဗေ-ရှေး၌၊ အာဂတာ-ရောက်လာ၏၊
ဣတိ-ဤသို့ကြံ၍၊ ဝုဍ္ဎံ-သတင်းကြီးကို၊ ပဋိဗာဟိတွာ-တားမြစ်၍၊ ကိဉ္စိ-တစုံတခု
ကိုမျှ၊ န ဂဟေတဗ္ဗံ-မယူထိုက်၊ ယထာဝုဍ္ဎမေဝ-ကြီးစဉ်ငယ်လိုက်သာ၊ (ဂဟေ
တုံ - ယူခြင်းငှါ၊) ဝဋ္ဋတိ - အပ်၏၊ ပဝါရဏာကထာ - ကို၊ ကထိတာယေဝ-
ဆိုအပ်ပြီးသည်သာ၊ ဣတ္ထိယုတ္တန္တိ အာဒီဟိ-အစရှိသောစကားရပ်တို့ဖြင့်၊ သဗ္ဗ
ယာနာနိ-အလုံးစုံသော ယာဉ်တို့ကို၊ အနုညာတာနိ - ခွင့်ပြုတော်မူအပ်ကုန်ပြီ၊
(ဂိလာနအား ခွင့်ပြုအပ်ကုန်ပြီ၊) ပါဠိကိတ္တိ-ကား၊ ပဋ္ဌပေါဠိလိကံ-အဝတ်ဖြင့်
ပြုအပ်သော သန်လျှင်းကို၊ (အနုဇာနာမိဟု ပါဠိတော်၌စပ်)။

ဒူတေန-တမန်ဖြင့်၊ ဥပသမ္ပဒါ- မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း
သည်၊ ဒသန္နံ - ဆယ်ပါးကုန်သော၊ အန္တရာယာနံ - အန္တရာယ်တို့တွင်၊ ယေန
ကေနစိ-အမှတ်မထား တပါးပါးသောအန္တရာယ်ကြောင့်၊ ဝဋ္ဋတိ-အပ်၏၊ ကမ္မ
ဝါစာ ပရိယောသာနေ-ကမ္မဝါစာ၏အဆုံး၌၊ သာ ဘိက္ခုနီ-ထို ဘိက္ခုနီသည်၊
ဘိက္ခုနုပဿယေ-၌၊ ဋ္ဌိတာဝါ-ရပ်နေသည်မူလည်း၊ ဟောတု-ဖြစ်စေ၊ နိပန္နာ
ဝါ- လျောင်းနေသည်မူလည်း၊ ဟောတု- စေ၊ ဇာဂရာဝါ-နိုးကြားနေသည်မူ
လည်း၊ ဟောတု- စေ၊ နိဒ္ဒံ- အိပ်ပျော်ခြင်းသို့၊ ဩက္ကန္တာဝါ - သက်ရောက်နေ
သည်မူလည်း၊ ဟောတု - စေ၊ ဥပသမ္ပန္နာဝ - မြင့်မြတ်သော ဘိက္ခုနီအဖြစ်သို့
ရောက်သည်သာ၊ (ဘိက္ခုနီဖြစ်သည်သာ၊) ဟောတိ၊ တာဝဒေဝ-ထိုကမ္မဝါစာ
ပြီးဆုံးရာခဏ၌ပင်၊ ဆာယာဒီနိ-အရိပ် အစရှိသည်တို့ကို၊ အာဂတာယ-ရောက်
လာသော၊ ဒူတဘိက္ခုနိယာ- တမန်ဖြစ်သော ဘိက္ခုနီအား၊ အာစိက္ခိတဗ္ဗာနိ-
ပြောပြထိုက်ကုန်၏၊ (ပြောလိုက်ရမည်)။

ဥဒေါသိတောတိ - ကား၊ ဘဏ္ဍာသာလာ - ဘဏ္ဍာထားရာ ကျောင်းသည်၊ ဝါ-ကို၊ ("ဒိန္နာ - လှူအပ်သည်၊ ဟောတိ" ဟု ပါဠိတော်၌စပ်၊) နသမ္မတီတိ- ကား၊ နပ္ပဟောတိ-မလောက်၊ [သမုဓာတ်ကို ပဟောတိအနက်ဟောဟု ဆိုဟန်တူသည်၊]ဥပဿယန္တိ-ကား၊ ဃရံ-အိမ်ကို၊ ဝါ-ကျောင်းကို၊("အနုဇာနာမိ" ဟု ပါဠိတော်၌စပ်၊) နဝကမ္မန္တိ- ကား၊ သံဃဿ- ဘိက္ခုနီသံဃာ၏၊ အတ္ထာယ-အကျိုးငှါ၊ ဘိက္ခုနိယာ-အား၊ နဝကမ္မမ္ပိ- အသစ်အသစ် ပြုအပ်သောအမှုကိုလည်း၊ ကာတုံ-ပြုခြင်းငှါ၊ အနုဇာနာမိ-၏၊ ဣတိအတ္ထော-နက်။

တဿာ ပဗ္ဗဇိတာယာတိ- ကား၊ တဿာ - ထိုမိန်းမ၏၊ ပဗ္ဗဇိတကာလေ-ရဟန်းပြုပြီးရာအခါ၌၊ ("ဂဗ္ဘော- ကိုယ်ဝန်သည်၊ ဝါ- သားငယ်သည်၊ ဝုဋ္ဌာသိ - ထပြီ" ဟု ပါဠိတော်၌စပ်၊) [အချို့စာ၌ " တဿာ ပဗ္ဗဇိတေ " ဟု ရှိ၏၊ တဿာ-၏၊"ပဗ္ဗဇိတေ-ရဟန်းပြုပြီးရာအခါ၌"ဟု အနက်ပေးနိုင်သောကြောင့် "အဖွင့်နှင့်လျော်သည် "ဟု ထင်သည်၊] ယာဝ ၊ပေ၊ ပါပုဏာတီတိ - ဟူသော ပါဌ်၏၊ (အတ္ထော ၌စပ်၊) ယာဝ - အကြင်မျှလောက်၊ ခါဒိတုံ - ခဲခြင်းငှါလည်း၊ ဘုဉ္ဇိတုံ-စားခြင်းငှါလည်း၊ နဟာယိတုဥ္စ- ရေချိုးခြင်းငှါလည်း၊ မဏ္ဍိတုဥ္စ-တန်ဆာဆင်ခြင်းငှါလည်း၊ အတ္တနော-မိမိ၏၊ ဓမ္မတာယ-သဘောအားဖြင့်၊ သက္ကောတိ-စွမ်းနိုင်၏၊ ဣတိအတ္ထော-ဤအနက်သည်၊ (ဟောတိ)။

ထပေတွာ သာဂါရန္တိ - ဟူသောပါဌ်ဖြင့်၊ (ဒဿေတိ ၌စပ်၊) သဟာဂါရသေယျမတ္တံ-တကျောင်းတည်း၌ အတူတကွအိပ်ခြင်းမျှကို၊ ထပေတွာ-၍၊ အညသ္မိံ - အခြားသော၊ ပုရိသေ - ယောကျ်ားး၌၊ (ပဋိပဇ္ဇိတဗ္ဗံ) ယထာ - ကျင့်ရာသကဲ့သို့၊ ဧဝံ-တူ၊ ဒုတိယိကာယ-နှစ်ယောက်မြောက် အဖော်ဖြစ်သော၊ ဘိက္ခုနိယာ-သည်၊ တသ္မိံ ဒါရကေ- ထိုကလေး၌၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊ ဣတိ-ဤအနက်ကို၊ ဒဿေတိ-ပြတော်မူ၏၊ [အတူတကွတော့အိပ်ကောင်းသည်၊ အခြားကိစ္စများ၌ကား အခြားယောကျ်ားများအပေါ် ကျင့်သလို ကျင့်ရမည်-ဟူလို။] မာတာပန-မယ်တော် ဘိက္ခုနီသည်ကား၊ နဟာပေတုံ- ရေချိုးပေးခြင်းငှါလည်း၊ ပါယေတုံ- နို့တိုက်ခြင်းငှါလည်း၊ ဘောဇေတုံ- စားစေခြင်းငှါလည်း၊ ဝါ- ကျွေးခြင်းငှါလည်း၊ မဏ္ဍေတုံ-တန်ဆာဆင်ပေးခြင်းငှါလည်း၊ ဥရေ-ရင်၌၊ ကတွာ-ပြု၍၊ ဝါ-ထား၍၊ သယိတုဥ္စ- အိပ်ခြင်းငှါလည်း၊ လဘတိ- ရ၏။ [သယိတုံနေရာဝယ် "သာယိတုံ-အိပ်စေခြင်းငှါလည်း၊ ဝါ- သိပ်ခြင်းငှါလည်း"ဟု ရှိလျှင် ကောင်း၏။]

× × × × × × ×

နဝကမ္မံ။ ။နဝကမ္မန္တိ နဝကမ္မံ ကတွာ ဗြဟ္မကာနိ ဝဿာနိ ဝသတူတိ အပလောကေတွာ သံဃိကဘူမိဒါနံ၊— သာရတ္ထ၊ ဆိုလိုရင်းကား— ဥပဿယမလော်သောကြောင့် ဘိက္ခုနီတို့၏ သံဃိကမြေ၌ နဝကမ္မကိုပြု၍ (အသစ်ကျောင်းဆောက်ပြီးလျှင်), နှစ်အတော်ကြာကြာနေဘို့ရန် ခွင့်ပြုတော်မူခြင်းတည်း။

ယဒေဝ သာ ဝိဗ္ဘန္တာ ၁တိ-ဟူသော ဤပါဠိဖြင့်၊(ဒဿေတိ-ဥ်စပ်၊)ယသ္မာ-
အကြင့်ကြောင့်၊ သာ-ထို ဘိက္ခုနီသည်၊ ဝိဗ္ဘန္တာ-လူထွက်ပြီ၊ အတ္တနော-မိမိ၏၊
ရုစိယာ-အလိုအားဖြင့်၊ ခန္တိယာ— နှစ်သက်ခြင်းအားဖြင့်၊ ဩဒါတနိဝတ္ထာ—
အဝတ်ဖြူကို ဝတ်ပြီ၊ [ဩဒါတာနိ - ဖြူကုန်သော၊ ဝတ္ထာနိ - အဝတ်တို့ကို၊
နိဝတ္ထာ-ဝတ်ပြီ၊ ဤသို့လည်း ပါဌ်ရှိ၏၊] တသ္မာ ယေဝ-ထို့ ကြောင့်သာ၊ သာ-
ထိုဘိက္ခုနီသည်၊ အဘိက္ခုနီ – ဘိက္ခုနီ မဟုတ်တော့၊ သိက္ခာပစ္စက္ခာနေန—
သိက္ခာကို ပယ်စွန့်ခြင်းကြောင့်၊(အဘိက္ခုနီ-ဘိက္ခုနီ မဟုတ်သည်ကား၊) န—
မဟုတ်၊ ဣတိ-ဤ အနက်ကို၊ ဒဿေတိ - ပြတော်မူ၏၊ သာ - ထို လူထွက်သော
ဘိက္ခုနီသည်၊ ပုန-တဖန်၊ ဥပသမ္ပဒံ-ရဟန်းအဖြစ်ကို၊ န လဘတိ-မရတော့။

သာ အာဂတာ န ဥပသမ္ပာဒေတဗ္ဗာတိ - ကား၊ ကေဝလံ-ပဗ္ဗဇ္ဇာ မဖက်,
သက်သက်၊ န ဥပသမ္ပာဒေတဗ္ဗာ-မြင့်မြတ်သော ဘိက္ခုနီအဖြစ်သို့ မရောက်စေ
ထိုက်ရုံသည်သာ၊ န - မဟုတ်သေး၊ ပဗ္ဗဇ္ဇမ္ပိ - ရှင့် အဖြစ်ကိုလည်း၊ န လဘတိ-
မရ၊ ပန— ကား၊ ဩဒါတာနိ- အဝတ်ဖြူတို့ကို၊ ဂဟေတွာ- ယူ၍၊ (ဝတ်၍)၊
ဝိဗ္ဘန္တာ-လူထွက်သော ဘိက္ခုနီသည်၊ ပဗ္ဗဇ္ဇာမတ္တံ - ရှင်သာမဏေအဖြစ်ချကို၊
လဘတိ — ရသေး၏။ [တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူသည် ဗုဒ္ဓသာသနာကို
ငဲ့ကွက်မှု မရှိတော့၊ လူဝတ်-ဝတ်သူကား ဗုဒ္ဓသာသနာကို ငဲ့ကွက်မှုရှိသေး၏၊
ထို့ ကြောင့် သာမဏေ ဖြစ်နိုင်သေးသည်။]

× × × × × × ×

ယဒေဝ သာ ဝိဗ္ဘန္တာ။ ။ ယဒေဝ (ယံ+ဧဝ) ဝယ် ယံ၌ ပဌမာသိ ဝိဘတ်ကို
"ဟိတ်အနက်ဟော" ဟုသိစေလို၍ "ယသ္မာ" ဟု ဖွင့်သည်၊ တဒေဝ၌ တလည်းနည်းတူ၊
(တနည်း:) "ယဒေဝ" ဟူသော နိပါတ်ပုဒ်အပေါင်းသည်ပင် "ယသ္မာ အနက်ဟော"
ဟု ကြံပါ၊ တဒေဝ၌လည်းနည်းတူ၊ ဝိဗ္ဘန္တာကို"အတ္တနော၊ပေ၊နိဝတ္ထာ"ဟု အဓိပ္ပါယ်
ဖွင့်သည်၊ " ဩဒါတနိဝတ္ထာ " ဟု အချို့စာအုပ်တို့၌ ရှိ၏၊ " ဩဒါတာနိ ဝတ္ထာနိ
နိဝတ္ထာ"ဟုလည်း မှုကွဲရှိ၏၊ ယောဇနာ၌ကား "ဩဒါတာနိ – ကုန်သော၊ ဝတ္ထာနိ-
တို့ကို၊ ဝသိတာနိ – ဝတ်အပ်ကုန်ပြီ " ဟု တမျိုးရှိလေသည်၊ အဓိပ္ပါယ်တူပင်တည်း၊
ဆိုလိုရင်းမှာ.... ဘိက္ခုနီတို့သည် လူဝတ်လဲခြင်းကြောင့် ဘိက္ခုနီမဟုတ်တော့၊ လူဝတ်
ကြောင် ဖြစ်သွားလေပြီ၊ သိက္ခာချခြင်းကြောင့်ကား ဘိက္ခုနီအဖြစ်မှ မရွေ့လျောသေး၊
သိက္ခာချ၍လည်း မဖြစ်—ဟူလို။

ပဗ္ဗဇ္ဇမ္ပိ န လဘတိ။ ။ဤသူမကား လူ့အဝတ်ကို ဝတ်သူမဟုတ်,တိတ္ထိဘောင်သို့
ပြောင်းရွှေ့သူတည်း၊ ထို့ကြောင့် ရှင်သာမဏေမျှ ဖြစ်ခွင့်မရတော့၊ ပဗ္ဗဇ္ဇမ္ပိ နလဘတီတိ
တိတ္ထာယတနသင်္ကန္တာယ အဘဗ္ဗဘာဝဒီပနမေတာ န လဘတိ၊ – သာရတ္ထ၊ တိတ္ထိ
ဘောင်သို့ ပြောင်းရွှေ့သည့်အတွက် အဘဗ္ဗဖြစ်သွားသောကြောင့် ရှင်သာမဏေ အဖြစ်
ကိုမျှ မရတော့၊– ဟူလို၊ ["ဩဒါတာနိ ဂဟေတွာ"၌ ဩဒါတအရ တကယ်ဖြူသော
အဝတ်ကိုမှ "ဩဒါတ" ဟု ဆိုလိုသည်မဟုတ်၊ ဖန်ရည်မဆိုးအပ်သောကြောင့် လူဝတ်
ကြောင် အဝတ်ဟူသမျှကို"ဩဒါတ"ဟု ဆိုလိုသည်။]

အဘိဝါဒနန္တိ အာဒီသု - အစရှိသော ပါဠိရပ်တို့၌၊ ပုရိသာ - ဟူသည်၊ ပါဒေ-ခြေတို့ကို၊ သမ္ဗာဟန္တာ- ဆုပ်နယ်ကြကုန်လျက်၊ ဝန္ဒန္တိ-ရှိခိုးကြကုန်၏၊ ကေသေ-ဆံတို့ကို၊ ဆိန္ဒန္တိ - ဖြတ်ပေးကြကုန်၏၊ နခေ - လက်သည်း ခြေသည်းတို့ကို၊ ဆိန္ဒန္တိ—ကုန်၏၊ ဝဏပဋိကမ္မံ-အနာကို ဆေးကုမှုကို၊ ကရောန္တိ- ပြုပေးကြကုန်၏၊ တံသဗ္ဗံ - ထို အလုံးစုံသော အဘိဝါဒနစသော အမှုကို၊ ကုက္ကုစ္စာယန္တာ-ကုက္ကုစ္စကိုပြုကုန်လျက်၊ န သာဒယန္တိ-မသာယာကြကုန်၊ ဣတိအတ္ထော-၌ကားအနက်၊ တတြ-ထို အဘိဝါဒနစသောအမှုတို့၌၊(အဝသုတာ ဟောန္တိ၊ သာရတ္တာတို့၌စပ်၊) [ယောဇနာ၌ကား "တတြာတိ ကုက္ကုစ္စာယန္တာ နသာဒယန္တိ ပဒေ"ဟု စွဲလေသည်။] ဧကေ- အချို့ကုန်သော၊ အာစရိယာ - ဆရာတို့သည်၊ (ဝဒန္တိ ၌စပ်၊) ဧကတောဝါ – တဖက်၌သော်၎င်း၊ ဥဘတောဝါ - နှစ်ဖက်၌သော်၎င်း၊ အဝဿုတာ- ဆန္ဒရာဂသည် စိုစွတ်အပ်ကုန်သည်၊ သာရတ္တာ-လွန်စွာ တပ်မက်ကုန်သည်၊ သစေ ဟောန္တိ - ကုန်အံ့၊) ဧဝံ သတိ၊)ယထာဝတ္ထုကမေဝ-အကြင် အကြင် ဝတ္ထုအတိုင်းသာလျှင်၊ (ဟောတိ)၊ ["ဘိက္ခုနီပါရာဇိကဖြစ်လာသော ဝတ္ထုအတိုင်း အပြစ်ရှိသည်"ဟူလို။]

ဧကေ—ကုန်သော၊ အာစရိယာ—တို့သည်၊ ဧတ္ထ-၌ အဘိဝါဒန စသည်ကို သာယာရာ၌၊ အာပတ္တိ-အာပတ်သည်၊ နတ္ထိ-မရှိ၊ ဣတိ-သို့၊ ဝဒန္တိ-ဆိုကြကုန်၏၊ ဧဝံ-သို့၊ အာစရိယဝါဒံ-အာစရိယဝါဒကို၊ ဒဿေတွာ-ပြပြီး၍၊ ဣဒံ-၌အဘိဝါဒန စသည်ကို သာယာခြင်းအစရှိသည်ကို၊ ဩဒိဿ-အသီးအခြား ညွှန်ပြ၍၊ အနုညာတံ—ခွင့်ပြုတော်မူအပ်ပြီ၊(ဣတိ-ထို့ကြောင့်၊) ဝဋ္ဋတိ-အပ်၏၊ ဣတိ—သို့၊ အဋ္ဌကထာသု-ရှေးအဋ္ဌကထာတို့၌၊ ဝုတ္တံ-ဆိုအပ်ပြီ၊ တံ-ထိုရှေးအဋ္ဌကထာတို့၌ ဆိုအပ်သော စကားသည်၊ ပမာဏံ - နှိုင်းယှဉ်ကြောင်း ပမာဏတည်း၊ ဝါ-လိုရင်းတည်း၊ ဟိ- မှန်၊ အနုဇာနာမိ ဘိက္ခဝေ သာဒိတုန္တိ - တုံဟူသော၊ ဝစနေနေဝ-စကားတော်ကြောင့်ပင်၊ ကပ္ပိယံ-အပ်သည်၊(ဟောတိ)။

ပလ္လင်္ကေန နိသီဒန္တီတိ- ကား၊ ပလ္လင်္ကံ - ထက်ဝယ် တင်ပလ္လင်ကို၊ အာဘုဇိတွာ - ဖွဲ့ခွေ၍၊ နိသီဒန္တိ - ထိုင်ကြကုန်၏၊ [ဆင်းတုတော်များ တင်ပလ္လင်ခွေမျိုး မဟုတ်၊ မြန်မာများ တင်ပလ္လင်ခွေသကဲ့သို့ ခွေ၍ ထိုင်ခြင်းကို"ပလ္လင်္ကေန နိသီဒန္တိ "ဟု ဤနေရာ၌ ယူပါ၊ ထိုသို့ ခွေ၍ထိုင်သောအခါ ခြေဖနောင့်သည် ပေါင်

× × × × × × ×

ဣဒံ၊ပေ၊ဝဋ္ဋတိ။ ။ဣဒံ ဩဒိဿ အနုညာတံ ဝဋ္ဋတီတိ ဧကတောဝါ ဥဘတောဝါ အဝဿဝေ သတိပိ (ကိလေသာမိုးရေဖြင့် စိုစွတ်ခြင်း ဖြစ်ပါသော်လည်း) ဩဒိဿ အနုညာတတ္တာ ဝဋ္ဋတိ၊—သာရတ္တ၊ ခြေကိုကိုင်၍ ရှိခိုးမှုစသည်ကိုပြုရာ၌"အနုဇာနာမိ ဘိက္ခဝေ သာဒိတုံ " ဟု သီးခြား ခွင့်ပြုတော်မူအပ်သောကြောင့် ဧကတော အဝဿုတ, ဥဘတော အဝဿုတဖြစ်စေကာမူ အပ်ပါသည်-ဟူလို။

ရင်းနှင့် ထိနေသောကြောင့် ထိုဖနောင့်အတွေ့ကို သာယာကြသည်၊]အနုပလ္လက်နွံ့-ကား၊ ဧကံ-တဖက်သော၊ ပါဒံ- ခြေကို၊ အာဘုဇိတွာ-၍၊ ကတပလ္လင်္ကံ-ပြုအပ်သော တဝက်တင်ပလ္လင်ကို၊ (“အနုဇာနာမိ” ဟု ပါဠိတော်၌စပ်၊)[ယခုအခါ ဒူးတုပ်၍ ထိုင်ခြင်းမျိုး မဟုတ်ဘဲ ခြေတဖက်ကို တင်ပလ္လင်ခွေ သကဲ့သို့ ထိုင်၍ အခြားခြေတဘက်က ဒူးတုပ်သကဲ့သို့ ထိုင်ခြင်းမျိုး ဖြစ်ဟန်တူသည်၊ နှစ်ဘက်စလုံး ဒူးတုပ်၍ ထိုင်ခြင်းမျိုးကား အနုပလ္လက် (တဝက်က တင်ပလ္လင်ခွေခြင်း)ဟူသောစကားနှင့် မလျော်ပါ၊ ရှေးမှီပုဂ္ဂိုလ်များကို စုံစမ်းကြပါလေ။]

ဟေဋ္ဌာ ဝိဝရေ ဥပရိပဋိစ္ဆန္နေတိ ဧတ္ထ-၌၊(ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) [အချို့စာ၌ “ဟေဋ္ဌာဝိဝရေ ဥပရိဆန္နေ” ဟုလည်း ရှိ၏၊) ကူပေ- ကျင်ကြီးတွင်းသည်၊ ဝါ-ကို၊ ခတော-တူးအပ်ပြီးသည်၊ သစေ ဟောတိ-အံ့၊ ပန-ထိုသို့ပင်တူးအပ်ပြီးပါသော်လည်း၊ ဥပရိ-တွင်း၏ အထက်၌၊ ပဒရမတ္တမေဝ- ပျဉ်ချပ်မျှသည်သာ၊ (ဟောတိ- ရှိအံ့၊) သဗ္ဗဒိသာသု—အလုံးစုံသော အရပ်မျက်နှာတို့၌၊ ပညာယတိ- ထင်ရှားအံ့၊ (ပဒရမတ္တမေဝကို ထပ်ဖွင့်သည်၊) ဧဝရူပေ - ဤသို့သဘောရှိသော ကုဋိတွင်း၌လည်း၊ (ဝစ္စံ- ကျင်ကြီးကို၊ ကာတုံ-ငှါ၊) ဝဋ္ဋတိ-အပ်၏။

ကုက္ကုသမတ္တိကန္တိ - ကား၊ ကုဏ္ဍကဓေဝ -ဆန်ကျိူး, ဆန်ကွဲကိုဧင်း၊ မတ္တိကဥ္စ-မြေညက်ကိုဧင်း၊ (“အနုဇာနာမိ” ဟု ပါဠိတော်၌စပ်၊) [စာအုပ်တို့၌ “ကုက္ကုသံ မတ္တိကန္တိ”ဟု ရှိ၏၊ ဒွန်ပုဒ်ဖြစ်ကြောင်းကို သိစေလို၍“ကုဏ္ဍကဓေဝ မတ္တိကဥ္စ”ဟု ဖွင့်သောကြောင့်၊ “ ကုက္ကုသမတ္တိကန္တိ ” ဟု ရှိသောဒွန်ပုဒ်သာမူရင်းဖြစ်ဟန်တူသည်၊] ဧတ္ထ-၌ ဘိက္ခုနိက္ခန္ဓကဠ္ဌ၊ သေသံ - ကြွင်းသော အစီအရင်သည်၊ ဥတ္တာနမေဝ—သာ၊ ဣတိ-အပြီးတည်း။

× × × × × × ×

ဥပရိပဒရ မတ္တမေဝ ။ ။ အောက်၌ ကျင်ကြီးတွင်း တူး၍ ထား၏၊ တွင်း၏ အပေါ်၌ကား တတောင် , နှစ်တောင်စသည်မြင့်မှ ပျဉ်ချပ်အခင်းသာ ရှိ၏၊ တွင်းနှင့် ပျဉ်ချပ်အခင်း၏ အကြား၌ အကာမရှိသောကြောင့် ဟင်းလင်းအပြင် ဖြစ်၍နေ၏၊ ထို့ကြောင့် ပဒရမတ္တမေဝကို‘‘သဗ္ဗဒိသာသု ပညာယတိ’’ဟု ဆိုသည်၊ ဘိက္ခုနီတို့ထိုင်၍ ကျင်ကြီးစွန့်သော နေရာ၌ကား‘‘ဥပရိ ပဋိစ္ဆန္နေ’’နှင့်အညီ အကာအရံ ရှိရပေလိမ့်မည်၊ ‘‘ဤကဲ့သို့သော ဝစ္စကုဋိ၌လည်း ဟေဋ္ဌာဝိဝဋ(အောက်၌ ဟင်းလင်းအပြင်) ဖြစ်သောကြောင့် (ကိုယ်ဝန်ကို စွန့်ချမှု စသော မတော်မလျော်အမှုကို မပြုနိုင်ရကား) ကျင်ကြီးစွန့်ခြင်းငှါ အပ်ပါ၏’’ဟူလို။

ဘိက္ခုနိက္ခန္ဓက ဝဏ္ဏနာ—သည်၊
နိဋ္ဌိတာ—ပြီးပြီ။

ပဉ္စသတိကက္ခန္ဓက

ခုဒ္ဒါနုခုဒ္ဒက သိက္ခာပဒကထာ

ပဉ္စသတိကက္ခန္ဓကေ-ကဍ္ဍ၊(အဋ္ဌော ဧဝံ ဝေဒိတဗ္ဗော၊)စတ္တာရိ၊ပေ၊ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒါနီတိ ဧဝမာဒိ-ဤသို့ အစရှိသော စကားကို၊ ကေသိက္ခာပဒမ္ပိ-တပါးသော သိက္ခာပုဒ်ကိုလည်း၊ အပရိစ္စဇိတွာ- မစွန့်မူ၍၊ သဗ္ဗေသံ-အလုံးစုံသော သိက္ခာပုဒ်တို့၏၊ ဝါ- တို့ကို၊ သင်္ဂဟေတဗ္ဗဘာဝဒဿနတ္ထံ-သိမ်းယူထိုက်ကုန်သည်၏အဖြစ်ကိုပြခြင်းအကျိုးငှါ၊[အနုဂ္ဂဟေတဗ္ဗဘာဝဒဿနတ္ထံ-ချီမြှောက်ကုန်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ။]ပရိယာယေန - ပရိယာယ်အားဖြင့်၊ ဝါ- အလှည့်အကြိမ်အားဖြင့်၊ ဝုတ္တံ - ဆိုအပ်ပြီ၊ ဣဒံ ဝေါ သမဏာနန္တိ-ကား၊ ဣဒံ-ဤအမှုသည်၊ သမဏာနံ-ရဟန်းတော်တို့အား၊(“ကပ္ပတိ-အပ်၏” ဟု ပါဠိတော်၌စပ်၊) ဝေါကာရော—ဝေါ အက္ခရာသည်၊ ပဒပူရဏမတ္တော-ပုဒ်တို့၏ ပြည့်ကြောင်းမျှ၌၊ ပဝတ္တော- သော၊ နိပါတော- တည်း၊(ထည့်)။

× × × × × × ×

သင်္ဂဟေတဗ္ဗဘာဝဒဿနတ္ထံ။ ။စာအုပ်တို့၌“သင်္ဂဟေတဗ္ဗ”ဟုချည်း ရှိကြ၏၊ သာရတ္ထဋီကာ၌ “တေနေဝ ကေ သိက္ခာပဒမ္ပိ အပရိစ္စဇိတွာ သဗ္ဗေသံ အနုဂ္ဂဟေတဗ္ဗဘာဝဒဿနတ္ထံ စတ္တာရိ ပါရာဇိကာနိ ထပေတွာ အဝသေသာနိ ခုဒ္ဒါနုခုဒ္ဒကာနီတိ အာဒိ မာဟံသု”ဟု ရှိ၏၊ ထို့ကြောင့် “ အနုဂ္ဂဟေတဗ္ဗဘာဝဒဿနတ္ထံ ” ဟု ရှိလျှင် ဋီကာနှင့် ညီမည်၊ “သိက္ခာပုဒ်အားလုံးကိုပင် မပယ်စွန့်ဘဲ ကျင့်သောအားဖြင့် ချီမြှောက်ကုန်သည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ” ဟူလို။

ပရိယာယေန ။ ။ ပါရာဇိကကို ချန်၍ ကျန် သိက္ခာပုဒ်များသည် ခုဒ္ဒါနုခုဒ္ဒက၊ ပါရာဇိကသံဃာဒိသေသ်ကို ချန်၍ ကျန်သိက္ခာပုဒ်များသည် ခုဒ္ဒါနုခုဒ္ဒက၊ ဤသို့ တလှည့်စီအားဖြင့် ဆိုအပ်သည်ကို “ပရိယာယေန”ဟု ဆိုသည်၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို မပယ်နုတ်ခြင်း၏ အကြောင်းကို သာရတ္ထဋီကာ၌ အကျယ်ပြထား၏၊ အရှင် အာနန္ဒာကိုယ်တိုင်ကလည်း ပယ်နုတ်ခြင်းကို အလိုရှိဟန်မတူ၊ ထိုသို့ အလိုမရှိသောကြောင့်ပင် “အဘယ်သိက္ခာပုဒ်များသည် ခုဒ္ဒက, အဘယ် သိက္ခာပုဒ်များသည် အနုခုဒ္ဒက မည်ပါသနည်း”ဟု လျှောက်ဘို့ရန် သတိမထားမိခြင်း ဖြစ်ဟန်တူပါသည်။

နုတ်လိုလျှင် နုတ်ရစ်။ ။ဘုရားရှင်သည်လည်း“နုတ်ရစ်ကြ”ဟု အမိန့်ပေးသောအားဖြင့် မိန့်တော်မမူ၊ “အာကင်္ခမာနော သံဃော သမူဟနေယျ—သံဃာက ပယ်နုတ်လိုလျှင် ပယ်နုတ်နိုင်၏”ဟု ခွင့်ပြုတော်မူသည့် အနေအားဖြင့်သာ မိန့်တော်မူသည်၊ ထိုအမိန့်တော်အရ သံဃာက ဘုရားပညတ်တော်ကို ပယနုတ်လိုသောဆန္ဒ ဖြစ်ခဲ့ပါမူ, ထိုဆန္ဒသည်ပင် သဘာဝမကျတော့၊ အမှန်အားဖြင့် မိဘ၏ “ လုပ်သင့် , မလုပ်သင့် ” စကားကို အပြည့်အစုံ နားထောင်မှသာ “ သားကောင်း , သမီးကောင်း ” ဟု ဆိုရသကဲ့သို့ မြတ်စွာဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို အပြည့်အစုံကျင့်ကြံသာ “သာဝကကောင်း”ဟု ဆိုနိုင်ပါသည်။

ရူမကာလိကန္တိ(ပဒသ)- ဟူသော ပုဒ်ပါဌ်၏၊ (အတ္ထော ဌ်စပ်၊) ယာဝ-အကြင်မျှလောက်သော ကာလပတ်လုံး၊ သမဏာသ ဂေါတမဿ — ရဟန်းဂေါတမ၏၊ ပရိနိဗ္ဗာန စိတကရူမေ-ပရိနိဗ္ဗာန်စံရာ အရပ်၌ ထင်းပုံ၏ မီးခိုးသည်၊ ပညာယတိ-ထင်ရှား၏၊ တာဝ ကာလံ - ထိုမျှလောက်သော ကာလတိုင်ရုံသာ၊ ("သမဏောန ဂေါတမေန- သည်၊ သိက္ခာပဒံ- ကို၊ ပညတ္တံ-ပညတ်အပ်ပြီ"ဟု ပါဠိတော်၌စပ်၊) ဣတိ အတ္ထော- ဤကား အနက်။

ဣဒဉ္စ ပေ၊ ဒုဋ္ဌုကတန္တိ ဣဒံ - ဟူသော ဤစကားကို၊ တယာဒုဋ္ဌုကတန္တိ-ဟူ၍၊ ကေဝလံ-အာပတ်မဖက် သက်သက်၊ ဂရဟန္တော ဟိ- ကဲ့ရဲ့လိုကုန်သော၊ ထေရေဟိ-ထေရ်တို့သည်၊ ဝုတ္တံ-ဆိုအပ်ပြီ၊ အာပတ္တိံ-ကို၊ သန္ဓာယ-ရည်ရွယ်၍၊ န ဝုတ္တံ-ဆိုအပ်သည် မဟုတ်၊ (ဒုက္ကဋအရ ဒုက္ကဋ်အာပတ်ကို ရည်ရွယ်၍ ဆိုသည် မဟုတ်၊) ဟိ-မှန်၊ တေ-ထိုထေရ်တို့သည်၊ အာပတ္တာနာပတ္တိံ-အာပတ် အနာပတ်ကို၊ န ဇာနန္တိ - မသိကုန်သည်ကား၊ န - မဟုတ်၊ စ- သည်သာမကသေး၊ ဣဒါနေဝ-ယခုအခါ၌ပင်၊ သံဃော အပညတ္တံ န ပညပေတိ ပညတ္တံ န သမုစ္ဆိန္ဒတိတိ-တိ ဟူသော၊ ဇတံ-ကို၊ အနုဿာဝိတံ- ကြားသိစေအပ်ပြီ၊ စ-သည်သာမကသေး၊ ဒေသေဟိ တံ ဒုက္ကဋန္တိ ဣဒဉ္စ- ၎င်းဟူသော ဤစကားကိုလည်း၊ (ပိဖြင့် "သံဃော အပညတ္တံ န ပညပေတိ ပညတ္တံ န သမုစ္ဆိန္ဒတိ"ဟူသော ရှေ့စကားကို ပေါင်း၊) အာမဘန္တေ, ဒုဋ္ဌုမယာကတန္တိ - ဟူ၍၊ ဧဝံ- ဤသို့၊ တံ- ထိုအမှုကို၊ ဒုက္ကဋံတိ-မကောင်းသဖြင့် ပြုအပ်ပါပြီဟူ၍၊ ပဋိဇာနာဟိ-ဝန်ခံလော၊ ဣဒံ-ဤဝန်ခံခြင်းကို၊ သန္ဓာယ- ၍၊ ဝုတ္တံ- ပြီ၊ အာပတ္တိဒေသနံ - အာပတ်ကို ဒေသနာပြောခြင်းကို၊ (သန္ဓာယ-၍၊) န(ဝုတ္တံ)-ဆိုအပ်သည်မဟုတ်၊ [အချို့စာအုပ်တို့၌ "တံ အာဝုသော ဒုက္ကဋံ" ဟု အာဝုသော ပါခြင်းကား မကောင်း၊ ပါဠိတော်၌ မရှိ၊ ဒေသေဟိကို "အာမဘန္တေ ပေ၊ ပဋိဇာနာဟိ" ဟု ဖွင့်သည်၊ တံ ဒုက္ကဋံကား ပါဠိတော်အတိုင်းပင်တည်း။]

× × × × × × ×

ရူမကာလိကံ။ ။ရူမကို "ပရိနိဗ္ဗာနစိတကရူမ"ဟု ဖွင့်၏၊ ပရိနိဗ္ဗာန်စံရာအရပ်၌ မီးသင်္ဂြိုဟ်သောအခါ ထင်းပုံ၏ မီးခိုးတည်း၊ ရူမဿ — ပရိနိဗ္ဗာန်စံရာအရပ်၌ဖြစ်သော ထင်းပုံ၏ မီးခိုး၏၊ ကာလော — ထင်ရှားရှိရာအခါတည်း၊ ရူမကာလော - ခါ၊ ရူမကာလော+ယဿ+အတ္ထီတိ ရူမကာလိကံ(သိက္ခာပဒံ)၊ မီးသင်္ဂြိုဟ်ရာအရပ်၌ မီးခိုးထင်ရှားရာတိုင်ရုံအခါရှိသော သိက္ခာပုဒ်၊ " မီးခိုးလဲတိတ်ရော သိက္ခာပုဒ်ကျင့်မှုလဲ မရှိတော့"ဟူလို၊ ထို့ကြောင့် အဋ္ဌကထာ၌ "တာဝကာလောတိ အတ္ထော"ဟု ရှိခြင်းသည် မကောင်း၊ "တာဝကာလန္တိ အတ္ထော"ဟု ရှိမှ ကောင်းမည်။ [ရူမကာလော ဧတဿာတိ ရူမကာလိကံ , စိတကရူမဝူပသမတော ပရံ အပ္ပဝတ္တနတော၊ — သာရတ္ထ၊ စိတက ရူမကာလော အတ္တနော ပဝတ္တိပရိယောသနဘူတော ဧတဿာတိ ရူမကာလိကံ၊— ဝိမတိ။]

ပန-ကား၊ ထေရော-အရှင်အာနန္ဒာထေရ်သည်၊ ယသ္မာ-ကြောင့်၊ အသတိယာ- သတိကင်းသဖြင့်၊ န ပုစ္ဆိ-မမေးလိုက်မိ၊ (ခုဒ္ဒါနုခုဒ္ဒကကို မမေးလိုက်မိ၊) အနာဒရေန- လေးစားခြင်း မရှိသူ၏အဖြစ်ဖြင့်၊ (မလေးစားသဖြင့်၊) (န ပုစ္ဆိ-မမေးလိုက်သည်ကား၊) န-မဟုတ်၊ တသ္မာ- ကြောင့်၊ တတ္ထ- ထိုသို့မမေးလိုက်မိခြင်း၌၊ ဒုက္ကဋကတဘာဝမ္ပိ - မကောင်းသဖြင့် ပြုအပ်သည်၏အဖြစ်ကိုလည်း၊ အသလ္လက္ခေန္တော - မမှတ်ထင်သည်၊ (ဟုတ္ဝာ- ၍၊) နာဟံ တံ ဒုက္ကဋံ ပဿာမိ တိ - မိဟူ၍၊ ဝတွာ - လျှောက်ပြီး၍၊ ထေရေသု - ထေရ်တို့၌၊ ဂါရဝံ - ရှိသေလေးစားခြင်းကို၊ ဒဿေန္တော - ပြလိုသည်၊ (ဟုတွာ)၊ အပိစာယသ္မန္တာနံ သဒ္ဓါယ ဒေသေမိ တံ ဒုက္ကဋန္တိ- ဟူ၍၊ အာဟ - လျှောက်ပြီ၊ ယထာ - အကြင်အခြင်းအရာအားဖြင့်၊ တုမှေ-အရှင်ဘုရားတို့သည်၊ ဝဒထ- မိန့်တော်မူကြကုန်၏၊ (ဒုက္ကဋန္တိဟု ဝန်ခံလော့ဟု မိန့်တော်မူကြကုန်၏၊)တထာ-ထို မိန့်တော်မူတိုင်းသော အခြင်းအရာအားဖြင့်၊ ပဋိဇာနာမိ - ဝန်ခံပါ၏၊ ဣတိ- ဤအနက်သည်၊ ဝါ- ကို၊ ဝုတ္တံ - သည်၊ ဝါ- သည်၊ ဟောတိ၊ [ဒေသေမိ တံ ဒုက္ကဋံဟု လျှောက်သော်လည်း ဒုက္ကဋ်အာပတ်ကို ဒေသနာကြားပါမည်ဟု လျှောက်သည်မဟုတ်၊ အရှင်ဘုရားများ ဝန်ခံစေလိုသည့်အတိုင်း ဝန်ခံပါမည်ဟု လျှော်ခြင်းတည်း။] အဝသေသေသု - ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကို မလျှောက်ခြင်းမှ ကြွင်းကုန်သော၊ စတူသု - ၄ ပါးကုန်သော၊ ဌာနေသု - ဌာနတို့၌၊ ဧသေဝနယော - ပင်တည်း၊ ဧတ္ထ-ဤ ပဥ္စသတိကက္ခန္ဓက၌၊ သေသံ-ကြွင်းသော၊ ယံ- အကြင် အဆုံးအဖြတ်

× × × × × × ×

စတူသု ဌာနေသု၊ ။ပါဠိတော်၌ (၁) ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို မမေးလိုက်ခြင်း၊ (၂) မြတ်စွာဘုရား၏ ဝဿိကသာဋိကကို ခြေဖြင့်နင်း၍ချုပ်ခြင်း၊ (၃) ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ မာတုဂါမတို့ကို ရှေးဦးစွာ ရှိခိုးစေခြင်း၊ (၄) "ဣဒ္ဓိပါဒ် လေးပါးကို ပွားစေပြီးသောပုဂ္ဂိုလ်သည် အာယုကပ်ပတ်လုံး တည်နိုင်၏ " ဟု အရိပ်နိမိတ် ပြုတော်မူပါသော်လည်း ထို အရိပ်နိမိတ်ကို မမြင်၍ ဘုရားရှင်အား အာယုကပ်ပတ်လုံး တည်ဘို့ရန် မတောင်းပန်လိုက်ခြင်း၊ (၅) မာတုဂါမတို့ ဘိက္ခုနီပြုနိုင်ဘို့ရန် ကြောင့်ကြစိုက်ခြင်း၊ ဤ ၅ ဌာနအတွက် အရှင်အာနန္ဒာအပေါ်၌ မထေရ်တို့က အပြစ်တင်တော်မူကြသည်၊ အရှင်အာနန္ဒာကလည်း ရှိသေသောအားဖြင့် "ဒုက္ကဋ"ဟု ဝန်ခံတော်မူသည်၊ ဤအဓိပ္ပါယ်ကိုရည်ရွယ်၍ ရှေးဆရာတို့ အောက်ပါမှတ်တမ်းကို ရေးသားတော်မူကြသည်။

[ဆောင်] ခုဒ်ကိုမရှင်း, နှပ်ကိုနင်း, ရှိခြင်း– ရိပ် မမြင်။
မာ–ရဟန်းပြု, တောင်းပန်မှု, ထေရ်စု ပြစ်တော်တင်၊
ရှိသေသောအား, ဒုက္ကဋ်ကြား, ငါးပါး အာနန်ရှင်။

["ခုဒ်ကိုမရှင်း"ဟူရာ၌ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များကို မရှင်းလင်းလိုက်ခြင်း, မမေးမြန်း, မလျှောက်ထားလိုက်ခြင်းတည်း၊ "နှပ် " ဟူရာ၌ "ဥဒကသာဋိကာ" ဟူသော ရေသနုတ် မဟုတ်၊ ဝဿိကသာဋိကာကိုပင် "နှပ်"ဟု ဆိုသည်။]

စကားရပ်သည်၊ ဝါ-ကို၊ ဝတ္တဗ္ဗံ-ဆိုထိုက်သည်၊ သိယာ-ဖြစ်၏၊ တံ-ထို အဆုံးအဖြတ် စကားရပ်ကို၊ နိဒါန ဝဏ္ဏနာယမေဝ - နိဒါန်းအဖွင့်၌ပင်၊ (မယာ) ဝုတ္တံ-ဆိုအပ်ပြီ။ [ဤမှနေ၍ "ဝိသေသမတ္တမေဝ ဝဏ္ဏယိဿာမ"ဟု ရှိသေး၏၊ မကောင်း။]

မာယိမာသံ ဝိကာလေ အဟေသုန္တိ- ဟူသောစကားကို၊ ဣမာသံ-ဤမိန်းမတို့၏၊ ဝိကာလေ - အချိန်မဲ့၌၊ ဂမနံ - ပြန်သွားရခြင်းသည်၊ မာ အဟောသိ- မဖြစ်ပါစေလင့်၊ ဣတိ အဓိပ္ပါယေန- ဤသို့သောအလိုဖြင့်၊ အာဟ-ပြောပြီ။

ရဇောဟရဏံ ကရိဿာမာတိ - ကား၊ ဥဒကေန - ရေဖြင့်၊ တေမေတွာ- ဆွတ်၍၊ ပိဠေတွာ-ညှစ်၍၊ ပရိကမ္မကတံ- ပြုအပ်သော ပရိကမ်ရှိသော၊ ဘူမိံ- မြေကို၊ ပုဉ္ဆိဿာမ - သုတ်ကုန်အံ့၊ န ကုလဝံ ဂမေန္တီတိ - ကား၊ ကောဋ္ဌကေ- ကျည်၌၊ ဝါ- ဘဏ္ဍာဘိုက်၌၊ န ဂမေန္တိ- မရောက်စေကြကုန်၊ ဣတိ (အယံ)- ဤ ဆိုအပ်ပြီးကား၊ အဓိပ္ပါယော-ဥတေနမင်း၏ အလိုတည်း။

ယဒဂ္ဂေနတယာတိ-ကား၊ ယံ ဒိဝသံ-အကြင်နေ့ကို၊ အဂ္ဂံ- အပိုင်းအခြားကို၊ ကတွာ-ပြု၍၊ တယာ- သင်သည်၊ (အရဟတ္တံ- အရဟတ္တဖိုလ်ကို၊ သစ္ဆိကတံ- မျက်မှောက်ပြုအပ်ပြီ၊ တဒဂ္ဂေန-ထိုနေ့အပိုင်းအခြားဖြင့်၊ တေ-သင်၏ (အပေါ်၌)၊ မြဟ္မဒဏ္ဍော- မြဟ္မဒဏ်သည်၊ (" ပဋိပ္ပဿဒ္ဓေါ- ငြိမ်းပြီ "ဟု ပါဠိတော်၌ စပ်၊) ဣတိ - အပြီးတည်း။

× × × × × × ×

မာယိမာသံ၊ပေ၊အာဟ။ ။ဤသံဝဏ္ဏနာ, သံဝဏ္ဏေတဗ္ဗလည်း အချို့စာအုပ်၌ မပါ၊ "မာယိမာသံ ဂမနံ"ဟူသောအဖွင့်ကို အတည်ပြုလျှင် "အဟေသုံ"ဟု မရှိသင့်၊ ဂမနံကိုငဲ့၍ "အဟောသိ"ဟု ရှိရမည်၊ သီဟိုဠ်မူ၌ "မာယိမာ ဝိကာလေ အဟေသုံ" ဟု ရှိသတတ်၊ သူ့နည်းနှင့်သူ အဓိပ္ပါယ်ရပါ၏၊ ဝိကာလေကို အဋ္ဌကထာ၌"ဝိကာလေ ဂမနံ"ဟု အပိုထည့်၍ ဖွင့်ဟန်တူသည်၊ ထို ဂမနံကိုငဲ့၍ အဋ္ဌကထာ၌ "အဟောသိ" ဟု ရှိရမည်။

န ကုလဝံ ဂမေန္တိ။ ။န ကောဋ္ဌကေ ဂမေန္တိကား အဓိပ္ပါယ်ဖွင့်တည်း၊ သဒ္ဒတ္ထအားဖြင့်ကား "လူ- ဆေဒနေ"ဟူသော ဓာတ်ကျမ်းနှင့်အညီ လဝနံ ဆိဇ္ဇနံ-ပျက်စီးခြင်း၊ လဝေါ-ခြင်း၊ ကုစ္ဆိတော+လဝေါ ကုလဝေါ-စက်ဆုပ်ဘွယ်သော ပျက်စီးခြင်း၊ "အချည်းနှီးပျက်စီးခြင်း"ဟု ဖြစ်၏၊ [န ကုလဝံ ဂမေန္တီတိ နိရတ္ထကဝိနာသံ န ဂမေန္တိ၊ ကုစ္ဆိတော လဝေါ ကုလဝေါ၊အနယဝိန ၁သောတိ ဝုတ္တံ ဟောတိ၊ (သာရတ္ထ)၊...၂ ကုစ္ဆိတော လဝေါ ဆေဒေါ ဝိနာသော ကုလဝေါ၊ နိရတ္ထကဝိနာသော၊ တံ န ဂစ္ဆန္တီတိ န ကုလဝံ ဂမေန္တိ၊-(ဝိမတိ)]။

ပဉ္စသတိကက္ခန္ဓကဝဏ္ဏနာ- သည်၊ နိဋ္ဌိတာ-ပြီ။

သဗ္ဗသတိကဏ္ဍနက

ဒသဝတ္ထုကထာ

သဗ္ဗသတိကဏ္ဍကေ - ၌၊ (အဗ္ဗော ဧဝံ ဝေဒိတဗ္ဗော၊) ဘိက္ခဂ္ဂေနာတိ-ကား၊ ဘိက္ခုအဂ္ဂေန - ရဟန်းတို့၏ အပိုင်းအခြားဖြင့်၊ ဘိက္ခူ - တို့ကို၊ ဂဏေတွာ-ရေတွက်၍၊ တတ္ထကေ-ထိုမျှ အတိုင်းအရှည်ရှိကုန်သော၊ ပဋိဝိသေ- အဖို့တို့ကို၊ ထပေသုံ- ထားကြကုန်ပြီ၊ ဣတိအတ္ထော- နက်၊ မဟိယာဘိ-ကား၊ ဟိမပါတသမယေ - ဆီးနှင်းကျရာအခါ၌၊ ဟိမဝလာဟကာ - ဆီးနှင်း တိမ်တိုက်တို့တည်း။ [“မဟိယာ”နေရာ၌ “မဟိကာ”ဟုလည်း ရှိ၏။]

အဝိဇ္ဇာနိ ဝုဋ္ဌာတိ-ကား၊ အဝိဇ္ဇာပဋိစ္ဆန္နာ-အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်ကုန်သော၊ ပေါသာတိ-ကား၊ ပုရိသာ- ယောကျ်ားတို့သည်၊ (“သုရံ-သေရည်ကို၊ ပိဝန္တိ - သောက်ကြကုန်၏”ဟု ပါဠိတော်၌စပ်၊) ပိယရူပံ - ချစ်ဘွယ်သဘော ရှိသော အာရုံကို၊ အဘိနန္ဒန္တိ - အလွန် နှစ်သက်ကုန်၏၊ ပတ္ထေန္တိ - တောင့်တကုန်၏၊ ဣတိ - ထို့ကြောင့်၊ ပိယရူပါဘိနန္ဒိနော - ပိယရူပါဘိနန္ဒီတို့ မည်၏၊ [“အဘိနန္ဒန္တီတိ အဘိနန္ဒိနော၊ ပိယရူပံ + အဘိနန္ဒိနော ပိယရူပါဘိနန္ဒိနော” ဟု ပြု။] အဝိဒ္ဒသူတိ - ကား၊ အဝိဇာနန္တာ - မသိကုန်သော၊ (“ပေါသာ - ယောကျ်ားတို့သည်” ဟု ပါဠိတော်၌စပ်၊) ရာဂရဇေဟိ - ရာဂ တည်းဟူသော မြူမှုံတို့ဖြင့်၊ သရဇာ - မြူမှုံရှိကုန်သော၊ (“သမဏာ ဗြာဟ္မဏာ - တို့သည်”ဟု ပါဠိတော်၌စပ်၊) မဂသဒိသာ - သား သမင်နှင့်တူကုန်၏၊ ဣတိ- ထို့ကြောင့်၊ မဂါ - မဂတို့ မည်၏၊ [“မဂါဝိယာတိ မဂါ” ဟု ပြု၊ မဂါတိ မိဂသဒိသာ၊— သာရတ္ထ၊ ဋီကာအလို “မိဂသဒိသာတိ” ဟု ရှိလျှင် ကောင်း၏။] နေတ္တိယာ-ဘဝသို့ ဆောင်တတ်သောတဏှာနှင့်၊ သဟ - တကွ၊ (ဝတ္တန္တိ - ဖြစ်ကုန်၏၊) (ဣတိ)သနေတ္တိကာ-သနေတ္တိကတို့ မည်၏၊ ဝဍ္ဎေန္တိ ကဋသိန္တိ- ကား၊ ပုနပ္ပုနံ-

× × × × × × ×

ဘိက္ခဂ္ဂေန။ ။အဋ္ဌကထာ စာအုပ်တို့၌“ဘိက္ခု+ အဂ္ဂေန”ဟု ပုဒ်ဖြတ်ထားပုံကို တွေ့ရ၏၊ ထိုအလို “ရဟန်းတို့၏ အပိုင်းအခြားအားဖြင့်” ဟု ပေးရလိမ့်မည်၊ ဋီကာတို့၌ကား “ဘိက္ခဂ္ဂေနာတိ ဘိက္ခုဂဏနာယ” ဟု ဖွင့်၏၊ “ဘိက္ခဂ္ဂ၌ ဂဏနတ်, ကွိပစ္စည်းဖြင့် ပြီး၏”ဟု ကြံရပေလိမ့်မည်၊ “ဘိက္ခူနံ + ဂဏနာ ဘိက္ခဂ္ဂေါ” ဟု ကြံပါ၊ “ဘိက္ခူ ဂဏေတွာ တတ္ထကေ ပဋိဝိသေ ထပေသုံ”ကား အဓိပ္ပါယတ္ထတည်း၊ နိဿယ၌ကား ပါဌ်ရှိအတိုင်း အနက်ပေးထားသည်။

သနေတ္တိကာ။ ။တသ္မိံ တသ္မိံ ဝိသယေ ဘဝေဝေါ နေတီတိ နေတ္တိ၊တဏှာယေတံ အဓိဝစနံ၊ တာယ သဟ ဝတ္တန္တီတိ သနေတ္တိကာ၊ (သာရတ္ထ)၊ စာအုပ်တို့၌ “သဟ+နေတ္တိယာတိ သနေတ္တိကာ”ဟု ရှိ၏၊ အချို့စာအုပ်တို့၌မှု “သနေတ္တိယာတိ သဇနေတ္တိကာ”ဟု ပါဌ်ပျက်၏၊ ဝိမတိ၌ကား “နေတ္တိယာ တဏှာယ သဟိတာ သနေတ္တိကာ” ဟု ဖွင့်၏၊ ဝိမတိအလို အဋ္ဌကထာ၌ ပါဌ်တမျိုး ရှိဟန်တူသည်။

ထပ်ခါ ထပ်ခါ၊ ကဋေဝရံ-ခန္ဓာကိုယ်ကို၊ နိက္ခိပမာနာ-ပစ်ချကုန်လျက်၊ ဘူမိံ-သုသာန်မြေကို၊ ဝဍ္ဎေန္တိ-တိုးပွားစေကြကုန်၏၊ [“ကဋသိံ-သုသာန်မြေကို”ဟု ပါဠိတော်၌ပေး။] ဧဝံ-ဤသို့၊ ဝဍ္ဎေန္တာ၀-တိုးပွားစေကုန်လျက်သာ၊ ယောခံ-ကြမ်းတန်းသော၊ ပုနဗ္ဘဝံ-တဖန် ဘဝကို၊ ဝါ-ဘဝသစ်ကို၊ အာဒိယန္တိ-ယူကြကုန်၏၊ ပါပကံ အာဝုသော ကတန္တိ - ကား၊ အာဝုသော - အရှင် ဘုရားတို့၊ အမှာကံ- တပည့်တော်တို့၏(အပေါ်၌)၊ ပါပကံ - မကောင်းသည်ကို၊ ကတံ-ပြုအပ်ပြီ၊ ဣတိ အတ္ထော-နက်။

ကတမေန တွံ ဘူမိ ဝိဟာရေနာတိ ဧတ္ထ-၌၊ ဘူမိတိ ဧတံ-ဘူမိဟူသော ဤသဒ္ဒါသည်၊ ပိယဝစနံ — ချစ်အပ် မြတ်နိုးအပ်သူကို ခေါ်ဝေါ်ကြောင်းသဒ္ဒါ တည်း၊ ပိယံ-ချစ်ဘွယ်သော စကားကို၊ ဝတ္တုကာမော- ပြောဆိုခြင်းငှါ အလို ရှိသည်၊ (ဟုတွာ)၊ အာယသ္မာ သမ္ဗုကာမိ - အရှင် သမ္ဗုကာမိသည်၊ နဝကေ-သီတင်းငယ်ဖြစ်ကုန်သော၊ ဘိက္ခူ-တို့ကို၊ ဧဝံ-ဤသို့(ဘူမိဟူ၍)၊ အာမန္တေသိ ကိရ-ခေါ်တော်မူသတတ်၊[ရှေးနိဿယများ၌“ဘူမိ-အရှင်”ဟုငင်း,“ငါ့ရှင်” ဟုငင်း ပေးကြ၏၊ ပိယဝစနန္တိ ဣမိနာ ကတမေန တွံ ဘူမိ ဝိဟာရေနာတိ ဧတ္ထ ဘူမိသဒ္ဒေါ ပိယဝါစကော ရဋ္ဌိသဒ္ဒေါတိ ဒဿေတိ၊] ကုလ္လကဝိဟာရေနာတိ-ကား၊ ဥတ္တာနဝိဟာရေန- ပေါ်လွင်သော နေကြောင်းတရားဖြင့်၊ (“ဝိဟရသိ-နေ၏”ဟု ပါဠိတော်၌စပ်။)

သာဝတ္ထိယာ သုတ္တဝိဘင်္ဂေတိ-ကား၊ ကထံ-အဘယ်သို့လျှင်၊ သုတ္တဝိဘင်္ဂေ-မာတိကာပါဠိတော်ကို အကျယ်ဝေဘန်ရာ ပဒဘာဇနီ၌၊ ပဋိက္ခိတ္တံ - ပယ်မြစ် တော်မူအပ်သည်၊ ဟောတိ—ဖြစ်သနည်း၊ ဟိ - အဖြေကား၊ တတြ - ထို သုတ္တ

× × × × × × ×

ပါပကံ နော အာဝုသော ကတံ။ ။ပါဠိတော်ရင်း၌ “ ဥပါသကေဟိ ပါပကံ နော အာဝုသော ကတံ”ဟု ရှိ၏၊ ကတံ၏ ကတ္တားသည် “ ဥပါသကေဟိ ” တည်း၊ ထို့ကြောင့် နောကို “အမှေဟိ”ဟု မဖွင့်သင့်၊ နောကို“တပည့်တော်တို့၏ အပေါ်၌” ဟု ပေးဘို့ရန်“အမှာကံ”ဟုသာ ဖွင့်ထိုက်သည်၊ စာအုပ်တို့၌ “အမှေဟိ”ဟု ရှိသည် ကို စဉ်းစားပါ။

ကုလ္လကဝိဟာရေန။ ။မေတ္တာဒယ ရူပါဝစရသမာဓိမတ္တဘာဝတော (မေတ္တာက ရူပါဝစရ သမာဓိမျှသာ ဖြစ်သောကြောင့်) ကုလ္လကဝိဟာရေနာတိ ဝုတ္တံ၊ ခုဒ္ဒကေန ဝိဟာရေ့နာတိ အတ္ထော၊ (ကုလ္လကသဒ္ဒါသည် ခုဒ္ဒက၏ ပရိယာယ်တည်း၊) ခုဒ္ဒကတာ စဿ အဂ မ္ဘီရဘာဝတောတိ အာဟ“ဥတ္တာနဝိဟာရေနာ”တိ၊ (မနက်နဲသောကြောင့် “ကုလ္လက”ဟု ခေါ်၏၊ ထို့ကြောင့်“ဥတ္တာန ဝိဟာရေန”ဟု ဖွင့်သည်) ၊—သာရတ္ထ။

သုတ္တဝိဘင်္ဂေ ။ ။ သုတ္တဝိဘင်္ဂေတိ ပဒဘာဇနီယေ၊ ဣဒဥ္စ “ ယော ပန ဘိက္ခု သန္ဒိမိကာရကံ ခါဒနီယံဝါ ဘောဇနီယံဝါ”တိ သုတ္တေ ယာဝကာလိကဿေဝ ပရာ မဋ္ဌတ္တာ သိင်္ဂီလောဏဿ ယာဝဇီဝိကဿ သန္ဒိမိကတဿ အာမိသေန သဒ္ဓိံ ပရိ

ဝိဘာဂ်၌၊ သန္နိမိနာမ အဇ္ဈပဋိဂ္ဂဟိတံ အပရဇ္ဈုတိ-ဇ္ဈုဟူ၍၊ ဝတ္တာ-ဟောတော်မူပြီး၍၊ ပုန — တဖန်၊ သန္နိဓိကာရကေ ၊ ပေ ၊ ပါစိတ္တိယဿာတိ - ဿ ဟူ၍၊ အာပတ္တိံ-ကို၊ ဝဒန္တေန - ဟောတော်မူသော မြတ်စွာဘုရားသည်၊ ပဋိက္ခိတ္တံ-သည်၊ဟောတိ-၏၊[သန္နိဓိကာရကေ-ပြုအပ်သော သိုမှီးသိမ်းဆည်းခြင်းရှိသော ခဲဘွယ်ဘောဇဉ်၌၊ အသန္နိဓိကာရကသညီ - သန္နိဓိကာရက မဟုတ်ဟု အမှတ်ရှိသည်၊(ဟုတွာ)၊ခါဒနီယံဝါ-ခဲဘွယ်ကိုသော်၎င်း၊ ဘောဇနီယံဝါ-ဘောဇဉ်ကိုသော်၎င်း၊ ခါဒတိဝါ- ခဲမူလည်း ခဲအံ့၊ ဘုဉ္ဇတိဝါ—စားမူလည်း စားအံ့၊ ပါစိတ္တိယဿ-ပါစိတ် အာပတ်သို့၊ အာပဇ္ဇတိ-ရောက်ခြင်းသည်၊ (ဟောတိ)။]

တတြ-ထိုပါဠိ၌ရပ်၌၊ ဧကေ-အချို့ဆရာတို့သည်၊မညန္တိ-မှတ်ထင်ကြကုန်၏၊ (ကိံ)၊ ဟိ-ချဲ့၊ ယော ပန ဘိက္ခု သန္နိဓိကာရကံ ခါဒနီယံဝါ ဘောဇနီယံဝါတိ-ဝါ-ဟူ၍၊(ဘဂဝတာ) ဝုတ္တံ - ဟောတော်မူအပ်ပြီ၊ ဣဒဉ္စ လောဏံနာမ - ဤဆားမည်သည်လည်း၊ ယာဝဇီဝိကတ္တာ-ယာဝဇီဝိက၏ အဖြစ်ကြောင့်၊ သန္နိဓိဘာဝံ-သန္နိဓိ၏အဖြစ်သို့၊ နာပဇ္ဇတိ-မရောက်၊[“ဆားက ခါဒနီယ ဘောဇနီယ မဟုတ်သောကြောင့် သန္နိဓိ မဖြစ်”ဟူလို၊]အလောဏကံ—ဆားမရှိသော၊ ယမ္ပိ အာမိသံ-အကြင် အာမိသကိုလည်း၊ ပဋိဂ္ဂဟေတွာ-အကပ်ခံပြီး၍၊ တေန—ထို ရှေးနေ့က အကပ်ခံအပ်ပြီးသော ဆားနှင့်၊ သဒ္ဓိံ-တကွ၊ ပရိဘုဉ္ဇတိ - စား၏၊ [တေနသဒ္ဓိန္တိ ပုရေပဋိဂ္ဂဟိတလောဏေန သဒ္ဓိံ၊-ဋီကာ၊] တံ-ထို အာမိသကို၊ တဒဟုပဋိဂ္ဂဟိတမေဝ — ထိုနေ့၌သာ အကပ်ခံအပ်ပြီ၊ တသ္မာ — ထို့ကြောင့်၊ (ဆား၏ သန္နိဓိအဖြစ်သို့ မရောက်သည်၏အဖြစ်, အာမိသ၏ ယနေ့မှ အကပ်ခံအပ်သည်၏အဖြစ်ကြောင့်၊)ဘိက္ခဝေ-တို့၊ ယာဝကာလိကေန-ယာဝကာလိက ခဲဘွယ် ဘောဇဉ်နှင့်၊ ယာဝဇီဝိကံ- ယာဝဇီဝိကသည်၊ တဒဟုပဋိဂ္ဂဟိတံ- ထိုနေ့၌ အကပ်ခံအပ်သည်၊ (သမာနံ—သော်၊) ကာလေ-နံနက်အခါ၌၊ ကပ္ပတိ-အပ်၏၊ ဝိကာလေ - နေလွဲအခါ၌၊ န ကပ္ပတိ-မအပ်၊ ဣတိ- သို့၊ ဝစနတော—ဟောတော်မူခြင်းကြောင့်၊(အချို့စာ၌“ဝဒတော”ဟု ရှိ၏၊)ဧတ္ထ-ဤရှေးနေ့က

× × × × × × ×

ဘောဇေ ပါစိတ္တိယံ ဝိဘင်္ဂနယေနေဝ သိဒ္ဓါတီတိ ဝုတ္တံ၊ တံ ပန ပါစိတ္တိယံ ဝိဘင်္ဂေ အာဂတဘာဝံ သာဓေတုံ “ ကထံ သုတ္တဝိဘင်္ဂေ”တိ အာဒိ ဝုတ္တံ၊ တတ္ထ ဟိ လောဏ မေတ္တ သန္နိမိကတံ၊ န ခါဒနီယံ ဘောဇနီယန္တိ လောဏမိဿဘောဇနေ ဝတ္ထုပုတ္တကာ အနဝဇ္ဇသညိနော အဟေသုံ၊ တထာသညီနမ္ပိ နေသံ အာပတ္တိ ဒဿနတ္ထံ “ သန္နိမိ ကာရေ အသန္နိမိကာရသညီ ”တိ ဣဒံ သုတ္တ ဝိဘင်္ဂေ ဥဒ္ဓဋန္တိ ဝေဒိတဗ္ဗံ၊- ဝိမတိ။....

ဆိုလိုရင်းကား— ဆားသည် သန္နိမိ မဖြစ် , အာမိသကလည်း ယနေ့မှ အကပ်ခံသည့်အတွက် သန္နိမိ မဖြစ်၊ ထို့ကြောင့် “ ရှေးနေ့က အကပ်ခံအပ်ပြီးသော ဆားနှင့် ယနေ့ အကပ်ခံအပ်သော ဆွမ်းစသော အာမိသကို ရောရှ်စားရာ၌ အပြစ်မရှိ ” ဟု အယူရှိကြသည်၊ သို့သော် အပြစ်ရှိသည်သာ။

အကပ်ခံအပ်ပြီးသော ဆားနှင့် တဒဟုပဋိဂ္ဂဟိတ အာမိသကို ရောရှ၍ စားရာ၌၊ ဒုက္ကဋေနေ—ဒုက္ကဋ်အာပတ်သည်၊ ဘဝိတဗ္ဗံ—ဖြစ်ထိုက်၏၊ ဣတိ-ဤသို့၊ (မညန္တိ-ကုန်၏)။

တေ-ထို ဧကေ ဆရာတို့ကို၊ ဝတ္တဗ္ဗာ-ပြောဆိုထိုက်ကုန်၏၊(ကိံ)၊ တုမှာကံ-အသင်တို့၏၊ မတေန- အလိုအားဖြင့်၊ ဒုက္ကဋေနပိ - ဒုက္ကဋ်အာပတ်သည်လည်း၊ န ဘဝိတဗ္ဗံ-မဖြစ်ထိုက်၊ ဟိ- မှန်၊ (တနည်း၊ ကသ္မာ, ဒုက္ကဋေနပိ- သည်လည်း၊ န ဘဝိတဗ္ဗံ-နည်း၊)ဟိ(ယသ္မာ)-ကြောင့်၊ ဧတ္ထ-ဤ ရှေးနေ့က အကပ်ခံအပ်ပြီးသော ဆားနှင့် တဒဟုပဋိဂ္ဂဟိတအာမိသကို ရောရှ၍ စားရာ၌၊ ယာဝဇီဝိကံ—ယာဝဇီဝိက ဆားသည်၊ န တဒဟုပဋိဂ္ဂဟိတံ-တဒဟု ပဋိဂ္ဂဟိတမဟုတ်၊ တဒဟု

× × × × × × ×

ဒုက္ကဋေနေတ္ထ ဘဝိတဗ္ဗံ။ ။"ယာဝကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ ပဋိဂ္ဂဟိတံ"ဟု သာမညအားဖြင့် မိန့်တော်မမူဘဲ"တဒဟု ပဋိဂ္ဂဟိတံ (ထိုနေ့၌အကပ်ခံအပ်)" ဟု မိန့်တော်မူအပ်သော စကားတော်၏ အစွမ်းသတ္တိကြောင့် သိဂီလောဏကဲ့သို့ ရှေးနေ့က အကပ်ခံအပ်သော ယာဝဇီဝိကသည် ယခုနေ့ အကပ်ခံအပ်သော ယာဝကာလိကနှင့် ရောလျှင် နံနက်အခါ၌လည်း မအပ် — ဟူသော အဓိပ္ပါယ်သည် ပြီးစီး၏၊ ထိုသို့ မအပ်လျှင် ပါစိတ်အာပတ် မဖြစ်နိုင်၊ အနည်းဆုံးအပြစ်မှာ ဒုက္ကဋ်သာ ဖြစ်ထိုက်သော ကြောင့်"ဒုက္ကဋေနေတ္ထ ဘဝိတဗ္ဗံ"ဟု ဆိုသည်။

ဒုက္ကဋေနပိ န ဘဝိတဗ္ဗံ။ ။ ဒုက္ကဋ်အာပတ် မဖြစ်ထိုက်ပုံကို အကြောင်းနှင့်တကွ အကျယ်ပြလို၍ " န ဟိ ဧတ္ထ "စသည်မိန့်၊ ပါဠိတော်၌ "ယာဝကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ တဒဟုပဋိဂ္ဂဟိတံ ကာလေ ကပ္ပတိ၊ ဝိကာလေ န ကပ္ပတိ"ဟု ဟောတော်မူ၏၊ ဤပါဠိတော်၌"ယာဝဇီဝိက ဆား"သည် တဒဟုပဋိဂ္ဂဟိတ မဟုတ်၊ ရှေးနေ့က အကပ်ခံအပ်သော ဆားတည်း၊ ယာဝကာလိက အာမိသကား တဒဟုပဋိဂ္ဂဟိတသာ တည်း၊ ထိုယာဝကာလိကကိုလည်း ဝိကာလ၌ စားအပ်သည် မဟုတ်၊ " ထို့ကြောင့် ဒုက္ကဋ်အာပတ်လည်း မဖြစ်ထိုက်"ဟူလို၊ ["န စ တံ ဝိကာလေ ပရိဘုတ္တန္တိ"ဟု ဣတိ သဒ္ဒါ ပါလျှင် ကောင်း၏၊ မပါလျှင် ထည့်၍ပေးပါ၊ ဤ " ဒုက္ကဋေနပိ န ဘဝိတဗ္ဗံ " ဟူသော စကားရပ်၌ ဝိမတိကား တမျိုးအကြောင်းပြသေး၏။]

ဝိမတိ။ ။ဒုက္ကဋေနပိ န ဘဝိတဗ္ဗန္တိ ယဒိ ဟိ သန္နိဓိကာရပစ္စယာ ဒုက္ကဋံ့ မည၁ထ၊ ယာဝဇီဝိကာသ လောဏာသ သန္နိဓိဒေါသာဘာဝါ ဒုက္ကဋေန န ဘဝိတဗ္ဗံ၊ အထ အာမိသေန သမ္ဘိန္နရသဿ တဿ အာမိသဂတိကတ္တာ ဒုက္ကဋံ့ မာမညထ၊ တဒါစ ဟိ ပါစိတ္တိယေနေဝ ဘဝိတဗ္ဗံ အာမိသတ္တုပဂမနတောတိ အဓိပ္ပါယော။

န ဟိ ဧတ္ထ၊ပေ၊တဒဟုပဋိဂ္ဂဟိတံ။ ။န ဟိ ဧတ္ထ ယာဝဇီဝိကံ တဒဟုပဋိဂ္ဂဟိတ န္တိ " ကပ္ပတိ သိင်္ဂီလောဏကပ္ပေါ "တိ ဧတ္ထ ဝုတ္တသိင်္ဂီလောဏံ သန္ဓာယ ဝုတ္တံ၊ (ဤ၌ "ယာဝဇီဝိက"ဟူသည် သိင်္ဂီလောဏ ဆားတည်း-ဟူလို၊) တဉ္စ ပုရေ ပဋိဂ္ဂဟိတတ္တာ သိင်္ဂီန ပရိဟာရံ့ နှ တဒဟုပဋိဂ္ဂဟိတံ၊—သာရတ္ထ၊ [အချို့ဋီကာစာအုပ်များ ပါဠိပျက် လျက် ရှိ၏။]

ပဋိဂ္ဂဟိတံ - တဒဟု ပဋိဂ္ဂဟိတသည်၊ ယာဝကာလိကမေဝ - ယာဝကာလိက ခဲဘွယ် ဘောဇဉ်သာတည်း၊ တံစ-ထို တဒဟုပဋိဂ္ဂဟိတ ယာဝကာလိက ခဲဘွယ် ဘောဇဉ်ကိုလည်း၊ဝိကာလေ-နေလွဲအခါ၌၊န ပရိဘုတ္တံ-စားအပ်သည်မဟုတ်၊ (ဣတိ-ထို့ကြောင့်၊ ဒုက္ကဋ္ဌေနပိ-သည်လည်း၊ န ဘဝိတဗ္ဗံ-ထိုက်၊)ဝါ-တနည်း၊ [အချို့စာအုပ်၌ " ယဒိ တံ ဝါ"ဟု ရှိ၏၊] ဝိကာလေ န ကပ္ပတီတိ ဝစနေန-တိ ဟူသော စကားတော်ကြောင့်၊ တုမှေ-အသင် ဧကေဆရာတို့သည်၊ ဒုက္ကဋံ-ဒုက္ကဋ် အာပတ်ကို၊ ယဒိ မညထ-အကယ်၍ မှတ်ထင်ကုန်အံ့၊(ဧဝံ သတိ)၊ ယာဝဇီဝိက မိဿံ-ယာဝဇီဝိကဖြင့် ရောနှောအပ်သော၊ ယာဝကာလိကံ - ကို၊ ဝိကာလေ-နေလွဲအခါ၌၊ ဘုဥ္ဇန္တဿ-စားသော ရဟန်း၏၊ ဝိကာလဘောဇနပါစိတ္တိယံ- ဝိကာလဘောဇန ပါစိတ်အာပတ်သည်၊ န ဘဝေယျ- မဖြစ်ရာ၊[သင်တို့ အလို အားဖြင့် ဒုက္ကဋ်အာပတ်သာ ဖြစ်ရာရှိသည် - ဟူလို၊] တသ္မာ- ထို့ကြောင့်၊ ဗျဉ္ဇနမတ္တံ-သဒ္ဒါမျှကို၊ န ဂဟေတဗ္ဗံ- မယူထိုက်၊ အတ္ထော - အနက်အဓိပ္ပါယ်ကို၊ ဥပပရိက္ခိတဗ္ဗော-စူးစမ်းဆင်ခြင်ထိုက်၏၊(ကိံ-အဘယ်သို့ စူးစမ်းဆင်ခြင်ထိုက် သနည်း)။

ဟိ-ချဲ့၊(စူးစမ်း ဆင်ခြင်ထိုက်ပုံကို ချဲ့၊)ဧတ္ထ-ဤယာဝကာလိကေန ဘိက္ခဝေ အစရှိသော ပါဠိရပ်၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ အတ္ထော - အနက်တည်း၊ ယာဝကာလိကေန-ယာဝကာလိကနှင့်၊ တဒဟုပဋိဂ္ဂဟိတံ - ထိုနေ့၌ အကပ်ခံ အပ်သော၊ယာဝဇီဝိကံ-ယာဝဇီဝိကသည်၊ သမ္ဘိန္နရသံ-ရောစပ်သော အရသာ ရှိသည်၊ ယဒိ ဟောတိ - ဖြစ်အံ့၊ (ဧဝံ သတိ)၊ ယာဝကာလိက ဂတိကမေဝ- ယာဝကာလိက၏ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိသည်သာ၊(ယာဝကာလိကနှင့် အလားတူသည်သာ၊) ဟောတိ- ၏၊ တသ္မာ-ထို့ကြောင့်၊ (တဒဟုပဋိဂ္ဂဟိတ ယာဝဇီဝိက၏ သမ္ဘိန္နရသ ဖြစ်လျှင် ယာဝကာလိကနှင့် အလားတူသည်၏ အဖြစ်ကြောင့်၊) ယောပန ဘိက္ခု ဝိကာလေ ခါဒနီယံဝါ ဘောဇနီယံဝါတိ ဣမိနာ သိက္ခာပဒေန — ဝါ ဟူသော ဤ သိက္ခာပုဒ်တော်ကြောင့်၊ ကာလေ— နံနက်အခါ၌၊ ကပ္ပတိ - အပ်၏၊ ဝိကာလေ - နေလွဲအခါ၌၊ န ကပ္ပတိ—မအပ်၊ ဣဓ—ယာဝကာလိကေန ဘိက္ခဝေ အစရှိသော ဤ ပါဠိရပ်၌၊ န ကပ္ပတီတိ— န ကပ္ပတိဟူသော၊ ဝစနမတ္တေန - စကားတော်မျှကြောင့်၊ ဧတ္ထ - ဤ ရှေးနေ့က အကပ်ခံအပ်ပြီးသော ဆားနှင့် တဒဟုပဋိဂ္ဂဟိတအာမိသကို ရော၍ စားရာ၌၊ ဒုက္ကဋံ - ဒုက္ကဋ်အာပတ်သည်၊ န ဟောတိ - မဖြစ်၊ တဒဟု ပဋိဂ္ဂဟိတံ - ထိုနေ့၌ အကပ်ခံအပ်သော၊ယာဝဇီဝိကံ-ယာဝဇီဝိကသည်၊ယာဝကာလိကေန-ယာဝ ကာလိကနှင့်၊ သမ္ဘိန္နရသံ - ရောစပ်သောအရသာ ရှိသည်၊ (သမာနံ - ဖြစ်လ သော်၊) ဝိကာလေ-နေလွဲအခါ၌၊ န ကပ္ပတိယထေဝ-မအပ်သကဲ့သို့၊ ဝိကာလ ဘောဇနပါစိတ္တိယာဝဟံ - ဝိကာလဘောဇန ပါစိတ်အာပတ်ကို ဆောင်နိုင်

သည်၊ ဟောတိယသေ၀-ဖြစ်သကဲ့သို့၊ [ရှေးစာအုပ်တို့၌ "ပါစိတ္တိယာ၀ တံ"ဟု ပါ၌ပျက်၏။] ဧဝံ - ဤ့အတူ၊ ယာ၀ဇီဝိကံ - ယာ၀ဇီဝိကသည်၊ (ရှေ့ဝါကျမှ လိုက်စေ၊) အဇ္ဇ- ယနေ့၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သည်၊ (သမာနံ)ပိ- ဖြစ်ပါ သော်လည်း၊ အပရဇ္ဇု - နောက်နေ့၌၊ ယာ၀ကာလိကေန - နှင့်၊ သမ္ဘိန္နရသံ - ရောစပ်သော အရသာရှိသည်၊ (သမာနံ - သော်၊) န ကပ္ပတိ - မအပ်၊ သန္နိဓိ ဘောဇန ပါစိတ္တိယာ၀ ဟံ-သန္နိဓိဘောဇန ပါစိတ်အာပတ်ကိုဆောင်နိုင်သည်၊ ဟောတိ-၏၊ တံ-ထို ယာ၀ဇီဝိကကို၊ (အဇ္ဇပဋိဂ္ဂဟိတဖြစ်သော်လည်း အပရဇ္ဇု ယာ၀ကာလိကနှင့် သမ္ဘိန္နရသဖြစ်သော ယာ၀ဇီဝိကကို၊) "ဣဒံ - ဤ ယာ၀ ဇီဝိကသည်၊ သန္နိဓိကတံ-ပြုအပ်သော သိုမှီး သိမ်းဆည်းခြင်းရှိ၏၊" ဣတိ-ဤသို့၊ အဇာနန္တော ပိ- မသိပါသော်လည်း၊ န မုစ္စတိ - အာပတ်မှ မလွတ်၊ ("သန္နိဓိ ပါစိတ်အာပတ်သင့်သည်"ဟူလို၊)ဟိ-သာခကကား၊ သန္နိဓိကာရကေ အသန္နိဓိ ကာရကသညီ ခါဒနီယံ ၀ါ ဘောဇနီယံ ၀ါ ခါဒတိ ၀ါ ဘုဉ္ဇတိ ၀ါ အာပတ္တိ ပါစိတ္တယဿာတိ-ဿဟူသော၊ ဧတံ(သုတ္တံ)-ဤပါဠိကို၊ (ဘဂ၀တာ-သည်၊) ဝုတ္တံ - ဟောတော်မူအပ်ပြီ၊ (သုတ္တဝိဘင်္ဂ ဟု ခေါ်အပ်သော ပဒဘာဇနီ၌ မိန့် တော်မူအပ်ပြီ၊) ဣတိ(အတ္ထော)- ဤကားအနက်၊ ဣတိ-ဤသို့၊ (အတ္ထော-ကို၊ ဥပပရိက္ခိတဗ္ဗော-၏၊)ဣတိ-ဤသို့၊(တေ-ထို ကေဆရာတို့ကို၊ ဝတ္တဗ္ဗာ-န်၏၊) တသ္မာ-ထို့ကြောင့်၊(ထိုသို့ ဤ အနက်အဓိပ္ပါယ်ရှိသည်၏အဖြစ်ကြောင့်၊) ကတ္ထ ပဋိက္ခိတ္တန္တိ - ဟူသော၊ ဣမိဿာပုစ္ဆာယ - ဤအမေး၏၊ သာ၀တ္ထိယာ သုတ္တ ဝိဘင်္ဂေတိ-ဟူသော၊ ဣဒံ ဗျာကရဏံ-ဤအဖြေသည်၊ ပရိသုဒ္ဓံ-ထက်ဝန်းကျင် စင်ကြယ်သော အဖြေတည်း။

ရာဇဂဟေ ဥပေါသထသံယုတ္တေတိ ဣဒံ-ဟူသော ဤစကားကို၊ န ဘိက္ခဝေ ပေ၊ အာပတ္တိ ဒုက္ကဋဿာတိ ဧတံ- ဿဟူသော ဤပါဠိတော်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ (အာယသ္မတာ သဗ္ဗကာမိတ္ထေရေန- အရှင် သဗ္ဗကာမီထေရ်သည်၊) ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ [ဥပေါသထသံယုတ္တေတိ ဥပေါသထ ပဋိသံယုတ္တေ၊ ဥပေါသထက္ခန္ဓကေတိ ဝုတ္တံ ဟောတိ၊ — သာရတ္ထ၊ ဘိက္ခဝေ - တို့၊ ဧကသ္မိံ- တခုသော၊ အာ၀ါသေ-သမာနသံ၀ါသကဖြစ်သောကျောင်းတိုက်၌၊ ဒွေ-၂ ခု ကုန်သော၊ ဥပေါသထာဂါရာနိ-ဥပုသ်ကျောင်းဆောင်တို့ကို၊ န သမ္မန္နိတဗ္ဗာနိ- မသမုတ်ထိုက်ကုန်၊ ယော-အကြင်ရဟန်းသည်၊ သမ္မန္နေယျ-သမုတ်အံ့၊ (တဿ ဘိက္ခုနော — ထိုရဟန်း၏၊) ဒုက္ကဋဿ — သို့၊ အာပတ္တိ — ရောက်ခြင်းသည်၊ (ဟောတိ)၊]ဝိနယာတိသာရေဒုက္ကဋန္တိ-ကား၊ န ဘိက္ခဝေ၊ပေ၊သမ္မန္နိတဗ္ဗာနီတိ ဧတဿ ဝိနယဿ- တဗ္ဗာနိဟူသော ဤ ဝိနည်းတော်ကို၊ အတိသာရေ- ကျော် လွန်ခြင်းကြောင့်၊ ဒုက္ကဋံ - ဒုက္ကဋ်အာပတ်သည်၊ (ဟောတိ)၊ [အတိသရဏံ အတိသာရော၊ အတိက္ကမော၊ ဝိနယဿ + အတိသာရော ဝိနယာတိသာရော—

ဝိနည်းကို ကျော်လွန်ခြင်း၊— သာရတ္ထ။] စမ္မေယျကေ ဝိနယဝတ္ထုသ္မိန္တိ ဣဒံ-
သ္မိံ ဟူသော ဤစကားကို၊ အဓမ္မေန စေ ၊ပေ၊ ကရဏီယန္တိ ဧဝံ - အဓမ္မေန စေ
၊ပေ၊ကရဏီယံ ဤသို့သောစကားကို၊ အာဒိံ ကတွာ- အစပြု၍၊ စမ္မေယျကက္ခန္ဓ
ကေ - ၌၊ အာဂတံ- လာသော၊ ဝိနယဝတ္ထုံ - ဝိနည်းဝတ္ထုကို၊ သန္ဓာယ - ၍၊
(အာယသ္မတာ သဗ္ဗကာမိတ္ထေရေန)ဝုတ္တံ-ပြီ၊ (သီးခြား နာမည်တပ်၍မရသော
စမ္မေယျကက္ခန္ဓကာ၌လာသော ဝတ္ထုသာမည်ကို " ဝိနယဝတ္ထု " ဟု ဆိုဟန်တူ
သည်၊) [ဘိက္ခဝေ-တို့၊ အဓမ္မေန-အဓမ္မဖြင့်၊ ဝဂ္ဂကမ္မံ - ဝဂ်ဖြစ်သော ကံသည်၊
စေ(ဟောတိ၊ ဧဝံသတိ၊)အကမ္မံ-ကံမဟုတ်၊ နစ ကရဏီယံ-ပြုလည်းမပြုထိုက်။]
ကေစ္စော ကပ္ပတီတိ ဣဒံ - တိဟူသော ဤစကားကို၊ ဓမ္မိကံ- တရားနှင့်ယှဉ်
သော၊ အာဝိလုံ- အလေ့အကျက်ကို၊ သန္ဓာယ- ၍၊ (အာယသ္မတာ သဗ္ဗကာမိ
တ္ထေရေန) ဝုတ္တံ-ပြီ၊ ဆေဒနကေ ပါစိတ္တိယန္တိ - ကား၊ ဟိ (ယသ္မာ) - ကြောင့်၊
သုတ္တဝိဘင်္ဂေ-မာတိကာပါဠိတော်ကို အကျယ်ဝေဘန်ရာပဒဘာဇနီ၌၊ နိသီဒနံ
နာမ သဒသံ ၀ုစ္စတီတိ- ဟူ၍၊ အာဂတံ-လာပြီ၊ တသ္မာ- ထို့ကြောင့်၊ (အဆာ
ရှိသော နိသီဒိန်ကို "နိသီဒန"ဟူ၍ ခေါ်အပ်သည်၏အဖြစ်ကြောင့်၊)ဒွိန္နံ သုဂတ
ဝိဒတ္ထီနံ-မြတ်စွာဘုရား၏ နှစ်ထွာတော်တို့၏၊ ဥပရိ- အထက်၌၊ ဒသာယေဝ-
အဆာကိုသာ၊ ဝိဒတ္ထိမတ္တာ - တထွာ အတိုင်းအရှည်ရှိသည်ကို၊ လဗ္ဘတိ - ၏၊
[ယောဇနာ၌ ဒသာယေဝကို"ဒသာယ+ဧဝ"ဟု ပုဒ်ဖြတ်၍"၌"ဟု ပေးလေ၏၊
အရတူလျှင် ဝိဘတ်တူမြဲဖြစ်သောကြောင့် စဉ်းစားသင့်ပါသည်၊ မိမိကား ဝိဒတ္ထိ
မတ္တာနှင့် အရတူသောကြောင့် "ဒသာ+ဧဝ" ဟု ပုဒ်ဖြတ်လိုက်ပါသည်။]
ဒသာယ - အဆာနှင့်၊ ဝိနာ- ကင်း၍၊ တံ ပမာဏံ - ထို သုံးထွာပမာဏကို၊
ကရောန္တဿ-ပြုသောရဟန်း၏၊ ဣဒံ-ဤပါစိတ်အာပတ်သည်၊ အာဂတမေဝ-
တိုက်ရိုက်လာသည်သာ၊ ဟောတိ-၏၊(ကိံ-အဘယ်သို့ တိုက်ရိုက်လာသနည်း၊)
တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယန္တိ-ဟူ၍၊(အာဂတမေဝ ဟောတိ၊)
[ယောဇနာ၌ ကရောန္တဿကို "ဝုတ္တ ပါစိတ္တိယံ အာပဇ္ဇတိ"၌ လှမ်း၍စပ်သည်
ကိုရင်း ၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံကို "ဣဒံ အာဂတမေဝ
ဟောတိ"ဟု ပြန်၍ ယောဇနာသည်ကိုရင်း စဉ်းစားပါ။] တသ္မာ- ထို့ကြောင့်၊
(ပါစိတ်အာပတ်ဟု တိုက်ရိုက်လာသည်၏အဖြစ်ကြောင့်၊) ကိံ အာပဇ္ဇတီတိ-
ဟူ၍၊ ပုဋ္ဌော- မေးအပ်သော၊ ဝါ - အမေးခံရသော၊ (ထေရော- အရှင် သဗ္ဗ
ကာမိထေရ်သည်၊) ဆေဒနကေ ပါစိတ္တိယန္တိ - ဟူ၍၊ အာဟ - မိန့်တော်မူပြီ၊

× × × × × × ×

ဆေဒနကေ ပါစိတ္တိယံ။ ။ဤ "ဆေဒနကေ ပါစိတ္တိယံ" ဟူသော စကားသည်
" တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ " ဟု သိက္ခာပုဒ် ပါဠိတော်၌လည်း
လာ၏၊ "ဆေဒနကေ ပါစိတ္တိယံ " ဟု ပဒဘာဇနီ၌လည်း လာ၏၊ ထို့ကြောင့် ပါဠိ
တော်၌ "သုတ္တဝိဘင်္ဂ" အရ သိက္ခာပုဒ် မာတိကာဟူသော သုတ္တ, ပဒဘာဇနီဟူသော

ဆေဒနကသိက္ခာပဒေ- ဆေဒနကသိက္ခာပုဒ်၌၊ ဝုတ္တပါစိတ္တိယံ- မိန့်တော်မူအပ်သော ပါစိတ်အာပတ်သို့၊ အာပဇ္ဇတိ-ရောက်၏၊ ဣတိအတ္ထော-ဤကားအနက်၊ သဗ္ဗတ္ထ - အလုံးစုံသော ဝါကျတို့၌၊ [ယောဇနာ၌ "သဗ္ဗသ္မိံ သတ္တသတိကက္ခန္ဓကေ"ဟု စွဲလေ၏။] သေသံ-ကြွင်းသောအစီအရင်သည်၊ ဥတ္တာနမေဝ-ပေါ်လွင်ထင်ရှားသည်သာ၊ ဣတိ-အပြီးတည်း။....သမန္တပါသာဒိကာယ-သော၊ ဝိနယသံဝဏ္ဏနာယ- ၌၊ သတ္တသတိကက္ခန္ဓကဝဏ္ဏနာ- သတ္တသတိကက္ခန္ဓက၏ အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။

× × × × × × × ×

ဝိဘင်း ၂ မျိုးလုံးကို ယူပါ၊ "သုတ္တံစ+ဝိဘင်္ဂေါစ သုတ္တဝိဘင်္ဂံ၊ တသ္မိံ သုတ္တဝိဘင်္ဂေ" ဟု ပြုပါ၊ [ပါဠိယံ ရာဇဂဟေ သုတ္တဝိဘင်္ဂေတိ အာဒိသု သဗ္ဗတ္ထ သုတ္တေစ ဝိဘင်္ဂေစာတိ အတ္ထော ဂဟေတဗ္ဗော၊ "နိသီဒနံ နာမ သဒသံ ဝုစ္စတီတိ အာဂတ"န္တိ ဣဒံ ဝိဘင်္ဂေစ အာဂတ ဒသာနတ္တံ ဝုတ္တံ၊–ဝိမတိ။] ထို့ကြောင့် "သုတ္တဝိဘင်္ဂ-မာတိကာ ပါဠိတော် ဟူသော သုတ္တ, အကျယ်ဝေဘန်ရာ ဝိဘင်း၌"ဟု ပါဠိတော် ဤနေရာ၌ပေးပါ။

နိဂုံးဂါထာအနက်။ ။ပဥ္စက္ခန္ဓ ဒုက္ခပ္ပဟာယိနော-ခန္ဓာငါးပါး တည်းဟူသော ဒုက္ခကို ပယ်တော်မူလေ့ရှိသော မြတ်စွာဘုရားသည်၊ ဝါ-၏၊ သာသနေ-သာသနာတော်၌၊ ဒွိဝဂ္ဂသင်္ဂဟာ - မဟာဝဂ္ဂ, စူဠဝဂ္ဂဟူသော ဝဂ်နှစ်ပါးဖြင့် သိမ်းယူရခြင်းရှိကုန်သော၊ ဒွါဝီသတိပဘေဒနာ - မဟာခန္ဓက စသောအားဖြင့် နှစ်ဆယ့်နှစ်ပါး အပြားရှိကုန်သော၊ ယေ ခန္ဓကာ- အကြင်ခန္ဓကတို့ကို၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ။

တေသံ- ထို ခန္ဓကတို့၏၊ သောဝဏ္ဏနာ - ဤ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာသည်၊ အန္တရာယံ-အန္တရာယ်ကို၊ ဝိနာ-ကြဉ်၍၊ သိဒ္ဓါယထာ -ပြီးစီးအောင်မြင်သကဲ့သို့၊ ဧဝံ - ဤ့အတူ၊ ပါဏိနံ - သတ္တဝါတို့၏၊ ကလျာဏာ - ကုသိုလ်နှင့်စပ်ကောင်းမြတ်ကုန်သော၊ အာသာပိ-လိုလား တောင့်တအပ်သော အရာတို့သည်လည်း၊ သိဇ္ဈန္တု- ပြီးစီးပါစေကုန်သတည်း၊ ဣတိ- အပြီးတည်း။

× × × × × × ×

ဒွိဝဂ္ဂသင်္ဂဟာ စသည်။ ။စူဠဝဂ္ဂ, မဟာဝဂ္ဂသခ်ါတေဟိ ဒွီဟိ ဝဂ္ဂေဟိ သင်္ဂဟိတာ၊ (ဤ၌ သင်္ဂဟိတာကား အဓိပ္ပါယ်ဖွင့်တည်း၊ "ဒွိဝဂ္ဂေန+သင်္ဂဟော+ယေသန္တိ ဒွိဝဂ္ဂသင်္ဂဟာ"ဟုပြု၊) ဒွါဝီသတိပဘေဒနာတိ မဟာဝဂ္ဂေ ဒသ၊ စူဠဝဂ္ဂေ ဒွါဒသာတိ ဧဝံ ဒွါဝီသတိ ပဘေဒါ၊ (သာရတ္ထ)၊ ခန္ဓကဖြစ်သောကြောင့် "ပဥ္စက္ခန္ဓဒုက္ခ ပဟာယီ"ဟု မြတ်စွာဘုရားကို ဂုဏ်ပြုသည်။

စူဠဝဂ္ဂအဋ္ဌကထာ— စူဠဝဂ္ဂအဋ္ဌကထာသည်၊
နိဋ္ဌိတာ — ပြီးပြီ။

ဘာသာဋီကာ နိဂုံး

သိဒ္ဓိုတ္တ ဘော ဘာသာဋီကာ, ဒေသဘာသာယ သင်္ခတာ။
စူဠဝဂ္ဂဋ္ဌကထာယ, ဝါစနာမဂ္ဂဝဏ္ဏနာ။

စူဠဝဂ္ဂဋ္ဌကထာယ-စူဠဝဂ်ပါဠိ, ဝိနည်းတော်၏, ဟောဖေါ်မြွက်ဟ,အနက်ပြသည့်, အဋ္ဌကထာ, ကျမ်းရွှေစာ၏၊ ဝါစနာမဂ္ဂဝဏ္ဏနာ- အစဉ်အလာ, ပို့ချကာဖြင့်, သေချာစနစ်, ဖွင့်ရိုးဖြစ်သော၊ ဒေသဘာသာယ - တိုင်းရင်းမြန်မာ, အမိဘာသာဖြင့်၊ သင်္ခတာ — တသန့်တသန့်, အကန့်ကန့်လျက်၊ ခံ့ခံ့စီရရီ, တည်ကြည်စွာဖွင့်ပြအပ်သော၊ ဘာသာဋီကာ-ဘာသာဋီကာ,အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်းသည်လည်း၊ သိဒ္ဓိုတ္တ ဘော- ထောင့်သုံးရာဝယ်, ရှစ်ခုကြွယ်၍, နှစ်ဆယ်နှစ်ဆောင်, လ ဝါခေါင်၏, စန်းရောင်တက်တုန်း, ရက်ဆဲ့သုံး၌, နိဂုံးအရောက်, ပြီးမြောက်ပြန်ပြီတကား။

ဤကျမ်းစာကို ပို့ချရာ၌ နေ့ ဆယ့်နှစ်နာရီခွဲအချိန်မှာ ပို့ချပါသည်၊ ဤကျမ်းစာနှင့်အတူပင် ပရိဝါအဋ္ဌကထာကိုလည်း နံနက်စောစော အရုဏ်ဆွမ်းစားပြီးအချိန်ဝယ် အနည်းငယ် ဩဝါဒပေးပြီးနောက် ဆွမ်းခံမသွားကြမီ ပို့ချပါသည်၊ ဤသို့ အဋ္ဌကထာ ၂ ကျမ်းကို တနေ့တည်း၌ စတည်၍ပို့ချခဲ့ရာ ပြီးဆုံးသောအခါလည်း (တမင်္ဂလာ မကြိုးစားဘဲ) တရက်ထည်း၌ပင် ပြိုင်တူ ပြီးဆုံးပါသည်၊ ဤသို့ နေ့စဉ်မှန်မှန် ဇွဲသန်သန်ဖြင့် စိတ်မာန်မကျအောင် ကြိုးစားရသော ဝီရိယမှာ အခြေခံ ဉာဏ်အမြော်အမြင် မပါလျှင် မည်သည့်နည်းနှင့်မျှ အပြီးရောက်အောင် ထောက်ကူမည်မဟုတ်ပါ၊ အမြော်အမြင်မှာလည်း သာသနာတော်တသက် နောက်ထပ် မပေါ်ထွက်သမျှ အမှီပြုရစ်ကြဘို့ပင် ဖြစ်ပါသည်၊ ထို့ကြောင့်.........

ယဒိ အညာ ဥပ္ပဇ္ဇေထ, ဏ္ဌတောပိ သုခသမ္ဘတာ၊
တဿောကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။

ဌတောပိ- အများမှီးလောက်, ခရီးရောက်၍, ပြီးမြောက်ခဲ့ရာ, ဤဘာသာဋီကာထက်လည်း၊ သုခသမ္ဘတာ - ကြည့်ရှုပို့ချ, လွယ်ကူလှသဖြင့်, အားရဘွယ်တောင်း, အကောင်း ဟု သမုတ်အပ်သော၊ အညာ- စူဠဝဂ္ဂါ, ဋ္ဌကထာ၏, မှီရာကျစ်လစ်, ဋီကာသစ် တမျိုးသည်၊ ယဒိဥပ္ပဇ္ဇေထ- ပညာလိုလား, နောက်နေ့သားတို့, ကြိုးစားရစ်သော်, အကယ်၍ ဖြစ်ပေါ်လာအံ့၊ တဿာ-ထိုသို့ဖြစ်ရစ်, ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ-ထွန်းတောက်တင့်ရေး, အခွင့်ပေးခြင်းငှါ၊ အယံ-လပေါင်းများမြောက်, လွှန်အားဆောက်မှ, ထွန်းတောက်ထွက်လာ, ဤဋီကာသည်၊ အန္တရဓာယတံ-ရိုးရာမတွဲ, တိုးကာငဲ့၍, ကပ်ဖွဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

အကျိုးရှိမှ ကျေးဇူးသိ ။ ။ လောကဝယ် မိဘဆရာနှင့် မိတ်ကောင်း ဆွေကောင်းတို့သည် သားသမီးနှင့် တပည့် မိတ်ဆွေတို့ကို ကောင်းစားစေလို ကြီးပွားစေလိုသော ဆန္ဒရှိကြသည်အားလျော်စွာ မိမိတို့ တတ်နိုင်သမျှ ကျေးဇူးပြုကြပေသည်၊ ထိုသို့ ကျေးဇူးပြုကြသော်လည်း ထိုကျေးဇူးကို သူတို့ညွှန်သည့်အတွက် မခံစားရသော သားသမီး တပည့် မိတ်ဆွေများသည် ထို မိဘ ဆရာ မိတ်ကောင်းများ၏ ကျေးဇူးကို မသိကြ, ကျေးဇူးရှင်ဟု သဘောမထားနိုင်ကြ၊ မိမိကား ဆရာသမားတို့၏ ကျေးဇူးတော်ကို အပြည့်အစုံ ခံစားရသဖြင့် ကျေးဇူး ကြီးမားကြောင်းကို သိရပေသည်၊ ထို ကျေးဇူးတော်များကို ပြန်၍ ဆပ်ဘို့ရန်မှာ ဆရာတော်များ၏ အနှစ်သက်ဆုံးဖြစ်သော စာပေပို့ချ ကျမ်းစာ ရေးသားခြင်းသာ ဖြစ်ပါသည်၊ထို့ကြောင့်ပင် ပခုက္ကူမြို့-မဟာရဋ္ဌဂုရုဆရာတော်ကြီးသည် "ဇနကကတော့ ယခုခေတ်၌ သာသနာတော်၏ ဝန်ကို ကြိုးကြိုးစားစား ထမ်းဆောင်ရပေတယ်"ဟု စပ်ဆိုင်ရာ ပရိသတ်၌ မိန့်တော်မူပါသည်တဲ့။

သမ္ပုဇယာမိ ထေရာနံ, ယေသာဟံ သမ္ဗဂ္ဂဟိတော၊
သိက္ခိတော ဂန္ထကာရေပိ, ပတ္တောမှိ ပကတညုတံ။

ယေသံ ထေရာနံ-အထက်ဝေဟင်, နေအသွင်သို့, မြေပြင် ထင်ရှား, အကြင် ဆရာတော်ဘုရားတို့သည်၊ သမ္ဗဂ္ဂဟိတော-အထူးစောင့်ရှောက်, ချီးမြှောက်အပ်သော၊ အဟံ - ငါသည်၊ သိက္ခိတော - ရေးနည်း သားနည်း , ပို့ချနည်း၌ , သိပ်သည်းသေသပ်, သင်ယူအပ်သော အတတ်ရှိသည် ဖြစ်၍၊ ဂန္ထကာရေပိ— ခုခေတ် နောက်သား, အကျိုးများဘို့, ရေးသား ကြိုးကုတ်, ကျမ်းပြုခြင်း အလုပ်၌လည်း၊ ပကတညုတံ-သဘောသကံ, ရှေးထုံးစံကို, အမှန်သိမြင် , ကျွမ်းကျင်သူ၏အဖြစ်သို့၊ ပတ္တော+အမှိ-ခေတ်ခါ အလျောက်, လေးစားလောက်အောင်, မဖေါက် မသွေ့, ရောက်ရပေ၏၊ တေသံ ထေရာနံ- ကျေးဇူးတော်ရှင်, ဂုဏ်အင်ကြီးမား , ထို ဆရာတော်ဘုရားတို့အား၊ သမ္ပုဇယာမိ — ကျမ်းစာ ရေးသား, ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါသတည်း။

အကျိုးမြင်မှ ကြိုးစားချင် ။ ။ ယခုခေတ်၌ လုလ္လဝိရိယ ပြင်းပြင်းပြပြ ကြိုးစားကြသူတိုင်းပင် မျက်မှောက်အကျိုး , နောင်တမလွန် အကျိုး တမျိုးမျိုး ဖြစ်စေ ၂ မျိုးလုံးကိုဖြစ်စေ မြော်မြင်နိုင်သူတို့သာ ဖြစ်ကြ၏၊ မိမိကား သာသနာ့ဝန်ကို ဤမျှလောက် ထမ်းလိုက်ရခြင်းဖြင့် သာသနာတော်မှာ လွန်စွာ အကျိုးသက်ရောက်နိုင်သော မျက်မှောက်အကျိုးကိုရင်း ပညာပါရမီ အမတေတည်မည့် တမလွန် အကျိုးကိုရင်း, မြော်ကိုးနိုင်သောကြောင့် သမ္ပတ္တိစက် ၄ ချက်စုပေါင်း စက်ခေါင်း ၄ ခု တပ်ထားအပ်သော ယာဉ်ပျံကြီးနှင့် တူစွာ ဤ ခန္ဓာယာဉ်ကြီး ကို သဒ္ဓါ ပညာ စသော ဗိုလ်ကြီး ၅ ဦးဖြင့် အထူးထက်မြက်၍ သွက်လည်း သွက်လက်အောင် အဆက်ဆက် ကြိုးစားပေအံ့ သတည်း။

စတုစ္စက္ကံ ဝတ္တိယာန , ယာနံ ဗလပရိဂ္ဂဟံ၊
ယာနာယ အမတံ ပါရံ, ကဿံ ပုရိသကာရိယံ။

စတုစ္စက္ကံ- သမ္ပတ္တိစက်, ၄ ချက် စုံပေါင်း, စက်ခေါင်း ၄ ခုလည်း ပါရှိထသော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်း ခွင်းဖြို , ငါးဥုးမိုလ်တို့ , ကိုယ်စီစောင့်ကြပ် , အုပ်ချုပ်အပ်ထသော၊ ယာနံ- အသွားလျှင်လျှင်, အများတင်လည်း, အားအင်နိုင်ဖြိုး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန-မတိမ်း မစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းဟာနှင်၍၊ အမတံပါရံ-ဤဘက်မှာနေ, အားလုံးသေလျက် , ဟိုပြေရောက်မှ , ဘေးကင်းရမည့် , အမတခေါ်, နေပြည်တော်သို့၊ ယာနာယ-ကိလေသာဟူ, ရန်သူပစ်ဖေါက်, မုံးအမြောက်တို့, မကြောက် မနား, အရောက်သွားခြင်းငှါ၊ ပုရိသကာရိယံ- ယောက်ျားမှန်က, ပြုရဲရမည့်, ကမ္ဘာ့ လက်ရိုး, လုလ္လမျိုးကို၊ ကဿံ - ငါးဥုး မိုလ်ချုပ်, အဖေါ်လုပ်၍, မဆုတ်ရစေ....ပြုလုပ်ပေအံ့သတည်း။

အဘိဝဍ္ဎန္တု မေ ပညာ, သဒ္ဓါ ဝီရသမာဓယော၊
အပ္ပမာဒေါ လောကဿာဒ-ဗောဇ္ဈင္ဂါယ ပရံ ပရံ။

မေ— ငါ၏၊ ပညာ - ဝဇီရစိန်, ကဲ့အရှိန်သို့, ထိန်တလက်လက်, ထက်မြက်သော ပညာသည်ရင်း၊ သဒ္ဓါ-ယုံကြည်ဘွယ်ရန်, ဝတ္ထုမှန်လျှင်, ဧကန်ဆုံးဖြတ်, ယုံကြည်တတ်သော သဒ္ဓါသည်ရင်း၊ ဝီရသမာဓယော - ကိုယ်နှင့် အသက်, မငဲ့ကွက်အေ့ာင်, ထက်မြက်စွာလှ, ဝီရိယနှင့်, ကာမအာရုံ, အဖုံဖုံကြောင့်, လှုပ်တုန်မရှိ , သမာဓိတို့သည်ရင်း၊ အပ္ပမာဒေါ - ကုသိုလ်ဖြစ်မြောက် , ကိစ္စရောက်ဘို့, အောက်မေ့ဆင်ခြင်, အမြဲထင်သော သတိသည်ရင်း၊ လောကဿာဒ ဗောဇ္ဈင္ဂါယ - လောကီလူပေါင်း, နှစ်မျိုးကြောင်းနှင့်, ကောင်းကောင်းရည်သန်, ဗောဓိဉာဏ်အကျိုးငှါ၊ ပရံ ပရံ-တမြင့်ထဲမြင့် , ဆင့်ကဲတင့်သည်ဖြစ်၍၊ အဘိဝဍ္ဎန္တု-တက်သစ် လဝန်း , နေသစ် ထွန်းသို့ , ရှန်း တဝေဝေ , တိုးတက်ကြပါစေသတည်း။

ရည်ရွယ်ချက် ။ ။ ကိုယ်တည်း တယောက်, ချမ်းသာရောက်ဘို့, ခလောက်ကြီးကုတ်, အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ, သာသာနာ၏, ရှေးခါဘိုးဘ, လက်ထက်ကလျှင် , ရသည့် တန်ခိုး, ထပ်မညှိုးဘို့, အားကြိုးမာန်တက်, ငါဆောင်ရွက်သည်, ဆက်လက် တည်တံ့ရုံသာတည်း။

ဂန္ထဝဂ္ဂ အဋ္ဌကထာ
ဘာသာဋီကာ ပြီးပြီ။

အဋ္ဌကထာနှင့် တွဲဖက် ပို့ချဘို့ရန်

အရှင်ဇနကာဘိဝံသ

၏

စူဠဝဂ္ဂပါဠိတော်

ခက်ဆစ်နိဿယအကျဉ်း



၁၃၃၄-ခု၊ နယုန်လ။

နယူးဘားမား ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

ကမ္မက္ခန္ဓက

တဇ္ဇနီယကမ္မကထာ

(ယေန သမယေန-အကြင်အခါ၌၊ ဘဂဝတာ-သည်၊ တဇ္ဇနီယကမ္မံ-သည်၊ ဝါ-ကို၊ အပညတ္တံ-ပညတ်တော်မမူအပ်သေးသည်၊ ဟောတိ)၊ [တေန သမယေန၏ အနိယမထည့်သည်၊ နောက်နောက်ကံတို့၌လည်း ဤနည်းမှီ၍ ထည့်ပါ။] တေန သမယေန — တဇ္ဇနီယကံကို ပညတ်တော် မမူအပ်သေးရာ ထို အခါ၌၊ ဗုဒ္ဓေါ-အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော၊ ဘဂဝါ-သည်၊ သာဝတ္ထိယံ - သာဝတ္ထိမြို့၌၊ ဝါ-သာဝတ္ထိမြို့၏အနီးဖြစ်သော၊ ဇေတဝနေ - ဇေတဝန်မည်သော၊ အနာထပိဏ္ဍိကဿ-၏၊ အာရာမေ-အာရာမ်၌၊ ဝါ-ကျောင်းတိုက်၌၊ ဝိဟရတိ- သီတင်းသုံးတော်မူ၏။

တေန ခေါ ပန သမယေန - မြတ်စွာဘုရား၏ သာဝတ္ထိမြို့အနီး ဇေတဝန်ကျောင်းတိုက်ကြီးဝယ် သီတင်းသုံးတော်မူရာ ထိုအခါ၌၊ ပဏ္ဍုကလောဟိတကာ - ပဏ္ဍုက , လောဟိတက မည်ကုန်သော၊ ဘိက္ခူ - တို့သည်၊ အတ္တနာ— ကိုယ်တိုင်၊ ဘဏ္ဍနကာရကာ-မိမိတို့ဘက်တွင် တိုင်ပင်ခြင်းကို ပြုတတ်ကြကုန်၏၊ ကလဟကာရကာ- ခိုက်ရန်ကို ပြုတတ်ကြကုန်၏၊ ဝိဝါဒကာရကာ - ဆန့်ကျင်ဘက် ပြောဆိုမှုကို ပြုတတ်ကြကုန်၏၊ ဘဿကာရကာ - များစွာ ပြောဆိုအပ်သော စကားကို ပြုတတ်ကြကုန်၏၊ (စကားများကြကုန်၏၊) သံဃေ-၌၊ အဓိကရဏကာရကာ-အဓိကရုဏ်းကို ပြုတတ်ကြကုန်၏၊ အညေ - မိမိတို့မှ တပါးကုန်သော၊ ယေစ ဘိက္ခူ-တို့သည်လည်း၊ ဘဏ္ဍနကာရကာ- နှ်၏ ၊ပေ၊ သံဃေ, အဓိကရဏကာရကာ- နှ်၏၊ တေပိ-ထိုရဟန်းတို့ကိုလည်း၊ ("ဝဒန္တိ "၌စပ်၊) ဝါ-တို့သို့လည်း၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ ဧဝံ-သို့၊ ဝဒန္တိ-ကုန်၏၊ (ကိံ)။

အာယသ္မန္တော-အရှင်တို့၊ တုမှေ-အရှင်တို့သည်၊ ("ပဋိမန္တေထ" ၌စပ်၊) ဝါတို့ကို၊ ဧသော-ဤ ရဟန်းသည်၊ (ဤ ရဟန်းက)၊ မာ အဇေသိ - မနိုင်ပါစေလင့်၊ ဗလဝါဗလဝံ-အလွန် အားရှိစွာ၊(အာဘောင် အာရင်း သန်သန်ဖြင့်)၊ ပဋိမန္တေထ-ပြန်ပြောကြကုန်လော၊ တေန-ထိုသို့ ပြန်ပြောခြင်းကြောင့်၊တုမှေ-

× × × × × × ×

ဗုဒ္ဓေါ ဘဂဝါ။ ။ဗုဒ္ဓေါသည် ဂုဏ်ကိုပြသော ဝိသေသန, ဘဂဝါသည် အမည်တော်ကိုပြသော ဝိသေသျတည်း၊ "ဇာတိပိ သော ဘဂဝါ၊ပေ၊ဗုဒ္ဓေါ ဘဂဝါ"၌ ဘဂဝါနာမည်တော်ကို ပဓာနထား၍ ဗုဒ္ဓေါကို ဂုဏ်တော်အဖြစ်ဖြင့် ပြပုံကိုထောက်ပါ၊ ရှေးနိဿယ၌ကား "ဘဂဝါ— ဘုန်းတော်ကြီးသော၊ ဗုဒ္ဓေါ-သည်"ဟု ပေးလေသည်။

ဘဏ္ဍန, ကလဟ။ ။ဤပုဒ်တို့၏အဖွင့်ကို ပါစိတ်ဘာသာဋီကာ ပေသုညသိက္ခာပုဒ်၌ ပြခဲ့ပြီ၊ ရှေးနိဿယ၌ကား "ဘဏ္ဍနကာရကာ—မျက်မှောက် ငြင်းခုံခြင်းကိုပြုတတ်ကုန်၏၊ ကလဟကာရကာ—မျက်ကွယ်ငြင်းခုံခြင်းကို ပြုတတ်ကုန်၏"ဟု ပေးသည်။

တို့သည်၊ ပဏ္ဍိတတရာစ - သာ၍ ပညာရှိသူတို့သည်ငင်း၊ ဗျတ္တတရာစ - သာ၍ ထက်မြက်သူတို့သည်ငင်း၊ ဗဟုဿုတတရာစ-သာ၍ဗဟုဿုတရှိသူတို့သည်ငင်း၊ အလမတ္တဘရာစ—သာ၍ စွမ်းနိုင်သူတို့သည်ငင်း၊ (ဟောန္တိ - ဖြစ်နိုင်ကုန်၏၊) အဿစ - ထို ရဟန်းမှလည်း၊ မာ ဘာယိတ္ထ - မကြောက်ကြကုန်လင့်၊ မယမ္ပိ- တပည့်တော်တို့သည်လည်း၊ တုမှာကံ- အရှင်တို့၏၊ ပက္ခာ- အသင်း အပင်းတို့ သည်၊(ဘက်သားတို့သည်)၊ ဘဝိဿာမ-ဖြစ်ပါကုန်အံ့၊ ဣတိ- ဤသို့ ပြောဆို ကြကုန်ပြီ၊ ဘေန-ထိုသို့ ပြောဆိုခြင်းကြောင့်၊ အနုပ္ပန္နာနိ-မဖြစ်ကုန်သေးသော၊ ဘဏ္ဍနာနိစ-မိမိတို့ဘက်တွင် တိုင်ပင်ခြင်းတို့သည်လည်း၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏၊ ဥပ္ပန္နာနိ-ဖြစ်ပြီးကုန်သော၊ (ဖြစ်ပြီးသော ဘဏ္ဍနနှင့်တူကုန်သော၊) ဘဏ္ဍနာနိ စ—တို့သည်လည်း၊ ဘိယျောဘာဝါယ-လွန်စွာတိုးပွားခြင်းငှါ၊ ဝေပုလ္လာယ- ပြန့်ပြောကုန်သည်၏ အဖြစ်ဟူသော အကျိုးငှါ၊ သံဝတ္တန္တိ-ဖြစ်ကုန်၏။

[အပ္ပိစ္ဆာ စသောပုဒ်တို့၏အဖွင့်ကို ပါရာဇိက-သုဒိန္နကဏ္ဍ, အဋ္ဌကထာ၌ ပြခဲ့ပြီ။] ယေ တေ ဘိက္ခူ- တို့သည်၊ အပ္ပိစ္ဆာ- ပစ္စည်း ၄ ပါးတို့၌ နည်းသော အလိုရှိကြကုန်၏၊ ဝါ- အလိုမရှိကုန်၊ သန္တုဋ္ဌာ - ရရှိသမျှ, ပစ္စယဖြင့်, အားရ ကျေနပ်, ရောင့်ရဲတတ်ကြကုန်၏၊ လဇ္ဇိနော-မကောင်းမှုမှရှက်ခြင်း ရှိကြကုန်၏၊ ကုက္ကုစ္စကာ - အပ်လေသလော , မအပ်သလောဟု, တွေးတောနှိုင်းဆ , ဝိနယ ကုက္ကုစ္စရှိကြကုန်၏၊ သိက္ခာကာမာ-သိက္ခာ ၃ပါးကိုလိုလားကြကုန်၏၊[ဒုတိယ ပါရာဇိက ပါဠိတော်ကိုကြည့်၍ ပေယျာလဖေါ်ထားပါသည်၊ နောက်၌လည်း ဤသို့ ဖေါ်ပါ။] တေ - ထိုရဟန်းတို့သည်၊ ဥဇ္ဈာယန္တိ - အောက်တန်းစားဟု, အသိအမှတ်ပြုလျက်, ကြည့်ရှုကြကုန်၏၊ ဝါ-အယုတ်သဘော, ထုတ်မပြောဘဲ, တွေးတော ကြံစည်ကြကုန်၏၊ (ကဲ့ရဲ့ကြကုန်၏၊) ခိယျန္တိ-အပြစ်ကိုပြ, ရှုံ့ချကြ ကုန်၏၊ ဝိပါစေန္တိ - အပြစ်ကို ကျယ်ပြန့်စေကြကုန်၏၊ [လူများက ကဲ့ရဲ့ရာ၌ "ရပ်တကာနှံ့ , စပ်ရာဖြန့်လျက်, ကျယ်ပြန့်စေကြကုန်၏" ဟု ပေးပါ။] (ကိံ- အဘယ်သို့ ကဲ့ရဲ့ရှုံ့ချ,အပြစ်ကိုကျယ်ပြန့်စေကြကုန်သနည်း၊)ကထံဟိ-အဘယ့် ကြောင့်၊ ပဏ္ဍုကလောဟိတကာ ဘိက္ခူ၊ပေ၊အဓိကရဏကာရကာ - န်သည်၊ (ဘဝိဿန္တိ)နာမ- ဖြစ်ကြရကုန်တံ့ဘိသနည်း၊ အထ္ထ, ယေစ ဘိက္ခူ၊ပေ၊အဓိ ကရဏကာရကာ-န်၏၊ တေပိ-တို့ကိုလည်း၊ ဥပသင်္ကမိတွာ-၍၊ မာ ခေါတုမှေ

× × × × × × ×

အမှာ ။ ။ "ဥဇ္ဈာယန္တိ" စသည်တို့၏အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ, ဒုတိယအုပ်, ဒုတိယ ပါရာဇိကသိက္ခာပုဒ်၌ ပြခဲ့ပြီ၊ ကထံဟိ နာမ၌ နာမကို ကြိယာနှင့် တွဲ၍ အနက်ပေးရပုံကိုလည်း ပါရာဇိကဏ်ဘာသာဋီကာ , ဒု-အုပ်, အဇ္ဈတ္တိကနိဒါန်း "ကထံ ဟိ နာမ"အဖွင့်၌ငင်း, သုဒိန္နကဏ္ဍ "သမာပဇ္ဇိဿသိ"အဖွင့်၌ငင်း ပြထားပြီ၊ ရှေးနိဿယ၌ကား နာမကို ကြိယာနှင့်မတွဲဘဲ "ကထံဟိ နာမ-အဘယ့်ကြောင့်လျှင်" ဟု သုံးပုဒ်လုံးတွဲ၍ ပေးလေ၏။

အာယသ္မန္တော၊ပေ၊ပက္ခာ ဘဝိဿာမာတိ-မာခေါ တုမှေ အာယသ္မန္တော၊ပေ၊ ပက္ခာ ဘဝိဿာမဟူ၍၊ ဧဝံ - သို့၊ ဝက္ခန္တိနာမ - ပြောကြရကုန်တံ့ဘိသနည်း၊ တေန-ထိုသို့ ပြောဆိုခြင်းကြောင့်၊ အနုပ္ပန္နာနိ၊ပေ၊သံဝတ္တန္တိ-ဖြစ်ကုန်၏၊ ဣတိ- ဤသို့ကဲ့ရဲ့ရှုံ့ချ, အပြစ်ကို ကျယ်ပြန့်စေကြကုန်၏။

အထ-ကဲ့ရဲ့ရှုံ့ချ, အပြစ်ကို ကျယ်ပြန့်စေကြပြီးရာ ထိုအခါ၌၊ တေ ဘိက္ခူ, ဘဂဝတော- အား၊ ဧတမတ္ထံ- ဤအကြောင်းကို၊ အာရောစေသုံ- လျှောက်ကြကုန်ပြီ၊ အထ-လျှောက်ကြရာ ထိုအခါ၌၊ ဘဂဝါ- သည်၊ ဧတသ္မိံ နိဒါနေ-ဤအကြောင်းကြောင့်၊ ဧတသ္မိံ ပကရဏေ-ဤအရာကြောင့်၊ (ပဏ္ဍုကလောဟိတက ရဟန်းတို့၏ မိမိတို့ကိုယ်တိုင် ဘဏ္ဍနစသော အမှုကိုပြု၍ , အခြားရဟန်းတို့ကိုလည်း ဘဏ္ဍနစသောအမှုကို ပြုအောင် အားပေးမှုဟူသော ဤ အကြောင်း အရာကြောင့်၊) [နောက်နောက် ကံတို့၌လည်း ဤနည်းမှီး၍ အနက်အကျယ် ဆိုပါ။] ဘိက္ခုသံဃံ - ရဟန်းအပေါင်းကို၊ သန္နိပါတာပေတွာ - စည်းဝေးစေပြီး၍၊ (အတူတကွ ကောင်းစွာ ကျရောက်စေပြီး၍၊-သဒ္ဒတ္ထ၊) ဘိက္ခူ-တို့ကို၊ ပဋိပုစ္ဆိ - မေးတော်မူပြီ၊ (ကိံ)၊ ဘိက္ခဝေ - ဘိက္ခုတို့၊ ပဏ္ဍုကလောဟိတကာ ဘိက္ခူ၊ပေ၊အဓိကရဏကာရကာ - န်သည်၊ (ဟောန္တိ)ကိရ - ဖြစ်ကုန်သတဲ့ဟု ကြားရသည်ကား၊ သစ္စံ-မှန်သလော၊ အညေ၊ပေ၊အဓိကရဏကာရကာ- န်၏၊ တေပိ ဥပသင်္ကမိတွာ - ၍၊ မာ ခေါ တုမှေ ၊ပေ၊ ပက္ခာ ဘဝိဿာမာတိ - ဟူ၍၊ ဧဝံ-သို့၊ဝဒန္တိ ကိရ-ပြောဆိုကုန်သတဲ့ဟု ကြားရသည်ကား၊သစ္စံ-လော၊ တေန အနုပ္ပန္နာနိ၊ပေ၊သံဝတ္တန္တိကိရ-ဖြစ်ကုန်သတဲ့ဟု ကြားရသည်ကား၊သစ္စံ-လော၊ ဣတိ- ဤသို့ မေးတော်မူပြီ၊ ဘဂဝါ- မြတ်စွာဘုရား၊ သစ္စံ - မှန်ပါ၏၊ ဣတိ- ဤသို့ လျှောက်ကြကုန်ပြီ။

[အနနုစ္ဆဝိကံ- စသော ပုဒ်တို့၏အဖွင့်ကိုလည်း သုဒိန္နကဏ္ဍ အဋ္ဌကထာ၌ ပြခဲ့ပြီ။] ဗုဒ္ဓေါ ဘဂဝါ, ဝိဂရဟိ - ကဲ့ရဲ့တော်မူပြီ၊ (ကိံ)၊ ဘိက္ခဝေ - တို့၊ မောဃပုရိသာနံ- မင်္ဂဖိုလ်မမှီး, အချည်းနှီးယောကျ်ားဖြစ်ကုန်သော၊ တေသံ- ထိုရဟန်းတို့၏၊ (ကမ္မံ - အလုပ်သည်၊) အနနုစ္ဆဝိကံ-မလျောက်ပတ်၊ (ရဟန်း အဖြစ်ကိုပြုဘတ်သော ဟိရီဩတ္တပ္ပအစရှိသောတရား,မဂ်ဖိုလ်နိဗ္ဗာန်, သာသနာ တော်တို့၏ အရိပ်အရောင်ဖြစ်သော သုန္ဒရဘောဂဏ်သို့ အစဉ်မလိုက်၊) (အန နုစ္ဆကဝိတ္တာ- ကြောင့်၊) အနနုလောမိကံ- မလျော်၊ (ရဟန်းအဖြစ်ကို ပြုတတ် သော ဟိရီ ဩတ္တပ္ပ အစရှိသောတရား , မဂ်ဖိုလ်နိဗ္ဗာန် , သာသနာတော်အား လျော်စွာ မဖြစ်၊) (အနနုလောမိကတ္တာ - ကြောင့်၊) အပ္ပဋိရူပံ - မသင့်တော်၊ (ရဟန်းအဖြစ်ကိုပြုတတ်သော ဟိရီ ဩတ္တပ္ပအစရှိသောတရား , မဂ်ဖိုလ်နိဗ္ဗာန်, သာသနာတော်နှင့်တူသောသဘောမရှိ၊) (အပ္ပဋိရူပတ္တာ-ကြောင့်၊) အဿမဏ ကံ—ရဟန်းတို့၏အလုပ် မဟုတ်၊ (အဿာမဏကတ္တာ—ကြောင့်၊)အကပ္ပိယံ—

ရဟန်းတို့အား မအပ်၊(အကပ္ပိယတ္တာ-ကြောင့်၊) အကရဏီယံ-ရဟန်းတို့သည် မပြုသင့် မပြုထိုက်။ ["အနနုစ္ဆဝိကံ" စသော ပုဒ်တို့၏အဖွင့်ကို ပါရာဇိကကဏ် ဘာသာဋီကာ, ဒု-အုပ် သုဒိန္နကဏ္ဍ၌ ပြထားပြီ။]

ဘိက္ခဝေ- တို့၊ ကထံဟိ- အဘယ့်ကြောင့်၊ တေ မောဃပုရိသာ- တို့သည်၊ ဘဏ္ဍနကာရကာ၊ပေ၊အဓိကရဏကာရကာ (ဘဝိဿန္တိ) နာမ-ဖြစ်ကြရကုန်တုံ ဘိသနည်း၊ပေ၊အညေ'ပေ၊ဝက္ခန္တိနာမ၊ပေ၊သံဝတ္တန္တိနာမ- ကုန်တုံဘိသနည်း၊ ဘိက္ခဝေ-တို့၊ ဧတံ-ဤအလုပ်သည်၊ အပ္ပသန္နာနံ- သာသနာတော်၌ မကြည်ညို ကုန်သေးသူတို့၏၊ ပသာဒါယဝ ၊ - ကြည်ညိုခြင်းငှါ ၊ၦင်း၊ ပသန္နာနံ- သာသနာ တော်၌ ကြည်ညိုပြီးသူတို့၏၊ ဘိယျောဘာဝါယဝ ၊ - လွန်စွာ တိုးပွားခြင်းငှါ ၊ၦင်း၊ န - မဖြစ်၊ အထခေါ - စင်စစ်ကား၊ အပ္ပသန္နာနံ- တို့၏၊ အပ္ပသာဒါယစ- မကြည်ညိုခြင်းငှါ ၊ၦင်း၊ ပသန္နာနံ-နှသော၊ဧကစ္စာနံ- အချို့သော ပုထုဇဉ်တို့၏၊ အညထတ္တာယစ — ကြည်ညိုခြင်းမှ တပါးသော အပြား၏ ဖြစ်ကြောင်းဖြစ်ရာ ဝိပ္ပဋိသာရ အကျိုးငှါ ၊ၦင်း၊ ဟောတိ-၏၊ ဣတိ-ဤသို့ ကဲ့ ရဲ့ တော်မူပြီ။

အထ-ထိုမှနောက်၌၊ ဘဂဝါ, တေ ဘိက္ခူ-တို့ကို၊ အနေကပရိယာယေန- တပါးမက များစွာသောအကြောင်းဖြင့်၊ ဝါ-ပရိယာယ်အမျိုးမျိုးဖြင့်၊ ဝိဂရဟိ တွာ - ကဲ့ရဲ့ တော်မူပြီး၍၊ ဒုဗ္ဘရတာယ - မိမိသည်၎င်း, ဒါယကာတို့သည်၎င်း, ခဲယဉ်းသဖြင့် ဆောင်ရွက်အပ်သော ကိုယ် စိတ် ၂ ပါး၏ ဖြစ်ကြောင်းဖြစ်ရာ အသံဝရ၏၎င်း၊ ဒုပ္ပေါသတာယ- မိမိသည်၎င်း ဒါယကာတို့သည်၎င်း ခဲယဉ်း သဖြင့် မွေးမြူအပ်သော ကိုယ်စိတ် ၂ပါး၏ဖြစ်ကြောင်းဖြစ်ရာ အသံဝရ၏၎င်း၊ မဟိစ္ဆတာယ - ပစ္စည်း ၄ ပါးတို့၌ များစွာအလိုရှိသော ကိုယ်စိတ် ၂ ပါး၏ ဖြစ်ကြောင်းဖြစ်ရာ အသံဝရ၏၎င်း၊ အသန္တုဋ္ဌိတာယ - ရရှိသမျှ , ပစ္စယဖြင့် , အားရနိုင်ဘိ , ရောင့်ရဲခြင်းမရှိသော ကိုယ်စိတ် ၂ ပါး၏ ဖြစ်ကြောင်းဖြစ်ရာ အသံဝရ၏၎င်း၊ သင်္ဂဏိကာယ-အပေါင်းအဖေါ် ကိလေသာတို့နှင့် ပေါင်းသင်း နေထိုင်ခြင်းဟူသော အသံဝရ၏၎င်း၊ ကောသဇ္ဇာယ - ပျင်းရိသော ကိုယ်စိတ် ၂ ပါး၏ ဖြစ်ကြောင်းဖြစ်ရာ အသံဝရ၏၎င်း၊ အဝဏ္ဏံ - ဂုဏ်၏ဆန့်ကျင်ဘက် အပြစ်ကို၊ ဘာသိတွာ - မိန့်တော်မူပြီး၍။

အနေကပရိယာယေန-ဖြင့်၊ သုဘရတာယ-မိမိသည်၎င်း ဒါယကာတို့သည် ၎င်း လွယ်ကူစွာ ဆောင်ရွက်အပ်သော ကိုယ် စိတ် ၂ ပါး၏ ဖြစ်ကြောင်းဖြစ်ရာ သံဝရ၏၎င်း၊ သုပေါသတာယ-မိမိသည်၎င်း ဒါယကာတို့သည်၎င်း လွယ်ကူစွာ မွေးမြူအပ်သော ကိုယ်စိတ် ၂ ပါး၏ ဖြစ်ကြောင်းဖြစ်ရာ သံဝရ၏၎င်း၊ အပ္ပိစ္ဆ သ-ပစ္စည်း ၄ ပါးတို့၌ အလိုမရှိကြောင်း သံဝရ၏၎င်း၊ သန္တုဋ္ဌသ-ရရှိသမျှ, ပစ္စယဖြင့်, အားရနိုင်တောင်း , ရောင့်ရဲကြောင်း သံဝရ၏၎င်း၊ သလ္လေခသ - ကိလေသာတို့ကို နည်းပါးအောင် ခြစ်ပစ်ကြောင်း သံဝရ၏၎င်း၊ ဓုတသ—

ကိလေသာတို့ကို အကြွင်းမဲ့ခါချကြောင်းသံဝရ၏ငင်း၊ပါသာဒိကသ-ကြည်ညို ခြင်းကို ဖြစ်စေတတ်သောသံဝရ၏ငင်း၊ အပစယသ-ကိလေသာတို့ကိုဖျက်ဆီး ကြောင်း သံဝရ၏ငင်း၊ ဝီရိယာရမ္ဘသ-ဝီရိယကိုအားထုတ်ကြောင်း သံဝရ၏ ငင်း၊ ဝဏ္ဏံ - ဂုဏ်ကို၊ ဘာသိတွာ-မိန့်တော်မူပြီး၍။ [သံဝရကို အရကောက်ရ မည်ဖြစ်သောကြောင့် ဘာဝပစ္စည်း မပါသောပုဒ်များ၌ ကရဏသာခ်ကြီလိုက် ပါသည်။]

ဘိက္ခူနံ-တို့အား၊ တဒနုစ္ဆဝိကံ-ထို ပညတ်တော်မူအပ်လတ့်သော ကံအား လျော်ကပ်သော၊ တဒနုလောမိကံ-ထိုပညတ်တော်မူအပ်လဘ့်သော ကံအား လျော်သော၊ [သိက္ခာပုဒ် ပညတ်တော်မူရာ၌“ထိုပညတ်တော်မူအပ်လတ့်သော သိက္ခာပုဒ်အား”ဟု ဆိုပါ။] ဓမ္မိံ-တရားရှိသော၊ ကထံ-ကို၊ ကတွာ-ပြုတော်မူ ပြီး၍၊ ဘိက္ခူ-တို့ကို၊ အာမန္တေသိ—မိန့်တော်မူပြီ၊ (ကိံ)။

ဘိက္ခဝေ—ဘိက္ခုတို့၊ တေနဟိ-ထိုသို့ ဖြစ်လျှင်၊ ဝါ-ထိုသို့ပဏ္ဍုကလောဟိ တက ရဟန်းတို့၏ ဘဏ္ဍနစသော အမှုကို ကိုယ်တိုင်ပြုခြင်း, အခြားရဟန်းတို့ ကိုလည်း အားပေးခြင်း ဟူသော အကြောင်းကြောင့်၊ [နောက်နောက်ကံတို့၌ လည်း နည်းမှီ၍ အနက်ဆိုပါ။] သံဃော - သည်၊ ပဏ္ဍုကလောဟိတကာနံ— န်သော၊ ဘိက္ခူနံ-တို့၏(အပေါ်၌)၊ တဇ္ဇနီယကမ္မံ-တဇ္ဇနီယကံကို၊ (ခြိမ်းချော် ကြောင်း ကံကို)၊ ကရောတု—ပြုလော။

စ-ဆက်၊ ဘိက္ခဝေ-တို့၊ ဧဝံ-ဤသို့၊ ကတ္တဗ္ဗံ- ပြုရာ၏၊ (ကိံ - အဘယ်သို့၊ ကာတ္တဗ္ဗံ - ပြုရာသနည်း၊) ပဌမံ - စွာ၊ ပဏ္ဍုကလောဟိတကာ - ကုန်သော၊ ဘိက္ခူ-တို့ကို၊ စောဒေတဗ္ဗာ - စောဒနာထိုက်ကုန်၏၊ စောဒေတွာ - စောဒနာ ပြီး၍၊ သာရေတဗ္ဗာ - အပြစ်ကို အမှတ် ရစေထိုက်ကုန်၏၊ သာရေတွာ — ၍၊ အာပတ္တိံ-သို့၊ အာရောပေတဗ္ဗာ- တက်ရောက်စေထိုက်ကုန်၏၊ ဝါ - တင်ထိုက် ကုန်၏၊ အာပတ္တိံ, အာရောပေတွာ-၍၊ ဗျတ္တေန-ထက်မြက်သော၊ ပဋိဗလေန- ဌာန်ကရိုဏ်းကို ပီသစွာ ရွတ်စွမ်းနိုင်သော၊ ဘိက္ခုနာ - သည်၊ သံဃော - ကို၊ ဉာပေတဗ္ဗော-သိစေထိုက်၏၊(ကိံ)၊....

ဉတ်။ ။ဘန္တေ-တို့၊ သံဃော-သံဃာတော်သည်၊ မေ-တပည့်တော်၏၊ (ဝစနံ-စကားကို၊) သုဏာတု- နားစိုက်တော်မူပါ၊ ပဏ္ဍုကလောဟိတကာ— န်သော၊ ဣမေ ဘိက္ခူ၊ပေ၊သံဝတ္တန္တိ၊ သံဃသ—၏၊ (ကမ္မံ-တဇ္ဇနီယကံသည်၊) ပတ္တကလ္လံ-လျောက်ပတ်သော အခါရှိသည်၊ ယဒိ(သိယာ) - အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ-သော်၊) သံဃော-သည်၊ ပဏ္ဍုကလောဟိတကာနံ, ဘိက္ခူနံ—တို့၏ (အပေါ်၌)၊ တဇ္ဇနီယကမ္မံ—ကို၊ ကရေယျ- ပြုရာပါ၏၊ ဧသာ - ဤသည်ကား၊ ဉတ္တိ—သံဃာတော်ကို သိစေခြင်းတည်း။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ပဏ္ဍုက လောဟိတကာ ၊ပေ၊သံဝတ္တန္တိ၊ သံဃော - သည်၊ ပဏ္ဍုကလောဟိတကာနံ, ဘိက္ခူနံ - တို့၏ (အပေါ်၌)၊ တဇ္ဇနီယကမ္မံ - ကို၊ ကရေတိ - ပြုပါ၏၊ ယဿာယသ္မတော (ယဿ + အာယသ္မတော) — အကြင် အရှင်အား၊ ပဏ္ဍုကလောဟိတကာနံ, ဘိက္ခူနံ-တို့၏ (အပေါ်၌)၊ တဇ္ဇနီယဿ- တဇ္ဇနီယ မည်သော၊ ကမ္မဿ-ကို၊ ကရဏံ-ပြုခြင်းသည်၊ ခမတိ-နှစ်သက်၏၊ သော-ထိုနှစ်သက်သော အရှင်သည်၊ တုဏှီ-ဆိတ်ဆိတ်၊ အဿ—ဖြစ်ရာ၏၊ ဝါ-ဖြစ်ပါလော၊ ယဿ-အကြင် အရှင်အား၊ (ပဏ္ဍုကလောဟိတကာနံ - တို့၏ အပေါ်၌၊ တဇ္ဇနီယဿ — သော၊ ကမ္မဿ-ကို၊ ကရဏံ-သည်၊) န က္ခမတိ-မနှစ်သက်၊ သော-ထို မနှစ်သက်သော အရှင်သည်၊ ဘာသေယျ-ပြောရာပါ၏။....ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဧတမတ္ထံ-ဤအနက် အဓိပ္ပါယ်ကို၊ ဝဒါမိ - လျှောက်ပါ၏၊ပေ၊ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊[သုဏာတု မေ စသည်ဆိုပါ။]

နိဂုံး။ ။သံဃေန - သည်၊ ပဏ္ဍုကလောဟိတကာနံ, ဘိက္ခူနံ — တို့၏ (အပေါ်၌)၊ တဇ္ဇနီယကမ္မံ-ကို၊ ကတံ-ပြုအပ်ပါပြီ၊ သံဃဿ-အား၊(ယသ္မာ-ကြောင့်၊ ပဏ္ဍုက လောဟိတကာနံ — တို့၏ အပေါ်၌၊ တဇ္ဇနီယဿ - သော၊ ကမ္မဿ-ကို၊ ကရဏံ-သည်၊) ခမတိ—နှစ်သက်၏၊ တသ္မာ- ကြောင့်၊ တုဏှီ—ဆိတ်ဆိတ်၊ (အာသိ-ဖြစ်ပြီ၊) ဧဝံ-ဤသို့ ဆိတ်ဆိတ် နေခြင်းကြောင့်၊ ဧတံ - ဤ သံဃာ၏ နှစ်သက်သည်၏ အဖြစ်ကို၊(နှစ်သက်ကြောင်းကို)၊ဓာရယာမိ-သိမှတ်ရပါ၏၊ ဣတိ- သို့၊ (ဥပေတမ္ဗော)၊ ဣတိ- သို့၊ ကာတဗ္ဗံ - ပြုရာ၏၊ ဣတိ - သို့၊ (အာမန္တေသိ-ပြီ)။

အမှာ။ ။ ဤ နည်းမျိုး၌ နောက်နောက် ဥ တ်, ကမ္မဝါစာတို့၌ " ကမ္မံ-တဇ္ဇနီယကမ္မပဋိပ္ပဿမ္ဘနကံသည်၊ပတ္တကလ္လံ ယဒိ(သိယာ)"စသည်ဖြင့် အနက်ပေးပါ၊ ကမ္မဝါစာနှင့် စပ်၍ မှတ်ဘွယ်များကို မဟာဝဂ္ဂဘာသာဋီကာ, မဟာခန္ဓက, ဥပသမ္ပဒဝိနိစ္ဆယ၌ ပြထားပြီ။

အဓမ္မကမ္မဒွါဒသက

ဘိက္ခဝေ-တို့၊ တီဟိ, အင်္ဂေဟိ-အကြောင်းအင်္ဂါတို့နှင့်၊ (ဝါ-အင်္ဂါတို့တွင် တပါးပါးနှင့်၊) သမန္နာဂတံ-ပြည့်စုံသော၊ တဇ္ဇနီယကမ္မံ-သည်၊ အဓမ္မကမ္မဉ္စ-ဓမ္မ၏ ဆန့်ကျင်ဘက် ကံသည်၎င်း၊ အဝိနယကမ္မဉ္စ—ဝိနည်း၏ ဆန့်ကျင်ဘက်ကံသည်၎င်း၊ ဒုဝူပသန္တဉ္စ - မကောင်းသဖြင့် ငြိမ်းစေအပ်သည်၎င်း၊ (ဘဏ္ဍန , ကလဟစသော အဓိကရဏ်းကို မကောင်းသဖြင့် ငြိမ်းစေအပ်သည်၎င်း၊) ဟောတိ၊ အသမ္မုခါ-မျက်ကွယ်၌၊ ဝါ-သံဃ, ဓမ္မ,ဝိနယ ပုဂ္ဂလတို့၏ မျက်မှော်

မဟုတ်ဘဲ၊ ကတံ—ပြုအပ်သည်၊ ဟောတိ၊ အပ္ပဋိပုစ္ဆာ-စုဒိတကရဟန်းကို မမေး မြန်းမူ၍၊ ကတံ ဟောတိ၊ အပ္ပဋိညာယ - စုဒိတက ရဟန်း၏ ဝန်မခံခြင်းဖြင့်၊ (စုဒိတက ရဟန်းက မိမိ လွန်ကြူးအပ်သော ဝတ္ထု (သို့မဟုတ်) အာပတ်ကို ဝန်မခံဘဲ)၊ ကတံ ဟောတိ၊ တိဟိ-နှင့်သော၊ ဣမေဟိ အင်္ဂေဟိ၊ပေ၊ဒုက္ကဋ္ဌသ္သ ဟောတိ။(၁)။

အပရေဟိပိ-အခြားလည်း ဖြစ်ကုန်သော၊ တိဟိ အင်္ဂေဟိ၊ပေ၊ဒုဗ္ဗပယသ္သဉ္စ ဟောတိ၊ အနာပတ္တိယာ-အာပတ်မဟုတ်ဘဲ(အာပတ်မသင့်ဘဲ)၊ပေ၊အဒေသနာ ဂါမိနိယာ - ဒေသနာဂါမိ မဟုတ်သော၊ အာပတ္တိယာ - ပါရာဇိက, သံဃာ ဒိသေသ် အာပတ်ဖြင့်၊ ပေ၊ အာပတ္တိယာ -ကို၊ ဒေသိတာယ - ဒေသနာပြော အပ်ပြီးသော်၊ ဝါ- ဒေသနာပြောအပ်ပြီးမှ၊ ကတံ ဟောတိ ၊ ပေ၊ ဒုဂ္ဂုပယသ္သဉ္စ ဟောတိ။ (၂)

အပရေဟိပိ ၊ပေ၊ ဒုဂ္ဂုပယသ္သဉ္စ၊ အစောဒေတွာ - မစောဒနာမူ၍၊ ကတံ ဟောတိ၊ အသာရေတွာ-အပြစ်ကို အမှတ် မရစေမူ၍၊ပေ၊အာပတ္တိံ-သို့၊ အနာ ရောပေတွာ—မတက်ရောက်စေမူ၍(မတင်မူ၍)၊ ကတံ ဟောတိ၊ပေ။(၃)

အသမ္မုခါ-ဘဲ၊ ကတံ ဟောတိ၊အဓမ္မေန-ဓမ္မမဟုတ်သဖြင့်၊ ကတံ ဟောတိ၊ ဝဂ္ဂေန-ဝဂ်ဖြစ်သော သံဃာသည်၊ ကတံ ဟောတိ၊ပေ။ (၄)[အမှာ။ ။ဤသို့ စသည်ဖြင့် ရှေ့ ၃ တိက်တို့၌ ပါသော "အသမ္မုခါ ကတံ ဟောတိ" စသော ပုဒ်တို့ကို တပုဒ်စီ မှုတည်၍ "အဓမ္မေန ကတံ ဟောတိ, ဝဂ္ဂေန ကတံ ဟောတိ" ၂ပုဒ်ကို မှုလီသွင်းလျှင် တိက်(၉)ခု ဖြစ်၏၊ အားလုံးပေါင်းသော် တိက်(၁၂)ခု ဖြစ်သည်။]

ဓမ္မကမ္မဒ္ဒါဒသကဌ်လည်း ဤနည်းမှီ၍ သိပါ၊ အနက်ကိုလည်း "ဓမ္မကမ္မဥ္စ— ဓမ္မကံသည်၎င်း၊ပေ၊သုဂ္ဂုပယသ္သဉ္စ-ကောင်းစွာ ငြိမ်းစေအပ်သည်၎င်း၊ သမ္မုခါ- သံဃ ဓမ္မ ဝိနယ ပုဂ္ဂလတို့၏ မျက်မှောက်၌ "ဟု ပေး၊ ကြွင်းပုဒ်များ၌ အထူး မရှိပါ။

ဓမ္မကမ္မဒ္ဒါဒသကံ — သည်၊
နိဋ္ဌိတံ—ပြီ။

အာကင်္ခမာနသုတ္တ

တိဟိ၊ပေ၊သမန္နာဂတဿ ဘိက္ခုနော - ၏ (အပေါ်၌)၊ အာကင်္ခမာနော- အလိုရှိလသော်၊ သံဃော-သည်၊ တဇ္ဇနီယကမ္မံ-ကို၊ ကရေယျ-ပြုနိုင်၏၊ ဘဏ္ဍန ကာရကော၊ပေ၊သံဃေ အဓိကရဏကာရကော ဟောတိ၊(အင်္ဂါ-၁)၊ဗာလော-

ဝိနည်း သိက္ခာပုဒ်၌ မကျွမ်းကျင်သည်၊ အဗျတ္တော-ဝိနည်းသိက္ခာပုဒ်၌ မထက်မျက်သည်၊ အာပတ္တိဗဟုလော - များသော အာပတ်ရှိသည်၊ အနပဒါနော - ပိုင်းဖြတ်အပ်သော အာပတ်မရှိသည်၊(သင့်အပ်သော အာပတ်၏ အပိုင်းအခြားမရှိသည်၊) ဟောတိ၊(အင်္ဂါ-၂)၊ အနနုလောမိကေဟိ-ရဟန်းတို့အား မလျော်ကန်သော၊ ဂိဟိသံသဂ္ဂေဟိ-လူတို့နှင့် ရောနှောခြင်းတို့ဖြင့်၊ ဂိဟိသံသဋ္ဌော - လူတို့နှင့် ရောနှောသည်၊(ဟုတ္ဝာ)ဝိဟရတိ၊(အင်္ဂါ-၃)၊ ဣမေဟိ ခေါတီဟိ၊ပေ၊ ကရေယျ၊ [အနပဒါနော ပုဒ်အဖွင့်ကို မဟာဝဂ္ဂဘာသာဋီကာ စမ္မေယျကက္ခန္ဓက အဆုံး၌ ပြထားပြီ။]

ဒုတိယတိက်။ ။အဓိသီလေ- လွန်ကဲသော သီလ၌ (ပါရာဇိက သံဃာဒိသေသ် သိက္ခာ၌)၊ သီလဝိပ္ပန္နော - ပျက်စီးသော သီလရှိသည်၊ ဝါ - သီလအားဖြင့် ပျက်စီးသည်၊ ဟောတိ၊ အဇ္ဈာစာရေ-လွန်ကဲသော အကျင့်၌၊(အောက် အာပတ် ၅ ပုံ၌)၊အာစာရဝိပန္နော-ပျက်စီးသော အကျင့်ရှိသည်၊ ဝါ-အကျင့်အားဖြင့် ပျက်စီးသည်၊ ဟောတိ၊ အတိဒိဋ္ဌိယာ-လွန်ကဲသော အယူ၌၊ (မိစ္ဆာဒိဋ္ဌိနှင့် သဿတအဖို့ , ဥစ္ဆေဒ အဖို့ကို ယူတတ်သော အန္တဂ္ဂါဟိကာဒိဋ္ဌိ၌)၊ ဒိဋ္ဌိဝိပန္နော-သည်၊ ဝါ-သည်၊ ဟောတိ။ [အဓိသီလ စသည်တို့၏ အရကောက်သည် မဟာဝဂ္ဂ, မဟာခန္ဓကဋ္ဌကထာ ဥပသမ္ပာဒေတဗ္ဗပဉ္စကကထာ၌ ပါ၏။]

တတိယတိက် ။ ။ ဗုဒ္ဓဿ , အဝဏ္ဏံ—ဂုဏ်၏ဆန့်ကျင်ဘက် အပြစ်ကို၊ ဘာသတိ၊ ဓမ္မဿ၊ပေ၊သံဃဿ အဝဏ္ဏံ ဘာသတိ။

အမှာ။ ။ဤမှနောက်၌ ပြခဲ့ပြီးသော တိက် ၃ ခုကိုပင် "တိဏ္ဏံ ဘိက္ခဝေ ဘိက္ခူနံ အာကင်္ခမာနော"စသည်ဖြင့် ထပ်၍ ဟောတော်မူသည်၊ ဟောတော်မူခြင်း၏ အကြောင်းကို အဋ္ဌကထာ၌ ကြည့်ပါ။

အာကင်္ခမာနဆက္ကံ—သည်၊ နိဋ္ဌိတံ-ပြီ။

အဋ္ဌာရသဝတ္တကထာ

ဘိက္ခဝေ-တို့၊ တဇ္ဇနီယကမ္မကတေန- ပြုအပ်ပြီးသော တဇ္ဇနီယကံရှိသော၊ (တဇ္ဇနီယကံ အပြုခံရသော)၊ ဘိက္ခုနာ-သည်၊ သမ္မာ-ကောင်းစွာ၊ ဝတ္တိတဗ္ဗံ-ကျင့်ရာ၏၊(ကျင့်ရမည်)၊[ကတံ+တဇ္ဇနီယကမ္မံ ယဿ(အကြင်ရဟန်း၏ အပေါ်၌)၊ ဣတိ တဇ္ဇနီယကမ္မကတော။]တတြ-ထို"သမ္မာဝတ္တိတဗ္ဗံ"ဟူသော စကားရပ်၌၊ အယံ-ဤ ဆိုအပ်လတ္တံ့ကား၊ သမ္မာဝတ္တနာ - ကောင်းစွာ ကျင့်ပုံတည်း၊ (တဇ္ဇနီယကမ္မကတေန ဘိက္ခုနာ) န ဥပသမ္ပာဒေတဗ္ဗံ-မြင့်မြတ်သော ရဟန်း

အဖြစ်သို့ မရောက်စေထိုက်၊ (ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုမပေးထိုက်၊ ကမ္မဝါစာကိုလည်း မရွတ်ဆိုထိုက်၊) နိဿယော - နိဿယည်းကို၊ န ဒါတဗ္ဗော - မပေးထိုက်၊ သာမဏေရော-ကို၊ န ဥပဋ္ဌာပေတဗ္ဗော-မလုပ်ကျွေးစေထိုက်၊[ဤစကားဖြင့်“သာမဏေတို့အား ဥပဇ္ဈာယ်မပေးထိုက်”ဟု ပြသည်။] ဘိက္ခုနောဝါဒကသမ္မုတိ — ဘိက္ခုနောဝါဒကသမ္မုတိကို၊ (ဘိက္ခုနီတို့ကို ဩဝါဒပေးသောထေရ်ဟု သမုတ်ခြင်းကို၊) န သာဒိတဗ္ဗာ-မသာယာထိုက်၊ သမ္မတေန- သမုတ်အပ်ပြီးသည်၊ (သမာနေန)ပိ- သော်လည်း၊(သမ္မုတိရပြီး ဖြစ်ပါသော်လည်း၊) ဘိက္ခုနိယော-တို့ကို၊ န ဩဝဒိတဗ္ဗာ-မဆုံးမထိုက်ကုန်။

ယာယ အာပတ္တိယာ-ကြောင့်၊ သံဃေန-သည်၊ တဇ္ဇနီယကမ္မံ-သည်၊ ဝါ-ကို၊ ကတံ ဟောတိ၊ သာအာပတ္တိ - ထိုအာပတ်သို့၊ န အာပဇ္ဇိတဗ္ဗာ- မရောက်ထိုက်၊ အညာ-အခြားသော၊ တာဒိသိကာဝါ-ထိုကဲ့သို့ ရှုအပ်သောအာပတ်သို့ရင်း၊ [ပါစိတ်ချင်း , သံဃာဒိသေသ်ချင်း စသည်အားဖြင့် အလားတူဖြစ်သောအာပတ်သို့ရင်း၊] တတော - ထိုအာပတ်ထက်၊ (မိမိသင့်ရောက်အပ်ပြီးသောအာပတ်ထက်၊) ပါပိဋ္ဌတရာဝါ - သာ၍ ယုတ်ကြမ်းသောအာပတ်သို့ရင်း၊ (န အာပဇ္ဇိတဗ္ဗာ)၊ ကမ္မံ-တဇ္ဇနီယကံကို၊ န ဂရဟိတဗ္ဗံ-မကဲ့ရဲ့ထိုက်၊ [“မတရားကံပြုသည်”စသည်ဖြင့် မကဲ့ရဲ့ထိုက်။] ကမ္မိကာ - ကံ၌ယှဉ်သော ရဟန်းတို့ကို၊ (ကံပြုသော ရဟန်းတို့ကို)၊ န ဂရဟိတဗ္ဗာ- နှ်၊ [“ဘာနားလည်လို့လဲ, ဗာလအဗျတ္တတွေဘဲ”စသည်ဖြင့် မကဲ့ရဲ့ထိုက်ကုန်။]

ပကတတ္တဿ- ပကတတ်ဖြစ်သော၊ ဘိက္ခုနော-၏၊ ဥပေါသထော-ကို၊ န ထပေတဗ္ဗော - မတန့်ထားထိုက်၊ ပဝါရဏာ - ကို၊ န ထပေတဗ္ဗာ၊[ဥပုသ်, ပဝါရဏာ တန့်ထားပုံကို မဟာဝဂ္ဂ, ဥပေါသထက္ခန္ဓကဌ် ကြည့်ပါ။] သဝစနီယံ-ပြောဆိုထိုက်သော အပြစ်နှင့်တကွဖြစ်သည်ကို၊ [သာရတ္ထအလို၊](တနည်း) သဝစနီယံ-မိမိစကား၌ ဖြစ်စေကြောင်းကံကို၊ [ဝိမတိအလို၊] န ကာတဗ္ဗံ-မပြုထိုက်၊ အနုဝါဒေါ- လျော်စွာပြောဆိုကြောင်း အကြီးအကဲအရာကို၊ န ပဋ္ဌပေတဗ္ဗော - မဖြစ်စေထိုက်၊ [ဤပုဒ်တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာ၌ ရှုပါ။] ဩကာသော - စောဒနာခွင့်ကို၊ န ကာရေတဗ္ဗော - မပြုစေထိုက်၊ [“သူတပါးကို မိမိက စောဒနာဘို့ရန် အခွင့်မတောင်းရ”ဟူလို။] န စောဒေတဗ္ဗာ-မစောဒနာထိုက်၊ န သာရေတဗ္ဗာ-အပြစ်ကိုအမှတ်မရစေထိုက်၊[“သူတပါးကို စောဒနာမှု သာရဏာမှု မပြုရ”ဟူလို။] ဘိက္ခူဟိ- တို့ကို၊ န သမ္ပယောဇေတဗ္ဗံ - မယှဉ်စေထိုက်၊ [ရဟန်းအချင်းချင်း ခိုက်ရန်ဖြစ်အောင် ယှဉ်မပေးထိုက်။] ဣတိ - ဤသို့ဆိုအပ်ပြီးကား၊ (သမ္မာဝတ္တနာ-တည်း။)

တဇ္ဇနီယကမ္မေ-၌၊ အဋ္ဌာရသဝတ္တံ- သည်၊ နိဋ္ဌိတံ-ပြီ။

နပ္ပဋိပ္ပဿမ္ဘေတဗ္ဗ အဋ္ဌာရသက

အထ-ဘုရားရှင်က မိန့်တော်မူပြီးရာထိုအခါ၌၊သံဃော ပဏ္ဍုကလောဟိတကာနံ, ဘိက္ခူနံ- တို့၏ (အပေါ်၌)၊ တဇ္ဇနီယကမ္မံ- ကို၊ အကာသိ-ပြုပြီ၊ တေ-ထိုရဟန်းတို့သည်၊ သံဃေန- သည်၊ ဝါ- က၊ တဇ္ဇနီယကမ္မကတာ - ပြုအပ်ပြီးသော တဇ္ဇနီယကံရှိကုန်သည်၊ (သမာနာ - နှ်လသော်၊) သမ္မာ - ကောင်းစွာ၊ ဝတ္တန္တိ - ကျင့်ကြကုန်၏၊ လောမံ - မာန တည်းဟူသောအမွေးကို၊ ပါတေန္တိ-လဲကျစေကုန်၏၊ နေတ္ထာရံ- ကံမှထွက်မြောက်သော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော အကျင့်ကို၊ ဝတ္တန္တိ - နှ်၏၊ ဘိက္ခူ - တို့သို့၊ ဥပသင်္ကမိတွာ ဧဝံ ဝဒန္တိ၊ (ကိံ)၊ အာဝုသော - အရှင်ဘုရားတို့၊ မယံ သံဃေန တဇ္ဇနီယကမ္မကတာ (ဟုတွာ) သမ္မာ, ဝတ္တာမ-ကျင့်ပါကုန်၏၊ပေ၊အမှေဟိ-တို့သည်၊ ကထံ- အဘယ်သို့လျှင်၊ ပဋိပဇ္ဇိတဗ္ဗံ နုခေါ-ကျင့်ရပါမည်နည်း၊ ဣတိ-ဤသို့ လျှောက်ကြကုန်၏၊ ဘိက္ခူ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ပေ၊ ဘိက္ခဝေ - တို့၊ တေနဟိ - ထိုသို့ ဖြစ်လျှင်၊ (ထိုသို့ကောင်းစွာကျင့်ကြလျှင်၊) သံဃော ပဏ္ဍုကလောဟိတကာနံ, ဘိက္ခူနံ-တို့၏(အပေါ်၌)၊ တဇ္ဇနီယကမ္မံ-ကို၊ ပဋိပ္ပဿမ္ဘေတု-ငြိမ်းစေလော။

အမှာ။ ။ ဤမှ နောက်၌ ပြအပ်ခဲ့ပြီးသော အဋ္ဌာရသဝတ္တကိုပင် အင်္ဂါ ၅ ပါးကို (၂)မျိုး, အင်္ဂါရှစ်ပါးကို (၁)မျိုး ခွဲ၍ "ပဉ္စ ဟိ ဘိက္ခဝေ အင်္ဂေဟိ" စသည်ဖြင့် ဟောတော်မူထား၏၊ အနက်ကို အဋ္ဌာရသဝတ္တအတိုင်း ပေးပါ၊ ပဋိပ္ပဿမ္ဘေတဗ္ဗ အဋ္ဌာရသကလည်း လွယ်ပြီ။

ဘိက္ခဝေ-တို့၊ ဧဝဉ္စ-လျှင်၊ ပဋိပ္ပဿမ္ဘေတဗ္ဗံ-ငြိမ်းစေရာ၏၊ ဘိက္ခဝေ-တို့၊ ပဏ္ဍုကလောဟိတကေဟိ-နှ်သော၊ တေဟိ ဘိက္ခူဟိ-တို့သည်၊ သံဃံ ဥပသင်္ကမိတွာ, ဧကံသံ-လက်ဝဲတဖက်,ပခုံးထက်၌၊ ဥတ္တရာသင်္ဂံ-အပေါ်ရုံ ဧကသီကို၊ ကရိတွာ-၍၊ (တနည်း) ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ - လက်ကတော့တင်၍ ဝုဍ္ဎာနံ- သီတင်းကြီးကုန်သော၊ ဘိက္ခူနံ - တို့၏၊ ပါဒေ - ခြေတို့ကို၊ ဝန္ဒိတွာ-ရှိခိုး၍၊ (ဝပ်ချ၍)၊ ဥက္ကုဋိကံ-ဆောင့်ကြောင့်၊ နိသီဒိတွာ-ထိုင်ပြီး၍၊ အဉ္ဇလိံ-လက်အုပ်ကို၊ ပဂ္ဂဟေတွာ- ချီမြှောက်၍၊ ဧဝံ- သို့၊ ဝစနီယော - လျှောက်ထိုက်သည်၊ အဿ-ဖြစ်၏၊ (ကိံ - အဘယ်သို့ လျှောက်ထိုက်သနည်း၊) မယံ ဘန္တေ၊ပေ၊ဝတ္တာမ၊ တဇ္ဇနီယကမ္မဿ - ၏၊ ပဋိပ္ပဿဒ္ဓိံ - ငြိမ်းခြင်းကို၊ ယာစာမ - တောင်းပါကုန်၏၊ ဣတိ-ဤသို့ လျှောက်ထိုက်၏။

ကမ္မဝါစာ၊ ။ "သံဃေန - သည်၊ ပဏ္ဍုကလောဟိတကာနံ ဘိက္ခူနံ-တို့၏(အပေါ်၌)၊ တဇ္ဇနီယကမ္မံ - ကို၊ ပဋိပ္ပဿဒ္ဓံ - ငြိမ်းစေအပ်ပါပြီ"ဟု ပေး၊ ကြွင်းပုဒ်များ၏အနက် လွယ်ပြီ၊ နောက်နောက်ကံတို့၌လည်း ဤနည်းမှီ၍ သိပါ။

ပဌမံ- သော၊ တဇ္ဇနီယကမ္မံ- သည်၊ နိဋ္ဌိတံ-ပြီ။

